
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"...ကျုပ်ရဲ့ ကိုးသန်းချိုင်းသံဓားက
ဓားအိမ်ထဲက ဆွဲထုတ်ပြီးရင်
သွေးမသောက်ရဘဲ ဓားအိမ်ထဲ
ပြန်သွင်းလို့ မရဘူး။ ဒီနေ့
သမိန်စက္ကဝေါ်ရဲ့သွေး
သောက်ရလိမ့်မယ်"

[ ကိုးသန်းချိုင်းသံဓားပိုင်ရှင် သိရိပြတ်ကမွန်၏
တင်းမာခက်ထန်သော အမူအရာနှင့် ပြောဆိုပါသည်...မှ]

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး
ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်
တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရွှေဝံ [ ၁၉၀၈–၁၉၈၉ ]

မကွေးတိုင်း မြေထဲ(အောင်လံ)မြို့၌ အဖ အငြိမ်းစား အရေးပိုင် ဦးခက်၊ အမိ ဒေါ်မမကြီး တို့က ၁၉၀၈ ခု ဇူလိုင် ၁၇ ရက်တွင် မွေးဖွားသည်။ မွေးချင်း ကိုးယောက်အနက် ဆဋ္ဌမမြောက်၊ အမည်ရင်း ဦးသန်းတင် ဖြစ်သည်။

တောင်ငူမြို့ စိန့်လူ့စ် အထက်တန်းကျောင်း၊ မော်လမြိုင်မြို့ ရှင်မဟာဗုဒ္ဓဃောသကျောင်းနှင့် အင်းစိန်မြို့ အစိုးရ အထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့ပြီး ၁၉၂၅–၂၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။ ၁၉၂၉–၃၀ တွင် တက္ကသိုလ်မှ ထွက်သည်။

၁၉၃၁ ခုနှစ်တွင် မြန်မာ့အလင်း သတင်းစာတိုက်၏ နယ်လှည့် သတင်းထောက် အဖြစ် သတင်းစာလောကသို့ စတင် ဝင်ရောက်ခဲ့ပြီးနောက် ရန်ကုန်သတင်းထောက်၊ ဘာသာပြန် အယ်ဒီတာ၊ တာဝန်ခံ အယ်ဒီတာ(၁၉၃၈)နှင့် အယ်ဒီတာချုပ် အဖြစ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ အထိ တာဝန်ယူခဲ့သည်။ ထို့ပြင် အရှေ့တိုင်းမဂ္ဂဇင်း အယ်ဒီတာ (၁၉၄၆–၄၇)၊ ပြန်ကြားရေးဌာန နယ်လှည့် လူမှုဆက်ဆံရေး အရာရှိ၊ ရုပ်ရှင်နှင့် ပြဇာတ်ဌာန ဒုတိယ ညွှန်ကြားရေးမှူး (၁၉၄၈–၅၃)၊ ရန်ကုန်နှင့် ဗမာ့ခေတ် သတင်းစာ အယ်ဒီတာ အဖွဲ့ဝင် (၁၉၅၅–၅၆)၊ ပြည်ထောင်စုသတင်းစာ အယ်ဒီတာချုပ် (၁၉၅၆–၆၄) စသည်ဖြင့် တာဝန်ယူခဲ့သည်။

၁၉၃၃–၃၄ တွင် 'ရွှေဝံ' ကလောင်အမည်ယူ၍ ဒဂုန်မဂ္ဂဇင်း၌ ဝတ္ထုများ စရေးသည်။ လေပွေ၊ နှင်းဆီ၊ ချိန်ခွင်၊ မျက်လုံး၊ ဒေဝေါ စသည့် ကလောင်ခွဲများဖြင့်လည်း သတင်းစာ ဆောင်းပါး များစွာ ရေးသားခဲ့သည်။ မြန်မာ့အလင်း၊ ဟံသာဝတီ၊ မိုးကြိုး၊ ပြည်ထောင်စု၊ ခေတ်သစ် သတင်းစာများတွင် ရေးသည့် အခန်းဆက် ဝတ္ထုရှည်များကြောင့် ပို၍ ထင်ရှား၏။ ဝတ္ထုရှည် ပေါင်း တစ်ရာကျော် ရေးခဲ့သည့်အနက် အများစုမှာ အင်္ဂလိပ်လေ့စ်၊ ဗာဗရာကက်သရင်း၊ ဒေါရစ်လစ်စလေ၊ ရျောဂျက်ပေးယားတို့၏ လက်ရာများကို မှီးသော ဝတ္ထုများ ဖြစ်ကြသည်။ ယင်းတို့အနက် **နယ်လီဝင်း** (၁၉၆၂)၊ **ပျောက်သောသူ** (၁၉၆၃)၊ **ပြဒါးရှင်** (၁၉၆၆)၊ **ချစ်သူ့ကျိန်စာ**၊ **ခင်နှင်းဖြူ**၊ **ကိုးသချိုင်းသံမား**၊ **မာလာ** စသည်တို့မှာ ထင်ရှား၏။ **ငွမ်းပုံ**နှင့် **ဇော်ဝင်း** စသည့် ပင်ကိုရေး ဝတ္ထုများနှင့် **လူသစ်** နှင့် **ပန်းနု** အမည်ရှိ ကျမ်းများကိုလည်း ရေးခဲ့သည်။ 'ငွမ်းပုံ' စာအုပ်ဖြင့် ၁၉၅၇ ခုနှစ် စာပေဗိမာန်ဆု ရရှိသည်။

၁၉၈၉ ခုနှစ် ဇွန်လ ၁၀ ရက် စနေနေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၅၆။ သခင်ဘသောင်း၏ ပန်းသာမစာအုံ
၂၅၇။ ဦးထွန်းမြင့်M. A. (Ygn), M. Phil. (London) ၏ ဘာသာဗေဒ
၂၅၈။ ဦးထွန်းမြင့်M. A. (Ygn), M. Phil. (London) ၏ သဒ္ဒဗေဒ
၂၅၉။ မော်ဘီဆရာသိန်း၏ ပါးစပ်ရာဇဝင်
၂၆၀။ ဦးစိန်မောင်ဦး၏ ဝိုးတဝါး သမိုင်းပုံရိပ်များ
၂၆၁။ အရှင်ဇာဂရ(ဘွဲ့ခံ)လင်းယုန်မောင်မောင်၏ မဃဒေဝ သုတပဒေသာ
၂၆၂။ မောင်သန်းဆွေ(ထားဝယ်)၏ ရတနာဂီရိနိဒါန်း
၂၆၃။ ကျော်အောင်၏ ချက်ကော့ဝတ္ထုတိုများ
၂၆၄။ စာရေးဆရာများ၏ ရှေးဟောင်း မြန်မာ့မြို့တော်များ
၂၆၅။ ဒေါက်တာကျော်စိန်၏ စိတ်ပညာသမိုင်း
၂၆၆။ ကျော်အောင်၏ အမှောင်ခေတ်မှ ချစ်သူများ (Reomeo and Juliet and the Darkness by Jan Otcenasek)
၂၆၇။ သခင်ဘသောင်း၏ ဒေးဗစ်ကော့ပါးဖီး (David Copperfield by Charles Dickens)
၂၆၈။ တင်မောင်မြင့် ၏ မြကတ္တီပါလမ်း (The Handsome Road by Gwen Bristow)
၂၆၉။ ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်စာတမ်း
၂၇၀။ ညွန့်ကြူ၏ နှစ်ဆယ်ရာစု နိုင်ငံရပ်ခြား ဝတ္ထုတိုများ
၂၇၁။ မြင့်သန်း၏ ရေးရေးသာ မြင်ရသော တောင်ကုန်းကလေးများ (A Pale View Of Hills by Kazuo Ishiguro)
၂၇၂။ ထွန်းသစ်၏ ကမ္ဘာ့ သေနင်္ဂဗျူဟာ ခေါင်းဆောင် ၁၀၀ (100 Military Leaders Who Changed The World by Samuel Willard Crompton)
၂၇၃။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)၏ ခေတ်မြန်မာတည်ဟန် (The Making of Burma by Dorothy Woodman)
၂၇၄။ တင်မောင်မြင့်၏ သမ္မတ၏ မဟေသီ (The President`s Lady by Irving Stone)
၂၇၅။ ကင်းဝန်မင်းကြီး လန်ဒန်မြို့သွား နေ့စဉ်မှတ်စာတမ်း[ပထမတွဲ+ဒုတိယတွဲ (ပေါင်းချုပ်)]
၂၇၆။ ဦးကိုလေး(အငြိမ်းစား ဒုအမိမပတိ၊ မန်းတက္ကသိုလ်)၏ သီပေါမင်းနှင့် နယူးယောက်တိုင်းသတင်းစာ
၂၇၇။ ကိုကို၏ ခရုအိမ်
၂၇၈။ လင်းယုန်မောင်မောင်၏ ပုလဲဆိပ်ကမ်း တစ်နေ့တာမှတ်တမ်း

၂၀၀၈ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာတွင် ထုတ်ဝေမည့် စာအုပ်များ

၂၈၀။ ဇေယျသစ်ယာ၏ ရွှေဘုံနိဒါန်း
၂၈၁။ ဗိုလ်မှူးဘသောင်း (မောင်သုတ)၏ ဗမာ့တော်လှန်ရေးသမိုင်း
၂၈၂။ ရွှေဘိုမိမိကြီး၏ ရွှေပြည်၊ လှေသင်းနှင့် မင်းလက်ဝါး [ သုံးအုပ်၊ ပေါင်းချုပ် ]
၂၈၃။ မော်ဘီဆရာသိန်း၏ မြန်မာမင်းများလက်ထက် ပညာရှိကြီးများနှင့် မြန်မာ့လွှတ်တော် ဝန်ကြီးမှူးကြီးများ

ရာပြည့်စာအုပ် ၂၇၉

# ကိုးသချိုင်းသံစား

ရှုစံ

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၈၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁- ၇၁၀၁၀၃(ဆိုင်)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၅၀၀ ဝ၆၁ ၀၁ ၀၈]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၀၀ ၉၃၃ ၀၇ ၀၈]

❑

ပုံနှိပ်ခြင်း

ပထမအကြိမ် – (၁၉၆၇) သစ္စာမွန်စာပေ
[ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ]
ဒုတိယအကြိမ် – (၂၀၀၈) ရာပြည့်စာအုပ်တိုက် [သုံးတွဲပေါင်းချုပ်]
(အောက်တိုဘာ၊ ၂၀၀၈)
အုပ်ရေ [၅၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့် [၀၃၈၀၁]၊ ရာပြည့်စာပေ
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇက်

❑

မျက်နှာဖုံး ပန်းချီ
လင်းဝဏ္ဏ ဒီဇိုင်းဖွဲ့သည်။

❑

တန်ဖိုး
၅၀၀၀ ကျပ်

# စာရေးသူ၏ အမှာ

"ရဲဘော်သည် တိုင်းပြည်အတွက် ဖြစ်စေရမည်။ တိုင်းပြည်သည် ရဲဘော်အတွက် မဖြစ်စေရ" စသည်ဖြင့် လွတ်လပ်ရေး၏ ဖခင်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် တစ်ချိန်က ပြည်သူလူထု၏ အသည်းကျော် ဖြစ်ခဲ့ဖူးသော ပြည်သူ့ရဲဘော်များအား တဖွဖွ ဩဝါဒပေးခဲ့သည်ကို ယနေ့ထက်တိုင် ကျွန်ုပ်တို့ ကြားယောင်လျက် ရှိပေသည်။

ဤ ကိုးသချိုင်းသံဓား ဝတ္ထုတွင် "စစ်သားကောင်းတို့မည်သည် နိုင်ငံတော်အတွက်သာ ဖြစ်စေရမည်။ နိုင်ငံတော်သည် စစ်သည်တော်တို့ အတွက် မဖြစ်စေရ" ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားကာ နိုင်ငံတော်အတွက် အသက်နှင့်လဲ၍ ရှုပ်ရှုပ်ချုံချုံ အမှုတော်ထမ်းခဲ့သည့် အညတရ စစ်သည်တော် သိရိဇ္ဇတ်ကမွန်အား အဓိကဇာတ်ကောင်အဖြစ် ထားရှိကာ၊ မြန်မာနိုင်ငံ၏ ရာဇဝင်သမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မကြီးဖြစ်သည့် ရှင်စောပု ဘုရင်မကြီး၏ခေတ်ကို နောက်ခံထား၍ ဘုရင်မကြီးအား လုပ်ကြံရန် ကြံစည်အားထုတ်ခဲ့ကြသော သစ္စာဖောက် လောက်ကောင်များကို မည်သူကမျှ တာဝန်မပေး။ မည်သည့်ဆုလာဘ်ကိုမျှ မမျှော်ကိုး။ မည်သူ တစ်ဦးတစ်ယောက်၏ ချီးကျူးဂုဏ်ပြုခြင်းကိုလည်း ခံယူလိုသည့်စိတ် မရှိဘဲ စစ်သားကောင်းတစ်ယောက်ပီသစွာ နိုင်ငံတော်အကျိုးတွက် တာဝန်သိသိ သစ္စာရှိရှိဖြင့် စွန့်စွန့်စားစား ချေမှုန်းသုတ်သင်ပြီး ဘုရင်မကြီး၏ အသက်အန္တရာယ် လုံခြုံရေးအတွက် မိမိ၏ အသက်နှင့်လဲ၍ အကာအကွယ် ပေးခဲ့ပုံကို ဇာတ်လမ်းဇာတ်အိမ် ဖွဲ့၍ရေးသားထားသော ရာဇဝင်ဝတ္ထု ဖြစ်ပေသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြင်းတစီး၊ ဓားတစ်လက်ကို အရင်းတည်၍ ခြေသလုံးအိမ်တိုင်ထူကာ ကိုယ်ကျိုးမဖက် နိုင်ငံတော်အတွက် သက်သက် လူဖြစ်လာရသော အညတရ စစ်သည်တော် သီရိဖြတ်ကမွန်အား ဤ ကိုးသချိုင်းသံဓား ဝတ္ထုတွင် စံပြ စစ်သားကောင်း တစ်ဦးအဖြစ် သရုပ်ဖော်ထားသည်ကို တွေ့ရပေလိမ့်မည်။

စစ်သည်တော်ကောင်းတို့ မည်သည် မိမိတို့၏ ကိုယ်ကျိုးကိုစွန့်၍ နိုင်ငံတော်အတွက် အသက်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးသူများ ဖြစ်ရမည်ကို သီရိဖြတ်ကမွန်၏ စွန့်စားခန်းများဖြင့် ပေါ်လွင်စေခဲ့သည်ကိုလည်း တွေ့ကြရပေလိမ့်မည်။ ထိုသို့ စွန့်စားရာတွင် အချောအလှ ထိပ်ခေါင်တင်ဖြစ်သော ဆောင်းတူးမြို့စားကြီး၏ သမီးဦးရတနာ နှင်းကေသရာနှင့် တွေ့ဆုံခဲ့ရာမှ ဇာတ်လမ်း ဇာတ်အိမ် ကျယ်ပြန့်လာခဲ့ခြင်း ဖြစ်ပေသည်။ နှင်းကေသရာ အပေါ်တွင် သီရိဖြတ်ကမွန်သည် အသည်းနှလုံးခိုက်အောင် စွဲလမ်းခဲ့သော်လည်း အချစ်ကို ဦးစားမပေး၊ မိမိအပေါ်တွင် ကျရောက်လာမည့် နိုင်ငံတော်၏ တာဝန်ကိုသာ ဦးစားပေးပြီး ရှုပ်ရှုပ်ချုံချုံ ထမ်းဆောင်ခဲ့ပုံများကို ဇာတ်ကွက်ဆင်၍ သရုပ်ဖော်ခဲ့ရာ၌ အသည်းထိတ်စရာ၊ ရင်ဖိုစရာ၊ စွန့်စားခန်းများ အကြားတွင် ပျော်ရွှင်စရာ၊ ကြည်နူးစရာ၊ ကြေကွဲစရာ၊ ရင်နင့်စရာ၊ လွမ်းဆွေးဖွယ်ရာ၊ ချစ်ခန်း ကြိုက်ခန်းများ တစ်ပြိုင်တည်း ရောပြွမ်း၍ ပါလာမည်ကို တွေ့ရပေလိမ့်မည်။

ဤဝတ္ထုကို ရေးသားရာ၌ "ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း" နှင့် "ရှင်စောပု ရာဇဝင်ဝတ္ထု" တို့သည် စာရေးသူအတွက် များစွာ အထောက်အကူ ဖြစ်စေသည်ကို မှတ်တမ်းတင်လိုပေသည်။ သို့ရာတွင် ရာဇဝင်ကို ရေးသားခြင်း မဟုတ်၊ ရာဇဝင်ကို နောက်ခံထား၍ စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ် ဖြစ်လာအောင် ရေးသားထားခြင်း ဖြစ်သည်ကို ဖော်ပြလိုပေသည်။ ဝတ္ထုသည် ဝတ္ထုသာ ဖြစ်သည်ကို သတိချပ်စေလိုပါသည်။

ရှုဝံ
၂၃-၆-၁၉၆၇

# အခန်း ၁

ဆောင်းနှမ်းသော စစ်ဝတ်တန်ဆာများကို အချိုးအစား မကျတကျ ဝတ်စားဆင်ယင်ထားသည့် စစ်သည်တော်တစ်ဦးသည် ကျယ်ဝန်းသော ဥယျာဉ်အတွင်း ရှိ ခံ့ညားထည်ဝါသော အိမ်ကြီးတစ်ဆောင် အတွင်းသို့ မျက်နှာထားတင်းတင်းနှင့် ဝင်လာပြီး ဧည့်ခန်းဆောင်ရှိ မှန်စီရွှေချ ညောင်စောင်းပေါ်တွင် ကတ္တီပါ ခုံအုံးကို လက်ထောက်၍ ပုံ့ပုံ့ကလေး ထိုင်နေသည့် အမျိုးသမီး၏ ရှေ့မှောက်တွင် ခြေခံ့ရပ်၍ အလေးပြုလိုက်သည်ကို မြင်ရပေသည်။

ညောင်စောင်းပေါ်တွင် ထိုင်နေသော အမျိုးသမီးသည် စစ်သည်တော် ဘာမည်ကို သိသဖြင့် စောင့်ကြိုနေခြင်း ဖြစ်ပေသည်။ စစ်သည်တော် ဝင်လာသည်ကို မြင်ရသောအခါ အဆိုပါအမျိုးသမီးသည် စစ်သည်တော် ဝတ်စားဆင်ယင်လာသည့် စစ်ဝတ်တန်ဆာများကို ဂရုတစိုက် လေ့လာကြည့်ရှု နေရာမှ စစ်သည်တော်၏ ရုပ်လက္ခဏာကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး လေ့လာနေပြန်သည်။

စစ်သည်တော်မှာလည်း လူမတူ နှုတ်တမျှ ချောမောလှပသည့် မိန်းမပျိုအား ကြည်လင်တောက်ပြောင်သည့် မျက်လုံးအစုံဖြင့် ကြည့်နေသည်ကို တွေ့ရပေသည်။ စစ်သည်တော်၏ စိတ်ထဲတွင်မူ မိမိအား ဆင့်ခေါ်လိုက်သည့် အမျိုးသမီးမှာ လူစင်စစ်မှ ဟုတ်ပါ၏လောဟု မှတ်ချက်ချလိုက်ပြီး အမျိုးသမီး၏ အမိန့်သံကို တည်ငြိမ်သည့် အမူအရာဖြင့် နာခံလျက် ရှိပေသည်။

'ဗိုလ်မင်း သီရိဖြတ်ကမွန် ဆိုတာ မဟုတ်ပါလား'

ညောင်စောင်းပေါ်မှ အမျိုးသမီးသည် စစ်သည်တော်အား အတန်ကြာ စေးစိုက်ကြည့်နေရာမှ သာယာသော အသံဖြင့် မေးလိုက်သည်။

'မှန်ပါတယ်၊ ဒါပေမဲ့ ဗိုလ်မင်း မဟုတ်ပါဘူး။ ကစ်ခါတုန်းကတော့ စစ်မြေပြင်မှာ တိုင်းပြည်အတွက် အသက်ကို ဖက်နဲ့ထုပ်ပြီး ရင်ကိုဖြေကတုတ် လုပ်ခဲ့ဖူးတဲ့ အညတရ စစ်သည်တော် သီရိဖြတ်ကမွန်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'တိုင်းပြည်အတွက် အသက်ပေးပြီး ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့တဲ့ စစ်သည်တော်ဆိုရင် ဘာဖြစ်လို့ ထောင်သွင်းအကျဉ်းချခြင်းကို ခံခဲ့ရတာလဲ'

'စစ်ထွက်ခဲ့စဉ်က အိမ်မှာ ကျန်ရစ်ခဲ့တဲ့ မိခင်စားသုံးဖို့ သူဌေးကြီး တစ်ဦးဆီမှာ ချေးငှားခဲ့တဲ့ အသပြာတစ်ရာကို မပေးဆပ်နိုင်လို့ ထောင်သွင်း အကျဉ်းချခြင်း ခံခဲ့ရတာပါ။ သူတို့တစ်တွေ အိပ်ကောင်းခြင်း အိပ်ပြီး စားကောင်း ခြင်း စားရပါတော့ဆိုပြီး သက်စွန့်ကြိုးပမ်း စစ်မှုထမ်းခဲ့တာကို ကျေးဇူးတရား မသိဘဲ၊ သူ့ဆီက ချေးယူထားတဲ့ ငွေကို မဆပ်နိုင်တာကို အကြောင်းပြုပြီး အသပြာ တစ်ရာဖိုး သူ့ဆီမှာ ကျွန်ခံရမယ်လို့ ပြောတယ်။ ဒါကို မနာခံလို့ အာဏာ ပိုင်တွေကို ကပ်ရပ်ပြီး ငမိုက်သား သီရိဗြတ်ကမ္ဘွန်ကို ထောင်သွင်းအကျဉ်းချ ထားခဲ့တာပါ'

'တချို့ စစ်သည်တော်တွေကတော့ တိုက်ပွဲက ပြန်လာရင် ရွှေ၊ ငွေ၊ ပစ္စည်း ရတနာတွေသာမက သမီးကညာ ဆင်၊ မြင်း၊ ရတနာတွေပါ ပါလာကြ တာကို တွေ့ရတယ်။ ဗိုလ်မင်းကျမှ သူများဆီက ချေးယူခဲ့တဲ့ အသပြာတစ်ရာ ကို ပြန်မဆပ်နိုင်လို့ ထောင်သွင်းအကျဉ်းချထားခြင်း ခံရတယ်ဆိုတာ အံ့သြ စရာပဲ။ ပြီးတော့ ဗိုလ်မင်းရဲ့ ချုပ်ဝတ်တန်ဆာတွေကလည်း ဟောင်းနွမ်းစုတ်ချာ လှချည်လား'

ညောင်စောင်းပေါ်မှ အမျိုးသမီးက စစ်သည်တော်အား ခြေဆုံး ခေါင်းဆုံး ကြည့်ရင်း မှတ်ချက်ချလိုက်ရာ၊ စစ်သည်တော်မှာ မိမိအား ဗိုလ်မင်း ဟု ခေါ်လိုက်သည့် အခါတိုင်း မျက်နှာရှုံ့မဲ့သွားပြီး ပခုံးကို တွန့်လိုက်သည်ကို မြင်ရပေသည်။

'ဗိုလ်မင်း မဟုတ်ပါဘူး၊ အညတရစစ်သည်တော် သီရိဗြတ်ကမ္ဘွန်ပါ။ တိုင်းပြည်အတွက် အသက်စွန့်ပြီး အလုပ်လုပ်ခဲ့သူ ဖြစ်တဲ့အတွက် ကြွေးမဆပ် နိုင်တာဟာ အံ့သြစရာ မရှိပါဘူး။ သူဌေးသူကြွယ် ကုန်သည်လယ်လုပ် ခားမခုတ် အထိ တိုင်းသားပြည်သူတွေ စိတ်အေးချမ်းသာ နေရတာကို မြင်ရရင် ကျေနပ် နေတဲ့ သီရိဗြတ်ကမ္ဘွန်ပါ။ ကြွေးမဆပ်နိုင်လို့ ထောင်သွင်းအကျဉ်းချထားခြင်း ခံရတာကို သီရိဗြတ်ကမ္ဘွန်က ဂုဏ်ယူပါတယ်။ ချုပ်ဝတ်တန်ဆာတွေ ဟောင်းနွမ်း စုတ်ပြတ်နေတာကိုလည်း ဂုဏ်ယူပါတယ်'

သီရိဗြတ်ကမ္ဘွန် ဆိုသူက ပြန်ပြောလိုက်သည်။

'သခင်မဆီမှာ အမှုတော် ထမ်းမှာက အသပြာ ရဖို့အတွက် မဟုတ်လား'

'အသပြာရဖို့ တစ်ခုတည်းအတွက် မဟုတ်ပါဘူး။ အားနွဲ့တဲ့ မိန်းမ သားမို့ သီရိဗြတ်ကမ္ဘွန်ရဲ့ လက်ရုံးရည် နှလုံးရည်တို့ဖြင့် ကူညီလိုတဲ့ စေတနာနဲ့





အမှုတော် ထမ်းရန် လာရောက်ခြင်း ဖြစ်ပါတယ်။ အထင်သော် မလွဲပါနဲ့၊ ကြိုယ် တစ်ဦးတစ်ယောက်ရဲ့ အကျိုးအတွက် အသပြာပေးပြီး နိုင်းစေတိုင်း အမှုတော် ထမ်းလိမ့်မယ်လို့ အထင်တော် မရောက်ပါနဲ့'

'အတော် အပြောကြီးတဲ့ ဗိုလ်မင်းပါလား'

'ဗိုလ်မင်း မဟုတ်ပါ၊ အညတရ စစ်သည်တော် သီရိ —'

စစ်သည်တော်က မျက်နှာထားတည်တည်နှင့် ပြန်ပြောလိုက်ရာ ... ဆုံးမိ ညောင်စောင်းပေါ်မှ အမျိုးသမီးက လက်ဝါးကာလိုက်သည်။

'ဒီနာမည်ကြီးကို အတော် သဘောကျနေတယ် မှတ်တယ်'

ညောင်စောင်းပေါ်မှ အမျိုးသမီးက မသိမသာ ပြုံးရင်း ပြန်ပြောလိုက်သည်။ စစ်သည်တော်မှာမူ တစ်စုံတစ်ရာ ပြန်မပြောဘဲ တည်ငြိမ်သည့် အမူအရာ ဖြင့် အမျိုးသမီးအား ပြန်ကြည့်နေပေသည်။

'ကောင်းပြီ၊ သခင်မအပေါ်မှာ တကယ့်စေတနာနဲ့ အမှုတော် ထမ်း ချင်တယ်ဆိုရင် သခင်မအတွက် အသက်နဲ့လဲပြီး အမှုတော်ထမ်းနိုင်ပါ့မလား'

'ပိုပြီး ရှင်းအောင် အမိန့်ရှိပါဦး'

'ဥပမာ သခင်မအတွက် လူတစ်ယောက်ရဲ့ အသက်ကို သတ်ရဲပါ့ မလား'

'သတ်သင့် သတ်ထိုက်တဲ့ လူဆိုရင် တစ်ယောက်မကပါဘူး။ တစ်ရာ တစ်ထောင်တောင် သတ်ရန် အသင့်ရှိနေပါတယ်။ ဒါပေမဲ့ သတ်သင့် သတ် ထိုက်လောက်အောင် ခိုင်လုံတဲ့ အကြောင်းပြချက်ရှိဖို့ လိုပါလိမ့်မယ်'

'ဒါပေမဲ့ ဆိုတဲ့ ခြွင်းချက်ကို သခင်မ လက်မခံနိုင်ဘူး'

'ခြွင်းချက်မပါလို့တော့ မဖြစ်ဘူး၊ ဒါပေမဲ့ ကြိုက်သလို တာဝန်ပေး ကြည့်ပါ။ အသက်နဲ့ လဲသင့်တဲ့နေရာမှာ အသက်နဲ့ မလဲဝံ့ဘူးဆိုရင် ဟောဒီ လက်သုံးတော် ကိုးသချိုင်းသံစားနဲ့ ငမိုက်သား သီရိဗြတ်ကမ္ဘွန်ရဲ့ လည်မျိုကို တစ်ချက်တည်း ခုတ်ပိုင်းပြီး အဆုံးသာ စီရင်တော်မူပါ။ သီရိဗြတ်ကမ္ဘွန်ရဲ့ လက်ရုံးရည်နဲ့ နှလုံးရည်ကို မှတ်ကျောက်တင်ကြည့်တော်မူပါ။ အရည်မမီဘူး ဆိုရင် ကြိုက်သလိုသာ စီရင်တော်မူပါ'

'အတည် ပြောနေတာလား'

'မှန်ကန်သော သစ္စာစကားပါ'

'သခင်မ ကြားသိရတဲ့ သတင်းအရ ဆိုရင် ဗိုလ်မင်း—အေးလေ၊ စစ်သည်တော်ကြီးဟာ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတယ်။ စိတ်ဓာတ် ကြံ့ခိုင်ပြီး စားရေး လုံရေးနဲ့ စစ်ချီစစ်တက်မှာ ထူးချွန်တယ်လို့ သိရတယ်။ ဒီသတင်း အမှန်ပဲလား'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင် ဆိုတဲ့ စကားရှိပါတယ်။ ငမိုက်သား သီရိဇြတ်ကမွန်ရဲ့ စွမ်းရည်သတ္တိကို သိချင်ရင် လက်တွေ့စမ်းသပ်ကြည့်တော်မူပါ။ သူပြော ငါပြောနဲ့ မယုံပါနဲ့။ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ရာဇဝင်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ ကျုန်စစ်သား၊ ငထွေရုး၊ ငလုံးလက်ဖယ်နဲ့ ညောင်ဦးဖီး အစရှိတဲ့ သူရဲကောင်းကြီး လေးဦးရဲ့ စွမ်းရည် သတ္တိထက် သာလွန်ပိုကဲလျှင်သာ သာလွန်ပိုကဲ ပါလိမ့်မယ်'

'တော်တော် ကြွားလုံးကြီးတဲ့ လူပါလား'

'ကြွားလုံးကြီးတယ် ထင်ရင် လက်တွေ့ စမ်းသပ်ကြည့်တော်မူပါ။ သေမင်းနဲ့ စစ်ခင်းလာခဲ့သူ ဖြစ်တဲ့အတွက် ဘယ်လို ဘေးရန် အန္တရာယ်ကိုမှ ကြောက်လိမ့်မယ် မဟုတ်ပါ။ ဂုမ္ဘာဏ်တစ်ထောင် စောင့်ကြပ်ကာရံထားတဲ့ မဉ္ဇူသကနတ်ပန်းကို ပန်ဆင်လိုပါသလား၊ ဒါမှမဟုတ် ကောင်းကင်က မှုဝံ ကြယ်ကို ဆွတ်ခူးပေးရမှာလား'

'လူပြောမသန် လူသန်မပြော ဆိုတဲ့စကား ရှိတယ် မဟုတ်လား။ အပြောကြွယ်တဲ့ လူဟာ လက်တွေ့ကျတော့ အလကားပဲ'

'လူပြောသန်တာကို မမြင်ဖူးသေးလို့ ဖြစ်ပါလိမ့်မယ်။ ပြောတဲ့ အတိုင်း ဟုတ်၊ မဟုတ် လက်တွေ့စမ်းသပ်ကြည့်တော်မူပါ။ ဘာကို အလို ရှိသလဲ ဆိုတာကိုသာ တိတိကျကျ မိန့်တော်မူပါ'

အညတရ စစ်သည်တော်က မျက်နှာတည်တည်နှင့် လက်ပိုက်ပြီး ပြောလိုက်သည်။

'သခင်မ ပေးအပ်တဲ့ တာဝန်ကို မည်သူမျှ အောင်မြင်စွာ ထမ်းရွက် နိုင်လိမ့်မယ် မထင်ဘူး'

ညောင်စောင်းပေါ်မှ အမျိုးသမီးက စိတ်အားလျော့သည့် အမူအရာ ဖြင့် ညည်းညူလိုက်သည်။

'မည်သူမျှ အောင်မြင်စွာ မထမ်းရွက်နိုင်တဲ့ တာဝန်မျိုးကို ထမ်းရွက် နိုင်မှ တကယ့်ယောကျ်ားလို့ ခေါ်ဆိုနိုင်မယ် မဟုတ်လား။ ပေးစရာရှိတဲ့ တာဝန် ကိုသာ ရဲရဲကြီး ပေးအပ်တော်မူပါ'

'သခင်မ ပေးအပ်တဲ့တာဝန်ကို အောင်မြင်စွာ ထမ်းရွက်နိုင်ဖို့က တော်ရုံ တန်ရုံ အရည်အသွေးနဲ့ မဖြစ်နိုင်ဘူး။ နှလုံးရည်ရော လက်ရုံးရည်ပါ ပြည့်ဝဖို့ လိုတယ်။ ကေသရာဇာခြင်္သေ့လို ရဲရင့်တည်ကြည်ပြီး အသက်ကို ပဓာန မထားဘဲ အလောင်းတော် မဟာဇနကလို စွန့်စွန့်စားစား လုပ်ကိုင်ဆောင်ရွက်ဝံ့သူ ဖြစ်ဖို့





ဆိုတယ်။ ပရိယာယ်ဝေဝုစ် အရာမှာ အလောင်းတော် မဟော်သဓာလို ထက်မြက်သူ ဖြစ်ရမယ်'

'ဤအရည်အချင်းများနှင့် ပြည့်စုံသူ ရှေ့တော်မှောက်သို့ ရောက်ရှိနေ ပြီဖြစ်ပါ၍ ပေးလိုသည့် တာဝန်ကိုသာ စိတ်ချလက်ချ ပေးတော်မူပါ၊ အသက်နှင့် ထပ်ပြီး တာဝန်ထမ်းရွက်ဖို့ အသင့်ရှိပါကြောင်း'

အညတရစစ်သည်တော် သီရိဇြတ်ကမွန်က ရင်ကော့ပြီး ပြောလိုက်သော် ညောင်စောင်းပေါ်မှ အမျိုးသမီးသည် ဣန္ဒြေမဆည်နိုင်တော့ဘဲ ၎င်း၏ဖြူဖွေး နုထွတ်သည့် လက်များဖြင့် လက်ခုပ်လက်ဝါးတီး၍ ဖြူဖွေးညီညာသော သွားများ ပေါ်အောင် ရယ်လိုက်ရာ၊ သီရိဇြတ်ကမွန် အမည်ရှိ အညတရစစ်သည်တော်၏ စက္ခုအာရုံထဲတွင် မိုးပေါ်မှ ကျလာသည့် ဘရဏီနတ်သမီး ပေလောဟု မှတ် ထင်ကာ မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေမိပေသည်။

ထိုသို့ ငေးစိုက်ကြည့်နေစဉ်မှာပင် ကြည်လင်ရွှင်ပျသည့် အမျိုးသမီး ၏ မျက်နှာမှာ တိမ်ဖုံးသည့်လပမာ မသိမသာ ညှိုပုပ်ပုပ် ဖြစ်သွားသည်ကို အညတရ စစ်သည်တော် သတိပြုလိုက်မိပေသည်။

'ကောင်းပြီ စစ်သည်တော်ကြီး၊ သခင်မ မေးတော်မူမယ်။ မှန်ရာကို ဖြေပါ'

'မေးလိုရာ မေးတော်မူပါ'

'သူ့ရဲကောင်း သမိန်ထောရဲ့ စွမ်းရည်သတ္တိကို ကြားဖူးသလား'

'ကြားဖူးပါတယ်၊ ဒါပေမဲ့ ကျော်ကြားသလောက် မစွမ်းပါဘူး။ သမိန်ထောလို လူဆယ်ယောက်ကိုတောင် ငမိုက်သား သီရိဇြတ်ကမွန် အနိုင်ယူ ပြပါမယ်'

'ကြွားလုံးကြီးလှချည်လား၊ ဟံသာဝတီ တစ်နိုင်ငံလုံးမှာ သမိန်ထော လို အဲမောင်း လှံရေးမှာ ကျွမ်းကျင်လိမ္မာတဲ့သူ မရှိဘူး မဟုတ်လား'

'သူ့ထက်သာတဲ့ လူနဲ့ မတွေ့သေးလို့ ဖြစ်ပါလိမ့်မယ်'

'ကောင်းပြီ၊ ဒါလောက်တောင် ကြွားလုံးကြီးတဲ့လူ သခင်မ တာဝန်ပေး မယ်။ ကဲ ဟောဟို ညောင်စောင်းပေါ်မှာ ထိုင်ပါဦး'

ညောင်စောင်းပေါ်မှ အမျိုးသမီးက မိမိနှင့် မနီးမဝေးရှိ ညောင်စောင်း ကို ညွှန်ပြရင်း ပြောလိုက်ရာ၊ အညတရ စစ်သည်တော်သည် ညောင်စောင်းပေါ် တွင် ဣန္ဒြေရရ ထိုင်လိုက်သည်။

'သခင်မ ဘယ်သူလဲ ဆိုတာ သိတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ညောင်စောင်းပေါ်တွင် ထိုင်နေသော အမျိုးသမီးသည် အညတရ စစ်သည်တော်အား အချိန်အတော်ကြာ အကဲခတ်နေရာမှ စကားစလိုက်သည်။

'နတ်ရွာစံ ဆောင်းတူးမြို့စားကြီးရဲ့ သမီး ခင်စောမယ် ဖြစ်ကြောင်း နိုင်ငံတော် တစ်ဝန်းလုံး အသိဖြစ်ပါတယ်'

အညတရ စစ်သည်တော်က အဖြေပေးလိုက်သည်။

'သခင်မှာ မောင်တော်တစ်ယောက် ရှိတာကိုကော သိတယ်မဟုတ်လား'

'သတင်းစကား ကြားဖူးပါတယ်'

'သခင်မရဲ့ မောင်တော်အတွက် သခင်မ စိတ်ဒုက္ခ ရောက်နေရတယ်။ သခင်မရဲ့မောင်တော် ဗညားအိမ်ဟာ မပေါင်းသင့်တဲ့ လူတွေနဲ့ ပေါင်းသင်းပြီး အရက်သေစာတွေ သောက်လိုသောက်နဲ့ ပျက်စီးသွားမှာ စိုးရိမ်တယ်။ ခမည်းတော်နဲ့ မယ်တော် နတ်ရွာစံလွန်တော်မူပြီးတဲ့နောက် သခင်မနဲ့ ဗညားအိမ် မောင်နှမ နှစ်ယောက်ထဲ ကျန်ရစ်ခဲ့တယ်။ မောင်နှမ နှစ်ယောက်ထဲမို့ မောင်လေး အပေါ်မှာ သခင်မ သိပ်ချစ်တယ်။ မောင်လေး ဗညားအိမ်ဟာ အသက်တော်ကလည်း နုနယ်သေးတော့ ရှေ့နောက် ဆင်ခြင်တိုင်းထွာတတ်တဲ့ အသိတရား မရှိသေးဘူး။ သူများ မြှောက်ပေးတိုင်း အဟုတ် မှတ်ပြီး ထင်ရာကို လုပ်တတ်တယ်'

ခင်စောမယ်သည် မောင်ဖြစ်သူ အတွက် ရင်လေးသည့် အမူအရာဖြင့် ပြောရင်း သက်ပြင်းချလိုက်သည်။

'ဒါကတော့ ငယ်ရွယ်သူတို့ရဲ့ ဓမ္မတာပဲ။ အသက်အရွယ် ကြီးရင့်လာလို့ အတွေ့အကြုံ များလာတဲ့အခါ ဘဝပေး သခန်းစာတွေက သူ့ကို ဆုံးမသွားပါလိမ့်မယ်'

အညတရ စစ်သည်တော် သီရိဗြတ်ကမွန်သည် ခင်စောမယ်၏ အမူအရာကို အကဲခတ်ရင်း ပြန်ပြောလိုက်သည်။

'သခင်မ ပြောမယ့်စကားကို ဆုံးအောင် နားထောင်ပါဦး။ သခင်မရဲ့ မောင်လေး ဗညားအိမ်ဟာ ခုမှ သက်တော် ၁၉ နှစ်ထဲ ဝင်ရုံပဲ ရှိသေးတယ်။ သူ့ကို ဒီအတိုင်း လွှတ်ထားလို့မဖြစ်ဘူး။ ရွှေမြို့တော်ကို မသွားပါနဲ့လို့ တားတာလည်း မရဘူး။ ရွှေမြို့တော်မှာ ကြာကြာနေရင် မောင်လေးဗညားအိမ် ပျက်စီးသွားလိမ့်မယ်။ သခင်မမှာ မိန်းမသားမို့ မောင်လေးရဲ့နောက်ကို လိုက်သွားလို့ မတော်ဘူး။ မောင်လေးကို ပြန်ခေါ်လို့လည်း မရဘူး'

ခင်စောမယ်က စိတ်အားလျှော့သည့် လေသံဖြင့် ပြောလိုက်၏။

'ဒီအတွက်တော့ ငမိုက်သား သီရိဗြတ်ကမွန်ရဲ့ တာဝန်သာ ထားပါ။ မောင်တော်ဗညားအိမ်ကို ရွှေမြို့တော်က ပြန်ခေါ်ပေးဖို့ တာဝန်ယူပါတယ်'





'အတည် ပြောနေတာလား၊ မောင်လေးကို ပြန်ခေါ်ပေးဖို့အတွက် အသက်နဲ့ လဲသင့် လဲရလိမ့်မယ်။ ဒါကို တာဝန်ယူနိုင်ပါ့မလား'

'အသက်နဲ့ လဲစရာတောင် မလိုပါဘူး။ နားဝင်အောင် ပြောပြီး ပြန်ခေါ်လာရင် ရပါတယ်'

'ဒါလောက် လွယ်လိမ့်မယ် မထင်နဲ့။ မောင်လေးဟာ အရွယ်တော် နုနယ်ပေမဲ့ ခမည်းတော်ရဲ့ ရိက်ရာကို ဆက်ခံရမယ့် မြို့စားလောင်း ဖြစ်တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ မြို့စားရာထူးကို ဆက်ခံရမှာ ဖြစ်တဲ့အတွက် မာန်အား တက်ထန်နေတယ်'

'သီရိဗြတ်ကမွန်နဲ့ တွေ့ရင် မာန်ဖွယ် ကျိုးသွားပါလိမ့်မည်'

'အပြော သိပ်မကြီးပါနဲ့၊ ပြီးတော့ မောင်လေးတစ်ယောက်တည်း ဆိုရင် အရေးမကြီးဘူး။ မောင်လေးကို ဝိုင်းဝန်းဖျက်ဆီးနေတဲ့ လူတွေရှိတယ်။ အဲဒီလူတွေထဲမှာ မြို့ဝန်ဗညားဒလ၊ ဝင်းတော်မှူး ဗညားကျန်းထောနဲ့ ဗိုလ်မှူး သမိန်စက္ကဝေါတို့ ပါတယ်။ အဲဒီ သုံးဦးစလုံးက အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ လူတွေချည်းပဲ။ ဓားရေး လှံရေးမှာလည်း သူမတူအောင် ကျွမ်းကျင်လိမ္မာတယ်။ သူတို့ကို ဘယ်သူမှ ဆန့်ကျင်ဘက် မလုပ်ဝံ့ဘူး။ အဲဒီလူတွေနဲ့ ကြာကြာ အပေါင်းအသင်းလုပ်ရင် မောင်လေး ပျက်စီးသွားလိမ့်မယ်။ မောင်လေး ပျက်စီးသွားတာကို သူတို့ မြင်ချင်တယ်။ ဒါမှ သခင်မကို အပိုင်စီးလို့ရမှာ။ မောင်လေးကို သခင်မဆီ အမြန်ဆုံး ပြန်ခေါ်ပေးစေချင်တယ်။ ဒီတာဝန်ကို ယူနိုင်ပါ့မလား'

'ဒီတာဝန်လောက်များ စကားထဲ ထည့်ပြောစရာ မလိုပါဘူး။ ငမိုက်သား သီရိဗြတ်ကမွန်ရဲ့ တာဝန်သာ ထားပြီး စိတ်အေးလက်အေး စံနေတော်မူပါ'

အညတရ စစ်သည်တော်က ရင်ကော့ပြီး တာဝန်ယူလိုက်သည်။

'တာဝန်ခံရဲလှချည်လား။ သခင်မ ပြောတဲ့ပုဂ္ဂိုလ်ကြီး သုံးဦးကို ဘယ်သူမှ အန်တုဖက်ပြိုင်ဝံ့တာ မဟုတ်ပါဘူး။ သူတို့ကို အန်တုဖက်ပြိုင်သူ မှန်သမျှ အသေဆိုးနဲ့ သေခဲ့ရတာချည်းပဲ'

ခင်စောမယ်က သတိပေးလိုက်ပြန်သည်။

'သီရိဗြတ်ကမွန်လည်း သွေးဆာနေတာနဲ့ အတော်ပဲ'

အညတရ စစ်သည်တော်က အရေးမစိုက်သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'ဟိုက သုံးယောက်၊ စစ်သည်တော်ကြီးက တစ်ဦးတည်း။ သုံးယောက်နဲ့ တစ်ယောက် ယှဉ်ပြိုင်ဝံ့ပါ့မလား'



www.burmeseclassic.com

www.burmeseclassic.com



'တစ်ယောက်ကောင်းတော့ တစ်သောင်းဗိုလ်ခြေ ညက်ညက်ကြေတယ် ဆိုတဲ့ စကားရှိသားပဲ။ ပြီးတော့ သုံးယောက်နဲ့တစ်ယောက် ဆိုပေမယ့် တစ်ယောက် သော သူက သေမင်းနဲ့တောင် စစ်ခင်းလာခဲ့တဲ့ သီရိဗြတ်ကမ္ဘန်ပါ။ သခင်မရဲ့ မောင်တော် ဗညားအိမ်ကို သွေးဆာနေတဲ့ ငမိုက်သားသုံးဦးရဲ့ လက်တွင်းက ယူပြီး သခင်မရဲ့ ရှေ့မှောက်ကို အရောက် ပို့ပေးနိုင်ဖို့ တာဝန်ယူပါတယ်'

'အပြော လွယ်သလောက် လက်တွေ့ကျတော့ မလွယ်ဘူး ဆိုတာ သတိပြုဦးမှပေါ့'

'သီရိဗြတ်ကမ္ဘန် အဖို့ ဘာမဆို လွယ်ပါတယ်၊ မလွယ်တာ မရှိပါဘူး။ ကြိုးစားလျှင် ဘုရားတောင် ဖြစ်နိုင်သေးတာပဲ။ ငမိုက်သား သုံးယောက်လောက် ဖြုံစရာ မရှိပါဘူး'

'ဒါလောက်တောင် ကြွားလုံး ကြီးလွန်းအားကြီးတော့ စစ်သည် တော်ကြီး အပေါ် သခင်မ အယုံအကြည်တောင် လျော့ပါးလာပြီ'

'အပြောကို လက်တွေ့ အကောင်အထည်ဖော်နိုင်တာကို တွေ့ရတဲ့ အခါ သီရိဗြတ်ကမ္ဘန်အပေါ်မှာ သခင်မရဲ့ သဘောထား ပြောင်းလဲသွားပါလိမ့် မယ်'

'အပြောနဲ့အဟော ညီ၊ မညီ စောင့်ကြည့်ရသေးတာပေါ့၊ စစ်သည်တော် ကြီး အပြော ကောင်းသလောက် သခင်မရဲ့ မောင်တော်ကို သွေးဆာနေတဲ့ ပုဂ္ဂိုလ်ကြီးသုံးဦးရဲ့ လောင်းရိပ်အောက်က လွတ်မြောက်ပြီး သခင်မဆီကို အရောက် ခေါ်ဆောင်လာနိုင်မယ် ဆိုရင်တော့ ထိုက်သင့်တဲ့ ဆုတော် လာဘ်တော်များ ပေးသနားဖို့ အသင့်ရှိနေပါတယ်။ သွေးဆာနေတဲ့ ပုဂ္ဂိုလ်ကြီးသုံးဦးရဲ့ လောင်းရိပ် အောက်က လွတ်မြောက်ရေးထက် မောင်လေးရဲ့ တဓောက်ကန်း လုပ်တတ်တဲ့ အမူအကျင့်ကို ပြောင်းလဲသွားအောင် စွမ်းဆောင်နိုင်မယ် ဆိုရင်တော့ အာဂ သတ္တိပဲ'

'ဒီအတွက်လည်း စိုးရိမ်တော် မမူပါနဲ့။ သခင်မရဲ့ မောင်တော်ကို သွေးဆာနေတဲ့ လူယုတ်မာတွေရဲ့ လောင်းရိပ်အောက်က လွတ်မြောက်စေရုံ တင် မကပါဘူး။ သခင်မ ဂုဏ်ယူနိုင်တဲ့ သူ့ရဲကောင်းတစ်ယောက် ဖြစ်လာအောင် ပြုပြင်ပေးသွားပါမယ်။ စိတ်ချတော်မူပါ၊ ဆင်ရိုင်းကိုပင်လျှင် ကျုံးသွင်းပြီး လိမ္မာ ယဉ်ကျေးအောင် လုပ်နိုင်ပါသေးတယ်'

'တကယ်ကို ကြွားလုံးကြီးတဲ့ လူပါလား။ ကောင်းပြီ၊ အပြောနဲ့ အဟော ညီ၊ မညီကို သခင်မ စောင့်ကြည့်မယ်'





'ကြာကြာ မစောင့်ရပါဘူး၊ အမြန်ဆုံး လက်တွေ့ အကောင်အထည် ဖော်ပြပါမယ်။ ဒါပေမဲ့ ခြွင်းချက်နှစ်ခုတော့ ထားရလိမ့်မယ်'

'ဘယ်လို ခြွင်းချက်လဲ'

'ပထမ ခြွင်းချက်က အခြေအနေကို လေ့လာဖို့ အချိန်အနည်းငယ် ပေးရလိမ့်မယ်'

'ကောင်းပါပြီ၊ ဒါပေမဲ့ အချိန်ကြာကြာ မပေးနိုင်ဘူး။ မြန်နိုင်သမျှ မြန်ခေချင်တယ်'

'ဒီအတွက် စိတ်ချပါ'

'ဒုတိယ ခြွင်းချက်ကို ပြောပြပါဦး'

'သခင်မ ပေးအပ်တဲ့ တာဝန်ကို ထမ်းရွက်နေချိန်မှာ ကြားဝင်ပြီး အနှောင့်အယှက် မပေးဖို့ တောင်းပန်ပါတယ်'

'သခင်မက ဘာဖြစ်လို့ ကြားဝင်ပြီး အနှောင့်အယှက် ပေးရမှာလဲ'

'မောင်တော်အပေါ်မှာ ချစ်တဲ့ဓာကြောင့် အစ်မတော် အနေနဲ့ သက်ပိုက်ကြည့်မနေနိုင်ဘဲ ကြားဝင်အနှောင့်အယှက် ပေးမိမှာစိုးလို့ ကြိုတင်ပြီး သတိပေးရတာပါ'

'စစ်သည်တော်ကြီး ပြောတဲ့ စကားအဓိပ္ပာယ်ကို ရှင်းပြစမ်းပါဦး'

'ဒီလိုပါ၊ သခင်မရဲ့မောင်တော်ကို ရက်စက်ကြမ်းကြုတ်တဲ့ ပုဂ္ဂိုလ်ကြီး သုံးဦးရဲ့ လောင်းရိပ်အောက်က လွတ်မြောက်ရေးနဲ့တကွ သခင်မရဲ့ မောင်တော် ကို တဓောက်ကန်းဘဝကနေပြီး သူ့ရဲကောင်းတစ်ယောက် ဖြစ်လာရေးအတွက် တာဝန်ယူရမှာ ဖြစ်တဲ့အတွက် ဆင်ရိုင်းကို လိမ္မာယဉ်ကျေးအောင် ကျုံးသွင်း ပြီး ထားရသလို အနုနည်းနဲ့ အကြမ်းနည်းကို သုံးသင့် သုံးရပါလိမ့်မယ်။ မလွဲရှောင်သာလို့ အကြမ်းနည်းကို သုံးရလျှင် မောင်တော့်အပေါ်မှာ ငဲ့ညှာ သနားသောအားဖြင့် အစ်မကြီးဖြစ်သူက ကြားဝင်ဟန့်တားခြင်း မပြုဖို့ ကြိုတင် ပြီး ခြွင်းချက်တောင်းခံထားရခြင်းပါ'

'အပြောကတော့ သိပ်ဟုတ်တာပဲ။ ကောင်းပြီလေ၊ မောင်တော်ကို သာ သခင်မဆီကို ပြန်ရောက်လာအောင် ဆောင်ကြဉ်းပေးပါ။ သခင်မ ကျေးဇူး မမေ့တတ်ပါဘူး။ ပြီးတော့ သခင်မ ပေးအပ်တဲ့ တာဝန်ကို ထမ်းရွက်နိုင်ဖို့ အတွက် အသပြာလိုလိမ့်မယ် ထင်တယ်'

ခင်စောမယ်က ပြန်မေးလိုက်ရာ အသပြာစကားကို ကြားသောအခါ အညတရ စစ်သည်တော် သီရိဗြတ်ကမ္ဘန်သည် ရှက်ကြောက်သည့် စိတ်များ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာကာ မျက်လွှာချပြီး နားထောင်နေရာမှ ခင်စောမယ်အား မရဲတရဲ ကြည့်လိုက်သည်။

'အသပြာအကြောင်း စကားထဲ ထည့်ပြောရတာ ကိုယ့်လိပ်ပြာကိုယ် ပြန်ပြီး ရှက်မိပါတယ်။ ဒါပေမဲ့ သခင်မ ပေးအပ်တဲ့ တာဝန်ကို ထမ်းဆောင်ဖို့ရန် ခရီးထွက်ရမှာ ဖြစ်တဲ့အတွက် ခရီးစရိတ်နဲ့ စားစရိတ်လောက်တော့ ထောက်ပံ့မှ ဖြစ်ပါလိမ့်မယ်'

သီရိဖြတ်ကမွန်က အသပြာစကား ပြောရသည်ကို လိပ်ပြာမသန့်သည့် အမူအရာနှင့် ပြန်ပြောလိုက်ရာ ခင်စောမယ်သည် ကတ္တီပါအိတ်နှင့် အသင့် ထည့်ထားသည့် အသပြာများကို စစ်သည်တော်၏ လက်သို့ ပေးအပ်လိုက်သည်။

'ဒါဟာ စရန်ငွေပဲ။ သခင်မ ပေးအပ်လိုက်တဲ့ တာဝန်ကို အောင်မြင်စွာ ထမ်းရွက်နိုင်ခဲ့ရင် ထိုက်သင့်တဲ့ ဆုတော်လာဘ်တော်များ ချီးမြှင့်တော်မူပါဦးမယ်'

ခင်စောမယ်သည် ကတ္တီပါအိတ်ကို လှမ်းပေးရင်း ပြောလိုက်သည်။ အညတရ စစ်သည်တော် သီရိဖြတ်ကမွန်မှာမူ တစ်စုံတစ်ရာ ပြန်မပြောဘဲ ကတ္တီပါအိတ်နှင့် ထည့်ထားသည့် အသပြာကို လှမ်းယူပြီး ခါးပိုက်ထဲသို့ ထည့်လိုက်သည်။

'ကတ္တီပါအိတ်ကို ဖွင့်မကြည့်တော့ဘူးလား'

'ဖွင့်ကြည့်ဖို့ မလိုပါဘူး၊ ခရီးစရိတ်နဲ့ စားစရိတ် လုံလောက်ရင်တော်ပါပြီ'

'ရွှေမြို့တော်ကို ဒီနေ့ပဲ သွားမယ် မဟုတ်လား'

'ခုချက်ချင်း ခရီးပြင်းနှင်ပါ့မယ်'

'ခရီးပြင်းနှင်ဖို့ မြင်းရှိရဲ့လား'

'နံရိုးပြိုင်းပြိုင်းနဲ့ သစ်ကိုင်းခြောက်သဏ္ဌာန် ခြေလေးချောင်းရှိတဲ့ သတ္တဝါတစ်ကောင်တော့ ရှိပါတယ်'

'မြင်းကောင်းကောင်း မရှိရင် သခင်မရဲ့ မြင်းဇောင်းမှာရှိတဲ့ မြင်းတွေထဲက ကြိုက်ရာမြင်းကို ရွေးယူသွားပါ'

'မြင်းကောင်း စီးနိုင်မှ ခရီးတွင်ကျယ်တာ မဟုတ်ပါဘူး။ စစ်သည်တော်ကောင်း တစ်ယောက်ဖြစ်ဖို့ ဝတ်ကောင်းစားလှ မလိုပါဘူး။ နှလုံးရည်၊ လက်ရုံးရည်သာ ပဓာနပါ။ ထိုနည်းပင် ခရီးတွင်ဖို့အတွက် ခြေလေးချောင်းရှိပြီး အရှင်သခင်ရဲ့ အလိုကို သိတဲ့ သတ္တဝါတစ်ကောင် ရှိရင် ကိစ္စပြီးနိုင်





ပါတယ်။ ဒါကို အသာထားပြီး သခင်မရဲ့ မောင်တော်ဆီကို စာလွှာတစ်စောင် ပေးစေလိုပါတယ်'

သီရိဖြတ်ကမွန်က စာလွှာတောင်းလိုက်သည်။

'စာလွှာ ရေးပြီးသား ရှိပါတယ်၊ သခင်မ ဖတ်ပြပါမယ်'

ခင်စောမယ်သည် ပြောပြောဆိုဆို အသင့်ရေးသားထားသည့် စာလွှာကို ကတ္တီပါအိတ်ထဲမှ ဆွဲထုတ်လိုက်ပြီး ကြည်လင်အေးမြသည့် အသံဖြင့် အောက်ပါအတိုင်း ဖတ်ပြလိုက်၏။

**မောင်တော်ဗညားအိမ်**

ဤစာလွှာကို ယူဆောင်လာသူမှာ စစ်ပွဲ အသီးသီးတွင် အောင်ပွဲခံလာခဲ့သော ဗိုလ်မင်းသီရိဖြတ်ကမွန် ဖြစ်ပါသည်။ နှလုံးရည်ရော လက်ရုံးရည်ပါ ပြည့်ဝသူဖြစ်၍ အားကိုးအားထားလောက်သူ ဖြစ်ပါသည်။

ဤစာလွှာ ပေးဆက်ရခြင်းမှာ မောင်တော် ဗညားအိမ်အား အစ်မတော်ထံ အမြန်ဆုံး ပြန်လာစေလိုသဖြင့် ပေးဆက်ရခြင်း ဖြစ်ပါသည်။ မောင်တော်အား အစ်မတော် လွမ်းဆွတ်သတိရနေပါသည်။ ခမည်းတော် နတ်ရွာစံလွန်တော်မူပြီးနောက် ခမည်းတော်၏ ရိုက်ရာကို မောင်တော် ဆက်ခံရမည် ဖြစ်၍ မောင်တော်အား အပိုင်စားပေးသနားတော်မူသည့် မြို့ရွာနယ်ပယ်မှ အခွန်ထမ်းများကလည်း မောင်တော် အမြန်ဆုံး ပြန်လာကာ မြို့ရွာနယ်ပယ် စည်ပင်သာယာဝပြောရေးအတွက် တာဝန်ယူ ဆောင်ရွက်စေလိုကြပါသည်။ ခမည်းတော်ဘုရား၏ လက်ထက်တော်တွင် မြို့ရွာနယ်ပယ် သာယာစိုပြည်ပြီး နယ်သူနယ်သား အခွန်ထမ်းများ၏ ဘဝအခြေအနေ တိုးတက်ဝပြောလျက် ရှိသဖြင့် မောင်တော်၏ လက်ထက်တွင်ကျမှ ကောက်ပဲသီးနှံ ဆုတ်ယုတ်ပြီး နယ်သူနယ်သားများ ဆင်းရဲနွမ်းပါးသွားမည်ဆိုလျှင် မောင်တော်အပေါ်တွင် တာဝန်ကင်းမည် မဟုတ်ပါ။ ခမည်းတော်ဘုရား လက်ထက်တော်ကထက် ဆထက်ထမ်းပိုး သာယာဝပြော တိုးတက်စည်ပင်အောင် ရှေ့ဆောင်ရှေ့ရွက် လုပ်နိုင်ရန် မောင်တော် အမြန်ဆုံး ပြန်လာခဲ့စေလိုပါသည်။ ရွှေမြို့တော်တွင် အပျော်ကျူးနေရန် အချိန်အခါ မဟုတ်တော့ပါ။

မောင်တော်အား အစ်မတော် နေ့စဉ်နှင့်အမျှ သတိရအောက်မေ့လျက် ရှိပါသည်။ မောင်တော် ကျန်းမာချမ်းသာစွာ



www.burmeseclassic.com

www.burmeseclassic.com



ရှိစေရန်လည်း နေ့စဉ် ဆုတောင်း မေတ္တာပို့သလျက် ရှိပါသည်။ အစ်မတော်နှင့် နယ်သူနယ်သားများကို ငဲ့ညှာပြီး အမြန်ဆုံး ပြန်လာခဲ့ပါ။

အစ်မတော်
ခင်စောမယ်

**နောက်ဆက်တွဲ**။ ။ ဤစာလွှာကို ယူဆောင်လာသော ဗိုလ်မင်း သီရိဇြတ်ကမွန်မှာ ကေသရာဇာ ခြင်္သေ့ကဲ့သို့ ရဲရင့်ပြီး စစ်ပွဲတိုင်းတွင် စွမ်းစွမ်းတမံ သတ္တိပြခဲ့သူ ဖြစ်ပါသည်။ ဓားရေးလှံရေးနှင့် စစ်ချီစစ်တက်တွင် သူ့မတူအောင် ထူးချွန်သူ ဖြစ်၍ သူ့ရဲကောင်း ဆယ်ယောက်ကိုပင် တစ်ယောက်တည်းနှင့် အနိုင်ယူခဲ့သူ ဖြစ်ကြောင်း အစ်မတော် သိရပါသည်။ ဘီလူး သဘက် ကဲ့သို့ ရက်စက်ကြမ်းကြုတ်သူ ဖြစ်၍ ဗိုလ်မင်းသီရိဇြတ်ကမွန်နှင့် ဆက်ဆံရာတွင် မောင်တော် သတိနှင့် ဆက်ဆံစေလိုပါသည်။ စိတ်လိုက်မာန်ပါ တစ်ဇောက်ကန်း မလုပ်မိအောင် သတိပြု ဆင်ခြင်ပါလေ။

အစ်မတော်
ခင်စောမယ်

ခင်စောမယ်က မိမိ ရေးသားထားသည့် စာလွှာကို ကြည့်လင်ပြတ်သားစွာ ဖတ်ကြားပြနေစဉ် အညတရစစ်သည်တော် သီရိဇြတ်ကမွန်မှာ မျက်မှောင်ကြုတ်ပြီး နားထောင်နေပေသည်။ မိမိအား မြှောက်ပင့်ပြီး ရေးသားထားသည့် စာပိုဒ်များကို ဖတ်ကြားပြသသောအခါ မျက်နှာမထားတတ်အောင် ဖြစ်သွားပြီး မျက်နှာတစ်ခုလုံး နီရဲသွားပေသည်။

'သခင်မရဲ့ စာလွှာကို ဘယ်လိုသဘောရသလဲ။ ဘာဖြစ်လို့ မျက်မှောင်ကြုတ်ပြီး ရှက်သွေးမွှန်နေရတာလဲ'

'သူ့ရဲကောင်း ဆယ်ယောက်ကို တစ်ယောက်တည်းနဲ့ အနိုင်ယူခဲ့တယ် ဆိုတာနဲ့ ဘီလူးသဘက်လို ရက်စက်ကြမ်းကြုတ်တယ် ဆိုတာကို သခင်မ ဘယ်လိုလုပ်ပြီး သိပါသလဲ။ ဘီလူးသဘက်လို တကယ်ပဲ ရက်စက်ကြမ်းကြုတ်လိမ့်မယ် ထင်ပါသလား'

သီရိဇြတ်ကမွန်က ပြန်မေးလိုက်သည်။





'သခင်မ သိလို့ ရေးတာပါ'

'ငမိုက်သား သီရိဇြတ်ကမွန်အကြောင်း သခင်မ ဘယ်လိုလုပ်ပြီး သိနိုင်ပါသလဲ'

အညတရ စစ်သည်တော်က ပြန်မေးလိုက်သည်။

'စစ်သည်တော်ကြီးရဲ့ အကြောင်းကို မသိပေမယ့် သခင်မရဲ့ မောင်တော်အကြောင်း သခင်မ သိလို့ ရေးလိုက်တာ။ သခင်မရဲ့မောင်တော် ဗညားအိမ်က တစ်ဇောက်ကန်း။ ဘယ်သူ့ကိုမှ ဗိုလ်ထားချင်တာ မဟုတ်ဘူး။ သခင်မရဲ့ စာလွှာကို သူဖတ်ရရင် စစ်သည်တော်ကြီးကို ဓားချင်းယှဉ်ပြိုင်ဖို့ သူစိန်ခေါ်လိမ့်မယ်။ ဒါကိုသိလို့ တမင်သက်သက် ရေးလိုက်တာ။ စစ်သည်တော်ကြီး အကြောင်း သိလို့ ရေးတာ မဟုတ်ဘူး'

ခင်စောမယ်က ရှင်းပြလိုက်သည်။

'ဓားချင်း ယှဉ်ပြိုင်ဖို့ စိန်ခေါ်ရင် ဘာလုပ်ရမလဲ'

'သခင်မရဲ့ စေတမန်အဖြစ် မောင်တော်ကို ပြန်ခေါ်လာဖို့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး အနေနဲ့ စစ်သည်တော်ကြီး ရွေးချယ်ရမယ့် လမ်းသုံးသွယ် ရှိပါတယ်။ မောင်တော်က ဓားချင်းယှဉ်ပြိုင်ဖို့ စိန်ခေါ်ရင် သူ စိန်ခေါ်တာကို လက်ခံပြီး ဓားချင်းယှဉ်ပြိုင်ပါ။ အဲဒီလို ယှဉ်ပြိုင်တဲ့အခါ မောင်တော်ရဲ့ ဓားချက်နဲ့ သွေးထွက်ရုံ ဒဏ်ရာရအောင် ယှဉ်ပြိုင်ပြီး အရှုံးပေးလိုက်ပါ။ မောင်တော်ရဲ့ ဓားချက်နဲ့ သွေးထွက်သံယို ဖြစ်သွားတာ မြင်ရရင် စစ်သည်တော်ကြီးအပေါ် မောင်တော် ကရုဏာသက်ပြီး ခင်မင်ရင်းနှီး လာပါလိမ့်မယ်။ ပုဂ္ဂိုလ်ခင်မှ တရားခင်ဘယ်ဆိုသလို ပုဂ္ဂိုလ်ချင်း ခင်မင်ရင်းနှီးအောင် လုပ်ဖို့ အရေးကြီးပါတယ်။ ဒါနဲ့မှ စစ်သည်တော်ကြီးရဲ့အသား အနာ မခံနိုင်ဘူးဆိုရင် မောင်တော်နဲ့ ဓားချင်းယှဉ်ပြိုင်တဲ့အခါ စစ်သည်တော်ကြီးရဲ့ လက်က ဓားကို မသိမသာ လွှတ်ချလိုက်ပြီး အရှုံးပေး အညံ့ခံလိုက်ပါ။ မောင်တော်ရဲ့ ဓားစွမ်းကိုလည်း အမြဲမဆုံး မြှောက်ပင့် ချီးကျူးပါ။ မောင်တော်က အမြှောက်ကြိုက်တယ်။ အဲဒီလို ချီးကျူးမြှောက်ပင့်ပေးလိုက်ရင် စစ်သည်တော်ကြီးကို မောင်တော် ခင်မင်ရင်းနှီးသာရုံတင် မကဘူး။ ဆုတော် လာဘ်တော်များပါ ချပေးသနားတော် မူလိမ့်မယ်။ ဒီလိုမှ အရှုံးမပေးနိုင်ဘူး ဆိုရင် မောင်တော်ကို ပြင်းပြင်းထန်ထန် ဒဏ်ရာ မရစေဘဲ အနိုင်ရအောင် ကြိုးစားပါ။ ဒါပေမဲ့ သခင်မ တစ်ခုတော့ သတိပေးလိုက်မယ်။ မောင်တော်ဟာ ဘယ်သူ့ကိုမှ သူ အနိုင်ပေးချင်တာ မဟုတ်ဘူး။ သူ့ကို အနိုင်ယူတဲ့လူဟာ သူ့ရဲ့ရန်သူပဲ။ သခင်မ ညွှန်ပြတဲ့ လမ်းသုံးသွယ်အနက် စစ်သည်တော်ကြီး ကြိုက်ရာ လမ်းစဉ်ကို ရွေးချယ်နိုင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ခင်စောမယ်သည် မောင်တော်ဗညားအိမ်၏ စိတ်နေသဘောထားကို အညတရစစ်သည်တော် သီရိဖြတ်ကမွန် သိရှိထားစေရန် ရှင်းပြနေပေသည်။

'ကောင်းလှပါပြီ၊ အခြေအနေကို ကြည့်ပြီး သင့်လျော်မယ့်လမ်းစဉ်ကို ရွေးချယ်ပါမယ်'

'ဒါဖြင့် ဟောဒီ စာလွှာကို ယူသွားပေတော့'

ခင်စောမယ်သည် စောစောက ဖတ်ပြသည့် စာလွှာကို ကတ္တီပါအိတ်ထဲသို့ ပြန်ထည့်ပြီး ချိပ်ပိတ်၍ ပေးလိုက်သည်။

'စာလွှာတစ်စောင် ရေးသားပေးစေလိုပါသေးတယ်'

သီရိဖြတ်ကမွန်က ချိပ်ပိတ်ထားသည့် စာလွှာကိုယူရင်း ပြောလိုက်ရာ ခင်စောမယ်မှာ အံ့အားသင့်သွားပေသည်။

'နောက်ထပ် စာလွှာတစ်စောင် ရေးပေးရဦးမယ် ဟုတ်လား။ ဘယ်လို စာလွှာမျိုး ရေးရမှာလဲ၊ ဘာဖြစ်လို့ ရေးရမှာလဲ၊ ဉာဏ်ကြီးရှင် ပြောလိုက်တဲ့ စကားအဓိပ္ပာယ်ကို အသိပညာခေါင်းပါးတဲ့ မိစောမယ် နားမလည်လို့ နားလည်အောင် ရှင်းပြစမ်းပါဦး'

ခင်စောမယ်သည် မိမိအား ဆရာလုပ်လိုက်သည်ကို မကျေနပ်သည့် အမူအရာဖြင့် သီရိဖြတ်ကမွန်အား ပြန်ငေါ့လိုက်သည်။

'ပထမ စာလွှာက စာစီစာကုံး အနှုန်းအဖွဲ့ ပြေပြစ်ချောမောပေမယ့် လိုရင်းအချက်ကို မရောက်ဘဲ ဘေးကို ချော်ထွက်နေပါတယ်။ စကားလုံး လှသလောက် အဓိပ္ပာယ် မပြည့်ဝပါဘူး။ စာရှည်သလောက် အကျိုးမသက်ရောက်ပါဘူး'

သီရိဖြတ်ကမွန်သည် မိမိအား ခင်စောမယ်က ငေါ့လိုက်သည်ကို မသိချင်ဟန်ဆောင်၍ မျက်နှာထားတည်တည်ဖြင့် တစ်ချက်စီ ရှင်းပြနေပေရာ ခင်စောမယ်မှာ မခံမရပ်နိုင်အောင် ဖြစ်လာပြီး လက်သီးကို မသိမသာဆုပ်၍ အံကြိတ်လိုက်သည်။

'ဒါကတော့ သခင်မကို သက်သက်စော်ကားတာ'

ခင်စောမယ်က ဒေါသသံဖြင့် ပြန်ပြောလိုက်သည်။

'မဖြစ်နိုင်တာကို မိန့်တော်မမူစေလိုပါ။ မြို့စားကြီးရဲ့ သမီးရတနာကို အညတရ စစ်သည်တော်တစ်ဦးက စော်ကားသည် ဆိုခြင်းမှာ မဖြစ်နိုင်ပါ။ သူ့ဆန်စားလျှင် ရဲရမည်ဆိုတဲ့ စကားအရ မြို့စားကြီးရဲ့ သမီးဦးရတနာထံမှ အခကြေးငွေယူပြီး အမှုတော်ကို ထမ်းဆောင်နေရသူ ဖြစ်တဲ့အတွက် ငွေရှင် ကြေးရှင် အသပြာရှင်ရဲ့ အကျိုးကို လိုလားသောအားဖြင့် ဟုတ်တိုင်းမှန်ရာ





ရဲရဲကြီး ဖွင့်ဟလိုက်ခြင်းသာ ဖြစ်ပါတယ်။ မဟောသဓ ဇာတ်တော်တွင် ဝိဒေဟရာဇ် ဘုရင်ကြီး၏ အကျိုးကို လိုလားသောအားဖြင့် မဟောသဓ သတို့သားသည် ဘုရင်၏ ငြိုငြင်ခြင်းကို ခံယူပြီး ဟုတ်တိုင်းမှန်ရာကို လျှောက်တင်ခဲ့သည့် ထုံးဟောင်းသာဓက ရှိသည်ကို ဆင်ခြင်တော်မူပါ။ ပညာရှိ သတို့ဖြစ်ခဲ့သည့်သို့ ဖြစ်တတ်ပါတယ်။ နှလုံးရည်ဖြင့် အောင်မြင်နိုင်သည့် ကိစ္စကို လက်ရုံးရည်ကိုပါ အားကိုးအားထား ပြုလိုသောဆန္ဒ ရှိပါတယ်'

သီရိဖြတ်ကမွန်က ဣန္ဒြေတခွဲသားနှင့် ရှင်းပြနေပြန်သည်။ ခင်စောမယ်မှာ သီရိဖြတ်ကမွန် ပြောလိုက်သည့်စကားများကြောင့် ရင်ထဲတွင် အောင့်သက်သက် ဖြစ်နေပြီး အောက်နှုတ်ခမ်းကို ကိုက်၍ တွေတွေကြီး နားထောင်နေပေသည်။

'လက်စသတ်တော့ မဟောသဓ လက်သစ် ပညာရှိ သုခမိန်ကြီးနဲ့ ဆုံတွေ့နေရတာကိုး'

'ဘုရားအလောင်းတော် မဟောသဓ သုခမိန်နဲ့ မနှိုင်းယှဉ်သင့်ပါဘူး။ ပညာရှိ သုခမိန်ကြီးလည်း မဟုတ်ပါဘူး။ အညတရ သီရိဖြတ်ကမွန်ပါ။ ကိုယ့်မျက်ချေးကိုယ် မမြင်နိုင်သလို သခင်မရဲ့ အမှားကို ထောက်ပြပြီး အမှန်သို့ ရောက်အောင် ပို့ဆောင်လိုတဲ့ စေတနာနဲ့ ငမိုက်သား သီရိဖြတ်ကမွန် ဉာဏ်မီသလောက် အကြံဉာဏ် ပေးနေခြင်းသာ ဖြစ်ပါတယ်'

'သခင်မ ဘာတွေ မှားခဲ့လို့လဲ'

'နည်းပရိယာယ် မှားနေပါတယ်'

'နည်းပရိယာယ် မှားနေတယ် ဟုတ်လား။ ဒီလိုဆိုရင် အသိပညာခေါင်းပါးလှတဲ့ မိစောမယ်ရဲ့ အမှားတွေကို ပညာရှိ သုခမိန်ကြီးက ထောက်ပြဆော်မှုစမ်းပါဦး'

ခင်စောမယ်က ပြန်ငေါ့လိုက်ပြန်သည်။

'ကောင်းလှပါပြီ၊ သခင်မရဲ့ အမှားတွေကို ဝမ်းမြောက်ဝမ်းသာစွာဖြင့် အခန်းခုပြီးတစ်ခု ထောက်ပြပါမယ်။ သခင်မရဲ့ စာထဲမှာပါတဲ့ အမှားတွေထဲမှာ ငမိုက်သား သီရိဖြတ်ကမွန်နဲ့ ပတ်သက်ပြီး ရေးသားထားတဲ့ စကားလုံးတွေ အခန်းမကျန် မှားယွင်းနေပါတယ်။ ကေသရာဇာ ခြင်္သေ့လို ရဲရင့်တယ် ဆိုတဲ့ စကားလုံးနေရာမှာ ယုန်သငယ်လို စိတ်ထားသဘောထား နူးညံ့သိမ်မွေ့တယ်လို့ ရေးသားသင့်ပါတယ်။ ဓားရေး လှံရေးမှာ ကျွမ်းကျင်ပြီး ရက်စက်ကြမ်းကြုတ်တယ် ဆိုတဲ့ စကားလုံးနေရာမှာ ပါးစပ်ထဲကို လက်ညှိုးထိုးထည့်ရင်တောင် မကိုက်တတ်တဲ့ လူတစ်ယောက်ဖြစ်ကြောင်း ရေးသားသင့်ပါတယ်။ သွေးဆာ



www.burmeseclassic.com

www.burmeseclassic.com



နေသူ ဆိုတဲ့ စကားလုံးအစား သနားကြင်နာတတ်သူလို့ ပြောင်းလဲပြီး ရေးသားသင့်ပါတယ်။ ရွှေမြို့တော်ကို တစ်ခါတစ်ခေါက်မှ မရောက်ဖူးတဲ့အပြင် လူတော သူတော မတိုးဝံ့တဲ့ ကျေးတောသား အရိုင်းအစိုင်းလို့ မှတ်ထင်ယူဆသွားအောင် ဝေါဟာရသုံးပြီး စီကုံးရေးသားဖို့ အကြံပေးလိုပါတယ်'

သီရိဗြတ်ကမွန်က ရှုတည်တည် မျက်နှာထားဖြင့် တစ်ခွန်းချင်း ရှင်းပြနေပေရာ ခင်စောမယ်သည် လက်သီးဆုပ်၍ မျက်မှောင်ကြုတ်ပြီး နားထောင်နေရာမှ ဒေါသစိတ်များ ကွယ်ပျောက်သွားပြီး ရယ်ချင်သလိုလို ဖြစ်လာသဖြင့် ဣန္ဒြေမဆည်နိုင်တော့ဘဲ ပါးချိုင့်ကလေးပေါ်အောင် ပြုံးလိုက်မိပေသည်။

'ရှင့်ရဲ့ ပုံပန်းသဏ္ဌာန်က ယုန်သငယ်နဲ့တူလို့လား။ ကျားကိုးစီး စားလို့မကုန်နိုင်တဲ့ လူကို ယုန်သငယ်နဲ့ ပုံခိုင်းလို့ ဘယ်သူက ယုံမှာလဲ၊ ရွှေမြို့တော်ကို တစ်ခါတစ်ခေါက်မှ မရောက်ဖူးတဲ့ ကျေးတောသားပါလို့ ဘုရားစူးကျိန်ပြီး ပြောရင်တောင် ဘယ်သူမှ ယုံမှာ မဟုတ်ဘူး။ ကိုးသချိုင်းသံဘားကို လွယ်ပြီး ပွဲအမျိုးမျိုးတိုးခဲ့တဲ့ ဗိုလ်မင်းကို လူတောသူတော မတိုးဝံ့သူပါလို့ ပြောရင် ပြောတဲ့လူသာ အရူးဖြစ်မှာပေါ့'

'ဗိုလ်မင်း မဟုတ်ပါဘူး၊ အညတရသီရိ ....'

စစ်သည်တော်က စကားစလိုက်ရာ ခင်စာမယ်က လက်ဝါးကာလိုက်သည်။

'စစ်သည်တော်ရဲ့ နာမည် သီရိဗြတ်ကမွန်မှန်း သခင်မ သိပါတယ်။ ဒီနာမည်ကြီးကို သိပ်သဘောကျနေတယ် ထင်တယ်'

'အညတရဆိုတဲ့ စကားလုံး ကျန်နေပါသေးတယ်'

'ကောင်းပါပြီ၊ အညတရ သီရိဗြတ်ကမွန်ဆိုတဲ့ နာမည်ကို သခင်မ မှတ်သားထားပါမယ်။ ကဲ ဒါကို အသာထားပြီး သခင်မရဲ့မောင်လေးကို ရွှေမြို့တော်က ပြန်ခေါ်ဖို့အရေး ဆွေးနွေးကြဦးစို့လား'

ခင်စောမယ်က သတိပေးလိုက်သည်။

'စေသည့်ကျွန် ထွန်သည့်နွားပမာ တာဝန်ကို ထမ်းရွက်ရန် အသင့်ရှိနေကြောင်းပါ'

'အသပြာရဲ့ မျက်နှာကို ထောက်ထားပြီး ဒီစကား ပြောလိုက်တာ မဟုတ်လား။ စေတနာနဲ့ အမှုတော် ထမ်းရွက်မှာလား၊ အသပြာရဲ့ မျက်နှာကို ထောက်ထားပြီး တာဝန်ယူတာလား'

ခင်စောမယ်က ပြန်မေးလိုက်ရာ အသပြာဟူသော စကားကို ကြားရသည့် အခါတိုင်း သီရိဗြတ်ကမွန်မှာ မျက်နှာပျက်သွားပြီး ပခုံးကို တွန့်လိုက်သည်။





'အသပြာ ရဖို့ တစ်ခုတည်းအတွက် မဟုတ်ပါဘူး၊ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်ရဲ့ အကျိုးအတွက် အသပြာ ပေးပြီး ခိုင်းစေတိုင်း အမှုတော် ထမ်းလိမ့်မယ်လို့ အထင်တော် မရောက်ဖို့ မဆွကပင် ကြိုတင်ပြီး အစီရင်ခံခဲ့ပြီး ဖြစ်ပါတယ်။ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ငွေအသပြာကို မေက်တဲ့ ဆေတနာ သထံသက်ဖြင့် စေတနာ့ဝန်ထမ်း အကျိုးတော်ဆောင်ရွက်ဖို့ သင့်ဝင်သင့်ကြား ဆောင်လည်း သမုဒ္ဒရာ ဝမ်းတစ်ထွာ ဆိုသော စကားအရ ငမိုက်သား အညတရ သီရိဗြတ်ကမွန်မှာလည်း စားရေးသောက်ရေးအတွက် မနေသာလို့ ငွေအသပြာကို လက်ခံရခြင်း ဖြစ်ပါတယ်'

သီရိဗြတ်ကမွန်က မျက်လွှာချပြီး ပြန်ပြောလိုက်သည်။ သီရိဗြတ်ကမွန် ပြောလိုက်သည့် စကားများကို ကြားရသောအခါ ခင်စောမယ်သည် သီရိဗြတ်ကမွန် အပေါ်တွင် ကရုဏာ သက်လာပုံ ရပေသည်။

'မှန်ရာကို ဝန်ခံတဲ့အတွက် သခင်မ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါတယ်။ သခင်မရဲ့ မောင်တော်ဆီကို နောက်ထပ်စာလွှာတစ်စောင် ရေးသားပေးဖို့ တိုင်ပင်နဲ့ပတ်သက်ပြီး ဘယ်လိုပရိယာယ်သုံးပြီး ဘယ်ပုံဘယ်နည်း ရေးသားသင့် တယ်ဆိုတာ ဉာဏ်ကြီးရှင် ပညာရှိ သုခမိန်ကြီး မိန့်ကြားတော်မူပါဦး။ သို့မှသာ ပညာရှိ သုခမိန်ကြီး အလိုရှိတဲ့ စာလွှာကို သခင်မက ရေးပေးနိုင်မှာ ဖြစ်ပါတယ်'

ခင်စောမယ်က အကြံဉာဏ် တောင်းလိုက်သည်။

'ပညာရှိ သုခမိန်ကြီး မဟုတ်ပါဘူး၊ အညတရ သီရိ ....'

စစ်သည်တော်က စကားစလိုက်ရာ ခင်စောမယ်က လက်ဝါးကာလိုက်သည်။

'အညတရ သီရိဗြတ်ကမွန် မဟုတ်လား၊ သခင်မ မှတ်သားမိပါတယ်။ ဒီနာမည်ကြီးကို ထပ်တလဲလဲ ပြောနေစရာ မလိုပါဘူး။ ကဲ သခင်မ နောက်ထပ် ရေးပေးရမယ့် စာလွှာမှာ ဘယ်လို အကြောင်းအရာတွေ ရေးရမှာလဲ'

'စောစောက ပြောခဲ့တဲ့အတိုင်း ရေးသားပေးစေလိုပါတယ်'

'စောစောက ပြောခဲ့တာတွေ သခင်မ မေ့ကုန်ပြီ။ ကဲ ခဏ စောင့်နေဦး၊ ပေရွက်နဲ့ ကညစ်တံ ယူခိုင်းလိုက်ဦးမယ်။ ပြီးတော့မှ သခင်မ ရေးပေးရမယ့် စာကို နှုတ်တိုက်ရွတ်ပြ။ သခင်မ လိုက်ရေးမယ်'

ခင်စောမယ်သည် ပြောပြောဆိုဆို အနီးရှိ ငွေမောင်းကိုတီးလိုက်ရာ အတွင်းဆောင်မှ လက်စွဲတော် အမျိုးသမီးတစ်ဦး ထွက်လာပြီး ခင်စောမယ်၏ ခြေရင်းတွင် ရှိသေစွာ ခစားနေပေသည်။ ခင်စောမယ်က ပေရွက်နှင့် ကညစ်တံ



www.burmeseclassic.com

www.burmeseclassic.com



ယူလာရန် အမိန့်ပေးလိုက်ရာ လက်စွဲတော် အမျိုးသမီးသည် အတွင်းဆောင်သို့ ပြန်ဝင်သွားပြီး ပေရွက်နှင့် ကညစ်တံကို ယူလာကာ ခင်စောမယ်၏ လက်သို့ ဆက်သလိုက်ပေသည်။

'ကဲ-သခင်မ ရေးပေးရမယ့်စာလွှာကို နှုတ်တိုက်ရွတ်ပြစမ်းပါ။ သခင်မ လိုက်ရေးမယ်'

ခင်စောမယ်သည် စာရေးရန် အသင့်ပြင်ရင်း ပြောလိုက်ရာ၊ သီရိဗြတ်ကမွန်သည် အောက်ပါအတိုင်း နှုတ်တိုက်ရွတ်ပြနေသည်။

**မောင်တော်ဗညားအိမ်**

ဤစာလွှာကို ယူဆောင်လာသူမှာ အစ်မတော်ထံတွင် အမှုတော်ထမ်းရန် ရောက်ရှိလာသော သီရိဗြတ်ကမွန် အမည်ရှိ ကျေးတောသားတစ်ဦး ဖြစ်ပါသည်။ ရွှေမြို့တော်သို့ အရောက် အပေါက် နည်းသူဖြစ်၍ ရွှေမြို့တော် အကြောင်း ကောင်းကောင်း မသိပါ။ အဆိုပါ ကျေးတောသား သီရိဗြတ်ကမွန်အား မောင်တော် ထံသို့ စေလွှတ်လိုက်ရခြင်းမှာ ရွှေမြို့တော်သူ ရွှေမြို့တော်သား များ၏ ယဉ်ကျေးသိမ်မွေ့သည့် အပြောအဆို၊ အမူအကျင့်နှင့် ဆင်ယင်ထုံးဖွဲ့မှုအစ ယဉ်ကျေးမှုအဝဝကို လေ့လာဆည်းပူးနိုင်စေရန် ဖြစ်ပါသည်။ ၎င်း သီရိဗြတ်ကမွန်အား မောင်တော်၏ ထံပါးတွင် အမှုတော်ထမ်းစေပြီး အပြောအဆို အနေအထိုင်မှ စ၍ ယဉ်ကျေး သိမ်မွေ့လာအောင် သွန်သင်ဆုံးမ စေလိုပါသည်။ ကျေးတောသား အရိုင်းအစိုင်း ဘဝမှ လူတောသူတော တိုးနိုင်သည့် အခြေအနေသို့ ရောက်ရှိလာအောင် လမ်းညွှန်ပြသ ပေးစေလိုပါသည်။ မောင်တော်၏ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟများနှင့် ရည်မွန်စွာ ပေါင်းသင်း ဆက်ဆံတတ်အောင်လည်း ဩဝါဒ ပေးစေလိုပါသည်။

သီရိဗြတ်ကမွန်က မေးစေ့ကို ပွတ်သပ်ရင်း နှုတ်တိုက်ရွတ်ပြနေသည်ကို ခင်စောမယ်သည် စိတ်ရှည်လက်ရှည် လိုက်ရေးနေရာမှ စိတ်မရှည်နိုင်တော့ သကဲ့သို့ ကညစ်တံကို ဆောင့်ချလိုက်သည်။

'ဒါလား .... ကျေးတောသား အရိုင်းအစိုင်း'

ခင်စောမယ်သည် သီရိဗြတ်ကမွန်အား ခြေဆုံးခေါင်းဆုံး ကြည့်ရင်း မှတ်ချက်ချလိုက်သည်။

'ဒါက နည်းပရိယာယ်ပါ၊ သခင်မရဲ့ မောင်တော်က အမြှောက်ကြိုက် တတ်တယ် မဟုတ်လား။ ရှေ့ဆက်ပြီး ရေးပါဦး'





သီရိဗြတ်ကမွန်က မေးစေ့ကို ပွတ်ရင်း နှုတ်တိုက် ရွတ်ပြလိုက် ပြန်သည်။

အစ်မတော်အား ချစ်မြတ်နိုးသောအားဖြင့် အခါခါတော် စေလွှတ်လိုက်သည့် သီရိဗြတ်ကမွန်ကိုလည်း အစ်မတော်နှင့် သင်္ဘော ထပ်မျှ သဘောထားပြီး အစစ အရာရာ လိုလေသေး မရှိအောင် စောင့်ရှောက်ကြည့်ရှုပါ။

သီရိဗြတ်ကမွန်က နှုတ်တိုက် ရွတ်ပြနေသည်ကို ခင်စောမယ်က ဆက်လက် ရေးသားနေရာမှ နောက်ဆုံးအပိုဒ်သို့ ရောက်သောအခါ ကညစ်တံ ကို ချထားလိုက်ပြီး သီရိဗြတ်ကမွန်အား မော်ကြည့်လိုက်သည်။

'ဘာဖြစ်လို့ သခင်မနဲ့ ထပ်တူထပ်မျှ သဘောထားရမှာလဲ'

ခင်စောမယ်က ခပ်ဆတ်ဆတ် မေးလိုက်သည်။

'သခင်မနဲ့ အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေရောင်းရင်း ဖြစ်မှသာ သခင်မရဲ့ မောင်တော်က သီရိဗြတ်ကမွန်ကို လေးလေးစားစား ဆက်ဆံမယ် မဟုတ်ပါလား'

'ဒါက သခင်မကို သက်သက် စော်ကားတာ'

ခင်စောမယ်မှာ ဒေါပွနေပုံ ရလေသည်။

'မဖြစ်နိုင်တာကို မိန့်တော်မမူသင့်ပါ။ မြို့စားကြီးရဲ့ သမီးတော်စစ်စစ် ကို သီရိဗြတ်ကမွန်လို အညတရ စစ်သည်တော်တစ်ဦးက စော်ကားရန် မဖြစ်နိုင် ကြောင်းပါ။ သခင်မ၏ လိုအင်ဆန္ဒ ပြည့်ဝရေးအတွက် ပရိယာယ်ဆင်လိုက်ခြင်း သာ ဖြစ်ကြောင်းပါ။ ဘုရားအလောင်း မဟောသဓ သုခမိန်သည်ပင်လျှင် ပရိယာယ်ကို သုံးခဲ့ရသည် မဟုတ်ပါလား'

သီရိဗြတ်ကမွန်က တည်ငြိမ်သည့် အမူအရာဖြင့် ပြန်ပြောလိုက်ရာ၊ ခင်စောမယ်သည် ခေတ္တမျှ မျက်မှောင်ကြုတ်ပြီး စဉ်းစားနေရာမှ ကညစ်တံကို ပြန်ကောက်ယူလိုက်ပြီး ရေးလက်စ စာပိုဒ်ကို စိတ်တိုသည့် အမူအရာဖြင့် ကညစ်တံကို တအားဖိပြီး အံကြိတ်၍ ဆုံးခန်းတိုင်ရောက်အောင် ရေးသားနေ ပေသည်။ သီရိဗြတ်ကမွန်သည် ခင်စောမယ် ရေးသားနေသည်ကို ကြည့်နေပြီး စာပိုဒ်ဆုံးသွားသည်နှင့် တစ်ပြိုင်နက် ရှေ့ဆက်ပြီး ရေးရန် နှုတ်တိုက်ရွတ်ပြ လိုက်ပြန်သည်။

ရွှေမြို့တော်ကိုလည်း နှံ့စပ်အောင် လိုက်လံပြသပေးပါ။ တန်ခိုးကြီး ဘုရားများကိုလည်း ဖူးမြော်ပါစေ၊ မသူတော်များနှင့် တွေ့ပြီး လမ်းမှားသို့ လိုက်မသွားစေရန်လည်း မောင်တော်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆောင်လမ်းပြလုပ်ပြီး သွန်သင် ဆုံးမ ဩဝါဒပေးစေလိုပါသည်။ မကောင်းသော ကာမဂုဏ်အာရုံများ၏ နောက်သို့ တကောက်ကောက် လိုက်ပါမသွားစေရန်လည်း တားဆီးပါ။

ရွှေမြို့တော်အကြောင်း ကောင်းကောင်းမသိသော ကျေးတောသား ဖြစ်ပါသဖြင့် ရွှေမြို့တော်သို့ မရောက်ဖူးသည့် ကျေးတောသားများ ကြုံတွေ့ရတတ်သည့် ဘေးအန္တရာယ် အပေါင်းတို့မှလည်း ကာကွယ်ပေးစေလိုပါသည်။

အစ်မတော်
ခင်စောမယ်

'ဒါလောက်ဆိုရင် တော်လောက်ပါပြီ'

သီရိဖြတ်ကမ္ဘန်သည် နှုတ်တိုက် ရွတ်ပြနေရာမှ စာလွှာကို နိဂုံးချုပ်လိုက်သည်။

ခင်စောမယ်မှာမူ သီရိဖြတ်ကမ္ဘန် နှုတ်တိုက် ရွတ်ပြနေသည်ကို တစ်လုံးချင်း လိုက်ရေးနေရာမှ ရယ်ချင်သလိုလို ဖြစ်လာပေသည်။

'ရှင် ဘယ်လိုလူလဲ၊ စောစောတုန်းက မိုးလား ကဲလား ကြွားလုံးထုတ်ပြီး ခုတစ်ခါ ရှင့်ကိုယ်ရှင် မခုတ်တတ်တဲ့ကြောင်လို နှိမ့်ချနေပြန်ပြီ။ ရှင် ဘယ်လိုလူစားလဲ'

ခင်စောမယ်က စာကို အဆုံးသတ်ရင်း ပြန်မေးလိုက်သည်။

'အညတရ သီရိဖြတ်ကမ္ဘန်ပါ'

'ဒီနှာမည်ကြီးကို သိပ်သဘောကျနေတယ် မှတ်တယ်။ ကဲ စစ်သည်တော် အလိုရှိတဲ့ စာလွှာကို သခင်မ ရေးသားပြီးပြီ၊ ယူသွားပေတော့'

ခင်စောမယ်သည် ဒုတိယစာလွှာကို လှမ်းပေးလိုက်ရာ သီရိဖြတ်ကမ္ဘန်သည် စာလွှာကို တစ်လုံးချင်း ဖတ်ကြည့်လိုက်ပြီး ပထမစာလွှာနှင့်အတူ ကတ္တီပါအိတ်ထဲသို့ ထည့်ပြီး ထိုင်ရာမှ ထ၍ အခန်းထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်စဉ် ခင်စောမယ်က ဟန့်တားလိုက်သည်။

'သခင်မ တစ်ခုမေးဦးမယ်။ သခင်မရဲ့ မောင်တော် ဧည့်သည်အိမ်ကို သခင်မဆီကို ပြန်လာအောင် ဘယ်လိုနည်းပရိယာယ် သုံးပြီး ခေါ်လာမှာလဲ။ ဒါကို သခင်မ သိချင်တယ်'

ခင်စောမယ်က မေးလိုက်ပြန်သည်။





'ဒါကို ပြောလို့ မဖြစ်သေးပါဘူး။ အခြေအနေကို သုံးသပ်ပြီး အခြေအနေနဲ့ ကိုက်ညီတဲ့ နည်းပရိယာယ်ကို အသုံးပြုရပါလိမ့်မယ်'

သီရိဖြတ်ကမ္ဘန်က အဖြေပေးလိုက်သည်။

'မောင်တော်ကို ထိခိုက်နာကျင်အောင်တော့ မလုပ်ရဘူးနော်၊ ဒါကို ဆော့ သခင်မကို ကတိပေးရလိမ့်မယ်'

ခင်စောမယ်သည် မောင်တော်အပေါ်တွင် ညှာတာသည့် အမူအရာဖြင့် သီရိဖြတ်ကမ္ဘန်ထံမှ ကတိတောင်းလိုက်သည်။

'စိတ်ချတော်မူပါ။ ကလေးအရွယ် လူမမည်ကို အနိုင်ကျင့်လိုတဲ့ စိတ်ဆန္ဒ လုံးဝ မရှိကြောင်းပါ'

သီရိဖြတ်ကမ္ဘန်သည် ပြောပြောဆိုဆို လက်သုံးတော် ကိုးသချိုင်း သံစေးကို လွယ်၍ ခမ်းနားကျယ်ဝန်းသည့် ဧည့်ခန်းဆောင်မှ ထွက်ခွာလာကာ၊ အာယာစီပြည်သည့် ဥယျာဉ်တော်ကို ဖြတ်ကျော်၍ လာခဲ့ပေသည်။ ကျယ်ဝန်းလှသည့် ခြံဝင်းအဝသို့ ရောက်လာသည့်တိုင်အောင် ခင်စောမယ်သည် သီရိဖြတ်ကမ္ဘန်နှင့် အတူ လိုက်ပါလာသည်ကို တွေ့ရပေသည်။

'မောင်တော်ကို သခင်မဆီ ပြန်ခေါ်လာဖို့ စစ်သည်တော်ကြီးကို တာဝန်ပေးလိုက်တာဟာ စစ်သည်တော်ကြီးကို သေမင်းရဲ့ ခံတွင်းထဲ တွန်းပို့လိုက်သလို ဖြစ်နေပြီ ထင်တယ်'

ခြံဝင်းဝသို့ ရောက်သောအခါ ခင်စောမယ်သည် သီရိဖြတ်ကမ္ဘန်အား အန္တရာယ်ကြီးမားသည့် လုပ်ငန်းတစ်ခုကို တာဝန်ပေးခဲ့မိပြီ ဟု စဉ်းစားမိကာ အသည်းညည်းညူညူ သတိပေးလိုက်သည်။

'သေမင်းနဲ့ စစ်ခင်းခဲ့ရပေါင်း များလို့ သေမင်းရဲ့ခံတွင်းထဲ ဝင်ရမှာ အထူးအဆန်း မဟုတ်ပါဘူး'

'မောင်တော်ကို လွယ်လွယ်ကူကူ ပြန်ခေါ်လာလို့ ရမှာ မဟုတ်ဘူး။ မောင်တော်ကို မြှောက်ပင့်ပြီး ဖျက်ဆီးနေတဲ့ လူတွေက ပြန်ခေါ်ခွင့်ပြုမှာ မဟုတ်ဘူး။ အထူးသဖြင့် ဗိုလ်မှူးသမိန်စက္ကဝေါရဲ့ အန္တရာယ်ကို စိုးရိမ်ရတယ်'

'သေမင်းနဲ့တောင် စစ်ခင်းလာတဲ့ သီရိဖြတ်ကမ္ဘန်ပါ။ သမိန်စက္ကဝေါလောက်တော့ စကားထဲ ထည့်ပြောနေစရာ မလိုပါဘူး'

'သိပ်လည်း ကြွားလုံး ကြီးမနေစမ်းပါနဲ့။ သခင်မ ပြောတာကို နားထောင်စမ်းပါဦး။ သခင်မ စေတနာနဲ့ သတိပေးနေတာပါ။ သမိန်စက္ကဝေါ ဆိုတဲ့ ဗိုလ်မှူးဟာ အင်မတန်ကို ရက်စက်ကြမ်းကြုတ်တယ်။ သူ့ရဲ့လက်ချက်နဲ့ မရှုမလှ



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးခဲ့ရတဲ့ လူငယ်ပေါင်း အတော် များနေပြီ။ လွန်ခဲ့တဲ့ တစ်လနီးပါးက လူ့အဖိုးတန်တစ်ယောက်ကို သမိန်စက္ကဝေါ ရက်ရက်စက်စက် သတ်ခဲ့တယ်'

'အဲဒီ သမိန်စက္ကဝေါနဲ့ သီရိဖြတ်ကမွန် တွေ့ချင်စမ်းလှတယ်'

'မတွေ့ရမှာကိုတော့ မပူပါနဲ့၊ ကေန်မုချ တွေ့ရပါလိမ့်မယ်။ တွေ့တဲ့အခါကျရင်သာ သခင်မ စောစောက ပြောခဲ့တဲ့ လူငယ်လို အသေဆိုးနဲ့ မသေပါစေနဲ့လို့ သခင်မ ဆုတောင်းတယ်'

'သခင်မ ပြောတဲ့လူငယ်ဟာ သခင်မနဲ့ သွေးသားတော်စပ်ပါသလား။ အဲဒါမှမဟုတ် သခင်မရဲ့ ချစ်သူပါလား'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'သွေးသားလည်း မတော်စပ်ပါဘူး၊ ချစ်သူလည်း မဟုတ်ပါဘူး။ သခင်မ ချစ်ရမယ့်လူ ဆိုလို့ တစ်လောကလုံးမှာ မောင်တော် ဗညားအိမ် တစ်ဦးသာ ရှိပါတယ်။ စောစောက သခင်မ ပြောခဲ့တဲ့ လူငယ်ဟာ သခင်မနဲ့ ငယ်ရွယ်စဉ် ကလေးဘဝကစပြီး ခင်မင်ရင်းနှီးလာခဲ့တဲ့ ကစားဖော် ကစားဖက်ပါ။ အရွယ်တော်ကလည်း နုနယ်ရှာပါတယ်။ ကလေးသာသာအရွယ် လူမမည်ကို အကြောင်းမရှိ အကြောင်းရှာပြီး ရက်ရက်စက်စက် သတ်ရက်တာကို သခင်မ စဉ်းစားမိတိုင်း အခဲမကျေဘူး'

ခင်စောမယ်သည် ပြောရင်းပြောရင်း အသံများ တုန်လာပေသည်။

'ဒီအတွက် စိုးရိမ်တော် မမူပါနဲ့။ သမိန်စက္ကဝေါကို မတွေ့တွေ့အောင် ရှာပြီး လက်စားချေပြပါမယ်'

သီရိဖြတ်ကမွန်သည် လက်သုံးတော် ကိုးသချိုင်းသံဓားကို ဓားအိမ်မှ ဆွဲထုတ်ပြီး လေထဲတွင် ဝင့်၍ ကြုံးဝါးလိုက်ရာ ခင်စောမယ်သည် သီရိဖြတ်ကမွန်၏ သန်မာထွားကျိုင်းပြီး ယောကျာ်းကောင်းတို့၏ လက္ခဏာနှင့် ပြည့်စုံသည့် အင်္ဂါရုပ်ကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း သက်ပြင်းချလိုက်သည်။

'သတ်လားဖြတ်လား လုပ်တာကို သခင်မ မကြိုက်ဘူး။ သွေးထွက်သံယိုမှုကို သခင်မ စက်ဆုပ်တယ်။ သွေးဆာတဲ့ အသံတွေကို မကြားချင်ဘူး။ သခင်မအတွက် ဘယ်သူမှ မသေစေရဘူး'

ခင်စောမယ်က တုန်ယင်သည့် အသံဖြင့် ပြောလိုက်ပြန်သည်။

'ကောင်းလှပါပြီ၊ သီရိဖြတ်ကမွန်ရဲ့ လက်ချက်နဲ့ သမိန်စက္ကဝေါ မသေစေရပါဘူး'

သီရိဖြတ်ကမွန်က အာမခံလိုက်သည်။





'မောင်တော် ဗညားအိမ်ကိုတော့ ရက်စက်ရမ်းကားတဲ့ လူယုတ်မာ တွေရဲ့ ဆောင်းရိပ်အောက်က လွတ်မြောက်အောင် ကယ်တင်ပြီး ဆားမသိ ရန်မခ ထားတဲ့ သခင်မဆီကို အရောက် ပို့ဆောင်ပေးမယ် မဟုတ်ပါလား'

'ဒီအတွက်တော့ စိုးရိမ်နှောင့်လို့ ကြောင့်ကြတော်မမူပါနဲ့။ မောင်တော် ဗညားအိမ်ကို သခင်မရဲ့ ရှေ့တော်မှောက်သို့ အရောက် ပို့ဆောင်ပေးဖို့ အာမခံနိုင်ပါတယ်'

'ဒီစကား ကြားရတာ သခင်မ သိပ်ဝမ်းသာတာပဲ။ ရတနာသုံးပါး ဆရာသမားတို့ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် စစ်သည်တော်ကြီး ခလုတ်မထိ ဆူးမငြိဘဲ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ပါစေ၊ ဘေးအန္တရာယ်အပေါင်း ကင်းဝေးနိုင်ပါစေ'

ခင်စောမယ်က ဆုမွန်ကောင်း တောင်းလိုက်ရာ သီရိဖြတ်ကမွန်မှာ ကြုံဖူး ထူးကဲသည့်အာရုံကို ခံစားလိုက်ရပြီး ကြက်သီးမွေးညင်းများပင် ထ၍ သွားပေသည်။

'တစ်သက်နဲ့တစ်ကိုယ် ငမိုက်သား သီရိဖြတ်ကမွန်အတွက် ဘယ်သူ ကမှ ဆုမွန်ကောင်း မတောင်းခဲ့ဖူးဘူး။ သခင်မရဲ့ နှုတ်ဖျားက စေတနာအပြည့် အဝနဲ့ ဆုတောင်းမေတ္တာ ပို့သလိုက်တာကို ကြားရတော့ ငမိုက်သား သီရိဖြတ် ကမွန် တအားတက်မိပါတယ်။ သခင်မ ပေးတဲ့ဆုနဲ့ ပြည့်ပါစေ၊ သခင်မလည်း သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်တော်မူပါစေ။ ငမိုက်သား သီရိဖြတ်ကမွန် သွားပြီ'

သီရိဖြတ်ကမွန်သည် ခြံစည်းရိုးတွင် ချည်နှောင်ထားခဲ့သည့် နံရိုး ပြင်းပြိုင်းနှင့် အုန်းခွံရောင် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ပြီး လက်တစ်ဖက်က ဇက်ကြိုးကိုကိုင်၍ လက်တစ်ဖက်က လက်သုံးတော် ကိုးသချိုင်းသံဓားကို ဝင့်ကာ ဝင့်ကာနှင့် ခင်စောမယ်အား နှုတ်ဆက်ရင်း တစ်ဟုန်ထိုး ထွက်သွားပေရာ၊ ခင်စောမယ်သည် မိမိ၏မျက်စိအောက်မှ သီရိဖြတ်ကမွန် ကွယ်ပျောက်သွားပြီးနောက် အချိန် အတော်ကြာသည့်တိုင်အောင် ခြံဝတွင်ရပ်ပြီး ဖုန်တထောင်း ထောင်း ထ၍ ကျန်ရစ်ခဲ့သည့် လမ်းကြောင်းကို ငေးစိုက်ကြည့်ရင်း ကျန်ရစ် ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

စိမ်းလန်းစိုပြည်သည့် သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသဖြင့် အရိပ်အာဝါသ ကောင်းသော တောတန်းတစ်ခုရှိ တောင်ပူစာပေါ်တွင် ရုပ်ရည်သန့်ပြန့်သော လူရွယ်တစ်ဦးသည် လက်မောင်းကို ခေါင်းအုံး၍ ကျေးငှက်သာရကာများ၏ သဘာဝတေးသံများကို နားအာရုံ ခံစားရင်း အလိုလို ကြည်နူးနေသည်ကို တွေ့ရပေသည်။ ထိုလူရွယ်နှင့် မလှမ်းမကမ်းရှိ မြက်ခင်းပေါ်တွင် နံရိုးအပြိုင်းပြိုင်းနှင့် ညိုပုပ်ပုပ် အရောင်ရှိသည့် မြင်းတစ်ကောင်သည် မြက်နုစိမ်းများကို တဖျတ်ဖျတ်နှင့် ကိုက်ဖြတ် စားသောက်နေသည်ကို တွေ့ရပေသည်။

တောင်ပူစာပေါ်ရှိ လူငယ်မှာ ကြယ်နူးဖွယ်ရာ သဘာဝတေးသံများကို အာရုံခံစားနေရာမှ တောတန်းအတွင်းသို့ ဝင်လာသည့် မြင်းခွာသံများ ကြားလိုက်သဖြင့် ခေါင်းထောင်ပြီး ကြည့်လိုက်ရာ အညတရ စစ်သည်တော် သိရိဖြတ်ကမ္ဘန် ဖြစ်နေသည်ကို မြင်ရသဖြင့် လဲလျောင်းနေရာမှ လျင်မြန်ပေါ့ပါးစွာ ထ လာပြီး သိရိဖြတ်ကမ္ဘန်အား ရိုသေလေးစားသည့် အမူအရာဖြင့် ဆီးကြို နှုတ်ဆက်လိုက်ရာ သိရိဖြတ်ကမ္ဘန်သည် ထိုလူရွယ်၏ အမူအရာကို ကြည့်ပြီး ပြုံးလိုက်သည်။

'ဒီမှာ မင်းစည်သူ၊ ငါ့ကို အရိုအသေပေးနေစရာ မလိုဘူးလို့ မင်းနဲ့ငါ သဘောတူညီမှု နားလည်မှု ရထားပြီးပြီ မဟုတ်လား။ လူလူချင်း တန်းတူ ဆက်ဆံစမ်းပါ'

သိရိဖြတ်ကမ္ဘန်က မိမိအား ရိုသေလေးစားစွာ ဦးညွှတ်၍ ကြိုဆိုလျက် ရှိသော မင်းစည်သူအား လှမ်း၍ ပြောပြလိုက်သည်။

'စိတ်မရှိပါနဲ့ ဗိုလ်မင်း၊ အကျင့်ပါနေလို့ပါ။ အကျင့်ဆိုတာ ရုတ်တရက် ချက်ချင်းဖျောက်ဖျက်လို့ မရနိုင်ပါသဖြင့် သည်းခံတော်မူပါ ဗိုလ်မင်း။ ၎င်းပြင် ဗိုလ်မင်းမှာ စည်သူ၏ အသက်သခင် ကျေးဇူးရှင်ဖြစ်တဲ့အတွက် ဦးညွှတ်ပြီး အရိုအသေပေးခြင်းကို ခံယူတော်မူထိုက်ကြောင်းပါ'

မင်းစည်သူ ဆိုသူက သိရိဖြတ်ကမ္ဘန်အား ရိုသေစွာ ပြန်လည်၍ အစီရင်ခံလိုက်သည်။

'ဗိုလ်မင်း မဟုတ်တော့ပါဘူး၊ သူတစ်ပါးသိက ချေးယူခဲ့မိတဲ့ အသပြာတစ်ရာကို ပြန်မဆပ်နိုင်လို့ ထောင်သွင်းအကျဉ်းချထားခြင်း ခံခဲ့ရလို့ ဘယ်သူကမှ အဖက်မလုပ်ချင်တဲ့ အညတရ သိရိဖြတ်ကမ္ဘန် ဘဝကို ရောက်နေပါပြီ'





သိရိဖြတ်ကမ္ဘန်က ညည်းညည်းညူညူ ပြန်ပြောလိုက်သည်။

'အညတရဘဝကို ရောက်နေပြီဆိုပေမယ့် ဗိုလ်မင်း၏ သက်ရှုံးရည်နဲ့ ရဲရင့်ရည်ကို စည်သူ လေးစားမြဲ လေးစားလျက်ရှိကြောင်းပါ။ ရာဇဝင်ရာစဲ ဘုရင်မင်းတရားကြီး နတ်ရွာစံလွန်တော်မူပြီး သမီးတော် ရှင်စောပုဘုရင်ခံ ထီးနန်းဆိုးခံတော် မခုမိ ဘုရင်မင်းတရားကြီး၏ သားတော်အချင်းချင်း ထီးနန်းလုခဲ့ကြသဖြင့် နိုင်ငံတော် မငြိမ်မသက် ဖြစ်နေချိန်မှာ တိုင်းသားပြည်သူ လူအများတို့ စိတ်အေးချမ်းသာ လုပ်ကိုင်စားသောက်နိုင်အောင် ဗိုလ်မင်းကိုယ်တိုင် ရှေ့တန်းမှနေပြီး ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့တာတွေကို စည်သူ မလေးစားဘဲ မနေနိုင်ကြောင်းပါ'

မင်းစည်သူ ဆိုသူက သိရိဖြတ်ကမ္ဘန်၏ စွမ်းရည်သတ္တိများကို ချီးကျူး ဂုဏ်ပြုလိုက်ပြန်သည်။

'ချီးကျူးစရာမရှိ ကြံဖန်ချီးကျူးနေပြန်ပါပြီ။ ဒီမှာ မင်းစည်သူ၊ မင်းက ငါ့ကို သတ္တိဗျတ္တိနဲ့ ပြည့်စုံတဲ့ သူရဲကောင်းတစ်ယောက် ဆိုပြီး အထင်ကြီးနေတာ၊ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ငါဟာ ဒီအသက်အရွယ်အထိ ချီးကျူးစရာ ကောင်းတဲ့အလုပ် တစ်ခုမှ မလုပ်ခဲ့သေးဘူး။ ငါ့လောက်မိုက်မဲတဲ့လူ ရှိလိမ့်မယ် မထင်ဘူး။ တိုက်ပွဲအသီးသီးမှာ ရင်ကိုမြေကတုတ် လုပ်ပြီး သေမင်းနဲ့ အကြိမ်ကြိမ် စစ်ခင်းခဲ့ပေမယ့် ငါ့ကို ဘယ်သူကမှ ကျေးဇူးမတင်ဘူး။ ကျေးဇူး မတင်ရုံတင် ဆိုရင် အရေးမကြီးဘူး။ သူဌေးသူကြွယ်တွေရဲ့ အသက်အန္တရာယ်နဲ့တကွ အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးခဲ့တဲ့ ကျေးဇူးတရားကို မထောက် ထားဘဲ အသပြာတစ်ရာ ပြန်မဆပ်နိုင်ကောင်းလား ဆိုပြီး ထောင်သွင်းအကျဉ်းချထားခြင်း ခံခဲ့ရတယ် မဟုတ်လား'

'ကိုယ်ကျိုးကို စွန့်လွှတ်ပြီး အများအကျိုးကို ရှေးရှုသူမှန်သမျှ အနစ်နာခံရစမြဲ ဖြစ်ကြောင်းပါ။ ဗိုလ်မင်းဟာ အများအကျိုးအတွက် လူဖြစ်လာရသလို ဖြစ်နေကြောင်းပါ။ ဗိုလ်မင်းရဲ့ စိတ်ထား စေတနာဟာ အလွန်တရာမှ မွန်မြတ်သန့်စင်လှပါတယ်။ ဗိုလ်မင်းဟာ ခွန်အားကြီးမားသူကို ကပ်ပါးရပ်ပါးလုပ်ပြီး နေရာကောင်း အခွင့်ကောင်းယူတတ်သူ မဟုတ်ကြောင်း စည်သူ ကောင်းစွာ သိကြောင်းပါ။ ခွန်အားငယ်သူ၊ အားနွဲ့သူနှင့် အရေးနိမ့်သူများ၏ ရှေ့မှနေပြီး ရင်ကို မြေကတုတ်လုပ်၍ သေမင်းနှင့် စစ်ခင်းပြီး လက်ရုံးအားကိုးနှင့် မတရားအနိုင်ကျင့်နေသူများကို ရှုပ်ရှုပ်ချုံချုံ တွန်းလှန် ဖြိုဖျက်ခဲ့တဲ့ သူရဲကောင်းတစ်ဦး ဖြစ်ကြောင်း စည်သူ အသိဆုံး ဖြစ်ကြောင်းပါ'

မင်းစည်သူက သိရိဖြတ်ကမ္ဘန်၏ စွမ်းရည်သတ္တိများကို ချီးကျူးလိုက်ပြန်ရာ သိရိဖြတ်ကမ္ဘန်သည် မျက်မှောင်ကြုတ်၍ နားထောင်နေရာမှ ခေါင်းကို ခါယမ်းလိုက်ပြီး လက်ဝါးကာပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'တော် တော် ဒါလောက်ဆိုရင် တော်လောက်ပြီ၊ ရှေ့မဆက်နဲ့တော့။ ဒီမှာ မင်းစည်သူ၊ မင်းနဲ့ငါဟာ သေလည်းအတူတူ ရှင်လည်းအတူတူ ငတ်ရင်လည်း အတူတူ ဆိုပြီး မိုက်မိုက်ကန်းကန်း တိုက်ပွဲဝင်လာခဲ့ကြသူတွေပါ။ သေဖော်သေဖက် ငတ်ဖော်ငတ်ဖက်ချင်း အတူတူ ဘယ်သူ့ကိုမှ ချီးကျူးဂုဏ်ပြုနေစရာ မလိုပါဘူး။ မင်းနဲ့ငါဟာ ကံတူအကျိုးပေး ငတ်ဖော်ငတ်ဖက် ဖြစ်ခဲ့လို့ တစ်ဦးအပေါ် တစ်ဦး သစ္စာရှိခဲ့ကြတယ် မဟုတ်လား။ ရှေ့ဆက်ပြီးတော့ လာမယ့် ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်ကြရဦးမှာ ဖြစ်တဲ့အတွက် သေအတူရှင်မကွာ တစ်ဦးအပေါ်တစ်ဦး သစ္စာရှိကြဖို့ အရေးကြီးတယ်။ ဒါကို မင်းသဘောပေါက်ဖို့ လိုတယ်'

'စည်သူ သဘောပေါက်ပါတယ်။ ဗိုလ်မင်းဟာ စည်သူရဲ့ အသက်သခင် ကျေးဇူးရှင် ဖြစ်ပါတယ်။ မိခင် မွေးတဲ့အသက် မရှိတော့ပါဘူး။ ဗိုလ်မင်းပေးတဲ့ အသက်သာ ရှိတော့တဲ့အတွက် စည်သူရဲ့ အသက်နဲ့လဲပြီး ဗိုလ်မင်းအပေါ်မှာ သစ္စာစောင့်ပါမယ်'

မင်းစည်သူက ကတိပြုလိုက်သည်။

'ဒါဖြင့် လာ သွားကြမယ်။ ငါ့ဝမ်းပူစာ မနေသာလို့ ဟောဟိုရှေ့က ရွာကလေးကို ဝင်ပြီး အစာအာဟာရ ဖြည့်တင်းရဦးမယ်'

သီရိဇြတ်ကမွန်က ရေးရေးသာ မြင်ရသော ရွာကလေးကို ညွှန်ပြရင်း ပြောလိုက်ရာ၊ မင်းစည်သူသည် မြက်ခင်းပေါ်တွင် လွှတ်ထားသည့် ၎င်း၏ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ပြီး သီရိဇြတ်ကမွန်၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ပေသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ တောလမ်းကလေးအတိုင်း လာခဲ့ကြရာမှ တောင်ယာပဲခင်းများ စိုက်ပျိုးလုပ်ကိုင်သည့် ရွာကလေးရှိရာသို့ ရောက်၍လာပေသည်။ ရွာကလေး၏ ပတ်ဝန်းကျင်တွင် ကျယ်ပြန့်သော တောင်ယာပဲခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရပေသည်။ ရွာကလေးဟု ဆိုရငြားသော်လည်း ယာတောကလေး တစ်ခုမျှသာ ဖြစ်သည်ကို တွေ့ရပေသည်။

တောင်ယာပဲခင်း တစ်ခု၏အလယ်တွင် သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားသည့် တဲအိမ်တစ်ခုကို တွေ့ရပေသည်။ တဲအိမ်နှင့်ကပ်လျက် နွားတင်းကုပ် တစ်ခုကို တွေ့မြင်ရပေသည်။ တဲအိမ်၏ မီးဖိုဘက်ဆီမှ မီးခိုးများ တလူလူ ထွက်နေသည်ကို မြင်ရသဖြင့် ထမင်းဟင်းများ ချက်ပြုတ်နေကြောင်း သိနိုင်ပေသည်။ တဲအိမ်အနီးသို့ ချဉ်းကပ်လာသောအခါ ဆန့်ဖွပ် မောင်းထောင်းသည့်





...များနှင့် ရက်ကန်းခတ်သံများကို ကြားရပေသည်။ ရက်ကန်းခတ်သံနှင့် ...သာယာသော တေးသီချင်းသံကို လေသင့်သည့်အခါတိုင်း ကြားရသဖြင့် ...စည်သူသည် ထိုအသံကို အာရုံခံစားရင်း သီရိဇြတ်ကမွန်၏ နောက်မှ ...ကြပ်မကွာ လိုက်ပါလာခဲ့ပေသည်။

'ဆန့်ဖွပ် မောင်းထောင်းတဲ့ အသံလည်း ကြားရတယ်၊ မီးဖိုချောင် ...ည်း မီးခိုးတလူလူ ထွက်နေတယ်။ ငါတို့တော့ စားရက်ကြုံပြီ ထင်တယ်'

သီရိဇြတ်ကမွန်သည် ဆာလောင်မွတ်သိပ်နေသည့် အမူအရာဖြင့် ...ကို ပုတ်ပြရင်း ပြောလိုက်သည်။

'ရက်ကန်းခတ်သံလည်း ကြားရတယ်။ ရက်ကန်းခတ်သံနှင့် အတူ ...သာတဲ့ သီချင်းသံကိုပါ ကြားရတယ်'

မင်းစည်သူက ဝင်ထောက်လိုက်သည်။

'ရက်ကန်းခတ်သံ ကြားရလို့ ဗိုက်ဝမှာလား၊ သီချင်းသံ ကြားရ ...တော့ အဆင်ပြေမှာလား။ ကဲ လာ စကားမများနဲ့၊ အိမ်ရှင်ဆီမှာ အဖိုးအခ ...ပြီး ထမင်းတောင်းစားကြမယ်'

သီရိဇြတ်ကမွန်သည် ပြောပြောဆိုဆို တဲအိမ်အနီးသို့ ချဉ်းကပ်လာခဲ့ ...သည်။

သီရိဇြတ်ကမွန်နှင့် မင်းစည်သူတို့ မြင်းကိုယ်စီနှင့် လာနေသည်ကို မြင်ရသောအခါ အသက် ၄၀ ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရသော တဲအိမ်ရှင် အမျိုးသမီးကြီးသည် ထဘီရင်လျားနှင့် ဆန့်ဖွပ်နေရာမှ အိမ်ရှေ့သို့ အူယားဖားယား ထွက်လာပြီး သီရိဇြတ်ကမွန်နှင့် မင်းစည်သူတို့အား ရိုသေလေးစားစွာ ...ခွန်းဆက်လိုက်သည်။ အိမ်ရှင် အမျိုးသမီးကြီးမှာ ချပ်ဝတ်တန်ဆာများ ...ဆင်ထားသူနှစ်ဦး မြင်းကိုယ်စီနှင့် လာသည်ကို မြင်လိုက်ရစဉ်ကပင် ...သည်တော်များဟု မှတ်ထင်ကာ ကြောက်ရွံ့နေပုံ ရပေသည်။

'ဗိုလ်မှူးဘုရားတို့ ဘာအလိုရှိပါသလဲ ဘုရား၊ မိန့်တော်မူပါ ဘုရား'

အိမ်ရှင်အမျိုးသမီးကြီးက ကြောက်ရွံ့သည့် အမူအရာဖြင့် လောကဝတ်စကား ပြောကြားလိုက်သည်။

'ဗိုလ်မှူး မဟုတ်ပါဘူး၊ မင်းဘုရားလည်း မဟုတ်ပါဘူး။ အညတရ သီရိဇြတ်ကမွန်နဲ့ မင်းစည်သူပါ။ ခရီးကြမ်း နှင်ခဲ့ရလို့ ဆာလောင်မွတ်သိပ်လာပါတယ်။ ထမင်းတစ်နပ်လောက် စားပါရစေ။ ကျသင့်တဲ့ အသပြာ ပေးပါမယ်'

သီရိဇြတ်ကမွန်သည် ပြောပြောဆိုဆို မြင်းပေါ်မှ ခုန်ဆင်းပြီး အိမ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီး၏ အနီးသို့ ချဉ်းကပ်လာကာ ခါးပိုက်ထဲတွင် ထည့်ယူလာသည့် ထုတ်ပါအိတ်ကို ဖွင့်၍အသပြာအနည်းငယ်ကို အိမ်ရှင်အမျိုးသမီးကြီးအား ပေးလိုက်ရာ အိမ်ရှင်အမျိုးသမီးကြီးမှာ မရဲတရဲနှင့် လက်ခံလိုက်ပေသည်။

'မှန်လှပါ၊ ထမင်းတစ်နပ် ကျွေးဖို့ကတော့ ဝန်မလေးကြောင်းပါ။ သို့ပါသော် ဘုရားကျွန်မတို့မှာ သူဆင်းရဲများ ဖြစ်ပါသဖြင့် ဟင်းကောင်း ကျွေးကောင်းနှင့် တည်ခင်းကျွေးမွေးနိုင်စွမ်း မရှိကြောင်းပါ။ အသပြာများကိုလည်း လက်ခံရန် မဝံ့ကြောင်းပါ'

အိမ်ရှင်အမျိုးသမီးကြီးက တုန်ယင်သည့်အသံဖြင့် ပြန်ပြောလိုက်သည်။

'အသပြာကို လက်ခံပါ၊ တရားသဖြင့် ရရှိလာတဲ့ အသပြာပါ။ မစိုးရိမ်ပါနဲ့၊ ထမင်းတစ်နပ် စားရရင် ကျေးဇူးတင်လှပါပြီ။ ဟင်းကောင်း ကျွေးကောင်းလည်း မလိုပါဘူး။ ငါးပိနဲ့ စားရရင် တော်ပါပြီ'

သီရိဇြတ်ကမွန်က ပြန်ပြောလိုက်ရာ အိမ်ရှင်အမျိုးသမီးကြီးသည် ထမင်းပွဲပြင်ရန် အိမ်ထဲသို့ ဝင်မည်ပြုပြီးမှ ရက်ကန်း၏ လက်သံနှင့်အတူ ထွက်ပေါ်လာသည့် သာယာသော တေးသီချင်းသံကို မင်းစည်သူ အာရုံစိုက်နေသည်ကို သတိပြုမိသဖြင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပေသည်။

ထိုအခိုက်တွင် လက်ခတ်သံများ တိတ်ဆိတ်သွားပြီး တေးသီချင်းသံမှာ တဖြည်းဖြည်း နီးကပ်လာပေသည်။ တေးသီချင်းသံ ကြားရာသို့ မင်းစည်သူ အာရုံစိုက်လျက် ရှိစဉ် တဲအိမ်အတွင်းမှ သီချင်းတအေးအေး သီဆိုပြီး ထွက်လာသော အသက် ၁၈ နှစ်ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရသည့် မိန်းမပျို တစ်ဦးကို မြင်လိုက်ရသဖြင့် မင်းစည်သူမှာ တေးသံရှင်မိန်းမပျိုအား မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေမိပေသည်။

တေးသံရှင် မိန်းမပျိုမှာလည်း အိမ်ရှေ့တွင် လူစိမ်းတစ်ဦးကို ရုတ်တရက် မြင်လိုက်ရသောအခါ ရှက်ကိုးရှက်ကန်း ဖြစ်သွားပုံရပေသည်။ သီချင်းသံမှာလည်း တစ်ပိုင်းတစ်စနှင့် တိတ်ဆိတ်သွားပေသည်။

'မင်းညိုမြ မင်းညိုမြ ဘာဖြစ်လို့ အိမ်ရှေ့ကို ထွက်လာရပြန်တာလဲ'

အိမ်ရှင်အမျိုးသမီးကြီးသည် အိမ်ထဲမှ ထွက်လာသော တေးသံရှင် မိန်းမပျိုအား လှမ်းပြီး သတိပေးလိုက်သည်။

တေးသံရှင် အမျိုးသမီးမှာမူ ကြည်လင်တောက်ပြောင်သည့် မျက်လုံးများဖြင့် သီရိဇြတ်ကမွန်ကို တစ်လှည့်၊ မိမိအား မျက်တောင်မခတ်ဘဲ ငေးစိုက်





ကြည့်နေသော မင်းစည်သူအား တစ်လှည့် ကြည့်လိုက်ပြီး ရှက်ခနိုးသည့် အမူအရာဖြင့် မျက်လွှာချလိုက်သည်။

တေးသံရှင်မှာ အသံသာယာသလောက် ရုပ်ရည်ချောမောသူ ဖြစ်ပေသည်။ ခါးသေး၍ရင်ချီ ပဒုမ္မကော် ဆိုသည့် စကားနှင့်အညီ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ် ပြေပြစ်လှပေသည်။ ဆင်းရဲသူဟု ဆိုရစေကာမူ အသားအရေမှာ ဖြူဖွေးနုထွတ်လျက် ရှိပြီး ရှက်စနိုးသည့် အမူအရာဖြင့် မျက်လွှာချလိုက်သည့် ဖြူဖွေးသည့် မျက်နှာမှာ နီတျာတျာဖြစ်သွားသည်ကို မင်းစည်သူ သတိပြုလိုက်မိပေသည်။

'မင်းညိုမြ .... အိမ်ထဲ ဝင်လေ။ ဘာဖြစ်လို့ ထွက်လာရတာလဲ'

အိမ်ရှင်အမျိုးသမီးကြီးက တေးသံရှင် မိန်းမပျိုအား မာန်မဲလိုက်ပြန်သည်။

'ညိုမြ ရက်ကန်းရက်နေရာက ဧည့်သည်တော်တွေ ဆာလောင်မွတ်သိပ်လာတယ်လို့ ကြားလိုက်ရလို့ မွေးလေးကို ကူညီပြီး ထမင်းပွဲ ပြင်ပေးရအောင် လာခဲ့တာပါ။ ညိုမြ ထမင်းပွဲ ပြင်လိုက်မယ်နော်'

မင်းညိုမြ အမည်ခံ မိန်းမပျိုက လောကဝတ် လုပ်လိုက်သည်။

'ညည်း အသာနေစမ်းပါ။ ညည်းရဲ့အလုပ် မဟုတ်ပါဘူး။ သွား ... အိမ်ထဲကို ဝင်'

အိမ်ရှင်အမျိုးသမီးကြီးသည် တူမဖြစ်သူ မင်းညိုမြအား ဧည့်သည်တော်များ စော်ကားသွားမည်ကို စိုးရိမ်သည့် အမူအရာဖြင့် မာန်မဲပြီး အိမ်ထဲသို့ ဝင်ရန် နှင်ထုတ်နေသည်ကို မြင်ရသောအခါ၊ သီရိဇြတ်ကမွန်သည် မနေသာတော့ဘဲ အိမ်ရှင်အမျိုးသမီးကြီး အနီးသို့ တိုးလာပေသည်။

'ကျွန်တော်တို့ကို မကြောက်ပါနဲ့။ ကျွန်တော်တို့ လူရမ်းကားတွေ မဟုတ်ပါဘူး။ လူကောင်းတွေပါ။ တစ်လုတ်စားဖူး သုံ့ကျေးဇူးဆိုတဲ့ စကားလို ကျွန်တော်တို့ရဲ့ ထမင်းရှင် ဟင်းရှင်တွေ အပေါ်မှာ ကျေးဇူးတရား သိတတ်ပါတယ်'

သီရိဇြတ်ကမွန်က တည်ငြိမ်သည့် အမူအရာဖြင့် ပြောလိုက်ရာ၊ အိမ်ရှင်အမျိုးသမီးကြီးမှာ အနည်းငယ် စိတ်သက်သာရာ ရသွားလေသည်။

'ဗိုလ်မှူး မင်းဘုရားတို့အပေါ်မှာ အထင်လွဲမှားမိတာ ခွင့်လွှတ်တော်မူပါ။ ခံမှန်ဖူးတဲ့ စာသငယ်လို ဖြစ်နေလို့ပါ။ မနေ့တစ်နေ့ကလည်း စစ်ဝတ်တန်ဆာနဲ့ မင်းမှုထမ်းလေးဦး အရက်မူးမူးနဲ့ အိမ်ထဲဝင်လာပြီး မင်းညိုမြကို ရိသဲ့သဲ့လုပ်ပြီး မတော်မတရား စော်ကားဖို့ ကြံစည်လို့ ကြောက်အားလန့်အားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘွတ်ခြေပြးပုန်းအောင်းနေရတယ်။ မင်းညိုမြရဲ့ ဘကြီးကလည်း လယ်တောထဲ ဆင်းနေလို့ အိမ်မှာ ယောကျ်ားလည်း တစ်ယောက်မှမရှိပါဘူး။ အရက်မူးမူးနဲ့ အိမ်ထဲဝင်လာတဲ့ မင်းမှုထမ်းလေးဦးကလည်း မင်းညိုမြပုန်းနေတာကို ရှာမတွေ့လို့ ဒေါသူပုန် ထသွားကြပါတယ်။ နောက်တစ်ခေါက် ပြန်လာခဲ့ဦးမယ်လို့လည်း ကြုံးဝါးသွားပါတယ်။ ဗိုလ်မှူးမင်းဘုရားတို့ကို မြင်လိုက်ရတော့ တစ်နေ့က လာသွားတဲ့ မင်းမှုထမ်းတွေ မှတ်ထင်ပြီး စိုးရွံ့ထိတ်လန့်သွားတာပါ'

အိမ်ရှင်အမျိုးသမီးကြီးက တောင်းပန်လိုက်သည်။

'ဗိုလ်မှူးလည်း မဟုတ်ပါဘူး။ မင်းဘုရားလည်း မဟုတ်ပါဘူး။ သာမန်ခရီးသည်တွေပါ။ ခရီးပန်းပြီး ဆာလောင်မွတ်သိပ်လာလို့ ထမင်းတောင်းစားရအောင် ဝင်လာခဲ့တာပါ'

သီရိဇြတ်ကမွန်က ရှင်းပြလိုက်မှ အိမ်ရှင်အမျိုးသမီးကြီးမှာ ဘဝင်ကျသွားပြီး တူမဖြစ်သူ မင်းညိုမြအား ထမင်းပွဲ အသင့်ပြင်ထားရန် ညွှန်ကြားလိုက်လေသည်။

သီရိဇြတ်ကမွန်နှင့် မင်းစည်သူတို့မှာ ဆာလောင်မွတ်သိပ်လာကြသဖြင့် အိမ်ရှင်အမျိုးသမီးကြီး၏ တူမချော မင်းညိုမြ ခူးခပ်ပြင်ဆင်ထားသည့် ထမင်းပွဲတွင် ဝင်ထိုင်ပြီး မြိန်ရေရှက်ရေ စားသောက်နေကြပေသည်။ မင်းညိုမြမှာမူ ထမင်းပွဲ ပြင်ဆင်ပေးခဲ့ပြီးနောက် ရက်ကန်းစင်ရှိရာသို့ ပြန်သွားပြီး ရက်ကန်းရက်လျက် ရှိနေရာ လက်ခတ်သံများကို မှန်မှန်ကြားနေရပေသည်။

မင်းစည်သူသည် မြိန်ရေရှက်ရေ စားသောက်နေရာမှ မင်းညိုမြ၏ ရက်ကန်းခတ်သံကို အာရုံစိုက်လျက် ရှိပေသည်။ ရက်ကန်းစင်ရှိရာသို့လည်း မကြာခဏ လှည့်ကြည့်နေသည်ကို တွေ့ရပေသည်။

'မိုးကျနတ်သမီးလား မှတ်ထင်ရတယ်။ ဒါလောက်ချောတဲ့ လှတဲ့ မိန်းကလေးကို မတွေ့ဖူးသေးဘူး။ ဗိုလ်မင်းကော ဒါလောက်ချောတဲ့ လှတဲ့ မိန်းကလေးကို မြင်ဖူး တွေ့ဖူးရဲ့လား'

မင်းစည်သူသည် ရက်ကန်းခတ်သံကို အာရုံစိုက်နေရာမှ ၎င်း၏ စိတ်ထဲတွင် မျိုသိပ်မထားနိုင်ဘဲ ဖွင့်ဟလိုက်သည်။

'မကြာသေးခင်ကာလက မြင်ဖူး တွေ့ဖူးခဲ့ပါတယ်။ ဒါကို အသာထားပြီး ရှေ့ကို ခရီးဆက်စရာ ရှိသေးတယ်။ စားမှာသာ စားစမ်းပါ'

သီရိဇြတ်ကမွန်က ပြန်ပြောလိုက်သည်။

'ရုပ်ချောသလောက် နာမည်ကလေးကကော မယဉ်ဘူးလား'

'ငါတွေ့လာတဲ့ အမျိုးသမီးရဲ့ နာမည်ကလေးကလည်း ယဉ်တာပါပဲ'





'ကျေးရွာ ဇနပုဒ်မှာ ဒီလောက်ချော ဒီလောက်လှတဲ့ မိန်းကလေး ရှိလိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့ပါဘူး'

'မြို့မှာပွင့်တဲ့ပန်းတွေ လှတာထက် တစ်ခါတစ်ရံ တောမှာပွင့်တဲ့ ပန်းက ပိုပြီး လှပမွှေးကြိုင်တတ်ပါတယ်။ တောပန်းဆိုပြီး အထင်ခသေးသင့်ပါဘူး'

သီရိဇြတ်ကမွန်က ထမင်းတစ်လုတ်ပြီးတစ်လုတ် ပလုတ်ပလောင်း စားရင်း ပြန်ပြောလိုက်သည်။

'သူ့ကလေးရဲ့ အပြောအဆို အမူအရာ မယဉ်ကျေးဘူးလား၊ မသိမ်မွေ့ဘူးလား။ ကျေးတောသူရဲ့ အပြောအဆို အမူအရာမျိုး မဟုတ်ဘဲ ရွှေမြို့တော်သူရဲ့ အပြောအဆို အမူအရာနဲ့ မတူဘူးလား'

မင်းစည်သူသည် ရက်ကန်းခတ်သံကြားရာသို့ မသိမသာလှည့်ကြည့်ရင်း ချီးမွမ်းခန်း ဖွင့်လိုက်ပြန်သည်။

'ဒါက မင်းတို့ ငါတို့ရဲ့အလုပ် မဟုတ်ပါဘူး။ ထမင်းကိုသာ ဝအောင် စားစမ်းပါ။ ရှေ့ကို ခရီးဆက်စရာ ရှိသေးတယ်'

သီရိဇြတ်ကမွန်က စကားပြတ်သွားအောင် ပြောလိုက်သည်။

ထမင်းဝအောင် စားသောက်ပြီးနောက် သီရိဇြတ်ကမွန်သည် မိမိ၏ ခါးပိုက်ထဲ၌ ပါလာသော ကတ္တီပါအိတ်ကို ပုတ်ပြလိုက်သည်။

'ရွှေမြို့တော်မှာ တာဝန်တစ်ခု ထမ်းရွက်ဖို့အတွက် ဒီအသပြာတွေကို စရန်အဖြစ်နဲ့ ရရှိလာခဲ့တယ်။ ဒီအသပြာတွေကို အရင်းအနှီးလုပ်ပြီး ငါ့ကို ပေးအပ်လိုက်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းရွက်ရလိမ့်မယ်။ သူ့ဆန်စား ငါ့မှု ဆိုတဲ့ စကားရှိတယ် မဟုတ်လား'

သီရိဇြတ်ကမွန်က အသပြာအိတ်ကို ချွင်ချွင်မြည်အောင် ပုတ်ပြရင်း စကားစလိုက်သည်။

'ဗိုလ်မင်းကို ဘယ်သူက တာဝန်ပေးအပ်လိုက်တာပါလဲ'

မင်းစည်သူက ပြန်မေးလိုက်သည်။

'ဗိုလ်မင်းလို့ မခေါ်စမ်းပါနဲ့'

'ဗိုလ်မင်းလို့ မခေါ်ရင် ဘယ်လို ခေါ်ရမှာလဲ'

'နာမည် ရှိပါတယ်'

'နာမည်ကိုတော့ မခေါ်ပါရစေနဲ့။ ရှင်းသီးရာ ကျပါလိမ့်မယ်။ အသက်သခင် ကျေးဇူးရှင်ကို နာမည်မခေါ်ဝံ့ပါဘူး'

'ဒါဖြင့် နောင်ကြီးလို့ခေါ်။ မင်းကိုလည်း ညီငယ်လို့ ခေါ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းလှပါပြီ နောင်ကြီး'

'အေး.... ဒီလိုမှပေါ့'

'ဒါထက် နောင်ကြီးကို တာဝန်ပေးအပ်လိုက်တဲ့ ပုဂ္ဂိုလ်ဟာ မင်းညီမင်းသားထဲကပါလား။ မြို့စား နယ်စား တစ်ဦးဦး ဖြစ်ပါသလား'

'အထက်တန်းလွှာထဲကပဲ။ ဒါပေမဲ့ ယောကျ်ားမဟုတ်ဘူး၊ မိန်းမ'

'ဟင် ဟုတ်လား၊ နောင်ကြီးကို ပေးအပ်လိုက်တဲ့ တာဝန်က ဘယ်လိုတာဝန်မျိုးပါလဲ'

'အသားစားကြူးတဲ့ ကျားစဉ်းလဲတွေရဲ့ လက်တွင်းက ရွှေသမင်ကို ကယ်တင်ဖို့ပါ'

'ဒီလိုဆိုရင် ကျားစဉ်းလဲနဲ့ တစ်ချီတစ်ပွဲ တွေ့ကြရဦးမှာပေါ့။ ဒါထက် ကျားစဉ်းလဲရဲ့ လက်တွင်းက ရွှေသမင်ကို ဘယ်ပုံဘယ်နည်း ကယ်တင်မှာလဲ၊ ကျားစဉ်းလဲတွေ ဆိုတာက ဘယ်သူတွေပါလဲ၊ ရွှေသမင် ဆိုတာကကော ဘယ်သူဘယ်ဝါ ဖြစ်ပါသလဲ'

မင်းစည်သူက ပြန်မေးလိုက်သည်။

'တိုတိုနဲ့လိုရင်းကို ပြောရမယ်ဆိုရင် သွေးဆာနေတဲ့ လူယုတ်မာတွေရဲ့ လောင်းရိပ်အောက်က သူ့ရဲ့ မောင်တော်ကို လွတ်မြောက်အောင် ကယ်တင်ပေးဖို့ အသက်နဲ့ထပ်တူ ချစ်မြတ်နိုးတော်မူတဲ့ အစ်မတော်က တာဝန်ပေးလိုက်ခြင်း ဖြစ်တယ်။ သူ့ရဲ့မောင်တော် ဆိုတာက သာမန်ပုဂ္ဂိုလ် မဟုတ်ဘူး။ လူ့လောကအကြောင်း ကောင်းကောင်း မသိသေးတဲ့ အမြွှာက်ကြိုက် တဖောက်ကန်း မာနခဲ မြို့စားလောင်းကလေးပါ'

'တဖောက်ကန်း မာနခဲ မြို့စားလောင်း ဆိုတာက ဘယ်သူပါလဲ။ လူယုတ်မာတွေရဲ့ လောင်းရိပ်အောက်က လွတ်မြောက်အောင် ဘယ်ပုံ ဘယ်နည်း ကယ်တင်မှာလဲ'

'ဘယ်ပုံဘယ်နည်း ကယ်တင်ရမလဲ ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး အဖြေမပေးနိုင်သေးဘူး။ အခြေအနေကို လေ့လာသုံးသပ်ပြီးမှ သင့်လျော်မယ့် နည်းပရိယာယ်ကို အသုံးပြုရမှာပဲ။ အနုနည်းကို သုံးလို့မရမှ အကြမ်းနည်းကို သုံးဖို့ ကြံရွယ်ထားတယ်။ ကယ်တင်ရမယ့် တဖောက်ကန်း မာနခဲ မြို့စားလောင်း ဆိုတာကတော့ ရွှေမြို့တော်ကို ရောက်နေတဲ့ နတ်ရွာစံ ဆောင်းတူးမြို့စားကြီးရဲ့ သားတော် ဗညားအိမ် ဖြစ်တယ်။ မြို့စားကြီးရဲ့ အရိုက်အရာကို ဆက်ခံရမယ့် သားတော်ပင် ဖြစ်လင့်ကစား အသက်အရွယ် နုနယ်ပြီး အတွေ့အကြုံ နည်းသေးသူ ဖြစ်တယ်'





'သွေးဆာနေတဲ့ လူယုတ်မာတွေ ဆိုတာကကော ဘယ်သူတွေပါလဲ'

မင်းစည်သူက ထပ်လောင်း၍ မေးလိုက်ပြန်သည်။

'စားရေး လုံရေးတွင် သူမတူအောင် ကျွမ်းကျင်လိမ္မာပြီး ရာထူး ဥတု အရှိန်အဝါကြောင့် မာန်မာန တက်ကြွပြီး တစ်ကိုယ်ကောင်းဆန်ကြ ကြတဲ့ အထက်တန်းလွှာ မင်းမှုထမ်းတွေပါ။ ပိုပြီးရှင်းအောင် ပြောရမယ် ဆိုရင် တိုင်းသူပြည်သားတွေရဲ့ အကျိုးစီးပွားကို လားလားမျှ အရေးမစိုက်ဘဲ ရာထူးနဲ့ အာဏာကို အလွဲသုံးစားလုပ်ပြီး နိုင်ငံသူ နိုင်ငံသားတွေရဲ့ ကုပ်ဆွဲဆွဲ စားနေတဲ့ ဘီလူးသဘက်တွေပါ။ ကြွေအန်ဝိုင်း၊ ကြက်ဝိုင်းနဲ့ အရက်ဝိုင်းတွေမှာ အချိန်ဖြုန်းပြီး သူတစ်ပါးရဲ့ သားပျို သမီးပျိုတွေကို ဖျက်ဆီးနေတဲ့ လူယုတ်မာတွေပါ။ မင်းသားခေါင်း ဆောင်းထားတဲ့ အစွယ်ပြူးပြူးနဲ့ ဘီလူးတွေပါ'

သီရိဗြတ်ကမွန်က ရှင်းပြလိုက်သည်။

'မင်းသားခေါင်း ဆောင်းထားတဲ့ ဘီလူးတွေကို သူတို့ရဲ့ ဇာတိရုပ် ပေါ်လာအောင် ဖော်ထုတ်ပေးရမယ် ဆိုပါတော့။ ဒီအတွက်တော့ မင်းစည်သူ ရင်ကော့ပြီး တာဝန်ယူပါတယ်။ အသက်ချင်း လဲချင်ရင် လဲရပါစေ'

မင်းစည်သူက ရင်ကော့ပြီး ပြောလိုက်သည်။

'အသက်ချင်း လဲသင့်မှ လဲရမှာပါ။ အနုနည်းနဲ့ မရမှ အကြမ်းနည်းကို သုံးရမှာပါ'

'မင်းစည်သူ အနေနဲ့ကတော့ ဓားရေးလုံရေးမှာ ကျွမ်းကျင်လိမ္မာလှပါတယ် ဆိုတဲ့ ကျားစဉ်းလဲတွေကို ဓားချင်းယှဉ်ပြီး ခုတ်ပြလိုက်ချင်စမ်းလှတယ်။ ဗိုလ်မင်းရဲ့ ပွဲတိုင်းကျော်တဲ့ ကိုးသချိုင်း သံဓားနဲ့သာ ခုတ်ပိုင်းလိုက်ရရင် ကျားစဉ်းလဲတွေ လူကောင်မြှုပ်တဲ့ သုသာန်မြေမှာ တစ္ဆေချင်း စကားပြော၊ တသောသော ညံ့သွားမှာ မြင်ယောင်သေးတယ်'

'ဓားချင်းယှဉ်ခုတ်ရမှာတော့ ကြောက်စရာ မရှိပါဘူး။ ဒါပေမဲ့ ခွေးတိရစ္ဆာန်ကောင်တွေက ရာထူးဂုဏ်သိန် အရှိန်အဝါနဲ့ မင်းပေါက် စိုးပေါက်တွေ ဖြစ်တဲ့အတွက် ငါတို့ရဲ့ လက်ချက်နဲ့ အသက်ထွက်သွားရင် ငါတို့ ရာဇဝတ် ဘေးသင့်မှာ သေချာတယ်။ သူတို့ကို နှလုံးရည်နဲ့ အနိုင်ရအောင် ပထမဦးစွာ ကြိုးစား အားထုတ်ရလိမ့်မယ်။ လက်ရုံးရည်ကို အသုံးပြုဖို့ အစီအစဉ်ရှိတယ်။ မလွဲမရှောင်သာလို့ ဓားချင်းယှဉ်ပြိုင်ကြရမယ်ဆိုရင် အသေမခုတ်ဘဲ မှတ်လောက်သားလောက်ရုံ ဒဏ်ရာ အနာတရ ဖြစ်အောင် ကျွမ်းကျင်လိမ္မာစွာ ထိုးခုတ် ရလိမ့်မယ်။ ငါတို့ရဲ့ နည်းပရိယာယ်ကို ခွေးတိရစ္ဆာန်ကောင်တွေ မသိလေ ကောင်းလေပဲ'



www.burmeseclassic.com

www.burmeseclassic.com



သီရိဖြတ်ကမွန်က မင်းစည်သူအား ရှင်းပြနေပေသည်။

ထိုအခိုက်တွင် အပြေးအလွှားလာနေသည့် ခြေသံများကြားရသဖြင့် သီရိဖြတ်ကမွန်က ခြေသံကြားရာသို့ လှမ်းကြည့်လိုက်ရာ၊ အသက် ၄၀ ကျော် အရွယ်ခန့်ရှိ သန်မာတောင့်တင်းသည့် ခန္ဓာကိုယ်ရှိသော ယောကျ်ားကြီး တစ်ဦးသည် နောက်သို့ လှည့်ကြည့်လှည့်ကြည့်နှင့် တဲအိမ်ရှိရာသို့ ပြေးလာသည်ကို မြင်ရပေသည်။

'ရှင်မ ရှင်မ ဓားရှည်ပေးစမ်း၊ ဓားရှည်ပေးစမ်း၊ ခွေးတိရစ္ဆာန်တွေ လာနေပြန်ပြီ'

တဲအိမ်ရှိရာသို့ ပြေးလာသူက မောကြီးပန်းကြီးနှင့် လှမ်းပြော လိုက်ရာ အိမ်ရှင်အမျိုးသမီးကြီးသည် နံရံတွင် ချိတ်ဆွဲထားသည့် ဓားရှည်ကို ဖြုတ်ယူပြီး ပေးလိုက်သည်ကို မြင်ရပေသည်။

သီရိဖြတ်ကမွန်သည် အထက်ပါအခြင်းအရာကို ငေးစိုက်ကြည့်နေရာမှ မင်းစည်သူကို ခေါ်၍ တဲအိမ်၏ အဝင်ဝသို့ ထွက်လာခဲ့ပေသည်။

'အဆွေတော် ဘယ်လို ဖြစ်လာတာလဲ၊ ဘယ်လိုရန်သူနဲ့ တွေ့လာလို့ ပါလဲ'

သီရိဖြတ်ကမွန်သည် အိမ်ရှင်အမျိုးသမီးကြီး၏ လက်မှ ဓားရှည်ကို လှမ်းယူလိုက်သည့် အိမ်ရှင်ယောကျ်ားအား လှမ်း၍မေးလိုက်သည်။ အိမ်ရှင် ယောကျ်ားမှာ သူတစိမ်းတစ်ဦး၏ အသံကိုကြားရသဖြင့် အံ့အားသင့်သွားပြီး သီရိဖြတ်ကမွန်အား ခြေဆုံးခေါင်းဆုံးကြည့်နေစဉ် အိမ်ရှင်အမျိုးသမီးကြီးက သီရိဖြတ်ကမွန်နှင့် မင်းစည်သူတို့ ရောက်ရှိလာပုံနှင့် ဆာလောင်မွတ်သိပ် လာသဖြင့် ထမင်းပွဲပြင်ပြီး ကျွေးမွေးပြုစုခဲ့ပုံများကို ရှင်းပြနေပေသည်။

'ကျုပ်တို့က ဆင်းရဲသား တောင်သူလယ်သမားတွေပါ။ ကျုပ်တို့ရဲ့ ယာတောကို အရက်သေစာ သောက်စား မူးယစ်လာကြတဲ့ မင်းမှုထမ်းလေးဦး ရောက်ရှိလာကြပြီး ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတဲ့ ကျုပ်တို့ကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် စော်ကားဖို့ ကြံစည်ခဲ့ကြပါတယ်။ ကျုပ်ရဲ့ တူမကို အတင်းအဓမ္မ ဆွဲလားလွဲလား လုပ်ကြလို့ ကျုပ်ရဲ့ တူမခမျာ ကြောက်အား လန့်အားနဲ့ ထွက်ပြေးပုန်းအောင်းနေရပါတယ်။ ပုန်းအောင်းနေရမလားဆိုပြီး ကျုပ်တို့ကို ကြိမ်းလား မောင်းလား လုပ်သွားရုံတင်မကဘူး၊ နောက်တစ်ကြိမ် လာခဲ့ဦးမယ်လို့ ကြုံးဝါးသွားပါတယ်။ အဲဒီ မင်းမှုထမ်းလေးဦး ရွာထဲ ဝင်လာ ကြတာ မြင်လို့ ကျုပ်တူမရဲ့ အရှက်ကို ကာကွယ်ဖို့ ကျုပ် အပြေးအလွှား လာခဲ့တာပါ။ ဒီတစ်ခါတော့ ကျုပ် သည်းမခံနိုင်တော့ဘူး။ ကျုပ်ရဲ့ တူမကိုလည်း





စော်ကား မခံဘူး။ ကျုပ်ရဲ့ အသက်နဲ့လဲပြီး ခုခံကာကွယ်ဖို့ ခိတ်ပိုင်း ဖြတ်ထားပြီးပြီ'

အိမ်ရှင်ယောကျ်ားက ဓားရှည်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ခါးကြားဘ်၍ ရှင်းပြလိုက်သည်။

'အဆွေတော် အသာနေပါ၊ အဆွေတော်ရဲ့ လက်ထဲက ဓားရှည်ကို လည်း ပြန်သိမ်းထားလိုက်ပါ။ အဆွေတော်ရဲ့ တူမကို ဘယ်သူမှ စော်ကား ခရပါဘူး။ သေမင်းနဲ့ စစ်ခင်းဖို့ အသင့်ရှိနေတဲ့ သီရိဖြတ်ကမွန်နဲ့ မင်းစည်သူ တို့ရဲ့ တာဝန်ထားလိုက်ပါ။ ပွဲတိုင်းကျော်တဲ့ ဟောဒီ ကိုးသချိုင်းသံဓားနဲ့ အကြောင်းပြလိုက်ရသေးတာပေါ့'

သီရိဖြတ်ကမွန်သည် မိမိကိုယ်တွင် လွယ်ထားသည့် လက်သုံးတော် ကိုးသချိုင်းသံဓားကို ဓားအိမ်မှဆွဲထုတ်ကာ လေထဲတွင် ဝှေ့ယမ်းရင်း ကြုံးဝါး လိုက်ရာ၊ အိမ်ရှင်ယောကျ်ားမှာ တအားတက်သွားပေသည်။

'အဆွေတော်ရဲ့ နာမည်ကို မသိရဘူးလား'

သီရိဖြတ်ကမွန်က မေးလိုက်သည်။

'ကျုပ်ရဲ့ နာမည်က ဗောလကွန်ပါ။ ခွေးတိရစ္ဆာန်တွေ လာရင် ကျုပ်က ဘာလုပ်ရမှာလဲ။ ကျုပ်ပါ ဝင်ပြီး ခုခံကာကွယ်ချင်တယ်'

'အဆွေတော် ဗောလကွန်၊ ဣန္ဒြေရရသာနေပါ။ သူတို့တစ်တွေ လာရင် အိမ်ရှင်ပီသစွာ ဧည့်ခံပါ။ တကယ်လို့ သူတို့ရမ်းကားလာမယ်ဆိုရင် ကျွန်တော် တို့ နှစ်ယောက်ရဲ့ တာဝန်သာ ထားပါ။ ဒီအစီအစဉ်ကို သဘောကျတယ် မဟုတ်လား'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်ရာ အိမ်ရှင် ဗောလကွန်သည် စကားတစ်ရက် အဖြေမပေးသေးဘဲ သီရိဖြတ်ကမွန်၏ ယောကျ်ားပီသသည့် ရုပ်သွင်ကာနှင့် ၎င်း၏လက်ထဲတွင် ဆုပ်ကိုင်ထားသည့် ကိုးသချိုင်းသံဓားကို အံ့သြစွာ ကြည့်နေပေသည်။

'မင်းဘုရားတို့ ရုပ်ဖျက်လာပေမယ့် မင်းဘုရားတို့ဟာ သာမန် ခရီးသည်များ မဟုတ်ကြောင်း အကဲခတ်မိပါတယ်။ မင်းဘုရားတို့ကို ဗောလကွန် အားကိုးအားထား ပြုပါတယ်၊ ကျေးဇူးလည်း အထူးတင်ရှိပါတယ်။ ဒါပေမဲ့ မင်းဘုရားတို့က နှစ်ယောက်ထဲဖြစ်နေပြီး ဟိုက လာနေတဲ့ အယုတ်တမာ ကောင်တွေက လေးယောက်ဖြစ်နေရုံသာမက လက်နက် အပြည့်အစုံပါတာပြီး ရက်စက်ကြမ်းကြုတ်သူများ ဖြစ်တဲ့အတွက် စိုးရိမ်မကင်း ဖြစ်မိကြောင်းပါ။ အသေခံစရာရှိရင် ဗောလကွန် ရှေ့ဆုံးက အသေခံပါရစေ'



www.burmeseclassic.com

www.burmeseclassic.com



'အဆွေတော် ဗောလကွန်၊ စိတ်အေးလက်အေးသာ နေပါ။ စောစောက အကြံပေးတော် အစီရင်ခံခဲ့တဲ့အတိုင်း ခွေးတိရစ္ဆာန်တွေ လာရင် အိမ်ရှင် ပီသစွာ ဧည့်ခံပါ။ သူတို့ ရမ်းကားလာရင် မှတ်လောက်သားလောက်အောင် ဆုံးမပြပါ့မယ်'

သီရိဇြတ်ကမ္ဘန်က တာဝန်ယူလိုက်သည်။ ထိုအတောအတွင်း ရွာထဲသို့ ဝင်လာသည့် မြင်းခွာသံများနှင့် ရယ်သံများကို ကြားရပေသည်။

မြင်းခွာသံများ နီးသည်ထက် နီးလာပြီး ဗောလကွန်၏ ယာတောသို့ ရောက်သောအခါ သစ်လွင်သော ဝတ်စားတန်ဆာများ ဝတ်ဆင်လာသော လူရွယ်လေးဦးသည် မိမိတို့၏ စီးနင်းလာသည့် မြင်းများပေါ်မှ ပြိုင်တူခုန်ဆင်းလိုက်ကြပြီး ဗောလကွန်၏ တဲအိမ်ရှိရာသို့ လာနေကြသည်ကို တွေ့မြင်ရပေသည်။

တဲအိမ်ရှင် ဗောလကွန်မှာ မျက်နှာတွင် သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေသော်လည်း စိတ်ကိုတင်း၍ တဲအိမ်ရှိရာသို့ လာနေသူများအား အိမ်ရှင်ပီသစွာ ဆီးကြိုနေပေသည်။ သီရိဇြတ်ကမ္ဘန်နှင့် မင်းစည်သူတို့မှာ တဲအိမ်အတွင်းမှ နေပြီး အရိပ်အခြည်ကို ကြည့်နေကြစဉ် မြင်းပေါ်မှ ဆင်းလာသော လူရွယ်လေးဦးအနက် သုံးဦးသည် ဗောလကွန်၏ တဲအိမ်ရှေ့တွင် ရပ်၍ အချေအတင် ပြောဆိုနေကြသည်ကို တွေ့ရပြီး ခေါင်းဆောင်နှင့် တူသော လူရွယ်၏ မျက်နှာရိပ် မျက်နှာကဲဖြင့် အချက်ပေးချက်အရ စတုတ္ထလူရွယ်သည် တဲအိမ်ဘေးမှ ပန်း၍ ရက်ကန်းစင် ရှိရာသို့ လာနေသည်ကို တွေ့ရပေသည်။

တဲအိမ်ရှေ့တွင် ဗောလကွန်နှင့် အချေအတင် ပြောဆိုနေကြသည့် လူရွယ်သုံးဦးအား သီရိဇြတ်ကမ္ဘန်က မျက်ခြည်မပြတ် ကြည့်ရှုပြီး အခြေအနေကို လေ့လာနေစဉ် မင်းစည်သူသည် ရက်ကန်းစင် ရှိရာသို့ လာနေသော စတုတ္ထလူရွယ်ကို မျက်ခြည်မပြတ် ကြည့်နေပေသည်။

မကြာမီ စတုတ္ထလူရွယ်သည် ရက်ကန်းစင်ရှိရာသို့ ဝင်သွားသည်ကို မြင်ရပြီး မင်းညိုမြ၏ စူးစူးဝါးဝါး အော်လိုက်သည့် အသံကို ကြားရသဖြင့် မင်းစည်သူသည် အသံကြားရာသို့ အပြေးအလွှား လိုက်သွားပေသည်။ ထိုအချိန်တွင် မင်းညိုမြမှာ ရက်ကန်းစင်ရှိသည့် အခန်းထဲမှ ထွက်ပြေးလာသည်ကို မြင်ရပေသည်။ မင်းညိုမြ၏ အင်္ကျီမှာ စုတ်ပြဲနေသည်ကို မင်းစည်သူ သတိပြုမိပေသည်။

မင်းညိုမြသည် ကြောက်အားလန့်အားနှင့် ခြေဦးတည့်ရာ ထွက်ပြေး





လာစဉ် လေ့ကားထက်တွင် ခြေချော်ပြီး လဲကျသွားသည့် အပြတွင် မင်းစည်သူသည် လျှင်မြန်စွာ ပြေးလာပြီး မင်းညိုမြအား ဝင်၍ဖွေ့ထော်လိုက်သည်၊

မင်းညိုမြမှာ မိမိအား စော်ကားရန် လိုက်ပါလာသော လူရွယ်ဘု ရုတ်သင်ကာ ကြောက်အားလန့်အားဖြင့် မင်းစည်သူ၏လက်မှ လွတ်မြောက်အောင် ရုန်းကန်ရန် ကြိုးစားလိုက်ပြီးမှ မင်းစည်သူ ဖြစ်နေသည်ကို သိရသဖြင့် အားဘက်သွားပုံ ရပေသည်။

'မောင်ကြီး၊ မောင်ကြီး ညိုမြကို ကယ်ပါ။ ညိုမြကို ကယ်ပါ'

မင်းညိုမြသည် မင်းစည်သူအား ဖက်ထားရင်း အကူအညီ တောင်းလိုက်သည်။

'မင်းညိုမြ ဘာမှ မစိုးရိမ်ပါနဲ့၊ မင်းညိုမြရဲ့ အရှက်ကို မောင်ကြီးရဲ့ အသက်နဲ့လဲပြီး ကာကွယ်ပါ့မယ်'

မင်းစည်သူက ပြန်ပြောလိုက်ပြီး မင်းညိုမြ၏နောက်သို့ လိုက်လာသည့် လူရွယ်ဘက်သို့ မျက်နှာမူလိုက်သည်။ မင်းညိုမြ၏နောက်သို့ လိုက်လာသည့် လူရွယ်မှာလည်း မင်းစည်သူကို မြင်လိုက်သဖြင့် ခြေလှမ်းတန့်သွားပြီး မင်းစည်သူအား စားမတတ် ဝါးမတတ် အမူအရာဖြင့် ကြည့်နေပေသည်။

သီရိဇြတ်ကမ္ဘန်မှာမူ တဲအိမ်ရှေ့တွင် အိမ်ရှင် ဗောလကွန်နှင့် အချေအတင် ပြောဆိုနေကြသည့် လူရွယ်သုံးဦး၏ အရိပ်အကဲကို အိမ်ထဲမှနေပြီး ထက်ပိုက်၍ မျက်ခြည်မပြတ်အောင် လေ့လာနေပေသည်။ ထိုအခိုက်တွင် မင်းညိုမြအား စော်ကားရန် ကြံစည်ခဲ့သော စတုတ္ထလူရွယ်သည် တဲအိမ်ရှေ့ရှိ လူရွယ်သုံးဦးထံ မောကြီးပန်းကြီးဖြင့် ပြေးလာသည်ကို မြင်ရပေသည်။

'စောညန်၊ မင်း ဘယ်လိုဖြစ်လာတာလဲ။ ကောင်မလေး ထွက်ပြေးပြီလား၊ မင်း သိပ်ညံ့တဲ့အကောင်'

ခေါင်းဆောင်နှင့် တူသူက မောကြီးပန်းကြီးဖြင့် ပြေးလာသူအား ဆီး၍ ကြိမ်းမောင်းလိုက်သည်။

'ထွက်မပြေးပါဘူး၊ သူတောင်းစား ရင်ခွင်ထဲကို ရောက်သွားပြီ'

စောညန် ဆိုသူက မောဟိုက်သည့်အသံဖြင့် ပြန်ပြောရင်း မင်းစည်သူနှင့် မင်းညိုမြတို့ ရှိရာသို့ ညွှန်ပြလိုက်သည်။

ထိုအခိုက်တွင် မင်းစည်သူသည် မင်းညိုမြအား အိမ်ထဲ ဝင်နေရန် မှာကြားခဲ့ပြီး စောညန်၏နောက်သို့ အပြေးအလွှားလိုက်လာကာ စောညန်၏ ခါးကို ဆုပ်ကိုင်၍ မိမိဘက်သို့ ဆွဲလှည့်လိုက်ပြီး စောညန်၏ပါးကို ဘယ်ပြန် ညာပြန် တအားလွှဲ၍ ရိုက်လိုက်ရာ၊ စောညန်မှာ မိမိကိုယ်ကို ထိန်းမဟန်နိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဘဲအိမ်၏ နံရံအနီးတွင် ခွေလျက်သား ကျသွားပေသည်။ စောညနဲ၏ ပါးနှစ်ဖက် ဘှင်လည်း လက်ဝါးရာ အညိုအမည်းစွဲ၍ ကျန်ရစ်ခဲ့သည်ကို တွေ့ရပေသည်။

သီရိဖြတ်ကမွန်မှာမူ ကျေနပ်သည့် အမူအရာဖြင့် လက်ပိုက်ပြီး ကြည့် နေရာမှ ကြောက်အားလန့်အားနှင့် အိမ်ထဲသို့ ပြေးဝင်လာသော မင်းညိုမြအား မိမိ၏အနီးရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်စေပြီး စိတ်အားမငယ်ရန် နှစ်သိမ့်လိုက်သည်။

အိမ်ရှင် ဇောလကွန်နှင့် အချေအတင် ပြောဆိုနေကြသော လူရွယ် ၃ ဦးမှာ ၎င်းတို့၏ အဖော်ဖြစ်သူ စောညန် ခွေလျက်သား လဲကျသွားသည်ကို ကြက်သေ သေပြီး ငေးစိုက်ကြည့်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်လာကြပြီး ၎င်းတို့၏ ဓားအိမ်ထဲမှ ဓားများကို ကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။ မင်းစည်သူ မှာလည်း ၎င်း၏ဓားကို ဓားအိမ်မှ ဆွဲချွတ်လိုက်ပြီး ခုခံရန် အသင့်ပြင်နေသည်။

'စောအိမ်၊ ဇောမွန် .... မင်းတို့ ဘာငေးတာလဲ၊ ခွေးတိရစ္ဆာန်ကောင်ကို ဝင်ခုတ်ပါတော့လား'

ခေါင်းဆောင်နှင့် တူသူက ၎င်း၏ ငယ်သားနှစ်ဦးဖြစ်သော စောအိမ် နှင့် ဇောမွန် ဆိုသူတို့အား အမိန့်ပေးလိုက်သည်။

'သတ္တိရှိရင် ရှေ့ကို တစ်လှမ်းတိုးခဲ့စမ်း။ အားလုံး မသာဖြစ်သွားမယ်'

မင်းစည်သူက ဓားကို ဝင့်၍ စိန်ခေါ်လိုက်သည်။ သုံးယောက်နှင့် တစ်ယောက်ပင် ဖြစ်လင့်ကစား မင်းစည်သူသည် အနည်းငယ်မျှ ကြောက်ရွံ့ သည့် အမူအရာ မပြဘဲ ရဲရင့်တည်ကြည်သည့် အမူအရာဖြင့် စိန်ခေါ်လိုက်ခြင်း ဖြစ်ပေရာ၊ ဓားကိုယ်စီနှင့် လူရွယ်သုံးဦးမှာ ရှေ့သို့ မတိုးဝံ့ဘဲ တစ်ဦးမျက်နှာကို တစ်ဦး ကြည့်နေကြပေသည်။

ဤအခြင်းအရာကို ဘဲအိမ်တွင်းမှ ကြည့်နေသော သီရိဖြတ်ကမွန် သည် မင်းညိုမြအား စိတ်အားမငယ်ရန် အားပေးစကား ပြောကြားခဲ့ပြီး တည်ငြိမ်ခဲ့ညားသည့်အသွင် အမူအရာဖြင့် အချင်းဖြစ်ပွားရာသို့ ထွက်လာ ခဲ့ပေသည်။

'အဆွေတော်တို့၊ အဆွေတော်တို့ရဲ့ လက်ထဲက ဓားတွေကို ပြန်သိမ်း လိုက်ကြပါ။ သွေးထွက်သံယိုမှုကို ကျုပ်တို့ မလိုလားဘူး'

သီရိဖြတ်ကမွန်သည် ကြားဝင်ပြီး ဖျန်ဖြေသလိုလိုနှင့် မင်းစည်သူ၏ အနီးသို့ ချဉ်းကပ်လာပေသည်။

'မင်းနဲ့ ဘာဆိုင်လို့ ဝင်ပြောရတာလဲ၊ ငါပါးကိုရိုက်တဲ့ ခွေးတိရစ္ဆာန်ကို ငါကိုယ်တိုင် သတ်ပြမယ်'





စောညန်သည် ခွေလျက်သား လဲနေရာမှ လူးလဲ ထ လာပြီး အညို အမည်းစွဲနေသည့် ပါးနှစ်ဖက်ကို ပွတ်သပ်ရင်း ကြုံးဝါးလိုက်သည်၊

'စောအိမ် .... ဘာငေးနေတာလဲ၊ ဇောမွန်ကော ကြောက်သလား၊ မင်းခနုကကော ခေါင်းဆောင်ဆိုပြီး ခွေးသူတောင်းစားကို ဒါလောက်တောင် ကြောက်နေရသလား။ လေးယောက်နဲ့ တစ်ယောက်ပဲဥစ္စာ၊ ဝင်ခုတ်ကြပါတော့ လား'

စောညန်သည် ၎င်း၏ ဘက်တော်သားများ၏ အမူအရာကို ကြည့်ပြီး အားမလို အားမရ ဖြစ်နေပုံ ရပေသည်။

'ဟုတ်သားပဲ မင်းတို့ ဘာငေးနေကြတာလဲ။ ဝင်ခုတ်ကြပါတော့လား'

ခေါင်းဆောင်နှင့်တူသော မင်းခနု ဆိုသူက အမိန့်ပေးရင်း ရှေ့သို့ တစ်လှမ်းတိုးလာပေသည်။

'အဖက်မတန်တဲ့ သူတောင်းစားနဲ့ ယှဉ်ပြီး မခုတ်ချင်ဘူး။ လူပါ ညစ်သွားမှာ စိုးရတယ်'

စောအိမ်က ပြန်ပြောရင်း ရှေ့သို့ ခြေတစ်လှမ်း တိုးလာသော မင်းခနု အား ဟန့်တားလိုက်သည်။

'သတ္တိမရှိရင် မရှိဘူးလို့ ဝန်ခံလိုက်စမ်းပါ'

မင်းစည်သူသည် ဓားကို ဝင့်ရင်း မခံချင်အောင် ရန်စလိုက်ရာ၊ မင်းခနုမှာ မခံမရပ်နိုင်ဖြစ်ကာ ၎င်း၏ဓားကို ဝှေ့ယမ်းရင်း ရှေ့သို့တိုးလာစဉ် မင်းစည်သူက ပြန်လည်ခုခံရန် အသင့်ပြင်လိုက်သည်။

'အဆွေတော်တို့၊ ကျုပ်ပြောတဲ့ စကားကို နားမထောင်ဘူးလား'

သီရိဖြတ်ကမွန်က သတိပေးလိုက်သည်။

'မင်းက ဘာကောင်မို့ ဝင်ရှုပ်ရတာလဲ၊ မင်းပါ သေသွားချင်သလား'

မင်းခနုက သီရိဖြတ်ကမွန်ဘက်သို့ လှည့်၍ ကြုံးဝါးလိုက်သည်။

'ကျုပ်က စေတနာနဲ့ သတိပေးနေတာ။ ကျုပ်ရဲ့မျက်နှာကို သေသေ ချာချာ ကြည့်ထားစမ်း။ သေမင်းနဲ့ အကြိမ်ကြိမ် စစ်ခင်းခဲ့တဲ့ ကိုးသင်္ချိုင်း ဆောင်ရှင် သီရိဖြတ်ကမွန်ဆိုတာ နားဝလေသံ မကြားဖူးကြဘူးလား။ မင်းတို့ကို အခုလို သတိပေးနေတာ ... ကြားရဲ့လား။ မင်းတို့လို ငမိုက်သားတွေကို ဆုံးမ ဖို့အောင် လာခဲ့တာ။ ပါးစပ်နဲ့ ဆုံးမလို့ မရရင် ကိုယ်ထိလက်ရောက် မှတ်လောက် သားလောက်အောင် ဆုံးမရလိမ့်မယ်။ မင်းတို့ စော်ကားဖို့ ကြံစည်ခဲ့တဲ့ မိန်းကလေးကို မင်းတို့ ဝန်ချတောင်းပန်ပြီး အေးအေးသက်သာ ထွက်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



ခဲသား၊ ဒါမှမဟုတ် လေးယောက်နဲ့နှစ်ယောက် ဓားစွမ်းပြိုင်ကြမလား။ ကြိုက်ရာကို ပြော'

သီရိဖြတ်ကမ္ဘန်က မင်းမနု ခေါင်းဆောင်သည့် လူရွယ်လေးဦးအား စော်ဆုပ်ရွံ့ရှာသည့် အမူအရာဖြင့် ကြည့်ရင်း ပြောလိုက်သည်။

'နောင်တော်သီရိဖြတ်ကမ္ဘန် ပြောတာကို မင်းတို့အားလုံး ကြားတယ် မဟုတ်လား။ ဓားစွမ်းပြိုင်မလား၊ ဒူးထောက်ပြီး အညံ့ခံမလား'

မင်းစည်သူက တွေဝေနေသော လူရမ်းကားလေးဦးအား ပမာမခန့် ပြောရင်း ၄င်း၏ လက်သုံးတော်ဓားကို မြဲမြံစွာ ဆုပ်ကိုင်ပြီး ၄င်းအား ရန်မူ လာလျှင် ခုခံရန် အသင့်ပြင်ထားလိုက်သည်။

မင်းမနု ခေါင်းဆောင်သည့် ငမိုက်သားလေးဦးမှာ ရုတ်တရက် တွေဝေ ငေးမောနေရာမှ မင်းမနုမှာ မခံရပ်နိုင်အောင် ဒေါသထွက်လာပြီး၊ မင်းစည်သူ အား ဓားနှင့်ဝင်ခုတ်လိုက်ရာ ၄င်း၏ ငယ်သားသုံးဦးကပါ ပြိုင်တူ ဝင်၍ ခုတ်ထစ်ရန် ကြိုးစားကြလေသည်။

သို့ရာတွင် မင်းစည်သူမှာ ဓားရေးတွင် ကျွမ်းကျင်လိမ္မာသူဖြစ်သဖြင့် လေးယောက်နှင့်တစ်ယောက်ပင် ဖြစ်နေကာမူ အရေးမစိုက်ဘဲ လျင်မြန်ပေါ့ပါး သည့် ခြေလှမ်းများနှင့် သိုင်းကွက်ကို မှန်မှန်နင်းပြီး ရန်သူတို့၏ ဓားချက်ကို အကွက်ပိုင်ပိုင် ခုန်လွှားခုခံ တွန်းလှန်လျက် ရှိပေသည်။

သီရိဖြတ်ကမ္ဘန်မှာမူ ရန်သူတို့၏ ဓားလေးလက်ကို မင်းစည်သူ၏ ဓားတစ်လက်ဖြင့် ပိုင်ပိုင်နိုင်နိုင်ကြီး ခုခံ တွန်းလှန်နေသည်ကို ကြည့်ကောင်း ကောင်းနှင့် ကြည့်နေရာမှ မင်းစည်သူအား အကာအကွယ်ပေးရန် လိုအပ်သည့် အချိန်များတွင် ၄င်း၏ဓားအိမ်ဖြင့် ရန်သူတို့၏ ဓားချက်များကို တစ်ချီတစ်ချီ ဝင်ပြီး ကာကွယ်ပေးနေသည်ကို တွေ့ရပေသည်။

ဓားခုတ်သံများ ကြားသဖြင့် အိမ်ဝသို့ ပြေးထွက်လာသော မင်းညိုမြ သည် ရန်သူလေးဦးကို မင်းစည်သူ တစ်ဦးတည်း ခုခံကာကွယ်နေရသည်ကို မြင်ရသောအခါ အားမလို အားမရ ဖြစ်နေပေသည်။

'မောင်ကြီး မောင်ကြီး ဝင်မကူတော့ဘူးလား'

မင်းညိုမြက သီရိဖြတ်ကမ္ဘန် အနီးသို့ ချဉ်းကပ်လာပြီး မင်းစည်သူ အား ဝင်ကူရန် တောင်းပန်သည့် လေသံဖြင့် ပြောလိုက်သည်။

'ကလေးမ .... မစိုးရိမ်ပါနဲ့၊ ကြည့်ကောင်းလို့ ကြည့်နေတာပါ။ ဒီ ခွေးကောင်လေးကောင် လောက်တော့ မင်းစည်သူ တစ်ယောက်တည်း အနိုင် ယူနိုင်ပါတယ်'





သီရိဖြတ်ကမ္ဘန်က မင်းညိုမြအား နှစ်သိမ့်လိုက်သည်။

ထိုအခိုက်တွင် မင်းမနုသည် ချက်ကောင်းကို စောင့်နေရာမှ အလစ် တွင် မင်းစည်သူအား နောက်ကျောမှဝင်ပြီး ခုတ်ပိုင်းရန် ချိန်ရွယ်လိုက်ရာ၊ သီရိဖြတ်ကမ္ဘန်သည် မိမိ၏ဓားအိမ်ဖြင့်ဝင်၍ တားဆီးလိုက်ရာ မင်းမနု၏ဓားချက် သည် သီရိဖြတ်ကမ္ဘန်၏ ဓားအိမ်ကို ခုတ်မိသွားပေသည်။ ဤတွင် မင်းမနုသည် သီရိဖြတ်ကမ္ဘန်အား မဲ၍ စလွယ်သိုင်း ခုတ်ချရန် ချိန်ရွယ်လိုက်ရာ သီရိဖြတ်ကမ္ဘန် သည် မင်းမနု၏ အကြံအစည်ကို ရိပ်စားမိသည့်အတိုင်း မင်းမနု၏ ဓားချက်ကို ရှောင်ရုံသာ တိမ်းရှောင်ပေးလိုက်ပြီး ဓားအိမ်ထဲမှ ဓားကို ဆွဲချွတ်လိုက်သည်။

'ကိုးသချိုင်းသံဓားတဲ့ .... ဟေ့'

သီရိဖြတ်ကမ္ဘန်သည် ၄င်း၏လက်တွင် မြဲမြံစွာ ဆုပ်ကိုင်ထားသည့် လက်သုံးတော် ကိုးသချိုင်းသံဓားကို ဝင့်ရင်း ခြသေ့်ဟောက်သံနှင့်တူသော အသံဖြင့် ကြုံးဝါးလိုက်ရာ ထိုအသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မင်းမနုမှာ ကြောက်ဒူးတုန်သွားပြီး နောက်သို့ ပြန်ဆုတ်လိုက်သည်။

စောအိမ်၊ စောညန် နှင့် စောမွန်တို့မှာလည်း မင်းစည်သူအား အလစ် ပေးသော အချက်ကောင်းရတိုင်း ဝင်ခုတ်ရန် ကြိုးစားသော်လည်း မင်းစည်သူ၏ လျှပ်စီးလက်သလို လျင်မြန်ဖျတ်လတ်သည့် ဓားချက်ဖြင့် ခုခံတွန်းလှန်လျက် ရှိသဖြင့် ၄င်းတို့၏ ကြိုးစားမှုမှာ အချည်းနှီးသာဖြစ်ပြီး ချွေးဒီးဒီးကျလာပေသည်။

ဤတွင် မင်းစည်သူသည် ခံစစ်အသွင်မှ ထိုးစစ်အသွင်သို့ ကူးပြောင်း ပြီး ဆောအိမ်တို့လူသိုက်အား အမှည့်ခြွေ ခြွေလျက်ရှိသဖြင့် သုံးယောက်စလုံးမှာ မင်းစည်သူ၏ဓားချက် မထိစေရန် ပင်ပင်ပန်းပန်း ခုခံနေကြရပေသည်။

'မင်းမနု မင်းမနု ကျွန်တော်တို့ကို ပစ်ထားတော့မှာလား၊ ဝင်ကူပါဦး။ ကျွန်တော်တို့ သေရတော့မယ်'

မင်းစည်သူ၏ လက်ဝါးဒဏ်ကြောင့် ပုခုံးနှစ်ဖက်တွင် အညိုအမည်း စွဲနေသော စောညန်သည် မင်းစည်သူ၏ ဓားချက်ကို ခုခံနေရာမှ ၄င်း၏ လက်မောင်းကို ဓားထိသွားသဖြင့် ကြောက်အားလန့်အားဖြင့် ၄င်းတို့၏ ခေါင်းဆောင် မင်းမနုအား အကူအညီ တောင်းလိုက်သည်။ မင်းမနုမှာမူ "ကိုးသချိုင်းသံဓားတဲ့ .... ဟေ့" ဟူသော ကြုံးဝါးသံကို ကြားလိုက်ရစဉ်ကပင် အလိုလို ကြောက်ဒူးတုန်နေသဖြင့် တပည့်များအား ကူညီရန် မစွမ်းနိုင်ဘဲ သီရိဖြတ်ကမ္ဘန်၏ ဓားချက်ကို ခုခံရင်း တဖြည်းဖြည်း နောက်သို့ ပြန်ဆုတ်လာ ခဲ့ရာမှ သီရိဖြတ်ကမ္ဘန်၏ ထိုးနှက်မှုဒဏ်ကို မခံနိုင်ဘဲ သွေးသံရဲရဲဖြင့် နံရံကို မှီရင်း တဖြည်းဖြည်း ခွေကျသွားပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းခနု သွေးရဲရဲ သံရဲရဲဖြင့် ပျော့ခွေကျသွားသည်ကို မြင်ရသောအခါ ၎င်း၏ငယ်သားများမှာ ထိတ်လန့်တုန်လှုပ်သွားပြီး ဒူးထောက် အညံ့ခံလိုက်ကြ ရပေသည်။ ၎င်းနောက် စောအိမ်နှင့် ဖောမွန်သည် ၎င်းတို့၏ခေါင်းဆောင် ဖြစ်သော မင်းခနုကို ဝိုင်း၍ ဆွဲထူပေးကြစဉ် စောညန်မှာ မင်းစည်သူ၏ ဓားချက်ကြောင့် လက်မောင်းတွင် ဒဏ်ရာရသွားသဖြင့် ဒဏ်ရာရသွားသည့် နေရာကို သွေးတိတ်အောင် အဝတ်ဖြင့် စည်းနှောင်ရပေသည်။

မင်းစည်သူသည် သွေးစွန်းနေသည့် ဓားမှ သွေးများကို သုတ်ပစ် လိုက်ပြီး ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်သည်။ ၎င်းနောက် ၎င်း၏ နဖူးပြင်မှ ချွေးသီးများကို လက်မောင်းဖြင့် ပွတ်သတ်ပစ်လိုက်သည်။

'ခွေးတိရစ္ဆာန်ကောင်တွေ၊ အားနွဲ့တဲ့ မိန်းမသားကို စော်ကားဖို့လောက်ပဲ နားလည်တယ်။ မင်းတို့ရဲ့ သတ္တိက ဒါပဲလား။ မင်းတို့ရဲ့ ကျက်သရေ မရှိတဲ့ မျက်နှာတွေကို မကြည့်ချင်ဘူး။ မင်းတို့ရဲ့ ကျက်သရေယုတ်တဲ့ မျက်နှာတွေကို မြင်နေရရင် ငါ သတ်မိလိမ့်မယ်'

မင်းစည်သူက မြေကြီးကို ဖနောင့်နှင့် ဆောင့်ရင်း ကြုံးဝါးလိုက်ရာ မင်းခနု ဆိုသူ ခေါင်းဆောင်သည့် ဇိုကိသား လူရမ်းကားလေးဦးသည် မိမိတို့ ဒဏ်ရာများမှ သွေးများကိုပင် တိတ်အောင် အဝတ်ဖြင့် စည်းနှောင်ခြင်း မပြုနိုင်ဘဲ ၎င်းတို့ စီးနင်းလာသည့် မြင်းများပေါ်သို့ ခုန်တက်သွားကြပြီး လာလမ်းအတိုင်း ဒုန်းစိုင်းပြီး ပြေးကြပေသည်။

မင်းခနုတို့လူသိုက် ဒူးထောက်အညံ့ခံပြီး ကြောက်အားလန့်အားနှင့် ထွက်ပြေးသွားကြသည်ကို မြင်ရသောအခါ အိမ်ရှင် ဗောလကွန်မှာ သီရိ ဇြတ်ကမွန်နှင့် မင်းစည်သူတို့ အပေါ်တွင် ကျေးဇူးတင်၍ မဆုံးနိုင်အောင် ဖြစ် နေပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်၍နေပေသည်။

'မင်းဘုရားကြီးတို့ရဲ့ကျေးဇူး ကြီးမားလှပါပေတယ်။ မင်းဘုရားကြီး တို့ကြောင့် မင်းညိုမြ အရှက်တကွဲ အကျိုးနည်း မဖြစ်ရတာပါ။ မင်းဘုရားကြီး တို့သာ မရှိရင် မင်းညိုမြလည်း စော်ကားခံရမယ်။ ကျွန်တော်မျိုးကြီး ဗောလကွန် လည်း သူတို့ရဲ့ လက်ချက်နဲ့ အသက်ထွက်ဖို့ လမ်းများတယ်'

အိမ်ရှင် ဗောလကွန်က ရိုသေစွာ ပုဆစ်တုပ်၍ ခစားရင်း ကျေးဇူး တင် စကား ပြောကြားနေပေရာ၊ သီရိဇြတ်ကမွန်သည် ဗောလကွန်အား ဆွဲထူ လိုက်ပြီး ၎င်းနှင့်အတူ ကွပ်ပျစ်ပေါ်တွင် ထိုင်စေလေသည်။

'ကျွန်တော်တို့ဟာ အညတရ ခရီးသည်တွေပါ။ အဆွေတော် ဗောလကွန် ထင်သလို ရုပ်ဖျက်လာတဲ့ မင်းမှုထမ်းတွေ မဟုတ်ပါဘူး။ ကျွန်တော်





...ခရီးသန်းလာကြပြီး ဆာလောင်မွတ်သိပ်နေခိုက်မှာ ကျွန်တော်တို့ကို ဧည့်ခံ ...ကျွေးမွေးပြုစုတဲ့ ကျေးဇူးကို ကျွန်တော်တို့ ဘယ်တော့မှ မမေ့ပါဘူး'

သီရိဇြတ်ကမွန်က ရှင်းပြနေပေသည်။

အိမ်ရှင်ဗောလကွန်နှင့် အိမ်ရှင်မတို့က သီရိဇြတ်ကမွန်အား ကျေးဇူး ...စကား ပြောကြားနေချိန်တွင် မင်းညိုမြကို မမြင်ရသဖြင့် မင်းစည်သူသည် ...ဟိုဒီ ကြည့်နေရာမှ မင်းညိုမြ ရှိရာ ပဲခင်းထဲသို့ လိုက်ပါသွားလေသည်။

'ဒါထက် အဆွေတော် ဗောလကွန်ရဲ့ တောင်ယာပဲခင်းတွေဟာ ...ဆောင်းဘုံးမြို့စားရဲ့ ပိုင်နက်အတွင်း ကျရောက်တယ် မဟုတ်ပါလား'

သီရိဇြတ်ကမွန်သည် ကျယ်ပြန့်သော တောင်ယာပဲခင်းကို မျှော်ကြည့် ...မေးလိုက်သည်။

'မှန်ပါတယ်၊ ဆောင်းတူးမြို့စားရဲ့ နယ်ပယ်အတွင်းမှာ ရှိပါတယ်။ ...ဆောင်းဘုံးမြို့စားကြီး သက်တော်ထင်ရှား ရှိစဉ်တုန်းကတော့ ကျုပ်တို့ရဲ့ ...တောင်ယာပဲခင်းနှင့်တကွ နယ်ပယ်ဒေသ တစ်ခုလုံး အင်မတန်မှ သာသာ ...ယာ စိုစိုပြည်ပြည် ရှိလှပါတယ်။ တောင်သူလယ်သမား ဆင်းရဲသွားတွေ ...ည်း သက်သာချောင်ချိပါတယ်။ ကောက်ပဲသီးနှံ ပေါ်ချိန်မှာ ဆိုရင် ပွဲလမ်း ...ဘင်တွေနဲ့ အင်မတန် ပျော်စရာ ကောင်းပါတယ်။ ဒါပေမဲ့ ဆောင်းတူးမြို့စား ...း နတ်ရွာစံ ကံတော်ကုန်တဲ့ အချိန်ကစပြီး ကျုပ်တို့တစ်တွေမှာ အမိမဲ့သား ...ည်းငါးလို အားကိုးရာမဲ့ ဖြစ်နေကြပါတယ်။ မြို့စားကြီးရဲ့ သားတော် မြို့စား ...ဆောင်းလျှာ ဗညားအိမ် သခင်ကိုယ်တော်လေးမှာလည်း ရွှေမြို့တော်မှာသာ ...အချိန်ကုန်လွန်ပြီး အသောက်အစား လောင်းကစားနဲ့သာ ပျော်မွေ့နေပါတယ်'

အိမ်ရှင် ဗောလကွန်က ညည်းညည်းညူညူ ပြန်ပြောလိုက်သည်။

'မှန်ပါတယ်၊ မြို့စားကြီး နတ်ရွာစံတဲ့ အချိန်ကစပြီး တစ်နေ့တခြား ...ခြေအနေ ဆိုးဝါးလို့သာ လာပါတော့တယ်'

အိမ်ရှင်မက ဝင်ပြီး ထောက်လိုက်သည်။

'ဘယ်ပုံဘယ်နည်း ဆိုးဝါးတယ် ဆိုတာ အမိန့်ရှိပါဦး'

သီရိဇြတ်ကမွန်က ပြန်မေးလိုက်သည်။

'နတ်ရွာစံမြို့စားကြီးရဲ့ အခွန်တော်ဝန်မင်း သီရိခနဲ့ဘွဲ့ခံ ဖောမွန် ...သလို မင်းမှုနေတာကို နယ်သူနယ်သားတွေ အလူးအလိမ့် ခံနေကြရ ...ပါတယ်'

အိမ်ရှင်မက အဖြေပေးလိုက်သည်။

'မင်းမှုပုံကို အမိန့်ရှိပါဦး'



www.burmeseclassic.com

www.burmeseclassic.com



သီရိဗြတ်ကမွန်က ပိုပြီး ရှင်းလင်းသေချာစွာ သိလိုသဖြင့် မေးလိုက်ပြန်သည်။

'အခွန်အကောက်တွေ တိုးမြှင့် ကောက်ခံနေပါတယ်။ အခွန်အကောက် မဆပ်နိုင်သူတွေကို ထိတ်တုံးခတ်ပြီး အစာငတ်ရေငတ် ထားပါတယ်။ တောင်ယာပဲခင်းကထွက်တဲ့ ကောက်ပဲသီးနှံတွေ၊ ကျွဲတွေ နွားတွေနဲ့ သက်ရှိ သက်မဲ့ အတွင်းပစ္စည်း၊ အပြင်ပစ္စည်းတွေကိုပါ ဘဏ္ဍာတော်အဖြစ် သိမ်းပိုက်ခဲ့ပါတယ်။ တောင်ယာပဲခင်းများကို ဆက်လက်လုပ်ကိုင်ခွင့် မပြုဘဲ နှင်ထုတ်ခြင်း ခံရလို့ အလုပ်လက်မဲ့ဖြစ်ပြီး ငတ်တစ်လှည့် ပြတ်တစ်လှည့် ဖြစ်နေတဲ့ လူတွေလည်း တစ်နေ့တခြား တိုးတက်များပြားလာပါတယ်။ ဒါထက်ပိုပြီး ဆိုးဝါးတာကတော့ တောင်သူလယ်သမားတွေကို နှင်ထုတ်ပြီး ငွေရှင် ကြေးရှင် ပစ္စည်းရှင်တွေကို အပိုင်စား ပေးသနားနေခြင်းပင် ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်နေတဲ့ တောင်ယာပဲခင်းဟာ ကျုပ်တို့ရဲ့ ဘိုးဘွား လက်ထက်ကစပြီး မြေးမဦးချ လုပ်ကိုင်လာခဲ့တဲ့ လယ်ယာမြေတွေပါ။ ဒါကိုတောင် လာမယ့်နှစ်မှာ ကျုပ်တို့ကို ဆက်လက်လုပ်ကိုင်ခွင့် မပေးတော့ဘဲ စောစောက မင်းညီမြတ်ကို စော်ကားရအောင် လာတဲ့ မင်းနေကို အပိုင်စား ပေးသနားတော်မူမလိုလို့ သတင်းထွက်နေပါတယ်။ ကျုပ်တို့မှာတော့ ပြေးစရာလည်း မြေမရှိ၊ ပေးစရာလည်း ငွေမရှိ ဆိုသလို ဖြစ်နေပါတယ်'

အိမ်ရှင်ဖောလကွန်က စိတ်အားငယ်သည့် အမူအရာဖြင့် ရှင်းပြနေပေသည်။

'ခုလို မြို့စားကြီးရဲ့ အခွန်တော်ဝန် သီရိမနု လုပ်ချင်ရာလုပ်နေတာကို နတ်ရွာစံ မြို့စားကြီးရဲ့သားတော် မြို့စားလေး ဗညားအိမ် သိပါသလား'

'မြို့စားလေး သိပုံ မရပါဘူး။ မြို့စားကြီး နတ်ရွာစံ ကံတော်ကုန်တဲ့ အချိန်ကစပြီး သီရိမနု မင်းမူနေတာကို နယ်သူနယ်သားတွေ ကြိတ်မှိတ်ပြီး ခံနေကြရပါတယ်။ မြို့စားကြီး ရှိစဉ်တုန်းကနဲ့ ဘယ်လိုမှ နှိုင်းစာလို့ မရပါဘူး'

အိမ်ရှင်ဖောလကွန်က ရှေးဖြစ်ဟောင်းကို သတိရသည့်အမူအရာဖြင့် ပြောရင်း ပြောရင်း အသံများ တုန်လာပေသည်။

'အဆွေတော် ဖောလကွန်၊ စိတ်အားမငယ်ပါနဲ့။ ခွေးရူးကောင်းစား တစ်မွန်းတည့် ဆိုတဲ့စကား ရှိပါတယ်။ တစ်နေ့ကျရင် နတ်ရွာစံမြို့စားကြီး လက်ထက်တော်တုန်းကလို တောင်သူလယ်သမားတွေ သက်သာချောင်ချိပြီး သာယာဝပြောတဲ့ အခြေအနေကို ရောက်လာနိုင်ပါတယ်။ အမှန်တရားဆိုတာ ကြာရှည် ဖုံးကွယ်ထားလို့ မရပါဘူး။ နယ်သူ နယ်သားတွေသာ စည်းလုံး





ညီညွတ်ကြမယ်ဆိုရင် သီရိမနုဆိုတဲ့ အခွန်တော်ဝန် ထင်သလို မင်းမူနိုင်မှာ မဟုတ်ပါဘူး။ အဆွေတော် စိတ်အားမငယ်ပါနဲ့။ ဖွဲ လုံ့လ ဝီရိယနဲ့ အားမာန်ကိုလည်း မလျှော့ပါနဲ့။ မကြာခင် သတင်းကောင်း ကြားရပါလိမ့်မယ်၊ ကဲ... ကျွန်တော်တို့ ခရီးဆက်စရာ ရှိသေးတဲ့အတွက် ခွင့်ပြုပါဦး။ ခရီးသန်းပြီး ဆာလောင်မွတ်သိပ်လာချိန်မှာ ယခုလို ကျွေးမွေးပြုစုတာကို ကျေးဇူးတင်ရှိပါတယ်'

သီရိဗြတ်ကမွန်သည် အိမ်ရှင်နှင့် အိမ်ရှင်မအား ကျေးဇူးတင်စကား ပြောကြားပြီး ပဲခင်းထဲတွင် မင်းညီမြနှင့် စကားလက်ဆုံကျနေသည့် မင်းစည်သူအား ခေါ်၍ ၎င်းတို့ စီးနင်းလာကြသည့် နံရိုးအပြိုင်းပြိုင်းနှင့် မြင်းများပေါ်သို့ ခုန်တက်ကာ ရွှေမြို့တော်ဆီသို့ မျှော်မှန်းပြီး ခရီးဆက်ခဲ့ကြပေသည်။

လမ်းခရီးတွင် သီရိဗြတ်ကမွန်သည် စကားတစ်ခွန်းမျှ မပြောဘဲ မိမိအား မြို့စားကြီး၏သမီး ခင်စောမယ် ပေးအပ်လိုက်သည့် တာဝန်ကို မည်သည့် နည်းပရိယာယ်ဖြင့် ထမ်းရွက်သင့်သည်ကို တစ်လမ်းလုံး စဉ်းစားလာခဲ့ပေသည်။

မင်းစည်သူမှာလည်း ပဲခင်းထဲတွင် မင်းညီမြနှင့် နှစ်ယောက်ချင်းတွေ့ခွင့်ရခဲ့စဉ်က မင်းညီမြ တွတ်တီးတွတ်တာနှင့် ကျေးဇူးတင်စကား ပြောကြားလိုက်သည်ကို နားထဲတွင် အဖန်တလဲလဲ ကြားယောင်လျက်ရှိသဖြင့် တစ်လမ်းလုံး စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ စောစောက အဖြစ်အပျက်များကို အာရုံခံစားရင်း သီရိဗြတ်ကမွန်၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ပေသည်။

သီရိဗြတ်ကမွန်မှာ ရွှေမြို့တော်သို့ ရောက်လျှင် မိမိထမ်းရွက်ရမည့် ကြီးလေးနက်နဲသည့် တာဝန်ကို မည်သည့် နည်းပရိယာယ်ဖြင့် ထမ်းရွက်သင့်သည်ကို ကြံစည်စိတ်ကူးလာခဲ့သဖြင့် ၎င်း၏ မျက်နှာထားမှာ တည်ငြိမ်ရင့်ကျက်သည့်အသွင်ကို ဆောင်လျက် ရှိပေသည်။

နတ်ရွာစံ မြို့စားကြီး၏သားတော် မြို့စားလောင်း ဗညားအိမ်အား ရက်စက်ကြမ်းကြုတ်သည့် လူယုတ်မာများ (ဝါ) မင်းသားခေါင်း ဆောင်ထားသည့် ဘီလူးသဘက်များ၏ လောင်းရိပ်အောက်မှ လွတ်မြောက်အောင် ကယ်တင်ပြီး အစ်မတော် ခင်စောမယ်ထံ ပို့ဆောင်ပေးရန်နှင့် ဗညားအိမ်၏ တခေါက်တန်း လုပ်တတ်သည့် အမူအကျင့်ကို ပြောင်းလဲသွားစေပြီး၊ အစ်မတော် ဂုဏ်ယူနိုင်မည့် သူရဲကောင်းတစ်ယောက် ဖြစ်လာအောင် ဆင်ရိုင်းကို ကျူးသွင်းပြီး ယဉ်ကျေးအောင် လုပ်ဆောင်ပေးရန် နတ်ရွာစံ ဆောင်းတူးမြို့စားကြီး၏ သမီးဦး ခင်စောမယ်ထံတွင် တာဝန်ယူခဲ့စဉ်က ပေါ့ပေါ့တန်တန် တာဝန်ယူခဲ့ခြင်း ဖြစ်သော်လည်း ယခုမူ နတ်ရွာစံ မြို့စားကြီး မရှိသည့်အချိန်မှ စ၍



www.burmeseclassic.com

www.burmeseclassic.com



နယ်သူနယ်သားများမှာ အမိမဲ့သား ရေနည်းငါးလို ဖြစ်နေကြသည်ကို မျက်မြင်ကိုယ်တွေ့ သိမြင်လာခဲ့ရသဖြင့် ဤကိစ္စမှာ ခင်စောမယ်နှင့် ဗညားအိမ်တို့ ဆောင်နေမ၏ ကိုယ်ရေးကိုယ်တာမျှသာ မဟုတ်တော့ဘဲ နယ်သူနယ်သား ဆောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့်ပါ သက်ဆိုင်နေသည့် ကြီးလေးသော ကိစ္စ ဖြစ်နေသည်ကို စဉ်းစားမိသဖြင့် ဤကိစ္စ အောင်မြင်ရေးအတွက် နှလုံးရည်နှင့် လက်ရုံးရည်ပါ အစွမ်းကုန် အားစိုက်၍ သုံးစွဲသွားရန် စိတ်ပိုင်းဖြတ်လိုက်ပြီး အကောင်းဆုံး နည်းပရိယာယ်ကို ကြံစည်စိတ်ကူးလာခဲ့ခြင်း ဖြစ်ပေသည်။

မင်းစည်သူမှာ မိမိတို့အပေါ်တွင် ကျရောက်လာမည့် ကြီးလေးသော တာဝန်ကို တစ်စုံတစ်ရာ မစဉ်းစားနိုင်ဘဲ မင်းညိုမြ အမြတ်တနိုး ပေးလိုက်သည့် ကွမ်းတော်ပန်းကို တရှုပ်ရှုပ်နမ်းရင်း တဖြည်းဖြည်း ဝေးသည်ထက်ဝေး၍ ကျန်ရစ်ခဲ့သည့် တောင်ယာ ပဲခင်းများကို လှည့်ကြည့် လှည့်ကြည့်နှင့် လိုက်ပါသွားသည်ကို မြင်ရပေသည်။

## အခန်း ၃

နတ်ရွာစံ ဆောင်းတူးမြို့စားကြီး၏ သားတော် ဗညားအိမ်သည် အိပ်ရေးမဝသည့် အမူအရာဖြင့် အိပ်ရာပေါ်တွင် လူးလွန့်နေရာမှ မျက်စိကို ပွတ်သပ်ပြီး အိပ်ရာမှ ထ၍ လာသည်ကို မြင်ရသောအခါ ဗညားအိမ်၏ လက်စွဲတော် အိပ်ဖန်ဆောင့် အဲမွန်သည် မျက်နှာသစ်တော်ရေကို ယူဆောင်လာပြီး အရှင်သခင်အား ဆက်သလိုက်သည်။

'စက်တော်ခေါ်လို့ ပျော်တော်မူပါရဲ့လား ဘုရား'

အဲမွန်သည် မျက်နှာသစ်တော်ရေကို ဆက်သရင်း ထုံးစံအတိုင်း လျှောက်တင်လိုက်ရာ ဗညားအိမ်သည် အဲမွန်အား မျက်နှာထားဖြင့် ပြန်ကြည့်လိုက်သည်။

'တစ်ညလုံး တစ်မှေးမှ အိပ်စက်လို့ မရဘူး။ မျက်စိတွေ ဖန်နေပြီး လူးလည်း နွမ်းလှပြီ'

ဗညားအိမ်သည် မျက်စိကို ပွတ်သပ်ရင်း ပြန်ပြောလိုက်သည်။

'ဒီလိုဆိုရင် တစ်မှေးလောက် ပြန်ပြီး စက်တော်ခေါ်ပါဦးလား ဘုရား'

အဲမွန်က အလိုက်အထိုက် လျှောက်တင်လိုက်ရာမှ ဗညားအိမ်သည်





အဲမွန်အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး အဲမွန်လက်မှ မျက်နှာသစ်တော်ရေကို လှမ်းယူလိုက်သည်။

'အိပ်စက်လို့ မရပါဘူး ဆိုတာကိုပဲ ပြန်ပြီး အိပ်စက်နိုင်းပြန်ပါပြီ။ ဒီမှာ အဲမွန်'

ဗညားအိမ်သည် အဲမွန်အား မာန်မဲလိုက်ပြီး တစ်စုံတစ်ရာ ပြောဆိုနေပြန်သည်။ 'နာခံလျက်ပါ ဘုရား'

အဲမွန်သည် ဗညားအိမ်၏ အမူအရာကို အကဲခတ်ရင်း အမိန့်ကို နာခံလျက် ရှိလေသည်။

'မနေ့ညက ငါ အရက်တွေ အလွန်အကျွံ သောက်စားမူးယစ်လာတယ် မဟုတ်လား'

ဗညားအိမ်က အဲမွန်အား မေးလိုက်သည်။

'ကျွန်တော်မျိုသက္ကာတော် ပျက်လောက်အောင် မူးယစ်လာသည်ကို မတွေ့ရကြောင်းပါ ဘုရား'

'လူမှန်းသူမှန်း မသိအောင် မူးယစ်လာတာကို ကျွန်တော်မျိုသက္ကာ မပျက်ဘူးလို့ ပြောရသလား။ ဒီမှာ အဲမွန်'

'နာခံလျက်ပါ ဘုရား'

'မနေ့ညက ငါ အရက်တွေ အလွန်အကျွံ သောက်လာခဲ့မိလို့ တစ်ညလုံး တစ်မှေးမှ စက်တော်ခေါ်လို့ မရဘူး။ မျက်လုံးတွေလည်း ဖန်နေတယ်၊ လူလည်း နွမ်းနေတယ်'

ဗညားအိမ်က ရီဝေသည့် မျက်လုံးများဖြင့် အဲမွန်အား ကြည့်ရင်း ပြောလိုက်ပြန်သည်။

'လန်းလန်း ဆန်းဆန်း ဖြစ်သွားအောင် မျက်နှာတော် သစ်တော်မူပါ ဘုရား'

'မျက်နှာတော် သစ်ပေမယ့် လန်းလန်းဆန်းဆန်း ဖြစ်မှာ မဟုတ်ဘူး'

'ဒီလိုဆိုရင် ရေမိုး သုံးသပ်တော်မူပါလား ဘုရား'

အဲမွန်က မျက်နှာလို မျက်နှာရ လျှောက်တင်လိုက်ပြန်သည်။

'စကားကြော ရှည်မနေစမ်းနဲ့။ ဒီမှာ အဲမွန်'

'နာခံလျက်ပါ ဘုရား'

'ဒေဝကို သွားခေါ်စမ်း'

'မြင်းစေကျော် မင်းဒေဝကို ပြောနေတာပါလား ဘုရား'

'မြင်းစေကျော် ဒေဝ မဟုတ်လို့ ဘယ်ဒေဝများ ရှိသေးလို့လဲ စကားကြော



www.burmeseclassic.com

www.burmeseclassic.com



ညီနောမရှိ ကြံဖန်ပြီး စကားကြောရှည်တဲ့အကောင်။ သွား...ဒေဝကို ရှေ့တော်သွင်းခဲ့'

ဗညားအိမ်က အမိန့်ပေးလိုက်သည်။

'မှန်လှပါ၊ မြင်းစေကျော်ကို အရှင့်သားရဲ့ အဆောင်တော်တွင်း ဆင့်ခေါ်လို့ သင့်တော်ပါ့မလား ဘုရား'

'စကားကြော ရှည်မနေနဲ့၊ ခုချက်ချင်း ဆင့်ခေါ်ခဲ့'

ဗညားအိမ်သည် စိတ်တိုသည့် အမူအရာဖြင့် လက်ထဲတွင် ကိုင်ထားသည့် မျက်နှာသစ်သော ရေဖလားဖြင့် အဲမွန်အား လှမ်းပေါက်ရင်း အမိန့်ပေးလိုက်သည်။ မျက်နှာသစ်သော ရေဖလားမှာ အဲမွန်အား မထိဘဲ အခန်း၏နံရံကို ထိသွားပြီး တစ်ခန်းလုံး ရေများ စိုသွားပေသည်။

အဲမွန်သည် အရှင်သခင် စိတ်တိုနေသည်ကို သိသဖြင့် တစ်စုံတစ်ရာ ပြန်မပြောဘဲ မျက်နှာသစ်သော ရေဖလားကို တရိုတသေကောက်ယူပြီး အဆောင်တော် အတွင်းမှ ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

'အဲမွန်'

ဗညားအိမ်က လှမ်းခေါ်လိုက်သဖြင့် အဲမွန်သည် ခြေလှမ်းတန့်သွားပြီး ဗညားအိမ်ဘက်သို့ လှည့်၍ ခြေစုံရပ်ပြီး အမိန့်သံ နားစွင့်နေပေသည်။

'ညက ငါ့စံအိမ်တော်ကို ပြန်လာတုန်းက ငါ့ကို ဘယ်သူတွေ လိုက်ပို့သလဲ'

ဗညားအိမ်က မေးလိုက်ပြန်သည်။

'မြို့ဝန်မင်း ဗညားဒလနဲ့ ဗိုလ်မှူးသမိန်စက္ကဝေါတို့အပြင် ဝင်းတော်မှူးအစရှိတဲ့ ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်ကြီးများ ကိုယ်တိုင် စံအိမ်တော်အရောက် လိုက်ပို့ကြောင်းပါ ဘုရား'

အဲမွန်က ပြန်လည် လျှောက်တင်လိုက်ရာ ဗညားအိမ်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ မျက်မှောင်ကြုတ်ပြီး ခေါင်းကို ပွတ်၍ စဉ်းစားနေသည်။

'ငါပြန်လာတော့ အတော် ညဉ့်နက်ပြီလား'

'သန်းခေါင်ကျော်ပါပြီ ဘုရား၊ မျက်နှာတော်သစ်ရေ ဆက်သပါရစေ ဘုရား'

အဲမွန်သည် မျက်နှာသစ်တော်ရေခပ်ရန် ခြေလှမ်းပြင်လိုက်ပြန်သည်။

'မျက်နှာသစ်တော်ရေ မလိုချင်ဘူး၊ မင်းဒေဝကို ဆင့်ခေါ်ချေ'

'ဝတ်လဲတော်များ လဲတော်မူပါဦး ဘုရား'

'စကားကြော ရှည်မနေစမ်းနဲ့၊ မင်းဒေဝကို ချက်ချင်း ဆင့်ခေါ်ခဲ့။ သွား'





ဗညားအိမ်က ကြမ်းပြင်ကို ဖနောင့်နှင့်ပေါက်ပြီး အမိန့်ပေးလိုက်ရာ အဲမွန်သည် အဆောင်တော်တွင်းမှ ပျာပျာသလဲ ထွက်လာခဲ့လေသည်။

ထိုနောက် များမကြာမီ အဆောင်တော်တွင်းသို့ မြင်းစေကျော် မင်းဒေဝ ဝင်လာသည်ကို မြင်ရပေသည်။

'ကျွန်တော်မျိုးကြီးကို အခေါ်တော် လွှတ်ပါသလား ဘုရား'

မင်းဒေဝသည် မနီးလွန်း မဝေးလွန်းသည့် နေရာတွင် ခြေစုံရပ်၍ ရိုသေစွာ ဦးညွှတ်ခစားရင်း မေးလျှောက်လိုက်သည်။

'ဒေဝ'

'ဘုရား'

'ရှေ့တိုး ခစားစမ်း'

ဗညားအိမ်က အမိန့်ပေးလိုက်သဖြင့် မင်းဒေဝသည် ရှေ့တိုးပြီး ခစားလိုက်သည်။

'ငါ ညက တစ်မှေးမှ အိပ်စက်လို့ မရဘူး။ တစ်ကိုယ်လုံးလည်း ရိုက်နှက်ထားသလို နာကျင်ကိုက်ခဲနေတယ်'

ဗညားအိမ်က စကားစလိုက်ရာ မင်းဒေဝလည်း ဗညားအိမ်အား ခြေဆုံး ခေါင်းဆုံး ကြည့်ပြီး မသိမသာ ပြုံးလိုက်သည်။

'ဒါကတော့ ဓမ္မတာမို့ မထူးဆန်းလှကြောင်းပါ'

မင်းဒေဝက ပြန်လည်လျှောက်တင်လိုက်ရာ ဗညားအိမ်သည် ခက်ထန်သည့် အမူအရာဖြင့် မင်းဒေဝအား စိန်းစိန်းကြီး ပြန်ကြည့်လိုက်သည်။

'ခွေးတိရစ္ဆာန်၊ ဘာစကား ပြောလိုက်တာလဲ'

'ဟုတ်တိုင်းမှန်ရာ လျှောက်တင်ခြင်း ဖြစ်ကြောင်းပါ။ ရွှေမြို့တော်သို့ ရောက်ရှိလာသည့် အချိန်မှစပြီး ညတိုင်းလိုလို အရှင့်သား သောက်စားမူးယစ်ပြီး ညဉ့်အချိန်မတော်မှ ပြန်လာလေ့ ရှိတဲ့အတွက် အိပ်ရေးပျက်ပြီး ကိုယ်လက်မအီမသာ ဖြစ်ရခြင်းပါ'

မြင်းစေကျော် မင်းဒေဝက ဟုတ်တိုင်းမှန်ရာ လျှောက်တင်လိုက်သည်။

'အရက်သောက်တာ ဘာဖြစ်သလဲ။ ဓသာက်သောက်စားစား လူမင်းသား၊ မသောက်မစား လူ့ငနွား ဆိုတဲ့ စကားပုံရှိတယ် မဟုတ်လား။ ပြီးတော့ ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်ကြီးတွေရဲ့ ညှော်ခံပွဲမှာ သောက်ကြ၊ စားကြ၊ ပျော်ပါးကြတဲ့ ဥစ္စာပဲ။ ငါတစ်ယောက်တည်း သောက်တာမှ မဟုတ်ဘဲ'

'ရာသူ့ဂုဏ်သိန် အချိန်အခါကြောင့် ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်ကြီးတွေလို့ ဆိုရပေမယ့် အကျင့်စာဂ ယုတ်ညံ့သူများ ဖြစ်သည်ကို အရှင့်သား သတိပြု



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်တော်မူပါ။ အပေါ်ယံ ရွှေမှုန်ကြဲထားသော်လည်း အတွင်းက နွားချေးခဲများသာ ဖြစ်ကြောင်းပါ'

မြင်းစေကျော် မင်းဒေဝသည် အရှင်သခင်၏ အလိုကို မလိုက်ဘဲ ဟုတ်တိုင်းမှန်ရာ ရဲရဲကြီးလျှောက်တင်လိုက်ရာ ဗညားအိမ်သည် မင်းဒေဝအား စားမတတ် ဝါးမတတ် အမူအရာဖြင့် ပြန်ကြည့်လိုက်သည်။

'စော်ကားလှချည်လား၊ ငါ့မိတ်ဆွေ ရောင်းရင်းတွေကို စော်စော်ကားကား ပြောရသလား။ မိုက်မဲလှချည်လား'

'စော်ကားခြင်း မဟုတ်ကြောင်းပါ၊ အရှင့်သား၏ မိတ်ဆွေရောင်းရင်း ဆိုသူများမှာ မိတ်ဆွေစစ်များ မဟုတ်ကြောင်းပါ။ မိတ်ဆွေတု မိတ်ဆွေယောင်များသာ ဖြစ်ကြောင်းပါ။ မိတ်ဆွေဟန်ဆောင်ပြီး အရှင့်သားကို အသူတစ်ရာ နက်သော ချောက်ထဲသို့ ဆွဲချနေသူများ ဖြစ်ကြောင်းပါ'

မင်းဒေဝသည် အလျှော့မပေးဘဲ ရဲရဲကြီး လျှောက်တင်လိုက်ပြန်သည်။

'ငါနဲ့ အင်မတန် ရင်းနှီးချစ်ကြည်တဲ့ မိတ်ဆွေရောင်းရင်းတွေကို စော်စော်ကားကား ပြောတာ ကောင်းသလား'

'အရှင့်သား၏အကျိုးကို လိုလားသူဖြစ်ပါသဖြင့် ဟုတ်တိုင်းမှန်ရာကို ရဲရဲကြီး လျှောက်တင်နေခြင်း ဖြစ်ကြောင်းပါ'

'စိတ်ယုတ်မာရှိတဲ့ ပုဂ္ဂိုလ်တွေ ဆိုတာ ဘယ်သူတွေလဲ၊ ပြောစမ်း'

'မည်သူမည်ဝါတွေ ဆိုတာ ပြောရ မလွယ်ကြောင်းပါ။ ကျွန်တော်မျိုးကြီး သိသလောက် လျှောက်တင်ရမည်ဆိုလျှင် အရှင့်သားအား မိတ်ဆွေဟန်ဆောင်ပြီး နောက်ကျောကို ဓားနှင့်ထိုးရန် ကြံစည်နေသူများတွင် ဗိုလ်မှူးကြီး သမိန်စက္ကဝေါနှင့် ဝင်းတော်မှူး ဗညားကျန်းထောတို့ အပါအဝင် ဖြစ်သည်ကိုမူ ရဲရဲကြီး လျှောက်တင်ဝံ့ကြောင်းပါ'

'တော် တော်။ ဒီစကား ဒီမှာတင် ရပ်ပါ။ မင်းပြောတဲ့ ပုဂ္ဂိုလ်ကြီးတွေက ရွှေမြို့တော်ရဲ့ မျက်နှာဖုံး၊ တစ်နိုင်ငံလုံးက ရိုသေလေးစားအပ်တဲ့ သူရဲကောင်းကြီးတွေပါ။ ငါနဲ့ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေရောင်းရင်းတွေကို မစော်ကားချင်စမ်းပါနဲ့'

'ရိုသေလေးစားအပ်တဲ့ သူရဲကောင်းကြီးတွေလို့ ဆိုရလောက်အောင် နိုင်ငံသူ နိုင်ငံသားတွေရဲ့ အကျိုးကို ဘယ်လိုများ သယ်ပိုးဆောင်ရွက်ခဲ့ပါသလဲ ဘုရား။ တိုင်းသားပြည်သူတွေရဲ့ အခွန်ဘဏ္ဍာတော်တွေကို အလွဲသုံးစားလုပ်ပြီး





အပျော်အပါး၊ လောင်းကစားနဲ့ အချိန်ဖြုန်းနေတဲ့ လူတွေကို သူရဲကောင်းလို့ ခေါ်နိုင်ပါသလား ဘုရား'

'အို ဘာပဲပြောပြော ဒီပုဂ္ဂိုလ်ကြီးတွေဟာ ငါ့ရဲ့ အကျိုးကို လိုလားတဲ့ မိတ်ဆွေရောင်းရင်းတွေပါ'

'မိတ်ဆွေဟန်ဆောင်နေတဲ့ ရန်သူကို ပိုပြီး ကြောက်ရကြောင်းပါ'

'စကားကြော ရှည်မနေစမ်းပါနဲ့၊ မင်းနဲ့ စကားပြောရတာ အာခေါင် တောင် ခြောက်လာပြီ။ ရေကြည်တော် ဆက်သစမ်း'

'ကောင်းလှပါပြီ အရှင့်သား'

မင်းဒေဝသည် ပေါ့ပါးသည့် ခြေလှမ်းများဖြင့် ရေကြည်တော် ခပ်ယူလာပြီး ဆက်သလိုက်ရာ ဗညားအိမ်သည် အားရပါးရ သောက်လိုက်သည်။

'ဒေဝ'

ဗညားအိမ်သည် ရေကြည်တော် သောက်သုံးပြီးနောက် မင်းဒေဝ၏ လက်သို့ ရွှေဖလား ပြန်ပေးရင်း ခေါ်လိုက်သည်။

'ခစားလျက် ရှိကြောင်းပါ'

'ရွှေမြို့တော်မှာ နေရတာ မပျော်ဘူးလား'

'မပျော်ပိုက်ကြောင်းပါ၊ ရွှေမြို့တော်ဟာ နတ်ဘုံနတ်နန်းတမျှ စည်ကားစိုပြည်လှသော်လည်း ဂုဏ်ပကာသနကို ဦးစားပေးပြီး အတုအယောင်တွေ သေါများလှပါသဖြင့် စိတ်မချမ်းမြေ့ကြောင်းပါ။ ကျွန်တော်မျိုးကြီး အနေနှင့် ဂုဏ်ပကာသနနဲ့ အတုအယောင်တွေ လွှမ်းမိုးနေတဲ့ ရွှေမြို့တော်မှာ နေရတာ ထက်၊ စိမ်းလန်းစိုပြည်သည့် တောင်ယာပဲခင်းများကို မျက်စိတစ်ဆုံး မြင်နေရတဲ့ ဆောင်းတူးမြို့မှာ နေရတာ ပိုပြီး ပျော်မွေ့ကြောင်းပါ။ ပိုပြီး စိတ်နှလုံး ကြည်နူးကြောင်းပါ'

'မင်း အရူးပဲ'

'ရူးတယ် ဆိုချင်ဆို'

'တော် တော်၊ ရှေ့မဆက်နဲ့။ ဒီမှာ ဒေဝ'

'ခစားလျက်ပါ'

'ရွှေမြို့တော်ကို ရောက်လာတဲ့ အချိန်ကစပြီး ကြွေအန်ဝိုင်းမှာ ငါ ဘယ်လောက်ရှုံးတယ်ဆိုတာ မင်းသိရဲ့လား'

'မိန့်တော်မူမှ သိရမယ့်သူ ဖြစ်ကြောင်းပါ'

'စုစုပေါင်း ကြေးခွက်တစ်ရာနဲ့ ရွှေသုံးပိဿာ ပေးလျော်လိုက်ရပြီ'

'လောင်းကစားမှု မှန်သမျှ မည်သူ့ကိုမျှ အကျိုးမပေးနိုင်ကြောင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



မင်းဒေဝက ပြန်လည်လျှောက်တင်လိုက်ရာ ဗညားအိမ်သည် မျက်နှာအား သုန်သုန်မှုန်မှုန်ဖြင့် မင်းဒေဝအား ပြန်ကြည့်လိုက်သည်။

'မင်း ဘာနားလည်လို့ ဒီစကားကို ပြောရတာလဲ၊ ကြွေတစ်လက်ကြက်တစ်ခုန် ဆိုတဲ့စကား မင်းမကြားဖူးဘူးလား။ ကုသိုလ်ကံ နိမ့်နေတုန်းမို့ ရှုံးတာပါ။ ကံထမ်းလာတာကို မမြင်နိုင်ဘူး မဟုတ်လား'

'ကံကိုယုံပြီး ဆုံးပုံကို နင်းလျှင် ဇကန်မုချ ဆုံးရှုံးခံရမည်သာ ဖြစ်ကြောင်းပါ။ မမြင်နိုင်သည့် ကံကို ယုံစားအားကိုးနေမည့်အစား နှလုံးရည်နှင့် လက်ရုံးရည်ကို အရင်းတည်ပြီး ခမည်းတော်ရဲ့ ရိုက်ရာဖြစ်တဲ့ ဆောင်းတူးမြို့နယ် စည်ပင်သာယာဝပြောရေးကို ရှေ့ဆောင်ရှေ့ရွက် ပြုလုပ်ခြင်းက ပိုမို၍ အကျိုးဖြစ်ထွန်းနိုင်စရာ ရှိသည်ကို သတိချပ်တော်မူပါ'

'ဒီမှာ ဒေဝ၊ မင်း ငါ့ကို သွန်သင်နေစရာ မလိုဘူး၊ ဩဇာပေးနေစရာ မလိုဘူး'

'သွန်သင်နေခြင်း မဟုတ်ပါ၊ ဩဝါဒ ပေးနေခြင်းလည်း မဟုတ်ပါ။ ပညာရှိ သတိဖြစ်ခဲ ဆိုသလို သတိလက်လွတ် ဖြစ်နေမည်စိုး၍ သတိပေးနေခြင်းသာ ဖြစ်ကြောင်းပါ။ အရှင့်သားအား အပိုင်စားပေးသနားတော်မူသည့် နယ်ပယ်မှ တောင်သူလယ်သမား ဆင်းရဲသားများ၏ အခွန်ဘဏ္ဍာတော်များကို ကြွေအန်ကြက်ဝိုင်း အစရှိသည့် လောင်းကစားဝိုင်းများတွင် ဖြုန်းတီးပစ်ခြင်းမှာ မလျော်ကန်ပါ။ တောင်သူလယ်သမား ဆင်းရဲသားများ၏ ချွေးနဲ့စာ အခွန်ဘဏ္ဍာတော်များဖြင့် တောင်သူလယ်သမား ဆင်းရဲသားများ ဘဝသာယာဝပြောရေး၊ ရပ်ရွာနယ်ပယ် စည်ပင်တိုးတက်ရေး၊ လမ်းပန်း သာယာရေး၊ အရောင်းအဝယ် ဖွံ့ဖြိုးရေး စသည်တို့ကို ရှေးရှုပြီး လုပ်ကိုင်သင့်ကြောင်းပါ။ အသောက်အစားနှင့် လောင်းကစားမှုများမှာ ဆားငန်ရည်နှင့်တူပါသဖြင့် သောက်လေ၊ သောက်လေ ငတ်မပြေဖြစ်ပြီး ပျက်စီးခြင်းဖြင့်သာ အဆုံးသတ်ရပါလိမ့်မည်'

'ကြွေအန်ကစားရုံနဲ့ ပျက်စီးနိုင်ပါ့မလား'

'အရှင့်သား တစ်ဦးတည်းသာမက အရှင့်သား၏ ပတ်ဝန်းကျင် အသိုက်အဝန်းပါ ပျက်စီးနိုင်ကြောင်းပါ'

'ပတ်ဝန်းကျင် အသိုက်အဝန်းဆိုတာ ဘာလဲ'

'ဥပမာ အရှင့်သားရဲ့ အစ်မတော် နှင်းကေသရာ ခင်စောမယ်ရဲ့ ဂုဏ်သိက္ခာတော်ကို ညှိုးနွမ်းစေနိုင်ကြောင်းပါ'

မင်းဒေဝက ပြန်လည်လျှောက်တင်လိုက်ရာ ဗညားအိမ်၏ မျက်နှာမှာ နီရဲသွားပြီး ထိုမှတစ်ဖန် ညိုမည်းသွားပြန်သည်။





'ဘာဖြစ်လို့ အစ်မတော်ဘုရားရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းရမှာလဲ၊ ဆိုင်တာကို မလျှောက်တင်စမ်းနဲ့'

ဗညားအိမ်က ရှက်ရမ်း ရမ်းလိုက်သည်။

'ဂုဏ်သိက္ခာ ညှိုးနွမ်းရုံသာမက ပျက်စီးခြင်းသို့ပင် ရောက်နိုင်ကြောင်းပါ ဘုရား။ အစ်မတော်ဘုရား သာမက အစ်မတော်ဘုရား၏ လက်ခွဲတော် သုမာလာရဲ့ ဂုဏ်သိက္ခာနဲ့တကွ အသရေပါ ညှိုးနွမ်းနိုင်ကြောင်းပါ ဘုရား'

မြင်းစေကျော် မင်းဒေဝက အလျှော့မပေးဘဲ ဆက်လက်၍ လျှောက်တင်လိုက်သည်။ "သုမာလာ" ဟူသော အမည်ကို ကြားရသောအခါ ဗညားအိမ်၏ ညိုပုပ်ပုပ် မျက်နှာထားမှာ မသိမသာ ကြည်လင်လာပေသည်။

'သုမာလာ ဆိုတာ မင်းရဲ့ချစ်သူ မဟုတ်လား၊ မင်းရဲ့ချစ်သူကို မင်း လွှမ်းဆွတ်လို့ပြီ ထင်တယ်'

ဗညားအိမ်က ပြန်ပြောလိုက်ရာ၊ မင်းဒေဝမှာ မျက်နှာမထားတတ်အောင် ဖြစ်သွားပေသည်။

'အရှင့်သားရဲ့ အကျိုးကို လိုလားပါသဖြင့် ပညာရှိ သတိဖြစ်ခဲ ဆိုသလို သတိလက်လွတ် ဖြစ်မည်စိုး၍ သတိပေးနေရခြင်းသာ ဖြစ်ကြောင်းပါ၊ သုမာလာကို လွမ်းဆွတ်အောက်မေ့သဖြင့် အရှင့်သားအား ဆောင်းတူးမြို့သို့ ပြန်လည်ကြွမြန်းတော်မူရန် မဲဆွယ်နေခြင်း မဟုတ်ကြောင်းပါ။ သေရည်သေရက်နှင့် လောင်းကစားမှုသည် မည်သူ့ကိုမျှ အကျိုးမပေးနိုင်ကြောင်းပါ။ ပျက်စီးရာပျက်စီးကြောင်း လမ်းစဖြစ်ပါသဖြင့် အသောက်အစားနှင့် လောင်းကစားကို ဆင်ခြင်တော်မူပြီး အရှင့်သားအား အပိုင်စား ပေးသနားတော်မူသည့် နယ်ပယ်ဒေသ၏ စည်ပင်သာယာရေး၊ နယ်သူနယ်သား တောင်သူလယ်သမားများ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် နတ်ရွာစံ ခမည်းတော် မြို့စားကြီး ချမှတ်တော်မူခဲ့သည့် လမ်းစဉ်ကို ပြန်လည် အကောင်အထည်ဖော်ရန် အချိန်သင့်ပြီဖြစ်ကြောင်း လျှောက်တင်ဝံ့ကြောင်းပါ'

'ဒေဝ'

'ခစားလျက်ပါ'

'မြို့စားရဲ့ ရိုက်ရာကို ဆက်ခံမယ့်လူ ဆိုတာ ရွှေမြို့တော်မှာ လာပြီး မြို့ရွာနယ်ပယ် စီမံအုပ်ချုပ်ရေးကို လေ့လာဖို့ လိုတယ် မဟုတ်လား။ ဘုရင်မထံ အစေတားဝင်နိုင်အောင် ကြိုးစားပြီး ဘုရင်မနဲ့ ရင်းနှီးအောင်လည်း ကြိုးစားဖို့ လိုတယ် မဟုတ်လား။ ဘုရင်မထံ အခစားဝင်နိုင်ရေးအတွက် ဘုရင်မနဲ့ နီးခပ်တဲ့ မြို့ဝန်မင်းတို့၊ ဗိုလ်မှူးကြီးတို့နဲ့ အလိုက်အထိုက် ပေါင်းသင်းနေရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သေချည်သေရက် သောက်စားပြီး ကြွေအန်ကြက်တိုက် အစရှိတဲ့ လောင်းကစားမှုများကို ဝါသနာထုံလွန်းလို့ သောက်စား လောင်းကစားနေတာ မဟုတ်ပါဘူး။ အသောက်အစားနဲ့ လောင်းကစား ဖက်လာမှသာ မြို့ဝန်မင်းတို့၊ ဗိုလ်မှူးကြီးတို့နဲ့ ပိုမိုပြီး ရင်းနှီးမယ် မဟုတ်လား'

ဗညားအိမ်က ပြန်ပြောလိုက်သည်။

'အစရှိလျှင် အနှောင်နှောင် ဆိုသလို ဖြစ်မည်စိုးသဖြင့် သတိပေးနေရခြင်းပါ။ ယခုပင်လျှင် ကြွေအန်လောင်းကစားမှုကြောင့် ကြေးခွက်တစ်ရာနှင့် ရွှေချိန် ၃ ပိဿာ အရှုံးထွက်နေပြီ ဖြစ်ကြောင်း အရှင့်သား၏ မိန့်ကြားချက်အရ သိရကြောင်းပါ။ ဤအတိုင်းသာ ဆက်ပြီး ရှုံးနေပါလျှင် ကြွေးလည်ပင်းခိုက်ပြီး ကြွေးရှင်များ ကြိုးဆွဲရာ က ရသည့် ဘဝကို ရောက်သွားနိုင်ကြောင်းပါ။ ပျက်စီးခြင်းသို့တိုင် ရောက်နိုင်ကြောင်းပါ'

မင်းဒေဝက ထပ်လောင်း၍ သတိပေးလိုက်ပြန်၏။

'ကြွေးတင်ပြီး ကျွန်ဖြစ်သွားလိမ့်မယ်လို့ လျှောက်တင်လိုက်တာလား'

'မဝံ့ကြောင်းပါ၊ သို့ပါသော်...'

မင်းဒေဝသည် ရှေ့ဆက်ပြီး မလျှောက်တင်ဝံ့သဖြင့် စကားကို ဖြတ်ထားလိုက်သည်။

'ဒေဝ'

'ခစားလျက် ရှိကြောင်းပါ'

'မင်းဟာ ငါ့အပေါ်မှာ သစ္စာရှိတဲ့ လူယုံတော်တစ်ယောက် ဖြစ်ကြောင်း ငါ မမိုတ်မသုန် ယုံကြည်တော်မူတယ်။ ငါ့ရဲ့ အကျိုးကို လိုလားသူဖြစ်ကြောင်း ငါ သိတယ်။ ငါ့ကို စေတနာနဲ့ သတိပေးနေတယ် ဆိုတာလည်း ငါ သံသယ လုံးဝမရှိဘူး။ မင်းကို ငါ့ရဲ့ လူယုံတော်အဖြစ် ငါဖွင့်ပြောသင့်သလောက် ပြောရဦးမယ်။ ကြွေအန်ဝိုင်းမှာ ရှုံးတဲ့ ကြေးငွေများအပြင် ကြက်ဝိုင်းမှာ ရှုံးတဲ့ ကြေးငွေတွေနဲ့ မင်းဘုရားကြီးတွေကို ဧည့်ခံပြုစုရတဲ့အတွက် ကုန်ကျတဲ့ စရိတ်တွေပါ ထည့်ပြီး ပေါင်းလိုက်မယ်ဆိုရင် ကြွေး လည်ပင်းခိုက်တော့မလောက် ဖြစ်နေတယ်။ ဒါကို အစ်မတော်ဘုရားသာ သိရင် ရင်ကျိုးမှာပဲ။ ဒါကြောင့် လှေမျောရင် လှေချင်း လိုက်ရတယ် ဆိုတဲ့ စကားနဲ့အညီ ငါ ရှုံးထားတဲ့ ကြေးငွေတွေကို ရင်းစားပြန်ရအောင် ကြွေအန်လောင်းကစား နေရတာပါ။ ကြွေတစ်လက် ကြက်တစ်ခုန် ဆိုတဲ့ စကားနဲ့အညီ ကုသိုလ်ကံ ကောင်းရင် ရင်းစား ပြန်ရနိုင်ကောင်းပါတယ်'





'ရင်းစားမရဘဲ လှုပ်လေမြုပ်လေ ဆိုသလို နစ်နင်းမြုပ်သွားမည်ကို စိုးရိမ်ရကြောင်းပါ ဘုရား'

'နိမိတ်မရှိတဲ့စကား မကြားချင်ဘူး၊ ဒီမှာ ဒေဝ'

'နာခံလျက် ရှိကြောင်းပါ'

'ကြွေအန်ဝိုင်းနဲ့ ကြက်ဝိုင်းမှာ ငါရှုံးခဲ့တာတွေကို အစ်မတော်ဘုရားနားသို့ လေသံမျှ မကြားစေနဲ့၊ ကြားလား။ သတင်း မပေါက်ကြားစေနဲ့၊ သတင်းပေါက်ကြားရင် သေဖို့သာ ပြင်'

ဗညားအိမ်က သတိပေးလိုက်သည်။

'ကျွန်တော်မျိုးကြီး ကတုန်းကတိုက် မလုပ်တတ်ကြောင်း အရှင့်သားအသိဆုံး ဖြစ်ကြောင်းပါ။ အစ်မတော်ဘုရားအကြောင်း မိန့်တော်မူလို့ အစ်မတော်ဘုရားထံမှ စာလွှာတစ်စောင် ရောက်ရှိလာကြောင်း လျှောက်တင်ဝံ့ကြောင်းပါဘုရား'

မင်းဒေဝက လျှောက်တင်လိုက်ရာ ဗညားအိမ်သည် မင်းဒေဝအား စေ့စေ့ကြည့်လိုက်သည်။

'အစ်မတော်ဘုရားဆီက စာလွှာတစ်စောင် ရောက်လာတယ်၊ ဟုတ်လား'

'မှန်လှကြောင်းပါ'

'အစ်မတော်ဘုရားဆီက စာလွှာကို ဆက်သစေ'

'လူကြုံတော်နှင့် ပါးလိုက်သည့်စာ ဖြစ်ပါသဖြင့် ကျွန်တော်မျိုးကြီး ဆက်သနိုင်စွမ်း မရှိကြောင်းပါ'

'ဒါဖြင့် လူကြုံတော်ဆီ သွားပြီး တောင်းယူခဲ့စမ်း'

'တစ်ဆင့်လွှဲပြောင်းပြီး မပေးနိုင်ကြောင်း လူကြုံတော်ထံမှ ကြားသိရကြောင်းပါ။ လူကြုံတော်ကိုယ်တိုင် အရှင့်သား၏ ရွှေလက်တော်သို့ ဆက်သခွင့်ရမှ ဆက်သနိုင်မည် ဖြစ်ကြောင်း ပြောပါသည် ဘုရား'

'ကြီးကျယ်လှချည်လား၊ လူကြုံတော်က ဘယ်လိုလူစား မို့လို့လဲ'

'ကျေးတောသားပင် ဆိုရငြားသော်လည်း ရည်မွန်သူတစ်ဦး ဖြစ်ကြောင်းပါ။ အရှင့်သား၏ ဘုန်းရိပ်ကံရိပ်ကို ခိုလှုံလိုကြောင်း သိရပါကြောင်း'

'အပြောအဆို ယဉ်ကျေးသိမ်မွေ့ရဲ့လား'

'မြို့ကြီးသားနီးပါး ယဉ်ကျေးသိမ်မွေ့ကြောင်းပါ'

'ကောင်းပြီ၊ မျက်နှာတော်သစ်ပြီး ဝတ်လဲတော်များ လဲလိုက်ဦးမယ်။ လင်းသာတဲ့ အချိန်အထိ စောင့်ခိုင်းထားပြီးတော့ အဲမွန်ကို လွှတ်လိုက်စမ်း'

'ကောင်းလှပါပြီ အရှင့်သား'



www.burmeseclassic.com

www.burmeseclassic.com



မင်းဒေဝသည် အခန်းထဲမှ ပြန်ထွက်ရန် ခြေလှမ်းပြင်လိုက်ရာ ဗညားအိမ်က လက်ဝါးကာပြီး တားလိုက်ပြန်သည်။

'ခဏနေဦး၊ အဲမွန်ကို မခေါ်နဲ့တော့၊ မျက်နှာသစ်တော်ရေနဲ့ ဝတ်လဲတော်တွေ ယူခဲ့စမ်း။ ပြီးတော့ မင်းကိုယ်တိုင် အစ်မတော်ဘုရားဆီက စေလွှတ်လိုက်တဲ့ လုလင်တော်ကို ငါ့ရဲ့ ရှေ့တော်မှောက်သို့ သွင်းလာခဲ့။ ကြားလား'

ဗညားအိမ်က အမိန့်ပေးလိုက်ရာ မင်းဒေဝသည် မျက်နှာသစ်တော်ရေနှင့် ဝတ်လဲတော်များကို ယူလာပြီး ဆက်သလိုက်သည်။ ၎င်းနောက် များမကြာမီ ကျေးတောသားရုပ် ပေါက်နေသော်လည်း သန့်သန့်ပြန့်ပြန့် ဝတ်စားဆင်ယင်လာသော လူရွယ်တစ်ယောက်ကို ဗညားအိမ်၏ ရှေ့တော်မှောက်သို့ သွင်းလာခဲ့ပေသည်။

ဗညားအိမ်သည် အစ်မတော်ဘုရားထံမှ စေလွှတ်လိုက်သည့် လုလင်တော်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး မသိမသာ ပြုံးလိုက်သည်။

'ရွှေမြို့တော်ကို တစ်ခါတစ်ခေါက်မှ မရောက်ဖူးဘူး မှတ်တယ်'

ဗညားအိမ်က စကားစလိုက်သည်။

'မှန်လှပါ၊ နတ်ရွာစံမြို့စားကြီး၏ သမီးတော် ခင်စောမယ်က တာဝန်ပေးချက်အရ သခင်မကိုယ်စား အသည်ကျေးတောသား သီရိဗြတ်ကမွန် ရွှေမြို့တော်သို့ ရောက်လာရခြင်း ဖြစ်ကြောင်းပါ။ သခင်မ၏ကိုယ်စား စာလွှာတော် ပါလာကြောင်းပါ'

သီရိဗြတ်ကမွန်သည် မိမိ နှုတ်တိုက်ရွတ်ဆိုပေးချက် အရ ခင်စောမယ် ရေးပေးလိုက်သည့် ဒုတိယစာလွှာကို ဗညားအိမ်သည် ကတ္တီပါ အိတ်ထဲမှ စာလွှာကို ထုတ်ယူပြီး တစ်လုံးချင်း ဖတ်ရှုနေပေသည်။

'ငါ့ဆီမှာ အမှုတော်ထမ်းရအောင် လာခဲ့တယ် ဆိုပါတော့။ နာမည်က သီရိဗြတ်ကမွန်တဲ့လား'

ဗညားအိမ်သည် စာလွှာကို ဖတ်ရှုပြီး သီရိဗြတ်ကမွန်အား မေးလိုက်သည်။

'ဤအတိုင်း အမှန်ပင် ဖြစ်ကြောင်းပါ'

'မင်းကို လိမ္မာယဉ်ကျေးအောင် ဆုံးမဖို့နဲ့ နည်းပေးလမ်းပြ လုပ်ဖို့ အစ်မတော်ဘုရားက ငါ့ကို ပုံအပ်လိုက်တယ်'

'အရှင့်အသား၏ ဆုံးမဩဝါဒကို ခံယူရန် အသင့်ရှိကြောင်းပါ'

သီရိဗြတ်ကမွန်က ကျေးတောသား အသွင်ဖြင့် ပြန်လည်လျှောက်တင်လိုက်ရာ၊ ဗညားအိမ်သည် ညောင်စောင်းပေါ်ရှိ အိစက်ညက်ညောသည့်





ကတ္တီပါမှိုအုံးများကို ကိုယ်ထက်ဝက်မြှပ်သွားအောင် မှီရင်း သီရိဗြတ်ကမွန်၏ အင်္ဂါရုပ်နှင့် ဆင်ယင်ထုံးဖွဲ့မှုကို အနုလုံပဋိလုံ လေ့လာနေပေသည်။

'ကောင်းပြီ၊ ခုအချိန်ကစပြီး ငါ့ဆီမှာ အမှုတော်ထမ်းခွင့် ပြုလိုက်သည်။ ရွှေမြို့တော်တွင် ခေတ္တစံနေတော်မူခိုက် မြို့ဝန်မင်း ဗညားဒလ၏ အကူအညီဖြင့် ဘုရင်မထံ အခစားဝင်ရောက်ခွင့် ရလိမ့်မယ်။ ဘုရင်မ၏ ရှေ့တော်မှောက်သို့ အခစားဝင်ခွင့် ရလျှင် ရွှေနန်းတော်သို့ သီရိဗြတ်ကမွန်ပါ ငါနှင့်အတူ ခေါ်ဆောင်သွားမည်'

ဗညားအိမ်က တည်ငြိမ်သည့် ဣန္ဒြေဖြင့် မိန့်ကြားလိုက်သည်။

'ရွှေနန်းတော်ကို ဝင်ခွင့်ရပြီး ဘုရင်မအား နီးနီးကပ်ကပ် ဖူးမြော်ခွင့်ရမည်ဆိုလျှင် သီရိဗြတ်ကမွန် သေပျော်ပြီ ဖြစ်ကြောင်းပါ။ အရှင့်သား၏ ကျေးဇူးကိုလည်း သီရိဗြတ်ကမွန် ဆပ်၍ ကုန်နိုင်တော့မည် မဟုတ်ကြောင်းပါ'

သီရိဗြတ်ကမွန်သည် ဝမ်းသာအားရသော အမူအရာဖြင့် လျှောက်ဆင်လိုက်သည်။

'ကောင်းပါပြီ၊ ဒီနေ့ညက စပြီး ငါ့ရဲ့ အပါးတော်မှာ ခစားပြီး ငါပေးအပ်တဲ့ တာဝန်ကို ထမ်းရွက်ရလိမ့်မယ်'

ဗညားအိမ်က အမိန့် ချမှတ်လိုက်ပြီး မင်းဒေဝကို လှမ်းခေါ်လိုက်သည်။

'မင်းဒေဝ'

'နာခံလျက် ရှိကြောင်းပါ'

'သီရိဗြတ်ကမွန်ကို နေရာချထားပေးလိုက်စမ်း။ စားရေး သောက်ရေး နေရေးအတွက် မင်း လုံးဝ တာဝန်ယူရလိမ့်မယ်။ ကြားလား'

ဗညားအိမ်က လူယုံတော် မြင်းစေကျော်ဒေဝအား တာဝန်ပေးအပ်လိုက်သည်။

'လျှောက်တင်စရာ တစ်ခု ကျန်ရှိနေသေးကြောင်းပါ။ လျှောက်တင်ခွင့် ပြုတော်မူပါ'

သီရိဗြတ်ကမွန်က ဗညားအိမ်ထံ ခွင့်ပန်လိုက်သည်။

'လျှောက်တင်စရာ ရှိလျှင် ခြွင်းချက်မရှိ လျှောက်တင်စေ'

ဗညားအိမ်က ခွင့်ပြုလိုက်သည်။

သီရိဗြတ်ကမွန်မှာ အစ်မတော်ထံမှ စေလွှတ်လိုက်သည့် စေတမန် ဖြစ်၍ အစ်မတော်နှင့် ထပ်တူထပ်မျှ သဘောထားကာ ပြုစုစောင့်ရှောက်ရန်



www.burmeseclassic.com

www.burmeseclassic.com



အခ်ခဆောင်၏ စာလွှာတွင် ပါရှိသဖြင့် ဗညားအိမ်သည် သီရိဗြတ်ကမွန်အား အထူးအခွင့်အရေး ပေးထားခြင်း ဖြစ်ပေသည်။

'သာမန် အရပ်သားများ ရောက်နိုင်ခဲသည့် ရွှေနန်းတော်သို့ ဝင်ခွင့်ရရှိရေးနှင့် ဘုရင်မ၏ရှေ့တော်မှောက်တွင် ဝင်ရောက်ခစားခွင့် ရရှိရေးအတွက် မြို့ဝန်မင်း ဗညားဒလ၏ အကူအညီဖြင့် အစီအစဉ်များ ပြုလုပ်ပေးမည်ဟု ကြားသိရသဖြင့် သီရိဗြတ်ကမွန် အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြောင်းပါ။ အရှင့်သားတော်ထံ လာရကျိုးနပ်သည် ဟူ၍လည်း မှတ်ထင်ကြောင်းပါ။ ရွှေနန်းတော်သို့ ဝင်ခွင့်ရရေးနှင့် ဘုရင်မအား နီးနီးကပ်ကပ် ဖူးမြော်ခစားခွင့်ရရေးအတွက် စီစဉ်မှုများ ပြုလုပ်နေချိန်တွင် အရှင့်သား၏ ရောင်းရင်းများဖြစ်သော မှူးကြီးမတ်ရာ သေနာပတိများ၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားပြီး နန်းတွင်းသူ နန်းတွင်းသားတို့၏ အပြောအဆို အမူအရာနှင့် အသုံးအနှုန်းများကို လေ့လာခွင့် ရရှိအောင် ဆောင်ရွက်ပေးပါမည့် အကြောင်း လေးစားရိုသေစွာ တောင်းပန်အပ်ပါသည်'

သီရိဗြတ်ကမွန်က လိမ္မာပါးနပ်စွာဖြင့် တောင်းဆိုလိုက်သည်။

'ဟုတ်ပေသားပဲ၊ ကျေးတောသားတို့ အမူအကျင့်နဲ့ ရွှေနန်းတော်ဝင်လို့ မဖြစ်ဘူး။ နန်းတွင်းသူ နန်းတွင်းသားတွေရဲ့ အမူအကျင့်နဲ့ အသုံးအနှုန်း အစရှိတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို လေ့လာဦးမှပေါ့။ ကောင်းပြီလေ၊ ဒီနေ့ည ဝင်းတော်မှူးရဲ့ ဥယျာဉ်တော်မှာ ညှော်ခံပွဲတစ်ခု ရှိတယ်။ အဲဒီ ညှော်ခံပွဲကို ငါနဲ့အတူ လိုက်လာခဲ့ပြီး လေ့လာပေါ့'

'ကောင်းလှပါပြီ အရှင့်သား။ ယခုလို ကူညီစောင်မတော်မူသည်ကို သီရိဗြတ်ကမွန် အတိုင်းမသိ ကျေးဇူးတင်ရှိကြောင်းပါ'

သီရိဗြတ်ကမွန်က ကျေးဇူးတင်စကား ပြောကြားလိုက်သည်။

'ကဲ ဒေဝ၊ သီရိဗြတ်ကမွန်ကို နေရာချထားပေးလိုက်လေ'

ဗညားအိမ်က မြင်းစေကျော် မင်းဒေဝအား အမိန့်ပေးလိုက်ပြန်သည်။

'လျှောက်တင်စရာ ကျန်ရှိသေးကြောင်းပါ'

သီရိဗြတ်ကမွန်က ခွင့်ပန်လိုက်ပြန်သည်။

'လျှောက်တင်စေ'

'ကျွန်တော်မျိုးကြီးနှင့်အတူ ရွှေမြို့တော်ကို မရောက်ဖူးတဲ့ ကျေးတောသားတစ်ဦး ပါလာကြောင်းပါ။ ကျွန်တော်မျိုးကြီးနှင့် ညီရင်းအစ်ကိုပမာ ချစ်ခင်ရင်းနှီးသော မိတ်ဆွေရောင်းရင်း ဖြစ်ပါသဖြင့် ကျွန်တော်မျိုးကြီးနှင့်အတူ အရှင့်သားထံတွင် အမှုတော်ထမ်းခွင့်ပြုတော်မူပါ။ မင်းပွဲစိုးပွဲများသို့ တက်ရောက်သည့်





အခါများတွင်လည်း ကျွန်တော်မျိုးကြီးနှင့်အတူ လိုက်ပါခွင့် ပြုတော်မူပါ။ ကျေးတောသားများ ဖြစ်ကြပါသဖြင့် မြို့ကြီးသူ မြို့ကြီးသားများ၏ ဓလေ့ထုံးခံ အမူအကျင့်နှင့် ယဉ်ကျေးမှုများကို လေ့လာပြီး အတုယူလိုကြောင်းပါ'

'ကျေးတောသားရဲ့ နာမည်က ဘယ်လိုခေါ်သလဲ'

'မင်းစည်သူပါ၊ ကျေးတောသားပင် ဖြစ်လင့်ကစား စာပေများ တတ်မြောက်သူဖြစ်၍ မိကောင်းဖခင်သား ဖြစ်သည်နှင့်အညီ ရည်ရည်မွန်မွန် ရှိကြောင်းပါ'

'မင်းစည်သူတဲ့လား၊ နာမည်ကတော့ ယဉ်စပါလား။ ကောင်းပြီလေ၊ မင်းစည်သူကိုပါ သီရိဗြတ်ကမွန်နဲ့ ထပ်တူထပ်မျှ အခွင့်အရေး ပေးသနားတော်မူမည်။ ကဲ ဒေဝ၊ သီရိဗြတ်ကမွန်နဲ့ သူ့ရဲ့မိတ်ဆွေရောင်းရင်း မင်းစည်သူတို့ နေရေးစားရေးမှ အစ လိုလေသေး မရှိစေရအောင် နေရာချပေးလိုက်'

ဗညားအိမ်က မြင်းစေကျော် မင်းဒေဝအား အမိန့်ပေးလိုက်ရာ မင်းဒေဝသည် သီရိဗြတ်ကမွန်ကို ခေါ်၍ အဆောင်တွင်းမှ ထွက်ခွာလာခဲ့ပေသည်။

မင်းဒေဝသည် ၎င်းအတွက် သီးသန့် ထားရှိသည့် မြင်းဇောင်းနှင့် ဆက်၍ ဆောက်လုပ်ထားသည့် အိမ်တန်းလျားရှိရာသို့ သီရိဗြတ်ကမွန်အား ခေါ်ဆောင်လာခဲ့ပေသည်။ လမ်းတွင် မင်းစည်သူကိုပါ ဝင်ခေါ်လာခဲ့ပေသည်။ သီရိဗြတ်ကမွန်နှင့် မင်းစည်သူတို့ စီးနင်းလာကြသည့် မြင်းများကိုပါ မြင်းဇောင်း သို့ ဆွဲယူလာပြီး မြင်းဇောင်းထဲတွင် နေရာချထားပေးလိုက်သည်။

မင်းဒေဝ နေထိုင်သော တဲတန်းလျားသို့ ရောက်သောအခါ မင်းဒေဝသည် သီရိဗြတ်ကမွန်အား မြင့်သောနေရာတွင် ထိုင်စေပြီး မိမိနှင့် မင်းစည်သူတို့မှာမူ နိမ့်သောနေရာမှ ရိုသေလေးစားသည့် အမူအရာဖြင့် ထိုင်၍ အာလာပသလ္လာပ ပြောဆိုနေသည်ကို တွေ့ရပေသည်။

'ဗိုလ်မင်းနဲ့ မမျှော်လင့်ဘဲ ခုလို မြင်တွေ့ရတာ ဒေဝဖြင့် သိပ်ဝမ်းသာတာပဲ၊ အားလည်း တက်မိတယ်။ မြို့စားလေးက အသက်အရွယ် နုနယ်သေးတဲ့အတွက် အတွေ့အကြုံ ဗဟုသုတ နည်းပါးသေးတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ မြို့စားကြီးရဲ့ ရိုက်ရာကို ဆက်ခံရမှာ ဖြစ်တဲ့အတွက်လည်း မာန်မာနကြီးထန်တယ်။ ရှေ့နောက် ဆင်ခြင်တိုင်းထွာခြင်း မပြုဘဲ တဇောက်ကန်းလုပ်တတ်တယ်။ သူ့ကို မြှောက်ပင့်တဲ့လူကိုမှ အကောင်းထင်တယ်။ ဟုတ်နိုင်းချိန်ရာကို ပြောရင် မကြိုက်ဘူး'

မင်းဒေဝက သီရိဗြတ်ကမွန်အား အစီရင်ခံနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငယ်ရွယ်နုနယ်သေးလို့ ဆင်ခြင်တုံတရား ခေါင်းပါးတာပါ။အတွေ့အကြုံက တဖြည်းဖြည်း သင်ခန်းစာပေးပြီး ပြုပြင်သွားပါလိမ့်မယ်'

သီရိဗြတ်ကမ္ဘန်က ဖြေပြီး ပြောလိုက်သည်။

'ဗိုလ်မင်းပြောတာ မှန်ပါတယ်။ ဒါပေမဲ့ သင်ခန်းစာမရခင် အဖတ်ဆယ်လို့ မရအောင် ပျက်စီးသွားမှာ စိုးရိမ်ရပါတယ်။ ဒါကြောင့်လည်း မြို့စားလေးကို အခါအခွင့်သင့်တိုင်း သတိပေးခဲ့ရပါသေးတယ်'

မြို့စားလေးရဲ့ အပါးမှာ မင်းတို့လိုလူမျိုး ရှိနေတာ ကုသိုလ်ကံကောင်းတယ်။ ဟုတ်ပါ့ဘုရား၊ မှန်ပါ့ဘုရားနဲ့ မင်းလိုလိုက်ပြီး မင်းကြိုက်ကိုတင်နေတဲ့ ကပ်ပါးရပ်ပါးတွေ ရှိနေရင် ပိုဆိုးတယ်'

'ဒီစကား မှန်ပါတယ်။ ဒါပေမဲ့ မြို့စားလေးကို ဟုတ်တိုင်းမှန်ရာ လျှောက်တင်ဝံ့သူ ဆိုလို့ ကျွန်တော်တစ်ယောက်သာ ရှိနေလို့ တစ်ခါတစ်ခါ စိတ်ပျက်အားငယ်မိတယ်။ ဗိုလ်မင်း ရောက်လာလို့ ငဒေဝ အလိုလို အားတက်မိပါတယ်။ မြို့စားလေးကို ဒီအတိုင်း လွှတ်ထားလို့ မဖြစ်ဘူး။ သူ့ရဲ့ အသိုက်အဝန်းတွေက သူ့ကို ဖျက်ဆီးနေတယ်'

'သူ့ရဲ့ အသိုက်အဝန်းဆိုတာ ဘယ်သူတွေကို ပြောနေတာလဲ၊ ဗိုလ်မှူး သမိန်စက္ကဝေါကို ပြောနေတာ မဟုတ်လား'

'မှန်ပါတယ်။ မြို့ဝန်မင်း ဗညားဒလနဲ့ ဝင်းတော်မှူး ဗညားကျန်းထော တို့လည်း ပါဝင်ပါသေးတယ်'

'ဒီလူတွေကို အရေးစိုက်နေစရာ မလိုပါဘူး။ သူတို့မှာ ဘာအရည်အသွေးမှ မရှိဘဲ ကပ်ပါးရပ်ပါး လုပ်ပြီး ရာထူးကြီးတွေ ရထားတဲ့ လူတွေပါ၊ သမိန်စက္ကဝေါ ဆိုတဲ့ အကောင်ကကော ဘယ်စစ်ပွဲမှာ အနိုင်ရခဲ့ဖူးလို့လဲ၊ သူများရဲ့ စွမ်းရည်သတ္တိနဲ့ စစ်ပွဲတွေ အနိုင်ရခဲ့တာကို သူ့ကြောင့်ပဲ အောင်မြင်ခဲ့ရသလိုလို ကြွားလုံးထုတ်နေတဲ့ အကောင်ပဲ'

သီရိဗြတ်ကမ္ဘန်က ပြန်ပြောလိုက်သည်။

'ဗိုလ်မင်း ပြောတာ သိပ်မှန်တယ်။ ဒါပေမဲ့ သမိန်စက္ကဝေါ ဆိုတဲ့ သတ္တဝါက ရွှေနန်းတော်ကိုပါ ပေါက်ရောက်တဲ့ အခြေအနေကို ရောက်နေတယ်။ ဘုရင်မရဲ့ ရှေ့တော်မှောက်ကိုလည်း မကြာခဏ အခစားဝင်တာ တွေ့ရတယ်'

'မင်းပင်ကောင်းလျက် မင်းမြောင်ဖျက်ဆိုတဲ့ စကားရှိတယ် မဟုတ်လား။ ဒီလို လူယုတ်မာတွေ ကြီးစိုးနေသမျှ နိုင်ငံတော် စည်ပင်သာယာမှာ မဟုတ်ဘူး'





'ဒါက အရေးမကြီးဘူး၊ မြို့စားလေးအတွက် ဘုန်းတော် ရတက်မအေးဘူး။ မြို့စားလေးကို ပျက်စီးအောင် ဖျက်ဆီးပြီး မြို့စားလေးရဲ့ အဲဒ်မတော်ကို ခြွတော်တင်ဖို့ သမိန်စက္ကဝေါ ကြံစည်နေကြောင်း ကြားသိရတယ်။ ဒါကို မြို့စားလေး ရိပ်စားမိဟန် မတူဘူး'

မင်းဒေဝက မိမိကြားသိသည့် သတင်းကို ဖောက်သည်ချလိုက်သည်။

'ဒီသတင်းတော့ ငါလည်း ကြားခဲ့ပါတယ်။ မြို့စားလေးရဲ့ အင်မတော်ကိုယ်တိုင်လည်း သမိန်စက္ကဝေါရဲ့ ယုတ်မာပက်စက်တဲ့ အကြံအစည်ကို ရိပ်မိဟန် တူတယ်။ ဒါကြောင့် သူ့ရဲ့မောင်တော်ကို ဒီလူယုတ်မာတွေရဲ့ လောင်းရိပ်အောက်က လွတ်မြောက်အောင် ကယ်တင်ပြီး သူ့ဆီကို ပြန်ခေါ်လာဖို့ ငါ့ကို တာဝန်ပေးလိုက်တာပေါ့'

'မြို့စားလေးကို ပြန်ခေါ်လို့ ရပါ့မလား။ မြို့စားလေးက အတော်ခေါင်းမာတယ်။ ကျွန်တော် အမြဲတမ်း သတိပေးနေတာတောင် နားမဝင်ဘူး။ သမိန်စက္ကဝေါတို့ လူသိုက်ကို မိတ်ဆွေစစ် ထင်မှတ်နေတယ်။ မိတ်ဆွေတုမိတ်ဆွေယောင်တွေ ဖြစ်ကြောင်း လျှောက်တင်တာ နားမဝင်ဘူး'

'ဒီအတွက် ဘာမှ စိုးရိမ်ကြောင့်ကြ မဖြစ်ပါနဲ့၊ ဒီနေ့ည ငါ့အကြောင်း သိရမှာပေါ့။ မင်းသားခေါင်း ဆောင်းထားတဲ့ ဘီလူးတွေကို အစွယ်ပြုံးပြုံးနဲ့ နဂိုဇာတ်ရုပ် ပေါ်လာအောင် ငါ လုပ်ပြပါမယ်။ သူတို့ရဲ့ နဂိုဇာတိရုပ် ပေါ်လာအောင် လုပ်ပြချင်လို့ ငါ့ကိုယ်ငါ ရွှေမြို့တော်ကို မရောက်ဖူးတဲ့ ကျေးတောသားအသွင် ဟန်ဆောင်လာတာပေါ့။ ငါ ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူမှ မသိစေနဲ့ ကျေးတောသား အရိုင်းအစိုင်းလို့ ထင်နေကြပေစေ'

'ဒီအတွက် စိတ်ချပါ။ ဒါပေမဲ့ သူတို့ရဲ့ နဂိုဇာတိရုပ် ပေါ်အောင် ဖော်ထုတ်ဖို့ မလွယ်ဘူး ထင်တယ်။ ပြီးတော့ သူတို့အပေါ်မှာ မြို့စားလေးက မိတ်ဆွေစစ်တွေလို့ ယုံကြည် ထင်မှတ်နေတဲ့အတွက် လူချင်းကွဲအောင် ခွဲဖို့ မလွယ်ဘူး'

'သီရိဗြတ်ကမ္ဘန် အဖို့တော့ ဘာမဆို လွယ်ပါတယ်။ ဒီအတွက် စိတ်မပူပါနဲ့။ ဒီနေ့ညဖြစ်စေ၊ နက်ဖြန်ညဖြစ်စေ မြို့စားလေးကို ပြန်ခေါ်လို့ မရရင် သီရိဗြတ်ကမ္ဘန်ဆိုတဲ့ နာမည်ကိုပါ တစ်ခါတည်း မီးသဂြိုဟ်ပစ်လိုက်မယ်'

သီရိဗြတ်ကမ္ဘန်က ရဲရဲကြီး အာမခံလိုက်ရာ မြင်းစေကျော် မင်းဒေဝမှာ စိတ်အားတက်ကြွလာပေသည်။

'ဗိုလ်မင်းရဲ့ အကြံအစည် အောင်မြင်ပါစေလို့ ငဒေဝ ဆုတောင်းပါတယ်။ ဗိုလ်မင်းရဲ့ အကြံအစည် အောင်မြင်ရေးအတွက် ငဒေဝ အသက်နဲ့ ထပ်ပြီး ကူညီဖို့ အသင့်ရှိနေပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



မင်းဒေဝသည် ရင်ကော့ပြီး ပြောလိုက်သည်။

'အသက်နဲ့ လဲစရာ မလိုပါဘူး။ နည်းပရိယာယ်နဲ့ အနိုင်ယူပြပါမယ်။ ရွှေမြို့တော်ကို ပြန်ဖို့သာ အသင့် ပြင်ထားပါ'

သီရိဗြတ်ကမ္ဘန်က ပြန်ပြောလိုက်ရာ မင်းဒေဝမှာ ဆောင်းတူးမြို့တွင် ကျန်ရစ်ခဲ့သည့် ချစ်သူနှင့် မကြာမီ ပြန်တွေ့ရတော့မည် ဆိုပြီး အတိုင်းမသိ ဝမ်းသာပီတိဖြစ်၍ နေပေသည်။

## အခန်း ၄

'ဘာလိုလို့နဲ့ သန်းခေါင်ကြက်တောင် တွန်ပါပြီကောလား'

ကျယ်ဝန်းသော ဥယျာဉ်အတွင်းရှိ သပ်ရပ်ခံ့ညားစွာ ဆောက်လုပ်ထားသည့် အိမ်ကြီးပေါ်တွင် ကြွေအန်ကစားနေရာမှ သန်းခေါင်ကြက်တွန်သံကြားရသဖြင့် ဗညားအိမ်က ညည်းညည်းညူညူ ပြောလိုက်သည်။

ဗညားအိမ်နှင့်အတူ သီရိဗြတ်ကမ္ဘန်နှင့် မင်းစည်သူတို့ ပါလာကြပြီး ငိုက်မျဉ်းသော အမူအရာဖြင့် ကြွေအန်ဝိုင်းကို စိတ်မပါတပါ လေ့လာနေသည်ကို တွေ့ရပေသည်။

'ခုမှ အစောကြီး ရှိပါသေးတယ်'

ဗိုလ်မှူးသမိန်စက္ကဝေါက ပြန်ပြောလိုက်ပြီး ကြွေအန်ပစ်လိုက်သည်။

'ဒီနေ့ည ဘယ်လိုဖြစ်နေမှန်း မသိဘူး။ စထိုင်ကတည်းက တရှုံးတည်း ရှုံးနေတာပဲ၊ အရှုံးနဲ့ပဲ ပိုင်းရလိမ့်မယ် ထင်တယ်'

ဗညားအိမ်က ညည်းညူလိုက်သည်။

'စိတ်အားမလျှော့ပါနဲ့လေ။ ကြွေတစ်လက် ကြက်တစ်ခုန် ဆိုတဲ့စကားရှိသားပဲ။ ညဦးပိုင်းမှာ ကံမလိုက်ပေမယ့် သန်းခေါင်ကျော်ရင် စန်းထချင် ထ လာမှာပါ။ စိတ်အား မလျှော့ပါနဲ့'

ဝင်းတော်မှူး ဗညားကျန်းထောက မြို့စားလေး ဗညားအိမ်ကို အားပေးစကား ပြောကြားလိုက်သည်။

'ကြွေအန်ကို အကျိုးမပေးပါဘူး။ ဒီနေ့ညအဖို့ တော်လောက်ပြီထင်တယ်။ ဒါထက် ဒီနေ့ည ကျွန်တော့်အပေါ်မှာ ဗိုလ်မှူးသမိန်စက္ကဝေါ ကြွေးဘယ်လောက် တင်ရှိနေပါသလဲ'

'မဖြစ်စလောက်ပါ။ ကြွေးအကြောင်း ထည့်ထည့်မပြောစမ်းပါနဲ့။ ကျုပ်က လူချင်းခင်မင်တာပါ။ ငွေကြေးကို ခုံမင်တာ မဟုတ်ပါဘူး'





'လူကို ခင်မင်တာက တခြား၊ ငွေကြေးကိစ္စက တခြားပါ။ ဒီနေ့ည ...တော် ဘယ်လောက်ရှုံးသလဲ ဆိုတာ သိချင်လို့ မေးနေတာပါ'

'ဒါဖြင့် နေဦး၊ စာရင်းကြည့်လိုက်ဦးမယ်။ စာရင်းအရဆိုရင် ကြေးက ...တစ်ရာ့အစိတ်၊ ရွှေက ငါးပိဿာပါ။ သိပ်မများလှပါဘူး'

သမိန်စက္ကဝေါသည် စာရင်းကို ကြည့်ရင်း ပြောလိုက်ရာ ဗညားအိမ် ...မှာ တုန်လှုပ်သွားပုံ ရပေသည်။

'ဒါလား မများတာ။ မနေ့ညကလည်း ကြေးခွက်တစ်ရာနဲ့ ရွှေ ...သော ရှုံးခဲ့ပြီးပြီ။ ဒီအတိုင်းသာ ဆိုရင် မကြာခင် မွဲလိမ့်မယ်'

ဗညားအိမ်က ညည်းညူလိုက်သည်။

'ဒါလောက်ကလေးနဲ့ မမွဲနိုင်သေးပါဘူး။ မြို့စားလေးလို ကျိုက်ကျိုတက် ...အောင် ချမ်းသာတဲ့ လူကများ ဒါလောက်ကလေးရှုံးတာ ညည်းညူနေရသေး ...။ မြို့စားလေးအဖို့ ဆိုရင် ဖြုတ်ကိုက်သလောက် ရှိပါတယ်'

ဝင်းတော်မှူး ဗညားကျန်းထောက ဝင်ပြီး ပြောလိုက်သည်။

'ကျိုက်ကျိုတက်အောင် ချမ်းသာတယ် ဆိုပေမယ့် ကျွန်တော့်အစွမ်းနဲ့ ...သာတာ မဟုတ်ပါဘူး။ ဖခမည်းတော် မြို့စားကြီး ထားရစ်ခဲ့တဲ့ အမွေ ...တွေပါ။ ပြီးတော့ ရွှေမြို့တော်ကို ရောက်လာတဲ့ အချိန်ကစပြီး ကျွန်တော် ...တာ မနည်းတော့ဘူး။ စုစုပေါင်း ကြေးခွက်သုံးရာနဲ့ ရွှေခွက်တစ်ဆယ် ...က် ရှိသွားပြီ'

ဗညားအိမ်က ညည်းညူလိုက်ပြန်သည်။

'ဒါလောက်ကလေးနဲ့များ စိတ်ပျက်မနေစမ်းပါနဲ့။ ကုသိုလ်ကံ ဆိုတာ ...လို့ဖြစ်တာ မဟုတ်ဘူး။ ကံထလာရင် ရှုံးထားတဲ့ ကြေးငွေတွေ ပြန်ရနိုင် ...ယ်။ စောစောက ပြောသလို ညဦးပိုင်းမှာ ကံနိမ့်နေလို့ ရှုံးခဲ့ရပေမယ့် ...န်းခေါင်ကျော်ရင် စန်းပွင့်ချင် ပွင့်လာမှာပါ။ ကဲ ကံစမ်းတဲ့အနေနဲ့ တစ်ချီတစ်ပွဲ ...ပြီး ကစားကြဦးစို့'

ဝင်းတော်မှူး ဗညားကျန်းထောက ဆက်လက်ပြီး ကစားရန် တိုက်တွန်း ... ပြောလိုက်သည်။

'ကောင်းပြီလေ၊ တစ်ပွဲ နှစ်ပွဲလောက်တော့ စမ်းပြီး ကစားကြသေး ...'

ဗညားအိမ်က သဘောတူလိုက်ရပေသည်။

'ဒါဖြင့် ကျုပ်က စပြီး ကြွေအန်ပစ်မယ်'

သမိန်စက္ကဝေါသည် ပြောပြောဆိုဆို ကြွေစေ့များကို ...ကောက်ယူ ...သည်။



www.burmeseclassic.com

www.burmeseclassic.com



'ပွင့်သာ ကစားကြမယ် မဟုတ်လား'

သမိန်စက္ကဝေါက ဗညားအိမ်အား မေးလိုက်ရာ ဗညားအိမ်က ခေါင်းညိတ်ပြလိုက်သည်။

'ကဲ ပစ်ပြီ၊ ဟော လေးပွင့်'

သမိန်စက္ကဝေါသည် ကြေွစေ့များကို ပစ်ချရင်း ပါးစပ်မှ ရေရွတ်လိုက်သည်။

ဗညားအိမ်၏ အလှည့်သို့ ရောက်သောအခါ စိတ်မပါတပါနှင့် ကြေွစေ့များကို ကောက်ယူပြီး လက်ထဲတွင် ကြေွစေ့များကို မစီဘဲ ပစ်ချလိုက်ရာ၊ ကံအားလျော်စွာ ငါးပွင့်ပေါ်သဖြင့် ဗညားအိမ် အနိုင်ရသွားပေသည်။

'ကဲ ဘယ့်နယ်လဲ၊ ကျုပ်ပြောတာ မမှန်ဘူးလား။ သန်းခေါင်ကျော်လို့ မြို့စားလေး စန်းထလာပြီ။ ဒီတစ်ခါ မြို့စားလေး အရင် ပစ်'

ဝင်းတော်မှူး ဗညားကျန်းထောက အားတက်သရော ပြောလိုက်သည်။ ဗညားအိမ်ကလည်း စိတ်အားတက်ကြွလာကာ ကြေွစေ့များကို ကောက်ယူပြီး ပစ်ချလိုက်ပြန်သည်။

'သုံးပွင့်'

ကြေွပွင့်များကို ကြည့်ပြီး ပြိုင်တူအော်လိုက်ကြသည်။ ၎င်းနောက် သမိန်စက္ကဝေါသည် ကြေွစေ့များကို ကောက်ယူပြီး ပစ်လိုက်ပြန်ရာ နှစ်ပွင့်ပေါ်သဖြင့် ဗညားအိမ် အနိုင်ရသွားပြန်သည်။

'မြို့စားလေး သိပ်စန်းပွင့်နေပါလား။ ခုလို စန်းပွင့်နေတုန်း ဖိပြီးလောင်းပါလား'

ဗညားကျန်းထောက အကြံပေးလိုက်ရာ ဗညားအိမ်သည် အဟုတ်မှတ်ထင်ကာ ကြေးခွက် ၅၀ နှင့် ရွှေတစ်ပိဿာ အလောင်းအစားလုပ်ပြီး ကြေွစေ့များ ကောက်ယူကာ ပစ်လိုက်ပြန်သည်။

'ဟယ် ငါးပွင့်၊ တယ်ဟုတ်ပါလား။ ကဲ ဗိုလ်မှူး အလှည့်'

ဗညားကျန်းထောက ဗညားအိမ်၏ ဘက်တော်သား ဟန်ဆောင်၍ ဝမ်းသာအားရ အမူအရာဖြင့် ပြောလိုက်သည်။

'ငါးပွင့်ကိုတော့ အနိုင်ရဖို့ မလွယ်ဘူး၊ ကဲလေ ကံတရားအတိုင်းပဲ'

သမိန်စက္ကဝေါသည် စိတ်အားလျှော့သည့်အသံဖြင့် ပြောရင်း ဗညားအိမ် အလစ်တွင် ကြေွစေ့များကို လက်ထဲမှာ အစီအရီဖြစ်အောင် စီထားလိုက်ပြီး အလိုက်သင့် ပစ်ချလိုက်ရာ ခြောက်ပွင့်စလုံး ပေါ်နေသည်ကို တွေ့ရသည်။

'ဟင် တယ်ဟုတ်ပါလား'





ဗညားကျန်းထောက မိမိ၏မျက်စိကို မိမိ မယုံနိုင်သည့် အမူအရာဖြင့် တအံ့တသြ ပြောလိုက်သည်။ သမိန်စက္ကဝေါမှာလည်း ပြုံးဖြီးဖြီး ဖြစ်နေသည်။ ဗညားအိမ်မှာမူ နဖူးပြင်မှ ချွေးသီးများပင် စို့၍ လာပေသည်၊

ထိုအခိုက်တွင် ငိုက်မျဉ်းသည့် အမူအရာဖြင့် ဘေးမှထိုင်ပြီး ကြည့်နေသော သီရိဖြတ်ကမွန်သည် ခေါင်းထောင်ပြီး ကြည့်လိုက်သည်၊ သီရိဖြတ်ကမွန်၏ အမူအရာမှာ နလပိန်းတုံး ကျေးတောသား အသွင်နှင့် မဟုတ်တော့ဘဲ တည်ငြိမ်ရင့်ကျက်သည့် ဣန္ဒြေဖြင့် သမိန်စက္ကဝေါနှင့် ဗညားကျန်းထောတို့အား တစ်လှည့်စီ ကြည့်လိုက်သည်။ သီရိဖြတ်ကမွန်၏ မျက်လုံးများမှာ ဒေါသ်ငဝင်းတောက်နေသည်ဟု ထင်မှတ်ရလောက်အောင် ကြည်လင် တောက်ပလျက် ရှိသည်ကို တွေ့ရပေသည်။

သမိန်စက္ကဝေါနှင့် ဗညားကျန်းထောတို့မှာ သီရိဖြတ်ကမွန်၏ အမူအရာကို အကဲခတ်နေစဉ် သီရိဖြတ်ကမွန်သည် သမိန်စက္ကဝေါနှင့် ဗညားကျန်းထောတို့အား တည်ငြိမ်သည့် အမူအရာဖြင့် တစ်လှည့်စီ ကြည့်နေရာမှ သရော်ပြုံး ပြုံးလိုက်သည်။

'ကျေးတောသားတွေဆိုပြီး မြို့ကြီးသားတွေက မတရား အနိုင်ကျင့်တာ ကောင်းသလား။ ကြေွအန်ကစားတာတောင် ရိုးရိုးတန်းတန်း မကစားချင်ကြဘူး။ ညပိုင်းကစပြီး မြို့စားကလေးကို ညှပ်ပူးညှပ်ပိတ် ကစားနေကြတာ ကျုပ် မသိဘူး ထင်သလား'

သီရိဖြတ်ကမွန်သည် နလပိန်းတုံး ကျေးတောသား အမူအရာဖြင့် မဟုတ်တော့ဘဲ ရဲရင့်တည်ကြည်သည့် အမူအရာဖြင့် ကေသရာဇာ ခြင်္သေ့ ဟောက်သလို ဟောက်လိုက်ရာ သမိန်စက္ကဝေါမှာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက် ဖြစ်ကာ အနီးရှိ ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်ပြီး သီရိဖြတ်ကမွန်အား ခုတ်ပိုင်းရန် ပြေးအလာတွင် ဘေးမှကြည့်နေသော မင်းစည်သူက ခြေထိုးပေးလိုက်သဖြင့် မင်းစည်သူ၏ ခြေထောက်ကို ခလုတ်တိုက်မိပြီး သမိန်စက္ကဝေါမှာ မိမိကိုယ်ကို မိမိ မဟန်နိုင်ဘဲ ဝမ်းလျားထိုး လဲကျသွားပေရာ၊ ဓားကိုင်ထားသော လက်မှာ အောက်သို့ ရောက်သွားပြီး ထက်ပိုင်းကျိုးသွားသည်။

ဝင်းတော်မှူး ဗညားကျန်းထောက သမိန်စက္ကဝေါအား ဆွဲထူလိုက်သော်လည်း လက်မောင်းရိုး ကျိုးသွားသဖြင့် ရုတ်တရက် ပြန်မထနိုင်ဘဲ ပြင်းထန်သော ဝေဒနာကို ခံစားရင်း သီရိဖြတ်ကမွန်အား စားမတတ် ဝါးမတတ် ကြည့်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခွေးတိရစ္ဆာန်၊ ငါ့အကြောင်း သိစေရမယ်။ မင်းကို အရှင်မထားဘူး။ ခေါ်ျးတောသားက လုပ်ါးဝလို့'

သမိန်စက္ကဝေါက အံကြိတ်ပြီး ကြုံးဝါးလိုက်သည်။ သို့ရာတွင် ဒဏ်ရာမှာ ပြင်းထန်လှသဖြင့် ပျော့ခွေကျသွား၍ ဗညားကျန်းထောက ပွေ့ချီထားလိုက်ရပေသည်။

သီရိဇြတ်ကမ္ဗန်မှာမူ အနည်းငယ်မျှ အရေးမစိုက်သည့် အမူအရာဖြင့် လက်ပိုက်ပြီး ကြည့်နေပေသည်။

'သူခိုးက လူလို ဟစ်ရတယ် ရှိသေးတယ်'

သီရိဇြတ်ကမ္ဗန်က သမိန်စက္ကဝေါနှင့် ဗညားကျန်းထောအား စက်ဆုပ်ရွံရှာသည့် အမူအရာဖြင့် ကြည့်ရင်း ရေရွတ်လိုက်သည်။

သမိန်စက္ကဝေါနှင့် ဗညားကျန်းထောတို့မှာ မိမိတို့၏ အပြစ်နှင့် မိမိတို့ ခံရသဖြင့် စိတ်ထဲတွင် မခံမရပ်နိုင်အောင် ဒေါသထွက်နေသော်လည်း တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ လက်မောင်းရိုး ကျိုးသွားသော သမိန်စက္ကဝေါအား ဗညားကျန်းထောက ဆွဲခေါ်သွားရပေသည်။

'တစ်နေ့ကျရင် ငါ့အကြောင်း သိရစေမယ်'

သမိန်စက္ကဝေါသည် ရက်ရှမ်းရမ်းသည့် အနေဖြင့် ကြုံးဝါးရင်း ဗညားကျန်းထော ဆွဲခေါ်ရာသို့ လိုက်ပါသွားရပေသည်။

သမိန်စက္ကဝေါနှင့် ဗညားကျန်းထောတို့ ထွက်ခွာသွားကြသောအခါ ကြက်သေသေပြီး ကျန်ရစ်ခဲ့သည့် မြို့စားလေး ဗညားအိမ်၏ အနားသို့ သီရိဇြတ်ကမ္ဗန် ချဉ်းကပ်လာပေသည်။

'မင်းသားခေါင်း ဆောင်းထားသည့် ဘီလူးများကို နဂိုဇာတိရုပ်အတိုင်း အရှင့်သား မျက်ဝါးထင်ထင် တွေ့မြင်ရပြီ မဟုတ်ပါလော'

သီရိဇြတ်ကမ္ဗန်က ဗညားအိမ်၏ အပါးတွင် ခစားရင်း လျှောက်တင်လိုက်သည်။

'ဒီလူတွေက ငါ့အကျိုးကို လိုလားတဲ့ မိတ်ဆွေရောင်းရင်းတွေပါ'

ဗညားအိမ်က ကာကွယ်ပြီး ပြောလိုက်သည်။

'အရိယာ သူတော်စင်တွေလို့ အရှင့်သား ပြောလိုပါသလား'

သီရိဇြတ်ကမ္ဗန်က ထေ့သလိုလို၊ ငေါ့သလိုလို ပြန်လည်လျှောက်တင်လိုက်သည်။

'ဒီလိုလည်း မဟုတ်သေးဘူးလေ။ ငါနဲ့ ရင်းနှီးတဲ့ မိတ်ဆွေရောင်းရင်းတွေ ဖြစ်တဲ့အပြင် ဂုဏ်သရေရှိ မင်းမှုထမ်းကြီးတွေပါ။ ကောက်ကျစ်စဉ်းလဲတဲ့ အလုပ်ကို လုပ်လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး'





ဗညားအိမ်က ကာကွယ်ပြီး ပြောလိုက်ပြန်သည်၊

'ဂုဏ်သရေရှိ မင်းမှုထမ်းကြီးတွေရဲ့ အရှက်ကင်းခဲ့တဲ့ ကောက်ကျစ်စဉ်းလဲမှုကို အရှင့်သား မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီ မဟုတ်ပါလား'

သီရိဇြတ်ကမ္ဗန်က လျှောက်တင်လိုက်ရာ၊ ဗညားအိမ်သည် ဆွံ့အသွားပြန်သည်။

'အရှင့်သား ယုံတော်မမူပါလျှင် အရှင့်သားအား ဂုဏ်သရေရှိ မင်းမှုထမ်းကြီးတွေ အကောက်ကြံပြီး လိမ်လည်လှည့်ဖြား၍ အနိုင်ယူသွားပုံကို ဤနေရာ၌ပင် သီရိဇြတ်ကမ္ဗန် လက်တွေ့ပြပါမည်။ ရှုစားတော်မူပါ'

သီရိဇြတ်ကမ္ဗန်သည် ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသော ကြွေစေ့များအား ကောက်ယူပြီး ဗညားအိမ်၏ အလစ်တွင် သမိန်စက္ကဝေါတို့ လူစု အကောက်ကြံခဲ့ပုံများကို လက်တွေ့ ပြသနေပေသည်။ ပထမဦးစွာ ကြွေစေ့များကို လက်ထဲတွင် အစီအရီ ထည့်ထားပြီး မိမိတို့ကြိုက်ရာ အပွင့်ပေါ်အောင် အလိုက်သင့် ပစ်ချပုံများကို ပြသလျက် ရှိရာ၊ ဗညားအိမ်သည် သီရိဇြတ်ကမ္ဗန်၏ ကြွေအန် လက်တွေ့ကစားပြပုံကို တအံ့တသြ ကြည့်နေမိပေသည်။

'အရှင့်သား ကြိုက်နှစ်သက်ရာ အပွင့်ကိုသာ ပြောပါ။ အဲဒီအပွင့် ပေါ်အောင် ပစ်ပြပါမယ်'

သီရိဇြတ်ကမ္ဗန်သည် ကြွေစေ့များ ကိုင်တွယ်ပုံ၊ စကားကို ဖောင်းဖောက်အောင် ပြောရင်း တစ်ဖက်သားအလစ်တွင် ကြွေစေ့များကို လက်ထဲ၌ အစီအရီ ဖြစ်လာအောင် လက်ချောင်းများဖြင့် မသိမသာ ပြုပြင်ပေးပုံများကို ပြသပြီးနောက် ဗညားအိမ် ကြိုက်နှစ်သက်ရာ အပွင့်ပေါ်အောင် ကြွေအန်ကစားပြရန် အသင့်ပြင်ဆင်ရင်း ပြောလိုက်သည်။

'လေးပွင့်ပေါ်အောင် ပစ်ပြစမ်း'

ဗညားအိမ်က အမိန့်ပေးလိုက်ရာ သီရိဇြတ်ကမ္ဗန်သည် ကြွေစေ့များကို ဗညားအိမ်၏ မျက်စိအောက်တွင် အစီအရီ ဖြစ်အောင် ပြုပြင်နည်းကို ပြသလိုက်ပြီး ကြွေစေ့များကို ပစ်ချလိုက်ရာ လေးပွင့်ပေါ်နေသည်ကို တွေ့ရပေသည်။

ဆက်လက်ပြီး ဗညားအိမ် ကြိုက်နှစ်သက်သည့် အပွင့်များ ပေါ်အောင် အစဉ်လှည့်ပြီးတစ်လှည့် ကြွေအန်ကစားပြသွားသဖြင့် ဗညားအိမ်မှာ သီရိဇြတ်ကမ္ဗန်၏ ကျင်လည်ပုံကို မျက်တောင်မခတ်ဘဲ စိတ်ဝင်စားစွာ ကြည့်နေမိနေသည်။

'အရှင့်သားကို ဂုဏ်သရေရှိ မင်းမှုထမ်းကြီးတွေ ညှပ်ပူးညှပ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ကောက်ကျစ်စဉ်းလဲစွာဖြင့် အနိုင်ယူခဲ့သည်ကို ယုံကြည်တော်မူပြီ မဟုတ်လော။ အရှင့်သားမှာ ယေ်ရှယ်သူဖြစ်၍ ကြွေအန်ကစားနည်းကို မကျွမ်း ကျင်ကြောင်း သိသဖြင့် သမိန်စက္ကဝေါ အစရှိတဲ့ ဂုဏ်သရေရှိ မင်းမှူထမ်းကြီး များက အရှင့်သားအား မြှောက်ပင့်ပေးပြီး ကလိမ်ဉာဏ်နှင့် အနိုင်ယူခဲ့ခြင်း ဖြစ်သည်ကို သီရိဗြတ်ကမွန် မဆွကပင် သိရှိခဲ့ပြီး ဖြစ်ကြောင်းပါ။ ယခုကဲ့သို့ လိမ်လည်လှည့်ဖြားပြီး မတရား အနိုင်ယူနေခြင်းကို အရှင့်သား မျက်ဝါးထင် ထင် သိမြင်နိုင်စေရန် လက်ပူးလက်ကြပ် ဖမ်းပြလိုပါသဖြင့် အရှင့်သားနှင့်အတူ ကြွေအန်ဝိုင်းသို့ လေ့လာသူအဖြစ် လိုက်ပါလာခဲ့ခြင်း ဖြစ်ကြောင်းပါ'

သီရိဗြတ်ကမွန်က ရှင်းပြလိုက်ရာ ဗညားအိမ်သည် သီရိဗြတ်ကမွန် အား စူးရှတောက်ပြောင်သည့် မျက်လုံးများဖြင့် စိန်းစိန်းကြီး ကြည့်လိုက်သည်။

'ဒါဖြင့် မင်းဟာ ရွှေမြို့တော်ကို တစ်ခေါက်မှ မရောက်ဖူးတဲ့ ကျေး တောသား ဆိုတာ မဟုတ်ဘူးပေါ့'

ဗညားအိမ်က သီရိဗြတ်ကမွန်၏ အင်္ဂါရုပ်ကို ခြေဆုံးခေါင်းဆုံး လေ့လာ သုံးသပ်ရင်း မေးလိုက်သည်။

'ကျေးတောသား ဟန်ဆောင်လေ့လာမှသာ အရှင့်သားအား လိမ်လည် လှည့်ဖြားပြီး အနိုင်ယူနေကြသော သမိန်စက္ကဝေါတို့ လူသိုက်၏ ကလိမ်ချေ ငြမ်းဆင်ပုံကို လက်ပူးလက်ကြပ် ဖမ်းပြနိုင်မည် ဖြစ်သည်ကို သိသဖြင့် ကျေးတောသား ဟန်ဆောင်ပြီး လာခဲ့ခြင်း ဖြစ်ကြောင်းပါ။ ကျေးတောသား မဟုတ်ဘဲ ကြွေအန်ကစားနည်းကို ကျွမ်းကျင်လိမ္မာစွာ တတ်ကျွမ်းသူတစ်ဦး ဖြစ်ကြောင်း သမိန်စက္ကဝေါတို့ ရိပ်စားမိသွားလျှင် ငမိုက်သား သီရိဗြတ်ကမွန် ရှေ့တွင် ဖြောင်လိမ်ဝံ့မည် မဟုတ်ကြောင်းပါ။ သီရိဗြတ်ကမွန်အား နုလပိန်းတုံး ကျေးတောသား ထင်မှတ်ကာ ဖြောင်လိမ်ပြီး ကစားခဲ့သဖြင့် ယခုလို လက်ပူး လက်ကြပ် ဖမ်းပြနိုင်ခြင်း ဖြစ်ကြောင်းပါ'

သီရိဗြတ်ကမွန်က ဆက်လက်၍ ရှင်းပြလိုက်သည်။

'ဒါဖြင့် မင်း ဘယ်သူလဲ'

ဗညားအိမ်က ပြန်မေးလိုက်ရာ သီရိဗြတ်ကမွန်သည် နှုတ်ဖြင့် အဖြေ မပေးဘဲ ဗညားအိမ်၏ အစ်မတော် နှင်းကေသရာ ဘွဲ့ခံ ခင်စောမယ်၏ ပထမ စာလွှာကို ကတ္တီပါအိတ်တွင်းမှ ထုတ်ယူပြီး ဗညားအိမ်အား ဆက်သလိုက်ရာ ဗညားအိမ်သည် အစ်မတော် မူလပထမ ရေးပေးလိုက်သည့် စာလွှာကို မီးရောင် အောက်တွင် စေ့စပ်သေချာစွာ ဖတ်ရှုနေပေသည်။





**မောင်တော် ဗညားအိမ် –**

ဤစာလွှာကို ယူဆောင်လာသူမှာ စင်ဒွဲအသိုင်းသိုင်းတွင် အောင်ပွဲခံလာခဲ့သော ဗိုလ်မင်းသီရိဗြတ်ကမွန် ဖြစ်ပါသည်။ နှလုံးရည် ရော လက်ရုံးရည်ပါ ပြည့်ဝသူဖြစ်၍ အားကိုးအားထားလောက်သူ ဖြစ်ပါသည်။

အထက်ပါ စာပိုဒ်ကို ဖတ်ရှုလိုက်ပြီးနောက် ဗညားအိမ်သည် ထက်မြက် ရင့်ကျက်သည့် ဣန္ဒြေဖြင့် မိမိအား လက်ပိုက်ပြီး ကြည့်နေသော သီရိဗြတ် ကမွန်၏ ယောကျာ်းပီသသည့် အင်္ဂါရုပ်ကို အနုလုံ ပဋိလုံ လေ့လာသုံးသပ် လိုက်သည်။ ပြီးမှတစ်ဖန် အစ်မတော် ခင်စောမယ်၏စာကို ဆက်၍ ဖတ်လိုက် ပြန်သည်။

"ရွှေမြို့တော်တွင် အပျော်ကြူးနေရန် အချိန်အခါ မဟုတ်တော့ပါ" ဟူသော စာပိုဒ်ကို ဖတ်ရှုလိုက်ရသောအခါ ဗညားအိမ်မှာ မျက်နှာပျက်သွားပေ သည်။ တစ်ဖန် ဆက်လက်၍ "အစ်မတော်နှင့် နယ်သူနယ်သားများကို ငဲ့ညှာပြီး အမြန်ဆုံး ပြန်လာခဲ့ပါ" ဟူသော စာပိုဒ်ကို ဖတ်လိုက်ရပြန်သောအခါ ဗညားအိမ် ၏ မျက်နှာမှာ ညှိုးငယ်သွားပြန်သည်။

ဤစာလွှာကို ယူဆောင်လာသော ဗိုလ်မင်း သီရိဗြတ်ကမွန် မှာ ကေသရာဇာကဲ့သို့ ရဲရင့်ပြီး စစ်ပွဲတိုင်းတွင် စွမ်းစွမ်းတမန် သတ္တိ ပြခဲ့သူ ဖြစ်ပါသည်။ ဓားရေး လှံရေးနှင့် စစ်ချီစစ်တက်တွင် သူမတူ အောင် ထူးချွန်သူ ဖြစ်၍ သူရဲကောင်း ဆယ်ယောက်ကိုပင် တစ်ယောက် တည်းနှင့် အနိုင်ယူခဲ့သူ ဖြစ်ကြောင်း အစ်မတော် သိရပါသည်။ ဘီလူး သဘာက်ကဲ့သို့ ရက်စက်ကြမ်းကြုတ်သူ ဖြစ်၍ ဗိုလ်မင်း သီရိဗြတ်ကမွန် နှင့် ဆက်ဆံရာတွင် မောင်တော် သတိနှင့် ဆက်ဆံစေလိုပါသည်။ စိတ်လိုက်မာန်ပါ တဖောက်ကန်း မလုပ်မိအောင် သတိပြု ဆင်ခြင် ပါလေ။

အစ်မတော်ဘုရား၏ စာလွှာအောက်ဆုံးပိုဒ်ကို ဗညားအိမ်သည် တစ်လုံးချင်း ဖတ်ရှုရင်း သီရိဗြတ်ကမွန်အား မသိမသာ ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြန်သည်။ ပြီးမှတစ်ဖန် စာလွှာကို ကတ္တီပါအိတ်ထဲသို့ ပြန်ထည့်ပြီး ဘရိတသေ သိမ်းဆည်းထားလိုက်ပေသည်။ ဗညားအိမ်၏ အမူအရာမှာ စောစော ကနှင့် မတူဘဲ သိသိသာသာ ပြောင်းလဲသွားသည်ကို တွေ့ရပြီး လက် နှစ်ဖက်ကို နောက်သို့ပစ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း တစ်စုံတစ်ရာ လေးလေးနက်နက် စဉ်းစားနေသည်ကို တွေ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'လက်စသတ်တော့ မိတ်ဆွေဟန်ဆောင်ပြီး ငါ့ကို နောက်ကျောက ဓားနဲ့ထိုးနေတဲ့ အကောင်တွေပါလား။ ငါ့ကို မြှောက်ပင့်ပေးပြီး ချောက်တွန်းနေတဲ့ အကောင်တွေ'

ဗညားအိမ်သည် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစားနေရာမှ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ပါးစပ်မှ ရေရွတ်လိုက်သည်။

'ဤစကား အမှန်ပင် ဖြစ်ကြောင်းပါ။ လူယုတ်မာများနှင့် ပေါင်းသင်းပြီး ရွှေမြို့တော်တွင် အပျော်ကြူးနေမည့်အစား အစ်မတော်ဘုရားနှင့် နယ်သူနယ်သား တောင်သူလယ်သမား ဆင်းရဲသားတွေရဲ့ အကျိုးစီးပွား အလို့ငှာ အရှင့်အား အပိုင်စား ပေးသနားတော်မူထားသည့် ဆောင်းတူးမြို့သို့ ပြန်ရန် သင့်ပြီ ဖြစ်ကြောင်းပါ'

သီရိဇြတ်ကမ္ဗန်က အခါအခွင့်သင့်သည့်နှင့် တစ်ပြိုင်နက် အစ်မတော်ဘုရားထံ ပြန်ရန် လျှောက်တင်လိုက်သည်။

'ငါ အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေရောင်းရင်းတွေက ငါ့အပေါ်မှာ အကောက်ကြံရက်တာကို အံ့သြလို့ မဆုံးဘူး။ အကောက်ကြံလိမ့်မယ်လို့ ယုံကြည်နိုင်စရာတောင် မရှိဘူး'

ဗညားအိမ်သည် သီရိဇြတ်ကမ္ဗန်၏ လျှောက်တင်ချက်ကို အရေးမထားဘဲ တစ်ယောက်တည်း ပြောသလို ပြောလိုက်ပြန်သည်။

'လူယုတ်မာတွေ အကြောင်း စဉ်းစားနေခြင်းဖြင့် အကျိုးထူးမည် မဟုတ်ကြောင်းပါ။ အရှင့်သားအား အစ်မတော်ဘုရား အောက်မေ့လွမ်းဆွတ်တော် မူလှပြီ ဖြစ်ကြောင်းပါ'

သီရိဇြတ်ကမ္ဗန်က လျှောက်တင်လိုက်ပြန်သည်။ သို့ရာတွင် ဗညားအိမ်မှာ သီရိဇြတ်ကမ္ဗန်၏ လျှောက်တင်ချက်ကို နားမဝင်ဘဲ မိတ်ဆွေစစ် ဟန်ဆောင်ပြီး အကောက်ကြံခဲ့သည့် သမိန်စက္ကဝေါတို့ လူသိုက်အပေါ်တွင် အခဲမကျေနိုင်သည့် အမူအရာဖြင့် အံကြိတ်လိုက်ပြန်သည်။

'ငါ့ကို မတရား အနိုင်ယူသွားတာ။ ဖြောင့်ဖြောင့်တန်းတန်း ကစားလို့ ကံတရားအတိုင်း အရှုံးနဲ့ အဆုံးသတ်ခဲ့ရတယ်ဆိုရင် ခံသာသေးတယ်။ မတရားအနိုင်ယူသွားတာကို ခေါင်းငုံ့ပြီး ခံမနေနိုင်ဘူး'

ဗညားအိမ်က ဒေါသသံဖြင့် ကြုံးဝါးလိုက်ရာ သီရိဇြတ်ကမ္ဗန်သည် ဗညားအိမ်၏ အမူအရာကို ကြည့်ပြီး မသိမသာ ပြုံးလိုက်သည်။

'အရှင့်သား ညံ့လို့ အလိမ်ခံရတာကို တစ်ရှက်က နှစ်ရှက် ဖြစ်အောင် မလုပ်ချင်စမ်းပါနဲ့။ အရှင့်သားဟာ မလောက်လေး မလောက်စားတဲ့ ကလေးအရွယ် လူမမည်မို့ အလိမ်ခံရတာပါ'





'ဒါလား .... ကလေးအရွယ် လူမမည်၊ ငါ့ကို ခနဲ့ရဲတဲ့ ကြည့်စမ်း'

ဗညားအိမ်မှာ ၎င်းအား ကလေးအရွယ် လူမမည်ဟု အခေါ်ခံရသည်ကို မခံမရပ်နိုင် ဖြစ်နေပုံ ရပေသည်။

'အရှင့်သား ခုမှ ၁၉ နှစ်သားသာ ရှိပါသေးတယ်။ လူ့လောက အကြောင်း ကောင်းကောင်း မသိသေးတဲ့အရွယ်မို့ ကလေးအရွယ် လူမမည်ဟု ဆင်စားပြီး ပြောလိုက်ခြင်း ဖြစ်ကြောင်းပါ။ အသက်အရွယ် နုနုနယ်နယ်နှင့် တော်ရှာစံ ဖခမည်းတော် မြို့စားကြီးရဲ့ ရိုက်ရာကို ဆက်ခံရမည့် မြို့စားလောင်း ဖြစ်၍ မာန်မာနတရားများ ဖုံးလွှမ်းလျက် ရှိခြင်းကြောင့် အမှားနှင့်အမှန်ကို ခွဲခြားနိုင်ခြင်း ဖြစ်ကြောင်းပါ။ အရှင့်သား သတိပြုဆင်ခြင်တော်မူပါ။ အရှင့်သား အတွေ့အကြုံနည်းပြီး အသိတရား ခေါင်းပါးသဖြင့်သာ ယခုလို အလိမ်ခံရခြင်း ဖြစ်ကြောင်းပါ။ အလိမ်ခံရသဖြင့် ငွေကြေးအမြောက်အများ ဆုံးရှုံးသည် မှန်သော်လည်း အဖိုးမဖြတ်နိုင်သည့် သင်ခန်းစာတစ်ခု ရရှိလိုက်ပြီး အသိအလိမ္မာ တိုးလာမိသဖြင့် တစ်ဖက်မှလှည့်ပြီး ကြည့်မည်ဆိုလျှင် အမြတ်ပင် ထွက်နေသေးသည်ဟု ဆိုနိုင်ကြောင်းပါ။ ဘဝပေး သင်ခန်းစာများကြောင့် အသိအလိမ္မာ တိုးလာသော အရှင့်သားကို အစ်မတော်ဘုရား လွမ်းဆွတ် အောက်မေ့လျက် ရှိပါသဖြင့် အစ်မတော်ဘုရားထံ ပြန်ရန် အချိန်အခါ သင့်ပြီ ဖြစ်ကြောင်းပါ'

သီရိဇြတ်ကမ္ဗန်က လျှောက်တင်လိုက်ရာ ဗညားအိမ်သည် မျက်မှောင်ကြုတ်ပြီး စဉ်းစားနေရာမှ လက်သီးလက်မောင်း တန်းလိုက်ပြန်သည်။

'ငါ့ကို ဆရာလုပ်နေစရာ မလိုဘူး။ ငါ ပြန်ချင်တဲ့အချိန်ကျမှ ပြန်မယ်။ မင်းတို့လည်း ငါ့ဆီမှာ အမှုထမ်းဖို့ မလိုတော့ဘူး။ သွား လိုရာကို သွားနိုင်ပြီ'

ဗညားအိမ်က မျက်နှာထိ မျက်နှာထားဖြင့် ပြန်ပြောလိုက်ရာ၊ သီရိဇြတ်ကမ္ဗန်သည် ဗညားအိမ်၏ အမူအရာကို ကြည့်ပြီး ပမာမခန့်သည့် အမူအရာဖြင့် ပြုံးလိုက်သည်။

'မိခင်ရဲ့နို့နံ့ မစင်သေးတဲ့ ကလေးသူငယ်လို ကလေးကလား မပြောသင့်ကြောင်းပါ'

သီရိဇြတ်ကမ္ဗန်သည် ဗညားအိမ် ပြောလိုက်သည့် စကားများကို အရေးမစိုက်ဘဲ ပြန်လည်၍ သတိပေးလိုက်ရာ၊ ဗညားအိမ်မှာ ဒေါသထွက်သည်ထက် ထွက်လာပြီး တံခါးဝသို့ လက်ညှိုးညွှန်လိုက်သည်။

'သီရိဇြတ်ကမ္ဗန်၊ ခုချက်ချင်း အခန်းထဲက ထွက်သွားပါ။ ငါ့ဆီမှာ ဆက်လက်ပြီး အမှုတော်ထမ်းဖို့ မလိုတော့ဘူး။ မင်းတို့ကို ငါ မလိုချင်တော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဗညားအိမ်သည် ခက်ထန်သည့် အမူအရာဖြင့် သီရိဖြတ်ကမွန်အား အခန်းထဲမှ နှင်ထုတ်နေပေသည်။ သို့ရာတွင် သီရိဖြတ်ကမွန်သည် နေရာမှ တစ်လှမ်းမျှ မရွေ့ဘဲ မာန်မာန ခက်ထန်သည့် ဗညားအိမ်၏ အမူအရာကို ကြည့်ပြီး ပြုံးလိုက်သည်။

'အရှင့်သား ဆင်ခြင်တော်မူပါ။ ငမိုက်သား သီရိဖြတ်ကမွန်မှာ အရှင့်သား၏ အစ်မတော်ဘုရား နှင်းကေသရာဘွဲ့ခံ ခင်စောမယ်၏ တာဝန်ပေးချက်အရ အရှင့်သားအား မိတ်ဆွေစစ်ဟန်ဆောင်ပြီး အရှင့်သား ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်အားထုတ်နေကြသော မင်းသားခေါင်း ဆောင်းထားသည့် ဘီလူးများ၏ လောင်းရိပ်အောက်မှ လွတ်မြောက်အောင် ကယ်တင်ပြီး အစ်မတော်ဘုရားထံ ပြန်လည် ခေါ်ဆောင်လာရန် ရဲရဲကြီး အာမခံပြီး ပေးအပ်သော တာဝန်ဝတ္တရားများကို လက်ခံခဲ့သူ ဖြစ်သဖြင့်၊ ထို တာဝန်ဝတ္တရားကို အသက်နှင့် လဲပြီး ထမ်းရွက်သင့် ထမ်းရွက်ရလိမ့်မယ် ဖြစ်ကြောင်းပါ။ သူ့ဆန်စားလျှင် ရဲရမည်ဆိုသည့် စကားနှင့်အညီ အစ်မတော်နှင်းကေသရာဘွဲ့ခံ ခင်စောမယ်ထံမှ အခကြေးငွေများကို လက်ခံခဲ့ပြီးဖြစ်ပါ၍ တာဝန်ဝတ္တရားကို ကျေပွန်အောင် ထမ်းရွက်ရလိမ့်မယ် ဖြစ်သည်ကို အရှင့်သား နားလည်သဘောပေါက်လိမ့်မည်ဟု ယုံကြည်ကြောင်းပါ'

သီရိဖြတ်ကမွန်က တည်ငြိမ်ပြတ်သားသည့် အသံဖြင့် ပြန်လည်လျှောက်တင်လိုက်ရာ၊ ဗညားအိမ်သည် မျက်မှောင်ကြုတ်ပြီး နားထောင်နေရာမှ ကြမ်းပြင်ကို ဖနှောင့်နှင့် ပေါက်လိုက်သည်။

'စကားကြော ရှည်မနေနဲ့၊ သွားဆိုသွား၊ စကားတတ်တိုင်း ကွေ့လည်ကြောင်ပတ် လျှောက်တင်မနေစမ်းနဲ့။ နားခါးလှတယ်'

ဗညားအိမ်က ဒေါသသံဖြင့် ပြောလိုက်ပြန်သည်။

'ကွေ့လည်ကြောင်ပတ် လျှောက်တင်နေခြင်း မဟုတ်ကြောင်းပါ။ ဟုတ်တိုင်းမှန်ရာကို တိတိကျကျ လျှောက်တင်နေခြင်းဟာ ဖြစ်ကြောင်းပါ။ အရှင့်သား မပါဘဲ အစ်မတော်ဘုရားထံ သီရိဖြတ်ကမွန် တစ်ဦးတည်း ပြန်သွားရန် မဖြစ်နိုင်ကြောင်းပါ။ အရှင့်သားကို မဖြစ် ဖြစ်သည့်နည်းဖြင့် ပြန်ခေါ်ရမည် ဖြစ်ပါသဖြင့် ကြည်ကြည်သာသာ ပြန်လည်လိုက်ပါရန် လျှောက်ထားတောင်းပန်အပ်ပါသည်။ မြင်းများကို အသင့် ကကြိုးတန်ဆာများ ဆင်ယင်ထားရန်လည်း အရှင့်သား၏ မြင်းစေကျော် မင်းဒေဝအား ကြိုတင်ညွှန်ကြားထားပြီး ဖြစ်၍ စီးတော်မြင်းများ အသင့်ရှိနေပြီ ဖြစ်ကြောင်းပါ'





သီရိဖြတ်ကမွန်က အနည်းငယ်မျှ အလျှော့မပေးဘဲ ပြန်လည်လျှောက်တင်လိုက်ပြီး မင်းစည်သူဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကဲ မင်းစည်သူ၊ ငွေမောင်းတော် တီးပြီး မြင်းစေကျော် မင်းဒေဝကို ခေါ်လိုက်စမ်း'

သီရိဖြတ်ကမွန်က မင်းစည်သူအား အမိန့်ပေးလိုက်ရာ မင်းစည်သူသည် ဆင်စွယ်နှစ်ခုကြားတွင် ချိတ်ဆွဲထားသည့် ငွေမောင်းကို ထုနှက်လိုက်သည်။

'စော်ကားလှချည်လား၊ ငါ့အမိန့် မရဘဲ ဘာဖြစ်လို့ ငွေမောင်းကို တီးရတာလဲ'

ဗညားအိမ်က မာန်မဲလိုက်သော်လည်း သီရိဖြတ်ကမွန်သည် ကျောက်ရုပ်အတိုင်း လုပ်တတ်သူ ဖြစ်သည်ကို တစ်ဆင့်ပြီးတစ်ဆင့် သိမြင်လာသဖြင့် သီရိဖြတ်ကမွန်အား ကြောက်ရွံ့သလိုလို ဖြစ်လာကာ အသံများ တုန်၍ လာပေသည်။

'အရှင့်သားအား စော်ကားလိုသည့် စေတနာဆိုလို့ ဆံတစ်ခြည်မျှ မရှိကြောင်းပါ။ မိခင်၏ နို့နံ့မစင်သေးသည့် ရှူးရှူးမိုက်မိုက် ကလေးသူငယ်တစ်ဦးကို ကဲ့သို့အား အသက်နှင့်ထပ်တူ ချစ်မြတ်နိုးတော်မူသည့် အစ်မတော်ဘုရားထံ ပို့ပေးရန် တာဝန်ယူထားချက်အရ ထိုတာဝန်ဝတ္တရားကို ကျေပွန်စွာ ဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်းပါ။ အစ်မတော်ဘုရားထံ လိုက်ပါတော်မူပါရန် အသင့်ပြင်ဆင်တော်မူပါ'

သီရိဖြတ်ကမွန်သည် တောတောက လေသံအတိုင်း လျှောက်တင်လိုက်ပြန်သည်။

'ငါ့ရဲ့ အိမ်တော်မှာ လာ၍ ငါ့ကို စော်ကားတာလား၊ ရိုင်းပျလှချည်လား'

ဗညားအိမ်က ရှက်ရမ်း ရမ်းလိုက်ပြန်သည်။

'အရှင့်သားအား စော်ကားခြင်း မဟုတ်ပါ။ တာဝန်ဝတ္တရားကို ကျေပွန်စွာ ထမ်းရွက်နေခြင်း ဖြစ်ကြောင်းပါ။ မှန်ကန်သည်ဟု ယုံကြည်သော ကိစ္စတစ်ရပ်ကို တာဝန်ယူ ထမ်းရွက်ရာတွင် အရှင့်သား၏ အိမ်တော်မှာပင် ဖြစ်စေ၊ အရှင့်သား၏ အမိန့်ကို ဆန့်ကျင်သင့်က ဆန့်ကျင်ရန် ဝန်လေးလိမ့်မည် မဟုတ်ကြောင်းပါ'

သီရိဖြတ်ကမွန်က အနည်းငယ်မျှ ဣန္ဒြေမပျက်ဘဲ တောတောက လေသံအတိုင်း တည်ငြိမ်ပြတ်သားစွာ လျှောက်တင်လိုက်ပြန်သည်။

ထိုအခိုက်တွင် အိမ်တော်ရှိရာသို့ လာနေသည့် ခြေသံများ ကြားရပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြာ၍ တံခါးပွင့်လာကာ မြင်းစေကျော် မင်းဒေဝသည် ဗညားအိမ် စီးနင်းရန် ရွှေချည်ထိုး ဟင်္သာခြေနင်းနှင့် ကျောက်မြတ်ရတနာများ ခြယ်စီထားသည့် နှင်တံကို ကိုင်ဆောင်ပြီး အဆောင်တော်အတွင်းသို့ ရိုသေစွာ ဦးညွှတ်၍ အလေး ပြုပြီး ဝင်လာသည်ကို မြင်ရပေသည်။

'မင်းဒေဝ၊ ဒါ ဘာလုပ်တာလဲ။ ခြေနင်းနဲ့ နှင်တံယူလာဖို့ ဘယ်သူက အမိန့်ပေးလို့လဲ။ ငါ့လက်စွဲတော် အဲမွန် ဘယ်မှာလဲ။ အဲမွန် ခုချက်ချင်း ဆင့်ခေါ်လိုက်စမ်း'

ဗညားအိမ်က မြင်းစေကျော် မင်းဒေဝအား မာန်မဲရင်း ၎င်း၏လူယုံ တော် အဲမွန်ကို ဆင့်ခေါ်ရန် အမိန့်ပေးလိုက်သည်။ အဲမွန်မှာ ဗညားအိမ်၏ လူယုံတော် ဆိုရငြားသော်လည်း သမိန်စက္ကဝေါ၏ အခကြေးငွေကို လက်ခံကာ သူ့လူ ငါ့ဘက်သား လုပ်နေသူ ဖြစ်ပေသည်။

'မှန်လှပါ၊ အဲမွန် လူမှန်းမသိအောင် အရက်သေစာ သောက်စားမူး ယစ်ပြီး အိပ်လျက်နေကြောင်းပါ။ ဆင့်ခေါ်၍ ရလိမ့်မည် မဟုတ်ကြောင်းပါ'

မြင်းစေကျော် မင်းဒေဝက ပြန်လည်လျှောက်တင်ရင်း ဟင်္သာခြေနင်း တော်ကို ဗညားအိမ်၏ ခြေတော်ရင်းတွင် တရိုတသေ ချပေးလိုက်သည်။

'လက်စွဲတော် အဲမွန်ကို နှိုး၍မရလျှင် မြင်းထိန်းတွေကို ဆင့်ခေါ်ပြီး ဤသူနှစ်ဦးကို အဆောင်တော်တွင်းမှ ဆွဲထုတ်သွားကြစမ်း'

ဗညားအိမ်သည် သီရိဖြတ်ကမွန်နှင့် မင်းစည်သူတို့အား အဆောင် တော်တွင်းမှ ဆွဲထုတ်ရန် အမိန့်ပေးလိုက်သည်။

'ရွှေနား ဆင်တော်မူပါ။ အရှင့်သား သတ်လိုက သတ်တော်မူပါ။ အရှင့်သား၏ ရှေ့တော်မှောက်ရှိ ပုဂ္ဂိုလ်နှစ်ဦးကို အဆောင်တော်တွင်းမှ ဆွဲ ထုတ်ရန်မှာ မဖြစ်နိုင်ကြောင်းပါ။ အရှင့်သား၏ အမိန့်တော်ကို ရိုသေလေးစား ပါသော်လည်း မနာခံနိုင်သည်ကို ခွင့်လွှတ်တော်မူပါ'

မြင်းစေကျော် မင်းဒေဝက ပြန်လည်လျှောက်တင်လိုက်ရာ ဗညားအိမ် ၏ မျက်နှာမှာ နီရဲသွားပြီး နီရာတစ်ဖန် ညိုမည်းသွားပေသည်။

'တယ် စော်ကားလှချည်လား၊ ငါ့အမိန့်ကို ဖီဆန်တာလား'

'အမိန့်တော်ကို ဖီဆန်ရန် မဝံ့ကြောင်းပါ။ သို့ပါသော် ဤပုဂ္ဂိုလ်နှစ် ဦးကို အဆောင်တော်တွင်းက ဆွဲထုတ်ရန် မဖြစ်နိုင်ပါသဖြင့် မဖြစ်နိုင်ကြောင်း လျှောက်ထား တောင်းပန်နေခြင်းသာ ဖြစ်ကြောင်းပါ'

မြင်းစေကျော်က ရှင်းလင်း လျှောက်တင်လိုက်ပြန်သည်။

'ဘာဖြစ်လို့ ဆွဲမထုတ်နိုင်ရတာလဲ။ ဒါလောက်တောင် သတ္တိကြောင်





သလား။ မင်းတစ်ယောက်တည်း ဆွဲမထုတ်ဝံ့ဘူးဆိုရင် မြင်းထိန်းတွေကို ဆင့်ခေါ် လိုက်ပါတော့လား'

'သတ္တိကြောင်၍ မဟုတ်ကြောင်းပါ။ အရှင်၏ ရှေ့တော်မှောက်တွင် ရှိနေသော ဗိုလ်မင်းသီရိဖြတ်ကမွန် ဆိုသူမှာ ကျွန်တော်မျိုးကြီး၏ အသက် သခင် ကျေးဇူးရှင်ဖြစ်ကြောင်းပါ။ ကျွန်တော်မျိုးကြီး၏ နောင်တော် ခင်ထံသည် အား ရန်သူတို့၏လက်တွင်းမှ ရုပ်ရုပ်ချုံချုံ ကယ်တင်ခဲ့သူမှာလည်း ဗိုလ်မင်း သီရိဖြတ်ကမွန်ပင် ဖြစ်ပါသဖြင့် အသက်သခင် ကျေးဇူးရှင်အား စော်ကားရာ ရောက်မည့် အပြုအမူမျိုးကို မပြုလုပ်နိုင်ကြောင်းပါ။ အရှင့်သား၏ အမိန့်တော် ကို ဖီဆန်သည်ဆိုပြီး ကျွန်တော်မျိုးကြီးအား သတ်လိုက သတ်ပါ။ အသက်သခင် ကျေးဇူးရှင်ကိုမူ အဆောင်တော်တွင်းမှ ဆွဲထုတ်ရန် မဝံ့ကြောင်းပါ'

မြင်းစေကျော် မင်းဒေဝက ပြန်လည်လျှောက်တင်လိုက်ရာ ဗညားအိမ် မှာ ၎င်း၏ ငယ်သားအပေါ်၌ပင်လျှင် သီရိဖြတ်ကမွန်လောက် ဩဇာမညောင်း တော့သည်ကို သိမြင်လာကာ မာန်မာန ကျဆင်းစ ပြု၍လာပေသည်။ သီရိဖြတ် ကမွန်၏ စွမ်းရည်သတ္တိကိုလည်း တစ်ချိန်ထက်တစ်ချိန် လေးစားကြည်ညို၍ လာပေသည်။

'ငါမွေးတဲ့မျောက် ငါ့ကို ပြန်ခြောက်နေမှကိုး။ ကဲ ဒါဖြင့် ငါ ဘာလုပ် ရမလဲ၊ ပြောစမ်း'

ဗညားအိမ်သည် စိတ်ပျက်အားလျော့သည့် အမူအရာပြလျက် ရှိသော် လည်း ဟန်လုပ်၍ မာန်မဲလိုက်ပြန်သည်။

'မှန်လှပါ၊ အရှင့်သားအတွက် စီးတော်မြင်းကို ကကြိုးတန်ဆာများ ဆင်ယင်ထားပြီး ဖြစ်ပါ၍ ဤဟင်္သာခြေနင်းကို စီးတော်မူပြီး ကျောက်စီနှင်တံ ကို ကိုင်၍ စောင့်နေတော်မူပါ။ အရှင့်သား၏ စီးတော်မြင်းကို အသင့်စီးနင်း တော်မူနိုင်စေရန် အိမ်ရှေ့ ဆင်ဝင်တော်အောက်သို့ ငဒေဝ ဆွဲခေါ်လာခဲ့ပါမည် ဘုရား'

မြင်းစေကျော် မင်းဒေဝသည် ဟင်္သာခြေနင်းကို ထိုးပေးပြီး ကျောက်စီ နှင်တံကို ဗညားအိမ်၏လက်သို့ ရိုသေစွာ ဆက်သရင်း လျှောက်တင်လိုက် သည်။ ၎င်းနောက် မြင်းဇောင်းရှိရာသို့ ထွက်ခွာသွားပေရာ ဗညားအိမ်သည် ကျောက်စီနှင်တံကို ကိုင်ရင်း ကြက်သေ သေပြီး ကျန်ရစ်ခဲ့ပေသည်။

ဗညားအိမ်၏ အမူအရာကို သီရိဖြတ်ကမွန် အကဲခတ်နေခဲ့ ဗညားအိမ်သည် မြင်းစေကျော်ဒေဝအား မျက်စိတစ်ဆုံး ကြည့်ရင်း ကျန်ရစ်ခဲ့ ရာမှ တစ်စုံတစ်ရာ စဉ်းစားမိသည့် အမူအရာဖြင့် အိမ်တော်၏ အဆောင်ဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ လေ့ကားမှ တက်ပြေးရန် ခြေလှမ်းပြင်လိုက်စဉ် သီရိဖြတ်ကမွန်သည် ၎င်း၏ သန်မာတောင့်တင်းသည့် လက်များဖြင့် ဗညားအိမ်အား လှမ်း၍ ဆွဲလိုက်ရာ၊ ဗညားအိမ်မှာ ပင့်ကူအိမ်တွင် မိနေသော ယင်ကောင်ကဲ့သို့ မရုန်းနိုင် မကန်နိုင် ဖြစ်နေပေသည်။

သီရိဖြတ်ကမွန်သည် ဗညားအိမ်အား ညောင်စောင်းပေါ်တွင် ထိုင်စေပြီး ခြေနင်းတော်ကို ညောင်စောင်းအနီးသို့ ပို့ပေးလိုက်သည်။

'အရှင့်သား ဆင်ခြင်တော်မူပါ။ အရှင့်သားမှာ ငယ်ရွယ်သူပင် ဖြစ်ငြားသော်လည်း နတ်ရွာစံ ဆောင်းတူးမြို့စားရဲ၏ ရိုက်ရာကို ဆက်ခံပြီး ကြီးလေးလှသည့် နိုင်ငံတော်၏တာဝန်ကို ထမ်းရွက်ရမည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်ကို သတိပြု ဆင်ခြင်တော်မူပါ။ ငယ်ရွယ်သူတို့ဘာဝ ရှေ့နောက်ဆင်ခြင်တိုင်းထွာခြင်း မပြုဘဲ အသောက်အစားနှင့် လောင်းကစားမှုများဖြင့် မိမိ၏ဘဝကို မိမိ ဖျက်ဆီးနေသည်ကို အစ်မတော်ဘုရား ကြားသိတော်မူပါသဖြင့် ရင်ကျိုးလု မတတ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေကြောင်းပါ။ အရှင့်သားအား မိတ်ဆွေ ဟန်ဆောင်နေသည့် ဘီလူးသဘာက်ပမာ ရက်စက်ကြမ်းကြုတ်သော လူယုတ်မာ များ၏ လောင်းရိပ်အောက်မှ လွတ်မြောက်အောင် ကယ်တင်ပြီး အစ်မတော် ဘုရားထံ ပြန်လည်ခေါ်ဆောင်လာရန်နှင့် ငယ်ရွယ်သူတို့၏ဘာဝ တခေါက်ကန်း တစ်ဖွတ်ထိုး လုပ်တတ်သည့် အကျင့်ဆိုးကို ပျောက်ကွယ်ဆိတ်သုဉ်းသွားသည် အထိ ရှေ့ဆောင်လမ်းပြလုပ်ရန် အရှင့်သား၏ အစ်မတော်ဘုရား နှင်းကေသရာ ဘွဲ့ခံ ခင်စောမယ်၏ တာဝန်ပေးချက်အရ အရှင့်သားအား ငမိုက်သား သီရိဖြတ်ကမွန်က တာဝန်သိစွာဖြင့် ဓိကုပ်ပြီး နတ်ပြည်သို့ တင်နေရခြင်း ဖြစ်ကြောင်း နားလည်သဘောပေါက်တော်မူပါ။ အစ်မတော်ဘုရားသည် အရှင့်သား ပြန်လာမည့် နေ့ကို လက်ချိုးပြီး ရေတွက်ရင်း အောက်မေ့လွမ်းဆွတ်လှပါပြီ ဖြစ်ပါသဖြင့် ဤခြေနင်းတော်ကို စီးနင်းပြီး ဆင်ဝင်တော်အောက်သို့ ရောက်နေသည့် စီးတော်မြင်းနှင့် ဆောင်းတူးမြို့ စံအိမ်တော်သို့ ကြွမြန်းတော်မူပါ'

သီရိဖြတ်ကမွန်သည် တည်ငြိမ်ရင့်ကျက်သည့် လေ့ရှိဖြင့် လျှောက်တင်လိုက်ရာ ဗညားအိမ်သည် သီရိဖြတ်ကမွန်ကို တစ်လှည့်၊ မင်းစည်သူကို တစ်လှည့် ကြည့်လိုက်ပြီး မကြားတကြား ဆဲရေးလိုက်သည်။ ပြီးမှတစ်ဖန် ဟသ်ာခြေနင်းကို ယူ၍ စီးနင်းလိုက်သည်။

၎င်းနောက် ဗညားအိမ်သည် သီရိဖြတ်ကမွန်နှင့် မင်းစည်သူတို့အား ပြန်လှည့်မကြည့်ဘဲ အိမ်ရှေ့ ဆင်ဝင်အောက်သို့ လျှောက်ကာ နှင်တံကို ကိုင်၍ စိုက်စိုက် စိုက်စိုက်နှင့် ထွက်ခွာသွားပေရာ၊ သီရိဖြတ်ကမွန်နှင့် မင်းစည်သူတို့





သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးလိုက်ပြီး ဗညားအိမ်၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ပေသည်။

ဆင်ဝင်အောက်သို့ ရောက်သောအခါ မြင်းလေးကောင်နှင့် အသင့်စောင့်ကြိုနေသော မြင်းစေကျော် မင်းဒေဝကို တွေ့ရသဖြင့် ဗညားအိမ်သည် ဆောင်းဝတ်ရောင်မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ပြီး ရှေ့ဆုံးမှ ထွက်ခွာသွားလေရာ သီရိဖြတ်ကမွန်နှင့် မင်းစည်သူတို့သည် နံရိုးပြိုင်းပြိုင်း ထနေသည့် မြင်းကိုယ်စီ နှင့် ဗညားအိမ်၏ ဝဲယာမှ ခြံရံ၍ လိုက်ပါလာကြပေသည်။ မြင်းစေကျော် မင်းဒေဝမှာမူ အုန်းခွံရောင် မြင်းကို စီးပြီး နောက်ဆုံးမှ လိုက်သွားသည်ကို မြင်ရပေသည်။

## အခန်း ၅

တစ်ယောက်နှင့် တစ်ယောက် စကားမပြောဘဲ ခရီးကိုသာ မှန်မှန်ကြီး နှင်လာခဲ့ကြပေရာ နံနက် အရုဏ်တက်ချိန်တွင် ဆောင်းတူးမြို့ကလေးကို ရေးရေး မြင်ရသည့် ကုန်းမြင့်သို့ ရောက်ရှိလာကြပေသည်။

မြို့စားလောင်း ဗညားအိမ်အား သီရိဖြတ်ကမွန်နှင့် မင်းစည်သူတို့က ဝဲယာညှပ်၍ လိုက်ပါလာခဲ့ကြပြီး မြင်းစေကျော် မင်းဒေဝမှာမူ နောက်တော်ပါးမှ လိုက်ပါလာခဲ့ပေသည်။

ဆောင်းတူးမြို့ကလေးသို့ မျှော်မှန်းကြည့်လိုက်သောအခါ အစီအရီ ဆောက်လုပ်ထားသည့် အိမ်များနှင့် မြို့၏ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်သည့် လယ်ယာများနှင့် တောင်ယာပဲခင်းများကို မျက်စိတစ်ဆုံး မြင်ရပေသည်။ မြို့၏တောင်ဘက်တွင် ထုံးဖွေးဖွေးနှင့် စေတီတစ်ဆူကို ကြည်ညိုဖွယ်ရာ ဒုး တွေ့ရပြီး ရွှေရောင်တဖိတ်ဖိတ် တောက်နေသည့် ဘုံအဆင့်ဆင့်ဖြင့် ဆောက်လုပ် လှူဒါန်းထားသည့် ကျောင်းတိုက်ကို အရှေ့ဘက်မှ ထွက်ပေါ်လာသည့် ရောင်နီအောက်တွင် သာယာကြည်နူးဖွယ်ရာ နှတွေ့မြင်ရပေသည်။

မြို့၏အလယ်ဗဟိုတွင် နတ်ရွာစံ ဆောင်းတူးမြို့စားကြီး၏ စံအိမ်တော်နှင့် ကျယ်ပြန့်သည့် ဥယျာဉ်ခြံမြေကို အဝေးမှပင် မြင်နိုင်ပေသည်။

မြို့စားလောင်း ဗညားအိမ်သည် ဆောင်းတူးမြို့ကလေးနှင့် ပတ်ဝန်းကျင်ရှိ တောင်ယာပဲခင်းများကို ကုန်းမြင့်ပေါ်မှ ရှုစားရင်း မသိမသာ သက်ပြင်းချလိုက်ပေသည်။ နေရင်းဒေသသို့ ပြန်လာခဲ့ရသော်လည်း ကြည်လင် ရွှင်မြူး



www.burmeseclassic.com

www.burmeseclassic.com



သည့် အမှုအရာကို မတွေ့ရဘဲ မြို့တွင်းသို့ ဝင်ရမည်ကိုပင် လိပ်ပြာမသန့်သလို အမှုအရာ ပျက်နေသည်ကို တွေ့ရပေသည်။

ဗညားအိမ်သည် အစ်မတော်ဘုရား စံနေတော်မူသည့် ဖခမည်းတော်နတ်ရွာစံမြို့စားကြီး၏ စံအိမ်တော်ကို အတန်ကြာ ငေးစိုက်ကြည့်ရင်း ဖြည်းဖြည်းနှင့် မှန်မှန် ခရီးနှင်လာခဲ့ရာမှ ၎င်းစီးနင်းလာသည့် မြင်းကို ဇက်သတ်၍ ရပ်နားလိုက်ရာ သီရိဇြတ်ကမွန်နှင့် မင်းစည်သူတို့ကပါ ပြိုင်တူဇက်သတ်၍ ရပ်နားလိုက်ကြပေသည်။

'မင်းစည်သူ၊ အပါးတော်ကို တိုးခဲ့စမ်း'

ဗညားအိမ်သည် မိမိ၏ လက်ဝဲဘက်မှ လိုက်ပါလာသော မင်းစည်သူအား လှမ်းပြီး အမိန့်ပေးလိုက်ရာ၊ မင်းစည်သူသည် ဗညားအိမ်၏ အနီးသို့ ချဉ်းကပ်လာခဲ့ပေသည်။

'ဒီမှာ မင်းစည်သူ၊ သီရိဇြတ်ကမွန်နဲ့ ဆွေးနွေးတိုင်ပင်စရာ ရှိလို့ ခေတ္တ ရှောင်ပေးစမ်းပါ'

ဗညားအိမ်က မင်းစည်သူအား ပြောလိုက်သည်။ ဗညားအိမ်၏ လေသံမှာ ညဦးပိုင်းကလို ခက်ထန်ခြင်း မရှိတော့ဘဲ ပျော့ပျော့ပျောင်းပျောင်း ဖြစ်လာသည်ကို မင်းစည်သူ သတိပြုမိလေသည်။

'ကောင်းလှပါပြီ အရှင့်သား'

မင်းစည်သူသည် အလိုက်သိစွာဖြင့် ကုန်းမြင့်ပေါ်မှ နေပြီး ဆင်ခြေလျှော အတိုင်း တရွေ့ရွေ့လာခဲ့ပေရာ မြင်းစေကျော်မင်းဒေဝမှာလည်း အရှင်သခင်၏ အလိုတော်ကို သိသည့် အားလျော်စွာ မင်းစည်သူနှင့်အတူ လိုက်ပါသွားသဖြင့် ကုန်းမြင့်ပေါ်တွင် ဗညားအိမ်နှင့် သီရိဇြတ်ကမွန် နှစ်ဦးထဲသာ ကျန်ရှိပေ သည်။

ဗညားအိမ်သည် မင်းစည်သူနှင့် မင်းဒေဝတို့ တဖြည်းဖြည်း ဝေးသွားသည်ကို ငေးစိုက်ကြည့်နေရာမှ မသိမသာ သက်ပြင်းချလိုက်ပြန်သည်။

'သီရိဇြတ်ကမွန်'

ဗညားအိမ်သည် ကုန်းမြင့်ပေါ်တွင် မိမိနှင့်အတူ ကျန်ရစ်ခဲ့သည့် သီရိဇြတ်ကမွန်ဘက်သို့ မကြည့်ဘဲ လှမ်းခေါ်လိုက်သည်။

'ခစားလျက် ရှိကြောင်းပါ'

သီရိဇြတ်ကမွန်သည် ပြောပြောဆိုဆို ဗညားအိမ် အနီးသို့ ချဉ်းကပ်လာပေသည်။

'ရွှေမြို့တော်မှာ ကြွေအန်လောင်းကစားခဲ့လို့ အလိမ်ခံခဲ့ရပြီး အရှုံးကြီး ရှုံးခဲ့တာကို သီရိဇြတ်ကမွန် သိတယ် မဟုတ်လား'





'အသိဖြစ်ကြောင်းပါ၊ ငွေကြေးအမြောက်အမြား ရှုံးခဲ့သည့်မှန်သော်လည်း အဖိုးမဖြတ်နိုင်သည့် ဘဝပေး သင်ခန်းစာကို ရခဲ့ပါသဖြင့် ငွေကြေး အမြောက်အမြား ဆုံးရှုံးခဲ့သည်ကို တွေးပြီး ဆွေးနေစရာ မလိုကြောင်းပါ'

သီရိဇြတ်ကမွန်က နှစ်သိမ့်လိုက်သည်။

'ငွေကြေး အမြောက်အမြား ရှုံးတာကို တွေးပြီး မဆွေးပါဘူး။ အလိမ် ခံရတာကိုသာ မခံချိမခံသာ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ သီရိဇြတ်ကမွန် ပြောသလို အဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာ ရခဲ့သဖြင့် စိတ်ကို ဖြေနိုင်ပါတယ်။ ငွေကြေး ရှုံးတာကို အရေးမစိုက်ပေမယ့် ငွေနဲ့ကြေးနဲ့ ဝယ်လို့မရနိုင်တဲ့ ပစ္စည်းတစ်ခု ဆုံးရှုံးခဲ့ရတာကို တွေးမိတိုင်း စိတ်ထဲမှာ မခံချိမခံသာ ဖြစ်နေတယ်။ ကံတရား အကြောင်း ရှုံးနိမ့်သင့်လို့ ဆုံးရှုံးခဲ့ရတယ်ဆိုရင် စိတ်ကို ဖြေနိုင်စရာ ရှိသေးတယ်။ ဒါပေမဲ့ ကောက်ကျစ်စဉ်းလဲတဲ့ အကြံအစည်နဲ့ မတရားအနိုင်ယူပြီး အပိုင်စီး ခံရတာကို ခံပြင်းလှတယ်'

ဗညားအိမ်က မိမိ ပြောလိုသည့် စကားကို နိဒါန်းပျိုးလိုက်သည်။

'ငွေနဲ့ကြေးနဲ့ ဝယ်လို့မရတဲ့ ပစ္စည်းဆိုတာ ဘယ်လိုပစ္စည်းမျိုး ဖြစ်ပါ သလဲ'

သီရိဇြတ်ကမွန်က ပြန်မေးလိုက်သည်။

'သားစဉ်မြေးဆက် အမွေဆက်ခံရမယ့် ခမည်းတော်ဘုရားရဲ့ ပတ္တမြား လက်ဝတ်ရတနာကို ပြောနေတာပါ။ အဲဒီ ပတ္တမြား လက်ဝတ်ရတနာဟာ ရာဇာဓိရာဇ်ဘုရင်နဲ့ အင်းဝဘုရင်မင်းခေါင်တို့ စစ်ခင်းခဲ့ကြစဉ်က ဖခမည်း တော်ဘုရား ဦးစီးကွပ်ကဲပြီး ပါဝင်ဆင်နွှဲခဲ့တဲ့ စစ်ပွဲတစ်ပွဲမှာ ဖခမည်းတော် ဘုရား အောင်ပွဲခံနိုင်ခဲ့ရုံသာမက အင်းဝဘုရင် မင်းခေါင်ရဲ့ သားတော် သူရဲ ကောင်း မင်းရဲကျော်စွာကိုပါ လက်ရဖမ်းဆီးရမိခဲ့သဖြင့် ရာဇာဓိရာဇ် ဘုရင် ဘုရားကြီး ကိုယ်တော်တိုင် ဖခမည်းတော်ဘုရားအား ချီးမြှင့်ပေးသနားတော် မူခဲ့သည့် နန်းစဉ်ပတ္တမြားငမောက် လက်ဝတ်ရတနာတော် ဖြစ်ပါတယ်။ အဲဒီ လက်ဝတ်ရတနာတော်ကို အစ်မတော်ဘုရား အင်မတန်မှ မြတ်နိုးတော်မူပါ တယ်။ အဲဒီ လက်ဝတ်တနာကို လူယုတ်မာ သမိန်စက္ကာဝေါက ကြွေအန်နဲ့ မတရား အနိုင်ယူပြီး အပိုင်စီးခဲ့တယ်။ အဲဒီအကြောင်းကို အစ်မတော်ဘုရား သိတော်မူရင် အလွန် ကျိုးပါလိမ့်မယ်'

ဗညားအိမ်သည် အိမ်တော်သို့ ပြန်ရမည်ကိုပင် ရင်လေးသည့်အမှု ဖြင့် သီရိဇြတ်ကမွန်အား ရှင်းပြနေပေသည်။ ယမန်နေ့ညက ဗညားအိမ် မာန်မာန ခက်ထန်ခဲ့သလောက် မာန်စွယ်ကျိုးမှန်းမသိ ကျိုးလာသည်ကို



www.burmeseclassic.com

www.burmeseclassic.com



သီရိဗြတ်ကမွန် သတိပြုမိပေသည်။ ဗညားအိမ် ပြောလိုက်သည့် စကားများကို ကြားသောအခါ သီရိဗြတ်ကမွန်မှာ ဗညားအိမ်အပေါ်တွင် ကရုဏာသက်သည့် အမူအရာဖြင့် မြင်းချင်းယှဉ်လိုက်ပြီး ဗညားအိမ်၏ ပခုံးကို လှမ်း၍ ဖက်ကိုင်လိုက်သည်။

'သီရိဗြတ်ကမွန် ပြောတာ မှန်တယ်။ ကျွန်တော်ဟာ မြို့စားရာထူးနဲ့ မတန်ဘူး။ ဖခမည်းတော်ဘုရားရဲ့ ရိုက်ရာကို ဆက်ခံနိုင်မယ့် သားကောင်းရတနာ မဟုတ်ဘူး။ ဖခမည်းတော်ဘုရား အသက်နဲ့လဲပြီး နိုင်ငံတော်ရဲ့ အမှုတော်ကို ထမ်းရွက်ခဲ့စဉ်က ဘုရင်မင်းတရားကိုယ်တော်တိုင် ချီးမြှင့်ပေးသနားတော်မူခဲ့တဲ့ နန်းစဉ်ပတ္တမြား လက်ဝတ်ရတနာကိုတောင် တန်ဖိုးထားရမှန်း မသိဘူး။ ကျွန်တော့်လောက် မိုက်မဲတဲ့ သတ္တဝါ ရှိနိုင်တော့မယ် မထင်ဘူး။ ကျွန်တော့် အသက်နဲ့ လဲချင်ရင် လဲရပါစေ။ ကျွန်တော့်ဆီက မတရား လိမ်လည်ပြီး အပိုင်စီးထားတဲ့ နန်းစဉ်ပတ္တမြား လက်ဝတ်ရတနာကိုတော့ မရ ရတဲ့နည်းနဲ့ ပြန်ယူရလိမ့်မယ်။ အစ်မတော်ဘုရားသာ သိရင်တော့ဖြင့် ရွှေရင်တော်ကျိုးမှာ အမှန်ပါ'

ဗညားအိမ်သည် နန်းစဉ်ပတ္တမြား လက်ဝတ်ရတနာတော်အတွက် အစ်မတော်နှင့် မျက်နှာချင်း ဆိုင်ရမည်ကို မဝံ့သည့် အမူအရာဖြင့် ညည်းညည်းညူညူ ပြောလိုက်ပြန်သည်။

'ဒီအတွက် ဘာမှ မပူပါနဲ့၊ သီရိဗြတ်ကမွန် ရှိပါတယ်။ ပြန်ရအောင် ယူပေးနိုင်စွမ်း ရှိပါတယ်'

သီရိဗြတ်ကမွန်က ရဲရဲကြီး အာမ ခံလိုက်ရာ ဗညားအိမ်သည် သီရိဗြတ်ကမွန် ပြောလိုက်သည့် စကားကို လက်မခံနိုင်သည့် အမူအရာဖြင့် ပြန်လှည့်ကြည့်လိုက်သည်။

'လက်ဝတ်ရတနာတော်ကို ပြန်ရအောင် ယူပေးနိုင်စွမ်း ရှိတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ယုံရမှာလဲ။ ဖြစ်ကော ဖြစ်နိုင်ပါ့မလား'

'သီရိဗြတ်ကမွန် အဖို့ မဖြစ်နိုင်တာ မရှိကြောင်းပါ။ ကြိုးစားလျှင် ဘုရားပင် ဖြစ်နိုင်ကြောင်းပါ။ လက်ဝတ်ရတနာရဲ့ တန်ဖိုးကို သိခွင့်ရှိလျှင် သိလိုကြောင်းပါ'

သီရိဗြတ်ကမွန်က အလျှော့မပေးဘဲ ပြန်ပြောလိုက်သည်။

'ငွေနဲ့ကြေးနဲ့ စက်ပြီး တန်ဖိုးဖြတ်လို့တော့ မရနိုင်ဘူး။ ဘုရင်မင်းတရား ကိုယ်တော်တိုင် ချီးမြှင့် ပေးသနားတော်မူခဲ့တဲ့ နန်းစဉ်ပတ္တမြား လက်ဝတ်ရတနာတော်မြတ် ဖြစ်တဲ့အတွက် တောင်ပုံရာပုံ ငွေကြေး ချမ်းသာ





ည့်တိုင်အောင် ဝယ်ယူဝံ့မည့်သူ ရှိမည် မဟုတ်ပါ။ အရောင်းအဝယ် ပြုလုပ်၍ ကောင်းမည် မဟုတ်ပါ'

ဗညားအိမ်က အဖြေပေးလိုက်သည်။

'စစ်ပွဲတွင် အောင်ပွဲရသဖြင့် ရာဇာဓိရာဇ် ဘုရင်မင်းတရားကြီးက တ်ရွာစံ မြို့စားကြီးအား ချီးမြှင့် ပေးသနားတော်မူသည့် နန်းစဉ်ပတ္တမြား လက်ဝတ်ရတနာ ဖြစ်သည်ကို သမိန်စက္ကဝေါ သိရှိပါသလော'

သီရိဗြတ်ကမွန်က ပြန်မေးလိုက်သည်။

'ကောင်းစွာ သိရှိပါတယ်။ ဆောင်းတူးမြို့သို့ သမိန်စက္ကဝေါ အလည်အပတ် လာစဉ်က အစ်မတော်ဘုရားကိုယ်တိုင် နန်းစဉ်ပတ္တမြား လက်ဝတ်ရတနာတော်ကို ပြသခဲ့ပါတယ်။ ပြသခဲ့ရုံသာမက ဤလက်ဝတ်ရတနာတော်ကို ခမည်းတော် ဘုရားအား ရာဇာဓိရာဇ် ဘုရင်မင်းတရား ကိုယ်တော်တိုင် ချီးမြှင့်ပေးသနားတော်မူခဲ့ပုံကို အစ်မတော်ဘုရား ရှင်းပြခဲ့တဲ့အတွက် လက်ဝတ်ရတနာတော်ရဲ့ ရာဇဝင်ကိုပါ ကောင်းစွာ သိရှိပါတယ်'

ဗညားအိမ်က ရှင်းပြလိုက်သည်။

'သမိန်စက္ကဝေါနှင့် အစ်မတော် နှင်းကေသရာတို့ ခံ ခင်စောမယ်တို့ ခင်ရင်းနှီးမှု ရှိခဲ့ပါသလော'

သီရိဗြတ်ကမွန်က မိမိ သိလိုသည့် အချက်ကို မေးလိုက်ပြန်သည်။

'တစ်ဦးနှင့်တစ်ဦး သိကျွမ်းရုံသာမက အတော်အတန် ခင်မင်ရင်းနှီးခဲ့ပါတယ်။ တစ်ချိန်တုန်းက ဆိုရင် သမိန်စက္ကဝေါဟာ ထန်းတောကြီးရွာတွင် ခြေစိုက်ခဲ့ပြီး အစ်မတော်ဘုရားထံ မကြာခဏ ဝင်ထွက်ပြီး လူချင်းရင်းနှီးအောင် ကြိုးစားခဲ့ဖူးပါတယ်'

'ရိုးရိုးတန်းတန်း ခင်မင်ရင်းနှီးအောင် ကြိုးစားခြင်း ဖြစ်ပါသလား။ သို့တည်းမဟုတ် အစ်မတော်၏ မေတ္တာတုံ့ပြန်မှုကို ရယူလိုသဖြင့် တဏှာပေမ ဖြင့် ရစ်ပတ်နှောင်ဖွဲ့ပြီး အပိုင်စီးရန် ကြိုးစားခြင်း ဖြစ်ပါသလော'

သီရိဗြတ်ကမွန်က မကွယ်ဝှက်ဘဲ တိုက်ရိုက် မေးမြန်းလိုက်ရာ ဗညားအိမ်မှာ ရှက်သွေးမွှန်သွားပြီး မျက်နှာတစ်ခုလုံး နီရဲသွားပေသည်။

'အမှန်အတိုင်း ပြောရမည်ဆိုလျှင် အစ်မတော်ဘုရားနှင့် ရွှေလက်ဆောင် ဆက်လိုကြောင်း ဖွင့်ဟပန်ကြားခဲ့သည်အထိ ဖြစ်ခဲ့ဖူးပါတယ်။ အစ်မတော်ရဲ့ မေတ္တာသန်းကို ဆင်မြန်းနိုင်ရန်လည်း ကြိုးစားခဲ့သည်မှာ အမှန်ပင် ဖြစ်ပါတယ်။ သို့ရာတွင် အစ်မတော်ဘုရားက သမိန်စက္ကဝေါအပေါ်တွင် မည်သည့်နည်းနှင့်မျှ မေတ္တာတုံ့ပြန်တော် မမူနိုင်ကြောင်း ပွင့်ပွင့်လင်းလင်း အဖြေပေးလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှစ၍ သမိန်စက္ကဝေါဟာ ဆောင်းတူးမြို့ကို မလာတော့ဘဲ ရွှေမြို့တော်ကို သွက်ခွာသွားပါတယ်။ ကျွန်တော့်ကိုပါ မြို့စားတို့တွင် ရှိအပ်သည့် အရည်အသွေးများ တောက်ပြောင်လာစေရန် သူနှင့်အတူ ရွှေမြို့တော်သို့ လိုက်ပါလာပြီး မြို့ရွာနယ်ပယ် စီမံအုပ်ချုပ်ပုံမှ အစ စားရေး၊ လုံရေးနှင့် စစ်ချီ စစ်တက် အစ ရှိသည့် ပညာရပ်များကို လေ့လာဖို့ ခေါ်ဆောင်ခဲ့သဖြင့် သမိန်စက္ကဝေါ၏ စကားကို ယုံကြည်ပြီး ရွှေမြို့တော်သို့ လိုက်လာခဲ့ခြင်း ဖြစ်ပါတယ်'

'အရှင့်သား မိန့်တော်မူတဲ့အတိုင်းသာ မှန်လျှင်တော့ အရှင့်သားထံမှ နန်းစဉ်ပတ္တမြားလက်ဝတ်ရတနာကို သမိန်စက္ကဝေါ အကောက်ဉာဏ်ဖြင့် လိမ်လည်ပြီး ယူထားခြင်းမှာ အလွန်လေးနက်သည့် အဓိပ္ပာယ် ရှိကြောင်းပါ။ ပေါ့ပေါ့ တန်တန် မဟုတ်ကြောင်းပါ။ သမိန်စက္ကဝေါမှာ ကောက်ကျစ်စဉ်းလဲသူ ဖြစ်သည်ကို အရှင့်သားအသိ ဖြစ်ကြောင်းပါ။ ဤလက်ဝတ်ရတနာကို တန်ရာ တန်ဖိုးပေးပြီး ရွေးယူဖို့ အရေးဆိုပေလိမ့်မည် ဖြစ်ကြောင်းပါ'

သီရိဇြတ်ကမွန်က ပြန်လည် လျှောက်တင်လိုက်ရာ ဗညားအိမ်မှာ သီရိဇြတ်ကမွန် ဆိုလိုသည့် စကားအဓိပ္ပာယ်ကို ကောင်းစွာ သဘောမပေါက်သဖြင့် မျက်မှောင်ကြုတ်ပြီး စဉ်းစားနေပေသည်။

'လက်ဝတ်ရတနာ ပြန်လည် ရရှိရေးအတွက် ရှိသမျှ စည်းစိမ်ကို ပေးအပ်ပြီး ရွေးယူရလျှင် ရွေးယူရပါစေ။ ရွေးယူဖို့ အသင့် ရှိနေပါတယ်'

ဗညားအိမ်က ရိုးရိုးပင် ပြန်ပြောလိုက်သည်။

'စည်းစိမ်ကို သမိန်စက္ကဝေါ အလိုမရှိပါ။ ပွင့်ပွင့်လင်းလင်း လျှောက်တင်ရမည်ဆိုလျှင် သမိန်စက္ကဝေါ အလိုရှိနေသည်မှာ အရှင့်သား၏ အစ်မတော် နှင်းကေသရာဘွဲ့ခံ ခင်စောမယ်သာလျှင် ဖြစ်ကြောင်းပါ။ လက်ဝတ်ရတနာ ပြန်လည်ရရှိရေးအတွက် အစ်မတော် နှင်းကေသရာဘွဲ့ခံ ခင်စောမယ်နှင့် လဲ၍ ရွေးယူနိုင်ပါမည်လော'

သီရိဇြတ်ကမွန်က လျှောက်တင်လိုက်ရာ ဗညားအိမ်မှာ မျက်လုံးပြူး သွားသည်။ သမိန်စက္ကဝေါ၏ ယုတ်မာပက်စက်သည့် အကြံအစည်ကို တရေးရေး သိမြင်လာသဖြင့်လည်း ဒေါသအမျက် ခြောင်းခြောင်းထွက်၍ လာပေသည်။

'လတ်စသတ်တော့ အစ်မတော်ဘုရားကို အပိုင်စီးချင်လို့ လက်ဝတ်ရတနာတော်ကို အကောက်ဉာဏ်နဲ့ အရ ယူထားတာကိုး။ အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်ပါသလား။ လက်ဝတ်ရတနာတော်ကို အစ်မတော်ဘုရား အသက်နဲ့ထပ်တူ မြတ်နိုးတော်မူကြောင်း သမိန်စက္ကဝေါ သိလို့ အစ်မတော်ကို အပိုင်စီးနိုင်အောင် လက်ဝတ်ရတနာနဲ့ အကျပ်ကိုင်လိမ့်မယ်





…င်တယ်။ အစ်မတော်ဘုရား အနေနဲ့လည်း ဖခမည်းတော်ဘုရား စွန့်စွန့် …ား တိုက်ပွဲဝင်ခဲ့လို့ ဘုရင်မင်းတရားကြီး ကိုယ်တော်တိုင် ချီးမြှင့်ပေးသနား …င် မူခဲ့တဲ့ လက်ဝတ်ရတနာ ဖြစ်တဲ့အတွက် လက်ဝတ်ရတနာ ပြန်ရရေး …တွက် သူ့ဘဝသူ အနစ်မွှန်းခံပြီး သမိန်စက္ကဝေါရဲ့ အလိုကို လိုက်လျောင်း …လိုက်လိမ့်မယ်။ ဒီလို ဆိုရင်တော့ ဒုက္ခပဲ'

ဗညားအိမ်မှာ သမိန်စက္ကဝေါ၏ ကောက်ကျစ်စဉ်းလဲသည့် အကြံ …စည်ကို ကောင်းစွာ သဘောပေါက် နားလည်သွားသည့်အပြင် လက်ဝတ် …တနာကို အစ်မတော် အသက်နှင့်ထပ်တူ မြတ်နိုးတော်မူကြောင်း သိရှိသဖြင့် …က်ဝတ်ရတနာအတွက် အစ်မတော် နစ်မွန်းမည့်ဘေးကို မြော်တွေးပြီး …ည်းညူလိုက်သည်။

'ဒီအတွက်တော့ စိုးရိမ်နေခြင့်လို့ ကြောင့်ကြတော် မမူပါနှင့်။ သမိန် …က္ကဝေါကို အမြန်ဆုံး ရှင်းလင်းသုတ်သင်ပစ်လိုက်ရင် သူ့ရဲ့ ယုတ်မာပက်စက် …ဲ့ အကြံအစည် အောင်မြင်နိုင်တော့မည် မဟုတ်ကြောင်းပါ'

သီရိဇြတ်ကမွန်က အရေးမစိုက်သည့် လေသံဖြင့် ပြန်ပြောလိုက် …သည်။

'သမိန်စက္ကဝေါကို ရှင်းလင်းသုတ်သင်ပစ်ဖို့ ဆိုတာ ပြောတော့ လွယ် …တယ်၊ လက်တွေ့ကျတော့ မလွယ်ဘူး။ စားရေး လုံရေးမှာ သမိန်စက္ကဝေါ …လောက် ကျွမ်းကျင်လိမ္မာသူ မရှိဘူး။ ဟံသာဝတီ တစ်နိုင်ငံလုံး ပြိုင်ဘက်ကင်း …လောက်အောင် အဲမောင်းလုံရေးတွင် ကျွမ်းကျင်လိမ္မာတဲ့ သမိန်ထောကဲ့သို့သော …သူရဲကောင်းကိုပင်လျှင် ယှဉ်ပြိုင်ဝံ့သူ ဖြစ်ကြောင်း ကျော်ကြားတဲ့ ပုဂ္ဂိုလ် …ဖြစ်တယ်။ သူ့ရဲကောင်း သမိန်ဗရမ်းရဲ့ အဆက်အနွယ် လို့တောင် ပြောသံ …ကြားဖူးတယ်'

ဗညားအိမ်က မိမိ ကြားသိခဲ့ရသည့် သတင်းများကို ဖောက်သည် …ချလိုက်ရာ သီရိဇြတ်ကမွန်က အရေးမစိုက်သည့် အမူအရာဖြင့် ပြုံးလိုက်သည်။

'သီရိဇြတ်ကမွန်လည်း လက်ယားနေတာနဲ့ အတော်ပဲ။ သမိန်စက္ကဝေါ …နဲ့ သီရိဇြတ်ကမွန် တစ်ချီတစ်ပွဲ တွေ့ကြရဦးမှာပေါ့'

သီရိဇြတ်ကမွန်က ရင်ကော့ပြီး ကြုံးဝါးလိုက်ရာ ဗညားအိမ်သည် …သီရိဇြတ်ကမွန် ကြွားလုံးကြီးသည်ဆိုပြီး အထင်သေးသွားသည့် အမူအရာဖြင့် …ပြန်ကြည့်လိုက်သည်။

'ဒါလောက်တောင် အပြောမကြီးပါနဲ့။ သမိန်စက္ကဝေါ ဆိုတဲ့ နာမည်ကို …ကြားရုံနဲ့ လူတိုင်း ရွံ့တယ်။ သူနဲ့ စားချင်းယှဉ်ပြိုင်ဝံ့သူ မရှိသလောက်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



ဗညားအိမ်က သမိန်စက္ကဝေါ၏ စွမ်းရည်သတ္တိကို အထင်မသေးရန် သတိပေးလိုက်သည်။

'ရှိ့တဲ့ လူတိုင်းထဲမှာ သီရိဗြတ်ကမွန် မပါပါဘူး။ သူလည်း သမိန်စက္ကဝေါ၊ ဒီကလည်း သီရိဗြတ်ကမွန်ပါ'

သီရိဗြတ်ကမွန်က အရေးမစိုက်သည့် လေသံဖြင့် ပြန်ပြောလိုက်သည်။

'ဒါဟာ ပြဿနာရဲ့ အဖြေ မဟုတ်ပါဘူး။ ပြဿနာက သမိန်စက္ကဝေါ မတရားလိမ်လည်ပြီး ယူထားလိုက်တဲ့ နန်းစဉ်ပတ္တမြား လက်ဝတ်ရတနာကို ဘယ်လိုနည်းနဲ့ ပြန်ရအောင် ယူမလဲ။ ပြန်ရအောင် မယူနိုင်လို့ စောစောက သီရိဗြတ်ကမွန် ပြောသလို နန်းစဉ်ပတ္တမြား လက်ဝတ်ရတနာနဲ့ အကျပ်ကိုင်ပြီး အစ်မတော်ကို အပိုင်စီးဖို့ ကြံစည်လာရင် သူ့အကြံအစည် ပျက်ပြားသွားအောင် ဘယ်လို ကာကွယ်မလဲ။ အဲဒီ ပြဿနာရဲ့ အဖြေကို သိချင်တယ်'

ဗညားအိမ်က ပြန်မေးလိုက်သည်။

'အဲဒီ ပြဿနာရဲ့ အဖြေက သီရိဗြတ်ကမွန်ပါ'

'ဒါဟာ အဖြေမှ မဟုတ်ပဲ'

'သီရိဗြတ်ကမွန်ရဲ့ အတိတ်နဲ့ ပစ္စုပ္ပန်ကို အရှင့်သား ယခုထက်ပိုမိုပြီး သိလာတဲ့တစ်နေ့မှာ ပြဿနာအားလုံးရဲ့ အဖြေဟာ သီရိဗြတ်ကမွန်ပဲ ဆိုတာ သိမြင် သဘောပေါက်လာပါလိမ့်မယ်။ သီရိဗြတ်ကမွန်ရဲ့ လက်သုံးတော် ကိုးသချိုင်းသံဓားအကြောင်း အရှင့်သား မကြားဖူးသေးဘူး ထင်တယ်'

သီရိဗြတ်ကမွန်က အလျှော့မပေးဘဲ ပြန်ပြောလိုက်သည်။ ကိုးသချိုင်း သံဓား ဟူသော စကားကို ကြားရသောအခါ ဗညားအိမ်မှာ မျက်လုံးပြူးသွားပေ သည်။

'ကိုးသချိုင်းသံဓား ဟုတ်လား၊ ကိုးသချိုင်းသံဓားက ဘယ်လို အစွမ်း ထက်သလဲ၊ ဘာဖြစ်လို့ ကိုးသချိုင်းသံဓားလို့ ခေါ်ရတာလဲ'

ဗညားအိမ်က ပြန်မေးလိုက်သည်။

'ကိုးသချိုင်းသံဓား စီရင်ပုံကို အခါအခွင့်သင့်တဲ့အခါ အရှင့်သား သဘောပေါက်အောင် ရှင်းပြပါမယ်။ အစွမ်း ထက်မြက်ပုံကိုလည်း အရေး ကြုံလာတဲ့အခါမှာ လက်တွေ့ စမ်းသပ်ပြပါမယ်'

'သမိန်စက္ကဝေါကို အနိုင်ယူနိုင်ပါ့မလား'

'သမိန်စက္ကဝေါရဲ့ ဘိုးအေကိုတောင် အနိုင်ယူနိုင်ပါတယ်'

'သမိန်စက္ကဝေါကို အထင်သေးလို့ မဖြစ်ဘူး။ သူ့ဓားက သိပ်ထက် တယ်'





'သီရိဗြတ်ကမွန်ရဲ့ ကိုးသချိုင်းသံဓားက အဆတစ်ရာ၊ အဆတစ်ထောင် ပိုပြီး ထက်ပါတယ်'

'သမိန်စက္ကဝေါရဲ့ ဓားချက်နဲ့ အသက်ထွက်ခဲ့ရတဲ့ လူဆိုးင်း မနည်း ဘူး'

'သီရိဗြတ်ကမွန်လည်း သေမင်းနဲ့ စစ်ခင်းပြီး အနိုင်ယူခဲ့ပေါင်း များလှ ပြီ၊ သေမင်းကတောင် သီရိဗြတ်ကမွန်ကို အရှုံးပေးထားရပါတယ်။ သေမင်း ကိုင် စစ်ခင်းဝံ့သူဖြစ်၍ သမိန်စက္ကဝေါလောက်တော့ အရေးစိုက်စရာမလိုပါ ဟုတ်ကြောင်းပါ'

သီရိဗြတ်ကမွန်က တစ်ခွန်း မခံ၊ အလျှော့မပေးဘဲ မျက်နှာထား တင်းတင်းနှင့် ပြန်ပြောလိုက်ရာ၊ ဗညားအိမ်သည် သီရိဗြတ်ကမွန်အား ခြေဆုံး ခေါင်းဆုံး ကြည့်ပြီး အကဲခတ်လိုက်သည်။

သီရိဗြတ်ကမွန်၏ တည်ငြိမ်ရင့်ကျက်သည့် ဣန္ဒြေ၊ ယောကျ်ားကောင်း ပီသည့် ကြန်အင်လက္ခဏာနှင့် တဝင်းဝင်း တလက်လက် အရောင်ထွက် နေသည်ဟု ထင်ရသော ကြည်လင်စူးရှသည့် မျက်လုံးအစုံကို မြင်ရသောအခါ အားသောက သီရိဗြတ်ကမွန် အပေါ်တွင် အထင်သေးခဲ့သမျှ၊ အထင်သေးသည့် စိတ်များ တဖြည်းဖြည်း လွင့်ပါး ပျောက်ကွယ်သွားပြီး သီရိဗြတ်ကမွန်၏ စွမ်းရည်သတ္တိကို ယုံကြည်ကိုးစားသည့် စိတ်များ တဖွားဖွား ပေါ်ပေါက်လာ ပေသည်။

သီရိဗြတ်ကမွန်၏ အရည်အသွေးများကို ရေးသားဖော်ထုတ်ခဲ့သည့် အစ်မတော် နှင်းကေသရာဘွဲ့ခံ ခင်စောမယ်၏ စာလွှာတွင် ပါရှိသည့် အချက် အလက်များကိုလည်း မျက်စိထဲတွင် တရေးရေး မြင်ယောင်လာပေသည်။

'ဗိုလ်မင်း သီရိဗြတ်ကမွန် အပေါ်တွင် အထင်သေးခဲ့မိသည်ကို ခွင့် လွှတ်ပါ'

ဗညားအိမ်က တောင်းပန်စကား ပြောလိုက်သည်။

'အရှင့်သား၊ သတိမမူခဲ့သဖြင့်သာ သီရိဗြတ်ကမွန်အပေါ်တွင် အထင် သေးခဲ့ခြင်း ဖြစ်ကြောင်းပါ။ ယမန်နေ့ညက ကြွေအန်ပိုင်းတွင် သီရိဗြတ်ကမွန် အား သမိန်စက္ကဝေါ လက်သုံးတော်ဓားဖြင့် ခုတ်ပိုင်းရန် ကြိုးစားခဲ့စဉ်က သမိန်စက္ကဝေါ၏ ဓားချက်ကို သီရိဗြတ်ကမွန်ကိုယ်တိုင် ခုခံတွန်းလှန်ခြင်း မပြုရဘဲ မင်းစည်သူ၏ တခ်ဏုပ္ပတ္တိဉာဏ်ဖြင့် လက်နက်ကို [illegible] [illegible]ပြက်အတွင်း ခုခံတွန်းလှန် ဖြိုဖျက်ခဲ့သဖြင့် ဓားချက်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



သည့်သာမက သမိန်စက္ကဝေါ ဓားကိုင်ထားသည့် လက်မောင်းရိုးပင် ထက်ပိုင်းကျိုးခဲ့ရသည်ကို အရှင့်သား မြင်ခဲ့ရပြီ မဟုတ်ပါလား'

သီရိဗြတ်ကမ္ဗန်က ရှင်းပြလိုက်ရာ ဗညားအိမ်မှာ သီရိဗြတ်ကမ္ဗန်၏ လက်ရုံးရည်ရော နှလုံးရည်ကိုပါ လေးစားသည်ထက် လေးစားလာပေသည်။

'ဗိုလ်မင်း သီရိဗြတ်ကမ္ဗန်အား ယခုအချိန်မှစ၍ မိတ်ဆွေစစ် မိတ်ဆွေမှန် အဖြစ် အသိအမှတ် ပြုပါရစေ။ ကျွန်တော့်အပေါ်တွင်လည်း သွေးရင်းသားရင်းလို သဘောထားပြီး စောင့်ရှောက်သွားဖို့ တောင်းပန်ပါရစေ။ မိတ်ဆွေစစ် မိတ်ဆွေမှန် ဟန်ဆောင်ပြီး နောက်ကျောကို ဓားနှင့်ထိုးရန် ကြံစည်ခဲ့သော ရန်သူများကို ၎င်းတို့၏ နဂိုဇာတိရုပ်ပေါ်အောင် ဖော်ထုတ်ပြီး ထိုရန်သူများ၏ လောင်းရိပ်အောက်မှ ကယ်တင်ခဲ့သည့် ကျေးဇူးကို မေ့ပျောက်၍ ရနိုင်မည် မဟုတ်ပါ။ ဗိုလ်မင်း သီရိဗြတ်ကမ္ဗန်သည် ဓားရေးလှံရေးနှင့် စစ်ချီ စစ်တက် အရာတွင် သူမတူအောင် ကျွမ်းကျင်လိမ္မာသူ ဖြစ်ကြောင်း သိရပါသဖြင့် ဓားရေးလှံရေး အတတ်ပညာများကို သင်ကြားပို့ချပေးရန် တောင်းပန်ပါတယ်'

ဗညားအိမ်က တိုးလျှိုးတောင်းပန်လိုက်သည်။

'ဤအတွက် စိုးရိမ်တော် မမူပါနှင့်။ အရှင့်သားသာ ဤအတတ်ပညာများကို တတ်မြောက်လိုသော စိတ်ဆန္ဒပြင်းပြလျှင် လွယ်လွယ်နှင့်ပင် တတ်မြောက်နိုင်ကြောင်းပါ'

'ဓားရေး လှံရေးသာမက ယောကျ်ားကောင်းတို့ တတ်အပ်သည့် တစ်ဆယ့်ရှစ်ရပ်သော အတတ်များကိုပါ သင်ကြားတတ်မြောက်လိုတဲ့ ဆန္ဒ ပြင်းပြလျက် ရှိပါတယ်။ လောလောဆယ်အားဖြင့် သမိန်စက္ကဝေါထံမှ လက်ဝတ်ရတနာ ပြန်လည်ရရှိရေးအတွက် မည်သို့မည်ပုံ အရေးယူ ဆောင်ရွက်သင့်သည်ကို ကောင်းမြတ်တဲ့ အကြံဉာဏ်များ ချီးမြှင့်စေလိုပါတယ်'

'လက်ဝတ်ရတနာများ ပြန်လည် ရရှိဖို့အတွက် သီရိဗြတ်ကမ္ဗန် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားပါမယ်။ ဒီအတွက် စိုးရိမ်တော် မမူပါနဲ့'

သီရိဗြတ်ကမ္ဗန်က ရဲရဲကြီး အာမခံလိုက်ပေသည်။

'ဒီစကား ကြားရတာ စိတ်နှလုံး ချမ်းမြေ့လှပါတယ်။ ယခုအချိန်က စပြီး ကျွန်တော့်ကို မိတ်ဆွေရင်းလို သဘောထားပါ။ သွေးရင်းသားရင်းလို သဘောထားပြီး အစစ အရာရာ သွန်သင်ဆုံးမပါ။ ကဲ စကားပြောလို့တော့ ကောင်းပါတယ်။ အရှေ့ဆီက နေဝန်းတောင် ထွက်ပြူစ ပြုလာပြီ၊ ခရီးဆက်ကြပါစို့လား'





ဗညားအိမ်မှာ လက်ဝတ်ရတနာအတွက် အခ်ခဲေ့နှင့် မျက်နှာချင်းဆိုင်ရန် ရင်လေးလာခဲ့ရာမှ သီရိဗြတ်ကမ္ဗန်၏ စကားများကို ကြားရသဖြင့် ရင်ထဲတွင် ပေါ့ပါးသွားကာ အစ်မတော် နှင်းကေသရာတို့ခံ ခင်ဆာမယ်ထံ အမြန်ဆုံး ရောက်လိုသည့် ဆန္ဒများ ဖြစ်ပေါ်လာသဖြင့် ခရီးဆက်ရန် ပြောပြလိုက်ခြင်း ဖြစ်ပေသည်။

ကုန်းမြင့်ပေါ်မှ နေပြီး ဆင်ခြေလျှောရှိရာသို့ လှမ်းကြည့်လိုက်ရာ မင်းစည်သူနှင့် မြင်းစေကျော် မင်းဒေဝတို့သည် ဆင်ခြေလျှော၏ ခြေရင်းတွင် ရပ်တန့်၍ ဗညားအိမ်နှင့် သီရိဗြတ်ကမ္ဗန်တို့အား စောင့်ကြိုနေကြသည်ကို မြင်ရပေသည်။

ဗညားအိမ်နှင့် သီရိဗြတ်ကမ္ဗန်တို့သည် မင်းစည်သူနှင့် မင်းဒေဝတို့ ရပ်တန့်စောင့်ကြိုနေသည့် နေရာသို့ ဆင်ခြေလျှောအတိုင်း တဖြည်းဖြည်း လာခဲ့ကြရာမှ ထွက်ပြူစ နေမင်း၏ရောင်ခြည်အောက်တွင် အိပ်တန်းမှ ဆင်းလာကြပြီး ကိုယ်စီကိုယ်င သဘာဝအလျောက် အစာရှာ ထွက်လာကြသည့် ငှက်မောင်နှံတို့၏ သာယာသော ကျူးရင့်သံများကို ကြားရသောအခါ ဗညားအိမ်မှာ စိတ်ကြည်နူးသည်ထက် ကြည်နူး၍ လာပေသည်။

မာန်မာန လွှမ်းမိုးခဲ့သဖြင့် ခက်ထန်ကြမ်းကြုတ်ခဲ့သည့် ဗညားအိမ်၏ မျက်နှာမှာလည်း ကြည်လင်ရွှင်လန်းသည့် အသွင်ကို ဆောင်လျက် ရှိပေသည်။

'သမိန်စက္ကဝေါတော့ လက်မောင်းရိုးကျိုးသွားတဲ့ အတွက် ရက်တရက်တော့ ကျွန်တော်တို့ကို ရန်တုံ့မှုနိုင်မှာ မဟုတ်ဘူး။ ဒီအတောအတွင်း ကျွန်တော်တို့ကို သမိန်စက္ကဝေါနဲ့ ဓားချင်းယှဉ်ပြိုင်နိုင်အောင် ဓားရေးလှံရေး အတတ်ပညာကို သင်ကြားပို့ချပေးစေလိုပါတယ်။ ကိုးသချိုင်းသံဓားရဲ့ အစွမ်းသတ္တိကို အခါအခွင့် သင့်တဲ့အခါ လက်တွေ့ပြသစေလိုပါတယ်'

ဆင်ခြေလျှောအတိုင်း တဖြည်းဖြည်း ဆင်းလာရင်း ဗညားအိမ်က ဆပ်လောင်း၍ တောင်းပန်လိုက်ပြန်သည်။

မကြာမီ မင်းစည်သူနှင့် မင်းဒေဝတို့ ရပ်စောင့်နေသည့် နေရာသို့ ရောက်ရှိလာကာ၊ လေးယောက်သား ခရီးဆက်၍ နှင်လာခဲ့ကြပေရာ ဆွမ်းခံချိန်လောက်တွင် ဆောင်းတူးမြို့တွင်းသို့ ဝင်မိကြပေသည်။

မင်းစည်သူနှင့် သီရိဗြတ်ကမ္ဗန်တို့က ဝဲယာခြံရံ၍၊ နောက်ဆော်ဝါးမြင်းစေကျော် မင်းဒေဝ လိုက်ပါလာကာ မြို့တွင်းသို့ မြို့စားလောင်း ဗညားအိမ်ဝင်လာသည်ကို မြင်သောအခါ မြို့သူမြို့သားများမှာ ဝမ်းသာအားရ ဆီးကြိုနေကြသည်ကို မြင်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်မတော် နှင်းကေသရာဘွဲ့ခံ ခင်စောမယ်မှာလည်း မြို့သူမြို့သားများထံမှ တစ်ဆင့် မောင်တော် ဗညားအိမ် ရွှေမြို့တော်မှ ပြန်ရောက်လာသည့်သတင်းကို ကြားရသဖြင့် အိမ်တော်ဝင်း အဝင်ဝသို့ ထွက်၍ မောင်တော်အား ဆီးကြိုနေသည်ကို တွေ့ရပေသည်။

သီရိဖြတ်ကမ္ဘန်နှင့်အတူ မောင်တော် ဗညားအိမ် ပြန်ပါလာသည်သာမက ဗညားအိမ်၏ မျက်နှာမှာ ကြည်လင်ရွှင်ပျလျက် ရှိသည်ကို မြင်ရသောအခါ အစ်မတော် နှင်းကေသရာဘွဲ့ခံ ခင်စောမယ်မှာ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ သွားပေသည်။

'မောင်တော် ပြန်လာပြီ၊ မောင်တော် ပြန်လာပြီ၊ အစ်မတော်ဘုရား ဝမ်းသာတော်မူလိုက်တာ'

နှင်းကေသရာဘွဲ့ခံ ခင်စောမယ်သည် မောင်တော် ဗညားအိမ်အား ပျာပျာသလဲ ဆီးကြိုလိုက်သည့် အသံကို ကြားရသောအခါ သီရိဖြတ်ကမ္ဘန်မှာ အလိုလို ပီတိသောမနဿ ဖြစ်၍ သွားပေသည်။

## အခန်း ၆

'ဘယ်သူမှ အောင်မြင်စွာ ထမ်းရွက်နိုင်လိမ့်မယ်လို့ သခင်မ မမျှော်လင့်ခဲ့တဲ့ ခက်ခဲနက်နဲတဲ့ တာဝန်ကို စစ်သည်တော်ကြီး အောင်မြင်စွာ ထမ်းရွက်နိုင်ခဲ့ပြီ ပေါ့နော်'

ကြာမျိုးစုံ ပွင့်ဖူးကြိုင်သင်းလျက် ရှိသော ကြည်လင်စိမ်းလဲ့သည့် ရေကန်တော်အတွင်း၌ ကူးလူးမြူးထူးနေသည့် ငါးသတ္တဝါများအား ပေါက်ပေါက်ဆုပ်များကို ငုံ့၍ အစာကျွေးရင်း မိမိအနီးတွင် ခြေစုံရပ်၍ ခစားနေသော အညတရ စစ်သည်တော် သီရိဖြတ်ကမ္ဘန်အား ဆောင်းတူးမြို့စားကြီး၏ သမီးဦးရတနာ နှင်းကေသရာဘွဲ့ခံ ခင်စောမယ်သည် ရေကန်တော်အတွင်းရှိ စစ်သည်တော်၏ အရိပ်ကိုကြည့်၍ သာယာသော အသံဖြင့် မိန့်တော်မူလိုက်သည်။

'သီရိဖြတ်ကမ္ဘန်အဖို့ ဘာမဆို လွယ်ပါတယ်။ ကြိုးစားလျှင် ဘုရားပင် ဖြစ်နိုင်သေးကြောင်း လျှောက်တင်ခဲ့ဖူးသည်ကို သတိပြု ဆင်ခြင်တော်မူပါ'

သီရိဖြတ်ကမ္ဘန်က တည်ငြိမ်သည့် ဣန္ဒြေဖြင့် တစ်ခွန်းချင်း လျှောက်တင်လိုက်သည်။

'စစ်သည်တော်ကြီး ကြွားလုံးကြီးခဲ့သည်ကို သခင်မ သတိမေ့လိမ့်မည် မထင်ပါနှင့်'





ခင်စောမယ်က ပြန်လည်ချေပရင်း ပေါက်ပေါက်ဆုပ် တစ်လုံးကို ခြေ့ပြီး ရေကန်တော်တွင်းသို့ ကြဲချလိုက်ရာ ငါးများ ဝိုင်းအုံ၍ ဟပ်နေကြသည်ကို မြင်ရပေသည်။

သီရိဖြတ်ကမ္ဘန်မှာ ရေကန်တော်အတွင်းရှိ ငါးများကို မြင်ရသော် ငါးများကို အစာကျွေးနေသည့် နှင်းကေသရာဘွဲ့ခံ ခင်စောမယ်၏ ရုပ်ရည်ကိုသာ အာရုံစိုက်လျက် ရှိပေသည်။

'သမိန်စက္ကဝေါရဲ့ ယုတ်မာစဉ်းလဲတဲ့ အကြံအစည်ကို မောင်တော် ဗညားအိမ် မျက်ဝါးထင်ထင် သိမြင်လာအောင် စစ်သည်တော်ကြီး ဖော်ထုတ်နိုင်ခဲ့တယ်လို့ မောင်တော်ထံမှ တစ်ဆင့် သခင်မ ကြားသိခဲ့ရတယ်။ လူယုတ်မာ သမိန်စက္ကဝေါရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ အကြံအစည် အပြုအမူကို ဘယ်ပုံဘယ်နည်း ဖော်ထုတ်ခဲ့သလဲ ဆိုတာ သခင်မ စဉ်းစားလို့ မရဘူး'

'စိတ်ပင်ပန်းခံပြီး စဉ်းစားတော် မမူပါနဲ့'

'စိတ်ပင်ပန်းခံပြီး စဉ်းစားတော် မမူစေလိုရင် စစ်သည်တော်ကြီး ရှင်းပြစမ်းပါလား။ သခင်မ သိခွင့်ရှိရင် သိပါရစေ'

နှင်းကေသရာဘွဲ့ခံ ခင်စောမယ်က မပွင့်တပွင့် ပြန်မေးလိုက်သည်။

'သခင်မရဲ့ မေးခွန်းကို သီရိဖြတ်ကမ္ဘန်က ဖြေဆိုရန် မလွယ်ကြောင်းပါ'

ဒါလောက် ခက်ခဲနက်နဲတဲ့ တာဝန်ကြီး တစ်ခုကို လွယ်လွယ်ကူကူနဲ့ အောင်မြင်စွာ ထမ်းရွက်နိုင်ခဲ့တာကို သခင်မဖြင့် အံ့သြလို့ မဆုံးဘူး။ သမိန်စက္ကဝေါလို လူတကာရဲ့ မျက်လုံးမွေးပေါ်မှာ စကြံလျှောက်လာခဲ့တဲ့ လူယုတ်မာ အဓိယောက်ကို သူ့ရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ အကျင့်အကြံတွေ ဖုံးကွယ်မထားနိုင်အောင် ဖော်ထုတ်နိုင်တဲ့ စွမ်းရည်သတ္တိဟာ သာမည စွမ်းရည်သတ္တိ မဟုတ်ဘူး။ သမိန်စက္ကဝေါရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ အကျင့်အကြံတွေကို ဖော်ထုတ်နိုင်ရုံသာမက တစ်စုံတစ်ရာ ချေပခြင်း မပြုနိုင်ဘဲ အညံ့ခံ အရှုံးပေးရအောင် စွမ်းဆောင်နိုင်တဲ့ သတ္တိကို သခင်မ ချီးကျူးလို့ မကုန်နိုင်ဘူး'

နှင်းကေသရာဘွဲ့ခံ ခင်စောမယ်သည် ရေကန်တော်အတွင်းရှိ ငါးသတ္တဝါများကို ကြည့်သလိုလိုနှင့် သီရိဖြတ်ကမ္ဘန်၏ အရိပ်ကို မရဲတရဲ ကြည့်ရင်း သီရိဖြတ်ကမ္ဘန်၏ စွမ်းရည်သတ္တိကို ချီးကျူးလိုက်ပြန်သည်။

'အံ့သြ ချီးကျူးစရာ မဟုတ်ကြောင်းပါ။ လူ့လောက အခြေအနေ အတွေ့အကြုံများသော သီရိဖြတ်ကမ္ဘန်အဖို့ အရိပ်ပြလျှင် အကောင်သိပြီး ဖြစ်ကြောင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'အခြား မည်သူ တစ်ဦးတစ်ယောက်မျှ ဖော်ထုတ်ခြင်းငှာ မစွမ်းနိုင်တဲ့ လူယုတ်မာ သမိန်စက္ကဝေါ၏ ပက်စက်တဲ့ အကျင့်အကြံတွေကို စစ်သည်တော် ကြီး မည်သို့မည်ပုံ လွယ်လင့်တကူ ဖော်ထုတ်နိုင်ခဲ့သည်ကို သခင်မ သိပါရစေ'

'မြွေ မြွေချင်း ခြေမြင်သည်ဆိုသည့် စကားအရ ကြွေအန်ကစားရာ တွင် သမိန်စက္ကဝေါ ကလိမ်စေ့ငြမ်းဆင်ပြီး သခင်မ၏မောင်တော် ဗညားအိမ် အား မတရားအနိုင်ယူနေသည်ကို သီရိဗြတ်ကမွန်၏ စူးရှထက်မြက်သည့် မျက် လုံးများက မြွေကိုမြွေချင်း ခြေကိုမြင်သလို ကွက်ကွက်ကွင်းကွင်း မြင်နိုင်စွမ်း ရှိသဖြင့် လွယ်လွယ်ကူကူ ဖော်ထုတ်နိုင်ခြင်း ဖြစ်ကြောင်းပါ'

သီရိဗြတ်ကမွန်က အဖြေပေးလိုက်ရာ နှင်းကေသရာ ဘွဲ့ခံ ခင်စောမယ် သည် ရေကန်တွင်းရှိ သီရိဗြတ်ကမွန်၏ အရိပ်ကို ကြည့်နေရာမှ မိမိအနီးတွင် ရပ်နေသော သီရိဗြတ်ကမွန်ဘက်သို့ လှမ်းကြည့်လိုက်သည်။

'မြွေကိုမြွေချင်း ခြေကိုမြင်သည်ဆိုသည့် စကားအရ စစ်သည်တော် ကြီးသည် သမိန်စက္ကဝေါကဲ့သို့ပင် အကြံပက်စက်သူ ဖြစ်သည်ဟု ဆိုရာ ရောက် ပါသလော။ စစ်သည်တော်ကြီးသည် သမိန်စက္ကဝေါကဲ့သို့ပင် ကောက်ကျစ် စဉ်းလဲသူ ဖြစ်သည်ဟု ဝန်ခံရာ မရောက်ပါသလော'

'လူတို့၏ အတွင်းမနေသည် မျက်နှာတွင် ပေါ်လွင်တတ်ပါသည်။ သီရိဗြတ်ကမွန်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ကောက်ကျစ်စဉ်းလဲသူ ဟုတ် မဟုတ်၊ ယုတ်မာပက်စက်သူ ဟုတ် မဟုတ် အဆုံးအဖြတ် ပေးတော်မူပါ'

သီရိဗြတ်ကမွန်သည် အရောင်တလက်လက် ထွက်နေသည် ဟု ထင်မှတ်ရလောက်အောင် ကြည်လင်တောက်ပြောင်သည့် မျက်လုံးအစုံဖြင့် နှင်းကေသရာ၏ မျက်နှာကို စေ့စေ့ကြည့်ရင်း အဖြေပေးလိုက်ရာ၊ နှင်းကေသရာ ဘွဲ့ခံ ခင်စောမယ်သည် သီရိဗြတ်ကမွန်၏ မျက်လုံးဒဏ်ကို မခံနိုင်သဖြင့် မသိ မသာ မျက်လွှာချလိုက်ပြီး ရေကန်တော်တွင်းသို့ ပေါက်ပေါက်ဆုပ်များကို ကြဲ ချလိုက်ပြန်သည်။ ပေါက်ပေါက်ဆုပ်များကို ဝိုင်းအုံပြီး တွပ်နေကြသော ငါးများ ကို မျက်မှောင်ကြုတ်၍ ကြည့်ရင်း မသိမသာ သက်ပြင်းချလိုက်သည်။

'ဘာပဲပြောပြော မောင်တော်ဗညားအိမ် အမြင်မှန်ရသွားပြီး ရန်သူ မှန်း သိသွားအောင် ကြိုးပမ်းဆောင်ရွက်ပေးတဲ့အတွက် စစ်သည်တော်ကြီးကို သခင်မ အတိုင်းမသိ ကျေးဇူးတင်ရှိပါတယ်'

'ဒီစကားကြားရတာ ပြည်တန်တဲ့ ပတ္တမြားရတနာကို လက်ခံရရှိတာ ထက်ပင် ဝမ်းသာပီတိ ဖြစ်မိကြောင်းပါ'

'မောင်တော် ဗညားအိမ် ပြောပြချက်အရဆိုလျှင် လူယုတ်မာ သမိန်





ညွှေခါ ဒဏ်ရာအပြင်းအထန် ရသွားကြောင်း သခင်မ ကြားသိရတယ်၊ ဤ ဒဏ်ရာ အမှန်ပင် ဖြစ်ပါသလား'

'သူ့အကုသိုလ်နဲ့သူ ခံသွားရခြင်း ဖြစ်ကြောင်းပါ'

'ဒဏ်ရာ အတော်ပြင်း ထန်ပါသလား'

'လက်မောင်းရိုး ကျိုးသွားရုံတင်ပါ'

'လက်မောင်းရိုး နှစ်ဖက်စလုံး ကျိုးသွားရင် ပိုကောင်းမယ်။ ဒါလောက် ယုတ်မာတဲ့လူကို ခြေရော လက်ပါ ရိုက်ချိုးပစ်ဖို့ ကောင်းတယ်'

ခင်စောမယ်က အခဲမကျေနိုင်သည့် အမူအရာဖြင့် ပြန်ပြောလိုက် သည်။

'သခင်မသည် မိန်းမသားပင် ဖြစ်လင့်ကစား ဒေါသအာဃာတ တရား ရှေ့ထားပြီး ရန်ငြိုးဖွဲ့တတ်သူပါတကား'

သီရိဗြတ်ကမွန်က မချိုမချဉ် မျက်နှာထားဖြင့် မထိတထိ ကလိလိုက် သည်။

'ရန်ငြိုးဖွဲ့တတ်သူလို့ ဆိုချင်ဆို၊ သမိန်စက္ကဝေါ ကဲ့သို့သော အကြံပက် စက် ဆန်ကောလောက်မှ ဖောက်မနက်တဲ့ လူယုတ်မာတွေကို သခင်မ စက်ဆုပ် ရွံရှာတော်မူတယ်။ စက်ဆုပ် ရွံရှာတော်မူတဲ့အတွက် သမိန်စက္ကဝေါရဲ့ ကောက်ကျစ် စဉ်းလဲတဲ့ အကျင့်အကြံတွေကို ဖော်ထုတ်ခဲ့တာကို သခင်မ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ်။ မင်းသားခေါင်း ဆောင်းထားတဲ့ ဘီလူးကို အစွယ်ပြူးပြူးနဲ့ နဂိုရုပ် ပေါ်အောင် ဖော်ထုတ်နိုင်စွမ်း ရှိတဲ့ စစ်သည်တော်ကြီးရဲ့ အရည်အသွေးကို လည်း သခင်မ အံ့သြလို့ မကုန်ဘူး။ ရက်စက် ကြမ်းကြုတ်လှသဖြင့် သူ့မျက်နှာ ကိုပင် မော်ပြီး မကြည့်ဝံ့အောင် လူတိုင်း ကြောက်ဒူး တုန်ခဲ့ရတဲ့ လူယုတ်မာ သမိန်စက္ကဝေါကို လွယ်လွယ်နဲ့ အနိုင်ယူလာခဲ့နိုင်တဲ့ စွမ်းရည်သတ္တိကို သခင်မ ချီးကျူးလို့ မကုန်ဘူး'

'သီရိဗြတ်ကမွန်အား အပြောသမားဟု မှတ်ထင်ခဲ့သဖြင့်သာ အံ့သြ စရာ မဟုတ်သည်ကို အံ့သြနေပြီး ချီးကျူးစရာ မဟုတ်သည်ကို ချီးကျူးနေခြင်း ဖြစ်ကြောင်းပါ။ အပြောကို လက်တွေ့ အကောင်အထည် ဖော်နိုင်တာကို တွေ့ရ တဲ့အခါ သီရိဗြတ်ကမွန် အပေါ်တွင် သခင်မ သဘောထား ပြောင်းလဲသွားပေမည် ဖြစ်ကြောင်း မဆွကပင် လျှောက်တင်ခဲ့ဖူးသည်ကို သတိရ ဆင်ခြင်တော်မူ ပါ။ လူပြောမသန် လူသန်မပြော ဆိုသော စကားရှိသော်လည်း လူပြောသန်သော ကို သခင်မ မမြင်ဖူးသေးသဖြင့် သီရိဗြတ်ကမွန် အပေါ်တွင် အထင်သေးခဲ့ခြင်း ဖြစ်ကြောင်းပါ။ ဤမျှလောက်နှင့် ချီးကျူးစရာ ဂုဏ်ယူစရာ မရှိသေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း သီရိဖြတ်ကမွန်၊ သီရိဖြတ်ကမွန်'

'အညတရ ဆိုတဲ့ စကားတစ်ခွန်း ကျန်နေသေးကြောင်းပါ'

သီရိဖြတ်ကမွန်က သတိပေးသလိုလိုနှင့် ပြောလိုက်ရာ၊ ခင်စောမယ် သည် ရယ်ချင်သလို ဖြစ်သွားသဖြင့် မသိမသာ ပြုံးလိုက်သည်။

'ကောင်းလှပါပြီ၊ အညတရစစ်သည်တော် သီရိဖြတ်ကမွန်ကို သခင်မ မေးစမ်းပါရစေ။ အညတရစစ်သည်တော် သီရိဖြတ်ကမွန်ဟာ လူ့လော အကြောင်း အတွေ့အကြုံ ဗဟုသုတများသူ ဖြစ်၍ လူကဲခတ်တတ်ကြောင်း စောစောက လျှောက်တင်သွားသည်ကို သခင်မ နားနှင့်ဆတ်ဆတ် ကြားခဲ့ရ တယ်။ လူကဲခတ်ကောင်းသူ ဖြစ်သည်နှင့်အညီ မောင်တော် ဗညားအိမ်၏ အပြောအဆို အမူအကျင့်များကို လေ့လာသုံးသပ်ပြီး လူကဲခတ်စေလိုပါတယ်။ မောင်တော် ဗညားအိမ်ရဲ့ စိတ်နေသဘောထားနဲ့ ပတ်သက်ပြီး အညတ စစ်သည်တော် သီရိဖြတ်ကမွန် ဘယ်လို အကဲခတ်လို့ ရပါသလဲ'

ခင်စောမယ်က မောင်တော်ဗညားအိမ် အပေါ်တွင် သီရိဖြတ်ကမွ ထားရှိသည့် သဘောထားကို သိလိုသဖြင့် မေးခွန်းထုတ်လိုက်ခြင်း ဖြစ်ပေသည်

'စိတ်ထားမွန်မြတ်သည့် နတ်ရွာစံ မြို့စားကြီး၏သားတော် ဖြစ်သည် အပြင် နှလုံးသားဖြူစင်သည့် အစ်မတော်၏ မောင်တော်ဖြစ်ပါသဖြင့် ဖခမည် တော်နှင့် အမတော်တို့၏ အမွေအနှစ်ကို ဆက်ခံနိုင်သည့် စိတ်ထား မွန်မြတ် နှလုံးသားဖြူစင်သူ တစ်ယောက် ဖြစ်ရလိမ့်မည်ဟု အကဲခတ်၍ ရကြောင်းပါ

'အတွေ့အကြုံ ဗဟုသုတများပြီး လူကဲခတ် ကောင်းလှတဲ့ အညတ စစ်သည်တော် သီရိဖြတ်ကမွန်၏ လေးနက်သော အဆုံးအဖြတ်ကို ကြားနာ သဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိလှပါတယ်'

'ငမိုက်သား သီရိဖြတ်ကမွန် အနေနှင့် မောင်တော် ဗညားအိမ်ရဲ့ မိတ်ဆွေစစ် မိတ်ဆွေမှန်အဖြစ် အသိအမှတ်ပြုခြင်း ခံရသဖြင့် ဂုဏ်ယူမိကြောင်း ပါ'

'မောင်တော်ရဲ့ ကြည်ညိုလေးစားခြင်း ခံရတယ် ဆိုတာလည်း အံ့ဖွယ် သရဲ ထူးကဲတဲ့ အသွင်လက္ခဏာပေပဲ'

နှင်းကေသရာဘွဲ့ခံ ခင်စောမယ်က တအံ့တသြ ပြောလိုက်သည်။

'သီရိဖြတ်ကမွန် ကိုယ်တိုင်လည်း အံ့သြမိကြောင်းပါ'

'အံ့သြမယ်ဆိုလည်း အံ့သြစရာပဲ။ မောင်တော်ဟာ တော်ရုံတန်ရုံ ပုဂ္ဂိုလ်ကို ကြည်ညိုလေးစားတာ မဟုတ်ဘူး'





နှင်းကေသရာဘွဲ့ခံ ခင်စောမယ်က စိတ်ရင်းအတိုင်း ရိုးရိုးသားသား ...ပြောလိုက်ရာ သီရိဖြတ်ကမွန်က မသိမသာ ပြုံးလိုက်သည်။

'တော်ရုံတန်ရုံ ပုဂ္ဂိုလ်ကို ကြည်ညိုလေးစားသူ မဟုတ်သည့် မောင်တော် ...ညားအိမ်၏ မိတ်ဆွေစစ်အဖြစ် အသိအမှတ်ပြုခြင်း ခံရသော သီရိဖြတ်ကမွန် ...သည် စက်ဆုပ်ရွံရှာဖွယ် ကောင်းသော လူယုတ်မာတစ်ဦး ဖြစ်နိုင်ပါ...ညီသော ...င်းသားခေါင်း ဆောင်းထားသည့် ဘီလူး ဖြစ်နိုင်ပါမည်လော'

သီရိဖြတ်ကမွန်သည် နှင်းကေသရာဘွဲ့ခံ ခင်စောမယ်အား ပြုံး၍ ...က တက်လိုက်ရာ ခင်စောမယ်သည် ငါးများကို ပေါက်ပေါက်ဆုပ် ...ရာမှ စစ်ပွဲအသီးသီးတွင် သေမင်းနှင့် စစ်ခင်းခဲ့ရသဖြင့် ကြမ်းတမ်းခက်ထ ...ရော်သည့် အသွင်လက္ခဏာ ပေါ်နေသော သီရိဖြတ်ကမွန်အား တစေ့တစောင်း ကြည့်လိုက်သည်။

'သခင်မရဲ့ မျက်စိထဲမှာတော့ စစ်သည်တော်ကြီးကို ဘီလူးခေါင်း ဆောင်းထားတဲ့ မင်းသားလို့ မြင်နေတယ်။ ရုပ်လက္ခဏာ ကြမ်းတမ်းသလောက် စိတ်ထားသဘောထား နူးညံ့သိမ်မွေ့တဲ့ အမူအရာ ပေါ်လွင်နေတယ်။ ကြမ်း တမ်းသော ဘဝခရီးကို ဖြတ်ကျော်လာခဲ့ရသဖြင့် အတွေ့အကြုံ ဗဟုသုတ ကြွယ်ဝတဲ့ အသွင်အပြင် လက္ခဏာပေါ်နေတယ်။ စစ်သည်တော်ကြီးရဲ့ ရုပ်သွင် လက္ခဏာနှင့် အမူအရာကို သခင်မ လေ့လာ အကဲခတ်လို့ ရသလောက် အတိုချုံး ချုံးပြီး ထင်မြင်ချက် ပေးရမယ်ဆိုရင် စစ်သည်တော်ကြီးဟာ အညတရ သီရိဖြတ်ကမွန် ဆိုတဲ့ နာမည်နဲ့ လိုက်လျောညီစွာ သီရိဖြတ်ကမွန် ပီသပါပေ တယ်'

ခင်စောမယ်သည် သီရိဖြတ်ကမွန်အပေါ်တွင် မိမိ၏ထင်မြင်ချက်ကို ဖော်ဆုတ်လိုက်သည်။

'ငမိုက်သား သီရိဖြတ်ကမွန်၏ ကြမ်းတမ်းခက်ထရော်သည့် ခန္ဓာကိုယ် အတွင်း၌ ဖြူစင်သော နှလုံးသား ကိန်းအောင်းလျက်ရှိကြောင်း နှင်းကေသရာ သခင်မ၏ အကဲဖြတ်ခြင်းကို ခံယူရပါသဖြင့် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြောင်းပါ'

'နှင်းကေသရာ သခင်မ .... ဟုတ်လား'

'မှန်ပါကြောင်းပါ၊ နှင်းကေသရာ ဟူသော ဘွဲ့အမည်မှာ နား... ချီဆိမ့်၍ သခင်မ၏ ဘရဏီ နတ်သမီးနှင့် တုနှိုင်းရလောက်သည့် ...ပါ ရုပ်အသွင်နှင့် ပနံတင့်လှပါသဖြင့် ငမိုက်သား သီရိဖြတ်ကမွန်၏ ...တ်မှ ...တ်ခနဲ ထွက်သွားမိခြင်း ဖြစ်ကြောင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



သီရိဗြတ်ကမွန်သည် ကျက်သရေအပေါင်းနှင့် ပြည့်စုံသည့် နှင်းဆောသရာဘွဲ့ခံ ခင်စောမယ်၏ ရုပ်အသွင်ကို ကြည့်၍မဝသည့် အမူအရာဖြင့် ကြည့်ရင်း ပြန်ပြောလိုက်ရာ ခင်စောမယ်မှာ မျက်နှာမထားတတ်အောင် ဖြစ်သွားဆသည်။

'ဒါတွေကို အသာထားပြီး စစ်သည်တော်ကြီးကို သခင်မ ပေးအပ်လိုက်တဲ့ တာဝန်ကို သခင်မ မျှော်လင့်ထားသည်ထက် အောင်မြင်စွာ ထမ်းရွက်နိုင်စွမ်းရှိသူဖြစ်၍ သခင်မ၏ ကတိအတိုင်း ဆုတော်လာဘ်တော်များ ချီးမြှင့်တော်မူဖို့ တာဝန်ရှိသေးတယ်'

ခင်စောမယ်က စကားလွှဲပြောင်းပြီး ပြောရင်း မိမိနှင့်အတူ ယူဆောင်လာသည့် ကတ္တီပါအိတ်ကို သီရိဗြတ်ကမွန် မြင်လောက်အောင် ထုတ်ပြလိုက်သည်။

'နှင်းကေသရာ သခင်မ၊ သည်းခံတော်မူပါ'

သီရိဗြတ်ကမွန်က လက်ဝါးကာပြလိုက်သည်။

'စစ်သည်တော်ကြီးရဲ့ စွမ်းရည်သတ္တိကို အထင်သေးခဲ့မိသည့်အတွက် သခင်မကို ခွင့်လွှတ်ပါ။ စစ်သည်တော်ကြီးအား ကျေးဇူးဆပ်သည့်အနေဖြင့် သခင်မ ပေးအပ်ခဲ့သည့် ကတိအတိုင်း ဆုတော်လာဘ်တော် ချီးမြှင့်သည်ကိုလည်း လက်ခံပါ'

နှင်းကေသရာဘွဲ့ခံ ခင်စောမယ်က တောင်းပန်စကား ပြောကြားလိုက်သည်။

'နှင်းကေသရာ သခင်မ ဆင်ခြင်တော်မူပါ။ ရွှေငွေ ဥစ္စာရတနာထက် မေတ္တာစေတနာကို ပိုမို၍ တန်ဖိုးထားရှိကြောင်းပါ။ မောင်တော် ဗညားအိမ်၏ မိတ်ဆွေစစ် အဖြစ် အသိအမှတ်ပြုခြင်း ခံရသည်မှာ ရွှေငွေဥစ္စာရတနာကို တောင်လိုပုံပြီး ချီးမြှင့်ခြင်း ခံရသည်ထက် အမြတ်တနိုး ဂုဏ်ယူမိကြောင်းပါ။ သီရိဗြတ်ကမွန်အဖို့ ရွှေငွေ ဥစ္စာရတနာသည် တန်ဖိုး လုံးဝ မရှိကြောင်းပါ'

'မောင်တော်ရဲ့ မိတ်ဆွေစစ် အဖြစ် အသိအမှတ်ပြုခြင်း ခံရတာက တစ်ဌာနပါ။ သခင်မ ကတိပေးခဲ့သည့်အတိုင်း သခင်မ ချီးမြှင့်သည့် ဆုတော်လာဘ်တော်ကို ကြည်ကြည်ဖြူဖြူ လက်ခံဖို့ တောင်းပန်ပါတယ်။ နည်းတယ်လို့ သဘောမထားပါနဲ့'

'ဆုတော် လာဘ်တော်ကို မျှော်ကိုးပြီး တာဝန်ယူခဲ့ခြင်း မဟုတ်သည်ကို မဆွကပင် ရှင်းလင်းလျှောက်တင်ခဲ့ပြီး ဖြစ်ကြောင်းပါ'

'ဒါကို သခင်မ သဘောပေါက်ပါတယ်။ ဆုတော်လာဘ်တော်ကို





[illegible]ကိုးဘဲ မွန်မြတ်သန့်စင်တဲ့ စေတနာနဲ့ အင်မတန် ကြီးလေးတဲ့တာဝန်ကို [illegible]ရွက်ခဲ့ခြင်း ဖြစ်တယ်ဆိုတာလည်း သခင်မ ယုံကြည်ပါတယ်၊ ဝင်သည်တော်[illegible] အပေါ်မှာ သံသယ မဖြစ်မိပါဘူး။ ဒါပေမဲ့ သခင်မရဲ့ ကတိအတိုင်း [illegible]လာဘ်တော် ချီးမြှင့်ခြင်းကို လက်ခံဖို့ တောင်းပန်ပါတယ်'

နှင်းကေသရာက ဆုတော်လာဘ်တော်ကို လက်ခံရန် တောင်း[illegible] [illegible]ကြားလိုက်ပြန်သည်။

'အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပြီဖြစ်တဲ့အတွက် ဆုတော်[illegible]လာဘ်တော် ချီးမြှင့်ရန် မလိုတော့ကြောင်းပါ။ သခင်မ ကတိပေးခဲ့စဉ်က အခြေ[illegible]နေနှင့် လက်ရှိ အခြေအနေမှာ ကွာခြားနေပါပြီ။ လက်ရှိ အခြေအနေမှာ [illegible]နှင့်မြေကြီးပမာ ကွာခြားနေပါပြီ။ သခင်မ ကတိပေးခဲ့စဉ်က သီရိဗြတ်ကမွန်မှာ [illegible]ဒ္ဒရာ ဝမ်းတစ်ထွာအတွက် ငါ့ဝမ်းပူဆာ မနေသာ၍သာ ကြေးစားဘဝဖြင့် [illegible]ဝန်ထမ်းရွက်ခဲ့ခြင်း ဖြစ်ကြောင်းပါ။ ယခုမူ မောင်တော်ဗညားအိမ်၏ [illegible]မှန်သော မိတ်ဆွေအဖြစ်သို့ ရောက်ရှိလာပြီ ဖြစ်သည်ကို နှင်းကေသရာ [illegible]ခင်မ သတိပြု ဆင်ခြင်တော်မူပါ'

သီရိဗြတ်ကမွန်က ဆုတော်လာဘ်တော်ကို လက်မခံဘဲ ငြင်းဆန်[illegible]လိုက်သည်။

'စစ်သည်တော်ကြီးရဲ့ စိတ်ရင်းစေတနာကို သခင်မက လေးစားပါ[illegible]တယ်။ ဒါပေမဲ့ သမုဒ္ဒရာ ဝမ်းတစ်ထွာအရေး အတွက်တော့ဖြင့် ဖြူစင်တဲ့ [illegible]တနာနဲ့ ချီးမြှင့်တဲ့ ဆုတော်လာဘ်တော်ကို လက်ခံဖို့ သင့်ပါတယ်'

နှင်းကေသရာက သီရိဗြတ်ကမွန်၏ စကားဖြင့် သီရိဗြတ်ကမွန်အား [illegible]၍ အနိုင်ယူလိုက်ရာ သီရိဗြတ်ကမွန်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ [illegible]ကန်တော်၏ ပတ်ဝန်းကျင်ရှိ စိမ်းလန်းစိုပြည်သည့် မြက်ခင်းကို ရန်သူပမာ [illegible]ဖြင့် နင်းချေဖျက်ဆီးနေသည်ကို တွေ့ရပေသည်။ သီရိဗြတ်ကမွန်၏ မျက်နှာ[illegible]လည်း ညိုပုပ်ပုပ် ဖြစ်နေပြီး အလိုမကျသည့် အမူအရာ ပေါ်လွင်လျက် [illegible]သည်။

'သခင်မ စေတနာနဲ့ ချီးမြှင့်တော်မူတဲ့ ဆုတော် လာဘ်တော်ကို [illegible]လက်ခံရမှာ ဒါလောက်တောင်ပဲ အဖြစ်သည်းနေရသလား။ ဆုတော်လာဘ်တော်[illegible]ကို လက်ခံလိုက်ရုံနဲ့ စစ်သည်တော်ကြီးရဲ့ ဂုဏ်သိက္ခာ ကျဆင်းသွား[illegible] [illegible]တ်ထင်နေပါသလား၊ သခင်မကို အဖက်မတန်ဘူး ထင်လို့ သခင်မ [illegible] ဆုတော်လာဘ်တော်ကို လက်မခံဘဲ ငြင်းဆန်နေတာလား'



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာမှာ ဆုတော်လာဘ်တော်ကို ကြည်ကြည်ဖြူဖြူ လက်ခံရန် ဆောင်းပန်း၍ မရသဖြင့် စိတ်တိုနေပုံ ရပေသည်။

'သခင်မ မိန့်တော်မူလိုက်သည့် စကားများမှာ သီရိဖြတ်ကမ္ဗန်အား ဆော်ကားသလို ဖြစ်နေပါသဖြင့် ဤစကားကို ဤတွင်ရပ်ပြီး ငမိုက်သား သီရိဖြတ်ကမ္ဗန်အား သခင်မ အပါးမှ သွားခွင့်ပြုတော်မူပါ'

သီရိဖြတ်ကမ္ဗန်က မျက်လွှာချပြီး ခွင့်ပန်လိုက်သည်။

'သခင်မရဲ့ စေတနာကို ဝေဒနာဖြစ်အောင် ပြောလိုက်တာလား။ ရိုင်းပျလှချည်လား'

'သီရိဖြတ်ကမ္ဗန်၏ စေတနာကိုသာလျှင် သခင်မက ဝေဒနာဖြစ်အောင် ဖန်တီးနေခြင်း ဖြစ်ကြောင်းပါ'

သီရိဖြတ်ကမ္ဗန်က တစ်ခွန်းမခံ နှုတ်လှံထိုးလိုက်သည်။

'ဘာပဲပြောပြော ဘယ်လိုပဲထင်ထင် သခင်မရဲ့ ကတိကိုတော့ မဖျက်နိုင်ဘူး။ သခင်မ ချီးမြှင့်တော်မူမယ်လို့ ကတိပေးခဲ့တဲ့ ဆုတော်လာဘ်တော်ကို သခင်မ ချီးမြှင့်ရမှ ကျေနပ်နိုင်မယ်။ ဆုတော်လာဘ်တော်ကို လက်ခံပါ'

နှင်းကေသရာသည် ပြောပြော်ဆိုဆို ကတ္တီပါအိတ်နှင့် ထည့်ထားသည့် အသပြာများကို သီရိဖြတ်ကမ္ဗန်၏ လက်သို့ ဇွတ်အတင်း ပေးအပ်လိုက်ရာ၊ သီရိဖြတ်ကမ္ဗန်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ ဆုတော်လာဘ်တော်ကို လက်ခံလိုက်သည်။

ပြီးမှတစ်ဖန် ကတ္တီပါအိတ်ကို လက်ထဲတွင် ချိန်ဆကြည့်လိုက်ပြီး ကြာမျိုးစုံ၏ ရနံ့များဖြင့် ကြိုင်သင်းလျက်ရှိသည့် ရေကန်အတွင်းသို့ ပစ်ချလိုက်ရာ နှင်းကေသရာဘွဲ့ခံ ခင်စောမယ်သည် သီရိဖြတ်ကမ္ဗန်အား ဒေါသလျှံသော မျက်လုံးများဖြင့် ကြည့်နေပေသည်။

သီရိဖြတ်ကမ္ဗန်မှာမူ ရေအောက်သို့ စုံးစုံးမြုပ်သွားသည့် ကတ္တီပါအိတ်ကို ကြည့်ရင်း ကျေနပ်သည့် အမူအရာဖြင့် ပြုံးလိုက်သည်။ ပြီးမှတစ်ဖန် မိမိအား ဒေါသလျှံသည့် မျက်လုံးများဖြင့် စာမတတ် ဝါးမတတ် ကြည့်နေသော နှင်းကေသရာဘွဲ့ခံ ခင်စောမယ်ဘက်သို့ မျက်နှာမူလိုက်သည်။

'နှင်းကေသရာသခင်မ၊ ငမိုက်သား သီရိဖြတ်ကမ္ဗန်အပေါ်တွင် ရွှေစိတ်တော် မငြိုငြင်ပါနဲ့။ ဒေါသအမျက်ကို ထိန်းသိမ်းတော်မူပါ။ ငမိုက်သား သီရိဖြတ်ကမ္ဗန်မှာ နှင်းကေသရာသခင်မ၏ မောင်တော် ဗညားအိမ်၏ လေးစားအပ်သော မိတ်ဆွေစစ် မိတ်ဆွေမှန်အဖြစ်သို့ ရောက်၍လာပြီ ဖြစ်ပါသဖြင့် နှင်းကေသရာသခင်မ ချီးမြှင့်တော်မူသည့် ဆုတော်လာဘ်တော်များကို လက်မခံ





နိုင်သည်ကို ခွင့်လွှတ်တော်မူပါ။ မောင်တော်ဗညားအိမ်၏ ဆန္ဒအရ ငမိုက်သား သီရိဖြတ်ကမ္ဗန်သည် မင်းစည်သူနှင့်အတူ နှင်းကေသရာသခင်မ၏ ခံအိမ်တော်ကို ဧည့်သည်တော်များအဖြစ် အခိုက်အတန့် တည်းခိုနေထိုင်ရန် သဘောတူလက်ခံခဲ့ပါသဖြင့် ဤစံအိမ်တော်တွင် တည်းခိုနေထိုင်သည့် အခိုက်အတန့်တွင် သမုဒ္ဒရာ ဝမ်းတထွာအတွက်လည်း ပူပန်စရာ မရှိတော့ပါ'

သီရိဖြတ်ကမ္ဗန်က မချိုမချဉ် အမူအရာဖြင့် လျှောက်တင်လိုက်ရာ နှင်းကေသရာဘွဲ့ခံ ခင်စောမယ်သည် သီရိဖြတ်ကမ္ဗန်ကို အံ့အားသင့်သည့် အမူအရာဖြင့် ငေးစိုက်ကြည့်နေမိပေသည်။

'အခိုက်အတန့်ဆိုတာ ဘယ်လောက်ကြာမှာလဲ'

နှင်းကေသရာ ဘွဲ့ခံ ခင်စောမယ်မှာ ၎င်း၏ စံအိမ်တော်တွင် ယောကျ်ားဧည့်သည် တည်းခိုနေထိုင်မည်ကို စိုးရွံ့သည့် အမူအရာဖြင့် ပြန်မေးလိုက်သည်။

'အနာဂတ်ကို မျှော်မှန်းရန် မဖြစ်နိုင်ပါသဖြင့် မည်ရွေ့မည်မျှကြာမည်ကို မခန့်မှန်းနိုင်ကြောင်းပါ။ အခြေအနေကသာ အဆုံးအဖြတ် ပေးပါလိမ့်မည်'

သီရိဖြတ်ကမ္ဗန်က အဖြေပေးလိုက်ရာ နှင်းကေသရာသည် ရေကန်တော် အတွင်းရှိ ငါးများ မြူးထူးပျော်ပါးနေသည်ကို ငေးစိုက်ကြည့်ရင်း တစ်စုံတစ်ရာ စဉ်းစားနေပေသည်။

'ရေကန်တော်ထဲ ပစ်ချလိုက်တဲ့ အသပြာတွေကို ဘာလုပ်ရမှာလဲ'

နှင်းကေသရာက ရေကန်တော်တွင်းသို့ ငေးစိုက်ကြည့်ရင်း မေးလိုက်ပြန်သည်။

'ဆင်းရဲနွမ်းပါးတဲ့ သူများအား ထောက်ပံ့လှူဒါန်းရန် အကြံပေးလိုကြောင်းပါ'

သီရိဖြတ်ကမ္ဗန်က အဖြေပေးလိုက်သည်။

'လူထူးလူဆန်းပဲ၊ ဒီလိုလူမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး'

နှင်းကေသရာဘွဲ့ခံ ခင်စောမယ်က တစ်ယောက်တည်း ပြောသလို ပြောလိုက်သည်။

'ဤစကား အမှန်ပင် ဖြစ်ကြောင်းပါ။ ငမိုက်သား သီရိဖြတ်ကမ္ဗန်လို လူတဲ့လူ ဤဇမ္ဗူမှာ ရှာ၍ တွေ့နိုင်မည် မဟုတ်ကြောင်းပါ'

'ကြွားလုံးကြီးလှချည်လား'



www.burmeseclassic.com

www.burmeseclassic.com



'ကြွားဝါခြင်း မဟုတ်ကြောင်းပါ။ သိရိဗြတ်ကမွန်သည် သိရိဗြတ်ကမွန် ဖြစ်သည်ကို နှင်းကေသရာသခင်မ သတိပြု ဆင်ခြင်တော်မူပါ'

သိရိဗြတ်ကမွန်က ရှုတည်တည် မျက်နှာထားဖြင့် ပြောလိုက်ရာ နှင်းကေသရာသည် သိရိဗြတ်ကမွန်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး မသိမသာ ပြုံးလိုက်သည်။

'ဒီနာမည်ကြီးကို အတော် သဘောကျနေတယ် မှတ်တယ်'

နှင်းကေသရာဘွဲ့ခံ ခင်စောမယ်က ခနိုးခနဲ့ ပြန်ပြောလိုက်သည်။

'အမည်နာမမှာ ပညတ်သာ ဖြစ်ကြောင်းပါ'

'ပညတ်ပင် ဖြစ်စေကာမူ ပညတ်သွားရာ ဓာတ်သက်ပါတတ်သည် မဟုတ်ပါလား'

'ဤစကား မှန်သင့်သလောက် မှန်ကြောင်းပါ။ သိရိဗြတ်ကမွန်သည် သိရိဗြတ်ကမွန် ပီသကြောင်း နှင်းကေသရာသခင်မ ဝန်ခံတော်မူခဲ့ပြီး ဖြစ်သည်ကို သတိပြုတော်မူပါ။ သိရိဗြတ်ကမွန်သည် သိရိဗြတ်ကမွန်သာဖြစ်၍ သိရိဗြတ်ကမွန်က လွဲ၍ သိရိဗြတ်ကမွန်နှင့်တူသူ ဤဇမ္ဗူတွင် ရှိလိမ့်မည် မဟုတ်ကြောင်းပါ'

သိရိဗြတ်ကမွန်က ပဟေဠိဆန်ဆန် အဖြေပေးလိုက်သည်။

'တယ်ဆိုတဲ့ စာပါလား။ ဇမ္ဗူမှာ တစ်လူသာ ရှိတယ်လို့ ကြွားလုံး ထုတ်လိုက်တာလား'

'ကြွားလုံးထုတ်ခြင်း မဟုတ်ကြောင်းပါ။ ဟုတ်တိုင်းမှန်ရာကို သဘောပေါက် နားလည်စေရန် တတ်သရွေ့ မှတ်သရွေ့ ရှင်းပြနေခြင်း ဖြစ်ကြောင်းပါ။ နှင်းကေသရာ သခင်မသည် နှင်းကေသရာသခင်မသာ ဖြစ်သဖြင့် နှင်းကေသရာ သခင်မနှင့် တုနှိုင်းစရာဆို၍ ဤဇမ္ဗူတွင် နှင်းကေသရာ တစ်ဦးတည်းသာ ရှိနိုင်သကဲ့သို့ ဖြစ်ကြောင်းပါ'

'စကားတတ်တိုင်း လှည့်ပတ်ပြီး ပြောမနေစမ်းပါနဲ့။ စစ်သည်တော်ကြီးရဲ့ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ် မျှော်မှန်းချက်ကို သခင်မ မသိရဘူးလား'

နှင်းကေသရာ ဘွဲ့ခံ ခင်စောမယ်က စကားလွှဲပြောင်းသွားရန် မေးလိုက်သည်။

'တိုတိုနှင့် လိုရင်းကို ပြောရမည်ဆိုလျှင် သိရိဗြတ်ကမွန်သည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူ မဟုတ်။ မိတ်ဆွေ အပေါင်းအသင်း ဟူ၍လည်း ပြောပလောက်အောင် မရှိဘဲ သေမင်းနှင့် အကြိမ်ကြိမ် စစ်ခင်းလာခဲ့ရသဖြင့် လောကဓံ၏ ဒီလှိုင်းကို ကြံ့ကြံ့ခိုင်ခိုင် ခံနိုင်ရည်ရှိသော အညတရ သိရိဗြတ်ကမွန် ဖြစ်ကြောင်းပါ။ အနာဂတ်၏ မျှော်မှန်းချက်ဆို၍ တိတိကျကျ မရှိသော်လည်း





...ကူးယဉ်အိပ်မက်များမှာမူ ပြော၍ မကုန်နိုင်အောင် များပြားလှကြောင်း ပါ'

'စိတ်ကူးယဉ်အိပ်မက် မဟုတ်လား၊ စစ်သည်တော်ကြီးသာ သက်တွေ့ ...လို့ သခင်မ မှတ်ထင်ခဲ့တာ ပါစင်အောင် လွဲနေပြီထဲ့'

'စိတ္တေန နီယတိ လောကောဟူသော ဘုရားဟောတော်မူ... ...သည်နှင့်အညီ စိတ်သည် လောကကြီးတစ်ခုလုံးကို ရှေ့ဆောင်လျက် ရှိသည် ...သခင်မ ဆင်ခြင်တော်မူပါ။ စိတ်နှင့် စပ်ဆိုင်သမျှသော သဘောတရား... (ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ပြုလုပ်ခြင်းတို့သည်) စိတ်သာလျှင် ရှေ့သွား ...ရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူး ရှိကုန်၏ အစရှိသဖြင့် ဓမ္မဒေသနာ ...တွင် လာရှိသည်နှင့်အညီ ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် စိတ်၏ ...မှ လိုက်ပါလာကြခြင်းသာ ဖြစ်သည်ကိုလည်း နှင်းကေသရာသခင်မ ...ပြု ဆင်ခြင်တော်မူပါ။ စိတ်သာလျှင် အရင်းခံ၊ စိတ်သာလျှင် ပဓာန ...၍ ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ပြုလုပ်ခြင်း စသည့်အမှုတို့မှာ စိတ်ကို အရင်း ...ပြီး ဖြစ်ပေါ်လာရခြင်း ဖြစ်ကြောင်းပါ။ စိတ်ကူးယဉ် အိပ်မက်မှာလည်း ...င် ဖြစ်သည်ကို နှင်းကေသရာသခင်မ သတိပြုတော်မူပါ'

'လတ်စသတ်တော့ ဓမ္မကထိက ပုဂ္ဂိုလ်ကြီးနဲ့ လာတွေ့နေရတာကိုး'

'ဓမ္မကထိက မဟုတ်ကြောင်းပါ။ အညတရ သိရိ ...'

သိရိဗြတ်ကမွန်က ပြောနေကျ လေသံအတိုင်း စကားစလိုက်ရာ နှင်း...သရာက လက်ဝါးကာပြလိုက်သည်။

'အညတရ သိရိဗြတ်ကမွန်မှန်း သခင်မ သိပါတယ်'

နှင်းကေသရာက စကားပြတ်သွားအောင် ပြောလိုက်ပြီး ရေကန်တော် ...ဝင်းရှိ ငါးများကို ပေါက်ပေါက်ဆုပ် ကျွေးရင်း တစ်စုံတစ်ရာကို လေးလေး ...နက် စဉ်းစားနေပြန်သည်။

'စစ်သည်တော်ကြီး အပေါ်မှာ သခင်မရဲ့ အထင်နဲ့အမြင်ဟာ တခြားစီ ...နေတယ်'

နှင်းကေသရာသည် အတန်ကြာ စဉ်းစားနေရာမှ စကားစလိုက်ပြန် ...သည်။

'အထင်နဲ့အမြင် တခြားစီ ဖြစ်နေသည်ကို ရှင်းလင်းတော်မူပါ'

'စစ်သည်တော်ကြီးအပေါ်မှာ သခင်မ အထင်မှားခဲ့တယ်။ မောင်... ...အိမ်ကို သွေးဆာနေတဲ့ လူယုတ်မာတွေရဲ့ လောင်းရိပ်အောက်က ...ကင်းမြောက်အောင် ကယ်တင်ပြီး သခင်မဆီကို ပြန်ခေါ်လာဖို့ စစ်သည်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို သခင်မ တာဝန်ပေးခဲ့စဉ်က စစ်သည်တော်ကြီးက ရက်စက်ကြမ်းကြုတ်ပြီး သွေးဆာနေတဲ့ လူကြမ်းတစ်ယောက် ဖြစ်လိမ့်မယ်လို့ သခင်မ မှတ်ထင်ခဲ့တယ်။ ငွေအသပြာ ပေးပြီးခိုင်းလျှင် ဘာမဆို လုပ်ဝံ့တဲ့ မိုက်ရူးရဲတစ်ဦး ဖြစ်လိမ့်မယ် လို့လည်း သခင်မ အထင်မှားခဲ့တယ်။ ခုလို နှလုံးရည်၊ လက်ရုံးရည်နဲ့ ပြည့်ဝတဲ့ သူရဲကောင်းတစ်ဦး ဖြစ်လိမ့်မယ်လို့ သခင်မ လုံးဝ မမျှော်လင့်ခဲ့ဘူး'

နှင်းကေသရာ ဘွဲ့ခံ ခင်စောမယ်က တည်ငြိမ်သည့် အသံဖြင့် ပြန်ပြော လိုက်ရာ အညတရ သီရိဗြတ်ကမ္ဗန်မှာ မျက်နှာမထားတတ်အောင် ဖြစ်သွားပေ သည်။

'နှင်းကေသရာ သခင်မ မြှောက်ပင့်တော် မူလွန်းသည်ဟု မှတ်ထင် မိကြောင်းပါ'

'စစ်သည်တော်ကြီးဟာ ရက်စက် ကြမ်းကြုတ်ပြီး သွေးဆာနေတဲ့ လူကြမ်းတစ်ယောက် ဖြစ်တယ်လို့ ဆိုလိုပါသလား။ ငွေအသပြာပေးပြီး ခိုင်းစေ လျှင် မှားသည်၊ မှန်သည်ကို အရေးမထားဘဲ ဘာမဆို လုပ်ဝံ့သူလို့ ဆိုလိုပါ သလား'

သီရိဗြတ်ကမ္ဗန်က ပြန်မေးလိုက်သည်။

'ရက်စက် ကြမ်းကြုတ်ပြီး သွေးဆာနေသူ ဖြစ်သဖြင့်သာ နှင်းကေသ ရာ သခင်မထံမှ ငွေအသပြာကို မျှော်ကိုးပြီး နှင်းကေသရာ သခင်မ ခိုင်းစေ ရာကို တာဝန်ယူ လုပ်ဆောင်ခဲ့ခြင်း မဟုတ်ပါလော'

သီရိဗြတ်ကမ္ဗန်က ပြန်လည် ချေပလိုက်ရာ နှင်းကေသရာသည် သီရိဗြတ်ကမ္ဗန် ပြောလိုက်သည့် စကားများကို လက်မခံနိုင်သည့် အမူအရာဖြင့် ခေါင်းကိုသာ အတွင်ယမ်း၍ နေပေသည်။

'စစ်သည်တော်ကြီးဟာ လူထူးလူဆန်းပဲ။ ကြွားလုံးထုတ်တဲ့ နေရာမှာ မိုးထိအောင် လေကားထောင်ပြီး ကြွားလုံးထုတ်ခဲ့သလောက် နှိမ့်ချတဲ့နေရာမှာ လည်း မြေလျှိုးပြီး နှိမ့်ချတဲ့သူပဲ။ မောင်တော်ဗညားအိမ်ကို သွေးဆာနေတဲ့ သမိန် စက္ကဝေါတို့ လူသိုက်ရဲ့ လောင်းရိပ်အောက်မှ လွတ်မြောက်ပြီး သခင်မဆီကို ပြန်လည်ရောက်ရှိလာရေးအတွက် သမိန်စက္ကဝေါတို့ထက် ရက်စက်ကြမ်းကြုတ် ပြီး သွေးဆာနေတဲ့ လူကြမ်းတစ်ယောက်ကို သခင်မ စုံစမ်း ရှာဖွေနေမှန်း သိလို့ စစ်သည်တော်ကြီးဟာ ရက်စက်ကြမ်းကြုတ်ပြီး သွေးဆာနေတဲ့ အသွင် အပြင်နဲ့ သခင်မဆီကို လာခဲ့တာ မဟုတ်လား'

နှင်းကေသရာက ပြန်မေးလိုက်ရာ သီရိဗြတ်ကမ္ဗန်သည် တစ်စုံတစ်ရာ အဖြေမပေးဘဲ ခေါင်းငိုက်စိုက်ချပြီး နှုတ်ဆိတ်နေပေသည်။





'သခင်မ ပြောတာ မှန်တယ် မဟုတ်လား'

နှင်းကေသရာက မရမက မေးလိုက်ပြန်ရာ သီရိဗြတ်ကမ္ဗန်သည် နှင်းကေသရာအား မရဲတရဲ ကြည့်လိုက်ရာ အကြည့်ချင်းဆုံသွားသဖြင့် မျက်နှာ မထားတတ်အောင် ဖြစ်သွားပြီး တစ်ဖက်သို့ လှည့်သွားပေသည်။

'စစ်သည်တော်ကြီးရဲ့ ဘဝမှန်ကို သခင်မ မသိရဘူးလား'

နှင်းကေသရာမှာ သီရိဗြတ်ကမ္ဗန်ထံမှ အဖြေမရသဖြင့် အားငယ် အားမရ ဖြစ်သွားဟန် တူပေသည်။

'မှန်ကန်သောဘဝကို မရောက်သေးပါ။ နှင်းကေသရာသခင်မ မိန့်ကြား တော်မူခဲ့သည့် အရည်အချင်းများနှင့် ပြည့်စုံအောင် ကြိုးစားသွားရန် အားခဲ ထားကြောင်းပါ'

'မှန်ကန်တဲ့ ဘဝကို မရောက်သေးဘူး ဆိုရင် ဘယ်လို ဘဝမျိုးမှာ ရပ်တည်နေတယ် ဆိုတာ သခင်မ မသိရဘူးလား'

'ဘဝအမျိုးမျိုးတွင် ရပ်တည်လျက် ရှိပါသဖြင့် မည်သည့်ဘဝတွင် ရပ်တည်နေသည်ကို ပြောရန် မဖြစ်နိုင်ကြောင်းပါ'

'လူတစ်ကိုယ်တည်း တစ်ချိန်တည်းမှာ ဘဝအမျိုးမျိုး ကျင်လည်နိုင် ပါ့မလား'

'နှင်းကေသရာ သခင်မကိုယ်တော်တိုင် သီရိဗြတ်ကမ္ဗန်အား ကေသ ရာဇာ ခြင်္သေ့ကဲ့သို့ ရဲရင့်ပြီး ယုန်သငယ်ကဲ့သို့ စိတ်ထားနူးညံ့ကြောင်း စောစော က မိန့်ကြားခဲ့သည်ကို သတိပြုတော်မူပါ။ လူတစ်ကိုယ်တည်း တစ်ချိန်တည်းမှာ ကေသရာဇာ ခြင်္သေ့ကဲ့သို့ ရဲရင့်ပြီး ယုန်သငယ်ကဲ့သို့ စိတ်ထား နူးညံ့နိုင် သေးလျှင် တစ်ချိန်တည်းမှာပင် ဘဝအမျိုးမျိုးတွင် ရပ်တည်နိုင်သည်မှာ ထင်ရှား နေကြောင်းပါ'

'လူတစ်ကိုယ်တည်း တစ်ချိန်တည်းမှာ ဘဝအမျိုးမျိုး ရပ်တည် နိုင်တယ်ပဲ ထားပါတော့၊ အညတရသီရိဗြတ်ကမ္ဗန် အဖြစ် ရပ်တည်နေတဲ့ ဘဝကို သခင်မ သိလိုပါတယ်'

'သီရိဗြတ်ကမ္ဗန်သည် သီရိဗြတ်ကမ္ဗန်သာ ဖြစ်ပါ၍ ....'

သီရိဗြတ်ကမ္ဗန်က စကားစလိုက်ရာ နှင်းကေသရာက လက်ဝါးကာ လိုက်သည်။

'ဒါကို သခင်မ သိပါတယ်။ သခင်မ သိလိုတာက သီရိဗြတ်ကမ္ဗန် အဖြစ် သခင်မ ချီးမြှင့်တော်မူတဲ့ ဆုတော်လာဘ်တော်ကို လက်မခံဘဲ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



[illegible] အဘယ်ကြောင့်ဖြစ်လို့ ပစ်ချတာလဲ။ သခင်မရဲ့ အမူတော်ကို မထမ်းရွက်နိုင် [illegible] ဆိုတဲ့ အဓိပ္ပာယ်လား။ ဒါကို သခင်မ သိချင်လို့ မေးနေတာ'

နှင်းကေသရာက တိတိကျကျ မေးလိုက်သည်။

'နှင်းကေသရာသခင်မရဲ့ အမူတော်ကိုသာ ထမ်းရွက်ရမယ့် ဆိုရင် ကောင်းကင်က မှုံကြယ်ကိုပင် ဆွတ်ခူးပေးရန် အသင့်ရှိကြောင်းပါ'

'သခင်မ ချီးမြှင့်တော်မူတဲ့ ဆုတော်လာဘ်တော်ဟာ မောင်တော် ဗညားအိမ်ရဲ့ ချီးမြှင့်မြှောက်စားခြင်း ခံရတာထက် မမွန်မြတ်ဘူးထင်လို့ သခင်မ ချီးမြှင့်တော်မူတဲ့ ဆုတော်လာဘ်တော်ကို လက်မခံဘဲ ရေကန်ထဲ ပစ်ချတာ မဟုတ်လား'

'နှင်းကေသရာ သခင်မ စွပ်စွဲသလို မဟုတ်ကြောင်းပါ'

'ဒါဖြင့် သခင်မချီးမြှင့်တော်မူတဲ့ ဆုတော်လာဘ်တော်ကို ဘာဖြစ်လို့ ရေကန်တော်ထဲ ပစ်ချရတာလဲ'

'တခြား သင့်လျော်သည့်နေရာ ရှာမတွေ့သဖြင့် နီးစပ်ရာ ရေကန်တော်ထဲ ပစ်ချရခြင်း ဖြစ်ကြောင်းပါ'

'သခင်မရဲ့ ကတိအတိုင်း စိတ်ရင်းစေတနာနဲ့ ချီးမြှင့်တဲ့ ဆုတော်လာဘ်တော်ကို ဘာဖြစ်လို့ လက်မခံနိုင်တာလဲ။ သုံးတောင်ဝတ် မိန်းမသားက ချီးမြှင့်တဲ့ ဆုတော်လာဘ်တော်ကို လက်ခံရမှာ ဂုဏ်ငယ်တယ် ထင်လို့လား'

'နှင်းကေသရာ သခင်မ ထင်သလို မဟုတ်ကြောင်းပါ'

'ဒါဖြင့် ရှင် ဘာဖြစ်လို့ လက်မခံတာလဲ'

'မောင်တော် ဗညားအိမ်၏ မိတ်ဆွေစစ် ဖြစ်ပါသဖြင့် မိတ်ဆွေစစ်၏ အစ်မတော်ထံမှ ဆုတော်လာဘ်တော်ကို လက်မခံနိုင်ခြင်း ဖြစ်ကြောင်းပါ'

'သခင်မ ချီးမြှင့်တော်မူတဲ့ ဆုတော်လာဘ်တော်ကို လက်မခံတဲ့ အတွက် သခင်မရဲ့ စိတ်ထဲမှာ မခံမရပ်နိုင်အောင် ဖြစ်သွားစေတယ်။ သခင်မ ကို စော်ကားရာ ရောက်တယ်လို့လည်း ယူဆတယ်။ စစ်သည်တော်ကြီးရဲ့ မျက်နှာတော်ကို မကြည့်ချင်တော့ဘူး'

'ဒီလိုဆိုရင် ငမိုက်သား သီရိဖြတ်ကမွန်ရဲ့ စိတ်ကူးယဉ်အိပ်မက်ဟာ လေထဲ တိုက်အိမ်ဆောက်သလို ဖရိုဖရဲ ပြိုကွဲသွားရပြီပေါ့'

သီရိဖြတ်ကမွန်က စိတ်ပျက်အားလျော့သည့် အမူအရာဖြင့် မျက်နှာ တစ်ခုလုံး နီရဲသွားပေသည်။

'ဘယ်လိုစကား ပြောလိုက်တာလဲ၊ သခင်မကို သက်သက်စော်ကား လိုက်တာလား'





'စော်ကားလိုသည့် စိတ်ဆိုး၍ ဆံတစ်ခြည် နှမ်းတစ်လုံးမျှ မရှိကြောင်း ပါ၊ နှင်းကေသရာ သခင်မ၏ မိန့်တော်သံကို ကြားသဖြင့် ဝမ်းနည်းပက်လက် ဖြစ်ရသည်ကို ထုတ်ဖော်လိုက်ခြင်းသာ ဖြစ်ကြောင်းပါ'

'လေထဲ တိုက်အိမ်ဆောက်တယ် ဆိုတဲ့ စကားက ဘာအဓိပ္ပာယ်လဲ'

နှင်းကေသရာက ဒေါသသံဖြင့် မေးလိုက်ပြန်သည်။

'စိတ်ကူးယဉ် အိပ်မက် မက်နေခြင်းပါ'

'သခင်မကို စောင်းပါးရိပ်ခြည် ပြောလိုက်တာ မဟုတ်လား'

'မဟုတ်ရကြောင်းပါ၊ နှင်းကေသရာသခင်မကို တိုက်ရိုက်ရည်စူးပြီး ပြောလိုက်ခြင်းသာလျှင် ဖြစ်ကြောင်းပါ'

သီရိဖြတ်ကမွန်သည် အနည်းငယ်မျှ အမူအရာ မပျက်ဘဲ စောစောက လေသံအတိုင်း ပြောလိုက်ရာ နှင်းကေသရာဘွဲ့ခံ ခင်စောမယ်မှာ ရှက်လည်း ရှက်၊ ဒေါသလည်း ထွက်လာပြီး မျက်နှာတစ်ခုလုံး နီရဲနေရာမှ ညိုမည်းသွားပေ သည်။

'စော်ကားလှချည့်လား'

နှင်းကေသရာဘွဲ့ခံ ခင်စောမယ်က ရှက်ရမ်း ရမ်းလိုက်သည်။

'စော်ကားသည်ထင်လျှင် မှားပါလိမ့်မယ်။ နှင်းကေသရာသခင်မအား စော်ကားလိုသည့် စိတ်ဆန္ဒ ဆံတစ်ခြည်မျှ မရှိကြောင်းပါ။ သီရိဖြတ်ကမွန်၏ စေတနာကို ဝေဒနာ မဖြစ်စေသင့်ပါ'

'စော်ကားတာ မဟုတ်ဘူးဆိုရင် လေထဲ တိုက်အိမ်ဆောက်တယ် ဆိုတဲ့ စကားအဓိပ္ပာယ်ကို ရှင်းပြစမ်း'

'နှင်းကေသရာ သခင်မ ရွှေနားဆင်တော်မူပါ။ ငမိုက်သား သီရိဖြတ်ကမွန် ၏ စိတ်ကူးယဉ်အိပ်မက်ထဲတွင် တည်ဆောက်လျက်ရှိသော တိုက်အိမ်မှာ ဖြူစင်သန့်ရှင်းပြီး ကြည်လင်အေးမြသည့် အရိပ်အာဝါသကို ပေးစွမ်းနိုင်မည့် တိုက်အိမ်ကိုသာလျှင် ဖြစ်ကြောင်းပါ။ ငမိုက်သား သီရိဖြတ်ကမွန်၏ တစ်ခု တည်းသော ရည်မှန်းချက်မှာ နှင်းကေသရာ သခင်မ၏ သန့်စင်မွန်မြတ်သည့် မေတ္တာ စေတနာကို ခံယူရန် ဖြစ်ကြောင်းပါ။ ဖြူစင်သော မေတ္တာသည် အေးမြ ကြည်လင်သော အကျိုးတရားကို ပေးစွမ်းနိုင်ကြောင်းပါ'

'စကားတတ်တိုင်း ဝေ့လည်ကြောင်ပတ် လျှောက်တင်မနေစမ်းပါနဲ့။ တိုတိုနဲ့ လိုရင်းအဓိပ္ပာယ်ကို ရှင်းပြစမ်းပါ'

နှင်းကေသရာက စိတ်မရှည်သည့် အမူအရာဖြင့် မိန့်တော်မူလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆိုလိုရင်း အဓိပ္ပာယ်ကို အတိုဆုံး ချုံးပြီး ရှင်းပြရမည် ဆိုလျှင် သီရိဗြတ်ကမ္မန်သည် နှင်းကေသရာ သခင်မ၏ မမိုတ်မသုန် ယုံကြည်ကိုးစားခြင်းကို ခံယူနိုင်သည့် အဆွေခင်ပွန်းကောင်း ဖြစ်လာအောင် အစွမ်းကုန် ကြိုးစားသွားရန် အချိန်ရှိသရွေ့ စိတ်ကူးယဉ်အိပ်မက် မက်လျက် ရှိကြောင်းပါ'

သီရိဗြတ်ကမ္မန်က ရင့်ကျက်သည့် ဣန္ဒြေဖြင့် အဖြေပေးလိုက်သည်။

'မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး။ ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ သခင်မအပေါ်မှာ အမြဲတမ်း အနိုင်ယူနေမယ့် လူတစ်ယောက်ကို သခင်မ ယုံကြည်ကိုးစားရမယ့် အဆွေခင်ပွန်းကောင်း အဖြစ် ဘယ်နည်းနဲ့မှ အသိအမှတ် မပြုနိုင်ဘူး'

'သခင်မ အပေါ်မှာ အမြဲတမ်း အနိုင်ယူနေတဲ့ လူတစ်ယောက် ဆိုတဲ့ စကားအဓိပ္ပာယ်ကို ရှင်းလင်းတော်မူပါဦး'

'ဒါကို ရှင်းလင်းနေစရာ လိုသေးလား။ သခင်မ ချီးမြှင့်တော်မူတဲ့ ဆုတော်လာဘ်တော်ကို စစ်သည်တော်ကြီး လက်မခံဘဲ ရေကန်ထဲ ပစ်ချခဲ့တယ် မဟုတ်လား။ ဒါဟာ သခင်မရဲ့ ကျေးဇူးတုံ့ပြန်မှုကို လက်မခံဘဲ ငြင်းပယ်တာပဲ မဟုတ်လား။ ဆုတော်လာဘ်တော်ကို လက်မခံဘဲ ငြင်းပယ်ခဲ့တာဟာ စစ်သည်တော်ကြီး အပေါ်မှာ သခင့်မ အမြဲတမ်း ကျေးဇူးတင်ရှိနေအောင် ဖန်တီးလိုက်တာ မဟုတ်လား။ သခင်မ တစ်သက်လုံး ကျေးဇူးတင်နေရမယ့် လူကို သခင်မ ယုံကြည်ကိုးစားရမယ့် အဆွေခင်ပွန်းကောင်း အဖြစ် ဘယ်နည်းနဲ့မှ အသိအမှတ် မပြုနိုင်ဘူး'

'နှင်းကေသရာ သခင်မ၊ အတွေးတော် ဘေးချော်နေကြောင်းပါ။ သခင်မ ပေးအပ်သည့် တာဝန်ကို သီရိဗြတ်ကမ္မန် ရှုပ်ရှုပ်ချုံချုံ ထမ်းရွက်ခဲ့ခြင်းမှာ ဆုတော်လာဘ်တော်ကို မျှော်ကိုး၍လည်း မဟုတ်၊ ကျေးဇူးတင် ခံလို၍လည်း မဟုတ်ကြောင်းပါ။ မှန်ကန်သည်ဟု ယုံကြည်သဖြင့်သာ နှင်းကေသရာ သခင်မ ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့ခြင်း ဖြစ်ကြောင်းပါ။ ဆုတော်လာဘ်တော်ကို မျှော်ကိုး၍ လည်းကောင်း၊ ကျေးဇူးတင်ခံလို၍ လည်းကောင်း မည်သည့် အလုပ်မျိုးကိုမှ လုပ်လိမ့်မည် မဟုတ်သည်ကို နှင်းကေသရာ သခင်မ ယုံကြည်တော်မူပါ။ သီရိဗြတ်ကမ္မန် အပေါ်တွင် နှင်းကေသရာ သခင်မ ကျေးဇူးတင်စရာ မလိုကြောင်းပါ'

'ကျေးဇူးတင်စရာ မလိုဘူးဆိုရင် သခင်မ ချီးမြှင့်တော်မူတဲ့ ဆုတော်လာဘ်တော်ကို ဘာဖြစ်လို့ လက်မခံတာလဲ'

နှင်းကေသရာက ပြန်လည်၍ မေးခွန်းထုတ်လိုက်သည်။





'မေတ္တာ၊ စေတနာကို အသပြာဖြင့် တန်ဖိုးဖြတ်၍ မရနိုင်ကြောင်းပါ။ နှင်းကေသရာ သခင်မ ပေးအပ်တော်မူခဲ့သည့် တာဝန်ကို မြင့်မြတ်သော မေတ္တာ၊ စေတနာဖြင့် ထမ်းရွက်ခဲ့ခြင်း ဖြစ်၍ အသပြာဖြင့် တန်ဖိုးဖြတ်၍ ကျေးဇူးတုံ့ပြန်ခြင်းကို လက်မခံနိုင်ကြောင်းပါ။ အမြဲတမ်း ကျေးဇူးတင်ရှိနေမည်ကို စိုးရိမ်သဖြင့် ကျေးဇူးတရားကို အသပြာဖြင့် လဲလှယ်ရန် ကြိုးစားခြင်းကို ဝိုင်း၍ပင် လက်မခံနိုင်ကြောင်းပါ။ မေတ္တာ၊ စေတနာကို မေတ္တာ၊ စေတနာဖြင့်သာ တုံ့ပြန်၍ ရနိုင်ကောင်းသည်ကို သတိပြု ဆင်ခြင်တော်မူပါ'

သီရိဗြတ်ကမ္မန်က အလျှော့မပေးဘဲ မိမိလိုရာသို့ ဆွဲ၍ ပြောလိုက်ရာ နှင်းကေသရာမှာ ခွန်းတုံ့မပြန်နိုင်သဖြင့် ရင်ထဲတွင် အောင့်သက်သက် ဖြစ်သွားရသည်။

'ဘာပဲပြောပြော စစ်သည်တော်ကြီးကိုတော့ သခင်မ ယုံကြည်ကိုးစားရမယ့် အဆွေခင်ပွန်းကောင်းအဖြစ် ဘယ်နည်းနဲ့မှ အသိအမှတ် မပြုနိုင်ဘူး'

နှင်းကေသရာက ဇွတ်တရွတ် ပြန်ပြောလိုက်သည်။

'ငမိုက်သား သီရိဗြတ်ကမ္မန် တစ်ဦးတည်းကိုမှ "ဝ" ကွက်ပြီး အဆွေခင်ပွန်းကောင်းအဖြစ် အသိအမှတ်မပြုနိုင်ခြင်းမှာ မည်သို့သော အကြောင်းကြောင့် ဖြစ်သည်ကို သိခွင့်ရှိက သိလိုကြောင်းပါ'

သီရိဗြတ်ကမ္မန်က ပြန်၍ မေးလိုက်သည်။

'သီရိဗြတ်ကမ္မန်သည် သီရိဗြတ်ကမ္မန်သာ ဖြစ်၍ သခင်မ၏ အဆွေခင်ပွန်းကောင်းအဖြစ် အသိအမှတ် မပြုနိုင်ဘဲ "ဝ" ကွက်ပြီး ချန်ခဲ့ခြင်း ဖြစ်ပါသည်'

နှင်းကေသရာက သီရိဗြတ်ကမ္မန်အား သီရိဗြတ်ကမ္မန်၏ လေသံဖြင့် ပြန်လည်ချေပလိုက်သည်။

'သီရိဗြတ်ကမ္မန်သည် သီရိဗြတ်ကမ္မန် ဖြစ်ပါလျက်နှင့်ပင် နှင်းကေသရာ သခင်မအတွက်ဆိုလျှင် ဂုမ္ဘာဏ်တစ်ထောင် စောင့်ကြပ် ကာရံထားသည့် ရွှေသကနုတ်ပန်းကို ဆွတ်ခူးပေးရန် အသင့်ရှိနေသည်ကို သခင်မ သတိပြုတော်မူပါ။ သခင်မ အလိုရှိပါက ကောင်းကင်က ရှုစ်ကြယ်ကိုပင် ဆွတ်ခူးပေးရန် အသင့်ရှိနေသည်ကို လျှောက်တင်ခဲ့ပြီး ဖြစ်သည်။ အမှတ်ရလိမ့်ဦးမည်ဟု ယုံကြည်ကြောင်းပါ'

သီရိဗြတ်ကမ္မန်က အရှုံးမပေးဘဲ ပြန်လည်၍ လျှောက်တင်လိုက်ရာ နှင်းကေသရာသည် သီရိဗြတ်ကမ္မန် စကားအရာတွင် လိမ္မာပုံကို ကြိုက်ပြီး ချီးကျူးမိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'စစ်သည်တော်ကြီးနဲ့ စကားဖက်ပြိုင်ပြီး အနိုင်လုလို့တော့ ရနိုင်မှာ မဟုတ်ဘူး။ သခင်မကပဲ အရှုံးပေးပါတယ်။ သခင်မကို စကားအရာဖြင့်သာ အနိုင်ယူခဲ့ရုံတင် မကဘူး။ မျက်နှာထား အမျိုးမျိုး၊ အမူအရာ အသွယ်သွယ်နဲ့လည်း အနိုင်ယူခဲ့တယ် မဟုတ်လား။ သခင်မ စေတနာနဲ့ ချီးမြှင့်တဲ့ ဆုတော်လာဘ်တော်ကိုလည်း အဆိပ်အတောက်လို သဘောထားကာ ရေထဲပစ်ချပြီး သခင်မအပေါ်မှာ အနိုင်ယူခဲ့ပြန်တယ် မဟုတ်လား။ သခင်မရဲ့ မာန်မာနကို ချိုးပြမယ်ဆိုတဲ့ သဘောနဲ့ နေရာတကာမှာ သခင်မကို နည်းအမျိုးမျိုးနဲ့ အနိုင်ယူနေတာ မဟုတ်လား။ အနိုင်ယူပါ .... အနိုင်ယူပါ။ သခင်မကလည်း နေရာတကာမှာ အရှုံးပေးပါတယ်။ ကဲ မောင်တော် ဗညားအိမ်ရဲ့ ကြည်ညို လေးစားအပ်တဲ့ ဧည့်သည်တော်ကြီးကို အိမ်တော်သို့ ကြွမြန်းတော်မူပြီး စိတ်တိုင်းကျ စံနေတော်မူပါရန် ပင့်ဖိတ် လျှောက်ထားအပ်ပါတယ်။ ကြွတော်မူပါ'

နှင်းကေသရာ ဘွဲ့ခံ ခင်စောမယ်က မချိုမချဉ် မျက်နှာဖြင့် ထေ့တေ့တေ့ ပြောလိုက်ရာ သီရိဇြတ်ကမွန်မှာ တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ ကြက်သေသေပြီး နှင်းကေသရာအား မျက်တောင့်မခတ်ဘဲ စိုက်ကြည့်နေမိပေသည်။

'ကြည်ညိုလေးစားအပ်တဲ့ ဧည့်သည်တော်ကြီး အိမ်တော်သို့ ကြွမြန်းပြီး စိတ်ချမ်းမြေ့စွာ စံနေတော်မူပါ။ ဧည့်သည်တော်ကြီးကို မောင်တော်ဗညားအိမ် စောင့်မျှော်နေကြောင်းပါ။ ဧည့်သည်တော်ကြီး စွန့်ကြဲတော်မူလိုက်သည့် အသပြာများကိုလည်း ဥယျာဉ်မှူးအား ရေကန်တော်အတွင်းမှ ဆယ်ယူပြီး ဧည့်သည်တော်ကြီး၏ အလိုဆန္ဒအတိုင်း ဆင်းရဲသားများအား လှူဒါန်းပေးကမ်းရန် နှင်းကေသရာ တာဝန်ယူကြောင်းပါ။ အိမ်တော်ပေါ်သို့ ကြွမြန်းတော်မူပါ'

နှင်းကေသရာက ထေ့သလိုလို ငေါ့သလိုလို ပြောလိုက်ပြန်ရာ သီရိဇြတ်ကမွန်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ နှင်းကေသရာနှင့် အတူ အိမ်တော်ရှိရာသို့ ခေါင်းငိုက်စိုက်ချပြီး လိုက်ပါလာခဲ့ပေသည်။

နှင်းကေသရာဘွဲ့ခံ ခင်စောမယ်မှာ မိမိပြောလိုက်သည့် စကားများကို သီရိဇြတ်ကမွန်က တစ်ခွန်းမခံ ပြန်လည်ချေပလိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း တစ်ခွန်းတစ်ပါဒမျှ ချေပခြင်းမပြုဘဲ ခေါင်းငိုက်စိုက်ချပြီး မိမိနှင့်အတူ လိုက်ပါလာသည်ကို မြင်ရသောအခါ ရင်ထဲတွင် ဟာတာတာ ဖြစ်သွားပေသည်။

အိမ်တော်ရှိရာသို့ ဥယျာဉ်တော်အတွင်းမှ ဖြတ်ကျော်၍ လာခဲ့ကြစဉ် နှင်းကေသရာသည် သီရိဇြတ်ကမွန်၏ အမူအရာကို မသိမသာ တစေ့တစောင်း ကြည့်မိပေသည်။ သီရိဇြတ်ကမွန်မှာမူ တစ်လမ်းလုံး ခေါင်းငိုက်စိုက်ချပြီး လိုက်ပါလာခဲ့သဖြင့် နှင်းကေသရာမှာ အားမလိုအားမရ ဖြစ်လာပြန်သည်၊





'စစ်သည်တော်ကြီး ခေါင်းငိုက်စိုက်ချပြီး ဘာတွေများ ခေါင်းစားလာသလဲ၊ စောစောက စကားကြွယ်ဝသလောက် တိတ်ဆိတ်ချက် ဆောင်းလှချည်လား'

နှင်းကေသရာက စကားစလိုက်ပြန်သည်။

'ငမိုက်သား သီရိဇြတ်ကမွန်ကို ဧည့်သည်တော်အဖြစ် အိမ်တော်သို့ ဖိတ်ခေါ်ခြင်းမှာ စေတနာနှင့် ဖိတ်ခေါ်ခြင်း ဖြစ်သလော၊ ဝေဒနာဖြင့် ဖိတ်ခေါ်ခြင်း ဖြစ်သလော ဆိုသည်ကို အဖြေရှာနေခြင်း ဖြစ်ကြောင်းပါ။ စေတနာဖြင့် ဖိတ်ခေါ်ခြင်း ဖြစ်နိုင်လိမ့်မည် မဟုတ်ဟူ၍လည်း သံသယဖြစ်မိကြောင်းပါ'

သီရိဇြတ်ကမွန်က မျက်နှာသေကလေးနှင့် ပြန်လည်ချေပလိုက်ရာ နှင်းကေသရာသည် သီရိဇြတ်ကမွန်၏ အမူအရာကို ကြည့်ပြီး ပြုံးလိုက်သည်။

'စိတ်ပင်ပန်းခံပြီး အဖြေရှာမနေပါနဲ့၊ သံသယလည်း ဖြစ်မနေပါနဲ့၊ စစ်သည်တော်ကြီးကို တကယ့်စေတနာနဲ့ ဖိတ်ခေါ်တာပါ။ စစ်သည်တော်ကြီးကို သခင်မ တာဝန်ပေးအပ်ခဲ့စဉ်က မောင်တော်ရဲ့ တဖောက်ကန်း လုပ်တတ်တဲ့ အကျင့်ကို ပြုပြင်ပြောင်းလဲသွားအောင် စွမ်းဆောင်နိုင်ပါ့မလားလို့ သခင်မ …တော်ရှိတဲ့အခါ စစ်သည်တော်ကြီး ဘယ်လို အဖြေပေးခဲ့သလဲ။ သခင်မ …ယူနိုင်တဲ့ သူ့ရဲကောင်းတစ်ယောက် ဖြစ်လာအောင် ပြုပြင်ပေးသွားပါမယ်၊ …ချတော်မူပါလို့ ရဲရဲကြီး တာဝန်ယူခဲ့တယ် မဟုတ်လား။ ဆင်ရိုင်းကိုပင် …သွင်းပြီး ယဉ်ပါးအောင် လုပ်နိုင်ပါသေးတယ်လို့လည်း ပြောခဲ့တယ် …တ်လား။ ခုဆိုရင် စစ်သည်တော်ကြီးဟာ မောင်တော်ရဲ့ လေးစား ကြည်ညို…ကို ခံရတဲ့ အဆွေခင်ပွန်းကောင်း အဖြစ်ကို ရရှိခဲ့ပြီ မဟုတ်လား။ စစ်သည်…ကြီး တာဝန်ယူခဲ့တဲ့အတိုင်း ဆင်ရိုင်းကို ကျုံးသွင်းပြီး ယဉ်ပါးအောင် …သလို မောင်တော်ဗညားအိမ်ကို ခမည်းတော်ရဲ့ ခြေရာနင်းနိုင်မယ့် မြို့စား…င်းတစ်ယောက် ဖြစ်လာအောင် ဆက်လက်ပြီး ကြိုးပမ်းသွားဖို့ သခင်မ …ကြားအပ်ပါတယ်။ စစ်သည်တော်ကြီး ဆက်လက်ထမ်းရွက်ရမယ့် တာဝန် … အင်မတန် ခက်ခဲနက်နဲတဲ့ တာဝန်မှန်း သခင်မ သိပါတယ်။ ဆင်ရိုင်းကို …သွင်းပြီး ယဉ်ပါးအောင် လုပ်ရသည်ထက် အဆတစ်ရာ၊ အဆတစ်ထောင် … ခက်ခဲ နက်နဲသော်လည်း သီရိဇြတ်ကမွန်သည် သီရိဇြတ်ကမွန် ဖြစ်သဖြင့် …ဇြတ်ကမွန် ပီသစွာ ဤခက်ခဲနက်နဲသည့် တာဝန်ကို အောင်မြင်စွာ …ရွက်သွားနိုင်လိမ့်မယ်လို့ သခင်မ ယုံကြည်တယ်။ သီရိဇြတ်ကမွန်က လျှို့ဖြီး…



www.burmeseclassic.com

www.burmeseclassic.com



အောင်ဆော်ကို ဘယ်သူမှ ပြုပြင်ပေးနိုင်စွမ်း မရှိဘူးလို့လည်း သခင်မရဲ့ စိတ်
နာ ခွဲလမ်းနေတယ်'

နှင်းကေသရာ ဘွဲ့ခံ ခင်စောမယ်သည် ထေ့သံ ငေါ်သံ အလျှင်းမပ
အဲ တည်ငြိမ်သည့်လေသံဖြင့် ဣန္ဒြေရရ မိန့်ကြားလိုက်ရာ သီရိဇြတ်ကမွန်မှာ
မိမိ၏နားကိုပင် မိမိ မယုံနိုင်အောင် ဖြစ်သွားပြန်သည်။

'ငမိုက်သား သီရိဇြတ်ကမွန်ရဲ့ နှလုံးရည်နှင့် လက်ရုံးရည်ကို သခင်
ယုံကြည်ကိုးစားတော် မူပါသေးသလား'

'လက်တွေ့ ဖြစ်ရပ်များက သက်သေခံလျက် ရှိသဖြင့် စစ်သည်တော်
ကြီးရဲ့ စွမ်းရည်သတ္တိကို သခင်မ မမိုတ်မသုန် ယုံကြည်တော်မူတယ်။ မောင်တော်
ဗညားအိမ်ကိုသာ သခင်မနဲ့တကွ နယ်သူနယ်သားများကပါ ဂုဏ်ယူနိုင်မယ့်
မြို့စားကောင်းတစ်ယောက် ဖြစ်လာအောင် လမ်းညွှန်ပြသပေးပါ။ သွန်သင်
ဆုံးမသြဝါဒ ပေးဖို့ သခင်မ တောင်းပန်ပါတယ်'

နှင်းကေသရာက လေးစားသည့် အမူအရာဖြင့် မိန့်တော်မူလိုက်ရာ
သီရိဇြတ်ကမွန်၏ အမူအရာမှာ သိုသိသာသာ ရွှင်လန်းလာပေသည်။

'နှင်းကေသရာ သခင်မအတွက်သာ ဆိုရင် ကောင်းကင်က ရှုံကြယ်
ကိုပင် ဆွတ်ခူးပေးရန် အသင့်ရှိကြောင်းပါ'

သီရိဇြတ်ကမွန်က မထိတထိ ပြန်ပြောလိုက်ရာ နှင်းကေသရာသည်
သီရိဇြတ်ကမွန်အား မျက်စောင်းပြန်ထိုးလိုက်သည်ကို ရိပ်ခနဲ မြင်လိုက်ရ
သည်။

**အခန်း ၇**

ကျယ်ဝန်းသော ဥယျာဉ်တော်၏ အစွန်အဖျား ကျသော နေရာတစ်နေရာ
ဓားသွားချင်း ရိုက်ခတ်သံများ အဆက်မပြတ် ထွက်ပေါ်လျက်ရှိပြီး ဓားသွားချ
ရိုက်ခတ်မိသည့် အခါတိုင်း တဝင်းဝင်း တလက်လက်နှင့် မီးပွားများ ထ
ထွက်လာသည်ကို မြင်ရပေသည်။

မြို့စားလေးဗညားအိမ်နှင့် အညတရစစ်သည်တော် သီရိဇြတ်ကမ
တို့သည် ကျယ်ပြန့်သော မြက်ခင်းပေါ်တွင် ဓားရေးပြလျက် ရှိသည်ကို မင်းစည်
သည် အနီးရှိ သစ်ပင်တစ်ပင်ကိုမှီ၍ လက်ပိုက်ပြီး စိတ်ပါဝင်စားစွာ ကြည့်
လေ့လာနေသည်ကို တွေ့ရပေသည်။





ဗညားအိမ်၏ ဓားချက်များကို သီရိဇြတ်ကမွန်က အေးအေးသာသာ
ကွန်းလှန်ခုခံနေရာမှ တစ်ချီတစ်ချီတွင် သီရိဇြတ်ကမွန်သည် ဗညားအိမ်ကို
စမ်းသည့် အနေဖြင့် ခံစစ်အသွင်မှ ထိုးစစ်အသွင်သို့ ပြောင်းပြီး သွပ်
ပြက်နည်းဖြင့် တစ်ချီကောင်း ထိုးနက်လိုက်ရာ သီရိဇြတ်ကမွန်၏ လျှင်မြန်
လက်သည့် ဓားချက်များကို ဗညားအိမ်သည် ချွေးဒီးဒီး ကျသည်တိုင်
အောင် အစွမ်းကုန် ခုခံ တွန်းလှန်နေရသည်ကို တွေ့မြင်ရပေသည်။

သီရိဇြတ်ကမွန်၏ ဓားချက်များမှာ သွက်လက်သည်ထက် သွက်လာ
ပြီး ဗညားအိမ်၏ ပြင်းထန်သည့် ဓားချက်ကို ခုခံတွန်းလှန်ရင်း ဗညားအိမ်
၏ လက်ကောက်ဝတ်ကို ဓားနှောင့်နှင့် အောက်မှ အထက်သို့ ပင့်၍ ရိုက်ခတ်
ရာ၊ ဗညားအိမ်၏ လက်မှ ဓားလွတ်ထွက်သွားပြီး မလှမ်းမကမ်းရှိ မြက်ခင်း
သို့ ထိုးစိုက်ကျသွားသည်။ ဗညားအိမ်မှာလည်း အသက်ပင် မှန်မှန်မရှူနိုင်
ပင်ပန်းမောဟိုက်၍ နေပေသည်။

'ဘယ့်နှယ့်လဲ၊ ကျွန်တော့်ဓားချက် မသွက်ဘူးလား'

ဗညားအိမ်သည် ချွေးသီးများကို ပွတ်သပ်ရင်း ပင်ပန်းမောဟိုက်
သည့် အသံဖြင့် ရယ်သွမ်းသွေးပြီး ဘေးမှရပ်ကြည့်နေသော မင်းစည်သူအား
လိုက်သည်။

'ဓား ကိုင်ပုံကိုင်နည်း သိပ်စနစ်မကျသေးဘူး။ ရန်သူရဲ့ ဓားချက်ကို
ခံကာကွယ်တဲ့ နေရာမှာလည်း ဟာကွက်တွေ များနေသေးတယ်။ တကယ်
သာ ဓားစွမ်းပြကြမယ် ဆိုရင် မြို့စားမင်း သေတာ ကြာပြီ'

မင်းစည်သူက ဟုတ်တိုင်းမှန်ရာ ဝေဖန်သုံးသပ်လိုက်ရာ မာန်မာန
ကြွလျက်ရှိသော မြို့စားလေး ဗညားအိမ်မှာ ဟုတ်တာဆို နာလိုခံခက်
ထွက်ဆိုသော စကားနှင့်အညီ ၎င်းအား ပုတ်ခတ်ပြောဆိုရပါမည်လား
ပြီး ဒေါသူပုန်ထသွားကာ မျက်နှာတစ်ခုလုံး ညိုမည်းသွားပေသည်။

'ဒါကတော့ တစ်ဖက်သတ် ပုတ်ခတ်လိုက်တာပဲ။ ဒီမှာ မင်းစည်သူ၊
ဓားရေးလှံရေးအတတ်ကို ဆရာကောင်း ကဝိမွန်တွေဆီမှာ သင်ကြားခဲ့ဖူးပါ
တယ်။ ဒါလောက်တောင် အထင်မသေးပါနဲ့'

ဗညားအိမ်က မင်းစည်သူအား မာန်မဲလိုက်သည်။ ပြီးမှ တစ်ဖန် သီရိ
ဇြတ်ကမွန်ဘက်သို့ လှည့်လိုက်သည်။

'သီရိဇြတ်ကမွန်ရဲ့ သဘောထားကိုလည်း သိပါရစေ၊ ကျွန်ုပ်ရဲ့ ခုခံ
နည်း စနစ်မကျဘူးလား။ ဟာကွက်တွေ ရှိတယ် ဆိုတာ မှန်သလား'

ဗညားအိမ်က ၎င်းအား ဓားရေးလှံရေး အတတ်ကို ထက်တော့



www.burmeseclassic.com

www.burmeseclassic.com



သင်ကြား ပြသပေးနေသည့် သီရိဗြတ်ကမ္ဗန်၏ အယူအဆကို သိလိုသဖြင့် မေးလိုက်ပြန်သည်။

'ဓားရေးလှံရေး အတတ်ပညာဟာ လွယ်သယောင်ယောင်နဲ့ အင်မတန် ခက်ခဲနက်နဲတဲ့ အတတ်ပညာ ဖြစ်ကြောင်းပါ။ ရန်သူကို ထိုးနှက်ဖို့ထက် ရန်သူ ရဲ့ ဓားချက်ကို တိမ်းရှောင်တတ်ဖို့ ပိုပြီး အရေးကြီးပါတယ်။ ဓားရေးလှံရေး အတတ်ပညာကို တစ်ဖက်ကမ်းခပ် တတ်မြောက်ဖို့ဆိုတာ မလွယ်ပါဘူး။ ဆရာ ကောင်း သမားကောင်းများထံမှာ မှန်ကန်တဲ့ နည်းနာနိဿယခံယူပြီး အလေ့ အကျင့် မပျက်စေဘဲ အမြဲတစေ လေ့ကျင့်နေနိုင်မှ တော်ရုံကျပါတယ်။ ဆရာ မကောင်းလျှင် အကွက် ဟာတတ်ပါတယ်'

သီရိဗြတ်ကမ္ဗန်က တိုက်ရိုက်မဝေဖန်ဘဲ သွယ်ဝိုက်သည့် နည်းဖြင့် ဝေဖန်လိုက်သည်။

'ဘာလဲ၊ ကျွန်တော့်ကို ဓားရေးလှံရေး အတတ်ပညာကို လက်တွေ့ သင်ကြားပြသပေးခဲ့တဲ့ ဆရာသမားတွေကို အထင်သေးလို့ ဒီစကား ပြောလိုက် တာလား။ ကျွန်တော့်ကို ဓားရေးလှံရေးပညာ သင်ကြားပို့ချပေးခဲ့တဲ့ ဆရာသမား တွေဟာ သာမည မဟုတ်ပါဘူး။ ဓားရေးလှံရေးမှာ ပြိုင်ဘက်ကင်းတဲ့ သမိန်ထော အပါအဝင် ထင်ရှားကျော်ကြားတဲ့ ဆရာကောင်း ခုနစ်ဦးဆီမှာ နည်းနာနိဿယ ခံယူခဲ့တာပါ'

ဗညားအိမ်က မိမိအပေါ်တွင် အထင်မသေးစေရန် ပြန်လည် ချေပ လိုက်သည်။

'ဒီလို ဖြစ်လိမ့်မယ်လို့ သီရိဗြတ်ကမ္ဗန် ထင်လိုက်သားပဲ။ ဆရာများရင် သားသေတယ်ဆိုတာ ဒါမျိုးကို ခေါ်တယ်။ ဆရာတစ်ဦးကို တစ်မျိုးစီ သင်ကြား ပို့ချခဲ့တဲ့အတွက် တောင်မရောက် မြောက်မရောက် ဖြစ်တတ်ပါတယ်'

သီရိဗြတ်ကမ္ဗန်က ရှင်းပြလိုက်သည်။ သို့ရာတွင် ဗညားအိမ်မှာမူ မိမိ အား တောင်မရောက် မြောက်မရောက် ဖြစ်နေသည်ဟု ပြောသည်ကို မခံမရပ် နိုင် ဖြစ်နေပေသည်။

'ကဲလေ မတောက်တခေါက် တောင်မရောက် မြောက်မရောက်သာ တတ်တယ်ထင်ရင် တစ်ချီတစ်ပွဲ အကဲစမ်းကြရအောင်'

ဗညားအိမ်သည် ပြောပြောဆိုဆို ဓားတစ်လက်ကို ကောက်ယူလိုက် ပြီး လက်ထဲတွင် ဆ ကြည့်လိုက်ရာ သီရိဗြတ်ကမ္ဗန်သည် ဗညားအိမ်၏ အရိပ်အကဲကို ကြည့်နေပေသည်။

'ကဲ .... စကြစို့'





ဗညားအိမ်သည် ပြောပြောဆိုဆို သိုင်းကွက်နှင်းပြီး ဓားကို ဝင့်လိုက် သည်၊

'ဒီမှာကြည့်၊ ဟောဒီဓားချက်က ဓားလှံဝိဇ္ဇာ သမိန်ထောရဲ့ ဓားချက် ... ရှောင်နိုင်ရင် ရှောင်ပေတော့'

ပြောပြောဆိုဆို ဗညားအိမ်သည် လျှင်မြန်သွက်လက်စွာ ထိုးခုတ် ... ရာ သီရိဗြတ်ကမ္ဗန်သည် ဗညားအိမ်၏ ဓားချက်ကို ခပ်အေးအေးပင် ... လှန်လိုက်သည်။

ဗညားအိမ်မှာ မိမိ၏ လျှပ်တစ်ပြက် ထိုးနှက်လိုက်သည့် ဓားချက်ကို ...ရိဗြတ်ကမ္ဗန်က လွယ်လွယ်နှင့် တွန်းလှန်လိုက်သည်ကို မခံမရပ်နိုင် ဖြစ်ကာ ...မြန်သွက်လက်သည်ထက် လျှင်မြန်သွက်လက်စွာ အဆက်မပြတ် ထိုးခုတ် ...ရာ၊ ဗညားအိမ် ထိုးခုတ်လိုက်သည့် ဓားချက်များကို သီရိဗြတ်ကမ္ဗန်သည် ...ချက်ပိုင်ပိုင် ခုခံလျက် ရှိသဖြင့် ဓားသွားချင်း ရိုက်ခတ်မိသည့် အသံများ ...ည်စွာ ထွက်ပေါ်လာပေသည်။

သီရိဗြတ်ကမ္ဗန်သည် ဗညားအိမ်၏ ထိုးနှက်ချက်များကို ဟာကွက်မရှိ ...သော ခုခံတွန်းလှန်နေရာမှ ခံစစ်အသွင်မှ ထိုးစစ်အသွင်သို့ ကူးပြောင်းကာ ...ညားအိမ်အား ပြန်လည်ထိုးနှက်လျက် ရှိရာ၊ ဗညားအိမ်မှာ ပင်ပန်းကြီးစွာ ...ခံနေရပေသည်။

ထိုသို့ ခုခံနေသည့်ကြားမှပင် မျက်စိရှင်သော သီရိဗြတ်ကမ္ဗန်သည် ...ညားအိမ်၏ ဟာကွက်တစ်ကွက်ကို ချက်ကောင်းယူကာ ဗညားအိမ်အား ...ယ်သိုင်းခုတ်ပိုင်းသည့် အသွင်ဖြင့် ဓားကို အသာဆပြီး ခုတ်ပိုင်းလိုက်ရာ၊ ...ရိဗြတ်ကမ္ဗန်၏ ထက်လှစွာသော ဓားသွားသည် ဗညားအိမ်၏ ဖက်ကို ထိရုံ ...လေး ထိသွားပေရာ ဗညားအိမ်မှာ ဖက်ယားသွားပြီး ရင်ထဲတွင် လှပ်ခနဲ ...၍ သွားပေသည်။ သီရိဗြတ်ကမ္ဗန် ဓားကို ပြန်အနုတ်မြန်သဖြင့်သာ ဗညားအိမ်၏ ...ကို ဓားသွားရှရန် သီသီကလေး လိုသွားခြင်း ဖြစ်ပေသည်။

သီရိဗြတ်ကမ္ဗန်၏ ဓားကို ပြန်လည်ရုပ်သိမ်းလိုက်သည့် အချိန်တွင် ...ညားအိမ်၏ မျက်နှာတွင် သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေပေသည်။ ...အား လွယ်လွယ်တကူ အနိုင်ယူလိုက်သဖြင့်လည်း ရှက်လည်းရှက်၊ ဒေါသလည်း ...ကဲ ဖြစ်လာကာ ဖြူဖပ်ဖြူရော် ဖြစ်နေသည့် ဗညားအိမ်၏ မျက်နှာမှာ ...သွားပြီး ထိုမှတစ်ဖန် ညိုပုပ်ပုပ် ဖြစ်သွားပေသည်။ လက်တွင် ဆုပ်ကိုင်ထား ...သည့် ဓားကိုလည်း ဒေါပွပွနှင့် မြက်ခင်းပေါ်သို့ ပစ်ချလိုက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မတရားဘူး၊ မတရားဘူး။ အလစ်မှာ နောက်ကျောကို ဓား
ဆိုးသလို အနိုင်ကျင့်တာ မတရားဘူး'

ဗညားအိမ်သည် ဓားကိုပစ်ချရင်း ရှက်ရမ်း ရမ်းလိုက်ရာ သီ
ဖြတ်ကမွန်မှာ မိမိအား မတရားအနိုင်ယူသည်ဟု အပြောခံရသည်ကို မကျေ
သည့် အမူအရာဖြင့် မိမိ၏လက်မှ ဓားကိုပစ်ချခဲ့ပြီး ဗညားအိမ်ကို ပြန်လှ
မကြည့်တော့ဘဲ ဥယျာဉ်တော်အတွင်းမှ ထွက်ခွာသွားပေသည်။

မင်းစည်သူမှာ ဗညားအိမ်ကိုတစ်လှည့်၊ သီရိဖြတ်ကမွန်ကို တစ်လှ
ကြည့်လိုက်ပြီး ပြုံးလိုက်သည်။

'အတော်ကို အကဲဆတ်တဲ့လူပဲ'

ဗညားအိမ်မှာ ရှက်ရမ်း ရမ်းလိုက်ရသော်လည်း မိမိ၏အမှားကို
သိမြင်လာကာ အရှက်ပြေ ပြောလိုက်ခြင်း ဖြစ်ပေသည်။

'ဗိုလ်မင်း သီရိဖြတ်ကမွန် အကဲမဆတ်ပါဘူး'

မင်းစည်သူက သီရိဖြတ်ကမွန်အား ကာကွယ်ပြီး ပြောလိုက်သည်

'အကဲမဆတ်ဘူး ဟုတ်လား။ မင်းကပါ ငါ့ကို စော်ကားပြန်ပလာ

'မြို့စားမင်းကို မစော်ကားဝံ့ပါ။ ဗိုလ်မင်း သီရိဖြတ်ကမွန်ဟာ စိ
ရှည်တဲ့နေရာမှာ သူ့လောက် စိတ်ရှည်တဲ့လူ ရှားပါတယ်။ သည်းခံတဲ့နေရာ
လည်း သူမတူအောင် သည်းခံနိုင်စွမ်း ရှိပါတယ်။ မြို့စားမင်း မိန့်တော်မူလို
တဲ့ စကားဟာ ဆရာသမားကို စော်ကားရာရောက်လို့ စိတ်ပျက်ပြီး ထွက်သွ
တာပါ။ ဆရာကို ကာပြန်ရင် အာခေါင်ကို လုံးစုံတတ်ပါတယ်'

မင်းစည်သူက တစ်ခွန်းမခံ ပြန်ပြောလိုက်ရာ ဗညားအိမ်သည် မင်း
စည်သူအား မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်သည်။

'မင်းတို့ ဆရာတပည့်ဟာ တကယ့်ကို အတိုင်အဖောက် ညီတ
စကားတစ်ခွန်းတောင် အတင်မခံဘူး။ ဒါလောက်မှ အပြောမခံဘူး ဆို
မတတ်နိုင်ဘူး။ စိတ်ကောက်ပြီး သွားချင်ရင် သွားပါစေ၊ အရေးမစိုက်ဝါ

ဗညားအိမ်က ရှက်ရမ်း ရမ်းလိုက်ပြန်သည်။

'စိတ်ကောက်သွားခြင်း မဟုတ်ပါ၊ စိတ်ပျက်သွားခြင်းသာ ဖြစ်ကြော
ပါ'

'အို ဘာပဲဖြစ်ဖြစ် ဒါလောက်အကဲဆတ်တဲ့လူ သွားချင်ရာ သွ
စေ။ အရေးမစိုက်ဘူး'

ဗညားအိမ်က ဒေါပွပွနှင့် ပြန်ပြောလိုက်သည်။

'မြို့စားမင်း ဆင်ခြင်တော်မူပါ။ မြို့စားမင်းထံ ကောက်ကျစ်စဉ်





...ဖြင့် မတရား သိမ်းပိုက်ထားသည့် နန်းစဉ်ပတ္တမြား ...ရတနာကို
...ကြက္ကဝေါထံမှ ပြန်လည်ရယူရန် တာဝန်တစ်ရပ် ကျန်ရှိနေသေးသည်ကို
...စားမင်း သတိပြု ဆင်ခြင်တော်မူပါ။ ဗိုလ်မင်း သီရိဖြတ်ကမွန်မှာ တာဝန်
...ခုခု ယူထားလျှင် ထိုတာဝန်ကို မည်သည့်အခါမှ ရှောင်လွှဲသူ မဟုတ်
...ကြောင်းပါ'

မင်းစည်သူက တည်ငြိမ်သည့် အမူအရာဖြင့် ပြန်လည်လျှောက်တင်
...သည်။

နန်းစဉ်ပတ္တမြား လက်ဝတ်ရတနာ ဟူသော စကားကို ကြားရသော
... ဗညားအိမ်၏ မာန်မာန ထောင်လွှားသည့် အမူအရာမှာ ချက်ချင်း
...ပျောက်ကွယ်သွားပြီး ထိတ်လန့်တုန်လှုပ်သည့် အမူအရာသို့ တစ်မုဟုတ်ချင်း
...ပြောင်းလဲသွားပေသည်။

'ဒါဖြင့် သီရိဖြတ်ကမွန် ဘယ်ကို ထွက်သွားတာလဲ။ သမိန်စက္ကဝေါ
... သွားတာလား။ ငါ့အပေါ်မှာ စိတ်ပျက်ပြီး ထွက်သွားတာများ ဖြစ်နေ
...'

ဗညားအိမ်က ထိတ်ထိတ်ပျာပျာ ပြန်မေးလိုက်သည်။

'ဒါတော့ ဗိုလ်မင်း သီရိဖြတ်ကမွန်က လွဲပြီး မည်သူမှ အဖြေမှန်
...နိုင်မည် မဟုတ်ပါ'

'ဒီလိုဆိုရင် သီရိဖြတ်ကမွန်ကို လိုက်ခေါ်စမ်းပါ။ စိတ်လိုက်မာန်ပါ
...သွားရင်ဖြင့် ဒုက္ခပဲ'

'မြို့စားမင်းရဲ့ နန်းစဉ်ပတ္တမြား လက်ဝတ်ရတနာကို ပြန်လည်
...ရေး အတွက် ဗိုလ်မင်းကို ပြန်ခေါ်ရမှာပါလား'

မင်းစည်သူက ပြန်မေးလိုက်သည်။

'ဒါလည်း တစ်ကြောင်းပဲ။ ပြီးတော့ အမှန်အတိုင်းကို ဖွင့်ပြောရမယ်
...ရင် သီရိဖြတ်ကမွန်ဟာ ယောကျ်ားပီသသူ ဖြစ်တဲ့အတွက် သူ့အပေါ်မှာ
... တစ်နေ့တခြား လေးစားလာတယ်။ ကဲ စကားရှည်မနေစမ်းပါနဲ့။ သီရိ
...ဖြတ်ကမွန်ကို တောင်းပန်ပြီး ပြန်ခေါ်ပေးစမ်းပါ'

ဗညားအိမ်က မင်းစည်သူအား အမိန့်ပေးလိုက်သည်။

'ဗိုလ်မင်းကို မြို့စားမင်း လေးစားတယ်ဆိုရင် မြို့စားမင်းကိုယ်တော်
...တိုင် ခေါ်တော်မူပါ။ သို့မှသာ မိတ်ဆွေစစ် ပီသရာ ရောက်ပါလိမ့်မယ်'

မင်းစည်သူက စောစောက လေသံအတိုင်း တည်ငြိမ်သည့် အမူ
...ရာဖြင့် ပြန်လည်လျှောက်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗညားအိမ်သည် ခေတ္တမျှစဉ်းစားနေပြီးနောက် ဓားနှစ်လက်ကို ကောက်ယူကာ မင်းစည်သူနှင့်အတူ သီရိဇြတ်ကမွန်၏ နောက်သို့ လိုက်ပါလာခဲ့ကြပေသည်။

'ကျွန်တော် မှားသွားပါတယ်၊ စိတ်လိုက်မာန်ပါ ပြောခဲ့မိတာကိုလည်း ဝမ်းနည်းပါတယ်။ ကျွန်တော် ပြောခဲ့မိတဲ့ စကားတွေကိုလည်း ပြန်လည်ရုပ်သိမ်းပါတယ်'

ဗညားအိမ်သည် သီရိဇြတ်ကမွန်၏ နောက်သို့ အမီ လိုက်လာပြီး တောင်းပန်စကား ပြောကြားလိုက်သည်။

'ကိုယ့်အမှားကိုယ် သိမြင်ပြီး ဝန်ချတောင်းပန်ရဲတဲ့ သတ္တိကို ချီးကျူးပါတယ်။ ဒါမှ ယောကျ်ားပီသပါတယ်'

သီရိဇြတ်ကမွန်က ပြန်ပြောလိုက်ရာ ဗညားအိမ်မှာ ကျေနပ်သွားခဲ့ရပေသည်။

'ကဲ ဒါဖြင့် တစ်ချီတစ်ပွဲလောက် အကဲစမ်းကြဦးစို့လား'

ဗညားအိမ်သည် ပြောပြောဆိုဆို ဓားတစ်လက်ကို သီရိဇြတ်ကမွန်၏ လက်သို့ ပေးအပ်လိုက်ရာ၊ သီရိဇြတ်ကမွန်သည် ဓားကိုလှမ်းယူလိုက်ပြီး မြက်ခင်းရှိရာသို့ သုံးယောက်သား ပြန်လာခဲ့ကြပေသည်။

မကြာမီ ဓားသွားချင်း ရိုက်ခတ်သည့် အသံများ ဆူညံစွာ ထွက်ပေါ်လာပြန်သည်။ သို့ရာတွင် ယခုတစ်ကြိမ်တွင်မူ ဓားခုတ်သံများနှင့် အတူ ရယ်သံမောသံ သောသောညံလျက် ရှိပေသည်။

သီရိဇြတ်ကမွန်သည် ဗညားအိမ်အား အထိုးအခုတ်၊ အရှောင်အတိမ်းနှင့် အတက်အဆုတ် အစရှိသည့် ဓားသိုင်းပညာများကို လက်တွေ့သင်ခန်းစာများ ပေးလျက်ရှိပေရာ၊ ဗညားအိမ်မှာ သီရိဇြတ်ကမွန်၏ စွမ်းရည်ကို တစ်ချိန်ထက် တစ်ချိန် ပိုမို၍ တွေ့မြင်လာရသဖြင့် စောစောက စိတ်လိုက်မာန်ပါ ပြောခဲ့မိသည်ကို ယူကျုံးမရ ဖြစ်မိပေသည်။

ထိုအခိုက်တွင် ဉယျာဉ်မှူးသည် ဗညားအိမ်နှင့် သီရိဇြတ်ကမွန်တို့ ဓားရေးပြနေကြသည့် နေရာသို့ ကြောက်အားလန့်အားနှင့် အပြေးအလွှား လာနေသည်ကို တွေ့ရပေသည်။

'မြို့စားမင်း သခင်ဘုရား၊ ဓားလက်နက်များ ကိုင်ဆောင်လာသည့် မြင်းသည်တော်လေးဦး ဉယျာဉ်တော်တွင်းသို့ ချင်းနင်းဝင်ရောက်လာကြောင်းပါဘုရား။ ဗိုလ်မင်း သီရိဇြတ်ကမွန်ရဲ့ နာမည်ကို မေးပြီး ဇွတ်အတင်း ချင်းနင်းဝင်ရောက်လာကြခြင်း ဖြစ်ကြောင်းပါ။ ဟန့်တားသော်လည်း မရကြောင်းပါဘုရား'





ဉယျာဉ်မှူးက တုန်ယင်သော အသံဖြင့် လျှော[illegible]သည်။

ထိုသို့ လျှောက်တင်နေစဉ်မှာပင် မြက်ခင်းရှိရာသို့ [illegible]သည့် [illegible]ခွာသံများ ကြားရပြီး ရက်စက်ကြမ်းကြုတ်သည့် အသွင်[illegible] ရှိသော [illegible]သည်တော်လေးဦးသည် ဓားကိုယ်စီ ကိုင်၍ ၎င်းတို့ စီးနင်း[illegible] မြင်း[illegible]ပေါ်မှ လွှားခနဲ ခုန်ဆင်းပြီး ဗညားအိမ်နှင့် သီရိဇြတ်ကမွန်တို့ ရှိရာသို့ [illegible]ကြသည်ကို တွေ့နေပေသည်။

သီရိဇြတ်ကမွန်မှာမူ ထိုသူလေးဦး၏ သွင်ပြင်လက္ခဏာနှင့် အမူအရာများကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မိမိအား ရန်မူရန် လာသူများ ဖြစ်သည်ကို ကောင်းစွာ ရိပ်စားမိပေသည်။ သို့ရာတွင် လုံးဝ အရေးမစိုက်သည့် အမူအရာဖြင့် လက်ထဲတွင် ဆုပ်ကိုင်ထားသည့် ဓားကို ဝှေ့ယမ်းရင်း ထိုသူလေးဦးအား မျက်ခြည်မပြတ်စေဘဲ ၎င်းတို့၏ လှုပ်ရှားမှုမှန်သမျှကို အကဲခတ်နေပေသည်။

မင်းစည်သူမှာလည်း သီရိဇြတ်ကမွန် ကဲ့သို့ပင် ထိုသူလေးဦး၏ အကြံအစည်ကို ရိပ်စားမိသည့် အမူအရာဖြင့် မိမိတို့အား ရန်မူရန် လာလျှင် အဆင်သင့် ခုခံနိုင်ရန် ဓားကို ဆုပ်ကိုင်၍ လက်ပိုက်ပြီး ကြည့်နေပေသည်။

မြို့စားလေး ဗညားအိမ်မှာမူ ဉယျာဉ်တော်တွင်းသို့ ခွင့်မပန်ဘဲ ဝင်လာသူများအပေါ်တွင် မာန်မာန ထောင်လွှားသည့် အမူအရာဖြင့် စိန်းစိန်းကြီး ကြည့်နေရာမှ ရှေ့သို့ တစ်လှမ်းတိုး၍ လာပေသည်။

'မင်းတို့ ဘယ်သူတွေလဲ၊ ဘယ်သူ့အမိန့်နဲ့ ဉယျာဉ်တော်ထဲ ခွင့်မပန်ဘဲ ဝင်လာကြရတာလဲ'

ဗညားအိမ်က တင်းမာသော မျက်နှာထားဖြင့် မေးလိုက်ရာ၊ မြင်းပေါ်မှ ခုန်သွားပြီး ဆင်းလာသူလေးဦးသည် ကိုယ်ရှိန်သတ်လိုက်ပြီး ဗညားအိမ်၏ [illegible]တွင် ပြိုင်တူရပ်လိုက်ကြသည်။

'မြို့စားမင်း ဗညားအိမ်ပါလား'

လေးယောက်အနက် မျက်နှာပေါက်ဆိုးဆိုးနဲ့ သူက မေးလိုက်သည်။

'အေး ဟုတ်တယ်၊ ဗညားအိမ်ဆိုတာ ငါပဲ။ ငါ့ရဲ့ အခွင့်အမိန့် မရဘဲ ဉယျာဉ်တော်ထဲ ဘာ့ကြောင့် ဝင်လာရသလဲ၊ ခုချက်ချင်း ထွက်သွား'

ဗညားအိမ်က ဓားဖျားဖြင့် ညွှန်ပြရင်း ဉယျာဉ်တော်ထဲမှ ထွက်သွားရန် အမိန့်ပေးလိုက်သည်။

'မြို့စားမင်း သည်းခံတော်မူပါ။ မြို့စားမင်းကို မရိုမသေ မလေးစား၍ ခွင့်မပန်ဘဲ ဝင်လာရခြင်း မဟုတ်ကြောင်းပါ။ မြို့စားမင်းကို ရိုသေလေးစားပါ



www.burmeseclassic.com

www.burmeseclassic.com



ည်၊ ကျွန်တော်တို့ ယခုလာခဲ့ရခြင်းမှာ မြို့စားလေးအား တစ်စုံတစ်ရာ ရန်
ဖို့ မဟုတ်ကြောင်းပါ။ သီရိဗြတ်ကမ္ဗန် အမည်ရှိ ငမိုက်သားကို ဆုံးမရန် လာ
ရောက်ခြင်း ဖြစ်ပါသဖြင့် သီရိဗြတ်ကမ္ဗန်အား ကျွန်ုပ်တို့ လက်ဝယ်သို့ ပေးအပ်
တော်မူပါ'

မျက်နှာပေါက် ဆိုးဆိုးနှင့် လူကပင် လျှောက်တင်လိုက်ပြန်သည်။

'သီရိဗြတ်ကမ္ဗန် ဆိုတာ ငါပဲ။ သူများ ရှူးတိုက်ပေးတိုင်း ထကိုက်တဲ့
ခွေးလို တယ်မိုက်မဲတဲ့ ကြေးစားကောင်တွေ။ သတ္တိရှိရင် ရှေ့ကို တိုးခဲ့စမ်း'

သီရိဗြတ်ကမ္ဗန်သည် ဓားကို မြဲမြဲစွာ ဆုပ်ကိုင်ရင်း စိန်ခေါ်လိုက်သည်။
မင်းစည်သူမှာလည်း လက်ပိုက်ပြီး ရပ်ကြည့်နေရာမှ လက်ထဲတွင် ဆုပ်ကိုင်
ထားသည့် ဓားကို ဝေ့ယမ်းလိုက်သည်။

ဥယျာဉ်တော်တွင်းသို့ ချင်းနင်းဝင်ရောက်လာသည့် ရန်သူလေးဦး
သည် ၎င်းတို့၏ ဓားအိမ်များမှ ဓားများကို ပြိုင်တူ ဆွဲချွတ်လိုက်ကြပြီး၊ သီရိ
ဗြတ်ကမ္ဗန်နှင့် မင်းစည်သူတို့ ရှိရာသို့ လွှားခနဲ ခုန်ပေါက်လာပြီး ဓားလေးစင်းနှင့်
ပြိုင်တူ ဝင်ခုတ်ကြသည်။

သီရိဗြတ်ကမ္ဗန်နှင့် မင်းစည်သူတို့မှာ ထိုသူလေးဦး၏ ခြေလှမ်းများကို
မျက်ခြည်အပြတ်မခံဘဲ စောင့်ကြည့်နေကြရာမှ ၎င်းတို့အား ဝင်ခုတ်လိုက်သည့်
ဓားလေးစင်းကို လျှပ်စီးလက်သလို လျင်မြန်သွက်လက်သည့် ဓားချက်များဖြင့်
ခုခံ တွန်းလှန်လိုက်ရာ၊ ဓားသွားချင်း ရိုက်ခတ်မိသည့် အသံများ ဆူညံစွာ
ထွက်ပေါ်လာပြီး ဓားချင်း ရိုက်ခတ်မိသည့် အခါတိုင်း ဝင်းခနဲ၊ လက်ခနဲ မီးပွင့်
သွားသည်ကို မြင်ရပေသည်။

ရန်သူလေးဦးတို့၏ ဓားချက်များမှာ လျင်မြန်သွက်လက်လှသော်
လည်း သီရိဗြတ်ကမ္ဗန်နှင့် မင်းစည်သူတို့သည် လုံးဝအရေးမစိုက်သည့် အနေ
အရာဖြင့် အချက်ပိုင်ပိုင် ခုခံတွန်းလှန်လျက်ရှိရာမှ ရန်သူလေးယောက်သည်
နှစ်ယောက်စီ လူခွဲ၍ ရှေ့နောက် ဝဲယာညှပ်ပြီး ထိုးခုတ်လျက် ရှိပြန်ရာ၊ သီရိ
ဗြတ်ကမ္ဗန်နှင့် မင်းစည်သူတို့သည် နှစ်ယောက်သား ကျောချင်းကပ်၍ လေးဖက်
လေးတန်မှ ရန်သူများကို ပိုင်ပိုင်နိုင်နိုင် ခုခံလျက် ရှိပေသည်။

ရန်သူတို့၏ ဓားချက်ကို ခုခံတွန်းလှန်ရင်း ဟာကွက်ကို စောင့်၍
ချက်ကောင်းတွင် မင်းစည်သူသည် မိမိအား ထိုးခုတ်ရန် ရှေ့သို့ တိုးလာသူအား
လျှပ်တစ်ပြက်နည်းဖြင့် ခုတ်ပိုင်းချလိုက်ရာ၊ မင်းစည်သူ၏ ဓားချက်ကို ရန်သူ
တိမ်းရှောင်လိုက်သော်လည်း အနည်းငယ် နောက်ကျသွားသဖြင့် လက်မောင်း
ကို ဓားထိသွားပြီး သွေးများဖြာထွက်လာကာ လက်မှဓားပါ လွတ်ကျသွားပေသည်။





ကျန်သုံးယောက်မှာ သီရိဗြတ်ကမ္ဗန်နှင့် မင်းစည်သူအား ပြေးပေါက်
ရှိအောင် ညှပ်ပူးညှပ်ပိတ် ဝိုင်းရံထားပြီး လျင်မြန်သွက်လက်သည့် ဓားချက်များ
ဖြင့် မင်းစည်သူနှင့် သီရိဗြတ်ကမ္ဗန်အား အပြီးအပိုင် ရှင်းလင်းသုတ်သင်ပစ်ရန်
အားသွန် ကြိုးပမ်းလျက်ရှိသော်လည်း၊ ရန်သူတို့၏ အကြံအစည်ကို ကြိုတင်
သိရှိထားသည့် သီရိဗြတ်ကမ္ဗန်နှင့် မင်းစည်သူတို့သည် မိမိတို့၏ ... လာ
သည့် ဓားချက်များကို မလွတ်တမ်း ခုခံတွန်းလှန်ရင်း အခွင့်ကောင်းကြုံ
အချက်ပိုင်ပိုင် ထိုးခုတ်လျက်ရှိသဖြင့် ရန်သူသုံးဦးမှာ ထိုးစစ်ဆင်နွှဲခဲ့ရာမှ ခံစစ်
အသို့ ကူးပြောင်းပြီး ခုခံတွန်းလှန်နေရပေသည်။ ၎င်းတို့၏ လက်မောင်း
လက်ကောက်ဝတ် စသည်တို့တွင်လည်း ဓားချက်များ မိထားသဖြင့် သွေးခြင်းခြင်း
နီနေသည်ကို တွေ့ရပေသည်။

ဤတွင် စောစောက လက်မောင်းတွင် ဒဏ်ရာရပြီး လက်မှဓား
လွတ်ကျသွားသော ရန်သူသည် မိမိ၏လက်မောင်းမှ ဒဏ်ရာကို သွေးတိတ်
စေရန် လက်ဖြင့် ဖိနှိပ်ထားရာမှ ၎င်း၏အပေါင်းအဖော်များ အရေးနိမ့်တော့
မည်ကို သိမြင်လာသဖြင့် ခါးကြားမှ ဓားမြှောင်ကို လက်တစ်ဖက်ဖြင့် ဆွဲနှုတ်
လိုက်ပြီး သီရိဗြတ်ကမ္ဗန်၏ နောက်ကျောကို ချိန်ရွယ်၍ လှမ်းပြီးပေါက်ရန်
ကြက် မြှောက်လိုက်စဉ် ဘေးမှရပ်ကြည့်နေသော ဗညားအိမ်သည် ထိုသူရှိရာသို့
ပြေးလာပြီး ထိုသူ၏လက်မှ ဓားမြှောင်ကို လုယူလိုက်ရာ နှစ်ယောက်သား
လုံးလား ထွေးလား ဖြစ်နေပေသည်။ သို့ရာတွင် ထိုသူမှာ လက်မောင်းတွင်
ဒဏ်ရာရထားသဖြင့် တဖြည်းဖြည်း အားပျော့သွားပေရာ၊ ဗညားအိမ်သည်
ထိုသူ၏လက်မှ ဓားမြှောင်ကို လွယ်လင့်တကူ လုယူနိုင်ခဲ့ပေသည်။

လက်ထဲတွင် လက်နက်တစ်စုံတစ်ရာ မရှိတော့သည်နှင့် တစ်ပြိုင်နက်
ထိုသူသည် ကြောက်အားလန့်အားဖြင့် ဗညားအိမ်၏ လက်တွင်းမှ ရုန်းကန်ပြီး
မိမိ စီးနင်းလာသည့် မြင်းပေါ်သို့ ခုန်တက်ပြီး ကြောက်အားလန့်အားနှင့် ဒုန်း
စိုင်းပြီး ပြေးပေသည်။

ကျန်သုံးယောက်မှာလည်း သီရိဗြတ်ကမ္ဗန်နှင့် မင်းစည်သူတို့ ဓားချက်
များကို ပင်ပင်ပန်းပန်း ခုခံ တွန်းလှန်ရသဖြင့် မောဟိုက်လာပေသည်။ လက်မောင်း
နှင့် လက်ကောက်ဝတ်မှ ဒဏ်ရာများကြောင့် ပြန်လည်ထိုးစစ် မဆင်နိုင်တော့ဘဲ
ခံစစ်အသွင်ဖြင့် မိမိတို့ကိုယ်ကို မိမိတို့ ခုခံကာကွယ်နေကြရစဉ် မိမိတို့၏ အဖော်
တစ်ဦးမှာ ကြောက်အားလန့်အားနှင့် ထွက်ပြေးသည်ကို ရိပ်ခနဲ မြင်လိုက်ရသော
အခါ အလိုလို စိတ်ဓာတ် ကျဆင်းသွားကြပြီး နောက်ဆုတ် နောက်ဆုတ်နှင့်
ခုန်ရင်း အခွင့်သာသည်နှင့် တစ်ပြိုင်နက် ဖနောင့်နှင့်တင်ပါး တသားတည်း



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြေးလွှားပြီး ၎င်းတို့၏ မြင်းများပေါ်သို့ ခုန်တက်၍ နောက်သို့ ပြန်လှည့်မကြည့်တော့ဘဲ ဇက်ကုန်လွှတ်၍ လာလမ်းအတိုင်း ကဆုန်ပေါက်၍ ပြေးကြပေသည်။

မင်းစည်သူမှာ အခဲမကျေနိုင်သည့် အမူအရာဖြင့် နောက်မှ ပြေးလိုက်သွားရာ သီရိဇြတ်ကမွန်က ဟန့်တားလိုက်သည်။

'အမောခံပြီး လိုက်မနေပါနဲ့၊ အလကား ကြေးစားအကောင်တွေပါ။ အရေးစိုက်စရာ မလိုပါဘူး။ သူတို့ကို ဘယ်သူက အသပြာပေးပြီး ခိုင်းသလဲ ဆိုတာလည်း ငါ သိပါတယ်'

သီရိဇြတ်ကမွန်သည် နဖူးမှ ချွေးကိုသုတ်ရင်း ပြောလိုက်သည်။

'ကြေးစားမှန်းသိလို့ ညှာလိုက်တာပါ။ ဒါတောင် လေးယောက်စလုံး ဒဏ်ရာ ရသွားသေးတယ်'

မင်းစည်သူသည် ပြောပြောဆိုဆို မိမိ၏ဓားတွင် စွန်းထင်းကျန်ရစ်ခဲ့သည့် သွေးများကို လက်နှင့် သပ်ချလိုက်သည်။

ဥယျာဉ်တော်တွင်းမှ ဆူညံစွာ ထွက်ပေါ်လာသည့် ဓားခုတ်သံများနှင့် ကြောက်အားလန့်အားနှင့် ထွက်ပြေးသော မြင်းခွာသံများကို ကြားရသဖြင့် နှင်းကေသရာဘွဲ့ခံ ခင်စောမယ်သည် အကျိုးအကြောင်း သိလိုသဖြင့် ဥယျာဉ်တော်တွင်း ဆင်း၍လာသည်ကို တွေ့မြင်ရပေသည်။ မြို့စားလေး ဗညားအိမ်၏ အမှုထမ်းများမှာလည်း တုတ်များ၊ ဓားများ ကိုင်ကာ ဟိုမှသည်မှ အလျှိုအလျှို ရောက်လာကြပေသည်။

နှင်းကေသရာ ရောက်ရှိလာချိန်တွင် မင်းစည်သူသည် ၎င်း၏ သွေးစွန်းနေသော ဓားမှ သွေးကွက်များကို လက်ဖြင့် သပ်ချနေချိန် ဖြစ်၍ သွေးစိမ်းရှင်ရှင်ကို မြင်လိုက်ရသောအခါ နှင်းကေသရာမှာ ထိတ်လန့်တုန်လှုပ်သွားပေသည်။

'ဘုရား .... ဘုရား၊ သွေးတွေပါလား။ ဘယ်လို ဖြစ်ကြတာလဲ'

နှင်းကေသရာသည် မောင်တော်ဗညားအိမ် အနီးသို့ ချဉ်းကပ်လာရင်း ထိတ်လန့်တကြား မေးလိုက်သည်။ ဗညားအိမ်၏ လက်ထဲတွင် ရန်သူ့ထံမှ လုယူထားလိုက်သည့် ဓားမြှောင်ကို မြင်ရပြန်သောအခါ နှင်းကေသရာမှာ ပိုမို၍ ထိတ်လန့်သွားပေသည်။

'ဘယ်လို ဖြစ်ကြတာလဲ၊ အစ်မတော်ကို ပြောပြစမ်းပါဦး။ ဘယ်သူတွေ ဒဏ်ရာရကြသေးသလဲ'

နှင်းကေသရာက ရင်ဝကို လက်နှင့်အုပ်ရင်း မေးလိုက်ပြန်သည်။





'ရန်သူလေးယောက်စလုံး အနည်းနဲ့အများ ဒဏ်ရာရပြီး ဆုတ်ခွာပြေးကြပါပြီ။ တစ်စုံတစ်ရာ စိုးရိမ်စရာ မရှိတော့ကြောင်းပါ'

မင်းစည်သူသည် ဓားမှသွေးများကို သပ်ချရင်း အဖြေပေးသည်။

'ရန်သူလေးယောက် ဟုတ်လား။ ဘယ်က ရန်သူလဲ၊ ဘယ်သူတွေလဲ၊ ဘယ်သူ့ကို ရန်မူရအောင် လာတာလဲ'

နှင်းကေသရာက အံ့အားသင့်သည့် အမူအရာဖြင့် ပြန်မေးလိုက်သည်။

'အကြောင်းမဲ့သက်သက် ဝင်ပြီး ရမ်းကားသွားတာပါ။ ဝသေးဒဏ်ရာ ရသွားတဲ့ အကောင်ကတော့ ဒီဓားမြှောင်နဲ့ သီရိဇြတ်ကမွန်ရဲ့ နောက်ကျောကို လှမ်းပေါက်ဖို့ ကြိုးစားသေးတယ်။ သူ့လက်က ဓားကိုသာ လုမယူနိုင်ရင် သီရိဇြတ်ကမွန်ဖြစ်စေ၊ မင်းစည်သူ ဖြစ်စေ တစ်ယောက်ယောက်တော့ သေမှာ အမှန်ပဲ။ တစ်ယောက်ယောက်သာ သေရင် သုံးယောက်နဲ့ တစ်ယောက် အနိုင်ရဖို့ မလွယ်ဘူး'

ဗညားအိမ်သည် ရန်သူ၏လက်မှ လုယူထားလိုက်သည့် ဓားမြှောင်ကို ပြရင်း ပြောပြလိုက်သည်။

'ဟင် ဟုတ်လား မောင်တော်။ အတင့်ရဲလှချည်လား၊ ရန်သူရဲ့ ဓားချက်ဦးသွားရင် မောင်တော်သက်သာမှာ မဟုတ်ဘူး။ ဘာဖြစ်လို့ ဒါလောက် တောင် အတင့်ရဲရတာလဲ'

နှင်းကေသရာသည် မောင်တော် ဗညားအိမ်အတွက် စိုးရိမ်ပူပန်သည့် အမူအရာဖြင့် ပြစ်တင်စကား ပြောကြားလိုက်သည်။

'အရေးကြုံလာရင် ကိုယ့်အသက်ကိုပင် ပဓာန မထားဘဲ ကူညီမှသာ အဆွေခင်ပွန်းကောင်း ပီသမယ် မဟုတ်လား'

ဗညားအိမ်က ပြန်ပြောလိုက်ရာ နှင်းကေသရာသည် မောင်တော်၏ နှုတ်များမှ မမျှော်လင့်သည့် ယောကျ်ားပီသသော စကားကို ကြားရသဖြင့် အံ့အားသင့်သွားပေသည်။

'စောစောကသာ အစ်မတော်ဘုရား ရောက်လာရင် သိပ်ကြည့်လို့ ကောင်းမှာ။ အဆွေတော် သီရိဇြတ်ကမွန်နဲ့ မင်းစည်သူ နှစ်ယောက်ထဲ ရန်သူ လေးယောက်ကို လွယ်လွယ်ကလေးနဲ့ အနိုင်ယူလိုက်တာကို အစ်မတော် မရှု လိုက်ရတာ သိပ်နာတယ်'

ဗညားအိမ်က အားမလို အားမရ ပြောလိုက်ပြန်သည်။

'အလကား ကြေးစားအကောင်တွေမို့ လွယ်လွယ်နဲ့ အနိုင်ရလိုက်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



မင်းစည်သူက ဝင်ပြောလိုက်သည်။

'ကြေးစားကောင်တွေ ဆိုပေမယ့် သိပ်မခေဘူး။ ကျွန်တော် ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတာ။ လေးယောက်ကို နှစ်ယောက်ထဲနဲ့ လွယ်လွယ်ကူကူ အနိုင်ယူလိုက်တာကို ကျွန်တော်ဖြင့် အံ့သြလို့ မကုန်နိုင်ဘူး'

ဗညားအိမ်က ချီးကျူးလိုက်ပြန်သည်။

'လေးယောက်ဆိုတာ ဘယ်သူတွေလဲ၊ ဘာကိစ္စ ဉယျာဉ်တော်ထဲ ကျူးကျော်ဝင်ရောက်လာရသလဲ၊ ဘယ်သူကို ရန်မူရအောင် လာတာလဲ'

နှင်းကေသရာက မိမိ သိလိုသည့် အချက်များကို မေးလိုက်ပြန်၏။

'ခွေးကောင်တွေ ပြောသွားတဲ့ စကားအရ ဆိုရင်တော့ အဆွေတော် သိရိဇြတ်ကမွန်ကို ရန်မူရအောင် လာတာ အမှန်ပဲ'

ဗညားအိမ်က ရှင်းပြလိုက်သည်။

'ဟင် ဟုတ်လား၊ သိရိဇြတ်ကမွန်ကို ရန်မူရအောင် ဉယျာဉ်တော်ထဲကို ကျူးကျော်ဝင်ရောက်လာတယ် ဆိုပါတော့'

နှင်းကေသရာက ပြန်မေးလိုက်သည်။

'သူတို့ ပြောသွားတဲ့ စကားအဓိပ္ပာယ်ကတော့ ဒီအတိုင်းပါပဲ'

သိရိဇြတ်ကမွန်က မှန်တေတေ အမူအရာဖြင့် အဖြေပေးလိုက်သည်။

'ဒီလိုဆိုရင် သိရိဇြတ်ကမွန်ကို သခင်မရဲ့ စံအိမ်တော်မှာ လက်ခံထားရတာဟာ အန္တရာယ်ကို လွယ်ထားရသလို ဖြစ်မနေဘူးလား။ ဉယျာဉ်တော်အတွင်းကိုတောင် ကျူးကျော်ဝင်ရောက်ဝံ့တဲ့ ရန်သူကို သိရိဇြတ်ကမွန် ခေါ်လာခဲ့တာ မဟုတ်လား။ မောင်တော်တောင် ကံကောင်းလို့ အသက်သေဘေးက သီသီကလေး လွတ်ခဲ့တာ မဟုတ်လား'

'မှန်ပါတယ်'

သိရိဇြတ်ကမွန်က အဖြေပေးလိုက်သည်။

'ဒါလောက်တောင် အတင့်ရဲလှတဲ့ ရန်သူတွေဟာ သိရိဇြတ်ကမွန် ရှိနေသေးမှန်း သိရင် နောက်တစ်ကြိမ် ရန်မူရအောင် မလာဘဲ နေမှာ မဟုတ်ဘူး'

နှင်းကေသရာက မိမိ စိုးရိမ်ချက်ကို ဖွင့်ဟလိုက်သည်။

'နောက်တစ်ကြိမ် လာရဲတော့မည် မဟုတ်ကြောင်းပါ'

မင်းစည်သူက ဝင်ပြီး လျှောက်တင်လိုက်သည်။

'မလာရဲဘူး ဆိုပေမယ့် လာချင်ရင် လာနိုင်ပါသေးတယ်။ လာလိမ့်ဦးမယ်လို့လည်း ထင်ပါတယ်'





သိရိဇြတ်ကမွန်က မိမိ၏ ထင်မြင်ချက်ကို ဖွင့်ဖွင့်ဘင်းလင်း ထုတ်...လိုက်သည်။

'နောက်တစ်ကြိမ်လာရင် ခုတစ်ကြိမ်လို မောင်တော် ...ကောင်းချင်မှ ...ကောင်းမှာ။ သခင်မ ပြောတာ မမှန်ဘူးလား'

နှင်းကေသရာက ထပ်ဆင့်မေးခွန်းထုတ်လိုက်ပြီး သိရိဇြတ်ကမွန်၏ အဖြေကို နားစွင့်နေပေသည်။

ထိုအခိုက်တွင် တုဘ်များ၊ ဓားများ စွဲကိုင်ကာ ရန်သူများနောက်သို့ ...လိုက်သွားကြသော မြို့စားလေး ဗညားအိမ်၏ အမှုထမ်းများသည် ...ကြီး ...ကြီးနှင့် ပြန်လာကြပြီး ရန်သူများအား မျက်ခြည်ပြတ်သွားသဖြင့် ပြန်လာ...ကို ဗညားအိမ်အား ရှင်းလင်းလျှောက်တင်နေကြသဖြင့် နှင်းကေသရာ...သည် သိရိဇြတ်ကမွန်၏ အဖြေကို နားစွင့်နေရာမှ အကျိုးအကြောင်း သိလို...ဖြင့် သိရိဇြတ်ကမွန်ကို ကျောခိုင်းပြီး မောင်တော် ရှိရာသို့ လာခဲ့ပေသည်။

နှင်းကေသရာတွဲ့ခံ ခင်စောမယ် ကျောခိုင်းသွားသည်နှင့် တစ်ပြိုင်...မင်းစည်သူသည် စိုးရိမ်မကင်းသည့် အမူအရာဖြင့် သိရိဇြတ်ကမွန် အနီးသို့ ...ကပ်လာပေသည်။

'ဗိုလ်မင်းရဲ့ ဒဏ်ရာ တော်တော်ပြင်းထန်ပါသလား'

မင်းစည်သူက နှင်းကေသရာ မကြားနိုင်စေရန် လေသံကလေးဖြင့် ...လိုက်၏။

'မပြောပလောက်ပါဘူး'

သိရိဇြတ်ကမွန်သည် ပြောပြောဆိုဆို နှင်းကေသရာ မမြင်နိုင်စေရန် ...၏ ကိုယ်နှင့်ကွယ်ပြီး ဝှက်ထားသည့် လက်ဝဲဘက်လက်ကို ထုတ်ပြလိုက်ရာ၊ ...ကိမောင်းတွင် ဓားထိသွားသည့် ဒဏ်ရာကြောင့် သွေးခြင်းခြင်း နီနေသည်ကို ...ရပေသည်။ သွေးမှာ မတိတ်သေးဘဲ တစ်စက်စက်နှင့် ကျနေဆဲပင် ဖြစ်...သည်။

'သွေးတိတ်အောင် အဝတ်နဲ့ စည်းပေးစမ်းပါလား'

သိရိဇြတ်ကမွန်သည် ပြောပြောဆိုဆို မင်းစည်သူနှင့်အတူ ဉယျာဉ်တော်၏ အစွန်အဖျားရှိ ကုံကော်ပင်ရိပ်အောက်သို့ လာခဲ့ပေသည်။ ကုံကော်ပင်ရိပ်သို့ ရောက်သောအခါ မင်းစည်သူသည် သိရိဇြတ်ကမွန်၏လက်မှ ဒဏ်ရာကို ...စည်းနှောင်ပေးလိုက်သည်။

'ငါတို့ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူးထင်တယ်။ မြင်းတွေကို ...ကောင်း ...နှံ့ဆာဆင်ပြီး ယူသင့်တဲ့ ပစ္စည်းလောက်သာ ယူလာခဲ့။ ဟောဟိုတောင်းကနေ ...ဆောင့်နေမယ်'



www.burmeseclassic.com

www.burmeseclassic.com



သီရိဗြတ်ကမွန်က မင်းစည်သူအား ညွှန်ပြလိုက်ရာ မင်းစည်သူမှာ အံ့အားသင့်သည့် အမူအရာဖြင့် သီရိဗြတ်ကမွန်အား ပြန်ကြည့်လိုက်သည်။

'ကျွန်တော်တို့ သွားကြတော့မယ် ဟုတ်လား။ ဘယ်ကို သွားကြမှာလဲ ဘာဖြစ်လို့ သွားရမှာလဲ'

မင်းစည်သူက သီရိဗြတ်ကမွန် ပြောလိုက်သည့် စကားအဓိပ္ပာယ်ကို နားမလည်သည့် အမူအရာဖြင့် ပြန်မေးလိုက်သည်။

'ငါတို့ မသွားလို့ မဖြစ်ဘူး။ စောစောက ငါတို့ကို လာပြီး ရန်မူတဲ့ အကောင်တွေဟာ သမိန်စက္ကဝေါရဲ့ ကြေးစားလူရမ်းကားတွေ ဆိုတာ ငါ သိတယ်။ ငါ့ကို ရှင်းလင်းသုတ်သင်ပစ်ဖို့ အသပြာပေးပြီး စေခိုင်းလိုက်တာ ဖြစ်ရ မယ်။ ဒီတစ်ချီ မအောင်မြင်ပေမယ့် အလျှော့ပေးမှာ မဟုတ်ဘူး။ နောက်တစ်ချီ ကြံစည်ဦးမှာပဲ။ ငါ ဒီမှာရှိနေရင် နှင်းကေသရာတို့ မောင်နှမအဖို့ အန္တရာယ်ကို လွယ်ထားရသလို ဖြစ်နေလိမ့်မယ်'

သီရိဗြတ်ကမွန်က ရှင်းပြလိုက်မှ မင်းစည်သူမှာ သဘောပေါက်သွား ပေသည်။

'ဗိုလ်မင်း ပြောသလို ဖြစ်နိုင်တယ်။ ခွေးတိရစ္ဆာန်ကောင်တွေကို ကြောက်ရွံ့စရာ မလိုပါဘူး'

'ကြောက်ရွံ့စရာတော့ မလိုပါဘူး။ ဒါပေမဲ့ စောစောက နှင်းကေသရာ ပြောသလို ဒီတစ်ချီမှာ မြို့စားလေး ကံကောင်းပေမယ့် နောက်တစ်ချီဆိုရင် ကံကောင်းချင်မှ ကောင်းမှာ၊ ငါ့အနေနဲ့လည်း လာမယ့်ဘေးကို ပြေးတွေ့ရ ကျေနပ်တာ'

'ဗိုလ်မင်း ပြောတာ မှန်တယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ အသိမပေးဘဲ သွားလို့ ကောင်းပါ့မလား'

'အသိပေးလို့ မဖြစ်ဘူး၊ မြို့စားလေးကလည်း ခွင့်ပြုမှာ မဟုတ်ဘူး'

'နှင်းကေသရာ သခင်မကလည်း ခွင့်ပြုမှာ မဟုတ်ဘူး'

မင်းစည်သူက အဓိပ္ပာယ်ပြည့်ဝသော မျက်လုံးများဖြင့် သီရိဗြတ်ကမွန် အား ပြန်ကြည့်ရင်း ပြောလိုက်ရာ၊ သီရိဗြတ်ကမွန်သည် မျက်မှောင်ကြုတ်ပြီး ခဏ်းစားနေပေသည်။

'ဘာပဲဖြစ်ဖြစ် ငါတို့ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး။ မြို့စားလေးကို ရော နှင်းကေသရာကိုပါ အသိပေးလို့ မဖြစ်ဘူး။ ကဲ ငါသွားနှင့်မယ်။ မြင်း နှစ်ကောင်ကို ကကြိုးတန်ဆာဆင်ပြီး မယူရင် မဖြစ်တဲ့ ပစ္စည်းလောက်ကိုသာ ယူလာခဲ့။ ငါ ဟောဟိုတောတန်းက စောင့်နေမယ်'





သီရိဗြတ်ကမွန်သည် ပြောပြောဆိုဆို ဥယျာဉ်ဆောင်အတွင်းမှ မိမိ ချက်ခွာသွားသည်ကို နှင်းကေသရာနှင့် ဗညားအိမ်တို့ မမြင်နိုင်ခဲ့ချေ။ သစ်ပင် များကို အကာအကွယ်ယူ၍ ကုန်းစောင်းကလေး ရှိရာသို့ တဖြည်းဖြည်း လာခဲ့ သည်။

ကုန်းစောင်းရှိ သစ်ပင်ရိပ်များ အလယ်သို့ ရောက်သောအခါ အရိပ် အာဝါသကို ခိုလှုံရင်း မင်းစည်သူအလာကို စောင့်မျှော်နေစဉ်၊ တောင်ဆေး ပြီး သစ်ပင်အုပ်များ ကြားမှ ထွက်လာသော အမယ်အိုတစ်ယောက်ကို မြင်လိုက်သဖြင့် သီရိဗြတ်ကမွန်သည် အမယ်အိုအား ငေးစိုက်ကြည့်နေမိသည်။

အမယ်အိုမှာ ဆံပင်များ ဖြူဖွေးနေပြီး ပါးရေများ တွန့်လိမ်နေသော ည်၊ ခါးလည်း ကုန်းနေသဖြင့် ပေါက်ရောက်လျက်ရှိသည့် ဆေးပင်ဝါးပင် များ နုတ်နေသည်ကို တွေ့ရပေသည်။

ဆေးပင်တစ်ပင်ကို တအားဆွဲနုတ်လိုက်စဉ် အမယ်အိုသည် တောင်ဝှေး ကိုမှ လွတ်ထွက်သွားကာ မိမိကိုယ်ကိုမိမိ မဟန်နိုင်ဘဲ ဆင်ခြေလျှောအတိုင်း သိမ့်ခေါက်ကွေး ကျသွားပေရာ၊ သီရိဗြတ်ကမွန်သည် အမယ်အို ရှိရာသို့ သွားပြီး အသာအယာ မွေ့ထူလိုက်သည်။

'သွား .... သွား၊ ငါ့ကို မကိုင်နဲ့ .... မကိုင်နဲ့။ လွှတ် .... လွှတ်'

အမယ်အိုသည် သီရိဗြတ်ကမွန်၏ ရင်ခွင်ထဲမှ ရုန်းကန်ထွက်ရန် ကြိုး စားရင်း ပြောလိုက်သည်။

'ဘွားဘွား .... ဘွားဘွား သတိထားပါ။ ဘွားဘွားကို ကျွန်တော် ဘာမှ မလုပ်ပါဘူး။ ဘွားဘွား အားလွန်ပြီး လဲကျသွားတာ မြင်လို့ ဝင်ကူပေး တာပါ။ ဘွားဘွားရဲ့တောင်ဝှေး ဒီမှာပါ'

သီရိဗြတ်ကမွန်သည် အနီးရှိ တောင်ဝှေးကို ကောက်ပေးရင်း အမယ်အို အား နှစ်သိမ့်လိုက်သည်။ ပြီးမှတစ်ဖန် အနီးအနားတွင် ပြန့်ကျဲနေသည့် ဆေးပင် မြစ်များကို ကောက်ယူပေးလိုက်ရာ အမယ်အိုသည် သီရိဗြတ်ကမွန်အား သည့် မျက်လုံးများဖြင့် စိုက်ကြည့်နေလေသည်။

'ငါ့မြေးက ဘယ်သူလဲ။ မြို့စားမင်းရဲ့ အမှုထမ်း မဟုတ်လား။ မြို့စား ရဲ့ ပိုက်နက်ထဲ ဝင်လာရမလား ဆိုပြီး အမေ့ကို ဖမ်းလား၊ ဆီးလား လုပ်ဦး လား။ အမေ ဘယ်သူ့ကိုမှ ရန်မမူပါဘူး။ ဆေးပင်ဝါးပင်ကလေးတွေ တူးဖို့ အောင် လာခဲ့တာပါ။ အမေ့ကို ချမ်းသာပေးပါ။ ထိတ်တုံးခတ်ပြီး အကျဉ်းတိုက် တော့ မထားပါနဲ့။ သတ်ချင်ရင် တစ်ခါတည်း သတ်ပစ်လိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



အမယ်အိုသည် သီရိဗြတ်ကမ္ဘန်အား ငေးစိုက်ကြည့်ရင်း တောင်းပန်သည်။

'ဘွားဘွား ဘာမှ မစိုးရိမ်ပါနဲ့။ ဘွားဘွားကို ဘယ်သူမှ ရန်မမူစေရပါဘူး။ ဖမ်းလည်း မဖမ်းစေရဘူး။ ထိတ်တုံးလည်း မခတ်စေရပါဘူး။ အိမ်တိုင်ယာရောက် ကျွန်တော် ပို့ပေးပါ့မယ်'

သီရိဗြတ်ကမ္ဘန်သည် အမယ်အို တူးဖော်ထားသည့် ဆေးပင်ဝါးဝင်များကို စုဆောင်းပေးရင်း နှစ်သိမ့်လိုက်သည်။

အမယ်အိုသည် သီရိဗြတ်ကမ္ဘန်အား ငေးစိုက်ကြည့်နေရာမှ လက်မောင်းတွင် စည်းနှောင်ထားသည့် အဝတ်မှ သွေးကွက်များကို မြင်လိုက်ရသောအခါ အမယ်အို၏ မျက်လုံးမှာ ကြည်လင်တောက်ပြောင်လာလေသည်။

'သွေးစွန်းနေတဲ့ လက် .... သွေးစွန်းနေတဲ့ လက်'

အမယ်အိုသည် သွေးစွန်းသွေးကွက်များကို လက်ညှိုးထိုးပြရင်း ပါးစပ်မှ လွှတ်ခနဲ ပြောလိုက်ရာ သီရိဗြတ်ကမ္ဘန်မှာ အံ့အားသင့်သွားပြီး မိမိ၏ သွေးစွန်းနေသည့် လက်ကို ငုံ့ကြည့်လိုက်မိလေသည်။

'လက်မောင်းက ဒဏ်ရာကို ပြောနေတာလား၊ ဒဏ်ရာက သိပ်မများပါဘူး။ သွေးကြောထိသွားလို့ သွေးထွက်လွန်သွားတာပါ။ ခုဆိုရင် သွေးတိတ်သွားပါပြီ'

သီရိဗြတ်ကမ္ဘန်မှာ ၎င်း၏လက်မောင်းမှ ဒဏ်ရာအတွက် အမယ်အို စိုးရိမ်ပြီး ပြောလိုက်သည်ဟု မှတ်ထင်သဖြင့် အမယ်အို မစိုးရိမ်စေရန် ရှင်းပြလိုက်သည်။

'ဒါကို ပြောနေတာ မဟုတ်ဘူး၊ ဒါကို ပြောနေတာမဟုတ်ဘူး။ အမေ့စိတ်အာရုံထဲမှာ ဟောဒီ သွေးစွန်းနေတဲ့လက်ကို မကြာမကြာ မြင်နေရတယ်။ အိပ်မက်မက်တဲ့ အခါမှာလည်း သွေးစွန်းနေတဲ့လက်ကိုပဲ မြင်မက်နေတယ်။ သွေးစွန်းတဲ့လက် ပိုင်ရှင်ဟာ ဟံသာဝတီ နိုင်ငံတော်ကြီးကို ရန်အပေါင်းက ကာယ်တင်လိမ့်မယ်။ ငါ့မြေး ကျော်ကြားလိမ့်ဦးမယ်၊ ဘုန်းတန်ခိုး ကြီးလိမ့်ဦးမယ်'

အမယ်အိုသည် ကြည်လင် တောက်ပြောင်သည့် မျက်လုံးများဖြင့် သီရိဗြတ်ကမ္ဘန်၏ သွေးစွန်းနေသော လက်ကို ငေးစိုက်ကြည့်ရင်း တုန်ယင်သည့် အသံဖြင့် နိမိတ်ဖတ်လိုက်သည်။

သီရိဗြတ်ကမ္ဘန်မှာမူ လက်တွေ့သမား ဖြစ်၍ အတိတ်နိမိတ်ကို





ကြည့်သူ မဟုတ်သည့်အတိုင်း အမယ်အို၏ စိတ်ကယောင်ချောက်ချား ဖြစ်သဖြင့် ပြောမိပြောရာ ပြောလိုက်ခြင်း ဖြစ်သည်ဟု မှတ်ထင်မိသသည်။

'ဘွားဘွား .... ဘွားဘွား .... သတိထားပါ။ ဘွားဘွား အားလွန်ပြီး သွားလို့ စိတ်ကယောင်ချောက်ချား ဖြစ်နေတယ် ထင်တယ်။ ဘွားဘွား အိမ်အရောက် ကျွန်တော် ပို့ပေးမယ်'

သီရိဗြတ်ကမ္ဘန်သည် အမယ်အိုအား သနားကရုဏာသက်သည့် အမူအရာဖြင့် ဝင်ပြီး တွဲလိုက်သည်။

'အမေ့ကို ဘွားဘွားလို့ ခေါ်တယ်ဟုတ်လား။ ဟုတ်ပြီ ဟုတ်ပြီ၊ အမေ့ရဲ့ စိတ်အာရုံထဲမှာလည်း သွေးစွန်းနေတဲ့ လက်ပိုင်ရှင်ဟာ အမေ့ကို ဘွားဘွားလို့ ခေါ်တယ်။ ငါ့မြေးနဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ။ ငါ့မြေး ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အန္တရာယ်အပေါင်းမှ ကင်းဝေးပါစေ'

အမယ်အိုသည် သီရိဗြတ်ကမ္ဘန်၏ ကျောကို ပွတ်သပ်ရင်း ဆုပေးလိုက်သည်။

'ကျွန်တော့်အတွက် ဆုမွန်ကောင်းတောင်းတဲ့ လူဆိုလို့ ဘွားဘွား တစ်ယောက်ပဲ ရှိသေးတယ်'

သီရိဗြတ်ကမ္ဘန်က ပြန်ပြောလိုက်ရာ အမယ်အိုသည် သီရိဗြတ်ကမ္ဘန်၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

'အမေ့ကို ဘွားဘွား ခေါ်တဲ့လူလည်း ငါ့မြေး တစ်ယောက်တည်း ရှိသေးတယ်။ တော်ရုံတန်ရုံလူကို အမေ ဆုပေးတာ မဟုတ်ဘူး။ သွေးစွန်းတဲ့ လက်ပိုင်ရှင်မို့ အမေ ဆုပေးတာ။ အမေဘယ်သူလဲ ဆိုတာ ငါ့မြေး သိအောင် ပြောပြရဦးမယ်။ အမေ့နာမည်က ဒေါ်အိုဇာလို့ ခေါ်တယ်။ ကာဝေ ၁၂ ကြိုး ...တဲ့ စုန်းမကြီး ဆိုပြီး အမေ့ကို ဝေးဝေးက ရှောင်ကြတယ်။ အမေ့ကို ...တို့ သိပ်ကြောက်ကြတယ်။ အမေ့ကို ရွာမှာ ဆဲရေးကြတယ်။ အောက်လမ်း ...ရာတွေ ပင့်ပြီး အမေ့ကို သေအောင် တွန်းကြတယ်။ ခေါင်းကြိမ်လုံးနဲ့လည်း ...ရိုက်ခံရပေါင်း များပြီ'

ဒေါ်အိုဇာ အမည်ခံ အမယ်အိုက ရှင်းပြလိုက်ရာ သီရိဗြတ်ကမ္ဘန်မှာ အံ့အားသင့်သည်ထက် သင့်၍ သွားပေသည်။

'အသိတရား ခေါင်းပါးတဲ့ လူတွေပါလား'

သီရိဗြတ်ကမ္ဘန်က ကစ်ယောက်တည်း ပြောသလို ပြောလိုက်သည်။

'ဘာလဲ၊ ငါ့မြေးက အမေ စုန်းအတတ်ကို တတ်တယ် ဆိုတာ မယုံဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုဇာက ပြန်မေးလိုက်သည်။

'ဘွားဘွား ဘယ်နည်းနဲ့မှ စုန်းမ မဟုတ်နိုင်ပါဘူး'

'စုန်းအတတ်ပညာကို ငါ့မြေး မယုံဘူးလား။ ပုဗ္ဗနိမိတ် ဆိုတာကော ငါ့မြေး မယုံဘူးလား။ မယုံမရှိနဲ့၊ လောကီပညာဆိုတာ အင်မတန် ဆန်းကြ[illegible] တယ်။ စိတ်ရဲ့တန်ခိုးကို ငါ့မြေး မသိသေးဘူး။ စိတ်ဟာ ကမ္ဘာကြီးကိုတော[illegible] ဖန်ဆင်းနိုင်တယ်။ ကဲ ကဲ အမေ သွားဦးမယ်။ အမေ့ကို ကူညီတဲ့အတွ[illegible] ကျေးဇူးတင်ပါတယ်။ သွေးစွန်းတဲ့လက်ပိုင်ရှင် ငါ့မြေးကြီး ဘုန်းတန်ခိုး ကြီးပါစေ၊ ရန်အပေါင်းကို အောင်မြင်ပါစေ'

ဒေါ်အိုဇာက ဆုမွန်ကောင်း တောင်းလိုက်သည်။

'ဘွားဘွား ဘာဖြစ်လို့ ဒီဘဝ ရောက်လာရတာလဲ'

သီရိဗြတ်ကမွန်က ဒေါ်အိုဇာအား ကရုဏာသက်သည့် အမူအရာဖြင့် ပြန်မေးလိုက်ရာ၊ ဒေါ်အိုဇာသည် ရုတ်တရက် အဖြေမပေးသေးဘဲ မျက်မှောင် ကြုတ်ပြီး စဉ်းစားနေရာမှ ၎င်း၏မျက်နှာ သိသိသာသာ ညှိုးငယ်သွားသည်။

'အမေရဲ့ဘဝက အင်မတန်မှ နုံချာတဲ့ ဘဝပါ။ ဘဝက ကုသိုလ်က အကျိုးပေးညံ့ခဲ့လို့ ဒီဘဝကို ရောက်လာခဲ့ရတာပါ။ မရှိခိုးနိုး မလှစုန်းရိုး ဆိုတဲ့ စကားပုံအတိုင်းပဲ။ အရပ်ထဲမှာ ကလေးတစ်ယောက် နေမကောင်းဘူး ဆိုရင် အမေ ပြုစားတာပဲ ဆိုပြီး အမေ့ကို စွပ်စွဲကြတယ်၊ အမေ့ကို ဝိုင်းပယ်ကြတယ်။ ဒါတင် မကသေးဘူး။ တစ်ခါတုန်းက မင်းမှုထမ်းတစ်ဦးရဲ့ ကလေးတစ်ယောက် ဟာ သူငယ်နာဖြစ်ပြီး အကြောဆွဲသွားတယ်။ အဲဒီနောက် မကြာခင် သေသွား တယ်။ ဒါကို အမေ ပြုစားပါတယ် ဆိုပြီး အောက်လမ်းဆရာကို ပင့်ပြီး အမေ့ကို ကြိုးနဲ့တုပ်ပြီး ကြိမ်နဲ့ရိုက်တယ်။ အမေရဲ့အပြစ်ကို အမေ ဝန်ခံရမယ်လို့လည်း အောက်လမ်းဆရာက ဖွတ်အတင်း ဝန်ခံခိုင်းတယ်'

ဒေါ်အိုဇာက မိမိတွေ့ကြုံခံစားခဲ့ရပုံကို ရှင်းပြလိုက်ရာ သီရိဗြတ်ကမွန် မှာ အမေအိုအပေါ်တွင် ကိုယ်ချင်းစာနာသည့်စိတ်များ ပေါ်ပေါက်လာကာ အောက်လမ်းဆရာ ဆိုသူနှင့် အသိတရား ခေါင်းပါးသည့် မင်းမှုထမ်းအပေါ် တွင် ဒေါသထွက်မိပေသည်။

'တယ်မိုက်ရိုင်းပါလား။ ဒါထက် သူတို့ ဝန်ခံခိုင်းတော့ ဘွားဘွား ဝန်ခံလိုက်ရရောလား'

သီရိဗြတ်ကမွန်က ပြန်မေးလိုက်သည်။

'လက်ဦးပထမကတော့ ဝန်မခံဘူး။ ဒီကလေး သေရတာ အမေရဲ့ ပယောဂ လုံးဝ မပါပါဘူး။ ဒါကြောင့် ဝန်မခံနိုင်ကြောင်း အမေ ရှင်းပြတယ်။





[illegible]ခဲ့ မရဘူး။ ဝန်မခံမချင်း ရိုက်နှက်ညှဉ်းဆဲနေတဲ့အတွက် အမေလည်း [illegible]တော့ အသားကို အနာမခံနိုင်လို့ အမေပြုစားလို့ ကလေး သေရတာပါ [illegible] မဟုတ်မမှန်ဘဲ ဝန်ခံလိုက်ရတယ်'

'ဟင်'

'အဲဒီလို ဝန်ခံလိုက်တော့မှ အရိုက်ခံရတာ သက်သာသွားပြီး [illegible] [illegible]ကို စုန်းအတတ်ပညာနဲ့ မပြုစားရဘူး ဆိုပြီး သစ္စာရေ သောက်ခဲ့ရတယ်။ [illegible]ခြိန်က စပြီး အမေ့ကို စုန်းမကြီးလို့ သမုတ်ခံခဲ့ရတာပဲ။ အမေ့ကို ရွာထဲ [illegible] ဝင်ခွင့်မပြုဘူး။ ရွာထဲ ဝင်တာကိုတွေ့ရင် ရွာသူကြီးဆီ ခေါ်သွားပြီး [illegible]တုံးခတ်တာပဲ။ တစ်ခါတလေ သုံးရက် လေးရက် အစာငတ် ရေငတ် [illegible]တယ်။ ကြာတော့ အမေလည်း စိတ်ဆိုးဆိုးနဲ့ အမေ့နှိပ်စက်တဲ့ လူတွေကို [illegible]ခဲ့တာပဲ။ အမေ့ကျိန်စာသင့်လို့လား မသိဘူး။ မကြာခဏ ထိတ်တုံးခတ်ပြီး [illegible] ရေငတ်ထားခဲ့တဲ့ ရွာသူကြီး သွေးအန်ပြီး သေဆုံးသွားတယ်။ ရွာ [illegible]ရဲ့ ဆွေတွေ မျိုးတွေက အမေ့ကြောင့် ရွာသူကြီး သေရတယ် ဆိုပြီး [illegible]နေတဲ့ အိမ်ကိုပါ မီးရှို့ ဖျက်ဆီးပစ်ကြတယ်'

'အတော် ရက်စက်တဲ့ လူတွေပါကလား'

'ရက်စက်နိုင်ကြပါစေ၊ ရက်စက်နိုင်ကြပါစေ။ ပြုသူအသစ် ဖြစ်သူ [illegible]ာင်း ဆိုတဲ့စကား ရှိသားပဲ။ အမေ ဘယ်သူ့အပေါ်မှ အာဃာတ မထား [illegible]။ ဒါထက် ငါ့မြေးက ဘယ်သူလဲ'

'အညတရ စစ်သည်တော် သီရိဗြတ်ကမွန်ပါ'

'အညတရ စစ်သည်တော် ဟုတ်လား၊ နာမည်က သီရိဗြတ်ကမွန်တဲ့ [illegible]'

'မှန်ပါတယ်'

'မင်းမှုထမ်းတော့ မဟုတ်ဘူး ဆိုပါတော့'

'မဟုတ်ပါဘူး'

'ဆောင်းတူးမြို့စားနဲ့ ဆွေမျိုးလား၊ မိတ်ဆွေလား'

'မိတ်ဆွေပါ'

သီရိဗြတ်ကမွန်က အဖြေပေးလိုက်ရာ၊ ဒေါ်အိုဇာသည် တစ်စုံတစ်ရာ [illegible]ဖြေသေးဘဲ သီရိဗြတ်ကမွန်အား စူးရှတောက်ပြောင်သည့် မျက်လုံးများ [illegible] အတန်ကြာ ငေးစိုက်ကြည့်နေပေသည်။

'ငါ့မြေးဟာ အမေ့အပေါ်မှာ ကြင်နာယုယခဲ့တဲ့ အတွက် ကျေးဇူး [illegible]ပြန်တဲ့အနေနဲ့ ငါ့မြေးရဲ့ရှေ့ရေးကို အမေရဲ့ စိတ်အာရုံထဲမှာ ထင်မြင်



www.burmeseclassic.com

www.burmeseclassic.com



လာသမျှ အတပ်ဟောလိုက်မယ်။ ရှောင်သင့်တာကို ရှောင်ပြီး ဆောင်သင့်တာ တို ဆောင်ပေါ့'

ဒေါ်အိုဇာက နိဒါန်းပျိုးလိုက်ပြီး သိရိဖြတ်ကမ္ဘန်၏ မျက်လုံးအစုံ ၎င်း၏ စူးရှတောက်ပြောင်သည့် မျက်လုံးများဖြင့် စူးစူးဝါးဝါး ကြည့်နေပြ သည်။

'ငါ့မြေးရဲ့ အသက်အန္တရာယ်ကို ရန်ရှာနေတဲ့ လူတွေ ရှိတယ် သွေးထွက်သံယိုမှုလည်း ရှိလိမ့်မယ်။ ဒါပေမဲ့ ငါ့မြေး ကြီးပွားဦးမယ်။ အထွ အထိပ်ကိုလည်း ရောက်ရလိမ့်ဦးမယ်'

ဒေါ်အိုဇာက ဟောကိန်းထုတ်လိုက်ပြီး ဆောင်းတူးမြို့စား၏ အိမ်တော ရှိရာကို လှမ်းကြည့်လိုက်ပြန်သည်။

'ငါ့မြေးရဲ့ အနာဂတ်ဟာ ဆောင်းတူးမြို့စား မောင်နှမရဲ့ အနာဂ နဲ့ ထွေးရောယှက်တင် ဖြစ်နေတယ်။ မြို့စားမောင်နှမရဲ့ ရှေ့ရေးကို အမေ့ စိတ်အာရုံထဲမှာ ထင်မြင်လာသလောက် ဟောကိန်းထုတ်ရမယ် ဆိုရင် သူ မောင်နှမရဲ့ ဘဝလမ်းစဉ်ဟာ မဖြောင့်ဖြူးဘူး။ ဆူးခြောင့်ခလုတ်တွေကို ဖြ ကျော်ပြီး သွားရလိမ့်မယ်။ ဘေးအန္တရာယ် အမျိုးမျိုးနဲ့လည်း တွေ့ရလိမ့်မယ် သူတို့ဘဝကို သူတို့ ဖျက်ဆီးပစ်ကြလိမ့်မယ်။ သွေးထွက်သံယိုမှုတွေလည် ရှိလိမ့်မယ်။ မျက်ရည်ပေါက် ကြီးငယ်လည်း ကျရလိမ့်မယ်။ အရှက်တ အကျိုးနည်း ဖြစ်စရာ မြင်တယ်။ သေကိန်းတောင် ရှိတယ်'

'ဘွားဘွားရဲ့ ဟောကိန်းက ကြောက်စရာပါလား'

သိရိဖြတ်ကမ္ဘန်က ပြန်ပြောလိုက်သည်။

'အမေ့ ဟောကိန်း ဘယ်တော့မှ မမှားဘူး။ မှားရင် လျှာဖြတ်ခံ တယ်။ ဒါတောင် အမေ့ စိတ်အာရုံထဲမှာ ထင်မြင်လာတာတွေကို အားလုံ ဖွင့်မပြောသေးဘူး'

'ဘွားဘွားရဲ့ စိတ်အာရုံထဲမှာ ထင်မြင်လာတာတွေကို အားလုံ ဖွင့်ပြောစမ်းပါလား'

'အမေ သိသမျှ ဖွင့်ပြောရင် ငါ့မြေး ယုံမှာမဟုတ်ဘူး။ မယုံတဲ့လူ ပြောလို့ အကျိုးမရှိဘူး။ ကာယကံရှင်တွေ ကိုယ်တိုင်ကလည်း ယုံမှာ မဟုတ်ဘူ မလိုမုန်းထားလို့ ပြောတာဆိုပြီး အမေ့ကို ရန်ရှာမှာ။ ဟော ပြောရင်းဆိုရ ဟိုမှာ လာနေပြီ'

ဒေါ်အိုဇာသည် မိမိတို့ ရှိရာသို့ နှင်းကေသရာဘွဲ့ခံ ခင်စောမ လာနေသည်ကို ရိပ်ခနဲ မြင်လိုက်သဖြင့် သတိပေးသလို ပြောလိုက်သည်။





'လာနေတာကို ကျွန်တော် သိပါတယ်။ ဒီမှာ ဘွားဘွား၊ နှင်းကေသရာ ...ခင် ဘွားဘွားရဲ့ စိတ်အာရုံထဲမှာ ထင်မြင်လာသမျှ ကျွန်တော့်ကို ပြောပြ ...ပါ'

သိရိဖြတ်ကမ္ဘန်က သိလိုဇောဖြင့် မေးလိုက်သည်။

'အမေ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး။ အမေ့တို့ ခြင်သွားရင် ...ဝင်နက်ထဲ ဝင်လာရမလား ဆိုပြီး ဖမ်းဆီးနှိပ်စက်လိမ့်မယ်။ အမေ သွားမယ်၊ ...မေ မသွားခင် ငါ့မြေးကို စကားတစ်ခု ပြောခဲ့မယ်။ အမေ့အနားကို တိုးခဲ့ ...ိုး'

ဒေါ်အိုဇာက သိရိဖြတ်ကမ္ဘန်အား မိမိ၏ အပါးသို့ ခေါ်လိုက်သည်။

'ဟိုမှာကြည့်စမ်း၊ ဘုံအဆင့်ဆင့်နဲ့ အဆောက်အဦကို မြင်တယ် ...ဟုတ်လား'

ဒေါ်အိုဇာသည် သိရိဖြတ်ကမ္ဘန်၏ ပခုံးကို ကိုင်၍ အားပြုပြီး ၎င်း၏ ...ောင်ဝှေးဖြင့် ဆောင်းတူးမြို့စားကြီး၏ စံအိမ်တော်ရှိရာသို့ ညွှန်ပြလိုက်သည်။

'မြို့စားကြီးရဲ့ စံအိမ်တော်ကို ပြောတာ မဟုတ်လား'

သိရိဖြတ်ကမ္ဘန်သည် သစ်ပင်ကြီးများ အကြားမှ မားမားမတ်မတ် ...ေါ်ထွက်နေသည့် စံအိမ်တော်၏ ဘုံအဆင့်ဆင့်ကို လက်ညှိုးညွှန်ပြရင်း ပြန် ...ေးလိုက်ရာ ဒေါ်အိုဇာက ခေါင်းညိတ်ပြလိုက်သည်။

'ဟို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အဲဒီဘုံအဆင့်ဆင့်နဲ့ စံအိမ်တော် ...မှာ နှင်းကေသရာရဲ့ မယ်တော်ရဲ့ လက်စွဲတော်အဖြစ် နေခဲ့ဖူးတယ်။ အဲဒီ ...အိမ်တော်နဲ့တကွ နှင်းကေသရာနဲ့ သူ့ရဲ့မောင်တော် ဗညားအိမ်ကို ငါ့မြေး ...ျက်ခြည်ပြတ်မခံပါနဲ့။ အမေ ဒါလောက်ပဲ ပြောခဲ့ပါရစေ'

ဒေါ်အိုဇာသည် ပြောပြောဆိုဆို တောင်ဝှေးကို အားပြုပြီး စောစောက ...ဆောင်းထားသည့် ဆေးပင်၊ ဆေးမြစ်၊ ဆေးဥများကို သိမ်းဆည်းနေပေ ...သည်။ တောင်ဝှေးကို အားပြုပြီး သိမ်းဆည်းနေရာမှ အားလွန်သွားပြီး မှောက် ...ျက် လဲသွားပေရာ သိရိဖြတ်ကမ္ဘန်သည် ဒေါ်အိုဇာအား ဝင်၍ပွေ့လိုက်ပြီး ...ြန်ထူပေးလိုက်သည်။ ဆေးပင်၊ ဆေးမြစ်၊ ဆေးဥများကိုလည်း ကောက်ယူပေး ...ိုက်ပြီး လက်ထဲမှ လွတ်ကျသွားသည့် တောင်ဝှေးကို ဒေါ်အိုဇာ၏ လက်ထဲသို့ ...ြန်ထည့်ပေးလိုက်သည်။

ထိုအခိုက် ဥယျာဉ်တော်အတွင်းမှ စိုက်စိုက် စိုက်စိုက်နှင့် လာနေ ...သော နှင်းကေသရာသည် သိရိဖြတ်ကမ္ဘန်နှင့် ဒေါ်အိုဇာတို့ ရှိရာသို့ ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာကာ ဒေါ်အိုဇာကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် စိုးရွံ့ထိတ်လန့်သည့် အမူအရာဖြင့် ငေးစိုက်ကြည့်နေပေသည်။

'ဘုရား ဘုရား ဘုရား ကယ်တော်မူပါ။ စစ်သည်တော်ကြီး စစ်သည်တော်ကြီး၊ သူ သူ ဘယ်သူလဲ ဆိုတာ သိရဲ့လား'

နှင်းကေသရာက သီရိဗြတ်ကမ္ဗန်အား သတိပေးလိုက်သည်။

'သိပါတယ်၊ ကုသိုလ်ကံ အကျိုးပေးညံ့လို့ လူတကာရဲ့ ညှဉ်းပန်း နှိပ်စက်ခြင်း ခံနေရတဲ့ သနားစရာ အမေအိုပါ'

သီရိဗြတ်ကမ္ဗန်က အဖြေပေးလိုက်သည်။

'မဟုတ်ဘူး၊ မဟုတ်ဘူး။ အင်မတန် ကြောက်စရာကောင်းတဲ့ ၁၂ ကြိုး ကဝေမှန်း မသိဘူးလား။ သူပြုစားလို့ သွေးအန်ပြီး သေတဲ့လူတွေ မနည်းတော့ဘူး'

နှင်းကေသရာက ပိုမို၍ လေးနက်စွာ သတိပေးလိုက်သည်။

'ဆယ့်နှစ်ကြိုး ကဝေက အရေးမကြီးဘူး။ သူ့ခမျာ ပင်ပင်ပန်းပန်း တူးဆွခဲ့ရတဲ့ ဆေးမြစ်တွေ နှင်းကေသရာ သခင်မရဲ့ ခြေဖဝါးအောက် ရောက်နေပြီ'

သီရိဗြတ်ကမ္ဗန်က နှင်းကေသရာ၏ ခြေဖဝါးအောက် ရောက်နေသည့် ဆေးမြစ်ကို ကောက်ယူရန် ဟန်ပြင်ရင်း ပြောလိုက်ရာ၊ နှင်းကေသရာမှာ ကြက်သီး ဖြန်းခနဲ ထသွားပြီး နောက်သို့ ခြေတစ်လှမ်း ပြန်ဆုတ်လိုက်သည်။ ပြီးမှ တစ်ဖန် ဒေါ်အိုဇာအား စေ့စေ့ ကြည့်လိုက်သည်။

'ဒေါ်အိုဇာ၊ သခင်မရဲ့ ပိုင်နက်ထဲကို မကျူးကျော်ပါနဲ့လို့ သခင်မ သတိပေးခဲ့တယ် မဟုတ်လား။ ဘာဖြစ်လို့ သခင်မရဲ့ အခွင့်အမိန့်မရဘဲ သခင်မရဲ့ ပိုင်နက်ထဲကို ကျူးကျော်ဝင်ရောက်လာရတာလဲ'

နှင်းကေသရာက အပြစ်တင်သည့် လေသံဖြင့် ပြောလိုက်သည်။

'သခင်မရဲ့ ပိုင်နက်ကို ကျူးကျော်လိုတဲ့ ဆန္ဒ မရှိပါ။ တခြားနေရာတွင် မရှိသည့် ဆေးပင်ဝါးပင်များ ဤနေရာတွင်သာ ရှိသဖြင့် ဆေးပင် ဝါးပင်များ တူးဖော်ရန် လာရောက်ခဲ့ကြောင်းပါ။ အမေ့ကို ခွင့်ပြုပါ'

ဒေါ်အိုဇာက တောင်းတောင်းပန်ပန်နှင့် ခွင့်ပန်ပြီး ဆင်ခြေလျှော အတိုင်း ဆင်းသွားရန် တောင်ဝှေးကို အားပြု၍ ခြေလှမ်းပြင်လိုက်စဉ် သီရိဗြတ်ကမ္ဗန်က ဒေါ်အိုဇာအား ဝင်၍ တွဲလိုက်သည်။

'မြေညီတဲ့နေရာကို ရောက်အောင် ကျွန်တော် လိုက်ပို့ပါရစေ'





သီရိဗြတ်ကမ္ဗန်သည် ဒေါ်အိုဇာအား ဝင်တွဲရင်း ပြောလိုက်ရာ ဒေါ်အိုဇာ သည် သီရိဗြတ်ကမ္ဗန်၏ လက်ကို အသာအယာ တွန်းဖယ်လိုက်သည်။

'ငါ့မြေးရဲ့ စေတနာကို အမေ သာဓုခေါ်ပါတယ်။ ဒါပေမဲ့ အမေ့ အတွက် ဘာမှ မစိုးရိမ်ပါနဲ့။ အမေ့လမ်း အမေ သွားတတ်ပါတယ်။ အမေ့ကို ငါ့မြေး ကူညီစရာ မလိုပါဘူး။ နှင်းကေသရာ သခင်မကိုသာ ငါ့မြေး ရှုတ်ချသည် ...တော် မခံပါနဲ့။ နှင်းကေသရာ သခင်မကို အန္တရာယ်တွေ ဝိုင်းနေတယ်။ အဲဒီ အန္တရာယ်တွေကို ကာကွယ်နိုင်စွမ်းရှိတဲ့ သူဟာ သွေးစွန်းနေတဲ့ လက်ပိုင်ရှင်သာ ဖြစ်တယ်။ နှင်းကေသရာကိုလည်း အမေ စေတနာနဲ့ သတိပေးခဲ့မယ်။ ညဘက်ထို အပြင်မထွက်ပါနဲ့။ ကြီးစွာသော အရှက် ရလိမ့်မယ်။ အရှက်ရရုံမက သေကိန်းပါ ဖြစ်တယ်။ နတ်ရွာစံမြို့စားကြီး တည်ဆောက်ခဲ့တဲ့ ဗိမာန်ကြီးလည်း ပြိုကွဲမယ့် ကိန်း ဆိုက်နေတယ်။ ဒီအန္တရာယ်တွေကို သွေးစွန်းနေတဲ့ လက်ပိုင်ရှင်ကလွဲပြီး ဘယ်သူမှ မကာကွယ်နိုင်ဘူး။ ကဲ အမေ သွားပြီး'

ဒေါ်အိုဇာသည် ပြောပြောဆိုဆို တောင်ဝှေးကို အားပြု၍ ဆင်ခြေ လျှော အတိုင်း ဆင်း၍ သွားပေရာ၊ သီရိဗြတ်ကမ္ဗန်နှင့် နှင်းကေသရာမှာ ဒေါ်အိုဇာအား မျက်စိတစ်ဆုံးကြည့်၍ ကျန်ရစ်ခဲ့ပေသည်။

**အခန်း ၈**

တောင်ဝှေးကို အားပြုပြီး ကုန်းကုန်းကွကွနှင့် ခဲယဉ်းပင်ပန်းစွာ ဆင်ခြေလျှော အတိုင်း တရွေ့ရွေ့သွားနေသော ဒေါ်အိုဇာအား ချုံပုတ်များအကြားတွင် ပျောက်ကွယ်သွားသည်အထိ ငေးစိုက်ကြည့်နေရာမှ သီရိဗြတ်ကမ္ဗန်သည် အနောက်သို့ ပြန်လှည့်လိုက်ရာ နှင်းကေသရာတွဲ့ခံ ခင်စောမယ်သည် မီမီကဲ့သို့ပင် ဒေါ်အိုဇာအား ငေးစိုက်ကြည့်နေသည်ကို တွေ့ရပေသည်။

'ဒေါ်အိုဇာကို ကြည့်ရတာ သနားစရာပဲ၊ ဒါထက် ဒေါ်အိုဇာကို နှင်းကေသရာသခင်မ သိပါသလား' သီရိဗြတ်ကမ္ဗန်က စကားစလိုက်သည်။

'မသိဘဲ နေပါ့မလား။ ဒီအနီးအနား တစ်ဝိုက်မှာ သူ့ကို မသိတဲ့လူ မရှိဘူး။ သူပြုစားတာကို ခံရတဲ့လူတွေ မနည်းဘူး။ သူပြုစားလို့ သွေးအန်ပြီး သေရတဲ့ လူတွေတောင် ရှိတယ်'

နှင်းကေသရာသည် ပြောရင်းပြောရင်း ကြက်သီးမွေးညင်း ထ လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ ကြက်သီးမွေးညင်း ထ လာသလဲ'

'သူ့အကြောင်း သူ့ကွယ်ရာမှာ ပြောပေမယ့် သူသိတယ်။ ဒါကြော သူ့အကြောင်း မပြောဝံ့ဘူး။ ခုတောင် စစ်သည်တော်ကြီး မေးလို့ လွတ်ခေ ပြောလိုက်မိတာ'

'ကွယ်ရာမှာ ပြောတာကို သူ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ။ အေ တရား ခေါင်းပါးတဲ့လူတွေ၊ ယုံလွယ်တဲ့လူတွေ ပြောတာကို ချင့်ချိန်ပြီး ယုံသင့်ကြောင်းပါ'

'ဘာလဲ၊ သခင်မကို ယုံလွယ်တယ်လို့ ပြောတာလား'

'မဟုတ်ကြောင်းပါ၊ ချင့်ချိန်ပြီးမှ ယုံဖို့သာ ပြောမိခြင်းပါ'

'ဒါဖြင့် ဒေါ်အိုဇာဟာ စုန်းအတတ် တတ်တယ်ဆိုတာ စစ်သည်တော် ကြီး မယုံဘူးလား'

'စုန်းအတတ်ဆိုတဲ့ စကားအဓိပ္ပာယ်ကို ရှင်းတော်မူပါဦး။ စုန် အတတ်ဆိုတာ ဘာမှန်းမသိဘဲ သခင်မရဲ့ မေးခွန်းကို ဖြေရန် မလွယ်ကြော ပါ'

သီရိဗြတ်ကမ္ဘန်က ပြန်ဖြေလိုက်ရာ နှင်းကေသရာက မျက်စော ထိုးလိုက်သည်။

'ဒါကတော့ သခင်မကို တမင် အရွဲ့တိုက်တာ မဟုတ်လား။ ကဲ ဒေါ်အိုဇာအကြောင်း မပြောတာဘဲ ကောင်းပါတယ်။ အန္တရာယ်များလုတဲ စိတ်မထင်လို့ ပြုစားထားမှဖြင့် သခင်မ ကုသိုလ်ကံ နိမ့်နေခိုက်နဲ့ကြုံ ဘေးတွေ့နေပါဦးမယ်'

နှင်းကေသရာက စကားပြတ်သွားအောင် ပြောလိုက်သည်။

'ဒါထက် ဒေါ်အိုဇာ နောက်ဆုံးပြောသွားတဲ့ စကားတွေကို နှင်းကေ သရာသခင်မ မှတ်သားမိသေးပါသလား။ ဒေါ်အိုဇာ ပြောသွားတဲ့ စကားထဲ အရှက်တကွဲ အကျိုးနည်း ဖြစ်လိမ့်မယ်ဆိုတာ ပါတယ် မဟုတ်လား။ အသေ ကိုတောင် ရန်ရှာနိုင်တယ် ဆိုတာလည်း ပါတယ်။ ကဲ ပြီးတော့ ....'

သီရိဗြတ်ကမ္ဘန်၏ စကားမဆုံးမီ နှင်းကေသရာက လက်ဝါးကာလို သည်။ နှင်းကေသရာ၏ မျက်နှာမှာလည်း သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူ ဖြစ်နေသည်ကို တွေ့ရပေသည်။

'အို တော်ပါတော့ တော်ပါတော့၊ သခင်မ မကြားချင်ဘူး။ သူ သခင်မ ပိုင်နက်ထဲကို ဝင်လာရမလားလို့ သခင်မ မာန်မဲလိုက်တဲ့အတွ သခင်မကို ကျိန်ဆဲသွားတာ'





'ကျိန်ဆဲတာ မဟုတ်ပါဘူး၊ စေတနာနဲ့ သတိပေးသွားတာပါ။ ပြီးတော့ ...ဒ်ိုဇာဟာ နှင်းကေသရာသခင်မ ထင်သလို ၁၂ ကြိုး... မဟုတ်ပါဘူး။ ...ဘဝက ကုသိုလ်ကံ အကျိုးပေးညံ့လို့ စုန်းမလို့ ဟိုလူ... ဒီလူက ...နဲ့ အစွပ်အစွဲ ခံနေရတဲ့ သနားစရာ အမယ်အိုပါ'

'ဟုတ်လို့သာ စွပ်စွဲခံရတာ ဖြစ်မှာပေါ့'

'ဟုတ်လို့ စွပ်စွဲခံရတာ မဟုတ်ပါဘူး။ စွပ်စွဲခံရခေါင်း ...တော့ ...ိုယ်သူ တကယ်ပဲ စုန်းအတတ် တတ်နေတယ်လို့ ထင်နေတာပါ။ ပြီးတော့ ...ို စုန်းမကြီးဆိုပြီး ပတ်ဝန်းကျင်က ဝိုင်းပယ်ထားတော့ ပတ်ဝန်း...ကို ...ပြီး ဟိုလူ့ကိုကျိန်ဆဲ၊ ဒီလူ့ကိုကျိန်ဆဲနဲ့ ကျိန်ဆဲနေတာပါ။ ဥပါဒါန်ကြောင် ...ရောက် ဆိုတဲ့ စကားအတိုင်း ဒေါ်အိုဇာ ကျိန်ဆဲတာကို သွေးလန့်ပြီး ...ကြ၊ နာကြ ဖြစ်တာ။ ဒေါ်အိုဇာ ပြုစားတာ၊ ပြုစားလို့ ဆိုပြီး ဒေါ်အိုဇာရဲ့ ...ါ အပြစ်ပုံချပြန်တာပဲ။ ပြီးတော့ ဒေါ်အိုဇာ ပြောသွားတဲ့ စကားအရ ဆိုရင် ...ို စုန်းမဆိုပြီး ထိတ်တုံးခတ်ပြီး အစာငတ်ရေငတ် ထားတဲ့လူက ထား။ ...တ်လမ်းဆရာဆိုတဲ့ လူတွေနဲ့ ပူးပေါင်းပြီး ကြိုးနဲ့တုပ်၊ ဆေးကြိမ်လုံးနဲ့ ...လုမြော်ပါး ရိုက်သူက ရိုက်နဲ့ အမျိုးမျိုး ညှဉ်းဆဲတာကို ခံခဲ့ရတော့ စိတ် ...သောင်ချောက်ချား ဖြစ်နေရှာတာပါ။ ဒေါ်အိုဇာဟာ ကြောက်စရာကောင်းတဲ့ ...ကြီး မဟုတ်ပါဘူး။ သနားစရာကောင်းတဲ့ အမယ်အိုပါ'

သီရိဗြတ်ကမ္ဘန်သည် စိတ်ရှည်လက်ရှည် ရှင်းပြနေပေသည်။ ...ကေသရာမှာမူ သီရိဗြတ်ကမ္ဘန်၏ ရှင်းပြချက်ကို လက်မခံနိုင်သကဲ့သို့ တွေ ...ပြီး နှားထောင်နေပေသည်။ နှင်းကေသရာ၏ မျက်နှာမှာမူ ဖြူဖပ်ဖြူရော် ...ဆဲ ရှိသေးသည်ကို သီရိဗြတ်ကမ္ဘန် သတိပြုမိပေသည်။

'နှင်းကေသရာ သခင်မ ဘာဖြစ်လို့ ဒါလောက်တောင် ကြောက်ရွံ့ ...ရပါသလဲ။ သီရိဗြတ်ကမ္ဘန် သိရသလောက် နှင်းကေသရာ သခင်မဟာ ...သားပင် ဖြစ်စေကာမူ အမြော်အမြင်ကြီးမားပြီး သူ့ရသတ္တိနဲ့ ပြည့်စုံသူ ...ပါတယ်။ ဒေါ်အိုဇာကို ဘာဖြစ်လို့ ဒါလောက်တောင် ကြောက်ရွံ့နေရ ...သလဲ'

'အို ဘာမှ မဖြစ်ပါဘူး၊ သခင်မ မကြောက်ပါဘူး'

နှင်းကေသရာသည် ပြောပြောဆိုဆို တစ်ဖက်သို့ လှည့်သွားပြီး အနီး ...သစ်ပင်ကိုမှီ၍ တစ်စုံတစ်ရာ စဉ်းစားနေရာမှ လက်ထဲတွင် ဆုပ်ကိုင်ထား ...ည့် ယပ်တောင်ကိုဖြန့်၍ မိမိကိုယ်ကိုမိမိ ယပ်ခတ်နေပေသည်။ သီရိဗြတ်ကမ္ဘန် ...ည် နှင်းကေသရာ၏ အမူအရာကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာသည် သိရိဗြတ်ကမ္ဘန်အား ကျောခိုင်းနေရာမှ ပြန်လှည့်ကြည့်လိုက်သည်။

'ပူလိုက် အိုက်လိုက်တာ လွန်ပါရော။ ကဲ လာ သွားကြမယ်။ စစ်သည်တော်ကြီးကို မောင်တော် မျှော်နေလိမ့်မယ်'

နှင်းကေသရာက သိရိဗြတ်ကမ္ဘန်အား စံအိမ်တော်သို့ ပြန်ရန် ခေါ်လိုက်သည်။

'စံအိမ်တော်ကို ပြန်ရန် မဖြစ်ကြောင်းပါ။ ခရီးဆက်ရန် ပြင်ဆင်ပြီးဖြစ်၍ မကြာမီ မင်းစည်သူ မြင်းများကို ကကြိုးဆင်ပြီး လာပါတော့မယ်။ မောင်တော် ဗညားအိမ်ကိုသာ ဂြိုဟ်ကောင် သိရိဗြတ်ကမ္ဘန် ခြေဦးတည့်ရာကို ထွက်သွားပြီ ဖြစ်ကြောင်း သတင်းလက်ဆောင် ပါးစေလိုကြောင်းပါ'

သိရိဗြတ်ကမ္ဘန်က မျက်နှာသေဖြင့် လျှောက်တင်လိုက်ရာ နှင်းကေသရာသည် အံ့အားသင့်သည့် အမူအရာဖြင့် သိရိဗြတ်ကမ္ဘန်အား ကြည့်နေသည်။

'ဘယ်လိုစကား ပြောလိုက်တာလဲ။ ဘာဖြစ်လို့ ခြေဦးတည့်ရာကို သွားရမှာလဲ။ မောင်တော် ဘယ်နည်းနဲ့မှ ခွင့်ပြုမှာ မဟုတ်ဘူး။ မောင်တော်ကို ပစ်မထားခဲ့ပါနဲ့၊ လာပါ .... အိမ်တော်ကို ပြန်ကြရအောင်။ မောင်တော် မျှော်နေရော့မယ်'

နှင်းကေသရာက မရမက ခေါ်နေပြန်သည်။

'နှင်းကေသရာသခင်မ ဆင်ခြင်တော်မူပါ။ ဂြိုဟ်ကောင် သိရိဗြတ်ကမ္ဘန်ကို သခင်မ လက်ခံထားပါက အန္တရာယ်ကို လွယ်ထားရသလို ဖြစ်နေလိမ့်မည် ဖြစ်သည်ကို သတိပြု ဆင်ခြင်တော်မူပါ။ နှင်းကေသရာ သခင်မ စောစောက မိန့်တော်မူခဲ့သည့် စကားများကို ပြန်လည်၍ သုံးသပ်တော်မူပါ'

သိရိဗြတ်ကမ္ဘန်က ပြန်လည် ချေပလိုက်ရာ နှင်းကေသရာသည် သိရိဗြတ်ကမ္ဘန်အား ရှေ့ဆက်မပြောရန် လက်ဝါးကာပြလိုက်သည်။

'အို ဘယ်လိုစကား ပြောလိုက်တာလဲ'

'နှင်းကေသရာသခင်မ မိန့်တော်မူသည့် စကားများသာ ဖြစ်ကြောင်းပါ။ သိရိဗြတ်ကမ္ဘန် လုပ်ကြံပြောဆိုသည့် စကားများ မဟုတ်ကြောင်းပါ။ သခင်မ မိန့်တော်မူခဲ့သည့် စကားများမှာလည်း ယထာဘူတကျသဖြင့် လက်ခံရမည်သာ ဖြစ်ကြောင်း'

'ဒီစကား ဒီမှာတင် ရပ်ပါ။ ရှေ့ကို မဆက်ပါနဲ့တော့'

'ရှေ့ဆက်ရန်လည်း မရှိတော့ပါ။ အန္တရာယ်ကိုလည်း လွှတ်ထားတော်





...ပါနှင့်။ ဂြိုဟ်ကောင် သိရိဗြတ်ကမ္ဘန်ကို သွားခွင့်ပြုတော်မူ... သခင်မ မိန့်တော်...ခဲ့သည့်အတိုင်း နောက်တစ်ကြိမ်ဆိုလျှင် သခင်မ၏ခေါင်းပေါ်... ကောင်း...ခင်မှ ကောင်းပါလိမ့်မည်'

သိရိဗြတ်ကမ္ဘန်က အလျှော့မပေးဘဲ မိမိအား သွားခွင့်ပြုပါရန် ခွင့်ပန်...ကာ်ရှိရာ နှင်းကေသရာသည် သိရိဗြတ်ကမ္ဘန်အား ငေးစိုက်ကြည့်နေရာမှ သွေး...န်းနေသော သိရိဗြတ်ကမ္ဘန်၏ လက်ဝဲဘက်လက်ကို ရုတ်တရက် မြင်လိုက်...ဖြင့် တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားသ...သည်။ ထိုအခါကျမှ သိရိဗြတ်ကမ္ဘန်မှာလည်း မိမိ၏ ဓားဒဏ်ရာရသော လက်ဝဲ...တ် လက်ကို နှင်းကေသရာ မမြင်နိုင်စေရန် ဖုံးကွယ်ထားရာမှ သတိလစ်ပြီး...သို့ ထုတ်လိုက်မိသည်ကို သတိရလာကာ ၎င်း၏ သွေးစွန်းနေသော လက်ကို...ထားလိုက်ပြန်သည်။

'သွေးစွန်းနေတဲ့လက်၊ သွေးစွန်းနေတဲ့လက်။ အင်း လက်စသတ်တော့ ...စောစောက ဒေါ်အိုဇာ ပြောသွားတဲ့ သွေးစွန်းနေတဲ့လက် ဆိုတာ ဖြစ်ရမယ်။ ...သွေးစွန်းနေတဲ့လက်နဲ့ ပတ်သက်ပြီး စစ်သည်တော်ကြီးကို ဒေါ်အိုဇာ ဘာတွေ ...ပြောသွားသေးလဲ။ ကျိန်စာသင့်နေတဲ့ သခင်မတို့ မိသားစုအကြောင်း ပြော...သွားသေးသလား'

နှင်းကေသရာက ပြန်မေးလိုက်ရာ သိရိဗြတ်ကမ္ဘန်သည် နှင်းကေသရာ ...ပြောလိုက်သည့် စကားများကို စိတ်ဝင်စားစွာ နားထောင်နေရာမှ ညင်သာစွာ ...ခေါင်းယမ်းပြလိုက်သည်။

'သွေးစွန်းနေတဲ့ လက်ကို မြင်ရုံနဲ့ နှင်းကေသရာသခင်မ ဘာဖြစ်လို့ ...သိတ်တလန့် ဖြစ်သွားရသည်ကို နားမလည်နိုင်အောင် ဖြစ်မိကြောင်းပါ။ ...စစ်သား သိရိဗြတ်ကမ္ဘန်မှာ သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဖြစ်ပါသဖြင့် ဒဏ်ရာ...လျှင် သွေးထွက်စမြဲ ဖြစ်ကြောင်းပါ။ ဒဏ်ရာကြောင့် သွေးစွန်းနေခြင်းမှာ ...ထိတ်လန့်စရာ မဟုတ်ကြောင်းပါ'

သိရိဗြတ်ကမ္ဘန်က နှင်းကေသရာ၏ အယူသီးမှုကို ပ ပျောက် ...သွားစေရန် ရှင်းပြလိုက်သည်။

'ဟင် စစ်သည်တော်ကြီး ဒဏ်ရာရသွားသလား။ စောစောက လူရမ်း...ား လေးယောက်ရဲ့ လက်ချက်နဲ့ တူတယ်၊ ဟုတ်လား။ ဒဏ်ရာရတာကိုတောင် ...ခင်မကို အသိမပေးဘူး။ သွေးလွန်နေမှာ စိုးရတယ်။ ဆေးသိပ်ပြီး သွေးတိတ်...အောင် လုပ်ဦးမှပေါ့။ ဒဏ်ရာကို ပြစမ်းပါဦး'

နှင်းကေသရာသည် သိရိဗြတ်ကမ္ဘန်၏ လက်မှ ဒဏ်ရာကို ပြရန် ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သို့ရာတွင် သီရိဇြတ်ကမ္ဘန်သည် ဒဏ်ရာကိုမပြဘဲ လက်ကို နောက်သို့ ခံ၍ ဝှက်ထားလိုက်သည်။

'ဒဏ်ရာက မပြောပလောက်ကြောင်းပါ။ သွေးလည်း တိတ်သွား ဖြစ်ကြောင်းပါ'

'ဒဏ်ရာကို သခင်မ မြင်သွားရင် စစ်သည်တော်ကြီး သိက္ခာကျသွား မှာ စိုးလို့လား။ ဒါလောက်တောင် အဖြစ်သည်းမနေစမ်းပါနဲ့။ သခင်မနဲ့ အဖ မတန်ဘူး ထင်လို့ ဒဏ်ရာကို မပြချင်တာလား။ သခင်မ တောင်းပန်ပါတယ် ဗိုလ်မင်းသီရိဇြတ်ကမ္ဘန်ရဲ့ ဒဏ်ရာကို ပြတော်မူစမ်းပါ'

နှင်းကေသရာက ငေါ့လိုက်ရာ သီရိဇြတ်ကမ္ဘန်မှာ အာစေးထည့်ထား သလို တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ နှင်းကေသရာအား အံ့အားသင့်သည့် အမူအရာဖြင့် ကြည့်နေမိပေသည်။

'ဒါလောက် တောင်းတောင်းပန်ပန် ပြောနေတာကိုတောင် သခင်မ ကို အရေးမလုပ်ချင်ဘူးလား။ မာန်မာန ခက်ထန်တော် မူလှချည်လား'

'မာန်မာန မထောင်လွှားဝံ့ကြောင်းပါ။ ဗိုလ်မင်းလည်း မဟုတ် ကြောင်းပါ။ အညတရ သီရိ ....'

သီရိဇြတ်ကမ္ဘန်က မျက်နှာသေကြီးနှင့် ပြန်ပြောလိုက်ရာ စကားမဆုံး နှင်းကေသရာက လက်ဝါးကာလိုက်သည်။

'အညတရ သီရိဇြတ်ကမ္ဘန်မှန်း သခင်မ သိပါတယ်။ လက်က ဒဏ်ရာ ကိုသာ ပြတော်မူစမ်းပါ'

နှင်းကေသရာက စိတ်မရှည်တော့သည့် အမူအရာဖြင့် ပြောလိုက်ရာ သီရိဇြတ်ကမ္ဘန်သည် ဝှက်ထားသည့်လက်ကို ထုတ်မပြသေးဘဲ နှင်းကေသရာ၏ အမူအရာကို အကဲခတ်နေရာမှ ပါးစပ်ပြင်လိုက်စဉ် –

'သွေးစွန်းနေတဲ့လက်နဲ့ ပတ်သက်ပြီး စောစောက သခင်မ မိန့်တော် မူသွားတဲ့ ကျိန်စာအကြောင်း သီရိဇြတ်ကမ္ဘန် သိခွင့်ရှိက သိလိုကြောင်းပါ'

သီရိဇြတ်ကမ္ဘန်က မိမိ သိလိုသည့် အချက်ကို ပြန်မေးလိုက်သည်။

'ဒါလောက်တောင် သိချင်ရင် ပြောပြရမှာပေါ့။ ဒါပေမဲ့ မောင်တော် ရဲ့ သဘောတူညီချက်ကို ယူရလိမ့်ဦးမယ်။ လာ မောင်တော်ဆီကို သွားကြစို့'

နှင်းကေသရာက သီရိဇြတ်ကမ္ဘန်အား ခေါ်လိုက်ပြန်သည်။

ထိုအခိုက်တွင် နှုတ်ခမ်းမွေးစစနှင့် ရုပ်အသွင် ခံ့ညားသော လူရွယ် တစ်ဦးသည် မြင်းတစ်စီးနှင့် သီရိဇြတ်ကမ္ဘန်နှင့် နှင်းကေသရာ ရှိရာသို့ လာ နေသည်ကို မြင်ရသဖြင့် ထိုသူအား လှမ်းကြည့်လိုက်စဉ် လူရွယ်သည် ပြုံး





... အမူအရာဖြင့် နှင်းကေသရာအား နှုတ်ဆက်ရင်း မြင်းဆေါ်မှ လွှားခနဲ ...င်းလိုက်ပြီး မြင်းကိုဆွဲပြီး နှင်းကေသရာ ရှိရာသို့ လာနေသည်ကို တွေ့ရ ...သည်။

သီရိဇြတ်ကမ္ဘန်မှာမူ လူရွယ်ကို မြင်လိုက်စဉ်ကပင် ထိုလူရွယ်၏ အမူ ...ကို မျက်စိ စပါးမွေး စူး၍ နေပေသည်။

'ညီမတော် နှင်းကေသရာက ကြာလေ အလှကျက်သရေ ...သည် လှချင်တိုင်း လှနေပါလား။ ညီမတော် ကျန်းခံ့သာလို့ မာတော်...'

နှုတ်ခမ်းမွေး စစနှင့်လူရွယ်က နှင်းကေသရာအား ခြေဆုံးခေါင်းဆုံး ...ရင်း ပြုံးစိစိ အမူအရာဖြင့် နှုတ်ဆက်လိုက်သည်။

'မြှောက်လားပင့်လား လုပ်မနေစမ်းပါနဲ့။ မောင်ကြီးသာ တစ်နေ့ ...ငြ ဆော့လိုက်ပါးလိုက်နဲ့ အချိန်ကို အလဟဿ ဖြုန်းတီးနေတာပါ။ ဒါထက် ...င်းသီရိဇြတ်ကမ္ဘန်ကို မောင်ကြီး မင်းသိဒ္ဓတ်နဲ့ အသိဖွဲ့ပေးရဦးမယ်။ ဟောဒါ ... သခင်မနဲ့ မောင်နှမဝမ်းကွဲတော်တဲ့ မင်းသိဒ္ဓတ်ပါ။ သခင်မတို့ မောင်နှမမှာ ...နီးတဲ့ ဆွေတော်မျိုးတော်ဆိုလို့ မောင်ကြီး မင်းသိဒ္ဓတ် တစ်ယောက်ပဲ ...ဘူးဘယ်'

နှင်းကေသရာက သီရိဇြတ်ကမ္ဘန်အား မင်းသိဒ္ဓတ်နှင့် အသိဖွဲ့ပေးလိုက် ... သီရိဇြတ်ကမ္ဘန်က ဦးညွှတ်ပြီး အလေးပြုလိုက်သည်။ သွေးစွန်းနေသည့် ...ကိုမူ မင်းသိဒ္ဓတ် မမြင်စေရန် ဝှက်ထားလိုက်သည်။

'သီရိဇြတ်ကမ္ဘန်တဲ့ လား'

မင်းသိဒ္ဓတ်က မေးလိုက်သည်။

'မှန်ပါတယ်'

'ဆောင်းတူးကို ရောက်တာ မကြာသေးဘူး ထင်တယ်'

'မကြာလှသေးပါဘူး'

'ညီမတော်ဆီမှာ ခေတ္တ တည်းခိုနေထိုင်တယ် ဆိုပါတော့'

မင်းသိဒ္ဓတ်က မေးလိုက်ပြန်သည်။

'ယာယီ တည်းခိုနေတာ မဟုတ်ပါဘူး။ မောင်တော်နဲ့ ရင်းနှီးတဲ့ ...ဆွေခင်ပွန်း ဖြစ်တဲ့အတွက် မောင်တော်နဲ့ အတူတူ ပျော်ပိုက်သလောက် ...သွားမှာပါ'

နှင်းကေသရာက ကြားမှဝင်ပြီး အဖြေပေးလိုက်သည်။

'အိုး လက်စသတ်တော့ ဒီလိုကိုး။ ကောင်းတယ်၊ ကောင်းတယ်။ ... ဆိုရင် ဗိုလ်မင်း သီရိဇြတ်ကမ္ဘန်နဲ့ မကြာမကြာ တွေ့နေရဦးမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



မင်းသိဒ္ဓတ်သည် သီရိဖြတ်ကမွန်အား ခြေဆုံးခေါင်းဆုံး ကြည့်ရင်း ရယ်သွမ်းသွေးလိုက်သည်။ ပြီးမှတစ်ဖန် နှင်းကေသရာဘက်သို့ ပြန်လှည့်လိုက်သည်။

'ဒါထက် ညီမတော်ရဲ့ အချစ်တော်ကြီးနဲ့ မနေ့ညက တွေ့ခဲ့သေးတယ်'

'ဘယ်သူ့ကို ပြောနေတာလဲ'

နှင်းကေသရာက ပြန်မေးလိုက်သည်။

'လူ့ခွစာ မိုးအုံးနောင်လေ'

'ဘာဖြစ်လို့ လူ့ခွစာလို့ ခေါ်လိုက်ရတာလဲ'

'မိုးအုံးနောင်ရဲ့ သတင်းကို ညီမတော် မကြားသေးဘူး ထင်တယ် အရပ်ထဲမှာတော့ ဒီသတင်း အတော်ပျံ့နှံ့နေပြီ'

'ဘာသတင်းများ ပါလိမ့်'

နှင်းကေသရာက မျက်မှောင်ကြုတ်ပြီး စဉ်းစားရင်း ပြန်မေးလိုက်သည်။

'စုန်းမကြီး ဒေါ်အိုဇာကို ညီမတော် သိတယ် မဟုတ်လား'

'မသိဘဲ နေပါ့မလား။ တစ်ရပ်လုံး သိနေတဲ့ဥစ္စာပဲ။ စောစောတောင် ဒီအနားက ဖြတ်သွားသေးတယ်။ ဒေါ်အိုဇာ ဘာဖြစ်လို့လဲ'

'ဒေါ်အိုဇာ ဘာမှမဖြစ်ပါဘူး။ ဒေါ်အိုဇာကို တစ်ရပ်လုံးက စုန်းမကြီးလို့ သမုတ်ထားတာကို မိုးအုံးနောင်က ကန့်ကွက်တယ်။ တစ်ဖက်သား မဟုတ်မတရား စွပ်စွဲရမလားဆိုပြီး ဒေါ်အိုဇာကို စုန်းမကြီးလို့ သမုတ် လူတွေကို သတ္တိရှိရင် သူနဲ့ ဓားချင်းယှဉ်ပြိုင်ဖို့ စိန်ခေါ်နေတယ်။ ဒါကို မင်းရွှေ ကြားလို့ ဓားချင်းယှဉ်ပြိုင်ဖို့ ပြန်ပြီး စိန်ခေါ်တယ်။ ဒါပေမဲ့ မင်းရွှေခဲ လက်မောင်းမှာ ဒဏ်ရာရထားလို့ ဓားချင်းယှဉ်ပြိုင်ဖို့နေ့ရက် မသတ်မှတ်ရသေး ဘူး။ မင်းရွှေခဲရဲ့ လက်မောင်းမှာသာ ဒဏ်ရာမရရင် မနေ့ညက သိပ်ကြည့် ကောင်းမှာ'

မင်းသိဒ္ဓတ်က ဖောက်သည်ချလိုက်သည်။

'မင်းရွှေခဲရဲ့ လက်မောင်းမှာ ဘယ်တုန်းက ဒဏ်ရာရတာလဲ။ သတင်းကို ညီမတော် မကြားရသေးပါလား'

'ထန်းတောကြီးကအပြန် လမ်းခရီးမှာ တောပုန်းဓားပြတွေနဲ့ တွေ့ တောပုန်းဓားပြတွေရဲ့ ရန်ကို ခုခံကာကွယ်ရင်း ဒဏ်ရာရလာတာလို့ ပြော ကြားတာပဲ။ သူ့ကိုတော့ မေးလို့မရဘူး။ ဒါက အရေးမကြီးဘူး။ မင်းရွှေခဲ





အဒဏ်ရာ ပျောက်သွားရင် ညီမတော်ရဲ့ အချစ်တော် မိုးအုံးနောင်နဲ့ တစ်ပွဲ တွေ့ကြလိမ့်မယ်။ မိုးအုံးနောင်ကလည်း ခေါင်းမာမာ၊ မင်းရွှေခဲက စိတ်ဆတ်ဆတ်ဆိုတော့ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ အပျက်အပျက် သွေးထွက်ကုန်လိမ့်မယ်။ ညီမတော် ကြားဝင်ပြီး ဖျန်ဖြေဖို့ ကောင်းတယ်'

မင်းသိဒ္ဓတ်က အကြံပေးလိုက်သည်။

'ညီမတော်နဲ့ ဘာဆိုင်လို့ ကြားဝင်ဖျန်ဖြေရမှာလဲ'

နှင်းကေသရာက ပြန်မေးလိုက်သည်။

'မေးနေစရာ လိုသေးသလား။ မိုးအုံးနောင်ဟာ ညီမတော်ရဲ့ ဘက်တော်လောင်း မဟုတ်လား'

'ဒါက အရပ်စကားပါ'

'အရပ်စကား မဟုတ်ပါဘူး။ လူကြီးချင်း ကတိကဝတ် ရှိခဲ့ကြတယ် သား'

'ညီမတော် လူမှန်းမသိခင် အရွယ်က လူကြီးချင်း သဘောတူ စီစဉ် တဲ့ ဥစ္စာပဲ'

'ညီမတော်ကသာ ဒီစကား ပြောနေတာ။ မိုးအုံးနောင်ကတော့ဖြင့် တော်ကိုမှ မရရင် သေရတော့မလိုလို ပြောနေတယ်။ လူကြီးမိဘတွေ သဘောတူ စီစဉ်ခဲ့ကြတာ ဖြစ်တဲ့အတွက် ညီမတော်ကလည်း ငြင်းဆန်မှာ ဘူးလို့ အရပ်ထဲမှာ လျှောက်ပြောနေတယ်'

'ဒါကိုတော့ ညီမတော် မယုံဘူး၊ မိုးအုံးနောင်ဟာ တစ်ဖက်သား မှာ ထိခိုက်စေမယ့် စကားကို သားပုပ်လေလွင့် ဘယ်တော့မှ မပြောဘူး။ သိက္ခာနဲ့ ပြည့်စုံပြီး ယောကျ်ားကောင်းပီသတဲ့ လူတစ်ယောက်ပါ'

နှင်းကေသရာက မိုးအုံးနောင်ဘက်မှ ကာကွယ်ပြီး ပြောလိုက်ရာ၊ သိဒ္ဓတ်မှာ ကျေနပ်သွားပုံ ရပေသည်။

'ညီမတော်ရဲ့ စိတ်ထား၊ သဘောထားကို သိချင်လို့ တမင်လှုပ်ကြ ပြောလိုက်တာပါ။ မိုးအုံးနောင် အပေါ် ညီမတော် ဘယ်လိုသဘောထားလဲ သိရလို့ ကျေနပ်ပါပြီ'

မင်းသိဒ္ဓတ်က ပြန်ပြောလိုက်ရာ နှင်းကေသရာမှာ ရှက်သွေးဖြန်း ဖြူဖွေးသည့်မျက်နှာမှာ နီရဲသွားသည်ကို သီရိဖြတ်ကမွန် သတိထား မိပေသည်။

'ဒီစကားကို ဒီမှာပဲ ရပ်ရင် ကောင်းလိမ့်မယ်။ ညီမတော်ရဲ့ စိတ်ကို ကြီး သိတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာက မခံမရပ်နိုင်သည့် အမူအရာဖြင့် စကားပြတ်သွား အောင် ပြောလိုက်သည်။

'ညီမတော် မကြိုက်တဲ့စကားကို မပြောတော့ပါဘူး။ ဒါထက် ဗညားအိမ် တစ်ယောက်ကော မမြင်ပါလား'

'ဥယျာဉ်တော်ထဲမှာ ရှိပါတယ်။ လာ သွားကြမယ်'

နှင်းကေသရာက ပြန်ပြောလိုက်ပြီး ဥယျာဉ်တော်တွင်းသို့ ဝင်လာ ပေရာ သီရိဗြတ်ကမ္ဘန်နှင့် မင်းသိဒ္ဓတ်တို့သည် စကားတပြောပြောနှင့် လိုက် လာခဲ့ကြပေသည်။

'ဗိုလ်မင်း ရွှေမြို့တော်က ပြန်လာတာ မကြာသေးဘူး ထင်တယ်'

မင်းသိဒ္ဓတ်က သီရိဗြတ်ကမ္ဘန်အား မေးလိုက်သည်။

'မှန်ပါတယ်၊ သိပ်မကြာသေးပါဘူး'

'ရွှေနန်းတော်ကို ဝင်ခွင့်ရပါသလား'

'ရွှေနန်းတော်ကို ဝင်ခွင့်မရပါ။ လွှတ်တော်နဲ့ ဗြတိုက်တော်ကို တ ကြိမ် ဝင်ခွင့်ရခဲ့ပါတယ်။ အဆွေတော်ရော ရွှေနန်းတော်တွင်း ဝင်ဖူးပါသလား'

သီရိဗြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'ရွှေနန်းတော်ထဲ ဝင်ဖို့မပြောနဲ့၊ ရွှေနန်းတော်ရဲ့ အရိပ်ကိုတောင် မနင်း ဖူး ပါဘူး။ ကျုပ်တို့က နားအေးပါးအေး နေတတ်တဲ့ ကျေးတောသားတွေပါ ရာထူးတွေ၊ အာဏာတွေကိုလည်း မမက်မောပါဘူး။ ရသမျှနဲ့ ရောင့်ရဲတင်းတိမ် နေတဲ့ လူတွေပါ'

'ရသမျှနဲ့ ရောင့်ရဲ တင်းတိမ်တယ် ဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းပါဦး ကိုယ်မျှော်မှန်းထားသလို ဖြစ်မလာလို့ တရားသံနှောပြီး သူတော်ကောင်း လုပ် လိုက်တာများ ဖြစ်နေမလား'

သီရိဗြတ်ကမ္ဘန်က မထိတထိ ပြန်ပြောလိုက်ရာ မင်းသိဒ္ဓတ်မှာ မ မရပ်နိုင်အောင် ဖြစ်သွားပြီး ခက်ထန်သည့် အမူအရာဖြင့် သီရိဗြတ်ကမ္ဘန်၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ သီရိဗြတ်ကမ္ဘန်၏ တည်ငြိမ်ရင့်ကျက်သည့် မျက်နှာထားကို မြင်လိုက်ရသောအခါ မင်းသိဒ္ဓတ်မှာ ဒေါသအဟုန် ကျဆင် သွားပြီး ရယ်သွမ်းသွေးလိုက်သည်။

'ကျုပ် မျှော်မှန်းထားသလို ဖြစ်မလာလို့ ကျုပ်စိတ်ကို ကျုပ်ဖြေနိုင်ရ ပြီးရော မဟုတ်လား'

'အဆွေတော် ပြောလိုက်တဲ့စကားက "ခန္တီ-မနိုင်၍ သည်းခံရခြင်း သည် လည်းကောင်း" ဆိုသလို ဖြစ်မနေဘူးလား'





သီရိဗြတ်ကမ္ဘန်က ပြန်နှက်လိုက်ပြန်သည်။

'ကဲပါ၊ အငြင်းအခုံ လုပ်မနေကြစမ်းနဲ့။ ဗိုလ်မင်းသီရိဗြတ်ကမ္ဘန်ကို ောင်ကြီး စကားနိုင်လုလို့ ရမှာ မဟုတ်ဘူး။ ဗိုလ်မင်းသီရိဗြတ်ကမ္ဘန်ရဲ့ ဓားသွား တ်သလောက် လျှာလည်း သွက်တယ်'

နှင်းကေသရာက ကြားဝင်ဖျန်ဖြေပေးလိုက်သည်။

'ညီမတော် ပြောတာ မှန်တယ်။ မောင်ကြီးကို တော်ရုံတန်ရုံလူ စကား င် လုလို့မရဘူး။ ဗိုလ်မင်းကိုတော့ ဓားသွားသာ ထက်လိမ့်မယ်လို့ ထင်ခဲ့တာ ားအရာမှာလည်း ရဲရင့်ပါပေတယ်။ ဒီလို ပုဂ္ဂိုလ်မျိုးကို မောင်ကြီး မတွေ့ သေးဘူး'

'တွေ့ဖူးပါ့မလား။ သီရိဗြတ်ကမ္ဘန်ဟာ သီရိဗြတ်ကမ္ဘန်သာ ဖြစ်တဲ့ က် သီရိဗြတ်ကမ္ဘန်နဲ့ တူတဲ့လူ ဇမ္ဗူမှာ ရှိနိုင်ပါဦးမလား။ ဘယ့်နှယ် သခင်မ တာ မှန်တယ် မဟုတ်လား'

နှင်းကေသရာသည် သီရိဗြတ်ကမ္ဘန်အား ပြုံးစိစိ အမူအရာဖြင့် ည့်ရင်း မေးလိုက်သည်။ သီရိဗြတ်ကမ္ဘန်မှာမူ တစ်စုံတစ်ရာ အဖြေမပေးဘဲ င်းငိုက်စိုက်ချပြီး ခြေလှမ်းမှန်မှန်နှင့် လျှောက်၍ လာခဲ့ပေသည်။

မကြာမီ ဥယျာဉ်တော်အတွင်းသို့ ရောက်၍လာပေသည်။

'ဟောဟိုမှာ မောင်တော် ဗညားအိမ်'

နှင်းကေသရာသည် ဗညားအိမ် ရှိရာသို့ ညွှန်ပြရင်း ရှေ့ဆုံးမှ လာခဲ့ ရာ၊ သီရိဗြတ်ကမ္ဘန်နှင့် မင်းသိဒ္ဓတ်သည် နောက်မှ ထက်ကြပ်မကွာ လိုက်ပါ ာခဲ့ကြပေသည်။

'ဆောင်းတူးမြို့မှာ နေရတာ ပျော်ရဲ့လား'

မင်းသိဒ္ဓတ်က စကား စ လိုက်ပြန်သည်။

'ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရတယ် ဆိုတဲ့ စကားရှိပါတယ်'

'နတ်ရွာစံ မြို့စားကြီးရဲ့ ရိုက်ရာကို ဗညားအိမ့် နိုင်နိုင်နင်းနင်း ဆက်ခံ င်လိမ့်မယ်လို့ ထင်သလား'

မင်းသိဒ္ဓတ်က မေးလိုက်ပြန်သည်။

'ဒါကတော့ ပတ်ဝန်းကျင်ရဲ့ အခြေအနေပေါ်မှာ တည်ပါတယ်။ စားလေး ဗညားအိမ်အပေါ်မှာလည်း တည်နေပါတယ်။ ဆောင်းတူးမြို့နယ်ဟာ ပင်သာယာတဲ့ မြို့နယ်ဖြစ်တဲ့အတွက် အခွန်အတုတ်လည်း အမြောက်အများ ပါတယ်။ သဘာဝထွက်ကုန်ပစ္စည်း ပေါများပြီး လူအင်အား၊ ပစ္စည်းအင်အား တောင့်တင်းတဲ့ မြို့နယ်ဖြစ်တဲ့အတွက် မြို့စားလေး ဗညားအိမ်ကို ဖယ်ရှားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘြို့စားရာထူးကို လုပ်ယူဖို့ ဇွန့်ဇွန့်စားစား ကြံစည်နေတဲ့ လူတွေ ရှိကောင်း ရှိ
နေပါလိမ့်မယ်'

သီရိဗြတ်ကမ္ဗန်က တည်ငြိမ်ရင့်ကျက်သည့် ဣန္ဒြေသိက္ခာဖြင့် တစ်ခွန်းချင်း အဖြေပေးလိုက်ရာ၊ မင်းသိဒ္ဓတ်မှာ မျက်နှာပျက်သွားပေသည်။ ပြီးမှတစ်ဖ... ချက်ချင်း ဣန္ဒြေဆယ်လိုက်ပြီး မရယ်ချင့်ရယ်ချင်နှင့် ရယ်လိုက်သည်။

သီရိဗြတ်ကမ္ဗန်မှာမူ မင်းသိဒ္ဓတ် မျက်နှာပျက်သွားသည်ကို မြင်လိုက်ရသဖြင့် ကျေနပ်သွားပုံ ရပေသည်။

## အခန်း ၉

မြို့စားလေး ဗညားအိမ် ဟံသာဝတီရွှေမြို့တော်မှ ပြန်လည်ရောက်ရှိလာကာ ခမည်းတော်နတ်ရွာစံမြို့စားကြီး၏ အရိုက်အရာကို တရားဝင် ဆက်ခံသည့် အထိမ်းအမှတ် အဖြစ်ဖြင့် လည်းကောင်း၊ မြို့စားလေး၏ မွေးနေ့အထိမ်းအမှတ် အဖြစ် လည်းကောင်း စံအိမ်တော်အတွင်း သက်စေ့ဆွမ်းကျွေးပြီး ဧည့်ခံပွဲကျင်းပလျက် ရှိသဖြင့်၊ စံအိမ်တော်နှင့် ကျယ်ဝန်းသည့် ဥယျာဉ်တော်ကြီးမှာ ရပ်နီးရပ်ဝေးမှ ဧည့်ပရိသတ်များနှင့် စည်ကားစိုပြည်လျက် ရှိပေသည်။

မြို့စားလေး၏ စာရေးတော်ကြီး အဲမွန်မှာ ဧည့်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ယူပေးရသူ ဖြစ်သဖြင့် သစ်လွင်သော ဝတ်စားတန်ဆာများကို ဝတ်စားဆင်ယင်ပြီး ဧည့်ပရိသတ်များအား ကြိုဆိုဧည့်ခံ နေသည်ကို တွေ့ရပေသည်။

မြို့စားလေး ဗညားအိမ်မှာ လူပျိုဖြစ်သဖြင့် သမီးပျိုရှိသော သူဌေးသူကြွယ်နှင့် မြို့စားရွာစားများသည် ၎င်းတို့၏သမီးပျိုများကို ရောင်းကုန်သဖွယ် အစွမ်းကုန် ဖြီးလိမ်းဝတ်စားစေပြီး ဧည့်ခံပွဲသို့ ခေါ်ဆောင်လာကာ ပွဲထုတ်လျက် ရှိသဖြင့် ဧည့်ခံပွဲမှာ ပိုမို၍ စည်ကားစိုပြည်လျက် ရှိပေသည်။

စာရေးတော်ကြီး အဲမွန်သည် သမီးပျိုများ ပါလာသည့် ဧည့်ပရိသတ်များကို ရာထူးဌာနန္တရ အဆင့်အတန်းအလိုက် ဆူကြုံနိမ့်မြင့် အရေးပေး၍ ဧည့်ခံပြုစုလျက် ရှိသည်ကို တွေ့ရပေသည်။ သို့ရာတွင် အခြား အခြားသော ဧည့်ပရိသတ်များထက် မင်းသိဒ္ဓတ်ကို သိသိသာသာ ပိုမို၍ အရေးပေးလျက် ရှိသည်ကို သီရိဗြတ်ကမ္ဗန် သတိပြုမိပေသည်။

သို့ဖြစ်သဖြင့်လည်း သီရိဗြတ်ကမ္ဗန်သည် မင်းသိဒ္ဓတ်၏ သွားလာ





...မှုကို မျက်ခြည်အပြတ်မခံဘဲ အကဲခတ်လျက် ရှိပေသည်၊ မင်းသိဒ္ဓတ်... ချောညည်သန့်သူ ဖြစ်သည့်ပြင် ကိုယ်လုံးကိုယ်ထည် အချိုးအစားကျသူ... မိမိ၏ ကိုယ်လုံးကိုယ်ထည်နှင့် လိုက်လျောညီစွာ ဝတ်စားဆင်ယင်...သူ ဖြစ်သဖြင့် စည်ကားလှသော ဧည့်ပရိသတ်ကြားတွင် မင်းသိဒ္ဓတ်မှာ...း ပေါ်လွင်လျက် ရှိပေသည်။ မင်းသိဒ္ဓတ်နှင့် အတူ မင်းရွှေခဲ ပါလာ...ကို တွေ့ရပေသည်။ မင်းရွှေခဲမှာ လက်မောင်းတွင် ဒဏ်ရာ ရထားသဖြင့်...နှင့် သိုင်းထားသည်ကို တွေ့ရပေသည်။

မြို့စားလေးဗညားအိမ်မှာ ဧည့်ပရိသတ်များအား အလှည့်ကျ လိုက်လံ...နှုတ်ဆက်သနေရာမှ မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့ရှိရာသို့ ရောက်၍ လာပေ...သည်၊ မင်းရွှေခဲ၏လက်ကို အဝတ်ဖြင့် သိုင်းထားသည်ကို မြင်ရသောအခါ ...အိမ်မှာ အံ့အားသင့်သွားပေသည်။

'အကြည်တော်ရဲ့ လက်မောင်း ဘာဖြစ်လို့လဲ၊ ဒဏ်ရာရလာလို့လား'

ဗညားအိမ်က မေးလိုက်သည်။

'ဒဏ်ရာက မပြောပလောက်ပါဘူး'

မင်းရွှေခဲက ရယ်သွမ်းသွေးပြီး အဖြေပေးလိုက်သည်။

'ဘယ်ပုံဘယ်နည်း ဒဏ်ရာရလာသလဲ'

'တောပုန်းဓားပြလက်ချက်ပေါ့။ နှစ်ယောက်နဲ့တစ်ယောက်မို့ ခံလိုက်...ပါ။ ခွေးတိရစ္ဆာန်ကောင် နှစ်ကောင်စလုံးလည်း သိပ်မသက်သာဘူး။ ...ကောင်စလုံး ဒဏ်ရာရသွားပြီး ခွေးပြေးဝက်ပြေး ထွက်ပြေးကြတယ်'

မင်းရွှေခဲက ပြန်ပြောလိုက်သည်။

ဗညားအိမ်နှင့် မင်းရွှေခဲတို့ ပြောဆိုနေကြသည့် စကားများကို သီရိဗြတ်ကမ္ဗန် တစ်ခွန်းမကျန် ကြားရသဖြင့် စိတ်ထဲတွင် မှတ်သားထားလိုက်...သည်။

ဗညားအိမ်နှင့် မင်းသိဒ္ဓတ်၊ မင်းရွှေခဲတို့ စကားလက်ဆုံကျနေကြစဉ် သီရိဗြတ်ကမ္ဗန်သည် ဗညားအိမ်အနီးမှ မသိမသာ ထွက်ခွာလာခဲ့ပြီး စည်ကား...သော ဧည့်ပရိသတ်ကြားမှ ဖြတ်ကျော်၍ လူခြေတိတ်ဆိတ်သည့် ဥယျာဉ်...၏ အစွန်အဖျားရှိ အရိပ်အာဝါသ ကောင်းသော သစ်ပင်ကြီးတစ်ပင်၏...ခြင်းတွင် အပန်းဖြေရင်း ၎င်းနှင့်အတူ ပါလာသည့် ပုရပိုက်တစ်ဆူကို ဖွင့်၍...နေသည်ကို တွေ့ရပေသည်။

သို့ရာတွင် သီရိဗြတ်ကမ္ဗန်မှာ ပုရပိုက်ကို စိတ်မဝင်စားဘဲ စာ...ဟန်...၍ စံအိမ်တော်ဘက်သို့ တစေ့တစောင်း ကြည့်နေသည်ကို မြင်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အနည်းငယ် ကြာသောအခါမှ မင်းသိဒ္ဓတ်သည် စာရေးတော်ကြီး အဲမွန်နှင့်အတူ စကားတပြောပြောနှင့် စံအိမ်တော်မှ ထွက်လာပြီး ဥယျာဉ်တော်ရှိရာသို့ လာနေသည်ကို မြင်ရသောအခါ သီရိဖြတ်ကမွန်သည် ပုရပိုက်သိမ်းဆည်းလိုက်ပြီး သစ်ပင်ခွကြားပေါ်သို့ တက်၍ သစ်ရွက်များကို အကာအကွယ် ယူကာ မင်းသိဒ္ဓတ်နှင့် အဲမွန်တို့၏ အမူအရာကို အကဲခတ်လျက် ရှိပေသည်။

မကြာမီ မင်းသိဒ္ဓတ်နှင့် အဲမွန်တို့သည် သီရိဖြတ်ကမွန် ပုန်းအောင်းနေသည့် သစ်ပင်ရိပ်သို့ ရောက်ရှိလာကာ သစ်ပင်ခြေရင်းတွင် နှစ်ယောက်သား တီးတိုးတိုင်ပင်နေကြသည်ကို မြင်ရပေသည်။ မင်းသိဒ္ဓတ်၏ အမူအရာမှာ စောစောကလို ရွှင်ရွှင်ပျပျ မရှိလှဘဲ မျက်မှောင်ကြုတ်ပြီး တစ်စုံတစ်ရာ လေးလေးနက်နက် စဉ်းစားနေသည့် အမူအရာ ပေါ်လွင်လျက် ရှိပေသည်။

'မြို့စားလေးနဲ့အတူ ရွှေမြို့တော်က ပြန်လာတဲ့လူ မဟုတ်လား။ ဒီလူကို ငါ မြင်ဖူးသလိုလိုပဲ။ ဒါထက် သူနဲ့အတူ ပါလာတဲ့ အထုပ်အပိုးတွေထဲမှာ ရှာကြည့်တော့ စာတိုပေတိုတွေ မတွေ့ဘူးလား'

မင်းသိဒ္ဓတ်က မေးလိုက်သည့်အသံကို သစ်ပင်ခွကြားတွင် ပုန်းအောင်းနေသော သီရိဖြတ်ကမွန် ကြားရသဖြင့် စိတ်ထဲတွင် မှတ်သားထားလိုက်သည်။ "ဒီလူ" ဆိုသည်မှာ မိမိအား ရည်ရွယ်ကြောင်း သီရိဖြတ်ကမွန် ရိပ်စားပေသည်။

'စာတိုပေတို မတွေ့ပါဘူး။ သူတို့မှာ ပစ္စည်းပစ္စယဆိုလို့ များများစားစား ပါမလာဘူး'

'သူတို့ဆိုတာ ဘယ်သူတွေလဲ။ သူတစ်ယောက်တည်း မဟုတ်ဘူးလား'

မင်းသိဒ္ဓတ်က ပြန်မေးလိုက်သည်။

'အဖော်တစ်ယောက် ပါလာပါသေးတယ်'

'သူတို့ရဲ့ ဇာတိဇာစ်မြစ်ကို သိအောင် စုံစမ်းပြီး ငါ့ဆီကို ချက်ချင်း အကြောင်းကြားစမ်းပါ'

'စိတ်ချပါ'

'ပြီးတော့ ဟို .... ဟို ပေဖူးလွှာကို သူ့ရဲ့ ခေါင်းအုံးပေါ်မှာ သူ မြင်နိုင်အောင် တင်ထားဖို့ မမေ့နဲ့။ ကြားလား'

'ဒါလည်း စိတ်ချပါ'

'စိတ်ချလို့သာ တာဝန်ပေးတာပေါ့။ ငါတို့ရဲ့ အကြံအစည်သာ





...မြင်ပါစေ။ အကြံအစည် အောင်မြင်ရင် မင်းကို ငါတို့ သူဆောင်းပြုပါ ... မင်းရဲ့ကျေးဇူးကို မမေ့ပါဘူး'

မင်းသိဒ္ဓတ် ပြောလိုက်သည့် စကားများကို သီရိဖြတ်ကမွန် ... ...ကိုက်ပြန်သည်။

'ဟိုမှာ .... ဟိုမှာ မင်းရွှေခဲ လာနေပြီ။ စံအိမ်တော်မှာ ... ... သက်ာမကောင်း ဖြစ်နေလိမ့်မယ်။ ညှို့ပရိသတ်ကို ကျွန်တော် သွား... ...ဦးမယ်'

အဲမွန်က ခွင့်ပန်လိုက်သည်။

'ပေဖူးလွှာကို ခေါင်းအုံးပေါ်မှာ တင်ထားဖို့ မမေ့နဲ့နော်'

'စိတ်ချပါ'

အဲမွန်က အာမဝန်ခံလိုက်ပြီး စံအိမ်တော်သို့ သုတ်ခြေတင်ပြီး သွား...ည်။

အဲမွန် ထွက်သွားပြီး မကြာမီ မင်းရွှေခဲ ရောက်၍လာပေသည်။

'ဒီမှာ မင်းသိဒ္ဓတ်၊ ဗညားအိမ် ဘာဖြစ်လို့ ရွှေမြို့တော်က ကတိုက်... ပြန်လာရသလဲဆိုတာ စုံစမ်းလို့ကို မရဘူး။ သမိန်စက္ကဝေါ ဆီကလည်း ...တင်းမှ မရဘူး။ ဘယ်လိုဖြစ်နေမှန်း မသိဘူး။ တစ်ခုခုတော့ ဖြစ်နေပြီ ...တယ်'

မင်းရွှေခဲက ခေါင်းရှုပ်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'တိုးတိုးသက်သာ ပြောစမ်းပါ။ ဘာသတင်းမှ မကြားတာ ပိုမကောင်း...။ ဒါမှ မင်းရဲ့အကြံအစည် အောင်မြင်မှာ မဟုတ်လား။ မင်းရဲ့ အကြံ...ည်ကို ငါ မသိဘူး ထင်လို့လား'

မင်းသိဒ္ဓတ်က ပြန်ပြောလိုက်သည်။

'မင်းကကော ဘာထူးသေးလဲ။ မင်းလည်း သစ္စာဆိုထားတယ် မဟုတ်...'

'ငါက ငါနဲ့သက်ဆိုင်တဲ့ ကိစ္စတစ်ခုကိုသာ တာဝန်ယူတာ'

'ထမင်းရည် ပူလာလို့ လျှာလွှဲတာလား'

'မဟုတ်ပါဘူး၊ ငါပြောတာကို နားထောင်စမ်းပါ။ ငါ့ရဲ့လမ်းစဉ်ကို ...တယ် မဟုတ်လား။ ဘယ်သူသေသေ ငတေမာဖို့ အရေးကြီးတယ်။ ...ဆိုရင် ဘုရင်မကြီးရဲ့ သမက်တော်အကြီးပဲ ထီးနန်းရရ၊ သမက်... ...ဘုန်းကြီးလူထွက်ပဲ ထီးနန်းရရ၊ ငါကောင်းစားဖို့သာ ငါ အာရုံစိုက်မှာပဲ၊ ... ဘာခြား ဘာယုံကြည်ချက်မှ မရှိဘူး။ ငါကောင်းစားရေးဟာ ငါ့ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



နက်ပဲ။ မင်းလည်း ငါ့လမ်းစဉ်ကို လိုက်စမ်းပါ။ ဒါကို အသာထားပြီး နှင်းကေသရာ ကို မင်း မျက်စိကျနေတယ် မဟုတ်လား။ ချစ်ရေးဆိုတာ အတော် ခရီးရောက် နေပြီလား'

မင်းသိဒ္ဓတ်က ပြန်မေးလိုက်သည်။

"ဘုရင်မကြီး" ဆိုသည်မှာ ရှင်စောပု ဘုရင်မကြီးကို ဆိုလိုကြောင်း သီရိဗြတ်ကမွန် သိပေသည်။ "သမက်တော်အကြီး" ဆိုသည်မှာ သမီးတော်အကြီး ၏ ကြင်ဖက်တော် ပုသိမ်မြို့စားကို ဆိုလိုရင်းဖြစ်၍၊ "သမက်တော်အငယ် ဘုန်းကြီးလူထွက်" ဆိုသည်မှာ ရှင်စောပု ဘုရင်မကြီးကိုယ်တော်တိုင် သဘောကျ ၍ သမီးတော်ငယ်နှင့် လက်ဆက်ပေးခဲ့သော ဓမ္မစေတီဘွဲ့ခံ ရှင်ဓမ္မရာဇလူထွက် "အိမ်ရှေ့ဥပရာဇာလောင်း" ကို ရည်ညွှန်းခြင်း ဖြစ်သည်ကိုလည်း သီရိဗြတ် ကမွန် သိပေသည်။ မင်းသိဒ္ဓတ် ပြောလိုက်သည့် စကားမှန်သမျှကို သီရိဗြတ် ကမွန် မှတ်သားထားလိုက်ပေသည်။

'နှင်းကေသရာကို မျက်စိကျနေတဲ့ လူတွေ များလွန်းလို့ ငါ့အဖို့ ရွှေ လင့်ချက် သိပ်မရှိဘူး ထင်တယ်။ နှင်းကေသရာအတွက် ဆိုရင် အသက်ကို လဲဝံ့တဲ့ သူရဲကောင်းတွေ တစ်ပုံတစ်ခေါင်းကြီးပဲ။ ဒါပေမဲ့ နှင်းကေသရာ လက်ရုံးရည်ထက် နှလုံးရည်ကို ပိုပြီး မြတ်နိုးတယ်။ စာပေလည်း ဝါသနာ ပါတယ်။ စာပေသမားတွေကို ပိုပြီး အရေးပေးနေတာ ခက်တယ်'

'စာပေသမားတွေကို ဘေးချိတ်ထားလိုက်စမ်းပါ။ မင်း အသုံးမကျ တာနဲ့ မိုးအုံးနောင်ရဲ့ နောက်ကို နှင်းကေသရာ ပါသွားလိမ့်မယ်'

'မိုးအုံးနောင်ကို အရေးစိုက်နေစရာ မလိုပါဘူး။ မင်းရဲ့နောက်ကို ပါသွားမှာ ပိုပြီး စိုးရိမ်ရတယ်။ မင်းလည်း နှင်းကေသရာကို မရမနေ ပိုးပန်း နေတာပဲ မဟုတ်လား'

'မိုးကြိုးကြားသား နှင်းကေသရာဟာ ငါ့ရဲ့ ညီမဝမ်းကွဲတော်ပါတယ်။ မိုးအုံးနောင်ကတော့ မိဘချင်း သဘောတူလို့ လူလားမြောက်လာတဲ့အခါ ပေးစား ထိမ်းမြားဖို့ ကတိကဝတ် ထားခဲ့ကြတယ် မဟုတ်လား'

'မင်းရဲ့ ညီမဝမ်းကွဲတော်တယ်ဆိုပေမယ့် နှစ်ဝမ်းကွဲ သုံးဝမ်းကွဲပါ ပြီးတော့ ဆွေးချင်းထပ်တော့ မြတ်တယ် ဆိုတဲ့ စကားလည်း ရှိသားပဲ'

'တော်စမ်းပါ၊ ငါ့ကို ဒီစာရင်းထဲ မထည့်စမ်းပါနဲ့။ မိုးအုံးနောင်ရဲ့ နောက်ကို ပါမသွားအောင်သာ ကြိုးစားစမ်းပါ'

'ခွေးတိရစ္ဆာန် အကြောင်း စကားထဲ ထည့်မပြောစမ်းပါနဲ့။ တစ်နေ့ ကျရင် ငါနဲ့ တွေ့မှာပဲ။ ခုတော့ လက်နာနေလို့။ လက်နာပျောက်တာ တစ်ပြိုက်နက် တစ်ချီတစ်ပွဲ တွေ့ကြဦးမှာပေါ့'





မင်းရွှေခဲက ကြုံးဝါးလိုက်သည်။

'ဒါထက် မိုးအုံးနောင် အကာအကွယ်ပေးနေတဲ့ စုန်းမကြီး ခေါ်အိုဇာ သူလျှိုလို့ ပြောသံကြားတယ်။ သူ့ကို ကြောက်ရတယ်။ ရှက်ခြည်ခြင်ခံလို့ မဖြစ်ဘူး'

'ငါလည်း ဒီသတင်း ကြားပြီးပါပြီ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ သူလျှို စုန်းမကြီးကိုရော၊ စုန်းမကြီးကို အကာအကွယ်ပေးနေတဲ့ ခွေးတိရစ္ဆာန်ကိုပါ ရှင်းလင်းပစ်ပါမယ်။ စောင့်သာကြည့်နေပါ။ ကဲ စကားပြောလို့ ကောင်းတယ်။ ဒါပေမဲ့ ငါတို့ကို မတွေ့ရင် သင်္ကာမကင်း ဖြစ်နေလိမ့်မယ်။ သွားကြစို့'

မင်းရွှေခဲက သတိပေးလိုက်ပြီး နှစ်ယောက်သားမှာ စကား တခွေခွေ နှင့် ဓည့်ပရိသတ်များ ရှိရာ စံအိမ်တော်သို့ ပြန်သွားကြပေသည်။

သီရိဗြတ်ကမွန်မှာမူ မင်းရွှေခဲနှင့် မင်းသိဒ္ဓတ်တို့ ထွက်ခွာသွားကြပြီး နောက် အချိန်အတန်ကြာသည့်တိုင်အောင် သစ်ပင်ခွကြားပေါ်မှ မဆင်းဘဲ သောက မင်းရွှေခဲ၊ မင်းသိဒ္ဓတ်နှင့် စားရေးတော်ကြီး အဲမွန်တို့ ပြောသွား သည့် စကားများ၏ အဓိပ္ပာယ်လေးနက်ပုံကို အချိန်ကြာမြင့်စွာ အနလုံ ပဋိလုံ ချင့်ချိန်နေပြီးနောက် လူသူလေးပါး အရိပ်အခြည်ကို ကြည့်ပြီး သစ်ပင်ခွကြားပေါ် မှ ပြန်ဆင်းလာခဲ့ပေသည်။

ပြီးမှတစ်ဖန် ဥယျာဉ်တော်၏ မြောက်ဘက်စွန်းရှိ မြတ်လေး၊ စံပယ်၊ ကြယ်တော် အစရှိသည့် ပန်းရုံများရှိရာသို့ တစ်ယောက်တည်း ထွက်ခွာလာခဲ့ပေ သည်၊ လူခြေတိတ်ဆိတ်၍ အရိပ်အာဝါသ ကောင်းသော မြတ်လေးရုံများ ကြားသို့ ရောက်သောအခါ၊ သီရိဗြတ်ကမွန်သည် ညောင်စောင်းတစ်ခုပေါ်တွင် ထိုင်ပြီး မိမိနှင့်အတူ ယူဆောင်လာခဲ့သည့် ပုရပိုက်ကို ဖွင့်၍ စာဖတ်ဟန်ပြုကာ နေပေသည်။ ၎င်း၏ စိတ်အာရုံမှာ ပုံ့လွှင့်ချင်တိုင်း ပုံ့လွှင့်လျက်ရှိရာမှ ခြေရှုက်ခြောက်များကို နင်း၍ လျှောက်လာသည့် ခြေသံများကို ကြားရသဖြင့် ပုရပိုက်ကို ပြန်ပိတ်လိုက်ပြီး ခြေသံကြားရာသို့ လှည့်ကြည့်လိုက်ရာ နှင်းကေသရာ နှင့် ခင်စောမယ် ဖြစ်နေသည်ကို မြင်ရပေသည်။

'လက်စသတ်တော့ ရွှေကိုယ်တော်က လူသူမနီးတဲ့ ရိပ်ကြီးမြိုင်ကြီး မှာ ဧကစာ ကျင့်သုံးတော်မူနေတာကိုး။ သခင်မ ဘုရားကို တရားဦးများ ဟောတော်မူပါဦး'

နှင်းကေသရာက ညောင်စောင်းပေါ်တွင် ထက်ဝယ်ဖွဲ့ခွေပြီး ထိုင်နေသော သီရိဗြတ်ကမွန်အား ပြုံးစိစိ အမူအရာဖြင့် ကြည့်၍ ခနဲ့ခနဲ့ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သီရိဖြတ်ကမွန်မှာမူ တစ်စုံတစ်ရာ အဖြေမပေးသေးဘဲ စာေ
က စာဖတ်ဟန်ပြနေသည့် ပုရပိုက်ကို တရိုတသေ သိမ်းဆည်းလိုက်သည်
'သခင်မကိုတောင် အဖက်မလုပ်တော့ဘူးလား။ ဧည့်ပရိသတ်
ညီညီ ရောက်ရှိနေချိန်မှာ သခင်မတို့နဲ့အတူ ဝိုင်းဝန်းကူညီပြီး ဧည့်ဝတ်ကျေ
အောင် ပြုလုပ်ရမယ့်အစား ဘာဖြစ်လို့ တစ်ယောက်တည်း တိတ်တဆိ
ထွက်ခွာလာခဲ့ရတာလဲ။ ရိုင်းရာ မကျဘူးလား။ စစ်သည်တော်ကြီး ပျောက်သွ
လို့ သခင်မဖြင့် လိုက်ရှာလိုက်ရတာ အမောပဲ'

နှင်းကေသရာက အပြစ်တင်လိုက်ပြန်သည်။

'မရေမတွက်နိုင်လောက်အောင် များပြားတဲ့ ထိတ်ထိတ်ကြဲ ဂုဏ်သ
ရှိ အထူးဧည့်သည်တော်ကြီးတွေ ရောက်ရှိနေတဲ့ကြားက အရေးမလုပ်လောက်
အုတ်ကြားမြက်ပေါက် အညတရသီရိဖြတ်ကမွန် ပျောက်သွားတာကို သခင်
ချက်ချင်း သတိမူမိခြင်းမှာ အံ့ဖွယ်သရဲပင် ဖြစ်ကြောင်းပါ။ အညတရ သ
ဖြတ်ကမွန်အား ထိတ်ထိတ်ကြဲ ဂုဏ်သရေရှိ ဧည့်သည်တော်ကြီးများထ
အရေးထားခြင်း ခံရသဖြင့်လည်း ဂုဏ်ယူမိကြောင်းပါ'

သီရိဖြတ်ကမွန်က မထိတထိ ပြန်ပြောလိုက်ရာ နှင်းကေသရာသ
သီရိဖြတ်ကမွန်အား မသိမသာ မျက်စောင်းထိုးလိုက်သည်။

'အတူလည်းမရှိ၊ တွဲသူလည်းမရှိ၊ ဇမ္ဗူမှာ တစ်လူသာရှိတဲ့ လူ
လူဆန်း သီရိဖြတ်ကမွန် တစ်ယောက်လုံး ပျောက်သွားတာကို သခင်မ သတိ
မိဘဲ နေပါ့မလား။ သခင်မကို အဖက်မတန်ဘူး ထင်လို့ တစ်ယောက်တည်
ထွက်လာတာလား။ ဟိုမှာကြည့်စမ်း၊ ယောကျ်ားတကာတို့ရဲ့ အသည်းစိုင်
ဆွဲကိုင်လှုပ်နိုင်လောက်အောင် လှမတူ နတ်တမျှ ချောမောလှပတဲ့ အလှပဂေး
စုဝေးနေတာကို မြင်တယ် မဟုတ်လား။ တခြားတစ်ပါးသော ယောကျ်ားတွေ
ကြည့်လိုက်ပါဦး၊ ဧည့်သည်တော် အလှပဂေးတွေ စုဝေးနေရာမှာ ရစ်သီရစ်သ
ပန်းဝတ်ရည်ကို လိပ်ပြာပိတုန်းတွေ ဝိုင်းအုံနေသလို ဝိုင်းအုံနေကြတာကိုေ
မြင်တယ် မဟုတ်လား။ ယောကျ်ားတကာတို့ ရှောင်နိုင်ခဲတဲ့ ရူပါရုံ၊ သဒ္ဒါ
ဂန္ဓာရုံ စတဲ့ ကာမဂုဏ်အာရုံတွေကို စွန့်လွှတ်ရှောင်ခွာပြီး ဒီနေရာမှာ ဂေ
ကျင့်သုံးတော်မူနေတာလား။ ရှင်ဟာ လူယောကျ်ားမှ ဟုတ်ရဲ့လား။ ကာမဂု
အာရုံတွေကို မစင်ဘင်ပုပ်ပမာ စက်ဆုပ်ရွံရှာတဲ့ အရိယာနွယ်ဝင် သူတော်
များ ဖြစ်နေမလား'

နှင်းကေသရာက သာသာနှင့်နာနာ ပြန်နှက်လိုက်သည်။

'နှင်းကေသရာ သခင်မ ထင်သလို မဟုတ်ကြောင်းပါ။ ရူပါရုံ၊ သဒ္ဒါရုံ





...အခရှိတဲ့ ကာမဂုဏ်အာရုံတွေကို စွန့်ပယ်နိုင်သူစွာ အရှိုသာသော်လည်း
...သည်၊ သို့တည်းမဟုတ် ထိုကာမဂုဏ်အာရုံတွေကို ခံစားရမှန်းမသိတဲ့
...နိုးဘုံး ဗွားသတ္တဝါသာလျှင် ဖြစ်ရမည်ဟု အဆိုရှိကြောင်းပါ၊ အညတရ
...ရိဖြတ်ကမွန်မှာ မည်သည့်နည်းနှင့်မျှ အရိယာနွယ်ဝင် သူတော်ကောင်း မဖြစ်နိုင်
...ဖြင့် ဂေါဏအနွယ်ဝင်သာလျှင် ဖြစ်နိုင်ကြောင်းပါ'

သီရိဖြတ်ကမွန်က မိမိကိုယ်ကိုမိမိ ဗွားသတ္တဝါနှင့် ပုံနှိုင်း၍ အောက်ခြေ
...ပြန်ခွပ်လိုက်ရာ နှင်းကေသရာသည် ဖြူဖွေးညီညာသည့် သွားရှား ခေါ
...အောင် ပြုံးလိုက်သည်။

'စစ်သည်တော်ကြီးကတော့ ဓားထက်သလောက် စကားအရာမှာလည်း
...လက်ချက်ချာပါပေတယ်။ စစ်သည်တော်ကြီးဟာ အလုတွင် အယဉ်စုံတဲ့
...ဒေါ်တွေထက် စာပေကို ပိုပြီး ချစ်မြတ်နိုးလို့ ပုရပိုက်တစ်ဆူနဲ့ ဆိတ်ငြိမ်ရာ
...ဆော်မွေ့နေတယ် ဆိုပါတော့'

နှင်းကေသရာက အရွှန်းပေးသလိုလိုနှင့် အထွန့်တက်လာပြန်သည်။

'ဒီလိုလည်း မဟုတ်ကြောင်းပါ။ ပုထုဇဉ် မှန်သမျှ မကောင်းသော
...ဂုဏ် အာရုံများကို တပ်မက်လာသည်မှာ ဓမ္မတာပင် ဖြစ်ကြောင်းပါ။
...ရာတွင် မကောင်းသော ကာမဂုဏ်အာရုံများ နောက်သို့ တကောက်ကောက်
...နေမည်ဆိုပါက ဆားငန်ရည်ကို သောက်မိသူလို သောက်လေ သောက်လေ
...ငပြေဖြစ်နေမည်ကို သိသည်က တစ်ကြောင်း၊ မိုက်သား သီရိဖြတ်ကမွန်
...တည်း မကောင်းသော ကာမဂုဏ်အာရုံများ နောက်သို့ တကောက်ကောက်
...နေရန် အရွယ်မဟုတ်တော့ဘဲ အရွယ်ဟိုင်းလာပြီ ဖြစ်၍ အရွယ်ဝုမိုကို
...သက်၍ မကောင်းသော ကာမဂုဏ်များကို ကောင်းသော အာရုံတို့ဖြင့်
...ရောက်နေခြင်း ဖြစ်ကြောင်းပါ'

သီရိဖြတ်ကမွန်က မျက်နှာသေဖြင့် ပြန်ပြောလိုက်ရာ နှင်းကေသရာ
...သည် အသံထွက်အောင် ရယ်လိုက်မိပေသည်။

လက်စသတ်တော့ စစ်သည်တော်ကြီးဟာ အရွယ်တော် ဟိုင်းလို့
...ကြီးပိုင်းထဲ ဝင်လာမှကိုး။ ခုချိန်ကစပြီး စစ်သည်တော်ကြီးကို ဘိုးဘိုးဖြတ်ကမွန်
...ခေါ်မှ ဖြစ်လိမ့်မယ်။ သက်ကြီးရွယ်အိုကို စော်ကားမိက သခင်မ ဝန်ခ
...တောင်းပန်ပါတယ်။ ဘိုးဘိုးဖြတ်ကမွန် ခွင့်လွှတ်တော်မူပါ'

နှင်းကေသရာက ထေ့တော့တော့ပြောရင်း ညောင်စောင်းအ ခြေ
...ချင် ထိုင်၍ တိုးလျှိုးတောင်းပန်ဟန် ပြုလိုက်သည်။ သီရိဖြတ်ကမွန်မှာ တစ်ခုံ



www.burmeseclassic.com

www.burmeseclassic.com



ဆစ်ရာ ပြန်မပြောဘဲ ညောင်စောင်းပေါ်တွင် ထက်ဝယ်ဖွဲ့ခွေပြီး ထိုင်နေရာမှ လိုက်သည်။

'အရှင်တော် ဟိုင်းပြီ ဖြစ်တဲ့အတွက် အမျိုးသမီး ဧည့်သည်တော် အလုပကေးတွေကို ဘိုးဘိုးဖြတ်ကမွန် စိတ်ဝင်စားတော် မမူဘူးဆိုရင် ဘိုးဘိုးဖြတ်ကမွန်နဲ့ ဇာတ်ချင်းတူတဲ့ ယောကျ်ားဧည့်သည်တော်တွေကိုကော စိတ်ဝင်စားတော် မမူဖူးလား'

နှင်းကေသရာက မေးလိုက်ပြန်သည်။

'ယောကျ်ား ဧည့်သည်တော်တွေကို စိတ်ဝင်စားတာထက် ဧည့်သည်တော်တွေရဲ့ နှုတ်ခမ်းမွေးကို ပိုပြီး စိတ်ဝင်စားမိကြောင်းပါ။ စိတ်ဝင်စားသဖြင့်လည်း ငမိုက်သား သီရိဖြတ်ကမွန်ကိုယ်တိုင် နှုတ်ခမ်းမွေး ထားလိုသော စိတ်မိုက်စိတ်ရိုင်းများ ပေါ်ပေါက်လာခဲ့ရကြောင်းပါ'

သီရိဖြတ်ကမွန်က ဣန္ဒြေတစ်ခွဲသားဖြင့် ပြန်ပြောလိုက်ရာ နှင်းကေသရာမှာ ဣန္ဒြေမဆည်နိုင်ဘဲ အသံထွက်အောင် ရယ်လိုက်မိပြန်သည်။

'ဒါတော့ သည်းခံပါ။ စစ်သည်တော်ကြီးနဲ့ နှုတ်ခမ်းမွေးနဲ့ ကြည့်လို့ မကောင်းပါဘူး။ သူများ ရှူးတိုင်း မရှူးချင်စမ်းပါနဲ့'

နှင်းကေသရာက ပြန်ပြောလိုက်သည်။ နှင်းကေသရာ၏ စကားမဆုံးမီပင် ထောင်ထောင်မောင်းမောင်း ယောကျ်ားကောင်းလက္ခဏာနှင့် ပြည့်စုံသည့် လူရွယ်တစ်ယောက်သည် သီရိဖြတ်ကမွန်နှင့် နှင်းကေသရာတို့ ရှိရာသို့ စိုက်စိုက် စိုက်စိုက်နှင့် လာနေသည်ကို မြင်ရသဖြင့် နှင်းကေသရာသည် ထိုသူအား ငေးစိုက်ကြည့်နေမိပေသည်။

ထိုလူရွယ်၏ အဝတ်အစားများမှာ ဖုန်အလိမ်းလိမ်း ဖြစ်နေသဖြင့် မြင်းစီးလာခဲ့ပြီး ခရီးပြင်းလာခဲ့ခြင်း ဖြစ်လိမ့်မည်ဟု ခန့်မှန်းရပေသည်။ သီရိဖြတ်ကမွန်နှင့် နှင်းကေသရာတို့ ရှိရာသို့ လာနေခြင်း ဖြစ်သော်လည်း ခေါင်းငိုက်စိုက်ချ၍ တစ်စုံတစ်ရာ စဉ်းစားလာသဖြင့် သီရိဖြတ်ကမွန်ကို လည်းကောင်း နှင်းကေသရာကို လည်းကောင်း မြင်ဟန် မတူပေ။ မျက်နှာမှာလည်း ရွှင်ရွှင်လန်းလန်း မရှိဘဲ မှုန်ကုပ်ကုပ် ဖြစ်နေသည်ကို တွေ့ရပေသည်။

ဥယျာဉ်တော်အတွင်းသို့ ခေါင်းငိုက်စိုက်ချပြီး ဝင်လာခဲ့ရာမှ ရယ်လားမောလားနှင့် သောသောသည်နေသော ဧည့်ပရိသတ်ရှိရာသို့ မျှော်ကြည့်နေသည်ကို မြင်ရပြန်သည်။ ထိုလူရွယ်၏ မျက်လုံးအစုံမှာလည်း ကြည်လင်တောက်ပြောင်ခြင်း မရှိဘဲ မှေးမှိန်နေသည်ဟု မှတ်ထင်ရပေသည်။

ဥယျာဉ်တော်ထဲ ဝင်လာတဲ့ သူကို စစ်သည်တော်ကြီး ဂရုစိုက်ပြီး





မိသလား။ သူ့ရဲ့မျက်နှာမှာ ညှိုးညှိုးငယ်ငယ် ဖြစ်နေတာကိုကော သတိပါသလား'

နှင်းကေသရာက သီရိဖြတ်ကမွန်အား မေးလိုက်သည်၊

'ထိုလူရွယ်မှာ မည်သူမည်ဝါ ဖြစ်သည်ကို နှင်းကေသရာသခင်မ သလား'

သီရိဖြတ်ကမွန်က နှင်းကေသရာ၏ မေးခွန်းကို အဖြေမပေးဘဲ မိမိသိသည့် အချက်ကို ပြန်မေးလိုက်သည်။

'မသိဘဲ နေပါ့မလား၊ မိုးအုံးနောင်ဆိုတာ သူပဲ'

နှင်းကေသရာက အဖြေပေးလိုက်သည်။

'မင်းသိဒ္ဓတ် ပြောတဲ့ မိုးအုံးနောင်ဆိုသူ ဖြစ်ပါသလား'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'မှန်ပါတယ်'

'မိုးအုံးနောင် ဖြစ်သည်ဆိုလျှင် နှင်းကေသရာသခင်မ ကိုယ်တော်တိုင် ဦး ကြိုဆိုရန် သင့်ကြောင်းပါ'

'ဘာဖြစ်လို့ ခရီးဦး ကြိုဆိုရမှာလဲ'

'မိုးအုံးနောင်မှာ အရှင်တော် ရောက်၍ လူလား မြောက်လျှင် ကေသရာသခင်မနှင့် စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာပြုရန် နှစ်ဦးနှစ်ဖက် မိဘများ ကတိကဝတ် ပြုထားသည့် ကြင်ဖက်တော်လောင်း မဟုတ်'

'အို ဒါက အရပ်စကားပါ'

'အရပ်စကား မဟုတ်ကြောင်းပါ။ ငမိုက်သား သီရိဖြတ်ကမွန်၏ မှောက်မှာပင် နှင်းကေသရာသခင်မအား မင်းသိဒ္ဓတ် မိန့်တော်မူခဲ့သည့် များကို ယခုထက်တိုင် ကြားယောင်လျက် ရှိနေသေးကြောင်းပါ။ မဟုတ်သော စကားကို သခင်မ၏ ရှေ့မှောက်တွင် မင်းသိဒ္ဓတ် ပြောဝံ့လိမ့်မည် ကြောင်းပါ'

'မင်းသိဒ္ဓတ် လျှာအရိုးမရှိတိုင်း မိန်းမလို မိန်းမရ ပြောနေတာပါ'

နှင်းကေသရာက စကားပြတ်သွားအောင် ပြောလိုက်သည်။

'မိုးအုံးနောင်ကို နှင်းကေသရာသခင်မသည် စိုးစဉ်းမျှ မေတ္တာသက်ခြင်း ရှိ မရှိ သိခွင့်ရှိက သိလိုကြောင်းပါ'

'ဘယ်ယောကျ်ားကိုမှ သခင်မ မေတ္တာမသက်ဝင်ဘူး'

နှင်းကေသရာက မာဆတ်ဆတ် ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'စကားကို အလွန်အကျွံ မပြောသင့်ကြောင်းပါ'

'သခင်မ မှန်ရာကို ပြောနေတာ။ ဘယ်ယောကျ်ားကိုမှ သခင် မေတ္တာမသက်ဝင်ခဲ့ဘူး။ ယောကျ်ားမှန်သမျှ သခင်မ မုန်းတယ်'

'စကားကျွံလျှင် နုတ်ရခက်ကြောင်းပါ။ ချစ်ခြင်းမေတ္တာဆိုသည်မှာ အလွန်တရာ ဆန်းကြယ်လှသည်ကို သတိပြုတော်မူပါ။ ဖြူစင်သော မေတ္တာ ဓာတ်သည် အေးမြသော အကျိုးတရားကို ဖြစ်ထွန်းနိုင်ကြောင်းပါ။ မုန်းခြင်း ဆိုသည့် တရားမှာ ဒေါသတရားပင် ဖြစ်၍ ပူလောင်သော အကျိုးတရား သာ ပေးစွမ်းနိုင်သည်ကို သတိပြုတော်မူပါ။ ဓားဖြူဓားကျားခြံ၍ မလှံနိုင် မေတ္တာခြံမှ လုံနိုင်သည်ကိုလည်း သတိပြု ဆင်ခြင်တော်မူပါ'

'တကယ့် အချစ်အဘိဓမ္မာ ဆရာကြီးနဲ့ လာတွေ့နေရတာကိုး။ အချစ်အဘိဓမ္မာ တရားကို ဟောတော်မူပါဦး'

နှင်းကေသရာက ခနဲ့ခနဲ့ ပြောလိုက်ပြန်သည်။

'သခင်မရဲ့ နှလုံးသားမှာ ကိန်းအောင်းနေတဲ့ မေတ္တာဓာတ်မှာ မီး ကို ပြာဖုံးသလို မာန်မာနတည်း ဟူသော တရားများက ဖုံးလွှမ်းလျက်ရှိသ သာ မုန်းခြင်းဆိုတဲ့တရား ဖြစ်ပေါ်လာရခြင်း ဖြစ်ကြောင်းပါ။ မာန်မာန တ ကို ဖယ်ရှားပစ်လိုက်မည်ဆိုလျှင် ဖြူစင်အေးမြသည့် မေတ္တာဓာတ်သည် မိုးတိ ကင်းစင်တဲ့ ဖိုးလမင်းလို ကြည်ကြည်လင်လင် ထွက်ပေါ်လာလိမ့်မည် ဖြ ကြောင်းပါ။ သခင်မရဲ့ နှလုံးသားတွင် ကိန်းအောင်းလျက်ရှိသော မေတ္တာဓာ မှာ မီးခဲ ပြာဖုံးနေခြင်းသာလျှင် ဖြစ်သည်ကို သတိပြု ဆင်ခြင်တော်မူပါ'

သီရိဇြတ်ကမွန်မှာ မိမိအား နှင်းကေသရာက ခနဲ့ခနဲ့ ပြောလို သည်ကို အရေးမစိုက်ဘဲ မျက်နှာသေဖြင့် ပြန်ပြောလိုက်သည်။

'သခင်မရဲ့ မီးခဲပြာဖုံးဖြစ်နေတဲ့ မေတ္တာဓာတ်ကို နိုးကြားလာအော မိုးအုံးနောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ ဆိုလိုပါသလား'

'နှင်းကေသရာက ပြန်မေးလိုက်ရာ သီရိဇြတ်ကမွန်သည် ရုတ်တရ အဖြေမပေးသေးဘဲ မျက်မှောင်ကြုတ်ပြီး စဉ်းစားနေပေသည်။

'နှင်းကေသရာသခင်မရဲ့ မီးခဲပြာဖုံး ဖြစ်နေတဲ့မေတ္တာဓာတ်ကို နိုးကြ အောင် စွမ်းဆောင်နိုင်ရေးမှာ အခြေအနေ အရပ်ရပ်ပေါ်တွင် တည်ရှိ ကြောင်းပါ။ သို့ရာတွင် အပွေးမြင် အပင်သိ၊ အသွေးမြင် အသွင်သိ ဆိုသ စကားနှင့်အညီ မိုးအုံးနောင်၏ ရုပ်လက္ခဏာနှင့် တည်ငြိမ်ရင့်ကျက်သည့် အ အရာကို လေ့လာခြင်းအားဖြင့် နှင်းကေသရာ သခင်မနှင့် ထိုက်တန်သော ယောကျ်ားကောင်းတစ်ယောက် ဖြစ်ရမည်ဟု အကဲခတ်နိုင်ကြောင်းပါ'





သီရိဇြတ်ကမွန်က လူကဲ ခတ်ပြလိုက်သည်။

'သခင်မ သိရသလောက် မိုးအုံးနောင်ဟာ စိတ်သဘောဖြင့်မြတ်သူ ပါတယ်။ ရဲစွမ်းသတ္တိနှင့် ပြည့်စုံပြီး ရိုးသားတည်ကြည်သူ ဖြစ်ကြောင်း ခင်မ ကောင်းကောင်းသိပါတယ်။ သို့ရာတွင် ရိုးလွန်းလျှင် "အ" သည် ည့် စကားနှင့်အညီ လူနုံလူအ အဖြစ် ဝိုင်းပယ်ခြင်း ခံနေရပါတယ်'

နှင်းကေသရာက ပြန်ပြောလိုက်သည်။

'ကိုယ်ကျိုးရှာ လူလိမ်လူကောက် လူရှုပ်လူပွေကြားမှာ တိုင်းကျိုး ဘဲ အမှန်တရားကို လက်ကိုင်ထားတဲ့ လူရိုးလူကောင်းတစ်ယောက် ကားလာလျှင် ထိုလူရိုးလူကောင်းတစ်ယောက်ကို လူလိမ်လူကောက်များ ဝိုင်းပယ်ခြင်းခံရမည်မှာ ဓမ္မတာသာ ဖြစ်ကြောင်းပါ။ လူလိမ်လူကောက် ပ်လူပွေတွေရဲ့ ဝိုင်းပယ်ခြင်းခံရသည်မှာ ဂုဏ်ယူစရာပင် ဖြစ်ကြောင်းပါ။ က် တစ်သောင်း ကဲ့ရဲ့ရှောင်းက လူကောင်းတစ်ယောက် ချီးမွမ်းလျှင် ာက်၏ ဆိုတဲ့ စကားပုံ ရှိသည်ကို သတိပြုတော်မူပါ'

သီရိဇြတ်ကမွန်သည် ခေါင်းငိုက်စိုက်ချပြီး လေးလံသော ခြေလှမ်း ဖြင့် လာနေသော မိုးအုံးနောင်၏ အမူအရာကို အကဲခတ်၍ အဖြေပေးလိုက် ည်။

မိုးအုံးနောင်မှာမူ တစ်စုံတစ်ရာ လေးလေးနက်နက် စဉ်းစားလာ ဖြင့် သီရိဇြတ်ကမွန်နှင့် နှင်းကေသရာကို မမြင်ဘဲ ဧည့်ပရိသတ်များ စည် ှာ ရောက်ရှိနေသည့် စံအိမ်တော်ရှိရာသို့ စိုက်စိုက်စိုက်စိုက်နှင့် လျှောက် ဉ် သီရိဇြတ်ကမွန်က ချောင်းဟန့်ပြီး အသံပြုလိုက်သဖြင့် အသံကြားရာ ့ လှည့်ကြည့်လိုက်၍ နှင်းကေသရာကို မြင်လိုက်ရသောအခါ မိုးအုံးနောင်၏ နေသော မျက်လုံးများမှာ သိသိသာသာ ကြည်လင် တောက်ပြောင်လာ သည်။ လေးလံသော ခြေလှမ်းများမှာလည်း သွက်လက်လာပေသည်။

'နှင်းကေသရာ'

မိုးအုံးနောင်သည် ပြုံးရွှင်သည့် အမူအရာဖြင့် နှုတ်ဆက်ရင်း သီရိ တ်ကမွန်နှင့် နှင်းကေသရာတို့ ရှိရာသို့ ခြေလှမ်းကျဲကျဲနှင့် လာခဲ့ပေသည်။ င်းကေသရာ၏ အနီးသို့ ရောက်သောအခါ လှချင်တိုင်းလှနေသည့် နှင်းကေ ရာ၏ ရုပ်ရည်ကို မှင်တက်မိနေသူပမာ ငေးမောပြီး ကြည့်နေမိသည်။ ပါးစပ် သည်း တစ်စုံတစ်ရာ မပြောနိုင်ဘဲ အာစေးထည့်ထားသလို ဖြစ်နေပေသည်။

'စစ်သည်တော်ကြီးကို မိုးအုံးနောင် မောင်ဘုရားနဲ့ အသိဖွဲ့ပေးရဦး ည်။ သခင်မနဲ့ ကစားဖော်ကစားဖက် မိုးအုံးနောင်ဆိုတာ သူပဲ'



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာသည် မိမိအား နှုတ်ခွန်းဆက်လိုက်သည့် မိုးအုံးနော အား ပြန်လည်၍ နှုတ်ခွန်းမဆက်သေးဘဲ သိရိဖြတ်ကမွန်ဘက်သို့ လှည့် မိုးအုံးနောင်နှင့် မိတ်ဆက်ပေးလိုက်ပေသည်။ ထိုအခါကျမှ မိုးအုံးနောင် မျက်လုံးအစုံမှာ သိရိဖြတ်ကမွန်ရှိရာသို့ အာရုံရောက်သွားပြီး သိရိဖြတ်ကမွ အား ခြေဆုံးခေါင်းဆုံး ကြည့်နေပေသည်။

အသွေးကိုမြင်လျှင် အသွင်သိသော သိရိဖြတ်ကမွန်မှာလည်း မိုးအုံးနော ၏ ရုပ်လက္ခဏာနှင့် အမူအရာကို စူးရှတောက်ပြောင်သည့် မျက်လုံးများဖြ ကြည့်ရှု အကဲခတ်နေရာမှ ပြုံးရွှင်သော အမူအရာဖြင့် မိုးအုံးနောင်အ နှုတ်ဆက်လိုက်ရာ မိုးအုံးနောင်က ပြန်၍ပြုံးလိုက်သည်။

'စစ်သည်တော်ကြီးနဲ့ မိုးအုံးနောင်မောင်ဘုရားတို့ တစ်ဦးကိုတစ် ကြည့်နေကြပုံဟာ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ မိတ်ဟောင်း ဆွေဟော တွေ ပြန်တွေ့ကြတဲ့အခါ တစ်ဦးကိုတစ်ဦး ကြည့်နေကြပုံနဲ့ သိပ်တူတာပဲ'

နှင်းကေသရာက သိရိဖြတ်ကမွန်နှင့် မိုးအုံးနောင်အား တစ်လှည့် ကြည့်ရင်း မှတ်ချက်ချလိုက်သည်။

'နှင်းကေသရာ မိန့်လိုက်ပုံဟာ ယထာဘူတ ကျလှပါတယ်။ အမှ အတိုင်း ဝန်ခံရမယ်ဆိုရင် မောင်ဘုရားကို အများက ဝိုင်းပယ်ထားကြသဖြ မိတ်ဆွေရင်းချာ ရှားပါးနေချိန်မှာ မောင်ဘုရားကို အရေးလုပ်ပြီး နှုတ်ခွန်းဆ ဖော်ရတဲ့ မိတ်ဆွေမွန်တစ်ဦးနဲ့ တွေ့ရလို့ ဝမ်းသာ၍ မဆုံးနိုင်အောင် ဖြစ် ကြောင်းပါ'

မိုးအုံးနောင်က ပြန်ပြောလိုက်သည်။

'တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုရိုးစကားရှိကြောင်းပါ။ တစ်ဦးက မေတ္တ ထားလျှင် ကျန်တစ်ဦးက မေတ္တာတုံ့ပြန်ရစမြဲ ဖြစ်ကြောင်းပါ။ မေတ္တာစိတ်ဟ ကြည်လင်အေးမြပြီး တုံ့ပြန်သည့် သဘောရှိကြောင်းပါ။ ဖြူစင်သော မေတ္တ တရားသည် အေးမြကြည်လင်သော အကျိုးတရားကို ဖြစ်ထွန်းနိုင်စေပြီး မုန်းခြ ဆိုသည့် တရားမှာ ဒေါသကို အခြေခံပါသဖြင့် ပူလောင်သည့် အကျိုးတရ ကိုသာ ပေးစွမ်းနိုင်သည်ကို သခင်မ အသိပင် ဖြစ်လိမ့်မည်ဟု ယုံကြည်ကြော ပါ။ ဓောင်ဖြူစောင်ကျား ခြုံ၍ မလုံနိုင်ကြောင်းပါ။ မေတ္တာစောင် လွှမ်းခြုံမှသာ လုံနိုင်ကြောင်းပါ'

သိရိဖြတ်ကမွန်က အဓိပ္ပာယ် ပြည့်ဝသော မျက်လုံးများဖြင့် မိုးအုံးနော ကို တစ်လှည့်၊ နှင်းကေသရာကို တစ်လှည့် ကြည့်ရင်း ပြောလိုက်ရာ နှင်







ရာမှာ မိမိအား စောင်းပါးရိပ်ခြည် ပြောလိုက်ခြင်း ဖြစ်သည်ကို ရိပ်စား ဖြင့် မသိမသာ မျက်စောင်းထိုးလိုက်သည်။

'စစ်သည်တော်ကြီး သိရိဖြတ်ကမွန်ကတော့ သိရိဖြတ်ကမွန်ပီသစွာ အရာမှာ လိမ္မာတိုင်း စကားနဲ့ အနိုင်ယူနေတော့တာပဲ။ ဘဲ သခင်မ တော်ကို ပြန်ပြီး ဧည့်သည်တော်တွေကို ဧည့်ခံစရာ ရှိသေးတယ်။ နောင်မောင်ဘုရား ကတော့ လူစုလူဝေးနဲ့ ဆူဆူညံညံ အသံတွေကို သူ ဖြစ်တဲ့အတွက် စစ်သည်တော်ကြီးနဲ့ အာလာပ သလ္လာပ ပြောရင်ကြ သည်တော်ကြီးကလည်း စစ်သည်တော်ကြီးရဲ့ အတွေ့အကြုံ ဗဟုသုတတွေနဲ့ နောင်မောင်ဘုရားကို ဩဝါဒ ပေးတော်မူပါ။ စစ်သည်တော်ကြီးဟာ ရုံးရည်နဲ့ ပြည့်ဝသလောက် နှလုံးရည်နဲ့လည်း ပြည့်ဝသူ ဖြစ်ပါတယ်။ သရာဇာ ခြင်္သေ့မင်းလို ရဲရင့်သလောက် ယုန်သငယ်လို နူးညံ့သိမ်မွေ့ပါ တယ်။ ပရိယာယ်ဝေဝုဒ်မှာလည်း မဟောသဓာ သုခမိန်ကဲ့သို့ နည်းယူလောက် အောင် ပြောင်မြောက်ပါတယ်။ မိုးအုံးနောင် မောင်ဘုရားမှာ ပြဿနာတွေရှိရာ ပြဿနာတွေအကြောင်း စစ်သည်တော်ကြီးကို ပြောပြပါ။ တခဲနာပွတ္တိ နဲ့ တစ်မုဟုတ်ချင်း ဖြေရှင်းပေးနိုင်စွမ်း ရှိပါတယ်။ လိုအပ်တဲ့ အကြံဉာဏ် ပေးစွမ်းနိုင်သူ ဖြစ်ပါတယ်။ ကဲ သခင်မ ဧည့်သည်တော်တွေကို ဧည့်ခံ ဦးမယ်။ ဧည့်သည်တော်တွေ ပြန်သွားတဲ့အခါကျမှ မိုးအုံးနောင် မောင် ရားကို နှင်းကေသရာ ဧည့်ခံပါမယ်'

နှင်းကေသရာသည် သိရိဖြတ်ကမွန်အား မိုးအုံးနောင်ကို ဧည့်ခံရန် ဝန်ပေးခဲ့ပြီး ဧည့်သည်တော်များအား ဧည့်ခံရန် စံအိမ်တော်ဘက်သို့ ခြေဦး လှည့်လိုက်သည်။

'နှင်းကေသရာသခင်မ ရွှေနားပန်ဆင်တော်မူပါဦး။ ငမိုက်သား သိရိဖြတ်ကမွန်၏ ဩဝါဒကိုသာ မိုးအုံးနောင်မောင်ဘုရား ခံယူတော်မူမည် ဆိုလျှင် တစ်နှစ်တာကာလအတွင်း မိုးအုံးနောင်မောင်ဘုရားသည် နှင်းကေသရာ သခင်မ၏ ကြင်ဖက်တော်အဖြစ်သို့ ရောက်လာလိမ့်မည် ဖြစ်သည်ကို ရဲရဲကြီး အာမခံဝံ့ကြောင်းပါ'

သိရိဖြတ်ကမွန်က လျှောက်တင်လိုက်ရာ နှင်းကေသရာ၏ မျက်နှာ တစ်ခုလုံး နီရဲသွားပြီး သိရိဖြတ်ကမွန်အား မျက်နှာထိ မျက်နှာထားဖြင့် ပြန် လှည့်လိုက်သည်။

'စစ်သည်တော်ကြီး ဘယ်လိုစကားပြောလိုက်တာလဲ။ စစ်သည်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ကြံစည်သမျှ ဘာမဆို အောင်မြင်ရမယ် ဆိုပြီး အထင်ကြီးနေသလား
သခင်မကို ဒါလောက်တောင် အထင်သေးသလား'

'နှင်းကေသရာသခင်မကို အထင်မသေးကြောင်းပါ။ သိရိဗြတ်ကမွန်
ကြံစည်တိုင်းလည်း အောင်မြင်ရမယ်ဟု အထင်မကြီးကြောင်းပါ။ သို့ရာတွင်
နှင့်းကေသရာသခင်မ၏ ခမည်းတော်၏ ဆန္ဒနှင့်အညီ ဖြစ်စေလိုသော စေတနာ
ထားရှိပြီး မဖြစ်မနေ ကြိုးစားလိုသော စိတ်ဖြင့် ယခုလို အာမဝန္တံ ခံလိုက်ခြင်း
ဖြစ်ကြောင်းပါ။ ကြံစည်တိုင်းလည်း မဖြစ်၊ မကြံစည်ဘဲနှင့်လည်း ဖြစ်
တတ်သည့် သဘောတရားကို သိရိဗြတ်ကမွန် မသိ၍ မဟုတ်ကြောင်းပါ။
သိရိဗြတ်ကမွန်၏ စေတနာကို ဝေဒနာဟု မှတ်ထင်လျှင် မှားလိမ့်မည် ဖြစ်
ကြောင်းပါ'

သိရိဗြတ်ကမွန်က အရှုံးမပေးဘဲ ပြန်ပြောလိုက်ရာ နှင်းကေသရာ
မှာ သိရိဗြတ်ကမွန်အား စကားဖြင့် အနိုင်ယူ၍ ရနိုင်မည် မဟုတ်သည်ကို
သိသဖြင့် အံကြိတ်ပြီး မျက်စောင်းတစ်ချက် ထိုးလိုက်သည်။ ပြီးမှတစ်ဖန် ထဘီ
စွန်တောင်ဆွဲပြီး ခြေဆောင့်၍ ထွက်သွားပေသည်။

သိရိဗြတ်ကမွန်သည် နှင်းကေသရာ၏ အမူအရာကို ကြည့်ကောင်း
ကောင်းနှင့် ကြည့်နေသော်လည်း မိုးအုံးနောင်မှာမူ သိရိဗြတ်ကမွန် ပြောလိုက်
သော စကားများကြောင့် နှင်းကေသရာ စိတ်ကောက်သွားကြောင်း သိရသဖြင့်
မျက်နှာသေကလေးဖြင့် ကျန်ရစ်ခဲ့ပေသည်။

'ကျွန်တော့်အပေါ်မှာ စစ်သည်တော်ကြီး စေတနာ ထားတာကို
ကျေးဇူးအထူး တင်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက် စေတနာနဲ့ ပြော
လိုက်တဲ့ စစ်သည်တော်ကြီးရဲ့ စကားတွေကြောင့် နှင်းကေသရာ ရွှေစိတ်တော်
ငြိုငြင်သွားပြီ ထင်တယ်။ စစ်သည်တော်ကြီးရဲ့ စေတနာဟာ ဝေဒနာ ဖြစ်သွား
မှာ စိုးရိမ်မိပါတယ်'

မိုးအုံးနောင်က စိုးရိမ်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'ချစ်လည်း မချစ်၊ မုန်းလည်း မမုန်းဘဲ ဥပေက္ခာပြုခြင်း ခံရတာထက်
ချစ်လျှင် လုံးလုံး၊ မုန်းလျှင် လားလား ဆိုတဲ့ စကားလို ချစ်လျှင် ချစ်ကြောင်း
မုန်းလျှင် မုန်းကြောင်း ပြတ်ပြတ်သားသား သိရခြင်းက ပို၍ မကောင်းပါလား
မိန်းကလေးတစ်ဦး၏ ဥပေက္ခာပြုခြင်း ခံရသည်ထက် ငြိုငြင်ခြင်း ခံရသည်က
ပို၍ မကောင်းပါလော။ မုန်းခြင်းဆိုသည်မှာ ချစ်ခြင်းဆိုသည့် တရားနှင့်
ဆန့်ကျင်ဘက် ဖြစ်သော်လည်း မုန်းရာမှ ချစ်လာနိုင်သည်ကို သတိပြုတော်မူ







ပါ။ မုန်းရာမှ ချစ်လာသည့် အချစ်သည် ပိုမို၍ပင် ခိုင်မြဲသည်ကိုလည်း သတိ
ပြုသင့်ကြောင်းပါ'

သိရိဗြတ်ကမွန်က အားပေးစကား ပြောလိုက်သော်လည်း မိုးအုံးနောင်
မှာ စိတ်ပျက်အားလျော့သည့် အမူအရာဖြင့် ခေါင်းကို ယမ်းလိုက်သည်၊

'နှင်းကေသရာဟာ အဆင်းရှိသလောက် အချင်းနဲ့လည်း ပြည့်စုံတယ်၊
ပညာဥစ္စာလည်း ကုံလုံကြွယ်ဝတယ်။ နှင်းကေသရာကို မျက်စိကျနေတဲ့
မင်းသိတ်ကြဲ ပုဂ္ဂိုလ်တွေ ဒုနဲ့ဒေး ရှိနေတဲ့ကြားက ကျွန်တော့်ကို နှင်းကေသရာ
ရွေးလုပ်ပါ့မလား'

မိုးအုံးနောင်က အားလျော့သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'ယောကျာ်းတို့၏ ဖွဲ့သတ္တိနှင့် လုံ့လ ဝီရိယကို ဘယ်သောအခါမှ
လျှော့သင့်ပါ။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသည့်အစကားနှင့်အညီ ဖြူစင်သော
မေတ္တာသည် ကြည်လင်အေးမြသည့် အကျိုးတရားကို ပေးစွမ်းနိုင်ပြီး တုံ့ပြန်
တည့် သဘော ရှိသည်ကို သတိပြုတော်မူပါ'

သိရိဗြတ်ကမွန်က ဖွဲ့သတ္တိနှင့် လုံ့လ ဝီရိယ၏ အကျိုးတရားနှင့်
မေတ္တာစာတ်၏ တန်ခိုးအာနိသင်ကို ရှင်းပြလိုက်သည်။

'ဗိုလ်မင်း သိရိဗြတ်ကမွန် မိန့်ကြားလိုက်တဲ့ စကားတွေဟာ တရား
သဘောအရ မှန်ကန်လှပေတယ်။ ဗိုလ်မင်း သိတော်မူတဲ့အတိုင်း ကျွန်တော်နဲ့
နှင်းကေသရာကို ငယ်ရွယ်စဉ်ကပင် နှစ်ဖက်သော မိဘများက သဘောတူ
ထားခဲ့ကြခြင်း ဖြစ်ပါတယ်။ ကတိကဝတ်လည်း ပြုခဲ့ကြပါတယ်'

မိုးအုံးနောင်က ရှင်းပြလိုက်သည်။

'ဒီလိုဆိုရင် နှစ်ဖက်သော လူကြီးမိဘတွေ ကတိပြုခဲ့ကြတဲ့အတိုင်း
အကောင်အထည်ဖော်ဖို့ အကြည်တော် အပေါ်မှာ တာဝန်ရှိနေပါတယ်'

သိရိဗြတ်ကမွန်က ပြန်ပြောလိုက်ရာ မိုးအုံးနောင်သည် အံ့အားသင့်
သည့် အမူအရာဖြင့် သိရိဗြတ်ကမွန်အား ပြန်ကြည့်လိုက်သည်။

'ဗိုလ်မင်း ဘယ်လို မိန့်တော်မူလိုက်တာလဲ'

'မိဘရဲ့တာဝန်ကို သားသမီးက ထမ်းရွက်ဖို့ တာဝန်ရှိတာကို ပြော
တာ။ ဒါမှ တာဝန်သိတတ်တဲ့ သားသမီးရတနာ ဖြစ်လာနိုင်မယ် မဟုတ်
လား'

'ဗိုလ်မင်း ပြောတာ တရားသဘောအရတော့ မှန်ပါတယ်၊ ဒါပေမဲ့
ဗိုလ်မင်း ပြောသလို အကောင်အထည် ဖော်ဖို့က အခြေအနေ မပေးဘူး'

'လူမတန်ကံချဆိုတဲ့ စကားလို ကံကိုချည်း ပုံချလို့ မပြောပါဘူး၊ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကို လူက ဖန်တီးယူရင် ရနိုင်ပါတယ်။ အကြည်တော် တွန့်ဆုတ်တွန့်ဆုတ် လုပ်နေလို့သာ အခြေအနေ မပေးတာပါ။ အကြည်တော်အပေါ်မှာ အများကြီး တည်နေပါတယ်'

သိရိဖြတ်ကမွန်က ပြန်လည်ချေပရာ မိုးအုံးနောင်သည် မျက်မှောင်ကြုတ်ပြီး စဉ်းစားနေရာမှ သက်ပြင်းချလိုက်သည်။

'ဗိုလ်မင်း ပြောတဲ့စကား သိပ်မှန်တယ်။ အခြေအနေ မပေးဘူးလို့ ကျွန်တော် ပြောခဲ့တဲ့စကားနဲ့ ပတ်သက်ပြီး ဗိုလ်မင်းသိအောင် ကျွန်တော် ရှင်းပြရဦးမယ်။ ဗိုလ်မင်း သိမလားတော့ မပြောတတ်ဘူး။ ခုတလော နိုင်ငံတော်မှာ ဂိုဏ်း ၂ ဂိုဏ်း ကွဲနေတယ်'

မိုးအုံးနောင်သည် မိမိ ပြောမည့် စကားကို နိဒါန်းပျိုးလိုက်သည်။

'ရှင်စောပု ဘုရင်မကြီးရဲ့ ထီးနန်းရိုက်ရာ ဆက်ခံရေးနဲ့ ပတ်သက်ပြီး သမီးတော်အငယ်ရဲ့ ကြင်ဖက်တော် ဘုန်းကြီးလူထွက် ရှင်ဓမ္မဓရကို ဓမ္မစေတီဘွဲ့နဲ့ အိမ်ရှေ့အရာ အပ်နှင်းတဲ့ ကိစ္စကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ မကျေနပ်မှုကို ပြောနေတာ မဟုတ်လား'

'မှန်ပါတယ်။ ဗိုလ်မင်း သိတော်မူတဲ့အတိုင်း ရှင်စောပုဘုရင်မကြီးဟာ နိုင်ငံသူနိုင်ငံသားတွေ အပေါ်မှာ ရင်ဝယ်သားလို သဘောထားပြီး တရားမျှတစွာ စီမံအုပ်ချုပ်လျက် ရှိပါတယ်။ ဘုရင်မကြီးအပေါ်မှာ တစ်နိုင်ငံလုံးက ကြည်ညိုလေးစားကြပါတယ်။ သစ္စာလည်း စောင့်သိကြပါတယ်။ ဒါပေမဲ့ အိမ်ရှေ့အရာ အပ်နှင်းတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မကျေနပ်သူတွေ ရှိနေပါတယ်'

'မကျေနပ်မှု ဆိုတာတော့ ရှိစမြဲပဲ။ လူတိုင်း ကျေနပ်အောင် လုပ်ဖို့ကတော့ မဖြစ်နိုင်ပါဘူး။ အများပြည်သူတွေရဲ့ အကျိုးစီးပွား အလို့ငှာ ဆောင်ရွက်တော်မူတဲ့ ကိစ္စမှာ လူတစ်စု မကျေနပ်တာကို အရေးစိုက်နေစရာ မလိုပါဘူး'

'ဗိုလ်မင်း ပြောတဲ့စကား မှန်ပါတယ်။ ဘုရင်မကြီးရဲ့ တရားမျှတတဲ့ စိတ်ဓာတ်ကို နိုင်ငံသူနိုင်ငံသား အားလုံးလိုလိုက ကြည်ညိုလေးစားကြပါတယ်။ ဒါပေမဲ့ အိမ်ရှေ့အရာ အပ်နှင်းတဲ့ကိစ္စနှင့် ပတ်သက်ပြီး ဘုန်းကြီးလူထွက်ကို အိမ်ရှေ့အရာ ပေးရမလား ဆိုပြီး ဘုရင်မကြီး အပေါ်မှာ အထင်အမြင်လွဲမှားအောင် လှုံ့ဆော်နေသူတွေ ရှိနေပါတယ်'

'ဒါက မတရား လှုံ့ဆော်တာပဲ။ ဘုရင်မကြီးဟာ နိုင်ငံသူ နိုင်ငံသားများ အပေါ်မှာ တရားမျှတစွာ စီမံအုပ်ချုပ်လျက် ရှိရုံသာမက အိမ်ရှေ့အရာ





နှင်းဖို့ ကိစ္စမှာ သမီးတော် နှစ်ပါးစလုံးကို ခေါ်ယူပြီး ဆွေးနွေးတော်မူ တယ် မဟုတ်လား'

သိရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'ဒီစကား မှန်ပါတယ်။ ဘုရင်မကြီးဟာ ကျေးဇူးတရား သိတတ်သူ ပါတယ်။ ဘုရင်မကြီးကို အင်းဝနေပြည်တော်က နေပြီး ဟံသာဝတီကို ရောက်အောင် သက်စွန့်ဆံဖျား ကယ်တင်ယူဆောင်လာခဲ့တဲ့ ရှင်ဓမ္မဇေဒီနဲ့ ဓမ္မဉာဏ ရဟန်းနှစ်ပါးဟာ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံသူများ သည်ကို ဘုရင်မကြီး သိတော်မူတဲ့အတွက် အဲဒီရဟန်းနှစ်ပါး လူထွက်တဲ့ ါ သမီးတော် နှစ်ပါးကို ဘုရင်မကြီး ခေါ်တော်မူပြီး "ဒီရဟန်းလူထွက် ယောက်ဟာ မယ်မယ့်ကျေးဇူးရှင်များလည်း ဖြစ်တယ်။ လက်ရုံးရည် နှလုံး ည်နဲ့ ပြည့်စုံသူများလည်း ဖြစ်တယ်။ ဒါကြောင့် သမီးတော်တို့နဲ့ စုံဖက်တော် ဖို့တယ်။ ဒါပေမဲ့ အဓမ္မတော့ မတိုက်တွန်းလိုဘူး" ဆိုပြီး သမီးတော်နှစ်ပါး ဆန္ဒကို ရယူခဲ့တာကို ပြောနေတာ မဟုတ်ပါလား'

မိုးအုံးနောင်က ပြန်မေးလိုက်သည်။

'မှန်ပါတယ်။ အဲဒီလို ခေါ်ယူဆွေးနွေးခဲ့စဉ်က သမီးတော်အကြီးက ဟာဆီ မဟာသွေးတန်မှုနဲ့ ဘုန်းကြီးလူထွက်ကိုဖြင့် ဘယ်နည်းနဲ့မှ မကြည် နိုင်ပါဘူးလို့ အဖြေပေးခဲ့တယ် မဟုတ်လား။ သမီးတော်အငယ်က မယ်မယ် ဘောကျလျှင် ထားရာက နေပါ့မယ်ဆိုလို့ ဘုရင်မကြီးက သမီးတော်အငယ် ရှင်ဓမ္မဓရ လူထွက်နဲ့ လက်ဆက်ပေးပြီး သမက်တော်ကို ဓမ္မစေတီဘွဲ့နဲ့ မ်ရှေ့အရာ အပ်နှင်းတော်မူခဲ့တယ် မဟုတ်လား။ ဒါ ဘာဖြစ်သလဲ'

သိရိဖြတ်ကမွန်က ပြန်မေးလိုက်ပြန်သည်။

'သမီးတော်အကြီးရဲ့ ဘက်တော်သားတွေက မကျေနပ် ဖြစ်နေကြ တယ်။ မဟာဆီ မဟာသွေးကိုတော့ အိမ်ရှေ့အရာမပေးဘဲ ဘုန်းကြီးလူထွက် မှ အိမ်ရှေ့အရာ ပေးရသလား ဆိုပြီး မသိနားမလည်တဲ့ ဆင်းရဲသား တောင်သူ ယ်သမားတွေကို သွေးထိုးလှုံ့ဆော်ပြီး ဂိုဏ်းခွဲထောင်နေကြပါတယ်။ ဒီကိစ္စနဲ့ တ်သက်ပြီး နှင်းကေသရာတို့ မောင်နှမက သမီးတော်အကြီးရဲ့ ဘက်တော် တွေကို ထောက်ခံကြတယ်။ ကျွန်တော့်အနေနဲ့ ကတော့ ဓမ္မစေတီကို မ်ရှေ့အရာ အပ်နှင်းတော်မူတာဟာ တရားနည်းလမ်းကျတယ်လို့ ယုံကြည် တယ်။ ဓမ္မစေတီဟာ လောကီ လောကုတ္တရာ ရေးရာကို ကျွမ်းကျင်တယ်။ ဋကတ် ဓမ္မသတ်တွေကိုလည်း နှံ့စပ်အောင် လေ့လာသင်ကြားခဲ့ဖူးတယ်။ ဘုရင်မ ကိုယ်တော်တိုင်ရဲ့ လက်အောက်မှာ အုပ်ချုပ်ရေးကို လက်တွေ့သင်ယူစေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ပုံမှအစ ဘုရင်မကြီးရဲ့ ခြေရာကို နင်းနိုင်မယ့် သားကောင်းရတနာ ဖြစ်တယ်လို့ ကျွန်တော် ယုံကြည်တယ်'

မိုးအုံ့နောင်က ရှင်းပြလိုက်သည်။

'လတ်စသတ်တော့ ဒီလိုကိုး'

'မှန်ပါတယ်။ ဘုန်းကြီးလူထွက်ကို ထောက်ခံရမလားဆိုပြီး ကျွန်တော် အပေါ်မှာ စိတ်ကွက်နေတယ်၊ အထင်လည်း သေးနေပုံ ရတယ်။ နှင်းကေသရာ ရဲ့ စိတ်ရင်းသဘောထားကတော့ ဖြောင့်မတ်ပါတယ်။ ဒါပေမဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေက သွေးထိုးလှုံ့ဆော်ထားလို့ တစ်ဖက်စကား နားဝင်နေ ရတယ်'

မိုးအုံ့နောင်က ရှင်းပြလိုက်ပြန်သည်။

'ဆောင်းတူးမြို့နယ် တစ်ဝိုက်မှာ သမီးတော် အကြီးကို ထောက်ခံ သူတွေ အင်အားတော်တော်များသလား'

'မသိနားမလည်တဲ့ တောသူတောင်သားတွေကို မကျေနပ်သူတွေက သွေးထိုးလှုံ့ဆော်ထားလို့ အင်အား အတော်ကောင်းနေပါတယ်။ ကျွန်တော်တို့ တောင် ဘုန်းကြီးလူထွက်ရဲ့ ဘက်တော်သားဆိုပြီး ဝိုင်းပယ်ထားကြပါတယ်'

'မကျေနပ်တဲ့ လူတွေဆိုတာ ဘယ်သူတွေကို ပြောနေတာလဲ'

သီရိဗြတ်ကမွန်က ပြန်မေးလိုက်သည်။

'အခွင့်အရေးကို ချောင်းနေတဲ့ ကိုယ်ကျိုးရှာသမားတွေပါ။ ဒီလူတွေ ဟာ ပုံပြားပင်လို လေယူရာတိမ်းတဲ့ လူတွေပါ။ သူတို့မှာ ခိုင်မြဲတဲ့ ယုံကြည်ချက် လည်း မရှိပါဘူး'

'အဲဒီ ကိုယ်ကျိုးရှာသမားတွေထဲမှာ ဘယ်သူတွေ ပါသလဲ။ ဥပမာ မင်းရွှေခဲတို့လို လူပေါ်ကြော့တွေ ပါသလား'

သီရိဗြတ်ကမွန်က ပိုပြီး တိကျစွာ မေးလိုက်ပြန်သည်။

'သူတို့တစ်တွေ ခြေရှုပ်နေကြတာပေါ့။ မင်းရွှေခဲအကြောင်း ပြောရရင် သူနဲ့ ကျွန်တော် မကြာခင် တစ်ချိန်တစ်ပွဲ တွေ့ကြရလိမ့်မယ်။ သူ့ရဲ့လက်မောင်းက ဒဏ်ရာပျောက်ရင် ကျွန်တော်နဲ့ ဓားစွမ်းပြိုင်ဖို့ စိန်ခေါ်ထားတယ်။ လေလွင့် လွှားတဲ့ မင်းရွှေခဲတော့ ဒီတစ်ချီမှာ တစ်ခါတည်း နာလန်မထူနိုင်အောင် ကျွန်တော် ဆုံးမပြပါမယ်'

မိုးအုံ့နောင်က ကြုံးဝါးလိုက်သည်။

'နှင်းကေသရာကို မရမနေ ပိုးပန်းနေသူတွေထဲမှာ မင်းရွှေခဲလည်း ပါတယ် မဟုတ်လား'





သီရိဗြတ်ကမွန်က မေးလိုက်ပြန်သည်။

'မှန်ပါတယ်။ ဒါပေမဲ့ နှင်းကေသရာကို သူ ကြာရှည် အနှောင့် အယှက် ပေးနိုင်တော့မှာ မဟုတ်ပါဘူး။ သူ့ရဲ့လက်မောင်းက ဒဏ်ရာပျောက်လို့ ကျွန်တော် စိန်ခေါ်ထားတဲ့အတိုင်း ကျွန်တော်နဲ့ ဓားစွမ်းပြိုင်ကြတဲ့အခါ သူ ရှုံးလှ ရှုံးနိမ့်မှာ သေချာပါတယ်'

'မင်းရွှေခဲနဲ့ ဓားစွမ်းပြိုင်ဖို့ စိန်ခေါ်ထားတဲ့အကြောင်း ပြောလို့ ဒေါ်အိုဇာ ဆိုတဲ့ စုန်းမကြီးကို အကြည်တော် သိပါသလား'

သီရိဗြတ်ကမွန်က မသိမသာ မေးလိုက်သည်။

'စုန်းမကြီး မဟုတ်ရရှာပါဘူး။ မလိုသူတွေက မတရားစွပ်စွဲပြီး အရား ညှဉ်းပန်းနှိပ်စက်တာကို ခံနေတဲ့ သနားစရာ အမယ်အိုပါ။ ဒေါ်အိုဇာ ချီးကျူးစရာကောင်းတဲ့ အချက်ကတော့ သူ့ကို ခုလို မတရားစွပ်စွဲပြီး ညှဉ်း နှိပ်စက်နေတဲ့ကြားက သူ့ရဲ့ ယုံကြည်ချက်ကို မစွန့်လွှတ်ဘူး။ သူ မှန်တယ် ထင်တာကို ပြောတယ်၊ လုပ်လည်း လုပ်တယ်။ စိတ်ဓာတ်အတော့်ကို ကြံ့ခိုင်ပါ တယ်။ ပြီးတော့ ထူးဆန်းတာတစ်ခုက သူ့ပါးစပ်က လွှတ်ခနဲ ထွက်လာတဲ့ စကားတွေဟာ ရှေ့ပြေးနိမိတ်လိုပဲ၊ စွပ်စွပ်ရွှပ်ရွှပ် မှန်တတ်တယ်။ ဒါကြောင့် လည်း သူ့ကို စုန်းမကြီး ဆိုပြီး လူတွေက ကြောက်ရွံ့နေကြတယ်'

မိုးအုံ့နောင်က ရှင်းပြနေပေသည်။

'အကြည်တော်ပြောတဲ့ စကားကို ချွင်းချက်မရှိ ထောက်ခံတယ်။ ဆက် မင်းရွှေခဲနဲ့ ဓားစွမ်းပြဖို့ စိန်ခေါ်ခဲ့တာဟာ ဒေါ်အိုဇာကို စုန်းမကြီးလို့ စွပ်တာကို မခံနိုင်လို့ ဒေါ်အိုဇာကို အကာအကွယ်ပေးတဲ့ သဘောနဲ့ စိန်ခေါ် တာ မဟုတ်လား။ အကြည်တော်ရဲ့ တရားမျှတတဲ့ စိတ်ဓာတ်ကို ချီးကျူး တယ်။ ဒေါ်အိုဇာရဲ့ ပါးစပ်က လွှတ်ခနဲ ထွက်သွားတဲ့ စကားတွေဟာ ရှေ့ပြေးနိမိတ်လို စွပ်စွပ်ရွှပ်ရွှပ် မှန်တတ်တယ်ဆိုလို့ ဒေါ်အိုဇာနဲ့ တွေ့ခဲ့တုန်းက ဒေါ်အိုဇာ ပြောသွားတဲ့ စကားတွေကို ကြားယောင်နေသေးတယ်'

'ဒေါ်အိုဇာ ဘာတွေ ပြောသွားလို့လဲ'

မိုးအုံ့နောင်က သိလိုဇောဖြင့် မေးလိုက်သည်။

'နှင်းကေသရာတို့ မောင်နှမရဲ့ ရှေ့ရေးကို ဟောကိန်းထုတ်သွားတယ်။ ဒေါ်အိုဇာရဲ့ ဟောကိန်းက ကြောက်စရာပဲ။ ဘေးအန္တရာယ် အမျိုးမျိုးနဲ့ တွေ့ ရလိမ့်မယ်၊ မျက်ရည်ပေါက် ကြီးငယ် ကျရလိမ့်မယ်၊ အရှက်တကွဲ အကျိုးနည်း ရလိမ့်မယ်၊ သေကိန်းတောင် မြင်တယ်လို့ ဟောကိန်းထုတ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိဇာ ဟောကိန်းထုတ်သွားသလို ဘေးအန္တရာယ် တွေ့နိုင်စရာအကြော ရှိသလား။ သူတို့ကို ရန်ရှာမယ့်လူတွေ ရှိနေသလား'

'ဘေးအန္တရာယ်တော့ မမြင်ပါဘူး။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်'

မိုးအုံးနောင်က စကားစလိုက်ပြီး ရှေ့ဆက်ကာ မပြောတော့ဘဲ ငြ ထားလိုက်သည်။

'တစ်ခုတော့ရှိတယ် ဆိုတာ အဓိပ္ပာယ် ရှင်းပြစမ်းပါဦး'

သီရိဖြတ်ကမွန်က စကားစ ရအောင် မေးလိုက်သည်။ သို့ရာ မိုးအုံးနောင်သည် ရုတ်တရက် အဖြေမပေးသေးဘဲ မိမိ သိသမျှ ဖွင့်ဟ ပြောသင့်၊ မပြောသင့် စဉ်းစားနှိုင်းချိန်၍ နေပေသည်။

'ရှင်ဓမ္မဓရလူထွက်ကို ဓမ္မစေတီဘွဲ့နဲ့ အိမ်ရှေ့အရာ ပေးတော်မူ ကိစ္စနဲ့ ပတ်သက်ပြီး ဘုရင်မရဲ့ အမူတော်ကို ဆန့်ကျင်သူမှန်သမျှ မင်းပြ မင်းဒဏ်သင့်စေ ဆိုတဲ့ အမိန့်တော်တစ်ရပ် ထုတ်ပြန်တော်မူခဲ့တယ်။ ဆောင်း မြို့စားကြီး လက်ထက်က နတ်ရွာစံ ရာဇဓိရာဇ်ဘုရင်မင်းတရားကြီး လက်ထ တော်မှ စပြီး သမီးရှင်စောပု ဘုရင်မကြီး လက်ထက်တော်သို့ တိုင်အော ဘုရင်အဆက်ဆက်ရဲ့ ကျေးဇူးသစ္စာတော်ကို စောင့်သိခဲ့တယ်။ နှင်းကေသရာ မောင်တော် ဗညားအိမ်တို့ဟာလည်း ရှင်စောပု ဘုရင်မကြီးအပေါ်မှာ ခမည်းတော ရဲ့ လမ်းစဉ်အတိုင်း ကျေးဇူးစောင့်သိခဲ့တယ်။ ဒါပေမဲ့ ရှင်ဓမ္မဓရလူထွက် အိမ်ရှေ့အရာ ပေးအပ်တော်မူတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ဆန့်ကျ ခဲ့ကြတယ်။ ဒီအပြုအမူဟာ မင်းပြစ်မင်းဒဏ် သင့်စေနိုင်တဲ့ အပြုအမူ ဖြ တယ်။ ဒါပေမဲ့ ရှင်စောပုဘုရင်မကြီး ကိုယ်တော်တိုင်က နှင်းကေသရာ သမီးတော်တစ်ပါးလို ချစ်ခင်မြတ်နိုးပြီး ချီးမြှင့် မြှောက်စားတော်မူတဲ့အတွ ဘယ်မင်းမှုထမ်းကမှ နှင်းကေသရာကို အရေးမယူဝံ့ကြဘူး။ အရေးယူဖို့ နေ သာသာ၊ မျက်စောင်းတောင် မထိုးရဲကြဘူး။ ဒါကိုသိလို့ ဘုရင်မကြီးရဲ့ သမက်တော အကြီး ပုသိမ်စားရဲ့ ဘက်တော်သားတွေက နှင်းကေသရာကို အကာအကွယ ယူပြီး ရှင်ဓမ္မဓရလူထွက်ကို အိမ်ရှေ့အရာ အပ်နှင်းတဲ့ကိစ္စကို ဆန့်ကျင်ခဲ့ကြ တယ်။ မသိနားမလည်တဲ့ ဆင်းရဲသား တောင်သူလယ်သမားတွေကိုလည် သွေးထိုးလှုံ့ဆော်ခဲ့ကြတယ်။ အမှန်အတိုင်း ပြောရမယ်ဆိုရင် နှင်းကေသ အနေနဲ့ ရှင်ဓမ္မဓရလူထွက်ကို အိမ်ရှေ့အရာ အပ်နှင်းတော်မူတာကို ပြင်းပြင်း ထန်ထန် ကန့်ကွက်လိုတဲ့ဆန္ဒ မရှိဘူး။ နှင်းကေသရာကို အကာအကွယ်ယူပြ သွေးထိုးလှုံ့ဆော်နေတဲ့ သမက်တော်အကြီး၏ ဂိုဏ်းတော်သားတွေရဲ့ စကား နားယောင်ပြီး ပါသွားတာပါ။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကြောင့် နှင်





ရာနဲ့ သူ့ရဲ့မောင်တော် ဗညားအိမ်တို့ မင်းပြစ်မင်းဒဏ်သင့်မှာကို တစ်ခါ ဲ်ိုးရိမ်မိတယ်'

မိုးအုံးနောင်က မိမိ၏ စိုးရိမ်ချက်ကို ရှင်းပြလိုက်သည်။

'ပတ်ဝန်းကျင် အသိုင်းအဝိုင်း ဆိုတဲ့ စကားထဲမှာ မင်းရွှေခဲတို့ လူသိုက် ယ် မဟုတ်လား'

'ဘယ်သူဘယ်ဝါ ဆိုတာတော့ ကျွန်တော် မပြောချင်ဘူး။ သူများ ကြောင်း ကွယ်ရာမှာ ပြောရမှာ မကောင်းပါဘူး။ ဒါပေမဲ့ မင်းရွှေခဲတို့ဆော ရာ မရှိပါဘူး။ သူ့ရဲ့ လက်မောင်းကဒဏ်ရာ ပျောက်ရင် ကျွန်တော်နဲ့ ချိတစ်ပွဲ တွေ့ကြမှာပဲ'

မိုးအုံးနောင်က ပြန်ပြောလိုက်သည်။

'အကြည်တော်ကို မေးစရာတစ်ခု ရှိသေးတယ်။ ဒေါ်အိဇာ ပြောသွား ကားထဲမှာ သွေးစွန်းတဲ့ လက်အကြောင်း ပါတယ်။ သွေးစွန်းတဲ့ လက်နဲ့ သက်ပြီး နှင်းကေသရာတို့ မောင်နှမ ကျိန်စာသင့်နေတယ်လို့လည်း ပြော ဘယ်။ အဲဒီ ကျိန်စာနဲ့ ပတ်သက်ပြီး အကြည်တော် ဘာသိသလဲ'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်ရာ မိုးအုံးနောင်သည် မေးစေ့ကို ပြီး စဉ်းစားနေပြန်သည်။

'ကျိန်စာရယ်လို့တော့ မဟုတ်ပါဘူး။ စိတ်ရဲ့ စွဲလမ်းမှုပါ။ ကျွန်တော် ဆာက ပြောခဲ့တဲ့အတိုင်း နှင်းကေသရာရဲ့ ခမည်းတော် ဆောင်းတူး ားကြီးဟာ ရာဇဓိရာဇ် ဘုရင်မင်းတရားကြီးအပေါ်မှာ ကျေးဇူးသစ္စာတော် ာင့်သိ ရှိသေသူဖြစ်တယ်။ ဘုရင်မင်းတရားကြီးနဲ့ တကွ နိုင်ငံတော်အတွက် ိရင် အသက်ကိုပါ စွန့်ဝံ့သူ ဖြစ်တယ်'

မိုးအုံးနောင်က နိဒါန်းပျိုးလိုက်ရာ သီရိဖြတ်ကမွန်က စိတ်ဝင်စားစွာ ထောင်နေပေသည်။

'တတိယ မွန်မင်းဆက် ဖြစ်တဲ့ ဝါရီရူးမင်းလက်ထက်မှ စပြီး ဆောင်းတူး းကြီးရဲ့ ဘိုးဘေးအစဉ်အဆက်ဟာ ရာဇဓိရာဇ် ဘုရင်မင်းတရား လက်ထက် ာ်တိုင်အောင် ဘုရင်အဆက်ဆက်ရဲ့ ကျေးဇူးသစ္စာတော်ကို စောင့်သိခဲ့ကြ နိုင်ငံတော်အတွက် ရှုပ်ရှုပ်ချုံချုံ တာဝန်ထမ်းရွက်ခဲ့ကြတယ်။ သူရသတ္တိဘက် အထင်ရှားဆုံးဖြစ်တဲ့ ရာဇဓိရာဇ် ဘုရင်မင်းတရားကြီးရဲ့ လက်ထက်တော် အင်းဝဘုရင် မင်းကြီးစွာစော်ကဲ သားတော် မင်းခေါင်ကြီးတို့နဲ့ နှစ်ပေါင်း ားသွာ စစ်ခင်းကစားခဲ့ကြတယ်။ အဲဒီအချိန်မှာ နှင်းကေသရာရဲ့ ခမည်းတော် ဆောင်းတူးမြို့စားကိုယ်တိုင် စစ်ပွဲအသီးသီးမှာ ပါဝင်တိုက်ခိုက်ခဲ့ပြီး အောင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့တယ်။ စစ်ပွဲတစ်ပွဲမှာ ဆောင်းတူးမြို့စားကြီးဟာ ခါးရေး လုံ့ရေးမှာ ကျွမ်းကျင် လိမ္မာလှတဲ့ မြန်မာဗိုလ်မှူးတစ်ဦးနဲ့ နှစ်ဦးချင်း ဓားစွမ်းပြကြတဲ့အခါ ဆောင်းတူ မြို့စားကြီးရဲ့ လက်ဝဲဘက် လက်မောင်း ပြတ်ထွက်သွားတယ်။ ဆောင်းတူ မြို့စားကြီး အနေနဲ့ကတော့ ဘုရင်မင်းတရားနဲ့ နိုင်ငံတော်အတွက် သူ့ရဲ့ လက်တစ်ဖက် အဆုံးရှုံးခံပြီး အောင်ပွဲရအောင် တိုက်ခိုက်နိုင်ခဲ့တာကို ဂုဏ်ယူ တယ်။ လက်တစ်ဖက် အပြတ်ခံပြီး ဘုရင်မင်းတရားနဲ့ နိုင်ငံတော်အပေါ်မှာ သစ္စာတော် စောင့်သိခဲ့တာကို နောင်လာနောင်သားတွေ ဂုဏ်ယူနိုင်ပါစေတော့ ဆိုပြီး သွေးစွန်းနေတဲ့ လက်ပြတ်ကြီးကို မပုပ်မသိုးရအောင် ဆေးစိမ်ပြီး အမှတ် တရ သိမ်းဆည်းထားတယ်'

မိုးအုံးနောင်က သွေးစွန်းနေသည့် လက်၏ ရာဇဝင်ကို ပြောပြနေ ပေသည်။

'ကျိန်စာသင့်ပုံကို ရှင်းပြစမ်းပါဦး'

သီရိဗြတ်ကမ္ဘန်က မရှင်းလင်းသည့် အချက်ကို မေးလိုက်ပြန်သည်။

'ကျိန်စာသင့်တာ မဟုတ်ပါဘူး၊ စိတ်ရဲ့စွဲလမ်းမှုပါ။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ဆိုတဲ့ စကားလို တစ်ခုခုဖြစ်ရင် သွေးစွန်းနေတဲ့ လက်ကြီးကို အိမ် မှာ သိမ်းဆည်းထားမိလို့ ဖြစ်တာဆိုပြီး စွဲလမ်းယုံကြည်နေကြတာပါ။ သွေးစွန်း နေတဲ့ လက်ကြီးကို အိပ်မက်ထဲမှာ ဖြစ်စေ၊ စိတ်အာရုံထဲမှာ ဖြစ်စေ ထင်မြင်လာ ရင် ဆောင်းတူးမြို့စားကြီးရဲ့ အဆက်အနွယ်တွေအတွက် နိမိတ်မကောင်းဘူး လို့လည်း စွဲလမ်းယုံကြည်နေကြတယ်'

'ဒါကို နှင်းကေသရာ စွဲလမ်းယုံကြည်သလား'

'နှင်းကေသရာ အနေနဲ့တော့ ဒါတွေကို အယုံအကြည် မရှိဘူး ဒါပေမဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ပြောပါ များတော့ မိန်းမသားပီပီ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်လာတယ်၊ သံသယတွေ ဝင်လာတယ် ဆိုပါတော့ အဲဒီလို သံသယတွေ ဝင်လာတာကို အခွင့်ကောင်း ယူပြီး နှင်းကေသရာကို သူတို့ဘက် စိတ်ညွတ်လာအောင် ခြောက်လုံးလှန့်လုံးတွေနဲ့ သွေးဆောင်နေကြတဲ့ လူတွေလည်း ရှိတယ်'

'ဒီလိုဆိုရင် နှင်းကေသရာ အမြင်မှန်ရအောင် အကြည်တော် ရှင်းပြ ပြီး အကြည်တော်အပေါ်မှာ အထင်လွဲမှားနေတာကို ပျောက်ကွယ်သွားအောင် ကြိုးစားပါလား'

'ကြိုးစားပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ဘုန်းကြီးလူထွက်ရဲ့ ဘဏ် တော်သားဆိုပြီး ကျွန်တော်ပြောတဲ့ စကားကို လက်မခံဘူး။ တစ်ဖက် ကသွေးထိုး





ဆော်ထားတာကို ယုံကြည်နေတယ်။ သွေးထိုးလှုံ့ဆော်တဲ့ လူတွေထဲမှာ သူ့လု ဘက်သား လုပ်မယ့်လူတွေလည်း ပါတယ်။ ဒါကို နှင်းအေးသရာ မသိဘူး။ ကြားထဲမှာ နှင်းကေသရာ စာပေဝါသနာပါမှန်း သိလို့ စာတိုပေစိုတွေနဲ့ လှုပ်ရှား နေတဲ့ လူတွေ ရှိသေးတယ်။ ကျွန်တော် ပြောတာကိုမယုံရင် ဆောင်ကိုမှာ ကြည့်'

မိုးအုံးနောင်သည် ပြောပြောဆိုဆို ဥယျာဉ်တော်တွင်း လူရှင်းသည့် နေရာတွင် နှင်းကေသရာနှင့် အတူယှဉ်၍ထိုင်ပြီး ပေစာတစ်အောင် ဖတ်ပြ သော ရုပ်ရည်သန့်ပြန့်သည့် လူရွယ်အား ညွှန်ပြလိုက်သည်။

'သူက ဘယ်သူလဲ'

'စစ်တောင်းမြို့စားကြီးရဲ့ သားတော် တိဿကုမ္မာလေ'

'နှင်းကေသရာကို စာတိုပေစို ဖတ်ပြနေတာ မဟုတ်လား။ ချစ်ရေး ဆိုနေတာ ဟုတ်မယ် မထင်ပါဘူး'

'တိဿကုမ္မာအကြောင်း ဗိုလ်မင်းမသိသေးလို့ ဒီစကား ပြောနေတာ ပါ။ နှင်းကေသရာ စာပေဝါသနာထုံမှန်း သိလို့ နှင်းကေသရာရဲ့ ချောပုံ လှပုံ၊ ယဉ်ကျေးပုံ၊ မိန်းမကောင်း မိန်းမမြတ်တို့ရဲ့ ကြန်အင် လက္ခဏာနဲ့ ပြည့်စုံ တွေကို ကဗျာလင်္ကာနဲ့ ဖွဲ့နွဲ့သီကုံးပြီး နှင်းကေသရာကို ဖတ်ပြရင်း သွယ်ဝိုက် နည်းနဲ့ လူပျိုလှည့်နေတာပါ။ နှင်းကေသရာကလည်း စာပေကဗျာ လင်္ကာ သနာထုံတဲ့အတွက် တိဿကုမ္မာကို စာတတ်ပေတတ်ပုဂ္ဂိုလ် ဆိုပြီး ကြည်ညို သေးစားလာတာပေါ့။ ဒါကို အခွင့်ကောင်းယူပြီး လူချင်း ရင်းနှီးသည်ထက် ရင်းနှီးအောင် ကြိုးစားနေတာပါ'

မိုးအုံးနောင်က ရှင်းပြလိုက်သည်။

'နှင်းကေသရာ စာပေနဲ့ ကဗျာလင်္ကာကို ဝါသနာထုံတယ် ဆိုရင် အကြည်တော်ကလည်း တိဿကုမ္မာထက် သာအောင် ကဗျာလင်္ကာတွေ သီကုံး ဖွဲ့နွဲ့ပြီး နှင်းကေသရာနဲ့ နီးစပ်အောင် ကြံဆောင်ပါလား'

'ဗိုလ်မင်း ပြောတော့ လွယ်တယ်။ ကျွန်တော်က ကဗျာလင်္ကာ ပြောနဲ့၊ စကားပြေကိုတောင် ပြေပြေပြစ်ပြစ် ရေးတတ်တာမှ မဟုတ်ဘဲ'

'စစ်မရောက်ခင်က မြားကုန်ဆိုတဲ့ စကားမျိုး မပြောစမ်းပါနဲ့။ ကြိုးစား ရင် ဘုရားတောင် ဖြစ်နိုင်ပါတယ်။ ကဗျာလင်္ကာ သီကုံးဖွဲ့နွဲ့ဖို့လောက်တော့ စကားထဲ ထည့်ပြောဖို့တောင် မကောင်းဘူး။ အကြည်တော် ကြိုးစားပြီး ရေးသား သီကုံးရင် ဖြစ်နိုင်ပါတယ်'

'မဖြစ်နိုင်လို့ ပြောနေတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ကြိုးစားကော ကြိုးစားဖူးရဲ့လား'

'ကြိုးစားခဲ့ဖူးပါတယ်။ ဒါပေမဲ့ ရေးလို့ကို မရလို့ အားလျှော့လိုက်တယ်'

'ဘယ်နှကြိမ် ကြိုးစားခဲ့ပါသလဲ'

'နှစ်ကြိမ် သုံးကြိမ်လောက် ကြိုးစားပြီး နှင်းကေသရာ ချောပုံလှ[illegible] တွေကို ရေးသားသီကုံးကြည့်ပါတယ်။ ဒါပေမဲ့ စာတစ်ပုဒ်တောင် ကာရန်ဝါ[illegible] ကိုက်ညီအောင် မရေးနိုင်ဘူး'

'နှစ်ကြိမ်သုံးကြိမ် ကြိုးစားလို့ မရတာနဲ့ဘဲ အားလျှော့ရရောလား[illegible] ရေ့ဆက်ပြီး ကြိုးစားကြည့်စမ်းပါ။ ဒါနဲ့မှ မရသေးဘူးဆိုရင် ကဗျာလင်္ကာ သီကုံ[illegible] ဖွဲ့နွဲ့တတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးဆီမှာ နည်းနာနိဿယ ခံယူပါ။ ဒါနဲ့မှ ပါရမီခံ[illegible] အထုံဝါသနာ မပါလို့ မရေးတတ်ဘူးဆိုရင် ရေးတတ်တဲ့ ပုဂ္ဂိုလ် တစ်ဦးဦး[illegible] အကြည်တော်ရဲ့ကိုယ်စား ရေးသားသီကုံးစေပြီး အကြည်တော် ရေးသားသီကုံး[illegible] ဟန်အမူအရာနဲ့ နှင်းကေသရာကို ဖတ်ပြပေါ့'

'သူတစ်ပါးကို အငှားရေးခိုင်းပြီး ကျွန်တော်က ဖတ်ပြရမယ်ဆိုရ[illegible] သဘာဝ ကျပါ့မလား'

'ဖတ်မပြချင်ရင် နှုတ်တိုက်ရအောင် ကျက်ပြီး ရွတ်ပြပေါ့။ ဒီလိုဆိုရ[illegible] ပိုပြီး ယုတ္တိရှိတာပေါ့။ အဲဒီလို နှုတ်တိုက်ကျက်ပြီး ရွတ်ဖတ်ပြဖန်များတော[illegible] အလေ့အကျင့် ရလာပြီး အကြည်တော်ရဲ့စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ အာရုံတွေ[illegible] အကြည်တော် ပြောတဲ့ စကားတွေကို စကားလုံးလှလှနဲ့ တန်ဆာဆင်ပြီး ကာရ[illegible] ဝါကျ ညီညီ ရေးသားသီကုံးတတ်လာမှာပေါ့'

သီရိဗြတ်ကမွန်က အကြံပေးလိုက်ပြန်သည်။ မိုးအုံးနောင်မှာမူ သီ[illegible] ဗြတ်ကမွန်၏ အကြံပေးချက်ကို စိတ်မဝင်စားနိုင်ဘဲ ဥယျာဉ်တော် တစ်နေရာသို့ စိတ်အာရုံ ရောက်လျက်ရှိပြီး ထိုနေရာကို ငေးစိုက်ကြည့်နေသည်ကို တွေ့[illegible] ပေသည်။

စိန်ကဲရွှေကဲ ခတ်သလို လူရိပ်လူကဲခတ်တတ်သော သီရိဗြတ်ကမွ[illegible] သည် မိုးအုံးနောင်၏ အကဲကို ခတ်နေရာမှ မိုးအုံးနောင် ငေးစိုက်ကြည့်နေ[illegible] သည့် နေရာသို့ လှမ်းကြည့်လိုက်ရာ မင်းရွှေခဲနှင့် မင်းသိဒ္ဓတ်ကို မြင်ရပေသည်။

'အကြည်တော် ဘာငေးနေတာလဲ'

သီရိဗြတ်ကမွန်က မသိချင်ဟန်ဆောင်ပြီး မေးလိုက်သည်။

မိုးအုံးနောင်က မင်းရွှေခဲနှင့် မင်းသိဒ္ဓတ်ရှိရာသို့ မေးထိုးပြလိုက်သည်။

'မင်းရွှေခဲကို ပြောနေတာလား'





'မင်းရွှေခဲကို အရေးလုပ်နေစရာ မလိုပါဘူး။ [illegible] [illegible]ပါ၊ [illegible]ရှိပါဘူး။ သူနဲ့အတူ တွဲလျှောက်လာတဲ့ မင်းသိဒ္ဓတ်ကို [illegible]၊ သိပ် [illegible]ကျက်စရာ ကောင်းတဲ့လူ'

မိုးအုံးနောင်က သတိပေးလိုက်သည်။

'မင်းသိဒ္ဓတ်က လူအေးပါ။ ရသမျှနဲ့ ရောင့်ရဲတင်း[illegible] [illegible]မဟုတ်လား'

သီရိဗြတ်ကမွန်သည် မင်းသိဒ္ဓတ်အပေါ် မိုးအုံးနောင်၏ [illegible] သိလိုသဖြင့် မသိချင်ဟန်ဆောင်ပြီး ပြောလိုက်သည်။

'ရသမျှနဲ့ ရောင့်ရဲတင်းတိမ်တယ် ဆိုတာ ဘယ်သူပြောလို့ သိသလဲ'

မိုးအုံးနောင်က ပြန်မေးလိုက်သည်။

'သူကိုယ်တိုင် ပြောလို့ ကျုပ်ရဲ့နားနဲ့ ဆတ်ဆတ်ကြားရတာပါ'

'သူပြောတာကို ဗိုလ်မင်း ယုံသလား'

'သူပြောတိုင်း မယုံပါဘူး။ ယုံသင့်တာထက် ပိုပြီး မယုံပါဘူး။ [illegible]ဆက် မင်းသိဒ္ဓတ်ကို အကြည်တော် ရင်းရင်းနှီးနှီး သိကျွမ်းပါသလား'

'လူချင်းသိခဲ့တာ နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ပါပြီ'

'သူဟာ မူလပထမက ရှင်ဗမ္ဗဓရလူထွက်ကို ထောက်ခံအားပေးတဲ့ [illegible]င်တော်သား မဟုတ်လား'

'မှန်ပါတယ်၊ ဒါပေမဲ့ သူ့ရဲ့စိတ်က မတည်ငြိမ်ဘူး။ လက်ဖဝါးလို [illegible]က်ချည်လှန်ချည် လုပ်တတ်တယ်။ သူ့ရဲ့လမ်းစဉ်က ဘယ်သူသေသေ [illegible]သာမာရင် ပြီးရောဆိုတဲ့ လမ်းစဉ်ပဲ။ မူလပထမက ရှင်ဗမ္ဗဓရ လူထွက်ကို အားပေး [illegible]ာက်ခံခဲ့ပေမယ့် ခုဆိုရင် သမက်တော်အကြီးကို ထောက်ခံတဲ့လူတွေ များလာ [illegible] မြင်လို့ သမက်တော်အကြီးရဲ့ ဘက်တော်သား ဖြစ်လာပြန်ပါတယ်။ ဒီနေ့ [illegible]တော်တော်အကြီးရဲ့ ဘက်တော်သား ဖြစ်နေပေမယ့် ရှင်ဗမ္ဗဓရလူထွက် [illegible]တ်အထိပ်ရောက်ဖို့ သေချာနေပြီ ဆိုတာ သိရင် ရှင်ဗမ္ဗဓရ လူထွက် [illegible]င်တော်သား ဖြစ်လာဦးမှာပဲ။ ဒီလူက အပြောင်းအလဲ သိပ်မြန်တဲ့လူ'

မိုးအုံးနောင်က ရှင်းပြလိုက်သည်။

'ဘုရင်မကြီး သက်တော်ထင်ရှားရှိနေစဉ်မှာပဲ ရှင်ဗမ္ဗရေ လူထွက်ကို [illegible]ဆေတီ ဆိုတဲ့ ဘွဲ့နဲ့ ထီးနန်းလွှဲပြောင်းပေးတော်မူဖို့ အစီအစဉ် ရှိတယ် [illegible]ဟုတ်လား'

သီရိဗြတ်ကမွန်က ပြန်မေးလိုက်သည်။

'ဒီစကား မှန်ပါတယ်။ ဒါပေမဲ့ ရှင်ဗမ္ဗရေ လူထွက်ကို ထီးနန်း



www.burmeseclassic.com

www.burmeseclassic.com



လွှဲပြောင်းမပေးခင် ဘုရင်မကြီး နတ်ရွာစံတော်မူသွားရင် မခက်ပါလား အကြည်တော်မို့ ဖွင့်ပြောရဦးမယ်။ သမက်တော်အကြီးကို ထောက်ခံတဲ့ ဘက် တော်သားအချို့က ရှင်ဓမ္မရေလူထွက်ကို ထီးနန်းလွှဲပြောင်း မပေးခင် ဘုရင်မ ကြီးကို လုပ်ကြံဖို့တောင် ကြံစည် အားထုတ်နေတယ်လို့ သတင်းသန့်သန့် ကြားရတယ်'

မိုးအုံးနောင်သည် လူသူလေးပါး အရိပ်အခြည်ကို ကြည့်ပြီး သီရိ ဖြတ်ကမွန် အနီးသို့ ချဉ်းကပ်၍ နှစ်ကိုယ်ကြား ပြောကြားလိုက်ရာ၊ သီရိဖြတ် ကမွန်မှာ အံ့အားသင့်သွားပေသည်။

မိုးအုံးနောင်မှာ ၎င်း၏ စိတ်ထဲတွင် မျိုသိပ်ထားခဲ့ရသည့် စကားများ ကို သွန်ထုတ်လိုက်ပြီးမှ မိမိပြောလိုက်သည့် စကားများမှာ မပြောအပ်သည့် စကားများ ဖြစ်သည်ကို စဉ်းစားမိသဖြင့် ထိတ်လန့်တုန်လှုပ်သွားပေသည်။ မိမိ ပြောလိုက်သည့် စကားများမှာ ဘုရင်မကြီးအပေါ်တွင် သစ္စာဖောက်မှုဖြင့် သေဒဏ်စီရင်ခြင်း ခံရသည်အထိ ကြီးလေးသည့် အပြစ်ဒဏ်ပေးခြင်း ခံရမည့် စကားများဖြစ်နေသည်ကိုလည်း စဉ်းစားမိသဖြင့် လူစိမ်းတစ်ယောက်ရှေ့တွင် စိတ်ထဲရှိသမျှ ဖွင့်ပြောလိုက်မိခြင်းမှာ မှားလေပြီဟု နောင်တရပေသည်။

သီရိဖြတ်ကမွန်မှာမူ မိုးအုံးနောင်၏ နှုတ်ဖျားမှ မမျှော်လင့်သည့် စကားများ ကြားရသဖြင့် အံ့အားသင့်သွားရာမှ မိုးအုံးနောင်၏ မျက်ချင်း ပြောင်းလဲ သွားသည့် အမူအရာကို အကဲခတ် လေ့လာနေပေသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် ခြေဦးတည့်ရာ စဉ်းစားနေကြစဉ် ဥယျာဉ်တော် တစ်နေရာတွင် စစ်တောင်းမြို့ စားကြီး၏သား တိဿကုမ္မာ ဖတ်ပြနေသော စာလွှာများကို စိတ်ဝင်စားသည့် အမူအရာဖြင့် ကြားနာနေသော နှင်းကေသရာသည် ပရိယာယ်သုံး၍ တိဿကုမ္မာ နှင့် လူချင်းခွဲလိုက်ပြီး၊ သီရိဖြတ်ကမွန်နှင့် မိုးအုံးနောင်တို့ ဆွေးနွေးနေကြသည့် နေရာသို့ ပန်းရုံများကို အကာအကွယ်ယူကာ ခြေသံမကြားရအောင် မြက်ခင်း ပေါ်တွင် ကိုယ်ကိုဖော့၍ ခြေဖျားထောက်ပြီး လာနေသည်ကို တွေ့ရပေသည်။

ပန်းရုံများကြားမှ သီရိဖြတ်ကမွန်နှင့် မိုးအုံးနောင်တို့အား ချောင်းကြည့် လိုက်ရာ နှစ်ဦးစလုံး၏ မျက်နှာမှာ တစ်စုံတစ်ရာ လေးလေးနက်နက် စဉ်းစား နေကြသည့် အမူအရာ ပေါ်လွင်လျက်ရှိပြီး၊ နှစ်ယောက်စလုံး စကားမပြောဘဲ တစ်ဦးကိုတစ်ဦး အကဲခတ်နေသည်ကို မြင်ရသောအခါ နှင်းကေသရာ၏ စိတ်ထဲတွင် သင်္ကာမကင်းဖြစ်လာ၍ သီရိဖြတ်ကမွန်နှင့် မိုးအုံးနောင်တို့ ဆွေး





နွေးနေသည့် စကားများကို ချောင်းမြောင်း နားထောင်လိုသည့် စိတ်များ ဖြစ်ပေါ်လာကာ တရွေ့ရွေ့ ချဉ်းကပ်လာပေသည်။

'ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေတဲ့လူတွေ ရှိနေတယ် ဆိုတာ ဟုတ်တယ်ပဲလား။ ဒီသတင်းကို ဘယ်က ကြားလာခဲ့တာလဲ'

သီရိဖြတ်ကမွန်သည် မိုးအုံးနောင်၏ အမူအရာကို အကဲခတ်နေ ရာ နှစ်ကိုယ်ကြား ပြန်မေးလိုက်သည်။

'အရပ်သတင်းပါ၊ ယုတ္တိမရှိလှပါဘူး'

မိုးအုံးနောင်မှာ စကား ကျွံသွားသည်ကို စဉ်းစားမိသဖြင့် မိမိ ပြောလိုက်သည့် စကားကို မသိမသာ ပြန်နုတ်လိုက်သည်။

'အရပ်စကား မဟုတ်ပါဘူး။ ကျုပ်လည်း ကြားသင့်သလောက် ကြားပြီး ပါပြီ၊ ရှင်ဓမ္မရေလူထွက်ကို အိမ်ရှေ့အရာ ပေးခဲ့စဉ်က မကျေနပ်တဲ့လူတွေက ဆန့်ကျက်ခဲ့ဖူးတယ်။ ဒါပေမဲ့ ဘုရင်မကြီးက အကျိုးသင့် အကြောင်းသင့် ရှင်းပြ လို့ ဘုရင်မကြီးရဲ့ ဆန္ဒနဲ့အညီ လိုက်လျောခဲ့ရတယ်။ ဘုရင်မကြီးရဲ့ အကြောင်း ပြချက်ကလည်း အင်မတန် ခိုင်လုံနေလို့သာ ဘုရင်မကြီးရဲ့ အလိုဆန္ဒကို လိုက်လျောခဲ့ရပေမယ့် အခဲကျေပုံ မရဘူး။ ဘုရင်မကြီး နတ်ရွာစံတော်မူရင် ထီးနန်းလုဖို့ သိုသိုသိပ်သိပ် ကြံစည်ခဲ့ကြတယ်။ ဒီအတောအတွင်း ဘုရင်မကြီးက သမက်တော် ရှင်ဓမ္မရေလူထွက်ကို ဓမ္မစေတီဘွဲ့နဲ့ ဘုရင်မကြီး နတ်ရွာမစံခင် ထီးနန်းလွှဲပြောင်းပေးဖို့ စီစဉ်နေတာကို သိလို့ အိမ်ရှေ့စံ ဓမ္မစေတီကို ထီးနန်း လွှဲပြောင်း မပေးမီ ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေကြခြင်း ဖြစ်တယ်။ ဟံသာဝတီ နိုင်ငံတော်ကြီး တစ်နေ့တခြား စည်ကားတိုးတက်လာပြီး ဘုရင်မကြီး အစိုးရနေ့တခြား တန်ခိုးကြီးထွားလာတာကို အိမ်နီးချင်းနိုင်ငံတွေက မလိုလား ကြဘူး။ ဒါကြောင့် သမက်တော်အကြီးရဲ့ ဘက်တော်သားတွေကို အိမ်နီးချင်း နိုင်ငံ တချို့က သွေးထိုးလှုံ့ဆော်ပေးပြီး လိုအပ်တဲ့ အကူအညီတောင် ပေးနေ တယ်လို့ သတင်းကြားတယ်'

သီရိဖြတ်ကမွန်က မိမိ ကြားသိထားသည့် သတင်းကို ပြန်လည်၍ ထောက်သည်ချလိုက်ရာ ထိုအခါကျမှ မိုးအုံးနောင်မှာ စောစောက မိမိပြောလိုက် သည့် စကားများအတွက် လိပ်ပြာလန့်နေရာမှ သီရိဖြတ်ကမွန်မှာ မိမိနှင့် သဘောထားကြည်ချက်ချင်း တူသူဖြစ်သည်ကို သိမြင်လာကာ အနည်းငယ် ဘဝင်ကျသွား ပေသည်။ သို့ရာတွင် သီရိဖြတ်ကမွန် နောက်ဆုံး ပြောလိုက်သည့် စကားများ ကြောင့် ထိတ်လန့်တုန်လှုပ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘုရား ဘုရား၊ ဒီကိစ္စမှာ ပြည်ပကပါ စွက်ဖက်နေပြီ ဆိုပါတော့ ဒီလိုဆိုရင်တော့ ပြဿနာဟာ သိပ်မသေးဘူး'

မိုးအုံးနောင်က ဘုရင်မကြီးအတွက် စိုးရိမ်မကင်းသည့် အမူအ ဖြင့် ပြောလိုက်သည်။

'မှန်တယ်၊ ပြဿနာကတော့ သိပ်မသေးဘူး။ ပြည်ပစွက်ဖက်မှု အရေးမစိုက်လောက်ဘူး ဆိုပေမယ့် ပြည်တွင်းအန္တရာယ်ကိုတော့ အထ သေးလို့ မဖြစ်ဘူး။ ဘုရင်မကြီးရဲ့ လုံခြုံရေးအတွက် ကျုပ်တို့ အသက်ပေး ကာကွယ်ရလိမ့်မယ်။ ပြည်ပအန္တရာယ်ကို တွန်းလှန် ဖြိုခွင်းရလိမ့်မယ်။ ဘုရ ကြီးရဲ့ လက်ထက်တော်မှာ နိုင်ငံတော်ဟာ အေးချမ်းသာယာတယ်။ နိုင်ငံ နိုင်ငံသားတွေဟာ အချုပ်အချယ် မရှိဘဲ တရားမျှတမှု၊ လွတ်လပ်မှုနဲ့ ညီ ဆိုတဲ့ တူညီတဲ့ အခွင့်အရေးတွေ ရရှိနေကြတယ်။ ဘုရင်မကြီးသာ လုပ်ကြ ရရင် ကျုပ်တို့ရဲ့ နိုင်ငံတော်ဟာ ဝါးအစည်းပြေသလို ဖရိုဖရဲဖြစ်ပြီး သူတစ် ရဲ့ လက်အောက် ကျွန်သပေါက်ဘဝကို ရောက်သွားလိမ့်မယ်။ တရားမျှတ လွတ်လပ်မှု၊ ညီမျှမှု ဆိုတဲ့ အခွင့်အရေးတွေ ဆုံးရှုံးပြီး လူစင်စစ်က နဖားကြ အထိုးခံရလိမ့်မယ်။ ဘုရင်မကြီး သက်တော်ထင်ရှား ရှိနေသမျှ ကျုပ်တို့ နိုင်ငံတော်ဟာ တစ်နေ့တခြား စည်ပင်တိုးတက်လာမှာ သေချာတယ်။ ဘုရ ကြီး လုပ်ကြံခံရလို့ နတ်ရွာစံတာနဲ့ တစ်ပြိုင်နက် နိုင်ငံသူ နိုင်ငံသားတွေဟ အမိမဲ့သား ရေနည်းငါးလို ဖြစ်ကုန်လိမ့်မယ်။ ဘုရင်မကြီးရဲ့ လုံခြုံရေး သက်တော်ရာကျော် အစွန့်ရှည်စွာ နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်နိုင်ရေးအတွ ကျုပ်တို့ အသက်နဲ့ လဲပြီး ကာကွယ်ရမယ်။ ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစ နေတဲ့ လူတွေက ဘုရင်မကြီးနဲ့ နောက်တော်ပါးက နောက်ယောင်ခံလိုက်နေ ပြီး အလစ်ကို ချောင်းနေကြတယ်။ ဒါကို မျက်ခြည်ပြတ်ခံလို့ မဖြစ်ဘူး'

သီရိဗြတ်ကမွန်က မိမိ၏ စိုးရိမ်ချက်ကို ထုတ်ဖော်လိုက်ပြီး ဘုရ ကြီး၏ လုံခြုံရေးအတွက် မိမိ ရှေ့ဆုံးမှ အသေခံပြီး ရန်သူများကို ဖယ် ပစ်ရန် သန္နိဋ္ဌာန် ချထားပုံကိုပါ ဖွင့်ဟလိုက်သည်။

'ရတနာ သုံးပါးရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် ဘုရင်မကြီး သက်တေ ရာကျော် ရှည်ပါစေ၊ ဘေးရန်အပေါင်းမှ လွတ်မြောက်ပါစေလို့ ဆုတော ရတာပဲ'

မိုးအုံးနောင်က ဘုရင်မကြီးအတွက် စိုးရိမ်သည့် အမူအရာဖြင့် ဆု တောင်းလိုက်သည်။





'ဆုတောင်းနေရုံနှင့် မပြီးသေးဘူး။ ဘုရင်မကြီး ကိုယ်တော်တိုင် ဘြာမီ ဆောင်းတူးမြို့ကို တိုင်းခန်းလှည့်လည်တော်မူဖို့ အစီအစဉ် ရှိတယ်'

'သေချာရဲ့လား၊ ကျွန်တော် ကြားသိရတဲ့ သတင်းတစ်ခုက စစ်တောင်း ဘက်ကို တိုင်းခန်းလှည့်လည်တော် မူလိမ့်မယ်လို့ ဆိုတယ်'

'မှန်ပါတယ်၊ စစ်တောင်းဘက်ကို တိုင်းခန်းလှည့်လည်တော်မူရင်း ဆောင်းတူးကို ဝင်လိမ့်မယ်လို့ သတင်းကြားတယ်။ အကြည်တော် သိတဲ့အတိုင်း နတ်ရွာစံ ဆောင်းတူးမြို့စားကြီးဟာ ဘုရင်မကြီးနဲ့ ခမည်းတော် ရာဇဓိရာဇ် ဘုရင်မင်းတရားကြီးရဲ့ လက်ရုံးတစ်ဆူလို အားကိုးတော်မူခြင်း ခံရတဲ့ လူရင်း အယောက် ဖြစ်တယ်။ ဘုရင်မင်းတရားကြီး အတွက် အသက်ပေးပြီး တိုက်ခဲ့ စစ်သီး ဝင်ခဲ့သူလည်း ဖြစ်တယ်။ အောင်ပွဲတွေလည်း ရခဲ့တယ်။ ဘုရင်မကြီးရဲ့ လက်ထက်တော်မှာ ဆိုရင်လည်း နတ်ရွာစံ မြို့စားကြီးကို အတော် မြှောက်စားခဲ့ တယ် မဟုတ်လား။ စစ်တောင်းဘက်ကို တိုင်းခန်းလှည့်လည်တော်မူရင်း ဆောင်းတူးကို မဝင်ဘဲ မနေဘူး'

သီရိဗြတ်ကမွန်က ရှင်းပြလိုက်ရာ မိုးအုံးနောင်မှာ ဘုရင်မကြီး၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်သွားပြန်သည်။

'ဘုရား ဘုရား၊ ဆောင်းတူးမြို့ဘက်ကို ဘုရင်မကြီး ခြေဦးလှည့် တော် မမူပါစေနဲ့လို့ ဆုတောင်းရတာပဲ။ ဆောင်းတူးမြို့နယ်တစ်ဝိုက်မှာ သမက်တော် အကြီးရဲ့ ဘက်တော်သားတွေ ကြီးစိုးနေတယ် ဆိုတာ ဘုရင်မကြီး နားတော်ကြားအောင် လျှောက်တင်မယ့်သူ မရှိတော့ဘူးလား'

မိုးအုံးနောင်က စိုးရိမ်တကြီး ပြောလိုက်သည်။

'ဆောင်းတူးမြို့နယ်မှာ ဆိုရင် နှင်းကေသရာတို့မောင်နှမ တန်ခိုး ကြီးဆုံး၊ အင်အားအကြီးမားဆုံးပဲ မဟုတ်လား။ သူတို့ရဲ့ စိတ်ထားသဘော ထားကကော ဘယ်လိုလဲ။ ဘုရင်မကြီးအပေါ်မှာ ကျေးဇူးသစ္စာတော် စောင့်သိ တယ် မဟုတ်လား'

သီရိဗြတ်ကမွန်က ပြန်မေးလိုက်သည်။

'မြို့စားလေး ဗညားအိမ်ကတော့ ဘုရင်မကြီးအပေါ်မှာ အသက်နဲ့ ပြီး ကျေးဇူးသစ္စာတော် စောင့်သိတာ အမှန်ပဲ။ ဒါကိုတော့ ကျွန်တော် စိတ်မသုန် ယုံကြည်တယ်'

'နှင်းကေသရာရဲ့ သဘောထားကကော ဘယ်လိုလဲ'

သီရိဗြတ်ကမွန်က ပြန်မေးလိုက်သည်။

'နှင်းကေသရာရဲ့ စိတ်ရင်းစေတနာ အတိုင်းသာဆိုရင်တော့ ဘုရင်မ



www.burmeseclassic.com

www.burmeseclassic.com



ကြီး အပေါ်မှာ ကျေးဇူးသစ္စာတော် စောင့်သိတာ အမှန်ပဲ။ ဒါပေမဲ့ ဗိုလ်မင်း သိတဲ့အတိုင်း နှင်းကေသရာက မာန်မာနခက်ထန်တယ်။ သူ့ပတ်ဝန်းကျင်က သူ့ကို မြှောက်ပင့်သွေးထိုးပြီး ကိုယ်ကျိုးရှာနေတဲ့ လူတွေသာ များတယ် ဘုန်းကြီးလူထွက်ကို အိမ်ရှေ့အရာ ပေးရမလားဆိုပြီး နှင်းကေသရာရဲ့ နှုတ်ဖျားက ကန့်ကွက်ပြောဆိုတာကို ဗိုလ်မင်း ကြားကောင်းကြားရလိမ့်မယ်။ ဒါဟာ သူ့ရဲ့ စိတ်ရင်းစေတနာအတိုင်း ပြောနေတာ မဟုတ်ဘူး။ သူ့ကို မြှောက်ပင့်ပြီး သွေးထိုးလှုံ့ဆော်နေတာကို အဟုတ်ကြီးထင်ပြီး ပြောနေတာပါ။ ဒါကို ဗိုလ်မင်း သိထားစေချင်တယ်'

'ခုလို သိထားရတာ ဝမ်းသာပါတယ်'

'ဘုရင်မကြီးအပေါ်မှာ နှင်းကေသရာ မမိုက်မသုန် ကျေးဇူးသစ္စာတော် စောင့်သိတယ်ဆိုတာလည်း ဗိုလ်မင်း စွဲစွဲမြဲမြဲ ယုံကြည်တော်မူပါ စိုးစဉ်းမျှ သံသယ မရှိပါနှင့်'

'နှမ်းတစ်စေ့စာမျှ သံသယမရှိပါဘူး။ ဒါပေမဲ့ အကြည်တော် ပြောတဲ့အတိုင်း ပတ်ဝန်းကျင်အသိုင်းအဝိုင်းက မြှောက်ပင့်ပြီး သွေးထိုးလှုံ့ဆော်နေတာကို အဟုတ်ကြီးထင်မှတ်ပြီး သူတို့ရဲ့ ပရိယာယ်စက်ကွင်းထဲ ဝင်တိုးမိရင် နှင်းကေသရာ ဘေးတွေ့လိမ့်မယ်။ ဒီတော့ကာ ဘုရင်မကြီးအပေါ်မှာ ကျ... အသက်နဲ့လဲပြီး ကျေးဇူးသစ္စာတော် စောင့်သိကြသလို နှင်းကေသရာ အမြင်မှန် ရလာအောင် ကျုပ်တို့နှစ်ယောက် ပူးပေါင်းပြီး မနားမနေ ကြိုးစားသွားဖို့ သ... ဆိုကြရင် မကောင်းဘူးလား။ နှင်းကေသရာ အပေါ်မှာ ကျရောက်လာမယ့် ရှိတဲ့ ဘေးအန္တရာယ်ကို ကျုပ်တို့နှစ်ယောက် စိတ်တူသဘောတူ ပူးပေါင်း ကာကွယ်ဖို့ အဓိဋ္ဌာန်ပြုကြရင် မကောင်းဘူးလား။ မာန်မာနတည်းဟူသော တိမ်သလာ ဖုံးအုပ်နေသဖြင့် အမှန်တရားကို မြင်နိုင်စွမ်းမရှိတဲ့ နှင်းကေသရာကို မာန်မာနတည်းဟူသော တိမ်သလာများ ဖယ်ရှားပြီး အမြင်မှန်ရလာအောင် ကျုပ်တို့ ပူးပေါင်းကြိုးစားရင် မကောင်းဘူးလား'

သီရိဇြတ်ကမွန်က အဆိုပြုလိုက်သည်။

သီရိဇြတ်ကမွန်၏ စကားမဆုံးမီပင် ပန်းရုံများ လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး ပန်းရုံများအကြားမှ နှင်းကေသရာ ထွက်လာသည်ကို မြင်ရသဖြင့် နှစ်ယောက်သား အံ့အားသင့် ငေးစိုက်ကြည့်နေမိပေသည်။

'သခင်မကို မာန်မာနတရားတွေ ဖုံးအုပ်နေလို့ အမြင်မှန်မရနိုင်ဘူးလို့ ပြောနေတာ သခင်မ မကြားဘူး ထင်သလား။ သခင်မ အားလုံး ကြားတယ် သခင်မကို ဘယ်သူမှ မြှောက်ပင့်ပြီး သွေးထိုးလှုံ့ဆော်လို့ မရဘူး။ သခင်မ





...ဘယ်ထင်ရင် ဘယ်သူမှ တားလို့မရဘူး။ သခင်မရဲ့ သဘောထားကို ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ထုတ်ဖော်လိုက်မယ်။ ဘုန်းကြီးလူထွက်ကို ...ရှေ့အရာ ပေးအပ်ထားတာဟာ မတရားဘူး။ သခင်မ မထောက်ခံနိုင်ဘူး။ ...ပြင်းထန်ထန် ကန့်ကွက်တယ်။ ဒါဟာ သခင်မရဲ့ သဘောထားပဲ။ သခင်မ ...မြှောက်ပင့်ပြီး သွေးထိုး လှုံ့ဆော်ပေးတိုင်း သခင်မ နားယောင်လိမ့်မယ် ...ထင်နဲ့'

နှင်းကေသရာက စိတ်လိုက်မာန်ပါ ပြောချလိုက်ရာ မိုးအုံးနောင်မှာ ...စိတ်ပျာပျာ ဖြစ်သွားပေသည်။ အနီးအနား ပတ်ဝန်းကျင်တွင် လူသူမသေး ...ရှိ ကျီးကန်းတောင်းမှောက် ကြည့်လိုက်သည်။ ပြီးမှ နှင်းကေသရာအား ...ချီးတောင်းပန်သည့် အမူအရာဖြင့် ပြန်ကြည့်လိုက်သည်။

'နှင်းကေသရာ၊ နှင်းကေသရာ ဘာဖြစ်လို့ ဒီစကား ပြောလိုက်ရတာ ... ဘုရင်မကြီးရဲ့ ရွှေနားတော် ပေါက်ကြားသွားမှဖြင့် ဒုက္ခလှလှကြီး တွေ့...မယ်။ သေဒဏ်အထိ အင်မတန် ကြီးလေးတဲ့ အပြစ်ဒဏ် သင့်စေနိုင်တဲ့ ...အောက်မှုကြီးကို ဘာဖြစ်လို့ ကျူးလွန်ချင်ရတာလဲ။ နှင်းကေသရာ အပြော ... ဆင်ခြင်တော်မူပါ'

မိုးအုံးနောင်က တောင်းပန်လိုက်သည်။

'သူများ ယောင်လို့ ယောင်၊ အမောင် တောင်မှန်း မြောက်မှန်း မသိ...လို ဖြစ်နေလိမ့်မည်ကို သတိပြုတော်မူပါ'

သီရိဇြတ်ကမွန်ကပါ ဝင်ပြီး သတိပေးလိုက်သည်။

'တော်၊ တန်၊ တိတ်။ သခင်မကို ဘယ်သူမှ သွေးထိုးလှုံ့ဆော်လို့ ...ယောင်ဘူး။ သခင်မပြောလိုက်တဲ့ စကားကို ဘယ်သူကြားကြား အရေး...ဘူး။ ဘုရင်မကြီးရဲ့ ရွှေနားတော်ကို ပေါက်ကြားပါစေ၊ အရေးမစိုက်ပါဘူး။ ...ဟာ နတ်ရှာစ် ဆောင်းတူးမြို့စားကြီးရဲ့ သမီးဦးရတနာပါ။ ဖမည်းတော် ...ရှာစ် မြို့စားကြီးဟာ ရာဇာဓိရာဇ် ဘုရင်မင်းတရားကြီးမှအစ သမီးတော် ...ဘုရင်မကြီး လက်ထက်တော်အထိ ဘုရင်အဆက်ဆက်နဲ့ နိုင်ငံတော် ...မှာ အသက်နဲ့လဲပြီး ကျေးဇူးတော် စောင့်သိခဲ့တယ် ဆိုတာ လူတိုင်း ...တယ်။ သခင်မလည်း ဖမည်းတော်ရဲ့ သွေးပါသူဖြစ်တဲ့အတွက် ဘုရင်မကြီးနဲ့ ...တော်အပေါ်မှာ အသက်ပေးပြီး ကျေးဇူးသစ္စာတော် စောင့်သိရှိသေမယ်။ ...ပေမဲ့ ဘုန်းကြီးလူထွက်ကို အိမ်ရှေ့အရာ ပေးထားတာတော့ မတရားဘူး။ ...ခင်မရဲ့ စိတ်ထဲမှာ ရှိတာတော့ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောရမှ ကျေနပ်တယ်။ ...ရင်မကြီးကို သခင်မ ရိုသေတယ်၊ လေးစားတယ်၊ မြတ်နိုးတယ်။ ဘုရင်မကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နိုင်ငံတော်အပေါ်မှာ သခင်မ အသက်ပေးပြီး ကျေးဇူးသစ္စာတော် စောင့်သိ ရှိသေမယ်။ ဘုန်းကြီးလူထွက်ကို နန်းလျာထားတာကို မတရားဘူးလို့ သခင်မ ယုံကြည်ပေမယ့် ဘုရင်မကြီးအပေါ်မှာ ကျေးဇူးသစ္စာ စောင့်သိသောအားဖြင့် ဆောင်းတူးမြို့ကို ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာရင် သခင်မ ကိုယ်တော်တိုင် ဘုရင်မကြီးရဲ့ ခြေတော်စုံကို ဦးခိုက်ပြီး ကြိုဆိုမယ်။ ဘုရင်မ ကြီး ဘေးအန္တရာယ် ကင်းရှင်းအောင် သခင်မ အသက်နဲ့လဲပြီး အကာအကွယ် ပေးမယ်။ ဒါဟာ သခင်မရဲ့ သဘောထားပဲ'

နှင်းကေသရာသည် ဒေါနှင့်မောနှင့် စိတ်လိုက်မာန်ပါ ပြောပြီးနောင် ထဘီကို စွန်တောင်ဆွဲ၍ ခြေဆောင့်ပြီး ထွက်သွားပေရာ၊ သီရိဖြတ်ကမွန်နှင့် မိုးအုံးနောင်တို့မှာ ပါးစပ် အဟောင်းသားနှင့် ကျန်ရစ်ခဲ့ပေသည်။

## အခန်း ၁၀

တစ်ခုသော နံနက်ခင်းတွင် သီရိဖြတ်ကမွန်သည် အရိပ်အာဝါသ ကောင်းသော သစ်ပင်တစ်ပင်၏ အောက်တွင် ထိုင်၍ ပေရွက်တစ်ရွက်ပေါ်၌ ကညစ်တံဖြင့် ရေးခြစ်နေသည်ကို တွေ့ရပေသည်။ ထိုသို့ ရေးခြစ်နေရာမှ ရံဖန်ရံခါ မိုးသား ကင်းစင်သည့် အပြာရောင် ကောင်းကင်ကို မော့ကြည့်ပြီး စဉ်းစားလိုက် စဉ်းစားရာမှတစ်ဖန် စိတ်ကူးရသည့် အချက်အလက်များကို ပေရွက်ပေါ်တွင် ရေးခြစ်လိုက်နှင့် တစ်ယောက်တည်း စာပေသီကုံးဖွဲ့နွဲ့လျက် ရှိစဉ် ပေရွက်ပေါ် တွင် ကညစ်တံနှင့် ရေးခြစ်နေသည့် အသံများကြားမှ ညီညီညာညာ လှမ်း လာနေသော ခြေသံများကို ကြားရသဖြင့် သီရိဖြတ်ကမွန်၏ စိတ်အာရုံမှာ စာပေသီကုံးဖွဲ့နွဲ့နေရာမှ ခြေသံကြားရာသို့ လွင့်ပါသွားပြီး မျှော်ကြည့်လိုက်ရာ သပ်သပ်ရပ်ရပ် ဝတ်စားပြီး ကြည်လင်ရွှင်ပျသည့် အမူအရာဖြင့် လာနေသော မင်းစည်သူကို မြင်လိုက်သဖြင့် ပေရွက်နှင့် ကညစ်တံကို လက်မှချ၍ မင်းစည်သူ အား ပြုံး၍ နှုတ်ဆက်လိုက်သည်။

'ဗိုလ်မင်း တစ်ယောက်တည်းပါလား၊ အဖော် မရှိဘူးလား'

မင်းစည်သူက ပြုံးရွှင်သော အမူအရာဖြင့် ပြန်၍ နှုတ်ဆက်လိုက် သည်။

'အဖော်မလိုပါဘူး၊ အဖော်ရှိရင် စာတောင် ရေးလို့ရမှာ မဟုတ်ဘူး ဒါထက် ငါ့ကို ဗိုလ်မင်းလို့ မခေါ်ပါနဲ့။ လူလူချင်း တန်းတူဆက်ဆံဖို့ သဘောတူ ခဲ့ကြတယ် မဟုတ်လား'





'ပါးစပ်က အကျင့်ပါပြီး နှုတ်ကျိုးနေလို့ပါ။ သည်းခံပါ၊ ဒါထက် ...ကြီးဆီကို နှင်းကေသရာ သခင်မ ကြွတော်မမူလာဘူးလား'

'ဘာဖြစ်လို့ ငါ့ဆီကို နှင်းကေသရာ သခင်မ ကြွတော်မူလာရမှာလဲ'

'အကြောင်းအမျိုးမျိုးကို ယိုးမယ်ဖွဲ့ပြီး နောင်ကြီးကို နှင်းကေသရာ ...ခ လိုက်ရှာနေတာ တွေ့ရလို့ပါ'

'ငါတို့က နှင်းကေသရာသခင်မရဲ့ ကြေးစား အမှုထမ်းတွေဆိုတော့ ...ရာ စေစရာ၊ တာဝန်ပေးစရာ တစ်ခုခုရှိလို့ လိုက်ရှာနေတာ ဖြစ်မှာပေါ့ ...ကျွန် ထွန်တဲ့နွား ဆိုတဲ့ စကားအရှိသားပဲ မဟုတ်လား'

'နောင်ကြီး ပြောသလို မဟုတ်ပါဘူး။ နောင်ကြီးကို နှင်းကေသရာ ...ခင်မက ကြေးစားအမှုထမ်းလို သဘောမထားပါဘူး။ နောင်ကြီးကို သူ့ရဲ့ ...ချင်သခင်လို သဘောထားပြီး လေးလေးစားစား ဆက်ဆံတာကို ကျွန်တော် ...ပြုမိပါတယ်။ သခင်မ ရင်ဆိုင်ရတဲ့ အခက်အခဲ ပြဿနာတွေကိုလည်း ...ကြီးကို ပွင့်ပွင့်လင်းလင်း တင်ပြပြီး လေးလေးစားစား အကူအညီ တောင်း ... တွေ့ရပါတယ်။ နောင်ကြီးကို ကျေးကျွန်လို သဘောမထားဘဲ အရှင် ...ခင်လို သဘောထားသည်မှာ ထင်ရှားနေပါတယ်'

'အရှုးစကား မပြောစမ်းပါနဲ့။ နှင်းကေသရာ သခင်မက မြို့စားကြီးရဲ့ ...ဦး။ မြို့စားလေးရဲ့ အစ်မတော်။ ငါက အညတရ သီရိဖြတ်ကမွန်'

'မှန်ပါတယ်၊ နောင်ကြီးဟာ အညတရ သီရိဖြတ်ကမွန်ဆိုတဲ့ နာမည် ...ကျော်လျော့ညီစွာ သူတစ်ပါး အကျိုးစီးပွား အလို့ငှာ ကိုယ်ကျိုးစီးပွားကို ...စွန့်ခဲ့သူ ဖြစ်ပါတယ်။ သူတစ်ပါး ချမ်းသာပျော်ရွှင်ရေးအတွက် ဆင်းရဲ ...ခံခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း နောင်ကြီးကို ကျွန်တော် လေးစား ...သိခဲ့ခြင်း ဖြစ်ပါတယ်၊ ချစ်ခင်မြတ်နိုးခဲ့ခြင်း ဖြစ်ပါတယ်။ ဤဇမ္ဗူမှာ ...ဖြတ်ကမွန်နဲ့ တူသူ သီရိဖြတ်ကမွန် တစ်ဦးသာ ရှိပါတယ်။ ယခုလည်းပဲ ...တစ်ပါးရဲ့ အကျိုးအတွက် စာပေသီကုံး ဖွဲ့နွဲ့နေတာ မဟုတ်လား။ နယ်သူ ...သား ဆင်းရဲသား တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားအလို့ငှာ ...ရှုးတို ဆင်ကန်းတောတိုး လုပ်တတ်တဲ့ မြို့စားလေး ဗညားအိမ်ကို ...သူနယ်သားတွေ အားကိုးအားထား ပြုနိုင်မယ့် မြို့စားကောင်းတစ်ယောက် ...လာအောင် ကိုယ်ကျိုးကို စွန့်ပြီး ဆင်းရဲပင်ပန်းခံနေတာ မဟုတ်လား။ ...ခဲ့ နောင်ကြီး ပင်ပန်းခံရကျိုး နပ်မှာ မဟုတ်ဘူး ထင်တယ်'

မင်းစည်သူသည် သစ်ပင်ခြေရင်းတွင် ထောင်ထားသည့် ဓားနှစ်လက် ... ကြည့်ရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုစကား ပြောလိုက်တာလဲ၊ ဘာဖြစ်လို့ ပင်ပန်းခံရကျိုး မနပ်ဘူးလို့ ပြောနိုင်တာလဲ'

'ကျွန်တော် ရှင်းပြပါမယ်။ ဒီနေ့မနက် မြို့စားလေး ဗညားအိမ်… ဓားသိုင်းပညာ လက်တွေ့သင်ခန်းစာ ပေးဖို့ အစီအစဉ် ရှိတယ် မဟုတ်လား… မြို့စားလေး ဗညားအိမ် လာလိမ့်မယ် ထင်လို့ နောင်ကြီး ဒီနေရာမှာ လာစော…နေတာ မဟုတ်လား'

'ဒါ ဘာဖြစ်သလဲ'

'နောင်ကြီး တစ်နေကုန် စောင့်ပေမယ့် မြို့စားလေး လာမှာ မဟုတ်ဘူး။ စောင့်ရကျိုး နပ်မှာ မဟုတ်ဘူး'

'ဘာဖြစ်လို့ မလာရမှာလဲ၊ သူကိုယ်တိုင် ချိန်းထားတဲ့ဥစ္စာပဲ'

'ချိန်းထားတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ဒီနေ့မနက် မြို့စားလေး အလိုလိုနေရင်း စိတ်တိုနေတယ်။ ဟိုလူ့ကို မာန်လိုက်၊ ဒီလူ့ကို မဲလိုက်။ စိတ်… မထင်ရင် အနီးအနားမှာ ရှိတဲ့ ပစ္စည်းနဲ့ ကိုင်ပေါက်လို ပေါက်နဲ့။ ဘယ်… စိတ်မျိုး ပေါက်နေမှန်း မသိဘူး'

'အစ်မတော် နှင်းကေသရာနဲ့တောင် ကတောက်ကဆ စကားများ… သေးတယ်။ အစ်မတော်ကို အော်လား ငေါက်လား လုပ်လို့ အစ်မတော်… ဒေါသူပုန် ထပြီး ဆူပူကြိမ်းမောင်းလိုက်တော့မှ ငြိမ်သွားတယ်။ အစ်မတော်… ကြောက်လို့သာ ငြိမ်သွားပေမယ့် အစ်မတော် ကွယ်ရာမှာ သောင်းကျန်း… သောင်းကျန်းနေတယ်'

မင်းစည်သူက ရှင်းပြလိုက်သည်။

'ဒီလိုဆိုရင် ဒီအတိုင်း လက်ပိုက်ပြီး ကြည့်နေလို့ မဖြစ်ဘူး။ … သွားခေါ်ဦးမှ ဖြစ်မယ်'

သီရိဗြတ်ကမွန်သည် ပြောပြောဆိုဆို ရေးလက်စ ပေရွက်များ… ကောက်ယူလိုက်သည်။

'မြို့စားလေး ဗညားအိမ်ကို ယဉ်ပါးလာအောင် ရေ့ဆောင်လမ်း… နိုင်မယ့် ပုဂ္ဂိုလ်ဆိုလို့ နောင်ကြီး သီရိဗြတ်ကမွန် တစ်ဦးပဲ ရှိလိမ့်မယ် ထင်တယ်… မြို့စားလေးကို နောင်ကြီးကိုယ်တိုင် ဖျောင်းဖျ နားချပါဦး'

မင်းစည်သူက ပြန်ပြောလိုက်သည်။

'နို့ မင်းကကော ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ပြီး ဘယ်… ရွှေစကြာ ပြန့်မလို့လဲ'





သီရိဗြတ်ကမွန်က မင်းစည်သူအား ခြေဆုံးခေါင်းဆုံး ကြည့်ရင်း …ကိုက်သည်။

'ဟိုရှေ့က ရွာကလေးကို သွားမလို့ပါ'

'ဇောလကွန်ရဲ့ လယ်ထဲကို သွားမလို့ မဟုတ်လား။ ဒါကြောင့် …ကောင်းစားလှတွေ ဝတ်ဆင်လာတာကိုး'

'နောင်ကြီး ပြောတာ သိပ်မှန်တယ်'

'ဒါထက် ဇောလကွန်ရဲ့တူမ မင်းညိုမြ တစ်ယောက်ကော'

'မင်းညိုမြ ကတော့ တစ်နေ့တခြား အလှကျက်သရေ တိုးနေတာပဲ။ …မှာပွင့်တဲ့ပန်း ဆိုပေမယ့် မြို့မှာပွင့်တဲ့ ပန်းထက်ပင် လန်းဆန်းစိုပြည် …တယ်'

'မွန်မြတ်သန့်စင်တဲ့ စိတ်ထားလည်း ရှိတယ် မဟုတ်လား'

'နောင်ကြီး ပြောတာ သိပ်မှန်တာပဲ'

'ဒါကတော့ ကိုယ်ထင်ရင် ခုတင်ရွှေနန်း ဆိုတဲ့ စကားအရှိသားပဲ။ …မဲ့ မင်းညိုမြကတော့ တကယ့်ကို စိတ်ထားဖြူစင်တဲ့ မိန်းကလေးပါ။ …ညိုမြ အပေါ်မှာ မင်း သစ္စာရှိဖို့ လိုတယ်'

'ဒီအတွက် စိတ်ချပါ'

'ဒါထက် နေစမ်းပါဦး။ မင်းရဲ့ချစ်သူဆီကို သွားမယ့်ဥစ္စာပဲ။ ဘာဖြစ် …ဓားကြီးလွယ်လာရတာလဲ။ ခါးကြားမှာလည်း ဓားမြှောင်နဲ့ပါလား။ …င်နက်တွေက ဘာလုပ်ဖို့လဲ'

'အသက်ဘေးကို စိုးရိမ်ရလို့ အကာအကွယ် ယူလာခဲ့တာပါ။ ကျွန်တော် …နောက်ကို ခြေရာခံပြီး လိုက်နေတဲ့လူတွေ ရှိတယ်။ အလစ်မှာ အသက်ကို …ယ်ပြုဖို့ ကြံစည်နေကြောင်းလည်း သိရတယ်။ ကျွန်တော့်ကို ချုံခိုတိုက်ခိုက် …သကြောင်းကြံခဲ့တာ သုံးကြိမ်တောင် ရှိသွားပြီ။ ကျွန်တော် မျက်စိရှင်လို့ …ခုအချိန်အထိ အသက်ရှင်နေသေးတာ'

'ဟင် ဟုတ်လား'

'ဒီစကား အမှန်ပါ။ မနေ့က ကျွန်တော်တစ်ယောက်တည်း မြင်းစီးပြီး …လကွန်ရဲ့ လယ်ထဲကို သွားပါတယ်။ လယ်ထဲရောက်ခါနီး လမ်းကျဉ်းကလေး …ချုံပုတ်တွေ ရှိတယ်။ အဲဒီ ချုံပုတ်တွေကြားမှာ လူရိပ်မြင်လို့ မြင်းပေါ်မှ …ဆင်းပြီး ဓားနဲ့လိုက်တော့မှ ထွက်ပြေးကြတယ်။ လွန်ခဲ့တဲ့ သုံးရက်လောက်… …ကလည်း ဇောလကွန်ရဲ့ လယ်ထဲက ပြန်အလာ လမ်းခရီးမှာ ဒုးလေးနဲ့ …ချင်းခြောင်းပြီး အပြစ်ခံရသေးတယ်။ ကျွန်တော့်စိတ်ထင် ပြောရမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကို အန္တရာယ်ပြုဖို့ ချောင်းမြောင်းနေတဲ့ လူတွေဟာ ဗိုလ်မှူး သမိန်စက္ကဝေါရဲ့ ကြေးစား လူရမ်းကားတွေ ဖြစ်လိမ့်မယ်။ နောင်ကြီးကိုလည်း အလစ်မှာ ချောင်းမြောင်းပြီး လုပ်ကြံဖို့ အကြံအစည်ရှိကြောင်း သိရတယ်'

'ငါ့ကို ချောင်းမြောင်းလုပ်ကြံဖို့ အကြံအစည် ရှိတာကိုတော့ ငါ သိပါတယ်။ ဒါပေမဲ့ အရေးစိုက်စရာ မလိုပါဘူး။ သတိတရား လက်ကိုင် ထားရင် ခွေးတိရစ္ဆာန်ကောင်တွေရဲ့ အကြံအစည် မအောင်မြင်နိုင်ပါဘူး'

'အရေးမစိုက်စရာ ဆိုပြီး ပေါ့ပေါ့နေလို့ မဖြစ်ဘူး။ ကျွန်တော်တို့ကို အန္တရာယ်ပြုဖို့ ချောင်းမြောင်းနေတဲ့ သတ္တဝါကောင်တွေဟာ ဘယ်သူဘယ်ဝါ တွေ ဖြစ်တယ်ဆိုတာ ကျွန်တော် ဖော်ထုတ်ပြပါမယ်။ စောင့်သာ ကြည့်နေပါ'

'ဘယ်ပုံဘယ်နည်း ဖော်ထုတ်မှာလဲ'

'ပရိယာယ်ဆင်ပြီး ညွှတ်ကွင်းထောင်ရင် ခွေးတိရစ္ဆာန်ကောင်တွေ တော့ ပြေးမလွတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ခြေလှမ်းကို ဘယ်သူမှ မသိအောင် သိုသိုသိပ်သိပ် အလုပ်လုပ်မှဖြစ်မှာ။ ဒီနေ့ည ကျွန်တော် မိုးအုံးနောင် ရဲ့အိမ်ကို သွားပြီး သူနဲ့အတူ ညစာစားဖို့ အစီအစဉ် ရှိတယ်'

မင်းစည်သူက မိမိ အကြံအစည်ကို တစ်စိတ်တစ်ဒေသ ပြောပြလိုက် သည်။

'မိုးအုံးနောင်ရဲ့ အိမ်ကို သွားဖို့ အစီအစဉ် ရှိတယ်ဆိုရင် ဟော စာလွှာတွေကို ပေးလိုက်စမ်းပါ။ ပြီးတော့ ငါနဲ့ မကြာခင် လူချင်းတွေ့ပြီး ဆွေးနွေးတိုင်ပင်စရာ ရှိတာကို ဆွေးနွေးတိုင်ပင်ကြရအောင် ငါ့ဆီကို လာခဲ့ပါ လို့ ပြောလိုက်စမ်းပါ။ မိုးအုံးနောင်က စိတ်ကောင်းစေတနာ ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်း ငါ ကောင်းကောင်းကြီး သိတယ်'

'စိတ်ကောင်း စေတနာ ရှိတာတော့ အမှန်ပဲ။ ဒါပေမဲ့ ဓား လုံးရေးမှာ ညံ့သေးတယ်။ သိုင်းအကွက်တော့ မှန်ပါတယ်။ ဒါပေမဲ့ အတ အဆုတ် အတိုးအနှုတ်မှာ နှေးကန်တယ်'

'ဒီလိုဆိုရင် မင်းက လက်တွေ့သင်ခန်းစာတွေနဲ့ လျင်မြန်ဖျတ်လတ် လာအောင် သင်ကြားပေးပါလား'

'သင်ကြားပေးနေပါတယ်။ သူ့အိမ်မှာ ညစာစားပြီးရင် လက်တွေ့ သင်ကြားပြသပေးဖို့ အစီအစဉ် ရှိပါတယ်'

'အေး ဒီလိုဆိုရင် ကောင်းတယ်။ ကဲ ငါလည်း ဗညားအိမ်ဆီကို သွားဦး သူ ဘာဖြစ်လို့ စိတ်တိုနေတယ် ဆိုတာ စုံစမ်းလိုက်ဦးမယ်'





သီရိဖြတ်ကမွန်သည် ပြောပြောဆိုဆို ထိုင်ရာမှ ထ လိုက်ပြီး စံ တော် ရှိရာသို့ ထွက်ခွာလာခဲ့ပေသည်။

စံအိမ်တော်ဘက်သို့ ခြေဦးလှည့်မည် မကြံရသေးမီ စံအိမ်တော်ဆီမှ သည့် အသံကြားရသဖြင့် လှမ်းကြည့်လိုက်ရာ၊ အိမ်တော်သားများကို ခန့်မပြီး စံအိမ်တော်ပေါ်မှ ဒေါနှင့်မောနှင့် ဆင်းလာသော မြို့စားလေး အိမ်ကို မြင်လိုက်သဖြင့် သီရိဖြတ်ကမွန်နှင့် မင်းစည်သူတို့သည် ခိုခိုတို့ ရာ အရိပ်တွင် ရပ်တန့်ပြီး ဗညားအိမ်၏ အရိပ်အကဲကို ကြည့်နေ သည်။

ဗညားအိမ်မှာ ဝတ်လဲတော်အသစ်ကို ဝတ်ဆင်ပြီး ကျောက်စီဓားတို ၍ ဥယျာဉ်တော်တွင်းသို့ ဆင်းလာသည်ကို မြင်ရပေသည်။ လက်တွင် ဆင်ထားသော ပတ္တမြားလက်ဝတ်ရတနာနှင့် ကျောက်စီဓားမှ အဖိုးတန် ကျောက်မျက်ရတနာများမှာ နေရောင်အောက်တွင် တဝင်းဝင်း တလက်လက် နေသည်ကို တွေ့ရပေသည်။ ဝတ်လဲတော် သစ်လွင် တောက်ပြောင် သောက် ဗညားအိမ်၏မျက်နှာမှာ ညှိုးပုပ်ပုပ် ဖြစ်နေပေသည်။ အိမ်တော်ပေါ် ဆင်းလာသည့် အခါတွင်လည်း မိမိကိုယ်ကိုမိမိ မဟန်နိုင်ဘဲ ဒယိမ်းဒယိုင် နေသဖြင့် အရက်သေစာ သောက်စားမူးယစ်လာကြောင်း သိနိုင်ပေသည်။

ဗညားအိမ်သည် ဥယျာဉ်တော်အတွင်းသို့ သိုင်းကွက်နင်းပြီး ဆင်း ခဲ့ရာမှ သီရိဖြတ်ကမွန်နှင့် မင်းစည်သူတို့၏ အနီးသို့ ရောက်ရှိလာသော ရီဝေသော မျက်လုံးများဖြင့် ကြည့်နေပေသည်။ ဗညားအိမ်၏ မျက်နှာ မှာ ရှုစ်ခေါက်ချိုး ဖြစ်နေသည်ကို မင်းစည်သူ သတိပြုမိသဖြင့် အလိုက်သိ ဖြင့် ဗညားအိမ်အား ဦးညွှတ်အလေးပြုလိုက်ပြီး ဥယျာဉ်တော်တွင်းမှ သုတ် တင် ပြေးသွားပေသည်။

သီရိဖြတ်ကမွန်မှာမူ ဗညားအိမ်အား တည်ငြိမ်ခံ့ညားစွာဖြင့် လက် ပြီး ကြည့်နေပေသည်။

'သီရိဖြတ်ကမွန် မဟုတ်လား။ ဘာဖြစ်လို့ ရှေ့ကနေပြီး တားဆီး တာလဲ။ လမ်းဖယ်ပေးစမ်းပါ။ ငါအရှင် ကိုဇံတော်မြတ် လာနေတာ ဘူးလား၊ မျက်စိ မရှိဘူးလား'

ဗညားအိမ်သည် အရက်သံပါပါနှင့် သီရိဖြတ်ကမွန်အား ပြောလိုက် လက်ဟန်ခြေဟန်ဖြင့် လမ်းဖယ်ပေးရန် အမိန့်ပေးလိုက်သည်။

'မြို့စားလေး ဆင်ခြင်တော်မူပါ။ အရက်သေစာသည် ကောင်းကျိုး ပေးနိုင်ပါ။ လူဖျက် အရက်ဆိုသည့် စကားရှိသည်ကို သတိပြု ဆင်ခြင်တော်



www.burmeseclassic.com

www.burmeseclassic.com



မူပါ။ လူစိတ် ကင်းမဲ့အောင် အရက်မူးနေချိန်မှာ အိမ်တော်တွင်းသို့ ပြန်၍ အဆောင်တော် အတွင်း၌ စက်တော်ခေါ်လျှင် ပို၍ သင့်လျော်လိမ့်မည် ဖြစ်ကြောင်းပါ'

သီရိဖြတ်ကမွန်က တည်ငြိမ်သည့် လေသံဖြင့် သတိပေးစကား ပြော ကြားလိုက်ရာ၊ ဗညားအိမ်မှာ ဒေါသူပုန် ထ သွားပြီး မျက်နှာတစ်ခုလုံး နီ၍ သွားပေသည်။

'ငါ့ကို ဆရာလုပ်နေစရာ မလိုဘူး။ ငါ ဘယ်သူလဲဆိုတာ သိတယ် မဟုတ်လား'

'အသက်အရွယ် နုနယ်နယ်နဲ့ နတ်ရှာစ် မြို့စားကြီးရဲ့ ရိုက်ရာကို ဆက်ခံခဲ့ရသဖြင့် သွေးနာထင်ရောက်နေပြီး တဖောက်ကန်း တစ်ဖွတ်ထိုး လုပ် တတ်သည့် မြို့စားလေး ဗညားအိမ် ဖြစ်ကြောင်း သီရိဖြတ်ကမွန် ကောင်းစွာ သဘောပေါက်မိကြောင်းပါ။ အရွယ်တော် နုနယ်သော်လည်း ကြီးလေးလှသည့် နိုင်ငံတော်၏တာဝန်ကို ထမ်းရွက်နေရသူ ဖြစ်၍ တဖောက်ကန်း တစ်ဖွတ်ထိုး မလုပ်သင့်ကြောင်းပါ။ တန်ခိုးအာဏာ အရှိန်အဝါသည် လူကို ဖျက်ဆီးတတ် ကြောင်း သတိပြုတော်မူပါ။ တန်ခိုးအာဏာ အရှိန်အဝါ ကြီးမားသူသည် အမှား တစ်ခုလုပ်မိလျှင် မိမိတစ်ဦးတည်းသာ ခံရသည် မဟုတ်။ မိမိ၏အာဏာစက် ကျရောက်ရာ နယ်ပယ်တစ်ခုလုံးကို ထိခိုက်စေနိုင်သဖြင့် အစစအရာရာ သတိ ကြီးစွာထားပြီး ချင့်ချင့်ချိန်ချိန် လုပ်သင့်ကြောင်းပါ။ ပညာရှိ သတိဖြစ်ခဲ ဆိုသလို သတိလက်လွတ် မဖြစ်စေရအောင် ဆင်ခြင်တော်မူပါ။ နတ်ရှာစ်မြို့စားကြီးရဲ့ ခြေရာကို နင်းနိုင်မည့် သားကောင်းရတနာ အဖြစ် ခံယူနိုင်အောင် ကြိုးစား သင့်ကြောင်းပါ'

သီရိဖြတ်ကမွန်က အနည်းငယ်မျှ တုန်လှုပ်သည် အမူအရာ မပြဘဲ မြို့စားလေး ဗညားအိမ်အား ဆုံးမသြဝါဒ ပေးနေပေသည်။

'တော်၊ တန်၊ တိတ်။ ငါ့ကို သွန်သင်ဆုံးမ သြဝါဒ ပေးနေစရာ မလိုဘူး။ တိတ်ဆို တိတ်။ ငါရွှေကိုယ်တော်မြတ် နားခါးတော်မူတယ်။ ဒီမှာ ငါ ရွှေကိုယ်တော်မြတ်ရဲ့ မျက်နှာတော်ကို မော်ဖူးစမ်း။ ဒီနယ်ပယ်မှာ ငါသာလျှင် အရှင်သခင် မဟုတ်လား'

မြို့စားလေး ဗညားအိမ်က အရက်သံနှောပြီး ကြုံးဝါးလိုက်သည်။

'မှန်ပါတယ်၊ ဆောင်းတူးမြို့နယ်မှာ မြို့စားလေးသာလျှင် အရှင်သခင် ဖြစ်ကြောင်း တစ်နိုင်ငံလုံး အသိဖြစ်ကြောင်းပါ။ သို့ရာတွင် မြို့စားလေး၏ စွမ်းရည်သတ္တိဖြင့် အရှင်သခင်ဘဝသို့ ရောက်ရှိလာရခြင်း မဟုတ်ကြောင်းပါ။





ကံလေး ကုသိုလ်ကံကြောင့် နတ်ရှာစ်မြို့စားကြီး၏ သားအဖြစ်သို့ ရောက်ရှိလာကာ မြို့စားကြီး၏ ရိုက်ရာကို ဆက်ခံခွင့် ရခဲ့ခြင်း ဖြစ်သည်ကို သတိပြု ဆင်ခြင်တော်မူပါ။ ကိုယ်ကျိုးရှာ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ မြှောက်စားမှုကို ခံယူရသဖြင့် သွေးနားထင်မရောက်သင့်ကြောင်းပါ။ ...သဖြင့် ငါမြို့စား၊ ငါသာလျှင် အရှင်သခင်ဟူသော မာန်မာနဖြင့် ငါထင်ရာ ...လုပ်မည် ဆိုပြီး အရက်သေစာ သောက်စားမူးယစ်နေခြင်းမှာ မသင့်လျော် ကြောင်းပါ၊ ငါတကော မကောသင့်ကြောင်းပါ။ နတ်ရှာစ်မြို့စားကြီး၏ မျက်နှာ ...နှင့် နယ်သူနယ်သားများ၏ မျက်နှာကို ထောက်ထားသင့်ကြောင်းပါ။ မြို့စားလေး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းသင့်ကြောင်းပါ'

သီရိဖြတ်ကမွန်က အနည်းငယ်မျှ မဖြဲဘဲ စောစောက လေသံအတိုင်း ...လက်၍ သတိပေးလိုက်ပြန်သည်။

'တယ် စော်ကားလှချည့်လား။ ငါ့နယ်ပယ် ငါ့ပိုင်နက် ငါ့ဥယျာဉ် ...တွင်းမှ ငါ့ကို စော်ကားတာ ကောင်းသလား။ ဆောင်းတူးမြို့စား ဗညားအိမ် ...တာ မကြားဖူးဘူးလား။ ကျောတစ်ရာ ရင်တစ်ရာ ဒဏ်ခတ်ပြီး မြိုင်ရပ်ကို ...နှိ အာဏာသား ပါးကွက်တွေရဲ့ လက်ကို အပ်လိုက်ရမလား'

မြို့စားလေး ဗညားအိမ်က ကြိမ်းမောင်းလိုက်ပြန်သည်။

'သီရိဖြတ်ကမွန်ကို ဒီနည်းမျိုးနဲ့ ခြိမ်းခြောက်၍ ရနိုင်လိမ့်မည် မဟုတ် ကြောင်းပါ။ အရက်သေစာ သောက်စားမူးယစ်ပြီး လူစိတ်ကင်းမဲ့နေသဖြင့်သာ ...ယ်ရာသော စကားများ ပြောဆိုနေခြင်း ဖြစ်ကြောင်း သီရိဖြတ်ကမွန် ကောင်းစွာ နှလုံးပိုက်မိကြောင်းပါ။ သေရည်သေရက်ကြောင့် လူစိတ်ကင်းမဲ့ ...ချိန်မှ ကိုယ်သိက္ခာ ကိုယ်ထိန်းသော အားဖြင့် အိမ်တော်သို့ပြန်၍ စောင်ကို ...င်းမြီးခြုံပြီး စက်တော်ခေါ်နေရန်သာ သင့်ကြောင်းပါ'

သီရိဖြတ်ကမွန်က အရေးမစိုက်သည့် အမူအရာဖြင့် ပြန်လည် ...ောက်တင်လိုက်ရာ၊ မြို့စားလေး ဗညားအိမ်မှာ မိမိ၏စိတ်ကို ချုပ်တည်း၍ ...နိုင်အောင် ဒေါသအမျက် ထွက်လာပေသည်။

'ဟယ်'

ဗညားအိမ်သည် ပါးစပ်မှ ကြုံးဝါးရင်း ကျောက်စီဓားကို ဓားအိမ်မှ ...ချွတ်လိုက်ပြီး သီရိဖြတ်ကမွန်အား ချိန်ရွယ်၍ ခုတ်ပိုင်းလိုက်သည်။ သို့ရာတွင် ...ဝိရှင်လှသော သီရိဖြတ်ကမွန်သည် ဓားကိုင်ထားသည့် ဗညားအိမ်၏ ...ကောက်ဝတ်ကို ၎င်း၏ သန်မာသည့်လက်ဖြင့် ဖမ်း၍ဆုပ်ကိုင်လိုက်ပြီး ...ကို ဆွဲလိမ်လိုက်ရာ ဗညားအိမ်မှာ မိမိကိုယ်ကို မိမိ မဟန်နိုင်ဘဲ မြက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ တုံးလုံးလဲကျသွားပေသည်။ သို့ရာတွင် လက်တွင် ဆုပ်ကိုင်ထားသ
ကျောက်စီလက်သုံးတော်ဓားကို မလွှတ်ဘဲ မြဲမြဲစွာ ဆုပ်ကိုင်ရင်း လူးလဲထ
ကြိုးစားနေပေသည်။

သီရိဖြတ်ကမွန်မှာလည်း ဗညားအိမ်၏ ဓားကိုင်ထားသော လက်
မလှုပ်နိုင် မရုန်းနိုင်အောင် တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး ဗညားအိမ်၏
ပေါ်မှ ခွ၍ ကျန်လက်တစ်ဖက်ဖြင့် ဗညားအိမ်၏ လက်မှဓားကို လုယူ
ကြိုးစားသည်။ ဗညားအိမ်သည် မလျှော့မပေးသေးဘဲ ရှိသမျှ အင်အား
သီရိဖြတ်ကမွန်အား မိမိ၏ကိုယ်ပေါ်မှ ဖယ်ရှားပစ်ရန် ကြိုးစားနေပေသည်။

သို့ရာတွင် သီရိဖြတ်ကမွန်မှာ အပေါ်စီး ရထားသည့်အပြင် အင်အား
ချင်းလည်း မမျှသဖြင့် ဗညားအိမ်မှာ သီရိဖြတ်ကမွန်အား တွန်းထိုးကန်ကျောက်
ရင်း တဖြည်းဖြည်း အားပျော့လာပေသည်။ ၎င်း၏လက်တွင် ဆုပ်ကိုင်ထားသ
ဓားမှာလည်း လွတ်ကျသွားပေသည်။ ပင်ပန်း မောဟိုက်လာသဖြင့် အသက်
ပင် မမှန်တော့ပေ။ မာန်မာန ခက်ထန်လှသော မြို့စားလေး ဗညားအိမ်
အံကိုကြိတ်၍ စိတ်ကိုတင်းပြီး အစွမ်းကုန် ခုခံနေရာမှ မာန်မာန ကျဆင်း
ပြီး ညည်းညူလိုက်သည့် အသံကို ကြားရပေသည်။

တစ်ဦးနှင့်တစ်ဦး အကြိတ်အနယ် ဗိုလ်လုနေကြစဉ် သမိန်စဏ္ဍ
စေလွှတ်လိုက်သည့် ကြေးစား လူရမ်းကားများ၏ လက်ချက်ဖြင့် ဒဏ်ရာ
သော သီရိဖြတ်ကမွန်၏ လက်ဝဲဘက် လက်မောင်းတွင်ရှိသည့် ဒဏ်ရာဟော
နေရာမှ သွေးစိမ်းရှင်ရှင် ထွက်လာပေသည်။

သို့ရာတွင် သီရိဖြတ်ကမွန်သည် လုံးဝအရေးမစိုက်ဘဲ ဗညားအိမ်
လက်မှ လွတ်ကျသွားသည့် လက်သုံးတော် ကျောက်စီဓားကို ကောက်ယူလိုက်
ပြီး ဝေးရာသို့ လွှင့်ပစ်လိုက်ပေသည်။ မိမိအား ခြေဖြင့် ဆောင့်ကန်လိုက်
ဗညားအိမ်ကိုလည်း ကလေးငယ်ကို ပွေ့ချီသလို ပွေ့ချီပြီး မြက်ခင်း
ပစ်ချလိုက်ရာ မြို့စားလေး ဗညားအိမ်မှာ တစ်ကိုယ်လုံး ရိုက်နှက်ထားသ
နာကျင်ကိုက်ခဲ နေသဖြင့် ရုတ်တရက် ပြန်မထနိုင်ဘဲ အံကြိတ်ပြီး ပြင်းပြ
ဝေဒနာကို ခံစားနေရပေသည်။ မြို့စားလေး ဝတ်စားဆင်ယင်လာသည့်
လည်းတော်အသစ်မှာလည်း နွမ်းကြေသွားပြီး အချို့နေရာများတွင် အစိတ်
အမြွာမြွာ စုတ်ပြဲသွားပေသည်။ တစ်ကိုယ်လုံးမှာလည်း ဖုန်အလိမ်းလိမ်း ဖြစ်
နေသည်။

သီရိဖြတ်ကမွန်မှာ မြို့စားလေးအား စိန်းစိန်းကြီး ကြည့်နေ
ညှိုးရွှေညှိုးမျှ ဆုံးမရလျှင် တော်လောက်ပြီဟု စိတ်ထဲတွင် ပိုင်းဖြတ်လိုက်





တွင်းမှ ထွက်သွားရန် နောက်သို့ ပြန်လှည့်လိုက်စဉ် အနီးရှိ သစ်ပင်
တွင် သစ်ပင်ကို မှီ၍ မိမိအား ငေးစိုက်ကြည့်နေသော နှင်းကေသရာကို
ကိုက်သဖြင့် ခြေလှမ်းတန့်သွားပေသည်။

နှင်းကေသရာ၏ မျက်နှာမှာ သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော်
ပြီး တစ်ကိုယ်လုံး နတ်ပူးသလို တုန်တုန်ယင်ယင် ဖြစ်နေသည်ကို
ပေသည်။

နှင်းကေသရာသည် စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ တဆတ်ဆတ်
သော လက်ညှိုးဖြင့် ၎င်း၏ ရှေ့တည့်တည့်သို့ ညွှန်ပြနေသည်ကို မြင်
ဖြင့် သီရိဖြတ်ကမွန်သည် နှင်းကေသရာ လက်ညှိုးညွှန်ရာသို့ ပြန်ကြည့်
ရာ သွေးစိမ်းရှင်ရှင် ထွက်နေသည့် သီရိဖြတ်ကမွန်၏ လက်ဝဲဘက်လက်
ညွှန်ပြနေခြင်း ဖြစ်သည်ကို သိရသဖြင့် သီရိဖြတ်ကမွန်သည် မသိမသာ
ကိုက်သည်။

'သွေးစွန်းနေတဲ့လက်ကို မြင်လိုက်ရလို့ နှင်းကေသရာသခင်မ ထိတ်
တုန်လှုပ်သွားပါသလား။ ထိတ်လန့်တုန်လှုပ်တော် မမူပါနဲ့။ နှင်းကေသရာ
တို့ တွေ့ကြုံရမယ့် ဘေးအန္တရာယ် အသွယ်သွယ်ကို သွေးစွန်းနေတဲ့
ပိုင်ရှင်သာလျှင် အကာအကွယ် ပေးစွမ်းနိုင်မည် ဖြစ်ကြောင်း ဒေါ်အိုဇာ
တ်ခဲ့ဖူးသည်ကို သတိပြုတော်မူပါ'

သီရိဖြတ်ကမွန်က ပြန်ပြောလိုက်သည်။

ထိုသို့ ပြန်ပြောလိုက်စဉ်မှာပင် ဒေါ်အိုဇာ၏ ပုံပန်းသဏ္ဌာန်ကို မျက်စိ
ထဲတွင် မြင်ယောင်လာပြီး ဒေါ်အိုဇာ နိမိတ်ဖတ်သွားသည့် စကားများကို
မှ ကြားယောင်လာပေသည်။

"သွေးစွန်းနေတဲ့ လက်ပိုင်ရှင်ဟာ ဟံသာဝတီ နိုင်ငံတော်ကို ရန်
က ကယ်တင်လိမ့်မယ်။ ငါ့မြေး ကျော်ကြားလိမ့်ဦးမယ်။ ငါ့မြေးရဲ့
တ်ဟာ ဆောင်းတူးမြို့စား မောင်နှမရဲ့ အနာဂတ်နဲ့ တွေးရောယှက်တင်
တယ်။ မြို့စား မောင်နှမရဲ့ ဘဝလမ်းခရီးဟာ မဖြောင့်ဖြူးဘူး။ ဆူးခြောင့်
တွေကို ဖြတ်ကျော်ပြီး သွားရလိမ့်မယ်။ ဘေးအန္တရာယ် အမျိုးမျိုးနဲ့လည်း
ရလိမ့်မယ်။ သူတို့ရဲ့ ဘဝကို သူတို့ ဖျက်ဆီးပစ်ကြလိမ့်မယ်။ သွေးထွက်
တွေလည်း ရှိလိမ့်မယ်။ မျက်ရည်ပေါက် ကြီးငယ်လည်း ကျရလိမ့်မယ်။
တကွဲ အကျိုးနည်းလည်း ဖြစ်စရာ မြင်တယ်။ သေကိန်းတောင် ရှိတယ်။
ဘေးအန္တရာယ်တွေကို ငါ့မြေးက လွှဲပြီး ဘယ်သူမှ မကာကွယ်နိုင်ဘူး"

ဆယ့်နှစ်ကြိုးကဝေ ဟု နာမည်ကြီးနေသော ဒေါ်အိုဇာက တွင်



www.burmeseclassic.com

www.burmeseclassic.com



တွတ်နှင့် သတိပေးသွားသည့် စကားများသည် သီရိဖြတ်ကမွန်၏ နားအ ထဲသို့ တစိမ့်စိမ့် ဝင်လာသဖြင့် ကြက်သီးမွေးညင်းများပင် ထ လာမိပေသ

'သခင်မ စိုးရိမ်ထိတ်လန့်တော် မမူပါနှင့်။ သွေးစွန်းသော လ မြင်ရခြင်းမှာ ကောင်းသော အတိတ်နိမိတ်သာလျှင် ဖြစ်ကြောင်းပါ။ အန္တရာယ် အပေါင်းကို ကာကွယ်ပေးမယ့် သွေးစွန်းသောလက် ဖြစ်သည် သတိပြုတော်မူပါ'

သီရိဖြတ်ကမွန်က နှင်းကေသရာအား နှစ်သိမ့်လိုက်သည်။

'သွေးစွန်းတဲ့ လက်ကိုမြင်လို့ သခင်မ ထိတ်လန့်တုန်လှုပ်သွား မဟုတ်ပါဘူး။ စစ်သည်တော်ကြီးကို မောင်တော်ဗညားအိမ် မူးမူးရူးရူးနဲ့ ထဲက လက်သုံးတော်ဓားကို ဆွဲချွတ်ပြီး တအားလွှဲခုတ်လိုက်တာ မြင်လို့ ထိတ် သွားတာပါ။ စစ်သည်တော်ကြီးနဲ့ မောင်တော်တို့ ထွေးလားလုံးလား ဖြစ်နေ ကလည်း သခင်မရဲ့ ရင်ထဲမှာ တထိတ်ထိတ်နဲ့ ဖြစ်နေပါတယ်။ မောင်တော် စစ်သည်တော်ကြီး ငဲ့ညှာလိုက်လို့သာ စစ်သည်တော်ကြီးရဲ့ ဒဏ်ရာဟော သွေးစိမ်းရှင်ရှင် တသွင်သွင် ပြန်ထွက်လာခြင်း ဖြစ်တဲ့အတွက် သွေးတိ အောင် သခင်မ ပြုစုပါရစေ'

နှင်းကေသရာသည် သစ်ပင်ကို မှီပြီး ရပ်နေရာမှ သီရိဖြတ်က အနီးသို့ ချဉ်းကပ်လာပေသည်။

'သည်းခံတော်မူပါ၊ ဒါလောက် သွေးထွက်တာကို အရေးလုပ် မလိုကြောင်းပါ။ ငမိုက်သား သီရိဖြတ်ကမွန် အတွက် ဒုက္ခရှာတော် မမူပါ နှင်းကေသရာ သခင်မ၏ မောင်တော် ဗညားအိမ်ကိုသာ ပြုစုယုယတော် ဖျောင်းဖျောင်းဖျဖျနှင့် စံအိမ်တော်သို့ ပြန်ခေါ်သွားစေလိုကြောင်းပါ။ အ သေစာ သောက်စားမူးယစ်ပြီး မလျော်သော အပြုအမူများ ပြုလုပ်နေသည် အပြင်လူများ မြင်သွားလျှင် မြို့စားလေးရဲ့ ဂုဏ်သိက္ခာသာမက နှင်းကေသ သခင်မ၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်ညှိုးနွမ်းနိုင်စေသည်ကို သတိပြုတော်မူ ငမိုက်သား သီရိဖြတ်ကမွန်ကို အရေးစိုက်နေရန် မလိုကြောင်းပါ'

သီရိဖြတ်ကမွန်သည် မြက်ခင်းပေါ်တွင် ယက်ကန်ယက်ကန် အားယူပြီး ထ လာသော ဗညားအိမ်အား ညွှန်ပြရင်း ပြန်ပြောလိုက်သည်

ဗညားအိမ်မှာမူ အရက်သေစာ သောက်စားမူးယစ်လာသည့် အ မှာ မသေသေးဘဲ ဒယိမ်းဒယိုင် ဖြစ်နေသေးသည်ကို တွေ့ရပေသည်။

'ခွေးတိရစ္ဆာန်၊ လူပါးဝလို့။ သွား၊ မင်းရဲ့မျက်နှာကို ငါ မကြည့် ဘူး။ ငါ့ပိုင်နက် အတွင်းက ခုချက်ချင်း ထွက်သွား'







ဗညားအိမ်သည် ဒယိမ်းဒယိုင်နှင့် ထ လာရင်း သီရိဖြတ်ကမွန်အား ဦးခေါက်ခေါက် ထိုး၍ ဆဲရေးကြိမ်းမောင်းလိုက်သည်။ သီရိဖြတ်ကမွန် င်းအား ဆဲရေးကြိမ်းမောင်းနေသည်ကို အရေးမစိုက်ဘဲ ဗညားအိမ်အား သက်သည့် အမူအရာဖြင့် ကြည့်နေပေသည်။

နှင်းကေသရာမှာ သီရိဖြတ်ကမွန်၏ လက်မောင်းမှ ဒဏ်ရာကို သွေး ရန် ပဝါစဖြင့် စည်းနှောင်ပေးဖို့ ရှေ့သို့ တိုးလာစဉ် မောင်ဖြစ်သူ အိမ်၏ ဆဲရေးကြိမ်းမောင်းသည့် အသံကို ကြားရသဖြင့် နောက်သို့ ကြည့်လိုက်ပြီး ခက်ထန်သော အမူအရာဖြင့် မောင်ဖြစ်သူအား ကြီး ကြည့်၍နေပေသည်။

'မောင်တော် ဗညားအိမ်၊ ကျေးဇူးရှင်ကို ကျေးစွပ်တာလား။ သွား အိမ်တော်ကို ပြန်သွား'

နှင်းကေသရာက အမိန့်ပေးသည့် လေသံဖြင့် ခက်ထန်ထန် ပြော ဗညားအိမ်သည် အစ်မတော်၏မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး တစ်စုံ ပြန်ပြောရန် ပါးစပ်ပြင်လိုက်ပြီးမှ အစ်မတော်၏ ခက်ထန်သည့် အမူ မြင်လိုက်ရသောအခါ အရက်သမားပီပီ ချက်ချင်း အမူအရာ ပြောင်း အစ်မတော်ကို ဖက်၍ အစ်မတော်၏ ရင်ခွင်တွင် မျက်နှာကို ဝှက်ထားပြီး ရှုပ် ငိုယိုနေသည်ကို တွေ့ရပေသည်။

သီရိဖြတ်ကမွန်မှာမူ ဗညားအိမ်အား ကရုဏာသက်သည့် အမူအရာ ကြည့်နေရာမှ ချာခနဲ လှည့်ထွက်သွားပြီး ဥယျာဉ်တော်အတွင်းရှိ စမ်း ချောင်းရေဖြင့် လက်မောင်းမှ သွေးများကို ဆေးကြော၍ သွေးတိတ်အောင် နှင့် စည်းနှောင်နေပေသည်။ ၎င်းနောက် အိမ်တော်ရှိရာသို့ ခေါင်းငိုက် ၍ လေးလေးနက်နက် စဉ်းစားရင်း တဖြည်းဖြည်း လျှောက်၍လာခဲ့စဉ် တစ်ယောက်သော သူက မိမိအား လှမ်းခေါ်လိုက်သည့် အသံကို ကြားရ အသံလာရာသို့ လှမ်းကြည့်လိုက်ရာ၊ မြို့စားလေး ဗညားအိမ်၏ လူယုံ မြင်းစေကျော် မင်းဒေဝ ဖြစ်နေသည်ကို တွေ့ရပေသည်။ မင်းဒေဝမှာ ဖြတ်ကမွန် ရှိရာသို့ အပြေးအလွှား လာနေသည်ကို တွေ့ရပေသည်။

'ဗိုလ်မင်း ဗိုလ်မင်း၊ ဗောလကွန် မြင်းဇောင်းမှာ ရောက်နေတယ်။ မင်းရဲ့ အကူအညီ လိုချင်လို့ အပြေးအလွှား လာခဲ့တာ'

မြင်းစေကျော် မင်းဒေဝသည် အသက်ပင် မှန်မှန် မရှူနိုင်ဘဲ မောကြီး ကြီးနှင့် ပြေးလာရင်း ပြောလိုက်သည်။

'ဗောလကွန် ဟုတ်လား၊ ဘာကိစ္စ လာတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



သီရိဗြတ်ကမ္ဘွန်က ပြန်မေးလိုက်သည်။

'မင်းစည်သူ မင်းစည်သူ၊ ချုံခိုတိုက်ခိုက် ခံရလို့ ဒဏ်ရာရသွားတယ် ဒဏ်ရာ ပြင်းထန်တယ်လို့ ပြောပါတယ်။ ဟိုမှာ ဟိုမှာ .... ဗောလကွန် ဗောလကွ သူ့ကို မေးပါ၊ သူ့ကို မေးပါ'

မြင်းစေကျော် မင်းဒေဝသည် မြင်းဖောင်းရှိရာသို့ လက်ညှိုးညွှန်ပြ ပြန်ပြောလိုက်သည်။

'ဟင်'

သီရိဗြတ်ကမ္ဘွန်က တစ်ခွန်းတည်း ပြန်ပြောလိုက်ပြီး မင်းဒေဝ အတူ မြင်းဖောင်းရှိရာသို့ ခြေလှမ်းကျဲကျဲနှင့် လာခဲ့ကြပေသည်။

မြင်းဖောင်းသို့ ရောက်သောအခါ ဗောလကွန်မှာ မြင်းပေါ်မှ မဆ သေးဘဲ သီရိဗြတ်ကမ္ဘွန်အား စောင့်ကြိုနေသည်ကို တွေ့ရပေသည်။ သီရိဗြ ကမ္ဘွန်ကို မြင်သည့် အခါကျမှ မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပေသည် ဗောလကွန်၏ မျက်နှာမှာ စိုးရိမ်ပူပန်သည့် အမူအရာ ပေါ်လွင်လျက် ရှိ သည်။

'ဗိုလ်မင်း ဗိုလ်မင်း၊ လူယ်တော်ကို အမြန်ကြွတော်မူပါ'

ဗောလကွန်က ရိုသေစွာ ပန်ကြားလိုက်ပေသည်။

'ခုချက်ချင်း လာခဲ့ပါမယ်။ ကဲ မင်းဒေဝ၊ မြင်းကိုသာ အသင့်ပြင်ထ စမ်းပါ။ ဒါထက် မင်းစည်သူရဲ့ဒဏ်ရာ ပြင်းထန်သလား၊ စိုးရိမ်ရသလား'

'သွေးစိမ်းရှင်ရှင် ထွက်နေသည်ကိုသာ မြင်ခဲ့ရကြောင်းပါ။ ဒဏ် မည်ရွေ့မည်မျှ ပြင်းထန်သည်ကိုမူ စေ့စပ် သေချာစွာ မကြည့်ခဲ့ရသေးကြောင်း အိမ်ရှင်မနဲ့ တူမ မင်းညိုမြတို့ ဝိုင်းဝန်းပြုစုဖို့ တာဝန်ပေးခဲ့ပြီး ကတိုက်ကရို ထွက်လာခဲ့ခြင်း ဖြစ်ကြောင်းပါ'

ဗောလကွန်က အဖြေပေးလိုက်သည်။

'ချုံခိုတိုက်ခိုက်ခံရတယ် ဆိုတာ မှန်သလား'

'မှန်ပါတယ်၊ သစ်ပင်ချုံနွယ်များ အကြားမှ ရုတ်တရက်ထွက်လာ ဝိုင်းဝန်းတိုက်ခိုက်ခြင်း ဖြစ်ကြောင်း မင်းစည်သူ ပြောပြချက်အရ သိရကြော ပါ'

'ကောင်းပြီ၊ ဒီနေရာက စောင့်နေ။ ကျုပ် ခုချက်ချင်း ပြန်လာခဲ့မ

ပြောပြောဆိုဆို သီရိဗြတ်ကမ္ဘွန်သည် ၎င်းအတွက် သီးသန့်ပေးထ သည့် အဆောင်သို့ ပြန်သွားပြီး ချပ်ဝတ်တန်ဆာများကို ဝတ်ဆင်ကာ ၎င်း လက်သုံးတော် ကိုးသချိုင်းသံဓားကို မိမိ၏ကိုယ်တွင် လွယ်လိုက်သည်။ ပြ





် ဓားကို ဓားအိမ်မှ ဆွဲချွတ်လိုက်ပြီး လက်ထဲတွင် ဆ ကြည့်လိုက်သည်။ ားကိုလည်း အလင်းရောင်တွင် ထောင်ကြည့်လိုက်သည်။ ဝါးခင်မှ ဗိုလ် မိန့်စက္ကဝေါအား တတွတ်တွတ်နှင့် ဆဲရင်း ဓားကို ဓားအိမ်ထဲသို့ ငြိမ် လိုက်သည်။

မြင်းဖောင်းသို့ ပြန်ရောက်သောအခါ မြင်းစေကျော် မင်းဒေဝသည် ြတ်ကမ္ဘွန်၏ မြင်းလိမ္မာကြီးကို ကကြိုးတန်ဆာများ ဆင်ပြီး အသင့်ရှိနေ ကို တွေ့ရပေသည်။

ဗောလကွန်မှာမူ လည်တဆန့်ဆန့်နှင့် စောင့်မျှော်နေသည်ကို တွေ့ရ သီရိဗြတ်ကမ္ဘွန် ပြန်လာသည်ကို မြင်သောအခါကျမှ ဟင်းခနဲ သက်ပြင်း က်သည့် အသံကို ကြားရပေသည်။

'ဒဏ်ရာ မပြင်းထန်ပါစေနဲ့လို့ ဆုတောင်းရတာပဲ'

မြင်းစေကျော် မင်းဒေဝသည် မြင်းဇက်ကြိုးကို သီရိဗြတ်ကမ္ဘွန်၏ သို့ ပေးအပ်ရင်း ညည်းညူလိုက်သည်။

'ကဲ ဗောလကွန်၊ မြင်းပေါ်ကို တက်တော့လေ။ သွားကြမယ်'

သီရိဗြတ်ကမ္ဘွန်သည် ပြောပြောဆိုဆို မြင်းပေါ်သို့ လွှားခနဲ ခုန်တက် ပြီး ဇက်ကိုလွှတ်၍ ဒုန်းစိုင်းသွားပေရာ၊ ဗောလကွန်သည် သီရိဗြတ်က နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားသည်ကို မြင်ရပေသည်။

**အခန်း ၁၁**

ကွန်၏ လယ်တဲရှိ အခန်းတစ်ခန်းတွင် ညောင်စောင်းတစ်ခုပေါ်၌ အရေ ဖြူဖပ်ဖြူရော် ဖြစ်နေသည့် မင်းစည်သူသည် ပခုံးစွန်းမှ ဒဏ်ရာ ို ရေဆေးပြီး သွေးဆေးများ သိပ်၍ အဝတ်ဖြင့် စည်းနှောင်ပေးနေသည့် မြအား ငေးစိုက်ကြည့်နေသည်ကို မြင်ရပေသည်။

မင်းညိုမြမှာမူ တုန်ယင်သော လက်များဖြင့် သွေးဆေးသိပ်၍ အဝတ်နှင့် နှောင်ပေးနေရာမှ စိုးရိမ်သည့် အမူအရာဖြင့် မင်းစည်သူအား ကြည့်လိုက် အကြည့်ချင်း ဆုံသွားသဖြင့် မင်းညိုမြ၏ မျက်နှာမှာ ရှက်သွေးလွှမ်း၍ သသည်။

'မောင်ကြီး နေသာထိုင်သာ ရှိရဲ့လား၊ ဒဏ်ရာက နာသေးသလား'

မင်းညိုမြသည် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး မင်းစည်သူအား မေး က်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒဏ်ရာက သက်သာသွားပါပြီ။ ရုတ်တရက် သွေးမတိတ်ဘဲ ထွက် လွန်လို့ အားပြတ်သွားတာပါ။ ဒဏ်ရာက စိုးရိမ်စရာ မရှိပါဘူး'

မင်းစည်သူက မချိပြုံး ပြုံး၍ အဖြေပေးလိုက်သည်။

ထိုအခိုက်တွင် မြင်းခွာသံများ အဆက်မပြတ် ကြားရပြီး မကြာ လယ်တဲအတွင်းသို့ ဗောလကွန်နှင့် သီရိဖြတ်ကမွန်တို့ ဝင်လာကြသည်ကို ရသည်။

မင်းညိုမြမှာ အလိုက်သိစွာဖြင့် မင်းစည်သူ၏ အပါးမှ ခွာ၍လာခဲ့ပြီး မနီးလွန်း မဝေးလွန်းသည့် နေရာမှ ရပ်ကြည့်နေပေသည်။

သီရိဖြတ်ကမွန်သည် ညောင်စောင်းအနီးသို့ ချဉ်းကပ်လာပြီး မင်းစည် အား စိုးရိမ်သည့် အမူအရာဖြင့် ကြည့်နေပေသည်။ မင်းစည်သူမှာ သီရိဖြ ကမွန်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် အားတက်လာပေသည်။

'နောင်ကြီး ကျွန်တော်ရဲ့ နည်းပရိယာယ် အောင်မြင်ပြီ။ ရန်သူ ကို ညွတ်ကွင်းထောင်ပြီး ဖမ်းလိုက်တာ ညွတ်ကွင်းထဲကို ဝင်တိုးတာ နောင်ကြီးကို ချောင်းမြောင်းလုပ်ကြံဖို့ ကြံစည်နေကြောင်း ကျွန်တော် သိ နောင်ကြီးဝတ်နေကျ အဝတ်အစားတွေကို ကျွန်တော်ဝတ်ဆင်ပြီး နောင်ကြီး ရဲ့ ဟန်ပန်အမူအရာနဲ့ ကျွန်တော် လာခဲ့တာ။ ကျွန်တော့်ကို နောင်ကြီးမှတ် ချုံခိုတိုက်ခိုက်ကြတယ်။ ကျွန်တော် သတိနဲ့လာလို့ သက်သာတာ။ ဒါတော လေးယောက်နဲ့တစ်ယောက် ဆိုတော့ သေလုမြောပါး ခုခံနေရတယ်။ ကျွန်တော် ပခုံးမှာ ဒဏ်ရာရပြီး လဲကျတဲ့အခါ လူသုံးယောက်က ဝိုင်းခုတ်ပြီး အဆုံးစီ ဖို့ ကြိုးစားတယ်။ ကျွန်တော့်လည်း အစွမ်းရှိသမျှ ခုခံတယ်။ အဲဒီအချိန် စစ်သည်တော်တစ်ဦး ရောက်လာလို့ ကျွန်တော့်ကိုယ်မှာ ဝတ်ဆင်ထား နောင်ကြီးရဲ့ ခြုံလွှာကို ဆွဲချွတ်ယူပြီး ထွက်ပြေးကြလို့ အသက်ဘေးက ချမ်းသာ ရတာ'

မင်းစည်သူက တစ်ခွန်းချင်း ရှင်းပြနေပေသည်။

'မင်းစည်သူ မင်းစည်သူ၊ မင်းဟာ ငါ့အတွက် အသက်ပေးပြီး ကာကွ ခဲ့ပေါင်း များပြီ။ ငါ့အတွက် မင်းဘာဖြစ်လို့ ကြားကဝင်ပြီး အသေခံချင်ရတာ

သီရိဖြတ်ကမွန်က ကရုဏာ ဒေါသောနှင့် ပြောရင်း ညောင်စော အစွန်၌ ဝင်ထိုင်ပြီး မင်းစည်သူ၏ ဒဏ်ရာကို ကြည့်ရှုနေပေသည်။

'ကျွန်တော့်အတွက် နောင်ကြီး အသက်နဲ့လဲပြီး အကာအကွယ် ပေး တာတွေကိုလည်း ထည့်ပြီး ပြောဦးမှပေါ့။ ကျွန်တော့်မှာ မိခင်မွေးတဲ့ အသက်





ဘဲ နောင်ကြီး ပေးတဲ့ အသက်ပဲ ရှိပါတယ်။ နောင်ကြီးအတွက် ဆိုရင် က်နဲ့လဲပြီး အကာအကွယ် ပေးရမယ့်တာဝန် ရှိနေတာကို သတိပြုပါ'

မင်းစည်သူက ပြန်ပြောလိုက်ရာ–

'မင်းကို မိုက်မဲလွန်းပါတယ်။ ငါ့အတွက် မင်းကိုယ်မင်း ထည်ကြက် ဖြစ် အသုံးပြုရသလား၊ မိုက်မဲလှချည့်လား'

သီရိဖြတ်ကမွန်သည် မင်းစည်သူ၏ ဒဏ်ရာကို စစ်ဆေးကြည့်ရှုရင်း လို အားမရ အမူအရာဖြင့် ပြောလိုက်ပြန်သည်။

'နောင်ကြီး နောင်ကြီး တိုးတိုးပြောပါ။ အပြင်လူတွေ ကြားသွားရင် ကောင်းပါဘူး'

မင်းစည်သူက သတိပေးလိုက်သည်။

ထိုအခိုက်တွင် အိမ်ရှင် ဗောလကွန်၏တူမ မင်းညိုမြသည် မင်းစည်သူ က် စိုးရိမ်မကင်းသည့် အမူအရာဖြင့် အခန်းထဲကို ပြန်ဝင်လာသည်ကို နေပေသည်။

'မင်းဘုရားကြီးရဲ့ အကြည်တော်ကို သွေးရဲရဲ သံရဲရဲနဲ့ ပွေ့ချီလာတာ တော့ ညိုမြဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတာပဲ။ ဒဏ်ရာက ရပါသလား'

မင်းညိုမြသည် မင်းစည်သူ၏ ဒဏ်ရာကို လှမ်းကြည့်လိုက်ရင်း မေး သည်။

'ဒဏ်ရာ သိပ်မပြင်းထန်လို့ တော်သေးတာပေါ့။ အမှန်အတိုင်း ပြော ဆိုရင် ကျုပ်အတွက် သူ ဝင်ပြီး ခံစားခံသွားတာပါ။ ဒီတစ်ကြိမ်သာ ဘူး၊ ရာဇာဓိရာဇ်နဲ့ အင်းဝဘုရင် အရေးတော်ပုံမှာတုန်းကလည်း ကျုပ်ရဲ့ ကို သူ့ရဲ့အသက်နဲ့ လဲပြီး အကာအကွယ် ပေးခဲ့ပေါင်း များပါပြီ။ အတွင်းမှာ တစ်ဦးရဲ့အသက်ကို တစ်ဦး အကာအကွယ် ပေးခဲ့တာဟာ ဆန်းဘူးလို့ ဆိုရပေမယ့် ခုလို ငြိမ်းချမ်းနေတဲ့ ကာလမှာ ကျုပ်ကို တမင် သက် ရွေးချယ်ပြီး ရန်ရှာနေတဲ့ ရန်သူတွေကို ကျုပ်ကိုယ်စား ဝင်ပြီး ခံစားခံ တော့ မိုက်မဲလွန်းတယ်ပဲ ပြောရမလား၊ မသိဘူး'

သီရိဖြတ်ကမွန်သည် မင်းစည်သူအပေါ်တွင် ကရုဏာဒေါသောဖြင့် ပြောလိုက်ပြန်သည်။

'ညိုမြ အနေနဲ့ကတော့ မိုက်မဲတယ် မယူဆကြောင်းပါ။ အဆွေ ကောင်း ပီသသူ ဖြစ်သဖြင့်သာ အဆွေခင်ပွန်းအတွက် အသက်ကိုပင် မထားဘဲ အကာအကွယ်ပေးခြင်း ဖြစ်သည်ဟု ယူဆကြောင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



ခင်းညိုမြက ပြန်ပြောလိုက်ပြီး အသားအရေ ဖြူဖပ်ဖြူရော် ဖြစ်နေသော မင်းစည်သူအား ကြည့်ညိုအားထားသည့် အမူအရာဖြင့် ကြည့်လိုက်ရာ မင်းစည်သူမှာ မျက်နှာမထားတတ်အောင် ဖြစ်သွားပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသည့် မျက်နှာမှာ ပန်းနုရောင် သမ်းလာပေသည်။

'ဒါလောက်တောင် ချီးမွမ်းနေစရာ မလိုပါဘူး။ ဒဏ်ရာကလည်း မပြောပလောက်ပါဘူး။ လေးယောက်နဲ့တစ်ယောက် ဖြစ်နေပြီး အလစ်မှာ ချုံခိုတိုက်ခိုက်ခံလိုက်ရတာ ဖြစ်တဲ့အတွက် ပခုံးစွန်းမှာ မပြောပလောက်တဲ့ဒဏ်ရာ ရသွားခြင်းသာ ဖြစ်ပါတယ်။ နှစ်ရက် သုံးရက်ဆိုရင် ဒဏ်ရာ လုံးဝ ပျောက်ကင်းသွားမှာပါ'

'မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒဏ်ရာက မပြောပလောက်ဘူး ဆိုပေမယ့် သွေးလွန်ပြီး အားနည်းနေလို့ ခုနစ်ရက်အတွင်း အိပ်ရာက မထရသေးဘူးလို့ သမားတော်ကြီး ဦးတေဇက မှာကြားသွားပါတယ်။ ဟော ပြောရင်းဆိုရင်း ညိုမြကို ဒွေးလေး ခေါ်နေပြီ၊ ညိုမြကို ခွင့်ပြုပါဦး'

မင်းညိုမြသည် ၎င်းအား ဒွေးလေးဖြစ်သူက ခေါ်လိုက်သည့် အသံကို ကြားသဖြင့် သီရိဇြတ်ကမွန်နှင့် မင်းစည်သူအား ရိုသေစွာ ခွင့်ပန်ပြီး အခန်းထဲမှ ပြန်ထွက်သွားပေသည်။

'လိမ္မာရေးခြား မရှိဘူးလား'

မင်းစည်သူသည် မင်းညိုမြအား ကြည့်၍မဝသည့် အမူအရာဖြင့် ငေးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ရာမှ သီရိဇြတ်ကမွန်ဘက်သို့ လှည့်၍ မေးလိုက်သည်။

'ရုပ်ချောသလောက် လိမ္မာရေးခြား ရှိပါပေတယ်။ သဘောမနောလည်း ဖြူစင်ပုံရတယ်။ ဒါကို အသာထားပြီး မင်းကို ချုံခိုတိုက်ခိုက်တဲ့ လူရမ်းကားတွေကို မင်း မမှတ်မိဘူးလား'

'ကောင်းကောင်းကြီး မှတ်မိပါတယ်။ တလောက မြို့စားလေးရဲ့ ဥယျာဉ်တော်အတွင်းကို ချင်းနင်းဝင်ရောက်လာပြီး နောင်ကြီးနဲ့ ကျွန်တော့်ကို ရန်မူသွားကြတဲ့ သမိန်စက္ကဝေါရဲ့ ကြေးစားလူရမ်းကားလေးယောက်ပါ။ ကျွန်တော့်ကို သူတို့လေးယောက် ဝိုင်းဝန်းပြီး ချုံခိုတိုက်ခိုက်ခဲ့ကြစဉ်က ကျွန်တော်ပြန်ပြီး ခုခံလိုက်တဲ့အတွက် လေးယောက်အနက် တစ်ယောက် ဒဏ်ရာရသွားပါတယ်။ အဲဒီအချိန်မှာ ကျန်သုံးယောက်က ကျွန်တော့်ကို ညှပ်ပူးညှပ်ပိတ် ဝိုင်းဝန်းတိုက်ခိုက်ပြီး ကျွန်တော့်ကိုယ်မှာ လွှမ်းခြုံထားတဲ့ နောင်ကြီးရဲ့ ခြုံလွှာကို ဆွဲချွတ်ယူကြပါတယ်။ ကျွန်တော်လည်း သုံးယောက်နဲ့တစ်ယောက် အရှုံးမပေး





...ချင်းကုန် ခုခံခဲ့တယ်။ အဲဒီလို ခုခံနေတုန်း ခြေချော်ပြီး လဲကျသွားမှာ ...တော့်ကို အပြီးအပိုင် ရှင်းလင်းသုတ်သင်ပစ်ဖို့ အခွင့်ကောင်း ရပြီ ဆိုပြီး ...: ထိုးနှက်ကြတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ အသံကြားလို့ ပြည်နဲ့တဲ့ ...ဖိုင့်ဖိုင့် လူတစ်ယောက်က ညာသံပေးပြီး တရကြမ်း ဝင်ခုတ်လို့ ကျွန်တော့်ကို ...သေထိုးခုတ်ဖို့ ကြိုးစားနေတဲ့ လူရမ်းကားတွေ ကြောက်အားလန့်အားနဲ့ ...ပြေးကြတယ်။ အဲဒီလူ ဝဝဖိုင့်ဖိုင့်ရဲ့ ကျေးဇူးကြောင့် ကျွန်တော် အသက် ...သေတာပါ။ သူကိုယ်တိုင် ကျွန်တော့်ရဲ့ ဒဏ်ရာကို သွေးတိတ်အောင် အဝတ်နဲ့ ...နှောင်ပေးပြီး ပွေ့ချီလာလို့ ဒီနေရာကို ရောက်လာတာပါ။ ဒီကို ရောက်ပြီးနောက် ...လည်း မင်းညိုမြရဲ့ ပြုစုယုယမှုကြောင့် သက်သောင့်သက်သာ ဖြစ်လာပါ...'

'မင်းညိုမြရဲ့ ဒွေးလေးပါ ဝိုင်းဝန်းပြုစုတယ် မဟုတ်လား။ ဒါကိုလည်း ...ပြောဦးမှပေါ့'

သီရိဇြတ်ကမွန်က ပြန်ပြောလိုက်သည်။

'နောင်ကြီး ပြောတာ မှန်ပါတယ် ဒါပေမဲ့ ....'

မင်းစည်သူသည် မိမိအား မင်းညိုမြ ဂရုစိုက် ပြုစုပုံများကို ပြောပြရန် ...ပြင်လိုက်ပြီးမှ လူနှစ်ယောက် စကားပြောနေသည့် အသံကို ကြားရသဖြင့် ...ကို ဖြတ်ထားလိုက်ပြီး အသံလာရာသို့ နားစွင့်နေပေသည်။

'ကျွန်တော်ရဲ့ အသက်ကို ကယ်တဲ့လူဟာ သူပဲ။ အသံကြားရ မကောင်း...လား'

မင်းစည်သူက သီရိဇြတ်ကမွန်အား ပြောလိုက်သည်။

ထိုအခိုက်တွင် အခန်းတံခါး ပွင့်လာပြီး အိမ်ရှင်အမျိုးသမီးကြီးက ...ငွေ့တထောင်းထောင်း ထွက်နေသော ယာဂုပန်းကန်ကို ဖလ်ပန်းပေါ်တွင် ...တင်၍ ယူလာသည်ကို မြင်ရပေသည်။

'အလို မင်းဘုရားကြီးတောင် ရောက်နေမှကို။ မင်းဘုရားကြီးရဲ့ ...ကြည်တော် ကံကောင်းလို့ မသေတာ။ လူဆိုးလေးယောက် ဝိုင်းပြီး တိုက်ခိုက် ...ခံခဲ့ရတယ်။ ကဲ ကဲ အားအင်ပြည့်သွားအောင် ယာဂုပူပူနွေးနွေး သုံးဆောင် ...ပါဦး'

အိမ်ရှင် အမျိုးသမီးကြီးသည် ပြောပြောဆိုဆို မင်းစည်သူ အနီးသို့ ...ကပ်လာပေသည်။

'ဟဲ့ ကလေးမ ညိုမြ၊ လာစမ်းပါဦး။ လူမမာကို အသာထူပေးပြီး ...တိုက်ပါဦး'



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်အမျိုးသမီးကြီးက မင်းညိုမြအား လှမ်းခေါ်လိုက်ပြန်သည်။

'နေပါစေ .... ဒုက္ခမရှာပါနဲ့၊ ကျွန်တော့်ဟာသာ ကျွန်တော် သောက်နိုင်ပါတယ်၊ ဒဏ်ရာ သက်သာသွားပါပြီ'

မင်းစည်သူက အားနာသည့် အမူအရာဖြင့် ပြန်ပြောရင်း အားယူ၍ ထ လိုက်သည်။

'သက်သာသွားပြီ ဆိုပေမယ့် သိပ်ပြီး လှုပ်လှုပ်ရှားရှား မနေနဲ့ဦး ငြိမ်ငြိမ်နေ။ ဒွေးလေးကိုယ်တိုင် ယာဂုတိုက်မယ်။ ကဲ မင်းဘုရားကြီးလည်း အိမ်ရှေ့ကို ကြွပြီး ကွမ်းဆေးလက်ဖက် သုံးဆောင်တော်မူပါဦး'

အိမ်ရှင် အမျိုးသမီးကြီးသည် သီရိဇြတ်ကမ္ဘန်အား လောကဝတ် ပြုလိုက်ပြီး သီရိဇြတ်ကမ္ဘန် အခန်းမှ ထွက်သွားသောအခါ စောစော သီရိဇြတ်ကမ္ဘန် ထိုင်သည့်နေရာတွင် အိမ်ရှင်အမျိုးသမီးကြီးက ဝင်ထိုင်ပြီး မင်းစည်သူအား ယာဂု တိုက်ကျွေးနေပေသည်။

အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာသောအခါ အိမ်ရှင် ဖောလကွန်သည် သီရိဇြတ်ကမ္ဘန်အား ခရီးဦးကြိုပြုပြီး ကွမ်းဆေးလက်ဖက်တို့ဖြင့် ဧည့်ခံနေ သည်။

'မင်းဘုရားကြီးရဲ့ ကျေးဇူးကို ဖောလကွန် ဘယ်တော့မှ မမေ့ပါဘူး ဟိုနေ့ကသာ မင်းဘုရားကြီးတို့ မကယ်ဘူးဆိုရင် လူရမ်းကားလေးဦးရဲ့ လက်ခုပ်တွင်းမှာ တူမချော မင်းညိုမြ ရေတိမ်နစ်ရမှာ သေချာပါတယ်။ ခုလို အတုံ့အလှည့် အနေနဲ့ ဝတ်ကြီးဝတ်ငယ် ပြုစုခွင့် ရတာကို ဖောလကွန် ဂုဏ် ယူပါတယ်'

ဖောလကွန်က ကျေးဇူးတင်စကား ပြောကြားလိုက်သည်။

'ဒါထက် အဲဒီ လူရမ်းကားတွေ နောက်ထပ် အနှောင့်အယှက် ပေးသေး သလား'

'မပေးတော့ပါဘူး။ ဒါပေမဲ့ အဲဒီလူသိုက်ထဲက ခေါင်းဆောင်နဲ့ တူတဲ့ မင်းခနုဆိုလား၊ မင်းရွှေခဲဆိုလား၊ မပြောတတ်ဘူး။ အဲဒီလူတော့ လွန်ခဲ့တဲ့ သုံးရက်လောက်က ဖောလကွန်ရဲ့လယ်တဲ လာပြီး သောက်ရေတစ်ခွက် တောင်း သောက်သွားတယ်။ အိမ်ထဲလည်း မဝင်ဘူး။ အနှောင့်အယှက်လည်း မပေး ပါဘူး'

'မင်းရွှေခဲ ဟုတ်လား'

သီရိဇြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'သူ့နောက်လိုက် ငယ်သားတွေကတော့ သူ့ကို မင်းခနုလို့ ခေါ်ကြ





တယ်။ တချို့ကတော့လည်း သူ့ကို မင်းရွှေခဲလို့ ခေါ်ကြတယ်၊ သူ့နာမည် တော့ မသိပါဘူး'

'သူ့လက်မှာ ဒဏ်ရာရထားလို့ အဝတ်သိုင်းထားတယ် မဟုတ်လား'

သီရိဇြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'မှန်ပါတယ်၊ မင်းဘုရားကြီးတို့ရဲ့ လက်ချက်ဖြင့် ဒဏ်ရာရသွားတာပါ'

ဖောလကွန်က အဖြေပေးလိုက်သည့် အခါကျမှ မင်းညိုမြအား ဆွဲ ရန် ကြံစည်သော လူရမ်းကားလေးဦး၏ ခေါင်းဆောင်မှာ တခြားမဟုတ်၊ ဆုံးနောင် စိန်ခေါ်ထားသော မင်းရွှေခဲပင် ဖြစ်ကြောင်း သိရသဖြင့် ကျေနပ် သည့် အမူအရာနှင့် ခေါင်းညိတ်လိုက်သည်။

ထိုအခိုက်တွင် ဖောလကွန်အား အသံဩဇာကောင်းသူ တစ်ဦးက တောမှနေပြီး ခေါ်လိုက်သည့် အသံကို ကြားရပြီး ဖောလကွန်သည် သီရိ ဇြတ်ကမ္ဘန်အား ခွင့်ပန်၍ ယာတောရှိရာသို့ ပြေးထွက်သွားသည်ကို မြင်ရလေ သည်။

ဖောလကွန်အား ယာတောမှ နေပြီး ခေါ်လိုက်သည့် အသံကို ကြား သောအခါ သီရိဇြတ်ကမ္ဘန်သည် အသံကိုကျက်မိသည့် အမူအရာဖြင့် အသံ လာရာဘက်သို့ နားစွင့်နေလေသည်။

အသံလာရာသို့ နားစွင့်နေရာမှ အသံရှင် မည်သူမည်ဝါ ဖြစ်သည်ကို သိလိုသဖြင့် လယ်တောဆီသို့ လှည့်ကြည့်လိုက်ရာ၊ ဝဝဖိုင့်ဖိုင့် ဗလကောင်း ကောင်း လူတစ်ယောက်ကို မြင်လိုက်သဖြင့် သီရိဇြတ်ကမ္ဘန်သည် ထိုသူအား စေ့စေ့စပ်စပ် စေ့စိုက်ကြည့်နေရာမှ အခန်းထဲမှ ထွက်လာခဲ့ပြီး ထိုသူနှင့် အိမ်ရှင် ဖောလကွန်တို့ ရှိရာသို့ လာခဲ့ပေသည်။

'ဗိုလ်မှူးကြီး'

တဲအိမ်ထဲမှာ သီရိဇြတ်ကမ္ဘန် ထွက်လာသည်ကို မြင်ရသောအခါ ဝဖိုင့်ဖိုင့် လူသည် ဖောလကွန်နှင့် စကားပြောနေရာမှ သီရိဇြတ်ကမ္ဘန် ရှိရာသို့ ပြေးလာပြီး ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

သီရိဇြတ်ကမ္ဘန်မှာ ထိုသူအား မြင်ဖူးသလိုလို ရှိသဖြင့် ခြေဆုံး ခေါင်းဆုံး ကြည့်နေပေသည်။

'မင်းကို ငါ မြင်ဖူးသလိုလိုပဲ'

သီရိဇြတ်ကမ္ဘန်က မိမိအား ဗိုလ်မှူးကြီးဟု ခေါ်လိုက်သော ဝဝဖိုင့်ဖိုင့် လူအား စေ့စေ့ကြည့်ရင်း ပြန်ပြောလိုက်သည်။

'ဗိုလ်မင်းဇြတ်ဇရဲ့ တပ်မှာ တစ်ခါက အမှုထမ်းခဲ့ဖူးတဲ့ ဖောညီပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဗောညီ ဟုတ်လား'

သီရိဗြတ်ကမ္ဘန်သည် ထိုသူအား မှတ်မိသလိုလို ရှိသည့်အပြင် နာမည်ကိုလည်း ကြားဖူးသလိုလိုရှိသဖြင့် မျက်မှောင်ကြုတ်ပြီး စဉ်းစားရင်း ပြန်မေးလိုက်သည်။

'မှန်ပါတယ်၊ ဗိုလ်မှူးနဲ့ ခုလို တွေ့ရတာ ဝမ်းမြောက်လို့ မဆုံးပါ'

ဗောညီဆိုသူက ဝမ်းသာအားရ အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'မင်းနဲ့ တွေ့ရတာလည်း ငါ သိပ်ဝမ်းသာတယ်။ ဒါပေမဲ့ ငါ့ကို ဗိုလ်မှူးလို့ မခေါ်ပါနဲ့။ ငါ ဗိုလ်မှူး မဟုတ်ပါဘူး'

သီရိဗြတ်ကမ္ဘန်က ပြန်ပြောလိုက်သည်။

'ရာဇာမနုသဿဗလ တပ်မှာ တပ်မှူးအဖြစ် တာဝန်ထမ်းရွက်တော်မူခဲ့ဖူးသေးတယ် မဟုတ်ပါလား'

ဗောညီက ပြန်မေးလိုက်သည်။

'တစ်ခါတုန်းကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ....'

'သမိန်ဗောကျော်ရဲ့ တပ်မှာလည်း ဗိုလ်မင်းသီရိဗြတ်ကမ္ဘန် အမှုတော်ထမ်းရွက်ခဲ့ဖူးသေးတယ် မဟုတ်ပါလား'

'ဒါလည်း မှန်ပါတယ်၊ ဒါပေမဲ့ ....'

'ဗိုလ်မင်းဗြတ်ဇနဲ့ အတူလက်တွဲပြီး တိုက်ပွဲဝင်ခဲ့ဖူးသေးတယ် မဟုတ်ပါလား'

'ဒီစကားလည်း မှန်တယ်။ ဒါပေမဲ့ ခုဆိုရင် ငါ့မှာ ဘာရာထူးမှ မရှိတော့ဘူး။ အညတရဘာဝကို ရောက်နေပြီ။ ဒါထက် ဒါတွေကို မင်း ဘယ်လို လုပ်ပြီး သိသလဲ'

'ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင် ဆိုတဲ့ စကားအရ ဗိုလ်မှူးမင်းရဲ့ စွမ်းရည်သတ္တိကို ရပ်နီးရပ်ဝေးမှ ကြားသိရကြောင်းပါ။ နဝင်းတိုက်ပွဲတွင် ဗိုလ်မင်းဗြတ်ဇရဲ့ တပ်နဲ့အတူ ကျွန်တော်ပါလာပြီး ဗိုလ်မှူးမင်း သီရိဗြတ်ကမ္ဘန်ရဲ့ တပ်နဲ့ လက်တွဲပြီး တိုက်ပွဲဝင်ခဲ့ဖူးပါသဖြင့် ဗိုလ်မှူးမင်းရဲ့ နှလုံးရည်နဲ့ လက်ရုံးရည်ကို မျက်ဝါးထင်ထင် မြင်ခဲ့ရကြောင်းပါ။ နဝင်းတိုက်ပွဲမှာ အင်အားကြီးမားတဲ့ ရန်သူကို ဗိုလ်မှူးမင်းကိုယ်တိုင် ရှေ့ဆုံးတန်းက ဒေါ အလိမ်းလိမ်းနဲ့ ရှုပ်ရှုပ်ရှုံ့ရှုံ့ ခုခံတိုက်ခိုက်နေတာကို ယခုထက်တိုင် မြင်ယောင် လျက် ရှိကြောင်းပါ။ ထိုတိုက်ပွဲမှာ ဗိုလ်မှူးမင်း ခြေချော်ပြီး နဝင်းချောင်းထဲ ကျသွားတာကိုမြင်လိုက်ရလို့ ကျွန်တော်နဲ့ ကျွန်တော်ရဲ့ညီ ဗောမွန်တို့ ရေထဲ ခုန်ဆင်းပြီး ဗိုလ်မှူးမင်းကို ဆယ်တင်ခဲ့ရသည်ကို ဗိုလ်မှူးမင်း အမှတ်ရတော် မူလိမ့်မည်ဟု ယုံကြည်ကြောင်းပါ'





ဗောညီက ပြန်ပြောလိုက်ရာ ထိုအခါကျမှ သီရိဗြတ်ကမ္ဘန်သည် ဗောညီအား ကောင်းစွာ မှတ်မိသည့် အမူအရာဖြင့် ဗောညီ၏ ပခုံးကို ဝင် ဖက်လိုက်သည်။

'မှတ်မိပြီ၊ မှတ်မိပြီ။ ခုမှ ကောင်းကောင်း မှတ်မိတော့တယ်။ ... တော့ ကျုပ်ရဲ့ အသက်သခင် ကျေးဇူးရှင်ပဲ။ မင်းရဲ့ကျေးဇူး ကြီးမားလှပါ တယ်'

'ကျွန်တော်တစ်ယောက်တည်း မဟုတ်ကြောင်းပါ။ ကျွန်တော်ရဲ့ညီ ... နဲ့ပါ ကူညီပြီး ဆယ်တင်ခဲ့ခြင်း ဖြစ်ကြောင်းပါ။ ဗိုလ်မှူးမင်း ခြေချော်ပြီး ... ချောင်းထဲ ကျသွားစဉ်က ကျွန်တော်နဲ့ ကျွန်တော့်ညီ ဗောမွန်မှာ လှေငယ် ... င်းနဲ့ ရေလယ်မှာ ရှိနေပါသဖြင့် ရေထဲခုန်ဆင်းပြီး ဗိုလ်မှူးမင်းကို လှေပေါ် ... ဆွဲတင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်းပါ'

'မင်းတို့ညီအစ်ကိုရဲ့ ကျေးဇူးကို ငါ ဘယ်တော့မှ မမေ့ပါဘူး။ မင်းကို ... ရုတ်တရက် မမှတ်မိတဲ့အတွက် စိတ်မရှိပါနဲ့။ နဝင်းတိုက်ပွဲမှာတုန်းက ရန်သူ ...ရဲ့ လက်ချက်နဲ့ ရရှိခဲ့တဲ့ ဒဏ်ရာတွေကြောင့် သွေးလွန်အားနည်းနေချိန်မှာ ...ချော်ပြီး ရေထဲကျသွားလို့ သတိလစ်သွားပါတယ်။ သတိရတဲ့အခါကျတော့ ...တို့ကို မတွေ့ရတော့ဘဲ ငါ့တပ်ထဲ ငါ ပြန်ရောက်နေလို့ မင်းတို့ကို ငါ ...ောင်းကောင်း မမှတ်မိတာပါ။ ဒါထက် မင်းရဲ့ညီ ဗောမွန်ကော'

သီရိဗြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'ဟောဟို သစ်ပင်ရိပ်မှာ အပန်းဖြေနေကြောင်းပါ။ ဗောမွန်နဲ့ ကျွန်တော် ... အမြွှာညီနောင်ပါ။ အမြွှာညီနောင် ဖြစ်တဲ့အတွက် လူချင်း ခွဲ၍ မရအောင် ...ကြောင်းပါ'

ဗောညီသည် အရိပ်အာဝါသ ကောင်းသည့် သစ်ပင်အုပ် ရှိရာ ညွှန်ပြ ... အဖြေပေးလိုက်သည်။

'မင်းရဲ့ညီနဲ့ ငါ တွေ့ချင်သေးတယ်။ လာ သူ့ဆီကို သွားကြမယ်'

သီရိဗြတ်ကမ္ဘန်သည် ပြောပြောဆိုဆို ဗောညီကို ခေါ်၍ သစ်ပင်အုပ် ...သို့ စကားတပြောပြောနှင့် လာခဲ့ကြပေသည်။

သစ်ပင်အုပ် အနီးသို့ ရောက်သောအခါ သစ်ပင်တစ်ပင်၏ ခြေရင်း ... သစ်မြစ်ကို ခေါင်းအုံးပြီး ပက်လက်အိပ်နေသော ပိန်ပိန်ပါးပါး အရပ်ရှည် ... အသားညိုညို လူရွယ်တစ်ယောက်ကို မြင်ရသဖြင့် သီရိဗြတ်ကမ္ဘန်သည် ...နှင့် အတူပါလာသည့် ဗောညီကိုတစ်လှည့်၊ သစ်ပင်ခြေရင်းတွင် အိပ်နေသော ...ကို တစ်လှည့် ကြည့်ပြီး အံ့အားသင့်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သစ်ပင်ခြေရင်းမှာ အိပ်နေတဲ့လူဟာ မင်းရဲ့ညီ ဖောမွန် မဟုတ်လား'

သီရိဗြတ်ကမွန်က ဖောညီအား လှည့်၍ မေးလိုက်ရာ ဖောညီသည် ပြုံးစိစိအမူအရာဖြင့် ခေါင်းညိတ်ပြီး ဟုတ်မှန်ကြောင်း အဖြေပေးလိုက်သည်။

'ဒါနဲ့ မင်းတို့ညီအစ်ကိုက လူချင်း ရွေးလို့မရအောင် တူတယ် ဆို... မင်းက ဝဝဖိုင့်ဖိုင့် ဗလကောင်းကောင်း၊ မင်းရဲ့ညီက ပိန်ပန်ရှည်ရှည် အသား ညိုညို'

'မှန်ပါတယ်။ ဝတာနဲ့ ပိန်တာ၊ ဖြူတာ၊ ညိုတာက လွဲရင် အားလုံး တူပါတယ်'

ဖောညီက ရယ်သွမ်းသွေးပြီး ပြန်ပြောလိုက်သည်။ ၎င်းနောက် ဖောညီက ဖောမွန်အနီးသို့ ချဉ်းကပ်သွားပြီး ပခုံးကို ကိုင်၍ လှုပ်နှိုးလိုက်ရာ ဖောမွန်သည် မျက်စိကိုပွတ်သပ်ပြီး ထ လာပေသည်။

'ဖောမွန် ထစမ်း၊ ထစမ်း။ ဒီမှာ ဗိုလ်မှူးမင်း သီရိဗြတ်ကမွန်'

ဖောညီက ပြောလိုက်ရာ ဖောမွန်သည် မျက်စိကို ပွတ်သပ်နေရာမှ သီရိဗြတ်ကမွန်အား ခြေဆုံးခေါင်းဆုံး ကြည့်နေပေသည်။ ပြီးမှတစ်ဖန် သီရိဗြတ်ကမွန်အား မှတ်မိသည့် အမူအရာဖြင့် ဦးညွတ်၍ အလေးပြုလိုက် သည်။

'ဗိုလ်မှူးမင်းနဲ့ တွေ့ရတာ ဝမ်းသာအားရ ရှိလှကြောင်းပါ။ တိုက်ပွဲ တစ်ပွဲမှာ ဗိုလ်မှူးမင်း ကျဆုံးသွားကြောင်း သတင်းကြားရပါသဖြင့် နှမြော တသ ယူကျုံးမရ ဖြစ်ခဲ့ရကြောင်းပါ။ ဗိုလ်မှူးမင်းကို ခုလို ကျန်းကျန်းမာမာ ပြန်တွေ့ရတဲ့အတွက် ဝမ်းမြောက်၍ မဆုံးနိုင်အောင် ဖြစ်ရကြောင်းပါ'

ဖောမွန်က မိမိ ကြားသိခဲ့ရသည့် သတင်းကို ဖောက်သည်ချလိုက် သည်။

'ငါ သေဖို့ကောင်းတာတော့ ကြာပါပြီ၊ ဒါပေမဲ့ ခုအချိန်ထိတော့ သေမင်းက ငါ့ကို အရှုံးပေးနေရသေးတာပဲ။ မင်းပြောတဲ့ တိုက်ပွဲမှာတုန်းကလည်း စောစောက မင်းတို့ ညီအစ်ကို ကယ်ဆယ်လိုက်တဲ့ မင်းစည်သူကြောင့်သာ ငါ အသက်ဘေးက ချမ်းသာရာ ရတာပါ'

သီရိဗြတ်ကမွန်က ရှင်းပြလိုက်သည်။

'လေးယောက်နဲ့ တစ်ယောက် ရှုပ်ရှုပ်ရှက်ရှက် ခုခံနေတာ တွေ့လို့ ကျွန်တော် တို့ ဝင်ပြီး အကူအညီ ပေးခဲ့တာပါ။ ဒါထက် သူ့ဒဏ်ရာ သက်သာပါရဲ့လား'

'မင်းတို့ညီနောင်ရဲ့ ကျေးဇူးကြောင့် ဒဏ်ရာပြင်းပြင်းထန်ထန် မရှိ ပါဘူး။ ခုဆိုရင် သိသိသာသာ သက်သာသွားပါပြီ။ စိုးရိမ်စရာ မရှိတော့ပါဘူး'





သီရိဗြတ်ကမွန်က အဖြေပေးလိုက်သည်။

'ဒီစကား ကြားရတာ ဝမ်းမြောက်ဝမ်းသာ ရှိလှကြောင်းပါ၊ ဗိုလ်မှူး ...နဲ့ ခုလို လွတ်လွတ်လပ်လပ် တွေ့ရတဲ့ အချိန်မှာ ဆွေးနွေးစရာ ရှိတာကို ဆွေးနွေးကြရင် မကောင်းဘူးလား။ ဘယ့်နှယ်လဲ ဖောမွန်၊ မင်း သဘောတူ... ဟုတ်လား'

ဖောညီက ညီဖြစ်သူ၏ သဘောထားကို မေးလိုက်သည်။

'သဘောတူပါတယ်၊ လူရှင်းတဲ့နေရာ တစ်နေရာမှာ ဆွေးနွေးကြရင် ကောင်းမယ်'

ဖောမွန်က ပြန်ပြောလိုက်ပြီး သုံးယောက်သား လူရှင်းသည့် နေရာ ...နေရာသို့ လာခဲ့ကြလေသည်။

'ကျွန်တော်တို့ ဆောင်းတူးမြို့ကို လာခဲ့တာဟာ အကြောင်းမဲ့သက်... မဟုတ်ပါဘူး။ ဗိုလ်မှူးမင်း ဒီမှာရှိတယ် ဆိုတာ သိလို့ ဗိုလ်မှူးမင်းနဲ့ ...ရအောင် လာခဲ့ခြင်း ဖြစ်ကြောင်းပါ။ ဗိုလ်မှူးမင်းရဲ့ သတင်းကို ကျွန်တော် ...ကြားသင့်သလောက် ကြားခဲ့ရပြီး ဖြစ်ကြောင်းပါ။ ဗိုလ်မှူးမင်း သိတော်မူတဲ့ ...ိုင်း ရှင်ဓမ္မရ ရဟန်းလူထွက်ကို ရှင်စောပု ဘုရင်မကြီးက သမီးတော် ...နဲ့ ရွှေလက်တော်ဆက်ပြီး ဓမ္မစေတီဘွဲ့နဲ့ အိမ်ရှေ့အရာ ပေးသနားတော် ...ကို သမက်တော်အကြီးနဲ့တကွ သမက်တော်အကြီးရဲ့ ဘက်တော်သား ... မကျေမနပ် ဖြစ်နေကြပြီး ဘုရင်မကြီးကို လုပ်ကြံရန် ကြံစည်နေကြ ...ကြောင်း အခိုင်အမာ သတင်းရရှိထားကြောင်းပါ။ ဗိုလ်မှူးမင်း သိတော်မူတဲ့ ...ိုင်း ဘုရင်မကြီးအား လုပ်ကြံရန် ပုသိမ်၊ မြောင်းမြဘက်မှ စေလွှတ်လိုက်တဲ့ ...တော်အကြီးရဲ့ လူယုံတော်တစ်ဦးကို ဘုရင်မရဲ့ စစ်သည်တော်တွေက ...သည်မပြတ် ခြေရာခံပြီး လိုက်နေတဲ့အတွက် မင်းမှုထမ်းအရှို့နဲ့ ပူးပေါင်း ...ထိုးခြိုတဲ့နေရာမှာ ပုန်းအောင်းခိုလှုံနေကြောင်း သတင်းစကား ကြားသိရ ကြောင်းပါ'

ဖောညီက မိမိ ကြားသိခဲ့ရသည့် သတင်းကို ဖောက်သည်ချလိုက် သည်။

'မှန်တယ်၊ ဒီသတင်းကို ငါ ကြားပြီးပြီ။ ဒါပေမဲ့ မင်းတို့ပြောတဲ့ ...မှာ အဲဒီအကောင် မရှိတော့ဘူး'

ဗိုလ်မှူးမင်း ကြားသိတဲ့သတင်း မှန်ကောင်းမှန်မည် ဖြစ်ကြောင်း... ...ကြောင့် နောက်ထပ် ကြားသိခဲ့ရသည့် သတင်းအရ ပထမ စေလွှတ်လိုက်တဲ့ ...တော်ကို ဘုရင်မရဲ့ စစ်သည်တော်တွေ ခြေရာခံပြီး လိုက်နေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ချိုင်းသံစား ...ရတဲ့အတွက် ဘုရင်မကို လုပ်ကြံရန် လက်ရွေးစင် လူယုံတော်သုံးဦး ထပ်... စေလွှတ်လိုက်ကြောင်း အခိုင်အမာ သိခဲ့ရကြောင်းပါ'

'ဒီသတင်း သေချာရဲ့လား'

'အခိုင်အမာ ကြားသိခဲ့ရသည့် သတင်း ဖြစ်ကြောင်းပါ။ ဤသတင်း... ကို ကြားသိရသည်နှင့် တစ်ပြိုင်နက် ဗိုလ်မှူးမင်းရဲ့ သွေးသောက်ရဲဘော် တင်... ဖြစ်တဲ့ သမိန်ဗိပ်ဗြကိုယ်တိုင် ငမိုက်သား လူယုတ်မာသုံးဦးအနက် ခေါင်းဆော... နှင့် တူသူ၏ နောက်သို့ ခြေရာခံပြီး လိုက်လာကြောင်းပါ။ သို့ရာတွင် ရွှေမြို့တော်... သို့ အရောက်တွင် ထိုလူအား မျက်ခြည်ပြတ်သွားကြောင်းပါ။ ထိုသုံးဦးအနက်... ကျန်နှစ်ဦးကို ကျွန်တော်တို့ ညီနောင်က တစ်ဦးစီ တာဝန်ယူ၍ ခြေရာခံပြီး လိုက်လာခဲ့ကြကြောင်းပါ။ ကျွန်တော်ရဲ့ညီ ဇောမွန် ခြေရာခံပြီး လိုက်နေသူ... ရွှေမြို့တော်သို့ အရောက်တွင် အလားတူပင် မျက်ခြည်ပြတ်သွားကြောင်း... တတိယ လူယုတ်မာကောင်ကိုမူ ကုသိုလ်ကံအားလျော်စွာ သက်သေခံပစ္စည်း... တကွ လက်ရ ဖမ်းဆီးရမိထားကြောင်းပါ'

ဇောညီက ရှင်းပြလိုက်ပြန်သည်။

'မှန်ပါတယ်၊ တတိယ လူယုတ်မာကို ကျွန်တော်တို့ ညီအစ်... ဝိုင်းဝန်းဖမ်းဆီးပြီး ချုပ်နှောင်ထားကြောင်းပါ'

ဇောမွန်က ဝင်ပြီးပြောလိုက်သည်။

'ခွေးတိရစ္ဆာန်ကောင် ဘယ်မှာလဲ'

'လုံခြုံတဲ့နေရာမှာ ထွက်မပြေးနိုင်အောင် ချုပ်နှောင်ထားကြောင်း...'

'သူ့ကိုယ်မှာ ရှာကြည့်တော့ ဘာတွေ တွေ့သလဲ'

'ပုရပိုက်ဖြူတစ်ခု တွေ့ရှိရကြောင်းပါ'

ဇောညီသည် ပြောပြောဆိုဆို လက်တစ်ဝါးစာ မရှိတရှိ ပုရပိုက်... ကို ထုတ်ပြလိုက်သည်။

သီရိဗြတ်ကမွန်သည် ပုရပိုက်ဖြူကို ယူပြီး စေ့စပ်သေချာစွာ လှန်... ကြည့်ရှုနေပေသည်။ သို့ရာတွင် ပုရပိုက်ဖြူပေါ်၌ တစ်စုံတစ်ရာ ရေးသားထား... သည်ကို မတွေ့ရဘဲ အဖြူထည်သက်သက်သာ ဖြစ်နေသဖြင့် သီရိဗြတ်က... သည် မျက်မှောင်ကြုတ်ပြီး စဉ်းစားနေပေသည်။

'ဗိုလ်မင်း ဘယ်လိုသဘောရပါသလဲ။ ကျွန်တော်တို့ကို မျက်စိလည်... လမ်းမှားအောင် အဖြူထည် ပုရပိုက်ကို ပေးလိုက်တာများ ဖြစ်နေမလား'

ဇောညီက မိမိ အယူအဆကို မရဲတရဲ ဖွင့်ဟလိုက်သည်။





'သာမန်မျက်စိနဲ့ မမြင်ရအောင် လျှို့ဝှက်တဲ့နည်းနဲ့ ရေးသားထားတာ ...နိုင်ဘူးလား'

ဇောမွန်က ဝင်ထောက်လိုက်သည်။

မင်းပြောသလို ဖြစ်တော့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ လျှို့ဝှက်တဲ့နည်းနဲ့ ...သားထားရိုး မှန်ရင် ငါတို့ ဖတ်လို့ရမှာ မဟုတ်ဘူး။ သူတို့ အချင်းချင်းသာ ...လို့ရမှာ။ ဗိုလ်မင်းကော ဘယ်လို သဘောရပါသလဲ။ လျှို့ဝှက်တဲ့နည်းနဲ့ ...သားထားတာ ဆိုရင် စာလုံးတွေ ပေါ်လာအောင်လုပ်တဲ့ ဆေးရည် ...လား'

ဇောညီက သီရိဗြတ်ကမွန်၏ သဘောထားကို မေးလိုက်ပြန်သည်။

'လျှို့ဝှက်တဲ့နည်းနဲ့ ရေးတာ ဖြစ်နိုင်တယ်။ ဒါပေမဲ့ တပ်အပ်သေချာ ...နိုင်သေးဘူး။ စမ်းသပ်ကြည့်ရဦးမယ်'

သီရိဗြတ်ကမွန်သည် ပုရပိုက်ကို များစွာ အရေးမစိုက်သည့် အမူ...ဖြင့် မိမိ၏ခါးပိုက်ထဲသို့ ထိုးထည့်ပြီး သိမ်းဆည်းထားလိုက်သည်။

'ကဲ သစ္စာဖောက် ခွေးတိရစ္ဆာန်ကောင် ဘယ်မှာလဲ။ သူ့ကို စစ်ဆေး...ရအောင်'

သီရိဗြတ်ကမွန်က မေးလိုက်သည်။

'စစ်ဆေးလို့ ရမှာ မဟုတ်ဘူး၊ အသေခံချင်ရင်သာ အသေခံသွားမှာ။ ...တော်တို့ စစ်ဆေးတာကို တစ်ခွန်းတစ်ပါဒမျှ အဖြေမပေးဘဲ ဇွတ်ပေ...ယ်။ သူ့ကို အစာငတ် ရေငတ်ထားပြီး စစ်ဆေးရင်တော့ မပြောတတ်ဘူး။ ...ရစ္ဆာန်ကို မစစ်ဆေးခင် ဗိုလ်မင်းဗြတ်ဇဆီက ပါးလိုက်တဲ့ စာလွှာကို ...တော်မူပါဦး'

ဇောညီသည် ပြောပြောဆိုဆို ဗိုလ်မင်းဗြတ်ဇထံမှ စာလွှာကို သီရိ...ကမွန်၏ လက်သို့ ပေးအပ်လိုက်ရာ၊ သီရိဗြတ်ကမွန်သည် စိတ်ဝင်စားစွာ ...ရှုနေပေသည်။

သွေးသောက်ရဲဘော်ကြီး သီရိဗြတ်ကမွန်ထံ စာလွှာပါးလိုက်ပါသည်။

ဤစာလွှာကို ယူဆောင်လာသူ နှစ်ဦးမှာ နိုင်ငံတော်နှင့် ဘုရင်မ အတွက် အသက်နှင့်လဲပြီး သစ္စာစောင့်သိသူများ ဖြစ်ကြပါသည်။ ဗိုလ်မင်း အပါးတွင်လည်း သစ္စာရှိစွာဖြင့် ပေးအပ်သည့် တာဝန်များ ကို မမိုတ်မသုန် ထမ်းရွက်ကြမည့် သူရဲကောင်းများ ဖြစ်ကြပါသည်။ ၎င်းတို့အပေါ်တွင် စိတ်ချ ယုံကြည်စွာဖြင့် ဗိုလ်မင်း ပေးအပ်လိုသည့်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်များကို ပေးအပ်နိုင်ပါသည်။ ဘုရင်မကြီး သက်တော်ရာကျော်ရှည်၍ နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်နိုင်ပါစေ။

သွေးသောက်ရဲဘော်

ဖြတ်

'ဗိုလ်မင်းဖြတ်ဇရဲ့ လက်ရေးလက်သားကို ဗိုလ်မင်း မှတ်သားမိတယ် မဟုတ်လား'

ဇောညီက မေးလိုက်သည်။

'လက်ရေး လက်သားရော စာသွား စာလာပါ ကောင်းကောင်းကြီး သိပါတယ်။ ဒါထက် မင်းတို့ရဲ့လှေ ဘယ်မှာ ဆိုက်ကပ်ထားခဲ့သလဲ'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'ပျဉ်းမပင် ဆိပ်မှာပါ။ ဗိုလ်မင်း အသုံးလိုပါက အချိန်မရွေး အသင့်ရှိနေကြောင်းပါ။ ကျွန်တော်တို့ ညီနောင်ကိုယ်တိုင် ဗိုလ်မင်း သွားလိုရာအရပ်ကို ပို့ပေးရန် တာဝန်ယူကြောင်းပါ'

ဇောညီက တာဝန်ယူလိုက်သည်။

'ဗိုလ်မင်းကို သတင်းပေးစရာ ကျန်ရှိနေသေးကြောင်းပါ။ ဘုရင်မကြီးအား လုပ်ကြံရန်အတွက် ပုသိမ်၊ မြောင်းမြဘက်မှ သစ္စာဖောက်အချို့နှင့် ပူးပေါင်းဆောင်ရွက်ရန် အင်းဝမှ ကြေးစားစစ်သည်တော်များ ကိုယ်ဖျောက်၍ ရောက်ရှိ ရေကြောင်းမှ စုန်လာကြောင်း သိရကြောင်းပါ။ စစ်သည်တော် အချို့မှာ ဒလသို့ တိတ်တဆိတ် ရောက်ရှိနေကြောင်း သတင်းကြားသိရကြောင်းပါ'

ဇောမွန်က သီရိဖြတ်ကမွန်အား သတင်းပေးလိုက်ပြန်သည်။

'ဒီသတင်းတွေတော့ ကြားပြီးပါပြီ။ ဒါပေမဲ့ ကြေးစား စစ်သည်တော်တွေကို စိုးရိမ်စရာ မရှိပါဘူး။ ပြင်ပ အန္တရာယ်ထက် အတွင်းရန်ကို ပိုပြီး ကြောက်ရတယ်။ အင်းဝက ကြေးစားစစ်သည်တော်တွေ စေလွှတ်လိုက်တာဟာလည်း ပြည်တွင်းမှာ ရှိနေတဲ့ သစ္စာဖောက်ကောင်တွေက လက်ယပ်ခေါ်လို့သာ ရောက်ရှိလာခြင်း ဖြစ်တယ်'

သီရိဖြတ်ကမွန်က ရှင်းပြလိုက်သည်။

'ဗိုလ်မင်းပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကြားသိရတဲ့ သတင်းအရဆိုရင် ရှင်စောပု ဘုရင်မကြီးကို အင်းဝရွှေနန်းတော်တွင်က နေပြီး ရှင်ဓမ္မစရနဲ့ ရှင်ဓမ္မဉာဏတို့က တိတ်တဆိတ် လှေငယ်နဲ့တင်ပြီး ခိုးယူလာ





တာ့က် အင်းဝဘုရင် အခဲကျေပုံ မရဘူး။ ရှင်ဓမ္မစရကို ဘုရင်ကြီးက သမီးတော်ငယ်နဲ့ လက်ထပ်စေပြီး ဓမ္မစေတီဘွဲ့နဲ့ အိမ်ရှေ့အရာ ပေးတာကိုလည်း ကျေနပ်ဘူး။ ဒါကြောင့် ကြေးစား စစ်သည်တော်တွေ တိတ်တဆိတ် ဗိုလ်ပေးနေတာလို့ ကြားသိရပါတယ်'

ဇောညီက မိမိတို့ ကြားသိရသည့် သတင်းများကို ပြန်လည် တင်ပြသည်ချလိုက်ပြန်သည်။

'ဒီစကား မှန်တယ်။ ဒါပေမဲ့ ပြည်တွင်းသစ္စာဖောက်တွေ မရှိရင် ပြည်ပက အကူအညီပေးမှာ မဟုတ်ဘူး။ ပြည်တွင်းသစ္စာဖောက်တွေကြောင့် ပြည်ပက ဝင်စွက်နိုင်တာပါ။ ဒါပေမဲ့ ပြည်ပအန္တရာယ်ကို အရေးလုပ်နေစရာ မလိုဘူး။ ကြေးစား စစ်သည်တော်ဆိုတာ ကြေးစားပီပီ ဝတ်ကျေဝတ်ကျေ လောက်သာ အလုပ်လုပ်ကြတာ။ ဒီအတွက် စိုးရိမ်စရာ မရှိဘူး။ ပြည်တွင်း သစ္စာဖောက်တွေကို ရှင်းလင်းသုတ်သင်ပစ်ဖို့ အရေးကြီးတယ်။ ကဲ ဒါကို ထားပြီး မင်းတို့ ဖမ်းဆီးချုပ်နှောင်ထားတဲ့ သစ္စာဖောက် တိရစ္ဆာန်ကောင်ကို စစ်ဆေးကြရအောင်။ သူ့ကို ဘယ်မှာ ချုပ်နှောင်ထားသလဲ'

သီရိဖြတ်ကမွန်က မေးလိုက်သည်။

'ဇောလကွန်ရဲ့ လယ်တောက စပါးကျီထဲမှာ ချုပ်နှောင်ထားခဲ့ပါတယ်'

ဇောညီက အဖြေပေးလိုက်ရာ သီရိဖြတ်ကမွန်သည် အံ့အားသင့်သွားလေသည်။

'ဟင် ဟုတ်လား၊ ဒီအကြောင်းတွေကို ဇောလကွန် သိသလား။ ဇောလကွန်ကို အသိပေးသေးသလား'

'အသိမပေးပါဘူး၊ ဘယ်သူ့ကိုမှ အသိမပေးပါဘူး။ အသိပေးလို့လည်း မဖြစ်ပါဘူး။ ဘူးတစ်ရာရဲ့ အပေါက်ကို ပိတ်လို့ ရချင်ရမယ်၊ ပါးစပ်တစ်ပေါက်ကို ပိတ်လို့ မလွယ်ဘူး မဟုတ်လား'

ဇောမွန်က ပြန်ပြောလိုက်မှ သီရိဖြတ်ကမွန်မှာ ဘဝင်ကျသွားလေသည်။

'ကောင်းတယ် ကောင်းတယ်၊ ဘယ်သူ့ကိုမှ အသိမပေးဘဲ ထားတာ ကောင်းတယ်။ ဒါထက် ဇောလကွန်ကို မင်းတို့ ရင်းရင်းနှီးနှီး သိသလား'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'တစ်ကျောင်းထဲ ထွက်တဲ့ သူငယ်ချင်းချင်းတွေပါ။ ဇောလကွန်ရော ကျွန်တော်တို့ပါ ဆောင်းတူးဇာတိပါ။ ဒါကြောင့် ကျွန်တော်တို့ကို ဗိုလ်မင်းဖြတ်ဇ



www.burmeseclassic.com

www.burmeseclassic.com



က ရွေးချယ်ပြီး တာဝန်ပေးလိုက်တာပါ။ ဆောင်းတူးမြို့စားလေးရဲ့ အိမ်တော် ကို ဗိုလ်မင်းသီရိဖြတ်ကမွန် ရောက်ရှိနေကြောင်း ဗိုလ်မင်းဖြတ်ဇ ညွှန်ကြား လိုက်လို့ ဖောလကွန်ရဲ့ အိမ်မှာ တစ်ထောက်နားပြီးမှ ဗိုလ်မင်းဆီကို လာ အစီအစဉ် ရှိပါတယ်'

ဖောမွန်က အဖြေပေးလိုက်သည်။

'လက်စသတ်တော့ ဒီလိုကိုး။ မင်းတို့ ဆောင်းတူးဇာတိဆိုရင် မြို့စား လေး ဗညားအိမ်ကို မင်းတို့ သိမှာပေါ့'

'လူချင်းတော့ မသိပါဘူး။ မြင်တော့ မြင်ဖူးပါတယ်။ နတ်ရွာ မြို့စားကြီးရဲ့ လက်ထက်တုန်းကတော့ မြို့စားကြီးရဲ့ လယ်ယာတွေကို ငှားရမ်း လုပ်ကိုင်ခဲ့ဖူးလို့ နီးနီးကပ်ကပ် ဆက်ဆံခဲ့ဖူးပါတယ်'

'မြို့စားကြီးဟာ နိုင်ငံတော်နဲ့ ဘုရင်မအပေါ်မှာ ကျေးဇူးသစ္စာတော် စောင့်သိတယ် မဟုတ်လား'

'မှန်ပါတယ်၊ နတ်ရွာစံရာဇဝိရာဇ် ဘုရင်မင်းတရားကြီးရဲ့ လက်ထက် တော်မှအစ သမီးတော် ရှင်စောပု ဘုရင်မကြီး လက်ထက်တော်အထိ အဆက် ဆက်သော ဘုရင်များအပေါ်တွင် မမိုက်မသုန် ကျေးဇူးသစ္စာတော် စောင့်သိ ပါတယ်။ နိုင်ငံတော်အပေါ်မှာလည်း ကျေးဇူးသစ္စာတော် စောင့်သိတဲ့ မြို့စားကြီး ဖြစ်ပါတယ်'

'သားတော် ဗညားအိမ်နဲ့ သမီးတော် နှင်းကေသရာတို့ရဲ့ စိတ် သဘောထားကော မင်းတို့ မသိကြဘူးလား'

'ကျွန်တော်တို့ ကြားသိရသလောက်တော့ မြို့စားလေးရော မြို့စားလေး ရဲ့ အစ်မတော်ပါ ဘုရင်မကြီးနဲ့ နိုင်ငံတော်အပေါ်မှာ ကျေးဇူးသစ္စာစောင့်သိ များ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ဘုရင်မကြီးရဲ့ သမီးတော်အငယ်ကို ရှင်ဓမ္မ လူထွက်နဲ့ ရွှေလက်တော်ဆက်ပြီး အိမ်ရှေ့အရာ အပ်နှင်းတဲ့ ကိစ္စနဲ့ပတ်သက် သမက်တော်အကြီး ဘက်တော်သား အချို့ရဲ့ သွေးတိုးလှုံ့ဆော်မှုကြောင့် ဘုန်းကြီး လူထွက်ကို အိမ်ရှေ့အရာ အပ်နှင်းရမလား ဆိုပြီး ဘုရင်မကြီးအပေါ်မှာ ငြိုငြင် နေတယ်လို့ ကြားသိရကြောင်းပါ'

'ငြိုငြင်ရုံ ငြိုငြင်တာလား၊ ဘုရင်မကြီး အပေါ်မှာ သစ္စာဖောက် လိမ့်မယ်လို့ မင်းတို့ ထင်သလား'

သီရိဖြတ်ကမွန်က ပိုပြီး သေချာအောင် မေးလိုက်သည်။

'ဘုရင်မကြီးအပေါ်မှာရော နိုင်ငံတော်အပေါ်မှာပါ သစ္စာဖောက်လိ မယ် မဟုတ်ကြောင်းပါ။ မြို့စား မောင်နှမအပေါ်တွင် ဘုရင်မကြီးက သ





တ်လို သားတော်လို သဘောတော်ထားပြီး ရင်းရင်းနှီးနှီး ဆက်ဆံလျက် ရှိ ကြောင်းပါ။ ထိုနည်းတူစွာ မြို့စားမောင်နှမကလည်း ဘုရင်မကြီးအပေါ်တွင် င်လို သဘောထားပြီး ကျေးဇူးသစ္စာတော် စောင့်သိရှိသကြောင်း ကြားသိရ ကြောင်းပါ။ အထူးသဖြင့် ပြည်ပမှ အကူအညီယူခြင်းကို မြို့စားမောင်နှမ နှင့် မည်သည့်နည်းနှင့်မျှ သဘောတူ ထောက်ခံနိုင်မည် မဟုတ်ကြောင်း လုံးစွာ ကြားသိရကြောင်းပါ'

ဖောညီက မိမိ စုံစမ်းသိရှိခဲ့သမျှ ပွင့်လင်းစွာ တင်ပြလိုက်သည်။

စကားတပြောပြောနှင့် လာခဲ့ကြစဉ် ဖောလကွန်၏လယ်တော မြောက် တ်စွန်းရှိ စပါးကျီ ရှိရာသို့ ရောက်လာပေသည်။

စပါးကျီအနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် တံခါးပွင့်နေသည်ကို ရသဖြင့် ဖောညီနှင့် ဖောမွန်မှာ အံ့အားသင့်သွားပြီး ပွင့်နေသောတံခါးမှ းကျီပေါ်သို့ ပြေးတက်သွားကြပေသည်။

စပါးကျီပေါ်သို့ ရောက်သောအခါ စောစောက မိမိတို့ ချုပ်နှောင်ထား သော သစ္စာဖောက်မှာ ထွက်ပြေးလွတ်မြောက်သွားပြီ ဖြစ်ကြောင်း သိရသဖြင့် ခလို အားမရ ဖြစ်နေကြပေသည်။

'ခွေးတိရစ္ဆာန် ဘယ်လို လုပ်ပြီး ထွက်ပြေးသလဲ မသိဘူး။ လက်ပြန်ကြိုး ပြီး တိုင်မှာ ချည်ထားခဲ့တယ် မဟုတ်လား။ တံခါးကိုလည်း အပြင်က က်နဲ့ ပိတ်ပစ်ခဲ့တာပဲ'

ဖောညီက တဖျစ်တောက်တောက် ပြောနေပေသည်။

'လက်ပြန်ကြိုးတုပ်တဲ့ ကြိုးတွေကို ဓားနဲ့ ဖြတ်တောက်သွားတယ်။ ာသာသူ ရုန်းကန်ထွက်ပြေးတာ မဟုတ်ဘူး။ အပြင်လူရဲ့ အကူအညီနဲ့ တ်မြောက်သွားတာ ဖြစ်ရမယ်'

သီရိဖြတ်ကမွန်သည် စပါးကျီပေါ်သို့ တက်လိုက်လာပြီး တိတိရိရိ တ်နေသော ကြိုးစကို စစ်ဆေးကြည့်ရှုရင်း မှတ်ချက်ချလိုက်သည်။

'ဗိုလ်မင်းပြောတာ မှန်တယ်။ အပြင်လူရဲ့ အကူအညီနဲ့ လွတ်မြောက် ာတာ ဖြစ်ရမယ်။ ခွေးတိရစ္ဆာန်ကို ဒီနေရာမှာ ချုပ်ထားမှန်း ဘယ်သူတွေ ယ်လိုလုပ်ပြီး သိသလဲ မပြောတတ်ဘူး'

ဖောညီက တစ်ယောက်တည်းပြောသလို ပြောလိုက်သည်။

'ဒီအနီးအနားမှာ သူတို့ရဲ့ အပေါင်းအသင်းတွေ ရှိလို့ ဖြစ်မှာပေါ့။ ာ အရေးမကြီးဘူး။ မင်းတို့ လက်ရဖမ်းဆီးလာခဲ့တဲ့ သစ္စာဖောက် တိရစ္ဆာန် င်ရဲ့ ပုံပန်းသဏ္ဍာန်ကို ပြောပြစမ်း'



www.burmeseclassic.com

www.burmeseclassic.com



သီရိဇြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'မျက်နှာဝိုင်းဝိုင်း နှာခေါင်းပြားပြား နှုတ်ခမ်းထူထူ။ ပြီးတော့ သူ့ရဲ့ အဝတ်အစားကို ကြည့်ရခြင်းအားဖြင့် အမှုထမ်းတစ်ဦးနဲ့ တူတယ်။ သတ္တိလည်း မခေဘူး'

ဗောညီက မိမိ မှတ်မိသလောက် ပြောပြနေပေသည်။

'သူ့ရဲ့ မေးစေ့မှာ ဓားခုတ်ခံရတဲ့ အမာရွတ်တစ်ခု ရှိတယ်။ ကိုယ်လုံး ကိုယ်ထည်ကတော့ သေးသေးကွေးကွေးပဲ၊ ဒါပေမဲ့ ဗလတော့ ကောင်းတယ်'

ဗောမွန်က ဝင်ပြောလိုက်ပြန်သည်။

'မေးစေ့မှာ အမာရွတ်တစ်ခု ရှိတယ်ဆိုတာ သေချာရဲ့လား'

သီရိဇြတ်ကမ္ဘန်က တစ်စုံတစ်ရာ စဉ်းစားရင်း ပြန်မေးလိုက်သည်။

'သေချာပါတယ်၊ ဒီ ခွေးတိရစ္ဆာန်ကောင်ကို မြင်ရင် မှတ်မိပါတယ်။ ဒီတစ်ခါတော့ ခွေးတိရစ္ဆာန်ကို အရှင်မထားဘူး'

ဗောညီက ကြုံးဝါးလိုက်သည်။

'သူခိုးပြေးမှ ထိုးကွင်းထမနေစမ်းပါနဲ့တော့။ ကဲ မင်းတို့ရဲ့ စခန်းကို မင်းတို့ ပြန်နေကြ။ မင်းတို့ကို အလိုရှိတဲ့အခါ အကြောင်းကြားလိုက်မယ်။ နားနဲ့ မျက်စိကိုတော့ အမြဲဖွင့်ထား၊ ကြားလား။ သတင်းထူးရင် ငါ့ဆီကို ချက်ချင်း အကြောင်းကြားဖို့လည်း မမေ့နဲ့'

သီရိဇြတ်ကမ္ဘန်က ညွှန်ကြားနေပေသည်။

'ကောင်းလှပါပြီ၊ ကျွန်တော်တို့ ပျဉ်းမပင်ဆိပ်မှာ စခန်းချနေပါမယ် အလိုရှိရင် အချိန်မရွေး အကြောင်းကြားပါ'

ဗောညီနှင့် ဗောမွန်သည် ပြောပြောဆိုဆို ပျဉ်းမပင်ဆိပ်သို့ ပြန် သွားကြပေသည်။

သီရိဇြတ်ကမ္ဘန် တစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ ဗောလကွန်း၏ လယ်တဲသို့ လေးလံသော ခြေလှမ်းများဖြင့် ပြန်လာခဲ့ပြီး မီးဖိုချောင်ထဲသို့ တစ်ယောက်တည်း ဝင်သွားပေသည်။

မီးဖိုပေါ်တွင် ရေနွေးအိုး တည်ထားသည်ကို တွေ့ရသဖြင့် သီရိဇြတ်ကမ္ဘန် သည် မီးဖိုအနီးသို့ ချဉ်းကပ်သွားကာ ရေနွေးအိုးကို ဘေးသို့ ဖယ်ထားလိုက်ပြီး ဗောညီထံမှ ရရှိခဲ့သည့် ပုရပိုက်ဖြူကို ခါးပိုက်အတွင်းမှ ထုတ်ယူလိုက်ပြီး မီးနှင့် တင်၍ ခံသေသည်။ မီးပူသည့်အရှိန်ကြောင့် ပုရပိုက်ဖြူပေါ်တွင် တဖြည်းဖြည်း စာလုံးများ ပေါ်၍လာပေသည်။ ပုရပိုက်ဖြူပေါ်တွင် ကန့်ဓာတ်ပါသော ဆေးရည်ဖြင့် ရေးသားထားခြင်း ဖြစ်၍ သာမန်မျက်စိဖြင့် မမြင်ရဘဲ မီးကင်လိုက်သည့် အခါမှ စာလုံးများ ပေါ်လာခြင်း ဖြစ်ပေသည်။

သီရိဇြတ်ကမ္ဘန်သည် မီးကင်ထားသည့် ပုရပိုက်ဖြူပေါ်မှ စာလုံးများ ကို စိတ်ဝင်စားစွာ ဖတ်ရှုရင်း သက်ပြင်းချလိုက်သည်။ ပုရပိုက်ဖြူပေါ်တွင် ရေးသားထားသည့် စာများမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

နှင်းကေသရာဘွဲ့ခံ ခင်စောမယ် သိသာရန်မှာ ရှင်ဘုရင်မကြီး တိုင်းခန်းလှည့်လည်ရာတွင် ဆောင်းတူးမြို့ မြို့စားကြီး၏ စံအိမ်တော်တွင် ခေတ္တစံနေတော်မူရန် အစီအစဉ် ရှိသည်ကို အသေအချာ သိရသည်။ ဘုန်းကြီးလူထွက်အား အိမ်ရှေ့အရာ အင်နှင်းရုံသာမက ထီးနန်းကိုပါ လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိကြောင်း အရိပ်အမြွက် သိရသည်။ ဘုန်းကြီးလူထွက်အား ထီးနန်းအရာ လွှဲပြောင်းပေးပါက တိုင်းပြည် ငါးပါးမှောက်လိမ့်မည်။ ထီးနန်း လွှဲပြောင်း မပေးမီ ကျွန်ုပ်တို့၏ အရေးတော်ပုံ အောင်မြင်ဖို့ အရေးကြီး သည်။ ဤကိစ္စအတွက် နှင်းကေသရာဘွဲ့ခံ ခင်စောမယ်အား တာဝန် ပေးရန် ဆုံးဖြတ်ပြီး ဖြစ်သည်။ ဤစာလွှာကို ယူဆောင်လာသူထံမှ ညွှန်ကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်ပါလေ။ စစ်တောင်း မြို့စားကြီး၏ သားတော် တိဿကုမ္မာ၏ ရှေ့ဆောင်လမ်းပြမှုကို လည်း တစ်သဝေမတိမ်း နာခံပါ။ အရေးတော်ပုံ အောင်မြင်ရေး အတွက် တန်ခိုးအရှိန်အဝါ ကြီးမားသော မြို့စား ရွာစားကြီးများနှင့် ဗိုလ်မှူး တပ်မှူးများကိုယ်တိုင် ဦးဆောင်ပါဝင်လျက် ရှိသဖြင့် မလွဲ မသွေ အောင်မြင်ရမည်။ ဤစာလွှာကို ဖတ်ရှုပြီး မီးရှို့ဖျက်ဆီးပစ်ပါ လေ။ အရေးတော်ပုံ အောင်မြင်ရမည်။

သီရိဇြတ်ကမ္ဘန်သည် အထက်ပါ ပုရပိုက်ဖြူတွင် လျှို့ဝှက်စွာ ရေးသား ထားသည့် ညွှန်ကြားလွှာကို စေ့စပ်သေချာစွာ ဖတ်ရှုပြီးနောက် မီးရှို့ဖျက်ဆီး ရန် အကြံအစည်ဖြင့် မီးဖိုထဲသို့ ပစ်ချမည်ပြုပြီးမှ တစ်စုံတစ်ရာ စဉ်းစားမိ သည့် အမူအရာဖြင့် ပုရပိုက်ဖြူကို သပ်သပ်ရပ်ရပ် ခေါက်ထားလိုက်ပြီး ခါးပိုက် အတွင်း တရိတသေ သိမ်းဆည်းထားလိုက်ပေသည်။ ၎င်းနောက် မီးဖိုပေါ်သို့ ရေနွေးအိုးကို ပြန်တင်လိုက်ပြီး မီးဖိုမှ မီးတောက်မီးလျှံများကို ငေးကြည့်ရင်း ငြိမ်ငြိမ် အလှန်လှန် စဉ်းစားနေစဉ် ဗောလကွန်း၏ ဇနီးသည် မီးဖိုချောင်ထဲသို့ ဝင်လာပေသည်။ သီရိဇြတ်ကမ္ဘန်၏ မျက်နှာ မသာမယာ ဖြစ်နေသည်ကို







www.burmeseclassic.com

www.burmeseclassic.com



မြင်ရသောအခါ မင်းစည်သူအတွက် စိုးရိမ်ပူပန်နေခြင်း ဖြစ်ရမည်ဟု မှတ်ထင် ပြုံးရွှင်သည့် အမူအရာဖြင့် နှုတ်ဆက်လိုက်သည်။

'မင်းဘုရားကြီးရဲ့ အကြည်တော် ဒဏ်ရာသက်သာသွားပြီ ကြောင်းပါ။ ယာဂုသုံးဆောင်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြောင်း စိုးရိမ်စရာ လုံးဝ မရှိတော့ကြောင်းပါ။ မင်းဘုရားကြီးရဲ့ အကြည်တော်အတွ စိုးရိမ်စရာ လုံးဝ မရှိတော့ကြောင်းပါ'

ဗောလကွန်၏ဇနီး အိမ်ရှင်မကြီးက ဝမ်းသာအားရ အစီရင်ခံလို ရာ သီရိဗြတ်ကမွန်သည် ကျေနပ်ဆည်၍ အိမ်ရှင်မကြီးအား ကျေးဇူးတင်စကာ ပြောကြားပြီး မီးဖိုချောင်ထဲမှ ပြန်ထွက်လာကာ ခြံစည်းရိုးတွင် ချည်နှောင်ထာ သည့် မြင်းလိမ္မာကြီးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

ထိုအခိုက်တွင် အိမ်ရှင် ဗောလကွန် ထွက်လာသည်ကို မြင်သ သီရိဗြတ်ကမွန်သည် မြင်းဇက်ကို အသာဆွဲထားပြီး ဗောလကွန်အား လှမ်းခေ လိုက်သည်။

'ဒီအနီးအနားမှာ လူစိမ်းတွေ လာတာ တွေ့သလား'

သီရိဗြတ်ကမွန်သည် မြင်းပေါ်မှနေပြီး မိမိအနီးသို့ ချဉ်းကပ်လာ ဗောလကွန်အား မေးလိုက်သည်။

'လူစိမ်းတော့ တစ်ယောက်မှ မလာပါဘူး။ မနက်စောစောက မှုထမ်းတစ်ယောက် ရွှေမြို့တော်ကို အသွား ကျွန်တော့်လယ်တောကို ဝင် ရေတစ်မှုတ် တောင်းသောက်သွားတယ်။ နေ့လယ်ပိုင်းမှာတော့ ဆောင်း မြို့စားလေးရဲ့ နောင်တော်ဝမ်းကွဲ မင်းသိဒ္ဓတ် ကြွလာတော်မူတယ်'

ဗောလကွန်က ရိုးသားစွာ အဖြေပေးလိုက်သည်။

'မင်းသိဒ္ဓတ် ဟုတ်လား၊ သူ အိမ်ထဲ ဝင်သွားသေးသလား'

'ခေတ္တဝင်ရောက်ပြီး ကွမ်း ဆေး လက်ဖက် သုံးဆောင်သွားပါတ မြို့စားမင်းရဲ့ နောင်တော်သာ ဆိုရတယ်။ အင်မတန် ဖော်ရွေပါတယ်။ ဆက် တဲ့ နေရာမှာလည်း အရပ်သားလိုပဲ ဆက်ဆံပါတယ်။ မာန်မာန မရှိပါ အပြောအဆို နူးညံ့သိမ်မွေ့လှပါတယ်'

'ဘာတွေများ ပြောသွားသေးသလဲ'

'ထူးထူးထွေထွေတော့ မဟုတ်ပါဘူး။ ကောက်ပဲသီးနှံ အထွက်များ သား၊ အရောင်းအဝယ် ကောင်းရဲ့လား၊ အစချီပြီး လယ်တောနဲ့ ပတ်သက် အကြောင်းအရာတွေကို မေးမြန်းစုံစမ်း သွားပါတယ်။ ပြီးတော့ ကျွန်တော် လယ်တောနဲ့ ပျဉ်းမပင်ဆိပ် ဘယ်လောက်ဝေးသလဲ၊ ပျဉ်းမပင်ဆိပ်ကို ရော





လား၊ ပျဉ်းမပင်ဆိပ်မှာ အထက်အညာက လာတဲ့ လှေတွေ ဆိုက်ကပ်တာ သလား စတဲ့ မေးခွန်းတွေ မေးသွားပါတယ်'

ဗောလကွန်က မိမိ မှတ်မိသလောက် ပြောပြနေပေရာ သီရိဗြတ် န်သည် စိတ်ဝင်စားသည်ထက် စိတ်ဝင်စားလာပေသည်။

'ဟင် ဟုတ်လား၊ ပြီးတော့ ဘာတွေ ပြောသွားသေးသလဲ'

'ကျွန်တော့်ရဲ့ လယ်တောကို စစ်တောင်းမြို့စားကြီးရဲ့ သားတော် ကုမ္ဘာ လာတာ မြင်မိသလားလို့ မေးသေးတယ်'

'ဒီတော့ ဘယ်လို အဖြေပေးသလဲ'

'အဲဒီအချိန်က တိဿကုမ္ဘာ လာတာ မမြင်လို့ မမှတ်မိကြောင်း ပေးလိုက်ပါတယ်'

'အဲဒီအချိန်က လာတာ မမြင်ဘူး ဆိုတော့ အဲဒီနောက်ကော လာ သို့လား'

'မင်းသိဒ္ဓတ် ပြန်သွားပြီး ဘာမျှမကြာခင် တိဿကုမ္ဘာ မြင်းတစ်စီး ွန်တော့်ရဲ့ လယ်တောထဲကို ဝင်လာပါတယ်'

'ဟင် ဟုတ်လား၊ တိဿကုမ္ဘာကော ဗောလကွန်ရဲ့ အိမ်ထဲကို သေးသလား'

'အိမ်ထဲဝင်ပြီး ရေတစ်မှုတ် တောင်းသောက်သွားပါတယ်။ ပြီးတော့ အပန်းဖြေပါရစေ ဆိုပြီး ကွမ်း ဆေး လက်ဖက် သုံးဆောင်ရင်း ခေတ္တ း‌ဖြေနေပါတယ်။ အဲဒီအချိန်မှာ ဗောညီနဲ့ ဗောမွန်တို့ ရောက်လာကြပြီး တော့်ကို လှမ်းခေါ်လိုက်တဲ့ အသံကြားလို့ တိဿကုမ္ဘာကို ကျွန်တော့် သည်နဲ့ ထားခဲ့ပြီး ကျွန်တော် ထွက်လာခဲ့ပါတယ်။ ဗောညီနဲ့ ဗောမွန်ဟာ တော့်ရဲ့ သူငယ်ချင်းတွေပါ။ လူချင်းကွဲနေတာ ကြာပါပြီ'

'တိဿကုမ္ဘာ ဘယ်အချိန်က ပြန်သွားသလဲ'

'ဒါတော့ ကျွန်တော် မသိပါဘူး။ ဗောညီနဲ့ ဗောမွန်ကို အခုမှ ပြန် လို့ ဝမ်းသာအားရ နှုတ်ဆက်ပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေလို့ ကုန်မှန်းမသိ ကုန်သွားတယ်။ ကျွန်တော် ပြန်လာတော့ တိဿကုမ္ဘာ တော့ပါဘူး။ အဲဒီအချိန်မှာ မြို့စားလေး ဗညားအိမ်ရဲ့ ဘဏ္ဍာစိုး မြင်းတစ်စီးနဲ့ ာက်နေတာ တွေ့ရပါတယ်'

'ဘဏ္ဍာစိုးက ဘာလာလုပ်တာလဲ၊ အိမ်ထဲကို ဝင်သေးသလား'

'မဝင်ပါဘူး၊ မင်းသိဒ္ဓတ်ကို လာကြိုတာလို့ ပြောပါတယ်။ မင်းသိဒ္ဓတ် ပြီဖြစ်ကြောင်း ကျွန်တော် ပြောလိုက်လို့ မြင်းပေါ်က မဆင်းဘဲ ချက်ချင်း င်းပြီး ပြန်သွားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း ဒီလိုဆိုရင် မဖြစ်ဘူး။ ကျုပ်လည်း သူတို့လိုပဲ မြင်းနဲ့ဒုန်းစိုင်းဦး ဖြစ်မယ်။ ကဲ ကျုပ် သွားဦးမယ်။ မင်းစည်သူရဲ့ ဒဏ်ရာကိုသာ ဂရုစိုက် ဆေးဝါးကုသပေးကြပါ။ ဗောလကွန်ရဲ့ ကျေးဇူးကို မမေ့ပါဘူး။ နက်ဖြန် ကျုပ် တစ်ခေါက်လာခဲ့ဦးမယ်လို့ မင်းစည်သူကို ပြောပါ။ ကျုပ် သွားဦးမေ

သီရိဇြတ်ကမ္ဗန်သည် ပြောပြောဆိုဆို ဗောလကွန်၏လက်ထဲသို့ ရွှေ အနည်းငယ် အတင်းထည့်ပေးခဲ့ပြီး မြင်းဇက်ကို လွှတ်၍ ဒုန်းစိုင်းပြီး ထွက်လာ စဉ် နောက်မှ လိုက်လာသည့် မြင်းခွာသံများ ကြားရသဖြင့် မြင်းဇက်ကို အသာ သပ်ပြီး လှည့်ကြည့်လိုက်ရာ မြို့စားလေးဗညားအိမ်နှင့် ၎င်း၏နောင်တော ဝမ်းကွဲ မင်းသိင်္ခတ်တို့ ဖြစ်နေပေရာ၊ မိမိ၏နောက်သို့ အမီလိုက်လာခြင်း ဖြစ်သည် ကို သိရသဖြင့် သီရိဇြတ်ကမ္ဗန်သည် အံ့အားသင့်သည့် အမူအရာဖြင့် ထိုနေရာ ရပ်ပြီး စောင့်နေပေသည်။

မြို့စားလေး ဗညားအိမ်နှင့် မင်းသိင်္ခတ်တို့သည် မြင်းကိုယ်စီဖြင့် ဒုန်းစိုင်း ၍ လာခဲ့ကြရာမှ သီရိဇြတ်ကမ္ဗန်၏ အနီးသို့ ရောက်သောအခါ ဗညားအိမ်သည် မြင်းဇက်ကြိုးကိုသတ်၍ လွှားခနဲ ခုန်ချလိုက်သည်။

ဗညားအိမ်၏ အမူအရာမှာ ဒေါသအမျက် ခြောင်းခြောင်းထွက် သည့် အမူအရာ ဖြစ်သည်ကို သီရိဇြတ်ကမ္ဗန် သတိပြုမိပေသည်။

ဗညားအိမ်သည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီးနောက် သီရိဇြတ်ကမ္ဗန်၏ မြင်းဇက်ကြိုးကို ဆွဲပြီး မြင်းပေါ်မှ ဆင်းရန် အမိန့်ပေးလိုက် သည်။ သီရိဇြတ်ကမ္ဗန်မှာမူ ဗညားအိမ်၏ အမူအရာကို နားမလည်နိုင်သည့် အမူအရာဖြင့် မျက်မှောင်ကြုတ်ပြီး ကြည့်နေပေသည်။

'မြင်းပေါ်က ဆင်းပါဆို မဆင်းသေးဘူးလား။ ခုချက်ချင်း မြင်းပေါ်က ဆင်းပါ'

ဗညားအိမ်က ဒေါသသံဖြင့် အမိန့်ပေးလိုက်သည်။

'ဘယ်လိုအကြောင်းရှိလို့ မြင်းပေါ်က ဆင်းခိုင်းသည်ကို သိလိုကြောင်း ပါ'

'စကားကြော ရှည်မနေစမ်းပါနဲ့၊ ဆင်းဆိုရင် ဆင်း'

ဗညားအိမ်သည် ခက်ထန်သည့် အမူအရာဖြင့် ထပ်လောင်း၍ အမိန့် ပေးလိုက်သည်။ ထိုအခိုက်တွင် သီရိဇြတ်ကမ္ဗန်နှင့် ဗညားအိမ်တို့ ရှိရာသို့ မင်းသိင်္ခတ် ရောက်ရှိလာပေသည်။ သီရိဇြတ်ကမ္ဗန်သည် ဗညားအိမ်၏ အမူ အရာကို အကဲခတ်နေရာမှ မိမိတို့အနီးသို့ မင်းသိင်္ခတ် ရောက်လာသည်ကို မြင်ရသောအခါ မြင်းပေါ်မှ ဣန္ဒြေရရ ခုန်ဆင်းလိုက်သည်။





'လာ ဟိုရှေ့ကွင်းပြင်ကို လိုက်ခဲ့'

ဗညားအိမ်သည် မြင်းရိုက်သည့် နှင်တံဖြင့် ကွင်းပြင်ကို ညွှန်ပြရင်း ေးလိုက်သည်။

'ဘယ်လို အကြောင်းကိစ္စ ဆိုသည်ကို သိလိုကြောင်းပါ'

သီရိဇြတ်ကမ္ဗန်က ပြန်မေးလိုက်သည်။

'လိုက်ဆိုရင် လိုက်ခဲ့စမ်းပါ၊ ဟိုကို ရောက်ရင် သိရမှာပေါ့'

ဗညားအိမ်က တင်းမာသောအသံဖြင့် ပြန်ပြောရင်း ကွင်းပြင်ရှိရာသို့ သွားပေရာ သီရိဇြတ်ကမ္ဗန်သည် နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ ည်။ မင်းသိင်္ခတ်မှာလည်း မြင်းပေါ်မှ ခုန်ဆင်းပြီး ၎င်းတို့နောက်မှ လိုက်ပါ သည်ကို တွေ့ရပေသည်။

'ဒီမှာ သီရိဇြတ်ကမ္ဗန်၊ စောစောက ငါ့ဥယျာဉ်တော်ထဲမှာ ငါ့ကို တယ် မဟုတ်လား။ အာခံရုံတင် မကဘူး၊ ငါ့လက်ထဲက ဓားကို လုယူပြီး အရှက်တကွဲ အကျိုးနည်း ဖြစ်အောင် စော်ကားတယ် မဟုတ်လား။ ငါ့ တော်မှာ နေပြီ ငါ့ပိုင်နက်ထဲမှာ ငါ့ကို စော်ကားတာ ကောင်းသလား။ လည်း ခိုသေးတယ်၊ အကိုင်းအခက်ကို ချိုးသေးတယ်။ ဒါ ကောင်း သားရေပေါ် အိပ်ပြီး သားရေနား စားတာလား'

ကွင်းပြင်သို့ ရောက်သောအခါ ဗညားအိမ်က ဒေါသမချုပ်တည်း သည့် အမူအရာဖြင့် သီရိဇြတ်ကမ္ဗန်အား ဆဲရေးကြိမ်းမောင်းလိုက်သည်။

သီရိဇြတ်ကမ္ဗန်မှာမူ တစ်စုံတစ်ရာ ပြန်မပြောဘဲ ဗညားအိမ်အား ဘာသက်သည့် အမူအရာဖြင့် ပြန်ကြည့်နေပေသည်။

'ငါပြောတာ ကြားတယ် မဟုတ်လား။ ငါ့ပိုင်နက်ထဲမှာ ငါ့ကို ပြန် ဆေးတယ် မဟုတ်လား။ သတ္တိရှိရင် ဓားချင်းယှဉ်ပြိုင်မယ်။ ငါ့ကို အသေ နိုင်ရင် သတ်ပေတော့။ ငါက မင်းကို နိုင်ရင်လည်း အရှင်မထားဘူး။ ဓားကို ထုတ်ပါတော့လား။ ဘာငေးနေတာလဲ'

ဗညားအိမ်သည် ပြောပြောဆိုဆို ၎င်း၏ဓားအိမ်မှ ကျောက်စီဓားကို ပြီး သီရိဇြတ်ကမ္ဗန်အား ချိန်ရွယ်၍ စလွယ်သိုင်း ခုတ်ချလိုက်သည်။ တ်ကမ္ဗန်မှာမူ ၎င်း၏ဓားအိမ်မှ ဓားကိုမထုတ်ဘဲ လျှင်မြန်ဖျတ်လတ်စွာ သ် ဆုတ်ခွာရှောင်တိမ်းပြီး ဗညားအိမ်၏ ဓားသွားလွှတ်သည့် နေရာသို့ သောအခါ ဗညားအိမ်အား လက်ပိုက်ပြီး ကြည့်နေပေသည်။

'မြို့စားမင်း သတိထားပါ။ တခေါက်ကန်း တစ်ဖွတ်ထိုး မလုပ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပါ။ မြို့စားဟူသော ဂုဏ်သိက္ခာကို ထိန်သိမ်းတော်မူပါ။ ရှူးရှူးမိုက်မိုက်
အလုပ်မျိုးကို ရှောင်ကြဉ်တော်မူပါ'

သီရိဖြတ်ကမ္ဗန်သည် တည်ငြိမ်သော အမူအရာဖြင့် ဗညားအိမ်အား
သတိပေးလိုက်သည်။ ဗညားအိမ်မှာမူ မိမိအား ပြန်လည်ခုခံခြင်း မပြုဘဲ
သွား လွတ်ရာသို့ ရှောင်တိမ်းပြီး မိမိအား သတိပေးစကား ပြောကြားလိုက်သ
အသံကို ကြားရသောအခါ မခံမရပ်နိုင်အောင် ဖြစ်သွားပေသည်။

'သယ် ငါ့ကို ဆရာလုပ်နေတာလား၊ စော်ကားလုချည်လား။ သ
ရှိရင် ဓားကို ဆွဲထုတ်စမ်းပါ'

'သတ္တိမရှိဘူး ဆိုချင်ဆိုပါ။ သို့ရာတွင် မြို့စားမင်းနဲ့တော့ မည်သ
နည်းနှင့်မျှ ဓားချင်း ယှဉ်ပြိုင်လိမ့်မယ် မဟုတ်ကြောင်းပါ'

'သားရေပေါ်အိပ်ပြီး သားရေနားစားတဲ့ အကောင်က လူပါးဝစကာ
မပြောစမ်းနဲ့'

'မြို့စားမင်း ပြောချင်သလို ပြောပါ။ ခံနိုင်ရည် ရှိပါတယ်။ သူတစ်
မြှောက်ပင့်ပေးတိုင်း အရက်သေစာ သောက်စားမူးယစ်ပြီး ရန်သူကို မိတ်
ထင်၊ မိတ်ဆွေကို ရန်သူထင်နေတဲ့ မြို့စားလေးကိုသာ သီရိဖြတ်ကမ္ဗန် သ
မိကြောင်းပါ'

သီရိဖြတ်ကမ္ဗန်သည် ဗညားအိမ်၏ အမူအရာကို မျက်ခြည်မပြတ်
အကဲခတ်ရင်း ပြောလိုက်သည်။

'စော်ကားပြီးရင်း စော်ကားရင်းပါလား။ သတ္တိမရှိရင် မရှိဘူးလို့
လိုက်စမ်း။ သားရေပေါ် အိပ်ပြီး သားရေနား စားတဲ့ ခွေးတိရစ္ဆာန်က လူ
ဝလို့'

'အပြောအဆို ဆင်ခြင်တော်မူပါ။ သီရိဖြတ်ကမ္ဗန် အနေနဲ့ သည်
နိုင်စွမ်းရှိပေမယ့် မြို့စားမင်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေမည် ဖြစ်သည်
သတိပြုတော်မူပါ။ မြို့စားမင်း မည်သို့ပင် ရန်စစေကာမူ သီရိဖြတ်ကမ္ဗန် အ
နှင့် မြို့စားလေးနှင့် ယှဉ်ပြိုင်တိုက်ခိုက်လိုက်မည် မဟုတ်ကြောင်းပါ။ သီ
ဖြတ်ကမ္ဗန်သည် သီရိဖြတ်ကမ္ဗန်သာ ဖြစ်၍ သွေးဆာနေသော လူသတ်သ
မဟုတ်သည်ကို မြို့စားမင်း သိစေလိုကြောင်းပါ'

'သယ် လက်သုံးတော်ဓားနဲ့ အပိုင်းပိုင်း အတစ်တစ် ဖြစ်သွားအော
ခုတ်ထစ်လိုက်ရမလား'

'အပိုင်းပိုင်း အတစ်တစ် ခုတ်ထစ်ရန် ကြိုးစားသည့်တိုင်အော





…င်းအား ပြန်လည်ခုခံတိုက်ခိုက်ခြင်း ပြုလိမ့်မည် မဟုတ်ပါ။ မြို့စားမင်း
…ချက်လောက်တော့ သီရိဖြတ်ကမ္ဗန်က လွယ်လွယ်နဲ့ ရှောင်တိမ်းနိုင်သဖြင့်
…ခိုက်ကြောင်းပါ'

သီရိဖြတ်ကမ္ဗန်က စူးရှသည့် မျက်လုံးများဖြင့် ဗညားအိမ်အား ပြန်
…ရင်း လက်ပိုက်မဖြုတ်ဘဲ ဣန္ဒြေရရ ပြန်ပြောလိုက်သည်။

မင်းသိဒ္ဓတ်မှာမူ ညီဝမ်းကွဲဖြစ်သူ မြို့စားလေး ဗညားအိမ်နှင့် သီရိဖြတ်
…တို့ အချေအတင် ပြောဆိုနေကြသည်ကို ဘေးမှရပ်ပြီး နားထောင်နေ
…နေသာတော့ဘဲ နှစ်ယောက်ကြားမှ ဝင်ရပ်လိုက်သည်။

'ကဲ ဘယ်လိုဖြစ်ကြတာလဲ၊ အကျိုးအကြောင်း ပြောပြစမ်းပါဦး'

မင်းသိဒ္ဓတ်က မသိချင်ဟန်ဆောင်ပြီး ဝင်မေးလိုက်သည်။

'ကျွန်တော် စောစောက ပြောခဲ့တဲ့အတိုင်း ကျွန်တော်ရဲ့ ဥယျာဉ်တော်
…င်းမှာ ကျွန်တော့်ကို နှုတ်ဖြင့် စော်ကားရုံ မကဘူး၊ ကျွန်တော့်ရဲ့လက်က
…ပါ လုယူပြီး လူရှေ့သူရှေ့မှာ ကျွန်တော့်ကို အရှက်တကွဲ အကျိုးနည်း
…အောင် လုပ်ခဲ့တယ်။ ဒါကို ကျွန်တော် အခံမကျေဘူး။ လက်စားချေရမှ
…ပ်နိုင်မယ်'

ဗညားအိမ်က ပြန်ပြောလိုက်သည်။

'ညီတော်မောင် သည်းခံပါ။ ညီတော်မောင်ဟာ မိခင်ရဲ့နို့နဲ့ မစင်သေးတဲ့
…ည်အရွယ်မျှသာ ရှိပါသေးတယ်'

'ဒီစကား မပြောပါနဲ့၊ ကျွန်တော်ဟာ မြို့စားပါ'

'မြို့စားမှန်း နောင်တော် သိပါတယ်။ ဒါပေမဲ့ ညီတော်ဟာ အသက်
…ည် နုနယ်ပြီး အတွေ့အကြုံ နည်းလုပါသေးတယ်'

'အရွယ်ချင်း မတူလို့ အရှုံးပေးရမှာလား။ ဘယ်နည်းနဲ့မှ အရှုံးမပေး
…သူက ကျွန်တော့်ထက် လက်စွမ်းထက်လို့ ကျွန်တော် သေချင် သေသွား
… အရေးမစိုက်ဘူး။ ဟေ့ သီရိဖြတ်ကမ္ဗန်၊ သတ္တိရှိရင် ဓားဆွဲထုတ်စမ်း'

မြို့စားလေး ဗညားအိမ်က စိန်ခေါ်လိုက်ပြန်သည်။ သီရိဖြတ်ကမ္ဗန်
…ကျောက်ရုပ်ပမာ မတုန်မလှုပ်ဘဲ ဗညားအိမ်၏ အမူအရာကိုသာ လက်
…ပြီး အကဲခတ်၍ နေပေသည်။

'ညီတော် သတိထားပါ။ ဗိုလ်မင်း သီရိဖြတ်ကမ္ဗန်မှာ ဓားရေးလှံရေး
…င်း ပြိုင်ဘက်ကင်းအောင် ထူးချွန်သူ ဖြစ်သည်ကို သတိပြုတော်မူပါ'

'ဓားရေးလှံရေးမှာ ပြိုင်ဘက်ကင်းသူဖြစ်တိုင်း သူစော်ကားတာကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ခံနေရမှာလား။ ငါ့ပိုင်နက်ထဲမှာ ငါ့အရိပ်ခိုပြီး ငါ့ကို စော်ကားချင်တဲ့ အဆောင် သေပေတော့'

ဗညားအိမ်သည် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ မင်းသိဒ္ဓတ်ထံ ဓားသို့ တွန်းဖယ်ပစ်လိုက်ပြီး သိရိဗြတ်ကမွန်အား လက်သုံးတော်ဓားဖြင့် ဝင်ခုတ်လိုက်ရာ၊ မျက်စိရှင်သော သိရိဗြတ်ကမွန်သည် လျင်မြန်ပေါ့ပါးစွာ ရှောင်တိမ်းပေးလိုက်သဖြင့် ဗညားအိမ်၏ ဓားမှာ လေကိုသာ ခုတ်မိပြီး ရှေ့သို့ အားလွန်သွားပေသည်။

'မြို့စားမင်း သည်းခံပါ၊ အရက်သေစာ သောက်စားမူးယစ်ပြီး မြို့စား ရဲ့ ဂုဏ်သိက္ခာနဲ့ မလျော်ညီတဲ့ အလုပ်ကို မလုပ်စေလိုပါ။ မြို့စားမင်းနဲ့ အခု အတင် ပြောဆိုနေရသည်မှာ လေကုန်ရုံသာမက အဖိုးတန်သည့် အချိန်ကိုပါ လစ်ဟင်းစေကြောင်းပါ။ သိရိဗြတ်ကမွန် ဆောင်ရွက်ရန်ရှိသည့် ကိစ္စတာဝန်ကို ဆောင်ရွက်နိုင်ရန် သွားခွင့်ပြုတော်မူပါ'

'မင်းနဲ့ငါ စာရင်းမရှင်းရသေးသမျှ ဘယ်ကိုမှ မသွားရဘူး၊ ငါ့အမိန့်'

ဗညားအိမ်က အမိန့်သံဖြင့် ပြောလိုက်ပြန်သည်။

'ညီတော် သတိပြုဆင်ခြင်ပါ။ ညီတော်ကို စော်ကားခဲ့တဲ့ အတွက် ဗိုလ်မင်း သိရိဗြတ်ကမွန်က ဝန်ချတောင်းပန်ရင် ကျေနပ်ပါ။ ဗိုလ်မင်း သိရိဗြတ် ကမွန်ကလည်း ဝန်ချတောင်းပန်လိမ့်မယ်လို့ ယုံကြည်ပါတယ်'

မင်းသိဒ္ဓတ်က ကြားမှဝင်ပြီး ဖျန်ဖြေလိုက်သည်။

'ကျွန်တော့်မှာ လုံးဝ အပြစ်မရှိတဲ့အတွက် အပြစ်ရှိကြောင်းတော့ ဝန်မခံနိုင်ဘူး။ ဒါပေမဲ့ ဝန်ချတောင်းပန်ပါ ဆိုရင်တော့ ဝန်ချတောင်းပန်ရုံ အသင့်ပဲ။ စောစောက ဖြစ်ပျက်ခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့ အပြုအမူ ဟာ မြို့စားမင်းကို စော်ကားရာ ရောက်တယ်လို့ ယူဆပါလျှင် ကျွန်တော် တောင်းပန်ပါတယ်။ ကဲ ကျေနပ်ပါတော့။ ကျွန်တော့်မှာ အရေးကြီးတဲ့ လုပ်ငန်း တာဝန်တွေ ရှိနေသေးတဲ့အတွက် အချိန်မဖြုန်းပါရစေနဲ့တော့။ ကျွန်တော့်ကို သွားခွင့်ပြုတော်မူပါ။ မြို့စားမင်းကို ကျွန်တော် နောက်ဆုံးစကားတစ်ခွန်း ပြောခဲ့ချင်တာကတော့ ကျွန်တော်ဟာ မြို့စားလေးရဲ့ အဆွေခင်ပွန်း အစစ် အမှန် ဖြစ်သည်ကို မြို့စားမင်း သိထားစေချင်ပါတယ်။ ခင်ပွန်းတု ခင်ပွန်းယောင် တွေကို မြို့စားမင်း သတိပြု ရှောင်ကြဉ်နိုင်ပါစေလို့ ဆုတောင်းပါတယ်'

သိရိဗြတ်ကမွန်သည် ပြောပြောဆိုဆို နောက်သို့ တစ်လှမ်းဆုတ် လိုက်ဧဉ် တစ်ဦးတစ်ယောက်သော သူက သိရိဗြတ်ကမွန်၏ လက်မောင်းကို အသာအယာ ဆုပ်ကိုင်လိုက်သဖြင့် လှည့်ကြည့်လိုက်ရာ မိမိအား ကြည်ညို





လေးစားသည့် အမူအရာဖြင့် ကြည့်နေသော နှင်းကေသရာတို့ ခင်ဆောမယ် ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်၍ သွားပေသည်။

'စစ်သည်တော်ကြီး သိရိဗြတ်ကမွန်ရဲ့ သူ့ရဲကောင်း ပီသတဲ့ စိတ်ဓာတ် အဆွေခင်ပွန်းကောင်း ပီသတဲ့ အပြုအမူကို သခင်မ ချီးကျူးဂုဏ်ပြုပါသည်။ စော်ကားသည့် အပြုအမူကို စစ်သည်တော်ကြီး သည်းခံနိုင်စွမ်း ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရပါသဖြင့် စစ်သည်တော်ကြီး၏ ရင့်ကျက်သည့် သူရဲကောင်းစိတ်ဓာတ်ကို သခင်မ မချီးကျူးဘဲ မနေနိုင်ပါ။ မောင်တော် ဗညားအိမ် တစ်ဖွတ်ထိုး တဇောက်ကန်း ဆင်ကန်းတောတိုး လုပ်တတ်သည့်ဉာဉ်ကို သခင်မ ကောင်းစွာသိသဖြင့် မောင်တော်ရဲ့နောက်ကို သခင်မ အမီ လိုက်လာခဲ့ ပါ။ မောင်တော်အပေါ်မှာ စစ်သည်တော်ကြီး ဒီအထိ သည်းခံနိုင်စွမ်း ရှိလိမ့်မယ်ဟု သခင်မ လုံးဝ မမျှော်လင့်ခဲ့ပါ။ စစ်သည်တော်ကြီးရဲ့ သည်းခံ စွမ်းရှိတဲ့ သတ္တိကို သခင်မ အံ့သြချီးကျူး၍ ကုန်နိုင်မည် မဟုတ်ပါ။ ယခု သည့် သည်းခံသည်ကိုလည်း ကျေးဇူးတင်၍ ဆုံးနိုင်မည် မဟုတ်ပါ'

နှင်းကေသရာသည် သိရိဗြတ်ကမွန်ကို တစ်လှည့်၊ မောင်တော် ဗညားအိမ်နှင့် မောင်တော်ဝမ်းကွဲ မင်းသိဒ္ဓတ်ကို တစ်လှည့်ကြည့်ရင်း တည်ငြိမ် သည့် အမူအရာဖြင့် မိန့်တော်မူလိုက်သည်။

'အစ်မတော် အစ်မတော်၊ ဘယ်လိုစကား မိန့်တော်မူလိုက်တာလဲ။ သူ့အားပေးစကား မိန့်တော်မမူပါနဲ့။ မောင်တော်ဟာ ဆောင်းတူးမြို့နယ်ရဲ့ အရှင်သခင်ပါ။ မြို့စားရှင်မာကြီး တစ်ယောက်လုံးကို ကျေးဇူးမသိတတ်တဲ့ ခိုးသား စော်ကားတာကို ခေါင်းငုံ့ခံနေရမှာလား'

ဗညားအိမ်က နှင်းကေသရာအား ပြန်ပြောလိုက်သည်။

'မောင်တော်ကို စော်ကားတာ မဟုတ်ပါဘူး။ အဆွေခင်ပွန်းကောင်း ဥာဏ် ဆုံးမခဲ့ခြင်းသာ ဖြစ်သည်ကို မောင်တော် သတိပြုပါ။ အဆွေခင်ပွန်း ကောင်းတို့ မည်သည့် အမှားကို မြင်လျှင် ရဲရဲကြီး ထုတ်ဖော်ဝံ့ရမည်ကို မောင်တော် သဘောပေါက်စေလိုပါတယ်'

နှင်းကေသရာက ပြန်ပြောလိုက်သည်။

'နှင်းကေသရာ ဆင်ခြင်တော်မူပါ။ ညီတော် ဗညားအိမ်မှာ ဆောင်းတူး မြို့နယ်ကို အပိုင်စားပေးသနားခြင်း ခံရတဲ့ နယ်သူနယ်သားများရဲ့ အရှင်သခင် ဖြစ်သည်ကို သတိပြုတော်မူပါ။ အရှင်သခင်ကို ကျေးကျွန်က စော်ကားခြင်းမှာ မလွန်းလှပါတယ်'

'မီးလောင်ရာလေပင့် စကားတွေ ပြောမနေစမ်းပါနဲ့။ ဟိုမှာ ကြည့်စမ်း၊



www.burmeseclassic.com

www.burmeseclassic.com



ချွန်အသောင်းသောင်းနဲ့ မြင်းဒုန်းစိုင်းပြီး လာနေတာ ဘယ်သူလဲ။ ဘယ်လို အရှုံးများ ထူးလာပြန်ပြီလဲ'

နင်းကေသရာသည် မင်းသိဒ္ဓတ်၏ စကားကို ဟန့်တား၍ မြင်းတစ်စီးနှင့် ဒုန်းစိုင်းလာနေသည်ကို ညွှန်ပြလိုက်သဖြင့် ထိုသူအား ငေးမောပြီး ကြည့်နေကြပေသည်။

ဒုန်းစိုင်းလာသူမှာ အခြားမဟုတ်။ မြို့စားလေး ဗညားအိမ်၏ လူယုံတော် မြင်းစေကျော် မင်းဒေဝဖြစ်နေသဖြင့် ဗညားအိမ်သည် မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေပေသည်။

ဗညားအိမ်ကို မြင်လိုက်သောအခါ မင်းဒေဝသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး မြို့စားဗညားအိမ်၏ အနီးတွင် ရိုသေစွာ ခစားနေသည်။

'မှန်လှပါ၊ ဒေါ်အိုဇာအား ဝိုင်းဝန်းညှဉ်းပန်း နှိပ်စက်နေကြကြောင်း ရေနှစ်ပြီး သတ်ရန်လည်း ကြံစည်အားထုတ်နေကြကြောင်းပါ။ အချိန်မီ ကယ်တင်တော်မူပါ'

မင်းဒေဝ တုန်ယင်သောအသံဖြင့် လျှောက်တင်လိုက်ရာ ဗညားအိမ်သည် မျက်မှောင်ကြုတ်ပြီး နားထောင်နေပေသည်။

မင်းသိဒ္ဓတ်မှာမူ မင်းဒေဝ၏ အစီရင်ခံချက်ကို နားထောင်နေရာ အသံထွက်အောင် ရယ်လိုက်သည်။

'စုန်းမကြီးကို ညှဉ်းဆဲနှိပ်စက်တာများ ရေးကြီးခွင်ကျယ် လုပ်ပြီး အစီရင်ခံရသလား။ စုန်းမဆိုပြီး စုန်းအတတ်နဲ့ ပြန်ပြီး မပြုစားနိုင်ဘူးတဲ့လား'

မင်းသိဒ္ဓတ်က အရေးမစိုက်သည့် အမူအရာဖြင့် ပြက်ရယ်ပြုလိုက်သည်။

'မောင်တော် ဒီစကား မိန့်တော်မမူပါနဲ့။ ဒေါ်အိုဇာဟာ နင်းကေသရာ အထိန်းတော်ကြီး ဖြစ်ခဲ့ဖူးပါတယ်။ မယ်တော်ဘုရားရဲ့ လက်စွဲတော် ဖြစ်ခဲ့သည်ကို သတိပြု ဆင်ခြင်တော်မူပါ'

နင်းကေသရာက ပြန်ပြောလိုက်သည်။

သီရိဇြတ်ကမ္ဗန်မှာမူ မင်းဒေဝ ပြောလိုက်သည့် စကားများကို ကြားသည်နှင့် တစ်ပြိုင်နက် မိမိ၏မြင်းလိမ္မာကြီး ရှိရာသို့ ပြေးသွားပြီး မြင်းပေါ်သို့ ခုန်တက်၍ မင်းဒေဝ လာလမ်းအတိုင်း ဒုန်းစိုင်း၍ ထွက်သွားတော့ ၎င်း၏နောက်တွင် ဖုန်တထောင်းထောင်း ထ ၍ ကျန်ရစ်ခဲ့ပေသည်။



မြင်းပေါ်မှနေပြီး ရွာဘက်သို့ မျှော်ကြည့်လိုက်သောအခါ တဲအိမ်တစ်ခု၏ ရှိ သစ်ပင်အောက်တွင် ကျုံ့ကျုံ့ထိုင်၍ ရှိခိုးတောင်းပန်နေသော ဒေါ်အိုဇာအား ခါးတောင်းမြှောင်အောင် ကျိုက်ထားပြီး လက်ထဲတွင် ကြိမ်လုံးကိုင်ထားသော မျက်နှာပေါက်ဆိုးဆိုးနှင့် လူက သနားညှာတာသည့်စိတ် ကင်းမဲ့စွာဖြင့် ကြိမ်လုံးဖြင့် ဆင့်ကာဆင့်ကာ တအားလွှဲ၍ ရိုက်နေသည်ကို မြင်ရ၏။ ဒေါ်အိုဇာမှာ ကျောကော့ပြီး ဝေဒနာခံစားနေရာမှ ပုံလျက်သား ကျသွားသည်ကို မြင်လိုက်သဖြင့် သီရိဇြတ်ကမ္ဗန်မှာ ပါးစပ်မှ ဆဲရေးတိုင်းထွာလိုက်ပြီး မြင်းဇက်ကို လွှတ်၍ မြင်းပေါ်မှ တစ်ရှိန်ထိုး ဆင်းလာခဲ့ပေသည်။ ဒေါ်အိုဇာအား ညှဉ်းပန်းနှိပ်စက်နေသည့် နေရာတစ်ဝိုက်တွင် ရွာသားများ ဝိုင်းအုံပြီး ကြည့်နေကြသည်ကို မြင်ရပေသည်။

ဒေါ်အိုဇာ ပုံလျက်သား လဲကျသွားသည်ကို ကြိမ်လုံးကိုင်ထားသော လက်ပိုက်ကာ ကြည့်နေရာမှ ခြေနှင့် တစ်ချက် ဆောင့်ကန်လိုက်ပြီး ဒေါ်အိုဇာ၏ဆံပင်ကို ဆွဲ၍ ထူလိုက်ရာ ဒေါ်အိုဇာမှာ လက်ပြန်ကြိုးတုပ်ထား ခံရသည့်ကြားမှ လက်နှစ်ဖက်ကို ယှက်၍ ရှိခိုးတောင်းပန်နေသည်ကို မြင်ရသောအခါ သီရိဇြတ်ကမ္ဗန်မှာ မခံမရပ်နိုင်အောင် ဒေါသထွက်သွားပြီး ဝိုင်းအုံကြည့်နေကြသည့် ရွာသားများကြားမှ မြင်းကို ဒုန်းစိုင်း ဝင်လာခဲ့သည်။

ရွာသူရွာသားများမှာ ကြောက်အားလန့်အားနှင့် ဖရိုဖရဲ ဖြစ်သွားကြစဉ် သီရိဇြတ်ကမ္ဗန်သည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး ဒေါ်အိုဇာ၏ဆံပင် ဆွဲပြီး ကြိမ်လုံးနှင့် ရိုက်နေသော မျက်နှာပေါက်ဆိုးဆိုးနှင့်လူ၏ လက်မှ ကြိမ်လုံးကို လုယူလိုက်သည်။

ထိုသူက သီရိဇြတ်ကမ္ဗန်အား စားမတတ် ဝါးမတတ် ပြန်ကြည့်နေရာ သီရိဇြတ်ကမ္ဗန်၏လက်မှ ကြိမ်လုံးကို ပြန်လုရန် ကြိုးစားစဉ် သီရိဇြတ်ကမ္ဗန်သည် ထိုသူ၏ရင်ဝကို ခြေနှင့်ဆောင့်ကန်လိုက်သဖြင့် ရင်ဝကို ဖိနှိပ်၍ ဖင်ထိုင် လဲကျသွားတွင်၊ သီရိဇြတ်ကမ္ဗန်က ထိုသူအား ၎င်း၏ ကြိမ်လုံးနှင့် ဆင့်ကာ ရိုက်လိုက်သဖြင့် ထိုသူသည် ကြိမ်လုံးဒဏ်ကို မခံနိုင်သဖြင့် ကြောက်အားလန့်အားနှင့် လူးလဲထပြီး ကျောကော့ကာ ထွက်ပြေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးမဝိုင်းဝန်းပြီး ကြည့်နေသော ရွာသူရွာသားများမှာမူ ကြက်... သေနေကြပေသည်။

သီရိဖြတ်ကမွန်သည် ဒေါ်အိုဇာ၏ အနီးသို့ ချဉ်းကပ်သွား၍ ဒေါ်... ဇာအား တုပ်နှောင်ထားသည့် ကြိုးကို ဓားနှင့် တိခနဲ ဖြတ်တောက်ပေးလိုက်... ပြီး ပျော့ပျော့လေး ကျန်တော့သည့် ဒေါ်အိုဇာအား ယုယကြင်နာစွာ ပွေ့... လိုက်သည်။

သီရိဖြတ်ကမွန်က ပွေ့ချီလိုက်သောအခါ ဒေါ်အိုဇာသည် အံ့ကြိတ်... မျက်စိဖွင့်ကြည့်လိုက်ပေသည်။

'ဘွားဘွား .... ဘွားဘွား သတိကောင်းကောင်း ရတယ် မဟုတ်လား...

သီရိဖြတ်ကမွန်က ဒေါ်အိုဇာအား မေးလိုက်သည်။

'ဟာင် ငါ့မြေးပါလား။ ငါ့မြေး သွားသွား။ ဘွားဘွားအနားမှာ မနေ... လွတ်ရာကျွတ်ရာကို သွား။ ငါ့မြေးကို သူတို့ ရန်မူလိမ့်မယ်'

ဒေါ်အိုဇာသည် အံ့ခဲပြီး သီရိဖြတ်ကမွန်အား သတိပေးရင်း သီ... ဖြတ်ကမွန်၏ ရင်ခွင်ထဲမှ ရုန်းထွက်ရန် အားထုတ်လိုက်သည်။

ဒေါ်အိုဇာမှာ စိတ်ဓာတ်ကြံ့ခိုင်သူ ဖြစ်သဖြင့်သာ သတိကောင်း... ရနေခြင်း ဖြစ်သော်လည်း ၎င်းအား ရိုက်နှက်ထားသည့် ဒဏ်ရာများကြော... တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက် ရှိပြီး မိမိကိုယ်ကို မိမိ မသယ်နိုင်ဘဲ သီ... ဖြတ်ကမွန်၏ ရင်ခွင်ထဲမှာပင် ပျော့ခွေကျသွားပေသည်။

ထိုအခိုက်တွင် မင်းမှုထမ်းနှင့် တူသူတစ်ဦးသည် သီရိဖြတ်က... အနီးသို့ ချဉ်းကပ်လာပြီး မျက်နှာထိ မျက်နှာထားဖြင့် သီရိဖြတ်ကမွန်အ... ကြည့်လိုက်သည်။

'မင်း ဘာကောင်လဲ၊ မင်းနဲ့ မဆိုင်တဲ့ အလုပ်ကို ဘာဖြစ်လို့ ဝ... ရှုပ်ချင်ရတာလဲ။ သွား'

မင်းမှုထမ်းနှင့် တူသူက သီရိဖြတ်ကမွန်အား အမိန့်သံဖြင့် ပြောလို... သည်။ သို့ရာတွင် သီရိဖြတ်ကမွန်သည် အနည်းငယ်မျှ မဖြုံဘဲ မိမိ၏ ရင်ခွ... ထဲတွင် မိန်းမောနေသည့် ဒေါ်အိုဇာကိုသာ သတိရလာအောင် ပြုစု၍ နေ... သည်။

'ဟေ့ကောင်၊ ငါ ပြောနေတာ မကြားဘူးလား။ ဖယ်ဆို ဖယ်'

မင်းမှုထမ်းနှင့် တူသူသည် သီရိဖြတ်ကမွန်အား ဆွဲဖယ်ရန် ကြိုးစား... လိုက်ပြန်သည်။ သို့ရာတွင် သီရိဖြတ်ကမွန်သည် အရေးမစိုက်ဘဲ ထိုသူအ... တင်းမာကြက်သန်သည့် အမူအရာဖြင့် ပြန်ကြည့်ရင်း အနီးတွင် ချထားသ...





...ကို ကောက်ကိုင်လိုက်ရာ မင်းမှုထမ်းနှင့် တူသူသည် နောက်သို့ ခြေဘစ်လှမ်း... သွားပေသည်။

'မင်း ဘယ်သူလဲ၊ ရွာသူရွာသားတွေကို ဒုက္ခအမျိုးမျိုး ပေးနေတဲ့... ကြီးကို ဆရာသမားပင့်ပြီး ဆေးကြိမ်လုံးနဲ့ ဆုံးမနေတာကို မင်းနဲ့ ဘာမှ... ဘဲ ဘာဖြစ်လို့ ဝင်ရှုပ်ချင်ရတာလဲ'

မင်းမှုထမ်းနှင့် တူသူမှာ သီရိဖြတ်ကမွန်၏ လက်မှ ဓားကို ခြင်... ရသဖြင့် လေသံအနည်းငယ် ပျော့သွားပေသည်။

'မိုက်မဲတဲ့ အကောင်တွေ။ ကိုယ့်ဘွားအေလောက်ရှိတဲ့ အမယ်အိုကို... ကောင်တောင် ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ရသလား။ ဆေးကြိမ်လုံး... အောက်လမ်းဆရာကော ဘယ်မှာလဲ၊ သူ့အသား ထိတော့ နာရမှန်း... လိုက်တာ'

သီရိဖြတ်ကမွန်က စက်ဆုပ်ရွံရှာသည့် အမူအရာဖြင့် ပြန်ပြောလိုက်... သည်။

'ငါပြောတာ မကြားဘူးလား၊ မင်းနဲ့ ဘာဆိုင်လို့ ဝင်ရှုပ်ရတာလဲ။ ... ကြည့်စမ်း၊ ငါ ဘယ်သူလဲ ဆိုတာ မင်း သိရဲ့လား။ ငါ့အမိန့်ကို မင်း ... လား၊ မနာခံဘူးလား။ ဆောင်းတူးမြို့စားကြီး လက်ထက်က စပြီး ... လေး ဗညားအိမ်လက်ထက်တိုင်အောင် အခွန်တော်ဝန်အဖြစ် အမှုတော်... လာခဲ့တဲ့ သီရိမနု ဆိုတာ ငါပဲ'

သီရိမနု ဆိုသူက ရင်ကော့ပြီး ပြောလိုက်ရာ သီရိဖြတ်ကမွန်သည် ... အိုဇာအား သစ်ပင်ခြေရင်းတွင် အသာ ချထားလိုက်ပြီး သီရိမနုအား ... ကြည့်လိုက်သည်။

'လက်စသတ်တော့ ဘဏ္ဍာစိုး သီရိမနု ဆိုတာ မင်းကိုး'

သီရိဖြတ်ကမွန်က ပမာမခန့်သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'ရာရာစစ၊ ငါ့ကို ဘဏ္ဍာစိုးလို့ ခေါ်ရသလား။ အခွန်တော်ဝန်ကွ၊ ... ခွန်တော်ဝန်။ ငါ့ကို ဘာမှတ်လို့လဲ၊ မင်း သေသွားချင်သလား'

သီရိမနုက အာဏာသံဖြင့် ပြန်ပြောလိုက်သည်။ သီရိမနု၏ စကား... ဆုံးမှာပင် သီရိဖြတ်ကမွန်၏ သံမဏိကဲ့သို့ မာကျောသည့် လက်သီးသည် ... မနု၏ မေးရိုးကို ထိုးမိလျက်သား ဖြစ်သွားပြီး သီရိမနုမှာ ဖင်ထိုင်လျက်သား ... သွားပေသည်။

'စော်ကားလှချည့်လား။ ဟေ့ ရွာသားတွေ၊ မင်းတို့ ဘာငေးကြည့်နေ... တာလဲ။ မင်းတို့ တစ်ရွာလုံးကို ဒုက္ခပေးနေတဲ့ ကဝေမကြီးကို အ... အကျယ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အားပေးအားမြှောက် လုပ်နေတဲ့ ခွေးတိရစ္ဆာန်ကောင်ကို ဝိုင်းပြီး
နှက်ကြ ဖမ်းဆီးကြပါတော့လား'

အခွန်တော်ဝန် သီရိမနုက ဖင်ထိုက်လျက် ကျသွားရာမှ အားယူ၍
ထ ရင်း ဘေးမှ ဝိုင်းကြည့်နေသော ရွာသားများအား လှုံ့ဆော်ပေးလိုက်ရာ
ရွာသားများမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာကြပေသည်။

သီရိဗြတ်ကမ္ဗန်မှာမူ အရေးမစိုက်ဘဲ ဒေါ်အိုဇာကိုသာ သတိပြန်
လာအောင် ပြုစုနေပေသည်။ ရွာသူရွာသားများသည် သီရိမနု၏ လှုံ့ဆော်
ကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်လာသော်လည်း ရှေ့သို့ မတိုးဝံ့တော့ဘဲ တစ်ယော
တစ်ခွန်း ဆူညံစွာ ပြောဆိုနေကြစဉ် သီရိမနုသည် ဖင်ထိုင်လျက်သား ကျသွား
ရာမှ လူးလဲ ထထိုင်လိုက်ပြီး ရွာသားများ ရှိရာသို့ ပြေးလာခဲ့ပေသည်။

'ဟေ့ လူတွေ၊ ဘာငေးနေတာလဲ။ ခဲနဲ့ ဝိုင်းပေါက်ကြပါလား'

သီရိမနုက အကြံပေးလိုက်ရာ ရွာသားတစ်ယောက်သည် အနီး
ကျောက်ခဲတစ်လုံးကို ကောက်ယူပြီး သီရိဗြတ်ကမ္ဗန်နှင့် ဒေါ်အိုဇာတို့ ရှိရာ
လှမ်းပစ်လိုက်သည်။

ကျောက်ခဲမှာ သီရိဗြတ်ကမ္ဗန်၏ နောက်စေ့ကို ထိမှန်သွားသဖြ
သီရိဗြတ်ကမ္ဗန်မှာ ရှေ့သို့ ယိုင်လဲသွားပေသည်။ ကျောက်ခဲ ထိမှန်သ
နောက်စေ့တွင်လည်း သွေးများ ဖြာထွက်၍ လာပေသည်။

သီရိဗြတ်ကမ္ဗန်သည် ချက်ချင်းအားယူ၍ ထလိုက်ပြီး ဓားကို ကော
ယူကာ မိမိအား ခဲနှင့်ပေါက်သောသူ ဘက်သို့ မျက်နှာလှည့်လိုက်ရာ ရွာ
ရွာသားများမှာ ဘာလုပ်ရမှန်း မသိကြဘဲ ကြက်သေ သေနေကြပေသည်။ သီ
ဗြတ်ကမ္ဗန်မှာ အများနှင့် တစ်ယောက်တည်းဖြစ်သော်လည်း အနည်းငယ်
ကြောက်ရွံ့သည့် အမူအရာမပြဘဲ မိမိက ရန်မူသူများအား ခုခံရန် အသင့်ပြင်ဆ
လျက်ရှိစဉ် အခွန်တော်ဝန် သီရိမနုသည် ကျောက်ခဲတစ်လုံးကို ကောက်
ကာ သီရိဗြတ်ကမ္ဗန်အား လှမ်းပေါက်လိုက်ပြန်သည်။

'ဟေ့လူတွေ ဘာငေးနေတာလဲ၊ တစ်ယောက်နဲ့ အများပဲ။ ကြော
နေစရာ လိုသေးသလား။ ခဲနဲ့ ဝိုင်းပေါက်ကြပါတော့လား'

သီရိမနုက ညာသံပေးပြီး အနီးရှိ ကျောက်ခဲများကို ကောက်ယူ
ငင်းကစတင်၍ ပစ်ခတ်နေပေရာ ရွာသားများမှာလည်း ကြက်သေ သေနေရာ
တစ်ယောက် ခဲတစ်လုံးစီဖြင့် သီရိဗြတ်ကမ္ဗန်အား ဝိုင်းဝန်း၍ ပစ်ခတ်နေ
ပေရာ သီရိဗြတ်ကမ္ဗန်မှာ မိုးရွာသလို တဖြောက်ဖြောက် ကျလာသည့် ကျော





ကို ရှောင်တိမ်းရင်း ဒေါ်အိုဇာအား မိမိ၏ကိုယ်ဖြင့် အကာအကွယ် ပေးထား
သည်။ ရွာသူရွာသားများ ရှေ့သို့ မတိုးလာနိုင်စေရန်လည်း ဓားကိုဝှေ့၍
တားနေရပေသည်။

ရွာသူရွာသားများမှာ တဖြည်းဖြည်း အားတက်လာတာ အနီးရှိ
ကျောက်ခဲများကို ကောက်ယူလာကြပြီး သီရိဗြတ်ကမ္ဗန်အား လက်လှမ်းမီသည့်
နေရာမှ ပစ်ခတ်လျက် ရှိပေရာ သီရိဗြတ်ကမ္ဗန်မှာ ရှောင်ရင်း တိမ်းရင်းနှင့်
ထောက်လျက်သား ကျသွားပေသည်။ သို့ရာတွင် အလျှော့မပေးဘဲ ဓားကို
စွာ ဆုပ်ကိုင်ရင်း ဒေါ်အိုဇာအား အကာအကွယ်ပေးလျက် ရှိပေသည်။

'ငါ့မြေး ငါ့မြေး၊ လွတ်ရာကိုသာ ပြေးပါ။ အမေ့အတွက် မစိုးရိမ်ပါနဲ့။
ဘယ်သူ့ကိုမှ မကြောက်ပါဘူး။ ငါ့မြေးသာ လွတ်ရာကို ပြေးပါ'

ဒေါ်အိုဇာ၏ အသံကို သဲ့သဲ့ကြားလိုက်ရပြီး သီရိဗြတ်ကမ္ဗန်မှာ ဓား
ဆုပ်ကိုင်ရင်း မိမိ၏ခေါင်းပေါ်သို့ အဆက်မပြတ် ကျလာသည့် ကျောက်ခဲ
၏ ဒဏ်ရာဒဏ်ချက်များကြောင့် တဖြည်းဖြည်း ပျော့ခွေ မေ့မြောသွားပေ
သည်။

သတိလစ်လုဆဲဆဲအချိန်၌ သီရိဗြတ်ကမ္ဗန်၏ နားထဲတွင် မြင်းခွာ
များ အဆက်မပြတ် ကြားနေရပြီး မြင်းသုံးစီးဖြင့် ဒုန်းစိုင်းလာနေသော လူ
ယောက်ကို မှုန်ဝါးဝါးမြင်ရပေသည်။ တစ်ချိန်တည်းမှာပင် ဆူဆူညံညံ အသံ
ကြားရပြီး ရွာသူရွာသားများ ဟိုပြေးဒီပြေးနှင့် ပြေးလွှားနေကြ သည်ကို
စဉ်မှာပင် တဖြည်းဖြည်း ပျော့ခွေကျသွားပေသည်။

ထိုသို့ ပျော့ခွေပြီး ကျသွားစဉ်မှာပင် သီရိဗြတ်ကမ္ဗန်သည် ဒေါ်အိုဇာ
ရွာသူရွာသားများ ဝိုင်းဝန်းပြီး ပစ်ခတ်နေသည့် ကျောက်ခဲများ မထိမှန်
မိမိ၏ကိုယ်ဖြင့် ကာကွယ်ပေးထားပေသည်။

'ဘွားဘွား .... ဘွားဘွား၊ ကျွန်တော် မသေသေးသရွေ့ ဘွားဘွား
ရစေဘူး'

သတိလစ်ခါနီး ဆဲဆဲမှာပင် သီရိဗြတ်ကမ္ဗန်သည် အံခဲပြီး ဒေါ်အိုဇာ
အားပေးစကား ပြောကြားလိုက်ပေသည်။

'ငါ့မြေး၊ ငါ့မြေး၊ ငါ့မြေး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ သမ္မာ
နှတ်ကောင်းနတ်မြတ်များ ကူညီမစပါစေ'

ဒေါ်အိုဇာ၏ မချိတင်ကဲ ဆုတောင်းလိုက်သည့် အသံကိုမူ သီရိဗြတ်ကမ္ဗန်
ရတော့ဘဲ ဒေါ်အိုဇာကို ပွေ့ဖက်ရင်း မေ့မြောသွားပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၃

အအေးဓါတ်ကြည်လင်သည့် ရေစင်ဖြင့် မျက်နှာကို ပက်ဖျန်းလိုက်ရသည့် အခါကျ
သီရိဇြတ်ကမ္ဘန်သည် မိန်းမောနေရာမှ သတိရလာပြီး မျက်စိ ဖွင့်ကြည့်လိုက်ရာ
တစ်စုံတစ်ယောက်သော သူက မိမိအား ပွေ့ချီထားသည်ကို သိရပေတော့
သည်။ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ မိမိအနီးတွင် မြို့စားလေး
ဗညားအိမ်သည် ဒူးထောက်၍ မိမိအား စိုးရိမ်မကင်းသည့် အမူအရာဖြင့် ကြည့်
နေသည်ကို မြင်ရသဖြင့် သီရိဇြတ်ကမ္ဘန်မှာ မိမိ၏ မျက်စိကိုပင် မိမိ မယုံနိုင်
အောင် ဖြစ်သွားပေသည်။ အိပ်မက်မက်နေခြင်း ဖြစ်လေသလော ဟူ၍ မှတ်ထင်
မိကာ မျက်လုံးများကို ပွတ်သပ်ကြည့်ရင်း အားယူလိုက်ရာ တစ်ကိုယ်လုံး
နာကျင်နေသဖြင့် ၎င်းအား ပွေ့ချီထားသူ၏ ရင်ခွင်ထဲတွင် မှိန်း၍ နေလိုက်
ရပြန်သည်။

'သီရိဇြတ်ကမ္ဘန် သီရိဇြတ်ကမ္ဘန်၊ ကောင်းကောင်း သတိရလာပြီ
မဟုတ်လား'

မှိန်းနေရာမှ မြို့စားလေး ဗညားအိမ်၏ အသံကို ကြားရသဖြင့်
သီရိဇြတ်ကမ္ဘန်သည် မျက်စိဖွင့်ကြည့်လိုက်ပြန်သည်။ မြို့စားလေး ဗညားအိမ်မှာ
စောစောက အမူအရာမျိုး မဟုတ်တော့ဘဲ သိသိသာသာသ ပြောင်းလဲသွား
သည်ကို သီရိဇြတ်ကမ္ဘန် သတိပြုမိပေသည်။ စောစောက မိမိအား ရန်သူသဖွယ်
သဘောထားကာ ရိုင်းရိုင်းပျပျ ဆိုခဲ့သော်လည်း ယခုမူ မိမိအား စိုးရိမ်မကင်းသည့်
အမူအရာဖြင့် ပြုစုယုယလျက် ရှိသည်ကို တွေ့ရသဖြင့် အံ့သြခြင်းမက အံ့သြသွား
ပေသည်။

'စောစောက ကျွန်တော် စိတ်လိုက်မာန်ပါ ပြောခဲ့ဆိုခဲ့မိတာတွေ
တောင်းပန်ပါတယ်။ အရက်သေစာ သောက်စားမှုးယစ်ပြီး ပတ်ဝန်းကျင် အသိုင်း
အဝိုင်းတွေရဲ့ မြှောက်ပင့်ပေးမှုကြောင့် သီရိဇြတ်ကမ္ဘန် ပြောခဲ့သလို မိတ်ဆွေ
ရန်သူဆင်ပြီး ရက်ရမ်း ရမ်းခဲ့မိခြင်းကို သည်းခံပါ။ သီရိဇြတ်ကမ္ဘန်ဟာ ကိုယ်ကျိုး
မငဲ့ဘဲ ဟုတ်တိုင်းမှန်ရာကို ရဲရဲကြီး ထုတ်ဖော်ဝံ့သူဖြစ်၍ အဆွေခင်ပွန်းကောင်း
ပီသပါပေတယ်။ ကျွန်တော်နှင့် ဓားချင်းယှဉ်ပြိုင်လျှင် လွယ်လွယ်နှင့် အနိုင်
ရမည်ကို သိလျက်နှင့် လူတကာတို့ သည်းခံနိုင်ခဲ့သည့် သည်းခံမှုဖြင့် ကျွန်တော်
ဆဲရေး ရန်စခဲ့သမျှ သည်းခံခဲ့ခြင်းမှာ မိတ်ဆွေကောင်း ပီသကြောင်း ပြ
လိုက်ခြင်း ဖြစ်သည်ကို ကျွန်တော် သဘောပေါက် နားလည်ပါပြီ။ ကျွန်တော့်
အမှားတွေကို သည်းခံပါ'





မြို့စားလေးက မိမိ၏အမှားကို ထုတ်ဖော်ဝန်ခံကာ သီရိဇြတ်ကမ္ဘန်
အား တောင်းပန်စကား ပြောကြားလိုက်ရာ၊ သီရိဇြတ်ကမ္ဘန်မှာ အံ့အားသင့်
သည်ထက် အံ့အားသင့်သွားသော်လည်း မြို့စားလေး အမြင်မှန် ရသွားသည်ကို
သိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်၍သွားပေသည်။

'မြို့စားမင်း အပေါ်မှာ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး။
ဒါထက် ဒေါ်အိုဇာ တစ်ယောက်ကော'

'ဒေါ်အိုဇာကို အစ်မတော်နှင်းကေသရာ ကိုယ်တော်တိုင် ဂရုတစိုက်
ပြုစုနေပါတယ်။ သတိကောင်းကောင်း ရလာပါပြီ။ ဒါထက် စစ်သည်တော်
ကြီးကော နေသာထိုင်သာ ရှိရဲ့လား'

ဗညားအိမ်က ပြန်မေးလိုက်ရာ သီရိဇြတ်ကမ္ဘန်က ခေါင်းညိတ်ပြီး
အဖြေပေးလိုက်သည်။

'နေသာထိုင်သာ ရှိပါတယ်'

'ဒေါ်အိုဇာနဲ့ စစ်သည်တော်ကြီးကို သေကြောင်းကြံတဲ့ ရွာသူရွာသား
တွေကို ပြင်းပြင်းထန်ထန်း အပြစ်ဒဏ်ပေးရလိမ့်မယ်။ ရွာကိုပါ မီးရှို့ဖျက်ဆီး
ပြီး ခေးရာအရပ်ကို နှင်ထုတ်ပစ်ရလိမ့်မယ်'

ဗညားအိမ်က ဒေါသသံဖြင့် ပြောလိုက်သည်။

'မြို့စားမင်း သည်းခံပါ။ မသိ နားမလည်ရှာတဲ့ ရွာသူရွာသားတွေ
အပေါ်မှာ အပြစ်တော် မယူပါနဲ့။ ခွင့်လွှတ်တော်မူပါ'

'ခွင့်မလွှတ်နိုင်ဘူး၊ ခွင့်မလွှတ်နိုင်ဘူး။ ဒီမှာ သီရိဇြတ်ကမ္ဘန်၊ ကျွန်တော့်
ကို မြို့စားမင်းလို့ မခေါ်ပါနဲ့။ နာမည်ကို ခေါ်ချင်ခေါ်၊ ဒါမှမဟုတ် အဆွေ
ခင်ပွန်းကောင်း ပီသစွာ အကြည်တော်လို့ပဲ ခေါ်ပါ'

'ကောင်းလှပါပြီ။ မသိနားမလည်ရှာတဲ့ ရွာသူရွာသားတွေကိုတော့
အကြိမ်တစ်ခါ သည်းခံခွင့်လွှတ်တော်မူဖို့ အကြည်တော်အား အဆွေခင်ပွန်း
ကောင်း တစ်ယောက်အနေနဲ့ တောင်းပန်ပါတယ်'

သီရိဇြတ်ကမ္ဘန်က တောင်းပန်လိုက်ပြန်သည်။

'မသိနားမလည်တဲ့ ရွာသူရွာသားတွေကို သွေးထိုးလှုံ့ဆော်ခဲ့တဲ့
ပုဏ္ဏားတော် သီရိမနုကို ရာထူးကချပြီး ထောင်သွင်း အကျဉ်းထားရမှာပဲ'

'ဒါလည်း သည်းခံပါ။ သီရိမနုကို မှတ်လောက်သားလောက်အောင်
ဆုံးမခဲ့ပြီး ဖြစ်ပါတယ်'

'အကြည်တော် သီရိဇြတ်ကမ္ဘန်ကို သေကြောင်းကြံခဲ့တဲ့ ရွာသားသား
တွေကို ထိုက်သင့်တဲ့ အပြစ်ဒဏ် ပေးရမှ ကျေနပ်နိုင်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းသည် လူတကာတို့ စွမ်းဆောင်နိုင်သည့် အရည်အသွေးများ ဖြစ်ပါတယ်။ ကျွန်တော့်ကို အဆွေခင်ပွန်းကောင်းအဖြစ် အသိအမှတ်ပြုသည် ဆိုပါက မသိ နားမလည်သော ရွာသူရွာသားများအပေါ်တွင် ငဲ့ညှာထောက်ထားပြီး သည်းခံတော်မူပါ။ ၎င်းတို့ ကျူးလွန်ခဲ့ ဖြစ်မှုအတွက် ခွင့်လွှတ်တော်မူပါ'

သီရိဗြတ်ကမွန်သည် ပြောရင်း ပြောရင်း အသားအရေ ဖြူဖပ်ဖြူ ဖြစ်လာပြီး မိန်းမောသွားပြန်သည်။

'ဘုရား ဘုရား၊ သီရိဗြတ်ကမွန် သတိထားပါ။ သွေးဆေးနဲ့ ပန်းပေါင်းထုပ် မြန်မြန်ယူခဲ့ကြစမ်းပါ။ အစ်မတော် အစ်မတော် လာပါဦး'

မြို့စားလေး ဗညားအိမ်သည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

သီရိဗြတ်ကမွန်မှာ ခေတ္တမျှ မိန်းမောနေရာမှ သတိကောင်းစွာရ ပြီး မျက်စိကို ဖွင့်ကြည့်လိုက်ရာ၊ မိမိ၏ အပါးတွင် မြို့စားလေး ဗညားအိမ် မရှိတော့ဘဲ မြို့စားလေး ဗညားအိမ် ကိုယ်စား အစ်မတော် နှင်းကေသရာ ရောက်ရှိနေသည်ကို တွေ့ရပြီး၊ မိမိ၏ပါးစပ်ထဲသို့ သွေးဆေးနှင့် နှင်းရည် ရောစပ်၍ ညင်သာစွာ တိုက်ကျွေးနေသည်ကို တွေ့ရပေသည်။ ပန်းပေါင်းထုပ် ကိုလည်း နှာခေါင်းဝတွင် တေ့ပေးထားသည်ကို သီရိဗြတ်ကမွန် သတိပြုမိသည်။ စောစောက နေရာတွင် မဟုတ်တော့ဘဲ ဝါးကွပ်ပျစ်ပေါ်သို့ ရောက်နေ ဖြစ်သည်ကိုလည်း သိရပေသည်။

'နှင်းကေသရာ သခင်မ'

သီရိဗြတ်ကမွန်က မျက်စိဖွင့်ကြည့်လိုက်ရင်း ခေါ်လိုက်ရာ နှင်းကေသရာက လက်ဝါးကာပြလိုက်ပြီး နဖူးပြင်ကို သွေးဆေးနဲ့နှင်းရည် ပေါင်းစပ် ပွတ်သပ်ပေးနေပေသည်။

'ငြိမ်ငြိမ်နေပါ၊ စကားမပြောပါနဲ့ဦး'

နှင်းကေသရာက သတိပေးလိုက်သည်။

'နေသာထိုင်သာ ရှိသွားပါပြီ'

'နေသာထိုင်သာ ရှိသွားပြီသာ ဆိုတယ်။ တစ်ကိုယ်လုံး ကျောက် သီမှုန်ထားတဲ့ ဒဏ်ရာတွေ အညိုအမည်း စွဲနေတာပဲ။ ခေါင်းမှာလည်း သုံးလေးချက် ကွဲသွားသေးတယ်။ သွေးတောင် ကောင်းကောင်း မတိတ်သေးဘူး'

နှင်းကေသရာသည် ပြောပြောဆိုဆို ဦးခေါင်းမှ သွေးစိုနေသည့် ဒဏ်ရာဒဏ်ချက်ကို သွေးဆေးနှင့် သိပ်ပေးနေပြန်သည်။





'ဒေါ်အိုဇာကော ....'

သီရိဗြတ်ကမွန်က မေးလိုက်ပြန်သည်။

'သတိကောင်းကောင်း ရပါပြီ။ မြင်းစကျော် ဒေဝနဲ့ အိမ်ဆော်ကို င်းလိုက်ပါပြီ။ စစ်သည်တော်ကြီး အတော်ကို အတင့်ရဲတာပဲ။ ဒေါ်အိုဇာ ကို အသေခံပြီး စွန့်စွန့်စားစား အကာအကွယ်ပေးတာကို သခင်မဖြင့် လို့ မဆုံးဘူး။ သခင်မတို့ အချိန်မီ ရောက်လာပေလို့ စစ်သည်တော်ကြီး က်ဘေးက ချမ်းသာရာ ရတာ။ ဒါတောင် စိတ်မချရသေးဘူး'

'ခုလို စွန့်စားခဲ့တဲ့အတွက် အပြစ်ကင်းမဲ့တဲ့ ဒေါ်အိုဇာလည်း အသက် က ချမ်းသာရာရခဲ့တယ်။ ပြီးတော့ ငမိုက်သား သီရိဗြတ်ကမွန် အပေါ်မှာ င်လွဲမှားပြီး ရန်သူလို သဘောထားခဲ့တဲ့ မြို့စားလေး ဗညားအိမ်လည်း င်မှန် ရလာပြီး အဆွေခင်ပွန်းကောင်းအဖြစ် အသိအမှတ်ပြုခြင်း ခံရတဲ့ ကြောင့် စွန့်စားရကျိုးတော့ နပ်ပါတယ်'

သီရိဗြတ်ကမွန်က မိမိအသေခံပြီး စွန့်စားခဲ့ရသည်ကို ဂုဏ်ယူသည့် အရာဖြင့် ပြန်ပြောလိုက်သည်။

'သခင်မတို့သာ နည်းနည်းကလေး အရောက်နောက်ကျရင် စစ်သည်တော်ကြီးရော ဒေါ်အိုဇာပါ အသက်သေဘေးက ချမ်းသာရာ ရမှာ မဟုတ်ဘူး။ ဆိုရင်ကော စွန့်စားရကျိုး နပ်ပါဦးမလား'

'မှန်တယ် ထင်တာကို လုပ်ရတဲ့အတွက် သေချင် သေသွားပါစေ သေခံရကျိုး နပ်ပါတယ်'

သီရိဗြတ်ကမွန်က တစ်ခွန်းမခံ ပြန်ပြောလိုက်သည်။

'ဘာလဲ၊ သခင်မတို့အပေါ် ကျေးဇူးကန်းစကား ပြောလိုက်တာလား'

'ငမိုက်သား သီရိဗြတ်ကမွန်ရဲ့ စိတ်ရင်းစေတနာကို အမှန်အတိုင်း ဖော်လိုက်ခြင်းသာ ဖြစ်ပါတယ်။ ကျေးဇူးကန်းစကား ပြောခြင်း မဟုတ်ပါ။ ဇူးကန်းသူသာ ဖြစ်ပါက နှင်းကေသရာ သခင်မရဲ့ မောင်တော် မြို့စားလေး ရှင်းပျစော်ကားသည့် အပြောအဆို၊ အပြုအမူကို သည်းခံနိုင်လိမ့်မည် တ်သည်ကို နှင်းကေသရာ သခင်မ ဆင်ခြင်တော်မူပါ'

သီရိဗြတ်ကမွန်က ခွန်းတုံ့ပြန်လိုက်ပြန်သည်။

'ရှင်ဟာ ဘယ်လိုလူစားမျိုးလဲ ဆိုတာ စဉ်းစားလို့ မရဘူး။ သခင်မဖြင့် လို့မှ အကဲခတ်လို့ မရဘူး။ ရှင်ဟာ ပြောစရာရှိရင် ဘယ်သူ့မျက်နှာကိုမှ ဘဲ ပွင့်ပွင့်လင်းလင်း ပြောတတ်တယ်။ ရှင့်ရဲ့ ကိုယ်ကျိုးစီးပွားကို ဘဲ သူတစ်ပါးအတွက် အသေခံရဲတယ်။ ရှင် ဘယ်လိုလူလဲ'



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာက သီရိဖြတ်ကမွန်၏ အမူအရာကို အကဲခတ်ရင်း
ပြန်ပြောလိုက်သည်။

'သီရိဖြတ်ကမွန် ကိုယ်တိုင် သီရိဖြတ်ကမွန်ဟာ ဘယ်လိုသတ္တဝါ
လဲ ဆိုတာ အဖြေရှာလို့ မရသေးပါဘူး။ မိုးသည်းထန်စွာ ရွာသွန်းပြီး မှောင်
ကျနေတဲ့ လကွယ်နေ့ည သန်းခေါင်အချိန်မှာ စမ်းတဝါးဝါးနဲ့ လမ်းသွားနေ
ဘဝခရီးသည်တစ်ဦး အဖြစ်သာ အသိအမှတ် ပြုတော်မူပါ။ ခရီးလမ်းဆုံး
ရောက်တဲ့အခါကျရင် သီရိဖြတ်ကမွန်ဟာ ဘယ်လိုသတ္တဝါမျိုးဖြစ်ပြီး ဘယ်
သော အကြောင်းများကြောင့် ဤသို့သော အလုပ်တွေကို လုပ်နေရတယ်ဆို
အလိုလို အဖြေထွက်လာပါလိမ့်မယ်။ အတိတ်နဲ့ အနာဂတ်ကို ပိုင်ဆိုင်သူ
မဟုတ်ဘဲ ပစ္စုပ္ပန်ကိုသာ ပိုင်ဆိုင်သူများ ဖြစ်တဲ့အတွက် ပစ္စုပ္ပန်ကာလကို တန်
အရှိဆုံး အသုံးချတတ်ဖို့သာ အရေးကြီးပါတယ်'

'ဘာလဲ၊ ရှေ့ရေးကို ရှင် မတွေးတောဘူး ဆိုပါတော့'

'အနာဂတ်ကို အစိုးမရပါသဖြင့် အချိန်ကုန်ခံပြီး တွေးတောပူပန်နေ
ဖြင့် အကျိုးထူးမည် မဟုတ်ပါ။ အနာဂတ်သည် ပစ္စုပ္ပန်၏ အရိပ်မျှသာ ဖြ
ပစ္စုပ္ပန်ကာလ ကိုသာ တန်ဖိုးအရှိဆုံး အသုံးချတတ်မည် ဆိုပါက အနာဂ
အတွက် တစ်စုံတစ်ရာ စိုးရိမ်စရာ မရှိပါ'

'စစ်သည်တော်ကြီးမှာ ရည်မှန်းချက်ပန်းတိုင် မရှိဘူးလား'

'အလွန်မြင့်မားတဲ့ ရည်မှန်းချက်ပန်းတိုင် ရှိပါတယ်။ မည်မျှပင် လ
ခရီး ကြမ်းတမ်းစေကာမူ တစ်နေ့တွင် လမ်းဆုံးသို့ ရောက်ရမည်မှာ ဓမ္မတာ
ဖြစ်ပါတယ်။ လမ်းဆုံးသို့ မရောက်သေးမီ ကာလမှာ လောကဓံတရားများ
တွေ့ကြုံခံစားရတဲ့အခါ ခံနိုင်ရည်ရှိဖို့သာ အရေးကြီးပါတယ်'

သီရိဖြတ်ကမွန်က ပဟေဠိဆန်ဆန် အဖြေပေးလိုက်သည်။

'ရှင်ဟာ တကယ့်ကို လူထူးလူဆန်းပဲ'

နှင်းကေသရာသည် သီရိဖြတ်ကမွန်အား အကဲခတ်ရင်း အား
အားမရ အမူအရာဖြင့် ပြောလိုက်ပြန်သည်။ ထိုအခိုက်တွင် မြို့စားလေး
ဗညားအိမ်သည် လက်သုံးတော်သမားတော်ကြီးနှင့် နောက်လိုက်ငယ်သားအ
ခြံရံ၍ ပြန်လာကြသည်ကို မြင်ရသဖြင့် နှင်းကေသရာသည် မောင်တော်အ
ဆီးကြိုနေပေသည်။



ဖြတ်ကမွန် ဥယျာဉ်တော် အတွင်းရှိ အရိပ်အာဝါသ ကောင်းသော သစ်ပင်
ပင်၏ ခြေရင်းတွင် ကညစ်တံတစ်ချောင်းဖြင့် ပေတစ်ရွက်ပေါ်တွင် နှင်း
ရာ၏ ချောပုံလှပုံနှင့် ယဉ်ကျေးသိမ်မွေ့ပုံများကို လင်္ကာတစ်ပိုဒ် ရေးသား
နေရာမှ စကားလုံးလှလှ ရှာ၍ မရသဖြင့် ကညစ်တံကို ပါးစပ်တွင် ထိုးထားပြီး
နေစဉ် ခပ်လှမ်းလှမ်းမှ လာနေသော မြို့စားလေး ဗညားအိမ်ကို မြင်
သဖြင့် ငေးစိုက်ကြည့်နေမိပေသည်။

မြို့စားလေး ဗညားအိမ်မှာ တစ်စုံတစ်ရာ လေးလေးနက်နက် စဉ်းစား
သည့် အမူအရာ ပေါ်လွင်လျက်ရှိပြီး ၎င်း၏မျက်နှာမှာလည်း ညိုပုပ်ပုပ်
သည်ကို သီရိဖြတ်ကမွန် သတိပြုမိပေသည်။

မြို့စားလေး လာနေသည်ကို မြင်ရသောအခါ သီရိဖြတ်ကမွန်သည်
က်စပေရွက်နှင့် ကညစ်တံကို သိမ်းဆည်းလိုက်ပြီး မြို့စားလေး၏ မျက်နှာ
မျက်နှာကဲနှင့် အမူအရာကို အကဲခတ်၍ နေပေသည်။

ဗညားအိမ်သည် ခေါင်းငိုက်စိုက်ချပြီး လေးလံသော ခြေလှမ်းများဖြင့်
ရာမှ သီရိဖြတ်ကမွန်အား မြင်လိုက်သောအခါ ခြေလှမ်းများ သွက်လာ
ဖြတ်ကမွန် ရှိရာ သစ်ပင်ခြေရင်းသို့ သုတ်ခြေတင်၍ လာခဲ့ပေသည်။

'အကြည်တော် နေသာထိုင်သာ ရှိသွားပြီ မဟုတ်လား'

ဗညားအိမ်သည် မြို့စားဟူသော ဂုဏ်သိက္ခာကို အရေးမထားဘဲ
ဖြတ်ကမွန် အနီးတွင် ဝင်ထိုင်ရင်း ၎င်းကပင် စတင်၍ နှုတ်ခွန်းဆက်
သည်။

'မြို့စားလေးတို့ မောင်နှမရဲ့ ကျေးဇူးကြောင့် နေသာထိုင်သာ ရှိသွား
ါထက် ဒေါ်အိုဇာ တစ်ယောက်ကော'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'ဒေါ်အိုဇာလည်း နေသာထိုင်သာ ရှိသွားပါပြီ။ ခုအချိန်က ငြိုး
ဇာကို ဘယ်သူမှ ညှဉ်းပန်းနှိပ်စက်ခြင်း မပြုစေရတော့ပါဘူး။ အစ်မတော်
ဒေါ်အိုဇာကို စံအိမ်တော်မှာ ခေါ်ထားပြီး အားအင်ပြည့်ဖြိုးလာအောင်
တော်ကြီးများနဲ့ ဆေးဝါးကုသပေးနေပါတယ်။ အကြည်တော် သိတဲ့
း ဒေါ်အိုဇာဟာ မယ်တော်ရဲ့လက်စွဲတော် အပျိုတော်ကြီး ဖြစ်ခဲ့ဖူးပါ
အစ်မတော် ငယ်ရွယ်စဉ်ကလည်း အစ်မတော်ရဲ့ အထိန်းတော်ကြီး
အမှုတော် ထမ်းခဲ့ဖူးပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဗညားအိမ်က ရှင်းပြနေပေသည်။

'ဒီစကား ကြားရတာ ဝမ်းသာလှပါတယ်။ ဒါထက် အကြည်တော် ကြည့်ရတာ ရွှင်ရွှင်လန်းလန်း မရှိဘူး။ မျက်နှာညိုပြီး အလိုမကျ ဖြစ်ေ ရတယ်။ အကြောင်းကိစ္စများ ပေါ်ပေါက်လာလို့ မကြည်မသာ ဖြစ်နေတာလာ

သီရိဗြတ်ကမွန်က မြို့စားလေး၏ အမူအရာကို အကဲခတ်ရင်း မြ မေးလိုက်သည်။

'ကျွန်တော်တော့ ပြောတောင် မပြောချင်တော့ပါဘူး။ ခုတေ ဘယ်လို ဂြိုလ်ဆိုးကြမ္မာ ဝင်နေမှန်းကို မသိဘူး။ စိတ်ချမ်းသာစရာ တစ် မတွေ့ရဘဲ စိတ်ညစ်စရာတွေနဲ့ချည်း တွေ့နေရတယ်'

'အသက်တစ်ရာ မနေရ၊ အမှုတစ်ရာ တွေ့ရဆိုတဲ့ စကားပုံရှိသ မြို့စားလေး အနေနဲ့ဆိုရင် အသက်အရွယ် နုနုနယ်နယ်နဲ့ အင်မတန်ကြီးေ တဲ့ မြို့စားကြီးရဲ့ တာဝန်ကို ထမ်းရွက်နေရတဲ့ အတွက် အမှုအခင်း အမျိုး ပြဿနာ အထွေထွေနဲ့ နေ့စဉ် ရင်ဆိုင်နေရတာဟာ မထူးဆန်းပါဘူး'

'အကြည်တော် ပြောတဲ့စကား သိပ်မှန်တယ်။ ကျွန်တော်ဟာ အင်မ ကြီးလေးတဲ့ တာဝန်ကို ထမ်းရွက်နေရသူ ဖြစ်ပါလျက် တာဝန်ကို သေချာ သောက်စား ပျော်ပါးနေတဲ့အတွက် ပြဿနာ အမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတ ကျွန်တော့်လောက် အသုံးမကျတဲ့လူ ရှိလိမ့်မယ် မထင်ဘူး။ ကျွန်တော် မြို့စားရာထူးနဲ့ လားလားမှ မထိုက်တန်ဘူး'

ဗညားအိမ်က စိတ်ပျက်အားလျော့သည့် အမူအရာဖြင့် ပြန်ပြောလိ သည်။

'ပုထုဇဉ်မှန်သမျှ အပြစ်နဲ့ ကင်းတဲ့လူ မရှိပါဘူး။ ဒါပေမဲ့ ကိ အပြစ်နဲ့ကိုယ် မြင်အောင် ရှုတတ်ပြီး အပြစ်ကို ထုတ်ဖော်ဝန်ခံရဲတဲ့လူ ရှ ပါတယ်။ အကြည်တော်ဟာ ကိုယ့်အပြစ်ကိုယ် မြင်အောင် ရှုတတ်တဲ့အ အပြစ်ကို ဝန်ခံရဲတဲ့အတွက် မြို့စားကောင်းတစ်ယောက် ဖြစ်လာဖို့ လ ပေါ်လာပါပြီ။ မြို့စားရာထူးနဲ့ လားလားမျှ မထိုက်တန်ဘူးဆိုတာ သိတဲ့ အချိ ပြီး အကြည်တော် အမြင်မှန်ရလာပြီ ဖြစ်တဲ့အတွက် မြို့စားရာထူးနဲ့ ထိုက် အောင် ဆက်လက် ကြိုးစားသွားဖို့သာ ရှိပါတော့တယ်'

သီရိဗြတ်ကမွန်က ပွင့်ပွင့်လင်းလင်း ဝေဖန်လိုက်သည်။

'အဆွေခင်ပွန်းကောင်း ပီသတဲ့ အကြည်တော်ရဲ့ မျက်နှာမထော ဆောင်မညာ ဟုတ်တိုင်းမှန်ရာကို ထုတ်ဖော်ပြီး သွန်သင်ဆုံးမ ဩဝါဒပေ ကြောင့် ကျွန်တော် အမြင်မှန်ရလာခြင်း ဖြစ်တဲ့အတွက် ကျွန်တော့်အပ





ကြည်တော် တစ်ဖဝါးမှ မခွာစေဘဲ ရာသက်ပန် ချီးမြှင့်မြှောက်စားဖို့ စိတ် ဖြတ်ထားပါတယ်'

'သီရိဗြတ်ကမွန် အနေနဲ့လည်း အကြည်တော် အလိုရှိသရွေ့ အကြည် နဲ့အတူ နေထိုင်သွားရန် စိတ်ပိုင်းဖြတ်ထားပါတယ်။ သို့ရာတွင် အရေး တဲ့ကိစ္စ ပေါ်ပေါက်လာလျှင်တော့ တာဝန်ဝတ္တရား ထမ်းရွက်ရန် သွားခွင့် လိုပါတယ်'

သီရိဗြတ်ကမွန်က အဖြေပေးလိုက်သည်။

'အရေးကြီးတဲ့ကိစ္စ ဆိုတာ ဘာကို ဆိုတာလဲ'

'ဟံသာဝတီ နိုင်ငံတော်ကို ဖရိုဖရဲ ပြိုကွဲအောင် ကြံဆောင်နေသူများရဲ့ ရာယ်ကို ကာကွယ်ရန်ကိစ္စ ဖြစ်ပါတယ်။ အကြည်တော် သိတော်မူတဲ့အတိုင်း ဝတီနိုင်ငံတော် ပြိုကွဲအောင် ပြည်တွင်းသစ္စာဖောက်များနဲ့ ပြည်ပရန်သူ ပေါင်း ကြံစည်နေကြပါတယ်။ ဒီအန္တရာယ်ကို ကာကွယ်ဖို့ ဘုရင်မနဲ့ တော် အပေါ် သစ္စာရှိသူတိုင်းမှာ တာဝန်ရှိနေပါတယ်'

'ဒီစကား သိပ်မှန်တယ်၊ ဟံသာဝတီ နိုင်ငံတော် အင်အားတောင့်တင်း အခွန့်ရှည်စွာ တည်တံ့ရေးအတွက် ကျွန်တော်တို့အားလုံး ညီညာစွာဖြင့် ကုန် ကာကွယ်ကြရမယ်။ သူတစ်ပါးရဲ့ လက်အောက် ကျွန်သပေါက် အရောက်မခံနိုင်ဘူး'

'အကြည်တော် ပြောလိုက်တဲ့ စကားဟာ ယထာဘူတ ကျပါတယ်။ မဲ့ စည်းလုံးညီညွတ်မှုကို ဖြိုခွင်းနေတဲ့ ပြည်တွင်းသစ္စာဖောက်တွေ ရှိနေ တယ်။ အမေကျော် ခွေးတော်လွှမ်းနေသူလည်း ရှိနေပါတယ်။ အကြည်တော် တော်မူတဲ့အတိုင်း ရှင်စောပု ဘုရင်မကြီးက ရှင်ဓမ္မစေ့ လူထွက်ကို သမီးတော် ယ်နဲ့ ရွှေလက်တော်ဆက်ပြီး အိမ်ရှေ့အရာ ပေးခဲ့တာကို မကျေနပ်သူတွေက ကြီးလူထွက်ကို နန်းလျာထားရမည်လား ဆိုပြီး သမက်တော်အကြီးနဲ့ ပေါင်းပြီး မသိနားမလည်တဲ့ တောင်သူလယ်သမား ဆင်းရဲသားတွေကို ဆိုးလှုံ့ဆော်ပြီး စည်းလုံးညီညွတ်မှု အင်အားကို ဖြိုခွင်းနေကြပါတယ်။ ဘုရင်ဆီက အကူအညီများ တောင်းခံပြီး သမက်တော်အကြီးကို နန်းတင် ည်း ကြံစည်အားထုတ် နေကြပါတယ်။ သူတို့ရဲ့ အကြံအစည်သာ အောင်မြင် ရင် ဟံသာဝတီ နိုင်ငံတော်ဟာ အင်းဝနိုင်ငံတော်ရဲ့ လက်အောက်ခံဘဝကို တ်သွားပြီး ဝါးအစည်းပြေသလို ဖရိုဖရဲ ဖြစ်သွားနိုင်ပါတယ်'

သီရိဗြတ်ကမွန်က ရှင်းပြလိုက်ရာ မြို့စားလေး ဗညားအိမ်သည် ငြ တွေဝေပြီး နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်စောပု ဘုရင်မကြီးကို တစ်နိုင်ငံလုံးက ကြည်ညိုလေးစား
တယ် မဟုတ်လား။ ရှင်စောပု ဘုရင်မကြီးရဲ့ လက်ထက်တော်မှာ နိုင်ငံတေ
ဟာ ပိုမိုတောင့်တင်းလာတယ် မဟုတ်လား။ ဘုရင်မကြီးရဲ့ အလိုတော်
ဘယ်သူမှ မဆန့်ကျင်ဝံ့ပါဘူး'

'မှန်ပါတယ်၊ ဘုရင်မကြီး သက်တော်ထင်ရှား ရှိနေသေးသမျှ နိုင်
တော်ရဲ့အင်အား တောင့်တင်းခိုင်မာနေမှာ အမှန်ပင် ဖြစ်ပါတယ်။ ဒါပေ
ပြည်တွင်းသစ္စာဖောက် တချို့က ဘုရင်မကြီးကိုတောင် လုပ်ကြံဖို့ ကြံစ
အားထုတ်နေကြကြောင်း အခိုင်အမာ သတင်းရရှိထားပါတယ်'

သီရိဗြတ်ကမွန်က ပြန်ပြောလိုက်ရာ မြို့စားလေး ဗညားအိမ်သည်
ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး တစ်စုံတစ်ရာ မပြောနိုင်ဘဲ ပါးစပ်အဟော
သားဖြင့် သီရိဗြတ်ကမွန်အား ငေးစိုက်ကြည့်နေပေသည်။ ဗညားအိမ်
မျက်နှာမှာလည်း သိသိသာသာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို သီရိဗြတ်က
သတိပြုမိပေသည်။

'အကြည်တော် ဘယ်လို ဖြစ်သွားတာလဲ'

သီရိဗြတ်ကမွန်သည် ဗညားအိမ်၏ အမူအရာကို အကဲခတ်ရ
မေးလိုက်သည်။

'ကျွန်တော် ဘယ်လို အဖြေပေးရမှန်းတောင် မသိတော့ဘူး။ ကျွန်တေ
အတွက်နဲ့ ကျွန်တော် ရူးနေပြီ။ နတ်လို့ ရတော့မှာ မဟုတ်ဘူး။ ကျွန်တေ
အသုံးမကျလို့ သူတစ်ပါး ဖြားယောင်းသွေးဆောင်ကာ ညွှတ်ကွင်း ထောင်
ကို ဝင်တိုးနေပြီး ညွှတ်ကွင်းလွတ်အောင် ရုန်းလို့ ရနိုင်တော့မှာ မဟုတ်ဘ
ဘုရား .... ဘုရား .... ဘုရား၊ ကယ်တော်မူပါ'

ဗညားအိမ်သည် ထိတ်လန့်တုန်လှုပ်သည့် အမူအရာဖြင့် ပြန်ဖြေ
လိုက်သည်။

ဗညားအိမ်မှာ နတ်ပူးသလို တစ်ကိုယ်လုံး တုန်လှုပ်နေသည်ကို မြင်
သဖြင့် သီရိဗြတ်ကမွန်သည် ထိုင်ရာမှထလာခဲ့ပြီး တုန်တုန်ယင်ယင် ဖြစ်နေသေ
ဗညားအိမ်၏ ပခုံးကိုဖက်၍ လူခြေတိတ်ဆိတ်သည့် မြတ်လေးရုံများ ရှိရာ
ခေါ်လာခဲ့ပေသည်။

'ငမိုက်သား သီရိဗြတ်ကမွန်ကို မြို့စားလေးရဲ့ အဆွေခင်ပွန်းကော
အဖြစ် အသိအမှတ်ပြုတယ် ဆိုတာ အမှန်ပင် ဖြစ်ပါသလား'

လူခြေတိတ်ဆိတ်သည့် နေရာသို့ ရောက်သောအခါ သီရိဗြတ်ကမွန်
...အား မေးလိုက်သည်။





'ဒီစကားဟာ မှန်ကန်သော သစ္စာစကားပါ။ အကြည်တော် အပေါ်မှာ
...ဆွေခင်ပွန်းကောင်း အဖြစ် ရာသက်ပန် အသိအမှတ် ပြုပါတယ်'

'အဆွေခင်ပွန်းကောင်း အဖြစ် အသိအမှတ်ပြုတယ် ဆိုရင် သီရိ
...ဗြတ်ကမွန် အပေါ်မှာ ယုံကြည်စိတ်ချစွာဖြင့် ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း
...ဆိုပြီး တိုင်ပင်စရာ ရှိတာကို ရင်းရင်းနှီးနှီး တိုင်ပင်စေလိုပါတယ်၊
...ကြည်တော် ရင်ဆိုင်နေရတဲ့ ပြဿနာမှန်သမျှ သီရိဗြတ်ကမွန် အသက်နဲ့လဲပြီး
...ရှင်းပေးဖို့ အသင့်ရှိနေတယ် ဆိုတာ ယုံကြည်စိတ်ချစေလိုပါတယ်'

သီရိဗြတ်ကမွန်က မြို့စားလေးထံမှ စကားရအောင် တောင်းလိုက်သည်။

'ကျွန်တော် ရင်ဆိုင်နေရတဲ့ ပြဿနာကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်
...ဆွေးနွေးရမယ် ဆိုရင် ကျွန်တော့်ရဲ့ အသက်ကို အကြည်တော်ရဲ့ လက်ထဲ
...အပ်လိုက်သလို ဖြစ်နေမှာမို့ ဆွေးနွေးသင့် မဆွေးနွေးသင့် စဉ်းစားနေပါတယ်။
...ကြည်တော်ဟာ ရှင်ဓမ္မစေ့လူထွက်ရဲ့ ဘက်တော်သားဖြစ်နေလို့ ကျွန်တော်
...အတွင်းရေးတွေကို ဖွင့်ပြောလို့ ဖြစ်ပါ့မလား'

မြို့စားလေး ဗညားအိမ်မှာ မိမိ၏ အတွင်းရေးကို ဖွင့်ဟရန် သင့်
...သင့် ဒွိဟသံသယ ဖြစ်နေပေသည်။

'ရှင်ဓမ္မစေ့ လူထွက်ရဲ့ ဘက်တော်သားဆိုတဲ့ စကားကို မသုံးသင့်ပါ။
...ရိဗြတ်ကမွန်ဟာ ဘယ်သူ ဘယ်ဝါရဲ့ ဘက်တော်သားမှ မဟုတ်ပါဘူး။
...ရင်မကြီးနဲ့ နိုင်ငံတော်အပေါ်မှာ အသက်နဲ့လဲပြီး ကျေးဇူးသစ္စာတော်ကို
...သိသူ တစ်ဦးသာလျှင် ဖြစ်ပါတယ်။ ရှင်ဓမ္မစေ့လူထွက်အား ဓမ္မစေတီဘွဲ့
...နှီးလျှာထားသည်ကို သဘောတူထောက်ခံသူမှန်သော်လည်း မြို့စားလေးရဲ့
အဆွေခင်ပွန်းကောင်းတစ်ယောက် ဖြစ်သည်ကို သတိပြုတော်မူပါ။ အကြည်
...တော်ရဲ့ အတွင်းရေးကို ထုတ်ဖော်ဆွေးနွေးရမယ် ဆိုလျှင် အကြည်တော်ရဲ့
အသက်ကို ပုံအပ်နိုင်သည်အထိ ယုံကြည်စိတ်ချခြင်း မရှိဟုဆိုလျှင် အကြည်တော်ရဲ့
အသက်နဲ့ထပ်တူ ယုံကြည်စိတ်ချရတဲ့ အဆွေခင်ပွန်းကောင်း တစ်ဦးဦးနဲ့
ဆွေးနွေးတိုင်ပင်ဖို့ အကြံပေးလိုပါတယ်'

'ကျွန်တော်ရဲ့ အသက်ကို ပုံအပ်နိုင်လောက်အောင် ယုံကြည် စိတ်ချ
...ရတဲ့လူ တစ်ယောက်မှ မရှိဘူး'

ဗညားအိမ်က ခေါင်းရှုပ်သည့် အမူအရာဖြင့် ကြည့်ပြောလိုက်သည်။

'အစ်မတော် နှင်းကေသရာ သခင်မကော'

'မဖြစ်ဘူး၊ မဖြစ်ဘူး။ အစ်မတော်နဲ့ တိုင်ပင်လို့ ဖြစ်ကို မဖြစ်နိုင်ဘူး၊
အစ်မတော်ကို သွေးထိုးလှုံ့ဆော်ပေးတဲ့ လူတွေရှိနေလို့ တစ်ဖက်စကား နားဝင်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ အစ်မတော်ဘုရားကို ဘုရင်မကြီးက သမီးတော်အရင်းနဲ့ ထပ်တူထပ်မျှ
ချစ်မြတ်နိုးတော်မူတာကို သိလို့ သမက်တော်အကြီးရဲ့ ဘက်တော်သားတွေက
အင်္ဂတော်ကို အကာအကွယ်ယူပြီး ဘုရင်မကြီးကို တော်လှန်ပုန်ကန်ဖို့ ကြံစည်
နေကြတယ်။ ဒါကို အစ်မတော် သိချင်မှသိမှာ။ ပြီးတော့ အကြည်တော် သိတဲ့
အတိုင်း အစ်မတော်ဟာ သူမှန်တယ်ထင်ရင် ဘယ်သူမှ ဝင်ပြောလို့ ရတာ
မဟုတ်ဘူး။ အစ်မတော်နဲ့ ဘယ်နည်းနဲ့မှ တိုင်ပင်လို့ရမှာ မဟုတ်ဘူး။ ကျွန်တော်
ယုံကြည်စိတ်ချစွာနဲ့ တိုင်ပင်ရမယ့်လူဆိုလို့ အကြည်တော် သိရိဖြတ်ကမ္ဘန် တစ်ဦး
တည်း ရှိတယ်။ ဒါပေမဲ့ အကြည်တော်ဟာ ရှင်ဓမ္မဓရ လူထွက်ရဲ့ ဘက်တော်သား
ဖြစ်နေတယ်လို့ ကြားသိရလို့ ကျွန်တော်ရဲ့ အသက်ကို ပုံအပ်ရမယ့်ကိစ္စ ဘယ်လို
လုပ်ပြီး ဆွေးနွေးလို့ ဖြစ်မှာလဲ'

ဗညားအိမ်က ဝေခွဲ၍မရနိုင်သော အမူအရာဖြင့် ပြန်ပြောလိုက်ရာ

'ရှင်ဓမ္မဓရရဲ့ ဘက်တော်သား ဆိုတဲ့ စကားကို မသုံးဖို့ စောစောက
တောင်းပန်ခဲ့ပြီး ဖြစ်ပါတယ်။ ငမိုက်သား သိရိဖြတ်ကမ္ဘန်မှာ ပုဂ္ဂိုလ်တစ်ဦး
တစ်ယောက်ရဲ့ အကျိုးကို ရှေးရှုသူ မဟုတ်ပါ။ နိုင်ငံတော်အပေါ်တွင် အသက်
ပေးပြီး ကျေးဇူးသစ္စာတော်ကို စောင့်သိ ရှိသေသူသာလျှင် ဖြစ်သည်ကို
ထပ်လောင်း၍ လေးလေးနက်နက် အစီရင်ခံလိုပါတယ်။ ဟံသာဝတီ နိုင်ငံတော်
အင်အားတောင့်တင်းပြီး အခွန့်ရှည်စွာ တည်တံ့ရေးအတွက် စည်းလုံး ညီညွတ်
စွာဖြင့် အစွမ်းကုန် ကာကွယ်ကြရမယ်လို့ စောစောက အကြည်တော် မိန့်ကြား
သွားပါတယ်။ သူတစ်ပါးရဲ့လက်အောက် ကျွန်သပေါက် ဘဝသို့ အရောက်မခံ
နိုင်ဘူးလို့လည်း ရဲရဲတောက် မိန့်ကြားသွားတာကို နားနဲ့ ဆတ်ဆတ် ကြား
ရပါတယ်။ အကြည်တော် ပြောသလို ဟံသာဝတီနိုင်ငံတော်ကို သူတစ်ပါးရဲ့
လက်အောက် ကျွန်သပေါက်ဘဝကို အရောက်မခံနိုင်ဘူး ဆိုရင် မြို့စားလေး
ထပ်တူထပ်မျှ နိုင်ငံတော်အပေါ်မှာ အသက်ပေးပြီး ကျေးဇူးသစ္စာ စောင့်သိတဲ့
သိရိဖြတ်ကမ္ဘန်ကို ယုံကြည်စိတ်ချစွာဖြင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်ပြီး နိုင်ငံတော်
အတွက် အတူတကွ လက်တွဲပြီး ကာကွယ်စောင့်ရှောက် သွားဖို့သာ ရှိပါတယ်'

သိရိဖြတ်ကမ္ဘန်က ပြန်ပြောလိုက်ရာ မြို့စားလေး ဗညားအိမ်သည်
ခေတ္တမျှ တွေဝေပြီး စဉ်းစားနေပေသည်။

'အကြည်တော် ပြောတာ မှန်တယ်။ ရှင်ဓမ္မဓရ လူထွက်ကို နန်းလျာ
ထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သဘောချင်းမတိုက်ဆိုင်ရုံနဲ့ နိုင်ငံတော် ရေစက်
နစ်မှာကို ဥပေက္ခာ မပြုသင့်ဘူး။ ဘုရင်မကြီးနဲ့ နိုင်ငံတော်အပေါ်မှာ အသက်
ပေးပြီး သစ္စာစောင့်သိသူချင်း ယုံကြည်စိတ်ချစွာဖြင့် အတူတကွ လက်တွဲကြ





ရလိမ့်မယ်။ ကဲ .... ကျွန်တော့်ရင်ထဲမှာ တအုံနွေးနွေး ဖြစ်နေတဲ့ အကြောင်းရေး
အကြည်တော်အပေါ်မှာ ယုံကြည်စိတ်ချစွာနဲ့ အသက်ကိုပါ ပုံအပ်ပြီး ဖွင့်ပြ
တော့မယ်'

မြို့စားလေး ဗညားအိမ်သည် ပြောပြောဆိုဆို ၎င်း၏ ခါးပိုက်ထဲတွင်
သိုသည်းထားသည့် ပေရွက်တစ်ရွက်ကို ထုတ်ယူလိုက်သည်။

'ကျွန်တော် မြို့စားရာထူးကို တရားဝင် ဆက်ခံတဲ့နေ့က ကျွန်တော့်ရဲ့
...နဲ့ တိုက်ဆိုင်နေတဲ့အတွက် ဆရာတော်၊ သံဃာတော်များကို ဆွမ်းကျွေး
...သွဲခံပွဲ ကျင်းပခဲ့တာကို အကြည်တော် မှတ်မိသေးတယ် မဟုတ်လား'

ဗညားအိမ်သည် ပေရွက်ကို ပုဆိုးစနှင့် သုတ်ရင်း မေးလိုက်ပြန်သည်။

'မှတ်မိပါတယ်'

'အဲဒီနေ့ညက ကျွန်တော့်ရဲ့ အိပ်ရာခေါင်းအုံးပေါ်မှာ ဟောဒီ ပေဖူးလွှာ
တွေ့ရတယ်။ ဘယ်သူ လာထားသွားမှန်း မသိရဘူး။ ပေဖူးလွှာကိုသာ
အကြည်တော် ဖတ်ကြည့်ပေတော့'

ဗညားအိမ်သည် ခါးပိုက်ထဲမှ ထုတ်ယူလိုက်သော ပေရွက်ကို သိရိဖြတ်
ကမ္ဘန်၏ လက်သို့ ပေးအပ်လိုက်ရာ၊ သိရိဖြတ်ကမ္ဘန်သည် ပေရွက်ပေါ်တွင်
...ထားသည့် စာကို စိတ်ဝင်စားစွာ ဖတ်ရှုနေပေသည်။

'ဘယ်သူ့ လက်ရေးလက်သားမှန်း မသိဘူးလား'

သိရိဖြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'ဒီလက်ရေး လက်သားကို ကျွန်တော် တစ်ခါမှ မမြင်ဖူးပါဘူး'

ဗညားအိမ်က အဖြေပေးလိုက်သည်။ သိရိဖြတ်ကမ္ဘန်သည် ပေဖူးလွှာ
...ကိုယ်အကြိမ် ဗညားအိမ် ကြားသာရုံ ဖတ်ပြလိုက်ပြန်သည်။

"ဆောင်းတူးမြို့စားလေး ဗညားအိမ် သိသာရန်မှာ ဘုရင်မကြီး
တိုင်းခန်း လှည့်လည်တော်မူသောအခါ မြို့စားလေး၏ စံအိမ်တော်
တွင် ခေတ္တ စံနေတော်မူရန် သေချာသွားပြီ ဖြစ်ပါသည်။ မြို့စားလေး
ကိုယ်တိုင် အသိသက်သေများ၏ ရှေ့မှောက်တွင် ကတိသစ္စာဆို၍
လက်မှတ်ရေးထိုးခဲ့သည့် စာတမ်းတွင် ပါရှိသည့်အတိုင်း တစ်သဝေ
မတိမ်း လိုက်နာပြီး လုပ်ကြံရန် သတိပေး နှိုးဆော်လိုက်သည်၊ ကတိ
ပျက်ကွက်ပါက မြို့စားလေးကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့သည့်
စာလွှာကို လူသိရှင်ကြား ထုတ်ပြန်ရလိမ့်မည် ဖြစ်ပါသည်။"

သိရိဖြတ်ကမ္ဘန်သည် အထက်ပါ စာလွှာကို ဖတ်ပြရင်း သက်ပြင်း
ချလိုက်သည်။ မြို့စားလေး ဗညားအိမ်မှာမူ နဖူးပြင်မှ ချွေးသီးများ စို့လာသည်
...ဆောက်တည်ရာမရ ဖြစ်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီစာလွှာမှာ ပါရှိတဲ့အတိုင်း ဘုရင်မကြီးကို လုပ်ကြံဖို့ ကတိသ ပြုခဲ့ပါသလား'

သီရိဖြတ်ကမွန်သည် ဗညားအိမ်၏ ခေါင်းအုံးပေါ်မှ တွေ့ရ ဆိုသော စာလွှာကို အသံထွက်အောင် ဖတ်ပြလိုက်ပြီးနောက် ဗညားအိမ် မေးလိုက်သည်။

'ကျွန်တော် ဘယ်တုန်းကမှ ကတိသစ္စာ မပြုခဲ့မိပါဘူး။ ဒါကို ကျွန်တော် ကျမ်းသစ္စာ ကျိန်ဆိုရဲပါတယ်'

'လက်မှတ်ကော ရေးထိုးခဲ့မိသေးသလား'

'ဒါလည်း ကျွန်တော် မမှတ်မိတော့ဘူး။ ဗိုလ်မှူး သမိန်စက္ကဝေ တိုက်တွန်းချက်အရ စာတမ်းတစ်စောင်မှာတော့ ကျွန်တော် လက်မှတ်ရေး ခဲ့ပါတယ်။ အဲဒီ စာတမ်းများ ဖြစ်နေမလား မသိဘူး'

ဗညားအိမ်က ခေါင်းငိုက်စိုက်ချပြီး စဉ်းစားရင်း အဖြေပေးလိုက်သ

'သေသေချာချာ ပြန်ပြီး စဉ်းစားပါဦး။ သမိန်စက္ကဝေ တိုက်တွန်း လက်မှတ်ရေးထိုးခဲ့ရတဲ့ စာတမ်းမှာ ဘာတွေ ရေးသားထားတယ် ဆိုတာ မကြည့်မိဘူးလား။ တစ်လုံးတစ်ပါဒမှ မမှတ်မိတော့ဘူးလား။ ဒီစာတမ်း အကြည်တော်အဖို့ သေရေးရှင်ရေးတမျှ အရေးကြီးတယ်။ မင်းပြစ်မင်း သင့်စေနိုင်တဲ့အတွက် ပေါ့ပေါ့တန်တန် သဘောထားလို့ မဖြစ်ဘူး'

သီရိဖြတ်ကမွန်က သတိပေးလိုက်သည်။

'ကျွန်တော်လည်း သိပ်မရေးမကြီးဘူး ထင်လို့ လွယ်လွယ်ကူကူနဲ့ လက် ရေးထိုးမိတာပါ။ ဘာတွေ ရေးထားမှန်းတောင် မသိဘူး။ လက်မှတ် ရေးထိုး တဲ့ နောက်ပိုင်းမှာလည်း အရေးမကြီးဘူးထင်လို့ ခပ်ပေါ့ပေါ့ပဲ နေခဲ့တယ်။ စာ အပေါ်မှာ လက်မှတ်ရေးထိုးခဲ့မိတာတောင် သတိ မရတော့ဘူး။ အကြည်တော် လက်ထဲက စာလွှာကို ကျွန်တော့် မွေးနေ့ ညှိခံပွဲ ကျင်းပတဲ့နေ့က ကျွန် ရဲ့ ခေါင်းအုံးပေါ်မှာ တွေ့ရတော့မှ သမိန်စက္ကဝေရဲ့ တိုက်တွန်းချက်အရ စာ တစ်စောင်မှာ လက်မှတ်ရေးထိုးတာကို သတိရတော့တယ်'

'အဲဒီစာတမ်းမှာ ဘုရင်မကြီးကို လုပ်ကြံဖို့ ကိစ္စနဲ့ ပတ်သက် အကြည်တော်ရဲ့ အပေါ်မှာ ကျရောက်လာမယ့် တာဝန်ကို မမိုက်မသုန် ရွက်ပါမယ်လို့ ကတိသစ္စာ ပြုထားတာများ မပါဘူးလား။ အကြည်တော် ဉ်းစားစမ်းပါဦး။ အဲဒီစာတမ်းကို အကြည်တော် တစ်ခေါက်တလေမှ ကြည့်လိုက်မိတော့ဘူးလား'

သီရိဖြတ်ကမွန်က အားမလို အားမရသည့် အမူအရာဖြင့် ပြန် လိုက်သည်။





'လက်မှတ်မရေးထိုးခင် တစ်ခေါက်တော့ ဖတ်ကြည့်လိုက်မိတယ်။ မဲ့ အဲဒီအချိန်မှာ ကျွန်တော်လည်း အရက်သေစာ သောက်စားမှုးယစ် ဲ့အတွက် စာတမ်းမှာပါရှိတဲ့ အကြောင်းအရာကို ကောင်းကောင်း မမှတ် ဘူး။ ကျွန်တော် မှတ်မိသလိုလို ရှိတဲ့ အပိုဒ်တစ်ပိုဒ် ကတော့ 'ဘုန်းကြီး က်ကို နန်းတင်ရင် နိုင်ငံတော် ကမောက်ကမ ဖြစ်သွားလိမ့်မည်ဟု ယုံ သဖြင့် ဘုန်းကြီးလူထွက်ကို နန်းမတင်ဖြစ်အောင် ကြိုးစားမည်' ဆိုတဲ့ ပဲ။ ကျန်တာတွေတော့ မမှတ်မိတော့ပါဘူး'

ဗညားအိမ်သည် ဦးနှောက်ခြောက်လုမတတ် စဉ်းစားရင်း မိမိ မှတ် ပြောပြနေပေသည်။

'ဘုရင်မကြီးကို လုပ်ကြံဖို့ ကိစ္စလည်း ပါရှိသေးတယ် မဟုတ်လား'

သီရိဖြတ်ကမွန်က နိမိတ်ပြမေးခွန်း မေးလိုက်ပြန်သည်။

'ပါချင်လည်း ပါမှာပဲ။ ဒါပေမဲ့ စောစောက ကျွန်တော်ပြောခဲ့တဲ့ င်း အဲဒီစာတမ်းကို ကျွန်တော် လက်မှတ်ရေးထိုးတဲ့ အချိန်မှာ လူမှန်းသူမှန်း အောင် သောက်စားမူးယစ်နေလို့ ကောင်းကောင်း မမှတ်မိတော့ဘူး။ တော် မှတ်မိသလောက်ကတော့ သမိန်စက္ကဝေရဲ့ အိမ်မှာ အားလုံး သဘော လက်မှတ်ရေးထိုးခဲ့ကြတာပဲ'

'လက်မှတ်ရေးထိုးတဲ့ အချိန်မှာ သမိန်စက္ကဝေအပြင် အနီးအနားမှာ သူတွေ ရှိသလဲ'

'မြို့ဝန်မင်း ဗညားဒလနဲ့ မင်းခနေ အမည်ခံ မင်းရွှေခဲလည်း ရှိပါတယ်။ င်သူ တစ်ဦးတစ်ယောက်မှ မရှိပါဘူး။ ကျွန်တော် မှတ်မိသလောက် ဆိုရင် န်မင်း ဗညားဒလရော မင်းရွှေခဲပါ ကျွန်တော့်လိုပဲ လူမှန်းသူမှန်း မသိအောင် င်နေကြပါတယ်'

'မင်းရွှေခဲက ဘာကိစ္စ ရွှေမြို့တော်ကို ရောက်နေတာလဲ'

'သမိန်စက္ကဝေနဲ့ ခင်မင်ရင်းနှီးတဲ့အတွက် သမိန်စက္ကဝေဆီကို မကြာ လာလေ့ရှိပါတယ်။ တစ်ခါတုန်းက ဆိုရင် သမိန်စက္ကဝေ ကွပ်ကဲတဲ့ တပ်မှာ တပ်မှူးအဖြစ် အမှုထမ်းခဲ့ဖူးပါတယ်'

'အဲဒီစာတမ်းမှာ မြို့ဝန်ဗညားဒလနဲ့ မင်းရွှေခဲတို့ကော လက်မှတ် ထိုးကြသေးလား'

'ဒါတော့ ကျွန်တော် မပြောတတ်ပါဘူး'

'ဗိုလ်မှူးသမိန်စက္ကဝေကော လက်မှတ်ရေးထိုးသလား'

'ဒါလည်း တပ်အပ်သေချာ မပြောနိုင်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ စာတမ်းကို အကြည်တော် လက်မှတ်ရေးထိုးတဲ့ အချိန်
အခြားသူတွေ လက်မှတ်ရေးထိုးထားတာ တွေ့ရသလား'

'ကျွန်တော် လက်မှတ်ရေးထိုးတဲ့ အချိန်မှာတော့ စာတမ်းပေါ်
ဘယ်သူ့လက်မှတ်ကိုမှ မတွေ့မိပါဘူး'

'အင်း မြို့စားလေး မြို့စားလေး၊ မြို့စားလေးရဲ့ မိုက်မဲမှုကြော
မိဘ ဘိုးဘွားတွေ လက်ထက်က အစပြုပြီး တည်ဆောက်လာခဲ့တဲ့ ဗိမာန်
ပြိုကွဲဖို့ အရိပ်အယောင်တွေတော့ မြင်နေရပြီ။ မြို့စားလေးရဲ့ အရှိန်အဝါ
သြဇာတိက္ကမကို သစ္စာဖောက်တွေ အလွဲသုံးစားလုပ်ပြီး မသိနားမလည်
လူတွေကို ဖြားယောင်း သွေးဆောင်ရုံသာမက ဘုရင်မကြီးကို လုပ်ကြံဖို့အ
မြို့စားလေးကို အကာအကွယ်ယူပြီး သွေးထိုးလှုံ့ဆော်နေကြမှာ အမှန်
မြို့စားလေးရဲ့ မလိမ္မာမှုကြောင့် သူခိုးကို ဓားရိုးကမ်းသလို ဖြစ်နေပြီ'

သီရိဗြတ်ကမ္ဘန်သည် စိတ်ထဲရှိသမျှ မျိုသိပ်မထားနိုင်ဘဲ သွန်ထု
လိုက်ရာ မြို့စားလေး ဗညားအိမ်မှာ ထိတ်လန့် တုန်လှုပ်သွားပြန်သည်။

'ဘုရား .... ဘုရား၊ ဒုက္ခ .... ဒုက္ခ။ ကျွန်တော့်ရဲ့ မိုက်မဲမှုကြော
ငါးပါးတော့ မှောက်ကုန်တော့မယ် ထင်တယ်။ ကျွန်တော့်လောက် မိုက်မဲတဲ့
ရှိနိုင်ပါဦးမလား။ ကျွန်တော့်ရဲ့ မိုက်မဲမှုတွေကို သိမြင်လာတဲ့အခါ ကျွန်တော
အပေါ်မှာ အကြည်တော် စက်ဆုပ်ရွံရှာ မသွားဘူးလား။ ကျွန်တော်ဟာ မလုပ်သ
တာတွေကို လုပ်ခဲ့မိပေမယ့် ဘုရင်မကြီး အပေါ်မှာတော့ အသက်ပေး
ကျေးဇူးသစ္စာ စောင့်သိတယ် ဆိုတာတော့ အကြည်တော် ယုံကြည်စိတ်ချစေ
တယ်။ ကျွန်တော့်ရဲ့ မိုက်မဲတဲ့ အပြုအမူတွေကြောင့် ကျွန်တော့်အပေါ်
အကြည်တော် စက်ဆုပ်ရွံရှာသွားပေမယ့် နိုင်ငံတော်နဲ့ ဘုရင်မကြီး အပေါ်
တော့ ကျွန်တော် ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ဘူးဆိုတာ ယုံကြ
စိတ်ချပြီး ကျွန်တော့်ကို တစ်ယောက်တည်း စွန့်ပစ်မထားခဲ့ဖို့ တောင်းပန်
တယ်'

ဗညားအိမ်က တုန်ယင်သည့် အသံဖြင့် သီရိဗြတ်ကမ္ဘန်အား တောင်း
လိုက်ရာ သီရိဗြတ်ကမ္ဘန်မှာ ဗညားအိမ်အပေါ်တွင် ကရုဏာသက်၍ လာပေသည်

မြို့စားလေး ကျူးလွန်ခဲ့တဲ့ အပြစ်ကတော့ဖြင့် ခွင့်မလွှတ်နိုင်လော
အောင် ကြီးလေးတဲ့အပြစ်ပဲ။ ဒါပေမဲ့ အသက်အရွယ် နုနုနယ်နယ်နဲ့ တန်
အရှိန်အဝါနဲ့ သြဇာကိတ္တိမ ကြီးမားလှတဲ့ မြို့စားရာထူးကို ဆက်ခံခဲ့ရ
ငယ်ရွယ်သူတို့ဘာဝ အတွေ့အကြုံ နည်းသေးတဲ့အတွက် မလုပ်သင့်တာ
လုပ်ခဲ့မိခြင်း ဖြစ်ပါတယ်။ ခုအချိန်ကစပြီး မြို့စားလေးဟာ အသက်အရွ





ခြင့် နုနယ်သူဖြစ်ပေမယ့် ကြီးလေးတဲ့တာဝန်ကို ထမ်းရွက်ကာ နေရသူ
တဲ့အတွက် ကလေးစိတ် ပျောက်ပြီး ဖခမည်းတော် မြို့စားကြီးရဲ့ ခြေရာကို
နိုင်တဲ့ သားကောင်းရတနာဖြစ်အောင် ကြိုးစားသွားဖို့သာ ရှိပါတယ်၊ အဲဒီလို
စားသွားပါမယ်လို့ အကြည်တော်ဆီက စကားတစ်ခွန်းသာ ရပါစေ၊
ကြည်တော်ကို အဆွေခင်ပွန်းကောင်းအဖြစ် လိုအပ်တဲ့ အကူအညီ ပေးသွား
မယ်၊ အကြည်တော်ကို ဘယ်တော့မှ စွန့်ပစ်မသွားပါဘူး'

သီရိဗြတ်ကမ္ဘန်က အာမခံချက် ပေးလိုက်ရာ၊ ဗညားအိမ်မှာ စိတ်
လျှော့နေရာမှ စိတ်အားတက်ကြွလာပေသည်။ ဝမ်းသာလုံးဆို့ပြီး မျက်ရည်
ဝဲလာပေသည်။

'အကြည်တော်ရဲ့ လိုအင်ဆန္ဒအတိုင်း ယခုအချိန်က စပြီး ကျွန်တော့်
ကြာ်သိက္ခာကို ထိန်းသိမ်းကာ ဖခမည်းတော် နတ်ရွာစံမြို့စားကြီးရဲ့ ခြေရာ
နင်းနိုင်မယ့် သားကောင်းရတနာ အခေါ်ခံနိုင်အောင် အစွမ်းရှိသမျှ ကြိုးစား
မယ် ဆိုတာ ကတိသစ္စာ ဆိုပါတယ်။ အကြည်တော် အပေါ်မှာလည်း အဆွေ
ခင်ပွန်းကောင်းအဖြစ် ဆည်းကပ်ပြီး ကျွန်တော့်ကိုယ်ကိုလည်း အကြည်တော်
ယုံနိုင်တဲ့ အဆွေခင်ပွန်းကောင်းတစ်ယောက် ဖြစ်လာအောင် ကြိုးစားသွား
မယ်'

'ဒီစကား ကြားရတာ သိပ်ဝမ်းသာတယ်။ ခုလို ပွင့်ပွင့်လင်းလင်း
ပြောလိုက်ရလို့ ဘဝင်လည်း ကျသွားတယ်။ ဒါတွေကို အသာထားပြီး ဘုရင်မကြီး
ကြံဖို့ ကြံစည်နေကြတဲ့ သစ္စာဖောက်တွေကို ဖော်ထုတ်တွန်းလှန်မို့ ကိစ္စကို
ချက်ချင်း ဆွေးနွေးပြီး လုပ်သင့်တာကို ချက်ချင်း လုပ်ကြမှ ဖြစ်လိမ့်မယ်။
ဦးစွာ ဟောဒီ စာလွှာကိစ္စကို ဆွေးနွေးကြမယ်'

သီရိဗြတ်ကမ္ဘန်က စကားစလိုက်သည်။

'ဒီစာလွှာကို မီးရှို့ဖျက်ဆီးပစ်လိုက်ရရင် မကောင်းဘူးလား'

ဗညားအိမ်က ၎င်း၏ သဘောထားကို တင်ပြလိုက်သည်။

'မီးရှို့ဖျက်ဆီးပစ်ဖို့ မလိုပါဘူး။ ဒီစာလွှာကို လက်နက်သဖွယ် အသုံး
ပြီး သစ္စာဖောက်တွေကို ရှင်းလင်း သုတ်သင်ပစ်ရမယ်'

'သစ္စာဖောက်တွေကို ရှင်းလင်းသုတ်သင်ပစ်ဖို့အတွက် ဆိုရင်တော့
ကျွန်တော် ရှေ့တန်းက အသေခံပြီး တိုက်ပွဲဝင်ဖို့ အသင့်ပဲ။ ဒါပေမဲ့ ဒီစာလွှာကို
ဘယ်လိုလုပ်ပြီး လက်နက်သဖွယ် အသုံးပြုမှာလဲ'

'ဒါက လွယ်ပါတယ်၊ အကြည်တော် လုပ်ရမယ့်အလုပ်က အကြည်
တော်နဲ့ နောင်တော်ဝမ်းကွဲ မင်းသိင်္ခတ်နဲ့ တပ်မှူးဟောင်းမင်းရွှေခဲ အမည်ခံ



www.burmeseclassic.com

www.burmeseclassic.com



မင်းမနုဆီကို စာလွှာတစ်စောင်စီ အမြန်ဆုံး ရေးသားပြီး ဒီနေ့ည အကြည်တော် ရဲ့ အိမ်တော်မှာ ညစာထမင်း သုံးဆောင်ကြဖို့ ဖိတ်ခေါ်ပါ။ ညစာ ထမင်းစား ပွဲမှာ မင်းသိဒ္ဓတ်နဲ့ မင်းရွှေခဲကို ဒီစာ လွှာထုတ်ပြပါ။ ပြီးတော့ ဒီစာလွှာမှာ စွပ်စွဲထားသလို ဘယ်စာရွက်စာတမ်းကိုမှ အကြည်တော် လက်မှတ်မရေးထိုး မိကြောင်း တည့်တည့်လင်းလင်း ငြင်းဆိုပါ။ တကယ်လို့ မင်းရွှေခဲက သမိန် စက္ကဝေါရဲ့ အိမ်မှာ အကြည်တော် လက်မှတ်ရေးထိုးခဲ့တာကို သူမြင်ရကြောင်း ပြန်ပြောရင် အဲဒီစာတမ်းကို မျက်ဝါးထင်ထင် မြင်ရမှ အကြည်တော် ဝန်ခံနိုင် မယ်၊ ဒါမှမဟုတ်ရင် အကြည်တော်ကို မတော်မတရား စွပ်စွဲတဲ့အတွက် အကြည်တော်ဟာ ဘုရင်မကြီးအပေါ်မှာ အသက်နဲ့လဲပြီး သစ္စာစောင့်သိကြောင်း လက်တွေ့ပြသတဲ့ အနေနဲ့ အကြည်တော်ရဲ့ ခေါင်းအုံးပေါ်က ရတဲ့ စာလွှာကို ဘုရင်မကြီးရဲ့ ရွှေလက်တော်သို့ အကြည်တော်ကိုယ်တိုင် သွားရောက်ဆက်သပြီး အကျိုးအကြောင်း စုံလင်စွာ လျှောက်ထား သံတော်ဦးတင်ရလိမ့်မယ်လို့ တင်းတင်းမာမာ ပြန်ပြောပါ။ အဲဒီလို သူတို့ရဲ့စာနဲ့ သူတို့ကို ပြန်ပြီး ခြိမ်းခြောက် လိုက်ရင် အကြည်တော်ကို နှုတ်ပိတ်တဲ့ အနေနဲ့ အကြည်တော် လက်မှတ် ရေးထိုးခဲ့တဲ့ စာတမ်းကို ထုတ်ဖြလိမ့်မယ်။ အဲဒီစာတမ်းကို ထုတ်ပြတာနဲ့ တစ်ပြိုင်နက် စာတမ်းကို ဘယ်သူ သိမ်းဆည်းထားသလဲ ဆိုတာ စုံစမ်းပြီး တစ်နည်းနည်းနဲ့ အဲဒီစာတမ်းကို ဖျက်ဆီးပစ်ရမယ်'

သီရိဗြတ်ကမ္ဗန်က အကြံပေးလိုက်သည်။

အမှန်အားဖြင့် ဆိုလျှင် ဗညားအိမ်၏ ခေါင်းအုံးပေါ်တွင် တွေ့ ခဲ့ရသော စာလွှာမှာ ဗညားအိမ်မွေးနေ့ ညည့်ခံပွဲကျင်းပနေချိန်တွင် မင်းသိဒ္ဓတ် ၏ တာဝန်ပေးချက်အရ ဗညားအိမ်၏ စာရေးတော်ကြီး အဲမွန် တိတ်တဆိတ် ထားရှိခဲ့သည့်စာလွှာ ဖြစ်ရမည်ဟု သီရိဗြတ်ကမ္ဗန်က တပ်အပ်သေချာစွာ သိပေသည်။

မြို့စားလေး ဗညားအိမ်၏ မွေးနေ့ညည့်ခံပွဲ ကျင်းပနေချိန်တွင် သီရိဗြတ် ကမ္ဗန်သည် မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့၏ အမူအရာကို သတိထားယူန မကင်း သဖြင့် ညည့်ခံပွဲမှ တစ်ယောက်တည်း ထွက်လာကာ မင်းရွှေခဲနှင့် မင်းသိဒ္ဓတ် နှစ်ဦးချင်း တွေ့ဆုံဆွေးနွေးရန် ချိန်းဆိုထားသည့် ဥယျာဉ်တော်အတွင်းရှိ သစ် ပင်ခွကြားပေါ်တွင် ပုန်းအောင်းနေခဲ့ရာမှ မင်းသိဒ္ဓတ်နှင့် အဲမွန်တို့ ရောက်ရှိ အလာ မင်းသိဒ္ဓတ်က အဲမွန်အား "ဟို ဟို ပေဖူးလွှာကို သူ့ရဲ့ခေါင်းအုံးပေါ်မှာ သူမြင်နိုင်အောင် တင်ထားဖို့ မမေ့နဲ့" စသည်ဖြင့် တစ်ကြိမ်မက သတိပေး စကား ပြောကြားခဲ့သည်ကို သီရိဗြတ်ကမ္ဗန် နားနှင့် ဆတ်ဆတ် ကြားခဲ့ရပေသည်။





ထိုနေ့က မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့ ဆွေးနွေးခဲ့ကြသည့် စကားများ အရ ၎င်းတို့နှစ်ဦးမှာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဖြစ်သည်မှာ ထင်ရှား နေသသည်။ တစ်ဖန် သမိန်စက္ကဝေါ၏ အိမ်တွင် စာတမ်းကို ဗညားအိမ် လက်မှတ်ရေးထိုးခဲ့စဉ်က မင်းရွှေခဲ ရှိနေသည်ကို ဗညားအိမ် ပြောပြချက်အရ သိရသဖြင့် မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့အား ညစာထမင်း ခေါ်ကျွေးပြီး စာလွှာ ဖြင့် ပရိယာယ်ညွှတ်ကွင်းထောင်ရန် သီရိဗြတ်ကမ္ဗန်က အကြံပေးခဲ့ခြင်း ဖြစ် ပေသည်။

သီရိဗြတ်ကမ္ဗန်၏ အကြံပေးချက်ကို စိတ်ဝင်စားစွာ နားထောင်နေရာ မြို့စားလေး ဗညားအိမ်၏ ဦးနှောက်ထဲသို့ လင်းရောင်ခြည်တစ်ခု ဝင်လာ သဖြင့် ၎င်း၏မျက်နှာမှာ သိသိသာသာ ကြည်လင်လာပေသည်။ ၎င်း၏ မျက်လုံး များမှာလည်း အရောင်တလက်လက် ထွက်နေသလို ဝင်းလက် တောက်ပြောင် လာပေသည်။

'အကြည်တော်ရဲ့ အကြံပေးချက် သိပ်ကောင်းတယ်။ ကျွန်တော် ငြင်းချက်မရှိ လက်ခံတယ်။ ခုချက်ချင်း စံအိမ်တော်ကို ပြန်ပြီး အကြည်တော် အကြံပေးတဲ့အတိုင်း စာလွှာနှစ်စောင် ရေးပြီး မင်းသိဒ္ဓတ်နဲ့ မင်းရွှေခဲတို့ဆီကို အမြန်ချင်းပို့ခိုင်းမယ်'

ဗညားအိမ် ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး လက်သီးလက်မောင်း တန်း၍ ကျူးရင့်လိုက်သည်။ ပြီးမှတစ်ဖန် မျက်မှောင်ကြုတ်ပြီး တစ်စုံတစ်ရာ စဉ်းစားနေပြန်သည်။

'နောင်တော် မင်းသိဒ္ဓတ်ကို ဖိတ်ခေါ်ဖို့ လိုသေးလား။ ဒီကိစ္စမှာ နောင်တော် မင်းသိဒ္ဓတ် ပါဝင်လိမ့်မယ် မထင်ဘူး။ နောင်တော့် မင်းသိဒ္ဓတ်က အေးပါးအေး နေရရင် ရောင့်ရဲတင်းတိမ်တဲ့လူပါ'

ဗညားအိမ်က သီရိဗြတ်ကမ္ဗန်အား ပြန်မေးလိုက်သည်။

သီရိဗြတ်ကမ္ဗန်မှာ ဗညားအိမ်၏ မွေးနေ့ညည့်ခံပွဲ ကျင်းပနေချိန်တွင် မင်းသိဒ္ဓတ်နှင့် ဗညားအိမ်၏ စာရေးတော်ကြီး အဲမွန်တို့ တိတ်တဆိတ် ဆွေး နွေးတိုင်ပင်ခဲ့ကြသည့် စကားများကိုလည်းကောင်း၊ မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့ တွေ့ဆုံလက်၍ ဆွေးနွေးတိုင်ပင်ခဲ့ကြသည့် စကားများကိုလည်းကောင်း သစ်ပင် ကြားဆါမှချောင်းမြောင်း နားထောင်ခဲ့သဖြင့် တစ်ခွန်းမကျန် ကြားသိခဲ့ရသော် လည်း မိမိ သိရသမျှ ဖွင့်ပြောရန် အချိန်မကျရောက်သေးဟု ယူဆသဖြင့် တစ်ခုခု မှ ပြန်မပြောသေးဘဲ မေးစေ့ကို ပွတ်ပြီး ခေတ္တမျှ စဉ်းစားနေပေသည်။

'မင်းသိဒ္ဓတ်ကို ဖိတ်ခေါ်တာတော့ မမှားဘူး ထင်ပါတယ်။ မင်းသိဒ္ဓတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ခင်းရွှေခဲဟာ သွားအတူ လာအတူ စားအတူ အိပ်အတူဆိုသလို တစ်ဦးပေါ်
တစ်ဦး အင်မတန် ခင်မင်ရင်းနှီးသူတွေ ဖြစ်တဲ့အတွက် မင်းရွှေခဲကို ဖိတ်
ရင် မင်းသိဒ္ဓတ်ကိုပါ ဖိတ်ခေါ်မှ ပိုပြီး ကောင်းပါလိမ့်မည်။ မင်းသိဒ္ဓတ်ကို
ဖိတ်ခေါ်ဖြစ်အောင် ဖိတ်ခေါ်စေလိုပါတယ်'

သီရိဗြတ်ကမွန်က လိမ္မာပါးနပ်စွာ အကြံပေးလိုက်သည်။

ထိုအခိုက်တွင် သီရိဗြတ်ကမွန်နှင့် ဗညားအိမ်တို့ရှိရာသို့ မိုးအုံးနော
လာနေသည်ကို မြင်ရသဖြင့် စကားပြတ်သွားပေသည်။

'ညီတော် ဗညားအိမ်၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ရှိပါ
လား။ ဒေါ်အိုဇာကို အကာအကွယ်ပေးခဲ့တဲ့ သူရဲကောင်းကြီးကော ဒဏ်ရာ
ပျောက်ကင်းကုန်ပြီလား။ နှင်းကေသရာဆီက ကြားသိခဲ့ရတဲ့ သတင်းအ
ဆိုရင် စစ်သည်တော်ကြီး အတော်ကို အတင့်ရဲတာပဲ။ ရွာသူရွာသားတွေ
လက်ချက်နဲ့ ကံကောင်းလို့ မသေတာဆို။ ဟုတ်လား'

မိုးအုံးနောင်သည် ဗညားအိမ်ကို နှုတ်ဆက်ရင်း သီရိဗြတ်ကမွန်ဘ
သို့ လှည့်၍ ပေးလိုက်သည်။

မိုးအုံးနောင်မှာ အစ်မတော် နှင်းကေသရာနှင့် ထိမ်းမြားလက်ထပ်
နှစ်ဖက်သော လူကြီးမိဘများ၏ ဝမ်းတွင်း ကတိထားခြင်း ခံရသူဖြစ်၍ ဗညား
အား မိုးအုံးနောင်က ညီတော်ဟု ခေါ်လေ့ရှိပြီး၊ ဗညားအိမ်ကလည်း နောင်တော
ဟု ခေါ်လေ့ရှိပေသည်။

'နေသာထိုင်သာ ရှိသွားပါပြီ။ အကြည်တော်ကော အတော်စွံနေ
လား။ အကြည်တော် ဆက်သတဲ့ ကဗျာလင်္ကာတွေကို နှင်းကေသရာ သခင်
နှစ်သက်တော်မူပါရဲ့လား'

သီရိဗြတ်ကမွန်က ပြန်မေးလိုက်ရာ မိုးအုံးနောင်မှာ ရှက်သွေးဖြ
သွားပြီး မျက်နှာတစ်ခုလုံး နီရဲသွားပေသည်။

'ကဲ အကြည်တော်နဲ့ နောင်တော် မိုးအုံးနောင်တို့ စကားပြောနေ
ခဲ့ကြပေတော့။ ကျွန်တော် စာလွှာတွေ ရေးလိုက်ဦးမယ်'

ဗညားအိမ်သည် စံအိမ်တော်သို့ ပြန်ရန် ခြေလှမ်းပြင်လိုက်သည်

'ညီတော်က ဘာစာလွှာတွေ ရေးမှာလဲ။ ချစ်သူထံ သဝဏ်လွှာ ပါး
လား'

မိုးအုံးနောင်က အရှက်ပြေ ပြန်မေးလိုက်ရာ ဗညားအိမ်က ခေါ
ယမ်းပြလိုက်သည်။

'ကျွန်တော့်မှာ ချစ်သူ မရှိပါဘူး။ ချစ်သူလည်း မရှာချင်ဘူး။ ကျွန်တော





...းရာထူးကို ဆက်ခံတဲ့ အချိန်ကစပြီး မြို့စားကတော် ဖြစ်ချင်လွန်းလို့
...ာ အောင်သွယ်တွေနဲ့ စေ့စပ်ကြောင်းလမ်းတဲ့ အမျိုးသမီးတွေ အများကြီး
...တယ်။ ဒါပေမဲ့ ကျွန်တော် မျက်စိကျတာ တစ်ယောက်မှ မရှိသေးဘူး၊
...းကတော် ဖြစ်ချင်လို့ စေ့စပ်ကြောင်းလမ်းတာကိုလည်း ကျွန်တော် သဘောမခံ
...ဘူး။ ကျွန်တော်သာ မြို့စားမဟုတ်ပဲ အညတရ ဆင်းရဲသားဆိုရင် အဲဒီ
...သမီးတွေ ကျွန်တော့်ကို အဖက်လုပ်မှာတောင် မဟုတ်ဘူး။ အခုဆိုင်း
...ရမယ်ဆိုရင် ကျွန်တော့်ကို ချစ်တာ မဟုတ်ဘူး၊ ကျွန်တော့်ရဲ့ ရာထူးကို
...တာပါ။ လူကို မချစ်ဘဲ ရာထူးကိုချစ်တဲ့ မိန်းမကို ကျွန်တော် စိတ်ထဲ
...င် မထည့်ဘူး'

ဗညားအိမ်က မဲ့ကာရွဲ့ကာနှင့် ပြန်ပြောလိုက်သည်။

'ချစ်သူ မတွေ့သေးလို့ ဒီစကား ပြောနေတာပါ'

မိုးအုံးနောင်က ပြန်လည် ချေပလိုက်သည်။

'ဒီစကား သိပ်မှန်တယ်။ ကျွန်တော့်မှာ ချစ်သူမရှိဘူး။ တွေ့လည်း
...တွေ့ချင်ဘူး။ တွေ့လို့ရှိရင်လည်း ရာထူးကို မချစ်ဘဲ လူကို ချစ်တဲ့သူနဲ့ တွေ့ပါ
...လို့ ဆုတောင်းတယ်'

ဗညားအိမ်က ပြန်ပြောလိုက်ပြီး မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့ထံ ဖိတ်
...များ ရေးရန် စံအိမ်တော်သို့ ထွက်ခွာသွားပေသည်။

'ဗညားအိမ် ပြောတဲ့စကားဟာ အတော်ကို မှန်တယ်။ ဗညားအိမ်ရဲ့
...းနေ့ညှော်ခံပွဲမှာ မြို့စားကတော် ဖြစ်ချင်လွန်းလို့ အလှအပ ပြင်ဆင်ပြီး
...ကြတဲ့ အမျိုးသမီးတွေကို ဗိုလ်မင်း သတိပြုမိတယ် မဟုတ်လား။ မြို့စား
...တော် ဖြစ်ချင်တဲ့ အမျိုးသမီးတွေထက် မြို့စားယောက္ခမ ဖြစ်ချင်တဲ့ အမျိုး
...မီးကြီးတွေက ပိုပြီး အရှက်အကြောက် နည်းသေးတယ်။ သူတို့ကိုယ်စား
...ျွန်တော်ဖြင့် မျက်နှာတောင် မထားတတ်ဘူး'

မိုးအုံးနောင်သည် ဗညားအိမ်အား မျက်စိတစ်ဆုံးကြည့်ရင်း မှတ်ချက်
...လိုက်သည်။

'ဒါထက် မြို့စားလေးနဲ့ လက်ထပ်ဖို့ စေ့စပ်ကြောင်းလမ်းထားတဲ့
အမျိုးသမီးရှိတယ် မဟုတ်လား'

'ဗိုလ်မင်းပြောတာ မှန်ပါတယ်။ နှင်းကေသရာနဲ့ ကျွန်တော်တို့ လက်
...ပ်ထိမ်းမြားဖို့ နှစ်ဖက်သော လူကြီးမိဘချင်း စေ့စပ်ထားခဲ့ကြသလို ဗညားအိမ်
...ိုလည်း နှင်းကေရီနဲ့ ထိမ်းမြားလက်ထပ်ဖို့ လူကြီးချင်း စေ့စပ်ထားပါ...
...ါကို အသာထားပြီး စောစောက စကားကို ပြန်ဆက်ကြရအောင်'



www.burmeseclassic.com

www.burmeseclassic.com



မိုးအုံးနှောင်သည် ပြောပြောဆိုဆို သီရိဗြတ်ကမွန်၏ အနီးတွ
ဝင်ထိုင်လိုက်သည်။

'ဗိုလ်မင်း ရေးစပ်သီကုံးပေးလိုက်တဲ့ ကဗျာ လင်္ကာတွေကို ကျွန်တေ
ဖတ်ပြတဲ့အခါ နှင်းကေသရာ အတော်ကို သဘောကျ နှစ်သက်တော်မူတယ်
ကျွန်တော့်ပေါ်မှာလည်း ခါတိုင်းထက်ပိုပြီး အရေးပေးလာတယ်။ ကျွန်တေ
အပေါ်မှာ သိသိသာသာကြီး သဘောထား ပြောင်းလဲလာပုံ ရတယ်။ ကျွန်တော်ဖြ
အံ့သြလို့ မဆုံးဘူး'

မိုးအုံးနှောင်သည် သီရိဗြတ်ကမွန်၏ အနီးသို့ တိုးလာပြီး နှစ်ကို
ကြား ပြောလိုက်သည်။

'ဒီလိုဆိုရင် အတော်နီးစပ်လာပြီ ဆိုပါတော့။ ရှေ့ဆက်ပြီး ကြိုးစားရ
အကြံအစည် အောင်မြင်ဖို့ပဲ ရှိတော့တယ်'

'ကျွန်တော်လည်း ဒီလိုပဲ ထင်တယ်။ ဒါပေမဲ့ တစ်ခါတစ်ခါတော
ကျွန်တော့်စိတ်ထဲမှာ သံသယဝင်လာတယ်။ ဗိုလ်မင်း သီကုံးဖွဲ့နွဲ့ပေးလိုက်
ကဗျာလင်္ကာတွေကို ဗိုလ်မင်း သွန်သင်လိုက်တဲ့အတိုင်း အသံနေအသံထား
ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ပြလိုက်တဲ့အခါ နှင်းကေသရာဟာ ကျွန်တော့်
အံ့သြတဲ့ အမူအရာနဲ့ ပြန်ကြည့်တယ်။ ကျွန်တော့်အပေါ်မှာ အထင်သေးခဲ့
တာကိုလည်း ခွင့်လွှတ်ဖို့ တောင်းပန်တယ်။ ကျွန်တော် ဒါလောက် စာစီစာကုံ
အဖွဲ့အနွဲ့ တော်လိမ့်မယ် မထင်ဘူးလို့လည်း ပြောတယ်။ ပြီးတော့ ကျွန်တေ
ရွတ်ဖတ်ပြတဲ့ ကဗျာလင်္ကာတွေကို တစ်ပိုဒ်စီ အဓိပ္ပာယ် ပြန်ခိုင်းတယ်။ စကား
လုံး ရွေးချယ်ပုံနဲ့ ပတ်သက်ပြီးတော့လည်း ဒီနေရာမှာ တခြားစကားလုံး သုံးလို့
မရဘူးလား ဆိုပြီး စောဒက တက်သေးတယ်။ အဲဒီလို စောဒကတက်တဲ့အခ
ကျွန်တော့်ဖြင့် ဘယ်လိုအဖြေပေးရမှန်း မသိအောင် ဦးနှောက်ခြောက်သွားတာ
ပဲ။ ဗိုလ်မင်း ရေးစပ်သီကုံးပေးတဲ့ ကဗျာလင်္ကာတွေကို ကျွန်တော် ရေးစပ်သီကုံး
တာပါ ဆိုပြီး အသံနေ အသံထားနဲ့ ရွတ်ပြရတာကိုလည်း လိပ်ပြာမသန့်ဘူး'

မိုးအုံးနှောင်က ပြန်ပြောလိုက်သည်။

'လိပ်ပြာမသန့် ဖြစ်မနေပါနဲ့။ ဒီအတိုင်း ကြည့်နေရင် နှင်းကေသရာ
သခင်မဟာ မသူတော်တွေရဲ့ လက်ထဲကို ပါသွားမှာစိုးလို့ ခုလို ကြံစည်ရတာ
မဟုတ်လား။ သစ္စာဖောက်တွေရဲ့ လက်ထဲကို ပါသွားရင် မခက်ပါလား။ မုသား
မပါ လင်္ကာမချော ဆိုတဲ့ စကားရှိတယ် မဟုတ်လား။ လင်္ကာ ချောအောင်
မုသားသုံးသင့် သုံးရတယ်။ လင်္ကာချောအောင် မုသားသုံးတာဟာ ဒေါသ မသင့်
ပါဘူး'





သီရိဗြတ်ကမွန်က ရှင်းပြလိုက်သည်။

'ဗိုလ်မင်း ပြောတာ မှန်တယ်။ စစ်တောင်း မြို့စားကြီးရဲ့ သားတော်
ကုမ္မာရဲ့ လက်ထဲပါသွားရင် ငါးပါးမှောက်မှာပဲ။ ခုလည်းပဲ နှင်းကေသရာကို
အကွယ်ယူပြီး နိုင်ငံတော် ပြိုကွဲအောင် လုပ်နေကြတယ်။ ဒါကြောင့်
မင်းရဲ့ အကြံပေးချက်ကို ကျွန်တော်လက်ခံပြီး ကျွန်တော်နဲ့ 
အောင် တိဿကုမ္မာလို သစ္စာဖောက်တွေ လက်ထဲ ပါမသွားရင်
မျက်နှာပြောင်တိုက်နေတာပါ။ ဒါပေမဲ့ အလိမ်ပေါ်သွားရင် ကျွန်တော့်
မှာ စိတ်နာပြီး တိဿကုမ္မာဘက် ယိမ်းယိုင်သွားရင် ဒုက္ခပဲ။ ပြီးတော့
တော် ဆက်သတဲ့ ကဗျာလင်္ကာတွေကို ဗိုလ်မင်းရေးပေးမှန်း နှင်းကေသရာ
သွားရင် ဗိုလ်မင်းအပေါ်မှာပါ နှင်းကေသရာ အထင်တော် လွဲသွားမှာ စိုးရ
'

'ဒါကတော့ အကြည်တော် အပေါ်မှာ တည်နေပါတယ်။ အကြည်တော်
နှုတ်လုံရင် အလိမ်မပေါ်နိုင်ပါဘူး'

'ကျွန်တော် နှုတ်မလုံမှာတော့ မစိုးရိမ်ပါနဲ့။ ဒါပေမဲ့ နှင်းကေသရာ
ခြားမိန်းကလေးနဲ့ မတူဘူး။ သိပ်အကင်းပါးတယ်။ ကျွန်တော်ဆက်သတဲ့
လင်္ကာတွေကို သူ နှစ်သက် သဘောကျတာတော့ အမှန်ပဲ။ ဒါပေမဲ့
တော်ကိုယ်တိုင် ရေးစပ်သီကုံးတယ် ဆိုတာ သံသယဖြစ်နေပုံ ရတယ်'

'စစ်မရောက်ခင် မြားကုန်မနေစမ်းပါနဲ့၊ အကြည်တော် ဆက်သတဲ့
လင်္ကာတွေကို နှင်းကေသရာသခင်မ သဘောကျ နှစ်သက်တော်မူမယ်
ရှေ့တစ်လှမ်းတိုးပြီး ချစ်ရေးဆိုဖို့ပဲ ရှိတယ်။ ချစ်ရေးဆိုဖို့ အောင်မြင်ရင်
တွေဘဲ ထိမ်းမြားလက်ထပ်လိုက်ရင် ကိစ္စတစ်ခု ပြီးသွားရော မဟုတ်လား'

'ဒါကို ကျွန်တော် သိပါတယ်။ ဒါပေမဲ့ နှင်းကေသရာရဲ့ မေတ္တာ
မှုကို လွယ်လွယ်နဲ့ ရနိုင်လိမ့်မယ် မထင်ဘူး။ နှင်းကေသရာရဲ့ မေတ္တာ
မှုကိုသာ ရမယ်ဆိုရင် ကျွန်တော့်အသက်နဲ့ လဲပြီး စွန့်စားဝံ့ပါတယ်'

မိုးအုံးနှောင်က စိတ်ထဲတွင်ရှိသမျှ ဖွင့်ပြောလိုက်ရာ သီရိဗြတ်ကမွန်
သည့်အတွက်ကြောင့် မသိ၊ ရင်ထဲတွင် အောင့်သက်သက် ဖြစ်သွားကာ
ပျက်သွားပေသည်။ ဟင်းခနဲလည်း သက်ပြင်းချလိုက်မိသေးသည်။

'အလို ဟင် ဗိုလ်မင်း၊ ဘယ်လို ဖြစ်သွားတာလဲ။ ဒဏ်ရာတွေ
ကောင်းမကျက်သေးဘူး ထင်တယ်၊ ဟုတ်လား'

မိုးအုံးနှောင်မှာ သီရိဗြတ်ကမွန် မျက်နှာပျက်သွားသည်ကို မြင်ရသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဒဏ်ရာများကြောင့် နာကျင်ကိုက်ခဲပြီး မျက်နှာပျက်သွားခြင်း ဖြစ်သည် မှတ်ထင်ကာ မေးလိုက်ခြင်း ဖြစ်ပေသည်။

'ဒဏ်ရာတွေတော့ ပျောက်ကုန်ပါပြီ။ ဒါပေမဲ့ ရိုက်နှက်ထားသ တစ်ကိုယ်လုံး ဖိန်းရှိန်းနေသေးတယ်'

သီရိဖြတ်ကမွန်က ချော့လဲ ရောထိုင်လိုက်သည်။

ပြီးမှတစ်ဖန် သီရိဖြတ်ကမွန်သည် စောစောက ရေးစပ်သီကုံးထားသ ကဗျာလင်္ကာများကို ခါးပိုက်ထဲမှ ထုတ်ယူလိုက်သည်။

'အကြည်တော် ရောက်လာတာနဲ့ အဆင်သင့်ပဲ၊ အကြည်တော်အတွ ရေးစပ်ထားတဲ့ ကဗျာလင်္ကာတွေကို ယူသွားပေတော့။ အိမ်ကိုပြန်ရောက် ဒီကဗျာလင်္ကာတွေကို အကြည်တော်ရဲ့ လက်ရေးနဲ့ ပြန်ကူးပြီး နှုတ်တိုက်ရအော ကျက်ထားဦး'

သီရိဖြတ်ကမွန်သည် မိမိ ရေးစပ်သီကုံးထားသည့် ကဗျာလင်္ကာ ကို မိုးအုံးနောင်၏ လက်သို့ ပေးအပ်လိုက်ရာ မိုးအုံးနောင်သည် ဝမ်းသာအ လက်ခံပြီး သီရိဖြတ်ကမွန်ကို ကျေးဇူးတင်စကား ပြောကြားကာ ကဗျာလ များကို မိမိ၏ လက်ရေးဖြင့် ပြန်ကူးရန် နေအိမ်သို့ ပြန်သွားပေသည်။

သီရိဖြတ်ကမွန်မှာမူ မိုးအုံးနောင်အား မျက်စိတစ်ဆုံး ကြည့် ကျန်ရစ်ခဲ့ရာမှ သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်မိသတည်း။

## အခန်း ၁၅

မင်းစည်သူသည် မိုးအုံးများကို အားပြု၍ ညောင်စောင်းပေါ်တွင် ထိုင် လေသာပြတင်းမှတစ်ဆင့် တောင်ယာပဲခင်းများကို ရှုမျှော်နေစဉ် သီရိဖြတ်က လာနေသည်ကို မြင်ရသဖြင့် ရွှင်လန်းအားရ ဖြစ်သွားပေသည်။

မင်းစည်သူမှာ အနည်းငယ် ပိန်ချုံးသွားပြီး အသားအရေ ဖြ ဖြူရော် ဖြစ်နေသော်လည်း ၎င်း၏ မျက်လုံးများမှာ ကြည်လင်တောက်ပ ရှိပေသည်။ သီရိဖြတ်ကမွန်၏ ပြုံးရွှင်သည့် အမူအရာကို မြင်ရသော မင်းစည်သူမှာ မိမိခံစားနေရသည့် ဝေဒနာကိုပင် သတိမရတော့ဘဲ ဝမ်း အားရ ဆီးကြိုနှုတ်ဆက်လိုက်ပြီး သီရိဖြတ်ကမွန်၏ လက်ကို ဆုပ်ကိုင် ပေသည်။

'နောင်ကြီးကို မြင်လိုက်ရတာနဲ့တစ်ပြိုင်နက် ကျွန်တော်ဖြင့် အ





င်း တအားတက်သွားတာပဲ။ နောင်ကြီးနဲ့တစ်သက်လုံး ခွဲမခွာဘဲ နေ နိုင်ရင်သိပ်ကောင်းမှာပဲ'

မင်းစည်သူက စိတ်ထဲရှိသမျှ ဖွင့်ဟလိုက်သည်။

'ဘာဖြစ်လို့ မနေနိုင်ရမှာလဲ။ မင်းမသေမချင်း ငါမသေချင်း အတူ လက်တွဲပြီး နိုင်ငံတော်ရဲ့ တာဝန်ကို မမှိတ်မသုန် ထမ်းရွက်သွားကြမို့ ဆိုထားကြတယ် မဟုတ်လား'

'မှန်ပါတယ်၊ နောင်ကြီးရဲ့ စိတ်နေသဘောထားနဲ့ စွမ်းရည်သတ္တိကို သော်ဖြင့် ချီးကျူးလို့ မကုန်နိုင်အောင် ရှိနေပါတယ်။ နောင်ကြီးဟာ နိုင်ငံ အတွက် အသက်ပေးပြီး ရွပ်ရွပ်ချွံချွံ တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည့်အပြင် ဆင်း ရောက်နေသူရဲ့ ရှေ့က မားမားရပ်ရပ်ပြီး ရင်ကို မြေကတုတ်လုပ်ကာ အကွယ်ပေးခဲ့သူ ဖြစ်ပါတယ်။ လူတိုင်းက ဝိုင်းပယ်ထားပြီး ညှဉ်းပန်း ခြင်းခံနေရတဲ့ ဆယ့်နှစ်ကြိုးကဝေမကြီးအတွက် အသက်ပေးပြီး ကာကွယ် ကျွန်တော်ကြားသိရလို့ နောင်ကြီးရဲ့ စိတ်နေသဘောထားကို ချီးကျူး တယ်။ အဲဒီအချိန်တုန်းက နောင်ကြီးကို ကျွန်တော် အကူအညီ မပေးနိုင်ခဲ့တဲ့ လည်း ယူကျုံးမရ ဖြစ်မိပါတယ်။ ဒါထက် နောင်ကြီး ကံကောင်းလို့ တာလို့ ကြားရတယ်။ ဒီသတင်း မှန်ပါလား'

မြို့စားလေးနဲ့ မြို့စားလေးရဲ့အစ်မတော် နှင်းကေသရာတို့ အချိန်မီ လာလို့ အသက်သေဘေးက ချမ်းသာရာ ရခဲ့တာပါ'

'နောင်ကြီးလည်း အတော်ကို အတင့်ရဲတာပဲ။ အင်မတန် ပြင်းထန်တဲ့ မှာ နောင်ကြီးအောင်ပွဲခံခဲ့ရပြီး ဘာမဟုတ်တာကလေးနဲ့ အသေခံရမယ် ဘယ်လောက် ရင်နာစရာ ကောင်းသလဲ။ ကျွန်တော်ဖြင့် နောင်ကြီးရဲ့ း‌ကို ကြားရတုန်းက တစ်ညလုံး အိပ်လို့တောင် မပျော်ဘူး'

'လူမှန်ရင် မွေးတစ်နေ့ သေတစ်နေ့ပဲ ဗဟုတ်လား။ သေနေ့မစေ့ ရန်သူတွေဝိုင်းထားတဲ့ ကြားကတောင်ကြဲဖန်ပြီး လွတ်မြောက်လာသေး မဟုတ်လား။ သေရမှာကို စဉ်းစားပြီး ကြောက်နေလို့ အကြောင်းမထူး သေရမှာကို ကြောက်တဲ့လူဟာ တစ်သက်မှာ ကြိမ်ဖန်များစွာ သေရတဲ့ ဘာမှမထူးပါဘူး။ သေရမှာမကြောက်တဲ့ လူဟာ တစ်သက်မှာ တစ်ခါပဲ ယ် ဆိုတဲ့စကား ရှိတယ် မဟုတ်လား။ ပြီးတော့ ခုကိစ္စကလည်း ဒေါ် မှာ ဘုမသိ ဘမသိနဲ့ မတရားသက်သက် ညှဉ်းပန်းနှိပ်စက် ခံနေရ မင်းပြောသလို ဆယ့်နှစ်ကြိုးကဝေလည်း မဟုတ်ပါဘူး'

'ဒါထက် ဒေါ်အိုဇာ တစ်ယောက်ကော'



www.burmeseclassic.com

www.burmeseclassic.com



'နှင်းကေသရာကိုယ်တိုင် သမားတော်တွေပင့်ပြီး ကြပ်မတ်ကုသ
လို့ သက်သောင့်သက်သာ ရှိသွားပါပြီ။ နောက်နောင်ကိုလည်း ဘယ်
မညှဉ်းဆဲနိုင်အောင် နှင်းကေသရာကိုယ်တိုင် စောင့်ရှောက်သွားပါလိမ့်

'နောင်ကြီးရဲ့ စွန့်စားတဲ့သတ္တိကို ကျွန်တော်ချီးကျူးပါတယ်။ နောင်
ဟာ နိုင်ငံတော်အတွက် တစ်ကိုယ်လုံး အပ်ချစရာနေရာမရှိအောင် ဒဏ်ရာ
ရခဲ့တဲ့အထိ စစ်ပွဲအသီးသီးမှာ ပါဝင်ဆင်နွှဲခဲ့တာကို ကျွန်တော်ထက်ပိုပြီး သိ
လူ မရှိဘူး။ ခုလည်းပဲ နိုင်ငံတော်အတွက် အသက်ပေးပြီး တိုက်ပွဲဝင်နေတုန်း
နောင်ကြီးလို ကိုယ်ကျိုးစွန့်ပြီး နိုင်ငံတော်အတွက် ရှပ်ရှပ်ချွံချွံ တာဝန် ထမ်း
တဲ့လူ အင်မတန် ရှားပါတယ်။ ခုလို ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ရတဲ့အတွ
နောင်ကြီးမှာ ဘယ်လို အကျိုးတရားများ ခံစားရပါသလဲ။ အနာဂတ်အဖို့
ဘယ်လိုမျှော်မှန်းချက်များ ရှိပါသလဲ'

မင်းစည်သူသည် သိရိဇြတ်ကမ္ဘန်၏ မျက်နှာ၊ ဦးခေါင်းနှင့် တစ်ကိုယ်
ရှိ အမာရွတ်များကို ကြည့်ရင်း သိရိဇြတ်ကမ္ဘန်အတွက် ရင်ထုမနာဖြစ်
အမူအရာဖြင့် ပြန်မေးလိုက်သည်။

'ငါ့ခန္ဓာကိုယ်မှာ ကျန်ရစ်ခဲ့တဲ့ အမာရွတ်တွေဟာ ငါ့အတွက် အ
မြတ်ဆုံး ဆုလာဘ်တွေပဲ။ ဒီဆုလာဘ်ထက် မွန်မြတ်တဲ့ဆုလာဘ် မရှိတော့
နိုင်ငံတော်အတွက် အသက်ပေးပြီး တာဝန်ထမ်းရွက်ခွင့်ရတာကိုပဲ ငါကျေ
တယ်။ အဲဒီကျေနပ်မှု၊ နှစ်သိမ့်မှုဟာ ငါ လက်တွေ့ခံစားနေရတဲ့ အကျိုးတ
တွေပေါ့ကွ။ အနာဂတ် မျှော်မှန်းချက်နဲ့ ပတ်သက်ပြီး အနာဂတ်ကို
မပိုင်တဲ့အတွက် ငါ့မှာ ဘယ်လိုမျှော်မှန်းချက်မှ မရှိဘူး။ စစ်သားကောင်း
မည်သည် ရာထူးစည်းစိမ် အစရှိတဲ့ ဆုလာဘ်ကို မမျှော်မှန်းရဘူး။ တန်ခိုးအာ
အရှိန်အဝါကိုလည်း မမက်မောရဘူး။ စစ်သားကောင်းတို့အတွက် အမွန်မြတ်
ဆုလာဘ်ဟာ နိုင်ငံတော်အတွက် အသက်ပေးပြီး တာဝန်ထမ်းဆောင်ရတာ
ကျေနပ်နှစ်သိမ့်မှုပဲ ဖြစ်တယ်။ ဒါကို မင်း နားလည်သဘောပေါက်ဖို့ အ
ကြီးတယ်'

'နောင်ကြီး ပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ဒီလိုပဲ တစ်ကိုယ်
ဘဝနဲ့ တစ်သက်လုံး စခန်းသွားလို့ ဖြစ်ပါ့မလား။ ဒါကို ကျွန်တော် မေးနေတာ

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ။ ဒီအသက် ဒီအရွယ်အထိ တစ်ကိုယ်
ဘဝနဲ့ တိုင်းပြည်ရဲ့တာဝန်ကို ထမ်းရွက်လာခဲ့တာကို မင်းအသိဆုံးပဲ မဟုတ်
တခါကိုယ်တော်ဘဝနဲ့ ဆိုပေမယ့် မင်းတို့လို ရဲဘော်ရဲဘက်တွေ ရှိပါသေး
ငါတစ်ယောက်တည်း မိုက်မိုက်ကန်းကန်း အသေခံပြီး တာဝန်ထမ်းရွက်





ပါဘူး။ မင်းနဲ့ငါဆိုရင် သေအတူ ရှင်မကွာ လက်တွဲပြီး တိုင်းပြည်အတွက်
ထမ်းရွက်ဖို့ သစ္စာဆိုထားကြတယ် မဟုတ်လား'

သိရိဇြတ်ကမ္ဘန်က ပြန်ပြောလိုက်ရာ မင်းစည်သူမှ မိမိပြောလိုသည့်
ကို မည်သို့မည်ပုံ အစဖော်ရမည်ကို ကြံစည်စိတ်ကူးရင် ကျယ်ပြန့်သော
ယာပဲခင်းများကို ငေးမောပြီး ကြည့်နေမိပြန်သည်။

'ဒီမှာမင်းစည်သူ၊ ဘယ်လိုအကြောင်းကိစ္စကြောင့် ငါ ဆောင်းတူး
လာတယ်ဆိုတာ မင်းသိတယ် မဟုတ်လား'

'နောင်ကြီး ပြောပြလို့ အရိပ်အမြွက်လောက်တော့ သိရပါတယ်။
ပိုပြီး ကျွန်တော် ဘာမှ မသိပါဘူး။ ကျွန်တော် အဖြေရှာလို့ ရသလောက်
နောင်ကြီးဟာ တစ်စုံတစ်ယောက်သောသူရဲ့ တာဝန်ပေးချက်အရ
ကြီးလေးတဲ့ နိုင်ငံတော်ရဲ့တာဝန်ကို သက်စွန့်ဆံဖျား ထမ်းရွက်နေရ
ရမယ်လို့ ရိပ်စားမိပါတယ်'

'မင်းပြောတာ မှန်သင့်သလောက် မှန်ပါတယ်၊ ဒါထက် ရှင်စောပု
ကြီးကို လုပ်ကြံဖို့ ကြံစည်နေတာကိုတော့ မင်းသိပြီးပြီ မဟုတ်လား'

'နောင်ကြီးပြောပြလို့ အရိပ်အမြွက်လောက်တော့ သိရပါပြီ။ အတွင်း
တော့ မသိရပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်ရဲ့ အကူအညီကို
နောင်ကြီးထားရာက အသက်နဲ့လဲပြီး တာဝန်ကို ထမ်းရွက်သွားဖို့
ရှိနေပါတယ်'

'မင်းရဲ့ အကူအညီကို လိုချင်တာ အမှန်ပဲ။ ဒါပေမဲ့ အသက်နဲ့လဲဖို့
ဘူး'

'ဘယ်လို ကူညီရမှာလဲ'

'မင်းကိုယ်မင်း လူမမာဟန်ဆောင်ပြီး ဒီအနီးအနား ပတ်ဝန်းကျင်မှာ
လှုပ်ရှားနေတဲ့ လူတွေရဲ့ အရိပ်အကဲကို မျက်ခြည်မပြတ် စောင့်ကြည့်
ပေးချင်တယ်'

'ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေတဲ့ လူတွေကို ပြောတာ
လား၊ သူတို့ရဲ့ အကြံအစည် အတော် ခရီးရောက်နေပြီလား'

မင်းစည်သူက စိုးရိမ်မကင်းသည့် အမူအရာဖြင့် ပြန်မေးလိုက်သည်။

'ခရီးရောက်ဆို အင်းလေ .... အကူအညီတွေတောင် ရောက်လာပြီလို့
ယ်၊ ဒါပေမဲ့ အရေးမကြီးပါဘူး။ အပြင်ရန်ကို ဒါလောက် ကြောက်
အသားထဲက လောက်ထွက်တဲ့ သစ္စာဖောက်တွေရဲ့ အတွင်းရန်ကိုပြီး
ရဘယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုရင် ကျွန်တော်ပါ နောင်ကြီးနဲ့အတူ သစ္စာဖောက်တွေ ရှင်းလင်းသုတ်သင်ပါရစေ'

'ငါနဲ့အတူ လိုက်လို့ မဖြစ်ဘူး။ သူတို့ရဲ့ ခြေလှမ်းတွေကို သိအော စုံစမ်းထောက်လှမ်းဖို့က ပိုပြီး အရေးကြီးတယ်။ ဒါကြောင့် မင်းကို လူမ ဟန်ဆောင်ပြီး သူတို့ရဲ့ လှုပ်ရှားသွားလာမှုတွေကို ထောက်လှမ်းနိုင်းတာ ရန်သူရဲ့ အကြံအစည်နဲ့ ခြေလှမ်းကို ကြိုတင်ပြီးသိထားရင် စစ်ပွဲတစ် အောင်မြင်တာနဲ့ အတူတူပဲ မဟုတ်လား။ မင်းထမ်းရွက်ရမယ့် တာဝန် အင်မတန် သိမ်မွေ့နူးညံ့ပြီး ခက်ခဲနက်နဲတဲ့အတွက် အခြားလူကို တာဝန်ပေး မဖြစ်ဘူး။ မင်းကို ယုံကြည်စိတ်ချလို့ ဒီတာဝန်ကို ပေးတာ'

'ဒီလိုဆိုရင် ကောင်းပြီ၊ နောင်ကြီးပေးအပ်တဲ့ တာဝန်ကို ကိုယ့် ရှိသမျှ ဉာဏ်စွမ်းရှိသမျှ ထမ်းရွက်ပါမယ်။ ဒီအတွက် စိတ်ချပါ။ ဒါထ နောင်ကြီးကို ပြောစရာ စကားတစ်ခွန်း ရှိနေပါသေးတယ်'

'ဘာများ ပြောချင်သေးလို့လဲ'

'ကျွန်တော်ဒဏ်ရာရပြီး သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေတုန်း ကျွန်တော့်ရဲ့ စိတ်အာရုံထဲမှာ နောင်ကြီးကိုချည်း မြင်ယောင်နေတယ်။ နောင်ကြီး ရဲ့ အနာဂတ်အရေးအတွက် ကျွန်တော် ရင်မအေးဘူး'

'ဘာဖြစ်လို့ ရင်လေးနေရတာလဲ'

'နောင်ကြီးဟာ နိုင်ငံတော်အတွက် နှစ်ရှည်လများ သက်စွန့်ဆံဖျား တာဝန်ထမ်းရွက်ခဲ့ရပေမဲ့ ခုအချိန်အထိ ဘာတစ်ခုမှ အကျိုးထူး မခံစား သေးဘူး။ အနာဂတ်အဖို့လည်း ဘယ်လိုအကျိုးခံစားရမယ်ဆိုတာ မျှော်မှန်း မရဘူး။ တစ်သက်လုံး ခုလိုပဲ အနစ်နာခံသွားတော့မှာလား။ ဒါကို ကျွန်တော် စဉ်းစားမိတိုင်း နောင်ကြီးအတွက် ရင်ထုမနာ ဖြစ်မိတယ်'

'ဘာလဲ၊ မင်းက ငါ့ကို အကျိုးထူး ခံစားချင်လို့ စွန့်စွန့်စားစား တော် ထမ်းနေတာ ထင်သလား။ ငါ စောစောက ပြောခဲ့တဲ့အတိုင်း စစ်သားကောင်း တို့မည်သည် ကိုယ်ကျိုးကို မကြည့်ရဘူး။ နိုင်ငံတော်အတွက် အသက်နဲ့လဲ တာဝန်ထမ်းရွက်ခွင့် ရတာကို ကျေနပ်နှစ်သိမ့်နေရမယ်။ သက်စွန့်ကြိုး အမှုထမ်းရင်း ရရှိခဲ့တဲ့ဒဏ်ရာတွေ အမာရွတ်တွေဟာ ငါတို့အတွက် အင်မတ မွန်မြတ်တဲ့ ဆုလာဘ်တွေပဲ။ စစ်သားကောင်းတို့မည်သည် နိုင်ငံတော်အတွ သာ ဖြစ်စေရမည်။ နိုင်ငံတော်သည် စစ်သားကောင်းတို့အတွက် မဖြစ်စေရ ဆို စကားပုံရှိတယ် မဟုတ်လား။ နိုင်ငံတော်အတွက် အသက်စွန့်လွှတ်ရခြင်းဟာ အမွန်မြတ်ဆုံးသော ဆုလာဘ်ပဲ။ ဒီဆုလာဘ်ထက် မွန်မြတ်တာ မရှိတော့ဘူး





'နောင်ကြီးပြောတာ မှန်ပါတယ်။ ဒါပေမဲ့ နောင်ကြီးအနေနဲ့ ခုလိုပဲ ကိုယ်တော်ဘဝနဲ့ ရောင့်ရဲတင်းတိမ်နေတော့မှာလား။ တစ်သက်လုံး ဒီအတိုင်း လို့ ဖြစ်ပါ့မလား'

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ'

'ဖျားတဲ့နာတဲ့အခါ၊ ဒဏ်ရာအနာတရ ဖြစ်လာတဲ့ အခါတွေမှာ ယဖို့ အဖော်ကောင်းတစ်ယောက် လိုတယ် မဟုတ်လား'

'မင်းတစ်ယောက်လုံး ရှိနေသားပဲ။ အဖော်ကောင်း ရှာနေဖို့ လို သလား'

'မှန်ပါတယ်၊ ဒါပေမဲ့ ....'

'ဒါပေမဲ့ ဘာဖြစ်သလဲ'

'နောင်ကြီးကို ရာသက်ပန် ပြုစုသွားနိုင်မယ့် အဖော်မွန်တစ်ယောက် ကျွန်တော်အကြံပေးနေတာပါ။ နောင်ကြီးဟာ သူတစ်ပါးရဲ့ စိတ်ချမ်းသာမှု၊ ချမ်းသာမှုအတွက် ကိုယ်ကျိုးစွန့်ပြီး အမှုတော်ထမ်းခဲ့ပေမဲ့ နောင်ကြီးရဲ့ ချမ်းသာမှု၊ ကိုယ်ချမ်းသာမှုအတွက် လျစ်လျူရှုထားတာ တွေ့ရတယ်။ ပါးရဲ့ အကျိုးအတွက် ကိုယ်ကျိုးစွန့်ပြီး ကူညီခဲ့တာတွေကို ကျွန်တော် ပါတယ်။ နောင်ကြီးရဲ့ ရင့်ကျက်တဲ့ ပရဟိတ စိတ်ဓာတ်ကိုလည်း ပါတယ်။ ဒါပေမဲ့ ပရဟိတတစ်ခုတည်း ကြည့်လို့ မရပါဘူး။ နောင်ကြီး ချမ်းသာ ကိုယ်ချမ်းသာ ရှိမှ သူတစ်ပါး ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိအောင် ရွက်နိုင်မယ် မဟုတ်လား။ နောင်ကြီး နာမကျန်း ဖြစ်နေရင် သူတစ်ပါး ကျန်း ဖြစ်နေတာကို ပြုစုနိုင်ပါ့မလား။ ဒါကို ကျွန်တော် ပြောနေတာပါ'

'မင်းဆိုလိုတဲ့ အဓိပ္ပာယ်ကို ငါနားမလည်ဘူး။ ပြောစရာရှိရင် ရှင်းရှင်း မ်းပါ'

'နောင်ကြီး သဘောပေါက်အောင် ကျွန်တော် ရှင်းပြပါမယ်။ ကြီး ခုလို ခြေသလုံး အိမ်တိုင်လုပ်ပြီး တစ်ကိုယ်တော်ဘဝနဲ့ တစ်သက်လုံး လို့ ဖြစ်ပါ့မလား။ အိုးနဲ့အိမ်နဲ့ အတည်တကျနေဖို့ တော်ပြီ မဟုတ်လား ကျွန်တော် ပြောနေတာပါ'

'အိုးနဲ့အိမ်နဲ့ နေရမယ် ဟုတ်လား။ ဘာလဲ၊ ငါ့ကို မိန်းမယူခိုင်း လား'

သီရိဖြိုတ်ကမွန်က အံ့အားသင့်သည့် အမူအရာဖြင့် ပြန်မေးလိုက် ည်။

'မှန်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'နေစမ်းပါဦး။ ငါ့လို အိမ်မရှိ ယာမရှိ အခြေအနေနတ္ထိ ဖြစ်နေ... သာမက တစ်ကိုယ်လုံး အမာရွတ်တွေ အပြည့်နဲ့ နေ့သေမလား၊ ညသေမလား မသိရတဲ့ အညတရစစ်သားတစ်ယောက်ကို ဘယ်လိုမိန်းမက ယူဦးမှာလဲ'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်ရာ၊ မင်းစည်သူက မသိမသာ ပြုံးလိုက်သည်။

'နောင်ကြီး သတိမထားမိလို့ ဖြစ်ပါလိမ့်မယ်။ နောင်ကြီး မဆွတ်ခင်... ညွတ်ချင်နေတဲ့သူ ရှိပါတယ်'

'မတော်တရော်တွေ ပြောမနေစမ်းပါနဲ့'

'မတော်တရော် ပြောနေတာ မဟုတ်ပါဘူး။ နှင်းကေသရာသခင်မ... အမူအရာကို နောင်ကြီး အကဲခတ်ကြည့်ရင် ကျွန်တော်ပြောတာ မှန်ကန်ကြောင်း သိမြင်လာပါလိမ့်မယ်'

မင်းစည်သူက ပြန်ပြောလိုက်ရာ သီရိဖြတ်ကမွန်မှာ မျက်နှာတစ်ချက်... နီရဲသွားပြီး မင်းစည်သူအား စေ့စေ့မကြည့်ရဲသည့် အမူအရာဖြင့် ထိုင်ရာ... ထသွားကာ လေသာပြတင်းမှတစ်ဆင့် ကျယ်ပြန့်သော တောင်ယာပဲခင်းများ... ငေးစိုက်ကြည့်နေပေသည်။ သီရိဖြတ်ကမွန်၏ နှုတ်ဖျားမှ စကားတစ်ခွန်း... ထွက်ပေါ်မလာဘဲ တုဏှိဘော ဖြစ်နေပေသည်။

'မင်း ဘာစကား ပြောလိုက်တာလဲ၊ မိုက်ရိုင်းလှချည်လား၊ ငါ့... အသိဉာဏ်နဲ့ ငါ့ရဲ့စေတနာကို စော်ကားလိုက်တာလား၊ ငါ့ကို ဘယ်လိုလူ... မှတ်လို့ ဒီစကား ပြောရတာလဲ။ ဒီယုန်မြင်လို့ ဒီချုံထွင်နေတယ်များ ထင်... သလား'

သီရိဖြတ်ကမွန်သည် တောင်ယာပဲခင်းများကို ငေးစိုက်ကြည့်နေ... ခက်ထန်မာကျောသည့် မျက်နှာထားဖြင့် မင်းစည်သူ ဘက်သို့ ပြန်လှည့်... မာန်မဲလိုက်သည်။

မင်းစည်သူမှာ သီရိဖြတ်ကမွန်၏ တင်းမာသည့် အမူအရာ... ပြင်းထန်သည့် စကားလုံးများကို ကြားလိုက်ရသောအခါ မျက်လုံးပြူးသွား... ပါးစပ်အဟောင်းသား ဖြစ်သွားပေသည်။

သီရိဖြတ်ကမွန်မှာမူ မင်းစည်သူ ပြောလိုက်သည့် စကားများကြော... မခံမရပ်နိုင် ဖြစ်နေသည့် အမူအရာဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆု... အံကိုကြိတ်၍ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း၊ မင်းစည်... အား မာန်လိုက်မဲလိုက် ဆဲရေးလိုက် လုပ်နေပေရာ မင်းစည်သူမှာ တစ်... တစ်ပါဒမျှ ပြန်မပြောနိုင်ဘဲ မိမိ ပြောလိုက်မိသည့် စကားကြောင့် သီရိဖြတ်က...





...တ်ထိခိုက်သွားရသည်ကို ယူကျုံးမရဖြစ်ကာ မျက်နှာသေ...ဖြင့် ကြည့်နေမိပေသည်။

မင်းစည်သူအား စိတ်ရှိလက်ရှိ ကြိမ်းမောင်းဆဲရေးလိုက်ပြီးမှ ...ကြိမ်းမောင်းနေသည်ကို တစ်ခွန်းတစ်ပါဒမျှ ပြန်မပြောဘဲ မျက်နှာ...ဖြင့် ခေါင်းငုံ့ပြီး နာခံနေသော မင်းစည်သူအနီးသို့ ချဉ်းကပ်လာကာ သက်ပြင်း...ကြီး မှုတ်ထုတ်လိုက်ပေသည်။ ၎င်းနောက် မင်းစည်သူ၏ အနီးတွင် ဝင်ထိုင်...ပြီး မင်းစည်သူ၏ ပခုံးကို ယုယစွာ ဖက်လိုက်သည်။

'ငါ စိတ်လိုက်မာန်ပါ ပြောခဲ့မိတာကို ခွင့်လွှတ်ပါ။ မင်းပြောလိုက်တဲ့ ...ကားဟာ ငါရဲ့စိတ်ကို ထိခိုက်သွားစေရုံသာမက အနာပေါ် တုတ်ကျသလို ...ရဲ့အသည်းနှလုံးခိုက်အောင် ထိခိုက်နာကျင်သွားစေတဲ့အတွက် ရှက်ရမ်း ရမ်းခဲ့ ...င်း ဖြစ်ပါတယ်။ မင်းသိတဲ့အတိုင်း ငါဟာ ဘယ်လိုဆုလာဘ်ကိုမှ မမျှော်ကိုးဘဲ ...သားကောင်းပီသစွာ နိုင်ငံတော်အတွက် အသက်ပေးပြီး တာဝန် ထမ်းရွက် ...ဖို့သာ တစ်ခုတည်းသော အာရုံထားခဲ့ပါတယ်။ ဒါပေမဲ့ အမှန်အတိုင်း ဝန်ခံ ...ယ်ဆိုရင် နှင်းကေသရာနဲ့ တွေ့ခဲ့တဲ့အချိန်ကစပြီး ငါ့ရဲ့ စိတ်အာရုံဟာ တည်ငြိမ်မှု ...ဘဲ တစ်ခါ တစ်ခါ စိတ်ရှုးထပြီး စိတ်ကူးယဉ်အိပ်မက် မက်ခဲ့ဖူးတယ်။ ...သဲမှာ တိုက်အိမ်ဆောက်ခဲ့ဖူးတာ အမှန်ပဲ။ ဒါဟာ မှန်ကန်တဲ့ သစ္စာစကား ...။ ဒါပေမဲ့ စိတ်ကူးယဉ်အိပ်မက်ဟာ စိတ်ကူးယဉ်အိပ်မက် အဖြစ်နဲ့သာ ...ကန်းကရပ်ဖို့ ငါ့စိတ်ကို ငါဆုံးမခဲ့တယ်။ ငါ့စိတ်ကို ငါဆုံးမနေချိန်မှာ မင်း ...ပြောလိုက်တဲ့စကား ကြားရတော့ အနာဟောင်းကို ဆွပေးလိုက်သလို ဖြစ်သွား ...ငါ့စိတ်ထဲမှာ မခံမရပ်နိုင်အောင် ဖြစ်သွားလို့ စိတ်လိုက်မာန်ပါ ပြောလိုက် ...ပါ။ စိတ်ကူးယဉ်အိပ်မက်ဟာ စိတ်ကူးယဉ်အိပ်မက် အဖြစ်နဲ့ပဲ စခန်းသိမ်း ...သာ ကောင်းပါတယ်'

သီရိဖြတ်ကမွန်က ညည်းညည်းညူညူ ပြောလိုက်သည်။

'ကျွန်တော်ကလည်း စေတနာနဲ့ ပြောလိုက်မိတာပါ။ နောင်ကြီးရဲ့ ...ဉာဏ်နဲ့စေတနာကို စော်ကားလိုတဲ့စိတ်ဆန္ဒ လုံးဝ မရှိပါဘူး။ အမှန်အတိုင်း ...မယ်ဆိုရင် နှင်းကေသရာသခင်မ အနေနဲ့ နောင်ကြီးအပေါ်မှာ တခြား ...သော ယောကျ်ားတွေထက် အရေးပေးတာဟာ သိသာထင်ရှားနေပါ ...။ နှင်းကေသရာ သခင်မဟာ မြို့စားကြီးရဲ့ သမီးရတနာဖြစ်ပြီး နောင်ကြီး ...အခြေအနေ ဗလာနတ္ထိ၊ တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာတွေ အမာရွတ်တွေ ...ကာ နေရာမရှိတဲ့ အညတရ စစ်သည်တော်ပင် ဖြစ်စေကာမူ နောင်ကြီး ...ရဲ့ရည်နဲ့ နှလုံးရည်ကို နှင်းကေသရာသခင်မ လေးစားကြည်ညိုနေတာ



www.burmeseclassic.com

www.burmeseclassic.com



အခုနှပ်။ နောင်ကြီးလို ယောကျ်ားကောင်း ပီသတဲ့ ယောကျ်ားကို နှင်းကေသရာ သခင်မ ဘယ်မှာရှာလို့ တွေ့နိုင်ဦးမှာလဲ'

'တော်စမ်းပါ၊ ငါ့ကို ဒါလောက်တောင် မြှောက်ပင့်နေစရာ မလိုဘူး။ ငါဟာ ဘာကောင်လဲဆိုတာ ငါအသိဆုံးပါ။ ပြီးတော့ နှင်းကေသရာမှာလည်း လူကြီးမိဘချင်း သဘောတူ ဆေ့ခပ်ကြောင်းလမ်းထားတဲ့ ခင်ပွန်းလောင်း ရှိနေပါတယ်။ သူတို့အချင်းချင်း နှီးခပ်သွားအောင် လုပ်ပေးဖို့ ငါ့မှာ တာဝန်ရှိပါတယ်'

'မိုးအုံးနောင်ကို ပြောနေတာ မဟုတ်ပါလား'

'ဟုတ်တယ်လေ၊ ဒါကို မင်းအသိသားနဲ့ မတော်တရော်တွေ ပြောနေရသလား'

'ကျွန်တော် စေတနာနဲ့ ပြောလိုက်မိတာပါ။ အမှန်အတိုင်း ပြောရမယ် ဆိုရင် မိုးအုံးနောင်ဟာ နှင်းကေသရာ သခင်မနဲ့ မထိုက်တန်ပါဘူး။ နှင်းကေသရာ သခင်မကလည်း မိုးအုံးနောင်အပေါ်မှာ စိတ်ညွတ်မှာ မဟုတ်ပါဘူး။ နောင်ကြီးကလွဲရင် နှင်းကေသရာ သခင်မ ဘယ်သူ့အပေါ်မှာမှ စိတ်ညွတ်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော်သိလို့ ပြောနေတာပါ'

'ဒီစကား ဒီမှာတင် ရပ်စမ်းပါ။ လောလောဆယ် အရေးကြီးတာက ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည် ပျက်ပြားသွားအောင် တွန်းလှန်ပြီး ဖျက်ပြီး သစ္စာဖောက်တွေကို ရှင်းလင်းသုတ်သင်ပစ်ဖို့ အရေးကြီးတယ်'

'နောင်ကြီးပြောတာ မှန်ပါတယ်။ ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေတဲ့ သစ္စာဖောက်တွေကို ဖော်ထုတ်ပြီး ရှင်းလင်းသုတ်သင်ပစ်ဖို့ တာဝန်ကို နောင်ကြီးနဲ့ အတူလက်တွဲပြီး ကျွန်တော်ပါ အသက်နဲ့လဲပြီး ထမ်းရွက်သွားပါမယ်။ ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည် လုံးဝ ပျက်ပြီးသွားသည်အထိ အသက်နဲ့လဲပြီး ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းရွက်ပြီးတဲ့အခါ နောင်ကြီးနဲ့အတူ ရာသက်ပန်လက်တွဲပြီး နိုင်ငံတော်ရဲ့ တာဝန်ကို ဆက်လက် ထမ်းရွက်သွားလိုတဲ့ဆန္ဒ ပြင်းပြနေတဲ့အတွက် နောင်ကြီးကို အိုးနဲ့အိမ်နဲ့ အတည်တကျ နေနိုင်သွားဖို့ အကြံပေးနေရခြင်း ဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ရင် နောင်ကြီးနဲ့ ကျွန်တော် လမ်းခွဲရလိမ့်မယ်'

'ဘာဖြစ်လို့ လမ်းခွဲရမှာလဲ။ ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေတဲ့ သစ္စာဖောက်တွေကို ကျုပြင်ခုတ် ကျုငုတ်မကျန်စေရအောင် ခုတ်ထွင်ရှင်းလင်းပြီးလို့ ငါတို့ရဲ့တာဝန် ပြီးဆုံးသွားတဲ့အခါ မင်းနဲ့ငါ အတူလက်တွဲပြီး နိုင်ငံတော်





အတွက် ကျရောက်လာမယ့် တာဝန်တွေကို ဆက်လက်ထမ်းရွက်သွားကြမယ်။ လမ်းခွဲစရာ လိုသေးသလား'

'နောင်ကြီး ပြောတာ မှန်တယ်။ ဒါပေမဲ့ နောင်ကြီးရဲ့ နောက်ကို ကျွန်တော် လိုက်နိုင်တော့မှာ မဟုတ်ဘူး။ ကျွန်တော် အရင်ကလို လွတ်လပ်တော့ဘူး'

'မင်း ဘာစကား ပြောလိုက်ပြန်တာလဲ။ အရင်ကလို မလွတ်လပ်တော့ဘူး ဆိုတော့ ဘယ်လိုများ အချုပ်အချယ် ရှိနေလို့လဲ'

'နားနဲ့မနာ ဖဝါးနဲ့ နာတော်မူပါ။ ကျွန်တော်မှာ ချစ်သူရှိနေပါပြီ။ ချစ်သူရှိနေရုံသာမက နှစ်ဦးသဘောတူ အသိသက်သေများရှေ့မှာ လက်ထပ်ပြီးသွားပါပြီ'

မင်းစည်သူက ပြန်ပြောလိုက်ရာ သီရိဗြတ်ကမ္ဗန်မှာ မိမိ၏နားကိုပင် မယုံနိုင်အောင် ဖြစ်သွား၏။

'လက်ထပ်ပြီးသွားပြီ ဟုတ်လား၊ ဘယ်သူနဲ့ လက်ထပ်လိုက်တာလဲ။ ဘာစ်လက်ကို အရင်းတည်ပြီး သေမင်းနဲ့ စစ်ခင်းနေရတဲ့ အိမ်မဲ့ ယာမဲ့ ... ည်းမဲ့ အညတရ စစ်သည်တော်ကို ဘယ်လိုမိန်းမက နှစ်သက်မြတ်နိုးနိုင်မှာလဲ'

သီရိဗြတ်ကမ္ဗန်က အံ့အားသင့်သည့် အမူအရာဖြင့် ပြန်မေးလိုက်သည်။

'ကျွန်တော်ရဲ့ ချစ်သူဟာ အခြား မဟုတ်ပါဘူး။ ယာတောရှင် ... လကွန်ရဲ့တူမ မင်းညိုမြပါ။ လွန်ခဲ့တဲ့ သုံးရက်က လူသိရှင်ကြား လက်ထပ်ပြီးသွားပါပြီ။ ခုဆိုရင် ကျွန်တော်ဟာ ဓားတစ်လက်နဲ့ နိုင်ငံရဲ့တာဝန်ကို ထမ်းရွက်နေရတဲ့ အညတရ စစ်သည်တော်ဘဝကနေပြီး ခြေလက်နဲ့ ဦးခေါင်း ... အသုံးပြုပြီး အိမ်ထောင်ရဲ့ တာဝန်ကိုပါ ပူးတွဲထမ်းရွက်ရမယ့် အိမ်ထောင် ... အဖြစ်ကို ရောက်ရှိလာပါပြီ။ နိုင်ငံတော်ရဲ့ တာဝန်အပြင် အိမ်ထောင်ရဲ့ ... ကိုပါ ထမ်းရွက်နေရတဲ့အတွက် ပိုပြီးမြင့်မြတ်တဲ့ ဘဝကို ရောက်လာပါပြီ'

မင်းစည်သူက ရင်ကော့ပြီး အဖြေပေးလိုက်သည်။

'အင်း .... လက်စသတ်တော့ မင်း အိမ်ထောင်ရှင် ဖြစ်သွားခဲ့ပြီ'

'အိမ်ထောင်ရှင်ဖြစ်မှ ကျွန်တော်တို့ရဲ့ ဘဝဟာ သာယာပြောင်ပြီး ... မဟုတ်လား။ နိုင်ငံတော်ရဲ့ အမှုတော်ထမ်းရင်း သေဆုံးသွားရသည့် ... အောင် ကျွန်တော့်အတွက် ငိုမယ့်လူ ကျန်ရစ်ခဲ့မယ် မဟုတ်လား။ ပြီးတော့ ... တော်ရဲ့ မပြီးဆုံးသေးတဲ့ တာဝန်ကို ဆက်လက်ထမ်းရွက်သွားနိုင်မယ့် ... ကောင်းရတနာ၊ သမီးကောင်းရတနာတွေလည်း ကျန်ရစ်ခဲ့မယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။ ဒါတွေဟာ နိုင်ငံတော်အတွက် ကျွန်တော်ထားရစ်ခဲ့ရမယ့် အမွေအနှစ်တွေပဲ။ တစ်ကိုယ်တော်ဘဝနဲ့ သေဆုံးသွားရင် နိုင်ငံတော်အတွက် ကျွန်တော် ဘာတစ်ခုမှ အမွေအနှစ်ပေးနိုင်မှာ မဟုတ်ဘူး။ မဟုတ်ဘူးလား၊ နောင်ကြီးလည်း ကျွန်တော့်လိုပဲ နိုင်ငံတော်အတွက် သီရိဇြတ်ကမ္ဗန် ကလေးတွေ အမွေပေးနိုင်အောင် တစ်ကိုယ်တော် ဘဝကို စွန့်လွှတ်ပြီး အိုးအိမ်ထူထောင်ဖို့ အချိန်တန်ပါပြီ'

မင်းစည်သူက ပြန်ပြောလိုက်ရာ သီရိဇြတ်ကမ္ဗန်သည် ကျယ်ပြန့်သော တောင်ယာပဲခင်းများကို ငေးစိုက်ကြည့်ရင်း အချိန်ကြာမြင့်စွာ စကားမပြောဘဲ မျက်မှောင်ကြုတ်၍ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေပေသည်။

'ကျွန်တော်ပြောတာ နောင်ကြီး သဘောပေါက်တယ် မဟုတ်လား နောင်ကြီး ဘယ်လို သဘောရပါသလဲ'

မင်းစည်သူသည် သီရိဇြတ်ကမ္ဗန်၏ အမူအရာကို အကဲခတ်နေရာမှ လှမ်းပြီး မေးလိုက်သည်။

'မင်းတို့လင်မယား အိုအောင်မင်းအောင် ပေါင်းရပါစေလို့ ဆုတောင်းပါတယ်။ နိုင်ငံတော်အတွက် အသက်နဲ့လဲပြီး တာဝန်ထမ်းရွက်သွားနိုင်မယ့် သားကောင်းရတနာ၊ သမီးကောင်းရတနာတွေ ထွန်းကားပါစေလို့လည်း ဆုမွန်ကောင်း တောင်းပါတယ်'

'ကျွန်တော့်အတွက်ကတော့ ဟုတ်ပါပြီ၊ နောင်ကြီးအတွက်ကကော ဘယ်လိုပါလဲ'

'ငါ့အတွက်ကတော့ ငါထမ်းရွက်စရာရှိတဲ့ တာဝန်တွေကို ထမ်းရွက်ဖို့က လွဲပြီး ဘာမှ မစဉ်းစားတော့ဘူး။ ကဲ ငါသွားဦးမယ်'

သီရိဇြတ်ကမ္ဗန်သည် ပြောပြောဆိုဆို အခန်းထဲမှ ထွက်သွားရန် ခြေလှမ်းပြင်လိုက်ရာ မင်းစည်သူက လက်ဝါးကာပြီး တားလိုက်သည်။

'နောင်ကြီး ခဏနေပါဦး။ ကျွန်တော်ရဲ့ဇနီး မင်းညိုမြကို နှုတ်ခွန်းဆက်သွားပါဦး။ မင်းညိုမြကို ကျွန်တော် ခေါ်လိုက်ပါရစေဦး'

'ဘာလဲ၊ မင်းကငါ့ကို အားကျလာအောင် မင်းရဲ့ဇနီးကို ခေါ်ပြမလို့လား။ အသာနေစမ်းပါ။ ဒီမှာ မင်းစည်သူ၊ မင်းကိုအားကျဖို့ နေနေသာသာ စိတ်တောင် ဆိုးသေးတယ်။ ငါ့ရဲ့အချစ်ဆုံး၊ အားအကိုးရဆုံး မိတ်ဆွေတစ်ယောက်ကို ငါ့လက်ထဲကနေပြီး မင်းရဲ့ဇနီးက လုယူသွားလို့ ငါ့မှာ အဆွေခင်ပွန်းကောင်း တစ်ယောက် ဆုံးရှုံးရပြီ မဟုတ်လား'

'နောင်ကြီး ထင်သလို အဆွေခင်ပွန်းကောင်းတစ်ယောက် ဆုံးရှုံး... မဆုံးရှုံးတဲ့အပြင် အဆွေခင်ပွန်းကောင်း တစ်ယောက်တောင် ...ပါသေးတယ်။ ကျွန်တော့်ရဲ့ ဇနီးသည်ကို နောင်ကြီးရဲ့ အဆွေခင်ပွန်း...င်းအဖြစ် အသိအမှတ် ပြုစေချင်ပါတယ်။ ကျွန်တော်ရဲ့ ဇနီးသည်ကို ...လိုက်ပါရစေ'

မင်းစည်သူက ပြန်ပြောရင်း မင်းညိုမြကို လှမ်းခေါ်ရန် ဟန်...လိုက်ရာ သီရိဇြတ်ကမ္ဗန်က လက်ဝါးကာပြီး တားမြစ်လိုက်သည်။

'နက်ဖြန်ကျမှ ငါ တစ်ခေါက်လာခဲ့ဦးမယ်။ ဒီနေ့တော့ ငါ မျက်နှာ...ဘူးဘယ်။ ကဲ .... ငါသွားဦးမယ်။ မင်းတို့လင်မယား ရာသက်ပန် ရိုးမြေကျ...ခင်ခင် ပေါင်းသင်းကြရပါစေ။ နိုင်ငံတော်ရဲ့ တာဝန်ကို အသက်နဲ့လဲပြီး ...ရွက်နိုင်မယ့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ထွန်းကား...။ ကဲ .... ငါ သွားပြီ'

သီရိဇြတ်ကမ္ဗန်သည် ပြောပြောဆိုဆို နောက်သို့ ပြန်လှည့်မကြည့်ဘဲ ...ခြေတင်၍ သွားပေသည်။

## အခန်း ၁၆

...ဇြတ်ကမ္ဗန်သည် သွားရိုးသွားစဉ် လူသွားလမ်းကို ရှောင်ကွင်း၍ အရိပ်...သကောင်းသည့် တောတန်းကို ဖြတ်ကျော်ကာ နားနှင့်မျက်စိကို ဖွင့်ပြီး ...နှင့် လာခဲ့ပေသည်။

သီရိဇြတ်ကမ္ဗန်၏ နားထဲတွင် စောစောက မင်းစည်သူ ပြောသည့်စကားများကို ကြားယောင်လျက်ရှိပြီး ရင်ထဲတွင် အောင့်သက်သက်...နေပေသည်။

မင်းစည်သူမှာ တစ်ကိုယ်ရေ တစ်ကာယသမား မဟုတ်တော့ဘဲ ...ထောင်သည်ဘဝသို့ ရောက်ရှိသွားကာ နိုင်ငံတော်၏ တာဝန်အပြင် ...ထောင်၏ တာဝန်ကိုပါ ပူးတွဲ ထမ်းရွက်သွားရတော့မည်ဖြစ်၍ မိမိနှင့် ...ခွဲရတော့မည်ကို စဉ်းစားမိသောအခါ သီရိဇြတ်ကမ္ဗန်မှာ ရင်ထဲတွင် ...တာဖြစ်သွားပြီး စိတ်အားငယ်မိပေသည်။

မင်းစည်သူမှာ မိမိနှင့် သေအတူ ရှင်မကွာ နိုင်ငံတော်၏ တာဝန်ကို ...ကွလက်တွဲပြီး ရှုပ်ရှုပ်ချုံချုံ ထမ်းရွက်ခဲ့သော အရင်းနှီးဆုံး၊ အားအကိုး



www.burmeseclassic.com

www.burmeseclassic.com



ရဆုံးသော သွေးသောက်ရဲဘော် ဖြစ်ပေသည်။ မင်းစည်သူကလွဲလျှင် မိမိကဲ့သို့ ပင် နိုင်ငံတော်အတွက် အသက်ပေး၍ ကျရာနေရာမှ တာဝန်ကို ထမ်းရွက် ခဲ့သော ဗိုလ်မင်းမြတ်ဇ တစ်ဦးတည်းသာ ယုံကြည်စိတ်ချရသည့် သွေးသောက် ရဲဘော်အဖြစ် ကျန်ရှိတော့သဖြင့် ရှေ့သို့ဆက်ရမည့် ဘဝခရီးတွင် အဖော် မပါဘဲ တစ်ကိုယ်တည်း ခရီးဆက်ရတော့မည် ဖြစ်သည်ကို စဉ်းစားမိသဖြင့် စိတ်အားငယ်ခြင်း ဖြစ်ပေသည်။

မင်းစည်သူမှာ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိသလို မိမိအပေါ် တွင်လည်း အသက်နှင့်လဲ၍ သစ္စာစောင့်သိသူ ဖြစ်သည့်အပြင် သွေးရင်း သားရင်းမက ခင်မင်ရင်းနှီးခဲ့သူ ဖြစ်သဖြင့် ယခုလို လူချင်းခွဲခွာရတော့မည်ကို စဉ်းစားမိတိုင်း ရင်ထဲတွင် အောင့်သက်သက်ဖြစ်နေခြင်း ဖြစ်သည်။ တစ်ဖက် လှည့်ပြီး စဉ်းစားလိုက်ပြန်သောအခါ မင်းစည်သူမှာ နိုင်ငံတော်၏တာဝန် သာမက အိမ်ထောင်၏တာဝန်ကိုပါ ထမ်းရွက်သွားရမည့် ယောကျ်ားကောင်း တစ်ယောက်၏ ဘဝသို့ ရောက်ရှိသွားပြီ ဖြစ်သည့်အပြင် နိုင်ငံတော်၏ တာဝ များကို ဆက်လက်ထမ်းရွက်သွားကြမည့် သားကောင်းရတနာ၊ သမီးကောင်း ရတနာများဖြင့် နိုင်ငံတော်အား ကျွေးမွေးဆပ်ကာ အမွေအနှစ်များအဖြစ် ထား ရစ်နိုင်မည့် အခြေအနေသို့ ရောက်ရှိသွားပြီဖြစ်၍ မိမိ၏ဘဝထက် မွန်မြ သည့် ဘဝသို့ ရောက်ရှိသွားပြီ ဖြစ်သည်ကို သိမြင်ကာ သိရိဇ္ဇတ်ကမွန် နှလုံးသားတွင် ထူးကဲသော ခံစားချက်တစ်ရပ်သို့ ခံစားနေရပြန်ပေသည်။

မိမိ၏ဘဝကို မိမိပြန်လည် သုံးသပ်လိုက်သောအခါ စိတ်ကူးယ အိပ်မက်ဖြင့်သာ နိဂုံးချုပ်ရမည့် အခြေအနေသို့ ရောက်ရှိနေသဖြင့် သက်ပြ ချမိပေသည်။ ဤအသက် ဤအရွယ်အထိ မည်သည့်မိန်းမကိုမျှ အရေးမ ခဲ့သော သိရိဇ္ဇတ်ကမွန်မှာ နှင်းကေသရာနှင့် တွေ့ခဲ့သည့် အချိန်မှ နှင်းကေသရာအပေါ်တွင် စွဲလမ်းသည့်စိတ်အာရုံများ ဖြစ်ပေါ်ခဲ့သော်လည နှင်းကေသရာမှာ မြို့စားကြီး၏ သမီးဦးရတနာဖြစ်၍ မိမိမှာ သေမင်းနှင့် စစ်ခ နေရသည့် အညတရစစ်သည်တော် တစ်ဦးသာ ဖြစ်သည်ကို စဉ်းစားမိသောအ နှင်းကေသရာအပေါ်တွင် စွဲလမ်းခဲ့သည့် စိတ်များကို ဖြေဖျောက်ခဲ့ပေသည နှင်းကေသရာအား ထိုက်တန်သော ယောကျ်ားကောင်း တစ်ယောက်နှင့် နီး သွားစေရန်လည်း အားပေးကူညီခဲ့ပေသည်။ ထိုသို့ အားပေးကူညီခဲ့ခြင်းမှာလည နှင်းကေသရာအပေါ်တွင် စွဲလမ်းသည့် စိတ်များကို ဖြေဖျောက်နိုင်ရန် ဖြ သည်။

မိမိ၏စိတ်ကို မိမိဆုံးမပြီး နိုင်ငံတော်၏အရေးကိုသာ ဦးစား





တာဝန်ကို ထမ်းရွက်ခဲ့သော်လည်း နှင်းကေသရာ အပေါ်တွင် စွဲလမ်းသည့် စိတ်ကို ဖြေဖျောက်၍မရဘဲ ခက်ခဲနက်နဲလှသည့် တာဝန်ကို ထမ်းရွက်နေချိန်က ပင်လျှင် နှင်းကေသရာဆီသို့ အာရုံရောက်လျက် ရှိနေချိန်တွင် မင်းစည်သူ ပြောလိုက် သော စကားများကြောင့် မီးခဲပြာဖုံး ဖြစ်နေသော သိရိဇ္ဇတ်ကမွန်၏ မေတ္တာ စိတ်မှာ ဖုံးဖိ၍ မရအောင် ပေါ်လွင်လာခဲ့ပေသည်။ သို့ရာတွင် မိမိ၏ စိတ်ကို ဆုံးမပြီး မိမိထမ်းရွက်နေရသည့်တာဝန် ပြီးဆုံးသွားလျှင် ဝေးရာအရပ်သို့ သွား၍ မိမိအပေါ်တွင် ကျရောက်လာမည့် နိုင်ငံတော်၏ တာဝန်များကို ဆက်လက်ထမ်းရွက်သွားရန် စိတ်ပိုင်းဖြတ်လိုက်ပေသည်။

ထိုသို့ စိတ်ပိုင်းဖြတ်လိုက်ပြီးနောက် နားနှင့်မျက်စိကိုဖွင့်၍ သတိကြီး စွာဖြင့် ခရီးနှင်၍လာခဲ့စဉ် လမ်းဆုံတစ်ခုသို့ ရောက်သောအခါ လှုပ်လှုပ်ရှားရှား အသံများကြားရသဖြင့် သိရိဇ္ဇတ်ကမွန်သည် မိမိအမြဲတမ်း ကိုင်ဆောင်သည့် သန်ချိုင်းသံ့ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်ပြီး အသံကြားရာသို့ သစ်ပင်များ ကြားမှ လှမ်းကြည့်လိုက်ရာ သန်မာတောင့်တင်းသော လူလေးယောက်သည် ထမ်းပိုးကိုထမ်းပြီး ဘီးကျွတ်သွားသည့် လှည်းယဉ်တစ်စီးကို လမ်းဘေးရှိချောက်ထဲမှ ဆွဲတင်နေကြသည်ကို မြင်ရသဖြင့် သိရိဇ္ဇတ်ကမွန်သည် ဓားကို ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်ပြီး လှည်းယဉ်ရှိရာသို့ လာခဲ့ပေသည်။

လှည်းယဉ်ကို ဆွဲတင်နေသော လူလေးယောက်၏ ဝတ်စားတန်ဆာ များကို ကြည့်ရခြင်းအားဖြင့် မင်းမှုထမ်းများ ဖြစ်သည်ကို သိနိုင်ပေသည်။ လှည်းယဉ်မှာလည်း သာမန်လှည်းယဉ် မဟုတ်၊ အထက်တန်းလွှာများသာ စီးနင်းလေ့ရှိသည့်လှည်းယဉ် ဖြစ်နေသည်ကို တွေ့ရပေသည်။ လှည်းယဉ် အနီးသို့ ရောက်သောအခါ တစ်ဖက်စောင်းနင်းဖြစ်နေသည့် လှည်းယဉ်ပေါ်ရှိ ကန့်လန့်ကာမှီအုံးကို အားပြု၍ ကျုံ့ကျုံ့ထိုင်နေသော အမျိုးသမီးကြီးတစ်ဦးကို တွေ့ရပေသည်။

အမျိုးသမီးကြီးမှာ အသက်အရွယ်အားဖြင့် ငါးဆယ်ခန့်ရှိလိမ့်မည်ဟု ခန့်မှန်းရပေသည်။ ကိုယ်လုံးကိုယ်ထည် သေးကွေးသော်လည်း အရိုးအဆင် ပြေပြစ်၍ ငယ်ရွယ်စဉ်က ဆိုလျှင် မိန်းမချော မိန်းမလှ တရင်းဝင်တဦး ဖြစ်မည်ဟု ပြောနိုင်ပေသည်။ အမျိုးသမီးကြီး ဝတ်စားဆင်ယင်ထားသည့် ဝတ်စားတန်ဆာများမှာလည်း အဖိုးတန် ပိုးဖဲကတ္တီပါများဖြစ်၍ ၎င်း၏ကိုယ်ပေါ်၌ ဆင်ယင်ထားသည့် စိန်ရွှေလက်ဝတ်ရတနာများမှာ တစ်ဖိတ်ဖိတ် အရောင် တောက်၍ နေပေသည်။

အဆိုပါ အမျိုးသမီးကြီးသည် လှည်းယဉ်ပေါ်ရှိ ကန့်လန့်ကာမှီအုံးကို



www.burmeseclassic.com

www.burmeseclassic.com



အသပြုံ၍ထိုင်နေရင်း မင်းမှုထမ်းများနှင့်တူသော လူလေးယောက်အား ဆူ
ကြိမ်းမောင်းနေသည်ကို မြင်ရပေသည်။

သီရိဖြတ်ကမ္ဘန်သည် အဆိုပါ အမျိုးသမီးကြီးအား ခြေဆုံးခေါင်းဆုံး ကြည့်နေရာမှ လှည်းယဉ်အနီးသို့ ချဉ်းကပ်လာခဲ့ပေသည်။ သီရိဖြတ်ကမ္ဘ စီးနင်းလာသည့် မြင်းခွာသံများကို ကြားရသောအခါ လှည်းယဉ်ပေါ်မှ အမျိုး သမီးကြီးသည် သီရိဖြတ်ကမ္ဘန်ဘက်သို့ လှည့်ကြည့်လိုက်သည်။ သီရိဖြတ်ကမ္ဘ အား စူးရှသည့် မျက်လုံးများဖြင့် အကဲခတ်နေရာမှ မိမိအနီးသို့ ချဉ်းက လာရန် တည်ငြိမ်ခံ့ညားသည့် အမူအရာဖြင့် လက်ယပ်၍ ခေါ်လိုက်သည်။

'ဟော့ သူငယ် ရပ်ကြည့်မနေစမ်းပါနဲ့၊ ဝိုင်းဝန်းပြီး ကူညီစမ်းပါဦး လမ်းခုလတ်မှ လှည်းဝင်ရိုးကျိုးပြီး ဘီးကျွတ်ထွက်သွားလို့ ဘာလုပ်ရမှန်း မသိဘူး။ ပါလာတဲ့ လူတွေကလည်း ခွန်အားဗလကောင်းပေမယ့် တစ်ယောက် အသုံးမကျဘူး။ လမ်းက ကြမ်းရတဲ့အထဲ ချိုင့်ထဲကို မောင်းချလို့ ဝင်ရိုးကျိုးသွာ ပြီ။ သတိနဲ့ ဖြည်းဖြည်းမောင်းပါလို့ ပြောတာ မရဘူး။ တွင်းတူးပြီး မိုက်မဲ အကောင်တွေ'

အမျိုးသမီးကြီးသည် ၄င်းနှင့်အတူပါလာသော လူလေးယောက်အား ဆဲရေးရင်း သီရိဖြတ်ကမ္ဘန်အား ဝိုင်းဝန်းကူညီရန် ပြောလိုက်သည်။

'ဒုက္ခရောက်နေမှန်းသိလို့ ကူညီရအောင် လာခဲ့တာပါ။ ဒါပေမဲ့'

သီရိဖြတ်ကမ္ဘန်က စကားစလိုက်ရာ အမျိုးသမီးကြီးက လက်ကာလိုက်သည်။

'ဒါပေမဲ့ လုပ်မနေစမ်းပါနဲ့၊ ဖြစ်နိုင်တဲ့နည်းနဲ့ ဝိုင်းဝန်းကူညီစမ်းပါ ဟော့ .... ခုန်မှိုင်း၊ ငါဘယ်သူလဲ ဆိုတာ ပြောပြလိုက်စမ်း'

အမျိုးသမီးကြီးသည် စိတ်မရှည်သည့် အမူအရာဖြင့် ပြန်ပြော လှည်းယဉ်ကို ချောက်ထဲမှ ဆွဲတင်ရန် ကြိုးစားနေသော လူလေးယောက်အန တစ်ယောက်ကို လှမ်းခေါ်လိုက်ပြီး မိမိ မည်သူမည်ဝါဖြစ်သည်ကို ပြောပြ အမိန့်ပေးလိုက်သဖြင့် ခုန်မှိုင်း ဆိုသူသည် အမျိုးသမီးကြီး အနီးသို့ ရှိသေ ချဉ်းကပ်လာပေသည်။

'ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်မ ဖြစ်ကြောင်းပါ'

ခုန်မှိုင်း ဆိုသူက သီရိဖြတ်ကမ္ဘန်ဘက်သို့ လှည့်ပြီး အစီရင်ခံလိုက်သည်

'ကဲ ငါဘယ်သူလဲဆိုတာ သိပြီ မဟုတ်လား။ ဆောင်းတူးမြို့စား စံအိမ်တော်ကို ငါသွားချင်တယ်။ ခရီး ဘယ်လောက် ဝေးသေးသလဲ'

ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်မက မေးလိုက်သည်။





'သိပ်မဝေးတော့ပါဘူး။ မြင်းနဲ့ ခရီးပြင်းနှင်မယ်ဆိုရင် တွမ်းနှစ်ရာ ညတ်လောက်နဲ့ ရောက်နိုင်ပါတယ်'

'အရေးထဲမှာ လှည်းယဉ်က ဝင်ရိုးကျိုးရသေးတယ်။ ဆောင်းတူး မြို့စားရဲ့ စံအိမ်တော်ကိုရောက်အောင် ငါဘယ်လိုသွားရမလဲ မြောင်းခေါင်ဦး ကို မကူညီနိုင်ဘူးလား'

'ဆောင်းတူးမြို့စားရဲ့ စံအိမ်တော်ကို သွားချင်ရင် လွယ်ပါတယ်။ လှည်းဝင်ရိုးကျိုးနေလို့ ခရီးမဆက်နိုင်ဘူးဆိုရင် ခြေကျင်သွားရင်လည်း ဖြစ်နိုင် ပါတယ်။ မြင်းစီးပြီး ခရီးနှင်ရင် ပိုပြီး လျင်မြန်လွယ်ကူပါတယ်။ မြင်းမစီးတတ်ဘူး ဆိုရင်တော့ ကျွန်တော့်မြင်းပေါ်မှာ တင်ပြီး ခေါ်သွားရင်လည်း ဖြစ်နိုင်ပါတယ်'

သီရိဖြတ်ကမ္ဘန်က အဖြေပေးလိုက်ရာ သီရိမာလာ သခင်မသည် သီရိဖြတ်ကမ္ဘန်၏ ရှင်းလင်းပြတ်သားသည့် အဖြေကို သဘောကျသည့် အမူ အရာဖြင့် သီရိဖြတ်ကမ္ဘန်အား ခြေဆုံးခေါင်းဆုံး ကြည့်နေပေသည်။

'မင်းရဲ့ ရုပ်လက္ခဏာကို ကြည့်ရတာ ရိုးသားပုံရတယ်၊ အပြောအဆို ကလည်း ရဲရင့်ပြတ်သားတယ်။ မင်းရဲ့နာမည်ကို ပြောပြစမ်း'

'သီရိဖြတ်ကမ္ဘန်'

'အလုပ်အကိုင်ကကော'

'အိုးမဲ့ အိမ်မဲ့ အနာဂတ်အတွက် မျှော်လင့်ချက်ကင်းမဲ့တဲ့ အညတရ လူငယ်တစ်ယောက်ပဲ ဖြစ်ပါသည်တော်ပါ'

'အေး ခုလို ရှင်းရှင်းလင်းလင်း သိရတာ ကောင်းတယ်။ ကဲ သခင်မ ကို ဆောင်းတူးမြို့စားကြီးရဲ့ စံအိမ်တော်ကို ရောက်အောင် ပို့ပေးစမ်းပါ'

ပန်းလှိုင်ထိပ်ထား သီရိမာလာက အကူအညီ တောင်းလိုက်သည်။

'အခြေအနေမရှိတဲ့ သူတစိမ်းတစ်ယောက်ကို စိတ်ချယုံကြည်ပါသလား'

'မင်းရဲ့မျက်နှာကို မြင်ရကတည်းက မင်းဟာ စိတ်ချယုံကြည်ရမယ့် လူငယ်ဖြစ်ကြောင်း သခင်မက သိလို့ အကူအညီ တောင်းတာပါ။ သခင်မ အသက်တော့ လူကဲခတ်တတ်ပါသေးတယ်။ ကဲ သခင်မကို စခ်သည်တော်ရဲ့ မြင်းပေါ်မှာတင်ပြီး ဆောင်းတူးမြို့စားကြီးရဲ့ စံအိမ်တော်အရောက် ပို့ပေးစမ်းပါ'

သီရိမာလာ သခင်မသည် ပြောပြောဆိုဆို လှည်းယဉ်အနီးသို့ ချဉ်းကပ် လာသော သီရိဖြတ်ကမ္ဘန်အား လက်ကမ်းပေးလိုက်ရာ သီရိဖြတ်ကမ္ဘန်သည် သခင်မလေးငယ်ကို ပွေ့ချီသလို ပွေ့ချီပြီး သီရိမာလာအား မိမိ၏ ရှေ့မှတင်ပြီး မြင်းစီးဆောင်လာခဲ့ပေသည်။

သီရိမာလာမှာ အသက်အရွယ်ကြီးရင့်ပြီး အဘွားအိုတစ်ပိုင်း ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



...သည်း ကိုယ်လုံးကိုယ်ထည် သေးကွေးပြီး ကျစ်ကျစ်လျစ်လျစ် ရှိပေသည်။ ...အရ အနည်းငယ်တွန့်နေသည်မှလွဲ၍ နုပျိုစိုပြည်လျက်ပင် ရှိပေသည်။ သီ... ...မာလာ ဝတ်စားဆင်ယင်ထားသည့် ဝတ်လဲတော်များမှာလည်း သီရိမာလာ၏ အချိုးအဆစ် ကျစ်လျစ်ပြေပြစ်သည့် ကိုယ်လုံးကိုယ်ထည်ကို ပေါ်လွင်စေပြီး ဝါဝင်းစိုပြည်သည့် အသားအရေကို ပိုမို၍ ပေါ်လွင်ထင်ရှားစေပေသည်။

သီရိဗြတ်ကမွန်သည် သီရိမာလာ၏ နုပျိုစိုပြည်သည့် ရုပ်ရည်ကို တစ်စိမ့်စိမ့်ကြည့်ရင်း ဖြည်းဖြည်းနှင့်မှန်မှန် ခရီးနှင်ခဲ့ပေရာ သီရိမာလာသည် ကတ္တီပါမွေ့အုံးပေါ်တွင် ခြေနှစ်ဖက်တွဲလောင်းချ၍ သီရိဗြတ်ကမွန်၏ ရင်ခွင်တွင် လိုက်ပါလာခဲ့ရာမှ မိမိ၏ ဝါဝင်းသော သလုံးသားနှင့် ကတ္တီပါပုံတော်ဖိနပ် ဝတ်ဆင်ထားသည့် ခြေဖျားများကို သီရိဗြတ်ကမွန် ဂရုတစိုက် ကြည့်ရှုနေသည် ကို မြင်ရသောအခါ ရှက်စနိုးသည့် အမူအရာဖြင့် ထဘီစကို ဆွဲချလိုက်သည်။

'သခင်မရဲ့ သလုံးသားကို ဘာဖြစ်လို့ ငေးစိုက်ကြည့်နေရတာလဲ အမယ်အိုရှုတ်တွကြီးရဲ့ သလုံးသားကို မြင်ရတော့ ရွံ့ရှာတဲ့ စိတ်တွေ ဖြစ်မ... မလာဘူးလား'

'အမယ်အိုသာ ဆိုရပါတယ်၊ အသားအရေက နုပျိုစိုပြည်နေတုန်း... တအံ့တဩ ကြည့်နေမိတာပါ။ အင်မတန် သီလကောင်းလို့သာ အရွယ်တော် တင်တာပါ'

'သခင်မ အရွယ်တော်တင်တယ်၊ ဟုတ်လား။ သခင်မ ငယ်ငယ်တုန်း ကသာ စစ်သည်တော်ကြီး မြင်ရရင် ဥမ္မာဒန္တီကို မြင်ရတဲ့ သိဝိဘုရင်ကြီး ရူးသွားသလို စစ်သည်တော်ကြီးပါ ရူးသွားမှာ သေချာတယ်။ သခင်မ ငယ်ငယ် ရွယ်ရွယ်တုန်းကဆိုရင် တစ်နန်းတော်လုံးက ငေးကြည့်ရအောင် လှတယ်။ သခင်မလောက် ချောတဲ့လှတဲ့ အမျိုးသမီးဆိုလို့ ရှင်စောပု ဘုရင်မကြီး တစ်ယောက် တည်း ရှိတယ်။ သခင်မ ချောသလောက် လှသလောက် သခင်မရဲ့ တူမတော် တွေ မီအောင်မလိုက်နိုင်ကြဘူး။ တူမတော် နှင်းကေသရာကို စစ်သည်တော်ကြီး မြင်ဖူးကောင်း မြင်ဖူးလိမ့်မယ်။ နှင်းကေသရာ လှတယ်ဆိုတာ သခင်မကြီး အိပ်နေသလောက် ရှိသေးတယ်။ တူမတော် နှင်းဧကရီလည်း ချောတာပဲ။ ဒါပေမဲ့ သခင်မ ငယ်ရွယ်စဉ်ကလောက် ကျက်သရေ မရှိဘူး'

'ရှင်စောပု ဘုရင်မကြီး ငယ်ရွယ် ပျိုမျစ်စဉ်က သူမတူအောင် ချော... လှပကြောင်း သတင်းစကားတော့ ကြားဖူးပါတယ်။ ဒါပေမဲ့ သခင်မလော... တော့ ချောလိမ့်မယ် မထင်ဘူး'

'သခင်မလောက် မချောပေမဲ့ သူက ဘုရင်မကြီး ဖြစ်နေပြီ မဟုတ်လား





...ယ်စဉ်တုန်းက ဆိုရင်လည်း သူက ဘုရင့်သမီးတော်ဆိုတော့ ဘုရင့်ပုဆိုး ...ည်ပဲ ဆိုသလို နဂိုအချောအလှကို မွမ်းမံပြင်ဆင်ထားလိုက်တော့ သိပ်ချော ...နေတာပေါ့။ ဒါကို အသာထားပြီး ဆောင်းတူးမြို့စားကြီးရဲ့ ငံအိမ်ဆော် ...ခံသည်တော်ကြီး ရောက်ဖူးသလား'

'ဆောင်းတူးမြို့စားလေးရဲ့ ဖိတ်ခေါ်ချက်အရ မြို့စားလေးရဲ့ ငံအိမ် ...မှာပဲ ကျွန်တော် တည်းခိုနေထိုင်ပါတယ်'

သီရိဗြတ်ကမွန်က အဖြေပေးလိုက်ရာ သီရိမာလာ သခင်မမှာ အံ့အား ...သွားပေသည်။

'ဟင် ဟုတ်လား၊ အဆင်သင့်လိုက်လေ။ ဒါထက် နေပါဦး။ တူတော် ...ဗညားအိမ်နဲ့ အတော်ရင်းနှီးသလား'

'ရင်းနှီးတယ်ဆိုတဲ့ စကားထက် မြို့စားလေးရဲ့ ချီးမြှင့်မြှောက်စားခြင်း ...ခံယူနေရသူ ဖြစ်တယ် ဆိုတဲ့ စကားက ပိုပြီး မှန်ပါလိမ့်မယ်'

'ဗညားအိမ် ချီးမြှင့်မြှောက်စားတာကို ခံယူရတယ် ဆိုရင်တော့ ...ကောင်းတော့ဘူး။ ဗညားအိမ်အကြောင်း သခင်မ အသိဆုံးပဲ။ အရွယ်နဲ့ ...အောင် အရက်သေစာ သောက်စားမူးယစ်ပြီး ရမ်းကားနေဖို့လောက်ပဲ ...ယ်။ မြို့စားလေး ရာထူးနဲ့ မထိုက်တန်ဘူး'

'မြို့စားလေး အပေါ်မှာ ဒီလောက်တောင် အထင်မသေးသင့်ပါ'

'အထင်သေးလို့ ပြောနေတာ မဟုတ်ဘူး။ သခင်မရဲ့ တူတော်မောင် ...ကြောင်း သခင်မ အသိဆုံးပဲ။ သူတို့မောင်နှမနှစ်ယောက်စလုံး တစ်ယောက်မှ ...ကောင်းဘူး။ မာန်မာနတွေ ထောင်လွှားလိုက်တာလည်း လွန်ရော။ ပြီးတော့ ...မကြီးကို ကာပြန်ချင်သေးတယ်။ နှင်းကေသရာဆိုတဲ့ သူငယ်မကလည်း ...နားထင်ရောက်နေတာပဲ။ ဘယ်ယောကျ်ားမှ သူနဲ့မထိုက်တန်ဘူးလို့ ...နေတာ။ ဒီသူငယ်မကြောင့်လည်း ခက်သေးတယ်။ ဒီအသက် ဒီအရွယ် ...အောင် အိမ်ထောင်မပြုသေးတာသာ ကြည့်တော့'

'သခင်မ ပြောသလို ဟုတ်မယ် မထင်ပါဘူး'

'ဘာဖြစ်လို့ မဟုတ်ရမှာလဲ။ သခင်မရဲ့ တူမတော်အကြောင်း သခင်မ ...မင်းက ပိုပြီး သိနိုင်မှာလား။ နှင်းကေသရာလောက် မာနကြီးတဲ့မိန်းမ ...ဖူးသေးဘူး။ ယောကျ်ားတွေကို သူ့ခြေဖဝါးအောက်က မြေမှုန့်လောက် ...ဒီသားချင်တဲ့မိန်းမ မဟုတ်ဘူး၊ ဘုရင်မကြီးကိုတောင် အာခံတဲ့မိန်းမ'

ပန်းလိုင်ထိပ်ထား သီရိမာလာ သခင်မက ဒေါနှင့်မောနှင့် ပြန်... ...လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သခင်မ ပြောသလို မဟုတ်ပါဘူး။ နှင်းကေသရာ သခင်မဟာ ဘုရင်မကြီးအပေါ်မှာ အသက်ပေးပြီး ကျေးဇူးသစ္စာ စောင့်သိရှိသေပါတယ်။ ခုလို့တဲ့လူတွေ ကုန်းချောတာကို နားမဝင်ပါနဲ့'

သီရိဖြတ်ကမ္ဗန်က နှင်းကေသရာအား ကာကွယ်ပြီး ပြောလိုက်ရာ ဝန်းလိုင်ထိပ်ထား သီရိမာလာ သခင်မသည် မျက်မှောင်ကြုတ်ပြီး သီရိဖြတ်ကမ္ဗန်၏ မျက်နှာကို စေ့စေ့ပြန်ကြည့်လိုက်သည်။

'နှင်းကေသရာဟာ သခင်မရဲ့ တူမတော်ပါ။ ကြားလူတွေ ကုန်းချောတာကို သခင်မ နားဝင်ပြီး တစ်ဖက်သတ် ပြောနေတာ မဟုတ်ဘူး။ သခင်မရဲ့ တူမအကြောင်း သခင်မ သိလို့ပြောနေတာ။ နှင်းကေသရာကို ရှင်စောပု ဘုရင်မကြီးက သမီးတော်နဲ့မခြား ခင်မင်လေးစားတော်မူတယ်။ သူများတကာထက် ပိုပြီး အရေးပေးတော်မူတယ်။ ဒီကျေးဇူးတရားတွေကို ထောက်ထားရမှန်း မသိဘဲ ဘုရင်မကြီးကို အာခံတာ ကောင်းသလား။ ဘုရင်မကြီးရဲ့ ကျေးဇူးရှင် ဖြစ်ရုံသာမက ရာဇသတ်၊ ဓမ္မသတ်မှာ ကျွမ်းကျင်လိမ္မာတဲ့ ရှင်ဓမ္မစေရ လူထွက်ကို သမီးတော်နဲ့ လက်ထပ်တော်မူပြီး နန်းလျာထားတာကို တူမတော်နှင်းကေသရာ လူသိရှင်ကြား ကန့်ကွက်ခဲ့တယ် မဟုတ်လား။ ဒါဟာ သူ့အလုပ်လား။ သူ ဘယ်လောက်များ နားလည်လို့လဲ။ ဒါဟာ ဘုရင်မကြီးကို အာခံတာ မဟုတ်လား။ ကျေးဇူးတရား မသိတတ်တဲ့ မိန်းမ'

သီရိမာလာ အလျှော့မပေးဘဲ စိတ်ရှိလက်ရှိ ပြောချလိုက်ပြန်သည်။

'ဒီစကား ဒီမှာတင် ရပ်ပါတော့။ ကျွန်တော် တောင်းပန်ပါတယ်'

'တောင်းပန်ပါတယ် ဟုတ်လား၊ ဘာဖြစ်လို့ တောင်းပန်ရတာလဲ။ နှင်းကေသရာကို စစ်သည်တော်ကြီးက ဘာဖြစ်လို့ အကာအကွယ်ပေးနေရတာလဲ။ နှင်းကေသရာဟာ သခင်မရဲ့ တူမတော် အရင်းခေါက်ခေါက်ပါ။ ဒါပေမဲ့ တူမတော် မကောင်းရင် မကောင်းကြောင်းတော့ ပြောရမှာပဲ။ သခင်မ ပြောစရာရှိရင် ပြောချလိုက်ရမှ ရင်ထဲမှာ ပေါ့သွားတာ၊ မပြောဘဲကို မနေနိုင်ဘူး။ စစ်သည်တော်ကြီး မပြောနဲ့၊ ဘုရင်မကြီးရဲ့ ခမည်းတော် ရာဇဓိရာဇ်ဘုရင်ကြီး တောင် သခင်မကို တောင်းပန်လို့မရဘူး။ ပြောစရာရှိရင် ဘုရင်သောဘာသော မရှောင်ဘူး၊ ပြောချလိုက်ရမှ ကျေနပ်တာ။ ရာဇဓိရာဇ် ဘုရင်ကြီးလောက် ဘုန်းတန်ခိုးကြီးမားတဲ့ဘုရင် ရှိသေးလို့လား။ ဒါကိုတောင် သခင်မ အလျှော့ မပေးဘူး။ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောချလိုက်တာပဲ။ ဒါကို အသာ ထားပြီး နှင်းကေသရာအကြောင်း ဆက်ပြောရဦးမယ်။ နှင်းကေသရာဟာ သခင်မရဲ့ တူမတော်ဖြစ်ပေမယ့် သခင်မနဲ့ မတူဘူး။ မာနထောင်လွှားတဲ့ မိန်း





နှင်ယောက်မရှိဘူး။ နှစ်ဦးနှစ်ဖက်သော လူကြီးမိဘတွေ သဘောတူ စေ့စပ်ကြောင်းလမ်းထားတဲ့ မိုးအုံးနောင်နဲ့ လက်ထပ်ဖို့ကိစ္စကို နေ့ရွှေ့ညရွှေ့နဲ့ ရွှေ့ဆိုင်းထား ကြည့်ပါလား။ ဘယ်ယောကျ်ားမှ သူနဲ့ ထိုက်တန်တယ် မထင်ဘူး၊ ထင် သွေးနားထင်ရောက်တဲ့ မိန်းမ။ သခင်မတို့ ခေတ်ကနဲ့ ကွာတယ်၊ သခင်မတို့ ခေတ်ကဆိုရင် ယောကျ်ားတွေဟာလည်း ကျားကျားလျားလျားနဲ့ ယောကျ်ား ပီသတယ်။ မိန်းမကို ကြည့်ဦးမလား၊ တကယ့်ကို မိန်းမ ပီသတယ်။ ခုခေတ်မိန်းမတွေလို မူယာမာယာတွေ မများပါဘူး။ ချစ်ရေးကြိုက်ရေး ကောင်ရေးက စပြီး ပွင့်ပွင့်လင်းလင်းပဲ။ ကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး တစ်ခွန်းတည်းနဲ့ ကိစ္စပြီးတယ်။ တူမတော် နှင်းကေသရာတို့များ ကြည့်စမ်းပါဦး။ ဘယ်ယောကျ်ားမှ သူနဲ့ မထိုက်တန်ဘူးဆိုပြီး သူနဲ့ စေ့စပ်ကြောင်းလမ်းထားတဲ့ မိုးအုံးနောင်ကို ဘေးကန်ထုတ်တယ်။ အခုအချိန်အထိ ရွှေ့နေတာနဲ့ပဲ အချိန်ကုန်နေတယ်။ ဒါလောက်တောင် လင်စံရွေးတဲ့မိန်းမ ဘယ်သူနဲ့ ညားမှာ မြင်ယောင်သေးတယ်'

သီရိမာလာသခင်မသည် ပြောစရာရှိလျှင် မညှာမတာ ပြောတတ်သူ ဖြစ်သဖြင့် စိတ်ထဲတွင် ရှိသမျှ အိတ်သွန်ဖာမှောက် ကရားမှ ရေလွှတ်သလို တွတ်တွတ်ပြောနေပေရာ သီရိဖြတ်ကမ္ဗန်မှာ နှင်းကေသရာကို ထိလာသဖြင့် စိတ်ထဲတွင် အောင့်သက်သက် ဖြစ်လာပေသည်။

'သခင်မကြီး ပြောတဲ့စကားဟာ တစ်ခွန်းမှ မမှန်ပါဘူး။ လူတစ်ဖက်သား အပေါ်မှာ ဒါလောက်တောင် မှိုချိုးမျှစ်ချိုး ပြောဖို့ မသင့်လျော်ပါဘူး'

သီရိဖြတ်ကမ္ဗန်က ပြန်ပြောလိုက်သည်။ သီရိမာလာ သခင်မအား သခင်မကြီးဟု ပြောင်းလဲပြီး ခေါ်လိုက်သည်။

'မှိုချိုးမျှစ်ချိုး ပြောနေတာ မဟုတ်ဘူး။ ကိုယ့်တူမ့ဖြစ်ကြောင်း သိလို့ ပြောနေတာ။ ဘာလဲ၊ စစ်သည်တော်ကြီးက နှင်းကေသရာကို ထိလို့ မချိအောင် နာနေတာလား။ မချိအောင် နာရုံမကပဲ လဲသေချင်သေ၊ ပြောစရာ ရှိတာတော့ ပြောမှာပဲ'

'ဒီစကား ဒီမှာတင် ရပ်တန်းက ရပ်ရင် ကောင်းပါလိမ့်မယ်၊ သခင်မကြီး၊ ကျွန်တော် တောင်းပန်ပါတယ်'

'စစ်သည်တော်ကြီး မပြောနဲ့၊ နတ်ရွာစံ ရာဇဓိရာဇ်ဘုရင်ကြီး တောင်းပန်တာတောင် မရပါဘူးလို့ ပြောထားပြီးပြီ မဟုတ်လား။ မိုးအုံးနောင်က ကိုယ်တိုင် လာပြီး တောင်းပန်ပါစေ၊ မရသေးဘူး။ ပြောစရာရှိတာ ပြောရမှ ကျေနပ်တဲ့ မိန်းမ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းလှပါပြီ၊ သခင်မကြီး ပြောစရာရှိတာကို လွတ်လွတ်လပ်လပ် ပြောချင်တိုင်း ပြောနိုင်အောင် ဒီနေရာမှာပဲ သခင်မကြီးကို ချထားခဲ့ပါရစေ ကျွန်တော့်ရှေ့မှာ ပြောတာတော့ နားမခံနိုင်လွန်းလို့ တောင်းပန်တာပါ'

သီရိဖြတ်ကမွန်က တောင်းပန်သလိုလိုနှင့် မြင်းပေါ်မှ ဆင်း... ပြောလိုက်သည်။

'သခင်မကို ဒီနေရာမှာ ချထားခဲ့မယ် ဟုတ်လား။ ဒါဖြင့် မြို့စား... ရဲ့ စံအိမ်တော်ကို ရောက်အောင် သခင်မ ဘယ်လိုလုပ် သွားရမှာလဲ'

'သခင်မကြီးမှာ ခြေနှစ်ချောင်း ရှိသားပဲ'

'ဘာလဲ၊ လူသူမနီးတဲ့ တောကြီးမျက်မည်းထဲမှာ သခင်မကို တစ်ယော... တည်း ထားခဲ့မယ်ပေါ့လေ။ သတ္တိရှိရင် ထားခဲ့စမ်းပါလား။ သခင်မအကြောင်း... သိရမှာပေါ့'

'ဒါဖြင့် ကောင်းပါပြီ။ သခင်မအကြောင်း သိရအောင် မြင်းပေါ်... ဆင်းတော်မူပါ'

'ဘာဖြစ်လို့ ဆင်းရမှာလဲ၊ သတ္တိရှိရင် တွန်းချပါလား။ ယော... လက်ချောင်းတွေနဲ့ မင်းရဲ့မျက်လုံးကို ထိုးဖောက်ပြီး မင်းရဲ့လည်ပင်းကို အ... ဖက်ထားလိုက်မှာပေါ့။ သတ္တိရှိရင် စမ်းကြည့်ပါလား၊ အမယ်အို ရွှတ်တွဆို... သတ္တိမခေဘူးပေ့ာ .... သိရဲ့လား'

သီရိမာလာ သခင်မသည် သီရိဖြတ်ကမွန်နှင့် မျက်နှာချင်းအပ်... လက်သည်းချောင်းကောက်ကောက်ထိုးကာ ရန်တွေ့လိုက်သည်။ သီရိဖြတ်ကမွန်မှာ အံ့အား... သင့်နေပြီး တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် သီရိမာ... အား ငေးစိုက်ကြည့်နေမိပေသည်။

'လာလေ .... သတ္တိရှိရင် တွန်းချလေ။ သတ္တိလည်း မရှိဘဲနဲ့၊ ကြွား... ကြီးလိုက်တာ'

သီရိမာလာ သခင်မက မဲ့ကာရွဲ့ကာဖြင့် စိန်ခေါ်လိုက်သည်။

'မိခင်အရွယ် မို့လို့သာ၊ ငယ်ငယ်ရွယ်ရွယ်သာ ဆိုရင်'

သီရိဖြတ်ကမွန်က ကြိတ်မနိုင် ခဲမရသည့် အမူအရာဖြင့် ပြန်... လိုက်ရာ သီရိမာလာသည် သီရိဖြတ်ကမွန်နှင့် မျက်နှာချင်းအပ်၍ စေ့စေ့... လိုက်သည်။

'ဘာလဲ၊ ငယ်ငယ်ရွယ်ရွယ်သာဆို ဖက်နမ်းလိုက်ချင်သေးလို့...'

သီရိမာလာက ပြန်ပြောလိုက်ရာ သီရိဖြတ်ကမွန်မှာ မျက်နှာ... တတ်အောင် ဖြစ်သွားပြီး တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ ပါးစပ်အဟော... သား ဖြစ်သွားပြန်သည်။





သီရိမာလာမှာမူ သီရိဖြတ်ကမွန်၏ အကဲကို စမ်းလိုက်ရသဖြင့် ...သည့် အမူအရာဖြင့် ပြုံးစိစိ ဖြစ်နေပေသည်။ ထိုအခါကျမှ သီရိဖြတ်ကမွန် ...မိမိ၏အကဲကို စမ်းနေကြောင်း ရိပ်စားမိကာ နှင်းကေသရာအား ခုခံ ...ယ်ပြီး ပြောခဲ့မိသည့်အတွက် လိပ်ပြာမသန့်ဖြစ်ကာ ရှက်သွေးလျှမ်းသွား ...မျက်နှာတစ်ခုလုံး နီရဲသွားပေသည်။

'လက်စသတ်တော့ ဒီလိုကိုး၊ စစ်သည်တော်ကြီးရဲ့ အကဲကို စမ်း...တာ ဘွားခနဲပေါ်လာပြီ မဟုတ်လား။ မိန်းမမာယာသဲကိုးဖြာဆိုတာ ဒါပဲ ...ည်ရဲ့လား။ အင်း .... လက်စသတ်တော့ တူမတော် နှင်းကေသရာကို ...ည်တော်ကြီး မျက်စိကျနေတာကိုး။ ဒါကြောင့် နှင်းကေသရာကို ထိရင် ...အောင် နာနေတာ မဟုတ်လား။ သခင်မကို မှန်မှန်ပြောစမ်း'

သီရိမာလာသခင်မသည် ပြုံးစိစိအမူအရာဖြင့် မေးလိုက်ပြန်သည်။ ...ဖြတ်ကမွန်မှာမူ တစ်ခွန်း တစ်ပါဒမျှ ပြန်မပြောနိုင်ဘဲ တုဏှိဘာဝေ ...တ်သာ နေပေသည်။

'ဆိတ်ဆိတ်နေတာဟာ ဝန်ခံတာပဲ မဟုတ်လား။ တူမတော် နှင်း...ရာကိုမှ စစ်သည်တော်ကြီး မျက်စိကျတတ်ပလေ။ နှင်းကေသရာနဲ့သာ ...င် စစ်သည်တော်ကြီး ခေါင်းမွေးတွေ ပြောင်မှာပဲ'

သီရိမာလာက ရယ်သွမ်းသွေးပြီး ပြောလိုက်ပြန်သည်။

'သခင်မကြီး ထင်သလို မဟုတ်ပါဘူး'

'ဘာလဲ၊ ခေါင်းမွေးမပြောင်ပါဘူးလို့ ပြောချင်လို့လား။ သခင်မရဲ့ ...တ်အကြောင်း သခင်မလောက် ဘယ်သူမှ မသိဘူး'

'ဒါကို ပြောနေတာ မဟုတ်ဘူး'

'ဒါကို ပြောနေတာ မဟုတ်ဘူး ဆိုရင် ဘာကို ပြောချင်တာလဲ။ ...သရာကို စစ်သည်တော်ကြီး မျက်စိကျနေတယ် မဟုတ်ဘူးလို့ ငြင်းချင် ...ဒါကိုတော့ ပင်ပန်းခံပြီး ငြင်းမနေနဲ့။ စစ်သည်တော်ကြီးရဲ့ မျက်လုံးက ...ပြောတာ ဟုတ်မှန်ကြောင်း ဝန်ခံပြီးသား ဖြစ်နေပြီ။ ဒါကို အသာထား ...တော် နှင်းကေသရာကကော စစ်သည်တော်ကြီး မျက်စိကျနေတာကို ...မဟုတ်လား'

သီရိမာလာက ပရိယာယ်ဖြင့် စကားတောင်းလိုက်သည်။

'မသိပါဘူး'

သီရိဖြတ်ကမွန်က လွှတ်ခနဲ အဖြေပေးလိုက်ပြီးမှ မိမိထံမှ စကား... သီရိမာလာ သခင်မက ပရိယာယ်ဖြင့် စကားတောင်းလိုက်ခြင်း ...ကို စဉ်းစားမိသဖြင့် မျက်မှာမထားတတ်အောင် ဖြစ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီရိမာလာ သခင်မမှာမူ မိမိ သိလိုသည့် အချက်ကို သိရသဖြင့် တခိခိနှင့် ဖြစ်နေပေသည်။

'မသိသေးဘူး ဟုတ်လား၊ စစ်သည်တော်ကြီး သိပ်ညံ့သေးတာပါ… အာဖြစ်လို့ သိအောင် ဖွင့်မပြောတာလဲ'

သီရိမာလာ မရမက မေးနေပြန်သည်။

'တော်ပါတော့၊ ဒီစကား ဒီမှာတင် ရပ်ပါတော့။ သခင်မကြီး… ကျွန်တော် တောင်းပန်ပါတယ်'

'နေပါဦး၊ စစ်သည်တော်ကြီးရဲ့ နာမည်ကဖြင့် သီရိဖြတ်ကမွန် မဟုတ်လား'

'မှန်ပါတယ်'

'ဒီနာမည်ကို သခင်မ ကြားဖူးသလိုလိုပဲ။ ဒလတိုက်ပွဲမှာ စစ်သည်တော်ကြီး ရှေ့တန်းကပါဝင်ပြီး ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ပါတယ်'

'သေမင်းနဲ့ စစ်ခင်းပြီး တိုက်ပွဲဝင်ခဲ့ပါတယ်'

'မြောင်းမြတိုက်ပွဲမှာ ရန်သူ့လက်ချက်နဲ့ ဒဏ်ရာ ရခဲ့သေးတာ မဟုတ်လား'

'ဒါလည်း မှန်ပါတယ်၊ ကံကောင်းလို့ မသေတာပါ'

'သီရိဖြတ်ကမွန် ဆိုတဲ့ နာမည်က ယောကျ်ားပီသတဲ့ နာမည်… ဒါထက် စစ်သည်တော်ကြီး တိုက်ပွဲအသီးသီးမှာ ရှေ့တန်းကနေ ရှုပ်ရှုပ်ချွံ… တိုက်ပွဲဝင်ခဲ့တဲ့အတွက် ဘယ်လို ဆုတော်လာဘ်တော်များ ရခဲ့ပါသလဲ၊ ဘယ်… ရာထူးဌာနန္တရများ ချီးမြှင့်ခြင်း ခံရပါသလဲ'

'ဆုတော်လာဘ်တော်ကို မျှော်မှန်းပြီး တိုက်ပွဲဝင်ခဲ့ခြင်း မဟုတ်ပါ… မည်သည့် ရာထူးဌာနန္တရကိုမှလည်း အလိုမရှိပါ။ နိုင်ငံတော်အတွက် အသက်… ပြီး တိုက်ပွဲဝင်ရင်း ရခဲ့တဲ့ ဒဏ်ရာများမှ ကျန်ရှိခဲ့တဲ့ အမာရွတ်များသာ… ကျွန်တော်အဖို့ အမွန်မြတ်ဆုံးသော ဆုတော်လာဘ်တော်များ ဖြစ်ပါတယ်'

'ဒီလိုဆိုတော့လည်း စစ်သည်တော်ကြီးရဲ့စိတ်ထား မြင့်မြတ်ပေသား… ဒါထက် စစ်သည်တော်ကြီးဟာ ဒေးပသွယ်ဇာတိ မဟုတ်လား'

'မှန်ပါတယ်'

'မိဘဆွေမျိုးတွေကော'

'မရှိတော့ပါဘူး၊ အနိစ္စ ရောက်ကုန်ကြပါပြီ'

'တစ်ကောင်ကြွက် ဆိုပါတော့'

'မှန်ပါတယ်'





'သခင်မလည်း တစ်ကောင်ကြွက်ပဲ။ စစ်သည်တော်ကြီးနဲ့ သခင်မက …တူကယ်တာနဲ့ ကြီးတာကလွဲရင် ကံတူအကျိုးပေးပဲ။ သခင်မှာ မိဘရေ… မရှိတော့ဘူး။ သားထောက် သမီးခံလည်း မရှိဘူး။ ခင်ပွန်းလည်း အနိစ္စ …သွားပြီ။ သခင်မ တစ်ယောက်တည်း ကျန်တော့တယ်။ ခုလိုအရွယ်မှာ …ခင်မ အားကိုးရမယ့် သားတစ်ယောက်လောက်တော့ ရှိစေချင်စမ်းလှဘယ်'

သီရိမာလာ သခင်မက ညည်းညည်းညူညူ ပြောရင်း ၎င်း၏ …နှာမှာ ညှိုးငယ်၍သွားပေသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ကိုယ့်စိတ်ကူးနဲ့ကိုယ် …ခဲ့ကြရာမှ ပန်းလိုင်ထိပ်ထား သီရိမာလာ သခင်မသည် သီရိဖြတ်ကမွန် …တည်ငြိမ်ရင့်ကျက်သည့် မျက်နှာထား အမူအရာကို မသိမသာ လှည့် …ပြီး အကဲခတ်နေပြန်သည်။

'စစ်သည်တော်ကြီးဟာ အသက်အရွယ်နုနယ်ပေမယ့် ရှင်ရှင်လန်းလန်း …ဘူး။ ဝါတော်ရှစ်ဆယ် ရတဲ့ ဘုန်းတော်ကြီးလို ဣန္ဒြေကြီး တစ်ခွဲသားနဲ့ …လို့ ဖြစ်နေတာလဲ။ ဘာများ အလိုမကျလို့ မျက်နှာတော် "အို" နေရတာလဲ'

သီရိမာလာ သခင်မက မေးခွန်းထုတ်လိုက်ပြန်သည်။

'ကျွန်တော့်ရဲ့ ဘဝအတွေ့အကြုံတွေကို စဉ်းစားပြီး လာခဲ့လို့ပါ။ …နှာထား "အို" တာ မဟုတ်ပါဘူး'

'စစ်သည်တော်ကြီးရဲ့ အတွေ့အကြုံကို ပြောပြစမ်းပါဦး'

'ကျွန်တော့်ရဲ့ ဘဝခရီးက အင်မတန် ကြမ်းတမ်းပါတယ်။ သေမင်းနဲ့ …ခင်းခဲ့ရပေါင်းလည်း များပါပြီ။ ကျွန်တော့်ရဲ့ မျက်စိအောက်မှာ သေမင်းရဲ့ …ကို လိုက်ပါသွားရတဲ့ လူတွေ မနည်းတော့ပါဘူး။ ဒါတွေကို စဉ်းစားမိလို့ပါ'

'ဘာဖြစ်လို့ သေမင်းနဲ့ စစ်ခင်းချင်ရတာလဲ။ ယောကျ်ားဆိုတဲ့ သတ္တဝါ …ဟာ စစ်မတိုက်ရရင် မနေနိုင်ကြဘူး ထင်တယ်။ စစ်တိုက်တမ်း ကစားနေရ …လို့ ခံတွင်းတွေ့နေကြသလား မပြောတတ်ပါဘူး'

'စစ်တိုက်တမ်း ကစားနေကြတာ မဟုတ်ပါဘူး။ သူတစ်ပါးရဲ့ နိုင်ငံ …ကျူးကျော်စော်ကားလို့ စစ်တိုက်ကြတယ်ဆိုရင်တော့ သခင်မကြီး ပြောတဲ့ …မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ပါဝင်တိုက်ခိုက်တဲ့ စစ်ပွဲမှန်သမျှ …သားရဲ့ လွတ်လပ်ရေးကို အကာအကွယ်ပေးတဲ့ တိုက်ပွဲတွေသာ ဖြစ်တဲ့ … မွန်မြတ်တဲ့ တိုက်ပွဲတွေသာ ဖြစ်ပါတယ်. ကျွန်တော်တို့တစ်တွေ …န်းက နေပြီး အသေခံ တိုက်ခိုက်ခဲ့ကြတဲ့အတွက် အပြစ်မရှိတဲ့ အမျိုးသမီး …ကလေးသူငယ်တွေ သူတစ်ပါးရဲ့ စော်ကားခြင်း၊ သတ်ဖြတ်ညှဉ်းဆဲခြင်း



www.burmeseclassic.com

www.burmeseclassic.com



ခံရမယ့်အားက လွတ်မြောက်ခဲ့ကြပြီး စိတ်အေးချမ်းသာ နေနိုင် စားနိုင်ခဲ့
ဘယ် မဟုတ်လား။ ယောကျ်ားတွေ အသေခံ စစ်တိုက်ကြတာဟာ အမျိုးသ
ဆွေနဲ့ ကလေးသူငယ်တွေအတွက် အသက်နဲ့ လဲခဲ့ကြတာပါ။ သွေးဆာ
ခစ်တိုက်နေကြတာ မဟုတ်ပါဘူး'

'ဘာလဲ၊ စစ်သည်တော်ကြီးက ယောကျ်ားတွေကို ထိလို့ မခံနိုင်
ထင်တယ်။ မိန်းမတွေကိုလည်း အထင်မသေးစမ်းပါနဲ့။ သခင်မကြီးကိုယ်တို
သခင်မရဲ့ ခင်ပွန်းနဲ့အတူ စားဆွဲပြီး တိုက်ပွဲဝင်ခဲ့ဖူးပါတယ်။ နိုင်ငံတော်နဲ့ သခ
ချစ်မြတ်နိုးတဲ့ ခင်ပွန်းအတွက် ဆိုရင် သခင်မ သေရမှာ မကြောက်ပါဘ
သခင်မလို သတ္တိခဲ အမျိုးသမီးတွေ အများကြီး ရှိပါသေးတယ်။ ကလေးသူ
တွေအတွက် ဆိုရင်လည်း သခင်မရဲ့ ရင်ကို မြေကတုတ်လုပ်ပြီး ကာကွယ်
သတ္တိရှိပါတယ်။ မိန်းမတွေကို အထင်မသေးပါနဲ့'

ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်မက ရဲရဲတောက် ပြန်
လိုက်ရာ၊ သီရိဖြတ်ကမ္ဘန်သည် သီရိမာလာ၏ စိတ်နေသဘောထားကို တ
ထက် တစ်စ တိုး၍ ကြည်ညိုလေးစား လာပေသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ခရီးဆက်လာခဲ့
ပြန်ရာ မကြာမီ ဆောင်းတူးမြို့စား၏ စံအိမ်တော်မှ ဘုံအဆင့်ဆင့်ကို ရေ
မြင်ရသည့်နေရာသို့ ရောက်မှန်းမသိ ရောက်ရှိလာကြပေသည်။

'သခင်မကြီး ရှုတော်မူပါ။ ဟိုရှေ့က ဘုံအဆင့်ဆင့်ဟာ ဆောင်း
မြို့စားကြီးရဲ့ စံအိမ်တော်ဖြစ်ပါတယ်'

သီရိဖြတ်ကမ္ဘန်က စံအိမ်တော်ကို ညွှန်ပြရင်း ပြောလိုက်ရာ သီ
မာလာ သခင်မသည် အံ့အားသင့်သည့် အမူအရာဖြင့် လှမ်းကြည့်လိုက်သ

'ဆိုင်းမဆင့် ဗုံမဆင့် မြို့စားကြီးရဲ့ စံအိမ်တော်ကိုတောင် ရောက်
ကြမှကိုး။ ဒါလောက်နီးမှန်း အစက မသိရဘူး'

'မြို့တွင်းသို့ ဝင်ရတော့မှာ ဖြစ်တဲ့အတွက် သခင်မကြီး မြင်းပေါ်
လိုက်လာလို့ တော်ပါ့မလား။ လူတွေမြင်ရင် ကဲ့ရဲ့စရာများ ဖြစ်နေမလ
မြင်းပေါ်က ဆင်းပြီး ခြေကျင် ခရီးဆက်ကြရရင် မကောင်းပါလား'

သီရိဖြတ်ကမ္ဘန်က အကြံပေးလိုက်ရာ သီရိမာလာက ခေါင်းကို အ
ခါလိုက်သည်။

'ဘယ်သူကဲ့ရဲ့မှာကိုမှ အရေးစိုက်နေစရာ မလိုဘူး။ ဘာလဲ၊ စစ်သ
တော်ကြီးရဲ့ ရင်ခွင်ထဲမှာ သခင်မ လိုက်ပါလာတာကို လူမြင်သွားမှာ ရှက်





အမယ်အိုအရွယ်မို့ စစ်သည်တော်ကြီးရဲ့ မြင်းပေါ်မှာ တင်ခေါ်သာတာ
မြင်မှာ ရှက်တယ်ပေါ့လေ'

'မဟုတ်ရပါဘူး။ ကျွန်တော့်အပေါ် စိတ်ချယုံကြည်စွာနဲ့ ကျွန်တော်နဲ့
မှာ ကျွန်တော်နဲ့အတူ စီးနင်းလိုက်လာတာကို ဂုဏ်ယူမိပါသေးတယ်'

သီရိဖြတ်ကမ္ဘန်က တည်ငြိမ်သည့် အမူအရာဖြင့် ပြန်ပြောလိုက်ရာ
လာသည် ကျေနပ်သွားပုံ ရပေသည်။

'စစ်သည်တော်ကြီးရဲ့ ရိုးသားတည်ကြည်တဲ့ အမူအရာကို ကြည့်
အားဖြင့် စစ်သည်တော်ကြီး ပြောလိုက်တဲ့ စကားတွေဟာ စိတ်ရင်းစေတနာ
ပြောလိုက်ခြင်း ဖြစ်တယ် ဆိုတာ သခင်မ ယုံကြည်တယ်။ ဒါထက်
က သခင်မ ပြောတဲ့ စကားတွေကြောင့် သခင်မ အပေါ်မှာ စိတ်ခု
လား။ သခင်မကို နှုတ်သီးကောင်း လျှာပါး၊ စွာကျယ်ကျယ် အမျိုးသမီး
မထင်ဘူးလား'

'စိတ်မခုမိပါဘူး။ စွာကျယ်ကျယ် အမျိုးသမီးကြီးလို့လည်း မထင်မိ
ဒါပေမဲ့ ပြောစရာရှိရင် မညှာမတာပြောတတ်ပြီး ပရိယာယ်မာယာ
တဲ့ အမျိုးသမီး ဖြစ်ကြောင်းတော့ ရိပ်စားမိခဲ့ပါတယ်'

'ပရိယာယ်မာယာ ကြွယ်ဝတယ် ဟုတ်လား။ သခင်မကို မာယာရှင်
နေသလား။ စစ်သည်တော်ကြီးကို သခင်မက ပရိယာယ်မာယာနဲ့
ဆင်နေတယ်များ ထင်နေသလား'

'ဒီလို မဟုတ်ရပါဘူး။ ကျွန်တော့်ရဲ့ အတွင်းမနေမှာ ဖြစ်ပေါ်နေတဲ့
ချက်တွေကို ပေါ်လွင်လာအောင် ပရိယာယ်မာယာသုံးပြီး ဖော်ထုတ်
ကို ချီးကျူးအံ့ဩနေတာပါ။ သခင်မအပေါ်မှာ အထင်မသေးပါဘူး။
နဲ့ ကိုယ်ချစ်မြတ်နိုးတဲ့ ခင်ပွန်းအတွက် အသက်နဲ့လဲပြီး ဓားဆွဲ၊ တိုက်ပွဲ
ရဲရဲတောက် အမျိုးသမီးကြီးရဲ့ စွမ်းရည်သတ္တိကို ကျွန်တော် မလေးစားဘဲ
ဘူး။ သခင်မကြီးဟာ အသက်အရွယ် ကြီးရင့်ပေမယ့် ရဲစွမ်းသတ္တိနဲ့
ဖြစ်တဲ့အတွက် လူသာ အိုသော်လည်း စိတ်ပျိုပြီး ကိုယ်နုနေသု
တယ်'

'စစ်သည်တော်ကြီး ပြောလိုက်တဲ့ စကားတွေကိုကြားရတော့ သခင်မ
အောင် ပြန်လာတယ်။ ကုန်ခဲ့တဲ့ နှစ်တွေ၊ လတွေ၊ ရက်တွေကို နှမြော
ငိုချင်သလိုလို ဖြစ်လာတယ်။ သခင်မတို့ ခေတ်ကဆိုရင် အမျိုးသမီး
ယောကျ်ားတွေနဲ့တန်းတူ ရင်ပေါင်တန်းပြီး နိုင်ငံတော်အတွက် အသက်ကို
တယ်။ ဘုရင်မကြီးကိုယ်တော်တိုင် နိုင်ငံတော်ရဲ့အကျိုးကို မျှော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အင်းဝဘုရင်ရဲ့ မိဖုရားကြီးအဖြစ် ဆက်သခြင်းကို စိတ်ဆင်းရဲ ကိုယ်ဆင် ခံပြီး ကျေကျေနပ်နပ် လက်ခံတော်မူခဲ့တယ်။ ကိုယ်ကျိုးကို စွန့်လွှတ်ဖို့ ဝန်မလေ ကြဘူး'

'သခင်မကြီးတို့ ခေတ်မှာ ကျွန်တော် လူမဖြစ်ခဲ့ရတာ နစ်နာတယ် အဲဒီလို ခေတ်မျိုးမှာ ကျွန်တော် လူဖြစ်ချင်စမ်းလှတယ်'

'စစ်သည်တော်ကြီး ပြောလိုက်တဲ့ စကားတွေဟာ သခင်မရဲ့ အသည် နှလုံးကို ထိခိုက်သွားစေတယ်။ စစ်သည်တော်ကြီးဟာ သခင်မရဲ့ သားဖြစ် သိပ်ကောင်းမှာပဲ'

သီရိမာလာသခင်မသည် သီရိဖြတ်ကမွန်အား ကြည်လင်တော ပြောင်သည့် မျက်လုံးများဖြင့် ပြန်ကြည့်ရင်း ပြောလိုက်ရာ၊ သီရိဖြတ်ကမွန် မကြုံစဖူး ထူးကဲသည့် အရသာတစ်မျိုးကို ခံစားလိုက်ရပေသည်။

စကားတပြောပြောနှင့် လာခဲ့ကြပေရာ မကြာမီ မြို့စားကြီး၏ စံအိ တော် ရှေ့သို့ ရောက်ရှိလာပေသည်။ စံအိမ်တော်မှာ တိတ်ဆိတ်လျက် ရှိ လူရိပ်လူခြေ မမြင်ရသဖြင့် သီရိမာလာသခင်မသည် စိတ်မရှည်သည့် အမူအ ဖြင့် မြင်းပေါ်မှနေပြီး အသံပြုလိုက်သည်။

'အိမ်သားတွေ ဘယ်ရောက်ကုန်ကြပြီလဲ။ ငါတစ်ယောက်လုံး လ နေတာကိုတောင် ထွက်ပြီး ကြိုဆိုဖော် မရဘူး။ မြင်းခွာသံကိုတောင် မကြ တော့ဘူးလား၊ ဘယ်လို ဖြစ်နေကြတာလဲ'

သီရိမာလာသခင်မက စူးရှသည့် အသံဖြင့် ဝေါက်ငမ်းလိုက် အိမ်ရှေ့တံခါး ပွင့်လာပြီး မြို့စားလေး ဗညားအိမ်၏ လက်စွဲတော် စာ တော်ကြီး အဲမွန်သည် ပျာပျာသလဲ ထွက်လာကာ သီရိမာလာ သခင် ခြေရင်းတွင် ပြားပြားဝပ် ဒူးတုပ်ပြီး ခစားနေပေသည်။

'မင်းဘယ်သူလဲ၊ အဲမွန် မဟုတ်လား။ မင်းရဲ့အရှင်သခင် မြို့စား ဗညားအိမ် ဘယ်ဆီသွားပြီး အလေလိုက်နေသလဲ။ ငါ့ကို မှန်မှန်ပြော နှင်းကေသရာကော ဘယ်မှာသွားပြီး သေနေသလဲ။ ငါမေးတာကို ဖြေစမ်း

သီရိမာလာသခင်မသည် စိတ်မရှည်သည့် အမူအရာဖြင့် အဲမွန် ကြိမ်းလား မောင်းလား လုပ်နေပေသည်။ ထိုအခိုက်တွင် နှင်းကေသရာ သီရိမာလာ၏ အသံကို ကြားသဖြင့် ပျာပျာသလဲ ပြေးထွက်လာပေသည်

သီရိမာလာသခင်မအား သီရိဖြတ်ကမွန်၏ မြင်းပေါ်တွင် သီရိဖြတ် ၏ ရင်ခွင်ထဲမှ လိုက်ပါလာသည်ကို မြင်ရသောအခါ နှင်းကေသရာမှာ အံ့အ သင့်သွားပေသည်။





'ဟင် အရီးဘုရား'

နှင်းကေသရာက အံ့အားသင့်သည့် အမူအရာဖြင့် နှုတ်ဆက်ရင်း အပေါင်းသားနှင့် ငေးစိုက်ကြည့်ရင်း နှုတ်ခွန်းဆက်လိုက်သည်။

'နှင်းကေသရာ၊ ဘာဖြစ်လို့ ငါ့ကို မျက်လုံးမျက်ဆန်ပြူးပြီး ပါးစ ောင်းသားနဲ့ ငေးစိုက်ကြည့်နေရတာလဲ။ အရီးဘုရားကို ဘီလူးသဘက် ို့လား၊ ကပ်ချိုးပြီး သတ်မှာကြောက်လို့လား၊ ပြောစမ်းပါဦး။ အရီးဘုရား ယောက်လုံး လာနေတာ မြင်လျက်သားနဲ့တောင် ပျာပျာသလဲ ကြိုဆိုခြာ ူး'

သီရိမာလာ သခင်မသည် တူမတော် နှင်းကေသရာအား မြင်းပေါ်မှ ဖြစ်တင်ကြိမ်းမောင်းလိုက်သည်။

'အရီးဘုရား ထင်သလို မဟုတ်ရကြောင်းပါ။ အထင်တော် မလွဲပါနဲ့'

'အထင်တော် မလွဲပါနဲ့ ဆိုပေမယ့် ညည်းကြည့်ပုံက ငါ့ကို ဘီလူး ကဲမှတ်ပြီး အနားကို မကပ်ဝံ့တဲ့ အမူအရာ မဟုတ်လား။ လူကို မျက်လုံး ျက်ဆန်ပြူးနဲ့ ငေးစိုက်ကြည့်မနေစမ်းပါနဲ့။ မြင်းပေါ်မှာ ထိုင်လိုက်ခဲ့ရတာ ိုယ်လုံး နာကျင်နေပြီ။ အရီးဘုရားကို မြင်းပေါ်က တွဲချပေးစမ်းပါဦး'

သီရိမာလာသခင်မက လှမ်းခေါ်လိုက်ရာ နှင်းကေသရာသည် ရှေ့သို့ ိ သုံးလမ်း လှမ်းလာခဲ့ပြီးမှ သီရိဖြတ်ကမွန်၏ ရင်ခွင်ထဲမှာ သီရိမာလာ အား တွဲ၍ အောက်သို့ ချပေးရမည်ကို စဉ်းစားမိသောအခါ ရှက်စနိုး အမူအရာဖြင့် ခြေလှမ်းတန့်သွားပြီး ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ရ ကောင်းနိုးနိုး၊ နောက်ပြန်ဆုတ်ရ ကောင်းနိုးနိုး ဖြစ်နေပေသည်။

ဤတွင် သီရိမာလာမှာ စိတ်မရှည်တော့ဘဲ မိမိအား မြင်းပေါ်မှ ် သီရိဖြတ်ကမွန်ဘက်သို့ လှည့်၍ ပြောလိုက်ရာ သီရိဖြတ်ကမွန်သည် ာ သခင်မအား မြင်းပေါ်မှ ညင်သာစွာ ချပေးလိုက်ပေသည်။

မြေကြီးပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် သီရိမာလာ သခင်မ ဘီစကို ခြေမျက်စိဖုံးအောင် ဆွဲချလိုက်ပြီး ကြေမွနေသော အင်္ကျီကို ေပေသည်။

ထိုအခိုက်တွင် မြို့စားလေး ဗညားအိမ်သည် စံအိမ်တော် အတွင်းမှ ်လာပြီး သီရိမာလာသခင်မအား ဝမ်းသာအားရ ဆီးကြိုလိုက်သည်။

'ကဲ အရီးဘုရား မြင်းစီးလာခဲ့ရလို့ တင်ကိုယ်လုံး ရိုက်ထားသလို ်ခဲ့နေပြီ။ အရီးဘုရားကို တွဲခေါ်ကြပါဦး'

သီရိမာလာ သခင်မက အမိန့်ပေးလိုက်ရာ တူတော်မောင်ဗညားအိမ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဘုမတော် နှင်းကေသရာတို့သည် သီရိမာလာသခင်မအား တစ်ယော
ဘင်အက်စီ တွဲ၍ စံအိမ်တော်အတွင်းသို့ ခေါ်လာခဲ့ကြပေသည်။

'အရှီးဘုရား ဘာကိစ္စ ကြွတော်မူလာပါသလဲ။ ကြွလာတော်မူ
ဆိုတာ သိရင် တူမောင်ကိုယ်တိုင် အကြိုတော် မထောက်ရပါလား'

ဗညားအိမ်က လောကဝတ်စကား ပြောကြားလိုက်သည်။

'ဘာကိစ္စ ကြွတော်မူလာရသလဲလို့ မေးမှ မေးရက်ပလေ။ တူ
မောင်၊ အပါးကို တိုးခဲ့စမ်း။ တူမတော်ပါ လာ။ ကဲ .... အရှီးဘုရားကို မှန်
ပြောစမ်း၊ တူမတော်ကို ဘယ်မှာ ဖွက်ထားသလဲ'

သီရိမာလာသည် ဗညားအိမ်ကို တစ်လှည့်၊ နှင်းကေသရာကို တ
လှည့် သက်ာယနမကင်းသည့် အမူအရာဖြင့် ကြည့်ရင်း မေးလိုက်ရာ ဗညား
နှင့် နှင်းကေသရာမှာ အံ့အားသင့်သည့် အမူအရာဖြင့် သီရိမာလာ သခင်မ
ပြိုင်တူ ပြန်ကြည့်လိုက်သည်။

'အရှီးဘုရား ဘယ်လို မိန့်တော်မူလိုက်ပါသလဲ'

နှင်းကေသရာက ပြန်ပြောလိုက်သည်။

'ဘယ်လို မိန့်တော်မူရမှာလဲ။ တူမတော် နှင်းဧကရီ ညည်းတို့ဆီ
ရှိတယ် မဟုတ်လား။ ဘယ်မှာ ဖွက်ထားသလဲ။ အရှီးဘုရားကို မှန်မှန်ပြော
ပါ'

'ညီမတော် နှင်းဧကရီ .... ဟုတ်ပါသလား'

'မသိချင်ဟန် ဆောင်မနေစမ်းပါနဲ့။ ဒီမှာ နှင်းကေသရာ၊ အရှီးဘု
ကို လှည့်စားမနေပါနဲ့။ ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောစမ်းပါ။ တူမတော် နှင်း
ညည်းတို့ဆီမှာ ရှိတယ် မဟုတ်လား။ နှင်းဧကရီ ပျောက်သွားလို့ အရှီးဘု
ဖြင့် ဒေါင်းတောက်အောင် ရှာလိုက်ရတာ။ အရေးထဲ လမ်းခရီးတစ်ဝက်
လှည်းဝင်ရိုးကျိုးလို့ ဒုက္ခရောက်ခဲ့ရသေးတယ်။ စစ်သည်တော်ကြီးနဲ့ တွေ့
လို့သာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ။ နှင်းဧကရီ ဘယ်ကိုမှ
ဘူး။ ညည်းတို့ဆီကို လာမှာပဲ။ အရင်တစ်ခါတုန်းကလည်း ညည်းတို့ဆီ
ပြေးလာတယ် မဟုတ်လား။ နှင်းဧကရီကို ညည်းတို့ ဘယ်မှာ ဖွက်ထားသ
ပြောစမ်း .... မှန်မှန်'

သီရိမာလာ သခင်မက တူတော်မောင်နှင့် တူမတော်ကို မာန်
မဲလိုက် လုပ်နေပေရာ ဗညားအိမ်နှင့် နှင်းကေသရာမှာ မည်သို့မည်ပုံ အ
ပေးရမည်ကို မသိတော့ဘဲ ကြက်သေ သေနေပေသည်။

'အရှီးဘုရား မေးနေတာကို ဖြေကြစမ်းပါဦး။ စကားမပြော





ဘုဏ်ဘောကြီး လုပ်မနေကြစမ်းပါနဲ့၊ တူမတော် နှင်းဧကရီကို ဘယ်မှာ
ပြီး ဝှက်ထားကြသလဲ၊ အရှီးဘုရားကို မှန်မှန် ပြောကြစမ်းပါ။ အရှီးဘုရား
...င်ထဲမှာ ဗလောင်ဆူနေပြီ'

သီရိမာလာ သခင်မသည် အားမလို အားမရ အမူအရာဖြင့် ပြောလိုက်
သည်။

'အရှီးဘုရားရဲ့ မေးခွန်းကို နှင်းကေသရာ ဘယ်လို အဖြေပေးရ
...အောင် မသိတော့ဘူး'

နှင်းကေသရာက ညည်းညူလိုက်သည်။

'မှန်တဲ့ အတိုင်းသာ အဖြေပေးပါကွယ်၊ ဝှက်မနေကြစမ်းပါနဲ့။ တူမ
...နှင်းဧကရီအတွက် အရှီးဘုရား စိတ်သောက ရောက်အောင် မလုပ်ကြစမ်း
... ဘယ်မှာ ဝှက်ထားသလဲ ဆိုတာသာ ပြောပြစမ်းပါ'

သီရိမာလာ သခင်မက ဇွတ်အတင်း စွပ်စွဲနေပြန်သည်။

'အရှီးဘုရား ထင်သလို မဟုတ်ကြောင်းပါ။ တူတော်မောင်တို့ဆီကို
...ကရီ ရောက်မလာကြောင်းပါ'

'တူမတော် နှင်းဧကရီ ဒီကို မလာဘူးဆိုတာ တကယ်ပဲလား၊ အရှီး
...ကို လှည့်စား မနေစမ်းပါနဲ့။ မောကြီးပန်းကြီးနဲ့ ခရီးကြမ်း နှင်လာခဲ့ရတဲ့
...ဘုရားရဲ့ ရင်ဝကို ဆီးပြီး ကန်လိုက်သလို မလုပ်စမ်းပါနဲ့'

သီရိမာလာက တောင်းတောင်းပန်ပန် ပြောလိုက်သည်။

'အရှီးဘုရား စိတ်မချမ်းမသာဖြစ်အောင် လှည့်စားနေခြင်း မဟုတ်
...င်းပါ။ ညီမတော် နှင်းဧကရီ တူမတော်တို့ဆီမှာ မရှိရိုး အမှန်ပါ'

နှင်းကေသရာက တည်ငြိမ်သည့် အမူအရာဖြင့် အဖြေပေးလိုက်သည်။

'အစ်မတော် အစီရင် ခံတဲ့အတိုင်း အမှန်ဖြစ်ကြောင်းပါ။ ယခင်
...ကြိမ်က ညီမတော် နှင်းဧကရီ တူတော်မောင်တို့ဆီကို ပြေးလာခဲ့သည်မှာ
...လည်း ထိုအချိန်မှစပြီး တစ်ကြိမ်တစ်ခါမျှ မတွေ့ရသေးကြောင်းပါ'

ဗညားအိမ်မှ ဝင်ပြီး ထောက်ခံလိုက်သည်။

'ဘုရား ... ဘုရား၊ ဒုက္ခ ... ဒုက္ခ။ ဒီအတိုင်း မှန်ရင်တော့ တူမတော်
...ကရီ ဘယ်ဆီများ ရောက်နေမှန်း မသိတော့ဘူး။ ဘုရားကယ်တော်မူပါ။
...တော် ဘေးမသီ ရန်မခ ပါစေနဲ့ ဘုရား။ သူတော်ကောင်းနဲ့ တွေ့ပါစေ၊
...တ်မာနဲ့ လွဲပါစေဘုရား'

သီရိမာလာ သခင်မသည် လက်နှစ်ဖက်ကိုယှက်ပြီး ဆုတောင်းနေ
သည်၊ ပြီးမှတစ်ဖန် တူတော်မောင်နှင့် တူမတော်တို့အား သင်္ကာယန
...သည့် အမူအရာဖြင့် ကြည့်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အရီးဘုရားကို မှန်မှန်ပြောစမ်းပါ။ တူမတော် နှင်းဧကရီ ဘယ်... မသွားတတ်ရှာပါဘူး။ တူတော်မောင်တို့ဆီကိုပဲ ပြေးလာမှာ။ တူတော်မော... ထိမ်းမြားလက်ထပ်ဖို့ စေ့စပ်ကြောင်းလမ်းထားတာကို တစ်နိုင်ငံလုံး အသိ... တူတော်မောင်တို့ဆီမှာပဲ ရှိရမှာ အမှန်ပါ။ အရီးဘုရားကို မလှည့်စား... ကြစမ်းပါနဲ့'

သီရိမာလာ သခင်မက ဗညားအိမ်ကိုတစ်လှည့်၊ နှင်းကေသရာ... တစ်လှည့် ကြည့်ရင်း ပြောလိုက်ပြန်သည်။

'အရီးဘုရားကို မလှည့်စားဝံ့ပါဘူး။ ဟုတ်တိုင်းမှန်ရာ အစီရင်ခံ... တာပါ။ ကျိမ်းသစ္စာ ကျိန်ဆိုရဲပါတယ်'

ဗညားအိမ်က အဖြေပေးလိုက်သည်။

'တူတော်မောင်ဆီကို မလာဘူးဆိုရင် ဒီအနီးအနား ပတ်ဝန်းကျင်... ရှိရမယ်။ သူ ဘယ်ကိုမှ မသွားတတ်ဘူး။ တူမတော်ကို ဝိုင်းရှာဖွေပေးကြ...

'ဒီအတွက်တော့ စိတ်ချတော်မူပါ။ တူတော်မောင်ရဲ့ လက်အော... အမှုထမ်းတွေနဲ့ စစ်သည်တော်တွေကို ဆင့်ခေါ်ပြီး တောနင်းရှာခိုင်းပါမ... အရီးဘုရား စိတ်အေးချမ်းသာ စံနေတော်မူပါ။ ဒီအနီးအနား ပတ်ဝန်းကျ... သာ ရှိရိုးမှန်ရင် မတွေ့ တွေ့အောင် ရှာပေးဖို့ တူတော်မောင် တာဝန်ယူပါတ...

ဗညားအိမ်က တာဝန်ယူလိုက်သည်။

ထိုအခိုက်တွင် သီရိမာလာသခင်မနှင့် ဗညားအိမ်တို့ အချေအ... ပြောဆိုကြသည်ကို ဘေးမှ ရပ်ပြီး နားထောင်နေသော သီရိဇြတ်ကမွန်သ... သီရိမာလာသခင်မ အနီးသို့ ချဉ်းကပ်လာပေသည်။

'ပျောက်ဆုံးနေတဲ့ သခင်မကြီးရဲ့ တူမတော် နှင်းဧကရီရဲ့ ပုံ... သဏ္ဌာန်ကို သိပါရစေ။ ပုံပန်းသဏ္ဌာန်ကို သိရရင် မတွေ့ တွေ့အောင် ရှာ... ပေးဖို့ တာဝန်ယူပါတယ်'

သီရိဇြတ်ကမွန်က ကြားမှဝင်ပြီး တာဝန်ယူလိုက်ရာ သီရိမာ... သခင်မသည် သီရိဇြတ်ကမွန်ကို အားကိုးသည့် အမူအရာဖြင့် ပြန်ကြည့်... သည်။

'တူမတော် နှင်းဧကရီက အသားတော် ညိုပါသလား'

သီရိဇြတ်ကမွန်က မေးလိုက်ပြန်သည်။

'အသား မညိုပါဘူး၊ ဖိုင်းတောင့်လို ဖြူဖွေးပါတယ်'

'အရပ်မြင့်ပါသလား၊ နှင်းကေသရာ သခင်မနဲ့ အရပ်အမောင်း... တူပါသလား'





သီရိဇြတ်ကမွန်က မေးခွန်းထုတ်လိုက်ပြန်သည်။

'နှင်းကေသရာလောက် အရပ်မမြင့်ပါဘူး။ နှင်းကေသရာက ...သည် ...။ နှင်းဧကရီက သခင်မလိုပဲ ပုပုပျပ်ပျပ်၊ ကိုယ်လုံးကိုယ်ထည် ...လှစ်တယ်။ ဆံပင်လည်း သိပ်ကောင်းတယ်။ မျက်လုံးက ဝိုင်းစက်ကြည်လင် ...နှာတံပေါ်တယ်။ နှင်းကေသရာလို မျက်နှာမသွယ်ဘူး။ ပြီးတော့ သူ့ရဲ့ ...ပြင်မှာ စံပယ်တင် မှဲ့ရှင်တစ်လုံး ရှိတယ်'

သီရိမာလာသခင်မက နှင်းဧကရီ၏ ပုံပန်းသဏ္ဌာန်ကို ပြောပြနေစဉ် ...ဇြတ်ကမွန်သည် မျက်တောင်မခတ်ဘဲ အာရုံစိုက်၍ နားထောင်နေပေ...သည်။

'အရီးဘုရား စိတ်အေးချမ်းသာ စံနေတော်မူပါ။ နှင်းဧကရီကို မတွေ့ ...အောင် တောနင်းပြီး ရှာဖွေဖို့ တူတော်မောင်ရဲ့ လက်အောက်ခံ အမှုထမ်း ...ကို ခုချက်ချင်း တာဝန်ပေးလိုက်ပါမယ်။ အကြည်တော် သီရိဇြတ်ကမွန်ပါ ...တော်နဲ့အတူ လိုက်ခဲ့စေလိုပါတယ်'

ဗညားအိမ်သည် ပြောပြောဆိုဆို အမှုထမ်းများကို ဆင့်ခေါ်ရန် ...ပေးဖို့ စာရေးတော်ကြီး အဲမွန်ကို ခေါ်ရန် ငွေမောင်ကို ထမည်အပြုတွင် ...ဇြတ်ကမွန်က လက်ဝါးကာ၍ ဟန့်တားလိုက်သည်။

'တောနင်းရှာဖွေရန် လိုမည် မဟုတ်ပါ။ သခင်မကြီး မိန့်တော်မူတဲ့ ...သဏ္ဌာန်နဲ့ တူညီတဲ့ အမျိုးသမီး တစ်ဦးကို ကျွန်တော် တွေ့ထားပြီး ...တယ်။ သခင်မကြီးရဲ့ တူမတော် နှင်းဧကရီပင် ဖြစ်လိမ့်မည်ဟု ကျွန်တော် ...မသုန် ယုံကြည်ပါတယ်။ သခင်မကြီးရဲ့ တူမတော် ပုန်းအောင်းခိုလှုံနေတဲ့ ...ကို ကျွန်တော် သိပါတယ်'

သီရိဇြတ်ကမွန်က အစီရင်ခံလိုက်သည်။

'ဟင် ဟုတ်လား၊ ညီမတော် နှင်းဧကရီ ပုန်းအောင်းခိုလှုံနေတဲ့ နေရာကို ...သည်တော်ကြီး သိတယ် ဆိုတာ တကယ်ပဲလား'

နှင်းကေသရာက အံ့အားသင့်သည့် အမူအရာဖြင့် ...ပြီး မေး...သည်။

'သခင်မကြီး ပြောပြတဲ့ ပုံပန်းသဏ္ဌာန်အတိုင်းသာ မှန်ရင် ကျွန်တော် ... မျက်စိအစုံဖြင့် တွေ့မြင်ခဲ့ရတဲ့ အမျိုးသမီးဟာ သခင်မကြီးရဲ့ တူမတော် ...ဧကရီ ဧကန်မုချ ဖြစ်ရမည်ဟု ပြောနိုင်ကြောင်းပါ'

သီရိဇြတ်ကမွန်က နှင်းကေသရာဘက်သို့ လှည့်မကြည့်ဘဲ သီရိမာလာ သခင်မအား အဖြေပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'စစ်သည်တော်ကြီးရဲ့ မျက်စိဟာ အင်မတန် စူးရှထက်မြက်ကြော
သခင်မ သိတယ်။ စစ်သည်တော်ကြီး ပြောတာကို သခင်မ ယုံကြည်တော်မူတယ်
မဟုတ်မမှန်တဲ့ စကားကို စစ်သည်တော်ကြီး ဘယ်တော့မှ မပြောဘူးဆိုတာ
သခင်မ သိတယ်။ စစ်သည်တော်ကြီး ပြောတဲ့အတိုင်း အမှန်ပဲ ဖြစ်လိမ့်မယ်
တူမတော် နှင်းဧကရီ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ရှိရဲ့မဟုတ်လား
ဘယ်နေရာမှာ ပုန်းအောင်းခိုလှုံနေတာကို တွေ့ခဲ့ရသလဲ။ သူတော်ကောင်းနဲ့
တွေ့ပါ့မလား၊ လူယုတ်မာတွေရဲ့ လက်ထဲကိုများ ရောက်နေပြီလား။ သခင်မ
မှန်မှန်ပြောစမ်းပါ။ သခင်မ သိချင်လှပြီ'

'သူတော်ကောင်းနဲ့ တွေ့လို့ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစွာ
ရှိပါတယ်'

'ဒီစကား ကြားရတာ သခင်မ ဝမ်းသာလိုက်တာ။ အင်း တူမတော်
တူမတော်၊ မိုက်မဲလှချည်လား။ အရီးဘုရား စိတ်သောက ရောက်နေလိမ့်မည်
ဆိုတာကိုတောင် မစဉ်းစားမိတော့ဘူးလား။ ကဲ .... တူမတော် နှင်းဧကရီ
ဘယ်မှာလဲ။ တူမတော် ရှိတဲ့နေရာကို လိုက်ပို့ပေးစမ်းပါ။ စစ်သည်တော်ကြီး
ကျေးဇူးကို သခင်မ တစ်သက်လုံး မမေ့ပါဘူး'

'သခင်မကြီး စိတ်အေးချမ်းသာ စံနေတော်မူပါ။ သခင်မကြီး
တူမတော်အတွက် ပူပင်သောက မရောက်ပါနဲ့။ သူတော်ကောင်းတွေဆီ
ရောက်ရှိနေပြီ ဖြစ်တဲ့အတွက် စိုးရိမ်စရာ လုံးဝ မရှိကြောင်းပါ။ သခင်မ
လိုက်လာတာကို သိသွားရင် တူမတော် နှင်းဧကရီ တခြားနေရာသို့ ထွက်
သွားမည်ကို စိုးရိမ်ရပါသဖြင့် ဤစံအိမ်တော်မှာ စိတ်အေးချမ်းသာ စံနေ
မူရင်း စောင့်လင့်နေတော်မူပါ'

သီရိဖြတ်ကမ္ဘန်က အဖြေပေးလိုက်ရာ နှင်းကေသရာသည် သီရိ
ဖြတ်ကမ္ဘန်အား သင်္ကာယနမကင်းသည့် အမူအရာဖြင့် ကြည့်နေရာမှ
စောင်းထိုးလိုက်သည်ကို သီရိဖြတ်ကမ္ဘန် လှည့်အကြည့်လိုက်နှင့် တိုက်
သွားသဖြင့် ရိပ်ခနဲ မြင်လိုက်ရပေသည်။

နှင်းကေသရာမှာ သီရိဖြတ်ကမ္ဘန်အား မျက်မှောင်ကုတ်၍ကြည့်
မသိမသာ အံကြိတ်လိုက်သည်။ ညီမတော် နှင်းဧကရီအား သီရိဖြတ်က
အကာအကွယ်ပေးထားခြင်း ဖြစ်ရမည်ဟုလည်း သံသယများ ဝင်လာက
လို့သည့် စိတ်များ ဝင်လာပေသည်။ သို့ရာတွင် တစ်စုံတစ်ရာ မပြောဘဲ အခ
ထဲမှ သီရိဖြတ်ကမ္ဘန် ထွက်သွားသည်ကို မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့
သည်၊ ဗညားအိမ်မှာမူ သီရိဖြတ်ကမ္ဘန်နှင့်အတူ မြင်းဇောင်းရှိရာသို့ လိုက်
လာခဲ့ပေသည်၊





'အကြည်တော် သီရိဖြတ်ကမ္ဘန်နဲ့အတူ ညီမတော်နှင်းဧကရီ ရှိရာကို
တော်ပါ လိုက်ခဲ့ပါရစေ'

ဗညားအိမ်က ခွင့်ပန်လိုက်ရာ သီရိဖြတ်ကမ္ဘန်က ညင်သာစွာ ခေါင်း
လိုက်သည်။

'ပူပန်သောက ရောက်နေတဲ့ မြို့စားလေးနဲ့ အရီးဘုရားကို နှမ်
နေရစ်တော်မူပါ။ နှင်းဧကရီအတွက် ကျွန်တော်ရဲ့တာဝန်'

သီရိဖြတ်ကမ္ဘန်က စကားလှအောင် ပြောလိုက်သည်။

'အရီးဘုရား အနားမှာ တစ်ခဏတောင် မနေချင်ဘူး။ သိပ်
အသက်ကြီးလေ နားပူလေပဲ'

'တူမတော်အတွက် စိတ်သောကရောက်နေလို့ စိတ်လိုက်မာန်ပါ ပြော
တာပါ။ မြို့စားလေးရဲ့ အရီးဘုရားဟာ စိတ်ကောင်းရှိပါတယ်။ တူမတော်
ကရီ ကျန်းမာချမ်းသာစွာ ရှိကြောင်းသာ မြို့စားလေးရဲ့ အရီးဘုရားကို
ပါ။ ဒါထက် မြို့စားလေးကို ကျွန်တော်မေးစရာ စကားတစ်ခွန်း ရှိပါတယ်'

'မေးလိုရာကို မေးပါ'

'နှင်းဧကရီကို မြို့စားလေးနဲ့ ထိမ်းမြားလက်ထပ်ဖို့ လူကြီးချင်း ဓလေ့စပ်
ကြောင်းလမ်းထားတယ်ဆိုတာ မှန်ပါသလား'

'လူကြီးချင်း ဝမ်းတွင်း ကတိထားခဲ့ကြတာ အမှန်ပါ။ နှင်းဧကရီနဲ့
တော်ဟာ မောင်နှမဝမ်းကွဲ တော်ပါတယ်'

'နှင်းဧကရီကို မြို့စားလေး နှစ်သက်မြတ်နိုးတော်မူပါသလား'

သီရိဖြတ်ကမ္ဘန်က မေးလိုက်ပြန်သည်။

'ညီမတော် နှစ်ဝမ်းကွဲ တော်စပ်တဲ့အပြင် ငယ်ရွယ်စဉ်က ကစားဖော်
က် ဖြစ်ခဲ့တဲ့အတွက် ရင်းနှီးခင်မင်ခဲ့တာတော့ အမှန်ပဲ'

'နှစ်ဦးနှစ်ဖက်သော လူကြီးမိဘတွေ ဓလေ့စပ်ကြောင်းလမ်းခဲ့တဲ့အတိုင်း
ကရီနဲ့ လက်ထပ်ထိမ်းမြားဖို့ကော ဆန္ဒရှိပါသလား'

'လူကြီးမိဘတွေရဲ့ စကားကို လွန်ဆန်လို့ မကောင်းဘူး ထင်တယ်'

မြို့စားလေးရဲ့ သဘောထားကကော ...'

'ကျွန်တော့်အနေနဲ့တော့ အိမ်ထောင်ပြုဖို့ကို စိတ်မကူးသေးပါဘူး
တော် နှစ်နှစ်ကာကာ ချစ်မြတ်နိုးတဲ့ ဖူးစာရှင်ကို တွေ့ရင်တော့ မပြော
ဘူး'

'မြို့စားလေး ချစ်မြတ်နိုးတဲ့ ဖူးစာရှင်ဟာ နှင်းဧကရီ မဟုတ်လား'

'မဟုတ်ပါဘူး၊ လူကြီး မိဘတွေ ဓလေ့စပ်ကြောင်းလမ်းခဲ့ကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေနဲ့ကတော့ အစ်မတော် နှင်းကေသရာနဲ့ ထပ်တူထပ်မျှ ချစ်မြတ်နိုးပါတယ်။ ဒါပေမဲ့ ဖူးစာရှင်အဖြစ်နဲ့တော့ ချစ်မြတ်နိုးတဲ့စိတ် မရှိသေးပါ။ ဒီမေးခွန်းတွေကို ဘာဖြစ်လို့ မေးရတာလဲ'

'အကျိုးအကြောင်း စုံစုံလင်လင် သိချင်လို့ပါ။ ကဲ ကျွန်တော့်ခွင့်ပြုပါဦး'

သီရိဖြတ်ကမွန်သည် ပြောပြောဆိုဆို မြင်းဇောင်းရှိရာသို့ လာခဲ့သည်။

'ကျွန်တော် လိုက်ခဲ့မယ်လေ'

'မြို့စားလေး လိုက်လို့ မဖြစ်သေးဘူး။ မြို့စားလေးကိုမြင်ရင် တစ်နေရာကို ထွက်သွားမှာ စိုးရတယ်။ နှင်းကေရီအတွင် ကျွန်တော် တာဝန်ယူပါတယ်'

သီရိဖြတ်ကမွန်သည် ပြောပြောဆိုဆို ၎င်း၏မြင်းလိမ္မာကြီးကို ကြိုးများ တပ်ဆင်စေပြီး ဥယျာဉ်တော်အတွင်းမှ ထွက်လာခဲ့ပေရာ ဗညားအိမ်သည် သီရိဖြတ်ကမွန်၏ အမူအရာကို အကဲခတ်၍မရသည့် အမူအရာဖြင့် မျက်မှောင်ကြုတ်၍ ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

## အခန်း ၁၇

သီရိဖြတ်ကမွန်သည် ဗောလကွန်၏ လယ်တဲသို့ ချက်ချင်း ပြန်လာခဲ့သည်။ တောင်ယာပဲခင်းထဲတွင် အလုပ်လုပ်နေသော ဗောလကွန်ကို ခေါ်၍ မိမိ စီးလာသည့်မြင်းကို ကြည့်ရှုထားရန် အပ်နှံခဲ့ပြီးနောက် လယ်တဲရှိရာသို့ တစ်ယောက်တည်း ထွက်ခွာလာခဲ့ပေသည်။

ဗောလကွန်၏ လယ်တဲရှိရာသို့ သီရိဖြတ်ကမွန် ထွက်ခွာသွားသော် ကျေးတောသားနှင့် တူသော ရုပ်ရည်ကြမ်းတမ်းသည့် လူတစ်ယောက်သည် ဗောလကွန်အနီးသို့ ချဉ်းကပ်လာရင်း သီရိဖြတ်ကမွန်အား မျက်ခြည်မပြတ် ကြည့်နေသည်ကို မြင်ရပေသည်။ သီရိဖြတ်ကမွန်မှာ ထိုသူအား သတိမပြုမိသေး။

ထိုသူသည် ဗောလကွန်အနီးသို့ ရောက်သောအခါ သီရိဖြတ်ကမွန်ရှိရာသို့ လှည့်ကြည့်လိုက်သည်။

'ဒီမှာ အကြည်တော်၊ အကြည်တော်ရဲ့ လယ်တဲသို့ ဝင်သွားတဲ့လူကို ကျွန်တော် မြင်ဖူးသလိုလို ရှိပါတယ်။ ဘယ်သူဘယ်ဝါဆိုတာ မသိရဘူးလား'





'အညာတရ စစ်သည်တော်တစ်ဦးပါ'

'သူ ဒီကို ဘာလာလုပ်တာလဲ'

'လူမမာ မေးရအောင် လာတာပါ။ သူ ဒီကို လာနေကျပါ'

'သူ ဘယ်မှာ နေပါသလဲ'

'မြို့စားလေးရဲ့ စံအိမ်တော်မှာ မြို့စားလေးနဲ့ အတူနေပါတယ်'

ဗောလကွန်က ရိုးရိုးပင် အဖြေပေးလိုက်သည်။

'အခုလို သိရတာ ကျေးဇူးတင်ပါတယ်'

ထိုသူမှာ မိမိ သိလိုသည့် အချက်ကို သိရပြီ ဖြစ်၍ မိမိ၏ အကြံအစည်ကို ဗောလကွန် မရိပ်မိစားမိစေရန် ကျေးဇူးတင်စကား ပြောကြားပြီး ထွက်ခွာသွားပေသည်။

ထိုအတောအတွင်း သီရိဖြတ်ကမွန်သည် ဗောလကွန်၏ လယ်တဲအတွင်းသို့ ဝင်သွား၍ မင်းစည်သူ ရှိသည့် အခန်းထဲသို့ ဖွတ်ပြီး ဝင်သွားပေရာ ညောင်စောင်းပေါ်တွင် လဲလျောင်းနေသော မင်းစည်သူ၏ အနီးတွင် မင်းညိုမြသည် ကျုံ့ကျုံ့ထိုင်ပြီး ဒဏ်ရာများကို ဆေးသိပ်ပေးနေသည်ကို တွေ့ရပေသည်။

သီရိဖြတ်ကမွန် ဝင်လာသည်ကို မြင်ရသောအခါ မင်းညိုမြသည် ရှက်ခနိုးသည့် အမူအရာဖြင့် မင်းစည်သူ၏ အနီးမှ မသိမသာ ခွာလိုက်သည်။ ထိုနောက်တစ်ဖန် သီရိဖြတ်ကမွန်အား မရဲတရဲကြည့်၍ နှုတ်ဆက်လိုက်သည်၊

'စစ်သည်တော်ကြီးတော့ အသက်ရှည်လိမ့်ဦးမယ်။ စစ်သည်တော်ကြီး အကြောင်း ပြောနေတုန်း ဖြုန်းဆို ရောက်လာတာပဲ'

မင်းညိုမြက နှုတ်ဆက်ရင်း နေရာထိုင်ခင်း ပေးလိုက်သည်၊

'လူချင်း ဒါလောက်တောင် ရင်းနှီးနေပြီ ဥစ္စာပဲ။ စစ်သည်တော်ကြီးလို့ ခေါ်နေရသေးသလား။ နာမည် ရှိသားပဲ။ နာမည်ကို ခေါ်ပါလား'

သီရိဖြတ်ကမွန်က ပြန်ပြောရင်း အနီးရှိ ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်လိုက်သည်။

'နာမည်ကို ခေါ်လိုက်လျှင် ရင့်သီးတယ်ဆိုပြီး စိတ်ဆိုးသွားမှာစိုးလို့ပါ။ နာမည်ကို ခေါ်စေချင်ရင် ခေါ်ပါ့မယ်'

'နာမည်ကို ခေါ်တာ မရင့်သီးပါဘူး။ လူချင်း ရင်းနှီးကြောင်း ပြရာ ရောက်ပါတယ်။ ခုအချိန်ကစပြီး စစ်သည်တော်ကြီးလို့ မခေါ်ပါနဲ့၊ သီရိဖြတ်ကမွန်လို့ ခေါ်ပါ'

'ကောင်းလှပါပြီ။ ကျွန်မကိုလည်း ခင်မင်ရင်းနှီးကြောင်း ပြလိုတဲ့အနေနဲ့ ကျွန်မရဲ့ နာမည်ကို ခေါ်စေချင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'နာမည် ခေါ်စေချင်တာတော့ ဟုတ်ပါပြီ။ နာမည်ကိုလည်း ပြော ထားဦးမှပေါ့'

'ကျွန်မရဲ့နာမည်ကိုတောင် မေ့နေပြီလား။ ကျွန်မရဲ့နာမည် မင်းညီမြ လို့ ခေါ်ပါတယ်'

မင်းညီမြက မခို့တရို့ အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'မင်းညီမြတဲ့လား။ နာမည်ကလေးက ချစ်စရာပဲ။ ဒါပေမဲ့ နန်းမဆန် ဘူး။ မင်းညီမြလို့ ခေါ်မယ့်အစား နှင်းဧကရီလို့ ခေါ်ရင်ကော စိတ်ဆိုးမှာလား'

သီရိဗြတ်ကမွန်က မင်းညီမြ၏ အမူအရာကို အကဲခတ်ရင်း ပြန်မေး လိုက်ရာ၊ မင်းညီမြ၏ ဝိုင်းစက်သော မျက်လုံးများမှာ ပြူးကျယ်လာကာ ပါးစပ် အဟောင်းသား ဖြစ်သွားပေသည်။

'ဟင် .... ကျွန်မ ဘယ်သူဘယ်ဝါ ဆိုတာ စစ်သည်တော်ကြီး သိနေမှကို။ ဘယ်လိုလုပ်ပြီး သိပါသလဲ'

မင်းညီမြ အမည်ခံ နှင်းဧကရီက ပြန်မေးလိုက်သည်။ မင်းစည်သူမှာ မူ သီရိဗြတ်ကမွန်နှင့် မင်းညီမြအမည်ခံ နှင်းဧကရီတို့ ပြောဆိုနေသည့် စကား များ၏ အနက်သဘောကို နားမလည်သည့် အမူအရာဖြင့် ကြောင်တိ ကြောင်တောင် ဖြစ်နေပေသည်။

'ဘယ်လိုလုပ်ပြီး သိသလဲဆိုတာတော့ တဖြည်းဖြည်း ရှင်းပြပါမယ်'

သီရိဗြတ်ကမွန်က အဖြေပေးလိုက်သည်။

'နေစမ်းပါဦး၊ နောင်ကြီးတို့ ပြောနေတဲ့ စကားတွေကို ကျွန်တော် နားမလည်ဘူး။ အစိပ္ပာယ် ရှင်းလင်းစမ်းပါဦး'

မင်းစည်သူမှာ မနေနိုင်တော့ဘဲ ကြားမှဝင်ပြီး မေးလိုက်သည်။

'ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ မောင်ကြီးကို ရှင်းပြဖို့ ကြံစည်နေတာ ကြာပါပြီ။ အခွင့်မသာသေးလို့ မပြောရသေးတာပါ။ ကျွန်မအနေနဲ့ကတော့ ကျွန်မ ဘယ်သူဘယ်ဝါပဲ ဖြစ်ဖြစ် ကျွန်မအပေါ်မှာ မောင်ကြီး အချစ်မပြယ် ပါစေနဲ့လို့ ဆုတောင်းပါတယ်'

မင်းညီမြက မပွင့်တပွင့် အဖြေပေးလိုက်သည်။

'ဒါများ ဆုတောင်းနေရသေးတယ်။ မင်းညီမြကို မောင်ကြီး မေတ္တာ ထားခဲ့တာပါ။ ဆွေဂုဏ်မျိုးဂုဏ်၊ ပစ္စည်းဂုဏ်ကို မောင်ကြီး မမက်ပါဘူး။ ... ငဲငဲ ကျိုးကျိုး ကန်းကန်း ချစ်ပြီးရင်း ချစ်နေမှာပဲ'

'မောင်ကြီး ထင်သလို ကျွန်မဟာ အားကိုးရာမဲ့ ဆင်းရဲသူတစ်ဦး မဟုတ်ပါဘူး၊ ကျွန်မမှာ မိဘမရှိတော့ပေမယ့် ဂုဏ်ကြီးရှင် ပစ္စည်းရှင် ဆွေတွေ





...တွေ ရှိပါတယ်။ ဒါပေမဲ့ ဂုဏ်ပကာသနကို ကျွန်မ စက်ဆုပ်သလို ဆင်းရဲသူ ...နဲ့ ဒီမှာ လာနေတာပါ'

'မောင်ကြီးအနေနဲ့လည်း ဂုဏ်ပကာသနကို မမက်မောပါဘူး။ သူ့ကို ...တာပါ။ ဂုဏ်ပကာသနကို ချစ်တာ မဟုတ်ပါဘူး'

'ဒါကို ကျွန်မသိပါတယ်။ ကျွန်မအနေနဲ့လည်း မောင်ကြီးနဲ့ ... ...ကွာ လက်တွဲပြီး ဘဝတိုက်ပွဲဝင်သွားဖို့ စိတ်ပိုင်းဖြတ်ထားပါတယ်။ ကျွန်မ ...ရရှိတဲ့ အမွေပစ္စည်းတွေကိုလည်း စွန့်လွှတ်ဖို့ အသင့်ရှိနေပါတယ်'

'အရေးထဲမှာ အချစ်ငြိကာ ချဲ့မနေကြစမ်းပါနဲ့။ ဒီမှာ နှင်း... ...း ဘယ်သူဘယ်ဝါဆိုတာ မင်းရဲ့လင်တော်မောင်ကို ရှင်းပြလိုက်စမ်းပါဦး'

သီရိဗြတ်ကမွန်က ကြားမှဝင်ပြီး မင်းညီမြအား သတိပေးလိုက်သည်။

'ကျွန်မ ရှင်းပြပါမယ်။ ကျွန်မဟာ ပန်းလှိုင်ထိပ်ထား သီရိမာလာ ...ခင်မကြီးရဲ့ တူမတော် အရင်းပါ။ မြို့စားလေး ဗညားအိမ်နဲ့ မောင်နှမ ...မ်းကွဲ တော်ပါတယ်။ ကျွန်မရဲ့ နာမည်က နှင်းဧကရီပါ'

မင်းညီမြ အမည်ခံ နှင်းဧကရီက ရှင်းပြလိုက်ရာ မင်းစည်သူမှာ ...ပ် အဟောင်းသား ဖြစ်သွားပေသည်။

'ဟင် ဘုရား ဘုရား'

မင်းစည်သူမှာ မိုးကြိုးထိမှန်သူပမာ တုန်လှုပ်နေပေသည်။

'ဘုရား တ မနေစမ်းပါနဲ့။ ကျွန်မ စောစောက ပြောပြခဲ့ပြီးပြီ ...ဟုတ်လား။ ကျွန်မ ဂုဏ်ပကာသနကို စက်ဆုပ်လို့ ဒီနေရာမှာ စိတ်အေး ...မ်းသာ လာနေတာပါ။ တဲအိမ်ရှင် ဗောလကွန်ရဲ့ ဇနီးဟာ ကျွန်မကို သမီး ...ရင်းလို ခင်မင်တဲ့ အထိန်းတော်ကြီးပါ'

မင်းညီမြ အမည်ခံ နှင်းဧကရီက ဆက်လက်ပြီး ရှင်းပြလိုက်ရာ ...င်းစည်သူမှာ ညောင်စောင်းပေါ်တွင် လဲလျောင်းနေရာမှ အားယူပြီး ထ ...ကိုက်သည်။ မင်းညီမြကိုလည်း မရဲတရဲ ကြည့်လိုက်သည်။

'နောင်ကြီး နောင်ကြီး၊ ကျွန်တော် ဘာလုပ်ရမလဲ။ ကျွန်တော်တော့ ...ပဲ'

မင်းစည်သူမှာ ကြံရာမရ ဖြစ်ကာ သီရိဗြတ်ကမွန်အား ... ...တောင်းလိုက်သည်။

'ဘာမှ လုပ်နေစရာ မလိုဘူး။ မင်းတို့အခြေအနေ ကြည့်... ...ပြီးဘာပဲ။ မင်းညီမြအမည်ခံ နှင်းဧကရီကလည်း ဂုဏ်ပကာသန ... ...လို့ ပြောထားပြီးပြီ မဟုတ်လား။ ရွှေပုံပေါ်မှာ ... ...



www.burmeseclassic.com

www.burmeseclassic.com



ယောင်တွေကြားမှာ နေရတာ စက်ဆုပ်ရွံရှာလို့ အချစ်စစ်အချစ်မှန် ရှိတဲ့နေရာ ရောက်ရှိလာပြီ မဟုတ်လား။ ဒီတော့ကာ မင်းတို့ဇနီးမောင်နှံ ချစ်ချစ်ခင်ခင် ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းသွားကြဖို့ပဲ ရှိတာပေါ့'

'နောင်ကြီးပြောသလို ဖြစ်နိုင်ပါ့မလား။ မင်းညိုမြကပန်းလှိုင်ထိပ်ထား သခင်မကြီးရဲ့ တူမတော်၊ ဆောင်းတူးမြို့စားလေးရဲ့ ညီမတော်။ ကျွန်တော်က နေ့သေမလား၊ ညမသေမလား မသိရတဲ့ အခြေအနေမှဲ့ စစ်သည်တော်။ အခြေ အနေချင်း မိုးနဲ့မြေကြီးလို ကွာခြားမနေဘူးလား'

မင်းစည်သူက ပြန်ပြောလိုက်ရာ မင်းညိုမြသည် မင်းစည်သူ၏ လက်ကို အသာအယာ ဆုပ်ကိုင်လိုက်ပြီး ကြင်နာမြတ်နိုးသည့် အမူအရာဖြင့် ပြန်ကြည့်လိုက်သည်။

'အခြေအနေ အတန်းအစားချင်း မတူဘူးဆိုတဲ့ စကားကို မပြောပါနဲ့။ အချစ်စစ် အချစ်မှန်ဟာ အတန်းအစား မခွဲခြားပါဘူး။ ပြီးတော့ စောစော ကျွန်မ ပြောခဲ့တဲ့အတိုင်း ဂုဏ်ပကာသန အသိုင်းအဝိုင်းကို ကျွန်မ စက်ဆုပ်ရွံရှာ လို့ စွန့်ပစ်ပြီး ထွက်လာခဲ့တာပါ။ အကြည်တော် သီရိဖြတ်ကမွန် မိန့်ကြားခဲ့တဲ့ အတိုင်း ဂုဏ်ပကာသန အသိုင်းအဝိုင်းကြားမှ ရွှေဘုံပေါ်မှာ စံနေရပေမဲ့ အချစ်တု အချစ်ယောင်တွေနဲ့သာ တွေ့ခဲ့ရလို့ အချစ်စစ်ရှာဖို့ ထွက်လာခဲ့တာပါ။ မောင်ကြီးက ကျွန်မရဲ့ ခင်ပွန်းအဖြစ်ကို ရောက်ရှိနေပါပြီ။ မောင်ကြီးနဲ့အတူ လက်တွဲပြီး ဘဝတိုက်ပွဲ ဝင်သွားဖို့ အသင့်ရှိနေပါတယ်'

မင်းညိုမြက နှစ်သိမ့်လိုက်သည်။

ထိုအခိုက်တွင် တဲအိမ်ရှင် ဗောလကွန်၏ဇနီး၊ မင်းညိုမြ အမည်ခံ နှင်းဧကရီ၏ အထိန်းတော်ကြီး တလထော်သည် အခန်းတွင်းမှ ပြောနေသည့် စကားများကို ကြားရသဖြင့် မနေသာတော့ဘဲ အခန်းထဲသို့ ပျာယီးပျာယာနှင့် ဝင်လာပေသည်။

'မှန်ပါတယ်၊ မင်းညိုမြ ပြောတဲ့စကားတွေ အားလုံး မှန်ပါတယ်။ မင်းညိုမြဟာ ပန်းလှိုင်ထိပ်ထား သခင်မကြီးရဲ့ သမီးတော်အဖြစ် အသိအမှတ် ပြုပြီး မွေးစားထားတဲ့ တူမတော် အရင်းခေါက်ခေါက်ပါ။ ဒွေးလေးကတော့ မင်းညိုမြရဲ့ အထိန်းတော်ကြီး ဖြစ်ခဲ့ဖူးပါတယ်။ မင်းညိုမြရဲ့ မယ်တော်ဟာ မင်းညိုမြကို မျက်နှာမြင်ပြီး မီးတွင်းမှာပဲ အနိစ္စရောက်သွားရှာပါတယ်။ အဲဒီ အချိန်ကစပြီး မင်းညိုမြကို ဒွေးလေး ထိန်းကျောင်းခဲ့ရပါတယ်။ ဗောလကွန်နဲ့ အိမ်ထောင်ကျတဲ့ အချိန်ထိ မင်းညိုမြကို ဒွေးလေး ထိန်းကျောင်းခဲ့ရပါတယ်။ ဒွေးလေးတို့မှာလည်း သားထောက် သမီးခံ မရှိလို့ မင်းညိုမြကိုပဲ သမီးအရင်းလို





...နေပါတယ်။ ဒီအကြောင်းတွေကို ဒွေးလေး စောစောက ဒွင့်ပြောဖို့ ...နဲ့သေးတယ်။ ဒါပေမဲ့ မင်းညိုမြက ဘယ်သူ့ကိုမှ အသိမပေးရဘူး ...ရေငုံနေရတာပါ။ ဒွေးလေး ပြောတာ မမှန်ဘူးလား ဟင်း ... '

တဲအိမ်ရှင် ဗောလကွန်၏ဇနီး အထိန်းတော်ကြီး တလထော်က မိမိ ...တွင် အပြစ်ပုံကျမည်ကို ကြောက်ရွံ့သည့် အမူအရာဖြင့် ရှင်းပြနေ...။

'ဒွေးလေး ပြောတာ အားလုံး မှန်ပါတယ်။ ဒွေးလေးမှာ လုံးဝ အပြစ် ...ဘူး။ ဒွေးလေး ဘာမှ မစိုးရိမ်ပါနဲ့'

မင်းညိုမြ အမည်ခံ နှင်းဧကရီက အာမခံချက် ပေးလိုက်သည်။

'ဒါက အရေးမကြီးဘူး။ မင်းတို့ရဲ့ ကိစ္စကို ပန်းလှိုင်ထိပ်ထား သခင်မ ...သဘောပေါက်အောင် ဘယ်လိုလုပ်ပြီး ရှင်းပြကြမလဲ'

သီရိဖြတ်ကမွန်က မေးခွန်းထုတ်လိုက်ရာ မင်းစည်သူရော တဲအိမ်ရှင် ...နီး အထိန်းတော်ကြီး တလထော်ပါ ကြံရာမရ ဖြစ်သွားကြပေသည်။

'ဘုရား .... ဘုရား ခုမှ ဒုက္ခပဲ။ ဒါထက် ပန်းလှိုင်ထိပ်ထား သခင်မ ...နဲ့ စစ်သည်တော်ကြီး တွေ့ခဲ့ပါသလား'

အထိန်းတော်ကြီး တလထော်က စိုးရိမ်သည့် အမူအရာဖြင့် ပြန်မေး ...သည်။

'တွေ့ခဲ့ရုံတင် မကဘူး၊ မြို့စားလေး ဗညားအိမ်ရဲ့ စံအိမ်တော် ...အောင် ကျွန်တော်ပဲ ပို့ပေးခဲ့ရပါတယ်'

'ဟင် .... ဟုတ်လား၊ ဒီလိုဆိုရင် အားလုံး ဒုက္ခရောက်ကုန်ကြ ...မှာပဲ။ ထိပ်ထား သခင်မကြီးကို တောင်းပန်ပေးကြပါဦး'

'တောင်းပန်တာက အရေးမကြီးဘူး။ ထိပ်ထား သခင်မကြီးက ဘုရင် ...နှင်းဧကရီကို ခုချက်ချင်း ရှေ့တော်အရောက် ခေါ်ဆောင်လာခဲ့ရမယ်လို့ ...အမိန့်တော် ရှိလိုက်တယ်'

သီရိဖြတ်ကမွန်က အဖြေပေးလိုက်ရာ တလထော်မှာ ... ...ပြောနိုင်ဘဲ မိမိအပေါ်သို့ အပြစ်ပုံကျမည်ကို စိုးရိမ်... ...ဘုန်ယင်ယင် ဖြစ်နေပေသည်။

'ကျွန်မကို အခေါ်ခိုင်းတယ် ဟုတ်လား၊ ... ...အတိုင်းပဲ၊ စိတ်ကလည်း သိပ်မြန်တာပဲ။ ဒါပေမဲ့ ... ...အကြောင်း ကျွန်မ အသိဆုံးပါ။ စိတ်မြန် ... ...။ မာန်မာနလည်း မရှိပါဘူး။ ဒါပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးဘူး။ စစ်သည်တော်ကြီး ပြန်သွားပြီး ကျွန်မကို တွေ့ခဲ့တဲ့အကြော
အရီးဘုရားကို လျှောက်တင်ပါ။ ပြီးတော့ ကျွန်မဆီကို အရီးဘုရားကိုယ်
တိုင် ကြွတော်မူလာဖို့ ကျွန်မ မှာကြားလိုက်ကြောင်းလည်း လျှောက်တင်
ပြီးတော့ ကျွန်မဆီကို လာတဲ့အခါကျမှ အရီးဘုရား ကျေနပ်အောင် ကျ
ရှင်းပြပါမယ်။ ကျွန်မကို အရီးဘုရား သိပ်ချစ်တယ်။ ကျွန်မ ပြောရင် ရပါ
ဘာမှ မစိုးရိမ်ကြပါနဲ့။ ကျွန်မ ပြောတဲ့အတိုင်းသာ အရီးဘုရားဆီကို ပြန်
ပြီး အကျိုးအကြောင်း လျှောက်တင်ပါ'

မင်းညီမြ အမည်ခံ နှင်းဧကရီက အကြံပေးလိုက်သည်။

'ဖြစ်ပါ့မလား၊ ထိပ်ထား သခင်မကြီး ကိုယ်တော်တိုင် လိုက်လာ
အကျိုးအကြောင်း သိသွားရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ် ထင်တ'

မင်းစည်သူက ညည်းညူလိုက်သည်။

'မောင်ကြီး ဘာမှမစိုးရိမ်ပါနဲ့၊ ဘာမှ မဖြစ်စေရပါဘူး။ အရီးဘု
အတွက် ကျွန်မ အားလုံး တာဝန်ယူပါတယ်'

မင်းညီမြက နှစ်သိမ့်လိုက်သော်လည်း မင်းစည်သူမှာ ထိတ်
တုန်လှုပ်လျက်ပင် ရှိနေသေးသည်ကို တွေ့ရပေသည်။

သီရိဖြတ်ကမ္ဘန်မှာမူ မင်းညီမြအမည်ခံ နှင်းဧကရီ ပြောလိုက်သ
အတိုင်း ပန်းလှိုင်ထိပ်ထား သီရိမာလာသခင်မထံ အကြောင်းပြန်ကြား
လေးလံသော ခြေလှမ်းများဖြင့် တဲအိမ်ဆီမှ ပြန်ထွက်လာခဲ့ပြီး တဲအိမ်
ဗောလကွန်အား ထိန်းကျောင်းထားရန် အပ်နှံခဲ့သည့် မြင်းကိုစီး၍ လာ
အတိုင်း သ...နှင့် ပြန်လာခဲ့ပေသည်။

...သတိနှင့်လာခဲ့စဉ် လမ်းဘေးရှိ ချုံပုတ်တစ်ခုအတွင်းမှ လှုပ်
ရှားရှား သဏ္ဌာန်တစ်ခုကို မြင်ရသဖြင့် သီရိဖြတ်ကမ္ဘန်သည် မြင်း
လွှားခနဲ ခုန်ဆင်းလိုက်ပြီး ဓားအိမ်မှဓားကို ဆွဲချွတ်လိုက်သည်။

'ဟေ့ ဘယ်သူလဲ၊ ထွက်ခဲ့စမ်း။ ငါ့ဓားသွားမှာ အသက်ပါသွား
သလား'

သီရိဖြတ်ကမ္ဘန်သည် ကိုးသချိုင်းသံဓားကို ဝင့်ရင်းကြုံးဝါးလိုက်
ချုံကွယ်မှ ရယ်သံကြားလိုက်ရပြီး ကျေးတောသားရုပ် ပေါက်နေသော လူ
ယောက်သည် ပြုံးရွှင်သော အမူအရာဖြင့် ထွက်လာသည်ကို မြင်ရပေသည်

'ကြုံးဝါးလှချည်လား၊ မင်းက ငါ့ကိုတောင် မမှတ်မိတော့ဘူးလား

ကျေးတောသားနှင့် တူသောသူက ပြန်ပြောလိုက်ရာ သီရိဖြတ်က
သည် ၎င်း၏ လက်သုံးတော်ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်ပြီး ထိုသူ
အနီးသို့ ချဉ်းကပ်လာပေသည်။





'လက်စသတ်တော့ ဗိုလ်မင်းဖြတ်ဇပါလား။ ဘာဖြစ်လို့ ဒီနေရာက
...ပြူတာလဲ'

သီရိဖြတ်ကမ္ဘန်က ဝမ်းသာအားရ နှုတ်ဆက်ရင်း အပြစ်တင်စကား
...လိုက်ရာ ဗိုလ်မင်းဖြတ်ဇက လက်ဝါးကာလိုက်သည်။

'ငါ့နာမည်ကို မခေါ်စမ်းပါနဲ့၊ အပြင်လူတွေ ကြားသွားလို့ ငါ ဒီ
... ရောက်နေမှန်း သိသွားရင် မကောင်းဘူး။ လူရှင်းတဲ့ တစ်နေရာမှာ
... ဆွေးနွေးစရာရှိတာ ဆွေးနွေးကြရအောင်'

ဗိုလ်မင်းဖြတ်ဇက ပြန်ပြောလိုက်ရာ သီရိဖြတ်ကမ္ဘန်သည် ၎င်းစီးနင်း
...သည့် မြင်းကို ဆွဲခေါ်လာခဲ့ပြီး ဗိုလ်မင်းဖြတ်ဇနှင့်အတူ လူရှင်းသော
...သို့ စကားတပြောပြောနှင့် လာခဲ့ကြပေသည်။

အခန်း ၁၈

... သီရိဖြတ်ကမ္ဘန်၊ ငါ မြောင်းမြဘက်က ဒီနေ့ပဲ ပြန်ရောက်လာတယ်။
... စစ်သည်တော်မှန်း မသိအောင် ကျေးတောသားဟန်ဆောင်ပြီး စနည်းနာ
...ခဲ့တာ'

ဗိုလ်မင်းဖြတ်ဇသည် မိမိမြောင်းမြဘက်သို့ ခရီးထွက်ပြီး စနည်းနာခဲ့ပုံ
...ကို သီရိဖြတ်ကမ္ဘန်အား ရှင်းပြနေပေရာ သီရိဖြတ်ကမ္ဘန်သည် စိတ်ဝင်
...စား နားထောင်နေပေသည်။

'မြောင်းမြဘက်မှာ ဘယ်လောက်ကြာခဲ့သလဲ'

'ဟံသာဝတီ ရွှေမြို့တော်က ရုပ်ဖျက်ပြီး ထွက်သွားတဲ့အချိန်ကစပြီး
...ကြာရင် ဒီနေ့ပါနဲ့ ရက်ပေါင်းနှစ်ဆယ် ရှိသွားပြီ။ သတင်းတော့ အတော်ကို
...င်လင် ရလာခဲ့တယ်'

'ဘုရင်မကြီးဆီကိုကော အခစား ဝင်ခဲ့သေးသလား'

'ဟံသာဝတီ ရွှေမြို့တော်က မထွက်ခင် အခစား ဝင်ခဲ့တယ်လေ၊ ဘုရင်မ
... အတော်ကို အမှတ်အသား ကောင်းတယ်။ ငါ့ကို မြင်လျှင်မြင်ချင်း မှတ်မိ
...၊ ဘုရင်မကြီး အင်းဝရွှေမြို့တော်ကို ပါသွားတဲ့ အချိန်က စပြီး လူချင်း
...ခါမှ မတွေ့ရဘူး။ ဒါတောင် ငါ့ကို ကောင်းကောင်းကြီး မှတ်မိတယ်၊ နှင့်
...ကို အခစားဝင်ရမလားဆိုပြီး အပြစ်တော် တင်လိုက်သေးတယ်'

'ဟုတ်လား၊ ဘုရင်မကြီးကတော့ တကယ့်ကို ကြည်ညိုစရာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'မင်း ပြောတာ သိပ်မှန်တယ်။ ငါ့ကိုတောင် ရာထူးဌာနန္တရ...
ပေးနေသေးတယ်။ ငါက ရာထူးဌာနန္တရတွေ အလိုမရှိကြောင်း၊ နိုင်ငံတော်...
တာဝန်ကို ကျရာ နေရာကနေပြီး ခုလို ထမ်းရွက်ခွင့်ရတာကို ကျေနပ်...
အကြောင်း လျှောက်တင်လိုက်တော့ ဘုရင်မကြီးက ငါ့ကို ဒါလောက်...
မိုက်မဲရမလားဆိုပြီး ကရုဏာဒေါသောနဲ့ ကြိမ်းလားမောင်းလား လုပ်သေးတယ်...

'ဒါထက် ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေတဲ့ သတင်းကို...
ဘုရင်မကြီးကို လျှောက်တင်ခဲ့သေးသလား'

'လျှောက်တင်ခဲ့ပါတယ်'

'ဘုရင်မကြီးက ဘယ်လို သဘောထားသလဲ'

'ဒီသတင်းကို ဘုရင်မကြီး ကြားသိနေတာ ကြာပြီလို့ ပြောတယ်...
သတင်းဟောင်း သတင်းဆွေးကြီးကို အသစ်အဆန်းလုပ်ပြီး သံတော်ဦးတင်...
မလားဆိုပြီး အပြစ်တောင် တင်လိုက်သေးတယ်။ ဒီသတင်းကို မင်းဆီက ...
ဆုံး ကြားသိခဲ့ရတဲ့ အကြောင်းလည်း မိန့်တော်မူလိုက်တယ်။ မင်းအပေါ်မှာ...
ဘုရင်မကြီးက အတော်ကို သံယောဇဉ်ရှိပါတယ်။ ဒါပေမဲ့ မင်းဟာ အနို...
ကြီးလွန်းအားကြီးတယ်လို့ မိန့်တော်မူလိုက်တယ်။ ကိုယ့်အရိပ်ကို ရန်သူ...
ပြီး အကြောက်လွန်တဲ့ လူနဲ့ တူတယ်လို့လည်း မိန့်တော်မူလိုက်သေးတယ်...
ဒါပေမဲ့ နိုင်ငံတော်နဲ့ ဘုရင်မအပေါ်မှာ ကျေးဇူးသစ္စာ စောင့်သိရှိသေး...
အိမ်စောင့် ခွေးကြီးပမာ ရန်သူမှန်သမျှ အနားမသီဝံ့အောင် အသက်ပေး...
စောင့်ရှောက်နေတာကိုတော့ ကျေးဇူးတင်ကြောင်း မိန့်တော်မူလိုက်ပါတယ်...

'ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည်နဲ့ ပတ်သက်ပြီး အင်...
သူလျှိုတွေ ရောက်ရှိနေတာကိုကော ဗိုလ်မင်း သံတော်ဦး မတင်ခဲ့ဘူးလား'

'သံတော်ဦးတင်ခဲ့ပါတယ်။ ဒီသတင်းကိုလည်း မင်းဆီက ကြားသိခဲ့...
ဖြစ်ကြောင်း မိန့်တော်မူတယ်။ ပြီးတော့ ပြည်တွင်းပြည်ပ သစ္စာဖောက်တွေ...
ရှင်းလင်းသုတ်သင်ပြီး နိုင်ငံတော်ရဲ့ လုံခြုံရေးအတွက် မင်းကြီးသက်တော်ရှည်...
တိုင်ပင်ပြီး လိုအပ်သလို အရေးယူသွားဖို့ကိုလည်း အမိန့်တော်မြွက် ချမှတ်လို...
ပါတယ်။ မင်းကြီးသက်တော်ရှည်ကိုပါ ဆင့်ခေါ်ပြီး ငါတို့အလိုရှိတဲ့ အကူအ...
မှန်သမျှ မဆိုင်းမတွဘဲ ပေးသနားဖို့ပါ အမိန့်တော်မြွက် ချမှတ်လိုက်ပါတယ်...
အစစအရာရာ မင်းနဲ့တိုင်ပင်ပြီး အလုပ်လုပ်ဖို့လည်း အမိန့်တော် ရှိလိုက်ပါတယ်...
ဒါပေမဲ့ ဘုရင်မကြီးရဲ့ အပြောအဆို အမူအရာကို ကြည့်ရခြင်းအားဖြင့် ဘုရင်...
ကြီးကို လုပ်ကြံဖို့ ကြံစည်နေတဲ့ ကိစ္စကို သိပ်ပြီး အရေးထားပုံ မရဘူး။ ...
ပေါ့ပေါ့ပဲ သဘောထားပုံ ရတယ်။ "အိမ်စောင့်ခွေးကြီးတွေလို အားကိုး...





...င်းဖြတ်ဇနဲ့ ဖြတ်ကမွန်ကြီးတို့ ရှိနေပြီဥစ္စာပဲ။ ဘယ်လိုရန်သူကို ...စိမ်းရာ
...သလဲ" ဆိုပြီး ဘုရင်မကြီးက ရယ်သွမ်းသွေးလိုက်သေးတယ်'

ဗိုလ်မင်းဖြတ်ဇက ပြန်ပြောလိုက်သည်။

'အင်း ဘုရင်မကြီးကတော့ဖြင့် သူ့ကို တစ်နိုင်ငံလုံးက အကြွင်းမဲ့
...ကြည်ကိုးစားပြီး ကြည်ညိုလေးစားနေကြတာကိုသိလို့ သူ့မှာ ရန်သူမရှိဘူး
...ခုလို မိန့်တော်မူလိုက်တာ ဖြစ်ရမယ်။ ရန်သူဆိုတာ ဦးချိုပေါက်တာ
...ဘူး။ ဘာပဲဖြစ်ဖြစ် ဘုရင်မကြီးရဲ့ လုံခြုံရေး၊ နိုင်ငံတော်ရဲ့ လုံခြုံရေး
...အသက်ပေးပြီး ကာကွယ်သွားရမှာပဲ။ ကျေးဇူးတင်ခံရဖို့လည်း မလိုဘူး၊
...ကျော်ကြားအောင် သူ့ရဲကောင်းလုပ်ပြဖို့လည်း မလိုဘူး၊ ရာဇဝင်မှာ
...ပြီး ကျန်ရစ်ခဲ့အောင် မဏ္ဍပ်တိုင် တက်ပြဖို့လည်း မလိုဘူး'

သီရိဖြတ်ကမွန်က မိမိ၏ သဘောထားကို ပွင့်ပွင့်လင်းလင်း ထုတ်
...လိုက်သည်။

'ဒီစကား သိပ်မှန်တယ်။ မင်းတို့ ငါတို့ဟာ ရာထူးစည်းစိမ်ကိုလည်း
...မောဘူး။ တန်ခိုးအာဏာရဖို့လည်း မမျှော်လင့်ဘူး။ အညတရစစ်သည်တော်
...ကိုယ်ကျိုးစွန့်ကာ နိုင်ငံတော်အတွက် အသက်ပေးပြီး တာဝန် ထမ်းရွက်
...ကိုပဲ ဆုကြီးလာဘ်ကြီးအဖြစ် ကျေနပ်နှစ်သိမ့်ခဲ့ကြတယ် မဟုတ်လား။
...သားကောင်းတို့မည်သည် နိုင်ငံတော်အတွက်သာ ဖြစ်စေရမယ်။ နိုင်ငံတော်
...ည် ခစ်သားကောင်းတို့အတွက် မဖြစ်စေရ ဆိုတဲ့ ဆောင်ပုဒ်ကို ငါတို့ လက်တွေ့
...အောင်အထည်ဖော်သွားဖို့ သစ္စာဆိုခဲ့ကြတယ် မဟုတ်လား။ ခုလည်းပဲ ဘုရင်မ
...ရဲ့ လုံခြုံရေးအတွက် ဘယ်လိုဆုလာဘ်မျိုးမှ မမျှော်လင့်ဘဲ မင်းကြီး
...တော်ရှည်နဲ့ တိုင်ပင်ပြီး ငါတို့တာဝန်ကို ငါတို့ ထမ်းရွက်နေကြတာ
...တ်လား။ ဘုရင်မကြီးရဲ့ လုံခြုံရေးဟာ နိုင်ငံတော်ရဲ့ လုံခြုံရေးပဲ။ ဘုရင်မ
...သက်တော်ရှည်မှ နိုင်ငံတော် အခွန့်ရှည်စွာ တည်မြဲပြီး ဖွံ့ဖြိုးတိုးတက်မယ်
...တ်လား'

'လူမှန်ရင် တစ်သက်တစ်ခါ သေရစမြဲ မဟုတ်လား။ သေရမှာချင်း
...တူ နိုင်ငံတော်အတွက် အသေခံရတာလောက် မွန်မြတ်တဲ့ သေခြင်းတရား
...ပါဦးမလား။ နိုင်ငံတော်အတွက် အသေခံပြီး တာဝန်ထမ်းရွက်ခွင့် ရတဲ့
...လာဘ်လောက် မွန်မြတ်တဲ့ ဆုလာဘ်ကော ရရှိနိုင်ပါဦးမလား'

'ကဲ .... ဒါတွေကို အသာထားပြီး ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်
...တဲ့ သစ္စာဖောက်တွေကို ရှင်းလင်းသုတ်သင်ပစ်ဖို့ ကိစ္စက ကျန်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းတူးဘက်ကို ငါ လာခဲ့တာဟာ အကြောင်းမဲ့သက်သက် မဟုတ်ဘူး။ အင်မတန် အရေးကြီးလို့ လာခဲ့တာပဲ'

ဗိုလ်မင်းဖြတ်ဇေက မိမိ လာခဲ့သည့် ကိစ္စကို ပြောပြရန် နိဒါန်း ပျိုးလိုက်သည်။

'အရေးကြီးပုံကို ပြောပြစမ်းပါဦး'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'တစ်အချက်က မင်းနဲ့တွေ့ချင်လို့ လာခဲ့တာပါ။ မင်းကို သေကြောင်း ကြံနေကြတယ်။ ဒါကိုတော့ မင်းလည်း သိပြီး ဖြစ်လိမ့်မယ်။ ဒါပေမဲ့ သေ ဆိုတာ လိုတယ်သာ ရှိတယ်၊ ပိုတယ် မရှိဘူး'

'သေကြောင်းကြံပေါင်း များပါပြီ။ ဒါပေမဲ့ ခုအချိန်အထိတော့ မသေ သေးဘူး'

'ရှေ့အဖို့ဆိုရင် ပိုပြီး သဲသဲမဲမဲ ကြံပေလိမ့်မယ်။ ငါစုံစမ်းထောက်လှမ်း လို့ ရရှိခဲ့တဲ့ သတင်းအရဆိုလျှင် ဓားရေး၊ လှံရေးမှာ အင်မတန် ကျွမ်းကျင်လိမ္မာ တဲ့ ဗိုလ်မင်းဇေယသရိ ဆိုတဲ့သူ မကြာခင် ဆောင်းတူးမြို့ကို ရောက်လာပြီး မင်းကို သေကြောင်းကြံလိမ့်မယ်။ ဒါကို မင်း ကြပ်ကြပ်သတိထားပါ။ ဇေယ ဆိုတဲ့ လူရဲ့ ပုံပန်းသဏ္ဌာန်ကို မင်းသိအောင် ငါပြောထားမယ်။ အသားညိုညို အရပ်ရှည်ရှည်၊ မေးရိုးကားကား၊ သူ့ရဲ့ နားရွက်တစ်ဖက်မှာ ဓားခုတ်ရာ ရှိတယ်။ အဲဒီသူကို မင်း သတိထား'

'ကောင်းလှပါပြီ'

'ဒါက တစ်အချက်။ နှစ်အချက်က ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံ အစည်နဲ့ ပတ်သက်ပြီး ငါတို့ ရှေ့ဆက်ပြီး ဘယ်လိုတာဝန်ထမ်းရမလဲဆိုတာ ဆွေးနွေးတိုင်ပင်ဖို့ မင်းကြီးသက်တော်ရှည်ဆီကို သွားရလိမ့်မယ်။ ဘုရင်မကြီး ဆောင်းတူးမြို့ကို တိုင်းခန်းလှည့်လည်တော်မူတဲ့အခါ ဘုရင်မကြီးကို လုပ်ကြံဖို့ အစီအစဉ် ရှိတယ်လို့ သိရတယ်။ အဲဒီ အစီအစဉ် ပျက်ပြားသွားအောင် ငါတို့ တာဝန်ယူရလိမ့်မယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ဖို့ မင်းကြီး သက်တော်ရှည် ကိုယ်တိုင် ပျဉ်းမပင်ဆိပ်က စောင့်ကြိုနေလိမ့်မယ်။ ပျဉ်းမပင် ဆိပ်ကို မင်းနဲ့ငါ သွားရလိမ့်မယ်'

ဗိုလ်မင်းဖြတ်ဇေက ရှင်းပြလိုက်သည်။

'ဒါတက် မင်းကို မေးစရာတစ်ခု ရှိသေးတယ်။ မြို့စားလေး ဇညားအိမ် ဟာ ဘုရင်မကြီးပေါ်မှာ ကျေးဇူးသစ္စာ စောင့်သိရှိသေရဲ့လား၊ ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေတဲ့ လူတွေနဲ့ ကြံရာပါများ ဖြစ်နေမလား'





ဗိုလ်မင်းဖြတ်ဇေက မိမိ သိလိုသည့်အချက်ကို မေးလိုက်ပြန်သည်။

'မင်းတို့ငါတို့နဲ့ ထပ်တူထပ်မျှ ဘုရင်မကြီး အပေါ်မှာ ကျေးဇူးသစ္စာ စောင့်သိရှိသေပါတယ်'

'သေချာရဲ့လား'

'သေချာပါတယ်'

'မြို့စားလေးရဲ့ အစ်မတော် နှင်းကေသရာကော ဘုရင်မကြီးအပေါ်မှာ ကျေးဇူးသစ္စာ စောင့်သိရှိသေပါရဲ့လား'

'စောင့်သိ ရှိသေပါတယ်'

'ဟုတ်မှလည်း ပြောပါ'

ဗိုလ်မင်းဖြတ်ဇေက သံသယ မကင်းသည့် အမူအရာဖြင့် ပြန်ပြော လိုက်သည်။

'ဘာလဲ၊ မြို့စား မောင်နှမအပေါ်မှာ သံသယ ဖြစ်နေလို့ ဒီစကား ပြောလိုက်တာလား'

'မီးမရှိဘဲ မီးခိုးမထွက်ဘူး ဆိုတဲ့ စကားပုံ ရှိတယ် မဟုတ်လား။ အမင်းကြီးလူထွက်ကို နန်းလျာထားရမလား ဆိုပြီး မြို့စားလေးရဲ့ အစ်မတော် နှင်းကေသရာကိုယ်တိုင် လူရှေ့သူရှေ့မှာ ဘုရင်မကြီးကို ပုတ်ခတ်ပြောဆိုခဲ့ တယ် မဟုတ်လား။ မင်းကြီးသက်တော်ရှည်နဲ့ တွေ့တဲ့အခါ ပိုပြီး စုံစုံလင်လင် သိရပါလိမ့်မယ်။ ကဲ .... လာ သွားကြမယ်'

ဗိုလ်မင်းဖြတ်ဇေသည် ပြောပြောဆိုဆို သီရိဖြတ်ကမွန်ကို ခေါ်၍ ပျဉ်းမပင်ဆိပ်သို့ လာခဲ့ကြပေသည်။

## အခန်း ၁၉

ချဉ်းမြောင်းသော လေဝင်ပေါက် တစ်ပေါက်သာ ရှိပြီး လေသာပြတင်း မရှိသဖြင့် ပြင်ပမှ အလင်းရောင် ကောင်းစွာ မဝင်နိုင်သည့် အခန်းငယ်တစ်ခု အတွင်း၌ အသက်အရွယ်အားဖြင့် ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးခန့် ရှိလိမ့် မည်ဟု ခန့်မှန်းရသော ပိန်ပိန်ပါးပါး၊ မျက်နှာသွယ်သွယ်နှင့် ခံ့ညားတည်ကြည်သည့် ပုံပန်းသဏ္ဌာန်ရှိသော မင်းမှုထမ်းတစ်ဦးသည် လက်နှစ်ဖက်ကို နောက်သို့ ပစ်၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း တစ်ခုံတစ်ရာ လေးလေးနက်နက် စဉ်းစားနေသည်ကို တွေ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နဖူးရေတွန့်နေပြီး ဆံပင်ဖြူနေသော်လည်း ၄င်း၏ မျက်လုံးအစုံ ကြည်လင်တောက်ပြောင်လျက်ပင် ရှိနေသေးသည်ကို တွေ့ရပေသည်။

ထိုသူသည် အတန်ကြာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စဉ်းစားနေရာမှ အခန်းငယ်၏ ထောင့်တစ်ထောင့်ရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်နေသော လူရွယ်နှစ်ဦး အနီးသို့ ချဉ်းကပ်လာပေသည်။

'သီရိဖြတ်ကမွန်'

နဖူးရေတွန့်ပြီး ဆံပင်ဖြူနေသော မင်းမှူထမ်းက ကွပ်ပျစ်ပေါ်တွင် ထိုင်နေသူ နှစ်ဦးအနက် သီရိဖြတ်ကမွန်အား ခေါ်လိုက်သည်။

'နာခံလျက် ရှိကြောင်းပါ'

'ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည်နဲ့ ပတ်သက်ပြီး ဘုရင်မကြီး အခစား ဝင်ပြီး ပထမဦးစွာ သတင်းပေးခဲ့တာဟာ စစ်သည်တော်ကြီး သီရိ ဖြတ်ကမွန် မဟုတ်လား'

'မှန်ပါတယ်၊ ကျွန်တော် ကြားသိလျှင် ကြားသိချင်း ဘုရင်မကြီး အခစားဝင်ပြီး လျှောက်တင်ခဲ့ခြင်း ဖြစ်ကြောင်းပါ'

သီရိဖြတ်ကမွန်က အဖြေပေးလိုက်သည်။

'ဘုရင်မကြီးဆီကို အလာ လမ်းခရီးမှာ စစ်သည်တော်ကြီး သစ္စာဖောက်တွေက နှစ်ကြိမ်တိုင်တိုင် တိတ်တဆိတ် ချောင်းမြောင်းပြီး လုပ်ကြံ ကြိုးစားခဲ့သေးတယ် မဟုတ်လား'

'ဒီစကားလည်း မှန်ပါတယ်။ ဒါပေမဲ့ သစ္စာဖောက်တွေရဲ့ အကြံ အစည် မအောင်မြင်ဘဲ သေမင်းရဲ့ ခံတွင်းမှ လွတ်မြောက်ခဲ့ပါတယ်'

သီရိဖြတ်ကမွန်က အဖြေပေးလိုက်သည်။

'အခုလို သေမင်းနဲ့စစ်ခင်းပြီး ဘုရင်မကြီးရဲ့အကျိုးကို သည်ပိုးရွက် ဆောင်ခဲ့တဲ့အတွက် အကြည်တော် သီရိဖြတ်ကမွန်ရော ကျွန်တော် ဖြတ်ဇ ဘယ်လိုဆုလာဘ်မျိုးမှ မရခဲ့ကြောင်းပါ။ ဒီစကားလည်း အမှန်ပင် ဖြစ်ကြောင်း

ဗိုလ်မင်းဖြတ်ဇက ဝင်ပြီး ထောက်လိုက်သည်။

'ဘုရင်မနဲ့ နိုင်ငံတော်အတွက် တာဝန်ထမ်းနေတဲ့ လူတွေဟာ ဆုထော လာဘ်တော်ကို မမျှော်ကိုးရဘူး'

နဖူးရေ တွန့်ပြီး ဆံပင်ဖြူနေသော မင်းကြီးသက်တော်ရှည်က တည်ငြိမ်သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'ဒီစကား မှန်ပါတယ်။ ဒါပေမဲ့ ဘုရင်မကြီးအပါးမှာ ကပ်ရပ်ပြီး မြှောက်ထိုးပင့်ကော် လုပ်နေကြတဲ့ မြို့ဝန်မင်း ဗညားဒလ၊ ဝင်းတော်မှူး ဗညား





သားနဲ့ ဗိုလ်မှူးသမိန်စက္ကဝေါတို့တော့ စည်းစိမ်ခံစားနေကြတယ် မဟုတ်လား'

ဗိုလ်မင်းဖြတ်ဇက ပြန်လည် ချေပလိုက်သည်။

'ဗိုလ်မင်း ပြောတဲ့စကားကို ကျုပ် လက်ခံပါတယ်။ ဒါပေမဲ့ ရှေးရှေး ကောင်းသား တစ်မွန်းတည့်ပါ။ နိုင်ငံတော်ကို တကယ်ချစ်မြတ်နိုးတဲ့လူမှန်ရင် ဆုတော် လာဘ်တော်ကို မမျှော်ကိုးရဘူး။ ရာထူးစည်းစိမ်ကိုလည်း မမက်မောရဘူး နိုင်ငံတော်ရဲ့ အထွတ်အထိပ်ဖြစ်တဲ့ ဘုရင်မကြီးနဲ့ နိုင်ငံတော်အတွက် အသက်ပေးပြီး တာဝန်ထမ်းဖို့ အသင့် ရှိနေကြရမယ်။ ဒါမှ စစ်သားကောင်း ဖြစ်မယ် မဟုတ်လား'

မင်းကြီးသက်တော်ရှည်က ပြန်ပြောလိုက်ပြီး အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း အတန်ကြာ စဉ်းစားနေပြန်သည်။

'ဗိုလ်မင်းဖြတ်ဇနဲ့ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်ကို အင်မတန် အရေးကြီးတဲ့ စကားတစ်ခွန်း ပြောစရာရှိလို့ အခေါ်ခိုင်းလိုက်တာပါ။ နိုင်ငံတော် အတွက် ကြီးလေးတဲ့ တာဝန်ကိုလည်း ပေးအပ်ရလိမ့်မယ်'

မင်းကြီးသက်တော်ရှည်က စကားစလိုက်ပြန်သည်။

'ပေးသမျှတာဝန်ကို အသက်နဲ့လဲပြီး ထမ်းရွက်ဖို့ အသင့် ရှိနေကြောင်းပါ'

သီရိဖြတ်ကမွန်က အဖြေပေးလိုက်သည်။

'လွန်ခဲ့တဲ့ သုံးရက်လောက်က အထက်အညာမှ ကုန်ပစ္စည်းတွေ တင်ဆောင်လာတဲ့ လှေတစ်စင်းမှာ ကုန်သည်ဟန်ဆောင်ပြီး လိုက်ပါလာတဲ့ သစ္စာဖောက် သုံးဦးကို လက်ရ ဖမ်းဆီးရမိထားတယ်။ အဲဒီ သစ္စာဖောက် သုံးဦးအနက် အင်းဝက စေလွှတ်လိုက်တဲ့ သူလျှိုတစ်ဦး ပါလာတယ်။ မြန်မာ စကားရော မွန်ဘာသာပါ ရည်ရည်လည်လည် ပြောတတ်တယ်။ သူ့နာမည်က ငတွံ့ရှာလို့ ခေါ်တယ်။ နောက်တစ်ယောက်ကတော့ ပြည်မြို့က လိုက်ပါလာတဲ့ ငနန္ဒာအမည်ခံ စစ်သည်တော်ဟောင်း တစ်ယောက်ဖြစ်တယ်။ ကျန်တစ်ယောက် ကတော့ ဆောင်းတူးနယ်က မဏိရွတ် အမည်ခံ အသားထဲက လောက်ထွက်တဲ့ သစ္စာဖောက်တစ်ဦး ဖြစ်တယ်။ အဲဒီ သုံးဦးစလုံးဟာ ဘုရင်မကြီးကို လုပ်ကြံပြီး သက်တော်အကြီးကို နန်းတင်ကြဖို့ ကြံစည်နေတဲ့ သစ္စာဖောက်တွေရဲ့ စေတမန်တွေဖြစ်ကြောင်း သက်သေအထောက်အထား ခိုင်ခိုင်လုံလုံ ရထားတယ်'

မင်းကြီးသက်တော်ရှည်က ရှင်းပြနေပေရာ သီရိဖြတ်ကမွန်နှင့် ဗိုလ်မင်းဖြတ်ဇသည် စိတ်ဝင်စားစွာ နားထောင်နေကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူတို့သုံးဦးကို ဖမ်းဆီးပြီး သူတို့ရဲ့ ပစ္စည်းတွေကို ရှာဖွေစစ်ဆေး ကြည့်တဲ့အခါ အရေးကြီးတဲ့ မှတ်တမ်းတွေ တွေ့ရတယ်။ အဲဒီမှတ်တမ်းတွေ မင်းတို့ လေ့လာနိုင်အောင် ယူလာခဲ့တယ်။ သူတို့ဝတ်စားဆင်ယင်တဲ့ ဝတ်စုံတွေ သူတို့အချင်းချင်း ဆက်သွယ်တဲ့အခါ အသုံးပြုတဲ့ အမှတ်တံဆိပ်နဲ့ စကားဝှ ကိုပါ သူတို့ရဲ့ မှတ်တမ်းတွေနဲ့အတူ ငါ့ဆီမှာ ပါလာတယ်။ အဲဒီဝတ်စုံတွေ မင်းတို့ ဝတ်စားဆင်ယင်ပြီး သူတို့ရဲ့ မှတ်တမ်းတွေမှာ ပါတဲ့အတိုင်း ဆောင်ရ နယ် အတွင်းမှာရှိတဲ့ သစ္စာဖောက်တွေနဲ့ အဆက်အသွယ်လုပ်ပြီး သူတို့ရဲ့ အ အစည် ပျက်ပြားသွားအောင် အတွင်းကဝင်ပြီး ဖျက်ဆီးချေမှုန်းပစ်ဖို့ မင်းတ နှစ်ယောက်ကို တာဝန်ပေးချင်တယ်။ မင်းတို့ ဘယ်လို သဘောရသလဲ'

မင်းကြီးသက်တော်ရှည်က မိမိ၏ အကြံအစည်ကို ထုတ်ဖေ လိုက်သည်။

' အသက်နဲ့လဲပြီး ပေးအပ်တဲ့တာဝန်ကို ထမ်းရွက်သွားဖို့ အသ ရှိပါတယ်၊ ဒါပေမဲ့ ခြွင်းချက်တစ်ခုတော့ ထားရလိမ့်မယ်'

ဗိုလ်မင်းဖြတ်ဇက ရင်ကော့ပြီး တာဝန်ယူလိုက်သည်။

'ဘယ်လိုခြွင်းချက်လဲ'

'ကျွန်တော်တို့ စုံစမ်းသိရှိရသလောက်ဆိုရင် ဘုရင်မကြီးကို လု ကြံပြီး သမက်တော်အကြီးကို နန်းတင်ဖို့ ကြံစည်နေတဲ့ သစ္စာဖောက်တွေထဲမှ အတွင်းလူတွေ ပါရှိနေကြောင်း သိရပါတယ်။ ဘုရင်မကြီး အပါးမှာ ကပ် ရပ်ဖားလုပ်ပြီး နောက်ကျောကို ဓားနဲ့ထိုးဖို့ ကြံစည်နေတဲ့ သူတွေလည် ရှိပါတယ်။ ဒီလူတွေကို ညှာတာလို့ မဖြစ်ပါဘူး။ ဒီလူတွေက အင်မတန် ပိ အလုပ်လုပ်တဲ့ လူတွေဖြစ်တဲ့အပြင် သာယာစီးသမားတွေ ဖြစ်တဲ့အတွက် သူ အပေါ်မှာ ထိထိရောက်ရောက် အရေးယူနိုင်လောက်အောင် သက်သေ အထော အထား ရှာလို့ ရချင်မှ ရမယ်။ သက်သေအထောက်အထား ရှာလို့ မရတာ ဒီလူတွေကို လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး။ သူတို့အပေါ်မှာ သက်ညှာ မဖြစ်ပါဘူး'

ဗိုလ်မင်းဖြတ်ဇက ရှင်းပြလိုက်သည်။

'ဒီစကား မှန်တယ်။ ဒီတော့ ဗိုလ်မင်းက ဒီလိုလူမျိုးတွေကို ဘယ် အရေးယူစေချင်သလဲ'

မင်းကြီးသက်တော်ရှည်က ပြန်မေးလိုက်သည်။

'ကျွန်တော်တို့ရဲ့ လက်ကို ဝကွက်ပြီး အပ်ဖို့ ခွင့်ပန်ချင်ပါတယ် ကျွန်တော်တို့နည်းနဲ့ ကျွန်တော်တို့ စီရင်သွားပါ့မယ်။ ဥပမာ ဘယ်သူ





အောင် တိတ်တဆိတ် ဖျောက်ဖျက်သင့်ရင် ဖျောက်ဖျက်ရပါလိမ့်မယ်၊ ကို ခွင့်ပြုစေချင်ပါတယ်'

ဗိုလ်မင်းဖြတ်ဇက ခွင့်တောင်းလိုက်ရာ မင်းကြီးသက်တော်ရှည်သည် ဘရက် အဖြေမပေးသေးဘဲ မေးစေ့ကို ပွတ်ပြီး စဉ်းစားနေသေးသည်။

'အင်း ဘုရင်မကြီးရဲ့ အသက်ဘေးကို ကာကွယ်ဖို့ဆိုတော့ မင်းတို့ ကောင်းတဲ့ အခွင့်အရေး ပေးရဘာပေါ့ကွာ။ ရုံးတစ်ရုံး ဓားတစ်စင်း ဆိုသလို မင်းတို့ကို အာဏာကုန် အပ်လိုက်မယ်။ မင်းတို့ဘာသာ မင်းတို့နည်းနဲ့ တရားစီရင် ပေါ့ကွာ။ ငါ့အနေနဲ့လည်း သက်သေအထောက်အထား ခိုင်လုံတဲ့ သစ္စာ ဖောက်တွေ အပေါ်မှာတော့ မသက်ညှာနိုင်ဘူး။ နိုင်ငံတော် ပြိုကွဲမှာကိုတော့ ထိုင်နည်းနဲ့မှ လက်ပိုက်ကြည့်မနေနိုင်ဘူး။ သစ္စာဖောက် မှန်သမျှ ရှင်းလင်း သုတ်သင်ပစ်ရမှာပဲ'

'ကောင်းလှပါပြီ။ ခုလို အာဏာကုန် အပ်လိုက်တဲ့အတွက် မင်းကြီး သက်တော်ရှည် ပေးအပ်တဲ့တာဝန်ကို အသက်နဲ့လဲပြီး ထမ်းရွက်သွားဖို့ လုံးဝ တာဝန်ယူပါတယ်'

ဗိုလ်မင်းဖြတ်ဇက ရင်ကော့ပြီး တာဝန်ယူလိုက်သည်။

'ဒါဖြင့် ကောင်းပြီ၊ ဟောဟိုသေတ္တာထဲမှာ စောစောက ငါပြောတဲ့ သစ္စာဖောက်သုံးယောက်ရဲ့ ဝတ်စုံတွေ ရှိတယ်။ မှတ်တမ်းတွေလည်း ရှိတယ်၊ ဝတ်စုံကိုယူပြီး ဝတ်ကြည့်စမ်း'

မင်းကြီးသက်တော်ရှည်သည် အခန်းထောင့် တစ်ထောင့်ရှိ ကျွန်း သေတ္တာကို ညွှန်ပြရင်း ပြောလိုက်သည်။

'ကျွန်တော် အစီရင်ခံပါရစေဦး'

သီရိဖြတ်ကမွှန်သည် တစ်စုံတစ်ရာ စဉ်းစားမိသည့် အမူအရာဖြင့် ပြောလိုက်သည်။

'ကဲ ပြောစရာရှိတာ ပြောစမ်းပါဦး'

'ဒီ အနီးအနား တစ်ဝိုက်မှာဆိုရင် ကျွန်တော့်ကို သိတဲ့လူတွေ အတော် များတယ်။ အထူးသဖြင့် ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေကြတဲ့အတွက် ဝတ်စုံတွေကိုဝတ်ပြီး ရုပ်ဖျက်သွားရင် ကျွန်တော်တို့ရဲ့ အကြံအစည်တွေကို သူတို့ ရိပ်စားမိသွားလိမ့်မယ်။ ကျွန်တော့်အနေနဲ့ကတော့ ရုပ်ဖျက်ဘဲ ကျွန်တော့် နည်းနဲ့ကျွန်တော် သစ္စာဖောက်တွေကို ရှင်းလင်း သုတ်သင်သွားဖို့ အကြံအစည် ရှိပါတယ်'

သီရိဖြတ်ကမွှန်က ရှင်းပြလိုက်ရာ မင်းကြီးသက်တော်ရှည်သည် မျက်မှောင်ကြုတ်ပြီး ခေတ္တမျှ စဉ်းစားနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သီရိဖြတ်ကမ္မန် ပြောတာကို ဗိုလ်မင်းဖြတ်ဇ ဘယ်လိုသဘောရသ[illegible]

မင်းကြီးသက်တော်ရှည်က ဗိုလ်မင်းဖြတ်ဇ သဘောကို မေးလိုက်[illegible] ပြန်သည်။

'သီရိဖြတ်ကမ္မန်ပြောတာ မှန်တယ်။ သီရိဖြတ်ကမ္မန်ကို ဒီအနီးအနား တစ်ဝိုက်မှာ မသိတဲ့လူ မရှိဘူး။ ကျွန်တော်သာ လူသစ်တစ်ယောက် ဖြစ်နေ[illegible] ကျွန်တော့်ကို မြင်ဖူးတဲ့လူ မရှိသလောက်ဖြစ်နေလို့ မင်းကြီးသက်တော်ရှ[illegible] ပြောသလို ကျွန်တော့်ကိုယ်ကို ကျွန်တော် ပြည်မြို့ကဆင်းလာတဲ့ သစ္စာဖော[illegible] မင်းနန္ဒာရဲ့ ဝတ်စုံကို ဝတ်ဆင်ပြီး မင်းနန္ဒာဟန်ဆောင်ပါမယ်'

တိုက်ပွဲပေါင်း တစ်ရာကျော်ကျော် ပါဝင်ဆင်နွှဲခဲ့ဖူးသော စစ်သည်တော[illegible] လက်ဟောင်း ဗိုလ်မင်းဖြတ်ဇသည် ပြောပြောဆိုဆို ကျွန်းသေတ္တာထဲမှ သ[illegible] ဖောက် မင်းနန္ဒာ၏ဝတ်စုံကို ထုတ်ယူပြီး မိမိကိုယ်တွင် ဝတ်ဆင်နေပေသည်[illegible] မင်းကြီးသက်တော်ရှည်မှာ ကွပ်ပျစ်ပေါ်တွင် ထိုင်ပြီး ဗိုလ်မင်းဖြတ်ဇကို ကြ[illegible] ရင်း အနာဂတ်အရေးကို စိတ်လေးလေးနှင့် တွေးတောနေပေသည်။

သီရိဖြတ်ကမ္မန်မှာမူ စစ်သည်တော်ဟောင်း ဗိုလ်မင်းဖြတ်ဇ[illegible] စွမ်းရည်သတ္တိကို ကောင်းစွာသိသူဖြစ်သဖြင့် ယခင်စစ်ပွဲများတွင် အောင်[illegible] ဆွတ်ခူးခဲ့ရသလို အသားထဲမှ လောက်ထွက်သည့် သစ္စာဖောက်များ၏ အန္တရာ[illegible] ကို ကျူပင်ခုတ် ကျူငုတ်မှ မကျန်ရလေအောင် ဖြိုခွင်းနိုင်လိမ့်မည်ဟု စိတ်[illegible] ယုံကြည်လျက်ရှိပြီး ဤကိစ္စတွင် မိမိအား ဗိုလ်မင်းဖြတ်ဇနှင့်အတူ ပူးတွဲ[illegible] တာဝန်ပေးခြင်း ခံရသည်ကိုပင် ဂုဏ်ယူမိပေသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ်[illegible] ခြေဦးတည့်ရာ စဉ်းစားနေကြရာမှ မင်းကြီးသက်တော်ရှည်သည် သီရိဖြတ်က[illegible] ဘက်သို့ လှည့်ကြည့်လိုက်သည်။

'ဒီမှာ သီရိဖြတ်ကမ္မန်၊ ဆောင်းတူးမြို့စားလေး ဗညားအိမ်[illegible] စံအိမ်တော်ကို မင်းရောက်နေတာ အတော်ကြာသွားပြီနော်။ မင်း ဒီကို ရောက်[illegible] တာ သိပ်ကောင်းတယ်။ ဒါထက် ဗညားအိမ်ရဲ့ အစ်မတော် ခင်စော[illegible] အမည်ခံ နှင်းကေသရာဟာ သူမတူအောင် ချောတယ်၊ လှတယ်လို့ သတ[illegible] ကြီးနေပါလား'

မင်းကြီးသက်တော်ရှည်က စကားစလိုက်သည်။

'သတင်းကြီးသလောက် ချောလည်းချော၊ လှလည်းလှ၊ ယဉ်လည်းယ[illegible] ပါပေတယ်'

'ရုပ်ချောသလောက် မာနထောင်လွှားတယ် ဆိုတာကော မှန်သလား[illegible]





'မာန်မာနထောင်လွှားခြင်း မဟုတ်ပါ။ စိတ်ဓာတ်ကြံ့ခိုင်ပြီး မှန်သည် [illegible] ပွင့်ပွင့်လင်းလင်း ပြောတတ်သူ တစ်ဦးသာ ဖြစ်ပါတယ်'

'ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေတဲ့ သစ္စာဖောက်တွေကို နှင်း[illegible]ရာက အကာအကွယ် ပေးထားတယ် ဆိုတာကော မမှန်ဘူးလား'

'ဒီစကားလည်း မမှန်ပါဘူး။ နှင်းကေသရာကို ဘုရင်မကြီး[illegible]တော်နဲ့မခြား အရေးပေးတော်မူတာကို သိလို့ သစ္စာဖောက်အချို့က [illegible]ကေသရာရဲ့ အကာအကွယ်ကို ယူပြီး တိတ်တဆိတ် ကြံစည်နေခြင်းသာ [illegible]ပါတယ်'

'ဘုရင်မကြီးရဲ့ သမက်တော်အငယ် ရှင်ဓမ္မရေလူထွက်ကို ဓမ္မစေတီ[illegible] အိမ်ရှေ့အရာ အပ်နှင်းထားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဘုန်းကြီးလူထွက်ကို [illegible]ပေးသာထားတာ မတရားဘူးလို့ နှင်းကေသရာရဲ့ နှုတ်ဖျားက လူသိရှင်ကြား [illegible]ထွက်ခဲ့တယ် မဟုတ်လား'

မင်းကြီးသက်တော်ရှည်က မေးလိုက်သည်။

'နှင်းကေသရာဟာ ငယ်ရွယ်သူဖြစ်တဲ့အပြင် မလိုသူတွေက သွေးထိုး [illegible]ဆော်ပေးထားလို့ ပွင့်ပွင့်လင်းလင်း ပြောတတ်တဲ့ ဝါသနာအတိုင်း ပွင့်ဟ [illegible]ဆိုခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဘုရင်မကြီးနဲ့တကွ နိုင်ငံတော်ရဲ့အပေါ်မှာ [illegible]သက်နဲ့လဲပြီး သစ္စာစောင့်သိ ရိုသေသူဖြစ်ကြောင်း ကျွန်တော် ရဲရဲကြီး အာမခံ [illegible]တယ်။ ကျွန်တော် ပြောသလို မဟုတ်ဘူးဆိုရင် ဇက်ဖြတ်ခံရဲပါတယ်'

သီရိဖြတ်ကမ္မန်က နှင်းကေသရာအတွက် ရဲရဲကြီး အာမခံလိုက်ရာ [illegible]ကြီးသက်တော်ရှည်သည် သီရိဖြတ်ကမ္မန်၏ အမူအရာကို အကဲခတ်ရင်း [illegible]ငြိမ်းယမ်းပြုံးလိုက်သည်။

'ဒါလောက်တောင်လည်း အာမခံ မရဲပါနဲ့လေ။ ဟောဒီ စာတမ်းကိုလည်း [illegible]ကြည့်စမ်းပါဦး'

မင်းကြီးသက်တော်ရှည်က စာတမ်းတစ်စောင်ကို ထုတ်ပြလိုက်ရာ [illegible]ရိဖြတ်ကမ္မန်သည် ထိုစာတမ်းကို စိတ်ဝင်စားစွာ ဖတ်ရှုကြည့်လိုက်သည်။ [illegible]တမ်းကိုဖတ်ရင်း ဖတ်ရင်း သီရိဖြတ်ကမ္မန်၏ မျက်နှာမှာ ခက်ထန်မာကျော [illegible]ပေသည်။ မခံမရပ်နိုင်အောင်လည်း ဒေါသထွက်၍ လာပေသည်။ သို့ရာတွင် [illegible]ခွန်းတစ်ရာ မပြောဘဲ စိတ်ကိုချုပ်တည်းပြီး စာတမ်းကို မင်းကြီးသက်တော်ရှ[illegible] လက်သို့ ပြန်ပေးလိုက်သည်။

စာတမ်းမှာ မည်သူမည်ဝါ ရေးသည်ကို မသိနိုင်စေရန် လက်ရေးကို



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြီး ရေးသားထားခြင်းဖြစ်၍ လက်မှတ်ရေးထိုးထားခြင်းလည်း မရှိသော စာတမ်းမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

ဆောင်းတူးမြို့စားလေး ဗညားအိမ်၏ အစ်မတော် ခင်စောမယ် အမည်ခံ နှင်းကေသရာကို အထူးသတိထားပါ။

နှင်းကေသရာသည် ရှင်စောပု ဘုရင်မကြီးကိုပင် အာခံရဲသူ ဖြစ်ပါသည်။

ရှင်ဓမ္မဓရ လူထွက်အား ဓမ္မစေတီဘွဲ့ဖြင့် နန်းလျာထားသည် ကိစ္စနှင့် ပတ်သက်၍ မဟာဆီ မဟာသွေးကို နန်းလျာမထားဘဲ ဘုန်းကြီးလူထွက်ကို နန်းလျာထားရပါမည်လား ဆိုပြီး လူသိရှင်ကြား ပြင်းပြင်းထန်ထန် ကန့်ကွက် ပြောဆိုလျက် ရှိပါသည်။

ဘုရင်မကြီး၏ သမက်တော်အကြီးအား နန်းလျာထားရန် လိုလားသော စစ်တောင်းမြို့စားကြီး၏သားတော် သမိန်တိသကုန္တ နှင့်လည်း နှင်းကေသရာ အဆက်အသွယ် လုပ်နေသည်ကို တစ်နယ်လုံးအသိ ဖြစ်ပါသည်။

ဆောင်းတူးမြို့စားကြီး စံအိမ်တော်တွင် သမက်တော်အကြီး ကို လိုလားသူတွေအား မကြာခဏ ဖိတ်ခေါ်ပြီး လျှို့ဝှက်စွာ ဆွေးနွေး တိုင်ပင်နေကြသည်ကိုလည်း တွေ့ရပါသည်။ မောင်တော် ဗညားအိမ် အား သမက်တော် အကြီးကို ထောက်ခံရန် နှင်းကေသရာကိုယ်တိုင် ဆွဲဆောင်လျက် ရှိပါသည်။

ဤသတင်းများမှာ တစ်ခုမကျန် အမှန်ချည်းသာ ဖြစ်ပါသည်။ မယုံလျှင် သူလျှိုများ စေလွှတ်၍ စုံစမ်း ထောက်လှမ်းတော်မူပါ။

ဘုရင်မကြီးအပေါ်တွင်သစ္စာစောင့်သိသူ

မင်းကြီးသက်တော်ရှည်သည် သီရိဗြတ်ကမွန်ထံမှ အထက်ပါ စာတမ်း ကို ပြန်ယူလိုက်ပြီး သီရိဗြတ်ကမွန်၏ အမူအရာကို အကဲခတ်နေပေသည်။

'ဘယ့်နှယ်လဲ သီရိဗြတ်ကမွန်၊ ဒီစာတမ်းနဲ့ ပတ်သက်ပြီး ဘယ်လို သဘောရသလဲ'

မင်းကြီးသက်တော်ရှည်က စာတမ်းကို သိမ်းဆည်းရင်း မေးလိုက် သည်။

'နှင်းကေသရာကို ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေတဲ့ ရန်သူ တွေ ရှိပါတယ်။ ရန်သူ တစ်ယောက်ယောက်ရဲ့ လက်ချက် ဖြစ်ပါလိမ့်မယ်





သတင်းပေးပို့သူရဲ့ အမည်နာမ ထုတ်ဖော်ခြင်း မပြုတာကို ထောက်ရှုရင် ရိုးကြည့် စိတ်ချရလောက်တဲ့သတင်း မဟုတ်ကြောင်း ထင်ရှားနေပါတယ်'

သီရိဗြတ်ကမွန်က အဖြေပေးလိုက်ရာ မင်းကြီးသက်တော်ရှည်သည် အတွေးမျှ မျက်မှောင်ကြုတ်၍ စဉ်းစားနေပေသည်။ သီရိဗြတ်ကမွန် ပြောသည့် အားကို လက်ခံရမည်လော၊ စောစောက စာတမ်းတွင် ပါရှိသည့် စွပ်စွဲချက် များသည် ဝေကန် အမှန်ပင် ဖြစ်နေမည်လော စသည်ဖြင့် ဇဝေဇဝါ ဖြစ်နေပေ သည်။

'နှင်းကေသရာမှာ ရန်သူတွေရှိသလို နှင်းကေသရာ အတွက်ဆိုရင် သက်ပေးပြီး အကာအကွယ်ပေးမယ့် မိတ်ဆွေတွေလည်း ရှိနေတယ် မဟုတ်လား၊ အဲဒီမိတ်ဆွေဟာ သီရိဗြတ်ကမွန်ပဲ မဟုတ်လား'

မင်းကြီးသက်တော်ရှည်က သီရိဗြတ်ကမွန်အား အဓိပ္ပာယ်ပြည့်ဝသည့် မျက်လုံးအစုံဖြင့် ကြည့်ရင်း ပြန်ပြောလိုက်သည်။

'အကြောင်းမဲ့သက်သက် အကာအကွယ်ပေးခြင်း မဟုတ်ပါ။ ရှင်စောပု ဘုရင်မကြီး အပေါ်တွင် နှင်းကေသရာ အသက်နှင့်လဲပြီး ကျေးဇူးသစ္စာတော် စောင့်သိရှိသေကြောင်း တပ်အပ်သေချာသိလို့ ရဲရဲကြီး အာမခံဝံ့တာပါ။ ဘုရင်မ ကြီး အပေါ်မှာ နှင်းကေသရာ သစ္စာစောင့်သိရှိသေခြင်း မရှိဘူးဆိုတာ သက်သေ သာဓင်အရှား ပြနိုင်ရင် ကျွန်တော် ဇက်ဖြတ်ခံရပါတယ်။ ဒီအတွက်ကိုတော့ ကျွန်တော် အာမခံရဲပါတယ်'

သီရိဗြတ်ကမွန်က ရဲရဲကြီး အာမခံလိုက်ရာ မင်းကြီးသက်တော်ရှည် သည် နဂိုကပင် တွန့်လိမ်နေသည့် နဖူးရေကို တွန့်သည်ထက် တွန့်အောင် မျက်မှောင်ကြုတ်လိုက်ပြီး အတန်ကြာ စဉ်းစားနေပြန်သည်။

'နှင်းကေသရာဟာ လူမက နတ်တမျှ ချောမောလှပတယ် မဟုတ်လား၊ ဆောင်းတူးနယ်မှာဆိုရင် နှင်းကေသရာလောက် ချောတဲ့လှတဲ့ မိန်းကလေး မရှိသေးဘူးလို့ သတင်းပျံ့မွှေးနေတယ်။ ယောကျ်ားတကာ၏ စိတ်ကို ယိုဖိတ် စေနိုင်တဲ့ အရည်အသွေးတွေနဲ့ ပြည့်စုံတယ်လို့ သိရတယ်။ မင်းကလည်း ပုဆုဒ္ဓ ယောက်ျားဆိုတော့ နှင်းကေသရာရဲ့ ရူပါရုံ ကျော့်ကွင်းမှာ အစဉ်းသား ဝင်တိုး မိနေပြီ ရိမ်ရတယ်။ မင်းဟာ တိုက်ပွဲပေါင်းမြောက်မြားစွာမှာ ရှုပ်ရှုပ်ချွံချွံ ပါဝင် တိုက်ခဲ့ရတဲ့အတွက် စစ်နဲ့ ပတ်သက်လာရင် အတွေ့အကြုံ ဇဟာသုတ ရှိပေမယ့် မိန်းမတွေရဲ့ ပရိယာယ် မာယာနဲ့ ပတ်သက်လာရင် အတွေ့အကြုံ နည်းသေးတယ်။ ပြီးတော့ မင်းဟာ စစ်သည်တော်အဖြစ် ကြမ်းတမ်းတဲ့ ဘဝ တွေကို ဖြတ်ကျော်လာခဲ့ရလို့ ရုပ်ရည်ကြမ်းတမ်းပေမယ့် အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးသေးတာ မဟုတ်ဘူး။ သစ္စာဖောက် တစ်ဦးဦးရဲ့ ကာမဂုဏ် ညွတ်ကွင်းကို ပြီးတိုးမိရင် မင်းပါ သက်သာမှာ မဟုတ်ဘူး။ ခုလို အချိန်မျိုးမှာ ဘုရင်မကြီးနဲ့ နိုင်ငံတော်အပေါ် သစ္စာဖောက်တဲ့ လူတွေအပေါ်မှာ သက်ညှာလို့ မဖြစ်ဘူး။ သစ္စာဖောက်တွေ အပေါ်မှာ သက်ညှာတဲ့ လူတွေကိုပါ သစ္စာဖောက်အဖြစ် ရှင်းလင်းသုတ်သင်ပစ်ရလိမ့်မယ်။ ဒါမှသာ ဘုရင်မကြီးနဲ့ နိုင်ငံတော်ရဲ့ လုံခြုံရေးအတွက် စိတ်ချရလိမ့်မယ် မဟုတ်လား။ သစ္စာဖောက်ကို အကာအကွယ် မပေးမိအောင် မင်း ကြပ်ကြပ် သတိထားပြီး အလုပ်လုပ်သွားပါ'

'ဒီအတွက်တော့ ကျွန်တော့်အပေါ်မှာ စိတ်ချယုံကြည်ပါ။ သစ္စာဖောက် တစ်ဦးဦးကို ကျွန်တော် အကာအကွယ် ပေးမိရင် ဒါမှမဟုတ် သက်ညှာမိရင် ကျွန်တော် လည်စင်းပြီး အသေခံသွားပါမယ်'

'အာမခံ သိပ်မရဲနဲ့နော်။ မင်းနားတစ်ထောင် မင်းမျှောင်တစ်သိန်း ဆိုတဲ့ စကားပုံရှိတယ် မဟုတ်လား။ ငါ့ရဲ့လက်အောက်မှာ သစ္စာဖောက်တွေ သွားလာလှုပ်ရှားမှု မှန်သမျှကို နားနဲ့မျက်စိဖွင့်ပြီး အချိန်မလပ်ရအောင် ထောက်လှမ်းနေတဲ့ သူလျှိုတွေ အမြောက်အမြား ရှိတယ်ဆိုတာ မင်းသိထားစမ်း'

မင်းကြီးသက်တော်ရှည်က ပြန်ပြောလိုက်ရာ သီရိဇြတ်ကမွန်က လက်ဝါးကာလိုက်သည်။

'ဒီစကား ဒီမှာတင် ရပ်ပါ။ ကျွန်တော့်ကို ဒီနည်းမျိုးနဲ့ ခြိမ်းခြောက်တာတော့ မကောင်းပါဘူး။ ဘုရင်မကြီးနဲ့ နိုင်ငံတော်အပေါ်မှာ မင်းကြီးသက်တော်ရှည် သစ္စာစောင့်သိ ရှိသေတာထက် မပိုရင်သာ ရှိမယ်။ တစ်ရွေးသားမလျော့ဘူးဆိုတာ တထစ်ချမှတ်ယူပါ။ ဘုရင်မကြီးနဲ့ နိုင်ငံတော်အတွက်ဆို မင်းကြီးသက်တော်ရှည် အသေခံရဲတာထက် သီရိဇြတ်ကမွန်က ပိုပြီး အသေခံရဲတယ်ဆိုတာ စွဲစွဲမြဲမြဲ ယုံကြည်မှတ်သားထားစေလိုပါတယ်။ မလိုသူကုန်းချောသလို ဘုရင်မကြီး အပေါ်မှာ နင်းကေသရာ သစ္စာစောင့်သိ ရှိသေမရှိဘူး ဆိုတာ သက်သေအထောက်အထား ခိုင်လုံစွာ ပြနိုင်ရင် ဇက်ကြိုးခံရဲပါတယ်။ ကျွန်တော့်အပေါ်မှာ ငဲ့ညှာနေစရာ မလိုပါဘူး'

သီရိဇြတ်ကမွန်က မိမိအပေါ်တွင် သံသယဖြစ်သည်ကို မခံမရပ်နိုင်သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'ငါက မင်းအပေါ်မှာ ငဲ့ညှာပြီး သတိပေးနေတာ။ မင်းရဲ့စကား ငါတို့ မမိုက်မသုန် ယုံကြည်တယ်။ မင်းပြောတဲ့စကား မှန်ပါစေလို့ ဆုတောင်းပါတယ်။ မင်းအပေါ်မှာ ငါတို့ ဆံတစ်ခြည်တောင် သံသယမရှိ မင်းအပေါ်မှာ သံသယရှိလို့ ပြောနေတာ မဟုတ်ဘူး။ မင်းအတွက် သတိပေးနေ





မင်းကြီးသက်တော်ရှည်က ပြန်လည်၍ သတိပေးလိုက်သည်။

ထိုအတောအတွင်း ဗိုလ်မင်းဖြတ်ဇသည် ပြည်မြို့မှ ရောက်ရှိလာသည့် သစ္စာဖောက် မင်းနန္ဒာ၏ ဝတ်စုံကို ဝတ်စားဆင်ယင်ပြီး မင်းကြီးသက်တော်ရှည်၏ ရှေ့မှောက်သို့ ရောက်၍ လာပေသည်။

ကျေးတောသား အသွင်ဖြင့် စုတ်စုတ်ပြတ်ပြတ် ဝတ်စားဆင်ယင်ခဲ့ရာမှ ရွှေချည်ထိုး၊ ပိုး၊ ဖဲ၊ ကတ္တီပါ ဝတ်စုံများကို ဝတ်စားဆင်ယင်လိုက်သောအခါ စောစောက ရုပ်အသွင်ကိုပင် မမှတ်မိလောက်အောင် ပြောင်းလဲသွားသည်ကို တွေ့ရပေသည်။ နှုတ်ခမ်းမွေးကိုလည်း အနည်းငယ် ဖြတ်ထားပြီး မျက်နှာတွင် အရောင်တင် ခြယ်လှယ်ထားသဖြင့် အသားအရေမှာ စိုပြည်လျက်ပြီး ငယ်မှုပြန်နေပေသည်။

'ဟင် အခုလိုဆိုတော့ မင်းကိုငါတောင် ကောင်းကောင်း မမှတ်မိတော့ဘူး၊ ခုအချိန်က စပြီး မင်းဟာ ဗိုလ်မင်းဖြတ်ဇ မဟုတ်တော့ဘူး။ ပြည်မြို့က ဆင်းလာတဲ့ သစ္စာဖောက်မင်းနန္ဒာ ဖြစ်သွားပြီ'

မင်းကြီးသက်တော်ရှည်သည် ဗိုလ်မင်းဖြတ်ဇအား ခြေဆုံးခေါင်းဆုံး ကြည့်ရင်း ပြောလိုက်သည်။ ပြီးမှတစ်ဖန် သစ္စာဖောက်သုံးဦးထံမှ သိမ်းဆည်းရထားသည့် မှတ်စုမှတ်တမ်းများကို ဗိုလ်မင်းဖြတ်ဇ၏ လက်သို့ ပေးအပ်လိုက်သည်။

'ဟောဒီ မှတ်စုမှတ်တမ်းတွေကို မင်းတို့ယူသွားပြီး လေ့လာထားကြ၊ ဒီစာလွှာက စစ်တောင်းမြို့က ကုန်သည်ကြီး ဇောဂလာကို ပေးဖို့ စာလွှာ။ ယစာလွှာက ပိုပြီး အရေးကြီးတယ်။ အဲဒီစာလွှာမှာ စစ်တောင်းမြို့စားကြီး သား သမိန်တိသကုမ္မာရဲ့ နာမည်နဲ့လိပ်စာ ထိုးထားတယ်။ တတိယ စာလွှာ နင်းကေသရာနဲ့ မောင်နမဝမ်းကွဲ တော်စပ်တဲ့ မင်းသိဒ္ဓတ်ကိုပေးဖို့ စာလွှာ။ စာလွှာတွေကိုရော မှတ်စုမှတ်တမ်းတွေကိုပါ မင်းတို့ယူသွားကြပြီး ခရေစေ့ လေ့လာမှတ်သားထားကြ။ စာလွှာကိုတော့ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေထံကို အရောက်ပေးပို့ပြီး သူတို့ရဲ့ အတွင်းလူဖြစ်အောင် ကြိုးစားသူတို့ရဲ့ အစည်တွေကို နိုက်နိုက်ချွတ်ချွတ် သိနေအောင် ထောက်လှမ်းပြီး သူတို့ရဲ့ အစည်း ပျက်ပြားသွားအောင် ဖျက်ဆီးချေမှုန်းပစ်ကြပေါ့၊ သူတို့ရဲ့ အကြံ ပျက်ပြားသွားအောင် ဖျက်ဆီးချေမှုန်းတဲ့နေရာမှာ မင်းတို့နှစ်ယောက်ကို ကုန် နင်းအပ်လိုက်မယ်။ ရော့ .... ငါ့လက်သုံးတော်ဓားကိုပါ မင်းကို အပ်လိုက်မယ်။ ဒီလက်သုံးတော်ဓားနဲ့ ရန်သူမှန်သမျှ ကျုပ်ခုတ် လေအောင် ခုတ်ထွင်ရှင်းလင်းပေတော့'



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသက်တော်ရှည်သည် သစ္စာဖောက်သုံးဦးထံမှ သိမ်းဆည်းရရှိထားသည့် မှတ်စုမှတ်တမ်းနှင့် သစ္စာဖောက်အချင်းချင်း ဆက်သွယ်သည့် စာလွှာများနှင့်အတူ မိမိကိုင်ဆောင်သည့် ကျောက်စီ လက်သုံးတော်ဓားကို ဗိုလ်မင်း ဖြတ်ဇ၏ လက်သို့ နှင်းအပ်လိုက်ပေသည်။

'သစ္စာဖောက် အချင်းချင်း ဆက်သွယ်တဲ့ စကားဝှက်ကိုလည်း မင်းတို့ မှတ်သားထားဦး။ သူတို့ရဲ့ မှတ်တမ်းတွေကို လေ့လာကြည့်ရင် သူတို့အချင်းချင်း ဆက်သွယ်တဲ့ စကားဝှက်ကို တွေ့ရလိမ့်မယ်'

မင်းကြီးသက်တော်ရှည်က ဗိုလ်မင်းဖြတ်ဇနှင့် သီရိဗြတ်ကမ္ဘန်တို့အား သတိပေးလိုက်ပြန်သည်။

'မင်းတို့ကို နောက်ဆုံးစကား မှာကြားစရာ ရှိသေးတယ်။ မင်းတို့ ထမ်းရွက်ရမယ့်တာဝန်ဟာ အင်မတန် ဘေးအန္တရာယ်များတယ်။ အချိန်ရှိသရွေ့ သေမင်းနဲ့စစ်ခင်းပြီး ကြီးလေးတဲ့တာဝန်ကို ထမ်းရွက်ကြရမှာ ဖြစ်တဲ့အတွက် သတိနဲ့ဝီရိယ ရှိဖို့လိုတယ်။ မင်းတို့နှစ်ယောက်ကို ရွေးချယ်ပြီး ခုလိုကြီးလေးတဲ့ တာဝန်ကို ပေးအပ်တာက တခြားကြောင့် မဟုတ်ဘူး။ မင်းတို့နှစ်ယောက်စလုံးဟာ နိုင်ငံတော်အတွက်ဆိုရင် အသက်နဲ့လဲပြီး တာဝန်ထမ်းရွက်သွားဖို့ အသင့်ရှိနေသူတွေ ဖြစ်ကြောင်း မင်းတို့ရဲ့အတိတ်ရာဇဝင်က သက်သေခံနေတဲ့အတွက် မင်းတို့အပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ကြီးလေးတဲ့တာဝန်ကို ပေးအပ်လိုက်ခြင်း ဖြစ်တယ်ဆိုတာ သဘောပေါက် နားလည်ထားကြစေလိုတယ်။ ဘုရင်မကြီးရဲ့ အသက်နဲ့ နိုင်ငံတော်ရဲ့ လုံခြုံရေးဟာ မင်းတို့နှစ်ယောက်ရဲ့ လက်ထဲမှာရှိနေတယ် ဆိုတာ အမြဲတစေ သတိရပြီး ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ တာဝန်ထမ်းရွက်သွားကြရလိမ့်မယ်။ မင်းတို့ရဲ့ တိုက်ပွဲအတွေ့အကြုံဟာ ခုကိစ္စမှာ အများကြီး အထောက်အပံ့ ရလိမ့်မယ်။ ဒါပေမဲ့ မင်းတို့ကို တစ်ခုထပ်လောင်းပြီး သတိပေးလိုက်ချင်တယ်။ မင်းတို့ဟာ စစ်သားကောင်းပီသသူတွေ ဖြစ်တဲ့အတွက် ဘုရင်မကြီးနဲ့ နိုင်ငံတော်အတွက် စွန့်စားရတဲ့အတွက် ဆုတော်လာဘ်တော်ကို လုံးဝ မမျှော်လင့်ဘဲ ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်သွားကြဖို့ သတိပေးချင်တယ်။ မင်းတို့ရဲ့ ရှပ်ရှပ်ချွံချွံ အမှုတော်ထမ်းရွက်မှုကြောင့် ဘုရင်မကြီး သက်တော်ရာကျော်ရှည်စွာ နိုင်ငံတော်ကို စိုးစံအုပ်ချုပ်သွားတာကို မြင်ရရင် မင်းတို့စွန့်စားရတဲ့အတွက် အကြီးမားဆုံးသော ဆုကြီး လာဘ်ကြီးဆိုတာ မင်းတို့ နားလည်သဘောပေါက်ကြလိမ့်မယ်လို့ ငါ ယုံကြည်တယ်။ စစ်သားကောင်းတစ်ယောက်အတွက် အဲဒီလောက်မွန်မြတ်တဲ့ ဆုလာဘ် မရှိတော့ဘူး ဆိုတာ စွဲစွဲမြဲမြဲ မှတ်သားထားကြ'





မင်းကြီးသက်တော်ရှည်က ဩဝါဒစကားပြောကြားလိုက်ရာ ဗိုလ်မင်းဖြတ်ဇနှင့် သီရိဗြတ်ကမ္ဘန်သည် မင်းကြီးသက်တော်ရှည်၏ ဩဝါဒကိုခံယူပြီး နှစ်ယောက်သား ပျဉ်းမပင်ဆိပ်မှ ထွက်ခွာလာခဲ့ကြပေသည်။

လူချင်းမခွဲမီ သီရိဗြတ်ကမ္ဘန်သည် ဆောင်းတူးမြို့သို့ မိမိ ရောက်ရှိသည့်အချိန်မှ အစပြု၍ မိမိ စုံစမ်းထောက်လှမ်း၍ ရရှိခဲ့သည့် အချက်အလက်များကို ဗိုလ်မင်းဖြတ်ဇအား လုံးဝဥဿုံ ရှင်းလင်းပြောပြနေသေးသည်။

မြို့စားလေး ဗညားအိမ်အား သမိန်စက္ကဝေါတို့ လူသိုက်က ဖြားယောင်းသွေးဆောင်ပြီး အရက်သေစာမူးယစ်နေစဉ် စာတမ်းတစ်စောင်တွင် လက်မှတ်ရေးထိုးစေခဲ့ပုံနှင့်တကွ ထိုစာတမ်းဖြင့် ဗညားအိမ်အား အကျပ်ကိုင်ကာ ဘုရင်မကြီးကို လုပ်ကြံရန်ကိစ္စတွင် ဗညားအိမ်၏ အကူအညီ ရရှိရေးအတွက် ကြိုးစားနေပုံများကိုပါ သီရိဗြတ်ကမ္ဘန်က ရှင်းပြနေရာ၊ စစ်ပွဲပေါင်း တစ်ရာကျော်တွင် ပါဝင်တိုက်ခိုက်ခဲ့ဖူးသဖြင့် အတွေ့အကြုံ ဗဟုသုတကြွယ်ဝသော ဗိုလ်မင်းဖြတ်ဇသည် နှုတ်ခမ်းမွေးသပ်ရင်း ခေါင်းတညိတ်ညိတ် လည်တဆတ်ဆတ်နှင့် နားထောင်နေရာမှ ဘုရင်မကြီးအား လုပ်ကြံရန်ကြံစည်သူ မှန်သမျှ ကျူပြင်သော် ကျူငုတ်မကျန် ရလေအောင် မိမိတို့၏ အသက်နှင့်လဲ၍ တာဝန်ထမ်းရွက်သွားကြရန် သစ္စာအဓိဋ္ဌာန် ပြုလိုက်ကြပေသည်။

## အခန်း ၂၀

မြို့စားလေး ဗညားအိမ်၏ စံအိမ်တော်သို့ သီရိဗြတ်ကမ္ဘန် ပြန်လည်ရောက်ရှိသည့်အချိန်တွင် နေအတော်စောင်းနေပြီ ဖြစ်ပေသည်။ စံအိမ်တော်အနီးသို့ ရောက်သောအခါ သာယာသော သီချင်းသံကို ကြားရသဖြင့် သီရိဗြတ်ကမ္ဘန်သည် စံအိမ်တော်သို့မဝင်သေးဘဲ ခေတ္တမျှရပ်နားပြီး သီချင်းသံကို နားထောင်ရင်း သီချင်းသံလာရာသို့ မျှော်ကြည့်လိုက်သောအခါ စံအိမ်တော်၏ လသာဆောင်တွင် နှင်းကေသရာသည် သီချင်းတအေးအေးဖြင့် မိမိပတ်ဝန်းကျင်တွင် ပြန့်ကျဲနေသည့် ပေတိုများကို တစ်ခုပြီးတစ်ခု စိတ်ဝင်စားစွာ ဖတ်ရှုနေသည်ကို တွေ့ရသည်။

ပေတိုများကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ထိုပေတိုများမှာ ရေးစပ်သီကုံးပေးလိုက်သည့် ကဗျာလင်္ကာများကို မိုးအုံးနောင်၏လက်ရေး မှတ်မိသည့်အလျောက် ဖြစ်ကြောင်း တွေးယူပြီး နှင်းကေသရာအား ဆက်သခဲ့သည့် ပေတိုများဖြစ်ရမည်ဟု သီရိဗြတ်ကမ္ဘန်က တထစ်ချ ပြောနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာမှာ ပေတိုများကို စိတ်ဝင်စားစွာ ဖတ်ရှုရင်း သီချင်း အေးအေး သီကျူးလျက် ရှိရာမှ ဥယျာဉ်တော်ဆီသို့ လှမ်းကြည့်လိုက်ရာ သီချင်းသံကို အာရုံစိုက်ပြီး နားထောင်နေသော သီရိဖြတ်ကမ္ဗန်ကို မြင်လိုက် သဖြင့် သီချင်းသံ တိတ်သွားပြီး မျက်နှာပိုးသတ်လိုက်သည်။ ပြီးမှတစ်ဖ သီရိဖြတ်ကမ္ဗန်အား မျက်မှောင်ကုတ်၍ ကြည့်ရင်း စံအိမ်တော်ထဲသို့ ဝ လာရန် ခေါ်လိုက်သည်။

'စစ်သည်တော်ကြီးလည်း ခုမှပဲ ပေါ်လာတော့တယ်။ ဘယ်မျာ သဝေထိုးနေသလဲ။ ပြန်ရောက်လာတာတောင် အသံပြုဖော် မရဘူး။ စ သည်တော်ကြီးကို ပေးအပ်လိုက်တဲ့ တာဝန်ကို အောင်မြင်စွာ ထမ်းရွက်နိုင်ခဲ့ သလား'

နှင်းကေသရာ စကားနာ ထိုးရင်း မေးလိုက်သည်။

'သဝေထိုးခြင်း မဟုတ်ပါ။ မိတ်ဟောင်းဆွေဟောင်း တစ်ယောက် တွေ့နေလို့ အချိန်ဖင့်နွှဲသွားခြင်း ဖြစ်ကြောင်းပါ'

'ညီမတော် နှင်းဧကရီကိုရော တွေ့ခဲ့ပါသလား။ ကျန်းကျန်းမာ ချမ်းချမ်းသာသာပဲ မဟုတ်လား'

'အိမ်ထောင်သည် ဘဝဖြင့် ရွှင်လန်းချမ်းမြေ့စွာ ရှိသည်ကို တွေ့ ခဲ့ရကြောင်းပါ'

သီရိဖြတ်ကမ္ဗန်က အဖြေပေးလိုက်ရာ နှင်းကေသရာသည် အံ့အာ သင့်သည့် အမူအရာဖြင့် ပြန်ကြည့်လိုက်သည်။

'ဟင် ဟုတ်လား၊ ညီမတော်နှင်းဧကရီ အိမ်ထောင်သည် ဖြစ်သွား

နှင်းကေသရာသည် သီရိဖြတ်ကမ္ဗန် ပြောလိုက်သည့် စကား မယုံကြည်နိုင်သည့် အမူအရာဖြင့် ပြန်မေးလိုက်ရာ သီရိဖြတ်ကမ္ဗန်မှာ နှုတ် အဖြေမပေးဘဲ ခေါင်းညိတ်ပြီး ဟုတ်မှန်ကြောင်း ဝန်ခံလိုက်ရာ၊ နှင်းကေသရာ အံ့အားသင့်သည်ထက် သင့်သွားပြီး ပါးစပ်အဟောင်းသား ဖြစ်၍သွားပေသည်

'စော်ကားလှချည်လား၊ အရီးဘုရားရဲ့ မျက်နှာကိုတောင် ထောက် ရမှန်း မသိကြတော့ဘူးလား။ ညီမတော်ကို ဘယ်လူယုတ်မာ ဖြားယော သွေးဆောင်သွားတာလဲ။ ညီမတော်ကို မောင်တော်ဗညားအိမ်နဲ့ ရွှေလက်ထ ဆက်ဖို့ လူသိရှင်ကြား စေ့စပ်ကြောင်းလမ်းထားတာကို သိလျက်သားနဲ့ အ ဘုရား ပန်းလိုင်ထိပ်ထား သခင်မကြီးရဲ့ အလိုတော်ကို လွန်ဆန်ဝံ့တာ ဘယ်သူ

'စော်ကားလိုသည့် ဆန္ဒရှိလိမ့်မယ် မဟုတ်ကြောင်းပါ။ ယုတ်မာသေ စိတ်ဖြင့် ဖြားယောင်းသွေးဆောင်ခြင်းလည်း မဟုတ်ကြောင်းပါ။ ချစ်ခြင်းမေ





ဆော်မှုကြောင့် နှစ်ဦးသဘောတူ အိမ်ထောင်သည်ဘဝသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်းပါ။ ပန်းလိုင်ထိပ်ထား သခင်မကြီး၏ အလိုတော်ကို လွန်ဆန် သူ မဟုတ်ကြောင်းပါ။ နှင်းဧကရီ၏ ခင်ပွန်းမှာ နိုင်ငံတော်အတွက် အသက် ပြီး သေမင်းနှင့် စစ်ခင်းနေတဲ့ အခြေအနေမှဲ့၊ ပစ္စည်းဥစ္စာ လသုံး အိမ်တိုင်ထူနေရတဲ့ အညတရစစ်သည်တော် တစ်ဦးသာလျှင် ဖြစ် ကြောင်းပါ'

သီရိဖြတ်ကမ္ဗန်က ပဟေဠိဆန်ဆန် အဖြေပေးလိုက်ရာ နှင်းကေသရာ သည် မျက်မှောက်ကြုတ်ပြီး နားထောင်နေရာမှ သီရိဖြတ်ကမ္ဗန်အား ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်သည်။

'စစ်သည်တော်ကြီးပြောတဲ့လူက စစ်သည်တော်ကြီးနဲ့ တူလှချည်လား'

နှင်းကေသရာက ထေ့သလို၊ ငေါ့သလိုနှင့် ပြောလိုက်သည်။

'ဒီစကား မှန်ပါတယ်'

သီရိဖြတ်ကမ္ဗန်က မျက်နှာသေဖြင့် အဖြေပေးလိုက်ရာ နှင်းကေသရာ သည် တစ်ဖက်သို့ မျက်နှာလှည့်သွားပြီး ခေတ္တမျှ စဉ်းစားနေပေသည်။

'မသိလို့ မေးပါရစေ။ ညီမတော် နှင်းဧကရီရဲ့ အချစ်ပန်းကို ဆွတ်ခူး တဲ့ နှလုံးရည် လက်ရုံးရည်ပိုင်ရှင်ဟာ စစ်သည်တော်ကြီး သီရိဖြတ်ကမ္ဗန်များ နေမလား'

နှင်းကေသရာက သီရိဖြတ်ကမ္ဗန်၏ မျက်နှာအား မကြည့်ဘဲ လိုက်ရာ၊ သီရိဖြတ်ကမ္ဗန်မှာ ပါးစပ်အဟောင်းသား ဖြစ်၍သွားပေသည်။

'ဘယ်လို မိန့်တော်မူလိုက်တာပါလဲ'

'သခင်မက စေတနာနဲ့ မေးနေတာပါ။ စစ်သည်တော်ကြီး သီရိဖြတ်ကမ္ဗန် အပြောအဆို အမူအရာကို သခင်မ အကဲခတ်လို့ ရှုံးလောက်ဆိုရင် သည်တော်ကြီးဟာ "မ" ဆိုရင် ခြေမ လက်မကိုတောင် ပယ်မယ်ဆိုတဲ့ သာ သူတော်စင်ကြီးလို ဣန္ဒြေတော် ရင့်ကျက်တော်မူလွန်းလို့ ညီမတော် ကရီရဲ့ အချစ်ပန်းကို ဘယ်လိုများ ဆွတ်ခူးခဲ့သလဲ ဆိုတာ သိရှင်လို့ တာပါ'

'ငမိုက်သား သီရိဖြတ်ကမ္ဗန် အပေါ်မှာ နှင်းကေသရာသခင်မ အထင် လွဲနေပြီ ထင်ပါတယ်။ ငမိုက်သား သီရိဖြတ်ကမ္ဗန်ဟာ "မ" ဆိုရင် ခြေမ ကိုပါ ပယ်နိုင်စွမ်းမရှိပေမဲ့ နိုင်ငံအတွက် အသက်ကိုနှင်းအပ်ပြီး ရွက်ခဲ့ရသူ ဖြစ်တဲ့အတွက် "မ" ဘက်လိုက်ဆော့ မိုက်ဘက်ပါသွားမှာစိုးလို့ ဆိုရင် ဝေးဝေးက ရှောင်ခဲ့တာ အမှန်ပါ။ စိတ်လည်း စားခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပါ၊ မိန်းကလေး တစ်ဦးတစ်ယောက်ရဲ့ အချစ်ပန်းကို ဆွတ်ခူးနိုင်ဖို့ ဝေးရှာနေအောင်ချိုအောင်ပင် ချစ်ရေးဆိုတတ်သူ မဟုတ်ကြောင်းပါ။ အချစ်ရေးထက် စစ်ရေးကို စိတ်ဝင်စားပြီး အညတရစစ်သည်တော် ဘဝနဲ့ နိုင်ငံတော်ရဲ့ အကျိုးကို သည်ပိုးရွက်ဆောင်ရင်း အရိုးထုတ်သွားဖို့ စိတ်ပိုင်းဖြတ်ထားသူ ဖြစ်သည်ကို နှင်းကေသရာ သခင်မ သိသင့်လောက်ပါတယ်'

သီရိဖြတ်ကမ္ဘန်က မိမိအား နှင်းဇကရီနှင့် သမုတ်သည်ကို ဝမ်းနည်းသည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'ဒါဖြင့် ညီမတော် နှင်းဇကရီရဲ့ ကြင်ဖက်တော်ဟာ စစ်သည်တော်ကြီး မဟုတ်ဘူးလို့ ငြင်းဆိုချင်တယ် ဆိုပါတော့။ ကောင်းပါပြီ၊ စစ်သည်တော်ကြီး မဟုတ်ဘူးဆိုရင် ဘယ်သူပါလဲ'

'ဘယ်သူဘယ်ဝါ ဖြစ်သည်ကို ပန်းလှိုင်ထိပ်ထား သခင်မကြီးကို လျှောက်တင်ပါ့မယ်။ ပန်းလှိုင်ထိပ်ထား သခင်မကြီးနဲ့ တွေ့ခွင့်ပြုတော်မူပါ'

သီရိဖြတ်ကမ္ဘန်က ခွင့်ပန်လိုက်သည်။

'အရီးဘုရား မရှိဘူး။ စစ်သည်တော်ကြီး ပြန်ချိန်တန်လို့ ပြန်မလာတာနဲ့ ညီမတော် နှင်းဇကရီအတွက် စိတ်တော်ပူပန်ပြီး မောင်တော်ဗညားအိမ်ကို ခေါ်ကာ စစ်သည်တော်ကြီးရဲ့ နောက်ကို လိုက်သွားကြတယ်'

နှင်းကေသရာက ရှင်းပြလိုက်ရာ သီရိဖြတ်ကမ္ဘန်မှာ အံ့အားသင့်သွားပြန်သည်။

'ထိပ်ထားသခင်မကြီး ကိုယ်တော်တိုင် လိုက်ပါသွားပါသလား'

သီရိဖြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'အရီးဘုရား ကိုယ်တော်တိုင် မြင်းတစ်စီးနဲ့ လိုက်ပါသွားပါတယ်။ အရီးဘုရားက လူသာအိုတယ်၊ စိတ်က မအိုသေးဘူး။ မိန်းမသားသာ ဆိုရတယ်၊ ယောကျ်ားတွေနဲ့ တန်းတူ ရင်ပေါင်တန်း လိုက်နိုင်တယ်။ အရီးဘုရား ငယ်ရွယ်စဉ်ကဆိုရင် ဘကြီးတော်ဘုရားနဲ့အတူ ဓားဆွဲပြီး တိုက်ပွဲဝင်ခဲ့ဖူးတယ်လို့ ပြောတယ်'

'တကယ့် သတ္တိခဲပါလား၊ အရွယ်တော်သာငယ်ရင် သိပ်ကောင်းမှာ'

'အရီးဘုရားကို ဘာဖြစ်လို့ အရွယ်တော် ငယ်စေချင်တာလဲ'

'အိုမင်းမစွမ်း ရှိနေတာတောင် ယောကျ်ားတွေနဲ့ တန်းတူ ရင်ပေါင်တန်း လိုက်နိုင်သေးရင် အရွယ်တော်သာ ငယ်မယ်ဆိုရင်တော့ နိုင်ငံတော်အတွင်း အားကိုးရမယ့် အမျိုးသမီး သူရဲကောင်းတစ်ဦးအဖြစ် ကြည်ညိုလေးစားစရာ တွေ့မြင်ရမှာမို့ အရွယ်တော် ငယ်ရွယ်စမ်းစေချင်တယ်လို့ တမ်းတမိခြင်းပါ'





'အရီးဘုရားဟာ သတ္တိကောင်းသလောက် အပြောအဆိုမှာလည်း ရက်စက်တယ်။ ပြောစရာရှိရင် ဘယ်သူ့မျက်နှာကိုမှ မထောက်ဘဲ ပြောလေ့ပြောတတ်တယ်။ မခံနိုင်လို့ လဲသေချင်သေပေစေ၊ သူပြောချင်တာကို ပြောခွင့်ရမှ ကျေနပ်တယ်။ စိတ်ကလည်း မြန်လိုက်တာ လွန်ပါရော၊ ငယ်ငယ်ရွယ်ရွယ်တုန်းကဆိုရင် ပိုတောင် ဆိုးလိမ့်ဦးမယ်။ ဒီအသက် ဒီအရွယ်ရောက်လာတာတောင် စိတ်မလျှော့သေးဘူး'

နှင်းကေသရာက ပြန်ပြောလိုက်သည်။

'ဒါတွေဟာ ချစ်စရာကောင်းတဲ့ အရည်အချင်းတွေပါ'

'ချစ်စရာကောင်းတယ် ဟုတ်လား၊ ရှင်မို့လို့ ချစ်ချင်ပလေတယ်။ အရီးဘုရားအကြောင်း မသိသေးလို့ ဒီစကား ပြောနေတာ။ ကဲ စစ်သည်တော်ကြီးကို ပြောစရာ စကားအထူးအဆန်းတွေ ရှိသေးတယ်။ မတ်တတ်ကြီး မနေစမ်းပါနဲ့။ အေးအေး ဆေးဆေး စကားပြောရအောင် ညောင်စောင်းမှာ ထိုင်စမ်းပါဦး'

နှင်းကေသရာက မိမိနှင့် မျက်နှာချင်းဆိုင် ညောင်စောင်းကို ညွှန်ပြရင်း အထိုင်ခိုင်းလိုက်ရာ သီရိဖြတ်ကမ္ဘန်သည် မထိုင်ချင့် ထိုင်ချင်နှင့် ထိုင်လိုက်ရသည်။

'မိန့်တော်မူပါဦး'

သီရိဖြတ်ကမ္ဘန်သည် နှင်းကေသရာ၏ အမူအရာကို အကဲခတ်ရင်း နှင်းကေသရာ ပြောမည့်စကားကို စောင့်မျှော်နားထောင်လျက် ရှိသော်လည်း အချိန်အတန်ကြာအောင် နှင်းကေသရာ၏ နှုတ်ဖျားမှ စကားတစ်ခွန်းမျှ ထွက်မလာဘဲ ညောင်စောင်းပေါ် ပြန့်ကျဲနေသော ပေတိုများကို သိမ်းဆည်းရင်း မိမိဘက်သို့ မလှည့်ဘဲ ဥယျာဉ်ဆီသို့ ငေးစိုက်ကြည့်နေသဖြင့် စကားတောင်းလိုက်ရခြင်း ဖြစ်ပေသည်။

'စစ်သည်တော်ကြီးကို မောင်တော်ဗညားအိမ်က အဆွေခင်ပွန်းကောင်းအဖြစ် အသိအမှတ်ပြုထားတယ် မဟုတ်ပါလား။ သွေးရင်းသားရင်းလိုပဲ သဘောထားတယ် မဟုတ်ပါလား'

နှင်းကေသရာက စကားစလိုက်သည်။

'အသိအမှတ်ပြုတယ် ဆိုတာထက် ချီးမြှင့်မြှောက်စားခြင်းကို ခံရတယ်ဆိုရင် ပိုပြီး မှန်ပါလိမ့်မယ်'

'အတန်းအစား ခွဲခြားတဲ့စကားကို မသုံးစမ်းပါနဲ့။ စစ်သည်တော်ကြီး မောင်တော်ဗညားအိမ်က သွေးရင်းသားရင်းလို စိတ်ချယုံကြည်စွာ တန်းတူ



www.burmeseclassic.com

www.burmeseclassic.com



...သလို စစ်သည်တော်ကြီးကလည်း မောင်တော်ကို ယုံကြည်ကိုးစားထိုက် ...အဆွေခင်ပွန်းကောင်းအဖြစ် ယုံကြည်စိတ်ချစွာ ဆက်ဆံတယ် မဟုတ်လား'

'ပိုပြီး ရှင်းလင်းအောင် မိန့်တော်မူပါ'

'မောင်တော်ဗညားအိမ်ကို စစ်သည်တော်ကြီးရဲ့ အဆွေခင်ပွန်းကောင်း အဖြစ် အသိအမှတ် ပြုပါသလား၊ သွေးရင်းသားရင်းလို သဘောထားပါသလား ဒါကို သိချင်လို့ မေးနေတာပါ'

'သွေးရင်းသားရင်းလို သဘောထားပါတယ်'

'သခင်မ အပေါ်မှာကော မောင်တော်နဲ့အတူ ထပ်တူထပ်မျှ သဘော ထားပြီး အဆွေခင်ပွန်းကောင်းအဖြစ် အသိအမှတ်ပြုပါသလား'

'ဒါကို မေးနေစရာတောင် လိုမယ် မထင်ပါဘူး'

'ကောင်းပြီ၊ ဒီလိုဆိုရင် ခုအချိန်ကစပြီး အဆွေခင်ပွန်းကောင်း ပီသ စွာ သွေးရင်းသားရင်းလို ရင်းရင်းနှီးနှီး ဆက်ဆံစေချင်တယ်'

'ခုလို အခွင့်အရေး ပေးတာကို ဝမ်းမြောက်ဝမ်းသာ ရှိလှပါတယ်'

'ကဲ စစ်သည်တော်ကြီးကို မေးစရာတွေ အများကြီး ရှိသေးတယ် အဆွေခင်ပွန်းကောင်း ပီသစွာ မှန်မှန်ကန်ကန် ဖြေဆိုစေချင်တယ်'

'မေးစရာရှိရင် မေးသာ မေးပါ၊ အားမနာပါနဲ့'

'ဒါထက် စစ်သည်တော်ကြီးရဲ့ မိတ်ဆွေရောင်းရင်း မင်းစည်သူ ဒဏ်ရာ သက်သွားပြီလို့ မောင်တော်ဗညားအိမ် ပြောပြလို့ သိရတယ်။ ဒီစ... အမှန်ပဲလား'

'ဒဏ်ရာက မပြင်းထန်လှပါဘူး။ လေးယောက်နဲ့ တစ်ယော... ခံလိုက်ရတာပါ'

'မင်းစည်သူ အပေါ်မှာ စစ်သည်တော်ကြီး သံယောဇဉ် အ... ကြီးမားပုံ ရတယ်'

'မှန်ပါတယ်၊ မင်းစည်သူက လွဲရင် သံယောဇဉ် ငြိတွယ်စ... များများစားစား မရှိပါဘူး။ ဒါထက် စောစောက နှင်းကေသရာ သခင်မ မိန့်... မှုစရာ ရှိတယ် ဆိုတဲ့ စကားအထူးအဆန်းတွေကို မိန့်တော်မူပါဦး'

သီရိဖြတ်ကမွန်က စကားစ ရှာပေးလိုက်ရာ နှင်းကေသရာသည် ... ပြောရမည့် စကားများကို မည်သည့်နေရာမှ စပြီး ပြောရမည်ကို ချေ... စဉ်းစားနေပေသည်။

'ဗိုလ်မှူးကြီး သမိန်ဗောကျော်ကို သခင်မဖြင့် ကြာလေ ကြ... ကျေးဇူးတင်လေ ဆိုသလို ကျေးဇူးတင်ပြီးရင်း တင်ရင်း ဖြစ်နေမိတယ်'





နှင်းကေသရာသည် သီရိဖြတ်ကမွန် ကြားနာလိုသည့် စကားထူး ...ဆန်းကို မပြောသေးဘဲ သီရိဖြတ်ကမွန်၏ အမူအရာကို ...အကဲ ...ရင်း စကားစလိုက်ပြန်သည်။

'ဘယ်လို အကြောင်းကြောင့် ဗိုလ်မှူးကြီး သမိန်ဗောကျော်ကို ကျေးဇူး ...နေရတာပါလဲ'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'သခင်မကို ကောင်းမြတ်တဲ့ အကြံပေးပြီး ကူညီခဲ့တဲ့ အတွက် ကျေးဇူး ...မိတာပါ'

'ဘယ်လိုများ အကြံပေးခဲ့ပါသလဲ'

'စစ်သည်တော်ကြီး သိတဲ့အတိုင်း မောင်တော် ဗညားအိမ်ကို ဗိုလ်မှူး ...စက္ကဝေါ ဖြားယောင်းသွေးဆောင်ပြီး ဖျက်ဆီးနေတာကို ဘယ်ပုံဘယ်နည်း ...ကွယ်ရမလဲ ဆိုတာ သခင်မ ကြံစည်စိတ်ကူးလို့ မရတာနဲ့ ဗိုလ်မှူးကြီး ...ဗောကျော်ရဲ့ အကူအညီကို တောင်းခံခဲ့ပါတယ်။ သမိန်စက္ကဝေါရဲ့ ...င်းရိပ်အောက်က မောင်တော်ဗညားအိမ်ကို ကယ်တင်ပြီး သခင်မဆီကို ...က် ပြန်ပို့ပေးနိုင်တဲ့ လူစွမ်းကောင်း တစ်ယောက်ကို ရှာပေးဖို့လည်း ...မ တောင်းခံခဲ့ပါတယ်။ သခင်မ တောင်းခံခဲ့တဲ့အတိုင်း စစ်သည်တော်ကြီး ...တ်ကမွန်ကို သခင်မဆီ စေလွှတ်ခဲ့တယ် မဟုတ်လား။ ဒါကြောင့် ဗိုလ်မှူးကြီး ...ဗောကျော်ကို သခင်မ ကျေးဇူးတင်မိတာပါ'

နှင်းကေသရာက မျက်လွှာချပြီး တည်ငြိမ်သည့် အသံဖြင့် ပြန်လည် ...ားလိုက်သည်။

'ဗိုလ်မှူးကြီး သမိန်ဗောကျော်ကို နှင်းကေသရာသခင်မ သိပါသလား'

'နတ်ရွာစံ ခမည်းတော်မြို့စားကြီး လက်ထက်ကစပြီး ဆွေမျိုးရင်းချာ ...င်ရင်းနှီးခဲ့ပါတယ်။ ဗိုလ်မှူးကြီးသမိန်ဗောကျော်ဟာ လက်ရုံးရည်သာမက ...ည်ပါ ပြည့်ဝသူဖြစ်ကြောင်း ကောင်းကောင်းကြီးသိတဲ့အတွက် ဗိုလ်မှူး ...သမိန်ဗောကျော်ရဲ့ အကြံပေးချက်ကို လက်ခံပြီး သမိန်စက္ကဝေါရဲ့ လောင်းရိပ် ...က မောင်တော် ဗညားအိမ်ကို ကယ်တင်ဖို့ စစ်သည်တော်ကြီးကို ...ည်စိတ်ချစွာဖြင့် တာဝန်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဗိုလ်မှူးကြီး သမိန်ဗော ...ရဲ့ ထူးခြားပြောင်မြောက်တဲ့ စွမ်းရည်သတ္တိကို စာဆိုတော်ကြီးများ ကိုယ် ...ဖွဲ့ကြရပါတယ်။ ဒလတိုက်ပွဲမှာ ထင်တယ်။ ဗိုလ်မှူးကြီး သမိန်ဗော... ...ထူးခြား အပြောင်မြောက်ဆုံး စွမ်းရည်သတ္တိ ပြနိုင်ခဲ့တယ် မဟုတ်လား'

နှင်းကေသရာက နိမိတ်ပြ မေးခွန်းမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီစကားဟာ ဝေကန် အမှန်ပင် ဖြစ်ပါတယ်'

'ဒါဖြင့်ရင် ဒလတိုက်ပွဲအကြောင်း စစ်သည်တော်ကြီး သီရိဖြတ်ကမွန်း သိသလောက် သခင်ကို ပြောပြစမ်းပါလား'

'သခင်မ ပြောပြတာကို နားထောင်ရတာက ပိုပြီး နား အရသာ ရှိပါလိမ့်မယ်'

'ကောင်းပြီလေ၊ သခင်မ ပြောပြပါဆိုရင် ပြောပြရမှာပေါ့။ ဒါ အသာထားပြီး မောင်တော်ဗညားအိမ်ကို လူယုတ်မာ သမိန်စက္ကဝေါရဲ့ လော ရိပ်အောက်က စစ်သည်တော်ကြီး ရှုပ်ရှုပ်ချွံချွံ ကယ်တင်ပြီး သခင်မဆီ အရောက်ပြန်ပို့နိုင်ရုံသာမက မောင်တော်ရဲ့ အတွေးအခေါ် အယူအဆဟောင် တွေကို ရှင်းလင်းပယ်ဖျက်ပြီး လူသစ်တစ်ယောက် ဖြစ်လာအောင် ပြုပြ ပြောင်းလဲပေးစွမ်းနိုင်တဲ့အတွက် စစ်သည်တော်ကြီး သီရိဖြတ်ကမွန်းကို သခ ကျေးဇူးတင်ကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။ စစ်သည်တော်ကြ သီရိဖြတ်ကမွန်းကို မောင်တော်ဗညားအိမ် မျက်စိအောက်က အပျောက်မခံနိ လောက်အောင် ကိုးစားလာတာကို တွေ့ရတဲ့အတွက်လည်း ဝမ်းမြောက်ဝမ်းသ ဖြစ်မိပါတယ်။ ဒီအတိုင်းပဲ တစ်သမတ်တည်း ပြုပြင် ထိန်းသိမ်းသွားနိုင်လိမ့်မ လို့လည်း မျှော်လင့်ပါတယ်'

'မြို့စားလေး ဗညားအိမ် အမြင်မှန်ကို ရသွားပြီ ဖြစ်တဲ့အတွက် ပြုပြ ထိန်းသိမ်းသွားရန် မလိုတော့ပါ။ အတွေးအခေါ် အယူအဆဟောင်းတွေကိုလည် လုံးဝ စွန့်ပယ်ပစ်ပြီး ဖြစ်တဲ့အတွက် လမ်းဟောင်းကို ပြန်သွားစရာ အကြောင် မရှိတော့ပါ။ နတ်ရွာစံ မြို့စားကြီးရဲ့ ခြေရာကို နင်းနိုင်တဲ့ သားကောင်းရတ ဖြစ်လာပါတော့မယ်။ စိတ်ချတော်မူပါ'

'မောင်တော်ဗညားအိမ် အမြင်မှန်ရလာတာဟာ စစ်သည်တော်ကြ သီရိဖြတ်ကမွန်းရဲ့ ကျေးဇူးကြောင့်ပါ။ ဒါကြောင့်လည်း စစ်သည်တော်ကြ သီရိဖြတ်ကမွန်းကို မောင်တော်ဗညားအိမ်က အဆွေခင်ပွန်းကောင်းအဖြ အသိအမှတ်ပြုသလို သခင်မကလည်း အသိအမှတ် ပြုပါတယ်။ သခင်မကိုလည် အဆွေခင်ပွန်းကောင်းအဖြစ် အသိအမှတ်ပြုပြီး တန်းတူရည်တူ ဆက်ဆံစေ ပါတယ်။ ဒါက တစ်အချက်'

နှင်းကေသရာသည် မိမိ ပြောလိုသည့် စကားကို ဆုံးအောင် မပြောသေ ဘဲ ဖြတ်ထားလိုက်ပြီး သီရိဖြတ်ကမွန်း၏ အမူအရာကို အကဲခတ်နေပေသည် သီရိဖြတ်ကမွန်းမှာမူ နှင်းကေသရာအား မကြည့်ဘဲ မျက်နှာသေကြီးဖြင့် ခေ ငိုက်စိုက်ချပြီး နားထောင်နေပေသည်။





'ဒုတိယ အချက်ကတော့ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်းဟာ ဘယ်လိုလူစားလဲဆိုတာ သခင်မ သိချင်တယ်။ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်း ပြောခဲ့တဲ့ စကားများအရ စစ်သည်တော်ကြီးဟာ အသပြာသာ ရှင် ... ခဲ့တဲ့ ကြေးစားစစ်သည်တော် ဖြစ်တယ်လို့လဲ သခင်မ သိခဲ့ရတယ်။ သခင်မ ... အပ်တဲ့ တာဝန်ကို အောင်မြင်စွာ ထမ်းရွက်ပြီးတဲ့အခါ သခင်မ ... တဲ့အတိုင်း အသပြာပေးတဲ့အခါ အသပြာကို လက်မခံဘဲ ရေကန်ထဲကို ... လိုက်ပြန်တယ်။ ဒါကို ကြည့်ခြင်းအားဖြင့် စစ်သည်တော်ကြီးဟာ အသပြာ ... ဘာမဆို လုပ်ရဲတဲ့ ကြေးစားစစ်သည်တော်တစ်ဦး မဟုတ်ကြောင်း ... ရှားနေပြန်တယ်။ စစ်သည်တော်ကြီးဟာ ဝါတော် ၂၀–ရတဲ့ ဘုန်းတော်ကြီး ... တည်ငြိမ်ရင့်ကျက်တဲ့ ဣန္ဒြေရှင်ဖြစ်ပြီး စကားမပြော တုဏှိဘောနဲ့ အလုပ် ... သာ အတွင်လုပ်နေတာကို တွေ့ခဲ့ရသလို ပြောစရာ ဆိုစရာရှိရင် တစ်ဖက် ... မခံချင်လို့ လဲသေရင် သေပေစေ၊ ပြောစရာ ရှိတာကို မညာမတာ ပြောချ ... ကိုလည်း သခင်မရဲ့နားနဲ့ ဆတ်ဆတ်ကြားခဲ့တယ်။ စစ်သည်တော်ကြီးရဲ့ ... သိမ်မွေ့တဲ့ အမူအရာတွေကို တွေ့မြင်ခဲ့ရသလို ရက်စက်ကြမ်းကြုတ်တဲ့ ... မှာ သူမတူအောင် ရက်စက်ကြမ်းကြုတ်ခဲ့တာကိုလည်း သခင်မ လေ့လာ ... တယ်။ သည်းခံတဲ့ နေရာမှာလည်း သူမတူအောင် သည်းခံနိုင်တာကိုလည်း ... ခင်မ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါတယ်။ စစ်သည်တော်ကြီးရဲ့ အပြော ... အမူအရာဟာ ပုတ်သင်ညိုလို အသွေးအရောင် အပြောင်းအလဲ မြန်လွန်းလို့ ... သည်တော်ကြီးဟာ ဘယ်လိုလူစားမှန်း သခင်မ အကဲခတ်လို့ မရဘူး'

'ခဲခဲယဉ်းယဉ်း အကဲခတ်နေစရာ မလိုပါ။ သီရိဖြတ်ကမွန်းသည် သီရိ ဖြတ်ကမွန်းသာ ဖြစ်ကြောင်းကို သတိပြုတော်မူပါ'

'ဒီစကားကို သခင်မ ကြားခဲ့ရပေါင်း များလို့ သခင်မရဲ့ နားထဲမှာ ရိုးနေ ပြီ၊ သီရိဖြတ်ကမွန်းဟာ သီရိဖြတ်ကမွန်းသာ ဖြစ်တဲ့အတွက် သီရိဖြတ်ကမွန်း ... လွဲရင် သီရိဖြတ်ကမွန်းနဲ့တူသူ ဤဇမ္ဗူတွင် တစ်ဦးတစ်ယောက်မှ မရှိနိုင် ကြောင်း စစ်သည်တော်ကြီး ဖြေကြားခဲ့စဉ်က စစ်သည်တော်ကြီးဟာ လူကြွား ... ယောက်လို့သာ သခင်မ မှတ်ထင်ခဲ့ပြီး စစ်သည်တော်ကြီး အပေါ်မှာ အထင် ... ခဲ့မိတယ်။ ခုဆိုရင် သခင်မရဲ့ အယူအဆတွေ အားလုံး လွဲမှားနေတာကို ... ရလို့ သခင်မကိုယ်တိုင် သခင်မ လူကဲခတ် တောင်းတယ်လို့ အထင်ကြီးခဲ့ ... ဟာ ပါစင်အောင် လွဲမှားနေပါပြီကောလား ဆိုပြီး နောင်တရမိတယ်'

နှင်းကေသရာက ထေ့သလို ငေါ့သလို ပြောလိုက်ရာ သီရိဖြတ်ကမွန်း



www.burmeseclassic.com

www.burmeseclassic.com



အညီ ဏ္ဍမြွေတစ်ခွဲသားနှင့် နားထောင်နေရာမှ ရယ်ချင်သလို ဖြစ်လာသဖြင့် ဏ္ဍမြွေမဆည်နိုင်ဘဲ အသံထွက်အောင် ရယ်လိုက်မိပေသည်။

'စစ်သည်တော်ကြီး အသံထွက်အောင် ရယ်တာကို ဒီတစ်ခါပဲ ကြားရသေးတယ်။ စစ်သည်တော်ကြီးဟာ တကယ့်ကို လူထူးလူဆန်းပဲ။ စစ်သည်တော်ကြီးထက် ထူးဆန်းတဲ့လူကို သခင်မရဲ့ တစ်သက်မှာ တစ်ယောက်တွေ့ဖူးသေးတယ်။ သခင်မလည်း ဘယ်လို လူထူးလူဆန်းတွေနဲ့ လာတွေ့နေရမှန်း မသိဘူး'

'ငမိုက်သား သီရိဖြတ်ကမွန်ထက် ထူးဆန်းတဲ့လူ ဇမ္ဗူမှာ ရှိသေးလို့လား'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'ရှိပါသော်ကော ....'

'ဘယ်သူဘယ်ဝါ ဆိုတာကိုကော မသိရဘူးလား'

'သိရပါတယ်၊ လူလားမြောက်ရင် သခင်မနဲ့ ထိမ်းမြားလက်ထပ်ဖို့ လျာထားချင်း ဝမ်းတွင်းကတိ ထားရှိခဲ့တဲ့ မိုးအုံးနောင် မောင်တော်ဘုရားကို ပြောနေတာပါ'

နှင်းကေသရာသည် သီရိဖြတ်ကမွန်၏ အမူအရာကို တစေ့တစောင်း ကြည့်ပြီး ဆာဆာက မိမိ ဖတ်ရှုနေသည့် စာလွှာများကို သီရိဖြတ်ကမွန် မြင်နိုင်အောင် သိမ်းဆည်းရင်း အဖြေပေးလိုက်သည်။

ထိုစာလွှာများမှာ မိမိကိုယ်တိုင် ဖွဲ့နွဲ့ သီကုံးပေးလိုက်သည်ကို မိုးအုံးနောင်ကတစ်ဆင့် ၄င်း၏လက်ရေးဖြင့် ပြန်လည်ကူးယူပြီး နှင်းကေသရာအား ဆက်သခဲ့သည့် မေတ္တာစာများ ဖြစ်သည်ကို သိသဖြင့် သီရိဖြတ်ကမွန်မှာ မျက်နှာထားတတ်အောင် ဖြစ်သွားပေသည်။

'ဘယ်နှယ်လဲ၊ သခင်မ ပြောတာ မမှန်ဘူးလား။ မိုးအုံးနောင် မောင်တော်ဘုရားဟာ တကယ့်ကို လူထူးလူဆန်းပဲ။ စာတစ်ကြောင်းတောင် ဖြောင့်ဖြောင့်မရေးတတ်တဲ့လူက နေ့ချင်းညချင်းဆိုသလို စာဆိုတော်အဓိပတိတွေ လက်မှိုင်ချရလောက်အောင် ပြောင်မြောက်တဲ့ အစီအကုံး အသုံးအနှုန်း ဖွဲ့တွေနဲ့ တန်ဆာဆင်ပြီး မေတ္တာစာတွေ အသွင်သွင်ရေးနိုင်တာဟာ မထူးဆန်းဘူးလား။ မိုးအုံးနောင် မောင်တော်ဘုရားနဲ့ မနေ့တစ်နေ့ကမှ တွေ့ခြင်း သိကျွမ်းခဲ့ရတဲ့ စစ်သည်တော်ကြီးအဖို့ မထူးဆန်းပေမယ့် ကလေးအရွယ် လူမမည်ဘဝကစပြီး အတူတကွ ကြီးပြင်းလာခဲ့ရတဲ့ သခင်မ အဖို့တော့ အံ့ဩလို့ မဆုံးနိုင်အောင် ဖြစ်ခဲ့ရတယ်။ မိုးအုံးနောင် မောင်တော်ဘုရား ကိုယ်တော်





တိုင် ရေးစပ်သီကုံးတဲ့ ကဗျာလင်္ကာတွေ ဟုတ်မှ ဟုတ်ရဲ့လားလို့အောင် သံသယ ဖြစ်မိတယ်'

နှင်းကေသရာသည် သီရိဖြတ်ကမွန်၏ အမူအရာကို မျက်ခြည်မပြတ် စောင့်ကြည့်ရင်း ပြုံးစိစိ အမူအရာဖြင့် ပြောလိုက်ပြန်သည်။

'လက်ရေးလက်သားကို ကြည့်ရတာတော့ မိုးအုံးနောင်ရဲ့ လက်ရေးလက်သားပါ။ နဂိုမူလက မိုးအုံးနောင်ဟာ စာတစ်ကြောင်းပင်လျှင် ဖြောင့်ဖြောင့် မရေးနိုင်စေကာမူ သခင်မ အပေါ်တွင် ချစ်သည့်ဓာကြောင့် အတွေးနောက်ဖြစ်ပေါ်နေသည့် စိတ်အာရုံတွေဟာ စကားလုံးလှလှလေးတွေ ဖြစ်ပေါ်လာပြီး အစီအရီ ထွက်ပေါ်လာတာ ဖြစ်နိုင်ပါတယ်။ ဆရာကောင်းနဲ့ တွေ့လို့လည်း ဖြစ်နိုင်ပါတယ်'

'စစ်သည်တော်ကြီးကို သခင်မ လက်တွေ့သမား တစ်ယောက်လို့ အထင်မှတ်ခဲ့တာ လွဲနေပြီ။ စစ်သည်တော်ကြီး အတော် စိတ်ကူးယဉ်သေးတာပဲ။ စာတစ်ကြောင်းတောင် ဖြောင့်အောင် မရေးနိုင်တဲ့ ဘဝကနေပြီး နေ့ချင်းညချင်းဆိုသလို စာဆိုတော်ပဂေးကြီးတွေ လက်ဖျားခါရလောက်အောင် ပြောင်မြောက်တဲ့ ကဗျာလင်္ကာတွေနဲ့ မေတ္တာစာတွေကို တစ်စောင်နဲ့တစ်စောင် စကားလုံးဆင်စေဘဲ ပလ္လင်ပျံသလို အဆက်မပြတ် ရေးသားစီကုံးနိုင်တာဟာ မထူးဆန်းဘူးလား။ သခင်မဖြင့် ဒါလောက်ပြောင်မြောက်တဲ့ မေတ္တာစာကို ဖွဲ့နွဲ့စီကုံးနိုင်သူမျိုး ရှိသူကို မတွေ့ဖူးသေးဘူး'

နှင်းကေသရာက မထိတထိ ပြောလိုက်ရာ သီရိဖြတ်ကမွန်မှာ အလိုလိုထိတ်ပြာမသန့် ဖြစ်နေသဖြင့် နှင်းကေသရာအား စေ့စေ့မကြည့်ရဲဘဲ မျက်လွှာချပြီး နားထောင်နေပေသည်။

'စစ်တောင်းမြို့စားကြီးရဲ့သားတော် သမိန်တိသကုမ္မာ ရေးစပ်သီကုံးပြီး နှင်းကေသရာသခင်မကို ဆက်သခဲ့တဲ့ မေတ္တာစာတွေဟာ သူမတူအောင် ပြောင်မြောက်ကြောင်း သတင်းစကား ကြားသိခဲ့ရပါတယ်။ ကဗျာလင်္ကာဖွဲ့နွဲ့သီကုံးတဲ့ ပညာမှာ သမိန်တိသကုမ္မာဟာ နန်းတွင်းစာဆိုတော်တွေကို မှီအောင် ရေးစပ်သီကုံးနိုင်တယ်လို့ ကျော်ကြားနေပါတယ်'

သီရိဖြတ်ကမွန်က နှင်းကေသရာ၏ မျက်နှာကို မကြည့်ဘဲ မျက်လွှာချပြီး စကားပြောင်းလွဲသွားအောင် ပြောလိုက်သည်။

'သမိန်တိသကုမ္မာ ရေးစပ် သီကုံးတဲ့ ကဗျာ လင်္ကာတွေဟာ ပြောင်မြောက်သင့်သလောက် ပြောင်မြောက်ပါတယ်။ ဒါပေမဲ့ မိုးအုံးနောင် မောင်တော်ဘုရား ဖွဲ့နွဲ့သီကုံးတဲ့ ကဗျာလင်္ကာတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဆီနဲ့ရေလို၊ မိုးနဲ့မြေကြီးလို ကွာခြားနေပါတယ်။ စစ်သည်တော်ကြီး မယုံလျှင် နှိုင်းယှဉ်ပြီး လေ့လာကြည့်စမ်းပါ။ ကဲ .... ပိုပြီး လွယ်လွယ်ကူကူ နှိုင်းယှဉ်နိုင်အောင် သခင်မ ဖတ်ပြပါမယ်'

နှင်းကေသရာသည် ပြောပြောဆိုဆို သမိန်တိသကုမ္ဘာ ရေးစပ်သီကုံးသည့် မေတ္တာစာတစ်စောင်နှင့် မိုးအုံးနှောင်၏ လက်ရေးဖြင့် ရေးသားထားသည့် မေတ္တာစာတစ်စောင်ကို နှိုင်းယှဉ်ပြီး ဖတ်ပြလိုက်ပေသည်။

'စစ်သည်တော်ကြီး ဘယ်လို သဘောရသလဲ'

နှင်းကေသရာက သီရိဖြတ်ကမွန်၏ သဘောထားကို မေးလိုက်သည်။

'သမိန်တိသကုမ္ဘာ ရေးစပ်သီကုံးတဲ့ ကဗျာလင်္ကာလည်း ပြောင်မြောက်ပါတယ်'

သီရိဖြတ်ကမွန်က အုပ်အုပ်ဆိုင်းဆိုင်း အဖြေပေးလိုက်သည်။

'ဒါလား ပြောင်မြောက်တာ။ ဆီနဲ့ရေ၊ မိုးနဲ့မြေကြီးလို ကွာခြားနေတာကိုတောင် စစ်သည်တော်ကြီး သတိမပြုမိဘူးလား'

နှင်းကေသရာက စိတ်မရှည်သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'ငမိုက်သား သီရိဖြတ်ကမွန်မှာ ဓားတစ်လက်ကို အရင်းတည်ပြီး တစ်သက်လုံး စစ်ထွက်ခဲ့ရသူ ဖြစ်တဲ့အတွက် စာပေအနုပညာနဲ့ ပတ်သက်ပြီး အကဲမဖြတ်တတ်သေးကြောင်းပါ'

သီရိဖြတ်ကမွန်က စကားပြတ်သွားအောင် ဘေးကိုရှောင်ပြီး အဖြေပေးလိုက်ရာ နှင်းကေသရာမှာ မိမိ ကြားသိလိုသည့် အဖြေကို မကြားရဘဲ ထမင်းရည်ပူလာ လျှာလွှဲလိုသည့် စကားဥပမာလို သီရိဖြတ်ကမွန်က ရှောင်ပြီး ဖြေဆိုသွားသဖြင့် အားမလို အားမရဖြစ်ကာ မသိမသာ ခြေဆောင့်လိုက်သည်။

'စစ်သည်တော်ကြီးကို ဓား၊ လှံ၊ လေး၊ မြား အကြောင်း ဆွေးနွေးနေတာ မဟုတ်ပါဘူး။ ကဗျာလင်္ကာအကြောင်း ဆွေးနွေးနေတာ။ ဓား၊ လှံ၊ လေး၊ မြား အကြောင်း သခင်မ မကြားချင်ဘူး'

နှင်းကေသရာက စိတ်မရှည်သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'ကျွမ်းကျင်ရာ လိမ္မာဆိုတဲ့ စကားရှိပါတယ်။ မကျွမ်းကျင်တဲ့ကိစ္စကို ဆွေးနွေးမယ့်အစား ကျွမ်းကျင်တဲ့ ကိစ္စကို ဆွေးနွေးတာက ပိုပြီး အနှစ်သာရ ရှိပါတယ်'

'စကားတတ်တိုင်း လှည့်ပတ်ပြီး ပြောမနေစမ်းပါနဲ့။ စစ်သည်တော်ကြီးဟာ ဓားရေး လှံရေးနဲ့ စစ်ချီစစ်တတ်ပညာ အရပ်ရပ်မှာ ကျွမ်းကျင်လိမ္မာ





သလို စကားအရာမှာလည်း ပရိယာယ် ကြွယ်ဝလှပါတယ်။ စာပေ ကဗျာလင်္ကာမှာလည်း ပြောင်မြောက်သူတစ်ဦး ဖြစ်ရမယ်လို့ သခင်မ အကဲခတ်မိပါတယ်'

'စစ်သည်တော်မှာ စစ်သည်တော်သာ ဖြစ်တဲ့အတွက် စစ်ရေး စစ်ရာနဲ့ စစ်ပရိယာယ်မှာသာ ကြွယ်ဝနိုင်ပါတယ်။ သီရိဖြတ်ကမွန်ကို ဒါလောက်တောင် အထင်မကြီးသင့်ပါ'

'ဒီစကားကို သခင်မ လက်မခံနိုင်ဘူး။ စစ်ထွက် စာဆိုတော် အကျော်အမော်တွေ ရှိနေတာကို သခင်မ မသိဘူး မထင်ပါနဲ့။ စစ်ရေးစစ်ရာမှာ ကျွမ်းကျင် လိမ္မာသလောက် စာစီစာကုံး အနွှန်းအဖွဲ့မှာ သူမတူအောင် ပြောင်မြောက်တဲ့ စာဆိုတော် စစ်သူကြီးတွေ ရှိခဲ့ဖူးတယ် မဟုတ်လား'

'ဒီစကား မှန်သင့်သလောက် မှန်ပါတယ်'

'စစ်သည်တော်ကြီးကော စာပေ ကဗျာလင်္ကာကို ဝါသနာပါတယ် မဟုတ်လား'

'တီးမိ ခေါက်မိရုံလောက်တော့' လေ့လာခဲ့ဖူးပါတယ်'

'တီးမိ ခေါက်မိရုံလောက်တော့ မဟုတ်ပါဘူး။ သစ်တစ်ပင်ရင်း ဒါးဘစ်ပင်အောက်မှာ စစ်သည်တော်ကြီး စာစပ်နေတာကို သခင်မ မမြင်ဘူး ထင်ပါနဲ့။ စစ်သည်တော်ကြီး ရေးစပ်သီကုံးတဲ့ ကဗျာလင်္ကာတွေကို သခင်မ ဖတ်ရဘူးလား'

နှင်းကေသရာက သီရိဖြတ်ကမွန်၏ အမူအရာကို မျက်ခြည်မပြတ် စေ့လာရင်း မထိတထိ ပြန်ပြောလိုက်ရာ သီရိဖြတ်ကမွန်မှာ မျက်နှာပျက်သွားပေသည်။

'ခြေဦးတည့်ရာကို ရေးစပ်နေခြင်းသာ ဖြစ်ကြောင်းပါ။ရသမြောက်သည့် စာပေများ မဟုတ်ကြောင်းပါ။ မိုးအုံးနှောင် ရေးစပ်သီကုံးသည့် ကဗျာလင်္ကာများကို ခြေဖျားပင် မီအောင် ရေးစပ်နိုင်စွမ်း မရှိကြောင်းပါ'

သီရိဖြတ်ကမွန်သည် နှင်းကေသရာ၏ မျက်နှာကို မကြည့်ဘဲ မျက်လွှာချပြီး အဖြေပေးလိုက်သည်။

'ဒါဖြင့်ရင် မိုးအုံးနှောင် မောင်တော်ဘုရား ရေးစပ်သီကုံးတဲ့ ကဗျာလင်္ကာတွေဟာ ထူးကဲပြောင်မြောက်တယ်လို့ စစ်သည်တော်ကြီး ဆိုလိုတာလား'

'စကားအသုံးအနှုန်းနဲ့ ဖွဲ့နွဲ့သီကုံးပုံဟာ နမူနာယူလောက်အောင် ပြောင်မြောက်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့များတောင် စောစောတုန်းက စာပေ ကဗျာလင်္ကာကို မကျွမ်းကျင် ... အကဲမဖြတ်တတ်ဘူး .... ဆို'

'မှန်ပါတယ်၊ ခုလည်းပဲ ဉာဏ်မီသလောက် အကဲဖြတ်ခြင်း ဖြစ်ပါ တယ်'

'ဉာဏ်မီသလောက် ဆိုတဲ့ စကားအဓိပ္ပာယ်က ကျယ်ဝန်းလှပါတယ် ... ကဲ .... ဒါကို အသာထားပြီး စစ်သည်တော်ကြီး ယူဆသလို မိုးအုံးနောင် မောင်တော်ဘုရားဟာ စာပေကဗျာလင်္ကာမှာ ထူးကဲပြောင်မြောက်သူတစ်ဦး ဖြစ်တယ်ဆိုရင် သခင်မကလည်း စာပေကဗျာလင်္ကာကို ချစ်မြတ်နိုးသူ ဖြစ်တဲ့ အတွက် နှစ်ဦးနှစ်ဖက်သော လူကြီးမိဘများ ဝမ်းတွင်းကတိ ထားရှိခဲ့ကြတဲ့ အတိုင်း မိုးအုံးနောင် မောင်တော်ဘုရားကို သခင်မရဲ့ ကြင်ဖက်တော်အဖြစ် ရွေးချယ်ရမလို ဖြစ်နေပြီ။ ဒီလို ဆိုရင်ကော စစ်သည်တော်ကြီးရဲ့ သဘောထား ... ဘယ်လိုပါလဲ။ မိုးအုံးနောင် မောင်တော်ဘုရားသာ သခင်မနဲ့ ထိုက်တန်တဲ့ ... ဖူးစာရှင်ဖြစ်တယ်လို့ ယူဆပါသလား'

'ဒီကိစ္စဟာ ကာယကံရှင်များကသာ အဆုံးအဖြတ်ပေးရမယ့်ကိစ္စ ဖြစ်တဲ့အတွက် ငမိုက်သား သီရိဇြတ်ကမွန်အနေနဲ့ တစ်စုံတစ်ရာ ပြောပိုင်ခွင့် မရှိကြောင်းပါ။ သို့ပါသော်လည်း မိုးအုံးနောင်မှာ ယောကျ်ားပီသသူ ဖြစ်ပါသဖြင့် နှစ်ဦးနှစ်ဖက်သော လူကြီးမိဘများ ဝမ်းတွင်းကတိ ထားရှိခဲ့ကြတဲ့အတိုင်း နှင်းကေသရာ သခင်မနဲ့ ထိုက်တန်သူ ဖြစ်တယ်လို့ ယူဆကြောင်းပါ'

သီရိဇြတ်ကမွန်က မျက်နှာသေကြီးနှင့် အဖြေပေးလိုက်ရာ နှင်းကေ သရာမှာ မိမိ အလိုရှိသည့် အဖြေကို မရသဖြင့် အားမလို အားမရ ဖြစ်သည် ... ဆက် ဖြစ်လာကာ ညောင်စောင်းပေါ်တွင် ထိုင်နေရာမှ ဆတ်ခနဲ ထလိုက် သည်။

'သခင်မတော့ စစ်သည်တော်ကြီးကို လက်မြှောက်အရှုံးပေးချင်ပြီ ... သခင်မ မေးတဲ့ မေးခွန်းတွေကို စစ်သည်တော်ကြီး တစ်ခုမှ မှန်မှန်မဖြေ ... စကားတတ်တိုင်း ဝေ့လည်ကြောင်ပတ် ဖြေဆိုနေတာကို သခင်မ သိတယ် ... သခင်မ မေးတဲ့ မေးခွန်းတွေကို မှန်မှန် အဖြေမပေးတဲ့အတွက် စစ်သည်တော် ကြီးကို ပြောစရာရှိတဲ့ စကားထူး စကားဆန်းကိုတောင် မပြောချင်တော့ဘူး'

နှင်းကေသရာက စိတ်တိုသည့် အမူအရာဖြင့် ပြောလိုက်သည်။

'နှင်းကေသရာ သခင်မ မိန့်တော်မူမှ ငမိုက်သား သီရိဇြတ်က ... ကြားနာရမည် ဖြစ်ပါ၍ စိတ်ရှည်ရှည်ထားပြီး မိန့်ကြားတော်မူဖို့ တောင်းပန်ပါ ... တယ်။ သို့မှသာ သီရိဇြတ်ကမွန် အသိဉာဏ် တိုးတက်လာနိုင်မည် ဖြစ်ကြောင်း ...





'သခင်မ စိတ်မရှည်တော့ဘူး။ စိတ်မရှည်တဲ့ အထဲမှာ စစ်သည်တော် ကြီးက ထော့လား ငေါ့လား လုပ်နေပြန်တော့ ပြောချင်တဲ့စိတ်တွေ လွင့်ပါး ... ပြီ'

နှင်းကေသရာက ခေါင်းခါခါ လည်ခါခါနှင့် ပြန်ပြောလိုက်သည်၊

ထိုအခိုက်တွင် စံအိမ်တော်သို့ မင်းသိဒ္ဓတ် လာနေသည်ကို မြင်ရသဖြင့် ... စကားပြတ်သွားပေသည်။

'ညီမတော် နှင်းကေသရာက တစ်နေ့တခြား လှချင်တိုင်း လှ ... လာတာပဲ'

မင်းသိဒ္ဓတ်သည် လေသာဆောင်သို့ ရောက်လာသည်နှင့် တစ်ပြိုင် ... နက် ပြုံးရွှင်သော အမူအရာဖြင့် နှင်းကေသရာအား နှုတ်ခွန်းဆက်လိုက်သည်။ ... တစ်ဖန် သီရိဇြတ်ကမွန် ရှိနေသည်ကို သတိပြုမိသည့် အမူအရာဖြင့် ... သီရိဇြတ်ကမွန်ဘက်သို့ လှည့်၍ နှုတ်ခွန်းဆက်လိုက်ပြန်သည်။

'ဗိုလ်မင်း သီရိဇြတ်ကမွန်ကော ကျန်းမာပကတိ ချမ်းသာစွာ ရှိပါရဲ့ ... လား'

မင်းသိဒ္ဓတ်က ချိုသာသည့်စကားဖြင့် နှုတ်ဆက်လိုက်ရာ သီရိဇြတ်ကမွန် ... သည် တည်ငြိမ်သည့် အမူအရာဖြင့် မင်းသိဒ္ဓတ်အား ဦးညွှတ်၍ ပြန်လည် ... ခွန်းဆက်လိုက်သည်။

'ဒါထက် ညီတော်ဗညားအိမ် တစ်ယောက်ကို မမြင်ပါလား၊ အပျော် ... များ ကြွနေသလား'

မင်းသိဒ္ဓတ်က နှင်းကေသရာဘက်သို့ လှည့်၍မေးလိုက်ပြန်သည်။

'အပျော်တော်မကြွပါဘူး။ အဆွေခင်ပွန်းကောင်းပီသတဲ့ အကြည် ... သီရိဇြတ်ကမွန်ရဲ့ သွန်သင်ဆုံးမ ဩဝါဒပေးမှုကြောင့်/အရက်သေစာနဲ့ ... ကစားမှုမှန်သမျှကို ဖယ်လိုက်ပါပြီ။ ခုလည်းပဲ အရေးကြီးတဲ့ ကိစ္စတစ်ခု ... ပေါက်လာလို့ စံအိမ်တော်က ထွက်ခွာသွားတာပါ။ မကြာခင် ပြန်ရောက် ... သိမ့်မယ်'

နှင်းကေသရာက မောင်တော် ဗညားအိမ်ကို ကာကွယ်ပြီး အဖြေ ... လိုက်သည်။

မင်းသိဒ္ဓတ်မှာ ခါတိုင်းနှင့် မတူဘဲ သိသိသာသာ ရွှင်လန်းအားရ ... နေသည်ကို သီရိဇြတ်ကမွန်က သတိပြုမိပေသည်။

နှင်းကေသရာနှင့် မင်းသိဒ္ဓတ်တို့ စကားလက်ဆုံကျနေစဉ် ဗညားအိမ် ... အရေးတော်ကြီး အဲမွန်သည် လေသာဆောင်သို့ ဝင်လာပြီး မင်းသိဒ္ဓတ်အား ... ညွှတ်၍ အလေးပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းရွှေခဲ သခင်ဘုရား ရောက်ရှိနေကြောင်းပါ'

အဲမွန်က ရိုသေစွာ လျှောက်တင်လိုက်ရာ မင်းသိဒ္ဓတ်သည် ပြုံးရွှင်သော အမူအရာဖြင့် မင်းရွှေခဲအား လေသာဆောင်သို့ လွှတ်လိုက်ရန် အမိန့်ပေးလိုက်သည်။

မကြာမီ မင်းရွှေခဲသည် ကြည်လင်ရွှင်ပျသည့် အမူအရာဖြင့် လေသာဆောင်သို့ ရောက်ရှိလာကာ မင်းသိဒ္ဓတ်ကို နှုတ်မဆက်သေးဘဲ နှင်းကေသရာအား ကြည့်မဝသည့် အမူအရာဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်နေပေသည်။

'နှင်းကေသရာ၊ နှင်းကေသရာ၊ မိုးကျနတ်မယ်လျှုလို တစ်နေ့တခြား အလှကျက်သရေ တိုးနေပါလား'

မင်းရွှေခဲသည် တဏှာငန်းဖမ်းသည့် မျက်လုံးအစုံဖြင့် နှင်းကေသရာအား ကြည့်ရင်း မြှောက်ပင့်လိုက်ရာ နှင်းကေသရာ မျက်နှာမထားတတ်အောင် ဖြစ်သွားပေသည်။

'ဒါလောက်တောင် မြှောက်ပင့် မနေစမ်းပါနဲ့။ ဒီမှာ မင်းရွှေခဲ မောင်တော်ဗညားအိမ်ရဲ့ အကြည်တော် ဗိုလ်မင်းသီရိဇြတ်ကမွှန်ကို မြင်ဖူးတယ် မဟုတ်လား။ နှုတ်ခွန်းဆက်ပါဦး'

နှင်းကေသရာက စကားလွှဲပြောင်းသွားအောင် ပြောလိုက်ရာ မင်းရွှေခဲ အမည်ခံ မင်းခနေသည် သီရိဇြတ်ကမွှန်အား မျက်မှောင်ကြုတ်၍ ကြည့်နေရာမှ နှင်းကေသရာဘက်သို့ လှည့်၍ ပြုံးလိုက်သည်။

'မြင်ဖူးသလိုလိုတော့ ရှိပါတယ်။ ဘယ်နေရာမှာ မြင်ဖူးတယ် ဆိုတာ တော့ စဉ်းစားလို့ကို မရသေးဘူး'

မင်းရွှေခဲအမည်ခံ မင်းခနေက မသိချင်ဟန်ဆောင်၍ ပြောလိုက်သည်။

'အဆွေတော်ရဲ့နာမည် မင်းခနေလို့လည်း ခေါ်တယ် မဟုတ်လား။ မကြာသေးခင်က ဇောလကွန်ရဲ့ ယာတောမှာ တွေ့ခဲ့ကြတာကို အဆွေတော် မေ့သွားပြီ ထင်တယ်။ အဲဒီအခါတုန်းက ကျုပ်ပြောခဲ့တဲ့ စကားတွေကို အဆွေတော် မှတ်မိကောင်း မှတ်မိပါလိမ့်မယ်။ ကျုပ်ရဲ့ လက်သုံးတော် ကိုးသချိုင်းသံခြေ အကြောင်းကို ကျုပ် ပြောခဲ့သေးတာပဲ'

သီရိဇြတ်ကမွှန်က မထိတထိ ပြန်ပြောလိုက်ရာ မင်းရွှေခဲအမည်ခံ မင်းခနေ မျက်နှာပျက်သွားပေသည်။ ဇောလကွန်၏ လယ်တဲသို့ ၄င်း နောက်လိုက်သုံးဦးနှင့်တကွ သွားရောက်ပြီး မင်းညိုမြအား ဇောလကွန်၏တူအား မှတ်ထင်ကာ စော်ကားရန် ကြံစည်ခဲ့စဉ်က အဖြစ်အပျက်များကိုလည်း တရေးရေး မြင်ယောင်လာသဖြင့် လိပ်ပြာလန့်သွားပေသည်။ သို့ရာတွင် မိမိ မျက်နှာ





ပျက်သွားသည်ကို နှင်းကေသရာ မြင်သွားမည်စိုးသဖြင့် ချက်ချင်း ဟန်ဆောင်ဆည် လိုက်ပြီး သီရိဇြတ်ကမွှန်အား ခြေဆုံးခေါင်းဆုံး ကြည့်နေပေသည်။

'ဟုတ်ပြီ ဟုတ်ပြီ၊ ကျုပ် ခုမှ အမှတ်ရတယ်။ ဟိုတုန်းက အကြည်တော် ရဲ့ ဝတ်စားတန်ဆာတွေက ခုလို ပြောင်ပြောင်လက်လက် မဟုတ်ဘဲ ဟောင်းနွမ်း စုတ်ချာနေလို့ ရုတ်တရက် မမှတ်မိတာပါ။ လက်စသတ်တော့ ဗိုလ်မင်း သီရိ ဇြတ်ကမွှန်ကိုး။ ခုလို လူချင်း သိခွင့်ရတာ ဝမ်းသာပါတယ်'

မင်းခနေ အမည်ခံ မင်းရွှေခဲသည် ရယ်သွမ်းသွေးရင်း စကားလွှဲပြောင်း သွားအောင် ပြောလိုက်သည်။

'ဗိုလ်မင်း မဟုတ်ပါဘူး။ အညတရ သီရိဇြတ်ကမွှန်ပါ။ ဒါထက် ဇောလကွန်ရဲ့ ယာတောမှာ အဆွေတော်တို့နဲ့ တွေ့ခဲ့ကြတုန်းက ကျုပ်နဲ့အတူ ပါလာတဲ့ မင်းစည်သူကို အဆွေတော် မှတ်မိပါသေးသလား။ အဆွေတော်တို့ အားလုံးတောင် မိန်းမကိစ္စနဲ့ ပတ်သက်ပြီး အငြင်းပွားခဲ့ကြသေးတယ် မဟုတ်ပါလား။ ကျုပ်တောင် ဝင်ပြီး ဖျန်ဖြေခဲ့ရသေးတယ်လေ'

သီရိဇြတ်ကမွှန်က မင်းခနေ အမည်ခံ မင်းရွှေခဲ တစ်ဦးတည်း နားလည် သဘောပေါက်ရုံ မထိတထိ ပြောလိုက်ပြန်ရာ မင်းရွှေခဲမှာ အနာပေါ် တုတ်ကျ သလို ဖြစ်သွားပြီး ရှက်လည်းရှက်၊ ဒေါသလည်းထွက် ဖြစ်ကာ မျက်နှာတစ်ခု လုံး ညိုမည်းသွားပေသည်။

'စော်ကားလှချည်လား၊ မင်း ငါ့ကို သက်သက် ရန်စတာ မဟုတ်လား။ ငါ့လက်မောင်းကဒဏ်ရာ မပျောက်သေးလို့သာ ကြည့်နေတာ။ ငါ့လက်မောင်း က ဒဏ်ရာသာ ပျောက်ရင် မင်းနဲ့ငါ တစ်ချီတစ်ပွဲ တွေ့ကြရဦးမှာပေါ့'

မင်းခနေ အမည်ခံ မင်းရွှေခဲသည် ဇောလကွန်၏ ယာတောတွင် သီရိဇြတ်ကမွှန် လက်ချက်ဖြင့် ဒဏ်ရာရခဲ့သည့် လက်မောင်းကို အသာအယာ ပွတ်သပ်ရင်း ကြုံးဝါးလိုက်ရာ သီရိဇြတ်ကမွှန်က ပမာမခန့်သည့် အမူအရာဖြင့် ပြုံးလိုက်သည်။

'ဒါလောက်တောင် ဒေါသမကြီးပါနဲ့လေ။ ဒေါသရှေ့ထားရင် မှားတတ် ပါတယ်။ အချင်းချင်း ခိုက်ရန်ဒေါသ ဖြစ်ကြရတယ်ဆိုတာ မကောင်းပါဘူး။ ဒေါသတရားဟာ မီးကဲ့သို့ ပူလောင်ပါတယ်။ မေတ္တာတရားဟာ ရေကဲ့သို့ ကြည်လင်အေးမြတဲ့ အကျိုးတရား ပေးစွမ်းနိုင်ပါတယ်။ မတည်မမြဲ ဖောက်လွဲ ဖောက်ပြန် ဖြစ်နေတဲ့ သံသရာကြီးမှာ ကျင်လည်ကျက်စားနေကြရတဲ့ သတ္တ ဝါတွေဟာ ခံတရားရှစ်ပါးနဲ့ အမြဲတမ်း ရင်ဆိုင်နေကြရပါတယ်။ စိန့်ခွန်ကင်း စင်ခင်



www.burmeseclassic.com

www.burmeseclassic.com



ထင်းအဖြစ်သို့ ရောက်ရှိနိုင်ပါတယ်။ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့် ဆိုတဲ့ စကားပုံကို အဆွေတော်တို့လည်း ကြားဖူးမှာပေါ့'

သီရိဖြတ်ကမွန်သည် ပြုံးစိစိ အမူအရာဖြင့် ပြန်ပြောလိုက်ရာ "မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်" ဆိုသည့် စကားပုံကို ကြားရသည်နှင့် တစ်ပြိုင်နက် မင်းသိင္ခတ်နှင့် မင်းရွှေခဲတို့မှာ မျက်နှာပျက်၍ သွားပေသည်။ မင်းသိင္ခတ်၏ လက်တွင်ကိုင်ထားသည့် ပုရပိုက်မှာလည်း လက်ထဲမှ လွတ်ကျ၍ သွားပေသည်။

"မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်" ဆိုသည့် စကားပုံမှာ ရှင်စောဘုရင်မကြီးအား လုပ်ကြံရန် ကြံစည်အားထုတ်နေကြသော သစ္စာဖောက် အချင်းချင်း ဆက်သွယ်ရာ၌ အသုံးပြုသည့် စကားဝှက်ဖြစ်သဖြင့် မင်းသိင္ခတ်နှင့် မင်းရွှေခဲတို့မှာ မျက်နှာပျက်သွားခြင်း ဖြစ်ပေသည်။ ဤစကားဝှက်ကို အထက်အညာမှ လှေနှင့်စုန်ဆင်းလာသော ကျော်စွာ၊ မင်းနန္ဒာနှင့် မဏိရွှေ အမည်ခံ သစ္စာဖောက် သုံးဦးထံမှ သိမ်းဆည်းရမိခဲ့သည့် မှတ်တမ်းများမှ သီရိဖြတ်ကမွန် လေ့လာမှတ်သားထားခဲ့ခြင်း ဖြစ်သည်။

နှင်းကေသရာသည် သီရိဖြတ်ကမွန် ပြောလိုက်သော စကားအဓိပ္ပာယ်ကို နားမလည်သော်လည်း မင်းသိင္ခတ်နှင့် မင်းရွှေခဲတို့ အမူအရာ ပျက်သွားသည်ကို သတိပြုမိသဖြင့် သီရိဖြတ်ကမွန်ကို တစ်လှည့်၊ မင်းသိင္ခတ်နှင့် မင်းရွှေခဲကိုတစ်လှည့် ကြည့်နေပေသည်။

'ဘယ်လိုဖြစ်ကြတာလဲ၊ သခင်မကို ရှင်းပြစမ်းပါဦး။ စစ်သည်တော်ကြီး ပြောလိုက်တဲ့ စကားအဓိပ္ပာယ်ကို သခင်မ နားမလည်ဘူး။ သခင်မရှေ့မှာ သခင်မ နားလည်အောင် ပြောကြစမ်းပါ၊ ပဟေဠိဆန်ဆန် မပြောကြစမ်းပါနဲ့'

နှင်းကေသရာက ဝင်ထောက်လိုက်သည်။

'အဓိပ္ပာယ်က သိပ်ရှင်းနေပါတယ်။ ဒါနဲ့မှ နှင်းကေသရာ သခင်မ နားမရှင်းသေးဘူးဆိုရင် မောင်တော် မင်းသိင္ခတ်ကို အဓိပ္ပာယ်ပြန်ဆိုခိုင်းပါ၊ နှင်းကေသရာ သခင်မ နားရှင်းအောင် မင်းသိင္ခတ် အဓိပ္ပာယ် ပြန်ပြပါလိမ့်မယ်'

သီရိဖြတ်ကမွန်က ပြုံးစိစိဖြင့် မင်းသိင္ခတ်အား တစေ့တစောင်း ကြည့်ရင်း နှင်းကေသရာအား အဖြေပေးလိုက်သည်။

နှုတ်သွက်လျှာသွက် ရှိလှသော မင်းသိင္ခတ်မှာ အာစေးထည့်ထားသလို စကားတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ မိမိ အမူအရာ ပျက်နေသည်ကို နှင်းကေသရာ မရိပ်စားမိစေရန် လက်ထဲမှ လွတ်ကျသွားသည့် ပုရပိုက်ကို ကုန်းကောက်သည့်ဟန်ဖြင့် အချိန်ယူ၍ မည်သို့မည်ပုံ အဖြေပေးရမည်ကို အကြံထုတ်နေပေသည်။ ပြီးမှတစ်ဖန် နှင်းကေသရာကို မရဲတရဲကြည့်၍ ဟန်ဆောင်





ပြုံးလိုက်ပြီး သီရိဖြတ်ကမွန် ပြောလိုက်သည့် စကားအဓိပ္ပာယ်ကို မိမိ နားလည်သည့် အမူအရာဖြင့် ခေါင်းယမ်းပြလိုက်သည်။

'မင်းသိင္ခတ် အဓိပ္ပာယ် မပြန်ဆိုတတ်ဘူးဆိုရင် မင်းရွှေခဲ အစည်းနေက အဓိပ္ပာယ်ပြန်ဆိုပြနိုင်လိမ့်မယ်။ မင်းရွှေခဲကို အဓိပ္ပာယ်ပြန်ခိုင်းပါ'

သီရိဖြတ်ကမွန်သည် မင်းသိင္ခတ်နှင့် မင်းရွှေခဲတို့၏ အမူအရာကို ခတ်ရင်း နှင်းကေသရာဘက်သို့ လှည့်၍ ပြောလိုက်ရာ မင်းရွှေခဲသည် သာတော့ဘဲ နှင်းကေသရာဘက်သို့ လှည့်၍ ရယ်သွမ်းသွေးလိုက်သည်။

'ဗိုလ်မင်း သီရိဖြတ်ကမွန် ပြောလိုက်တဲ့ စကားက ပဟေဠိဆန်တဲ့ နိုင်ငံရေးသဘောတရားပါ ပါဝင်နေပါတယ်။ ကာယကံရှင်ကို ရှင်းပြရင် ပိုပြီး ကောင်းပါလိမ့်မယ်။ မောင်ကြီး အဓိပ္ပာယ်ကောက်လို့ ရသလောက်ဆိုရင် ....'

မင်းရွှေခဲသည် နှင်းကေသရာအား နှစ်သိမ့်ရန် စကား စလိုက်သည်။ သိင္ခတ်က မျက်နှာရိပ် မျက်နှာကဲနှင့် သတိပေးလိုက်သဖြင့် ရှေ့ဆက်ပြီး ပြောတော့ဘဲ စကားကို ဖြတ်ထားလိုက်သည်။

'သခင်မကို ရှင်းပြစမ်းပါ။ သခင်မကို ရှေ့မှာထားပြီး သခင်မ အဓိပ္ပာယ် လည်တဲ့ စကားတွေနဲ့ သခင်မကို မစော်ကားကြစမ်းပါနဲ့'

နှင်းကေသရာက စိတ်မရှည်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'ဘာမှ မဟုတ်ပါဘူး။ ပျော်စေ ပျက်စေ ကလက်စေဆိုတဲ့ စကားကို စစ်သည်တော်ကြီးက ညီမတော်ကို အပျော်ဆက်လိုက်တာ ဖြစ်ပါလိမ့်မယ်'

မင်းသိင္ခတ်က ရယ်သွမ်းသွေးပြီး စကားလွှဲပြောင်းသွားအောင် သေးသို့ ၍ပြောလိုက်သည်။

'စစ်သည်တော်ကြီး ရှင်းပြစမ်းပါ။ မောင်တော် မင်းသိင္ခတ် ပြောတဲ့ အတိုင်း မှန်ပါသလား'

နှင်းကေသရာက သီရိဖြတ်ကမွန်ဘက်သို့ လှည့်၍ ပြောလိုက်သည်။

'နှင်းကေသရာသခင်မ ရွှေနားဆင်တော်မူပါ။ ဇမိုက်သား သီရိဖြတ်ကမွန် ခံခဲ့သည့် စကားများကို ထပ်လောင်း၍ အစီရင်ခံပါဦးမယ်'

သီရိဖြတ်ကမွန်သည် ပြောပြောဆိုဆို ၎င်း၏လက်ယာဘက် လက်ဝါး ကို လက်ဝဲဘက်ရင်အုံပေါ်သို့ တင်လိုက်ပြီး တိမ်ဖုံးနေသည့် လမင်းကြီး သော နှင်းကေသရာ၏ မျက်နှာကို အဓိပ္ပာယ် ပြည့်ဝသော မျက်လုံးများ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါသတရားသည် မီးကဲ့သို့ပူ၍ မေတ္တာတရားသည် ရေကဲ့သို့ အေးမြကြည်လင်ပါတယ်။ လောကဓံတရားကို မည်သူမျှ ရှောင်ကွင်း၍ မရနိုင် ၏နိမ့်ကင်းတစ်လှည့် ထင်းတစ်လှည့် ဆိုတဲ့ စကားပုံအတိုင်း စိန်မှန်ကင်းပင် ဖြစ်လာ ဘစား ထင်းအဖြစ်သို့ ရောက်နိုင်ပါတယ်'

သီရိဗြတ်ကမွန်က တစ်ခွန်းချင်း ပြန်ပြောလိုက်ရာ နှင်းကေသ သည် သီရိဗြတ်ကမွန် ဆိုလိုသည့် စကားအဓိပ္ပာယ်ကို စဉ်းစား၍ မရသ မျက်မှောင်ကြုတ်ပြီး နားထောင်နေပေသည်။ သီရိဗြတ်ကမွန်၏ အမူအရာ လည်း အချိန်ကြာမြင့်စွာ အကဲခတ်နေရာမှ မိမိအား သီရိဗြတ်ကမွန်က ပြုံး အမူအရာဖြင့် ပြန်ကြည့်နေသည်ကို မြင်ရသောအခါ ရှက်စနိုးသော အမူအ ဖြင့် မျက်လွှာချလိုက်သည်။

'သခင်မကို မာန်မာန ကြီးတယ် ဆိုပြီး ပြက်ရယ်ပြုလိုက် မဟုတ်လား'

နှင်းကေသရာ ရှက်ရမ်း ရမ်းလိုက်သည်။

'နှင်းကေသရာ သခင်မကို မည်သည့်အခါကမျှ ပြက်ရယ်မပြု ဘူး ယခုလည်း ပြက်ရယ်ပြုနေခြင်း မဟုတ်ပါ။ နောက်နောင်တွင်လည်း ပြက်ရယ်ပြုလိမ့်မည် မဟုတ်သည်ကို ယုံကြည်တော်မူပါ'

သီရိဗြတ်ကမွန်က အဖြေပေးလိုက်သည်။

'ပြက်ရယ်ပြုတာ မဟုတ်ဘူးဆိုရင် ဘယ်လို အဓိပ္ပာယ်နဲ့ ဒီစကား ကို ပြောလိုက်ရတာလဲ။ သခင်မ နားရှင်းအောင် ဋီကာဖွင့်ပြစမ်းပါဦး'

နှင်းကေသရာက သီရိဗြတ်ကမွန်အား မျက်မှောင်ကြုတ်၍ ကြည့် ပြန်ပြောလိုက်ရာ သီရိဗြတ်ကမွန်သည် တစ်စုံတစ်ရာ အဖြေမပေးဘဲ "သူတ တစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မ တည်း"အစရှိသော အနန္တသူရိယအမတ်ကြီး ရေးစပ်သီကုံးခဲ့သည့် လက် မွန်ဘာသာဖြင့် အဓိပ္ပာယ်နှင့် ကာရန်မပျက်စေဘဲ စကားလုံးလှလှဖြင့် တ ဟုတ်ချင်း စပ်ဟပ်ပြီး အသံနေ အသံထားနှင့် ရွတ်ဆိုပြလိုက်ရာ နှင်းကေသ သည် အံ့အားသင့်သည့် အမူအရာဖြင့် မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့် အစမှ အဆုံးသို့တိုင်အောင် အာရုံစိုက်၍ နားထောင်နေမိပေသည်။

'ဘယ်လိုသဘောနဲ့ ဒီလင်္ကာကို ရွတ်ဆိုပြနေရတာလဲ'

နှင်းကေသရာက မေးလိုက်ပြန်သည်။

'အဆွေတော်ကြီးတွေ သတိသံဝေဂ ရစေခြင်းငှာ ရွတ်ဆိုပြ ဖြစ်ကြောင်းပါ'





သီရိဗြတ်ကမွန်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြက်သေ သေနေသော မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့ကို မသိမသာကြည့်ရင်း အဖြေပေးလိုက်ရာ၊ မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာကာ ရိဗြတ်ကမွန်အား စားမတတ် ဝါးမတတ် အမူအရာဖြင့် ကြည့်နေကြပေသည်။

နှင်းကေသရာမှာ သီရိဗြတ်ကမွန်ကို အာရုံစိုက်လျက် ရှိသဖြင့် မင်း ဒ္ဓတ်နှင့် မင်းရွှေခဲတို့၏ အမူအရာကို အကဲခတ်မိဟန် မတူပေ။

'ဒီလိုဆိုတော့လည်း စစ်သည်တော်ကြီးက ကဗျာလင်္ကာ ရေးစပ် ကုံးတဲ့ နေရာမှာ ပြောင်မြောက်သားပါလား။ ဒါနဲ့များ ကဗျာလင်္ကာကို ာမပါလို့ အကဲမဖြတ်တတ်ဘူးလို့ ပြောရသေးတယ်'

'ဒါက ငမိုက်သား သီရိဗြတ်ကမွန်ရဲ့ စွမ်းရည်သတ္တိနဲ့ ရေးစပ်သီကုံး မဟုတ်ကြောင်းပါ။ မြန်မာစာဆိုတော် ပညာရှိ အနန္တသူရိယအမတ်ကြီး ပ်သီကုံးခဲ့တဲ့ ကဗျာလင်္ကာကို အဓိပ္ပာယ် ပြန်ဆိုခြင်းသာ ဖြစ်ကြောင်းပါ'

'အဓိပ္ပာယ်ပြန်ဆိုပုံကလည်း စကားလုံးလှလှနဲ့ အဓိပ္ပာယ်ရော ကာရန် မပျက်စေဘဲ တစ်မုဟုတ်ချင်း ပြန်ဆိုနိုင်တာဟာ ထူးခြားပြောင်မြောက်တဲ့ အာပဲ မဟုတ်လား'

'ဒါကတော့ ကြက်ကန်း ဆန်အိုးတိုးမိသလို လူမိုက်ကံကောင်း တိုးမိပြီး အငေါ်တည့်သွားခြင်း ဖြစ်ကြောင်းပါ'

သီရိဗြတ်ကမွန်က အဖြေပေးရင်း မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့၏ အရာကိုသာ မသိမသာ အကဲခတ်၍ နေပေသည်။

မင်းရွှေခဲနှင့် မင်းသိဒ္ဓတ်တို့မှာမူ မိမိတို့ အမူအရာ ပျက်နေသည်ကို ကေသရာ မရိပ်စားမိရန် သီရိဗြတ်ကမွန်နှင့် နှင်းကေသရာတို့၏ အနီးမှ သော ထွက်ခွာလာခဲ့ကြပြီး လေသာဆောင်မှတစ်ဆင့် ဥယျာဉ်တော်ရှိရာသို့ နှာမူ၍ နှစ်ယောက်သား ခေါင်းဆိုင်ကာ တီးတိုးဆွေးနွေး နေကြသည်ကို ရပေသည်။

'ဟိုနှစ်ယောက်က ဘယ်လို ဖြစ်သွားကြတာလဲ'

နှင်းကေသရာသည် မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့ဘက်သို့ မသိမသာ င်းငဲ့ကြည့်ရင်း တစ်ယောက်တည်း ပြောသလို ပြောလိုက်သည်။

'ယခုလို ဖြစ်လိမ့်မယ်ဆိုတာ ငမိုက်သား သီရိဗြတ်ကမွန် ကြိုတင်သိပြီး ကြောင်းပါ။ မျှော်လင့်ထားသလို ဖြစ်သွားသည့်အတွက် ငမိုက်သား ကျေနပ် သော့အောင် ဖြစ်မိကြောင်းပါ'

'ဘာပြုလို့ ကျေနပ်ရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာက ပြန်မေးလိုက်သည်။

'အလွန်တရာ ခိုင်လုံတဲ့ အကြောင်းပြချက် ရှိပါသော်လည်း ထိုအကြောင်းပြချက်ကို ဖွင့်ဟရန် အခါအခွင့် မသင့်သေးပါသဖြင့် ဖွင့်ဟခြင်း မပြုနိုင်သည်ကို သည်းခံတော်မူပါ'

'ဒီမှာ စစ်သည်တော်ကြီး၊ သခင်မကို ပဟေဠိတွေနဲ့ ဦးနှောက်ခြောက်အောင် လုပ်မနေစမ်းပါနဲ့။ စစ်သည်တော်ကြီး ပြောတဲ့ စကားတွေရဲ့ အဓိပ္ပာယ်ကို တစ်ခုမှ အစဖော်လို့ မရဘူး'

'ဦးနှောက်အခြောက်ခံပြီး စဉ်းစားတော်မမူပါနဲ့။ အချိန်တန်လျှင် နှားပိန် ကန်ပါလိမ့်မယ်။ သည်းခံပြီး စောင့်စားတော်မူပါ'

သီရိဇြတ်ကမ္ပန်သည် နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး တီးတိုး ဆွေးနွေးနေကြသည့် မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့ဘက်သို့ မသိမသာ လှည့်ကြည့်ရင်း အဖြေပေးလိုက်ရာ၊ နှင်းကေသရာသည် သီရိဇြတ်ကမ္ပန်၏ အမူအရာကို အကဲခတ်နေရာမှ ညင်သာစွာ သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီ၊ သည်းခံပြီး စောင့်စားပါဆိုရင် စောင့်စားပါမယ်။ အချိန်တန်ရင်သာ သခင်မကို ရှင်းပြစမ်းပါ။ ဒါကို အသာထားပြီး စောစော စစ်သည်တော်ကြီး ရွတ်ဆိုပြသွားတဲ့ လင်္ကာကို စောစောကလိုပဲ အသံ အသံထားနဲ့ ရွတ်ဆိုပြစမ်းပါဦး'

နှင်းကေသရာက တောင်းခံလိုက်ပြန်ရာ သီရိဇြတ်ကမ္ပန်က ခေါင်းယမ်းပြလိုက်သည်။

'ခွေးပါးစပ်က နတ်စကားထွက်သလို ဖြစ်နေလိမ့်မယ် ဖြစ်တဲ့အတွက် သည်းခံတော်မူပါ'

'ရှင် ဘယ်လိုလုလဲ'

'အညံ့တရစစ်သည်တော် သီရိဇြတ်ကမ္ပန်ပါ'

'ဒီနှာမည်ကြီးကို အတော် သဘောကျနေတယ် မှတ်တယ်။ ဒါ အသာထားပြီး စစ်သည်တော်ကြီးဟာ ကဗျာလင်္ကာကို ပြောင်မြောက်စွာ ရွ သီကုံးနိုင်တဲ့ စွမ်းရည်သတ္တိ ရှိပါလျက် သခင်မကို ဘာပြုလို့ လှည့်စား တာလဲ။ စစ်သည်တော်ကြီးရဲ့ ပြောင်မြောက်တဲ့ လက်ရာမွန်ကို ဘုရင်မ ရွှေနားကြားအောင် ရွှေနားတော်သွင်းလိုက်ရရင် စစ်သည်တော်ကြီးကို ချီး မြှောက်စားတော်မူမှာ အမှန်ပဲ'

နှင်းကေသရာသည် ၄င်း၏ စိတ်ထဲတွင် ရှိသမျှ ဖွင့်ဟလိုက်ပြီး တစ်စုံတစ်ရာ စဉ်းစားမိသည့် အမူအရာဖြင့် မျက်နှာညှိုးငယ်သွားပေသည်။





'ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူတဲ့အခါ ဆောင်းတူးမြို့ကို ခေတ္တဝင်ရောက်ပြီး သခင်မရဲ့ စံအိမ်တော်မှာ စံနေတော်မူလိမ့်မည်ဆို ကြားသိရတယ်။ ဒီသတင်းကို စစ်သည်တော်ကြီး ကြားပြီးပြီ မဟုတ်လား'

နှင်းကေသရာက သီရိဇြတ်ကမ္ပန်အား မေးလိုက်ပြန်သည်၊

'အတိအကျတော့ သတင်းမရသေးကြောင်းပါ။ တိုင်းခန်းလှည့်လည်တော်မူတဲ့အခါ ဆောင်းတူးမြို့ကို ခေတ္တဝင်ရောက်ဖို့ အစီအစဉ်ရှိကြောင်းတော့ သိုးသိုးသန့်သန့် ကြားသိရကြောင်းပါ'

သီရိဇြတ်ကမ္ပန်က အဖြေပေးလိုက်ရာ နှင်းကေသရာသည် တစ်စုံတစ်ရာ ပြန်မပြောသေးဘဲ ခေတ္တမျှ စဉ်းစားနေပေသည်။

'ဆောင်းတူးမြို့ဘက်ကို ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော် မမူပါစေနဲ့လို့ သခင်မ ဆုတောင်းတယ်။ ဘုရား သိကြား မ လို့ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူမယ့် အစီအစဉ်ကို ဖျက်သိမ်းပါစေ'

နှင်းကေသရာသည် မျက်နှာမသာမယာနှင့် ညည်းညူလိုက်သည်။

'ဘယ်လိုအကြောင်းကြောင့် ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော် မူသာမှာကို စိုးရိမ်တော်မူရပါသလဲ။ နှင်းကေသရာ သခင်မကို သမီးတော်ရင်းနဲ့ မခြား ကြင်နာယုယတော်မူတယ် မဟုတ်လား'

သီရိဇြတ်ကမ္ပန်က ပြန်မေးလိုက်ရာ နှင်းကေသရာမှာ မျက်နှာ ပျက်သွားပေသည်။

'အို .... သခင်မ ဘာတွေ ပြောမှန်း မသိဘူး'

နှင်းကေသရာသည် မိမိ စောစောက လွှတ်ခနဲ ပြောလိုက်မိသည့် စကားကို ဖုံးကွယ်ရန် ကြိုးစားရင်း လေသာဆောင်၏ အစွန်တစ်နေရာတွင် ခေါင်းချင်းဆိုင်၍ တီးတိုး ဆွေးနွေးနေကြသည့် မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့ ဘက်သို့ လှည့်ကြည့်လိုက်စဉ်၊ မြင်းကိုယ်စီဖြင့် ပြန်လာကြသော မောင်တော် များအိမ်နှင့် အရှီးဘုရား ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်မကို မြင် လိုက်သဖြင့် ခေတ္တမျှ ငေးစိုက်ကြည့်နေမိပေသည်။

'ဟော ပြောရင်းဆိုရင်း အရှီးဘုရား ပြန်လာပြီ။ စစ်သည်တော်ကြီးကို မြင်ရင် နှုတ်သီးကောင်း လျှာပါးနဲ့ ရန်တွေ့မှာ သခင်မ ကြားယောင်သေးတယ်၊ စစ်သည်တော်ကြီးတော့ ခေါင်းကျိန်းဖို့သာ ပြင်ပေတော့၊ ကဲ .... လာ၊ အရှီး ဘုရားကို အကြိုတော် ထောက်ရအောင်'

နှင်းကေသရာသည် စကားလွှဲပြောင်းပြောလိုက်ပြီး အရှီးဘုရားကို အကြိုတော်ထောက်ရန် သီရိဇြတ်ကမ္ပန်အား အဖော်ခေါ်လိုက်ရာ သီရိဇြတ်ကမ္ပန်



www.burmeseclassic.com

သည် ထိုင်ရာမှထပြီး ဖုန်တထောင်းထောင်းနှင့် လာနေသော လူအုပ်ရှိရာသို့ ကြည့်နေစဉ် ဗညားအိမ်နှင့် အရီးဘုရား ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်မတို့ ဦးဆောင်ပြီး လာနေသော မင်းမှုထမ်းများသည် ဥယျာဉ်တော်အတွင်းသို့ ဝင်လာကြသည်ကို မြင်ရပေသည်။

## အခန်း ၂၁

အသက်အရွယ် ကြီးရင့်သော်လည်း စိတ်မြန်လက်မြန်ရှိလှသော ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်မသည် သီရိဖြတ်ကမ္ဘန်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မိမိအား ရိုသေလေးစားစွာ ဂါရဝပြုနေကြသော တူတော်မောင် မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲအမည်ခံ မင်းခေနတို့ကို ဖုတ်လေသည့်ငါးပိ ရှိလေသည် ဟူ၍ပင် မှတ်ထင်တော်မမူဘဲ သီရိဖြတ်ကမ္ဘန် ရှိရာသို့ ပေါ့ပါးသည့် ခြေလှမ်းများဖြင့် လာခဲ့ပြီး သီရိဖြတ်ကမ္ဘန်၏ ပုဆိုးစကိုဆွဲ၍ အခန်းထဲသို့ ဆွဲခေါ်လာခဲ့ပေသည်။

'ဘယ်ကိုများ သဝေထိုးနေရတာလဲ။ စူဠလိပ် ရေထဲ လွှတ်လိုက်တာ ကျနေတာပဲ။ ခုမှပဲ မောင်မင်းကြီးသားရဲ့ မျက်နှာတော်ကို ဖူးမြော်ရတော့တယ်။ ကဲ သခင်မကို မှန်မှန် သံတော်ဦးတင်စမ်း။ သခင်မရဲ့ တူမတော် နှင်းဇကရီကို ပြန်ခေါ်လာခဲ့သလား။ တူမတော် ဘယ်မှာလဲ'

ပန်းလှိုင်ထိပ်ထား သီရိမာလာသခင်မသည် စိတ်မရှည်တော့သည့် အမူအရာဖြင့် သီရိဖြတ်ကမ္ဘန်အား မေးလိုက်သည်။

'သခင်မကြီး ရွှေနားဆင်တော်မူပါ။ သခင်မကြီးရဲ့ တူမတော် နှင်းဇကရီကို တွေ့ခဲ့ရပါသော်လည်း သခင်မကြီး၏ ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာရန် မဖြစ်နိုင်ပါသဖြင့် ခေါ်မလာနိုင်ခဲ့ကြောင်းပါ'

သီရိဖြတ်ကမ္ဘန်က မျက်နှာသေကြီးဖြင့် အဖြေပေးလိုက်သည်။

'ဘာဖြစ်လို့ ခေါ်ဆောင်မလာနိုင်ရတာလဲ။ မမာမကျန်း ဖြစ်နေလို့လား၊ ကိုယ်လက် မအီမသာ ဖြစ်နေလို့လား'

'ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစွာ ရှိကြောင်းပါ'

'ဒီလိုဆိုရင် တူမတော် သူပုန်မကို ဘာဖြစ်လို့ ခေါ်မလာတာလဲ။ သခင်မရဲ့ အမိန့်တော်ကို ဖီဆန်တာလား၊ သခင်မကို အာခံတာလား'

'သခင်မကြီး ထင်သလို မဟုတ်ကြောင်းပါ။ ဤကိစ္စနဲ့ ပတ်သက်ပြီး





သခင်မကြီး တစ်ဦးတည်းကိုသာ သီးသန့် လျှောက်တင်စရာ ရှိပါသဖြင့် သခင်မကြီးနှင့် နှစ်ဦးချင်း လွတ်လပ်စွာ တွေ့ခွင့်ပြုတော်မူပါ'

သီရိဖြတ်ကမ္ဘန်သည် မိမိပြောရသည့် စကားများကို အားလုံးမကြားစေလိုသည့် အမူအရာဖြင့် ခွင့်ပန်လိုက်သည်။

'သခင်မ တစ်ဦးတည်းကို သီးခြားလျှောက်တင်စရာ ရှိတယ်၊ ဟုတ်လား၊ အပြင်လူတွေ မကြားစေချင်ဘူးလား။ ဒီလိုဆိုရင် အားလုံး တစ်နေရာမှာ သွားရှောင်နေကြစမ်း။ အလို .... တူတော်မောင် မင်းသိဒ္ဓတ်လည်း ရောက်နေသတိုး။ တူတော်မောင်လည်း ခဏ ရှောင်ပေးစမ်းပါဦး'

သီရိမာလာသခင်မသည် အခန်းတွင်းရှိ လူအားလုံးကို နှင်ထုတ်နေသည်။ ပြီးမှတစ်ဖန် တစ်စုံတစ်ရာ စဉ်းစားမိသည့် အမူအရာဖြင့် သီရိဖြတ်ကမ္ဘန်၏ ပုဆိုးစကိုဆွဲ၍ ဥယျာဉ်တော်တွင်းသို့ ခေါ်လာခဲ့ပေသည်။

ဥယျာဉ်တော် အတွင်းရှိ အရိပ်အာဝါသ ကောင်းသည့် နေရာသို့ ရောက်သောအခါ သီရိမာလာ သခင်မသည် ကွပ်ပျစ်ပေါ်တွင် ထိုင်ပြီး သီရိဖြတ်ကမ္ဘန်အား မိမိ၏ရှေ့တွင် ရပ်၍နေစေသည်။

'ကဲ သခင်မကို လျှောက်တင်စမ်း။ တူမတော် နှင်းဇကရီကို ဘာဖြစ်လို့ ခေါ်မလာတာလဲ'

သီရိမာလာသခင်မက စတင်ပြီး မေးခွန်းထုတ်လိုက်သည်။

'သခင်မကြီးရဲ့ တူမတော် နှင်းဇကရီမှာ ပိုင်ဆိုင်သူ ရှိနေသောအခါက ဘဝသို့ ရောက်ရှိနေပြီ ဖြစ်၍ ပိုင်ဆိုင်သူ၏ ခွင့်ပြုချက် မရဘဲ ခေါ်လာရန် မဖြစ်ကြောင်းပါ'

'တူမတော်မှာ ပိုင်ဆိုင်သူ ရှိနေပြီ ဟုတ်လား။ သခင်မ နားရှင်းအောင် လျှောက်တင်စမ်းပါဦး'

'ပိုင်ဆိုင်သူ ဆိုသည်မှာ ကာမပိုင် လင်ယောကျ်ားကို ဆိုလိုခြင်း ဖြစ်ကြောင်းပါ'

'ဟင် တူမတော်မှာ ကာမပိုင် ရှိနေပြီ ဟုတ်လား။ လင်ရနေပြီပေါ့။ ဟဲ မိခင်ရဲ့ နို့နံ့တောင် မစင်သေးတဲ့ တူမ်တော်ကို ဘယ်ခွေးတိရစ္ဆာန်၊ ဘယ်အယုတ်တမာကောင်တွေက ဖြားယောင်းသွေးဆောင်ပြီး ခေါ်ကားတာလဲ။ သခင်မကို ဟုတ်တိုင်းမှန်ရာ လျှောက်တင်စမ်း'

'ခွေးတိရစ္ဆာန်လည်း မဟုတ်၊ အယုတ်တမာကောင်လည်း မဟုတ်ကြောင်းပါ။ ဖြားယောင်းသွေးဆောင်ခြင်းလည်း မဟုတ်ပါ။ ခေါ်ကားခြင်းလည်း မဟုတ်ကြောင်းပါ။ သခင်မ၏ တူမတော် နှင်းဇကရီမှာ နှစ်သက်သောရေစက်၊

www.burmeseclassic.com



နွှတ်ဖူးသော သစ္စာကြောင့် ရွှေနဲ့မြ နေနဲ့လလို ရှေ့သွားနောက်လိုက်ညီသည့် ဖူးစာရှင်နှင့် ရေစက်ဆုံစည်းပြီး အကြင်လင်မယား ဘဝသို့ ရောက်ရှိနေခြင်းသာ ဖြစ်ကြောင်းပါ။ တူမတော် နှင်းဧကရီ၏ ဖူးစာရှင် ကြင်ဖက်တော်မှာ လူလူချင်း အဆင့်အတန်း ခွဲခြားသည့် ဓနဥစ္စာနှင့် ရာထူးဂုဏ်သိန်မှ လွဲ၍ ယောကျ်ားကောင်းတို့၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသူ ဖြစ်ကြောင်းပါ'

သီရိဖြတ်ကမ္ဘန်က မင်းစည်သူအား ကာကွယ်ပြီး အဖြေပေးလိုက်သည်။

'ဓနဥစ္စာ မရှိဘူးဆိုရင် အခြေအနေ မရှိတဲ့ သူဖုန်းစားပေါ့။ သူဖုန်းစားကများ တူမတော်ကို ဖြားယောင်းသွေးဆောင်ပြီး စော်ကားရသလား။ ရာဇဝင်ရိုင်းလိုက်လေ။ သူဖုန်းစား ဘယ်မှာလဲ၊ သခင်မကို လိုက်ပြစမ်း။ သခင်မကိုယ်တိုင် စိစိညက်ညက်ကြေအောင် လုပ်ပြလိုက်ချင်စမ်းတယ်'

'ဒေါသရှေ့ထားရင် မှားတတ်ကြောင်းပါ'

'သူဖုန်းစားက လူပါးဝလို့၊ ဒါလောက်တောင် ရိုင်းပျစော်ကားတဲ့ ခွေးတိရစ္ဆာန်ကောင်ကို ကျောတစ်ရာ ရင်တစ်ရာ ဒဏ်ခတ်ပြီး ထောင်သွင်း အကျဉ်းချထားမှ တော်လိမ့်မယ်။ တူမတော်ကို ဖြားယောင်းသွေးဆောင်ပြီး စော်ကားတဲ့ ခွေးတိရစ္ဆာန်ကောင်ဟာ ဘယ်သူလဲ။ သခင်မကို ဟုတ်တိုင်း မှန်ရာ လျှောက်တင်စမ်း'

'ငမိုက်သား သီရိဖြတ်ကမ္ဘန်ရဲ့ အဆွေခင်ပွန်းကောင်း တစ်ယောက် ဖြစ်ကြောင်းပါ'

'အဆွေခင်ပွန်းကောင်း ဟုတ်လား'

'မှန်ပါတယ်၊ ငမိုက်သား သီရိဖြတ်ကမ္ဘန်အတွက် အသက်ပေးပြီး ကာကွယ်ခဲ့တဲ့ အဆွေခင်ပွန်းကောင်း တစ်ယောက်ပါ'

'သူ့နာမည်ကို ပြောစမ်း'

'မင်းစည်သူပါ'

'ခွေးတိရစ္ဆာန်ရဲ့ နာမည်က မင်းစည်သူတဲ့လား'

'ခွေးတိရစ္ဆာန် မဟုတ်ကြောင်းပါ။ ယောကျ်ားကောင်း ပီသသူတစ်ဦး ဖြစ်ကြောင်းပါ'

'ယောကျ်ားကောင်း ပီသတဲ့လူ ဆိုရင် မိခင်ရဲ့ နို့နံ့မှ မစင်သေးတဲ့ မလိမ်မိုး မလိမ်မာ အရွယ်ကလေးကို ဖြားယောင်းသွေးဆောင်ပြီး ဖျက်လိုဖျက်ဆီး လုပ်ရသလား'

'ဖျက်လို ဖျက်ဆီးလုပ်ခြင်း မဟုတ်ပါ၊ ဖြားယောင်းသွေးဆောင်ခြင်း





သည်း မဟုတ်ပါ။ ဖူးစာရေစက် ဆုံစည်းလာမိသဖြင့် ဖြူစင်သောမေတ္တာဖြင့် အသက်ပန် ရိုးမြေကျ သစ္စာရှိရှိ ပေါင်းသင်းသွားမည့်သူ ဖြစ်ကြောင်းပါ'

'ဘာလဲ၊ စစ်သည်တော်ကြီးရဲ့ မိတ်ဆွေရောင်းရင်းကို ထိလို့ မခံနိုင်အောင် သလား'

'ကျေးဇူးတရားသိတတ်ပြီး သစ္စာတရား လက်ကိုင်ထားသော အဆွေခင်ပွန်းကောင်းကို မတရား ပုတ်ခတ်ခြင်းကို ခုခံကာကွယ်ရန် တာဝန်ရှိသဖြင့် ခုခံကာကွယ်နေခြင်း ဖြစ်ကြောင်းပါ'

'စစ်သည်တော်ကြီး ပြောသွားတဲ့ စကားအရဆိုရင် စစ်သည်တော်ကြီးရဲ့ အဆွေခင်ပွန်းဟာ ဓနဥစ္စာ ဗလာနတ္ထိလို့ သိရတယ်။ ဒီစကားကောင်းသလား'

'လူ လူချင်း အတန်းအစား ခွဲခြားတဲ့ ဓနဥစ္စာနဲ့ ရာထူးဂုဏ်သိန်ကို ဆိုရင် ယောကျ်ားကောင်းတို့ရဲ့ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသူဖြစ်ကြောင်း လျှောက်တင်ခဲ့ပြီး ဖြစ်ကြောင်းပါ'

'စကားတတ်တိုင်း လှည့်ပတ်ပြီး လျှောက်တင်မနေစမ်းပါနဲ့။ သခင်မမေးတာကို မှန်မှန်ဖြေစမ်း။ စစ်သည်တော်ကြီးရဲ့ ဝန်ခံချက်အရဆိုရင် စစ်သည်တော်ကြီးမှာ ဓနဥစ္စာ ဗလာနတ္ထိလို့ သခင်မ သိရတယ်။ ဒီစကား မှန်သလား'

'မှန်ပါတယ်'

'စစ်သည်တော်ကြီးမှာလည်း ဓနဥစ္စာ ဗလာနတ္ထိ၊ စစ်သည်တော်ကြီးရဲ့ အဆွေခင်ပွန်းမှာလည်း ဓနဥစ္စာ ဗလာနတ္ထိ ဖြစ်နေတဲ့အတွက် သခင်မရဲ့ အမွေကို ဆွေမသွေ ဆက်ခံရမယ့် တူမတော် နှင်းဧကရီကို ဖြားယောင်းသွေးဆောင်ပြီး စစ်သည်တော်ကြီးရဲ့ အဆွေခင်ပွန်းနဲ့ လက်ဆက်ပေးခဲ့တာ မဟုတ်လား။ တူမတော် ဆက်ခံရရှိမယ့် အမွေပစ္စည်းကို စစ်သည်တော်ကြီးနဲ့ ခွဲဝေယူကြဖို့ ကြံအစည်နဲ့ တူမတော် နှင်းဧကရီကို စစ်သည်တော်ကြီးရဲ့ အဆွေခင်ပွန်းနဲ့ လက်ဆက်ပေးခဲ့တာ မဟုတ်လား။ သခင်မကို မှန်မှန် အဖြေပေးစမ်း'

သီရိမာလာသခင်မက သီရိဖြတ်ကမ္ဘန်အား စူးရှသော မျက်လုံးအစုံဖြင့် ကြည့်ရင်း မေးလိုက်ရာ သီရိဖြတ်ကမ္ဘန်မှာ မခံမရပ်နိုင်အောင် ဖြစ်သွားပြီး ဒေါသနှင့် စိတ်ထဲရှိသမျှ သွန်ထုတ်ရန် ပါးစပ်ပြင်လိုက်ပြီးမှ စိတ်ကို ချုပ်တည်းလိုက်ပြီး တည်ငြိမ်ရင့်ကျက်သည့် ဣန္ဒြေဖြင့် သီရိမာလာ သခင်မအား ပြန်ပြောလိုက်သည်။

'ငမိုက်သား သီရိဖြတ်ကမ္ဘန်ကို ဓနဥစ္စာ မက်မောသူလို့ အစွပ်စွဲခံရတာလောက် ခံပြင်းတာ မရှိတော့ကြောင်းပါ၊ ဓနဥစ္စာ မက်မောသူလို့ သခင်မ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက သံသယဖြစ်တော်မူပါလျှင် လက်သုံးတော် ကိုးသချိုင်းသံဓားနဲ့ ငမိုက်သား သီရိဖြတ်ကမွန်ရဲ့ လည်မျိုကို ခုတ်ပိုင်းတော်မူပါ။ လည်စင်းပြီး အသေခံသွားမည် ဖြစ်ကြောင်းပါ'

သီရိဖြတ်ကမွန်က ကိုးသချိုင်းသံဓားကို ဓားအိမ်မှ ဆွဲချွတ်ပြီး သီရိမာလာသခင်မ၏လက်သို့ ဓားရိုးကမ်းရင်း လည်စင်းပေးလိုက်ရာ သီရိမာလာသခင်မသည် တစ်စုံတစ်ရာကို ခွန်းတုံ့မပြန်နိုင်ဘဲ သီရိဖြတ်ကမွန်၏ အမူအရာကို အချိန်အတန်ကြာ အကဲခတ်၍ နေပေသည်။

စကားအရာတွင် ကြွယ်ဝလှသည့် သီရိမာလာသခင်မ၏ နှုတ်ဖျားမှ အချိန်ကြာမြင့်စွာ စကားတစ်ခွန်းမျှ ထွက်မလာဘဲ သီရိဖြတ်ကမွန်အား စူးရှ ထက်မြက်သည့် မျက်လုံးများဖြင့် စေးစိုက်ကြည့်နေရာမှ မသိမသာ သက်ပြင်းချလိုက်သည်၊

'အဲဒါ၊ စစ်သည်တော်ကြီးရဲ့ လက်သုံးတော်ဓားကို ဓားအိမ်ထဲ ပြန်သွင်းလိုက်စမ်းပါ'

သီရိမာလာသခင်မက သက်ပြင်းချရင်း ပြောလိုက်ရာ သီရိဖြတ်ကမွန်သည် ကိုးသချိုင်းသံဓားကို ဓားအိမ်ထဲသို့ တရိုတသေ ပြန်သွင်းလိုက်သည်။

'သခင်မ အပေါ်မှာ စစ်သည်တော်ကြီး အထင်လွဲသွားသလား'

သီရိမာလာသခင်မက မေးလိုက်ပြန်သည်။

'အထင်လွဲခြင်း မဟုတ်ပါ။ လူကဲခတ် မှားခြင်းသာ ဖြစ်ကြောင်းပါ'

'ဘယ်လို လူကဲခတ် မှားတာလဲ'

'သခင်မကြီးဟာ မိန်းမသားပင် ဖြစ်လင့်ကစား ရင့်ကျက်တဲ့ အတွေး အခေါ် သဘောတရား ပြည့်ဝသူဖြစ်လိမ့်မယ်လို့ ငမိုက်သား သီရိဖြတ်ကမွန် အကဲခတ်မိကြောင်းပါ။ လူ လူချင်း အတန်းအစား ခွဲခြားတဲ့ ပစ္စည်းဂုဏ် ဆွေမျိုးဂုဏ်၊ ရာထူးဂုဏ် အစရှိတဲ့ ဂုဏ်ပကာသနတွေကို စက်ဆုပ်ရွံရှာ အမှန်တရားကို လက်ကိုင်ထားသူ ဖြစ်လိမ့်မယ်လို့ စွဲစွဲမြဲမြဲ ယုံကြည်ခဲ့ ကြောင်းပါ။ သခင်မကြီး မိန့်တော်မူလိုက်သည့် စကားများကြောင့် ငမိုက်သား သီရိဖြတ်ကမွန် လူကဲခတ်မှားပြီဆိုပြီး စိတ်ပျက်ဝမ်းနည်းခြင်း ဖြစ်မိကြောင်းပါ'

'သခင်မကြီးအပေါ်မှာ စစ်သည်တော်ကြီး အထင်သေးသွားတယ် ဆိုပါတော့'

'အထင်ကြီးခဲ့သလို မဟုတ်သည့်အတွက် ယူကျုံးမရ ဖြစ်မိကြောင်း ပါ။ သို့ရာတွင် ပုထုဇဉ် လူသားမှန်သမျှ တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော အမိုက်မှောင်များ အနည်းနှင့်အများဆိုသလို ဖုံးလွှမ်းလျက်ရှိပါသဖြင့် သခင်





ကြီးကို အပြစ်မတင်လိုပါ။ သခင်မကြီးရဲ့ တူမတော် နှင်းဧကရီ မှာကြားလိုက်သည့် စကားများကို လျှောက်တင်ခွင့်ပြုတော်မူပါ။ သခင်မကြီးရဲ့ တူမတော် နှင်းဧကရီကို သခင်မကြီး တွေ့မြင်လိုပါက ၎င်း၏ ခင်ပွန်းသည်နှင့်အတူ ဆောက်တည်နေတော်မူသည့် နေရာသို့ သခင်မကြီး ကိုယ်တော်တိုင် ကြွတော်မူလာဖို့ တူမတော် နှင်းဧကရီက မှာတော်မူလိုက်ကြောင်းပါ'

'သခင်မ ကိုယ်တော်တိုင် ကြွတော်မူလာရမယ် ဟုတ်လား။ ဘာဖြစ်လို့ ကြွတော်မူလာရမှာလဲ။ တူမတော် နှင်းဧကရီကို စစ်သည်တော်ကြီးကိုယ်တိုင် ခေါ်ချင်း သွားခေါ်ခဲ့ပါ'

'ခုချက်ချင်း ခေါ်လာရန် မဖြစ်ကြောင်းပါ။ နက်ဖြန်မနက် သခင်မကြီး အရောက် ခေါ်ဆောင်ပေးပါမယ်'

'ခုချက်ချင်း ဘာဖြစ်လို့ ခေါ်မပေးနိုင်တာလဲ'

'တူမတော် နှင်းဧကရီရဲ့ခင်ပွန်း မင်းစည်သူမှာ ငမိုက်သား သီရိဖြတ်ကမွန်ရဲ့ အသက်အန္တရာယ်ကို ကာကွယ်ရင်း ဒဏ်ရာအနာတရ ဖြစ်ခဲ့ပါသဖြင့် အိပ်ရာမှ မထနိုင်သေးဘဲ ဝေဒနာ ခံစားနေရဆဲဖြစ်၍ တူမတော် နှင်းဧကရီမှာ ခင်ပွန်းသည်အပါးမှ မခွာနိုင်ဘဲ ပြုစုနေရကြောင်းပါ'

'စစ်သည်တော်ကြီးရဲ့ အဆွေခင်ပွန်းကကော စစ်သည်တော်ပဲ ဟုတ်လား'

'ဓားတစ်လက်ကို အရင်းတည်ကာ နိုင်ငံတော်အတွက် အသက်ပေးသွားစောင့်သိတဲ့ သူရဲကောင်းတစ်ဦး ဖြစ်ကြောင်းပါ'

'ဓားစွမ်းထက်တဲ့ သူရဲကောင်းကြီးက လှျာတစ်ချောင်းနဲ့ လူရောင်းတဲ့ နေရာမှာလည်း လှျာအစွမ်း အထက်သား ပါကလား။ တူမတော် နှင်းဧကရီကို လှျာတစ်ချောင်းနဲ့ ဖြားယောင်းသွေးဆောင်ပြီး အပိုင်စီးခဲ့တယ် ဟုတ်လား'

'ဤစကားကို မိန့်တော်မမူပါရန် တောင်းပန်ပါတယ်။ မင်းစည်သူဟာ သခင်မကြီး စွပ်စွဲသလို ဣတ္ထိယသိုက်သမား မဟုတ်ကြောင်းပါ။ သခင်မကြီးရဲ့ တူမတော် နှင်းဧကရီအား လယ်တောသူ မင်းညီမြို့အဖြစ် ဖြူစင်တဲ့ မေတ္တာနဲ့ သက်ပန် ရွယ်ကိုးပြီး ပေါင်းသင်း ဆက်ဆံခဲ့ခြင်းသာ ဖြစ်ကြောင်းပါ၊ သခင်မကြီးရဲ့ တူမတော်ဖြစ်ကြောင်းသာ စောစောက သိလျှင် ဝေးဝေးက ရှောင်ကြဉ်သွားမည် ဖြစ်သည်ကို သခင်မကြီး သိစေလိုကြောင်းပါ။ မင်းစည်သူ ဆွေမျိုးဂုဏ်၊ ဓနဂုဏ်၊ ရာထူးဂုဏ် လုံးဝ မက်မောသူ မဟုတ်ကြောင်းပါ။ သခင်မကြီးရဲ့ ဉာဏ်မျက်စိကို မာန်မာနတည်းဟူသော တိမ်သလာများ ဖုံးအုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သာ အမှန်တရားကို မမြင်နိုင်ဘဲ မတော်မတရား စွပ်စွဲနေခြင်း ဖြစ် ကြောင်းပါ'

သီရိဗြတ်ကမ္ဘန်က မတရားစွပ်စွဲခံရသည်ကို မခံမရပ်နိုင်သည့် အမူ အရာဖြင့် ပြန်လည်ချေပလိုက်ရာ သီရိမာလာသခင်မမှာ သီရိဗြတ်ကမ္ဘန်၏ အမူအရာကို အကဲခတ်နေရာမှ စူးရှသည့် မျက်လုံးများမှာ ကြည်လင်အေးမြ သည့် အသွင်ကို ဆောင်၍လာပေသည်။

'စစ်သည်တော်ကြီးကော စစ်သည်တော်ကြီးရဲ့ အဆွေခင်ပွန်းကို အားမကျဘူးလား။ တူမတော် နှင်းဇကရီလို ခနဉစ္စာနဲ့ ကုံလုံကြွယ်ဝတဲ့ မိန်းမ ချော တစ်ယောက်နဲ့ အိမ်ထောင်ပြုလိုတဲ့ဆန္ဒ မရှိဘူးလား'

သီရိမာလာ သခင်မက အဓိပ္ပာယ်ပြည့်ဝသည့် မျက်လုံးများဖြင့် သီရိ ဗြတ်ကမ္ဘန်အား ကြည့်ရင်း မေးခွန်းထုတ်လိုက်သည်။

'အိမ်ထောင်ပြုဖို့ လုံးဝ စိတ်မကူသေးပါ။ သခင်မကြီး သိတော်မူတဲ့ အတိုင်း ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေတဲ့ သစ္စာဖောက်တွေရဲ့ အန္တရာယ် ရှိနေသေးတဲ့အတွက် သစ္စာဖောက်တွေကို ရှင်းလင်း သုတ်သင်ပစ်ဖို့တာဝန် ရှိနေသေးကြောင်းပါ'

'စစ်သည်တော်ကြီးမှာ တာဝန်ရှိသလို သခင်မမှာလည်း တူမတော် နှင်းကေသရာအတွက် တာဝန်တစ်ခု ကျန်ရှိသေးတယ်။ နှင်းကေသရာဟာ စိတ်မြန်ပေမယ့် စိတ်ကောင်း နှလုံးကောင်းရှိပါတယ်။ ဉစ္စာလည်းပေါ ရုပ်လည်း ချောပါတယ်'

သီရိမာလာက မထိတထိ ပြန်ပြောလိုက်ရာ သီရိဗြတ်ကမ္ဘန်က လက်ာ ကာလိုက်သည်။

'ဒီစကား ဒီမှာတင် ရပ်စေလိုကြောင်းပါ။ သခင်မကြီး မိန့်ကြားတော် မူလိုက်သည့် စကားများမှာ ငမိုက်သား သီရိဗြတ်ကမ္ဘန်ရဲ့ အသိတရား စော်ကားရာ ရောက်နေကြောင်းပါ'

'ဒီစကား မကြားချင်ရင် တူမတော် နှင်းဇကရီ သူ့ရဲ့ကြင်ဖက်ော အကြောင်း ပြောပြစမ်းပါလား။ သူတို့ အချင်းချင်း ဘယ်ပုံဘယ်နည်း ရေ ဆုံစည်းခဲ့ကြတယ် ဆိုတာကိုပါ သခင်မကို ရှင်းပြစမ်းပါဦး'

သီရိမာလာက တောင်းတောင်းပန်ပန် ပြောလိုက်ရာ သီရိဗြတ်က သည် မင်းညိုမြအမည်ခံ နှင်းဇကရီနှင့် မင်းစည်သူတို့ တွေ့ကြုံဆုံစည်းခဲ့ပုံ ကို ရှင်းပြနေစဉ် မြို့စားလေး ဗညားအိမ်နှင့် အစ်မတော် နှင်းကေသရာ ရောက်ရှိလာကြသဖြင့် စကားပြတ်သွားပြီး သီရိမာလာသခင်မသည် တူမတော





နှင်းကေသရာနှင့်အတူ စံအိမ်တော်သို့ လိုက်ပါသွားလေရာ သီရိဗြတ်ကမ္ဘန်နှင့် ညားအိမ် နှစ်ဦးထဲသာ ကျန်ရစ်ခဲ့လေသည်။

'ဒီမှာ အကြည်တော်၊ အကြည်တော် အကြံပေးခဲ့တဲ့အတိုင်း မင်းသိဒ္ဓတ် နဲ့ မင်းရွှေခဲကို ညစာထမင်း သုံးဆောင်ဖို့ ဖိတ်ကြားထားတာ အိမ်တော်ကို ရောက်နေကြပြီ။ သူတို့ကို ဘာကိစ္စ ဖိတ်ခေါ်သလဲ ဆိုတာ မေးနေတယ်။ ညစာ ပြီးမှ ဖိတ်ခေါ်တဲ့ ကိစ္စကို ရှင်းပြမယ်လို့ ကျွန်တော် ပြန်ပြောထားတယ်'

ဗညားအိမ်က သီရိဗြတ်ကမ္ဘန်အား ရှင်းပြနေသည်။

'ကောင်းတယ်၊ ကောင်းတယ်။ ဒီနေ့ည ပွဲကြီးပွဲကောင်း တစ်ခုတော့ တွေ့ရလိမ့်မယ်။ ကဲ .... လာ၊ လူရှင်းတဲ့နေရာမှာ အေးအေးဆေးဆေး ဆွေးနွေး ကြရအောင်'

သီရိဗြတ်ကမ္ဘန်က ပြန်ပြောလိုက်ပြီး ဗညားအိမ်အား လူရှင်းသည့် နေရာသို့ ခေါ်လာခဲ့လေသည်။

## အခန်း ၂၂

မြို့စားလေးဗညားအိမ် တည်ခင်းကျွေးမွေးသည့် ညစာထမင်းကို မြိန်ရှက်စွာ သုံးဆောင်ကြပြီးနောက် မြို့စားလေး ဗညားအိမ်၏ ဧည့်သည်တော်များ ဖြစ်ကြသည့် မင်းသိဒ္ဓတ်၊ မင်းရွှေခဲ အမည်ခံ မင်းစနှင့် သီရိဗြတ်ကမ္ဘန်တို့သည် ဗညားအိမ်နှင့်အတူ ကျယ်ဝန်းသော အခန်းတစ်ခန်းတွင် လေးယောက်သား မျက်နှာချင်းဆိုင်၍ ကိုယ့်စိတ်ကူးနှင့်ကိုယ် ခြေဦးတည့်ရာ စဉ်းစားနေကြသည်ကို တွေ့ရပေသည်။

သီရိဗြတ်ကမ္ဘန် ထိုင်နေသည့်နေရာမှာ နတ်ရွာစံဆောင်းတူးမြို့စား ကြီး၏ ရုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့သည့် အထိမ်းအမှတ်ဖြင့် သွေးစွန်းနေသည့် ဓားကို ပုံတူပြုလုပ် အမှတ်တရ ချိတ်ဆွဲထားသည့် နံရံနှင့် မျက်နှာချင်းဆိုင်လျက် ဖြစ်၍ သီရိဗြတ်ကမ္ဘန်သည် အဆိုပါ အထိမ်းအမှတ်ကို အချိန်အတန်ကြာ စိုက်ကြည့်နေသည်ကို တွေ့ရပေသည်။

'ကဲလေ ညီတော် ဗညားအိမ်၊ ဒီနေ့ည အရေးကြီးတဲ့ ကိစ္စတစ်ခု ဆွေးနွေးစရာရှိတယ်ဆို။ ညီတော် ဆွေးနွေးချင်တဲ့ ကိစ္စကို ဖွင့်ဟစမ်းပါဦး'

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် ငြိမ်သက်သည့်ရာ စဉ်းစားနေကြရာမှ ဗညားအိမ်၏ အစ်ကိုဝမ်းကွဲ မင်းသိဒ္ဓတ်က ပြော လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗညားအိမ်မှာမူ ရုတ်တရက် အဖြေမပေးဘဲ မင်းသိဒ္ဓတ်ကို တစ်လှည့် မင်းရွှေခဲကို တစ်လှည့် မျက်မှောင်ကြုတ်ပြီး ကြည့်နေရာမှ ဒေါသကို မချုပ်တည်းနိုင်သည့် အမူအရာဖြင့် အံကြိတ်ပြီး ကြမ်းပြင်ကို ဖနောင့်နှင့် ပေါက်လိုက်ရာ မင်းရွှေခဲသည် အံ့အားသင့်သည့် အမူအရာဖြင့် ဗညားအိမ်အား ကြည့်လိုက်သည်။

'ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့ တစ်ယောက်တည်း ဒေါသထွက်နေရတာလဲ'

မင်းရွှေခဲက ဗညားအိမ်အား မေးလိုက်သည်။

'ဟုတ်သားပဲ။ ဒီနေ့ညနေ ညီတော် ဘာဖြစ်နေမှန်း မသိဘူး။ ညစာထမင်းစားပွဲမှာလည်း မှန်ကုပ်ကုပ်နဲ့ စကားကောင်းကောင်း မပြောဘူး'

'ကျွန်တော့်ကို မတော်မတရားစွပ်စွဲတာကို မခံနိုင်လို့ ဒေါသဖြစ်နေတာ။ ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာသာမက ခမည်းတော် နတ်ရွာစံမြို့စားကြီးရဲ့ ဂုဏ်သိက္ခာကိုပါ ထိပါးစော်ကားပြီး မတော်မတရား စွပ်စွဲတာ ကောင်းသလား။ မတော်မတရား စွပ်စွဲတဲ့ သစ္စာဖောက်ကို ကျွန်တော် တွေ့ချင်စမ်းလှတယ်'

ဗညားအိမ်သည် မတရား စွပ်စွဲခံရသည်ကို မခံမရပ်နိုင်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'ညီတော်ကို ဘယ်သူက ဘာတွေများ စွပ်စွဲလို့လဲ။ ပြောစမ်းပါဦး'

မင်းသိဒ္ဓတ်က လမ်းခင်းပေးလိုက်သည်။

'ပြောရမှာတောင် ရှက်ဖို့ ကောင်းသေးတယ်။ ဒီမှာ နောင်တော် နောင်တော်နဲ့တကွ မင်းရွှေခဲနဲ့ ဟောဒီက အကြည်တော် သီရိဗြတ်ကမွန် ခုလို ဖိတ်ခေါ်တာဟာ ကျွန်တော့်ကို အမည်မဖော်ဝံ့တဲ့ လူတစ်ယောက် မတော်မတရား စွပ်စွဲတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်ပုံဘယ်နည်း အရေးယူသင့်တယ် ဆိုတာ အကြံဉာဏ်တောင်းချင်လို့ပါ။ ကောင်းမြတ်တဲ့ အကြံဉာဏ်လည်း ပေးစွမ်းနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ကျွန်တော့်အပေါ်မှာ မတရားစွပ်စွဲထားတာကို ပါးစပ်က ဖွင့်ပြောရမှာတောင် ရှက်စရာ ကောင်းလှပါတယ်။ ဟောဒီ စာလွှာကိုသာ ဖတ်ရှုကြည့်ကြပါတော့'

ဗညားအိမ်သည် ၄င်း၏မွေးနေ့ အထိမ်းအမှတ်ဖြင့် ဆရာတော် သံဃာတော်များအား ဆွမ်းလုပ်ကျွေးပြီး ရင်းနှီးခင်မင်သော မိတ်ဆွေသင်္ဂဟ များအား ညစ်ခံကျင်းပကာ ကျွေးမွေးပြုစုခဲ့သည့်နေ့က မိမိ၏ အိပ်ခန်းအတွင်း ရှိ ခေါင်းအုံးပေါ်မှ တွေ့ရှိခဲ့ရသည့် စာတမ်းကို ထုတ်ပြလိုက်ရာ ထိုစာတမ်းကို





တစ်ဦးစီ အလှည့်ကျ ဖတ်ရှုကြည့်နေကြပေသည်။ ထိုစာတမ်းမှာ အောက်ပါ အတိုင်း ဖြစ်ပေသည်။

**ဆောင်းတူးမြို့စားလေး ဗညားအိမ် သိသာရန်မှာ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူသောအခါ မြို့စားလေး၏ စံအိမ်တော်တွင် ခေတ္တ နေတော်မူရန် သေချာသွားပြီ ဖြစ်ပါသည်။**

**မြို့စားလေးကိုယ်တိုင် အသိသက်သေများ ရှေ့မှောက်တွင် ကတိသစ္စာဆို၍ လက်မှတ်ရေးထိုးခဲ့သည့် စာတမ်းတွင် ပါရှိသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာပြီး လုပ်ကြံရန် သတိပေး နိုးဆော်လိုက်သည်။**

**ကတိဖျက်ကွက်ပါက မြို့စားလေးကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့သည့် စာလွှာကို လူသိရှင်ကြား ထုတ်ပြန်ရလိမ့်မည် ဖြစ်ပါသည်။**

အထက်ပါစာတမ်းကို ဖတ်ရှုပြီးနောက် မင်းသိဒ္ဓတ်သည် တစ်စုံတစ်ရာ မပြောဘဲ မျက်မှောင်ကြုတ်၍ စဉ်းစားနေပေသည်။ မင်းရွှေခဲမှာမူ မြို့စားလေး ဗညားအိမ်၏ အမူအရာကို အကဲခတ်လျက်ရှိပြီး သီရိဗြတ်ကမွန်မှာ မိမိနှင့် မျက်နှာချင်းဆိုင် နံရံမှ သွေးစွန်းနေသည့်လက်ကို ငေးစိုက်ကြည့်နေပေသည်။

'ကဲ ဒီစာလွှာနဲ့ပတ်သက်ပြီး ကျွန်တော့်ကို အကြံဉာဏ်ပေးကြပါဦး'

ဗညားအိမ်သည် တစ်ဦးစီ၏ အမူအရာကို အကဲခတ်ရင်း သီရိဗြတ်ကမွန် မှန်သင်ပေးထားသည့်အတိုင်း မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့၏ သဘောကို စေ့ငုံ ခေါက်ကြည့်လိုက်သည်။

'မြို့စားလေး ကတိသစ္စာဆိုပြီး လက်မှတ်ရေးထိုးခဲ့တဲ့ စာတမ်းထဲမှာ ဘယ်လို အကြောင်းအရာတွေ ပါလို့လဲ'

မင်းရွှေခဲက မသိချင်ဟန်ဆောင်၍ ပြန်မေးလိုက်သည်။

'ဒီမှာ မင်းရွှေခဲ၊ ကျွန်တော့်ကို သစ္စာဖောက်တစ်ယောက်လို့ ထင်လို့ များ ပြောလိုက်တာလား။ ဘုရင်မကြီးအပေါ်မှာ ကျွန်တော် ဘယ်တုန်းကမှ သစ္စာဖောက်ခဲ့ဘူး။ အသက်နဲ့လဲပြီး သစ္စာစောင့်သိရိုသေခဲ့တယ်ဆိုတာ အားလုံး သိတယ်။ ဘုရင်မကြီးကို လုပ်ကြံဖို့ မဆိုထားနဲ့၊ ဘုရင်မကြီးအပေါ် မကောင်းကြံခဲ့တဲ့ ကိစ္စမှန်သမျှ ကျွန်တော် မထောက်ခံဘူး။ ဘုရင်မကြီးကို လုပ်ကြံဖို့ ကတိသစ္စာဆိုပြီး လက်မှတ်ရေးထိုးခဲ့တယ်ဆိုတာ ဟုတ်ကို မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ကျွန်တော် ဘယ်တုန်းကမှ ကတိသစ္စာ မဆိုခဲ့ဖူးဘူး။ လက်မှတ်လည်း မရေးထိုးခဲ့ဖူးဘူး။ ဒါဟာ ကျွန်တော့်ကို သက်သက် စော်ကားတာ'

ဗညားအိမ်သည် မိမိအား မတရားစွပ်စွဲသည်ကို မခံမရပ်နိုင်သည့် အမူအရာဖြင့် သီရိဇြတ်ကမွန် သွန်သင်ပေးခဲ့သည့်အတိုင်း မျက်နှာထိ မျက်နှာထားဖြင့် ဖွင့်ဖြင်းလိုက်သည်။

'စာတမ်း တစ်စောင်စောင်မှာ ညီတော် လက်မှတ်ရေးထိုးခဲ့ပါသလား ဆိုတာ သေသေချာချာ ပြန်ပြီး စဉ်းစားပါဦး။ မတော်တဆ လက်မှတ်ရေးထိုးမိရင် မခက်ပါလား'

'ကျွန်တော် ဘယ်တုန်းကမှ လက်မှတ် မရေးထိုးခဲ့မိဘူး။ ဒါကို ကျွန်တော် မှတ်မိတယ်။ တခြားစာတမ်းတစ်စောင်စောင်ကို လက်မှတ်ရေးထိုးခဲ့မိတယ်ဆိုရင် ဖြစ်နိုင်စရာ ရှိသေးတယ်။ ဘုရင်မကြီးကို လုပ်ကြံဖို့ ကိစ္စနဲ့ ပတ်သက်တဲ့ စာတမ်းတစ်စောင်မှာ ကျွန်တော် လက်မှတ်ရေးထိုးခဲ့တယ် ဆိုတာကတော့ ဟုတ်ကို မဟုတ်ဘူး။ ဒီလိုစာတမ်းမျိုးကို ကျွန်တော် ဘယ်တော့မှ လက်မှတ်မထိုးဘူး'

ဗညားအိမ်က ခပ်တည်တည်နှင့် ငြင်းဆိုလိုက်သည်။

'မြို့စားလေး သတိများ မေ့နေသလား၊ ပြန်ပြီး စဉ်းစားစမ်းပါဦး'

မင်းရွှေခဲက သတိပေးလိုက်ပြန်သည်။

'ဒါလောက် ရက်စက်ယုတ်မာတဲ့စာတမ်းကို ကျွန်တော်ဘယ်တော့မှ လက်မှတ်မထိုးဘူး။ မတော်တဆ လက်မှတ်ရေးထိုးခဲ့မိရင်လည်း ကျွန်တော် ဘယ်နည်းနဲ့မှ သတိမမေ့ဘူး'

ဗညားအိမ်က အဖြေပေးလိုက်သည်။

'မြို့စားလေး သေသေချာချာ ပြန်စဉ်းစားပါဦး။ တစ်ခါတုန်းက မြို့စားလေး ရွှေမြို့တော်မှာ ခေတ္တ စံနေတော်မူခဲ့သေးတယ် မဟုတ်လား။ အဲဒီတုန်းက ဗိုလ်မှူး သမိန်စက္ကဝေါရဲ့ အိမ်မှာ မြို့ဝန်မင်း ဗညားဒလ၊ ဝင်းတော်မှူး ဗညားကျန်းထော တို့နဲ့အတူ ပျော်ပျော်ပါးပါး သောက်စားခဲ့ကြစဉ်က စာတမ်းတစ်စောင်မှာ မြို့စားလေး လက်မှတ် ရေးထိုးခဲ့တာကို မြို့စားလေး အမှတ်မရတော့ဘူးလား'

မင်းရွှေခဲ သတိပေးလိုက်ပြန်သည်။

'ဘုရင်မကြီးကို လုပ်ကြံဖို့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ဘယ်တုန်းကမှ လက်မှတ်မရေးထိုးခဲ့ဘူး။ ကတိသစ္စာဆိုဖို့ ဆိုတာ ဝေလာဝေး။ ဘုရင်မကြီးရဲ့ အပြုအမူတွေနဲ့ ပတ်သက်ပြီး ကျွန်တော်နဲ့ သဘောချင်း မတိုက်ဆိုင်တာတွေ





ရှိချင်ရှိမယ်။ ဥပမာ ဘုန်းကြီးလူထွက်ကို နန်းလျာထားတဲ့ ကိစ္စလို ကျွန်တော် သဘောမကျခဲ့ဘူး။ ဒါပေမဲ့ ဘုရင်မကြီးအပေါ် ကျွန်တော် အသက်နဲ့လဲပြီး သစ္စာစောင့်သိ ရှိသေးတယ်။ ဘုရင်မကြီး အပေါ်မှာ တစ်သက်လုံး သစ္စာစောင့်မယ်။ ဘုရင်မကြီး အပေါ်မှာ အသက်နဲ့လဲပြီး သစ္စာစောင့်သိရှိသေကြောင်း ထပ်ပြောချင်တဲ့ အနေနဲ့ မနက်ဖြန် အရုဏ်တက်တာနဲ့ တစ်ပြိုင်နက် ရွှေမြို့တော်ကို ချီပြင်နှင့်ပြီး ဘုရင်မကြီးရဲ့ ရှေ့တော်မှောက် ဝင်ရောက်ခစားမယ်။ ပြီးတော့ ဒီ စာတမ်းကိုပါ ဘုရင်မကြီးရဲ့ ရွှေလက်တော်ကို ကျွန်တော်ကိုယ်တိုင် ဆက်သမယ်။ ကျွန်တော်မှာ လုံးဝ အပြစ်မရှိကြောင်းလည်း ဘုရင်မကြီး ရွှေနားတော်ကြား သံတော်ဦးတင်မယ်'

ဗညားအိမ်သည် သီရိဇြတ်ကမွန်က အကွက်ဆင်ထားသည့်အတိုင်း ခေါင်းအုံးပေါ်မှ တွေ့ရှိခဲ့ရသည့် စာတမ်းကိုထောင်ပြရင်း ကြမ်းပြင်ကို စောင့်နှင့်ပေါက်၍ ကြုံးဝါးလိုက်ရာ မင်းရွှေခဲမှာ မျက်နှာပျက်သွားပြီး ထိုင်ရာမှ ၍ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို တွေ့ရပေသည်။

မင်းသိဒ္ဓတ်မှာလည်း ဗညားအိမ်၏ပါးစပ်မှ လုံးဝမမျှော်လင့်သည့် စကားကို ကြားရသဖြင့် ပါးစပ်အဟောင်းသားနှင့် ကြက်သေ သေပြီး ငေးကြည့်နေမိပေသည်။

'ညီတော်မောင် ညီတော်မောင် မိုက်မဲလှချည်လား။ ကိုယ့်သချိုင်း ကိုယ်တူးတာလား။ ဒီစာတမ်းကို ဘုရင်မကြီးရဲ့ ရွှေလက်တော်ကို ဆက်သလိုက်တာနဲ့ တစ်ပြိုင်နက် ညီတော်ကို သစ္စာဖောက်ဆိုပြီး ကွပ်မျက်လိမ့်မယ်ဆိုတာ ညီတော် မစဉ်းစားမိဘူးလား'

မင်းသိဒ္ဓတ်က ဗညားအိမ်အတွက် စိုးရိမ်သည့် အမူအရာဖြင့် သတိပေးလိုက်သည်။

'ကိုယ့်သချိုင်း ကိုယ်တူးတယ်ပဲ ဆိုချင်ဆို၊ ကျွန်တော့်အပေါ်မှာ ဘုရင်မကြီး အထင်တော်လွဲပြီး ကွပ်မျက်ချင် ကွပ်မျက်ပစေ။ ဘုရင်မကြီး အပေါ်မှာ ကျွန်တော် အသက်နဲ့လဲပြီး သစ္စာစောင့်သိတယ်ဆိုတာ ဘုရင်မကြီး ရွှေနားတော်ကြား လျှောက်ထား သံတော်ဦးတင်ရမှ ကျေနပ်မယ်'

ဗညားအိမ်က အလျှော့မပေးဘဲ မျက်နှာထိ မျက်နှာထားနှင့် ပြန်ပြောလိုက်သည်။ သီရိဇြတ်ကမွန်မှာမူ မိမိအကွက်ဆင်ထားသည့်အတိုင်း တဖြည်းဖြည်း အကွက်ဝင်လာသည်ကို တွေ့ရသဖြင့် ကျေနပ်သွက်ရှိသော်လည်း အနည်းငယ်မျှ ကျေနပ်မှုမပျက်စေဘဲ မျက်နှာသေကြီးဖြင့် မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့ အချေအတင် ပြောနေကြသည့် စကားများကို နားထောင်၍ ကောင်းကောင်းကြီး နားထောင်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ညီတော်၊ နေရာတကာ စိတ်လိုက်မာန်ပါ လုပ်လို့ မဖြစ်ဘူး။ ခုလို တိုင်းရေးပြည်ရေး မငြိမ်မသက် ဖြစ်နေတဲ့ အချိန်မှာ ညီတော့်အပေါ်မှာ ဘုရင်မ သက်ညှာတော်မူမှာ မဟုတ်ဘူး။ သစ္စာဖောက်ဆိုပြီး ညီတော်ကို ဆောင်သွင်း အကျဉ်းထားလိမ့်မယ်။ ပြီးတော့ ညီတော်ဆီက ဖြောင့်ဆိုချက် မရမချင်း ဝါးညှပ်ပြီး ရက်ရက်စက်စက် စစ်ဆေးလိမ့်မယ်'

မင်းသိဒ္ဓတ်က သတိပေးလိုက်ပြန်သည်။

'ကြိုက်သလို စစ်ဆေးပါစေ။ ကျွန်တော့်မှာ အပြစ်မရှိကြောင်း ဘုရင်မ ရွှေနားတော်ကြား လျှောက်တင်ခွင့်ရရင် ကျေနပ်ပါပြီ။ ဝါးညှပ်စစ်ဆေးရုံနဲ့ မကျေနပ်သေးလို့ ရင်ခွဲ အသည်းနှေပုလှန်းချင် လှန်းပါစေ။ ဘုရင်မကြီး အပေါ်မှာ အသက်နဲ့လဲပြီး သစ္စာစောင့်သိ ရှိသေကြောင်း လက်တွေ့ပြသွားတဲ့ အထိမ်းအမှတ်နဲ့ ရင်ကော့ပြီး အသေခံသွားပါမယ်။ မတော်မတရား စွပ်စွဲတာတော့ ခေါင်းငုံ့ပြီး ခံမနေနိုင်ဘူး'

ဗညားအိမ်က တစ်ရွေးသာမျှ အလျှော့မပေးဘဲ ခေါင်းမာမာနှင့် ပြန်ပြောလိုက်ရာ မင်းသိဒ္ဓတ်မှာ ကြံရာမရ ဖြစ်နေပြီး အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း စဉ်းစားနေသော မင်းရွှေခဲအား လှမ်းကြည့်လိုက်သည်။ ပြီးမှတစ်ဖန် ဗညားအိမ်ဘက်သို့ လှည့်၍ ခေါင်းယမ်းပြလိုက်သည်။

'ဒီမှာ ညီတော်၊ စဉ်းစဉ်းစားစား အလုပ် လုပ်စမ်းပါ။ ကိုယ့်သချိုင်း ကိုယ်မတူးချင်စမ်းပါနဲ့'

မင်းသိဒ္ဓတ်က ထပ်လောင်း၍ သတိပေးလိုက်ပြန်သည်။

'ဘာပဲပြောပြော နက်ဖြန်မနက် အရုဏ်တက်တာနဲ့ တစ်ပြိုင်နက် ရွှေမြို့တော်ကို ခရီးပြင်းနှင်ပြီး ဘုရင်မကြီးကို သံတော်ဦးတင်ဖို့ စိတ်ပိုင်းဖြတ် ထားပြီးပြီ။ လမ်းခရီးမှာ ကျွန်တော့်ကို သစ္စာဖောက်တွေ မလုပ်ကြံနိုင်အောင် လက်နက်အပြည့်အစုံ တပ်ဆင်ထားတဲ့ ကျွန်တော့်ရဲ့ ကိုယ်ရံတော် စစ်သည် တော် ငါးဆယ်ခြံရံပြီး ရွှေနန်းတော် အရောက်သွားဖို့ စီစဉ်ထားပြီးပြီ။ ကျွန်တော့် အပေါ်မှာ မတရားစွပ်စွဲတာကို ဘယ်နည်းနဲ့မှ ခေါင်းငုံ့ပြီး ခံမနေနိုင်ဘူး။ ဘုရင်မကြီးရဲ့ ရှေ့တော်မှောက် အခစား ဝင်ရောက်ပြီး လျှောက်တင်စရာ ရှိတာ တော့ လျှောက်တင်ရမှာပဲ'

ဗညားအိမ်က အလျှော့မပေးဘဲ တင်းမာစွာ ပြန်ပြောလိုက်ရာ သီရိဗြတ်ကမ္ဘန်သည် တစ်စုံတစ်ရာ စဉ်းစားမိသည့် အမူအရာဖြင့် ဗညားအိမ် ဘက်သို့ လှည့်ပြီး ကြည့်လိုက်သည်။

'မြို့စားလေး ကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့တယ် ဆိုတဲ့ စာတမ်း ဆိုတာ မြို့စားလေးရဲ့ မျက်စိနဲ့ မျက်ဝါးထင်ထင် မြင်ရလို့ရှိရင် ဘုရင်မကြီး ဆီကို သွားရောက်ပြီး သံတော်ဦးတင်စရာ လိုသေးလား'

သီရိဗြတ်ကမ္ဘန်က တည်ငြိမ်သည့် အသံဖြင့် မေးလိုက်ရာ ဗညားအိမ် မှာ ခေါင်းကိုသာ အတွင်ယမ်းနေပေသည်။

'ကျွန်တော်မှ လက်မှတ်မရေးထိုးခဲ့တဲ့ ဥစ္စာ'

'မြို့စားလေး လက်မှတ် မထိုးခဲ့ဖူးလို့ ဆိုပေမယ့် မင်းရွှေခဲ ပြောသွား တဲ့ စကားအရဆိုရင် ဗိုလ်မှူးသမိန်စက္ကဝေါရဲ့ အိမ်မှာ မြို့စားလေး လက်မှတ် ရေးထိုးခဲ့တာကို သူကိုယ်တိုင် မြင်ခဲ့ရတယ်လို့ သိရတယ်။ မင်းရွှေခဲ ပြောတဲ့ အတိုင်း မြို့စားလေး လက်မှတ်ရေးထိုးခဲ့တဲ့ စာတမ်းတစ်စောင် ရှိနေတယ် ဆိုရင် အဲဒီစာတမ်းကို မြို့စားလေး မျက်ဝါးထင်ထင် မြင်ရအောင် ယူပြီး မပြ နိုင်ဘူးလား။ ဒီလိုဆိုရင် ပြဿနာအားလုံး ပြေလည်သွားနိုင်စရာ ရှိတယ်'

သီရိဗြတ်ကမ္ဘန်က ကြားမဝင်ပြီး အကြံပေးလိုက်သည်။

'မြို့စားလေး ကြည့်ချင်တယ်ဆိုရင် ယူပြဖို့ မခဲယဉ်းပါဘူး။ ဒါပေမဲ့ စာတမ်းကို မြို့စားလေး မြင်ရရုံနဲ့ ဘယ်လိုအကြောင်းထူးမှာလဲ၊ ပြဿနာ ဘယ်လို ပြေလည်သွားမှာလဲ။ ဒါကို ရှင်းပြစမ်းပါဦး'

မင်းရွှေခဲသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ ထောင်စောင်းပေါ်တွင် ဝင်ထိုင်ရင်း ပြန်မေးလိုက်သည်။

'ဒါကတော့ ကျုပ်တို့အားလုံး အပေါ်မှာ တည်နေတယ်။ မင်းရွှေခဲ ပြောတဲ့စာတမ်းကို ယူပြနိုင်ရင် ဘုရင်မကြီးဆီကို မြို့စားလေးသွားဖို့ မလိုတော့ ဘူး၊ သွားလည်း သွားဝံ့တော့မှာ မဟုတ်ဘူး။ ဒီလိုမှ မဟုတ်လို့ မြို့စားလေး လက်မှတ်ရေးထိုးခဲ့တဲ့ စာတမ်းကို မပြနိုင်ဘူးဆိုရင် ဘုရင်မကြီးဆီကို မြို့စား လေး သွားပြီး သူသိသမျှ သံတော်ဦးတင်လိမ့်မယ်။ အဲဒီလိုဆိုရင် တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်။ ဒါကြောင့် မင်းရွှေခဲ ပြောတဲ့စာတမ်းကို ခုချက်ချင်းယူလို့ရရင် ယူလာပြီး မြို့စားလေးကို ပြကြည့် ပါ'

သီရိဗြတ်ကမ္ဘန်က အကြံပေးလိုက်သည်။

'ခုချက်ချင်းသွားယူလို့ မဖြစ်ဘူး။ ပြီးတော့ အဲဒီစာတမ်းကို မြို့စားလေး လက်ထဲကို ထည့်လို့မဖြစ်ဘူး။ ဆောင်းတူးနယ်ဟာ မြို့စားလေးရဲ့ပိုင်နက် ဖြစ်တဲ့အတွက် စာတမ်းကို ယူလာရင် မြို့စားလေးရဲ့ အမိန့်အရ ဖမ်းဆီး ထားလိုက်ရင် ဘယ့်နှယ်လုပ်မလဲ။ ကျွန်တော်ပြောတဲ့ စာတမ်းကို မြင်ချင်ရင် မြို့စားလေးကိုယ်တိုင် ရွှေမြို့တော်ကို လိုက်ခဲ့မှ ဖြစ်မှာ'







www.burmeseclassic.com

www.burmeseclassic.com

မင်းရွှေခဲက ၄င်း၏ စိုးရိမ်ချက်ကို ဖွင့်ဟလိုက်သည်။

'မြို့စားလေး မတရား သိမ်းဆည်းမှာကို မစိုးရိမ်ပါနဲ့။ မင်းရွှေခဲ ပြောတဲ့စာတမ်းသာ လက်ဆုပ်လက်ကိုင် ရှိပါစေ။ မြို့စားလေး ဘာမှ မတတ် နိုင်ပါဘူး။ ပြီးတော့ အဲဒီစာတမ်းကို မြို့စားလေးအပြင် အထက်အညာက ရောက်ရှိလာတဲ့ မိတ်ဆွေတစ်ဦးကိုပါ ပြသဖို့ လိုပါလိမ့်မယ်'

သီရိဖြတ်ကမွန်က ပြန်ပြောလိုက်သည်။

'အထက်အညာက မိတ်ဆွေတစ်ဦး ဆိုတာ ဘယ်သူပါလဲ'

မင်းသိဒ္ဓတ်က ဝင်မေးလိုက်သည်

'မင်းနန္ဒာပါ'

သီရိဖြတ်ကမွန်က အဖြေပေးလိုက်ရာ မင်းရွှေခဲမှာ အံ့အားသင့်သွား ပြီး သီရိဖြတ်ကမွန်အား ငေးငိုက်ကြည့်နေပေသည်။ မင်းသိဒ္ဓတ်၏ မျက်မှာမှာ သိသိသာသာ ကြည်လင်ရွှင်လန်းလာပေသည်။

'ဟင် ဟုတ်လား၊ ဒါဖြင့် မင်းနန္ဒာ ချောချောမောမော ဆိုက်ရောက် လာပြီ ဆိုပါတော့။ အခု သူ ဘယ်မှာလဲ'

'စစ်တောင်းမြို့စားကြီးရဲ့ စံအိမ်တော်မှာ မြို့စားကြီးရဲ့ သားတော် သမိန်တိဿကုမ္မာနဲ့အတူ ရှိနေပါတယ်'

သီရိဖြတ်ကမွန်က မျက်နှာသေကြီးဖြင့် ဣန္ဒြေရရ အဖြေပေးလိုက် သည်။

'ဒီသတင်း သေချာရဲ့လား၊ မင်းနန္ဒာကို စစ်သည်တော်ကြီး တွေ့ ရသလား'

မင်းရွှေခဲက ဝင်ပြီး မေးလိုက်ပြန်သည်။

'တွေ့ခဲ့ရရုံတင် မကဘူး။ ဒီနေ့ည ကျွန်တော်တို့နဲ့ ဆွေးနွေးရအောင် လာခဲ့ဖို့တောင် ချိန်းဆိုခဲ့သေးတယ်။ မကြာခင် သမိန်တိဿကုမ္မာနဲ့အတူ မင်းနန္ဒာ ရောက်လာလိမ့်မယ်'

သီရိဖြတ်ကမွန်က အဖြေပေးလိုက်ရာ မင်းသိဒ္ဓတ်မှာ ဂနာမငြိမ် ဖြစ်နေပြီး ထိုင်ရာမှ ဇတ်ခနဲ ထ လိုက်သည်။

'ဟင် ဟုတ်လား၊ သူတို့ လာကြလိမ့်မယ်ဆိုတာ သေချာသလား ဘယ်တော့ လာကြမှာလဲ။ ဒီလိုဆိုရင် ကျွန်တော် ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး လစ်မှ ဖြစ်မှာ'

မင်းသိဒ္ဓတ်မှာ သမိန်တိဿကုမ္မာနှင့် အထက်အညာမှ ရောက်ရှိ





သော မင်းနန္ဒာဆိုသူတို့ လာကြလိမ့်မယ်ဟူသော သတင်းကြောင့် ဂနာမငြိမ် ဖြစ်နေပြီး အခန်းထဲမှ ထွက်သွားရန် ခြေလှမ်းတပြင်ပြင် ဖြစ်၍နေသည်။

'ကျုပ်တို့ချည်း ထားရစ်ခဲ့ပြီး လစ်သွားလို့ ဖြစ်ပါ့မလား။ ဘာဖြစ်လို့ ခေါင်းရှောင်ချင်ရတာလဲ။ မင်းနန္ဒာ လာရင် ကျုပ်တို့အားလုံးနဲ့ သက်ဆိုင်တဲ့ သတင်းထူးတွေ ပါချင်ပါလာမှာ။ မင်းနန္ဒာ လာအောင် စောင့်ပါဦး'

သီရိဖြတ်ကမွန်က မျက်နှာသေကြီးနှင့် ဟန့်တားလိုက်သည်။

'သတင်းထူး ပါချင်ပါလာမှာမို့ ကျွန်တော် ပြန်မှာပါ။ ကျွန်တော်က ပျော်ပျော်ပါးပါး နေတတ်တဲ့သူပါ။ တိုင်းရေးပြည်ရေးကို ဝါသနာပါတာ မဟုတ်ဘူး။ ကျွန်တော်က ပွဲကြည့်သမားအနေနဲ့ ဘေးက ရပ်ကြည့်နေတဲ့လူပါ။ ကာဝင်ပေါ်တက်ပြီး က,ချင်တဲ့လူ မဟုတ်ပါဘူး။ ရသဖျော်နဲ့ တင်းတိမ်ရောင့်ရဲ ပြီး စိတ်အေးလက်အေး နေရရင် ပြီးတာပါပဲ'

မင်းသိဒ္ဓတ်က ထမင်းရည်ပူလာ၍ လျှာလွှဲရန် ကြိုးစားလိုက်သည်။ မင်းသိဒ္ဓတ်မှာ သာယာစီးသမားဖြစ်ပေသည်။ ၄င်း၏ဝါဒမှာ ဘယ်သူသေသေ ငါမသာရင် ပြီးရော ဆိုသည့် ဝါဒပင်ဖြစ်သည်ကို သီရိဖြတ်ကမွန် ကြားသိခဲ့ ပြီး ဖြစ်ပေသည်။

မင်းသိဒ္ဓတ်မှာ စောစောပိုင်းက သီရိဖြတ်ကမွန်အား ရန်သူသဖွယ် သဘောထားခဲ့သော်လည်း ထိုနေ့ညနေပိုင်းက သီရိဖြတ်ကမွန်က နှင်းကေသရာ ရေ့တွင် ၄င်းတို့ အချင်းချင်းသာ နားလည်သည့် စကားဝှက်နှင့် အယုံသွင်း ခြင်းဖြင့် ၄င်းတို့၏ဘက်တော်သား ဖြစ်ရမည်ဟု မှတ်ထင်ယုံကြည်ခဲ့ပြီး ယခုလို ဝင်ဆွေးနွေးခဲ့ခြင်း ဖြစ်သော်လည်း သာယာစီးဝါဒကို လက်ကိုင်ထားသူ ဖြစ်၍ ခေါင်းရှောင်ရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်ကို သီရိဖြတ်ကမွန် ကောင်းစွာ သိသည်။

'ထမင်းရည်ပူလာလို့ လျှာလွှဲသွားတာလား။ ဒီလိုတော့ လုပ်ဖို့ ကောင်းပါဘူး။ ကျုပ်တို့အချင်းချင်း တစ်ဦးအပေါ်မှာတစ်ဦး ဒါလောက် လေးမှ အားမကိုးရရင် ကျုပ်တို့ရဲ့ အကြံအစည် အောင်မြင်နိုင်ပါ့မလား၊ ဒီမှာ စစ်တောင်းမြို့စားကြီးရဲ့ သားတော် သမိန်တိဿကုမ္မာနဲ့အတူ သိဒ္ဓတ်ရော မင်းရွှေခဲတို့ပါ သစ္စာရေသောက်ခဲ့ကြတယ် မဟုတ်လား၊ ကျည်အားထုတ်ခဲ့ကြတုန်းက အတူတူ ကြံစည်အားထုတ်ခဲ့ကြပြီး အရေးကြီး အဆင့်ကိုရောက်မှ ခေါင်းရှောင်သွားတာတော့ မကောင်းပါဘူး။ အချင်းချင်း မှာ သစ္စာဖောက်ရာ ကျနေမှာပေါ့'

သီရိဖြတ်ကမွန်က ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ခေါင်းရှောင်တယ်ပဲ ပြောချင်ပြော၊ ကျွန်တော်တော့ လစ်ရမှာပဲ ကျွန်တော်ရဲ့ဝါဒကို အားလုံးသိကြတယ် မဟုတ်လား။ ဘုန်းကြီးလူထွက်ကို အိမ်ရွှေ့အရာ ပေးတာကို ကျွန်တော် သဘောမတူတာ အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ကတော့ ဘယ်သူသေသေ ငတေမာရင် ပြီးရော ဆိုတဲ့ စကားနဲ့အညီ ဘုန်းကြီးလူထွက်ပဲ နန်းတက်တက်၊ သမက်တော်အကြီးပဲ နန်းတက်တက် ကျွန်တော် ဘေးကင်းအောင် နေသွားမှာပဲ။ တိုင်းရေးပြည်ရေး ပေါက်နဲ့ကျေး ဆိုတဲ့ စကားလို အင်မတန် ရှုပ်ထွေးတဲ့ တိုင်းရေးပြည်ရေးထဲမှာ ကျွန်တော် မပါချင်ဘူး။ ပွဲကြည့်ပရိသတ် အနေနဲ့ပဲ ဘေးကထိုင်ပြီး ကြည့်နေချင်တယ်၊ ညီတော်နဲ့တကွ ဗိုလ်မင်းသီရိဖြတ်ကမွန်တို့ ဆွေးနွေးစရာ ရှိတာသာ ဆက်လက်ဆွေးနွေးကြပါ။ ကျွန်တော်တော့ ကြာကြာနေလို့ မဖြစ်တော့ဘူး'

မင်းသိဒ္ဓတ်သည် ပြောပြောဆိုဆို အခန်းထဲမှ ထွက်ခွာသွားလေ၏ ခြေလှမ်းပြင်လိုက်စဉ် အခန်းတံခါးခေါက်သံနှင့်အတူ စစ်တောင်းမြို့စားကြီး၏ သားတော် သမိန်တိဿကုမ္မာ၏ အသံကို ကြားရသဖြင့် မင်းသိဒ္ဓတ်မှာ ခြေလှမ်း တန့်၍ သွားပေသည်။

ဗညားအိမ်က တံခါးဖွင့်ပေးလိုက်သောအခါ သမိန်တိဿကုမ္မာသည် မောကြီး ပန်းကြီးဖြင့် အခန်းထဲသို့ ဝင်လာပေသည်။ သမိန်တိဿကုမ္မာ၏ မျက်နှာမှာ သာသာယာယာ မရှိလှဘဲ သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို တွေ့ရပေသည်။

အခန်းထဲသို့ ရောက်လျှင် ရောက်ချင်း သမိန်တိဿကုမ္မာသည် ဗညားအိမ်အား စကားတစ်ခွန်း၊ နှစ်ခွန်း ပြောပြီး သီရိဖြတ်ကမွန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

'ဗိုလ်မင်းသီရိဖြတ်ကမွန် အပေါ်မှာ ကျုပ် အထင်လွဲခဲ့မိတာ တောင်းပန်ပါတယ်။ ဗိုလ်မင်းသီရိဖြတ်ကမွန်ဟာ ကျုပ်တို့ရဲ့ လူယုံတော်တစ်ဦး ဖြစ်တဲ့အပြင် ကျုပ်တို့ရဲ့ အကြံအစည် အောင်မြင်ရေးအတွက် အသက်ပေး ဆောင်ရွက်နေကြောင်း ကြားသိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆို တယ်။ မိတ်ဆွေကို ရန်သူထင်မှတ်ပြီး အထင်လွဲခဲ့မိတာကို သည်းခံပါ'

သမိန်တိဿကုမ္မာက သီရိဖြတ်ကမွန်အား တောင်းပန်လိုက်သည်။

သမိန်တိဿကုမ္မာမှာ မိမိထံသို့ အရေးကြီးသော စာရွက်စာတမ်း များနှင့် ရောက်ရှိလာသူမှာ ပြည်မြို့မှ စုန်ဆင်းလာသည့် မင်းနန္ဒာပင် ဖြစ်ရမည် ဟု ယုံကြည်နေပေသည်။ မင်းနန္ဒာဟန်ဆောင်ပြီး မိမိတို့၏ အကြံအစည်များ





ပျက်ပြားသွားစေရန် ၄င်းတို့အား အယုံသွင်း၍ ပူးသတ်ရန် ရောက်ရှိလာသော ဗိုလ်မင်းဖြတ်ဇ ဖြစ်သည်ကို လုံးဝ မရိပ်မိဘဲ ဗိုလ်မင်းဖြတ်ဇက မင်းနန္ဒာအဖြစ် ၄င်းအား အယုံသွင်းလိုက်သည့် စကားများကို လက်ခံယုံကြည်ကာ သီရိဖြတ်ကမွန် အား တောင်းပန်လိုက်ခြင်း ဖြစ်ပေသည်။ သီရိဖြတ်ကမွန်နှင့် ဗိုလ်မင်းဖြတ်ဇ မှာ ဘုရင်မကြီး၏ အသက်အန္တရာယ်ကို ကာကွယ်ရန် တစ်ကိုတ်တည်း တစ်ဘဏ်တည်း ကြံစည်အားထုတ်နေသူများ ဖြစ်သည်ကိုလည်း သမိန်တိဿ ကုမ္မာ လုံးဝ မရိပ်စားမိပေ။

'အကြည်တော်နဲ့အတူ မင်းနန္ဒာကော ပါလာပါသလား'

သီရိဖြတ်ကမွန်က သမိန်တိဿကုမ္မာအား ပြန်မေးလိုက်သည်။

'ကျုပ်နဲ့အတူ လိုက်လာခဲ့ဖို့ပဲ။ ဒါပေမဲ့ အရေးထဲမှာ အရာပေါ်နေလို့ ကျုပ်နဲ့အတူ လိုက်ပါမလာနိုင်ဘဲ နေရစ်ခဲ့ရတယ်။ မကြာခင် လာပါလိမ့်မယ်'

သမိန်တိဿကုမ္မာက အဖြေပေးလိုက်သည်။ သမိန်တိဿကုမ္မာမှာ အိတ်လန့် တုန်လှုပ်နေပုံ ရပေသည်။

'ဘယ်လို အရေးကိစ္စ ပေါ်ပေါက်နေလို့ပါလဲ'

မင်းရွှေခဲက ဝင်ပြီး မေးလိုက်သည်။

'ပြောတောင် မပြောချင်တော့ပါဘူး။ ကျုပ်တို့ရဲ့ အတွင်းလူ တစ်ယောက် ရက်ရက်စက်စက် အသတ်ခံရတယ်'

သမိန်တိဿကုမ္မာက နဖူးမှ ချွေးများကို ပွတ်သပ်ရင်း အဖြေပေး လိုက်သည်။

"အတွင်းလူတစ်ယောက် အသတ်ခံရတယ်" ဟူသော စကားကို ကြား သောအခါ မင်းသိဒ္ဓတ်မှာ မျက်နှာတွင် သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်သွားပေသည်။

'အသတ်ခံရတယ် ဟုတ်လား။ အသတ်ခံရတာ ဘယ်သူလဲ၊ ဘယ်သူ သတ်သွားတာလဲ'

မင်းသိဒ္ဓတ်က တုန်ယင်သော အသံဖြင့် မေးလိုက်သည်။

'ကျုပ် ဘယ်လိုလုပ်ပြီး ပြောရမှန်းတောင် မသိတော့ဘူး၊ ကျုပ်ရဲ့ အိမ်ပေါ်မှာ သွေးရဲရဲ သံရဲရဲနဲ့ သေနေတာကို မြင်ခဲ့ရလို့ သွေးလန့်နေတယ်။ ဒီလိုအဖြစ်မျိုး တစ်ခါဖူးမှ မကြုံဖူးသေးဘူး'

'သွေးလန့်နေစရာ အချိန်မဟုတ်ပါဘူး၊ ပြောမှာသာ ပြောစမ်းပါ။ အသတ်ခံရတာ ဘယ်သူလဲ'

မင်းရွှေခဲက ဝင်ထောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူ ရှိရဦးမှာလဲ။ မကြာသေးခင်က မြောင်းမြက စေလွှတ် လိုက်တဲ့ ကျုပ်တို့ရဲ့ လူယုံတော် မင်းလုကောင်းပေါ့'

သမိန်တိဿကုမ္မာက အဖြေပေးလိုက်ရာ မင်းသိဒ္ဓတ်မှာ ပိုမို ဘုန်လှုပ်သွားပေသည်။

'ဘုရား ဘုရား၊ ဒုက္ခ ဒုက္ခ'

မင်းသိဒ္ဓတ်က ဘုရား တ, လိုက်သည်။

'ဟင် ဟုတ်လား၊ ဗောလကွန်ရဲ့ လယ်တောက စပါးကျီထဲမှာ အချုပ် ခံနေရလို့ အကြည်တော် ကယ်တင်ပြီး အကြည်တော်ရဲ့ စံအိမ်တော် ဝှက်ထားတဲ့ မင်းလုကောင်းကို ပြောနေတာ မဟုတ်လား။ ဒီလို ဆိုရင် ဒုက္ခပဲ၊ အကြည်တော်ရဲ့ စံအိမ်တော်မှာ အသတ်ခံရတယ်ဆိုတော့ အတွင်း ရန်သူ ဖြစ်ရမယ်'

မင်းရွှေခဲက ၎င်း၏ ထင်မြင်ယူဆချက်ကို တင်ပြလိုက်သည်။

'အတွင်းရန်သူ ဖြစ်ရမယ် ဆိုတာ ပြောနေစရာ လိုသေးသလား ကျုပ်တို့အထဲမှာ သစ္စာဖောက် တစ်ယောက်ယောက်တော့ ရှိနေပြီ ထင်တယ် အသတ်ခံရပုံကို ပြောပြစမ်းပါဦး'

သီရိဗြတ်ကမ္ဗန်က ဝင်ထောက်လိုက်သည်။

'အကြည်တော်တို့ သိရှိပြီး ဖြစ်တဲ့အတိုင်း ကျုပ်တို့ရဲ့ အကြံအစည် အောင်မြင်ရေးအတွက် မြောင်းမြဘက်က လက်ရွေးစင် လူယုံတော်သုံး စေလွှတ်လိုက်တဲ့အနက် လမ်းခရီးမှာ ရန်သူတွေနဲ့ တွေ့ပြီး မင်းလုကော အဖမ်းခံခဲ့ရတယ်။ မင်းလုကောင်း အဖမ်းခံရကြောင်း သိလို့ ကျုပ်ကိုယ် မင်းလုကောင်းကို ဗောလကွန်ရဲ့ စပါးကျီထဲက ကယ်တင်ခဲ့ရတယ်။ အဲဒီနော အထက်အညာက လက်ရွေးစင် လူယုံတော်သုံးဦး စေလွှတ်လိုက်ပြန်တ ဒုတိယစေလွှတ်လိုက်တဲ့ လက်ရွေးစင်လူယုံတော် သုံးဦးအနက် ကျော် မဏိရွှတ်ရဲ့ နောက်ကို မင်းကြီးသက်တော်ရှည်ရဲ့ သူလျှိုတွေ ခြေရာခံ လိုက်နေလို့ ခြေရာဖျောက်ပြီး နေကြရတယ်။ ပြည်မြို့က စုန်ဆင်းလာ မင်းနန္ဒာကတော့ အရေးကြီးတဲ့ စာတမ်းတွေနဲ့အတူ ကျုပ်ဆီကို ဆိုက် မြိုက်မြိုက် ရောက်လာတယ်။ အသတ်ခံရတဲ့ မင်းလုကောင်းဟာ မင်းနန္ဒာ အင်မတန် ရင်းနှီးတယ်လို့ သိရတယ်။ မင်းနန္ဒာ ရောက်ရှိလာကြောင်း သိရ မင်းလုကောင်း စိတ်အားတက်လာပြီး မင်းနန္ဒာနဲ့ တွေ့ချင်ကြောင်း ပြောတ အဲဒီအချိန်မှာ မင်းနန္ဒာဟာ သူ့ရဲ့ အပေါင်းအသင်းတွေနဲ့ ချိန်းဆိုထား မြစ်ဆိပ်ဘက်ကို ထွက်သွားကြောင်း သိရလို့ မင်းနန္ဒာရဲ့နောက်ကို ကျုပ်





သွားတယ်။ လမ်းခရီးမှာ ကျုပ်ရဲ့ဘဏ္ဍာစိုးနဲ့တွေ့လို့ ကွမ်းတစ်ယာညာတ်ခန့် စကားနွေးစရာ ရှိတာ ဆွေးနွေးပြီး မင်းနန္ဒာကို မြစ်ဆိပ်မှာတွေ့လို့ ကျုပ်နဲ့အတူ လိုက်လာဖို့ ခေါ်လာခဲ့တယ်။ အိမ်ကိုရောက်တဲ့အခါ မင်းလုကောင်းကို ထားတဲ့ အခန်းထဲ ဝင်ကြည့်တဲ့အခါ မင်းလုကောင်းကို ဘယ်သူ ဝင်သတ် မှန်း မသိဘူး။ သွေးရဲရဲ သံရဲရဲနဲ့ သေနေတာကို တွေ့ရတယ်။ မင်းလုကောင်း သတ်ခံရတဲ့အတွက်၊မင်းနန္ဒာလည်း အတော်ကို စိတ်မကောင်းဖြစ်နေတယ်။ မင်းလုကောင်းရဲ့ ရုပ်အလောင်းကို ဖုတ်ကြည်း သင်္ဂြိုဟ်ဖို့ အစီအစဉ်လုပ်ပြီးရင် မင်းနန္ဒာ လိုက်လာပါလိမ့်မယ်'

သမိန်တိဿကုမ္မာက စီကာစဉ်ကာ ရှင်းပြနေပေရာ တစ်ခန်းလုံး သက်စွာဖြင့် စိတ်ဝင်စားစွာ နားထောင်နေကြပေသည်။

'ဘုရား .... ဘုရား၊ ဒုက္ခ .... ဒုက္ခ'

မင်းသိဒ္ဓတ်က ဘုရား တ,လိုက်ပြန်သည်။

'ကျုပ်တို့မှာ အတွင်းရန်သူ ရှိနေပြီ'

မင်းရွှေခဲက မှတ်ချက်ချလိုက်သည်။

'အတွင်းရန်သူ ဟုတ်ချင်မှ ဟုတ်မှာပါ။ မင်းကြီးသက်တော်ရှည် လွှတ်ထားတဲ့ သူလျှိုတွေရဲ့ လက်ချက်ဖြစ်လိမ့်မယ်။ ပထမတစ်သုတ် ရောက် လာတဲ့ လက်ရွေးစင် လူယုံတော်တွေရဲ့နောက်ကို မင်းကြီးသက်တော်ရှည်ရဲ့ သူလျှိုတွေ ခြေရာခံပြီး လိုက်ခဲ့ကြသေးတယ် မဟုတ်လား။ ဒုတိယတစ်သုတ်မှာ မင်းနန္ဒာတစ်ယောက်တည်း လွတ်လာပြီး ကျော်စွာနဲ့မဏိရွှတ် ခြေရာဖျောက် တိမ်းရှောင်နေရတယ် မဟုတ်လား။ ခုထက်ထိ သူတို့ရဲ့သတင်းကို သန့်သန့် ကောင် မကြားရတော့ဘူး မဟုတ်လား။ မဟုတ်မှ လွဲရော၊ ကျော်စွာနဲ့ မဏိရွှတ် အသတ်ခံနေရပြီ ထင်တယ်'

သီရိဗြတ်ကမ္ဗန်က ဝင်ပြီး ထောက်လိုက်သည်။

'ဗိုလ်မင်းသီရိဗြတ်ကမ္ဗန် ပြောသလို ဖြစ်နိုင်တယ်။ ခုတလော ဆောင်းတူးနဲ့ စစ်တောင်းနယ်ပယ်တစ်ဝိုက်မှာ မင်းကြီးသက်တော်ရှည်ရဲ့ သူလျှို တွေ ခြေချင်းလိမ်နေတယ်။ မင်းကြီးသက်တော်ရှည်ကိုယ်တိုင် စုံစမ်းပြီး ဆင်းလာသလိုလိုတောင် သတင်းသန့်သန့်ကြားတယ်'

သမိန်တိဿကုမ္မာက မင်းနန္ဒာ ဟန်ဆောင်ပြီး မိမိထံ ရောက်ရှိ လာသည့် ဗိုလ်မင်းဗြတ်ဇ အယုံသွင်းထားသည့်အတိုင်း ပြန်လည်၍ ပြောပြ နေပေသည်။

'ဒီလိုဆိုရင်တော့ ဒုက္ခပဲ၊ ကျုပ်တို့ ဘာလုပ်ကြမလဲ'



www.burmeseclassic.com

www.burmeseclassic.com



မင်းရွှေခဲက ထိတ်လန့်တုန်လှုပ်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'ဒီလောက်တောင် အတွေးခေါင်ပြီး ကြောက်ရွံ့မနေစမ်းပါနဲ့။ ယောကျာ်းပဲ၊ ကိုယ်မှန်တယ်ထင်တာကို ကိုယ်လုပ်ရင်း သေသွားပစေ။ ဘာဖြစ်သလဲ။ သေရင် မြေကြီး ရှင်လျှင် ရွှေထီး ဆိုတဲ့ စကားပုံ ရှိသားပဲ။ စိတ်တင်းမှပေါ့'

သမိန်တိဿကုမ္မာက အားပေးစကား ပြောကြားလိုက်သည်။ အားပေးစကား ပြောကြားသော သမိန်တိဿကုမ္မာ ကိုယ်တိုင်မှာလည်း အသားအရေ ဖြူဖပ်ဖြူရော် ဖြစ်နေဆဲပင် ရှိပေသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် ခြေဦးတည့်ရာ စဉ်းစားနေကြစဉ် ခြေသံများ ကြားရပြီး တံခါးခေါက်သံ ကြားသဖြင့် သမိန်တိဿကုမ္မာက တံခါးဖွင့်ပေးလိုက်ရာ မင်းနန္ဒာအသွင်ဖြင့် ရုပ်ဖျက်၍ လာသော ဗိုလ်မင်းဖြတ်ဇ ဣန္ဒြေရရ ဝင်လာသည်ကို မြင်ရပေသည်။

အခန်းထဲတွင် ရှိနေကြသော မြို့စားလေး ဗညားအိမ်နှင့်တကွ ခင်းသိဒ္ဓတ်၊ မင်းရွှေခဲနှင့် သီရိဖြတ်ကမွန်သည် မင်းနန္ဒာအသွင်ဖြင့် ရုပ်ဖျက်လာသော ဗိုလ်မင်းဖြတ်ဇ၏ ခံ့ညားသော အင်္ဂါရုပ်ကို ငေးစိုက်ကြည့်နေကြသည်။ သမိန်တိဿကုမ္မာမှာမူ ဗိုလ်မင်းဖြတ်ဇ ဝင်လာသည်ကို မြင်ရသည်နှင့် တစ်ပြိုင်နက် ထိုင်ရာမှ ထ၍ ခရီးဦးကြိုပြုလိုက်သည်။

'အကြည်တော် မင်းနန္ဒာ ကြွတော်မူပါ။ အကြည်တော် မင်းနန္ဒာ ကျုပ်ရဲ့ မိတ်ဆွေရောင်းရင်းတွေနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဗိုလ်မင်းသီရိဖြတ်ကမွန်ကိုတော့ အကြည်တော် သိပြီးဖြစ်တဲ့အတွက် အထူးတလည် မိတ်ဆက်ပေးဖို့လိုမယ် မထင်ပါဘူး။ သီရိဖြတ်ကမွန်ရဲ့ လက်ယာဘက်မှာ ထိုင်နေတာ ဆောင်းတူးမြို့စားလေး ဗညားအိမ်ပါ။ ဟောဒါက မြို့စားလေး ဗညားအိမ်ရဲ့ နောင်တော်ဝမ်းကွဲ မင်းသိဒ္ဓတ်။ မင်းသိဒ္ဓတ်ရဲ့ လက်ယာဘက်ကလူက ကျုပ်ရဲ့ အင်မတန် အားကိုးရတဲ့ မင်းရွှေခဲ အမည်ခံ မင်းခနေပါ'

သမိန်တိဿကုမ္မာသည် ဗိုလ်မင်းဖြတ်ဇအား မင်းနန္ဒာအဖြစ် မိတ်ဆက်ပေးလိုက်ရာ မင်းနန္ဒာအသွင်ဖြင့် ရုပ်ဖျက်လာသော ဗိုလ်မင်းဖြတ်ဇသည် တစ်ဦးချင်းကို ဦးညွတ်အလေးပြုလိုက်သည်။ ထိုသို့ တစ်ဦးစီ ဦးညွတ်အလေးပြုနေစဉ် ၎င်း၏ခါးကြားတွင် ညှပ်ထားသည့် ပဝါစမှာ ပြုတ်ကျသဖြင့် သမိန်တိဿကုမ္မာက ပဝါစကို ကုန်းပြီးကောက်ယူလိုက်ရာ ပဝါစတွင် သွေးများ စွန်းထင်နေသည်ကို မြင်ရသဖြင့် ပြန်လွှတ်ချလိုက်သည်။





'အလို .... သွေးတွေ စွန်းနေပါလား။ မင်းလှကောင်းကို လုပ်ကြံသွားတဲ့ ရန်သူကို တွေ့လာခဲ့ပြီ ထင်တယ်'

သမိန်တိဿကုမ္မာက မေးလိုက်ရာ ဗိုလ်မင်းဖြတ်ဇက ခေါင်းညိတ်ပြီး ပြန်ဖြေပေးလိုက်သည်။

'သစ္စာဖောက် တစ်ကောင်တော့ ကိစ္စချောသွားပြီ'

ဗိုလ်မင်းဖြတ်ဇက မျက်နှာသေကြီးဖြင့် ပြန်ပြောလိုက်သည်။

'ဟင် ဟုတ်လား၊ မင်းလှကောင်းကို သတ်သွားတာ ဘယ်သူလဲ'

မင်းရွှေခဲက ဝင်ပြီး မေးလိုက်ပြန်သည်။

'မင်းလှကောင်းရဲ့ နောက်ကို ခြေရာခံပြီး လိုက်နေတဲ့ မင်းကြီးဘုန်းတော်ရှည်ရဲ့ လူယုံတော်တစ်ဦးပါ။ လက်ရဖမ်းလို့ မရတာနဲ့ အနှံ့စီရင်ခဲ့ရတယ်'

ဗိုလ်မင်းဖြတ်ဇက ယုတ္တိယုတ္တာနှင့် ပြန်ပြောလိုက်သည်။

'ဒီလိုဆိုရင်တော့ ဒုက္ခပဲ။ ကျုပ်တို့ရဲ့ အကြံအစည်တွေကို မင်းကြီးဘုန်းတော်ရှည် သိသွားပြီ ထင်တယ်'

မင်းရွှေခဲက စိုးရိမ်သည့် အမူအရာဖြင့် ညည်းညူလိုက်သည်။

'မင်းနားတစ်ထောင် မင်းမြှောင်တစ်သိန်းဆိုတဲ့ စကားပုံနဲ့အညီ မင်းကြီးဘုန်းတော်ရှည်ရဲ့နားကို ပေါက်ကြားသင့်သလောက်တော့ ပေါက်ကြားမှာပဲ။ ဒါပေမဲ့ ဒါလောက်တောင် ထိတ်လန့်တကြား ဖြစ်နေစရာ မလိုပါဘူး။ စစ်မရောက်ခင်က မြားကုန်မနေစမ်းပါနဲ့။ ဒါလောက်ကြီးကျယ်တဲ့ အလုပ်ကြီးတစ်ခုကို လုပ်နေတဲ့ဥစ္စာ သေရင်မြေကြီး ရှင်ရင်ရွှေထီး ဆိုသလို စွန့်စွန့်စားစား လုပ်ကြရမှာပဲ'

ဗိုလ်မင်းဖြတ်ဇက ပရိယာယ်သုံးပြီး အားပေးစကား ပြောကြားလိုက်သည်။

'စွန့်စွန့်စားစား လုပ်တာကတော့ ဟုတ်ပါပြီ။ ရှေ့ဆက်ပြီး ဘာလုပ်ကြမလဲ၊ ကျုပ်တို့အပေါ်ကို ကျရောက်လာမယ့် အန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ'

မင်းရွှေခဲက မေးလိုက်ပြန်သည်။

'သတိတမံ ဥာဏ်မြေကတုတ် ပညာစွမ်း ချွန်းကဲ့သို့အုပ် ဆိုတဲ့ စကားရှိသားပဲ။ သတိတရားကို အမြဲလက်ကိုင်ထားပြီး နားနဲ့မျက်စိကို ဖွင့်ထားကြပါ။ ပြီးတော့ အခြေအနေကို ကြည့်ပြီး လုပ်သင့်တဲ့ အလုပ်မှန်ရင် မကြောက်မရွံ့ နောက်မတွန့်ဘဲ လုပ်သွားရင် ကျုပ်တို့ရဲ့ အကြံအစည် အောင်မြင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



…နိုင်ပါဘူး။ အရေးကြီးဆုံးက ကျုပ်တို့ရဲ့ ဘက်တော်သားဖြစ် ထိတ်ထိတ်… မြို့စား ရွာစားကြီးတွေ၊ ဗိုလ်မှူး တပ်မှူးတွေ ပါဝင်လာအောင် ဆွဲဆော… သိမ်းသွင်းဖို့ အရေးကြီးတယ်။ တတ်နိုင်ရင် မင်းကြီးသက်တော်ရှည်ကိုပါ ကျု… တို့ရဲ့ ဘက်တော်သား ဖြစ်လာအောင် သိမ်းသွင်းဖို့ လိုတယ်။ ဒါမှ ကျုပ်တို့ရဲ့ အကြံအစည် အောင်မြင်မှာ'

မင်းနန္ဒာ ဟန်ဆောင်လာသော ဗိုလ်မင်းဖြတ်ဇေက တည်ငြိမ်သည့် အမူအရာဖြင့် အကြံပေးသလိုလိုနှင့် ချောက်တွန်းနေပြန်သည်။ ပြီးမှတစ်ဖန် မြို့စားလေး ဗညားအိမ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

'မြို့စားလေး ဗညားအိမ်နဲ့ ပတ်သက်ပြီး စိတ်ပျက်စရာကောင်းတဲ့ သတင်းတစ်ရပ် ကြားလာခဲ့တယ်။ ကျုပ်တို့ရဲ့ အကြံအစည် အောင်မြင်ရေး အတွက် ကျုပ်တို့ ထားရာကနေပြီး ကျရောက်လာတဲ့ တာဝန်ကို အသက်နဲ့ လဲပြီး ထမ်းရွက်သွားပါမယ်လို့ ကတိသစ္စာပြုခဲ့ပြီးမှ အရေးကြုံလာတဲ့အခါ ကိုယ်လွတ်ရုန်းပြီး ခေါင်းရှောင်ဖို့ ကြိုးစားနေတယ်လို့ သတင်းစကား သိုးသိုး သန့်သန့် ကြားခဲ့ရတယ်။ ဒီသတင်းဟာ အမှန်ပဲလား'

ဗိုလ်မင်းဖြတ်ဇေက ခက်ထန်သည့် အမူအရာဖြင့် မြို့စားလေး ဗညား အိမ်အား မေးခွန်းထုတ်လိုက်သည်။

'ဒါဟာ သက်သက် ကျွန်တော့်ကို မတရားစွပ်စွဲတာ။ ဘုရင်မကြီး… လုပ်ကြံဖို့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် အသက်နဲ့လဲပြီး အကူအညီ ပေး… ပါမယ်လို့ ဘယ်တုန်းကမှ ကတိသစ္စာ မပြုခဲ့ဖူးဘူး'

ဗညားအိမ်က ဘူးကွယ်လိုက်သည်။

'ကျုပ် ကြားသိခဲ့ရတဲ့ သတင်းအရဆိုရင် ကတိသစ္စာ ပြုခဲ့ရုံတင် မကဘူး၊ စာတမ်းတစ်စောင်မှာတောင် လက်မှတ်ရေးထိုးခဲ့တယ် ဆိုပါလား… ဒါကိုကော မြို့စားလေး ငြင်းဦးမှာလား'

ဗိုလ်မင်းဖြတ်ဇေက ခပ်တည်တည်နှင့် မေးလိုက်သည်။

'ငြင်းတယ် ငြင်းတယ်။ ဘယ်စာတမ်းမှာမှ ကျွန်တော် လက်မှတ် မရေးထိုးခဲ့ဘူး။ ကျွန်တော့်ကို သက်သက် မတရားစွပ်စွဲတာ ကျွန်တော် ခေါင်းငုံ့ မခံနိုင်ဘူး။ ကျွန်တော် လက်မှတ်ရေးထိုးခဲ့တယ်ဆိုတဲ့ စာတမ်းကို ပြနိုင်ရ… မပြနိုင်ရင် ဘုရင်မကြီးအပေါ်မှာ ကျွန်တော် အသက်နဲ့လဲပြီး သစ္စာစောင့်… ရှိသကြောင်း လက်တွေ့ပြသတဲ့ အနေနဲ့ ကျွန်တော့်ကို မတရားစွပ်စွဲတဲ့ စာတမ်း… ကို ယူပြီး နက်ဖြန်မနက် အရုဏ်တက်ချိန်မှာ ရွှေမြို့တော်ကိုသွားဖို့ စီစဉ်ထား… ပြီးပြီ။ ရွှေမြို့တော်ကို ရောက်တာနဲ့ တစ်ပြိုင်နက် ဘုရင်မကြီးရဲ့ ခြေဖဝါး…





…အောက် အခစားဝင်ရောက်ပြီး ကျွန်တော့်အပေါ်မှာ မတရားစွပ်စွဲတဲ့ စာတမ်းကို ဘုရင်မကြီးရဲ့ ရွှေလက်တော်ကို ဆက်သဖို့ စိတ်ပိုင်းဖြတ်ထားပြီးပြီ'

ဗညားအိမ်သည် သီရိဖြတ်ကမွန် သွန်သင်ပေးထားသည့်အတိုင်း အကွက်ဝင်အောင် အကွက်ဆင်၍ ဟိတ်ဟန်ဖြင့် ပြောလိုက်ရာ မင်းနန္ဒာ ဟန်ဆောင်လာသော ဗိုလ်မင်းဖြတ်ဇေသည် ဗညားအိမ်အား စက်ဆုပ်ရွံရှာသည့် အမူအရာဖြင့် ကြည့်နေပေသည်။

'မိုက်မဲလှချည်လား၊ ကိုယ့်သချိုင်း ကိုယ်တူးတာလား။ ကိုယ့်သချိုင်း ကိုယ်တူးတာက အရေးမကြီးဘူး။ အချင်းချင်းတွေ အပေါ်မှာ သစ္စာဖောက်တာတော့ မကောင်းဘူး'

ဗိုလ်မင်းဖြတ်ဇေက ဗညားအိမ် အပေါ်တွင် ဒေါသထွက်နေသည့် အမူအရာဖြင့် ဟန်ဆောင်ပြီး ကြုံးဝါးလိုက်သည်။ ပြီးမှတစ်ဖန် မင်းသိဒ္ဓတ်နှင့် …င်းရွှေခဲတို့ဘက်သို့ လှည့်ကြည့်လိုက်သည်။

'မြို့စားလေး ပြောတာကို အကြည်တော်တို့ ကြားတယ် မဟုတ်လား။ မြို့စားလေး လက်မှတ်ရေးထိုးခဲ့တဲ့ စာတမ်းကို ထုတ်ပြလိုက်ပါ။ ဒါမှ သူ ဘုရင်မကြီးဆီကို မသွားဝံ့မှာ။ ဒီနည်းနဲ့မှ သူ့ကို အကျပ်မကိုင်နိုင်ဘူး ဆိုရင် သူတစ်ယောက်တည်း ကွပ်မျက်ခံရမှာ မဟုတ်ဘူး။ ကျုပ်တို့ရဲ့ ဘက်တော်သား တွေ အားလုံး မားဘေး၊ လုံဘေးသင့်ပြီး ကျုပ်တို့ရဲ့ အကြံအစည်ပါ ပျက်ကုန် …မှာမယ်'

ဗိုလ်မင်းဖြတ်ဇေက သတိပေးသလို အမူအရာဖြင့် ပြောလိုက်သည်။

'အကြည်တော် မင်းနန္ဒာ ပြောတဲ့ စာတမ်းက ဒီမှာ မရှိပါဘူး။ ရွှေမြို့တော် …မှာ သိမ်းဆည်းထားကြောင်း သိရပါတယ်'

သီရိဖြတ်ကမွန်က ဣန္ဒြေသိက္ခာဖြင့် ဝင်ပြောလိုက်သည်။

'ဒီလိုဆိုရင် ခုချက်ချင်း ရွှေမြို့တော်ကို တစ်ယောက်ယောက် စေလွှတ် …ပြီး စာတမ်းကို ယူလာခဲ့ပါစေ။ စာတမ်းကို ဘယ်သူ သိမ်းဆည်းထားသလဲ'

ဗိုလ်မင်းဖြတ်ဇေက မေးခွန်းထုတ်လိုက်ပြန်သည်။

'ဘယ်သူ သိမ်းဆည်းထားသလဲဆိုတာ အကြည်တော် မင်းသိဒ္ဓတ် …ပြောပြပါလိမ့်မယ်'

သီရိဖြတ်ကမွန်က လမ်းခင်းပေးလိုက်ရာ မင်းနန္ဒာဟန်ဆောင်လာသော ဗိုလ်မင်းဖြတ်ဇေသည် ခက်ထန်သည့် အမူအရာဖြင့် မင်းသိဒ္ဓတ်ဘက်သို့ လှည့် ကြည့်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲလေ ပြောစမ်းပါဦး။ အင်မတန် အရေးကြီးတဲ့စာတမ်းကို ဘယ်သူ သိမ်းဆည်းထားသလဲ။ သိမ်းဆည်းထားတဲ့ လူကို ကျုပ် သိချင်တယ်'

ဗိုလ်မင်းဖြတ်ဇကေ စိတ်မရှည်သည့် အမူအရာဖြင့် ပြောလိုက်ရာ မင်းသိဒ္ဓတ်သည် ခေတ္တမျှ စဉ်းစားနေရာမှ ဗိုလ်မင်းဖြတ်ဇအား မရဲတရဲ ပြန် ကြည့်လိုက်သည်။

'ကျွန်တော် ကြားသိရသလောက်ကတော့ ဗိုလ်မှူးသမိန်စက္ကဝေ သိမ်းဆည်းထားတယ်လို့ ဆိုပါတယ်'

မင်းသိဒ္ဓတ်က မလွှဲမရှောင်သာ၍ ဖြေဆိုရသည့် လေသံဖြင့် ဖြေဆို လိုက်သည်။

'ဒါဖြင့် ကောင်းပြီ၊ ဗိုလ်မှူးသမိန်စက္ကဝေါကို အကျိုးအကြောင်း ပြော ပြပြီး မြို့စားလေး လက်မှတ်ထိုးထားတဲ့ စာတမ်းကို ချက်ချင်းယူလာခဲ့ဖို့ အကြောင်းကြားပေးပါ။ ဒီစာရွက်စာတမ်းဟာ ကျုပ်တို့အဖို့ သေရေးရှင်ရေး တမျှ အရေးကြီးတယ်'

ဗိုလ်မင်းဖြတ်ဇကေ အမိန့်သံဖြင့် ပြောလိုက်ပြန်သည်။

'ကျွန်တော့်အပေါ်မှာ မင်းနန္ဒာ အထင်လွဲနေပြီ ထင်တယ်။ မင်းနန္ဒာ တို့ ဆွေးနွေးနေကြတဲ့ ကိစ္စမှာ ကျွန်တော် ကိုယ်ထိလက်ရောက် မပါဝင်ခဲ့ပါဘူး၊ တိုင်းရေးပြည်ရေးကို ကျွန်တော် ဝါသနာမပါဘူး။ ပွဲကြည့်ပရိသတ်တစ်ယောက် အနေနဲ့သာ ဘေးကထိုင်ပြီး ကြည့်နေတာပါ။ ဓာတ်စင်ပေါ် တက်ကဖို့ ဝါသနာ မပါဘူး'

မင်းသိဒ္ဓတ်က ထမင်းရည်ပူလာ၍ လျှာလွှဲရန် ကြိုးစားလိုက်သည်။

'ပွဲကြည့်ပရိတ်သတ်အနေနဲ့ ဘေးကထိုင်ပြီး ကြည့်နေတဲ့လူဆိုရင် ဘာဖြစ်လို့ ဓာတ်စင်ပေါ်ကို ရောက်လာရတာလဲ။ ဘေးလူတွေကို ကျုပ်တို့ အလိုမရှိဘူး'

ဗိုလ်မင်းဖြတ်ဇကေ မျက်နှာထိ မျက်နှာထားနှင့် ပြောလိုက်သည်။

'ဒီနေ့ည ဒီအိမ်မှာ ဆွေးနွေးကြလိမ့်မယ်ဆိုတာ ကျွန်တော် မသိပါဘူး။ ကျွန်တော့်ကို ညီတော်မောင် မြို့စားလေးက ညစာထမင်းစားဖို့ ဖိတ်ခေါ်လို့ ညီတော်တောင် ဗညားအိမ်ရဲ့ ဧည့်သည်တော်အဖြစ် ရောက်ရှိလာတာပါ'

မင်းသိဒ္ဓတ်က ဆင်ခြေပေးလိုက်ပြန်သည်။

'ဧည့်သည်တော်သော ဘာသော ညာသော နားမလည်ဘူး။ ပွဲကြည့် ပရိသတ်အဖြစ် ဘေးကထိုင်ပြီး ကြည့်နေတဲ့လူကို ကျုပ်တို့ အလိုမရှိဘူး'

ဗိုလ်မင်းဖြတ်ဇကေ အသံမာမာနှင့် ပြောလိုက်ပြန်သည်။





'ပွဲကြည့်ပရိသတ် ဆိုပေမယ့် ကျုပ်တို့အပေါ်မှာ သစ္စာရှိပါတယ်'

သမိန်တိဿကုမ္မာက မင်းသိဒ္ဓတ်အတွက် အာမခံချက် ပေးလိုက် သည်။

'သစ္စာဖောက်တာ မဖောက်တာထက် စောစောက ပြောတဲ့စာတမ်းကို ကျုပ်တို့လက်ထဲ အမြန်ဆုံးရအောင် ကြိုးစားဖို့ အရေးကြီးတယ်၊ ဘယ်နှရက် အတွင်း စာတမ်းကို သွားယူပေးနိုင်မလဲ' ဗိုလ်မင်းဖြတ်ဇကေ မေးလိုက်ပြန်သည်။

'နောက်အကျဆုံး သုံးရက်အတွင်းမှာ ရအောင် ယူပေးနိုင်ပါတယ်'

မင်းရွှေခဲက ဝင်ပြီး အာမခံလိုက်သည်။

'သုံးရက်တောင်လား၊ တစ်ရက် နှစ်ရက်အတွင်း ရအောင် ယူမပေးနိုင် ဘူးလား'

ဗိုလ်မင်းဖြတ်ဇကေ စိတ်မရှည်သည့် အမူအရာဖြင့် မေးလိုက်ပြန်သည်။

'သုံးရက်ဆိုတာက ပိုပိုမိုမို ပြောထားတာပါ။ အလွန်ဆုံး သုံးရက်ပဲ။ သုံးရက်ထက်တော့ မပိုစေရပါဘူး။ သုံးရက်အတွင်း ရောက်အောင် ယူပေးနိုင် ပါတယ်'

မင်းရွှေခဲက အဖြေပေးလိုက်သည်။

'မင်းသိဒ္ဓတ်ကကော ဘယ်လို သဘောရသလဲ၊ သုံးရက်အတွင်းမှာ ရနိုင်စရာကော ရှိရဲ့လား'

သီရိဖြတ်ကမ္ဘန်က ဝင်မေးလိုက်သည်။

'သိပ်တော့မလွယ်ဘူး ထင်တယ်။ ဗိုလ်မှူးသမိန်စက္ကဝေါက ဘယ်သူ့ စကားကိုမှ နားခံတာ မဟုတ်ဘူး။ စာတမ်းကို လွယ်လွယ်နဲ့ ထုတ်ပေးမှာ မဟုတ်ဘူး'

မင်းသိဒ္ဓတ်က စဉ်းစဉ်းစားစား အဖြေပေးလိုက်သည်။

'မြို့စားလေး ဘယ်လို သဘောရပါသလဲ။ မြို့စားလေး လက်မှတ် ထိုးထားတယ်ဆိုတဲ့ စာတမ်းကို မျက်ဝါးထင်ထင် မြင်ရရင် ဘုရင်မကြီးဆီ သွားဖို့ လိုသေးသလား'

သီရိဖြတ်ကမ္ဘန်က ဗညားအိမ်ဘက်သို့ လှည့်ပြီး မေးလိုက်ပြန်သည်။

'ကျွန်တော် ဘာစာတမ်းကိုမှ လက်မှတ်မထိုးခဲ့တဲ့ ဥစ္စာ'

ဗညားအိမ်က သီရိဖြတ်ကမ္ဘန်၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး သီရိဖြတ်ကမ္ဘန် သင်ပေးထားသည့်အတိုင်း "ဘူး" ကွယ်လိုက်ပြန်သည်။

'မြို့စားလေး လက်မှတ်ရေးထိုးထားတယ်ဆိုတဲ့ စာတမ်းကို ပြနိုင် မယ် ဆိုရင်ကော ....'



www.burmeseclassic.com

www.burmeseclassic.com



သီရိဖြတ်ကမွန်က မေးလိုက်ပြန်သည်။

'ပြနိုင်ရင် ပြပါ။ သုံးရက်အတွင်း ပြပါ။ သုံးရက်က ကျော်လွန်ရင် ဘုရင်မကြီးဆီကို ကျွန်တော် သွားရမှာပဲ။ သုံးရက်ထက် ပိုပြီး အချိန်မပေးနိုင်ဘူး'

ဗညားအိမ်က စောစောက လေသံအတိုင်း တင်းတင်းမာမာ အဖြေပေးလိုက်သည်။

'ကဲ .... မြို့စားလေး ပြောတာ ကြားကြတယ် မဟုတ်လား။ ဒီလိုဆိုရင် သမိန်စက္ကဝေါဆီမှာ သိမ်းဆည်းထားတယ်ဆိုတဲ့ စာတမ်းကို သုံးရက်အတွင်း ရအောင် ယူပေးပေတော့။ သုံးရက်အတွင်း ဒီစာတမ်းကို ယူမပေးနိုင်ရင် မြို့စားလေး ဗညားအိမ် ဘုရင်မကြီးဆီကို သွားပြီး သံတော်ဦးတင်မယ် ဆိုရင် မြို့စားလေး တစ်ယောက်တည်းသာ ကွပ်မျက်ခံရမှာ မဟုတ်ဘူး။ ကျုပ်တို့ အားလုံး တစ်ပြုံလုံး ကွပ်မျက်ခံရလိမ့်မယ်'

ဗိုလ်မင်းဖြတ်ဇကေ သတိပေးသလိုလိုနှင့် ခြောက်လှန့်လိုက်ရာ မင်းရွှေခဲမှာ နတ်ပူးသလို တုန်လှုပ်သွားပေသည်။

'ကျွန်တော် ယူပေးပါ့မယ်။ ရွှေမြို့တော်ကို ကျွန်တော် ညတွင်းချင်း သွားပြီး စာတမ်းကို ယူလာခဲ့ပါ့မယ်'

မင်းရွှေခဲက တုန်ယင်သည့် အသံဖြင့် တာဝန်ယူလိုက်သည်။

'ဒါက အရေးမကြီးဘူး။ မင်းရွှေခဲ ပြန်လာအောင် မစောင့်ဘဲ ညီတော် ဗညားအိမ် ဘုရင်မကြီးဆီကို သွားရင် ဘယ်လိုလုပ်ကြမလဲ'

မင်းသိဒ္ဓတ်က စိုးရိမ်သည့် အမူအရာဖြင့် ဝင်ထောက်လိုက်သည်။

'ဒီအတွက် မစိုးရိမ်ပါနဲ့။ ကျုပ်တာဝန်သာ ထားလိုက်ပါ။ သုံးရက်အတွင်း မြို့စားလေး ဘယ်ကိုမှ မသွားစေရဘူး။ ဒီအတွက် ကျုပ် လုံးဝ တာဝန်ယူတယ်'

မင်းနန္ဒာ ဟန်ဆောင်လာသော ဗိုလ်မင်းဖြတ်ဇကေ ရင်ကော့ပြီး တာဝန်ယူလိုက်ရာ ဗညားအိမ်သည် မခံမရပ်နိုင်သည့် အမူအရာဖြင့် ဗိုလ်မင်းဖြတ်ဇအား ပြန်ကြည့်လိုက်သည်။

'မင်းက ဘာကောင်မို့ ငါ့ကို ချုပ်ချယ်နိုင်မှာလဲ။ ဒီနယ်မှာ ငါက အရှင်သခင်။ မင်းကို သစ္စာဖောက်အဖြစ် ဖမ်းဆီးပြီး ထောင်သွင်း အကျဉ်းချထားဖို့ ငါ့စစ်သည်တော်တွေကို အမိန့်ပေးလိုက်ရမလား'

ဗညားအိမ်သည် သီရိဖြတ်ကမွန်၏ အရိပ်အကဲကို ကြည့်ပြီး သီရိဖြတ်ကမွန် သွန်သင်ပေးထားသည့်အတိုင်း ဒေါသ အသံဖြင့် ဟန်ပါပါ ကြိမ်းလိုက်သည်။





'အချင်းချင်းတွေ သစ္စာဖောက်မလို့လား။ သတ္တိရှိရင် စစ်သည်တော်တွေကို ဆင့်ခေါ်ကြည့်စမ်းပါလား။ မင်းနန္ဒာရဲ့ ဓား ဘယ်လောက်ထက်သလဲ ဆိုတာ အကြောင်းသိသွားမှာပေါ့။ ဓားသွားမှာ အသက်ပါသွားချင်ရင် စစ်သည်တော်တွေကို ဆင့်ခေါ်ကြည့်ပေါ့'

ဗိုလ်မင်းဖြတ်ဇကေ မင်းနန္ဒာအသွင်ဖြင့် ၎င်း၏ဓားအိမ်မှ ဓားကို ဆွဲထုတ်ရင်း ပြန်လည် ကြိမ်းဝါးလိုက်ရာ ဗညားအိမ်သည် မခံမရပ်နိုင်သည့် အမူအရာဖြင့် အနီးရှိ ငွေမောင်းကိုထုရန် ဟန်ပြင်လိုက်ရာ သီရိဖြတ်ကမွန်က ဗညားအိမ်အား လက်ကုတ်ပြီး မျက်နှာထိ မျက်နှာထားဖြင့် သတိပေးလိုက်ရာဖြင့် မောင်းထုရန် ဟန်ပြင်နေသည့်လက်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

'အခြေအနေအရဆိုလျှင် သမိန်စက္ကဝေါဆီကစာတမ်းကို အမြန်ဆုံး ရပေးမှ ဖြစ်လိမ့်မယ်။ နို့မဟုတ်ရင် ကျုပ်တို့အားလုံး အစုလိုက် အပြုံလိုက် ထောင်တိုက်သွင်းပြီး ကွပ်မျက်ခံရတဲ့ ဘဝကို ရောက်သွားလိမ့်မယ်'

သီရိဖြတ်ကမွန်က သတိပေးသလိုလိုနှင့် ခြောက်လှန့်လိုက်ပြန်သည်။

'သုံးရက်အတွင်း ရအောင် ကျွန်တော် ယူပေးပါမယ်လို့ တာဝန်ခံထားသားပဲ။ သမိန်စက္ကဝေါကို အကျိုးအကြောင်း ပြောပြရင် စာတမ်းကို ထုတ်မပေးဘဲ မနေနိုင်ပါဘူး။ စိတ်ချပါ၊ သုံးရက်အတွင်း ကျွန်တော် ရအောင် ယူပေးပါမယ်။ ဒီနေ့ညတွင်းချင်း ကျွန်တော်ကိုယ်တိုင် ရွှေမြို့တော်ကို ခရီးထွက်ပါမယ်။ သုံးရက်မတိုင်ခင် ပြန်ရောက်အောင် လာခဲ့ပါမယ်။ ကဲ .... ကျွန်တော့်ကို ခွင့်ပြုကြပါဦး'

မင်းရွှေခဲမှာ ထိတ်ထိတ်ပျာပျာ ဖြစ်နေပြီး ညတွင်းချင်း ရွှေမြို့တော်သို့ ခရီးထွက်နိုင်ရန် ခွင့်ပန်ပြီး အခန်းထဲမှ ထွက်သွားပေသည်။

'အကြည်တော် ဗညားအိမ်ကို ညီရင်းအစ်ကိုလို သဘောထားပြီး ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောစရာ စကားတစ်ခွန်း ရှိပါတယ်၊ အကြည်တော် ဗညားအိမ်ဟာ နတ်ရွာစံ ဆောင်းတူးမြို့စားကြီးရဲ့ ခြေရာကို နင်းနိုင်မယ့် အကောင်းရတနာ ဖြစ်လိမ့်မယ်လို့လည်း အားလုံးက ယုံကြည်ကိုးစားကြပါတယ်၊ အကြည်တော်ရဲ့ ဖခမည်းတော် နတ်ရွာစံ ဆောင်းတူး မြို့စားကြီးဟာ သူရဲ့ယုံကြည်ချက်ကို ဘယ်တော့မှ မစွန့်လွှတ်ပါဘူး။ ရှင်စောပု ဘုရင်မကြီး ကိုသာမက ဖခမည်းတော် ရာဇဓိရာဇ် ဘုရင်မင်းတရားကြီးကိုပင် ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ခဲ့သူဖြစ်ကြောင်း တစ်နိုင်ငံလုံး အသိ ဖြစ်ပါတယ်။ သူ့ရဲ့ ယုံကြည်ချက်အတွက် ဆိုရင် ရာထူးစည်းစိမ်သာမက အသက်ကိုပင် စွန့်လွှတ်သူ ဖြစ်ကြောင်း အကြည်တော် အသိဆုံး ဖြစ်ပါလိမ့်မယ်။ အကြည်တော်



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့လည်း အကြည်တော်ရဲ့ ယုံကြည်ချက်ကို ဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်ဘူးလို့ အားလုံးက ယုံကြည်စိတ်ချပါတယ်။ ယုံကြည်ချက်အတွက် အသက်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးဘူးလို့လည်း မျှော်လင့် အားထားပြီး အကြည်တော်ကို ရှေ့တန်းက တင်ခဲ့ကြခြင်း ဖြစ်ပါတယ်။ အရေးကြုံလာ အကြည်တော် ခေါင်းရှောင်ဖို့ ကြိုးစားတာတော့ မသင့်လျော်ပါဘူး။ ရာဇဝင် ရိုင်းသွားပါလိမ့်မယ်။ အကြည်တော်ရဲ့ ရင်းနှီးပြီး ခင်မင်တဲ့ အဆွေခင်ပွန်း အဖြစ် သတိပေးနေတာပါ'

သမိန်တိသကုမ္မာက မြို့စားလေး ဗညားအိမ်အား ဘုရင်မကြီးထံ မသွားဖြစ်စေရန် ချိုသာသော စကားဖြင့် နားချနေပြန်သည်။

'အဆွေခင်ပွန်းပင် ဖြစ်လင့်ကစား တစ်ဦးအပေါ်မှာ တစ်ဦး သစ္စာ ဖောက်လာရင် သည်းမခံနိုင်ဘူး။ သစ္စာဖောက်သို့ သွားရာလမ်းကို ပို့ရမှာပဲ မြို့စားလေး ဗညားအိမ်ရဲ့ အပြုအမူဟာ ကျုပ်တို့အားလုံးကို မီးလောင်တိုက် သွင်းပြီး ကွပ်မျက်အောင် ဘုရင်မကြီးဆီကိုသွားပြီး ဖော်ကောင်လုပ်မယ့် အပြု အမူပဲ။ ဒါကို ကျုပ်တို့ ဘယ်နည်းနဲ့မှ သည်းမခံနိုင်ဘူး။ ခုကိစ္စမှာ မြို့စားလေး ဗညားအိမ်ဟာ သူ့အပေါ်မှာ ကျရောက်လာတဲ့ တာဝန်ကို မမိုတ်မသုန် ထမ်းရွက် ပါမယ်လို့ ကတိသစ္စာ ဆိုခဲ့ရုံတင် မကသေးဘူး။ အသိသက်သေများရဲ့ ရှေ့မှောက် မှာ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ကြောင်း သိရတဲ့အတွက် လက်မှတ်ရေးထိုးပြီး ကတိသစ္စာ ခံယူထားတဲ့အတိုင်း တာဝန်ယူရလိမ့်မယ်။ တာဝန်မယူဘဲ ခေါင်း ရှောင်ဖို့ ကြိုးစားရင် ကျုပ်တို့ သည်းမခံနိုင်ဘူး။ တစ်ယောက်အတွက် တစ်ပြည်လုံး အသေမခံနိုင်ဘူး။ ကျုပ်တို့ရဲ့ အကြံအစည်ကိုလည်း အပျက်မခံနိုင်ဘူး။ အသက်ချင်း လဲသင့်ရင် လဲရလိမ့်မယ်'

မင်းနန္ဒာအသွင်ဖြင့် ရုပ်ဖျက်ကာ သူ့လှူငါ်ဘက်သား လုပ်နေသော ဗိုလ်မင်းဖြတ်ဇက မျက်နှာထိ မျက်နှာထားဖြင့် ဟန်လုပ်ပြီး ဗညားအိမ်အား ပြင်းပြင်းထန်ထန် ပုတ်ခတ်ပြောဆိုလိုက်သည်။

'ဒါလောက်တောင်လည်း ဒေါသမကြီးပါနဲ့လေ။ ဒေါသရှေ့ထားရင် မှားတတ်ပါတယ်။ အကြည်တော် ဗညားအိမ်ကို ကျွန်တော် အကျိုးသင့် အကြောင်းသင့် ပြောပြရင် သဘောပေါက်လာစရာ ရှိပါတယ်။ အကြည်တော် ဗညားအိမ်နဲ့ နှစ်ယောက်ချင်း ဆွေးနွေးခွင့်ပြုပါ'

သမိန်တိသကုမ္မာသည် ပြောပြောဆိုဆို မြို့စားလေးဗညားအိမ်အား အခန်းဆောင့်တစ်ထောင့်သို့ ခေါ်သွားပြီး နှစ်ကိုယ်ကြား တီးတိုးဆွေးနွေးလျက် ရှိပေသည်။





'အကြည်တော် ဗညားအိမ်ကို ညီရင်းအစ်ကိုလို သဘောထားပြီး သတိပေးနေတာပါ။ အကြည်တော် မင်းနန္ဒာဟာ ကျုပ်တို့နဲ့ အကြံအစည် အောင်မြင်ရေးအတွက် အသက်ပေးပြီး ကူညီဆောင်ရွက်နေတဲ့ သူရဲကောင်း တစ်ယောက်ပါ။ ကျုပ်တို့ရဲ့ အကြံအစည် အောင်မြင်ဖို့ သေချာနေပါပြီ။ မယုံရင် မင်းနန္ဒာကို မေးကြည့်ပါ။ အခြေအနေ အရပ်ရပ်ကို မင်းနန္ဒာ ရှင်းပြပါလိမ့် မယ်၊ အကြံအစည် အောင်မြင်ခါနီးမှ ကော့ကော်ကံကား မလုပ်ချင်စမ်းပါနဲ့။ ခင်ပြောင်ကြီး အမြီးကျမှ တစ်မနေစမ်းပါနဲ့'

သမိန်တိသကုမ္မာသည် ဗညားအိမ်ကို ပျားရည်နှင့် ဝမ်းချနေသ သည်။

'အကြည်တော် ဘာပဲပြောပြော အကြည်တော်ရဲ့ အကြံအစည်ကို ကျွန်တော် ဘယ်နည်းနဲ့မှ မထောက်ခံနိုင်ဘူး။ ကျွန်တော်ဟာ ဖခမည်းတော် နတ်ရွာစံမြို့စားကြီးရဲ့ ခြေရာကိုနင်းနိုင်အောင် ကြိုးစားနေသူပါ။ အကြည်တော် ပြောသလို ဖခမည်းတော်နတ်ရွာစံမြို့စားကြီးဟာ သူ့ရဲ့ယုံကြည်ချက်အတွက် ဆိုရင် ဘုရင်မကြီးကိုရော ရာဇဓိရာဇ် ဘုရင်မင်းတရားကြီးကိုပါ ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ဝံ့သူ ဖြစ်တယ်ဆိုတာ မှန်ပါတယ်။ ဒါကို ကျွန်တော် ဝန်ခံတယ်။ ဒါပေမဲ့ ဖခမည်းတော်ဟာ နိုင်ငံတော်နဲ့တကွ ရာဇဓိရာဇ် ဘုရင်မင်းမြတ်ကြီး အပေါ်မှာရော ရှင်စောပု ဘုရင်မကြီး အပေါ်မှာပါ ဘယ်တုန်းကမှ သစ္စာ ဖောက်ခဲ့ပါဘူး။ ကျွန်တော့်အနေနဲ့လည်း ဘုန်းကြီးလူထွက်ကို နန်းလျာ ထားတဲ့ ကိစ္စကို သဘောမတူခဲ့ပါဘူး။ လူသိရှင်ကြားလည်း ကန့်ကွက်ခဲ့ပါတယ်။ ဒါပေမဲ့ ဘုရင်မကြီး အပေါ်မှာတော့ ဘယ်နည်းနဲ့မှ သစ္စာမဖောက်နိုင်ဘူး။ ဘုရင်မကြီးကို လုပ်ကြံဖို့ ဆိုတာတော့ အိပ်မက်တောင် မမက်ဘူး'

ဗညားအိမ်သည် သီရိဖြတ်ကမ္ဘန် သွန်သင် ပေးသည့်အတိုင်း သမိန် တိသကုမ္မာက ပျားရည်နှင့် ဝမ်းချသည်ကို လက်မခံဘဲ ပြတ်ပြတ်သားသား ငြင်းဆယ်လိုက်သည်။

'တောင်းပန်လို့ မရရင်တော့လည်း မတတ်နိုင်ဘူးပေါ့။ ဒါပေမဲ့ မင်းရွှေခဲ ချမြို့တော်က ပြန်လာတဲ့ အချိန်တိုင်အောင်တော့ သည်းခံပြီး စောင့်ဆေးလို့ တယ်။ မင်းရွှေခဲ ပြန်လာရင် အကြည်တော် ဗညားအိမ် လက်မှတ်ရေးထိုး ထားတဲ့ ဘာတမ်း ပါလာမှာ သေချာပါတယ်။ ဒီအတောအတွင်း စိတ်လိုက်မာန်ပါ မလုပ်ဖို့ ကျုပ် အနူးအညွတ် တောင်းပန်ချင်ပါတယ်၊ ကဲ ကျုပ်သွားဦးမယ်၊ ကျုပ်တို့ရဲ့ အကြံအစည်နဲ့ ပတ်သက်ပြီး အခြေအနေ အရပ်ရပ်ကို မင်းနန္ဒာ ရှင်းပြပါလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



သမိန်တိသကုမ္မာသည် ပြောပြောဆိုဆို မင်းသိဒ္ဓတ်နှင့်အတူ မြို့စား ဗညားအိမ်၏ စံအိမ်တော်မှ ထွက်ခွာသွားကြလေသည်။

အခန်းထဲတွင် ကျန်ရှိနေကြသော ဗညားအိမ်၊ သီရိဗြတ်ကမ္ဗန် မင်းနန္ဒာ အသွင်ဖြင့် ရုပ်ဖျက်၍ လာသော ဗိုလ်မင်းဗြတ်ဇတို့သည် အခ ကြာမြင့်စွာ တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် တည့်ရာကို စဉ်းစားနေကြရာမှ မြို့စားလေး ဗညားအိမ်သည် သီရိဗြတ်က အနီးသို့ ချဉ်းကပ်လာကာ မင်းနန္ဒာအမည်ခံ ဗိုလ်မင်းဗြတ်ဇနှင့် မျက်နှာချ ဆိုင်လိုက်သည်။

ဗိုလ်မင်းဗြတ်ဇမှာ စောစောပိုင်းက ခက်ထန်သလောက် ယခုအခ တွင် ပြုံးရွှင်သော အမူအရာဖြင့် ဗညားအိမ်အား စေ့စေ့ကြည့်နေသည်ကို မြင် သဖြင့် ဗညားအိမ်မှာ အံ့အားသင့်သွားပေသည်။

'ကျုပ်တို့ မျှော်မှန်းထားတာထက် အောင်မြင်နေတာပဲ။ စောစောပို က ကျုပ်တို့ရရှိထားတဲ့ သတင်းအရဆိုရင် မြို့စားလေးဗညားအိမ် အပေါ် ကောင် ကျုပ် သံသယဖြစ်ခဲ့တယ်။ သီရိဗြတ်ကမ္ဗန်က မြို့စားလေးဟာ ဘုရ အပေါ်မှာ အသက်နဲ့လဲပြီး သစ္စာစောင့်သိ ရိုသေသူဖြစ်ကြောင်း အာမခံ ပေးခဲ့တာတောင် ကျုပ်ဖြင့် မယုံတစ်ဝက် ယုံတစ်ဝက်ပဲ။ ခုမှပဲ မြို့စား အပေါ်မှာ သံသယ ရှင်းသွားပေတော့တယ်'

ဗိုလ်မင်းဗြတ်ဇက ရှင်းပြလိုက်သည်။ သို့ရာတွင် မြို့စားလေး ဗညာ အိမ်မှာ ဗိုလ်မင်းဗြတ်ဇအား ပြည်မြို့မှ စေလွှတ်လိုက်သော သစ္စာဖော မင်းနန္ဒာဟု မှတ်ထင်လျက်ရှိသဖြင့် အံ့အားသင့်သည့် အမူအရာဖြင့် နားထော နေပေသည်။

'ဟင် ဘယ်လိုဟာလဲ။ စောစောပိုင်းတုန်းကတော့ ကျွန်တော့် ချက်ချင်းဘဲ ရှင်းလင်းသုတ်သင်ပစ်တော့မလို ဒေါနဲ့မောနဲ့ ကြုံးဝါးခဲ့ပြီး ခု ဘယ်လိုဖြစ်သွားတာလဲ။ အကြည်တော် သီရိဗြတ်ကမ္ဗန် ကျွန်တော့်ကို ရှ စမ်းပါဦး'

မြို့စားလေး ဗညားအိမ်က တုန်ယင်သည့် အသံဖြင့် သီရိဗြတ်က ဘက်သို့ လှည့်၍ပြောလိုက်သည်။

'သဏ္ဌာန်လုပ် သရုပ်နဲ့တူစေရမယ်ဆိုတဲ့ စကားအရ သစ္စာဖော တွေရဲ့ အကြံအစည်ကို သိရအောင် ပရိယာယ်ဆင်ခဲ့တာပါ။ အကြည်တော ဗညားအိမ်ရဲ့ ရှေ့မှောက်ကို ရောက်ရှိနေသူဟာ အကြည်တော် ထင်နေသ သစ္စာဖောက် မင်းနန္ဒာ မဟုတ်ပါဘူး။ နိုင်ငံတော်အတွက် တိုက်ပွဲပေါင်းတစ်





ကျော်မှာ သေမင်းနဲ့ စစ်ခင်းပြီး အကာအကွယ်ပေးခဲ့တဲ့ သူရဲကောင်းဗိုလ်မင်း ဗြတ်ဇပါ'

သီရိဗြတ်ကမ္ဗန်က ရှင်းပြလိုက်ရာ ဗညားအိမ်မှာ အံ့အားသင့်သည် ထိတ် သင့်သွားပြီး ပါးစပ်အဟောင်းသားနှင့် ဗိုလ်မင်းဗြတ်ဇအား ငေးကြ ည့်နေမိသည်။

'ဗိုလ်မင်းဗြတ်ဇ ဟုတ်လား။ နဝင်းချောင်းတိုက်ပွဲမှာ ရန်သူတွေကို ချုပ်ချယ် တိုက်ပွဲဝင်ခဲ့တဲ့ ဗိုလ်မင်းဗြတ်ဇ မဟုတ်လား။ နိုင်ငံတော်အတွက် အသက်ပေးပြီး တိုက်ပွဲပေါင်း တစ်ရာကျော်မျှ ပါဝင်တိုက်ခိုက်ခဲ့တဲ့ ဗိုလ်မင်း ဗြတ်ဇကို နာမည်သာ ကြားခဲ့ဖူးပါတယ်။ ခုမှပဲ လူချင်းတွေ့ခွင့်ရတော့တယ်။ ဗိုလ်မင်းဗြတ်ဇနဲ့ ခုလိုတွေ့ရတာ ဝမ်းသာအားရ ရှိလှပါတယ်။ ဂုဏ်လည်း ယူပါတယ်။ ဒါထက် ဗိုလ်မင်းဗြတ်ဇ ဆောင်းတူးနယ်ကို ဘယ်လိုအကြောင်းကိစ္စနဲ့ ရောက်ရှိလာတာပါလဲ။ ပဝါစမှာ သွေးစွန်းလာတာဟာ ဘာကြောင့်လဲ'

ဗညားအိမ်သည် ဗိုလ်မင်းဗြတ်ဇအား ရိုသေလေးစားစွာ နေရာ ထိုင်ခင်း ပေးရင်း မိမိသိလိုသည့် အခြင်းအရာများကို မေးလိုက်သည်။

'ဒီမှာ အကြည်တော် ဗြတ်ကမ္ဗန်၊ ကျုပ်ရဲ့ အကြံအစည်တွေနဲ့ ပတ် သက်ပြီး မြို့စားလေးကို ပြောသင့်သလောက် ပြောထားပြီးပြီ မဟုတ်လား'

ဗိုလ်မင်း ဗြတ်ဇသည် ညောင်စောင်းပေါ်တွင် ထိုင်ရင်း ဗညားအိမ် ၏ မေးခွန်းကို မဖြေသေးဘဲ သီရိဗြတ်ကမ္ဗန်အား လှမ်း၍မေးလိုက်သည်။

'ပြောသင့်သလောက်တော့ ပြောထားပြီးပါပြီ'

သီရိဗြတ်ကမ္ဗန်က အဖြေပေးလိုက်သည်။

'မှန်ပါတယ်၊ ဒီနေ့ည ကျွန်တော်ပြောခဲ့တဲ့ စကားတွေဟာ အကြည်တော် သီရိဗြတ်ကမ္ဗန် သွန်သင်ပေးတဲ့အတိုင်း အကွက်ဝင်အောင် ပြောခဲ့တဲ့ စကား တွေ ဖြစ်ပါတယ်။ အကြည်တော်ကို သစ္စာဖောက် မင်းနန္ဒာလို့ မှတ်ထင်ပြီး ပြောလိုက်မာန်ပါ ပြောခဲ့မိတာရှိရင် သည်းခံပါ။ အကြည်တော်ကို ကျွန်တော် အားကိုးပါရစေ။ ကျွန်တော့်လောက် မိုက်မဲတဲ့လူ ရှိလိမ့်မယ် မထင်ဘူး။ အကြည် တော် သီရိဗြတ်ကမ္ဗန်နဲ့ မတွေ့ရသေးခင် တစ်ချိန်ကဆိုရင် ကျွန်တော်ဟာ နေ့မလင်း ညမလင်းအောင် အရက်သေစာ သောက်စားပြီး လောင်းကစားမှုနဲ့ ပျော်ပါးခဲ့ပါတယ်။ လူမှန်းသူမှန်း မသိအောင် သောက်စား မူးယစ်နေခိုက်မှာ ဒင်းစက္ကဝေါရဲ့ တိုက်တွန်းချက်အရ စာတမ်းတစ်စောင်မှာ လက်မှတ်ရေးထိုး ခဲ့တာ အမှန်ပါ။ ရန်သူကို မိတ်ဆွေထင်ပြီး သူတို့ပြောသမျှ ကျွန်တော် ယုံကြည်ခဲ့ပါတယ်။ သူတို့ ခိုင်းတာကိုလည်း လုပ်ပါမယ်လို့ ကတိပေးခဲ့မိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ ဘုရင်မကြီး အပေါ်မှာတော့ ကျွန်တော် အသက်နဲ့လဲပြီး သစ္စာစောင့်သိ ရှိသောအ အမှန်ပါ။ ကျွန်တော် လက်မှတ်ရေးထိုးခဲ့တဲ့ စာတမ်းသာ ဘုရင်မကြီးရဲ့ ရွှေလက်တော်ကို ရောက်ရှိသွားမယ်ဆိုရင် ကျွန်တော် ကွပ်မျက်ခံရမှာ သေချာတယ်။ ကွပ်မျက်ခံရတာထက် သစ္စာဖောက်လို့ အထင်တော် အလွဲခံရမှာကို အသည်းနာတယ်။ မူးမူးရူးရူးနဲ့ ကျွန်တော် လက်မှတ်ရေးထိုးခဲ့မိတဲ့ စာတမ်းကို ဆုပ်ကိုင်ထားပြီး ကျွန်တော့်ကို သူတို့ အကျပ်ကိုင်နေကြတာပါ'

ဗညားအိမ်က ဗိုလ်မင်းဖြတ်ဇအား ရှင်းပြလိုက်သည်။

'ဒီအတိုင်းမှန်ရင်တော့ မြို့စားလေး လက်မှတ်ရေးထိုးခဲ့တဲ့ စာတမ်းကို ဖျက်ဆီးပစ်မှ ဖြစ်မယ်'

ဗိုလ်မင်းဖြတ်ဇက အကြံပေးလိုက်သည်။

'မှန်ပါတယ်၊ အဲဒီစာတမ်းကို ကျွန်တော့်လက်ထဲ ပြန်လည်ရောက်ရှိမှသာ ဖျက်ဆီးပစ်နိုင်မှာပါ။ ကျွန်တော့်လက်ထဲ ပြန်လည်ရောက်ရှိရေးအတွက် အကြည်တော် သီရိဖြတ်ကမွန်ရဲ့ အကြံပေးချက်အရ မင်းသိဒ္ဓတ်နဲ့ မင်းရွှေကို စိတ်ချပြီး အကွက်ဆင်ခဲ့တာပါ။ အကြည်တော် သီရိဖြတ်ကမွန်ရဲ့ ကျေးဇူးကြောင့် အကွက်တော့ ဝင်သွားပါပြီ'

ဗညားအိမ်က ရှင်းပြလိုက်သည်။

'ဘုရင်မကြီးအပေါ်မှာ မြို့စားလေး သစ္စာစောင့်သိ ရှိသကြောင်း သိရလို့ ကျုပ်ဝမ်းသာတယ်။ မြို့စားလေးရဲ့ ခုလို နီးနီးကပ်ကပ် တွေ့ခွင့်ရပြီး မြို့စားလေးရဲ့ အပြောအဆို၊ အမူအရာတွေကို အကဲခတ်ခွင့်ရလို့ မြို့စားလေး အပေါ်မှာ သံသယ ရှင်းသွားပါပြီ။ မြို့စားလေး လက်မှတ်ထိုးခဲ့တဲ့စာတမ်း ပြန်လည်ရရှိရေးအတွက် သီရိဖြတ်ကမွန်နဲ့ လက်တွဲပြီး ကျုပ်ပါ ကူညီဆောင်ရွက်သွားပါမယ်။ ဘယ်နည်းနဲ့ဖြစ်ဖြစ် ဒီစာတမ်းကို ပြန်ရအောင် ယူပေးပါမယ်'

ဗိုလ်မင်းဖြတ်ဇက အာမခံချက်ပေးလိုက်ရာ ဗညားအိမ်မှာ စိတ်အားထက်သည်ထက် တက်ကြွ လာပေသည်။

'ဒီစကားကြားရတာ ဝမ်းသာလိုက်တာ။ ခုမှပဲ အဆွေခင်ပွန်းကောင်းတွေနဲ့ တွေ့ရတော့ ကျွန်တော့်အပေါ်မှာ ပြောစရာဆိုစရာ ဆုံးမစရာရှိရင် ပြောဆိုဆုံးမပါ။ ကျွန်တော် နာခံပါမယ်။ အကြည်တော် သီရိဖြတ်ကမွန်နဲ့ ဗိုလ်မင်းဖြတ်ဇကိုပါ ကျွန်တော့်ရဲ့ အဆွေခင်ပွန်းကောင်းအဖြစ် အားကိုးအားထား ပြုပါရစေ။ စောစောက ကျွန်တော် မေးခဲ့တဲ့ မေးခွန်းနှစ်ခုနဲ့ ပတ်သက်ပြီးတော့လည်း အဖြေကို ကြားနာပါရစေ'

ဗညားအိမ်က ဗိုလ်မင်းဖြတ်ဇအား တောင်းပန်လိုက်သည်။





'ဆောင်းတုံးမြို့ကို ဘာကိစ္စနဲ့ ရောက်ရှိလာသလဲဆိုတဲ့ မေးခွန်းနဲ့ သွေးစွန်းနေတဲ့ ပဝါစနဲ့ ပတ်သက်ပြီး အဖြေကို သိချင်တယ် ဆိုပါတော့'

ဗိုလ်မင်းဖြတ်ဇက ပြန်မေးလိုက်သည်။

'မှန်ပါတယ်၊ ကျွန်တော် သိခွင့်ရှိရင် သိချင်လှပါတယ်'

'ကောင်းပါပြီ၊ ဒီမေးခွန်းနှစ်ခု စလုံးကို ခြုံပြီး အဖြေပေးမယ်၊ စိတ်ရှည်ရှည်ထားပြီး နားထောင်ပါ'

ဗိုလ်မင်းဖြတ်ဇက မိမိ ပြောမည့် စကားကို နိဒါန်းပျိုးလိုက်ရာ မြို့စားလေး ဗညားအိမ်သည် စိတ်ဝင်စားစွာဖြင့် နားစွင့်နေပေသည်။

'သွေးစွန်းနေတဲ့ ပဝါစကို လူမြင်မှာစိုးလို့ ပုဆိုးကြားမှာ ညှပ်လာခဲ့တာမှ သမိန်တိသကုမ္မာရဲ့ ရှေ့မှာ ပြုတ်ကျဖြစ်အောင် ပြုတ်ကျရသေးတယ်။ အမှန်အတိုင်းကတော့ ပဝါစမှာ သွေးစွန်းနေတဲ့ သွေးဟာ သစ္စာဖောက် လူသတ်သမားရဲ့သွေးပါ'

ဗိုလ်မင်းဖြတ်ဇက သွေးစွန်းနေသည့် ပဝါစကို ထုတ်ပြရင်း ပြောလိုက်ရာ ဗညားအိမ်သည် ကြက်သေသေပြီး ငေးစိုက်ကြည့်နေပေသည်။

'သစ္စာဖောက်ရဲ့သွေး ဟုတ်လား၊ ဘယ်သစ္စာဖောက်ရဲ့ သွေးပါလဲ'

ဗညားအိမ်က ထိတ်လန့်တကြား မေးလိုက်သည်။

'ဘုရင်မကြီးကို လုပ်ကြံဖို့ မြောင်းမြဘက်က စေလွှတ်လိုက်တဲ့ လက်ရွေးစင် လူသတ်သမား မင်းလုကောင်းပါ။ အကြည်တော်တို့ သိရှိပြီးတဲ့အတိုင်း ဘုရင်မကြီးကို လုပ်ကြံသတ်ဖြတ်ဖို့ ပထမဦးစွာ မြောင်းမြဘက်က လက်ရွေးစင် လူသတ်သမား သုံးယောက် တိတ်တဆိတ် စေလွှတ်လိုက်တယ်။ အဲဒီသတင်းကို ကြားသိရတာနဲ့ တစ်ပြိုင်နက် ကျုပ်ကိုယ်တိုင် ရွှေမြို့တော်ကို အလျင်အမြန် လာရောက်ပြီး မင်းကြီးသက်တော်ရှည်ရဲ့ အကူအညီနဲ့ အဲဒီ လက်ရွေးစင် လူသတ်သမား သုံးဦးအနက် ခေါင်းဆောင်နဲ့တူတဲ့လူရဲ့ နောက်ကို သမိန်ဇိပ်ဖြ ခြေရာခံပြီး လိုက်သွားတယ်။ ကျန်နှစ်ဦးရဲ့နောက်ကို ခြေရာခံလိုက်ဖို့ ဖောမွန်နဲ့ ဖောညီကို ကျုပ် တာဝန်ပေးလိုက်တယ်။ သမိန်ဇိပ်ဖြ ခြေရာခံပြီး လိုက်သွားတဲ့ သစ္စာဖောက်ခေါင်းဆောင်ဟာ ရွှေမြို့တော်ကို ရောက်တဲ့အခါ ဗိုလ်မှူးသမိန်စက္ကဝါနဲ့ ဆက်သွယ်ပြီး ဘုရင်မရဲ့ တိုင်းခန်းလှည့်လည်ရေး ခရီးစဉ်ကို အသေးစိတ် မှတ်သားခဲ့တယ်။ အဲဒီသစ္စာဖောက်ရဲ့နောက်ကို သမိန်ဇိပ်ဖြ ခြေရာခံပြီး လိုက်နေတာကို သမိန်စက္ကဝါရဲ့ ဘက်တော်သားတွေ ရိပ်စားမိသွားလို့ သမိန်ဇိပ်ဖြကို ခေတ္တရှောင်နေဖို့ သတိပေးပြီး ကျုပ်ကိုယ်တိုင် ခြေရာ



www.burmeseclassic.com

www.burmeseclassic.com



ခဲပြီး လိုက်ခဲ့တယ်။ တိုတိုပြောမယ်ဆိုရင် အဲဒီသစ္စာဖောက်ကို ရွှေမြို့တော်အ
အတွက် ဆောင်းတူးမြို့ကိုအလာ လမ်းခရီးမှာ ကျုပ် ရှင်းလင်းသုတ်သင်
လိုက်တယ်'

ဗိုလ်မင်းဖြတ်ဇက ဇာတ်ကြောင်းပြန်နေပေသည်။

'ကျန်သစ္စာဖောက် နှစ်ဦးကကော ....'

'ကျန်သစ္စာဖောက်နှစ်ဦးရဲ့ နောက်ကို ခြေရာခံပြီးလိုက်ဖို့ ဇော်မွန်
ဇော်ညီကို တာဝန်ပေးခဲ့ကြောင်း စောစောက ကျုပ်ပြောခဲ့တယ် မဟုတ်လား
အဲဒီ သစ္စာဖောက် နှစ်ဦးအနက် တစ်ဦးက ထွက်ပြေးတိမ်းရှောင်သွားတယ်
ကျန်တစ်ဦးကိုတော့ ဇော်မွန်နဲ့ဇော်ညီတို့ လက်ရဖမ်းဆီးပြီး ဇော်လကွန်
လယ်တောက စပါးကျီထဲမှာ ချုပ်နှောင်ထားတယ်။ အဲဒီလို ချုပ်နှောင်ထား
ဘုန်း သမိန်တိဿကုမ္မာ ရောက်ရှိလာပြီး သူ့လူကိုသူ စပါးကျီထဲက ကယ်တ
သွားတယ်၊ ပြီးတော့ သူ့စံအိမ်တော်မှာပဲ ဝှက်ထားတယ်။ ကျုပ်ရဲ့ပဝါ
စွန်းအင်းကျန်ရစ်ခဲ့တဲ့ သွေးဟာ အဲဒီ သစ္စာဖောက်လူသတ်သမား မင်းလှကော
ရဲ့ သွေးပဲ'

ဗိုလ်မင်းဖြတ်ဇက ဆက်လက်ကာ ရှင်းပြလိုက်သည်။

'မင်းလှကောင်း သမိန်တိဿကုမ္မာရဲ့ စံအိမ်တော်ကို ရောက်နေကြော
ဗိုလ်မင်းဖြတ်ဇ ဘယ်လိုလုပ်ပြီး သိပါသလဲ'

'တပ်အပ်သေချာ မသိပါဘူး။ ပြည်မြို့က ဆင်းလာတဲ့ သစ္စာဖော
ခင်းနန္ဒာအသွင်နဲ့ ရုပ်ဖျက်ပြီး သမိန်တိဿကုမ္မာဆီကို လာတဲ့အခါကျမှ သမိ
တိဿကုမ္မာ ပြောပြလို့ သိရတာပါ။ ဒီကြားထဲမှာ မင်းလှကောင်းက ကျုပ်
ခင်းနန္ဒာအစစ် ထင်မှတ်ပြီး ကျုပ်နဲ့တွေ့ချင်တဲ့အကြောင်း သမိန်တိဿကုမ္မာဆီ
ခွင့်ပန်တယ်လို့ ကြားရတယ်။ ကျုပ်ကို မင်းလှကောင်း မြင်သွားရင် ကျုပ်
သူတို့ရဲ့ဘက်တော်သား မင်းနန္ဒာ မဟုတ်ဘူးဆိုတာ သိသွားပြီး ကျုပ်တို့ရဲ့
အကြံအစည် ပျက်သွားမှာကို သိလို့ ပရိယာယ်မာယာဆင်ပြီး အင်မတန် အ
ကြီးတဲ့ ကိစ္စတစ်ခုရှိလို့ ကျုပ်ရဲ့အပေါင်းအသင်းတွေနဲ့ သွားတွေ့လိုက်ဦးမ
ဆိုပြီး မြစ်ဆိပ်ကို ထွက်လာခဲ့တယ်။ ကျုပ်မြစ်ဆိပ်ကို သွားမှန်းသိရင် ကျုပ်
နောက်ကို သမိန်တိဿကုမ္မာ လိုက်လာလိမ့်မယ် ဆိုတာ သိလို့ မြစ်ဆိပ်
တိုက်ရိုက်မသွားဘဲ လမ်းခုလတ်မှာ ပုန်းအောင်းနေတယ်။ သမိန်တိဿကု
ကျုပ်နောက်ကို လိုက်လာတာမြင်ရတော့ ကျုပ်စံအိမ်တော်ကို တိတ်တဆိ
ပြန်သွားတယ်၊ စံအိမ်တော်ကို ရောက်တဲ့အခါ မင်းလှကောင်းကို ဝှက်ထား





န်းထဲဝင်ပြီး မင်းလှကောင်းနဲ့ ဓားချင်းယှဉ်ခုတ်ပြီး အဆုံးစီရင်ပြစ်ခဲ့တယ်၊
ပ်ရဲ့ဓားမှာ စွန်းနေတဲ့သွေးကို ပဝါစနဲ့ သုတ်ပြီး ပဝါစကို လူမမြင်ခင်
ုံးကြားမှာ ညှပ်ပြီး ယူလာခဲ့တယ်'

ဗိုလ်မင်းဖြတ်ဇက ရှင်းပြလိုက်ပြန်သည်။

'မင်းလှကောင်းက ဘာဖြစ်လို့ ဆောင်းတူးဘက်ကို လာရတာလဲ'

သီရိဖြတ်ကမွန်က မေးလိုက်ပြန်သည်။

'ဘုရင်မကြီး ဆောင်းတူးမြို့ကို တိုင်းခန်းလှည့်လည်တော်မူဖို့
ာမှန်းသိလို့ သမိန်စက္ကဝေါက စေလွှတ်လိုက်တာပါ။ ဆောင်းတူးမြို့ကို
ာက်ရင် မြို့စားလေးဗညားအိမ်ရဲ့ စံအိမ်တော်နဲ့ ဥယျာဉ်တော်ရဲ့ အခြေအနေ
အသေးစိတ် လေ့လာထားပြီး မင်းသိဒ္ဓတ်ဆီမှာဖြစ်စေ၊ သမိန်တိဿကုမ္မာ
ာဖြစ်စေ ပုန်းအောင်းခိုလှုံနေဖို့ပါ။ သမိန်စက္ကဝေါက ညွှန်ကြားလိုက်ကြောင်း
ရတယ်။ မင်းလှကောင်း ဆောင်းတူးကို လာလိမ့်မယ်ဆိုတာ မင်းသိဒ္ဓတ်နဲ့
မိန်တိဿကုမ္မာတို့ ကြိုတင်ပြီး သိထားပုံ ရတယ်။ မင်းလှကောင်း အချိန်တန်
ရောက်မလာတဲ့အခါ မယောင်မလည်နဲ့ ထွက်ပြီး ရှာဟန်တူတယ်။ မင်းလှ
ောင်းကို စပါးကျီထဲမှာ ချုပ်နှောင်ထားတာ တွေ့လို့ ကယ်တင်သွားတာပါ။
ပ် သိရသလောက်ဆိုရင် မင်းလှကောင်းဟာ အင်မတန် ရက်စက်ကြမ်းကြုတ်
ကြေးစားလူသတ်သမားပါ။ ဘုရင်မကြီးကို သူကိုယ်တိုင် လုပ်ကြံဖို့ အစီ
ဉ် ရှိတယ်လို့လည်း သိရတယ်။ ဒါကြောင့် မင်းလှကောင်းကို အဆုံးစီရင်
က်ရတာပါ။ ခုဆိုရင် ဘုရင်မကြီးကို လုပ်ကြံသတ်ဖြတ်ဖို့ ရောက်ရှိလာတဲ့
ကြေးစား လူသတ်သမား အားလုံးလိုလိုကို ရှင်းလင်းသုတ်သင်လိုက်ပြီ ဖြစ်တဲ့
တွက် ဘုရင်မကြီးရဲ့ အသက်အန္တရာယ် စိုးရိမ်စရာ မရှိတော့ဘူး။ ဒါဟာ
ျုပ်တို့ရဲ့ ပထမအဆင့် အောင်ပွဲပဲ'

ဗိုလ်မင်းဖြတ်ဇက ပိုမို၍ ရှင်းလင်းပြတ်သားစွာ ရှင်းပြလိုက်ရာ
ြို့စားလေးဗညားအိမ်မှာ ဘုရင်မကြီးအတွက် စိုးရိမ်ပူပန်သည့် အမူအရာဖြင့်
ာဝင်စားစွာ နားထောင်နေပေသည်။

'မင်းလှကောင်းကို ဗိုလ်မင်းဖြတ်ဇ ကိုယ်တိုင် ရှင်းလင်းသုတ်သင်
ခဲ့တယ်ဆိုပါတော့'

'မှန်ပါတယ်၊ ဒါပေမဲ့ သွေးအေးအေးနဲ့ ရက်ရက်စက်စက် သတ်ခဲ့တာ
ုတ်ပါဘူး။ ကျုပ် ဘယ်သူလဲဆိုတာ ပြောပြပြီး ဓားစွမ်းပြိုင်ဖို့ စိန်ခေါ်ပြီးမှ
စွမ်းပြရင်း အဆုံးစီရင်ခဲ့တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါထက် စောစောက သမိန်တိသဃကုမ္မာ ပြောသွားတဲ့ စကားအ
ဆိုရင် မင်းလှကောင်း အသတ်ခံရတဲ့အချိန်မှာ ဗိုလ်မင်းဖြတ်ဇဟာ သူနဲ့အ
မြစ်ဆိပ်မှာ ရှိနေတယ်လို့ သိရတယ်။ ဒီစကား မှန်ပါသလား'

သီရိဗြတ်ကမ္ဘန်က မရှင်းလင်းသေးသည့် အချက်ကို မေးလိုက်သည်

'မှန်သင့်သလောက် မှန်ပါတယ်။ ကျုပ်စောစောက ပြောခဲ့တဲ့အတိုင်း ကျုပ် မြစ်ဆိပ်ကိုဆင်းဦးမယ်ဆိုပြီးလမ်းခုလတ်မှာ ပုန်းအောင်းနေချိန် သမိန်တိသဃကုမ္မာ မြစ်ဆိပ်ကို ဆင်းသွားတယ်။ အဲဒီအချိန်မှာ ကျုပ်က သမိန်တိသဃကုမ္မာရဲ့ စံအိမ်တော်ကို ပြန်ပြီး မင်းလှကောင်းကို ရှင်းလင်းသုတ်သင်ခဲ့တယ်။ အဲဒီနောက် ဖြတ်လမ်းကနေပြီး မြစ်ဆိပ်ကို ကျုပ် ပြန်လာခဲ့တယ်။ ကုသိုလ်ကံ ကောင်းချင်တော့ လမ်းခရီးမှာ သမိန်တိသဃကုမ္မာဟာ သူ့ ဘဏ္ဍာစိုးနဲ့တွေ့လို့ အချိန်အတော်ကြာ ရပ်ပြီး စကားပြောနေကြတယ်။ ကျုပ် မြစ်ဆိပ်ကို ပြန်ရောက်ပြီး ခဏတစ်ဖြုတ်လောက် အကြာမှ သမိန်တိသဃကုမ္မာ ရောက်လာပါတယ်'

ဗိုလ်မင်းဖြတ်ဇက ရှင်းပြလိုက်သည်။

'လက်စသတ်တော့ ဒီလိုကိုး။ သမိန်တိသဃကုမ္မာ ပြောသွားတဲ့စကား အရ ဆိုရင် မင်းလှကောင်း သေဆုံးခဲ့ရတာဟာ ဗိုလ်မင်းရဲ့ လက်ချက် လုံးဝ ရိပ်စားမိဟန် မတူဘူး။ ဗိုလ်မင်း လုပ်ပုံကိုင်ပုံ ပိရိပါပေတယ်'

သီရိဗြတ်ကမ္ဘန်က ချီးကျူးလိုက်သည်။

'ဘုရင်မကြီးကို တိတ်တဆိတ် ချောင်းမြောင်း လုပ်ကြံဖို့ စေလွှတ်ထားတဲ့ ကြေးစား လူသတ်သမားတွေတော့ ကုန်သလောက် ရှိသွား နောက်ဆုံး ရောက်ရှိလာတဲ့ သုံးဦးကိုလည်း လက်ရ ဖမ်းမိထားပြီး ဖြစ် အတွက် ဘုရင်မကြီးရဲ့ အသက်အန္တရာယ်ကို စိုးရိမ်စရာ မရှိတော့ဘူး။ ဒါ မြို့စားလေး လက်မှတ်ထိုးခဲ့တဲ့ စာတမ်းကို သမိန်စက္ကဝေါရဲ့ လက်ထဲက အောင် ဆက်လက်ကြိုးစားရလိမ့်ဦးမယ်။ ဒီစာတမ်းက မြို့စားလေးအ သေရေးရှင်ရေးပဲ။ မြို့စားလေးသာ မကဘူး။ မြို့စားလေးရဲ့ အစ်မတော် ကြီးရာပါ အဖြစ် မီးလောင်တိုက် အသွင်းခံရမှာ သေချာတယ်။ ဒီစာတမ်း သမိန်စက္ကဝေါ သိမ်းဆည်းထားတာဟာ သူ့အဖို့ ခိုင်လုံတဲ့ အကြောင်းပြ ရှိမယ်'

ဗိုလ်မင်းဖြတ်ဇက ၎င်း၏ထင်မြင် ယူဆချက်ကို တင်ပြလိုက်သည်

'ဗိုလ်မင်းပြောတာ မှန်တယ်။ ကျုပ်သိရသလောက်ဆိုရင် မြို့စား [illegible] နှင်းကေသရာကို သမိန်စက္ကဝေါ သိမ်းပိုက်ဖို့ ကြိုးစားခဲ့





ပြီ၊ နှင်းကေသရာကို သူနဲ့လက်ထပ်ဖို့ ချစ်ရေးဆိုခဲ့ပေါ် ဒါပေမဲ့ ကေသရာက လုံးဝ လက်မခံဘဲ ခွေးပြောဝက်ပြော ပြောလွှတ်လိုက်တယ်။ ဒါကို မိန်စက္ကဝေါ နာကြည်းသွားပြီး နှင်းကေသရာကို သူ့ အောင် လုပ်ပြမယ်လို့ ကြုံးဝါးခဲ့တယ်။ အဲဒီနောက် မြို့ မြို့တော်ကိုခေါ်ပြီး အရက်သမားဖြစ်အောင် ဖျက်ဆီးခဲ့တယ်။ မူးနေချိန်မှာ ဗိုလ်မင်းပြောတဲ့စာတမ်းမှာ လက်မှတ်ထိုးခိုင်းခဲ့တယ်။ အဲဒီ မ်းနဲ့ အကျုပ်ကိုင်ပြီး နှင်းကေသရာကို သမိန်စက္ကဝေါ အပိုင်စီးဖို့ ကြံ မယ် ထင်တယ်။ အကျုပ်ကိုင်လို့ မရရင် စာတမ်းကို ဘုရင်မကြီးဆီ ဆက်သ မြို့စားလေးနဲ့ အစ်မတော် နှင်းကေသရာကို သစ္စာဖောက်များအဖြစ် မီးလောင် သွင်းဖို့ အကြံအစည် ရှိတယ်လို့ ကျုပ် စဉ်းစားလို့ ရတယ်'

သီရိဗြတ်ကမ္ဘန်က မိမိ၏အယူအဆကို တင်ပြလိုက်ရာ မြို့စားလေး အိမ်မှာ မိမိတစ်ဦးတည်းအတွက်သာ မဟုတ်ဘဲ အစ်မတော်အတွက်ပါ ထိတ်လန့်သွားပေသည်။ သမိန်စက္ကဝေါ၏ ယုတ်မာရက်စက်သည့် အကြံ ကို ကြားသိရသော အခါတွင်မူ သမိန်စက္ကဝေါနှင့် အပေါင်းအသင်း ခဲ့မိသည့် အမှားများကို နောင်တရကာ သမိန်စက္ကဝေါ၏ စက်ကွင်းမှ မြောက်အောင် ကယ်တင်ပြီး သမိန်စက္ကဝေါ သိမ်းဆည်းထားသည့် စာတမ်း သည် ရရှိရေးအတွက်ပါ အသက်ပေးပြီး ကူညီဆောင်ရွက်လျက်ရှိသော သီရိ ကမ္ဘန် အပေါ်တွင် ကျေးဇူးတင်၍ မဆုံးနိုင်အောင် ဖြစ်၍သွားပေသည်၊

'ကဲ ကျုပ်တို့ရှေ့ဆက်ပြီး ဘယ်လိုစခန်းသွားရမှာလဲဆိုတာ ဆွေးနွေး ရှိသေးတယ်။ သီရိဗြတ်ကမ္ဘန်ကို ကျုပ် ခဏခေါ်သွားပါရစေ'

ဗိုလ်မင်းဖြတ်ဇက မြို့စားလေးဗညားအိမ်ကို ခွင့်ပန်လိုက်ရာ ဗညား ကြည်သာစွာ ခွင့်ပြုလိုက်သည်။ သို့ရာတွင် သီရိဗြတ်ကမ္ဘန်သည် ထိုင် မထသေးဘဲ မိမိ၏ ရှေ့တည့်တည့်တွင်ရှိသော သွေးစွန်းနေသည့် တ်အသားကိုသာ ငေးစိုက်ကြည့်နေပေသည်။

'လာလေ သီရိဗြတ်ကမ္ဘန်၊ သွားကြမယ်'

ဗိုလ်မင်းဖြတ်ဇက ခေါ်လိုက်သည်။

'ခဏနေပါဦး၊ ကျုပ် ပြစရာတစ်ခု ရှိသေးတယ်'

သီရိဗြတ်ကမ္ဘန်သည် ပြောပြောဆိုဆို ထိုင်ရာမှ ထပြီး မိမိ ရှေ့တည့်တည့် ခုံတွင် ချိတ်ဆွဲထားသော သစ်သားလက်ပုံစံကို ဆွဲ၍လှည့်လိုက်ရာ နံရံ သွားကာ လူတစ်ယောက် ဝင်သာရုံ တံခါးတစ်ချပ် ပွင့်လာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့စားလေး ဗညားအိမ်မှာမှ အံ့အားသင့်သည့် အမူအရာဖြင့် သီရိဖြတ်ကမွန်အား ငေးစိုက်ကြည့်နေပေသည်။

'ဒီနေရာမှာ လျှို့ဝှက်တံခါး ရှိတယ်ဆိုတာ အကြည်တော် ဘယ်လို သိပါသလဲ'

ဗညားအိမ်က သီရိဖြတ်ကမွန်အား မေးလိုက်သည်။

'ဒီစံအိမ်တော်မှာ လျှို့ဝှက်စည်းဝေးခန်းတစ်ခု ရှိတာကို သိနေတာ ကြာပါပြီ။ ဒါပေမဲ့ သစ်ဝါးလက်ပုံစံကို လှည့်လိုက်ရင် လျှို့ဝှက်တံခါး ပွင့်လာ လိမ့်မယ် ဆိုတာတော့ ကျုပ်မသိဘူး။ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ ဒီသစ်သား လက်ပုံစံကြီးကို မသင်္ကာလို့ ဖြုတ်ကြည့်ချင်တာ ကြာပါပြီ။ ခုမှပဲ လက်အချိန် မနေနိုင်လို့ ဖြုတ်ကြည့်မိဘာပါ။ ခုလို ဖြုတ်ကြည့်မိတဲ့အတွက် ကျုပ်အပေါ် မြို့စားလေး စိတ်ဆိုးသလား'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'စိတ်မဆိုးပါဘူး၊ အကြည်တော်အပေါ်မှာ ကျွန်တော် ဘယ်တော့မှ စိတ်မဆိုးဘူး။ အမှန်အတိုင်း ပြောရမယ်ဆိုရင် ဒီနေရာမှာ လျှို့ဝှက်တံခါး ရှိတယ်ဆိုတာ အကြည်တော် သီရိဖြတ်ကမွန်ကို ပြသထားဖို့ ကြံစည်နေတာ ကြာပါပြီ။ အကြည်တော် အပေါ်မှာ ကျွန်တော့်ရဲ့ အရင်းနှီးဆုံးနဲ့ သစ္စာအရှိဆုံး အဆွေခင်ပွန်းအဖြစ် အသိအမှတ်ပြုထားရုံသာမက သွေးရင်းသားရင်းလို သဘောထားခဲ့တဲ့အတွက် ဘယ်တော့မှ စိတ်မဆိုးပါဘူး'

မြို့စားလေး ဗညားအိမ်က မိမိ၏ သဘောထားကို ရှင်းပြလိုက်သည်။

'ဒါထက် ဒီလျှို့ဝှက်တံခါးနဲ့ လျှို့ဝှက် စည်းဝေးခန်းအကြောင်း မြို့စားလေးအပြင် တခြား ဘယ်သူတွေ သိသလဲ'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'အစ်မတော် နှင်းကေသရာ တစ်ယောက်သာ သိပါတယ်'

'မြို့စားလေးရဲ့ နောင်တော်ဝမ်းကွဲ မင်းသိင်္ခတ် မသိဘူးလား'

'မသိဘူးလို့တော့ ထင်တာပဲ။ ဒါပေမဲ့ တပ်အပ်သေချာတော့ မပြော တတ်ဘူး'

'မသိဘူး ဆိုရင်တော့ အရေးမကြီးပါဘူး'

'သိရင်လည်း အရေးမကြီးပါဘူး။ ဒါမှ ထောင်ချောက်ထဲ ဝင်တိုးမိသလို ဖြစ်နေမှာ၊ ဒီလျှို့ဝှက်စည်းဝေးခန်းဟာ တစ်နေ့ကျရင် ကျုပ်တို့အဖို့ အသုံးဝင်လာ လိမ့်မယ် ထင်တယ်။ ကဲ လျှို့ဝှက်တံခါးကို ပြန်ပိတ်လိုက်ပါ။ ကျုပ်တို့ ဆွေးနွေး စရာရှိသေးတယ်'





ဗိုလ်မင်းဖြတ်ဇသည် ပြောပြောဆိုဆို သီရိဖြတ်ကမွန်ကို ခေါ်၍ ဥယျာဉ်ထဲသို့ ဆင်းသွားပေသည်။

## အခန်း ၂၉

ခင်ခုံတစ်ယောက်သောသူ ပစ်သွင်းလိုက်သည့် ကျောက်ခဲတစ်လုံးသည် လေသာ ပြတင်းမှ တစ်ဆင့် အခန်းထဲသို့ ဝင်လာပြီး အိပ်ရာပေါ်တွင် ပက်လက်လှန်၍ ခြေချိတ်ထိုးခိုစုံမှိတ်ကာ နဖူးပေါ်လက်တင် စဉ်းစားနေသော သီရိဖြတ်ကမွန်၏ ရင်ဝ ပေါ်သို့ တည့်တည့်မတ်မတ် ကျလာသဖြင့် သီရိဖြတ်ကမွန်သည် မျက်စိကို ပြူးသော ဖွင့်ကြည့်လိုက်သည်။

ရင်ဝပေါ်သို့ ကျလာသည့်ကျောက်ခဲမှာ လောက်စာလုံးသာသာမျှသာ ဖြစ်၍ အရှိန်ပြင်းစွာ ကျရောက်လာခြင်း မဟုတ်ဘဲ အသာအယာ ကျလာခြင်း ဖြစ်သည့်အပြင် ကျောက်ခဲတွင် ပေတိုတစ်ရွက် ကြိုးနှင့်ချည်၍ ပါလာသည်ကို တွေ့ရသဖြင့် သီရိဖြတ်ကမွန်သည် ကျောက်ခဲကို ကောက်ယူလိုက်ပြီး ကျောက်ခဲ နှင့် အတူပါလာသည့် ပေတိုကို ခေါင်းရင်းလေသာပြတင်းမှ ဝင်လာသည့် နေရောင်တက်စအချိန် ရောင်နီ၏ မှေးမှိန်သော အလင်းရောင်အောက်တွင် ထောင် ကြည့်လိုက်ရာ ပေရွက်ပေါ်တွင် ဝိုင်းစက်သည့် လက်ရေးများဖြင့် ရေးသား ထားသည့် စာတမ်းကို မြင်ရသဖြင့် ထိုစာတမ်းကို တစ်လုံးခြင်း ဖတ်ကြည့် လိုက်သည်။

**အရေးကြီးသော ကိစ္စတစ်ခုနှင့် ပတ်သက်၍ ဆွေးနွေးစရာ ရှိပါသဖြင့် ဥယျာဉ်တော်၏ အစွန်ရှိ ကုံကော်မြိုင်သို့ တစ်ယောက်တည်း လာခဲ့ပါ။**

**နှင်းကေသရာ။**

လက်ရေးမှာ နှင်းကေသရာ၏ လက်ရေးနှင့် ခပ်ဆင်ဆင်တူသည်ကို သီရိဖြတ်ကမွန် သတိပြုမိသဖြင့် ကပျာကယာ အိပ်ရာမှ လူးလဲထလိုက်ပြီး အသည်တော်ကောင်း ပီသစွာ လျင်မြန်ဖျတ်လတ်စွာ အဝတ်အစားများ ဝတ်ဆင်ပြီး မိမိ အမြဲတမ်း ကိုင်ဆောင်နေကျ လက်သုံးတော် ကိုးသချိုင်းဓားကို ဆွဲယူ၍ အိပ်ခန်းမှ ထွက်လာကာ အခြားအိပ်ပျော်နေသူများအား အနှောင့် အယှက် မဖြစ်စေရန် ခြေဖျားထောက်၍ ဆင်းလာခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်အရုဏ်တက်ချိန် ရောင်နီလာစ ပြုပြီ ဖြစ်ရာ အိပ်တန်း ဆင်း၍ အစာရှာထွက်သော ငှက်ငယ်တို့၏ သဘာဝတေးသံများကို ကြား ဆသည်။

သီရိဖြတ်ကမွန်သည် စံအိမ်တော်မှ ဆင်းလာခဲ့ပြီး ဥယျာဉ်တော် ဖြတ်ကျော်ကာ အရိပ်အာဝါသ ကောင်းလှသည့် ကံ့ကော်မြိုင်သို့ ပေါ် သွက်လက်သည့် ခြေလှမ်းများဖြင့် လာခဲ့ပေသည်။

ကျယ်ဝန်းသော ဥယျာဉ်တော်အတွင်းမှ ဖြတ်ကျော်စီးဆင်းလျ ရှိသည့် စမ်းချောင်းကလေးမှ တသွင်သွင် စီးနေသည့် ရေလှိုင်းသံများသ ကျေးငှက်သာရကာများ၏ သဘာဝတေးသံကို တူရိယာဂီတသံ နှောပေးလို သလို ဖြစ်နေပေသည်။

သီရိဖြတ်ကမွန်သည် ခြေတစ်လှမ်းသာသာမျှသာ ရှိသည့် စမ်းချော ကလေးကို ဖြတ်ကျော်၍ နေပြောက်မထိုးနိုင်အောင် အရိပ်အာဝါသ ကောင်း သည့် ကံ့ကော်မြိုင်ရှိရာသို့ လာခဲ့ရာမှ အစီအရီ စိုက်ပျိုးထားသည့် ကံ့ကေ ပင်ချို့များ အောက်သို့ ရောက်သောအခါ အနီးအနားတစ်ဝိုက်တွင် နှင်းကေသ ရှိသမျှည်အထင်နှင့် လှည့်ပတ်ကြည့်ရှုနေစဉ် လေမတိုက်ဘဲ သစ်ရွက်လှုပ်ရှ သံများနှင့်အတူ အစာရှာထွက်လာသော ငှက်ငယ်အချို့သည် ကံ့ကော်ပင်ပေ တွင် နားနေရာမှ ရုတ်တရက် အလန့်တကြား အော်မြည်၍ ပျံသန်းသွားကြသ အသံများကိုပါ ကြားရသဖြင့် စစ်သည်တော်ကောင်းပီသစွာ အစဉ်သတိရှိသေ သီရိဖြတ်ကမွန်သည် မြက်ခင်းပေါ်သို့ လျင်မြန် ဖျတ်လတ်စွာ ဝပ်ချလိုက် သည်။ ထိုသို့ လျင်မြန်ဖျတ်လတ်စွာ ဝပ်ချလိုက်သဖြင့်သာ သီရိဖြတ်ကမွန် သေဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရခြင်း ဖြစ်ပေသည်။

မြက်ခင်းပေါ်သို့ ဝပ်ချလိုက်သည့် အချိန်မှာပင် စောင်းကြိုးတ ရာမှ ရုတ်တရက်ပြတ်သွားသည့် အသံနှင့်တူသော အသံတစ်သံ ထွက်ပေါ ပြီး မိမိ၏ ဦးခေါင်းပေါ်မှဖြတ်၍ "ဝီ"ခနဲမြည်သွားသည့် အသံကို တစ်ဆက်တ ကြားရပေသည်။ "ဝီ"ခနဲ မြည်သွားသည့် အသံမတိတ်မီပင် "ဒေါက်" ခ မြည်သွားသည့်အသံကို ဆက်တိုက် ကြားရသဖြင့် မြက်ခင်းပေါ်တွင် ဝပ်နေရာ အသံကြားရာသို့ လှမ်းကြည့်လိုက်ရာ မိမိ၏ အနီးရှိ ကံ့ကော်ပင်၏ ပင်စည် မြားတင်ခင်း စိုက်နေသည်ကို တွေ့ရပေသည်။

သီရိဖြတ်ကမွန်မှာ အတွေ့အကြုံများသူ ဖြစ်သဖြင့် မြက်ခင်းပေ တွင် ဝပ်နေရာမှ ကြည်လင်တောက်ပြောင်သည့် မျက်လုံးများဖြင့် မြား ဝင်လွတ်လိုက်သည့် နေရာသို့ ကြည့်လိုက်ရာ ကံ့ကော်ပင်များ၏ ပင်စည်များ





အကာအကွယ်ယူ၍ မိမိရှိရာသို့ လာနေသည့် ဆံပင်စုတ်ဖွားနှင့် ရုပ်ဆိုးသော ကို မြင်ရသဖြင့် သီရိဖြတ်ကမွန်သည် လက်သုံးတော် ကိုးသချိုင်းသံများကို အိမ်ထဲမှ ဆွဲထုတ်ပြီး ခုခံရန် အသင့်ပြင်၍ နေပေသည်။

ဆံပင်စုတ်ဖွားနှင့်လူမှာ မျက်နှာတွင် အဝတ်နက်စည်းထားသဖြင့် ည်သူမည်ဝါ ဖြစ်သည်ကို မသိရပေ။ ဝတ်စားထားသည့် အဝတ်အစားများ လည်း ဟောင်းနွမ်းစုတ်ချာလျက် ရှိသည်ကို တွေ့ရပေသည်။ ထိုသူ၏ က်တစ်ဖက်တွင် ဒူးလေးတစ်လက် ကိုင်စွဲထားသည်ကို တွေ့ရပြီး ကျန်တစ်ဖက် င် ဓားမြှောင်ကိုင်ထားသည်ကို မြင်ရပေသည်။

သီရိဖြတ်ကမွန်သည် မြက်ခင်းပေါ်တွင် ဝပ်ပြီး ရန်သူအား အလစ် ပေးဘဲ မျက်ခြည်မပြတ် ကြည့်နေစဉ် သာယာသော သီချင်းသံတစ်သံ ထွက်လာသဖြင့် မျက်နှာတွင် အဝတ်နက်စည်းထားသူသည် ခြေလှမ်းတန့်သွား ပြီး သီချင်းသံကို အာရုံစိုက်လျက်ရှိစဉ် ဤတွင် ချက်ကောင်းကို စောင့်နေသော သီရိဖြတ်ကမွန်သည် ကိုးသချိုင်းသံများကို မြဲမြံစွာ ဆုပ်ကိုင်ကာ မြက်ခင်းပေါ် တွင် ဝပ်နေပြီး ချောင်းနေရာမှ လျင်မြန်စွာထ၍ ဆံပင်စုတ်ဖွားနှင့် ဒူးလေး ကိုင်ထားသော ရန်သူရှိရာသို့ လွှားခနဲခုန်၍ တစ်ရှိန်ထိုး လာခဲ့ပေသည်။

ဒူးလေးစွဲကိုင်ထားသော မျက်နှာဖုံးနှင့် ရန်သူမှာ သီရိဖြတ်ကမွန်၏ ခြေသံကို ကြားရသည်နှင့် တစ်ပြိုင်နက် ဒူးလေးကိုပင် မတင်နိုင်ဘဲ ကံ့ကော် ပင်များ အကြားမှ ကွေ့ကောက်ပြီး ဖနှောင့်နှင့်တင်ပါး တသားတည်းနေအောင် ထွက်ပြေးလေသည်။

သီရိဖြတ်ကမွန်သည် ထိုသူအား အမီလိုက်ရန် ကြိုးစားသော်လည်း ထိုသူမှာ လူပုံပန်းနှင့် မလိုက်အောင် လျင်မြန်ဖျတ်လတ်သူ ဖြစ်သည့်အပြင် ဤနေရာတစ်ဝိုက်၏ ပထဝီဝင်အခြေအနေကို ကောင်းစွာသိသူ ဖြစ်သဖြင့် နေ ပြောက်မထိုးအောင် အရိပ်အာဝါသကောင်းသည့် ကံ့ကော်ပင်များကို အကာ အကွယ်ယူကာ လှည့်ပတ်ကွေ့ကောက်ပြီး ထွက်ပြေးသဖြင့် ရုတ်တရက်မီအောင် လိုက်နိုင်ဘဲ ရှိနေလေသည်။

မျက်နှာဖုံးနှင့်လူမှာ ကံ့ကော်မြိုင်ကို ဖြတ်ကျော်၍ ဘေးစပ်ရှိ ချုံနွယ် များကို အကာအကွယ်ယူကာ ဆင်ခြေလျှောအတိုင်း ထွက်ပြေးသွားသဖြင့် သီရိဖြတ်ကမွန်သည် လူကိုမမြင်ရသော်လည်း ခြေသံကို နားထောင်ပြီး ထိုသူ ၏ နောက်သို့ မှန်းဆ၍ လိုက်ပါလာခဲ့စဉ် မိမိ၏အမည်ကို ခေါ်လိုက်သည့်အသံ ကြားရသဖြင့် အသံလာရာသို့ လှည့်ကြည့်လိုက်သောအခါ မိမိရှိရာသို့ အပြေး အလွှား လာနေသည့် နှင်းကေသရာကို မြင်လိုက်သဖြင့် သီရိဖြတ်ကမွန်၏



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်များ တန့်သွားပေသည်။ မျက်နှာဖုံးနှင့် လူကိုလည်း မျက်ခြည်ပြတ်၍ သွားလေသည်။

'စစ်သည်တော်ကြီး စစ်သည်တော်ကြီး၊ ဘယ်လို ဖြစ်ကြတာလဲ'

နှင်းကေသရာက မောကြီးပန်းကြီး ပြေးလာရင်း မေးလိုက်သည်။

'လူယုတ်မာ တစ်ယောက်ကို ရိပ်ခနဲမြင်လိုက်လို့ အရှင်ရရ အသေရ ဖမ်းရအောင် အမိလိုက်လာခဲ့တာပါ'

'လက်ထဲမှာလည်း ဓားကြီးကိုင်လို့ပါလား။ မျက်နှာကြီးကလည်း ကြောက်စရာပါလား။ လူကို အစိမ်းလိုက်များ ဝါးစားတော့မလား အောက်မေ့ရတယ်'

'အစိမ်းလိုက် ဝါးစားချင်လို့ မီအောင် လိုက်လာခဲ့တာပဲ'

သီရိဇြတ်ကမ္ဘန်မှာ ရန်သူကို မျက်ခြည်ပြတ်သွားသဖြင့် ဒေါပွနေ ရပေသည်။

'လူယုတ်မာဆိုတာ ဘယ်သူလဲ၊ စောစောက သစ်ပင်ကြို သစ်ပင်ကြား ပျောက်ကွယ်သွားတဲ့ လူကို ပြောတာ မဟုတ်လား'

'မှန်ပါတယ်၊ လက်ရဖမ်းဆီးရမိဖို့ သီသီကလေး လိုတော့မှ လွတ် သွားတာ အသည်းနာဖို့ ကောင်းတယ်'

'ဘယ်သူ ဘယ်ဝါမှန်း မသိလိုက်ဘူးလား'

'မျက်နှာမှာ အဝတ်နက် စည်းထားလို့ ဘယ်သူဘယ်ဝါမှန်း မသိ လိုက်ဘူး'

သီရိဇြတ်ကမ္ဘန်က အခဲမကျေသည့် အမူအရာဖြင့် ပြောလိုက်သည်။

'စစ်သည်တော်ကြီးကို ကြည့်ရတာ ဒေါပွနေပုံ ရတယ်။ ဘာဖြစ် လို့များ ဒါလောက်တောင် ဒေါပွနေရတာလဲ'

'ခွေးတိရစ္ဆာန်ကို လက်ရဖမ်းဆီးမိဖို့ သီသီကလေးလိုတော့မှ လွတ် သွားလို့ ဒေါပွနေတာပါ။ ခုမှတော့ အကြောင်းမထူးတော့ပါဘူး။ သူ့နောက်ကို လိုက်လို့လည်း မဖြစ်ဘူး။ နေရာကောင်းယူပြီး ရန်မူမှာ စိုးရတယ်။ ဥယျာဉ်တော် ထဲ ပြန်ကြတာပဲ ကောင်းပါတယ်။ ဒီနေရာမှာဆိုရင် အန္တရာယ်များပါတယ်'

သီရိဇြတ်ကမ္ဘန်က သတိပေးလိုက်သည်။ သီရိဇြတ်ကမ္ဘန် ပြောလိုက် သည့်စကားကို ကြားရသောအခါ နှင်းကေသရာ၏ မျက်နှာမှာ သိသိသာသာ ကြီး ဖြူဖပ်ဖြူရော် ဖြစ်သွားပေသည်။

'စစ်သည်တော်ကြီး ပြောတာ မှန်တယ်။ ဒီနေရာဟာ သိပ်အန္တရာယ် များတယ်။ စစ်သည်တော်ကြီး ပြောမှ သခင်မ သတိရပြီး ကြက်သီးမွေးညင်း တောင် ထ မိတယ် လာ .... သွားကြစို့'





နှင်းကေသရာသည် တုန်ယင်သည့်အသံဖြင့် ပြန်ပြောရင်း သီရိဇြတ်ကမ္ဘန် ကို အားကိုးသည့် အမူအရာဖြင့် မိမိ၏ ဖြူဖွေးနူးညံ့သည့် လက်ချောင်းများဖြင့် သီရိဇြတ်ကမ္ဘန်၏ ကြမ်းတမ်းသော လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားလိုက် ရာ သီရိဇြတ်ကမ္ဘန်မှာ လောကကြီး တစ်ခုလုံးကိုပင် မေ့လုမတတ် ဖြစ်သွားလေ သည်။

နှင်းကေသရာမှာမူ တစ်စုံတစ်ရာ စဉ်းစားမိသည့် အမူအရာဖြင့် ထိတ် လန့် တုန်လှုပ်နေပေသည်။ သီရိဇြတ်ကမ္ဘန်၏ လက်ကို ဆုပ်ကိုင်ရင်း ဥယျာဉ် တော် ရှိရာသို့ ပြန်လာခဲ့ကြစဉ် သီရိဇြတ်ကမ္ဘန်မှာ မြေကြီးနှင့်ခြေဖဝါး ထိသည် ဟုပင် မထင်မိဘဲ လေထဲတွင် လျှောက်ရဘိသကဲ့သို့ မကြုံစဖူး ထူးကဲသည့် အရသာကို ခံစားနေရပေသည်။

စမ်းချောင်းကလေး အနီးသို့ ရောက်ရှိလာချိန်တွင် အရှေ့ဆီမှ နေလုံး ကြီး ထွက်ပေါ်စ ပြုပြီဖြစ်၍ တသွင်သွင် စီးဆင်းနေသည့် စမ်းချောင်းကလေးနှင့် ဥယျာဉ်တော်မှာ ဖျော့တော့သည့် နေရောင်ခြည်အောက်တွင် နန္ဒဝန်ဥယျာဉ်နှင့် မခြားနားလား ဝေလား အလှချင်း ပြိုင်နေသည်ဟု မှတ်ထင်ရပေသည်။

နေရောင်ခြည်ကို မြင်ရသည့်အခါ နှင်းကေသရာမှာ ကြောက်စိတ် များ တစ်စတစ်စ ကွယ်ပျောက်သွားသဖြင့် သီရိဇြတ်ကမ္ဘန်၏ လက်ကို လွှတ် လိုက်ပြီး သက်ပြင်းချလိုက်သည်။

'ခုမှပဲ အသက်မှန်မှန် ရှူနိုင်တော့တယ်။ ကံ့ကော်မြိုင်တောတန်းကို ဖြတ်ကျော်လာခဲ့တုန်းကဆိုရင် အသည်းတထိတ်ထိတ်နဲ့ အသက်တောင် မှန်မှန် မရှူနိုင်ဘူး'

နှင်းကေသရာသည် သာယာသော နံနက်ခင်း၏ ရှုမျှော်ခင်းကို ငေး မောကြည့်ရင်း ကြည်နူးသည့် အသွင်ဖြင့် ပြောလိုက်သည်။ နှင်းကေသရာ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေရာမှ အဖြူပေါ်တွင် ပန်းနုရောင်သမ်းစ ပြုလာသဖြင့် နီတျာတျာအဆင်းရှိသည့် နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် တချင်တိုင်း လှ၍နေပေသည်။

'နံနက်ခင်းရဲ့ သာယာတဲ့ရှုမျှော်ခင်းကတော့ ကြည်နူးစရာ မကောင်း ဘူးလား။ အစာရှာထွက်လာကြတဲ့ ကျေးငှက်သာရကာတွေရဲ့ သဘာဝအားသံ တော့ တီတီတာတာ ပလီပလာနဲ့ နားဝင်မဆိမ့်ဘူးလား၊ လေပြည်လေညင်း တိုက်ခတ်သွင်းလိုက်တဲ့အခါ သစ်ရွက်ချင်း ရိုက်ခတ်တဲ့ အသံတွေဟာ နတ်ဆောင်း ဒုန်ယာ ဂီတသံနဲ့ အရုဏ်ဦးကို ကြိုဆိုနေသလို မထင်ရဘူးလား'

သီရိဇြတ်ကမ္ဘန်သည် နှင်းကေသရာအား ကြောက်စိတ်များ ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ထွေးယ်သွားစေရန်နှင့် ကြည်လင် ရွှင်လန်းလာစေရန် နံနက်ခင်း၏ သာယာ
ချိန်းခွင်ချိန်း ဖွင့်လိုက်ရာ နှင်းကေသရာသည် သီရိဖြတ်ကမ္ဘန်အား တစေ့တစော
ကြည့်ပြီး မသိမသာ ပြုံးလိုက်သည်။

'မားတစ်လက်ကို အရင်းတည်ပြီး သေမင်းနဲ့ စစ်ခင်းလာခဲ့တဲ့ စစ်သ
တော်ကြီးပေမယ့် ကဗျာဆန်ဆန် စိတ်ကူးအယဉ်သားပါလား။ စစ်သည်တော
ကြီး ရင့်မကြီး ဖြစ်ပါလျက် ကဗျာဆန်ဆန် စိတ်ကူးယဉ်တာကို တွေ့မြင်ရ
အလိုလို စိတ်ကြည်နူးလာပြီး ညီမတော်နှင်းကေရီရဲ့ ကဗျာဆန်လှတဲ့ ဖူးစာ
စိမ်လာပုံကို စိတ်အာရုံထဲမှာ မြင်လာတယ်။ ဒါထက် ညီမတော် နှင်းကေရီ
စစ်သည်တော်ကြီးရဲ့ ရဲဘော်ရဲဘက်ဖြစ်တဲ့ မင်းစည်သူနဲ့ ဖူးစာမျှနေကြ
မဟုတ်လား၊ အရီးဘုရား ပြောပြလို့ သခင်မ သိရပြီးပါပြီ'

နှင်းကေသရာက စကား စ ပေးလိုက်သည်။

'ဤကြောင်း အမှန်ပါ'

'ခုလို သာယာကြည်နူးဖွယ် ကောင်းတဲ့အချိန်မှာ သခင်မကို မြို့
ကြီးရဲ့ သမီးဦး နှင်းကေသရာအဖြစ် မဆက်ဆံဘဲ အရပ်သူ ခင်စောမယ်အ
ရင်းရင်းနှီးနှီး ဆက်ဆံစေချင်ပါတယ်။ စစ်သည်တော်ကြီးကိုလည်း အဆွေခင်ပွ
ဆောင်း တစ်ယောက်အနေနဲ့ သွေးရင်းသားရင်းလို သဘောထားပြီး ပြော
ရှိတာကို ပွင့်ပွင့်လင်းလင်း ပြောချင်ပါတယ်။ ဟောဟိုရှေ့နားဆီက သစ်ပင်
အောက်မှာ ဆွေးနွေးစရာ ရှိတာကို အေးအေးဆေးဆေး ဆွေးနွေးကြရ
မကောင်းဘူးလား'

နှင်းကေသရာသည် သီရိဖြတ်ကမ္ဘန်အား ရှေ့ဆောင်ပြီး စမ်းချော
ကလေးကို ဖြတ်ကျော်၍ နေပြောက်မထိုးအောင် အရိပ်အာဝါသကောင်းသ
ကံ့ကော်ပင်ပျိုရှိရာသို့ လာခဲ့ကြပေသည်။ သီရိဖြတ်ကမ္ဘန်မှာမူ နှင်းကေသ
နှင့်အတူ လိုက်ပါလာစဉ် နံနက်ခင်း၏ လေပြည်လေညင်းများ ယူဆောင်
သည့် နှင်းကေသရာ၏ ခန္ဓာကိုယ်မှ အမွှေးနံ့သာများ၏ ဂန္ဓာရုံကို တစိမ့်
ခံစားနေရသဖြင့် ရင်ထဲတွင် သိမ့်ခနဲ စိမ့်ခနဲ ဖြစ်၍နေပေသည်။

စမ်းချောင်းကလေးကို ဖြတ်ကျော်လာကြစဉ် နှင်းကေသရာသ
ထဘီကို ခြေသလုံးပေါ်အောင် စွန်တောင်ဆွဲပြီး လာခဲ့သဖြင့် ၎င်း၏ ဖြူ
နုထွတ်သည့် ခြေဖဝါး၊ ခြေဖမိုးနှင့် ခြေသလုံးသားများကို ခြေလှမ်း လှမ်းလို
သည့် အခါတိုင်း မြင်ရသဖြင့်သီရိဖြတ်ကမ္ဘန်မှာ ခြေလှမ်းကိုပင် မှန်မှန်မလှ
နိုင်ဘဲ အိုးနင်းခွက်နင်း ဖြစ်နေသဖြင့် မိမိ၏စိတ်ကို သတိနှင့်ထိန်းချုပ်
ဏ္ဍန်ရရ လိုက်ပါခဲ့ရပေသည်။





နှင်းကေသရာမှာ စမ်းချောင်းကလေးကို ဖြတ်ကျော်ရာမှ နောက်သို့
ထိမသာ လှည့်ကြည့်လိုက်သောအခါ မိမိ၏ သလုံးသားကို ငေးကြည့်နေပြီး
လိုက်ပါလာသော သီရိဖြတ်ကမ္ဘန်ကို မြင်ရသဖြင့် ရှက်စနိုးသည့် အမူအရာဖြင့်
ရှေ့ဘက်သို့ပြန်လှည့်သွားပြီး စမ်းချောင်း၏ ဟိုမှာဘက်ကမ်းသို့ ရောက်သည်နှင့်
ခြေပြိုင်နက် ထဘီစကို ဆွဲချလိုက်ပေသည်။

'အရီးဘုရားက ခင်စောမယ်ကို ခြေတံရှည်တယ်လို့ ကဲ့ရဲ့ခဲ့တာကို
စစ်သည်တော်ကြီး အမှတ်ရသေးတယ် မဟုတ်လား။ အရီးဘုရားကတော့
ကိုယ်လုံးကိုယ်ထည် သေးသေးကွေးကွေးနဲ့ ပုပုပြတ်ပြတ်ဆိုတော့ ခင်စောမယ်
ကို ခြေတံရှည်တယ်လို့ သူ့မျက်စိထဲမှာ မြင်နေမှာ အမှန်ပဲ။ စစ်သည်တော်ကြီး
ကော ဘယ်လို သဘောရသလဲ'

နှင်းကေသရာသည် ခါတိုင်းဆိုလျှင် မိမိကိုယ်ကိုမိမိ သခင်မဟု
ပြောလေ့ရှိသော်လည်း ယခုအကြိမ်တွင်မူ စောစောက စကားပလ္လင်ခံထားသည့်
အတိုင်း မိမိ၏ငယ်နာမည်ကို ဖော်၍ ရင်းနှီးသည့် အမူအရာဖြင့် စမ်းချောင်းကို
ဖြတ်ခဲ့စဉ်က မိမိ၏ခြေသလုံး ပေါ်သွားသည်ကို အရှက်ပြေ ပြောလိုက်ခြင်း
ဖြစ်ပေသည်။

'မှန်ပါတယ်၊ သီရိမာလာ သခင်မကြီးကတော့ ကိုယ်လုံးကိုယ်ထည်
သေးသေးကွေးကွေးနဲ့ တစ်တစ်ရစ်ရစ် ချစ်စရာကောင်းပါတယ်။ နှင်းကေသရာ
သခင်မကတော့ မနိမ့်လွန်း မမြင့်လွန်း၊ မပိန်လွန်း မဝလွန်း၊ မဖြူလွန်း မညိုလွန်း
တဲ့ အပြစ်ခြောက်ပါးနဲ့ ကင်းစင်ပြီး ခါးသေးလို့ ရင်ချီ ပဒုမ္မနီ ဆိုတဲ့ စကားနဲ့
ညီ အချိုးအဆစ် ပြေပြစ်ပါတယ်'

သီရိဖြတ်ကမ္ဘန်က မျက်နှာသေကြီးနှင့် ပြန်ပြောလိုက်ရာ နှင်းကေသရာ
သည် ဖြူဖွေးညီညာသော သွားများပေါ်အောင် ပြုံးလိုက်မိသည်။

'စစ်သည်တော်ကြီးကပေမယ့် စကားအရာမှာ ကြွယ်ပေသားပဲ။
ဒါ ... ကံ့ကော်ပျိုရဲ့ အရိပ်မှာ လေညင်းခံရင်း အေးအေးဆေးဆေး စကား
ပြောရအောင်'

နှင်းကေသရာသည် ပြောပြောဆိုဆို ပင်စည်တွင် မြားတံစိုက်ဝင်နေသည့်
ကံ့ကော်ပင်ပျို၏ အရိပ်အောက်ရှိ မြက်ခင်းပေါ်တွင် ခြံလွှာကိုခင်း၍ ထိုင်
လိုက်သည်။

'စစ်သည်တော်ကြီးလည်း ထိုင်လေ'

နှင်းကေရာက မိမိ၏အနီးတွင် ထိုင်ရန် ညွှန်ပြရင်း ပြောလိုက်သည်၊

'နှင်းကေသရာ သခင်မသာ ထိုင်တော်မူပါ'



www.burmeseclassic.com

www.burmeseclassic.com



သီရိဖြတ်ကမ္ဘန်က ပြန်ပြောလိုက်ရာ နှင်းကေသရာသည် မိမိအား သခင်မဟု ခေါ်လိုက်သည်ကို သဘောတော် မကျသည့် အမူအရာဖြင့် သီရိ ဖြတ်ကမ္ဘန်အား ပြန်ကြည့်လိုက်သည်။

'သခင်မလို့ မခေါ်စမ်းပါနဲ့၊ ခင်စောမယ်လို့ ရိုးရိုးပဲ ခေါ်စမ်းပါ'

'ကောင်းလှပါပြီ၊ ခင်စောမယ်လို့ ခေါ်ခွင့်ပြုရင် ခေါ်ပါမယ်။ ဒါ အသာထားပြီး စောစောစီးစီး ဘယ်လိုအကြောင်းကိစ္စရှိလို့ ဥယျာဉ်တော်ထဲ တစ်ယောက်တည်း ဆင်းလာရပါသလဲ'

သီရိဖြတ်ကမ္ဘန်က မိမိ သိလိုသည့် အချက်ကို မေးလိုက်သည်။

'ဘာအကြောင်း ဘာကိစ္စမှ မရှိပါဘူး။ ထွေရာတွေ စိတ်ကူးပြီး အိပ်စက်လို့ မပျော်နိုင်တာနဲ့ လေသာပြတင်းကိုဖွင့်ပြီး နံနက်ခင်းရဲ့ သာယာပုံ ထွက်ကြည့်ရင်း လေညင်းခံနေတာပါ။ အဲဒီလို လေညင်းခံနေတုန်း စစ်သည်တော် ကြီး ဥယျာဉ်ထဲ ဆင်းလာတာ မြင်လို့ စစ်သည်တော်ကြီးကို နောက်ယောင်ခံပြီး လိုက်လာခဲ့တာပါ။ စစ်သည်တော်ကြီးနဲ့ ခုလို လွတ်လွတ်လပ်လပ် တွေ့ရ အချိန်မှာ ပြောစရာ ရှိတာကို ပြောပြီး တိုင်ပင်စရာ ရှိတာကို တိုင်ပင်ရရင် ကောင်းမလားဆိုပြီး ဥယျာဉ်ထဲကို ဆင်းလာခဲ့တာပါ'

'ညီမတော် နှင်းဧကရီနဲ့ မင်းစည်သူတို့ ကိစ္စကို ဆွေးနွေးချင်လို့ လား'

သီရိဖြတ်ကမ္ဘန်က လမ်းခင်းပေးလိုက်သည်။

'မဟုတ်ပါဘူး၊ ခင်စောမယ်အပေါ်မှာ စစ်သည်တော်ကြီး ဘယ်လို မြင်သလဲ၊ ဘယ်လို သဘောထားသလဲ။ ဒါကို ပွင့်ပွင့်လင်းလင်း သိချင်တယ်။ ခင်စောမယ်မှာ အပြစ်ရှိရင် မညှာမတာ ပြစ်တင်ဝေဖန်စေချင်တယ်။ ခင်စောမယ် ရဲ့ အမှားတွေလည်း တစ်ခုစီတစ်ခုစီ ကွက်ကွက်ကွင်းကွင်း မြင်လာအောင် ထောက်ပြစေချင်တယ်'

'စိတ်မဆိုးဘူး ဆိုရင်တော့ ပြောပါမယ်။ ဒါပေမဲ့ ပထမဦးဆွာ မင်းစည်သူနဲ့ နှင်းဧကရီတို့ ဖူးစာရေစက် ဆုံစည်းကြပုံကို နှင်းကေသရာ သခင်မ၊ အေးလေ ယောင်လို့၊ ခင်စောမယ် သိသင့်သလောက် သိထားနိုင်အောင် ရှင်းပြချင်ပါသေးတယ်။ မင်းစည်သူအနေနဲ့ နှင်းဧကရီကို ပန်းလှိုင်ထိပ်ထား သီရိမာလာသခင်မကြီးရဲ့ သမီးတော်အဖြစ် မွေးစားထားတဲ့ တူမတော် ဖြစ် ကြောင်း လုံးဝ မသိပါဘူး။ ယာတောရှင် ဗောလကွန်နဲ့ တလထော်တို့ ဇနီး မောင်နှံရဲ့တူမ မင်းညီမြအဖြစ်သာ သိခဲ့ပါတယ်။ ရိုးသားတဲ့ လယ်တောသူ မင်းညီမြအဖြစ် မေတ္တာမျှခဲ့ကြပြီး အကြင်လင်မယားဘဝသို့ ရောက်ရှိခဲ့ခြင်း





ဖြစ်တယ်ဆိုတာကို ခင်စောမယ် သိထားစေချင်ပါတယ်။ [illegible] နှင်းဧကရီ [illegible] သီရိမာလာ သခင်မရဲ့ တူမတော်ဖြစ်ကြောင်းသာ [illegible] သိရင် မင်းစည်သူနဲ့ ရေစက်ဆုံစည်းဖို့ အကြောင်းကံ စီမံလာမှာ [illegible] ...က ရှောင်သွားမှာပါ'

သီရိဖြတ်ကမ္ဘန်က မင်းစည်သူ အပေါ်တွင် ဣတ္ထိယသိ [illegible] ...ဆင်မလွဲစေရန် ရှင်းပြလိုက်သည်။

'လက်စသတ်တော့ ညီမတော် နှင်းဧကရီဟာ ဗောလကွန်ရဲ့ [illegible] ...သာပုန်းနေတာကိုး။ ဒါက အရေးမကြီးပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး မိခင် ...နှံ့မစင်သေးတဲ့ တူမတော်ကို ဖြားယောင်းသွေးဆောင်ရမလား ဆိုပြီး အမျိုး ...ဒေါသူပုန် ထနေတယ်။ ဖြားယောင်းသွေးဆောင်တဲ့ လူကိုပါ မင်းပြစ် ...ဏ် သင့်အောင် လက်စားချေမယ်လို့ ကြုံးဝါးနေတယ်။ ခင်စောမယ် ...နေနဲ့ကတော့ ညီမတော် နှင်းဧကရီတို့ ဇနီးမောင်နှံကို တတ်နိုင်တဲ့ အကူ ...ညီ ပေးချင်တဲ့ စိတ်ဆန္ဒတော့ ရှိပါတယ်'

ခင်စောမယ် အမည်ခံ နှင်းကေသရာက သီရိဖြတ်ကမ္ဘန်၏ အမူ ...ရာကို မသိမသာ ကြည့်ရင်း မပွင့်တပွင့် ပြောလိုက်သည်။

'ဒီစကား ကြားရတာ ဝမ်းသာအားရ ရှိလှပါတယ်။ ခင်စောမယ်ရဲ့ ...ကူအညီကိုသာ ရမယ်ဆိုရင် အားလုံး အဆင်ပြေသွားနိုင်စရာ ရှိပါတယ်'

'ခင်စောမယ်ကူညီမှ အဆင်ပြေမှာလား။ လက်ရုံးရည်ရော နှလုံးရည် ...ပြည့်ဝတဲ့ ပညာရှိသုခမိန် စစ်သည်တော်ကြီး သီရိဖြတ်ကမ္ဘန် တစ်ယောက် ...မားမားမတ်မတ် ရှိနေသားပဲ မဟုတ်လား။ သူတို့ဇနီးမောင်နှံရဲ့ ပြဿနာကို အဆင်ပြေအောင် ဖြေရှင်းပေးဖို့ ပညာရှိသုခမိန်ကြီး သီရိဖြတ်ကမ္ဘန်ကို တာဝန် ...လိုက်ရင် ပြီးတာပဲ။ သူများရဲ့ ကိစ္စကို ဆွေးနွေးနေမယ့်အစား ခင်စောမယ် ... စစ်သည်တော်ကြီး ဘယ်လိုမြင်သလဲဆိုတာ ပွင့်ပွင့်လင်းလင်း ပြောရဲ ...မလား'

နှင်းကေသရာက ပြုံးစိစိ အမူအရာဖြင့် သီရိဖြတ်ကမ္ဘန်အား ဆော့ ...က်သည်။

'ပွင့်ပွင့်လင်းလင်း ပြောရင် စိတ်ဆိုးမှာလား'

သီရိဖြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'ခင်စောမယ် စိတ်ဆိုးမှာကို စစ်သည်တော်ကြီး ကြောက်သလား'

'စိတ်ဆိုးမှာကို ကြောက်လို့ မေးနေတာ မဟုတ်ပါဘူး။ သိချင်လို့ ...းနေတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ဆိုးမှာ မကြောက်ဘူး ဆိုရင် ပြောလေ'

'ကောင်းပါပြီ၊ ပြောပါ့မယ်'

သီရိဖြတ်ကမ္ဘန်သည် ပြောပြောဆိုဆို မိမိ၏ အခန်းထဲသို့ တစ်ဘစ်ယောက်သောသူက ပစ်သွင်းလိုက်သည့် ကျောက်ခဲလုံးနှင့် အတူပါလာသည့် နှင်းကေသရာ၏ လက်မှတ်နှင့် စာလွှာကို ထုတ်ယူလိုက်သည်။

သီရိဖြတ်ကမ္ဘန်၏ လက်ထဲတွင် စာလွှာတစ်စောင်ကို မြင်လိုက်ရသောအခါ နှင်းကေသရာသည် မိမိနှင့်အတူ ယူဆောင်လာသည့် မိုးအုံးနောင် ဆက်သသည့် ကဗျာလင်္ကာများကို သတိရသဖြင့် သီရိဖြတ်ကမ္ဘန်အား လက်ဝါး ကာပြလိုက်သည်။

'နေပါဦး၊ နေပါဦး။ စစ်သည်တော်ကြီးကို ပြောစရာ စကားတစ်ခွန်း ကျန်နေသေးတယ်။ စစ်သည်တော်ကြီးရဲ့ လက်ထဲက စာလွှာကို မြင်ရတော့ မိုးအုံးနောင် မောင်ဘုရား ဆက်သတဲ့ ကဗျာလင်္ကာတွေကို ပြေးပြီး သတိရတယ်။ ကဗျာလင်္ကာတွေကတော့ နန်းတွင်းစာဆိုတော်ကြီးတွေ အရှုံးပေးရလောက်အောင် ပြောင်မြောက်ပါပေတယ်။ သူ့ရဲ့ ကဗျာလင်္ကာတွေကို ဖတ်ရတဲ့အခါတိုင်း သူ့အပေါ်မှာ အကြည်ညိုမတိုးဘဲ မနေနိုင်ဘူး။ မိုးအုံးနောင် မောင်တော်ဘုရားသာ စာစီစကုံး အနှုန်းအဖွဲ့တွေ ပြောင်မြောက်သလောက် စကားအရာမှာလည်း စစ်သည်တော်ကြီးလိုသာ ကြွယ်ဝမယ်ဆိုရင် မိုးအုံးနောင် မောင်တော်ဘုရား အပေါ်မှာ ခင်စောမယ် မေတ္တာတုံ့ပြန်မိမှာ သေချာတယ်။ နှစ်ဦးနှစ်ဖက်သော လူကြီးမိဘတွေ ဝမ်းတွင်းကတိ ထားခဲ့ကြတဲ့အတိုင်း စုလျားရစ်ပတ် ထိမ်းမြား လက်ထပ်ဖို့ပါ သဘောတူမိမှာ အမှန်ပဲ။ ဒါပေမဲ့ ....'

ခင်စောမယ် အမည်ခံ နှင်းကေသရာသည် သီရိဖြတ်ကမ္ဘန်အား အစ်ပွားယ်ပြည့်ဝသော မျက်လုံးများဖြင့်ကြည့်ရင်း ပြုံးစိစိ မထိတထိပြောလိုက်ရာ သီရိဖြတ်ကမ္ဘန်မှာ မိမိမေးလိုသည့် မေးခွန်းကို မေးရန် သတိမရတော့ဘဲ နှင်းကေသရာအား မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိသည်။

'ဒါပေမဲ့ .... '

နှင်းကေသရာသည် သီရိဖြတ်ကမ္ဘန်၏ အမူအရာကို အကဲခတ်ရင်း စကားစလိုက်ပြန်သည်။ သို့ရာတွင် ရှေ့သို့မဆက်နိုင်ဘဲ ထိုနေရာမှာပင် ရပ်တန့်သွားပြန်သည်။

'ရှေ့ဆက်ပြီး မိန့်တော်မူပါဦး'

သီရိဖြတ်ကမ္ဘန်က နှင်းကေသရာပြောမည့် စကားကို ကြားလိုသည့် စိတ်ဆန္ဒ ပြင်းပြသည့် အမူအရာဖြင့် လမ်းခင်းပေးလိုက်သည်။





သီရိဖြတ်ကမ္ဘန်က နှင်းကေသရာ ပြောမည့်စကားကို ကြားလိုသည့် စိတ်ဆန္ဒပြင်းပြသည့် အမူအရာဖြင့် လမ်းခင်းပေးလိုက်သည်။

'စကားလုံး လှလှကလေးတွေနဲ့ တန်ဆာဆင်ပြီး ရသမြောက်အောင် ...သားသီကုံးနိုင်စွမ်းရှိတဲ့ စာဆိုတော် ကဝိတစ်ဆူက သူပြောချင်တဲ့ စကားကို ...အောင် လေးလုံးကွဲအောင် မပြောတတ်ဘူးဆိုတာ အံ့သြစရာ မကောင်းဘူးလား၊ ...ကတ်တုရွေးကို စကားသင်ပေးထားရင် သင်ပေးထားသလောက်တော့ ပြောတတ်...ဘာပဲ။ ကဗျာလင်္ကာတွေကို ပြောင်မြောက်အောင် ဖွဲ့နွဲ့သီကုံးနိုင်တဲ့ ...တစ်ယောက်က ကြက်တုရွေးလောက်တောင် စကားမပြောတတ်ဘူးဆိုတာ ...နိုင်ပါ့မလား။ သူဆက်သတဲ့ ကဗျာလင်္ကာတွေကို ဖတ်ရတာ နားအရသာ ...သလောက် သူပြောတဲ့စကားကို နားထောင်ရတာ နားကလောစရာပဲ။ ...စီစကုံး အနှုန်းအဖွဲ့မှာ သူမတူအောင် ပြောင်မြောက်တဲ့လူဟာ စကားပြော...အခါ လေးလုံးကွဲအောင် မပြောတတ်တာ ဘာကြောင့်လဲ။ အဲဒီပြဿနာကို ...စစ်သည်တော်ကြီး ဖြေရှင်းပေးစမ်းပါ'

နှင်းကေသရာက သီရိဖြတ်ကမ္ဘန်အား မျက်ခြည်မပြတ် အကဲခတ်...း ပြဿနာတစ်ရပ်ကို ဖြေရှင်းပေးရန် တာဝန်ပေးလိုက်သည်။

'ဒီမေးခွန်းရဲ့ အဖြေကတော့ ရှင်းနေပါတယ်။ မိုးအုံးနောင်ဟာ အရှက် ...ကြောက် ကြီးသူ ဖြစ်တဲ့အတွက် ခင်စောမယ်ရဲ့ ရှေ့မှောက်ကို ရောက်၍ ...တဲ့အခါ သူ့ရဲ့စိတ်ထဲမှာ ရှိတာကို ပါးစပ်က မထွက်ရက်ဘဲ အာစေးထည့်ထား ...လို ဖြစ်နေတာ ဖြစ်ပါလိမ့်မယ်။ စာစီစကုံး အနှုန်းအဖွဲ့မှာ ပြောင်မြောက် ...ဲ့ စာဆိုတော်တွေဟာ များသောအားဖြင့် စကားပြောတဲ့နေရာမှာ အထစ်ထစ် ...ငေါ့ငေါ့ ဖြစ်တတ်ပါတယ်။ စကားပြောကောင်းသူဟာ စာအရေးအသားမှာ ...တတ်ပါတယ်။ စကားအရာမှာ လိမ္မာသလောက် စာစီစကုံး အနှုန်းအဖွဲ့မှာ ...ပြောင်မြောက်တဲ့ စွယ်စုံပုဂ္ဂိုလ် အင်မတန် ရှားပါတယ်'

သီရိဖြတ်ကမ္ဘန်က ခင်စောမယ်အမည်ခံ နှင်းကေသရာအား စေ့စေ့ ...ကြည့်ဘဲ မျက်လွှာချပြီး ဣန္ဒြေတစ်ခွဲသားနှင့် တစ်ခွန်းချင်း ရှင်းပြနေပေရာ ...နှင်းကေသရာသည် သီရိဖြတ်ကမ္ဘန်၏ ရှင်းပြချက်ကို လက်မခံနိုင်သည့် အမူ အရာဖြင့် ခေါင်းယမ်းလိုက်သည်။

'စွယ်စုံပုဂ္ဂိုလ် မရှားပါဘူး၊ စစ်သည်တော်ကြီးဆိုရင် စာထက်သလောက် ...ပြောသွက်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း ခင်စောမယ်ရဲ့ ကိုယ်တွေ့ပဲ မဟုတ်လား။ ...စကားသွက်သလောက် ကဗျာလင်္ကာ အစပ်အဟပ်မှာလည်း ကျွမ်းကျင်လိမ္မာသူ ...ဖြစ်ကြောင်း ခင်စောမယ် သိပါတယ်။ ဒါကို အသာထားပြီး မိုးအုံးနောင် မောင်



www.burmeseclassic.com

www.burmeseclassic.com



သူရေးခဲ့တဲ့ နောက်ဆုံး ဆက်သလိုက်တဲ့ ကဗျာလင်္ကာတစ်ပုဒ်နဲ့ ပတ်သက်ပြီး စစ်သည်တော်ကြီး အကဲဖြတ် ပေးစေချင်ပါတယ်'

ခင်စောမယ်အမည်ခံ နှင်းကေသရာသည် မိမိနှင့်အတူပါလာသည့် ဆေးလွှာတစ်စောင်ကို ထုတ်ပြရင်း ပြောလိုက်သည်။

'ကဗျာလင်္ကာကို မကျွမ်းကျင်တဲ့အတွက် အကဲဖြတ်နိုင်သည့် အရည်အချင်း မရှိကြောင်းပါ'

'မကျွမ်းကျင်ဘူးဆိုတာတော့ ခင်စောမယ် လက်မခံနိုင်ဘူး။ ကျွမ်းကျင်တာ မကျွမ်းကျင်တာ အသာထားပြီး မိုးအုံးနောင်မောင်ဘုရားရဲ့ နောက်ဆုံး ဆက်သလိုက်တဲ့ ဟောဒီကဗျာ လင်္ကာကလေးကို အသံနေ အသံထားနဲ့ ဖတ်ပြစေချင်ပါလား'

ခင်စောမယ် အမည်ခံ နှင်းကေသရာသည် ပြောပြောဆိုဆို ဆေးလွှာကို သီရိဖြတ်ကမွန်၏ လက်သို့ ပေးအပ်လိုက်သည်။ သီရိဖြတ်ကမွန်က မိမိကိုယ်တိုင် ရေးစပ်ပေးခဲ့သည့် ကဗျာလင်္ကာကို စိတ်မပါတပါနှင့် ဖတ်ပြလိုက်ရာ တသအပိုဒ် မဆုံးမီမှာပင် နှင်းကေသရာက လက်ဝါးကာပြလိုက်သည်။

'အသံနေအသံထားနဲ့ စိတ်ပါလက်ပါ ဖတ်ပြစမ်းပါ။ အရွဲ့တိုက်မနေစမ်းပါနဲ့။ ဒီမှာ စစ်သည်တော်ကြီး၊ စစ်သည်တော်ကြီးရဲ့ လက်ထဲမှာရှိတဲ့ ဆေးလွှာကို စစ်သည်တော်ကြီးရဲ့ အသည်းနှလုံးကြားက ယိုစီးပြီး ထွက်လာတဲ့ ကဗျာလင်္ကာတစ်ပုဒ်ကို ရွတ်ဆိုသလို ရွတ်ဆိုပြစမ်းပါ။ အဲဒီ ကဗျာလင်္ကာမှာပါရှိတဲ့အတိုင်း စစ်သည်တော်ကြီးကိုယ်တိုင် ခံစားနေရသလို တစ်ဖက်သားရဲ့ နားအာရုံထဲမှာ စွဲသွားပြီး နှလုံးသားကို ထိခိုက်လှုပ်ရှားသွားအောင် စိတ်ပါလက်ပါ ရွတ်ဆိုပြစမ်းပါ။ စစ်သည်တော်ကြီးကို တောင်းပန်ပါတယ်'

ခင်စောမယ်က အားမလို အားမရ အမူအရာဖြင့် ပြောလိုက်ရာ သီရိဖြတ်ကမွန်သည် မသိမသာ သက်ပြင်းချလိုက်သည်။

'ကဗျာ လင်္ကာကို မကျွမ်းကျင်ပါဘူးလို့ အစကတည်းက ပြောထားသားပဲ'

သီရိဖြတ်ကမွန်က ပြန်ပြောလိုက်သည်။

'အိပ်ပျော်နေတဲ့လူကို နှိုးရလွယ်တယ်၊ အိပ်ချင်ယောင်ဆောင်နေတဲ့ လူကို နှိုးလို့မရဘူးဆိုတာ သိပ်မှန်တာပဲ။ ကဲပါ ကဗျာလင်္ကာကို မကျွမ်းကျင်ဘူး ဆိုပေမဲ့ ကာရန်ဝါကျ ညီအောင်တော့ ရွတ်ဖတ်တတ်မှာပါ။ ရွတ်ဖတ်ပြစမ်းပါ'

ခင်စောမယ် အမည်ခံ နှင်းကေသရာက မရမက ရွတ်ဖတ်ခိုင်းနေ





သည်။ သီရိဖြတ်ကမွန်မှာ မလွှဲမရှောင်သာတော့ဘဲ မိမိကိုယ်တိုင် ရေးစပ်ခဲ့သဖြင့် နှုတ်တိုက်အာဂုံဆောင်နိုင်သည့် ကဗျာလင်္ကာကို အသံနေ အသံထားဖြင့် ရွတ်ဖတ်ပြလိုက်ရပေသည်။

'ဒီလိုမှပေါ့၊ ကဲ ကဗျာလင်္ကာ သီကုံးပုံနဲ့ စကားလုံး ရွေးချယ်ပုံကို စစ်သည်တော်ကြီး ဘယ်လို သဘောရသလဲ'

'ကဗျာလင်္ကာကို အကဲဖြတ်နိုင်စွမ်း မရှိပါ'

'ဒါဖြင့် ကောင်းပြီ။ စစ်သည်တော်ကြီး ရွတ်ဖတ်ပြတဲ့ ကဗျာလင်္ကာဟာ မိုးအုံးနောင်မောင်ဘုရား ရေးစပ်သီကုံးတဲ့ ကဗျာလင်္ကာ ဖြစ်လိမ့်မယ်လို့ စစ်သည်တော်ကြီး ယုံကြည်ပါသလား'

'လက်ရေးလက်သားကို ကြည့်ရတာတော့ မိုးအုံးနောင်ရဲ့ လက်ရေးလက်သား ဖြစ်တဲ့အတွက် မိုးအုံးနောင် ရေးစပ်သီကုံးတဲ့ ကဗျာလင်္ကာပဲ ဖြစ်ရလိမ့်မယ်'

'မိုးအုံးနောင်မောင်ဘုရားရဲ့ လက်ရေးလက်သား ဖြစ်ရုံနဲ့ ဒီကဗျာလင်္ကာကို မိုးအုံးနောင်မောင်ဘုရား ရေးစပ်သီကုံးတာပါလို့ တထစ်ချပြောနိုင်သလား။ တစ်ဦးတစ်ယောက်က ရေးစပ်သီကုံးပေးတာကို သူ့လက်ရေးနဲ့ ပြန်ကူးရင်ကော မဖြစ်နိုင်ဘူးလား'

ခင်စောမယ် အမည်ခံ နှင်းကေသရာက မေးခွန်းထုတ်လိုက်ပြန်ရာ၊ သီရိဖြတ်ကမွန်သည် ရုတ်တရက် အဖြေမပေးနိုင်သေးဘဲ ယုတ္တိရှိအောင် မည်ကဲ့သို့ အဖြေပေးရမည်ကို စဉ်းစားနေပေသည်။

'မိုးအုံးနောင်ကို ကြည့်ရတာ ရိုးသားတည်ကြည်ပုံ ရပါတယ်။ ခင်စောမယ်ကို လှည့်စားမယ့်သူ ဟုတ်မယ် မထင်ပါဘူး'

'စကားတတ်တိုင်း လှည့်ပတ်ပြီး ပြောမနေစမ်းပါနဲ့။ စကားကို လေးလုံးအောင် မပြောတတ်တဲ့လူက ဒါလောက်တောင် ပြောင်မြောက်တဲ့ ကဗျာလင်္ကာကို ရေးစပ်သီကုံးနိုင်ပါ့မလား'

ခင်စောမယ်အမည်ခံ နှင်းကေသရာက စောဒက တက်လိုက်သည်။

'လှည့်ပတ်ပြောဆိုနေခြင်း မဟုတ်ပါ။ ခင်စောမယ် အပေါ်တွင် မိုးအုံးနောင်ထားရှိတဲ့ မေတ္တာစေတနာ ကြီးမားလှပါပေတယ်။ သန့်ရှင်းဖြူစင်ပါပေတယ်။ သန့်ရှင်းဖြူစင်တဲ့ မေတ္တာစေတနာရဲ့ လှုံ့ဆော်မှုကြောင့် စကားလုံး အလှကလေးတွေနဲ့ တန်ဆာဆင်ပြီး ပြောင်မြောက်တဲ့ ကဗျာလင်္ကာတစ်ပုဒ် ဖြစ်ပေါ်လာခြင်း ဖြစ်နိုင်ပါတယ်'

'စစ်သည်တော်ကြီး ပြောသလိုဆိုရင် မိုးအုံးနောင်မောင်ဘုရားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားတဲ့ မေတ္တာအဟုန်ကြောင့် ပြောင်မြောက်တဲ့ ကဗျာလင်္ကာတွေ သူ့ရဲ့ နှလုံးသားထဲက တစိမ့်စိမ့် ထွက်ပေါ်လာတာ ဖြစ်ရမယ်လို့ ဆိုချင်သလား'

'ဖြစ်နိုင်စရာ အကြောင်းရှိတာကို ပြောနေတာပါ။ ခင်စောမယ်အပေါ်မှာ ကြီးမားဖြူစင်တဲ့ မေတ္တာစေတနာနဲ့ ချစ်မြတ်နိုးနေတာတော့ အမှန်ပါ'

'စစ်သည်တော်ကြီး ပြောတာကို ခင်စောမယ် ဘယ်လိုလုပ်ပြီး ယုံကြည်ရမှာလဲ။ စစ်သည်တော်ကြီး ပြောသလို ခင်စောမယ် အပေါ်မှာ အင်မတန်ကြီးမားပြီး ဖြူစင်တဲ့မေတ္တာစေတနာနဲ့ ချစ်မြတ်နိုးတာမှန်ရင် သူ့ရဲ့ အသည်းနှလုံးက ထွက်ပေါ်လာတဲ့ စကားလုံးတွေနဲ့ ခင်စောမယ်ကို ချစ်ကြောင်း ဆိုရမယ် မဟုတ်လား။ စကားလုံးလှလှလေးတွေ ရွေးချယ်ပြီး စာစီစာကုံး အနုအလှ ပြောင်မြောက်တဲ့လုက ခင်စောမယ်ရဲ့ ရှေ့မှောက်ကို ရောက်ရင် အာစေးထည့်ထားသလို ဘုကိုဘောကြီး ဖြစ်နေတာ ဘာသဘောလဲ။ သူကိုယ်တိုင် ရေးသားသီကုံးထားတဲ့ စာလွှာရဲ့ အဓိပ္ပာယ်ကိုတောင် ခင်စောမယ် နားရှင်းအောင် ပြန်ပြီး မပြောတတ်ဘူး။ ပြီးတော့ ထူးဆန်းတာတစ်ခုက မိုးအုံ့နေ‌ောင် မောင်ဘုရားဟာ အာရုံ့ပါကျည်းအောင် စာတစ်ပိုဒ်တောင်ဖြစ်အောင် ရေးတတ်တဲ့လူ မဟုတ်ဘူး။ ဒါကို ခင်စောမယ် သိတယ်။ စစ်သည်တော်ကြီး ရောက်ရှိလာပြီးတဲ့နောက်ပိုင်းကျမှ နေ့ချင်းညချင်းဆိုသလို နန်းတွင်းစာဆိုတော်တွေ အရှုံးပေးရလောက်အောင် ပြောင်မြောက်တဲ့ ကဗျာလင်္ကာတွေကို ပလူပျံသလို တစ်ပုဒ်ပြီး တစ်ပုဒ် ရေးသားဆက်သွင်းနိုင်တာဟာ အံ့ဩစရာ မကောင်းဘူးလား'

ခင်စောမယ် အစည်ခံ နှင်းကေသရာသည် သီရိဖြတ်ကမွန်အား သတ်ာယနဲ့ ကောင်းသည့် အမှုအရာဖြင့် အကဲခတ်ရင်း မိမိ အလိုရှိသည့် အဖြေကို မရ ရအောင် "အစ်" ထုတ်လိုက်ပြန်သည်။

'မေတ္တာတရားရဲ့ တန်ခိုးအာနိသင်ဟာလည်း အံ့ဩစရာ ကောင်းလှပါတယ်၊ ရန်သူကိုဝင်လျှင် မေတ္တာဓာတ်နဲ့ အနိုင်ယူလို့ ရနိုင်ပါတယ်။ မေတ္တာဓာတ်ရဲ့ လှုံ့ဆော်မှုကြောင့် ထူးခြားပြောင်မြောက်တဲ့ ကဗျာလင်္ကာတွေ ဖြစ်ပေါ်လာခြင်း ဖြစ်နိုင်ပါတယ်။ ဒါကို အသာထားပြီး တဖြည်းဖြည်းနဲ့ နေတောင်မြင့်လာပြီ နေဝင်ရိုန် မပြင်းသေးခင် စံအိမ်တော်ကို ပြန်ကြရင် ကောင်းလိမ့်မယ် ထင်တယ်'

သီရိဖြတ်ကမွန်က စကားပြတ်သွားအောင် ပြောလိုက်သည်။

'ခုမှ အစကြီး ရှိပါသေးတယ်။ ပြီးတော့ သခင်မအပေါ်မှာ မြို့စားကြီးရဲ့ သမီးဦး နှင်းကေသရာအဖြစ် မဟုတ်ဘဲ သာမန်အရပ်သူ ခင်စောမယ်အဖြစ် စစ်သည်တော်ကြီး ဘယ်လိုမြင်ပါသလဲ၊ ဘယ်လိုသဘောထားပါသလဲ။ ဒါကို သိချင်ပါသေးတယ်'







ခင်စောမယ်သည် နေရောင်လာနေသည့် အရှေ့ဘက်ဆီသို့ ကြည့်ရင်း ပြောလိုက်သည်။ ထိုသို့ ပြန်ပြောနေစဉ် မိမိ၏ အရှေ့တည့်တည့်ရှိ ထုံးကော်ဝင်ရဲ့ ပင်စည်တွင် စိုက်ဝင်သည့် မြားတံကို မြင်လိုက်သဖြင့် မျက်လုံးပြူးသွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားပေသည်။

'ဘုရား .... ဘုရား မြားတံကြီး စိုက်နေပါလား။ ဘယ်သူ့လက်ချက်များ ဖြစ်မလဲ မပြောတတ်ဘူး။ ထိတ်လိုက်တာ'

ခင်စောမယ်သည် မြားတံကိုကြည့်ရင်း ထိတ်လန့်တကြား ပြောလိုက်သည်။

'စောစောက ဆံပင်စုတ်ဖွားနဲ့ မျက်နှာဖုံးစွပ်ထားတဲ့ လူယုတ်မာရဲ့ လက်ချက်ပါ'

သီရိဖြတ်ကမွန်က မြားတံကို ကြည့်ရင်း အဖြေပေးလိုက်သည်။

'ဟင် ဟုတ်လား၊ စောစောက စစ်သည်တော်ကြီး ဓားဆွဲပြီး လိုက်သွားတဲ့ ဆံပင်စုတ်ဖွားနဲ့ လူကို ပြောတာ မဟုတ်လား'

'မှန်ပါတယ်'

'ဒါဖြင့် ဒီမြားတံဟာ စစ်သည်တော်ကြီးကို ချိန်ရွယ်ပြီး ပစ်လိုက်တဲ့ မြားတံဆိုပါတော့'

'ဒါလည်း မှန်ပါတယ်။ လေးသမားက အတော်ကို လက်တည့်တဲ့ လေးသမားပါ။ ကုသိုလ်ကံကောင်း ထောက်မလို့သာ ငမိုက်သား သီရိဖြတ်ကမွန် အသက်သေဘေးက သီသီကလေး လွတ်ခဲ့တာပါ။ အစာရှာထွက်လာကြတဲ့ ကျေးငှက်သာရကာတွေ ထိတ်လန့်တကြား အော်မြည်ပျံသန်းတဲ့ အသံကို ကြားရလို့ မြေကြီးပေါ်ကို ဝပ်ချလိုက်တဲ့အတွက် လူကိုမထိဘဲ လူရဲ့နောက်မှာရှိတဲ့ သစ်ပင်ကို ထိမှန်သွားခြင်း ဖြစ်ပါတယ်'

သီရိဖြတ်ကမွန်က ရှင်းပြလိုက်ရာ နှင်းကေသရာသည် မြားတံကို ကြည့်ရင်း ကြက်သီးမွေးညင်းများ ထ၍ သွားပေသည်။ စောစောပိုင်းက ကြည်လင်ရွှင်ပျနေသော မျက်နှာမှာလည်း ထိတ်လန့်တုန်လှုပ်သည့် အသွင်သို့ ပြောင်းလဲသွားပြီး ပန်းနုရောင်သမ်းနေသည့် အသားအရေမှာ သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားပြန်သည်။

'ဒါလောက်တောင် ထိတ်လန့်တုန်လှုပ်မနေပါနဲ့၊ ရန်သူ မရှိတော့ပါဘူး'

သီရိဖြတ်ကမွန်သည် ခင်စောမယ် ထိတ်လန့်တုန်လှုပ်နေသည်ကို မြင်ရသဖြင့် အားပေးစကား ပြောကြားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မတုန်လှုပ်ဘဲ နေပါ့မလား၊ ခမည်းတော်မြို့စားကြီး နုတ်ရှာစံခဲ့ရ တော လူသေမှာ လေးသမားတစ်ဦးရဲ့ လက်ချက်နဲ့ ရင်ဝမှာ မြားစိုက်ပြီး မရှ နတ်ရှာစံခဲ့ရတာကို သတိရလို့ ထိတ်လန့်တုန်လှုပ်သွားတာပါ'

ခင်စောမယ်က တုန်ယင်သောအသံဖြင့် ပြန်ပြောလိုက်ရာ သီရိဖြတ်က မှာ အံ့အားသင့်သွားပေသည်။

'ဟင် .... ဟုတ်လား၊ ရက်စက်လှချည်လား။ ဘယ်သူဘယ်ဝါ့ လက်ချက်ဆိုတာကော မသိဘူးလား'

သီရိဖြတ်ကမ္ဘန်က ပြန်မေးလိုက်ရာ နှင်းကေသရာက ခေါင်းယ ပြလိုက်သည်၊

'ဘယ်သူ့လက်ချက်မှန်း ခုအချိန်အထိ မသိရတော့ပါဘူး။ နံန ဆာဆေးအခန်း ဆောဟိုရှေ့က ကုံကော်မြိုင်ထဲမှာ ရင်ဝ မြားစိုက်ပြီး နတ်ရှ နေတာကို အဆိမ်းတော်ကြီးဒေါ်အိုဇာ တွေ့လာပြီး သတင်းပေးလို့ အားလုံ သိကြရတာပါ။ လာပါ၊ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး။ စံအိမ်တော် ပြန်ကြပါစို့'

ခင်စောမယ် အမည်ခံ နှင်းကေသရာသည် ထိတ်လန့်တုန်လှုပ်သည် အမူအရာဖြင့် ပြန်ပြောရင်း ၎င်း၏ သေးသွယ်ပျော့ပျောင်း ဖော့ဖယောင်းနှ တူသည့် လက်ချောင်းကလေးများဖြင့် သီရိဖြတ်ကမ္ဘန်၏ လက်ကောက်ဝတ် ဆုပ်ကိုင်ပြီး ဥယျာဉ်တော်ရှိရာသို့ ဆွဲခေါ်လာခဲ့ပေရာ သီရိဖြတ်ကမ္ဘန်မှာ မကြုံဖူး ထူးဆန်းသည့် အထိအတွေ့ အရသာကို ခံစားရင်း ခင်စောမယ် အမည်ခံ နှင်းကေသရာ ခေါ်ရာသို့ လိုက်ပါလာခဲ့ရပေသည်။

## အခန်း ၂၄

နှင်းကေသရာမှာ စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ ထိတ်လန့်တုန်လှုပ်နေသည့် အမူအရာဖြင့် သီရိဖြတ်ကမ္ဘန်၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်၍ ပန်းမျိုး စုံးမွှေးနေသော ဥယျာဉ်ရှိရာသို့ လျင်မြန်သွက်လက်သည့် ခြေလှမ်းများဖြင့် လာခဲ့ပေသည်။ ကုံကော်ပင်ပျိုတွင် စိုက်နေသည့် မြားတံကို မြင်လိုက်ရသည့် အချိန်မှစ၍ နှင်းကေသရာမှာ ၎င်း၏ခမည်းတော် နတ်ရှာစံခဲ့ရပုံကို မျက်စိ ထဲတွင် မြင်ယောင်လာကာ အလိုလို ထိတ်လန့်တုန်လှုပ်နေခြင်း ဖြစ်ပေသည်။ တစ်လမ်းလုံး အသက်ပင် မှန်မှန်မရှူနိုင်ဘဲ မောကြီးပန်းကြီးနှင့် လာခဲ့ပေရာ





ကြာမီ ဥယျာဉ်တော်အတွင်းသို့ ရောက်ရှိလာပြီး ရေကန်တော်အနီးသို့ ရောက် သောအခါ ရေကန်ဘေးရှိ ထိုင်ခုံပေါ်တွင် ဝင်ထိုင်လိုက်သည်။

'စစ်သည်တော်ကြီးကို သေကြောင်းကြံတဲ့ ရန်သူကို မမြင်လိုက် ဘူးလား'

နှင်းကေသရာသည် ခေတ္တမျှ အပန်းဖြေနေပြီးနောက် မိမိသိလိုသည့် အချက်ကို မေးလိုက်သည်။

'ဆံပင်စုတ်ဖွားနဲ့ လူတစ်ယောက်ဆိုတာပဲ သိရပါတယ်။ အဲဒီလူကို ခင်စောမယ်လည်း မြင်လိုက်တယ် မဟုတ်လား'

'သူ့ရဲ့ နောက်ကျောကိုသာ မြင်ရပါတယ်။ မျက်နှာကို မမြင်လိုက်ရ ပါဘူး။ စစ်သည်တော်ကြီးကော သူ့ရဲ့မျက်နှာကို မမြင်လိုက်ရဘူးလား'

'မျက်နှာဖုံးစွပ်ထားလို့ မျက်နှာကို မမြင်လိုက်ရပါဘူး'

'စစ်သည်တော်ကြီးကို ဘာဖြစ်လို့ သေကြောင်းကြံရတာလဲ'

'အမြင်ရကတ်လို့ ဖြစ်မှာပေါ့'

'ခင်စောမယ်တို့ဆီကို ရောက်ရှိလာတဲ့ အချိန်ကစပြီး စစ်သည်တော် ကြီးကို သေကြောင်းကြံခဲ့တာ နှစ်ကြိမ်တောင် ရှိသွားပြီ။ ဘာဖြစ်လို့ သဲသဲမဲမဲ သေကြောင်းကြံရတာလဲ'

'အသက်ရှင်နေတာကို မကြည့်ချင်လို့ ဖြစ်ပါလိမ့်မယ်။ ခုလည်းပဲ အဘရှာ ထွက်လာတဲ့ ကျေးငှက်သရကာတွေရဲ့ ကောင်းမှုကြောင့်သာ သီရိ ဖြတ်ကမ္ဘန် အသက်ဘေးက သီသီကလေး လွတ်လာခဲ့ရတယ်။ ကျေးငှက် သာရကာတွေ ထိတ်လန့်တကြား အော်မြည်ပျံသန်းသွားကြတာကို မြင်ရလို့ မြေကြီးပေါ်ကို ဝပ်ချလိုက်တဲ့အတွက် သီရိဖြတ်ကမ္ဘန်ကို ချိန်ရွယ်ပြီး ပစ်လွှတ် တဲ့ မြားတံဟာ လူကိုမထိဘဲ ကုံကော်ပင်ကို ထိမှန်သွားတာပါ။ ပစ်သူကို သက်ရဖမ်းဖို့ အကြံအစည်နဲ့ မြေကြီးပေါ်မှာဝပ်ပြီး မြားမှန်လို့ သေချင်ဟန် ဆောင်နေတုန်း ခင်စောမယ် သီဆိုကျူးရင့်လိုက်တဲ့ တေးသံကြောင့် ရန်သူ ချက်ပြေးလွှတ်မြောက်သွားတာပါ'

သီရိဖြတ်ကမ္ဘန်က အနည်းငယ်မျှ တုန်လှုပ်သည့် အမူအရာမပြဘဲ ခင်စောမယ် အမည်ခံ နှင်းကေသရာ၏ အမူအရာကို အကဲခတ်ရင်း ရှင်းပြ လိုက်သည်။

'စစ်သည်တော်ကြီးကိုမှ ဘာဖြစ်လို့ သဲသဲမဲမဲ သေကြောင်းကြံရတာလဲ'

'သီရိဖြတ်ကမ္ဘန် အဖို့တော့ သေမင်းနဲ့ စစ်ခင်းခဲ့ရပေါင်း များပြီ ဖြစ်တဲ့အတွက် သေကြောင်းကြံတာလောက်တော့ မထူးဆန်းတော့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ သေမင်းနဲ့ စစ်ခင်းချင်ရတာလဲ။ အန္တရာယ်များတဲ့အလုပ်ကို ဘာဖြစ်လို့ လုပ်ချင်ရတာလဲ။ စစ်သည်တော်ကြီး ဘာတွေလုပ်ခဲ့လို့ စစ်သည်တော်ကြီးကို သဲသဲမဲမဲ သေကြောင်းကြံစည်ရတာလဲ'

'သေမင်းနဲ့ စစ်ခင်းရဖို့ ကံဇာတာ ပါလာတဲ့လူဟာ သေမင်းနဲ့ စစ်ခင်းရမှာပဲ။ သီရိဇြတ်ကမွန်ရဲ့ ကုသိုလ်ကံ အကျိုးပေးပုံက သေမင်းနဲ့ စစ်မခင်းဘဲကို နေလို့ မရဘူး။ သီရိဇြတ်ကမွန်ရဲ့ ကံဇာတာက မိတ်ဆွေနည်းပြီး ရန်သူပေါများမယ့် ကံဇာတာနဲ့ တူပါတယ်'

သီရိဇြတ်ကမွန်က ဘေးသို့ချော်ပြီး အဖြေပေးလိုက်သည်။

'ခင်ဆာမယ် မေးတဲ့မေးခွန်းကို တိတိကျကျ ဖြေစမ်းပါ။ စကားတတ်တိုင်း လျှော့ရှောင်ပြီး အဖြေပေးမနေစမ်းပါနဲ့။ စစ်သည်တော်ကြီးကို တိတ်တဆိတ်ချောင်းမြောင်းပြီး လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်နေတဲ့ ရန်သူဟာ ဘယ်သူလဲ။ ဒါကို သေိရှာဘူးလား'

'သိချင်ရင် ပြောပြပါမယ်'

သီရိဇြတ်ကမွန်သည် ပြောပြောဆိုဆို တစ်နေ့နံနက် အရုဏ်တက်အချိန်တွင် မိမိ၏အခန်းသဲသို့ ပစ်သွင်းလိုက်သည့် ကျောက်ခဲနှင့် ပေတိုက်ိုထုတ်ပြလိုက်သည်။

'ဟောဒီ ပေတိုကို ရှုစားတော်မူပါ။ ဒီပေတိုကို ကျောက်ခဲမှာချည်ပြီး သီရိဇြတ်ကမွန်ရဲ့ အိပ်ခန်းသဲကို ပစ်သွင်းလိုက်လို့ ရင်ဘတ်ပေါ်ကို ကျလာပါတယ်။ ဒီပေတိုဟာ သီရိဇြတ်ကမွန်ကို ရန်သူရှိရာ မှုားခေါ်လိုက်တဲ့ ပေတိုဖြစ်ပါတယ်။ ဒီပေတိုမှာ ရေးသားထားတဲ့ လက်ရေးပိုင်ရှင်ဟာ သီရိဇြတ်ကမွန်ကို သေကြောင်းကြံတဲ့ ရန်သူစစ်စစ် ဧကန် ဖြစ်ပါတယ်'

သီရိဇြတ်ကမွန်သည် ကျောက်ခဲနှင့် ချည်ထားသည့် ပေတိုကို နှင်းကေသရာ၏လက်သို့ ပေးအပ်ရင်း ပြောလိုက်ရာ နှင်းကေသရာ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားပေသည်။

'ရန်သူရှိရာကို ဒီစာလွှာနဲ့ မှုားခေါ်တယ် ဟုတ်လား။ ဒီစာလွှာကို ဖတ်ကြည့်ပါရစေဦး'

နှင်းကေသရာသည် သီရိဇြတ်ကမွန်၏ လက်မှ ပေတိုကို လှမ်းယူပြီး အလင်းရောင်တွင် ထောင်၍ ဖတ်ရှုကြည့်လိုက်သည်။ ဖတ်ရင်း ဖတ်ရင်း နှင်းကေသရာ၏ မျက်လုံးများမှာ ပြူးကျယ်လာပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသည့် မျက်မှာမှာလည်း နီရဲလာပေသည်။ နီရဲရာမှတစ်ဖန် ညိုမည်းလာပြီး အံကို





ကြိတ်လိုက်သည်။ နှင်းကေသရာ၏ အမူအရာမှာ ထိတ်လန့်ခြင်း ထုန်လှုပ်ခြင်း၊ ... ရပ်နိုင်အောင် ဒေါသထွက်ခြင်း စသည့် အမူအရာများ ... ပြင်းသည်း ... လွင်နေသည်ကို သီရိဇြတ်ကမွန် သတိပြုမိပေသည်။

'ဘုရား .... ဘုရား ဒီလက်မှတ်ဟာ သခင်မ ထိုးမြဲလက်မှတ်ပါလား ... လက်ရေးလက်သားကလည်း သခင်မ ရေးနေကျ လက်ရေးလက်သား အတိုင်းပဲ'

ခင်စောမယ်က ထိတ်လန့်တကြား ပြောလိုက်သည်။

'လက်ရေးလက်သားကတော့ ခွဲလို့ မရအောင် တူနေပါတယ်'

သီရိဇြတ်ကမွန်က နှင်းကေသရာ၏ အမူအရာကို အကဲခတ်ရင်း အဖြေပေးလိုက်သည်။

'စစ်သည်တော်ကြီးကို ရန်သူရှိရာကို သခင်မ မှုားခေါ်တယ်လို့ ထင်သလား'

'လက်ရေးလက်သားနဲ့ လက်မှတ်ကို မြင်လိုက်ရတော့ အကြောင်း ... တစ်ခုခုရှိလို့ ဆွေးနွေးတိုင်ပင်ရအောင် ခေါ်တာပဲလို့ ရိုးရိုးသားသားပဲ ... ထင်ယုံကြည်ခဲ့ပါတယ်။ ရန်သူရှိရာကို မှုားခေါ်မှန်းသာ သိရင် သတိနဲ့ ... သွားမှာပေါ့။ သတိနဲ့သာ လာရင် ရန်သူကို လက်ရဖမ်းဆီးမိမှာ သေချာတယ်'

'ဘာလဲ၊ စစ်သည်တော်ကြီးကို သခင်မက ရန်သူရှိရာကို မိန်းမတို့ ... ယာယ်မာယာနဲ့ မှုားခေါ်တယ်ထင်လို့ ဒီစကား ပြောလိုက်တာလား။ ဒါဟာ သခင်မကို သက်သက် စော်ကားတာ။ သခင်မကို ဘယ်လို မိန်းမစားမှတ်လို့ ဒီစကား ပြောလိုက်တာလဲ။ စစ်သည်တော်ကြီးကို ကိလေသာ ကာမဂုဏ်နဲ့ ... ကွင်းထောင်ပြီး ဖမ်းလိမ့်မယ်လို့များ ထင်နေသလား။ သခင်မကို အပေါစား ... မိန်းမမှတ်လို့ ဒီစကား ပြောလိုက်တာ မဟုတ်လား'

နှင်းကေသရာသည် ပြောပြောဆိုဆို မိမိဖတ်ရှုနေသည့် ပေတိုကို ... ခြေပြီး မြေကြီးပေါ်သို့ ချ၍ ဖနောင့်နှင့် ပေါက်လိုက်သည်။

'လက်ရေးလက်သားနဲ့ လက်မှတ်က နှင်းကေသရာ သခင်မ ရေးနေကျ လက်ရေးလက်သားနဲ့ နှင်းကေသရာ သခင်မရဲ့ ထိုးမြဲလက်မှတ် ဖြစ်နေလေ ... တော့ နှင်းကေသရာ သခင်မအပေါ်မှာ ယုံမှားသံသယ ဖြစ်မိတဲ့လူကို အပြစ် ... လို့ ဖြစ်ပါ့မလား'

သီရိဇြတ်ကမွန်က အဖြေပေးလိုက်သည်။

'သခင်မရဲ့ လက်ရေး လက်သားနဲ့ ထိုးမြဲလက်မှတ်ကို စစ်သည်တော်ကြီး ဘယ်တုန်းကများ မြင်ဖူးလို့လဲ။ မမြင်ဖူးဘဲနဲ့ သခင်မရဲ့ လက်ရေးနဲ့ ... တူတယ်လို့ ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မြင်ဖူးလို့သာ အလိမ်ခံရတာပေါ့'

'ဘယ်တုန်းက မြင်ဖူးလို့လဲ'

'မြင်ဖူးတဲ့ အခါတုန်းက မြင်ဖူးတယ် ဆိုရင် ကျေနပ်ပါတော့။ နှင်းကေသရာ သခင်မရဲ့ လက်ရေးနဲ့ ထိုးမြဲလက်မှတ်ကို တစ်ခါမှ မမြင်ဖူးရင် ခုလို အလိမ်ခံရမှာ မဟုတ်ဘူး'

'အလိမ်ခံရတယ် ဆိုတဲ့ အဓိပ္ပာယ်ကိုရှင်းစမ်းပါဦး'

'ရုတ်တရက်ကြည့်ရင် လက်ရေးလက်သားနဲ့ လက်မှတ်က နှင်းကေသရာ သခင်မ ရေးနေကျ လက်ရေးလက်သားနဲ့ ထိုးမြဲလက်မှတ်နဲ့ ဆင်တူနေလို့ နှင်းကေသရာသခင်မ အပေါ်မှာ အထင်လွဲမှားမိတာ အမှန်ပါ။ စေ့စေ့စပ်စပ် ဖတ်ရှုလေ့လာကြည့်တဲ့အခါကျမှ နှင်းကေသရာရဲ့ လက်ရေးကိုတုပြီး ရေးသားထားမှန်း သိရပါတယ်။ စောစောကသာ လက်ရေးနဲ့ လက်မှတ်တုမှန်း သိရင် ရန်သူဆောင်တဲ့ ဉာဏ်ကွင်းနဲ့ ရန်သူကို ပြန်ဖမ်းနိုင်မှာ သေချာပါတယ်။ ဒါကို ပြောနေတာပါ'

'ဒါဖြင့် သခင်မ အပေါ်မှာ သံသယ ရှင်းသွားပြီ ဆိုပါတော့'

နှင်းကေသရာက ပြန်မေးလိုက်သည်။

'နှင်းကေသရာ သခင်မ အပေါ်မှာ ဘယ်သောအခါမှ ယုံမှားသံသယ မဖြစ်မိပါဘူး'

သီရိဖြတ်ကမွန်က အဖြေပေးလိုက်သည်။

'ဒါနဲ့ စောစောကတော့ နှင်းကတော့ လက်ရေးလက်သားနဲ့ လက်မှတ်က သခင်မ ရေးနေကျ လက်ရေးလက်သားနဲ့ ထိုးမြဲလက်မှတ် ဖြစ်နေလေတော့ သခင်မအပေါ်မှာ ယုံမှားသံသယ ဖြစ်မိတဲ့သူကို အပြစ်ဆိုလို့ ဖြစ်နိုင်ပါ့မလား လို့ စစ်သည်တော်ကြီး ပြောသွားတယ် မဟုတ်လား။ သခင်မအပေါ်မှာ ယုံမှားသံသယ ဖြစ်နေလို့သာ ဒီစကား ပြောခဲ့တာ မဟုတ်လား'

'နှင်းကေသရာ သခင်မရဲ့ သဘောသားကို သိချင်လို့ အလိုစမ်းလိုက်တာပါ။ နှင်းကေသရာ သခင်မအပေါ်မှာ ဆံတစ်ခြည် နှမ်းတစ်စေ့တောင် ယုံမှားသံသယ မဖြစ်မိတာ အမှန်ပါ။ ယုံမှားသံသယ ဖြစ်မိမယ်ဆိုရင် ခုလိုတောင် လက်သင့်ခံပြီး စကားပြောနေမည် မဟုတ်သည်ကို သတိပြု ဆင်ခြင်တော်မူပါ'

သီရိဖြတ်ကမွန်က အဖြေပေးလိုက်ရာ နှင်းကေသရာမှာ မိမိအပေါ်တွင် သံသယ ရှင်းသွားသည့်အတွက် ကျေနပ်သလိုလို ဖြစ်သွားသော်လည်း မိမိ၏လက်ရေးနှင့် လက်မှတ်ကိုတုပြီး သီရိဖြတ်ကမွန်အား သေမင်း၏ ခံတွင်းသို့ မှားခေါ်ခြင်း ခံခဲ့ရပြီး ကုသိုလ်ကံကောင်း ထောက်မသဖြင့်သာ





ဘေးမှ သီသီကလေး လွတ်ခဲ့ရသည်ကို စဉ်းစားမိသောအခါ ထိတ်လန့်ခါ လှုပ်သွားပြန်သည်။

'စစ်သည်တော်ကြီးကို သေကြောင်းကြံစည်တဲ့ ရန်သူဟာ ခံတပ်ကြီးရဲ့ အတွင်းမနေသောကို ကောင်းကောင်းကြီးသိတဲ့သူ ဖြစ်ရမယ်။ သခင်မ ဆိုတဲ့ နေရာကို စစ်သည်တော်ကြီး မလာဘဲ မနေဘူးဆိုတာ သိလို့ သခင်မရဲ့ လက်ရေးလက်သားနဲ့ တူအောင်ရေးပြီး စစ်သည်တော်ကြီးကို မှားခေါ်တာ ဖြစ်ရမယ်။ သခင်မရဲ့ လက်ရေးလက်သားနဲ့ ထိုးမြဲလက်မှတ်ကို တူအောင် တုပြီး ရေးနိုင်တဲ့လူဟာ အတွင်းလူ ဖြစ်ရမယ်။ ဘယ်သူလဲဆိုတာ စစ်သည်တော်ကြီး မရိပ်စားမိဘူးလား'

နှင်းကေသရာသည် သီရိဖြတ်ကမွန်အတွက် စိုးရိမ်သည့် အမူအရာဖြင့် မေးလိုက်သည်။

'ရန်သူဆိုတာ ချုံမပေါက်တော့လည်း ပြောရခက်သားပဲ။ ဒါကို အသာထားပြီး နှင်းကေသရာ သခင်မရဲ့ ခမည်းတော် မြို့စားကြီး ဘယ်ပုံဘယ်နည်း ဆုံးရှုံးခဲ့ရတယ်ဆိုတာ ပြောပြစမ်းပါဦး။ ဘယ်သူ့ရဲ့လက်ချက် ဆိုတာကော ယခုအချိန်အထိ မသိရသေးဘူးလား'

သီရိဖြတ်ကမွန်က မိမိ သိလိုသည့် အချက်ကို မေးလိုက်ရာ နှင်းကေသရာ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားပြန်သည်။

'ဒီအကြောင်းတွေကို ပြန်ပြီး မပြောပါရစေနဲ့။ အသည်းနာလွန်းလို့ပါ။ သခင်မကို သနားရင် ဒီအကြောင်းတွေ မမေးပါနဲ့။ စိတ်မချမ်းသာစရာ စကားတွေ မကြားချင်တော့ဘူး။ စိတ်ချမ်းသာမယ့် စကားတွေပဲ ကြားချင်တယ်။ လက်ပြေ လက်ပျောက် ဆိုသလို ခင်စောမယ်အပေါ်မှာ မြို့စားကြီးရဲ့ သမီးဦး ဖြစ်တဲ့ နှင်းကေသရာအဖြစ် စစ်သည်တော်ကြီး ဘယ်လိုမြင်သလဲ၊ ဘယ်လို သဘောထားသလဲ၊ နှင်းကေသရာနဲ့ ခင်စောမယ်ရဲ့ ခြားနားချက်က ဘယ်လိုလဲ ဆိုတာ စစ်သည်တော်ကြီးရဲ့ စိတ်ထဲမှာရှိသမျှ ပွင့်ပွင့်လင်းလင်း ဝေဖန်သုံးသပ် ပေးစေပါ။ ပညာရှိ သုခမိန် သီရိဖြတ်ကမွန်ရဲ့ ဩဝါဒကို ခံယူလိုလှပါတယ်။ မှန်ကြေးမုံပြင်မှာ မြင်ရသလို အမှန်အတိုင်း မြင်နိုင်အောင် ဘယ်သူရဲ့ မျက်နှာကိုမှ ထောက်ညှာဘဲ ပွင့်ပွင့်လင်းလင်း ဝေဖန်ပါ။ အပြစ်ရှိရင် ရှိသလို မညှာတော့ဘဲ ဝေဖန်ပါ'

နှင်းကေသရာက စကားလွှဲပြောင်းသွားအောင် ပြောလိုက်သည်။ ပြောရင်းပြောရင်း နှင်းကေသရာ၏ ဖြူဖပ်ဖြူရော် ဖြစ်နေသော မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



ခန်းနေရောင်သမ်းလာပြီး ရွှင်ရွှင်လန်းလန်း ဖြစ်လာသည်ကို သိရိဖြတ်က သတိပြုမိပေသည်။

'မျက်နှာ မထောက် မကြောက်မညှာ ဟုတ်တိုင်းမှန်ရာ ဝေဖန်ရ ဘာကတော့ ဟုတ်ပါပြီ။ ဟုတ်တိုင်းမှန်ရာ ပွင့်ပွင့်လင်းလင်း ဝေဖန်ရင် ခံ ရည် ရှိပါ့မလား'

သိရိဖြတ်ကမွန်က နှင်းကေသရာ၏ စိတ်နေသဘောထားကို သိ သဖြင့် အလိုစမ်းလိုက်သည်။

'ဘာဖြစ်လို့ ခံနိုင်ရည် မရှိရမှာလဲ'

နှင်းကေသရာက စောဒက တက်လိုက်သည်။

'ဟုတ်တိုင်းမှန်ရာ ဝေဖန်တာကို ခံနိုင်ရည်ရှိဖို့အတွက် ဝေဖန်ခံရ ဟာ ဝေဖန်သူအပေါ်မှာ အဆွေခင်ပွန်းကောင်းအဖြစ် မမိုတ်မသုန် ယုံကြည် လိုပါလိမ့်မယ်၊ ဒါမှသာ ဝေဖန်သူအနေနဲ့ ဟုတ်တိုင်းမှန်ရာကို မျက်နှာမထော မကြောက်မညှာ ဝေဖန်နိုင်ပါလိမ့်မယ်။ ဝေဖန်ခံရသူ အနေနဲ့လည်း အဆွေ ခင်ပွန်းကောင်း တစ်ယောက်ရဲ့ ဖြူစင်သန့်ရှင်းတဲ့ ဝေဖန်ချက်ကို ကြည်ကြ ဖြူဖြူ လက်ခံနိုင်ပါလိမ့်မယ်။ အဆွေခင်ပွန်းကောင်းတို့ မည်သည် ဟုတ်တိုင်း မှန်ရာကို ပွင့်ပွင့်လင်းလင်း ဝေဖန်ရဲရပါတယ်။ ဟုတ်တိုင်းမှန်ရာ ဝေဖန် ကိုလည်း ခံနိုင်ရည်ရှိရပါတယ်။ သိရိဖြတ်ကမွန် အပေါ်မှာ အဆွေခင်ပွန်း ကောင်းအဖြစ် ခင်စောမယ် မမိုတ်မသုန် ယုံကြည်ပါသလား'

သိရိဖြတ်ကမွန်က တည်ငြိမ်သည့် လေနေ့ဖြင့် ပြန်လည် မေး ထုတ်လိုက်သည်။

'စစ်သည်တော်ကြီးကို အဆွေခင်ပွန်းကောင်းအဖြစ် မောင်တော ဗညားအိမ် စိတ်ချယုံကြည်သလို ခင်စောမယ်လည်း ယုံကြည်စိတ်ချကြေ တစ်ချိန်က ဖွင့်ဟခဲ့ပြီ မဟုတ်လား။ ခင်စောမယ် အပေါ်မှာ သံသယ ဝင်နေတ ပဲလား'

'ဒါဖြင့် ကောင်းပြီ၊ အဆွေခင်ပွန်းကောင်း ပီသ သလား၊ မပီသဘူး ဆိုတာ လက်တွေ့စမ်းသပ်ကြည့်ရအောင်'

သိရိဖြတ်ကမွန်က နီဒါန်းပျိုးလိုက်ပြီး ခင်စောမယ် အမည်ခံ ကေသရာ၏ အမူအရာကို ခေတ္တမျှ အကဲခတ်နေပေသည်။

မြို့စားကြီး၏သမီးဦး နှင်းကေသရာသခင်မနဲ့ အရပ်သူ ခင်စောမ ခြားနားချက်ကို ပထမဦးစွာ ဝေဖန်သုံးသပ်ပြပါမယ်။ ရွှေနားဆင်တော် မြို့စားကြီးရဲ့ သမီးဦး နှင်းကေသရာ သခင်မဟာ အလှဂုဏ်၊ မနဂုဏ်၊ ဆွေ





အစရှိတဲ့ ဂုဏ်မာနတွေ တက်ကြွနေသူ ဖြစ်ပါတယ်။ ဒါ့ကြောင့် စ ဆိုပြီး မာန်မာနတရားတွေ ဖုံးလွှမ်းနေတဲ့အတွက် အမှန်တရားကို မမြင် ဲ့ ဆင်ကန်းတောတိုး တစ်ဖွတ်ထိုး လုပ်တတ်သူ ဖြစ်ပါတယ်။ အရပ်သူ စောမယ်ကတော့ ဒေဝဓမ္မ တရားနှစ်ပါးဖြစ်တဲ့ ဟိရီ နှင့် ဩတ္တပ္ပ သော အရှက်တရား၊ အကြောက်တရားနဲ့ ပြည့်စုံပြီး ဂါရဝနဲ့ နိဝါတ တရား ကို လက်ကိုင်ထားတဲ့ ရိုးသားဖြူစင်ပြီး စိတ်ထားမြင့်မြတ်သူ ဖြစ်ပါတယ်'

သိရိဖြတ်ကမွန်က နှင်းကေသရာ၏ အမူအရာကို အကဲခတ်ရင်း ကေသရာနှင့် ခင်စောမယ်၏ ခြားနားချက်ကို ရှင်းပြလိုက်ရာ ခင်စောမယ် အမည်ခံ နှင်းကေသရာသည် မျက်မှောင်ကြုတ်ပြီး နားထောင်နေရာမှ ၄င်း၏ မျက်နှာမှာ နီတျာတျာဖြစ်သွားလိုက်၊ ညိုပုပ်ပုပ်ဖြစ်သွားလိုက်နှင့် အမျိုးမျိုး ပြောင်းလဲသွားပြီး နောက်ဆုံးတွင် မသိမသာ ပြုံးလိုက်ပေသည်။

'နှင်းကေသရာ သခင်မက ဒါလောက်တောင် မာန်မာန ခက်ထန် လား'

'ဒါထက်တောင် ပိုချင် ပိုပါလိမ့်မယ်'

'ခင်စောမယ်ကျတော့ ရိုးသားဖြူစင်ပြီး စိတ်ထားမြင့်မြတ်တယ်လို့ ပါသလား။ ခင်စောမယ်နဲ့ နှင်းကေသရာတို့ ခြားနားချက်ဟာ အထက်နဲ့ အောက်၊ ဘဝင်နဲ့အဝီစိ၊ မိုးနဲ့မြေကြီးလို ဗီလာဆန့်ကျင်ဖြစ်ပြီး ကွာခြားလွန်းလှ သလား'

'မှန်ပါတယ်၊ နှင်းကေသရာသခင်မနဲ့ အရပ်သူ ခင်စောမယ်ဟာ ယ်လိုနည်းနှင့်မှ နှိုင်းယှဉ်လို့ မရအောင် ဗီလာဆန့်ကျင် ဖြစ်နေပါတယ်။ စောမယ်ရဲ့ ချစ်စရာကောင်းတဲ့ အရည်အသွေးတွေကို နှင်းကေသရာ ခင်မက ဖျက်ဆီးပစ်မှာကို စိုးရိမ်ရပါတယ်'

'စစ်သည်တော်ကြီး ဘယ်လို ပြောလိုက်တာလဲ'

'အဆွေခင်ပွန်းကောင်း ပီသစွာ ဟုတ်တိုင်းမှန်ရာကို ပွင့်ပွင့်လင်းလင်း ဝေဖန်သုံးသပ်လိုက်ခြင်းသာ ဖြစ်ပါတယ်။ မာန်မာနတည်းဟူသော တိမ်သလာ ဖုံးကွယ်နေတဲ့အတွက် အမှန်တရားကို မြင်နိုင်စွမ်းမရှိဘဲ အမှားကို အမှန် ပြီး ဆင်ကန်းတောတိုး တစ်ဖွတ်ထိုးလုပ်တတ်တဲ့ နှင်းကေသရာသခင်မ ကြောင့် ရိုးသားဖြူစင်ပြီး စိတ်ထားမြင့်မြတ်တဲ့ ခင်စောမယ်ရဲ့ အရည်အသွေးတို့ ဖျက်ဆီးပစ်သလို ဖြစ်စေနိုင်ရုံသာမက အရှက်တကွဲ အကျိုးနည်း ဖြစ်ပြီး သားနဲ့ ရင်ဆိုင်ရဖို့ လမ်းစပေါ်နေပါတယ်'

သိရိဖြတ်ကမွန်သည် မျက်နှာသေကြီးဖြင့် ဗေဒင်ဟောကိန်းထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

အလွန်တရာ ခိုင်လုံတဲ့ အကြောင်းပြချက် ရှိပါသော်လည်း ထိုအကြောင်းပြချက်ကို ဖွင့်ဟရန် အခါအခွင့် မသင့်သေးပါသဖြင့် ဖွင့်ဟခြင်း မပြုနိုင်သည်ကို သည်းခံတော်မူပါ'

'ဒီမှာ စစ်သည်တော်ကြီး၊ သခင်မကို ပဟေဠိတွေနဲ့ ဦးနှောက်ခြောက်အောင် လုပ်မနေစမ်းပါနဲ့။ စစ်သည်တော်ကြီး ပြောတဲ့ စကားတွေရဲ့ အဓိပ္ပာယ်ကို တစ်ခုမှ အစဖော်လို့ မရဘူး'

'ဦးနှောက်အခြောက်ခံပြီး စဉ်းစားတော်မမူပါနဲ့။ အချိန်တန်လျှင် နှုတ်ပိန် ကန်ပါလိမ့်မယ်၊ သည်းခံပြီး စောင့်စားတော်မူပါ'

သီရိဗြတ်ကမွန်သည် နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး တီးတိုး ဆွေးနွေးနေကြသည့် မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့ဘက်သို့ မသိမသာ လှည့်ကြည့်ရင်း အဖြေပေးလိုက်ရာ၊ နှင်းကေသရာသည် သီရိဗြတ်ကမွန်၏ အမူအရာကို အကဲခတ်နေရာမှ ညင်သာစွာ သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီ၊ သည်းခံပြီး စောင့်စားပါဆိုရင် စောင့်စားပါမယ်။ အချိန်တန်ရင်သာ သခင်မကို ရှင်းပြစမ်းပါ။ ဒါကို အသာထားပြီး စောစော စစ်သည်တော်ကြီး ရွတ်ဆိုပြသွားတဲ့ လင်္ကာကို စောစောကလိုပဲ အသံ အသံထားနဲ့ ရွတ်ဆိုပြစမ်းပါဦး'

နှင်းကေသရာက တောင်းခံလိုက်ပြန်ရာ သီရိဗြတ်ကမွန်က ခေါင်းယမ်းပြလိုက်သည်။

'ခွေးပါးစပ်က နတ်စကားထွက်သလို ဖြစ်နေလိမ့်မယ် ဖြစ်တဲ့အတွက် သည်းခံတော်မူပါ'

'ရှင် ဘယ်လိုလူလဲ'

'အညတရစစ်သည်တော် သီရိဗြတ်ကမွန်ပါ'

'ဒီနာမည်ကြီးကို အတော် သဘောကျနေတယ် မှတ်တယ်။ ဒါ အသာထားပြီး စစ်သည်တော်ကြီးဟာ ကဗျာလင်္ကာကို ပြောင်မြောက်စွာ ရွ သီကုံးနိုင်တဲ့ စွမ်းရည်သတ္တိ ရှိပါလျက် သခင်မကို ဘာပြုလို့ လှည့်စား တာလဲ။ စစ်သည်တော်ကြီးရဲ့ ပြောင်မြောက်တဲ့ လက်ရာမွန်ကို ဘုရင် ရွှေနားကြားအောင် ရွှေနားတော်သွင်းလိုက်ရရင် စစ်သည်တော်ကြီးကို ချီး မြှောက်စားတော်မူမှာ အမှန်ပဲ'

နှင်းကေသရာသည် ၎င်း၏ စိတ်ထဲတွင် ရှိသမျှ ဖွင့်ဟလိုက်ပြီး တစ်စုံတစ်ရာ စဉ်းစားမိသည့် အမူအရာဖြင့် မျက်နှာညှိုးငယ်သွားပေသည်





'ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူတဲ့အခါ ဆောင်းတူးမြို့ကို ခေတ္တဝင်ရောက်ပြီး သခင်မရဲ့ စံအိမ်တော်မှာ စံနေတော်မူလိမ့်မယ်လို့ ကြားသိရတယ်။ ဒီသတင်းကို စစ်သည်တော်ကြီး ကြားပြီးပြီ မဟုတ်လား'

နှင်းကေသရာက သီရိဗြတ်ကမွန်အား မေးလိုက်ပြန်သည်၊

'အတိအကျတော့ သတင်းမရသေးကြောင်းပါ။ တိုင်းခန်းလှည့်လည်တော်မူတဲ့အခါ ဆောင်းတူးမြို့ကို ခေတ္တဝင်ရောက်ဖို့ အစီအစဉ်ရှိကြောင်းတော့ သဲ့သဲ့သန့်သန့် ကြားသိရကြောင်းပါ'

သီရိဗြတ်ကမွန်က အဖြေပေးလိုက်ရာ နှင်းကေသရာသည် တစ်စုံ တစ်ရာ ပြန်မပြောသေးဘဲ ခေတ္တမျှ စဉ်းစားနေပေသည်။

'ဆောင်းတူးမြို့ဘက်ကို ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော် မမူပါစေနဲ့လို့ သခင်မ ဆုတောင်းတယ်။ ဘုရား သိကြား မ လို့ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူမယ့် အစီအစဉ်ကို ဖျက်သိမ်းပါစေ'

နှင်းကေသရာသည် မျက်နှာမသာမယာနှင့် ညည်းညူလိုက်သည်။

'ဘယ်လိုအကြောင်းကြောင့် ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော် မူလာမှာကို စိုးရိမ်တော်မူရပါသလဲ။ နှင်းကေသရာ သခင်မကို သမီးတော်ရင်းနဲ့ မခြား ကြင်နာယုယတော်မူတယ် မဟုတ်လား'

သီရိဗြတ်ကမွန်က ပြန်မေးလိုက်ရာ နှင်းကေသရာမှာ မျက်နှာ ပျက်သွားပေသည်။

'အို .... သခင်မ ဘာတွေ ပြောမှန်း မသိဘူး'

နှင်းကေသရာသည် မိမိ စောစောက လွှတ်ခနဲ ပြောလိုက်မိသည့် စကားကို ဖုံးကွယ်ရန် ကြိုးစားရင်း လေသာဆောင်၏ အစွန်တစ်နေရာတွင် ခေါင်းချင်းဆိုင်၍ တီးတိုး ဆွေးနွေးနေကြသည့် မင်းသိဒ္ဓတ်နှင့် မင်းရွှေခဲတို့ ဘက်သို့ လှည့်ကြည့်လိုက်စဉ်၊ မြင်းကိုယ်စီဖြင့် ပြန်လာကြသော မောင်တော် များအိမ်နှင့် အရီးဘုရား ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်မကို မြင် လိုက်သဖြင့် ခေတ္တမျှ ငေးစိုက်ကြည့်နေမိပေသည်။

'ဟော ပြောရင်းဆိုရင်း အရီးဘုရား ပြန်လာပြီ။ စစ်သည်တော်ကြီးကို မြင်ရင် နှုတ်သီးကောင်း လျှာပါးနဲ့ ရန်တွေ့မှာ သခင်မ ကြားယောင်သေးတယ်၊ စစ်သည်တော်ကြီးတော့ ခေါင်းကျိန်းဖို့သာ ပြင်ပေတော့၊ ကဲ .... လာ၊ အရီး ဘုရားကို အကြိုတော် ထောက်ရအောင်'

နှင်းကေသရာသည် စကားလွှဲပြောင်းပြောလိုက်ပြီး အရီးဘုရားကို အကြိုတော်ထောက်ရန် သီရိဗြတ်ကမွန်အား အဖော်ခေါ်လိုက်ရာ သီရိဗြတ်ကမွန်



www.burmeseclassic.com

www.burmeseclassic.com



မြို့စားလေး ဗညားအိမ်ကို သားတော်သမီးတော် အရင်းလို ခင်မင်ရင်းနှီးတော်မူတဲ့အတွက် မြို့စားလေးရဲ့ စံအိမ်တော်မှာ တည်းခိုဖို့ စီစဉ်ထားကြောင်း သိပါတယ်။ မြို့စားလေး ဗညားအိမ်ရဲ့ စံအိမ်တော်မှာ တည်းခိုနေချိန်တွင် ရှင်စောပု ဘုရင်မကြီးကို လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်အားထုတ်နေသူတွေ ရှိနေပါတယ်'

သိရိပြတ်ကမွန်က တစ်ခွန်းချင်း ရှင်းပြလိုက်ရာ ခင်စောမယ်အမည်ရှိ နှင်းကေသရာမှာ ဆောက်တည်ရာ မရအောင် ထိတ်လန့်တုန်လှုပ်သွားပေသည်။ အသားအရေ ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး မျက်လုံးမျက်ဆန် ပြူး၍သွားလေသည်။

'ဘုရား၊ ဘုရား၊ ဘုရား ကယ်တော်မူပါ။ ဘုရင်မကြီး ဘေးအန္တရာယ်မသန့်ပါစေနဲ့ ဘုရား။ ဘုရင်မကြီး သက်တော်ရာကျော် ရှည်ပါစေ'

နှင်းကေသရာသည် တုန်ယင်သော အသံများဖြင့် ဘုရား "တ" လိုက်သည်။

'ဒီအတွက် ဘာမှ မစိုးရိမ်ပါနဲ့။ အာဏာရူး လူယုတ်မာတွေရဲ့ အကြံအစည်တို့ ကြိုတင်သိရှိထားပြီး ဖြစ်တဲ့အတွက် ဘုရင်မကြီးရဲ့ အသက်အန္တရာယ် မပြုနိုင်ပါဘူး။ အန္တရာယ်ပြုမယ့် ငမိုက်သား လူသတ်သမားတွေလည်း ရှင်းလင်းသုတ်သင်ပစ်လိုက်ပါပြီ'

'ဟင် ဟုတ်လား၊ ဒီစကားကြားရတာ ဝမ်းသာလိုက်တာ။ စုံစမ်းသင်ကျသွားတော့တယ်'

နှင်းကေသရာသည် ရင်ဝကို လက်နှင့်ဖိရင်း ပြောလိုက်သည်။

'ဒါက အရေးမကြီးဘူး။ ဘုရင်မကြီးကို လုပ်ကြံဖို့ စီစဉ်ခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အကြံအစည် အောင်မြင်သည် ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ မြို့စားလေးဗညားအိမ်နဲ့ နှင်းကေသရာ သခင်မတို့ အပေါ်မှာ အပြစ်ပုံချဖို့ ကြံစည်အားထုတ်နေတဲ့ လူတွေရှိပါတယ်။ ဘုရင်မကြီးကို လုပ်ကြံဖို့ အစီအစဉ်နဲ့ ပတ်သက်ပြီး နှင်းကေသရာ သခင်မနဲ့ မောင်တော် ဗညားအိမ်တို့ဟာ ထိပ်တန်းခေါင်းဆောင်များအဖြစ် ပါဝင်ကြောင်း သက်သေအထောက်အထားတွေ ပြပြီး နှင်းကေသရာ သခင်မနဲ့ မောင်တော် ဗညားအိမ်ကို ပျက်စီးအောင် ပျက်စီးကြောင်း ကြံစည်နေသူတွေ ရှိနေပါတယ်'

သိရိပြတ်ကမွန်က ထပ်လောင်းပြီး သတိပေးလိုက်ရာ နှင်းကေသရာမှာ မိမိ၏ နားကိုပင် မိမိ မယုံနိုင်အောင် ဖြစ်သွားပေသည်။

'ရှင်းပြလှချည်လား။ ဒီအကြံအစည်ကို ကြံစည်တာ ဘယ်လို လူယုတ်မာတွေလည်း၊ ပြောပြစမ်းပါဦး။ ရာဇာဓိရာဇ် ဘုရင်မင်းတရားကြီးရဲ့ လက်ထက်တော်ကတည်းက ရှင်စောပုဘုရင်မကြီး လက်ထက်တော်တိုင်အောင် ခမည်းတော်







တော်ရှာစ်မြို့စားကြီးဟာ အသက်ပေးပြီး သစ္စာတော် စောင့်သိရိုသေခဲ့တယ်ဆိုတာ တစ်နိုင်ငံလုံး သိပါတယ်။ ရှင်စောပု ဘုရင်မကြီး အပေါ်မှာ မောင်တော် ဗညားအိမ်ရော သခင်မပါ အသက်နဲ့လဲပြီး သစ္စာစောင့်သိ ရိုသေတာကိုလည်း လူတိုင်းသိပါတယ်'

'လူတိုင်းသိပါတယ် ဆိုပေမယ့် လူတိုင်းထဲမှာ မိတ်ဆွေဟန်ဆောင်နေတဲ့ ရန်သူတွေ ရှိနေတာကို သတိပြုသင့်ပါတယ်။ သူတို့ရဲ့ အကြံအစည်သာ အောင်မြင်သွားရင် နှင်းကေသရာသခင်မရော မောင်တော်ဗညားအိမ်ပါ သိက္ခာကျပြီး ပျက်စီးခြင်းဘေးနဲ့ ရင်ဆိုင်ရပါလိမ့်မယ်'

'ဒါတွေကို စစ်သည်တော်ကြီး ဘယ်လိုလုပ်ပြီး သိသလဲ'

'ခိုင်လုံတဲ့ သက်သေအထောက်အထားတွေ ရရှိထားတဲ့အတွက် ခုလို ထပ်အပ်သေချာ ပြောနိုင်ခြင်း ဖြစ်ပါတယ်။ ငမိုက်သား သိရိပြတ်ကမွန်ရဲ့ လက်ဝယ်မှာ ရရှိထားတဲ့ သက်သေခံ အထောက်အထားအရ ဆိုရင် နှင်းကေသရာ သခင်မကို သစ္စာဖောက်အဖြစ် ရင်ခွဲ၊ အသည်းနှေပုလုန်းပြီး သေဒဏ်ပေးခြင်း ခံရမှာ သေချာနေပါတယ်'

'သစ္စာဖောက် .... ဟုတ်လား၊ သခင်မ ဘယ်တုန်းက ဘုရင်မကြီးအပေါ်မှာ သစ္စာဖောက်ခဲ့ဘူးလို့လဲ။ ဘုရင်မကြီးအပေါ်မှာ သခင်မလောက် သစ္စာစောင့်သိရိုသေတဲ့လူ ရှိလိမ့်မယ် မထင်ဘူး။ သခင်မအပေါ်မှာ ဘုရင်မကြီးဟာ သမီးတော်နှစ်ပါးနဲ့အတူ ထပ်တူထပ်မျှ ချစ်မြတ်နိုးတော်မူသလို သခင်မကလည်း ဘုရင်မကြီး အပေါ်မှာ မယ်တော် အရင်းလို ကြည်ညိုလေးစားကြောင်း လူတိုင်း သိပါတယ်။ ဘုရင်မကြီးအပေါ်မှာ သခင်မ ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ဘူး။ ဘယ်တော့မှလည်း သစ္စာဖောက်ဘူး။ ဘုရင်မကြီးအပေါ်မှာ သခင်မ သစ္စာဖောက်ခဲ့ရတယ် ဆိုရင် သက်သေအထောက်အထား ပြစမ်းပါ'

နှင်းကေသရာမှာ မိမိအား သစ္စာဖောက်ဟု စွပ်စွဲခံရသဖြင့် မခံမရပ်နိုင်အောင် ဖြစ်နေပေသည်။

'ဤစာတမ်းကို ဖတ်ရှုတော်မူပါ။ ဤစာတမ်းမှာ မူရင်းမဟုတ်သေးပါ၊ ကူးယူထားခြင်းသာ ဖြစ်ပါတယ်။ မူရင်းစာတမ်းမှာ ပုရပိုက်ဖြူပေါ်တွင် ကြို့ဝက်သည့်နည်းဖြင့် ရေးသားထားတဲ့အတွက် သာမန်မျက်စိဖြင့် မမြင်နိုင်ပါ၊ မီးကင်ပြီး အပူဓာတ်ပေးလိုက်သည့် အခါကျမှ စာလုံးများ ပေါ်လာပါတယ်။ ဤစာတမ်းကို ဖတ်ရှုပြီးတဲ့အခါ မူရင်း ပုရပိုက်ဖြူကို ပြပါမယ်။ ဤစာတမ်းကို ပဉ္စမပထမ လုံးစေ့ပတ်စေ့ ဖတ်ရှုကြည့်ပါဦး'

သိရိပြတ်ကမွန်သည် ပြောပြောဆိုဆို မြောင်းမြဘက်မှ စေလွှတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သော လူသတ်သမား မင်းလှကောင်းအား ဗောလကွန်၏ လယ်တောရှိ စပါး ထဲတွင် ဆော့ခန်နှင့် ဗောညီတို့ညီနောင် ဖမ်းဆီးချုပ်နှောင်ထားစဉ် မင်းလှ ထံမှ သိမ်းဆည်းရရှိခဲ့သည့် ပုရပိုက်ဖြူမှ ကူးယူထားသည့် မိတ္တူစာတမ်း ခင်စောမယ် အစည်ခံ နှင်းကေသရာ၏လက်သို့ ပေးအပ်လိုက်ရာ နှင်းကေ မှာ ထိတ်လန့်တုန်လှုပ်နေသဖြင့် စာတမ်းကို လှမ်းမယူဘဲ လက်ဝါးကာပြ သည်။

'စစ်သည်တော်ကြီး ဖတ်ပြစမ်းပါ။ သခင်မ အသည်းထိတ်လွန်း တော်ပါရစေနဲ့'

နှင်းကေသရာက ပြန်ပြောလိုက်ရာ သီရိဖြတ်ကမွန်သည် ပုရပိုက် မှ ကူးယူထားသည့် စာတမ်းကို တစ်လုံးချင်း ပီသစွာ ဖတ်ပြလိုက်သည်။

ပုရပိုက်ဖြူမှ မိတ္တူကူးယူထားသည့် စာတမ်းမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**နှင်းကေသရာ ဘွဲ့ခံ ခင်စောမယ် သိသာရန်မှာ –**

**ရှင်စောပု ဘုရင်မကြီး တိုင်းခန်း လှည့်လည်ရာတွင် ဆောင်းတူးမြို့စားကြီး၏ စံအိမ်တော်တွင် ခေတ္တစံနေတော်မူရန် အစီအစဉ် ရှိသည်ကို အသေအချာ သိရသည်။**

**ဘုန်းကြီးလူထွက်အား အိမ်ရှေ့အရာ အပ်နှင်းရုံသာမက ထီးနန်းကိုပါ လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိကြောင်း အနိုင်အမာ သိရသည်။ ဘုန်းကြီးလူထွက်အား ထီးနန်း လွှဲပြောင်းပေးပါက တိုင်းပြည် ငါးဝါးမှောက်လိမ့်မည်။**

**ထီးနန်းလွှဲပြောင်း မပေးမီ ကျွန်တော်၏ အရေးတော်ပုံ အောင်မြင်ဖို့ အရေးကြီးသည်။ ဤကိစ္စအတွက် နှင်းကေသရာ ဘွဲ့ခံ ခင်စောမယ်အား တာဝန်ပေးရန် ဆုံးဖြတ်လိုက်ပြီး ဖြစ်သည်။**

**ဤစာလွှာကို ယူဆောင်လာသူထံမှ ညွှန်ကြားချက်များ အတိုင်း လိုက်နာဆောင်ရွက်ပါလေ။**

**စစ်တောင်းမြို့စားကြီး၏သားတော် သမိန်တိသကုမ္ဘာ၏ ရှေ့ဆောင် လမ်းပြမှုကိုလည်း တစ်သဝေမတိမ်း နာခံပါ။ အရေးတော်ပုံ အောင်မြင်ရေးအတွက် တန်ခိုးအရှိန်အဝါ ကြီးမားသော မြို့စားရွာစားကြီးများနှင့် ဗိုလ်မှူးတပ်မှူးများ**





**ကိုယ်တိုင် ဦးဆောင် ပါဝင်လျက် ရှိသဖြင့် မလွဲမသွေ အောင်မြင် ရမည်။**

**ဤစာလွှာကို ဖတ်ရှုပြီး မီးရှို့ ဖျက်ဆီးပစ်ပါလေ။**

**အရေးတော်ပုံ အောင်ရမည်။**

သီရိဖြတ်ကမွန်သည် အထက်ပါ ညွှန်ကြားလွှာကို ခင်စောမယ် ဘွဲ့ခံ နှင်းကေသရာ ကြားသာရုံ တစ်လုံးချင်း ပီပီသသ ဖတ်ပြလိုက်ရာ ခင်စောမယ်သည် မျက်မှောင်ကြုတ်ပြီး အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်၍ နားထောင်နေပေသည်။ ပြီးမှတစ်ဖန် သက်ပြင်းချလိုက်ပြန်သည်။

'စစ်သည်တော်ကြီး ဖတ်ပြတဲ့ စာတမ်းထဲမှာ ဘုရင်မကြီးကို လုပ်ကြံဖို့ ညွှန်းတစ်ပါဒမှ မပါပါလား'

ခင်စောမယ်သည် သီရိဖြတ်ကမွန်၏ လက်မှ စာတမ်းကို ယူ၍ နောက်တစ်ကြိမ်ဖတ်ရင်း ပြန်ပြောလိုက်သည်။

'ဒါက အချင်းချင်း နားလည်သဘောပေါက်ရုံဆိုပြီး အရိပ်အမြွက်မျှ ရေးထားတာပါ။ ဤစာလွှာကို ယူဆောင်လာသူထံမှ ညွှန်ကြားချက်များ အတိုင်း လိုက်နာဆောင်ရွက်ပါလေ ဆိုတဲ့ စကားအစီပွာယ်က အင်မတန် အရေးကြီးကျယ်ဝန်းပါတယ်။ ခင်စောမယ်က ဘုရင်မကြီးရဲ့ သမက်တော်အငယ် အိမ်ရှေ့ရေဘွဲ့ခံ ဘုန်းကြီးလူထွက်ကို ခမ္မစေတီဘွဲ့နဲ့ အိမ်ရှေ့အရာ အပ်နှင်းခဲ့တာ မကျေနပ်ဘူးဆိုတာ သိလို့ ခင်စောမယ်ကို အကာအကွယ်ယူပြီး ဘုရင်မကြီး ကို လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်အားထုတ်နေကြတာပါ။ ဒီစာတမ်းကို ယူဆောင် လာခဲ့တဲ့ လူဟာ ဘုရင်မကြီးကို လုပ်ကြံသတ်ဖြတ်ဖို့ တာဝန်ပေးခြင်း ခံရတဲ့ လူသတ်သမားပါ။ ဒါပေမဲ့ အဲဒီလူသတ်သမားကို သုတ်သင်ရှင်းလင်းပစ်လိုက် ပြီးတဲ့အတွက် ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည် အောင်မြင်ဖို့လမ်းစ မရှိတော့ပါဘူး။ ဒါပေမဲ့ ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည် အောင်မြင် သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ခင်စောမယ်တို့ မောင်နှမကို ကြာရှည်များ မင်းပြစ်မင်းဒဏ်သင့်အောင် ချောက်တွန်းဖို့ ကြံစည်အားထုတ်နေတဲ့ လူ ရှိနေပါတယ်။ ယခုပင်လျှင် မင်းကြီးသက်တော်ရှည်ဆီကို တိုင်စာရောက် ရှိနေလို့ မင်းကြီးသက်တော်ရှည် ကိုယ်တိုင်က ခင်စောမယ်တို့ မောင်နှမ ဟာ သင်္ကာယနုံ့မကင်း ဖြစ်နေပါတယ်။ ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံ အစည်နဲ့ ပတ်သက်ပြီး ခင်စောမယ်ဟာ ခေါင်းဆောင်ပိုင်းက ပါဝင်နေတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်းအပ်သေချာ စွပ်စွဲထားတဲ့ စာတမ်းတစ်စောင် မင်းကြီးသက်တော်ရှည်ထံကို ရောက်ရှိနေပါတယ်'

သီရိဇြတ်ကမွန်က ပြန်ပြောလိုက်ရာ ခင်စောမယ် အမည်ခံ နှင်းကေသရာမှာ မျက်လုံးပြူးသွားပြန်သည်။

'တပ်အပ်သေချာ စွပ်စွဲထားတယ် ဟုတ်လား။ မတော်မတရား စွပ်စွဲတာ ဘယ်သူလဲ'

'ဘယ်သူလဲဆိုတာ မသိရလို့ ခက်နေပါတယ်။ လက်ရေးကို ဖျက်ပြီး ရေးသားထားတဲ့အပြင် တိုင်စာပေးပို့သူရဲ့ အမည်နဲ့လိပ်စာ ပါမလာပါဘူး'

'ခင်စောမယ် အပေါ်မှာ ဘယ်လိုစွပ်စွဲထားသလဲ။ စစ်သည်တော်ကြီး မှတ်မိသလောက် ပြောပြစမ်းပါ'

'မှတ်မိသလောက် တစ်ခုစီ ပြောပြပါမယ်။ စိတ်ရှည်ရှည်ထားပြီး နားထောင်ပါ။ ပထမ စွပ်စွဲချက်က ရှင်ဓမ္မဓရ လူထွက်ကို ဓမ္မစေတီဘွဲ့နဲ့ နန်းလျာထားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မဟာဆီ မဟာသွေး နန်းလျာမထား ဘုန်းကြီးလူထွက်ကို နန်းလျာထားရမလား ဆိုပြီး လူသိရှင်ကြား ပြင်းပြင်း ထန်ထန် ကန့်ကွက် ပြောဆိုနေကြောင်း တပ်အပ်သေချာ စွပ်စွဲထားပါတယ်'

သီရိဇြတ်ကမွန်က ပထမ စွပ်စွဲချက်ကို တင်ပြလိုက်သည်။

'ဘုန်းကြီးလူထွက်ကို နန်းလျာထားရမလားဆိုပြီး ကန့်ကွက်ခဲ့တာ တော့ အမှန်ပဲ။ ဒါဘာဖြစ်သလဲ။ စစ်သည်တော်ကြီးရဲ့ ရှေ့မှာတောင် လူ ရှင်ကြား ကန့်ကွက်ခဲ့သေးတယ် မဟုတ်လား။ မကျေနပ်လို့ မကျေနပ်ကြောင်း ပြောပြီး ကန့်ကွက်တာ ဘာဖြစ်သလဲ။ ဘုရင်မကြီးရဲ့ အဆုံးအဖြတ်နဲ့ ပတ်သက် ပြီး သဘောထားချင်း မတိုက်ဆိုင်လို့ မတိုက်ဆိုင်ဘူးဆိုတာ ပွင့်ပွင့်လင်းလင်း ပြောတာတောင် မပြောရတော့ဘူးလား'

ခင်စောမယ်က စိတ်လိုက်မာန်ပါ ပြန်ပြောလိုက်သည်။

'တိုးတိုးသက်သာ မိန့်တော်မူပါ။ အခြားလူတွေ ကြားသွား မသင့်လျော်ပါဘူး'

သီရိဇြတ်ကမွန်က သတိပေးလိုက်သည်။

'ဒီမှာ စစ်သည်တော်ကြီး၊ ဘုန်းကြီးလူထွက်ကို နန်းလျာထားရ ဆိုပြီး ခင်စောမယ် ပြောခဲ့တုန်းက ခင်စောမယ်ရဲ့ အနီးအနားမှာ စစ် တော်ကြီးနဲ့ မိုးအုံးနောင် မောင်ဘုရားပဲ ရှိတယ်။ မင်းကြီးသက်တော်ရှည် နားကို ဒီသတင်း ပေါက်ကြားတာ စစ်သည်တော်ကြီးရဲ့ လက်ချက်





ည်းကောင်း၊ မိုးအုံးနောင် မောင်ဘုရားရဲ့ လက်ချက်သော် လည်းကောင်း ဖြစ်ရမယ်'

'သီရိဇြတ်ကမွန်အပေါ်မှာ ဒီလောက်တောင် အထင်သေးသလား'

'အထင်သေးလို့ ပြောနေတာ မဟုတ်ဘူး။ ခင်စောမယ် ပြောတဲ့ စကားကို အပြင်လူတွေ မကြားနိုင်ဘူး။ စစ်သည်တော်ကြီးနဲ့ မိုးအုံးနောင် မောင်ဘုရားရဲ့ ရှေ့မှာသာ ခင်စောမယ် ပြောခဲ့မိတယ် ထင်တယ်။ လူစိမ်းသူစိမ်း တွေ့မှာ မပြောခဲ့မိပါဘူး။ အဲဒါကို အသာထားပြီး ဒုတိယ စွပ်စွဲချက်ကို ပြောပြ စမ်းပါဦး'

ခင်စောမယ်က မေးလိုက်ပြန်သည်။

'ဒုတိယစွပ်စွဲချက်က ဘုရင်မကြီးရဲ့ သမက်တော်အကြီးကို နန်းလျာ ထားဖို့ လိုလားတဲ့ စစ်တောင်းမြို့စားကြီးရဲ့သားတော် သမိန်တိသကုမ္မာနဲ့ ဆက်အသွယ်ပြုလုပ်ပြီး ခင်စောမယ်တို့ မောင်နှမရဲ့ စံအိမ်တော်မှာ သမက် တော် အကြီးကို လိုလားသူတွေ မကြာခဏ စုဝေးစေပြီး လျှို့ဝှက်ဆွေးနွေး တိုင်ပင်နေကြတယ် ဆိုတဲ့ စွပ်စွဲချက်ပါပဲ'

သီရိဇြတ်ကမွန်က မိမိ မှတ်သားမိသလောက် ဖွင့်ဟလိုက်သည်။

'ဒါတင်ပဲလား'

'ဘုရင်မကြီး အပေါ်မှာ သစ္စာစောင့်သိ ရှိသေတဲ့ မြို့စားလေး ညွှားအိမ်ကို သမက်တော်အကြီးရဲ့ ဘက်တော်သား ဖြစ်လာအောင် ခင်စောမယ် ကိုယ်တိုင် ဆွဲဆောင်နေတယ်လို့ စွပ်စွဲထားပါသေးတယ်'

'ဒီစွပ်စွဲချက်တွေဟာ မှန်သင့်သလောက်တော့ အမှန်သားပဲ။ ဒါပေမဲ့ ခင်စောမယ်တို့ ဆွေးနွေးတဲ့ကိစ္စက ဘုရင်မကြီးအပေါ်မှာ သစ္စာဖောက်ဖို့ မဟုတ်ပါဘူး။ လုပ်ကြံဖို့ဆိုတာတော့ အိပ်မက်တောင် မမက်ပါဘူး။ ဘုန်းကြီး လူထွက်ကို နန်းလျာထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဘုရင်မကြီးရဲ့ အဆုံးအဖြတ် ကို မကျေနပ်လို့ မကျေနပ်ကြောင်း ပြောခဲ့ပေမယ့် ဘုရင်မကြီး အပေါ်မှာတော့ မယ်တော် အရင်းလို လေးစားကြည်ညိုတဲ့အပြင် အသက်နဲ့လဲပြီး သစ္စာစောင့်သို သလျက်ပါ။ ခင်စောမယ်တို့ ဆွေးနွေးတိုင်ပင်ခဲ့ကြတာဟာလည်း ဘုရင်မကြီး သဘောထား ပြောင်းလဲလာအောင် လျှောက်တင်ဖို့ ဆွေးနွေးခဲ့ကြတာပါ၊ ခင်စောမယ် တို့ ဘုရင်မကြီးက သမီးတော်နှစ်ပါးနဲ့ ထပ်တူထပ်မျှ ချစ်မြတ်နိုးတော်မူကြောင်း သိကြတဲ့အတွက် ဘုရင်မကြီး နားဝင်အောင် လျှောက်တင်ဖို့ ခင်စောမယ်ကို တာဝန်ပေးခဲ့ကြတာပါ။ မောင်တော်ဗညားအိမ်ကို သမက်တော်အကြီးရဲ့ ဘက်တော်သားဖြစ်လာအောင် ဆွဲဆောင်နေတယ်ဆိုတဲ့ စွပ်စွဲချက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ မမှန်ပါဘူး။ မောင်တော် ဗညားအိမ်လည်း ဘုရင်မကြီးအပေါ်မှာ အသက်နဲ့လဲပြီး သစ္စာစောင့်သိခဲ့တာ အမှန်ပါ။ ခင်စောမယ်ရဲ့ စေတနာကို ဆဒနာဖြစ်အောင် မတော်မတရား စွပ်စွဲပြီး ကုန်းချောတာ ဘယ်သူလဲ။ ဒါကို ခင်စောမယ် သိချင်တယ်'

ခင်စောမယ် အမည်ခံ နှင်းကေသရာက သူ့အပေါ်တွင် မတော်မတရား စွပ်စွဲသည်ကို မခံမရပ်နိုင်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'တစ်နေ့ကျရင်တော့ ဘယ်သူဘယ်ဝါရဲ့ လက်ချက်ဆိုတာ သိရပါလိမ့်မယ်။ ဒါပေမဲ့ ဒီအတောအတွင်းမှာ ခင်စောမယ်တို့ မောင်နှမနှစ်ယောက်စလုံး အပြောအဆို အနေအထိုင်နဲ့ အသွားအလာကစပြီး သတိပြုဆင်ခြင်ဖို့ လိုပါတယ်။ ခင်စောမယ်တို့ မောင်နှမကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေတဲ့ အတွင်းရန်သူတွေ ရှိနေပါတယ်။ ရန်သူကို ရန်သူမှန်းသိရရင် ကြောက်စရာ မလိုပါဘူး။ အဆွေခင်ပွန်းဟန်ဆောင်ပြီး အကောက်ကြံနေတဲ့ အတွင်းရန်သူကို ပိုပြီး ကြောက်စရာ ကောင်းပါတယ်'

'ခင်စောမယ်တို့ မောင်နှမ ပျက်စီးရာ ပျက်စီးကြောင်း အကောက်ကြံနေတဲ့သူဟာ ဘယ်သူလဲ။ ဘာဖြစ်လို့ အကောက်ကြံရတာလဲ။ တစ်ဖက်သား ပျက်စီးသွားလို့ သူတို့မှာ ဘယ်လို အကြောင်းထူးမှာလဲ။ ဒါကို ခင်စောမယ် သိချင်စမ်းလှတယ်'

'မကြာခင် သိရပါစေမယ်။ မသိ သိအောင်လည်း စုံစမ်းနေပါတယ်'

'အတွင်းရန်သူ ဆိုတာ သေချာရဲ့လား'

ခင်စောမယ်သည် စိတ်ထိခိုက်သွားသည့် အမူအရာဖြင့် ပြောလိုက်သည်။

'သေချာပါတယ်၊ သေချာရုံတင် မကပါဘူး။ ရန်သူကို မတွေ့တွေ့အောင် ရှာနေပါတယ်။ ရန်သူကို တွေ့တာနဲ့ တစ်ပြိုင်နက် အသက်ချင်းလဲဖို့ စိတ်ပိုင်းဖြတ်ထားပါတယ်။ သီရိဖြတ်ကမွှန်ကို သေအောင် သတ်နိုင်ရင်သာ မသတ်နိုင်ရင်တော့ ရန်သူ သေဖို့သာပြင်။ ဒီနှစ်လမ်းပဲ ရှိတယ်'

သီရိဖြတ်ကမွှန်က ကြောက်မက်ဖွယ်ရာ မျက်နှာထားနှင့် ကြုံးဝါးလိုက်ရာ ခင်စောမယ် အမည်ခံ နှင်းကေသရာမှာ ကြက်သီးမွေးညင်းများ ထသွားပြီး သီရိဖြတ်ကမွှန်၏ ကြောက်မက်ဖွယ်ရာ ရုပ်အသွင်ကို ငေးစိုက်ကြည့်ရင်း အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်လာပေသည်။

'ခင်စောမယ်တို့ မောင်နှမ အတွက် စစ်သည်တော်ကြီး အသက်နဲ့လဲပြီး ခုခံကာကွယ်သွားမယ် ဟုတ်လား။ ခင်စောမယ်တို့ မောင်နှမကို ခင်ပွန်း





ခင်းဒဏ် သင့်အောင် သက်သေအထောက်အထား ခိုင်လုံစွာနဲ့ အနိုင်မရှေး အရေးယူနိုင်စွမ်းရှိတဲ့ စစ်သည်တော်ကြီးက ခင်စောမယ်တို့ မောင်နှမကို အကာအကွယ် ပေးမယ်ဆိုတာ ကြားရတော့ အံ့ဩလို့ မဆုံးနိုင်အောင် ဖြစ်ရပါတယ်၊ ခင်စောမယ်ရဲ့ စိတ်ထဲမှာလည်း ဘယ်လိုဖြစ်သွားမှန်း မသိဘူး'

ခင်စောမယ်က တုန်ယင်သော အသံဖြင့် ပြောလိုက်သည်။

'ခင်စောမယ်တို့ မောင်နှမအပေါ်မှာ လုံး၀ အပြစ်မရှိဘူးဆိုတာ သိလို့ အကာအကွယ်ပေးဖို့ စိတ်ပိုင်းဖြတ်ထားတာပါ။ အမှန်အတိုင်း ပြောရမယ်ဆိုရင် ရိုးသားဖြူစင်တဲ့ ခင်စောမယ်ကို မာန်မာန ဖုံးလွှမ်းနေတဲ့ နှင်းကေသရာက ဖျက်ဆီးနေခြင်းသာ ဖြစ်ပါတယ်။ မာန်မာနထောင်လွှားတဲ့ နှင်းကေသရာကြောင့် ရိုးသားဖြူစင်တဲ့ ခင်စောမယ် ဘေးဒုက္ခ ရောက်သွားမှာကို သီရိဖြတ်ကမွှန် ထိုင်ကြည့်မနေနိုင်ဘူး။ ခင်စောမယ်ကို အဆွေခင်ပွန်းကောင်းအဖြစ် သတိပေးစရာတွေ ရှိပါသေးတယ်။ ခင်စောမယ် အပါးမှာ အတွင်းရန်သူတွေ ရှိတဲ့အတွက် အပြောအဆို အနေအထိုင် အထူးသတိပြု ဆင်ခြင်ပါ။ သီရိဖြတ်ကမွှန်က လွဲပြီး ဘယ်သူ့ကိုမှ မယုံကြည်ပါနဲ့၊ စိတ်မချပါနဲ့'

သီရိဖြတ်ကမွှန်က သတိပေးလိုက်ရာ ခင်စောမယ်မှာ အလိုလို ကြိုးပြာသန့်သွားပြီး သီရိဖြတ်ကမွှန်၏ လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

'မမြင်ရတဲ့ အတွင်းရန်သူကို ဘယ်လိုလုပ်ပြီး တွန်းလှန်မလဲ။ ရန်သူကို ရန်သူမှန်း သိရရင် မကြောက်ပါဘူး။ မိတ်ဆွေဟန်ဆောင်ပြီး စကားတစ်ခွန်း ပြောသွားရင် ချက်ချင်းဒုက္ခပေးမယ့် ရန်သူကို ဘယ်လိုလုပ်ပြီး ခုခံကာကွယ်မလဲ၊ ခင်စောမယ် အသည်းထိတ်လိုက်တာ'

'စိတ်အားငယ်တော်မမူပါနဲ့။ သီရိဖြတ်ကမွှန် တစ်ယောက်လုံး ရှိပါသေးတယ်'

'စစ်သည်တော်ကြီးကို ခင်စောမယ် အားကိုးပါတယ်။ ဒါပေမဲ့ ဝိပါက ဆိုတာ ဘုရားတောင်မှ မလွတ်ကင်းနိုင်ဘူး မဟုတ်လား။ ခင်စောမယ် သေရမှာကို မကြောက်ပါဘူး။ ဒါပေမဲ့ အပြစ်မရှိဘဲ အပြစ်ပေးခံရမှာကို အသည်းနာတယ်'

'အပြစ်မရှိဘဲ အပြစ်ပေး မခံစေရပါဘူး။ ရန်သူကို မတွေ့တွေ့အောင် ရှာပြီး ရှင်းလင်းသုတ်သင်ပစ်ဖို့ တာဝန်ယူပါတယ်။ ခင်စောမယ်အတွက် ဆိုရင် သီရိဖြတ်ကမွှန် အသေခံပါမယ်။ သီရိဖြတ်ကမွှန် မသေသေးသမျှ ခင်စောမယ် သေရပါဘူး။ သီရိဖြတ်ကမွှန် အပေါ်မှာ မမိုတ်မသုန် ယုံကြည်ပြီး စိတ်အေးအေး စံနေတော်မူပါ'

'ခင်စောမယ်တော့ ဘယ်သူ့ကိုယုံပြီး ဘယ်သူ့ကိုမယုံရမှန်း မသိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဘယ်သူဟာ မိတ်ဆွေ၊ ဘယ်သူဟာ ရန်သူဆိုတာ ခင်စောမယ် မပြောတတ်အောင် ဖြစ်နေပြီ။ လာ .... လာ၊ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး။ ခင်စောမယ် လိပ်ပြာ မလုံတော့ဘူး။ ခင်စောမယ်ရဲ့ ပတ်ဝန်းကျင်မှာ ရန်သူတွေ ဝိုင်းနေပြီ'

ခင်စောမယ်အမည်ခံ နှင်းကေသရာမှာ မိမိ၏လိပ်ပြာကိုပင် မယုံနိုင်အောင် ဖြစ်သွားသဖြင့် သီရိဗြတ်ကမ္ဗန်၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ပြီး စံအိမ်တော်ရှိရာသို့ ဆွဲခေါ်လာခဲ့ပေသည်။ စံအိမ်တော်သို့ ရောက်သောအခါ သီရိဗြတ်ကမ္ဗန်သည် ခင်စောမယ်အား သစ္စာဖောက်လူသတ်သမား မင်းလှကောင်းထံမှ သိမ်းဆည်းရရှိခဲ့သည့် ပုရပိုက်ဖြူကို ပေးလိုက်ပြီး နှစ်ဦးစလုံး၏ မျက်စိအောက်တွင် ပုရပိုက်ဖြူရော ပုရပိုက်ဖြူမှ မိတ္တူကူးယူထားသည့် စာတမ်းကိုပါ မီးရှို့ဖျက်ဆီးပစ်လိုက်ကြပေသည်။

## အခန်း ၂၅

နံနက်စာ စားသုံးပြီးနောက် သီရိဗြတ်ကမ္ဗန်သည် တစ်ယောက်တည်း ဥယျာဉ်တော်တွင်းသို့ ဆင်းလာကာ ရေကန်တော်အနီးရှိ ထိုင်ခုံတွင် ထိုင်၍ ကြည်လင်အေးမြသည့်ရေပြင်ကို တစိမ့်စိမ့်ကြည့်ရင်း ထိုနေ့နံနက်က အဖြစ်အပျက်များအပြန်ပြန် အလှန်လှန် ဆင်ခြင်သုံးသပ်လျက်ရှိစဉ် မြို့စားလေး ဗညားအိမ်၏ စာရေးတော်ကြီး အဲမွန်သည် ရေကန်တော် အနီးသို့ ရောက်ရှိလာကာ သီရိဗြတ်ကမ္ဗန် ထိုင်နေသည့် ထိုင်ခုံနှင့် မနီးလွန်း မဝေးလွန်းသည့် နေရာတွင် ခြေစုံရပ်၍ သီရိဗြတ်ကမ္ဗန်အား ရိုသေလေးစားသည့် အမူအရာဖြင့် ခစား[illegible] သည်ကို မြင်ရသဖြင့် သီရိဗြတ်ကမ္ဗန်သည် အဲမွန်အား မော်မကြည့်ဘဲ ရေကန်ထဲမှ အရိပ်ကိုကြည့်ရင်း မိမိ၏ အနီးအပါးသို့ တိုးလာရန် ခေါ်လိုက်သည်။ သို့ရာတွင် အဲမွန်သည် ရှေ့သို့ တိုးမလာဘဲ ခြေစုံရပ်၍ ဦးညွှတ်ပြီး အလေး[illegible] လိုက်သည်။

'ဘယ်လို အကြောင်းကိစ္စများ ရှိလို့ပါလဲ'

သီရိဗြတ်ကမ္ဗန်က အဲမွန်အား ရေကန်ထဲမှ အရိပ်ကို ကြည့်[illegible] မေးလိုက်သည်။

'မြို့စားလေး ဗညားအိမ်ရဲ့ အရီးဘုရား ပန်းလှိုင်ထိပ်ထား သီရိ[illegible] သခင်မကြီးရဲ့ အမိန့်တော်အရ စစ်သည်တော်ကြီးအား ထိပ်ထား သခင်မကြီး[illegible]





ရှေ့တော်မှောက်သို့ အခစားဝင်ပါမည့်အကြောင်း ဆင့်ခေါ်ရန် လာရောက်ခဲ့ခြင်း ဖြစ်ကြောင်းပါ။ ထိပ်ထား သခင်မကြီး၏ ရှေ့တော်မှောက်သို့ ယခုချက်ချင်း အခစားဝင်ပါရန် အမိန့်တော်ပါရှိကြောင်းပါ'

မြို့စားလေး၏ စာရေးတော်ကြီး အဲမွန်က ရိုသေလေးစားသည့် အမူအရာဖြင့် အမိန့်တော်ပြန်လိုက်ရာ သီရိဗြတ်ကမ္ဗန်သည် ရေကန်ထဲမှ အဲမွန်၏ အရိပ်ကိုကြည့်ရင်း မိမိအပါးသို့ တိုးလာရန် ခေါ်လိုက်ပြန်ရာ အဲမွန်မှာ မနေသာတော့ဘဲ ရှေ့သို့ တစ်လှမ်းတိုး၍ လာပေသည်။

'အပါးကို တိုးလာခဲ့စမ်းပါ။ ဒီမှာ စာရေးတော်ကြီး၊ ဟောဒီရေကန်တော်ကြီးထဲက စာရေးတော်ကြီးရဲ့ အရိပ်ကို ကြည့်စမ်းပါ။ ကြည်လင်အေးမြတဲ့ ရေကန်တော်ထဲမှာ စာရေးကြီးရဲ့ အရိပ်ကို မြင်ရတဲ့အခါ စာရေးတော်ကြီးရဲ့ စိတ်ထဲမှာ မကြည်နူးဘူးလား'

သီရိဗြတ်ကမ္ဗန်သည် စာရေးတော်ကြီး အဲမွန်၏ ဆင့်ခေါ်ချက်ကို အရေးမစိုက်ဘဲ အဲမွန်၏ အမူအရာကို ရေကန်ထဲရှိ အရိပ်မှတစ်ဆင့် အကဲခတ်ရင်း ပြန်ပြောလိုက်သည်။

'ရေကန်တော်ရဲ့ သာယာပုံကို နေ့စဉ်လိုလို မြင်နေရလို့ ရိုးနေပြီဖြစ်ကြောင်းပါ၊ စစ်သည်တော်ကြီးကို ထိပ်ထားသခင်မကြီးထံ ယခုချက်ချင်း အခစားဝင်ဖို့ အမိန့်တော်ပါလာကြောင်းပါ'

စာရေးတော်ကြီးသည် မိမိ၏အရိပ်ကို မိမိ ပြန်ကြည့်ရမည်ကိုပင် ထိပ်ပြာမသန့်သည့် အမူအရာဖြင့် ရေကန်ဘက်သို့ မျက်နှာမမူဘဲ သီရိဗြတ်ကမ္ဗန်အား ဆင့်ခေါ်လိုက်ပြန်သည်။

'နေစမ်းပါဦး၊ မြို့စားလေးဆီမှာ စာရေးတော်ကြီး အမှုထမ်းရွက်ခဲ့တာ အတော်ကြာသွားပြီ မဟုတ်လား'

သီရိဗြတ်ကမ္ဗန်က မေးခွန်းထုတ်လိုက်ပြန်သည်။

'ကာလ အတန်ကြာသွားပြီ ဖြစ်ကြောင်းပါ။ စစ်သည်တော်ကြီးအား ထိပ်ထားသခင်မကြီး ဆင့်ခေါ်တော် မူကြောင်းပါ'

'နတ်ရွာစံမြို့စားကြီးရဲ့ လက်ထက်ကတည်းက အမှုတော်ထမ်းရွက်ခဲ့သေးတယ် မဟုတ်လား'

'မှန်ပါတယ်၊ ဤကိစ္စကို အသာထားပြီး ထိပ်ထားသခင်မကြီးထံ အခစားဝင်ရန် ပန်ကြားအပ်ပါတယ်'

'ဒါဖြင့် ကောင်းပြီ၊ မြို့စားကြီး နတ်ရွာစံတော်မူတုန်းက စာရေးတော်ကြီး ဆောင်းတူးမြို့မှာ ရှိတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



သီရိဗြတ်ကမွန်က မိမိအား ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်
အခစားဝင်ရန် ဆင့်ခေါ်သည်ကို အရေးမလုပ်ဘဲ မိမိ သိလိုသည့် အ
ကိုသာ ပြန်ပြီး မေးလိုက်သည်။

'မြို့စားကြီး နတ်ရွာစံတော်မူတဲ့ အချိန်မှာ ထန်းတောကြီးကို ေ
ရှိနေပါတယ်'

စာရေးတော်ကြီး အဲမွန်က ကွေ့ရှောင်ပြီး အဖြေပေးလိုက်သည်

'မြို့စားကြီး နတ်ရွာစံတော်မူရတာဟာ လူမသမာတို့ရဲ့ လက်ရ
ရင်ဝမှာ မြားစိုက်ပြီး နတ်ရွာစံတော်မူခဲ့တာ မဟုတ်လား'

သီရိဗြတ်ကမွန်က မေးခွန်းထုတ်လိုက်ရာ အဲမွန်မှာ မျက်လုံးပြူး
ပြီး ဣန္ဒြေပျက်သွားသည်ကို ရေကန်တွင်းရှိ အဲမွန်၏ အရိပ်ကိုကြည့်ရင်း
ခတ်မိဆသည်၊

'စေ်သည်တော်ကြီး ဘယ်လို မိန့်တော်မူလိုက်တာလဲ'

အဲမွန်က ထိတ်လန့်တုန်လှုပ်သည့် အမူအရာနှင့် ပြန်ပြောလိုက်သ

'လူမသမာရဲ့ လက်ချက်နဲ့ မြို့စားကြီး နတ်ရွာစံခဲ့တဲ့နေ့က ဆောင်
တစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ကြိမ်မီးအုံးသလို ယူကျုံးမရ
ကြရသေးတယ် မဟုတ်လား'

သီရိဗြတ်ကမွန်က မေးခွန်းထုတ်လိုက်ပြန်သည်။

'အချင်းဖြစ်ပွားတဲ့နေ့က ဗိုလ်မှူးသမိန်စက္ကဝေါနှင့်အတူ ထန်းတော
ကို ရောက်ရှိတဲ့အတွက် ဘာမှ မသိရကြောင်းပါ'

အဲမွန်က ဘူးကွယ်လိုက်သည်။

'မြို့စားကြီး လုပ်ကြံခံရတာဟာ ထန်းတောကြီးမှာ မဟုတ်ဘူး
ထန်းတောကြီးနဲ့ ဆောင်းတူးမြို့အကြားက တောအုပ်ထဲမှာ လုပ်ကြံခံရတ
သတင်းစကား ကြားသိရတယ်။ ဒီသတင်း မမှန်ဘူးလား'

သီရိဗြတ်ကမွန်က အဲမွန်ထံမှ စကားရအောင် "အစ်" ထုတ်
သည်။

'လုံးဝ မမှန်ကြောင်းပါ။ မြို့စားကြီး လုပ်ကြံခံရသည့် နေရာမှာ
ဥယျာဉ်တော် အလွန်ရှိ ကံ့ကော်မြိုင်အတွင်းမှာ ဖြစ်ကြောင်းပါ'

အဲမွန်က အဖြေပေးလိုက်သည်။

'စာရေးတော်ကြီး မှားနေပြီ။ မြို့စားကြီး လုပ်ကြံခံရတာ
ထန်းတောကြီးနဲ့ ဆောင်းတူးမြို့ကြားမှာရှိတဲ့ ကြာကန်ရွာအလွန်မှာ မဟုတ်

'မဟုတ်ကြောင်းပါ၊ မြို့စားကြီးရဲ့ ရုပ်အလောင်းကို မြို့စားကြ





မောင် မင်းသိဒ္ဓတ်နဲ့ ဗိုလ်မှူးသမိန်စက္ကဝေါတို့ ကိုယ်တိုင် ကံ့ကော်မြိုင်
မှာ တွေ့ရှိခဲ့ကြသဖြင့် စံအိမ်တော်သို့ ယူဆောင်လာပြီး ခုတင်ကြည်သ ကြိုဟ်
ဖြစ်ကြောင်းပါ။ မင်းသိဒ္ဓတ်နဲ့ ဗိုလ်မှူးသမိန်စက္ကဝေါတို့ ပြောဆိုနေသည့်
အရ ကံ့ကော်မြိုင်အတွင်း မြို့စားကြီး လုပ်ကြံခံရသည်ဟု သိရကြောင်း

အဲမွန်သည် လွှတ်ခနဲ ပြောလိုက်ပြီးမှ မိမိအပေါ်တွင် အပြစ်
ဗိုလ်မှူးသမိန်စက္ကဝေါနှင့် မင်းသိဒ္ဓတ်တို့ အချင်းချင်း ပြောဆိုနေကြသည့်
အရ မိမိ သိရသည့် အမူအရာဖြင့် ရှင်းချက်ထုတ်လိုက်သည်။

'သမိန်စက္ကဝေါနဲ့ မင်းသိဒ္ဓတ်တို့ ဘာတွေ ပြောကြသလဲ'

သီရိဗြတ်ကမွန်က "အစ်" လိုက်ပြန်သည်။

'ဗိုလ်မှူးသမိန်စက္ကဝေါက မြို့စားကြီး လုပ်ကြံခံရကြောင်း သတင်း
ကို မင်းသိဒ္ဓတ်ကို သူနဲ့အတူ လိုက်ခဲ့ဖို့ ခေါ်တာကို ကြားရပါတယ်'

'ဘယ်နေရာမှာ လုပ်ကြံခံရတယ် ဆိုတာ ပြောသေးသလား'

'ကောင်းကောင်း မမှတ်မိတော့ပါ။ ကံ့ကော်မြိုင်ဆိုတဲ့ စကားကိုသာ
ပါတယ်။ သူတို့ ဘာပဲပြောပြော မြို့စားကြီး လုပ်ကြံခံရတဲ့ နေရာကတော့
ကော်မြိုင်မှာပါ။ ဒါကိုတော့ ဆောင်းတူးတစ်မြို့လုံး သိပါတယ်၊ မယုံရင်
ကြည့်တော်မူပါ။ ဒါကို အသာထားပြီး ထိပ်ထားသခင်မကြီးထံ အစေား
အမိန့်ပေးတော်မူလာကြောင်းပါ။ မဆိုင်းမတွဲ အခစားဝင်စေလို
တော်မှတ်လိုက်ပါတယ်။ အခစားဝင်တော်မူပါမည့်အကြောင်း ထပ်လောင်း
ကြားအပ်ပါတယ်'

အဲမွန်က စကားလွှဲပြောင်းသွားအောင် ပြောလိုက်သည်။

'အရပ်ထဲမှာ စုံစမ်းကြည့်တဲ့အခါ မြို့စားကြီး လုပ်ကြံခံရတဲ့ နေရာဟာ
တောကြီးနဲ့ ပိုပြီးနီးတယ်လို့ သိရတယ်။ ဒီစကား မမှန်ဘူးလား'

သီရိဗြတ်ကမွန်သည် မိမိသိလိုသည့် အချက်ကိုသာ ဇွတ်မေးနေသည်။

'စစ်သည်တော်ကြီးရဲ့ မေးခွန်းတွေကို ဖြေဆိုရန် အချိန်မရကြောင်း
အချိန်ကြန့်ကြာသွားလျှင် ပန်းလှိုင်ထိပ်ထား သခင်မကြီး ရွှေစိတ်တော်
ပါလိမ့်မယ်။ စစ်သည်တော်ကြီး သိတော်မူတဲ့အတိုင်း ထိပ်ထားသခင်မကြီး
အလွန်စိတ်မြန်သူဖြစ်၍ ထိပ်ထားသခင်မကြီးရဲ့ အမိန့်တော်ကို လေးစား
ချက်ချင်း ထိပ်ထားသခင်မကြီးရဲ့ ရှေ့တော်မှောက်ကို အခစား ဝင်ပါရန်
အသွတ် ပန်ကြားအပ်ပါတယ်'

အဲမွန်သည် သီရိဗြတ်ကမွန်အား မရမက ခေါ်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ထိပ်ထားသခင်မကြီး စိတ်မြန်တာကို သိပါတယ်။ ခု ကို သခင်မကြီးကို ကျုပ်က တွေ့ချင်တာ မဟုတ်ဘူး။ ထိပ်ထားသခင်မကြီး ကို တွေ့ချင်တာ ဖြစ်တဲ့အတွက် တွေ့ချင်တဲ့ သူကသာ သူတွေ့ချင် ကို လာဖို့ရှိတယ် မဟုတ်လား။ ဒီတော့ကာ ပန်းလှိုင်ထိပ်ထား သခင်မကြီး ကို ကျုပ်ရဲ့ကိုယ်စား လျှောက်တင်လိုက်ပါ။ သီရိဖြတ်ကမ္ဘန်ကို တွေ့ချင် ဥယျာဉ်တော်အတွင်းက ရေကန်တော်အနီးသို့ ကြွတော်မူလာဖို့ ကျေးတော် ကျွန်တော်မျိုး အညတရစစ်သည်တော် သီရိဖြတ်ကမ္ဘန်က လျှောက် သံတော်ဦးတင်လိုက်ကြောင်း ကျုပ်ရဲ့ကိုယ်စား လျှောက်တင်ပါလေ'

သီရိဖြတ်ကမ္ဘန်က ပြန်ပြောလိုက်ရာ စာရေးတော်ကြီး အဲမွန် အံ့အားသင့်သွားပုံ ရပေသည်။ ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင် စိတ်မြန်သူ ဖြစ်သည်သာမက ဘုရင်မကြီး အပေါ်၌ပင်လျှင် သြဇာကိုတွ တစ်ဦး ဖြစ်သည်ဟု လူသိများသဖြင့် သီရိမာလာသခင်မ၏ အလိုတော် ဆန့်ကျင်ဝံ့သူ မရှိသလောက် ဖြစ်နေပေသည်။ သို့ဖြစ်သဖြင့်လည်း သီရိ ဖြတ်ကမ္ဘန်က မိမိအား တွေ့လိုလျှင် မိမိထံသို့ ထိပ်ထားသခင်မကြီး ကြွ လာရန် ဖိတ်ခေါ်လိုက်သည်ကို ကြားရသောအခါ စာရေးတော်ကြီး အဲမွန် အံ့အားသင့်သွားခြင်း ဖြစ်ပေသည်။

'စစ်သည်တော်ကြီး မိန့်တော်မူသလို ထိပ်ထားသခင်မကြီး လျှောက်တင်ရန် မဝံ့ကြောင်းပါ'

အဲမွန်က ပြန်ပြောလိုက်သည်။

'ဘာဖြစ်လို့ မလျှောက်တင်ဝံ့ရမှာလဲ၊ ကျုပ်က လျှောက်တင်ခိုင်း လျှောက်တင်တဲ့ ဥစ္စာပဲ။ ထိပ်ထားသခင်မကြီး စိတ်ကွက်တော်မူရင် ကျုပ်အ ပေါ်မှာ စိတ်ကွက်တော်မူမှာပါ။ စာရေးတော်ကြီး အပေါ်မှာ အပြစ်ယူလို့ ဘူး။ ကျုပ်ပြောတဲ့ အတိုင်းသာ ကျုပ်ရဲ့ကိုယ်စား လျှောက်တင်ပါ'

သီရိဖြတ်ကမ္ဘန်က မျက်နှာထားနှင့် ပြန်ပြောလိုက်ရာ စာရေးတော် ကြီး အဲမွန်သည် ခေတ္တမျှ တွေဝေနေရာမှ သီရိဖြတ်ကမ္ဘန်၏ အနီးမှ ထွက်သွားပေရာ၊ သီရိဖြတ်ကမ္ဘန်သည် စာရေးတော်ကြီးအဲမွန် ထွက် သွားသည်ကို ရေကန်တော်အတွင်းရှိ အရိပ်ကိုကြည့်ရင်း မျက်မှောင်ကြုတ် နက်နက် စဉ်းစားနေပေသည်။

ထိုသို့ စဉ်းစားနေစဉ် ပန်းလှိုင်ထိပ်ထား သီရိမာလာသခင်မ ကို ရှမ်းတောင်ဆွဲပြီး ခြေကိုဆောင့်၍ ရေကန်တော်ရှိရာသို့ လာနေသည် ကို မြင်လိုက်ရသည်။ သီရိဖြတ်ကမ္ဘန်မှာမူ ရေကန်တော်၏ ကြည်လင်အေးမြ





ထဲမှ အရိပ်များကို ငေးစိုက်ကြည့်ရင်း တစ်စုံတစ်ရာ လေးလေးနက်နက် စဉ်းစားလျက်ရှိသဖြင့် မိမိအနီးသို့ သီရိမာလာ သခင်မကြီး ရောက်ရှိလာသည် ကိုပင် သတိမပြုမိပေ။

သီရိမာလာ သခင်မကြီးမှာမူ လက်တစ်ဖက်က ထဘီကို ရှမ်းတောင် ဆွဲ ကျန်တစ်ဖက်ဖြင့် ခါးထောက်ပြီး ရေကန်ကို ကသိုင်းကသိုင်း သီရိ ဖြတ်ကမ္ဘန်အား ကြည့်ပြီး မဲ့ရွဲ့လိုက်သည်။

'စစ်သည်တော်ကြီး ဘယ်လိုဖြစ်နေတာလဲ။ အကြောင်း ... မှတာတောင် ကြွတော်မူမလာဘူး။ စိတ်ရှိလက်ရှိသာ ဆဲရေးလိုက်ချင် ... ကောင်းမှာ မဟုတ်တော့ဘူး'

ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်မသည် ရေကန်ကို ကသိုင်း ... သည့် သီရိဖြတ်ကမ္ဘန်အား ခါးထောက်၍ မျက်စောင်းထိုးရင်း ပါးစပ်မှ ... လိုက်ရာ သီရိဖြတ်ကမ္ဘန်မှာ ရေထဲမှ မိမိ၏အရိပ်ကို ငေးစိုက်ကြည့်နေရာ သီရိမာလာသခင်မ၏ အသံကိုကြားရသဖြင့် ခေါင်းမော့၍ ကြည့်လိုက်ပြီး ... လေးစားသည့် အမူအရာဖြင့် ဦးညွှတ်၍ အလေးပြုရင်း နေရာထိုင်ခင်း ... လိုက်သည်။

'စိတ်ရှိလက်ရှိသာ ဆဲရေးလိုက်စမ်းပါ။ သခင်မကြီး ဆဲရေးတဲ့အသံကို ... ချင်လှပါတယ်'

သီရိဖြတ်ကမ္ဘန်က ပြုံးစိစိ အမူအရာဖြင့် ပြန်ပြောလိုက်ရာ သီရိ ... သည် မျက်စောင်း တခဲခဲနှင့် ဖြစ်နေရာမှ နှုတ်ခမ်းစူလိုက်ပြန်ရာ သီရိ ... ကမ္ဘန်သည် ကြည့်ကောင်းကောင်းနဲ့ ကြည့်နေရာမှ ကိုယ်လုံး ... သွားသည့် သီရိမာလာသခင်မအား ကလေးငယ်ကို ပွေ့ချီသလို ... တော်အေးရှိ ထိုင်ခုံပေါ်သို့ အသာ ချပေးလိုက်သည်။

'မျက်စောင်းထိုးပြီး နှုတ်ခမ်းစူလိုက်တော့ သခင်မကြီး ... ငယ်ရုပ်ပေါ်လာတယ်။ ငယ်ငယ်ရွယ်ရွယ်တုန်းကသာ ... ကောင်းမှာပဲ'

သီရိဖြတ်ကမ္ဘန်သည် သီရိမာလာ၏ အနုအရာကို ... ပြောလိုက်ရာ သီရိမာလာသည် သီရိဖြတ်ကမ္ဘန်အား မျက်စောင်း ... ပြန်သည်။

'နားရှက်စရာ စကားတွေ ပြောမနေစမ်းပါနဲ့။ ... တဲ့ဥစ္စာပဲ ဈေးကိုင်လိုက်တာ လွန်ရော၊ ဘာဖြစ်လို့ ဒါလောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



သခင်ခြင့်နေရတာလဲ။ သူ့ကိုယ်သူ ဘာများ အောက်မေ့နေသလဲ မပြောဘူး'

'သခင်မကြီးရဲ့ ခြေဖဝါးအောက်က မြူမှုန်လောက်မှ တန်ဖိုးမရှိ အညတရ သီရိဗြတ်ကမ္ဘန်ပါ။ သခင်မကြီးကို ပြစရာရှိလို့ ရေကန်တော်ကြွတော်မူလာဖို့ ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်ကြောင်းပါ'

သီရိဗြတ်ကမ္ဘန်သည် ရေကန်ထဲမှ သီရိမာလာ၏ အရိပ်ကို စိုက်ကြည့်ရင်း အဖြေပေးလိုက်သည်။

'ဘာများ ပြစရာရှိလို့လဲ၊ ပြောစမ်းပါဦး။ ဒီနေရာကို သခင်မ မရောက်ဖူးတာ ကြာနေတာပဲ။ ကဲလေ ပြောစမ်းပါ၊ ပါးစပ်ထဲမှာ အားစေးထားသလို တုံ့ဆိုင်းကြီး လုပ်မနေစမ်းပါနဲ့'

သီရိဗြတ်ကမ္ဘန်သည် ရုတ်တရက် အဖြေမပေးဘဲ တစ်စုံတစ်ခု လေးလေးနက်နက် စဉ်းစားနေသဖြင့် သီရိမာလာသည် အားမလို အားမရ အနူးအနာဖြင့် ပြန်ပြောလိုက်သည်။

'ဥယျာဉ်တော် အလွန်က ကံ့ကော်မြိုင်ဘက်သို့ ရှုစားတော်မူပါ။ ကံ့ကော်မြိုင်တောစပ်က ကံ့ကော်ပင်ပျိုရဲ့ ပင်စည်မှာ မြားစိုက်နေသည် သခင်မကြီး ရှုမြင်တော် မူရပါလိမ့်မယ်'

သီရိဗြတ်ကမ္ဘန်သည် စမ်းချောင်းကလေး၏ ဟိုမှာဘက်ကမ်း ကံ့ကော်ပင်ပျိုများ အစီအရီ စိုက်ပျိုးထားသည့် နေရာသို့ ညွှန်ပြလိုက်ရာ သီရိမာလာသည် ထိုင်ရာမှထပြီး သီရိဗြတ်ကမ္ဘန် ညွှန်ပြသည့်နေရာသို့ လှမ်းကြည့်လိုက်ရာ ကံ့ကော်ပင်ပျိုတစ်ပင်၏ ပင်စည်ကို မြားတံစိုက်နေသည်ကို မြင်ရသဖြင့် အတန်ကြာ ငေးစိုက်ကြည့်နေမိပေသည်။

'သစ်ပင်မှာ မြားတံစိုက်နေတာကို ရှုစားတော်မူရတဲ့အခါ နတ်ရွာ ဆောင်းတူးမြို့စားကြီးရဲ့ ရင်ဝမှာ မြားစိုက်ပြီး ကံတော်ကုန်ခဲ့ရတာကို သခင်မကြီး သတိမရဘူးလား'

သီရိဗြတ်ကမ္ဘန်က စကားစပေးလိုက်ရာ သီရိမာလာမှာ ဆောင်းတူး မြို့စားကြီး နတ်ရွာစံခဲ့ရစဉ်က အဖြစ်အပျက်များကို မြင်ယောင်လာ ထိတ်လန့်တုန်လှုပ်သွားပေသည်။ ကံ့ကော်ပင်တွင် စိုက်နေသည့် မြားကို ကြည့်ရင်း မျက်နှာတွင် သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားပေသည်။

'သခင်မရဲ့ မတ်တော်မောင် ဆောင်းတူးမြို့စားကြီး နတ်ရွာစံခဲ့ရတဲ့ စီးသည့်တော်ကြီး အစအဆုံး သိလို့လား'

သီရိမာလာက ပြန်မေးလိုက်သည်။





'နံနက်စောစောက ခင်စောမယ် ပြောပြလို့ အကျိုးအကြောင်းလောက်သာ သိရကြောင်းပါ'

'ခင်စောမယ် ဟုတ်လား၊ တူမတော် နှင်းကေသရာ ပြောနေတာ ဟုတ်လား'

'မာန်မာန ထောင်လွှားတဲ့ နှင်းကေသရာ သခင်တို့ ဆိုလိုခြင်း ဟုတ်ပါ။ စိတ်ထားဖြူစင်တဲ့ ခင်စောမယ်ကို ပြောနေခြင်းသာ ဖြစ်ကြောင်းပါ'

'ဪ ဒီလိုတောင် ဖြစ်နေမှကိုး။ ခြေတံရှည်မကြီးကို စော်ကားသည့်တော်ကြီး မျက်စိကျနေပြီ ဆိုပါတော့'

'သခင်မကြီး ထင်သလို မဟုတ်ကြောင်းပါ'

'ခင်စောမယ်က စစ်သည်တော်ကြီးကို ဘာတွေ ပြောသေးသလဲ'

'ဖခမည်းတော် မြို့စားကြီးဟာ မသူတော်ရဲ့ လက်ချက်နဲ့ ရင်ဝမှာ မြားထိုက်ပြီး နတ်ရွာစံခဲ့ရပုံကို အရိပ်အမြွက်မျှ မိန့်ကြားကြောင်းပါ'

'ပိုပြီး ပြည့်ပြည့်စုံစုံ မသိချင်ဘူးလား'

'သိခွင့်ရှိလျှင် သိလိုကြောင်းပါ'

'ကောင်းပြီ၊ သခင်မ သိသမျှ ပြောပြမယ်။ သခင်မရဲ့ အပါးမှာ ထိုင်စမ်းပါဦး'

သီရိမာလာက မိမိ၏ရှေ့တွင် မတ်တတ်ရပ်ပြီး မိမိပြောမည့်စကားကို စောင့်နေရှိသော သီရိဗြတ်ကမ္ဘန်အား မိမိ၏အနီးတွင် ဝင်ထိုင်ရန် ပြောလိုက်သည်။ သီရိဗြတ်ကမ္ဘန်သည် မရဲတရဲ ဝင်ထိုင်လိုက်သည်။

'မတ်တော်မောင် နတ်ရွာစံခဲ့ရတာဟာ မတော်တဆ မြားထိမှန်ပြီး နတ်ရွာစံခဲ့ရတာ မဟုတ်ဘူး။ မသူတော်ရဲ့ လက်ချက်နဲ့ သေပွဲဝင်ခဲ့ရတာပါ။ ဒီ ရုတ်တရက် ဖြုန်းစားကြီး လုပ်ကြံတာဟာ အကြောင်းမဲ့သက်သက် မဟုတ်ဘူး။ ခိုင်လုံတဲ့ အကြောင်းပြချက် ရှိလို့သာ လုပ်သတ်သမားကို ငှားရမ်းပြီး လုပ်ကြံခဲ့တာ ဖြစ်ရလိမ့်မယ်။ နတ်ရွာစံတော်မူပုံဟာ အထောက်ကို သက်သေခံနေတယ်'

သီရိမာလာ သခင်မက နိဒါန်းပျိုးလိုက်သည်။

'မြို့စားကြီး မြားမှန်ပြီး နတ်ရွာစံနေတာကို သခင်မ အရင်ဆုံး တွေ့ခဲ့ပါသလဲ'

သီရိဗြတ်ကမ္ဘန်က မိမိသိလိုသည့် အချက်ကို ပြန်မေးလိုက်သည်။

'ပထမဦးဆုံး တွေ့ရှိသူကတော့ နှင်းကေသရာရဲ့ အထိန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အိုဇာက လိုက်ပြလို့ ရင်ဝမှာ မြားတန်းလန်းနဲ့ နတ်ရွာစံနေတဲ့ မြို့စား... ရဲ့ ရုပ်အလောင်းကို နှင်းကေသရာ မြင်ခဲ့ရတာပါ'

သီရိမာလာက အဖြေပေးလိုက်သည်။

'စောစောက စာရေးတော်ကြီးအဲမွန် ပြောသွားတဲ့ စကားအရ... ခင်စောမယ်ရဲ့ ဖခမည်းတော် နတ်ရွာစံ မြို့စားကြီးရဲ့ မြားတန်းလန်းနဲ့ ... နေတဲ့ ရုပ်အလောင်းကို ဗိုလ်မှူးသမိန်စက္ကဝေါနဲ့ မင်းသိဒ္ဓတ်တို့ ပထမဦး... တွေ့ရှိခဲ့ကြတယ်လို့ ဆိုပါလား'

သီရိဗြတ်ကမ္ဗန်က အဲမွန်ပြောသွားသည့် စကားများကို သီရိမာ... အား ပြန်ပြောလိုက်သည်။

'အဲမွန် ဘယ်လိုလုပ်ပြီး သိနိုင်သလဲ'

သီရိမာလာက ပြန်မေးလိုက်သည်။

'အဲဒီအချိန်တုန်းက အဲမွန်က ဗိုလ်မှူးသမိန်စက္ကဝေါထံမှာ အမှု... ထမ်းခဲ့ဖူးတဲ့အတွက် ဗိုလ်မှူးသမိန်စက္ကဝေါနဲ့ မင်းသိဒ္ဓတ်တို့ ပြောဆိုနေတာ... ကြားရတယ်လို့ ပြောပါတယ်'

'သခင်မ သိတဲ့အတိုင်း ဆိုရင်တော့ မတ်တော်မောင်ရဲ့ ရုပ်အလော... ကို ပထမဦးစွာ ဒေါ်အိုဇာ တွေ့တယ်။ ဒေါ်အိုဇာ ပြေးလာပြီး သတင်းပေ... နှင်းကေသရာ သိတာပါ'

'ဒါဖြင့် ဗိုလ်မှူးသမိန်စက္ကဝေါနဲ့ မင်းသိဒ္ဓတ်တို့ ပထမဦးစွာတွေ့... ဆိုတာ မမှန်ဘူးလား'

'ဒါတော့ သခင်မ တပ်အပ်သေချာ မပြောနိုင်ဘူး။ မှန်ချင်လည်းမှန်... မှားချင်လည်းမှားမယ်။ ဒါပေမဲ့ သခင်မ စဉ်းစားလို့ မရတာက တကယ်လို့... မတ်တော်မောင် ရင်ဝမှာ မြားတန်းလန်းနဲ့ နတ်ရွာစံနေတာကို သမိန်စက္က... တူတော်မောင် မင်းသိဒ္ဓတ်တို့ ဦးစွာပထမ တွေ့ရှိခဲ့ကြတယ်ဆိုတာ မှန်... ခုအချိန်အထိ တစ်စုံတစ်ရာ ပြန်မပြောဘဲ ဘာဖြစ်လို့ ရေငုံနေကြရတာ... ဒါကို သခင်မ စဉ်းစားလို့ မရဘူး'

'ကျွန်တော့် အနေနဲ့လည်း ထူးဆန်းတယ်လို့ ထင်ပါတယ်'

'ထူးဆန်းတာတော့ ထူးဆန်းတာပဲ။ မတ်တော်မောင် နတ်ရွာစံ... မှုပုံကိုက အတော် ထူးဆန်းတယ်။ ဘယ်သူ့ရဲ့ လက်ချက်မှန်းလည်း ခုအချိန်... မသိရဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး စစ်သည်တော်ကြီး ဘယ်လို သဘောရသ...

သီရိမာလာက ပြန်မေးလိုက်သည်။

'ကျွန်တော့်ရဲ့ သဘောထားကို မထုတ်ဖော်ခင် ခင်စောမယ်...





...မီးတော်ကြီး ဒေါ်အိုဇာနဲ့တွေ့ပြီး အကျိုးအကြောင်း ...ကြည့်ချင်ပါသေးတယ်။ ဒါမှသာ မှန်ကန်တဲ့ အဖြေကို ...'

သီရိဗြတ်ကမ္ဗန်က အဖြေပေးလိုက်သည်။

'ဆယ့်နှစ်ကြိုး ကဝေမကြီးရဲ့ စကားကို စစ်သည်... ...တ် ဒေါ်အိုဇာကို ရွာသူရွာသားတွေရဲ့ လက်ထဲက ... ...တင်ခဲ့တယ် ဆိုတာ မှန်သလား'

'ဆယ့်နှစ်ကြိုးကဝေမ မဟုတ်ကြောင်းပါ။ မတရားစွပ်စွဲခြင်း ... ...ရာ အမယ်အိုပါ။ သခင်မကြီး ခွင့်ပြုမယ်ဆိုရင် ဒေါ်အိုဇာထံ ... မြို့စားကြီး နတ်ရွာစံတော်မူခဲ့ရပုံကို မေးမြန်းစုံစမ်းလိုကြောင်းပါ'

'ကဝေမကြီး ပြောတဲ့စကားကို စစ်သည်တော်ကြီး စိတ်ချယုံကြည်... ...မလား'

'ကဝေမကြီး မဟုတ်ကြောင်းပါ။ လူယုတ်မာများရဲ့ ညှဉ်းပန်းနှိပ်စက်... ...ကို ခံခဲ့ရသူသာဖြစ်၍ သနားစရာကောင်းသူပါ။ ဒေါ်အိုဇာထံ သွားရောက်... ...ခွင့် ပြုတော်မူပါ'

သီရိဗြတ်ကမ္ဗန်က ခွင့်ပန်လိုက်ပြန်သည်။

'ဒေါ်အိုဇာကိုမှ ဘာဖြစ်လို့ ဒါလောက်တောင် တွေ့ချင်ရတာလဲ'

'မာန်မာန ခက်ထန်လှတဲ့ နှင်းကေသရာနဲ့ ရှေ့နောက် ဆင်ခြင်... ...ခြင်း မရှိဘဲ ထင်ရာကို စွတ်ပြီး လုပ်တတ်တဲ့ မောင်တော်... ...မှာ ဘေးအန္တရာယ် ကျရောက်လာအောင် အကောက်ကြံနေတဲ့လူတွေ... ...ကို ပထမဦးစွာ သတိပေးခဲ့သူမှာ ဒေါ်အိုဇာ ဖြစ်တဲ့အတွက် ... ...ခွင့်ရရင် နတ်ရွာစံမြို့စားကြီး လုပ်ကြံခံခဲ့ရတဲ့ကိစ္စနဲ့ ... ...ကျကျ သတင်းတွေ ကြားရလိမ့်မယ်လို့ မျှော်လင့်ကြောင်းပါ'

'စစ်သည်တော်ကြီး ပြောတာ မှန်တယ်။ တူမတော် နှင်း... ...မာနကြီးတဲ့ မိန်းကလေး မတွေ့ဖူးသေးဘူး။ တူတော်မောင် ... ...တစ်ခေါက်ကန်း လုပ်တတ်တာပဲ။ ရှေ့နောက် ဆင်ခြင်တိုင်း... ...လည်း မရှိဘူး။ မြို့စားရာထူးနဲ့ မထိုက်တန်ဘူး'

'နှင်းကေသရာ သခင်မ မာန်မာန ခက်ထန်... ...တ်ထားသဘောထားက နူးညံ့သိမ်မွေ့ပါတယ်။ မြို့... ...နဲ့လည်း တစ်ချိန်တုန်းက လမ်းမှားကို လိုက်ခဲ့... ခုဆိုရင် အမြင်မှန်... ...ပြီး ခမည်းတော် နတ်ရွာစံမြို့စားကြီးရဲ့ ခြေရာကို နင်းနိုင်တဲ့ သား... ...ဖြစ်လာအောင် ကြိုးစားနေပြီ ဖြစ်ကြောင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



သီရိဗြတ်ကမ္ဘန်က နှင်းကေသရာတို့ မောင်နှမအား အကာအ
ပေးသည့် သဘောဖြင့် လျှောက်လဲလိုက်သည်။

'တော်စမ်းပါ၊ သူတို့မောင်နှမကို ဒါလောက်တောင် အထင်ကြီး
စမ်းပါနဲ့။ သခင်မရဲ့ တူမတော်နဲ့ တူတော်မောင်အကြောင်း သခင်မလော
ဘယ်သူမှ မသိနိုင်ပါဘူး။ တူတော်မောင်ဗညားအိမ် ငယ်ငယ်တုန်းက
သိပ်ချူချာတာ။ ဘယ်သူကမှ သက်ဆိုးရှည်လိမ့်မယ် မထင်ဘူး။ တူမ
နှင်းကေသရာရဲ့ ပြုစုယုယမှုကြောင့်သာ သက်ဆိုးရှည်ပြီး လူတစ်လုံး သူ့တ
ဖြစ်လာတာပါ။ သူ့ရဲ့မောင်တော်အပေါ်မှာ ကြင်နာယုယတဲ့ နေရာမှာတော့
တူမတော် နှင်းကေသရာကို ချီးမွမ်းစရာ ကောင်းပါတယ်။ ဒါကလွဲရင်
တစ်ခုမှ ချီးကျူးစရာ မရှိဘူး။ တူတော်မောင် ဗညားအိမ်ကတော့ အလိုလိ
အမိုက် စော်ကား ဆိုသလို အစ်မတော် နှင်းကေသရာရဲ့ အလိုလိုက်မှုကြော
ပျက်စီးချင်တိုင်း ပျက်စီးနေတာ။ တလောတုန်းကဆိုရင် ဗိုလ်မှူးသမိန်စက္က
နဲ့ အပေါင်းအသင်းလုပ်ပြီး အရက်သောက်၊ ကြွေအန်ပစ်၊ ကြက်တိုက်နဲ့ အ
ကုန်နေတာပဲ'

ပန်းလိုင်ထိပ်သား သီရိမာလာ သခင်မက ပြန်လည်ချေပလိုက်သည်

'နှင်းကေသ ရာသခင်မက မာန်မာနခက်ထန်ပေမယ့် တော်က်ပြော
တဲ့ အရည်အသွေး ရှိပါတယ်။ မြို့စားလေး ဗညားအိမ်လည်း အမြင်မှန်ရ
အရက်သေစာရော လောင်းကစားမှုတွေပါ စွန့်လွှတ်လိုက်ပါပြီ'

သီရိဗြတ်ကမ္ဘန်က အလျှော့မပေးဘဲ အကာအကွယ် ပေးလို
ပြန်သည်။

'တူမတော်မှာ ဘာများအောက်မြောင်တဲ့ အရည်အသွေးများ ရှိလို့လ
မိန်းမသားပဲ ဥစ္စာ။ မိန်းမသားပီပီ အချိန်အခါရောက်ရင် အိမ်ထောင်ရက်သာ
ပြုပြီး အိမ်မှုကိစ္စ တာဝန်အဝဝကို ထမ်းရွက်ဖို့ပဲရှိတယ် မဟုတ်လား။ ခုတော
ကြည့်ပါလား၊ မိန်းမသားတန်မဲ့ နိုင်ငံရေးစကား ပြောလိုပြော၊ မယ်တော်
မခြား သနားကြင်နာ ယုယတော်မူရှာတဲ့ ဘုရင်မကြီးကို ပြစ်တင်ဝေဖန်
ဝေဖန်၊ ဘုရင်မကြီးကို ဆန့်ကျင်နေတဲ့ ဂိုဏ်းသားတွေနဲ့ အပေါင်းအသင်းလု
ပြီး သူ့ရဲ့အိမ်တော်မှာ ဆွေးနွေးပွဲတွေ လုပ်လိုလုပ်နဲ့။ ဒါဟာ သူ့အလုပ်လာ
သူ့အရာလား။ သူနဲ့ဆိုင်တဲ့ အလုပ်ကိုတော့ မလုပ်ဘဲ မဆိုင်တဲ့ အလုပ်က
ဝင်လုပ်နေတာဟာ မိန်းမပီသရဲ့လား။ တူတော်မောင် ဗညားအိမ် အရက်သေစာ
လောင်းကစားမှုတွေကို စွန့်လွှတ်လိုက်ပြီ ဆိုတာလည်း သခင်မ မယုံနိုင်ဘူး
ခွေးမြီးကောက် ကျည်တောက်စွပ်သလို ဖြစ်နေမှာပဲ'





သီရိမာလာ သခင်မက မဲ့ကာရွဲ့ကာနှင့် ပြန်ပြောလိုက်သည်။

'သခင်မကြီးအနေနဲ့ ဘုန်းကြီးလူထွက်ကို နန်းလျာထားတာ သဘော
သလား'

သီရိဗြတ်ကမ္ဘန်က ပြန်မေးလိုက်ရာ သီရိမာလာ သခင်မသည် သီရိ
ကမ္ဘန်အား မျက်စောင်းထိုးလိုက်ပြန်သည်။

'ဘာဖြစ်လို့ သဘောမတူရမှာလဲ။ ဘုန်းကြီးလူထွက် ဆိုပေမယ့်
င်မကြီးကို အင်းဝရွှေနန်းရှင်ရဲ့ လက်တွင်းက ကယ်တင်ပြီး ဟံသာဝတီကို
ရောက်လာအောင် ဆောင်ကြဉ်းခဲ့တဲ့ ကျေးဇူးရှင်လည်း ဖြစ်တယ်။ လောကီ
ကုတ္တရာ စာပေမှာလည်း နှံ့စပ်တယ်။ ရာဇသတ်၊ ဓမ္မသတ်မှာလည်း ကျွမ်းကျင်
တယ်။ ဒီလို စွယ်စုံပုဂ္ဂိုလ်မျိုးကို နန်းလျာထားတာ ကန့်ကွက်စရာ လိုသေး
ား။ ဘုရင်မကြီး အနေနဲ့လည်း နိုင်ငံတော် စည်ပင်သာယာဝပြောရေးနဲ့
ဘာသာ၊ သာသနာ ထွန်းကားရေးအတွက် သမက်တော်အငယ် ရှင်ဓမ္မရ
ကို ဓမ္မစေတီဘွဲ့နဲ့ နန်းလျာထားခဲ့ခြင်း ဖြစ်တယ်'

'ဒီစကား ကြားရတာ ဝမ်းမြောက်ဝမ်းသာ ရှိလှပါတယ်'

'ဝမ်းမြောက်ဝမ်းသာ ရှိတာကို အသာထားပြီး စောစောက စစ်သည်
ကြီး ပြောသွားတဲ့စကားကို ပြန်ဆက်ပါဦး။ ကဝေမကြီး ဒေါ်အိုဇာက
သည်တော်ကြီးကို ဘာတွေများ ပြောခဲ့သလဲ။ သူပြောတဲ့ စကားတွေကို
သည်တော်ကြီး ယုံသလား။ တူမတော်နဲ့ တူတော်မောင် အပေါ်မှာ ဘေး
ရာယ် ကျရောက်လာစရာ ရှိတယ်ဆိုတာ အခြေအမြစ် ရှိရဲ့လား။ ဖြစ်ကော
နိုင်ရဲ့လား'

သီရိမာလာ သခင်မက ပြန်မေးလိုက်သည်။

'သခင်မကြီးရဲ့ မေးခွန်းတွေကို ဒေါ်အိုဇာ အဖြေပေးနိုင်ပါလိမ့်မယ်။
ကြောင့် ဒေါ်အိုဇာနဲ့ တွေ့ချင်နေတာပါ'

'ကောင်းပြီ၊ ဒီလိုဆိုရင် ဒေါ်အိုဇာကို သခင်မ ဆင့်ခေါ်လိုက်မယ်'

ပန်းလိုင်ထိပ်ထား သီရိမာလာ သခင်မသည် ပြောပြောဆိုဆို ငုံ့ရှ
ည့် အသံဖြင့် ၎င်း၏ လက်စွဲတော်တစ်ဦးကို လှမ်းခေါ်လိုက်ရာ မကြာမီ ၎င်း၏
က်စွဲတော်တစ်ဦးသည် စံအိမ်တော်အတွင်းမှ အပြေးအလွှား ထွက်လာပြီး
မာလာ သခင်မ၏ အပါးတွင် ရိုသေစွာ ခစားလျက် ရှိနေသည်။

'ဗေဒ္ဒင်၊ ဒေါ်အိုဇာကို သခင်မရှေ့တော်မှောက် အခုချက်ချင်း
ဘားဝင်စေလို့ အမိန့်တော် ပြန်လိုက်စမ်း'

သီရိမာလာသခင်မသည် ၎င်း၏လက်စွဲတော် ဗေဒ္ဒင် ဆိုသူအား



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးလိုက်ရာ ဇောခွင်သည် သီရိမာလာ၏ အမိန့်ကို ဦးထိပ်ထက်ပန်ဆင်ပြီး စံအိမ်တော်အတွင်းသို့ ပြန်ဝင်သွားပေသည်။

'ကဝေမကြီး ဒေါ်အိုဇာကို စစ်သည်တော်ကြီး ဘာဖြစ်လို့ ဒါလောက် ဆောင် အရေးပေးရတာလဲ။ ဒေါ်အိုဇာအတွက် စစ်သည်တော်ကြီး အသေခံပြီး အကာအကွယ် ပေးခဲ့ရတာဟာ ဘာသဘောလဲ'

ဇောခွင် ထွက်သွားပြီးနောက် သီရိမာလာက သီရိဗြတ်ကမ္ဗန်အား မေးလိုက်ပြန်သည်။

'မတရားသက်သက် ညှဉ်းပန်းနှိပ်စက်ခြင်း ခံနေရတဲ့ အမယ်ကြီး ဖြစ်တဲ့အတွက် မိခင်ချင်း စာနာတဲ့ သဘောနဲ့ အကာအကွယ် ပေးခဲ့တာပါ'

'မိခင်လို သဘောထားတယ် ဟုတ်လား၊ စစ်သည်တော်ကြီးမှာ မိခင် ရှိသလား'

'အသက်ရှင်လျက် မရှိတော့ပါ။ ကျွန်တော် ငယ်ရွယ်စဉ်ကပင် အနိစ္စ ရောက်သွားရှာပါတယ်။ မိခင်မရှိတဲ့အတွက် မိခင်အရွယ် အမျိုးသမီးကို မြင်ရင် မိခင်လိုပဲ ကြည်ညိုလေးစားပါတယ်'

'ဒါဖြင့် သခင်မကြီးကိုကော မိခင်လို ကြည်ညိုလေးစားရဲ့လား'

'ဒီမေးခွန်း မေးနေစရာပင် လိုမည် မထင်ကြောင်းပါ'

'ဒါကို အသာထားပြီး တူမတော် နင်းဇကေရီကို ဖြားယောင်း သွေးဆောင်ပြီး မတော်မတရား စော်ကားတဲ့ လူယုတ်မာ မင်းစည်သူကို သခင်မ ဘယ်လို အပြစ်ပေးသင့်သလဲ ဆိုတာ အကြံဉာဏ် ပေးစမ်းပါဦး။ ထောင်သွင်း အကျဉ်းထားပြီး အစာခေါ်ရေငတ် ထားရ ကောင်းမလား။ ရင်ခွဲ၊ အသည်း နေပူလှန်းပြီး လင်းဘုတ်စာ ကျွေးရရင် ကောင်းမလား'

'ဒီကိစ္စနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာ အကြံဉာဏ် မပေးလိုပါ။ အကြံဉာဏ် ပေးနိုင်စွမ်းလည်း မရှိကြောင်းပါ။ သခင်မကြီးရဲ့ တူမတော် နင်းဇကေရီသာလျှင် အမှန်ကန်ဆုံးသော၊ အဖြေအသင့်လျော်ဆုံးသော အကြံဉာဏ် များ ပေးစွမ်းနိုင်မည် ဖြစ်ပါသဖြင့် ကာယကံရှင်ဖြစ်သော တူမတော် နင်းဇကေရီ၏ အကြံဉာဏ်ကိုသာ တောင်းခံတော်မူပါ'

သီရိဗြတ်ကမ္ဗန်က အဖြေပေးလိုက်ရာ သီရိမာလာ သခင်မသည် သီရိဗြတ်ကမ္ဗန်အား မျက်စောင်းထိုးလိုက်ပြန်သည်။ ထိုအခိုက်တွင် ဆံပင်ဖြူ ကြိုး ကဝေဟု နာမည်ကြီးနေသော အထိန်းတော်ကြီး ဒေါ်အိုဇာသည် သုတ်သီး သုတ်ပျာနှင့် ရေကန်တော် ရှိရာသို့ လာနေသည်ကို မြင်နေရပေသည်။

ဒေါ်အိုဇာမှာ ပန်းလိုင်ထိပ်ထား သီရိမာလာ သခင်မ၏ အမိန့်ကို





သေလေးစားသဖြင့် အပြေးအလွှား လာခဲ့ခြင်း ဖြစ်လေရာ နဖူးထက်တွင် အားအင် ညည်းနဲ့လျက် ရှိသဖြင့် ပင်ပန်းမောဟိုက်လျက် ရှိသည်ကို တွေ့ရပေသည်။ သီရိဗြတ်ကမ္ဗန်သည် သုတ်သီး သုတ်ပျာနှင့် လာနေသော ဒေါ်အိုဇာအား ကန်ခုလတ်မှ သွားရောက်ကြိုဆိုပြီး လက်တွဲ၍ ခေါ်ဆောင်လာခဲ့ပေသည်။

သီရိမာလာ သခင်မ၏ ရှေ့တော်သို့ ရောက်သောအခါ ဒေါ်အိုဇာ သည် မြင်ခင်းပေါ်တွင် ကျုံ့ကျုံ့ထိုင်၍ ရိုသေစွာ ခစားနေပေသည်။

'ဒေါ်အိုဇာ'

'ဘုရားအပါးမှာ ခစားလျက် ရှိကြောင်းပါ'

ဒေါ်အိုဇာက ရိုသေစွာ လျှောက်တင်လိုက်သည်။

'မြင်ခင်းပေါ်မှာ ထိုင်မနေစမ်းပါနဲ့။ ညောင်စောင်းပေါ် လာထိုင် စမ်းပါ'

သီရိမာလာသည် မိမိနှင့် မျက်နှာချင်းဆိုင် ညောင်စောင်းပေါ်တွင် ထိုင်ရန် ညွှန်ပြရင်း ပြောလိုက်သည်။

'မဝံ့ကြောင်းပါ'

'ဘာဖြစ်လို့ မဝံ့ရတာလဲ။ ထိုင်ဆို ထိုင်စမ်းပါ။ အရှုံ့တိုက် မနေစမ်း ပါနဲ့၊ ငယ်ငယ်က အကျင့်တွေကို ဖျောက်ပစ်လိုက်စမ်းပါ။ ခုလို အရှုံ့တိုက်တတ် တဲ့ အကျင့်တွေကြောင့် ညည်းကို ကဝေမကြီးလို့ ရပ်ရွာကပိုင်းပြီး သမုတ်နေကြ တာ မဟုတ်လား။ လာ .... ဟောဒီ ညောင်စောင်းပေါ်မှာ ထိုင်စမ်း'

သီရိမာလာသည် ဒေါ်အိုဇာ၏ လက်မောင်းကို ကိုင်ပြီး ညောင်စောင်း ပေါ်တွင် အထိုင်ခိုင်းလိုက်ရာ ဒေါ်အိုဇာသည် မဝံ့တဝံ့နှင့် ဝင်ထိုင်လိုက်ရပေ သည်။

'ဒေါ်အိုဇာ သူ့ကို သိသလား'

သီရိမာလာ သခင်မသည် မိမိ၏ အနီးတွင် မျက်နှာသေကြီးဖြင့် ထိုင်၍ ခစားနေသော သီရိဗြတ်ကမ္ဗန်အား ညွှန်ပြရင်း ပြောလိုက်သည်။

'ဘုရား၊ ကျွန်မရဲ့ အသက်သခင်၊ ကျေးဇူးရှင် ဖြစ်ကြောင်းပါ'

'စစ်သည်တော်ကြီး သီရိဗြတ်ကမ္ဗန်အတွက်ဆိုရင် ဒေါ်အိုဇာ ရှေ့က နေကော့ပြီး အသေခံရဲတယ်လို့ သခင်မကို ပြောဖူးတယ် မဟုတ်လား'

'တစ်ကြိမ်မက ပြောခဲ့ဖူးကြောင်းပါ'

'တကယ်ကော အသေခံရဲပါ့မလား'

'ဆယ်ခါပြန် သေ၍ရလျှင် ဆယ်ခါပြန်ပင် အသေခံရဲကြောင်းပါ'

'ကောင်းပြီ၊ စစ်သည်တော်ကြီးက ဒေါ်အိုဇာကို မေးစရာတွေ ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို့ ပြောတယ်။ သူ မေးတဲ့ မေးခွန်းတွေကို ဒေါ်အိုဇာ သိသလော မှန်မှန်ကန်ကန် အဖြေပေးစမ်းပါ။ ဘယ်သူ့ကိုမှလည်း မကြောက်ပါနဲ့၊ ရဲရဲ သာ ဖြေဆိုစမ်းပါ'

'ဘုရား၊ ကျွန်မ သိသလောက် ဘယ်သူ့ မျက်နှာကိုမှ မထော သားဘဲ ဟုတ်တိုင်းမှန်ရာကို ဖြေဆိုပါ့မယ်'

ဒေါ်အိုဇာက အဖြေပေးလိုက်သည်။

'ကဲ စစ်သည်တော်ကြီး၊ မေးစရာ ရှိတာ မေးလေ'

သီရိမာလာက သီရိဗြတ်ကမ္ဗန်ဘက်သို့ လှည့်၍ ပြောလိုက်ရာ သီ ဗြတ်ကမ္ဗန်သည် ဒေါ်အိုဇာ၏ အနီးသို့ ချဉ်းကပ်လာပေသည်။

'နှင်းကေသရာ သခင်မမှာ အန္တရာယ်တွေ ဝိုင်းနေတယ်လို့ တစ် ကုန်းက ဒေါ်အိုဇာ သတိပေးခဲ့ဖူးတယ် မဟုတ်လား'

သီရိဗြတ်ကမ္ဗန်က မေးလိုက်သည်။

'မှန်ပါတယ်၊ ခုလည်းပဲ ဘေးအန္တရာယ်တွေ ဝိုင်းလျက်ပင် ရှိ ပါတယ်'

'ဒေါ်အိုဇာ ပြောသွားတဲ့ စကားထဲမှာ နှင်းကေသရာသခင်မ ကြီးစွာသော အရှက်ရလိမ့်မယ်။ အရှက်ရရုံတင်မက သေကိန်းပါ မြင်တယ် ဆိုတဲ့ စကား ပါတယ် မဟုတ်လား'

'မှန်ပါတယ်၊ ခုလည်းပဲ အရှက်တကွဲ အကျိုးနည်းဖြစ်ဖို့ကိန်း ဆိုက် ရောက်နေပါတယ်။ သေကိန်းလည်း မြင်ပါတယ်'

'နတ်ရွာစံမြို့စားကြီး တည်ဆောက်ခဲ့တဲ့ ဗိမာန်ကြီးလည်း ပြိုကွဲမယ့် ကိန်း ဆိုက်ရောက်နေတယ်လို့လည်း သတိပေးခဲ့သေးတယ် မဟုတ်လား'

'မှန်ပါတယ်၊ သတိပေးခဲ့တဲ့ အတိုင်းလည်း ဖြစ်နိုင်စရာ ရှိနေပါတယ်'

'ဒီအန္တရာယ်ကို သွေးစွန်းနေတဲ့ လက်ကသာ ကယ်တင်နိုင်လိမ့်မယ် သတိပေးခဲ့တယ် မဟုတ်လား'

'မှန်ပါတယ်'

ဒေါ်အိုဇာက ဟုတ်တိုင်းမှန်ရာကို ဝန်ခံလိုက်ရာ သီရိမာလာသခင် သည် မျက်မှောင်ကြုတ်ပြီး နားထောင်နေရာမှ ဂနာမငြိမ်ဖြစ်သွားပေသည်။

'ဘုရား ဘုရား၊ နိမိတ်မရှိတဲ့ စကားတွေကြားရတာ နားမချမ်း လိုက်တာ။ ဒီမှာ ဒေါ်အိုဇာ၊ ဘာဖြစ်လို့ နိမိတ်မရှိတဲ့ စကားတွေ ပြောချင်ရ လဲ။ ဒါကြောင့်လည်း ညည်းကို ကဝေမကြီးလို့ သမုတ်ကြတာပဲ'

'နိမိတ်မရှိတဲ့ စကားများကို ပြောနေခြင်း မဟုတ်ကြောင်းပါ၊





...ည်း မဝံ့ကြောင်းပါ။ ဘုရားကျွန်မ စေတနာဖြင့် ကြိုတင်၍ ... သာ ဖြစ်ကြောင်းပါ'

'ညည်း ဘာတွေ သိလို့လဲ၊ ပြောစမ်းပါဦး'

'နှင်းကေသရာ သခင်မနဲ့ မြို့စားလေး ဗညားအိမ်ကို ... ...ဲ့စီးကြောင်း ကြံစည်နေသူများ ရှိနေကြောင်းပါ။ နတ်ရွာစံမြို့စားကြီး ...ဆောက်ခဲ့တဲ့ ဗိမာန်ကြီး ပြိုကွဲမည့် အရိပ်အယောင်များ ပေါ်နေကြောင်းပါ'

ဒေါ်အိုဇာသည် အနည်းငယ်မျှ ကြောက်ရွံ့သည့် အမူအရာ မပြ ...း အဖြေပေးလိုက်သည်။

'ဒါတွေကို ညည်း ဘယ်လိုလုပ်ပြီး သိသလဲ'

သီရိမာလာက မေးခွန်းထုတ်လိုက်ပြန်ရာ ဒေါ်အိုဇာသည် မိမိ မည်သို့ ... သိခဲ့ရသည်ကို အဖြေပေးရန် ပါးစပ်ပြင်လိုက်စဉ် သီရိဗြတ်ကမ္ဗန်က ...ါးကာလိုက်သည်။

'သခင်မကြီး သိလိုတဲ့အချက်တွေ မကြာခင် ကျွန်တော်ရှင်းပြပါမယ်။ ...လောဆယ် ကျွန်တော် သိလိုတဲ့ အချက်တွေကို မေးခွင့်ပြုတော်မူပါ'

သီရိဗြတ်ကမ္ဗန်က ခွင့်ပန်လိုက်ပြီး ဒေါ်အိုဇာအား မိမိ သိလိုသည့် ...ချက်များကို မေးမြန်းရန် ပါးစပ်ပြင်လိုက်သည်။

'ဒီမှာ ဒေါ်အိုဇာ၊ နတ်ရွာစံမြို့စားကြီးရဲ့ ရုပ်အလောင်းကို ပထမ ... တွေ့ခဲ့သူဟာ ဒေါ်အိုဇာဖြစ်ကြောင်း နှင်းကေသရာ ပြောပြချက်အရ ...တယ်။ ဒီစကားဟာ မှန်ပါသလား'

သီရိဗြတ်ကမ္ဗန်က မေးခွန်းထုတ်လိုက်သည်။

'မှန်ပါတယ်၊ ဟောဟိုတောတန်းမှာ ရင်ဝတွင် မြားစိုက်ပြီး သေဆုံး ... တွေ့ရလို့ နှင်းကေသရာသခင်မကို ချက်ချင်းအကြောင်းကြားခဲ့ပါတယ်။ ... အချင်းဖြစ်ပွားတဲ့ နေရာကို ပြန်လာခဲ့ပါတယ်။ မြို့စားကြီး လုပ်ကြံခံရတဲ့ ...နဲ့ မနီးမဝေးမှာ လိုဏ်ဂူတစ်ခု ရှိပါတယ်'

'လိုဏ်ဂူ .... ဟုတ်လား'

'မှန်ပါတယ်၊ ဒါပေမဲ့ ချုံနွယ်များ ပိတ်ဆို့နေတဲ့အတွက် လိုဏ်ဂူဝကို ...ရက် မမြင်နိုင်ပါဘူး'

'မြို့စားကြီးရဲ့ ရင်ဝမှာ စိုက်နေတဲ့ မြားတံဟာ ဒူးလေးနဲ့ပစ်တဲ့ မြားတံ ...လား'

'မှန်ပါတယ်၊ ဒူးလေးနဲ့ပစ်တဲ့ မြားတံပါ။ ရင်ဝကနေပြီး နောက်ကျော ...ဖောက်ထွက်သွားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'မြို့စားကြီး နတ်ရွာစံနေတဲ့ အနီးအနားတစ်ဝိုက်မှာ မြို့စားကြီး... မြင်းကို တွေ့ပါသလား'

'မတွေ့ပါဘူး'

'အဲဒီနေ့က မြို့စားကြီးရဲ့ စံအိမ်တော်မှာ ညည့်ခံပွဲရှိတယ် မဟုတ်လား'

'မှန်ပါတယ်၊ ရင်းနှီးတဲ့ မိတ်ဆွေသင်္ဂဟအချို့ကို ဖိတ်ခေါ်ပြီး ဧည့်... ကျွေးမွေးပါတယ်'

'ညည့်ခံပွဲကို ဘယ်သူတွေ တက်ရောက်သလဲ'

'ညည့်ပရိသတ် အတော် စုံလင်ပါတယ်'

'ဘယ်သူတွေ တက်ရောက်သလဲ ဆိုတာ မှတ်မိသလောက် ပြော... စမ်းပါ'

'မြို့စား ရွာစား တော်တော်များများ တက်ရောက်ပါတယ်။ နာ... တွေကိုတော့ မမှတ်မိတော့ပါဘူး'

'တစ်ယောက်တလေကိုတောင် မမှတ်မိတော့ဘူးလား'

'သုံးလေးယောက်လောက်တော့ မှတ်မိပါတယ်'

'မှတ်မိသလောက် ပြောပြစမ်းပါ'

'ဗိုလ်မှူးသမိန်စက္ကဝေါနဲ့ မင်းမနေ အမည်ခံ မင်းရွှေခဲတို့ ညည့်ခံ... တက်ရောက်လာတာ မြင်ရပါတယ်။ မြို့စားကြီးရဲ့ အခွန်တော်ဝန်လည်း ကြွ... လာပါတယ်'

'မြို့စားကြီးရဲ့ တူတော်မောင် မင်းသိဒ္ဓတ်ကော ညည့်ခံပွဲကို လာ... သလား'

'မင်းသိဒ္ဓတ် လာတာတော့ မမြင်မိပါဘူး'

'ဒေါ်အိုဇာဟာ နှင်းကေသရာရဲ့ အထိန်းတော်အဖြစ် အမှု... ဖူးတယ် မဟုတ်လား'

'နှင်းကေသရာရဲ့မယ်တော် ရှိစဉ်က နှင်းကေသရာကို ထိန်း... တယ်'

'ဒေါ်အိုဇာကို ကဝေမကြီးလို့ ရပ်ရွာက သမုတ်ခဲ့ကြတာ ဘယ်... ကြာပြီလဲ'

'လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဖြစ်ပါလိမ့်မယ်။ ကောင်းကောင်း... မမှတ်မိတော့ဘူး'

'ဘာဖြစ်လို့ ကဝေမကြီးလို့ သမုတ်ကြရတာလဲ။ ဘယ်သူ... စတင်ပြီး သမုတ်ကြတာလဲ'





'ဒါတော့ မပြောတတ်ပါဘူး'

'ဒေါ်အိုဇာကို ကဝေမကြီးလို့ သမုတ်တဲ့အထဲမှာ ... ဘယ်သူတွေ ပါဝင်သလဲ'

သီရိဗြတ်ကမွန်က မေးလိုက်ပြန်သည်။

'မင်းသိဒ္ဓတ်နဲ့ မင်းမနေ အမည်ခံ မင်းရွှေခဲတို့ ပါဝင်ပါတယ်။ မြို့စား... ရဲ့ အခွန်တော်ဝန် သီရိမနူလည်း ပါဝင်ပါသေးတယ်။ ဘွားဘွားကို ...ကလမ်းဆရာနဲ့ လွှတ်ပေးပြီး သေလုမြောပါး ညှဉ်းပန်းနှိပ်စက်ခဲ့သူဟာ ...ခွန်တော်ဝန် သီရိမနူပါ'

'ကောင်းပြီ၊ မြို့စားကြီး ရင်ဝမှာ မြားစိုက်ပြီး အနိစ္စရောက်နေတာကို ...တော့ ဒေါ်အိုဇာ ဘာလုပ်သလဲ'

'နှင်းကေသရာ သခင်မဆီကို ပြေးသွားပြီး သတင်းပို့ခဲ့ပါတယ်။ ...တော့ ချက်ချင်းပြန်လာပြီး မြို့စားကြီးကို ပွေ့ထူလိုက်ပါတယ်'

'အဲဒီအချိန်မှာ မြို့စားကြီး အသက်ရှင်လျက် ရှိသေးသလား'

'အသက်မရှိတော့ပါဘူး၊ နတ်ရွာစံနေပါပြီ'

'အဲဒီနောက် ဘာတွေ လုပ်သေးသလဲ'

'ဘာလုပ်ရမှန်းမသိလို့ အကူအညီ ရောက်မလာသေးခင် မြို့စားကြီး ...အလောင်းကို ပွေ့ပိုက်ထားရင်း တတ်သရွေ့မှတ်သရွေ့ ဆုမွန်တောင်း ...အတန်း ဝေပါတယ်။ အဲဒီအချိန်မှာ မြို့စားကြီးရဲ့ လက်ထဲမှာ လိမ္မော် ... ကတ္တီပါစတစ်ခုကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတာ တွေ့ရပါတယ်။ ...ခက ဆုပ်ပြနေပါတယ်။ အဲဒီကတ္တီပါစကို မြို့စားကြီးရဲ့ လက်သီးဆုပ် ... ဆွဲထုတ်ပြီး ယူဖို့ ကြိုးစားနေတုန်း လူသံတွေ ကြားရလို့ လှည့်လိုက်တဲ့ ...ဗိုလ်မှူးသမိန်စက္ကဝေါနဲ့ သမိန်ဗြပိုက်တို့ မြင်းကိုယ်စီနဲ့ ရောက်လာနေကြတာကို ...ရပါတယ်။ သူတို့ကို မြင်လိုက်တော့ ဘွားဘွားလည်း အားတက်လာပြီး ...အညီ တောင်းပါတယ်။ ဗိုလ်မှူးသမိန်စက္ကဝေါက ဘွားဘွားကို စားမတတ် ...တတ် ငေးစိုက်ကြည့်ရင်း သမိန်ဗြပိုက်က မြင်းပေါ်က ခုန်ဆင်းလာပါ...'

'သမိန်ဗြပိုက် ဆိုတာ ဘယ်သူလဲ'

မြို့စားလေးရဲ့ နောင်တော်ဝမ်းကွဲ မင်းသိဒ္ဓတ်ရဲ့ ကိုယ်ရံတော်တပ်မှူး...

'ရှေ့ဆက် ပြောပါဦး'

ဗိုလ်မှူးသမိန်စက္ကဝေါက မြို့စားကြီး လုပ်ကြံခံရတဲ့ ကိစ္စနဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘွားဘွား သိသမျှ မှန်မှန်ကန်ကန် အစီရင်ခံစမ်းလို့ အမိန့်ပေး
ဘွားဘွား သိသမျှ အစီရင်ခံလိုက်တဲ့အခါ သမိန်စက္ကဝေါက ဘွားဘွ
အကြာကြီး မျက်မှောင်ကြုတ်ပြီး ကြည့်နေပါတယ်။ ပြီးမှ စံအိမ်တော်ကိုသွ
အကူအညီတောင်းဖို့ အမိန့်ပေးလိုက်လို့ မြို့စားကြီးရဲ့ ရုပ်အလောင်း ထ
စံအိမ်တော်ကို လာခဲ့ပါတယ်။ လမ်းခုလတ် ရောက်တဲ့အခါ နောက်သို့
ကြည့်မိပါတယ်။ အဲဒီအချိန်မှာ နတ်ရွာစံ မြို့စားကြီးရဲ့ လက်သီး
ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတဲ့ လိမ္မော်ရောင် ကတ္တီပါစကို သမိန်ဖြ
ဆွဲထုတ်လိုက်ပြီး သမိန်စက္ကဝေါကို ပြသနေတာ မြင်ရပါတယ်။ ဘွ
လှည့်လိုက်တာကို မြင်တော့ သမိန်ဖြပိုက် ဓားအိမ်ထဲက ဓားကိုဆွဲထု
ဘွားဘွားကို ခုတ်ဖို့ အပြေးအလွှား လာနေပါတယ်။ ဘွားဘွားလည်း ကြော
လန့်အားနဲ့ ဖနောင့်နဲ့တင်ပါး တစ်သားတည်းနေအောင် ပြေးခဲ့ပါတယ်။
တော်ကိုလည်း မပြန်ဝံ့တော့ဘဲ ခြေဦးတည့်ရာသို့ ထွက်ပြေးခဲ့ပါတယ်။
အချိန်ကစပြီး ဘွားဘွားလည်း စံအိမ်တော်ကို မပြန်ဝံ့တော့ဘူး။ စောစော
ဘုန်းကတော့ မြို့စားကြီး နတ်ရွာစံရတာဟာ တောကစားထွက်ရင်း
တဆ မြားမှန်ပြီး အနိစ္စ ရောက်ခဲ့ရတာ ဖြစ်ပါလိမ့်မယ်လို့ ဘွားဘွား
တယ်။ သမိန်စက္ကဝေါနဲ့ သမိန်ဖြပိုက်တို့ရဲ့ အပြုအမူကို မြင်ရတဲ့
မြို့စားကြီး တမင်သက်သက် ချောင်းမြောင်း လုပ်ကြံသတ်ဖြတ်ခြင်း
မယ်လို့ သိမြင်လာပါတယ်'

ဒေါ်အိုဇာက မိမိ သိသမျှ ဖွင့်ဟလိုက်သည်။

'ဒေါ်အိုဇာ ပြောတဲ့ စကားအရဆိုရင် သခင်မရဲ့ မတ်တော်
မြို့စားကြီးကို လုပ်ကြံတဲ့လူဟာ လိမ္မော်ရောင် ကတ္တီပါအင်္ကျီ ဝတ်တဲ့လူ
မယ်။ စစ်သည်တော်ကြီးကော ဘယ်လို သဘောရသလဲ'

'မြို့စားကြီး နတ်ရွာစံရတာဟာ အဝေးမှနေပြီး ဒူးလေးနဲ့ ပစ်
လိုက်တဲ့ မြားတံထိမှန်ပြီး နတ်ရွာစံရတာ ဖြစ်တဲ့အတွက် သခင်မကြီး
သလို မဖြစ်နိုင်ပါ။ အင်း ဒူးလေး ဒူးလေး၊ လူတစ်ယောက်ရဲ့ အသ
လွယ်လွယ်နဲ့ သေစေနိုင်ပါလား'

သီရိဖြတ်ကမွန်သည် တစ်စုံတစ်ရာ စဉ်းစားမိသည့် အမူအ
ညည်းညည်းညူညူ ပြောလိုက်သည်။

'စစ်သည်တော်ကြီးက ဘာများ ညည်းညူနေပြန်တာလဲ'

'ဒူးလေးအကြောင်း စဉ်းစားမိလို့ပါ။ ဒူးလေးဟာ လူတစ်ယော
အသက်ကို လွယ်လွယ်နဲ့ သေစေနိုင်တာ အမှန်ပဲ။ ဒါပေမဲ့ သေကံ





တဲ့ လူကျပြန်တော့လည်း သေဘေးက သီသီကလေး လွတ်မြောက်ခဲ့ရ
တာပဲ'

'မတ်တော်မောင် မြို့စားကြီးမှာတော့ ဒူးလေးရဲ့ လက်ချက်နဲ့ အသက်
ဆုံးခဲ့ရတယ် မဟုတ်လား'

'မှန်ပါတယ်၊ ဒါပေမဲ့ ကုသိုလ်ကံကောင်းတဲ့ လူကျတော့ 
ရှင်တွေက သတိပေးလို့ သီသီကလေး လွဲခဲ့ရပါတယ်။ ကံ့ကော်ပင်ပျို
စိုက်နေတဲ့မြားတံဟာ ငမိုက်သား သီရိဖြတ်ကမွန်ရဲ့ အသက်ဇီဝိန်ကို ခြွေဖို့
လွှတ်တဲ့မြားတံ ဖြစ်ကြောင်းပါ။ သို့ရာတွင် ကျေးငှက်သာရကာများက
ပြီး သတိပေးလိုက်လို့ သီရိဖြတ်ကမွန်ရဲ့ ရင်ဝကိုစိုက်ရမယ့် မြားတံဟာ
ဝိညာဉ်မရှိတဲ့ ကံ့ကော်ပင်ပျိုရဲ့ ပင်စည်ကို စိုက်ဝင်သွားခြင်း ဖြစ်ပါတယ်။
အသာထားပြီး စောစောက ဒေါ်အိုဇာပြောတဲ့ လိုဏ်ဂူနဲ့ပတ်သက်ပြီး
အိုဇာ သိသမျှ ပြောပြစမ်းပါ'

'လိုဏ်ဂူက ကျောက်ဆောင် ကျောက်ကမ်းပါးကို ဖောက်ထွင်း
ထားတဲ့ လိုဏ်ဂူပါ။ ချုံနွယ်ပိတ်ပေါင်းတွေ ပိတ်ဆို့နေလို့ လိုဏ်ဂူ
ဝကို ရုတ်တရက် မမြင်နိုင်ဘူး။ ဒီနေရာမှာ လိုဏ်ဂူရှိကြောင်း သိတဲ့
သာ လိုဏ်ဂူဝကို မြင်နိုင်ပါတယ်။ အရပ်သား သတင်းကတော့ အဲဒီ
ဂူဝမှာ တစ္ဆေခြောက်တယ်လို့ ဆိုတယ်။ လပြည့် လကွယ်နေ့တွေမှာ
ဂူဝမှာ စုန်းတောက်စားတာကို မြင်ရတယ်လို့လည်း ပြောသံကြားရတယ်။
ဘွား ငယ်ငယ်က ကြားဖူးတာကတော့ အဲဒီလိုဏ်ဂူထဲကို ဝင်သွားရင်
စားကြီးရဲ့ စံအိမ်တော်ရဲ့ မြေအောက်ခန်းထဲကို ရောက်နိုင်တယ်လို့ ပြော
။ ဒါပေမဲ့ အဲ့ဒီလိုဏ်ဂူထဲကို ဘယ်သူမှ ဝင်ပြီး မကြည့်ဝံ့ကြဘူး။
ကြည့်ဖို့ဝေးလို့ တစ္ဆေခြောက်တယ်ဆိုတဲ့ သတင်းကြောင့် အနားကိုတောင်
သွားဝံ့ကြဘူး'

ဒေါ်အိုဇာ ရှင်းပြလိုက်ရာ သီရိဖြတ်ကမွန်သည် စိတ်ဝင်စားစွာ
ထောင်နေပေသည်။ ပန်းလိုင်ထိပ်ထား သီရိမာလာ သခင်မမှာမူ လိုဏ်ဂူကို
စိတ်ဝင်စားဟန် မတူဘဲ လိမ္မော်ရောင် ကတ္တီပါစကိုသာ ပိုမို၍ စိတ်ဝင်စားနေပုံ
သည်။

'လိမ္မော်ရောင် ကတ္တီပါစ ဟုတ်လား။ ဒီအတိုင်းမှန်ရင် မတ်တော်မောင်
စားကြီးကို လုပ်ကြံတဲ့လူဟာ လိမ္မော်ရောင်ကတ္တီပါအင်္ကျီ ဝတ်ဆင်တဲ့လူ
ရမယ်။ ဒါပေမဲ့ လိမ္မော်ရောင် ကတ္တီပါအင်္ကျီ ဝတ်ဆင်တဲ့လူတွေ အတော်
များ ရှိနေတဲ့အတွက် လက်သည်တရားခံကို ဖော်ထုတ်ဖို့ မလွယ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒေါ်အိုဇာ ပြောတဲ့အတိုင်းသာ မှန်ရင် ဗိုလ်မှူးသမိန်စက္က
တူတော်မောင် မင်းသိဒ္ဓတ်ရဲ့ ကိုယ်ရံတော် တပ်မှူးရဲ့ အမှုအရာဟာ မသ
စရာပဲ'

ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်မက မိမိ၏ အယူအ
ဖွင့်ဟလိုက်သည်။

'မှန်ပါတယ်၊ လိမ္မော်ရောင် ကတ္တီပါအကျႌ ဝတ်တဲ့ လူတွေ
ကျွန်တော်လည်း အပါအဝင် ဖြစ်နေပါတယ်။ လိမ္မော်ရောင်ဟာ နိမိတ်မ
ဘူး ထင်တယ်။ ဟော .... ပြောရင်းဆိုရင်း သခင်မကြီးရဲ့ လက်စွဲတော်
လာနေပြီ။ ဘာကိစ္စများ အရေးကြီးလာပြန်ပြီလဲ မသိဘူး'

သီရိဖြတ်ကမွန်သည် ရေကန်တော်ရှိရာသို့ လာနေသော ဇော
ကြည့်ရင်း ပြောလိုက်သည်။ ထိုအခိုက်တွင် ဇောခွင်သည် သီရိမာလာသ
အနီးသို့ ရောက်ရှိလာကာ လေးစားစွာ ခစား၍ နေပေသည်။

'လှည်းယဉ်တော် အသင့် ပြင်ဆင်ပြီးကြောင်းပါ'

ဇောခွင်က လျှောက်တင်လိုက်သည်။

'ကောင်းပြီ၊ သခင်မ လာခဲ့မယ်။ အားလုံးသာ အဆင်သင့် ရှိ
ကိုယ်ရံတော်တပ်မှူးပါ အရန်သင့် စောင့်နေပေစေ'

သီရိမာလာ သခင်မက လက်စွဲတော် ဇောခွင်အား အမိန့်ပေးလို
သီရိဖြတ်ကမွန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကဲ စစ်သည်တော်ကြီးပါ သခင်မနဲ့ လိုက်ခဲ့။ လာ .... သွားကြ

သီရိမာလာ သခင်မသည် သီရိဖြတ်ကမွန်ကို မိမိနှင့် အတူလို
လာရန် ခေါ်လိုက်သည်။

'ဒေါ်အိုဇာကို မှာစရာရှိတာ မှာခဲ့ပါရစေဦး'

သီရိဖြတ်ကမွန်က ခွင့်ပန်လိုက်ပြီး ဒေါ်အိုဇာ၏ အနီးသို့ ချဉ်း
လာပေသည်။

'ဒေါ်အိုဇာ၊ အသွားအလာ ဆင်ခြင်ပါ။ တစ်ယောက်တည်း အ
မထွက်ပါနဲ့။ အထူးသဖြင့် ကံ့ကော်မြိုင်ဘက်ကို ခြေဦးမလှည့်ပါနဲ့။ မြို့
လုပ်ကြံခံရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဒေါ်အိုဇာကို လုပ်ကြံဖို့ ချောင်းမြောင်း
လူတွေ ရှိနေပါတယ်။ စောစောက ကျွန်တော်တို့ကို ပြောခဲ့တဲ့ စကားတွေကို
ဘယ်သူ့မှ မပြောပါနဲ့'

သီရိဖြတ်ကမွန်က ဒေါ်အိုဇာအား သတိပေးလိုက်သည်။

'ဘွားဘွားကို ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်။ ဒါ





ဘွား မသေနိုင်သေးပါဘူး။ ဘွားဘွားကို သူတို့ သတ်ချင်တိုင်း သတ်လို့
ဘူး။ ဘွားဘွား သေရမှာ ကြောက်လို့ ဒီစကား ပြောနေတာ မဟုတ်ဘူး။
ကို ဘွားဘွား မကြောက်ပါဘူး။ ဒါပေမဲ့ အကြောင်းမဲ့ သတ်သတ်သေတော့
ခံနိုင်ဘူး။ အမှန်တရားကို ဖော်ထုတ်ရေးအတွက် ဆိုရင်တော့ ဘွားဘွား
က်နဲ့လဲပြီး ဖော်ထုတ်သွားဖို့ အသင့်ပဲ'

ဒေါ်အိုဇာက ရဲရဲတောက် ပြန်ပြောလိုက်သည်။

## အခန်း ၂၆

တော်ရှေ့တွင် လှည်းယဉ်အသင့် ပြင်ထားသည်ကို တွေ့ရပေသည်။

သီရိမာလာသခင်မ၏ ကိုယ်ရံတော်နှင့် တပ်သားများမှာလည်း မြင်း
ဖြင့် လှည်းယဉ်ကို စောင့်ကြပ်ပြီး လိုက်ပါလာရန် အသင့် စောင့်ကြို
ပေသည်။

လှည်းယဉ်တော်အနီးသို့ ရောက်သောအခါ သီရိမာလာသခင်မသည်
ဖြတ်ကမွန်၏ အကူအညီဖြင့် လှည်းယဉ်ပေါ်သို့တက်ပြီး သီရိဖြတ်ကမွန်
မိမိနှင့်အတူ လိုက်ပါလာရန် ခေါ်လိုက်သဖြင့် လှည်းယဉ်ပေါ်သို့တက်၍
လာခဲ့ရပေသည်။

'စစ်သည်တော်ကြီးကို ခေါ်လာတာ အကြောင်းမဲ့သက်သက် မဟုတ်
စစ်သည်တော်ကြီးကို မေးစရာတွေရှိလို့ ခေါ်လာတာ။ တိုင်းရေး ပြည်ရေးနဲ့
သက်ပြီး ထိပ်တန်းလျှို့ဝှက်ချက်တွေကို စစ်သည်တော်ကြီး သိသမျှ သခင်မ
အသိမပေးနိုင်ဘူးလား'

လမ်းခရီးတွင် သီရိမာလာ သခင်မက စကား စ လိုက်သည်။

'ထိပ်တန်းလျှို့ဝှက်ချက် ဆိုတာ ဘာကို ဆိုလိုပါသလဲ'

သီရိဖြတ်ကမွန်က ပြန်ပြီး မေးလိုက်သည်။

'ဘာလဲ၊ သခင်မကိုတောင် အယုံအကြည် မရှိတော့ဘူးလား'

'အယုံအကြည် မရှိလို့ မဟုတ်ကြောင်းပါ။ သခင်မကြီး သိလိုသည့်
အလက်များကို မေးတော်မူပါ။ ကျွန်တော် ဉာဏ်မီသလောက် ဖြေဆို
အသင့်ရှိနေပါတယ်'

'ဉာဏ်မီသလောက် ဆိုတဲ့ စကားက ဆင်ဝှေ့ရန်ရှောင် ပြောလိုက်တာ
တ်လား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ကြောင်းပါ။ မေးလိုရာ မေးခွန်းကိုသာ မေးတော်မူပါ'

'ကောင်းပြီ၊ သခင်မ မေးမယ်။ ရှင်စောပုဘုရင်မကြီးကို လု
အကြံအစည်နဲ့ ပတ်သက်ပြီး စစ်သည်တော်ကြီး ဘာတွေ သိသလဲ။ စစ်သ
တော်ကြီး သိသမျှ ပြောပြစမ်းပါ'

သီရိမာလာသခင်မက မေးခွန်းထုတ်လိုက်ရာ သီရိဖြတ်ကမ္
အံ့အားသင့်သည့် အမူအရာဖြင့် သီရိမာလာအား ပြန်ကြည့်လိုက်သည်။

'ဒီသတင်းကို သခင်မကြီး ဘယ်သူ့ဆီက ကြားခဲ့ပါသလဲ'

သီရိဖြတ်ကမ္ဗန်က ပြန်မေးလိုက်သည်။

'ပန်းလှိုင်ဘက်ကို ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူ
သခင်မရဲ့ ဉာဏ်အိမ်တော်မှာ တည်းခိုသွားပါတယ်။ အဲဒီတုန်းက ဘုရင်
ကိုယ်တော်တိုင် မိန့်တော်မူလို့ သခင်မရဲ့ နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာ

သီရိမာလာ သခင်မက အဖြေပေးလိုက်ရာ သီရိဖြတ်ကမ္ဗန်မှာ အံ့
သင့်သည်ထက် သင့်သွားပေသည်။

'ဘုရင်မကြီးနဲ့ ခင်မင်ရင်းနှီးပါသလား'

သီရိဖြတ်ကမ္ဗန်က ပြန်မေးလိုက်သည်။

'ငယ်ရွယ်စဉ် အချိန်ကစပြီး ခင်မင်ရင်းနှီးခဲ့ပါတယ်။ ခမည်း
ဘုဇမိရာဇ်ဘုရင်မင်းမြတ်ကြီး လက်ထက်တော်မှာ သခင်မဟာ ပင်ဘိုင်စံ
တော်အဖြစ် ချီးမြှင့်မြှောက်စားခြင်း ခံခဲ့ရတဲ့အတွက် သမီးတော်ရှင်စော
အတူတကွ လက်ပွန်းတတီး နေထိုင်ခဲ့ဖူးပါတယ်။ အင်းဝ ရွှေမြို့တော်
ပြန်လည်ရောက်ရှိလာပြီး ဘုရင်မကြီးအဖြစ်သို့ ရောက်ရှိခဲ့တဲ့ အချိန်က
သခင်မကို မကြာခဏ နန်းတွင်းကို ခစားဝင်စေပါတယ်။ တိုင်ပင်စရာ
လည်း တိုင်ပင်ပါတယ်။ ကဲ ဒါလောက်သိရရင် တော်ရောပေါ့။ သခင်မအပေါ်
ယုံယုံကြည်ကြည်နဲ့ စစ်သည်တော်ကြီး သိသမျှသာ ဖွင့်ဟစမ်းပါ။ ဘုရင်မ
အပေါ်မှာ စစ်သည်တော်ကြီး သစ္စာစောင့်သို ရှိသေသလို သခင်မလည်း သ
စောင့်သို ရှိသေတယ် ဆိုတာ စိတ်ချယုံကြည်ပါ'

'ကောင်းလှပါပြီ၊ သခင်မကြီး မေးလိုသည့် မေးခွန်းကိုသာ ဖြေ

'စောစောက စစ်သည်တော်ကြီးပြောသွားတဲ့ စကားထဲမှာ ကျေး
သာရကာတွေရဲ့ သတိပေးမှုကြောင့်သာ စစ်သည်တော်ကြီး အသက်သေ
က သီသီကလေး လွတ်ခဲ့ရတယ်လို့ အရိပ်အမြွက် ထုတ်ဖော်ပြောဆိုသွားတာ
သခင်မ ကြားခဲ့ရတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အဖြစ်အပျက်အမှန်ကို ခ
ချန်ဘဲ ပြောပြစမ်းပါ'





သီရိမာလာသခင်မက မိမိ သိလိုသည့်အချက်ကို မေးမြန်းလိုက်ရာ
ကမ္ဗန်သည် ထိုနေ့နံနက်က အဖြစ်အပျက်ကို အသေးစိတ် ပြောပြ
သည်။

'နှင်းကေသရာရဲ့ လက်ရေးနဲ့ ပေတိုတစ်စောင်ရလို့ စစ်သည်တော်ကြီး
တော်ထဲ ဆင်းသွားတယ် ဆိုပါတော့'

'မှန်ပါတယ်'

'စစ်သည်တော်ကြီးကို သေကြောင်းကြံတဲ့ လေးသည်တော်ကို လက်ရ
ရှောင်းမြောင်းနေတုန်း နှင်းကေသရာရဲ့ သီချင်းသံကြောင့် ရန်သူကို
ပေးလိုက်သလို ဖြစ်သွားပြီး ရန်သူ ထွက်ပြေးလွတ်မြောက်သွားတယ်
တော့'

'ဒါလည်း မှန်ပါတယ်။ ဒါပေမဲ့ ရန်သူကို သတိပေးတဲ့ အနေနဲ့
ဆိုခြင်း မဟုတ်ပါ'

'ဘာပဲပြောပြော ရန်သူကို လက်ရ ဖမ်းဆီးရမိနိုင်လျက်သားနဲ့
တော် နှင်းကေသရာကြောင့် လွတ်မြောက်သွားရတာ သိပ်နာတယ်။
ည်တော်ကြီးကို တူမတော်နှင်းကေသရာက မိန်းမတို့မာယာနဲ့ ဖြားယောင်း
သတ်သမား ရှိရာကို ခေါ်လာတာ မဖြစ်နိုင်ဘူးလား'

'ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။ ကျွန်တော့်ရဲ့ အခန်းထဲကို
ပစ်လိုက်တဲ့ ပေတိုမှာ ရေးသာထားတဲ့ လက်ရေးဟာ နှင်းကေသရာသခင်မ
လက်ရေးနဲ့ ခပ်ဆင်ဆင်တူပေမယ့် သေသေချာချာ စစ်ဆေးကြည့်တဲ့အခါ
ရေးချင်းတူအောင် တုပြီး ရေးသားထားခြင်းသာဖြစ်ကြောင်း တွေ့ရပါတယ်။
သရာသခင်မ ဒါလောက်တောင် အကြံမပက်စက်ပါဘူး'

'အင်း စစ်သည်တော်ကြီးလည်း တူမတော် နှင်းကေသရာကို မျက်စိ
ထင်တယ်။ ဒါက အရေးမကြီးဘူး။ ခြေတံရှည်မကို သခင်မ မျက်စိ
နေတာ ကြာပြီ။ မိန်းမပီသတဲ့ အလုပ်ကိုမလုပ်ဘဲ သူ နားမလည်တဲ့
မှာ ဝင်စွက်လိုစွက်၊ ဘုရင်မကြီးရဲ့ အဆုံးအဖြတ်ကို လူသိရှင်ကြား
ကွက်လိုကန့်ကွက်။ သစ္စာဖောက်တွေနဲ့ အဆက်အသွယ်လုပ်ပြီး သူ့ရဲ့
တော်မှာ ဆွေးနွေးပွဲတွေ လုပ်လိုလုပ်နဲ့ အတော်ကို မြင်ပြင်းကတ်စရာ
တယ်'

သီရိမာလာသခင်မက စိတ်ထဲရှိသမျှ ပွင့်လင်းစွာ ထုတ်ဖော်လိုက်ရာ
ဖြတ်ကမ္ဗန်မှာ အံ့အားသင့်သွားပြန်သည်။

'ဒါတွေကို သခင်မကြီး ဘယ်လိုလုပ်ပြီး သိပါသလဲ'



www.burmeseclassic.com

www.burmeseclassic.com



သီရိဗြတ်ကမ္ဗန်က ထိတ်လန့်တကြား ပြန်မေးလိုက်သည်။

'တူမတော် နှင်းကေသရာ ဘာတွေ လုပ်နေတယ် ဆိုတာ သက်တော်ရှည် ပြောပြလို့ သခင်မ အားလုံး သိပြီးပါပြီ။ သခင်မအဖို့ အဆန်း မဟုတ်ပါဘူး။ မင်းကြီးသက်တော်ရှည် ကိုယ်တိုင်က တူတော် ဗညားအိမ်နဲ့ တူမတော် နှင်းကေသရာ အပေါ်မှာ အယုံအကြည် မရှိတော့ သစ္စာဖောက်တွေနဲ့ အပေါင်းအသင်းလုပ်ပြီး ဘုရင်မကြီးကို ဆန့်ကျင်ဖို့ နေတာကို မင်းကြီးသက်တော်ရှည်ဆီမှာ သက်သေအထောက်အထ ရှိတယ်'

'မင်းကြီးသက်တော်ရှည် ပြောလို့ သိရတယ်ဆိုတာတော့ ကျွ လက်မခံနိုင်ဘူး။ မင်းကြီးသက်တော်ရှည်ဟာ အင်မတန် နူတ်လုံပြီး ဘုရ နဲ့ နိုင်ငံတော်အပေါ်မှာ အသက်နဲ့လဲပြီး သစ္စာစောင့်သိတဲ့ ပုဂ္ဂိုလ် ထိပ်တန်းလျှို့ဝှက်သတင်းတွေကို လူတကာ လျှောက်ပြောနေမယ့် ပုဂ္ဂိ မဟုတ်ပါဘူး'

'လူတကာကို ပြောနေတာမှ မဟုတ်ဘဲ။ သခင်မကိုသာ ယုံ စိတ်ချလို့ ဖွင့်ပြောတာ'

'မင်းကြီးသက်တော်ရှည်နဲ့ ရင်းနှီးပါသလား'

'မရင်းနှီးဘဲ အတွင်းစကားတွေကို ပြောပါ့မလား။ မင်းကြီးသက် ရှည်ကို သခင်မ သိတာ ကြာပြီ။ မင်းကြီးသက်တော်ရှည် ရာထူးကို ရ ဟာလည်း သခင်မရဲ့ကျေးဇူး မကင်းဘူး။ သခင်မ လျှောက်တင်ပေးလို့ ကြီးက ယုံကြည်ကိုးစားတော်မူပြီး မင်းကြီးသက်တော်ရှည်ရာထူးကို ခဲ့တာပါ။ ဒါကို အသာထားပြီး တူမတော် နှင်းကေသရာ အပေါ်မှာ သက်တော်ရှည် သင်္ကာယနံ့မကင်း ဖြစ်နေတဲ့ကိစ္စတွေကို ဒီနေ့မနက် တော်တွင်းမှာ နှင်းကေသရာနဲ့ တွေ့ကြတုန်းက နှင်းကေသရာကို တော်ကြီး ဖွင့်ဟ သတိပေးခဲ့သေးတယ် မဟုတ်လား'

သီရိမာလာ သခင်မက ပြန်မေးလိုက်သည်။

'မင်းကြီးသက်တော်ရှည်ဆီကို ရောက်ရှိနေတဲ့ တိုင်စာထဲမှာ စွပ်စွဲချက်တွေကို ပြောသင့်သလောက် ပြောပြပြီး မင်းကြီးသက်တော ကိုယ်တိုင်က နှင်းကေသရာ သခင်မအပေါ်မှာ သင်္ကာယနံ့မကင်း ဖြစ်နေ သတိပေးခဲ့ပါတယ်'

'ဟုတ်ပြီ' ဟုတ်ပြီ၊ ဒါကြောင့် နှင်းကေသရာ ငိုနေတာကိုး။ ဉ တော်က ပြန်လာတဲ့ အချိန်ကစပြီး နှင်းကေသရာ မျက်ရည်နဲ့မျက်ခွက် ဖြ







ဘာဖြစ်လို့ မျက်ရည်နဲ့မျက်ခွက် ဖြစ်နေတာလဲလို့ အကြိမ်ကြိမ် အခါ သရာ သေမှ အေးမှာပဲ" လို့ အဖြေပေးတယ်။ အဲဒီအဖြေ ပြီး လို့ မရဘူး။ လက်စသတ်တော့ ဒါကြောင့် ငိုနေတာကိုး'

သီရိမာလာသခင်မက တစ်ယောက်တည်း ပြောသလို ပြောလိုက်

'ကျွန်တော့်ကို မှားပါတယ်။ ဒါတွေကို ကျွန်တော် ဖွင့်ပြောတို့ ကျွန်တော် ပြောလိုက်တဲ့ စကားတွေကြောင့် စိတ်ထိခိုက်သွားတာ

သီရိဗြတ်ကမ္ဗန်က မိမိကိုယ်ကို အပြစ်တင်လိုက်သည်။

'ဘာလဲ၊ သူ့အပေါ်မှာ မင်းကြီးသက်တော်ရှည် အထင်တော် လွဲသွားပြီ ထိခိုက်သွားတယ် ထင်လို့လား။ ဒါတော့ ဟုတ်ကို မဟုတ်ဘူး။ အကြောင်း သခင်မထက် ဘယ်သူမှ ပိုပြီး မသိဘူး။ တော်ရုံတန်ရုံ တော့ဖြင့် စိတ်မထိခိုက်သေးဘူး။ ဘုရင်မကြီး အပေါ်မှာတောင် ကြား ဝေဖန်ရဲတဲ့ သူငယ်မပဲ။ မင်းကြီးသက်တော်ရှည် အထင်လွဲမှာ တော့ အရေးတောင် မစိုက်သေးဘူး'

သီရိမာလာ သခင်မက ပြန်ပြောလိုက်ရာ သီရိဗြတ်ကမ္ဗန်မှ အဓိပ္ပာယ် နိုင်အောင် ဖြစ်သွားပြီး သီရိမာလာအား ငေးစိုက်ကြည့်နေမိပေသည်။

'သခင်မကြီး မိန့်တော်မူလိုက်တဲ့ စကားအဓိပ္ပာယ်ကို ကျွန်တော် ဘူး။ သခင်မကြီး ဘာကို ဆိုလိုတာလဲ။ နှင်းကေသရာ သခင်မ ကျ်သွားတာဟာ ဘာကြောင့်ပါလဲ'

သီရိဗြတ်ကမ္ဗန်က ပြန်မေးလိုက်သည်။

'အို ဒါတွေကို နောက်မှ သခင်မ ရှင်းပြမယ်။ ဒါကို အသာထားပြီး သက်တော်ရှည်ဆီကို ရောက်ရှိလာတဲ့ တိုင်စာထဲမှာပါတဲ့ စွပ်စွဲချက်တွေ သက်ပြီး စစ်သည်တော်ကြီး ဘယ်လို သဘောရသလဲ'

သီရိမာလာ သခင်မက သီရိဗြတ်ကမ္ဗန်၏ သဘောထားကို တီးခေါက် ကြည့်လိုက်သည်။

'ဒါကတော့ နှင်းကေသရာသခင်မ အပေါ်မှာ မလိုလားတဲ့ လူတွေက သက်သက် လီဆယ်လုပ်ကြံပြီး စွပ်စွဲတာပါ။ နှင်းကေသရာသခင်မ ဘုရင်မကြီး အပေါ်မှာ အသက်နဲ့လဲပြီး သစ္စာစောင့်သိ ရှိသေတာ အမှန်ပါ'

'လီဆယ်လုပ်ကြံတယ် ဆိုတာတော့ သခင်မ လက်မခံနိုင်ဘူး။ မီး မီးခိုးမထွက်နိုင်ဘူး ဆိုတဲ့စကား ရှိတယ် မဟုတ်လား။ ရင်မမွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



လှထွက်ကို အိမ်ရှေ့အရာပေးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘုရင်မကြီး အပေ တူမတော် နှင်းကေသရာ ပြစ်တင်ဝေဖန်တာကို နားနဲ့ ဆတ်ဆတ်ကြ လူတွေ ရှိနေတယ် မဟုတ်လား'

'နှင်းကေသရာသခင်မက စိတ်ထဲမှာ ရှိတာကို ထိမ်ချန်မထား ပွင့်ပွင့်လင်းလင်း ပြောတတ်ပါတယ်။ ဒါပေမဲ့ ဘုရင်မကြီး အပေါ်မှာ မိခင်အရင်းလို သဘောထားတဲ့အပြင် အသက်နဲ့လဲပြီး သစ္စာစောင့်သိ ရှိ ပါတယ်။ ဒါကိုတော့ ကျွန်တော် အာမခံရဲပါတယ်'

'ဒါဖြင့် ကောင်းပြီ၊ တူမတော် နှင်းကေသရာအပေါ်မှာ ဘယ်သူ မတော်မတရား လီဆယ်လုပ်ကြံပြီး စွပ်စွဲတာလဲ။ ဒါကို စစ်သည်တော် မသိဘူးလား'

'ကျွန်တော် မသင်္ကာတဲ့ လူတွေတော့ ရှိပါတယ်။ ဒါပေမဲ့ ဘ ဘယ်ဝါ ဆိုတာတော့ လက်ဆုပ်လက်ကိုင် သက်သေအထောက်အထား မ လို့ ဖွင့်ပြောလို့ မဖြစ်သေးပါ'

သီရိဗြတ်ကမ္ဗန်သည် မိမိပြောလိုသည့် စကားကို နိဒါန်းပျိုးလို နှင်းကေသရာထံ မိမိ မည်သို့မည်ပုံ ရောက်ရှိလာခဲ့ပုံ၊ နှင်းကေသရာ၏ ပေးချက်အရ မြို့စားလေး ဗညားအိမ်အား ဗိုလ်မှူးစက္ကဝေါ၏ လော အောက်မှ ကယ်တင်ခဲ့ရပုံ၊ မြို့စားလေး ဗညားအိမ်နှင့် အစ်မတော် နှင်းကေ တို့အား ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေကြပုံ၊ မြို့စားလေး ဗညားအိ သမိန်စက္ကဝေါတို့ လူသိုက်က အရက်မူးအောင်တိုက်ပြီး စာတမ်းတစ်စော လက်မှတ်ရေးထိုးစေခဲ့ပုံ၊ နှင်းကေသရာကိုလည်း သမိန်စက္ကဝေါက အပိုင် ကြိုးစားခဲ့ပုံများကို မိမိ သိရှိခဲ့သမျှ အသေးစိတ် ရှင်းပြနေပေသည်။

'လက်စသတ်တော့ ဒီလိုကိုး။ စစ်သည်တော်ကြီး ပြောတဲ့အ ဆိုရင် တူတော်မောင်နဲ့ တူမတော်ကို ပျက်စီးရာပျက်စီးကြောင်း ကြံစည် လူတွေထဲမှာ အတွင်းလူ ပါနေတယ် ဆိုပါတော့။ ဒီလိုဆိုရင် ဒေါ သတိပေးချက်ဟာ အဓိပ္ပာယ် လေးနက်နေတာပေါ့။ တူမတော် နှင်းကေ အပေါ်မှာ အထင်လွဲမှားအောင် မင်းကြီးသက်တော်ရှည်ဆီကို တိုင် လူဟာ ဘယ်သူ ဖြစ်လိမ့်မယ်လို့ ထင်သလဲ'

သီရိမာလာ သခင်မက သီရိဗြတ်ကမ္ဗန်၏ ထင်မြင်ယူဆချ သိလိုသဖြင့် မေးလိုက်ပြန်သည်။

'ဘယ်သူဘယ်ဝါ ဖြစ်လိမ့်မယ်ဆိုတာကို ကျွန်တော် ဖွင့်မပြော ဒါပေမဲ့ သခင်မကြီး စဉ်းစားကြည့်ရင် ပေါ်လာပါလိမ့်မယ်။ မြို့





အိမ်ကို ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေတာ အကြောင်းမဲ့ သက် မဟုတ်ဘူး။ မြို့စားလေး ဗညားအိမ် မင်းဖြစ်ခြင်း ဆင့်သည် မတော်တဆ ထိခိုက်၍ သေဆုံးသွားသည် ဖြစ်စေ မြို့ ကို သူ ဆက်ခံမလဲ။ မြို့စားရာထူးကို ဆက်ခံချင်တဲ့လူက မြို့ ကို ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်တာ မဖြစ်နိုင်ဘူးလား'

သီရိဗြတ်ကမ္ဗန်က မိမိ၏ စိုးရိမ်ချက်ကို ဖွင့်ဟလိုက်ရာ ချက်က မီးတောက်သည့် သီရိမာလာ သခင်မမှာ အဖြေမှန်ကို မျက်လုံးများမှာ ပြုးကျယ်တောက်ပလာပေသည်။

'သိပြီ သိပြီ။ သခင်မ ရိပ်စားမိပြီ။ အင်း ... အသားထဲက လော ဒါပဲ။ အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်ပါလား'

သီရိမာလာ သခင်မက ရေရွတ်လိုက်သည်။

ထိုအခိုက်တွင် လှည်းယဉ်တော် ရပ်တန့်သွားသဖြင့် သီရိမာလာ သည် လမ်းခုလတ်တွင် မည်သည့်အတွက် လှည်းယဉ်တော် ရပ်ရ ကို သိရှိလိုသဖြင့် ၎င်း၏ ကိုယ်ရံတော် တပ်သားများအား အကျိုးအကြောင်း လိုက်သည်။

'မှန်လှပါ၊ လှည်းလမ်းကြောင်းပေါ်မှာ လူတစ်ယောက် သွေးသံ နေတာကို တွေ့လို့ လှည်းယဉ်ကို ရပ်တန့်လိုက်ရခြင်း ဖြစ်ကြောင်း'

လက်စွဲတော် ဗောလခွင်က လျှောက်တင်လိုက်သည်။ ထိုသို့ တင်နေစဉ်မှာပင် လှည်းလမ်းပေါ်တွင် လဲနေသူသည် သွေး လာပြီး ဟိုဟိုဒီဒီ ကြည့်နေသဖြင့် သီရိမာလာသခင်မ၏ ကိုယ် နှစ်ယောက်သည် ထိုလူအား တစ်ယောက်တစ်ဖက်စီတွဲပြီး တွေ့ရပေသည်။ ထိုသူမှာ တစ်ကိုယ်လုံး သွေးအလိမ်းလိမ်းနှင့် မြင်ရပေသည်။

သီရိဗြတ်ကမ္ဗန်သည် ထိုသူအား လှမ်းကြည့်လိုက်ပြီး နဲ့ ခုန်ဆင်းသွားကာ ထိုသူ၏ အနီးသို့ ချဉ်းကပ်သွား

'ဟင် ဗောလကွန်ပါလား၊ ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး'

သီရိဗြတ်ကမ္ဗန်က မေးလိုက်ရာ ယာဘောရှင် ဗောလကွန်သည် နေသည့် သွေးများကို လက်ဝါးဖြင့် သပ်လိုက်ပြီး အရာဖြင့် သီရိဗြတ်ကမ္ဗန်အား ပြန်ကြည့်လိုက်သည်။

'ဗိုလ်မင်း ဗိုလ်မင်း ကယ်ပါဦး၊ မင်းစည်သူတို့ လူဆိုးနှစ်ယောက် ခုတ်ထစ်နေကြပါတယ်။ ဗိုလ်မင်းဆီကို အကူအညီ တောင်းရအောင်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော် ပြေးလာခဲ့တာပါ။ ကျွန်တော့်ကိုပါ သူတို့ ဝိုင်းခုတ်လို့ ဒဏ်ရာ… ခဲ့တာပါ'

ဗောလကွန်က တုန်ယင်သည့်အသံဖြင့် ပြောလိုက်ရာ သီရိဇြတ်… သည် ကိုယ်ရံတော် တပ်မှူးအား မြင်းပေါ်မှ ဆင်းစေပြီး ကိုယ်ရံတော်တပ်… မြင်းပေါ်သို့ လွှားခနဲ ခုန်တက်၍ ဗောလကွန်၏ ယာတောရှိရာသို့ ဒုန်း… လာခဲ့လေသည်။

ယာတောသို့ ရောက်သောအခါ မြင်းပေါ်မှ ခုန်ဆင်းပြီး ဗောလ… ၏ အိမ်ထဲသို့ ဓားဆွဲပြီး ဝင်လာခဲ့ပေသည်။ တဲအိမ်အတွင်းရှိ ပရိဘောဂများ… ဖရိုဖရဲ ကစဉ့်ကရဲ ဖြစ်နေသည်ကို တွေ့ရပြီး မီးဖိုချောင်တစ်ခုလုံးမှာ … မရှိအောင် ပျက်စီးနေသည်ကို တွေ့ရပေသည်။ အိုးများ၊ ခွက်များမှာ… အစိတ်စိတ် အမြွှာမြွှာ ကွဲနေပြီး ခြေချစရာ နေရာမရှိအောင် ကစဉ့်ကရဲ ဖြ… သည်ကို တွေ့ရပေသည်။ စားပွဲခုံတစ်ခု၏ အောက်သို့ လှမ်းကြည့်လိုက်… အခါ အရုပ်အမောင်းကောင်းသည့် မျက်နှာပေါက် ဆိုးဆိုးနှင့် လူတစ်ယော… သွေးအိုင်ထဲတွင် သေဆုံးနေသည်ကို တွေ့ရပေသည်။ အနီးအနားတွင်မူ … လူခြေ လုံးဝ မတွေ့ရပေ။

'မင်းစည်သူ .... မင်းစည်သူ'

သီရိဇြတ်ကမွန်သည် မီးဖိုချောင်မှ ထွက်လာခဲ့ပြီး အိပ်ခန်းတံခါး… လက်ဝါးနှင့်ပုတ်၍ အသံပြုလိုက်ရာ သီရိဇြတ်ကမွန်၏အသံကို ကြား… အခါ အိပ်ခန်းထဲမှ လှုပ်လှုပ်ရှားရှား အသံများ ကြားရပေသည်။

'ဗိုလ်မင်း ဗိုလ်မင်း၊ တံခါးကို အပြင်က ပိတ်သွားပါတယ်။ … ဖွင့်ပေးပါ၊ တံခါး ဖွင့်ပေးပါ'

အခန်းတွင်းမှ ဗောလကွန်၏ဇနီး တလထော်၏ အသံကို ကြား… သည်။ တရှုပ်ရှုပ်နှင့် ငိုယိုနေသော မင်းညီမြ အမည်ခံ နင်းဧကရီ၏ အသံ… ကြားရပေသည်။

တလထော် ပြောလိုက်သည့် စကားများကို ကြားရသည့် အခါ… အခန်းတံခါးကို ဂရုစိုက်ပြီး ကြည့်လိုက်မိရာ တံခါးကို အပြင်မှနေပြီး … ဖြင့် ပိတ်ထားသည်ကို မြင်ရသဖြင့် သီရိဇြတ်ကမွန်သည် ဒလက်ကို… တံခါးကို ဖွင့်ပေးလိုက်သည်။

'မင်းစည်သူကော၊ မင်းစည်သူ ဘယ်မှာလဲ'

တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် သီရိဇြတ်ကမွန်က တလ… အား မေးလိုက်သည်။ မင်းညီမြ အမည်ခံ နင်းဧကရီမှာ သီရိဇြတ်…





…ိုက်ရသောအခါ အားတက်လာပြီး သီရိဇြတ်ကမွန် ရှိရာသို့ ပြေးထွက် …ပေသည်။

'မင်းစည်သူ ဘယ်မှာလဲ'

သီရိဇြတ်ကမွန်က မေးလိုက်ပြန်သည်။

'ဘယ်မှာလဲ ဆိုတာတော့ မပြောတတ်အောင် ဖြစ်နေပါတယ်၊ …ာက လူနှစ်ယောက် အရက်တွေမူးလာပြီး မင်းညီမြကို … ည်လို့ မင်းစည်သူ ဓားဆွဲပြီး အဲဒီလူနှစ်ယောက်ကို ထိုးခုတ်လွှတ်လိုက်… နဲ့ မင်းညီမြကို အိမ်ခန်းထဲ ဝင်နေဖို့ပြောပြီး ဒလက်ချပြီး … စောစောကတော့ ဓားခုတ်သံတွေ ကြားရတယ်'

တလထော်က တုန်တုန်ယင်ယင်နှင့် ရှင်းပြနေလေသည်။

'ဗိုလ်မင်း ဗိုလ်မင်း၊ မင်းစည်သူကို ကယ်ပါဦး'

တလထော်က ရှင်းပြနေစဉ် မင်းညီမြသည် သီရိဇြတ်ကမွန်၏ …လုံးကို ဖက်၍ တောင်းပန်နေသည်။

သီရိဇြတ်ကမွန်သည် မင်းစည်သူအတွက် မစိုးရိမ်ရန် နှစ်သိမ့်ခဲ့ပြီး …ထဲမှ ပြန်ထွက်လာစဉ် ပန်းလှိုင်ထိပ်ထား သီရိမာလာ၏ လှည်းယဉ် … ကိုယ်ရံတော်တပ်မှူးနှင့် တပ်သားများ ခြံရံ၍ ဗောလကွန်၏ လယ်တော …ရောက်ရှိလာသည်ကို တွေ့ရပေသည်။

တဲအိမ်ရှေ့တွင် လှည်းယဉ်ထိုးရပ်လိုက်သည့်အခါ သီရိမာလာ သခင်မ …လက်စွဲတော် ဇာခွင်၏ အကူအညီဖြင့် လှည်းယဉ်ပေါ်မှ ဆင်းလာခဲ့ပြီး …ကွန်၏ တဲအိမ်ထဲသို့ ဝင်လာခဲ့လေသည်။ တစ်ခန်းလုံး ဖရိုဖရဲ ဖြစ် …ည်ကို မြင်ရပြီး မီးဖိုချောင်ထဲတွင် သွေးအိုင်ထဲ၌ လူတစ်ယောက် သေဆုံး …ည်ကို မြင်ရသောအခါ သီရိမာလာ သခင်မသည် ကြောက်အားလန့်အား …အိမ်ရှေ့သို့ အမြန်ထွက်လာခဲ့သည်။

သီရိဇြတ်ကမွန်မှာမူ သီရိမာလာ သခင်ကို အရေးပေါ် … …များကို ခြေရာခံပြီး လာခဲ့ပေရာ လယ်တောတစ်နေရာရှိ ချုံ… …ရောက်သောအခါ လှုပ်လှုပ်ရှားရှား အသံများ ကြားရသဖြင့် … … အသံကြားရာသို့ ချောင်းမြောင်းကြည့်ရာ မင်းစည်သူသည် … … ဆုပ်ကိုင်ထားပြီး ၎င်းအား အလစ်တွင် ဝင်နှက်ရန် … …ကို ခုခံရန် အသင့်ပြင်ဆင်နေသည်ကို မြင်ရပေသည်။

ရန်သူမှာ ခွန်အားဗလကောင်းသူ ဖြစ်သည့်အပြင် … …ကောင် ရှိလှပေသည်။ မင်းစည်သူမှာ တစ်ကိုယ်လုံး သွေးအလိမ်းလိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီး ရန်သူကို မျက်ခြည်မပြတ် ကြည့်နေရာမှာ ၄င်းအား ရန်သူက ဓား
ခင်ခုတ်လိုက်သောအခါ ၄င်း၏ဓားဖြင့် ရန်သူ၏ ဓားချက်ကို ခုခံတွန်း
လိုက်သည်ကို မြင်ရပေသည်။ မင်းစည်သူမှာ ဒဏ်ရာများ ရရှိထား
ဖျတ်ဖျတ်လတ်လတ် မရှိလှဘဲ ရန်သူကို ပင်ပန်းစွာ ခုခံနေသည်ကို
ပေသည်။

သီရိဗြတ်ကမ္ဗန်သည် ချုံကွယ်မှနေပြီး ချောင်းမြောင်းကြည့်ရှု
ခြေသံမကြားအောင် တဖြည်းဖြည်း လေးဖက်တွား၍ လာခဲ့ပေသည်။

မင်းစည်သူမှာ ရန်သူအား ခဲယဉ်းပင်ပန်းစွာ ခုခံနေရသဖြင့်
နောက်မှ ခြေသံကြားလျှင် အာရုံပြောင်းပြီး ရန်သူအား အခွင့်ကောင်းပေး
သလို ဖြစ်သွားမည်ကို သီရိဗြတ်ကမ္ဗန် သိသဖြင့် ခြေသံမကြားရ
လေးဖက်တွားပြီး သတိနှင့် လာခဲ့ခြင်း ဖြစ်ပေသည်။

မင်းစည်သူ ရှိရာသို့ တရွေ့ရွေ့ လေးဖက်တွား၍ လာနေစဉ်
စည်သူသည် ရန်သူ၏ ဓားချက်ကို ခုခံကာကွယ်လိုက်ပြီးနောက် ရန်သူ
ပြန်လည်၍ ထိုးနှက်လိုက်သည်ကို မြင်ရပေသည်။ သို့ရာတွင် ရန်သူ
လျင်မြန်စွာ တိမ်းရှောင်ပြီး ရှေ့သို့ အားလွန်ယိုင်လာသော မင်းစည်သူ
တစ်ချီကောင်းဝင်၍ ခုတ်လိုက်သည်။ မင်းစည်သူမှာ ဒဏ်ရာများကြောင့်
ဖျတ်လတ်လတ် မရှိလှသော်လည်း မျက်စိရှင်သူဖြစ်၍ ရန်သူ၏ဓားချ
တိမ်းရှောင်ပေးလိုက်ရာ သီသီကလေး လွဲသွားပေသည်။ ဤတွင် မင်း
သည် မိမိ၏လက်ထဲတွင် တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် ဓားဖြင့်တ
၍ ရန်သူကို ခုတ်ပိုင်းချလိုက်ရာ ရန်သူအား စလွယ်သိုင်း ခုတ်မိ
မင်းစည်သူ၏လက်မှ ဓားလည်း လွတ်ထွက်သွားပေသည်။ ရန်သူမှာမူ
သွေးတန်းနှင့် တစ်လှမ်းနှစ်လှမ်းသာ ပြေးနိုင်ပြီး သွေးအိုင်ထဲတွင် ပုံလျ
ကျသွားပေသည်။ မင်းစည်သူမှာမူ မိမိကိုယ်ကိုမိမိ မဟန်နိုင်သဖြင့်
သစ်ပင်ကိုမှီ၍ ရန်သူကျဆုံးသွားသည်ကို ငေးစိုက်ကြည့်နေရာမှ တဖြည်း
ပျော့ခွေကျသွားပေရာ သီရိဗြတ်ကမ္ဗန်သည် မင်းစည်သူအား ဝင်၍
ထားလိုက်သည်။

'မင်းစည်သူ .... မင်းစည်သူ'

သီရိဗြတ်ကမ္ဗန်သည် မင်းစည်သူအား ပွေ့ချီထားရင်း အက်
အသံဖြင့် ခေါ်လိုက်ရာ မင်းစည်သူသည် မိန်းမောနေရာမှ မျက်စိဖွင့်
လိုက်သည်။

'ဗိုလ်မင်း ရောက်လာမှကိုး။ နှစ်ယောက်နဲ့ တစ်ယောက်မို့လို့





ပါ ဗိုလ်မင်း။ ဗိုလ်မင်း မင်းညိုမြကို စောင့်ရှောက်ပေးပါ၊ မင်းညိုမြကို
ထားပါနဲ့။ မင်းညိုမြ .... မင်းညိုမြ'

မင်းစည်သူသည် ပါးစပ်မှ တတွတ်တွတ်နှင့်
ပြန်သည်။

ထိုအခိုက်တွင် အချင်းဖြစ်ပွားရာသို့ သီရိမာလာ
သီရိဗြတ်ကမ္ဗန်၏ လက်ပေါ်တွင် မိန်းမောနေသော
ကျုံးဝိုးသည့် အင်္ကျီရုပ်ကို ကြည့်ရင်း ပြန်လည် သတိ
စည်သူ မျက်နှာကို ယပ်ခတ်ပေးနေသည်။

'ဇာခွင်၊ သွေးဆေးနဲ့ ပန်းပေါင်းထုပ် ယူခဲ့စမ်း'

သီရိမာလာသည် ၄င်း၏လက်စွဲတော်အား လှမ်း၍အမိန့်
စွဲတော် ဇာခွင်သည် လှည်းယဉ်ပေါ်မှ ဆေးအစ်ကို ယူလာ
၏ လက်သို့ ရိုသေစွာ ပေးအပ်လိုက်သည်။

ဆေးအစ်ထဲမှ ပန်းပေါင်းစုံထုပ်ကိုယူပြီး သီရိမာလာသခင်မသည်
စည်သူ၏ နှာခေါင်းဝတွင် တေ့ပေးလိုက်ရာ မင်းစည်သူမှာ အနည်းငယ်
ရှားရှား ဖြစ်လာပေသည်။

'မသေသေးဘူး .... မသေသေးဘူး'

သီရိမာလာသည် ဝမ်းသာအားရသည့် အမူအရာဖြင့်
ကိုယ်ရံတော်တပ်မှူးနှင့် တပ်သားများကိုခေါ်၍ မင်းစည်သူအား
သို့ ပွေ့ချီပြီး ယူလာကြရန် အမိန့်ပေးလိုက်သည်။ လက်စွဲတော်
သမားတော် အမြန်ဆုံး ပင့်လာခဲ့ရန် အမိန့်ပေးလိုက်သည်။

မိန်းမောနေသော မင်းစည်သူအား တဲအိမ်ထဲသို့ ပွေ့ချီ
သီရိမာလာ သခင်မသည် သီရိဗြတ်ကမ္ဗန်အား အဓိပ္ပာယ်
များဖြင့် ကြည့်လိုက်သည်။

'မင်းစည်သူ ဆိုတာ .... သူလား'

သီရိမာလာ သခင်မက မင်းစည်သူရှိရာသို့
သည်။

'မှန်ပါတယ်'

'သူ့အင်္ကျီရုပ်ကို ကြည့်ရတာတော့
.... ဘာဖြစ်နေရတာလဲ။ ဒဏ်ရာရနေတဲ့ သူ့ရဲ့
သို့ ဖြစ်မလား။ ဝိုင်းဝန်းပြုစုပါဦး၊ လက်ပိုက်ပြီး ကြည့်နေစမ်း
ပါ'



www.burmeseclassic.com

www.burmeseclassic.com



သီရိမာလာ သခင်မသည် မင်းစည်သူအား တဲအိမ်ထဲသို့ မွေ့ရာ... သွားသည်ကို ငေးစိုက်ကြည့်၍ ကျန်ရစ်ခဲ့သည့် သီရိဖြတ်ကမွန်၏ လက်မောင်းကို ဆွဲ၍ ဗောလကွန်၏ တဲအိမ်ထဲသို့ ဝင်လိုက်သွားကြသည်ကို မြင်ရပေသည်။

အခန်း ၂၇

ဗောလကွန်၏ ယာတောမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိပေသည်။ လေတိုက်သည့် အခါများတွင် သစ်ရွက်ချင်း ရိုက်ခတ်သည့် အသံများကို ကြားရ၍ ရံဖန်ရံခါ ကျေးငှက်သာရကာများ၏ ဖိုမခေါ်သံများကို ကြားရပေသည်။

သီရိဖြတ်ကမွန်သည် မင်းစည်သူ လက်ချက်ဖြင့် သွေးအိုင်ထဲ... လဲ၍ မရှုမလှ သေဆုံးကျန်ရစ်ခဲ့သူ၏ ရုပ်အလောင်းကို အတန်ကြာ ငေး၍ ကြည့်နေမိပေသည်။

ထိုသူမှာ အရုပ်အမောင်းကောင်းပြီး အသားညိုညို၊ မေးရိုးကား... နှင့် ၎င်း၏ နားရွက်တစ်ဖက်မှာ ဓားရာ ရှိသည်ကို တွေ့ရသဖြင့် ထိုသူ... သီရိဖြတ်ကမွန်အား လုပ်ကြံရန် စေလွှတ်လိုက်သည့် ဓားရေးလှံရေး ကျွမ်းကျင်လိမ္မာသော ဗိုလ်မင်းဗောသရိ ဆိုသူ ဖြစ်ရမည်ဟု သီရိဖြတ်ကမွန် တပ်အပ်သေချာ ပြောနိုင်ပေသည်။

"အင်း လက်စသတ်တော့ ငါ့ကိုလုပ်ကြံဖို့ စေလွှတ်လိုက်တဲ့ ဗိုလ်မင်းဗောသရိဆိုတဲ့ ငမိုက်သားပါလား။ ငါ့ကိုယ်စား မင်းစည်သူ ကြားကာ... ဓားစာခံ သွားရရှာတယ်။ အင်း .... မင်းစည်သူ၊ မင်းစည်သူ ငါ့ရဲ့အသက်... မင်း ကယ်ခဲ့တာ သုံးကြိမ်ရှိသွားပြီ"

သီရိဖြတ်ကမွန်သည် ဗိုလ်မင်းဗောသရိ၏ ရုပ်အလောင်းကို ငေး၍ ကြည့်ရှုနေရာမှ တစ်ယောက်တည်း ညည်းညူလိုက်သည်။ ၎င်းနောက် ဗိုလ်မင်း ဗောသရိ၏ ရုပ်အလောင်းအနီးတွင် ဝင်ထိုင်လိုက်ပြီး ၎င်း၏ကိုယ်ပေါ်... နှံ့နှံ့စပ်စပ် ရှာဖွေကြည့်ရှုသောအခါ ကတ္တီပါအိတ်တွင် ချိပ်ပိတ်၍ထည့်ထား သော စာလွှာတစ်စောင်ကို တွေ့ရပေသည်။ ကတ္တီပါအိတ်ပေါ်တွင် "ဗိုလ်မင်း ဗောသရိမှတစ်ဆင့် မင်းသိင်္ခတ် လက်သို့ ဆက်သရန်" ဟူ၍ လိပ်စာရေး ထားသည်ကို တွေ့ရသဖြင့် ထိုစာလွှာကို ဖတ်မကြည့်သေးပဲ ၎င်း၏ ခါးပုံစ ထဲတွင် သိမ်းဆည်းထားလိုက်သည်။

ထိုအခိုက်တွင် သီရိဖြတ်ကမွန်ရှိရာသို့ ယာတောပိုင်ရှင် ဗောလကွန်...





...နေသည်ကို မြင်ရသဖြင့် သီရိဖြတ်ကမွန်က သီးကြိုးဖြတ်ထထိုင်လိုက်သည်။ ဗောလကွန်၏ ဦးခေါင်းမှ ဒဏ်ရာကို အဝတ်နှင့် စည်းနှောင်ထားသည်ကို ...ရပေသည်။

မင်းစည်သူတစ်ယောက် ဘယ်နှယ့်နေသေးသလဲ။ သတိရလာပြီ... လား'

သီရိဖြတ်ကမွန်က ဗောလကွန်အား မေးလိုက်သည်။

'သတိမရသေးဘူးလို့ ပြောပါတယ်။ ဒါပေမဲ့ စိုးရိမ်စရာ မရှိဘူး ...ပါတယ်။ မင်းညိုမြခမျာလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရှာတယ် ...မြရဲ့ အရီးဘုရား ပန်းလှိုင်ထိပ်ထားသခင်မ ကိုယ်တော်တိုင် မင်းစည်သူ ...မွေ့ပိုက်ပိုက် ပြုစုနေတာကို တွေ့ခဲ့ရပြီး ထိပ်ထားသခင်မရဲ့ အစိမ့်အရ ...တော်တပ်မှူးကိုယ်တိုင် သမားတော် အကျော်အမော်တွေကို ခေါ်လာပြီး ...စည်သူကို ဆေးဝါး ကုသပေးနေပါတယ်။

ဗောလကွန်က ရှင်းပြလိုက်သည်။

'ဒီမှာ ဗောလကွန်၊ လုံခြုံတဲ့ အခန်းတစ်ခန်း မရှိဘူးလား'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'ရှိပါတယ်၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါ'

ဗောလကွန်သည် ပြောပြောဆိုဆို သီရိဖြတ်ကမွန်အား အခန်းငယ် ...ရှိရာသို့ ခေါ်ဆောင်လာခဲ့ပေသည်။ အခန်းထဲသို့ ရောက်သောအခါ ...ဖြတ်ကမွန်သည် အခန်းကို လုံအောင်ပိတ်ပြီး မိမိ၏ခါးပိုက်ထဲတွင် ထည့်ထား ...သော ကတ္တီပါအိတ်ကို ထုတ်ယူကာ ချိပ်ကိုခွာ၍ အတွင်းမှ စာလွှာကို ...ဖတ်ရှုကြည့်လိုက်သည်။

**အကြည်တော် မင်းသိင်္ခတ် သိစေရန်မှာ –**

**ဤစာလွှာကို ယူဆောင်လာသူမှာ ကျုပ်တို့အပေါ်တွင် အသက်နှင့်လဲ၍ သစ္စာစောင့်သိသော ဗိုလ်မင်း ဗောသရိ ဖြစ်ပါသည်။ ဗိုလ်မင်း ဗောသရိမှာ ဓားရေး၊ လှံရေးတွင် သူမတူအောင် ကျွမ်းကျင်လိမ္မာသူ ဖြစ်ပါသည်။**

**အကြည်တော် မင်းသိင်္ခတ် အထူးသတိပြုရန်မှာ အကြည်တော်၏ ညီတောင်မောင် မြို့စားလေး ထေရာကိုဝ်၏ ... စံအိမ်တော်သို့ မကြာမီက ရောက်ရှိလာသည့် သီရိဖြတ်ကမွန် ဆိုသူမှာ ကျုပ်တို့၏ မိတ်ဆွေတန်ဆောင်ပြီး ကျုပ်တို့အား ရန်မူနေသူဖြစ်၍ အထူးသတိပြုဆင်ခြင်ပါ။ သီရိဖြတ်ကမွန်**



www.burmeseclassic.com

www.burmeseclassic.com



အား ရှင်းလင်းသုတ်သင်ပစ်ရန် ဗိုလ်မင်းဗောသရီကို တာဝန်ပေးလိုက်ပါသည်။ ဗိုလ်မင်းဗောသရီအား လိုအပ်သည့် အကူအညီများ ပေးစေလိုပါသည်။

မြို့စားလေး ဗညားအိမ်မှာ ကျုပ်တို့အပေါ်တွင် အယုံအကြည် လုံးဝ မရှိတော့သည့်အပြင် တစ်နေ့တွင် ကျုပ်တို့ကို အန္တရာယ်ပြုလာလိမ့်မည်။ မြို့စားလေး ဗညားအိမ်ကို အမြန်ဆုံး ရှင်းလင်းပစ်မှ အန္တရာယ်ကင်းလိမ့်မည်။ သူ၏ စမည်းတော်အား ရှင်းလင်း သုတ်သင်ခဲ့သည့်နည်းတူ ရှင်းလင်းသုတ်သင်ပစ်နိုင်လျှင် ကောင်းမည်။

သီရိဖြတ်ကမွန်အား ဗိုလ်မင်းဗောသရီ ရှင်းလင်းသုတ်သင်နိုင်လိမ့်မည်ဟု ကျုပ် စိတ်ချယုံကြည်သည်။ သို့ရာတွင် ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသလို ခြေချော်လက်ချော် ရှိခဲ့လျှင် သီရိဖြတ်ကမွန်နှင့် စာရင်းရှင်းရန် ကျုပ်ကိုယ်တိုင် မကြာခင်လာခဲ့မည်။ ဤစာ ရသည့်နေ့မှ သုံးရက်မြောက်သော နေ့တွင် ထန်းတောကြီးမှ စောင့်ကြိုနေပါ။ ကျုပ်ဆက်ဆက် လာခဲ့ပါမည်။

သမိန်စက္ကဝေါ

သီရိဖြတ်ကမွန်သည် အထက်ပါ သမိန်စက္ကဝေါထံမှ မင်းသိင်္ခတ်... ပေးပို့လိုက်သည့် စာလွှာကို သုံးကြိမ်တိုင်တိုင်ဖတ်ရှုပြီး ခေတ္တမျှ အကြံ... ပေသည်။ ပြီးမှတစ်ဖန် စာလွှာကို တရိုတသေ သိမ်းဆည်းလိုက်ပြီး မင်း... ၏ အခြေအနေကို သိလိုသဖြင့် ဗောလကွန်၏ ယာတောရှိရာသို့ လာ... သည်။

မီးဖိုချောင်ထဲသို့ ဝင်လာသောအခါ စောစောကအတိုင်း ... ကစဉ့်ကရဲ ဖြစ်နေသည်ကို တွေ့ရသော်လည်း မင်းစည်သူ၏ လက်ချ... သွေးအိုင်ထဲတွင် လဲနေသူကိုမူ မတွေ့ရတော့ပေ။ စောစောပိုင်းကမူ ထို... မင်းစည်သူ၏ လက်ချက်ဖြင့် သေဆုံးနေပြီဟု မှတ်ထင်ခဲ့သော်လည်း ... ရရုံသာရပြီး သေချင်ဟန်ဆောင်နေရာမှ အလစ်တွင် ထွက်ပြေးသွားခြ... ပေသည်။

သီရိဖြတ်ကမွန်သည် ထိုသူ၏နောက်သို့ ခြေရာခံပြီးလိုက်ရန် ... စိတ်ကူးလျက်ရှိစဉ် ဗောလကွန်၏ဇနီး တလထော်သည် ရေးကြီးသုတ်...





...ချောင်ထဲသို့ ဝင်လာသည်ကို မြင်ရသဖြင့် မင်းစည်သူ၏ အခြေအနေကို ...မေးရန် တလထော်၏ အနီးသို့ ချဉ်းကပ်လာပေသည်။

တလထော်မှာ ရေအင်တုံနှင့် သွေးစွန်းနေသည့် အဝတ်များကို ...ပြီး ရေအင်တုံမှ ရေဟောင်းများကို သွန်ကာ ... ရေဖြင့် သွေးစွန်းနေသည့် အဝတ်များကို ဖွပ်လျှော်...

'မင်းစည်သူ ဘယ့်နှယ်လဲ၊ မျှော်လင့်ချက် ရှိသေးရဲ့လား'

သီရိဖြတ်ကမွန်က လေသံကလေးဖြင့် မေးလိုက်သည်။ ... ထော်မှာ သီရိဖြတ်ကမွန်၏ မေးခွန်းကို အဖြေမပေးနိုင်ဘဲ ... ခဲလဲပြီး မင်းစည်သူအား သမားတော်ကြီးများ ဝိုင်းဝန်းပြု... ...ထဲသို့ ရေးကြီးသုတ်ပျာဖြင့် ပြန်ဝင်သွားသည်။

မကြာမီ အခန်းထဲမှ မင်းညိုမြ အမည်ခံ နှင်းဧကရီ ထွက်လာသည်... ...ပေသည်။ နှင်းဧကရီ၏ မျက်နှာမှာ သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူ... ...ပြီး မျက်လုံးအိမ်များ နီ၍ မျက်ခွံမို့နေသည်ကို သီရိဖြတ်ကမွန် သတိ... ...သည်။

'မင်းညိုမြ .... ဘယ့်နှယ်လဲ၊ မင်းစည်သူ သက်သာရဲ့လား၊ သတိ... ...ူးလား'

သီရိဖြတ်ကမွန်က သိလိုဇောဖြင့် မေးလိုက်ရာ မင်းညိုမြ ... ...ရှိသည် ပါးစပ်မှ ရုတ်တရက် အဖြေမပေးသေးဘဲ ခေါင်းကိုသာ ... ...သည်။

'မျှော်လင့်ချက် မရှိတော့ဘူး ထင်တယ်။ မောင်ကြီး မင်း... ...တော်ကြီးတို့ မကယ်နိုင်တော့ဘူးလား။ ဘုရားသိကြား မလို့ ... ...သူ အသက်ချမ်းသာပါစေ ဘုရား'

မင်းညိုမြသည် တရှုပ်ရှုပ်ငိုယိုရင်း အခန်းထဲသို့ ပြန်ဝင်သွား...

သီရိဖြတ်ကမွန်မှာ ကြိတ်မနိုင် ခဲမရဖြစ်ကာ လက်သီး... ဆုပ်၍ အောက်နှုတ်ခမ်း ပြတ်လုမတတ် ကိုက်ရင်း ... ...ခါက်ပြန် လျှောက်နေစဉ် ဗောလကွန် ဝင်လာသည်ကို ...

'ဗောလကွန်....ဘယ့်နှယ်လဲ၊ မျှော်လင့်ချက် ရှိ... ...ဘာပြောသလဲ'

သီရိဖြတ်ကမွန်က ဗောလကွန်အား မိမိအနီးသို့ ... ...သည်။

'သမားတော်ကြီးတွေကတော့ တတ်သရွေ့ မှတ်သရွေ့ ဝိုင်းဝန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြုနေကြတာပဲ။ ဒါပေမဲ့ တလထော် ပြောတဲ့အတိုင်း ဆိုရင်တော့ မျှော်[illegible] ချက် မရှိလှဘူး။ သွေးလည်း မတိတ်သေးဘူးလို့ ပြောတယ်။ နှစ်ယော[illegible] တစ်ယောက် ဆိုတော့လည်း အခက်သားပဲ'

'ခက်မနေစမ်းနဲ့။ မင်းစည်သူရဲ့ အခြေအနေကို ဝင်ကြည့်စမ်း[illegible] သမားတော်ကြီးတွေရဲ့ သဘောထား အယူအဆက ဘယ်လိုလဲ၊ မျှော်လင့်[illegible] ကော ရှိသေးသလား ဆိုတာ မေးမြန်းကြည့်စမ်းပါဦး။ အခြေအနေကို စုံ[illegible] ကျွန်တော့်ကို လာပြောစမ်းပါ။ ကျွန်တော် ခြံထဲက စောင့်နေမယ်။ ပြီး[illegible] ပန်းလှိုင်ထိပ်ထား သခင်မကြီးနဲ့ တွေ့ရင်လည်း ကျွန်တော် ခြံထဲက စော[illegible] ကြောင်း စကားလက်ဆောင် ပါးလိုက်ပါ'

သီရိဖြတ်ကမွန်သည် ဗောလကွန်အား လူနာ၏အခြေအနေကို [illegible] ပေးရန် စေလွှတ်လိုက်ပြီး လေးလံသော ခြေလှမ်းများဖြင့် ခြံထဲသို့ ဆင်း[illegible] ပေသည်။

ခြံထဲသို့ ရောက်သောအခါ ဗိုလ်မင်းဗောသရီ သေဆုံးနေသည့် နေ[illegible] သွားရောက်ပြီး ဗောသရီ၏ ရုပ်အလောင်းကို စေ့စပ်သေချာစွာ စစ်ဆေး[illegible] နေပြန်သည်။

မကြာမီ ဗောလကွန်သည် သီရိဖြတ်ကမွန် ရှိရာသို့ ပြန်လာပေ[illegible]

'မင်းစည်သူရဲ့ အခြေအနေကတော့ သေမလား၊ ရှင်မလား [illegible] နိုင်သေးဘူး။ သမားတော်ကြီးတွေ ကိုယ်တိုင် ဝိုင်းဝန်း ပြုစုနေကြတာပဲ။ ဒ[illegible] ခုထက်ထိ လုံးဝ သတိမရသေးဘူး။ ပန်းလှိုင်ထိပ်ထား သခင်မကြီး[illegible] မီးဖိုချောင်ထဲ ဆင်းလာပြီး စစ်သည်တော်ကြီးကို စောင့်နေတယ်'

ဗောလကွန်က သတင်းပေးလိုက်ရာ သီရိဖြတ်ကမွန်သည် ဗော[illegible] နှင့် အတူ မီးဖိုချောင် ရှိရာသို့ လာကြပေသည်။

'ဒါထက် စောစောက မီးဖိုချောင်ထဲမှာ လူတစ်ယောက် ဓားဒဏ်[illegible] လဲနေတာကို မတွေ့ခဲ့ဘူးလား'

သီရိဖြတ်ကမွန်က ဗောလကွန်အား မေးလိုက်သည်။

'စောစောတုန်းကတော့ တွေ့မိပါတယ်။ မင်းစည်သူရဲ့ လက်[illegible] သေဆုံးနေပြီ ထင်လို့ ဒီအတိုင်း ပစ်ထားခဲ့တာပါ'

'အဲဒီလူ ဘယ်မှာလဲ'

'ကျွန်တော်လည်း အဲဒါကိုပဲ စဉ်းစားနေတယ်။ သေချင်ဟန်[illegible] ရာအလဲမှာ ထွက်ပြေးပြီ ထင်တာပဲ'

'ဒီလူကို မတွေ့ တွေ့အောင် ရှာရလိမ့်မယ်'





'ဒီလိုဆိုရင် ပန်းလှိုင်ထိပ်ထား သခင်မကြီးရဲ့ ကိုယ်ရံတော်[illegible]သား [illegible]ကို တောနင်းပြီး ရှာခိုင်းရင် မကောင်းဘူးလား'

ဗောလကွန်က အကြံပေးလိုက်ရာ သီရိဖြတ်ကမွန်က [illegible] ခေါင်း [illegible]ပေသည်။

'ခုမှတော့ အကြောင်းမထူးဘူး ထင်တယ်။ ကိစ္စရှိ[illegible] [illegible] လူကို အသေမိထားမှပဲ။ နေပါစေတော့'

သီရိဖြတ်ကမွန်သည် ပြောပြောဆိုဆို မီးဖိုချောင်ထဲသို့ [illegible] [illegible]မာလာ သခင်မသည် ဗောလကွန်၏ဇနီး အထိန်းတော်ကြီး [illegible] [illegible]တို့ဆွေးနွေးနေကြသည်ကို မြင်ရပေသည်။ နှစ်ယောက်လုံး၏ [illegible] [illegible]မှာ စိုးရိမ်မကင်းသည့် အမူအရာပင် ဖြစ်ပေသည်။

'မင်းစည်သူ မျှော်လင့်ချက် ရှိသေးတယ် မဟုတ်လား'

သီရိဖြတ်ကမွန်သည် ပန်းလှိုင်ထိပ်ထား သခင်မနှင့် တလထော်တို့ [illegible]ဆွေးနွေးနေသည့် နေရာသို့ ချဉ်းကပ်လာပြီး လေသံကလေးနှင့် မေးလိုက်[illegible]

'သေမလား၊ ရှင်မလားဆိုတာ ဘုရားမှ သိမှာပဲ။ သမားတော်ကြီး[illegible] ကြည့်ရတာလည်း အားမလို အားမရနဲ့။ သခင်မ ကိုယ်တိုင်သာ ဝင်ပြီး [illegible]လိုက်ချင်တော့တာပဲ'

သီရိမာလာ သခင်မက အားမလို အားမရ အမူအရာဖြင့် [illegible] [illegible]သည်။

'သခင်မကြီး ကိုယ်တော်တိုင် ပြုစုရင် သေမင်းရဲ့ လက်[illegible] [illegible]တင်ကောင်း ကယ်တင်နိုင်ပါလိမ့်မယ်'

သီရိဖြတ်ကမွန်က ပြန်ပြောလိုက်ရာ သီရိမာလာ သခင်မသည် [illegible] [illegible]ကမွန်အား မျက်နှာထိ မျက်နှာထားနှင့် ပြန်ပြောလိုက်သည်။

'စစ်သည်တော်ကြီး၊ အပါးကို တိုးခဲ့စမ်းပါဦး။ သခင်မတို့ [illegible] [illegible] ကြည့်စားတာ ကောင်းသလား။ မင်းစည်သူကို [illegible] [illegible] အထင်လွဲအောင် လုပ်ကြံပြီး ပြောခဲ့တယ် မဟုတ်လား [illegible] [illegible]တော်တယ်။ မင်းစည်သူရဲ့ အင်္ဂါရုပ်က ယောကျ်ားကောင်း [illegible] [illegible]နှင်ယောက်ကိုတောင် သူတစ်ယောက်တည်း ခုခံတွန်းလှန်နိုင်တဲ့ [illegible] [illegible] သူငယ်ပဲ။ ဒါနဲ့များ အညတရ အုတ်ကြားမြက်ပေါက်ဖြစ်အောင် [illegible] [illegible]တယ်'



www.burmeseclassic.com

www.burmeseclassic.com



ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်မက သီရိဇြတ်ကမွန်အား အ
တင်လိုက်သည်။

'သခင်မ နားကြားလွဲလို့ ဖြစ်ပါလိမ့်မယ်။ မင်းစည်သူဟာ နိုင်ငံ
အတွက် ဓားတစ်လက်ကို အရင်းတည်ပြီး သေဘေးနဲ့ စစ်ခင်းလာခဲ့တဲ့ အ
စစ်သည်တော်တစ်ဦးဖြစ်ကြောင်း ကျွန်တော် ပြောခဲ့ပါတယ်'

'ဘာအညတရ စစ်သည်တော်လဲ။ နိုင်ငံတော်ရဲ့ သားကောင်း
တစ်ယောက်ကို အညတရ စစ်သည်တော်လို့ ကင်ပွန်းတပ်ရသလား'

သီရိမာလာ သခင်မက သီရိဇြတ်ကမွန်အား ရန်တွေ့နေပြန်
၍အခိုက်တွင် သမားတော်ကြီးတစ်ဦး အခန်းထဲမှ ထွက်လာသဖြင့် သီရိ
သခင်မသည် သမားတော်ကြီးအား လှမ်းခေါ်လိုက်သည်။

'သမားတော်ကြီး၊ ဘယ့်နှယ်လဲ၊ သက်သာရဲ့လား။ ခုထက်ထိ
မရသေးဘူးလား'

'သတိလုံးဝ မရသေးကြောင်းပါ။ သေမည် ရှင်မည်ကိုပင်
သေချာ မပြောနိုင်သေးသည့် အခြေအနေတွင် ရှိနေသေးကြောင်းပါ'

'အို ဘာဖြစ်လို့ သေရမှာလဲ။ သခင်မကိုယ်တိုင် ပြုစုရင်
ချမ်းသာမှာပဲ။ လာ .... လာ သခင်မကိုယ်တိုင် ပြုစုမယ်။ အထိန်းတော်
တလထော်ပါ သခင်မနဲ့ လိုက်ခဲ့'

သီရိမာလာ သခင်မသည် ဇောလကွန်၏ဇနီးကို ခေါ်၍ လူ
အခန်းထဲသို့ သမားတော်ကြီးနှင့်အတူ ပြန်ဝင်သွားပေသည်။

သီရိဇြတ်ကမွန်မှာမူ ခေတ္တမျှ အကြံယူနေရာမှ တစ်စုံတရာ
စားမိသဖြင့် မီးဖိုချောင်ထဲမှ ထွက်လာပြီး ဇောလကွန်၏ မြင်းတစ်စီးကို
ထန်းတောကြီးဘက်သို့ တစ်ယောက်တည်း ခရီးနှင်၍ လာခဲ့ပေသည်။

## အခန်း ၂၈

သီရိဇြတ်ကမွန်မှာ အစဉ်သတိရှိသူဖြစ်၍ လမ်းကျဉ်းကိုရှောင်ပြီး လမ်း
ရှေး၍ လမ်းလယ်ကောင်မှ လာခဲ့ပေသည်။ ခေါင်းငုံ့ပြီး စဉ်းစားလာခဲ့သော
နားနှင့်မျက်စိကို အမြဲဖွင့်၍ ထားပေသည်။ တောတန်းတစ်ခု အနီးသို့
သောအခါ သစ်ရွက်လှုပ်ရှားသံကို ကြားလိုက်သဖြင့် လက်သုံးတော် ကို
သံဓားကို ဓားအိမ်မှ ဆွဲထုတ်ရန် အသင့်ဆုပ်ကိုင်ထားရင်း အသံကြား





ကြည့်လိုက်ရာ သစ်ပင်ကြို သစ်ပင်ကြားမှ မြင်းတစ်စီးနှင့် ခေါင်းငုံ့ကပ်စိုက်
သွားနေသော မိုးအုံးနောင်ကို မြင်ရသဖြင့် မြင်းကိုရပ်ပြီး ရပ်ထားလိုက်
သည်။

မိုးအုံးနောင်မှာ သီရိဇြတ်ကမွန်၏ ခက်ထန်သော
၏ လက်သုံးတော်ဓားကို ဓားအိမ်မှ ဆွဲထုတ်ရန် အသင့်ပြင်
သောအခါ သီရိဇြတ်ကမွန် အနီးသို့ ချဉ်းကပ်လာပြီး
သည်။

'စစ်သည်တော်ကြီးရဲ့ လက်သုံးတော်ဓားနဲ့ ကျွန်တော့်ရဲ့
ခိုင်းချလိုက်စမ်းပါ။ ကျွန်တော် သေမှ အေးမှာ။ လူ့ပြည်မှာ ကျွန်တော်
ချင်တော့ဘူး။ နေလို့လည်း အကြောင်းထူးမှာ မဟုတ်ဘူး'

မိုးအုံးနောင်သည် လည်စင်းပေးရင်း စိတ်အားလျော့သည့်
ပြောလိုက်သည်။

'နေစမ်းပါဦး၊ အကြည်တော် မိုးအုံးနောင် ဘယ်လို ဖြစ်လာတာလဲ။
ချင်လို့ ဒါလောက်တောင် သေချင်နေရတာလဲ'

သီရိဇြတ်ကမွန်က မိုးအုံးနောင်၏ အမူအရာကို အကဲခတ်ရင်း
လိုက်သည်။

'ကျွန်တော့် အသည်းတွေ ကွဲကုန်ပြီ။ စစ်သည်တော်ကြီးရဲ့
အသည်းကွဲတဲ့ ဝေဒနာကို ကျွန်တော် ခံစားနေရပြီ။ မြို့ဝန်မင်း
ကျရ ဆိုတဲ့ စကားလို စစ်သည်တော်ကြီး စောင်မလို့ ကျွန်တော့်ရဲ့
ချက်တွေ အားလုံး လွင့်ပါးကုန်ပြီ။ ကျွန်တော့်ကို နှင်း
ရှုံ့မုန်းသွားပြီ။ ကျွန်တော့် မျက်နှာကိုတောင် မကြည့်ချင်
ယ်။ ကျွန်တော့်မှာ မျှော်လင့်ချက် ကင်းမဲ့နေပြီ ဖြစ်တဲ့အတွက်
မနေချင်တော့ဘူး'

မိုးအုံးနောင်က စိတ်ပျက် အားငယ်သည့် အမူအရာဖြင့်
သည်။

သီရိဇြတ်ကမွန်က သိလိုဇောဖြင့် ပြန်မေးလိုက်ပြန်သည်။

'ဘယ်လို ဖြစ်လာတာလဲဆိုတာ မေးနေစရာ လိုသေးသလား။
ကုန်လို့ ကျွန်တော့်အပေါ်မှာ နှင်းကေသရာ သခင်မ
နှင်းကေသရာကို ကျွန်တော် ဆက်သခဲ့တဲ့
ကျွန်တော် ရေးစပ်သီကုံးတာ မဟုတ်ဘူး ဆိုတာ နှင်းကေသရာ
ပြီ၊ ကျွန်တော့်အတွက် စစ်သည်တော်ကြီး ရေးစပ် သီကုံးပေးတာတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာ သိသွားလို့ ကျွန်တော့်အပေါ်မှာရော စစ်သည်တော်ကြီး အပေါ်
မှာပါ နှင်းကေသရာ ဒေါသူပုန်ထနေတယ်။ ရှင်တို့ နှစ်ယောက်စလုံး တစ်ယော
က်မှ မကောင်းဘူး။ လူလိမ် လူကောက်တွေ၊ ကလိမ်ချုံတွေ။ ရှင်တို့ရဲ့မျက်နှာ
မကြည့်ချင်တော့ဘူးလို့ ပစ်ပစ်ခါခါ ပြောလွှတ်လိုက်တယ်'

မိုးအုံးနောင်က ရှင်းပြလိုက်ရာ သီရိဖြတ်ကမ္ဘန်မှာ အံ့အားသင့်သွား
ပေသည်။

'ဘာလဲ၊ ဒီကဗျာလင်္ကာတွေကို ကျုပ် ရေးစပ်သီကုံးပေးကြောင်း
အကြည်တော် မိုးအုံးနောင်က နှင်းကေသရာသခင်မ ရှေ့မှာ ဖြောင့်ချက် ပေး
တယ် ဆိုပါတော့။ မိုက်မဲလှချည်လား'

သီရိဖြတ်ကမ္ဘန်က မိုးအုံးနောင်အား အပြစ်တင်လိုက်သည်။

'ကျွန်တော် ဒါလောက် မိုက်မဲပါ့မလား။ ကျွန်တော် ဖြောင့်ဆိုဝန်ခံ
သူ သိတာ မဟုတ်ပါဘူး။ သူ့ဘာသာသူ သိတာပါ။ နှင်းကေသရာက သိ
အကင်းပါးတယ်။ ကျွန်တော့်ဆီက စကားရအောင် လှည့်ပတ် ကွေ့ကောက်
တောင်မေးမြောက်မေးနဲ့ လုပ်နေလေတော့ ကျွန်တော်လည်း ပြောမိပြော
လျှောက်ပြောခဲ့မိတယ်။ ကျွန်တော် ပြောခဲ့တဲ့ စကားတွေကို ပြန်ပြီးစဉ်း
ကြည့်တော့ အမှန်ကို ဖြောင့်ဆို ဝန်ခံမိသလို ဖြစ်နေမှန်း သိရတော့တယ်။
နှင်းကေသရာ သိပ်ပါးရေနပ်ရေ ရှိတာ။ တော်ရုံတန်ရုံ လှည့်စားလို့ မရ
ကျွန်တော်တော့ ကျွန်တော့်ကိုယ်ကို ကျွန်တော် သတ်သာ သေလိုက်ချင်တော့
တာပဲ'

'ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ အမှန်တရားကို ရင်ဆိုင်
တဲ့ သူရဲဘောကြောင်သူတွေရဲ့ အလုပ်ပါ။ ဘဝကို အရှုံးမပေးချင်စမ်းပါနဲ့
ဒါကို အသာထားပြီး နှင်းကေသရာ သခင်မ ဘာတွေ ပြောလိုက်သလဲ
ပြောလိုက်တဲ့အတိုင်း ပြန်ပြောပြစမ်းပါ'

သီရိဖြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'သူပြောတဲ့အတိုင်းတော့ ကျွန်တော်လည်း လုံးစေ့ပတ်စေ့ မပြော
တော့ဘူး။ သူပြောတာတွေက အများကြီးပဲ။ ကျွန်တော် မှတ်မိသလောက်
ပြောပြရမယ် ဆိုရင် "ရှင်တို့ နှစ်ယောက်စလုံး တစ်ယောက်မှ မကောင်းဘူး
ဘုရားမှတ်လို့ ကိုးကွယ်ပါတယ်။ ဖွတ်ထွက်မှ တောင်ပို့မှန်း သိရတော့တယ်
ငှဲ့လောက် ရေသာခို အချောင်လိုက်တဲ့လူ မရှိဘူး။ စစ်သည်တော်ကြီး သီ
ရိဖြတ်ကမ္ဘန်လည်း မကောင်းဘူး။ လူလိမ်လူကောက်၊ ကလိမ်ချုံ။ သူ့ကို
ပြောလိုက်ပါ၊ သူ့မျက်နှာကို သခင်မ မကြည့်ချင်တော့ဘူးလို့ ပြောပြ







လိုက်ပါ" ဆိုပြီး ကျွန်တော့်ကို ရစရာ မရှိအောင် ပြောလွှတ်လိုက်လို့
ပျက်ပျက်နဲ့ ထွက်လာခဲ့တာပါ'

မိုးအုံးနောင်က မိမိ မှတ်မိသရွေ့ ဖြန့်လည်၍ ဆောင်သည် ...
သည်။

'နှင်းကေသရာ သခင်မက ဒီအတိုင်းပဲ ပြောသလား'

'ဒါထက်တောင် ဆိုးပါသေးတယ်။ ကျွန်တော် မှတ်မိသလောက်သာ
ပြောတာပါ'

'ကျုပ်အဖို့တော့ အရေးမကြီးဘူး။ ကျုပ်မျက်နှာကို မကြည့်ချင်
ရင် သူမမြင်နိုင်တဲ့နေရာမှာ ရှောင်နေရင် ဖြစ်နိုင်ပါတယ်။ အကြည်တော်
မိုးအုံးနောင်အတွက်သာ ခက်နေတာ။ အကြည်တော် ဘာလုပ်ဖို့ စိတ်ကူးသလဲ'

'ကျွန်တော့်အနေနဲ့တော့ မျှော်လင့်ချက်ကင်းမဲ့နေပြီဖြစ်တဲ့အတွက်
...ပြည်မှာ မနေချင်တော့ဘူး။ ကျွန်တော့်ကိုယ် ကျွန်တော် သတ်သေရမှာကလည်း
ကောင်း မပီသလို့ သတ်သေဖို့ စိတ်မကူးဘူး။ ဘုရင်မကြီးနဲ့ နိုင်ငံတော်
အတွက် အသက်စွန့်သွားတာက မြတ်လိမ့်မယ် ထင်တယ်။ ကျွန်တော့် အသက်
ကို ကျွန်တော် မနှမြောဘူး။ ဘုရင်မကြီးအပေါ်မှာ သစ္စာမဲ့တဲ့ လူတွေကို
ကျွန်တော့်ရဲ့ အသက်နဲ့လဲပြီး ရှင်းလင်းသုတ်သင်ဖို့ စိတ်ပိုင်းဖြတ်ထားတယ်။
သူပုန်တွေကို နှိမ်နင်းရင်း အသက်စွန့်သွားရတာကမှ မြတ်လိမ့်ဦးမယ်'

မိုးအုံးနောင်သည် ပြောပြောဆိုဆို သီရိဖြတ်ကမ္ဘန်ကိုပင် နှုတ်မဆက်
... ၎င်း၏မြင်းကို ကြိမ်တို့ပြီး ခြေဦးတည့်ရာသို့ ဒုန်းဆိုင်းသွားလေတော့
သီရိဖြတ်ကမ္ဘန်သည် မိုးအုံးနောင်အား မျက်စိတစ်ဆုံးကြည့်ရင်း သက်ပြင်း
ချလိုက်သည်။

သီရိဖြတ်ကမ္ဘန်သည် မိုးအုံးနောင်၏နောက်သို့ လိုက်သွားရမည်
လား မည်လောဟု စဉ်းစားနေရာမှ မိမိ ထွက်လာခဲ့သည့် ကိစ္စကို သတိ
ရ၍ မိုးအုံးနောင်၏ နောက်သို့ လိုက်သွားရန် အကြံအစည်ကို ပယ်ဖျက်
ပြီး တောတန်းကလေးကို ဖြတ်ကျော်၍ သတိဖြင့် လာခဲ့ရာ ...
... ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည့် ...
သို့ ရောက်ရှိလာပေသည်။

လမ်းကျဉ်းကလေး အနီးရှိ တသွင်သွင် စီးဆင်းနေသည့် စမ်းချောင်း
... ဖြတ်ကျော်ကာ ချောင်းရိုးအတိုင်း လာခဲ့ရာ ... 
... သို့ ရောက်ရှိလာ၍ မြင့်မားသော သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းကို
... ပြီး ဆေးတံတိုကို ခဲထားသော ဗိုလ်ခင်ညိုတစ်ဦးကို မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သီရိဗြတ်ကမ္ဗန်ကို မြင်လိုက်သောအခါ ဗိုလ်မင်းဗြတ်ဇသည် ထ
ဆဲဆဲ နေလုံးကြီးကို ညွှန်ပြရင်း သီရိဗြတ်ကမ္ဗန်အား အပြစ်တင်သည့် အမူအ
ဖြင့် ကြည့်လိုက်သည်။

'နေစွယ်တော် ကျိုးနေပြီ။ ဘာဖြစ်လို့ ဒါလောက်တောင် နောက်
နေရတာလဲ'

ဗိုလ်မင်းဗြတ်ဇသည် မိမိချိန်းဆိုထားသည့် အချိန်တွင် သီရိဗြတ်
ရောက်ရှိမလာဘဲ အချိန်လွန်မှ ရောက်ရှိလာသည်ကို မကျေနပ်သည့် အမူအ
ဖြင့် အပြစ်တင်လိုက်သည်။

'ဗိုလ်မင်း အပြစ်တင်ရင်လည်း ခံရမှာပဲ။ အရေးထဲမှာ ကိစ္စ
ပေါ်နေလို့ နည်းနည်း နောက်ကျသွားတာပါ'

'ဘယ်လိုကိစ္စ ပေါ်နေလို့လဲ'

'မင်းစည်သူတစ်ယောက် သေမလား ရှင်မလား မသိရသေး
ကျွန်တော် ထွက်လာတဲ့ အချိန်အထိ သတိမရသေးဘူး'

သီရိဗြတ်ကမ္ဗန်သည် ဇောလကွန်၏ လယ်တဲတွင် စော
ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်ကို အသေးစိတ်ရှင်းပြနေရာ ဗိုလ်မင်းဗြတ်
စိတ်ဝင်စားစွာ နားထောင်နေသည်။

'မင်းစည်သူ ဟုတ်လား၊ ဒလတိုက်ပွဲမှာတုန်းက သူ့ကို ရန်
လက်တွင်းက အကြည်တော် သီရိဗြတ်ကမ္ဗန် ကယ်တင်ခဲ့ရသေးတယ်
လား'

ဗိုလ်မင်းဗြတ်ဇက ပြန်မေးလိုက်သည်။

'မှန်ပါတယ်၊ ကျွန်တော်ရဲ့ အသက်ကိုလည်း သူကယ်ခဲ့တာ
ရှိသွားပါပြီ။ ကျွန်တော့အဖို့ဆိုရင် သွေးရင်း သားရင်းလို အားကိုးရတဲ့
ခင်ပွန်းဆိုလို့ ဗိုလ်မင်းဗြတ်ဇက လွဲရင် မင်းစည်သူ တစ်ယောက်တည်း
ပါတယ်။ ခုဆိုရင် ကျွန်တော့အဖို့ ညာလက်ရုံး ပြုတ်သွားတာနဲ့ အတူ

'နေစမ်းပါဦး၊ မင်းစည်သူကို ရန်မူတဲ့ ရန်သူတွေက ဘယ်သူ

ဗိုလ်မင်းဗြတ်ဇက ပြန်မေးလိုက်သည်။

'တစ်ယောက်ကတော့ သေချင်ဟန်ဆောင်ပြီး အလစ်မှာ ထွ
လွတ်မြောက်သွားပါတယ်။ တစ်ယောက်ကတော့ မင်းစည်သူရဲ့ လက်
အသက်ဆုံးရှုံးသွားပါပြီ။ အသက်ဆုံးရှုံးသွားတဲ့ လူက အခြားမဟုတ်
ကျွန်တော့်ကို လုပ်ကြံဖို့ စေလွှတ်လိုက်တယ်လို့ ဗိုလ်မင်းဗြတ်ဇ သတိ





ဖောက် လူသတ်သမား ဗိုလ်မင်းဇောသရိုဝါ။ သူ့ရဲ့အလောင်းမှာ စေခုတ်ရာ
ရှိပါတယ်'

သီရိဗြတ်ကမ္ဗန်က ရှင်းပြလိုက်ရာ ဗိုလ်မင်းဗြတ်ဇ၏ မျက်နှာမှာ
ယ် တောက်ပြောင်လာပေသည်။

'ဇောသရိ သေပြီ ဟုတ်လား၊ ဒီလိုဆိုရင် မင်းစည်သူ
း လုံ့ရေးမှာ သူမတူအောင် ကျွမ်းကျင်လိမ္မာတဲ့ ဇောသရိ
ယ်ဆိုတာ တော်ရုံတန်ရုံသတ္တိ မဟုတ်ဘူး။ မင်းစည်သူရဲ့
ဖို့ ကောင်းတယ်။ ယုတ်စွအဆုံး ဇောသရိရဲ့လက်ချက်နဲ့ မင်းစည်သူ
ရောက်ရသည့်တိုင်အောင် သူ့ရဲ့ကောင်း တစ်ယောက်အဖြစ်
ရလိမ့်မယ်'

ဗိုလ်မင်းဗြတ်ဇက ချီးကျူးစကား ပြောကြားလိုက်ပြန်သည်။

'ဗိုလ်မင်းဇောသရိရဲ့ ခါးပိုက်ထဲက ဟောဒီ စာလွှာကို သိမ်းဆည်း
ပါတယ်'

သီရိဗြတ်ကမ္ဗန်သည် မင်းသိဒ္ဓတ်ထံ လိပ်စာတပ်ထားသည့် သမိန်
ထံမှ စာလွှာကို ထုတ်ပြရင်း ပြောလိုက်သည်။

'ဒါထက် ဘုရင်မကြီးဆီက ဘာသတင်း ကြားသေးသလဲ။
တိုင်းခန်းလှည့်လည်တော်မူဖို့ သေချာသွားပြီလား'

'သေချာပါတယ်၊ ဒီနေ့ကစပြီး ဆယ်ရက်မြောက်ရင် ဘုရင်မကြီး
ဘုမြို့ကို တိုင်ခန်းလှည့်လည်ပြီး မြို့စားလေးရဲ့ စံအိမ်တော်မှာ
တော်မူဖို့ အစီအစဉ် ရှိပါတယ်'

ဗိုလ်မင်းဗြတ်ဇက အဖြေပေးလိုက်ရာ သီရိဗြတ်ကမ္ဗန်သည်
စဉ်းစားနေပေသည်။

'ဆယ်ရက်ပဲ လိုတော့တယ် ဆိုပါတော့။ ဒီလိုဆိုရင် ဆယ်ရက်အတွင်း
တို့ လုပ်စရာရှိတာ ပြီးအောင် လုပ်ကြရလိမ့်မယ်'

သီရိဗြတ်ကမ္ဗန်က စဉ်းစဉ်းစားစား ပြန်ပြောလိုက်သည်။

'မင်းနဲ့ငါ ပူးပေါင်းပြီး လုပ်ကိုင်ဆောင်ရွက်သွားရင် အချိန်မီ ပြီးစီး
မှာ သေချာပါတယ်'

ဗိုလ်မင်းဗြတ်ဇက ပြန်ပြောလိုက်သည်။

'ဘယ်နည်းနဲ့ဖြစ်ဖြစ် ဆယ်ရက်အတွင်း ကိစ္စအားလုံး ပြီးမြောက်
တော့ ကြိုးစားမှဖြစ်မှာ။ ဒါထက် ဇောစွန်နဲ့ဇောညီတို့ ညီနောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒိုယ်မင်းဖြတ်ဇ တွေ့ပြီးပြီလား။ ကျွန်တော်တို့ရဲ့ အကြံအစည်နဲ့ ပတ်သ
ညွန်ကြားသင့်တာကိုကော ညွှန်ကြားပြီးပြီ မဟုတ်လား'

သီရိဖြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'ညွှန်ကြားပြီးပါပြီ။ သူတို့ကလည်း သိပ်ပြီး စိတ်အားထက်သန်
တယ်။ သူတို့ရဲ့ အဖော်အပေါင်းတွေကိုပါ အားလုံး အသင့်ရှိနေကြဖို့ သ
နှိုးဆော်ထားပြီးပါပြီ'

'ဒီလိုဆိုရင် ကျွန်တော်တို့ရဲ့ အကြံအစည် ဧကန်မုချ အော
ရမယ်။ ဘယ်သူမှ မသိလိုက်ရဘဲ ဘုရင်မကို လုပ်ကြံဖို့ ကြံစည်တဲ့လု
ကျွန်တော်တို့ရဲ့နည်းနဲ့ ကျွန်တော်တို့ဘာသာ ရှင်းလင်းသုတ်သင်နိုင်မှာ
နေပြီ'

'မင်း ပြောတာ မှန်တယ်။ ဘယ်သူမှ မသိလိုက်ရဘဲ မင်းတို့ငါ
အကြံအစည် အောင်မြင်မှာတော့ သေချာတယ်။ မင်းရဲ့ အကြံအ
ကောင်းတော့ ကောင်းပါတယ်။ ဒါပေမဲ့ သက်စွန့်ဆံဖျား ကြိုးပမ်းရသ
ဘယ်သူကမှ ငါတို့ကို ကျေးဇူးတင်မှာ မဟုတ်ဘူး။ ဘယ်သူကမှလည်း ငါ
ကြိုးပမ်းမှုကို အသိအမှတ်ပြုမှာ မဟုတ်ဘူး'

ဗိုလ်မင်းဖြတ်ဇက ပြန်ပြောလိုက်သည်။

'ကျေးဇူးတင်ခံရဖို့လည်း မလိုပါဘူး။ အသိအမှတ်ပြုဖို့လည်း
ဘူး။ ကျွန်တော်တို့ ကြိုးပမ်းနေတဲ့ကိစ္စက ကိုယ်ကျိုးကိုယ့်ကိစ္စမှ မဟု
ဘုရင်မကြီးနဲ့ နိုင်ငံတော်ရဲ့ အကျိုးအတွက် ကိုယ်ကျိုးကိုစွန့်ပြီး ရွ
ဆောင်ရွက်ရမယ့် ကိစ္စပဲ'

'မင်းပြောတာကို ငါ သဘောပေါက်ပါတယ်။ ကျေးဇူးတင်ခံ
ပြောနေတာ မဟုတ်ပါဘူး။ အသိအမှတ်ပြုတာ မပြုတာကိုလည်း ငါ
မစိုက်ပါဘူး။ ငါတို့ရဲ့ကြိုးပမ်းမှု အောင်မြင်လို့ ဘုရင်မကြီး သက်တော်
ရှည်ပြီး နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းရွက်သွားတာ မြင်ရရင် ငါတို့ ကျေနပ်
ငါဆိုလိုတာက ဘုရင်မကြီးကိုယ်တော်တိုင် ငါတို့ ဘယ်အထိ သက်စွန့်
ကြိုးပမ်းခဲ့ရတာကို မသိဘဲ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်နေတာကို မြင်သွားပြီး
ငါ့ကို အစိုးရိမ်ကြီးလွန်းတယ် ဆိုပြီး အပြစ်တင်ခံရမှာကို မြင်ယောင်လို့
တာပါ'

'အပြစ်တင်ခံရချင် ခံရပါစေ။ ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံ
ပျက်ပြားသွားပြီး ဘုရင်မကြီးရဲ့အသက် ချမ်းသာရာရတာကို မြင်ရရင်
ရုတ်ချ နပ်ပြီလို့ ကျွန်တော်ယူဆတယ်။ ကျွန်တော်တို့ ဘယ်အထိ စွန့်စား





ဘာ ဘုရင်မကြီး သိဖို့ မလိုပါဘူး။ ဘုရင်မကြီး အနေနဲ့ကတော့ သူ့ကို
နိုင်ငံလုံးက ချစ်မြတ်နိုးပြီး ကြည်ညိုလေးစားတဲ့အတွက် ဘယ်သူကမှ
ကြံလိမ့်မယ်လို့ မထင်ဘူး။ ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေကြောင်း
ဘော်ကိုယ်တိုင် အခစား ဝင်ပြီး သတိပေးခဲ့တုန်းက မြန်မာ့ကျွန်းကြီး
ယောက်လုံး ရှိနေလျက်သားပဲ။ ဘုရင်မကြီး လုပ်ကြံခံရ
သွားမှာပေါ့လို့ သရော်တော်မူလိုက်သေးတာပဲ။ ဒါက အရေး
မကြီး အသက်ဘေးက ချမ်းသာရာ ရဖို့သာ အရေးကြီးပါတယ်'

'မင်း ပြောတာ သိပ်မှန်တယ်။ ဘုရင်မကြီးကတော့
မ်ကြီးလွန်းတယ် ဆိုပြီး သရော်မှာ သေချာတယ်။ မင်းကို
ကြီးလို သဘောထားတာတော့ အမှန်ပဲ။ ဒါပေမဲ့ ဖိုးလမင်းကြီးကို
း အစိုးရိမ်အကြောင့်ကြ ကြီးလွန်းတယ်လို့ မိန့်တော်မူတယ်။ ငါ့ကိုလည်း
ည်း လည်းကောင်းပဲ'

'ဘုရင်မကြီး ပြောချင်ရာ ပြောပါစေ။ သရော်ချင်ရင်လည်း သရော်
။ ဘုရင်မကြီးရဲ့ အသက်အန္တရာယ်ကို အကာအကွယ်ပေးနိုင်ဖို့သာ အရေး
တယ်။ ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုကြောင့် ဘုရင်မကြီး သက်တော်
ရှည်ပြီး နိုင်ငံတော် စည်ပင်သာယာဝပြောတာကို မြင်ရရင် သက်စွန့်
ကြိုးပမ်းရကျိုး နပ်ပါပြီ'

'ကျေနပ်တာတော့ ကျေနပ်ပေါ့။ ငါလည်း ကျေနပ်ပါတယ်။
သူမှ မသိလိုက်ရဘဲ ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည် ပျက်ပြား
ချမ်းသာယာစွာ ရှိနေတာကို မြင်ရရင် ဘုရင်မကြီး တစ်ဦးတည်း
ဘူး။ တစ်နန်းတော်လုံးက မင်းနဲ့ငါ့ကို အစိုးရိမ်ကြီးလွန်းတယ်လို့
လှောင်ကြပြောင်ကြ သရော်ကြဦးမှာကို မြင်ယောင်လို့
ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေတာကို လက်ဆုပ်လက်ကိုင်
င်းဘူးလား။ မင်းရဲ့ အကြံအစည်က ကောင်းတော့
ဘယ်သူမှ မသိလိုက်ရတဲ့ကိစ္စ အောင်မြင်သွားရင်
သေးခံနေရမှာစိုးလို့ ပြောနေတာ။ သစ္စာဖောက်တွေရဲ့
မကြီး သိသင့်သလောက် သိအောင် လျှောက်တင်ပြီး
ဘက်အထားနဲ့ လက်ဆုပ်လက်ကိုင် ပြနိုင်ရင်

ဗိုလ်မင်းဖြတ်ဇက မိမိ၏ သဘောထားကို
သည်။

'ဘုရင်မကြီးကို အသိပေးလို့ မဖြစ်ဘူး။ ရန်သူတို့ သတိထားမိသွားသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီး မသိမသာ နောက်ဆုတ်ချင် ဆုတ်သွားမယ်။ ဒါမှ မ
ကျွန်တော်တို့အပေါ်မှာ ဘုရင်မကြီး အထင်တော်လွဲအောင် ကတုန်းက
လုပ်ပြီး သူတို့အပေါ်မှာ ဘုရင်မကြီး ယုံကြည် စိတ်ချလာအောင် အယုံသွင်း
ခိုးရတယ်။ အယုံသွင်းပြီး ပူးသတ်သွားရင် ကျွန်တော်တို့ ဘာမှ တတ်နိုင်
မဟုတ်ဘူး။ ဘုရင်မကြီးကို အသိပေးလို့ မဖြစ်ဘူး။ ဘယ်သူ့ကိုမှလည်း အ
ပေးလို့ မဖြစ်ဘူး။ အသိပေးလိုက်တာနဲ့ တစ်ပြိုင်နက် အပြစ်မရှိတဲ့ လူ
အသတ်ခံရပြီး အပြစ်ရှိတဲ့ လူတွေ အခွင့်ကောင်း ရသွားမှာ စိုးရတယ်'

သီရိဖြတ်ကမ္ဗန်က ရှင်းပြလိုက်ရာ ဗိုလ်မင်းဖြတ်ဇမှာ သဘော
သွားပုံ ရပေသည်။

'ဒါထက် ဆောင်းတွားမြို့စားရဲ့ စံအိမ်တော်မှာ လျှို့ဝှက်ဆွေးနွေး
တစ်ခု ရှိတယ် ဆိုတာကို မင်း သိသလား'

ဗိုလ်မင်းဖြတ်ဇက မေးလိုက်ပြန်သည်။

'သိပါတယ်၊ သိရုံတင် မကဘူး။ လျှို့ဝှက်အခန်းထဲကို ဘယ်ပုံတယ်
ဝင်ရမယ် ဆိုတာကိုပါ ကျွန်တော် သိထားပြီးပါပြီ'

'သိထားရုံနဲ့ မပြီးသေးဘူး။ မင်းကိုယ်တိုင် အခန်းထဲကို ဝင်ကြ
ချောင်ကြိုချောင်ကြားမကျန် နှံ့စပ်အောင် လေ့လာထားဖို့ အရေးကြီး
ဒီနေ့က စပြီး သုံးရက်ရောက်တဲ့နေ့ ညဘက်မှာ သစ္စာဖောက်တွေရဲ့ လျှို့
ဆွေးနွေးပွဲ ကျင်းပလိမ့်မယ်။ အဲဒီဆွေးနွေးပွဲကို သူတို့ရဲ့ ဘက်တော်သား မ
အဖြစ် တက်ရောက်ဖို့ အစီအစဉ်ရှိတယ်။ သစ္စာဖောက်ဘက်တော်သား အ
က ငါ့ကို ဖြတ်ဇမှန်း မသိကြဘူး။ သူတို့ရဲ့ ဘက်တော်သား မင်းနန္ဒာအ
မှတ်ထင်နေကြတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ အတွင်းရေးတွေကို ငါ သ
သလောက် သိခွင့်ရခဲ့တယ်။ သူတို့ရဲ့ လျှို့ဝှက်ဆွေးနွေးပွဲကို ငါ တက်ရော
ရတာကိုသာ ကြည့်ပေတော့။ ဒါက အရေးမကြီးဘူး။ ဆွေးနွေးပွဲကျင်း
နေ့ရက်မတိုင်မီ လျှို့ဝှက်ဆွေးနွေးခန်းရဲ့ အနေအထားကို နှံ့နှံ့စပ်စပ် သိ
အရေးကြီးတယ်'

'ဒီအတွက်တော့ စိတ်ချပါ။ ဒီနေ့ည သန်းခေါင်အချိန်မှာ ကျွန်
ကိုယ်တိုင် လျှို့ဝှက်ခန်းထဲ ဝင်ပြီး အခန်းရဲ့ အနေအထားကို ချောင်ကြိုချော
မကျန် နှံ့စပ်အောင် လေ့လာကြည့်ရှုထားပါမယ်'

'အေး ကောင်းတယ်၊ ဒါပေမဲ့ ငါတို့ရဲ့ အကြံအစည်ကို ဘ
သိအောင်တော့ သိုသိုသိပ်သိပ် အလုပ်လုပ်ကြရလိမ့်မယ်။ ငါ့ကို
နေတဲ့ သူသတ်သမား တစ်ယောက်အဖြစ် သူတို့ မြင်နေကြတယ်။ ဘုရင်မကြီး





ကိုယ်တိုင် လုပ်ကြံဖို့တောင် တာဝန်ပေးထားတယ်။ သမိန်တိသကုမ္ဗာကတော့
ဘုရင်မကြီးကို လုပ်ကြံဖို့ ကိစ္စမှာ စိတ်အားထက်သန်ပုံ ငါ့ကိုလည်း
တဲ့ မျက်စိနဲ့ ကြည့်နေတယ်'

'သမိန်တိသကုမ္ဗာက လူပျော့တစ်ယောက်ပါ။
တွေကို သွေးထိုးလှုံ့ဆော်ပေးပြီး လူပေါ်လူဇော် လုပ်'

'လူပေါ်လူဇော် လုပ်ရုံတင် မကဘူး။ နှစ်ဖက်လှ
တယ်။ ဘုရင်မကို လုပ်ကြံဖို့ အကြံအစည်အောင်မြင်ရင်
င်းပြီး သမက်တော်အကြီး အထွတ်အထိပ်ကို ရောက်တဲ့အခါ
ကောင်းရအောင် ကြိုးစားနေတယ်။ ဘုရင်မကို လုပ်ကြံဖို့
ပြားသွားရင်လည်း မြို့စားလေး ဗညားအိမ်အပေါ် အပြစ်ပုံချပြီး နှင်း
ကို သိမ်းပိုက်ဖို့ ကြံစည်နေတယ်။ ဒါကိုကော မင်း သိတယ် မဟုတ်လား'

'သိသင့်သလောက် သိပါတယ်။ ဒါပေမဲ့ နှင်းကေသရာကို သိမ်း
ဖို့ အကြံအစည်ကတော့ ဘယ်နည်းနဲ့မှ အောင်မြင်မှာ မဟုတ်ပါဘူး။ နှင်း
ရာရဲ့ စိတ်နေသဘောထားကို ကျွန်တော် သိပါတယ်'

'ဘာလဲ၊ နှင်းကေသရာကို ထိလို့ မင်းက နာသလား။ နှင်းကေသရာ
ဘုရင်မကြီးအပေါ်မှာ သစ္စာရှိရဲ့လား။ ဘုန်းကြီးလူထွက်ကို နန်း
မလား ဆိုပြီး ဘုရင်မကြီးကို ပြစ်တင်ဝေဖန်နေတယ် မဟုတ်လား'

'နာလို့ ပြောနေတာ မဟုတ်ပါဘူး။ နှင်းကေသရာရဲ့ စိတ်နေသ
ကို ကျွန်တော်သိလို့ ပြောနေတာပါ။ ရှင်ဓမ္မရလူထွက်ကို နန်း
တ်သက်ပြီး လူသိရှင်ကြား ပြစ်တင်ဝေဖန်ခဲ့တာ မှန်ပါတယ်။
ကြီး အပေါ်မှာတော့ အသက်နဲ့လဲပြီး သစ္စာစောင့်သိ ရှိသေတာ'

သီရိဖြတ်ကမ္ဗန်က နှင်းကေသရာအား ကာကွယ်ပြီး
င်းဖြတ်ဇသည် သီရိဖြတ်ကမ္ဗန်၏ အမူအရာကို ခေတ္တ

'မိန်းမမာယာ သဲကိုးဖျာ ဆိုတဲ့စကား ကြားဖူးတယ်
ဘူးနယ်မှာ နှင်းကေသရာလောက် ချောတဲ့လှတဲ့ မိန်း
ရုပ်ရည်ရှိနဲ့ ဖြားယောင်းပြီး သူ့လူ ငါ့ဘက်သား လုပ်နေတာ ဖြစ်ချင်
တယ်'

ဗိုလ်မင်းဖြတ်ဇက ၄င်း၏ စိုးရိမ်ချက်ကို ဖွင့်သည်။

'ဗိုလ်မင်း ထင်သလို လုံးဝ မဟုတ်ပါဘူး။ ကျွန်တော့် အကြောင်းလည်း
င်း သိတယ် မဟုတ်လား။ ဘယ်မိန်းမကမှ ကျွန်တော့် အရောဝင်တာ
ဘူး။ ကျွန်တော့်ကို ရုပ်ရည်ရှိနဲ့ ဖြားယောင်းလို့ မရပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘုရင်မကြီးအပေါ်မှာ နှင်းကေသရာ သစ္စာစောင့်သိ ရှိသေ
ဆိုတာ မင်းယုံကြည်သလား။ နှင်းကေသရာအတွက် မင်း အာမခံရဲသ

'အာမခံရဲပါတယ်။ ဘုရင်မကြီး အပေါ်မှာ နှင်းကေသရာ
မစောင့်ဘူးဆိုတာ ခိုင်လုံတဲ့ သက်သေအထောက်အထား ပြနိုင်ရင် ဇက်
ခံရဲပါတယ်လို့ မင်းကြီးသက်တော်ရှည်ကို အာမခံခဲ့တာ ဗိုလ်မင်း အ
မဟုတ် လား'

'အာမခံရဲလှချည်လား။ တော်တော်ကြာ ဘာခဟုတ်တာနဲ့ ဇက်
ခံနေရပါဦးမယ်။ မိန်းမအတွက် ဇက်ဖြတ်ခံရတယ်ဆိုရင် ရာဇဝင်ရိုင်း
မှာ စိုးလို့ ငါသတိပေးနေတာ။ မိန်းမမာယာ သဲကိုးဖျာ ဆိုတဲ့အတိုင်း သူ
ပရိယာယ်မာယာက သိပ်ကြောက်စရာကောင်းတယ်။ ငါတော့ဖြင့် မိန်းမ
ဝေးဝေးက ရှောင်တယ်။ မိန်းမအကွက်နဲ့တော့ဖြင့် အသေမခံနိုင်ဘူး'

ဗိုလ်မင်းဖြတ်ဇက သိဂိုဖြတ်ကမွန်၏ အမူအရာကို အကဲခတ်
သတိပေးလိုက်ရာ၊ သီရိဖြတ်ကမွန်သည် ထိုနေ့ နံနက်က နှင်းကေ
လက်ရေးဖြင့် မိမိအား ရန်သူရှိရာသို့ မှားခေါ်သည့် ပေတိုတစ်စောင်
ပုံနှင့်တကွ သေဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရပုံများကို ရုတ်
သတိရလာကာ ဗိုလ်မင်းဖြတ်ဇအား အကျိုးအကြောင်း ပြောပြရန် ဗို
ဖြတ်ဇ၏ လက်မောင်းကို ဆုပ်ကိုင်ပြီး အနားတွင် ကပ်၍ထိုင်လိုက်သ

'နှင်းကေသရာအကြောင်း ပြောလို့ ဗိုလ်မင်းကို ပြောစရာ
ရှိသေးတယ်။ နှင်းကေသရာတို့ မောင်နှမ ပျက်စီးရာပျက်စီးကြောင်း ကြံ
တဲ့ အတွင်းရန်သူတွေ ရှိနေတယ်။ ဒါကို သူတို့ လုံးဝ မသိဘူး။ ရန်သူကို မိ
ထင်ပြီး မိတ်ဆွေကို ရန်သူထင်နေကြတယ်။ သူတို့ရဲ့ အတွင်းရေးက တ
နှုတ်လိမ် ပွေလိမ်ရှုပ် အမေဘုတ်ကယ့် သူချည်ခင်ဆိုတဲ့ စကားလို သ
လိုက်အောင် ရှုပ်ထွေးနေတယ်။ ခမည်းတော် ဆောင်းတူးမြို့စားကြီး န
ခဲ့ရတာဟာ သွေးရိုးသားရိုး မဟုတ်ဘူး။ မြို့စားရာထူးကို ဆက်ခံချင်လို့
ကြီးကို တိတ်တဆိတ် ချောင်းမြောင်းလုပ်ကြံခဲ့တာပါ။ ခုလည်းပဲ မြို့
ဗညားအိမ်ကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေပါတယ်။ ဗိုလ်မင်းရဲ့ လ
ဘေလှာကို ဖတ်ကြည့်မယ်ဆိုရင် မြို့စားကြီးကို လုပ်ကြံသတ်ဖြတ်ခဲ့သလို
လေးကိုပါ ရှင်းလင်းသုတ်သင်ပစ်ဖို့ ညွှန်ကြားတာကို တွေ့ရပါလိမ့်မယ်။
လေး ဗညားအိမ်နဲ့ နှင်းကေသရာကို ကျွန်တော် အကာအကွယ် ပေး
သိလို့ ကျွန်တော့်ကိုပါ လုပ်ကြံဖို့ ကြံစည်ခဲ့တာ သုံးကြိမ်ရှိသွားပါပြီ။





စောစော အချိန်မှာ မြို့စားကြီးကို ချောင်းမြောင်း လုပ်ကြံခဲ့တဲ့ လေးသမား
လက်ချက်နဲ့ ကျွန်တော် ကံကောင်းလို့ မသေတာ'

သီရိဖြတ်ကမွန်သည် ဗိုလ်မင်းဖြတ်ဇ၏ လက်မောင်းကို ဆုပ်ကိုင်၍
နံနက်က အဖြစ်အပျက်များကို အသေးစိတ် ရှင်းပြနေသော ဗိုလ်မင်း
သည် မျက်မှောင်ကြုတ်ပြီး စိတ်ဝင်စားစွာ နားထောင်နေ
ပြီးမှတစ်ဖန် ဆက်လက်၍ သီရိဖြတ်ကမွန်သည် နှင်း
ရောက်ရှိလာသည့် အချိန်မှစ၍ မိမိ ကြုံတွေ့ခဲ့ရသည့် အ
ပြီးတစ်ခု ရှင်းပြပြန်သည်။ ထိုသို့ ရှင်းပြရာတွင် မြို့စားလေး
သမိန်စက္ကဝေါ၏ လောင်းရိပ်အောက်မှ မိမိနှင့် မင်းစည်သူတို့
ဆောင်းတူးမြို့သို့ ပြန်လည်ရောက်ရှိလာသည့် အချိန်မှစ၍ မြို့
အိမ် အရက်သေစာ သောက်စားမူးယစ်နေချိန်တွင် လက်မှတ်
သည့် စာတမ်းတစ်စောင်နှင့် ပတ်သက်၍ ခြိမ်းခြောက်ခံနေရပုံ၊ မိမိနှင့်
ညီသူကိုလည်း အကြိမ်ကြိမ် သေကြောင်းကြံခဲ့ပုံများကို အဓိကထား၍
ပြနေပြန်ရာ ဗိုလ်မင်းဖြတ်ဇမှာ သီရိဖြတ်ကမွန်၏ ရှင်းပြချက်များကို
ထောင်နေရာမှ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး
လိုက်သည်။

'အကြံပက်စက် ဆန်ကောလောက်မှ ဓောက်မနက်ပါလား၊
လောက်ထွက်နေတာကို လက်ပိုက်ပြီး ကြည့်နေရသလား။ မြို့
တော်ကောင်ပဲ မက်မောရသလား'

ဗိုလ်မင်းဖြတ်ဇက အားမလို အားမရ အမူအရာဖြင့်

'လက်ပိုက်ပြီး ကြည့်မနေပါဘူး။ သက်သေခံ အ
လုံလုံ မရသေးလို့ အခါအခွင့်ကို ကြည့်ပြီး ခံစစ်သဘောနဲ့
ပါ'

'သက်သေခံ အထောက်အထား ရအောင် စောင့်နေရ
ရာ အထောက်အထား တွေ့တာနဲ့ တစ်ပြိုင်နက်
ဖို့ ကောင်းတယ်။ နောက်မှ ကြည့်ရှင်းတာပေါ့၊
သာ မှန်ရင် မြို့စားလေး ဗညားအိမ်ဟာ သက်သက်
ဖြစ်နေ

'မှန်ပါတယ်၊ ဗညားအိမ်ဟာ အေးစာခံသက်သက် ဖြစ်နေပါတယ်၊
သရာကြောင့် ဗညားအိမ် ရေတိမ်မှာ မနစ်တာပါ၊ ဗညားအိမ်ကို ပျက်စီး



www.burmeseclassic.com

www.burmeseclassic.com



ရာ ပျက်စီးကြောင်း ကြံစည်နေတာကို နှင်းကေသရာ သိလို့ သမိန်စက္ကဆေါ
ဆောင်းရိပ်အောက်က လွတ်မြောက်ရေးအတွက် ကျွန်တော့်ကို တာဝန်
တာပါ'

'နှင်းကေသရာကတော့ စိတ်ချရရဲ့လား။ သူလည်း သမက်တော်အ
ဘက်တော်သားပဲ မဟုတ်လား'

'ဗိုလ်မင်း ထင်သလို မဟုတ်ပါဘူး။ သမက်တော်အငယ် ရှင်
လူထွက်ကို နန်းလျားထားတဲ့ ကိစ္စကိုသာ ပြစ်တင်ဝေဖန်ခဲ့တာပါ။ ဒါ
မိတ်ဆွေဟန်ဆောင်နေတဲ့ အတွင်းရန်သူက သွေးထိုးလှုံ့ဆော်ပေး
အဟုတ်ထင်ပြီး သံယောင်လိုက်နေတာပါ။ နှင်းကေသရာရဲ့ စိတ်ရင်း
ကတော့ ဘုရင်မကြီးကို မယ်တော်အရင်းလို လေးစားရိုသေပြီး သစ္စာ
ရှိသေတာ အမှန်ပါ'

သီရိပြတ်ကမွန်က နှင်းကေသရာအား ကာကွယ်ပြီး ပြော
ပြန်သည်။

'ဒါထက် ဗညားအိမ်ကို ပျက်စီးရာပျက်စီးကြောင်း ကြံနေတဲ့
ပတ်သက်ပြီး ဗညားအိမ်ကို မင်း သတိမပေးဘူးလား'

'မိတ်ဆွေဟန်ဆောင်ပြီး မသိမသာ ချောက်တွန်းနေတဲ့ အတွင်း
ရှိနေတာကိုတော့ အရိပ်အမြွက်လောက် သတိပေးခဲ့ပါတယ်။ ဗညား
သာမက နှင်းကေသရာကိုပါ သတိပေးခဲ့ပါတယ်'

'အရိပ်အမြွက်လောက်သာ သတိပေးခဲ့တယ် ဟုတ်လား။ အ
ရန်သူဟာ ဘယ်သူဘယ်ဝါ ဖြစ်ကြောင်း အမည်နာမကို ထုတ်ဖော်ပြီး
မပေးဘူးလား'

ဗိုလ်မင်းဖြတ်ဇက ပြန်မေးလိုက်သည်။

'ခိုင်လုံတဲ့ သက်သေခံ အထောက်အထား မရှိဘဲ အမည်
ထုတ်ဖော်ပြီး သတိပေးလို့ ဖြစ်နိုင်ပါ့မလား'

သီရိပြတ်ကမွန်က မိမိရင်ဆိုင်နေရသည့် အခက်အခဲကို
လိုက်သည်။

'မင်းကို စည်းကမ်းကြီးလွန်းအားကြီးပါတယ်။ နေရာတ
စည်းကမ်းကြီးလို့ မဖြစ်ဘူး။ ရောဂါကြမ်းရင် ဆေးကြမ်းနဲ့ ကုရတယ်
စကားပုံ ရှိတယ်မဟုတ်လား။ ငါသာဆိုရင်တော့ ငါ့နည်းနဲ့ ငါ့ပြဿနာကို
ခင်းလိုက်မှာပဲ၊ ရန်သူကို ရန်သူမှန်း သိနေမှတော့ဖြင့် သက်သေခံ အ





ရှာနေစရာ မလိုပါဘူး။ မျက်နှာချင်းဆိုင် ဆိုင်ပြီး ခြောက်လှန့်လိုက်ရုံပဲ
ယ်။ ဒါနဲ့မှ ဘူးကွယ်နေသေးရင် တစ်ခါတည်း ကိစ္စတုံး
'ကိစ္စတုံး စီရင်ဖို့က လွယ်ပါတယ်။ ဒါပေမဲ့
သူတွေ ရှိနေသေးသလဲ၊ သူတို့ရဲ့ အကြံအစည်က
ဆောင်စုံစမ်းဖို့ လိုသေးတယ်။ မသင်္ကာတဲ့လူကို ရှင်းလင်း
သူ့ရဲ့နောက်ပိုင်းမှာ ရှိတဲ့ ကြံရာပါတွေကို သတိပေးလိုက်

'စိုးရိမ်စရာမရှိ စိုးရိမ်နေတာကိုး။ မင်းနဲ့ငါ လူချင်း
က်စမ်း ချင်တယ်'

'လူချင်းလဲစရာ မလိုပါဘူး။ ခုဆိုရင် သက်သေခံအထောက်အ
ကို ခိုင်ခိုင်လုံလုံ ရရှိထားပါပြီ။ ဗိုလ်မင်းရဲ့လက်ထဲက စာလွှာကို
ရင် အကြောင်းစုံ သိရပါလိမ့်မယ်'

သီရိပြတ်ကမွန်သည် မင်းစည်သူ၏ လက်ချက်ဖြင့် ကျဆုံးသွားသည့်
င်းဇေသရိ၏ ကိုယ်မှ ရှာဖွေတွေ့ရှိခဲ့သော စာလွှာကို ရည်ညွှန်း၍ ပြော
သည်။

'သက်သေခံ အထောက်အထား ရတာက အရေးမကြီးဘူး။
နေတာနဲ့ ဗညားအိမ်လုပ်ကြံခံရရင် ဘယ့်နှယ့်လုပ်မလဲ။
ကို လုပ်ကြံသလို ဗညားအိမ်ကို ရှင်းလင်းသုတ်သင်ပစ်ဖို့
ယ် မဟုတ်လား'

ဗိုလ်မင်းဖြတ်ဇက သီရိပြတ်ကမွန်ထံမှ ရရှိထားသည့်
စာကြောင်းတစ်ကြောင်းကို ထောက်ပြရင်း ပြန်ပြောလိုက်သည်။

'ဒီအတွက်လည်း ကြိုတင်ကာကွယ်ဖို့ အစီအစဉ် ရှိပါတယ်။
မြို့ကို ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူတဲ့
ဗညားအိမ်ကို လုံခြုံစိတ်ချရတဲ့ နေရာကို ခေတ္တ
အစီအစဉ် ပြုလုပ်ထားပါတယ်'

'ဘယ်နေရာကို ပို့ထားမှာလဲ'

'ဇောမွန်နဲ့ ဇောညီတို့ညီနောင် ဦးစီးတဲ့ တိုက် ခေတ္တ
စေပြီး အကာအကွယ် ပေးထားဖို့ အစီအစဉ် ရှိပါတယ်'

'ဗညားအိမ်က ဇောမွန်နဲ့ဇောညီတို့ရဲ့ တိုက်
ရဲ့လား။ ဗညားအိမ်အကြောင်း ငါသိပါတယ်၊ သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com



...ခြင်း မာနသိပ်ကြီးတာ။ ဖွတ်တရွတ်လည်း လုပ်တတ်သေးတယ်။ ငါတော့ ...မင်းရဲ့ အစီအစဉ်ကို ဗညားအိမ် လက်ခံလိမ့်မယ် မထင်ဘူး'

ဗိုလ်မင်းဖြတ်ဇက မိမိ၏ စိုးရိမ်ချက်ကို ဖွင့်ဟလိုက်သည်။

'ဗိုလ်မင်း ပြောတာ မှန်ပါတယ်။ ဒါပေမဲ့ အကျိုးနဲ့ အကြောင်း... ပြောပြရင် ရကောင်းစရာ ရှိပါတယ်။ ကျွန်တော့်အပေါ်မှာလည်း အထော... ယုံကြည်အားကိုးပါတယ်။ ဒါကို အသာထားပြီး ဗိုလ်မင်းရဲ့ လက်ထဲက... စေ့စေ့စပ်စပ် ဖတ်ကြည့်စမ်းပါဦး'

သီရိဖြတ်ကမွန်က သတိပေးလိုက်ရာ ဗိုလ်မင်းဖြတ်ဇသည် မင်း... ၏ လက်ချက်ဖြင့် ကျဆုံးသွားသည့် ဇောသရိ၏ကိုယ်မှ သီရိဖြတ်... ရှာဖွေတွေ့ရှိခဲ့သည့် ညွှန်ကြားလွှာကို လုံးစေ့ပတ်စေ့ စိတ်ရှည်လက်ရှည် ... ကြည့်နေပေသည်။

'အင်း သုံးရက်ကြာရင် သမိန်စက္ကဝေါ ထန်းတောကြီးကို လာ... ဆိုပါလား။ ဒါကိုကြိုတင်ပြီး သိထားရတာဟာ ငါတို့အဖို့ အခွင့်အလမ်း ... သာနေတယ်။ သုံးရက်မတိုင်ခင် ထန်းတောကြီးကိုသွားပြီး ထန်းတော... သမိန်စက္ကဝေါ အလာမှာ လမ်းခုလတ်က ချောင်းမြောင်းသုတ်သင်ပစ်လို... တစ်မီးအေးသွားမယ် မဟုတ်လား။ သမိန်စက္ကဝေါနဲ့ အတူပါလာတဲ့ လူ... ချုံခိုတိုက်ခိုက်ပြီး လက်စတုံး စီရင်ပစ်လိုက်ရင် ပြဿနာ ရှင်းသွားရော ... လား။ ဒါဟာ ငါတို့အဖို့ အခွင့်ကောင်းပဲ'

ဗိုလ်မင်းဖြတ်ဇက ၎င်း၏ အယူအဆကို ဖွင့်ဟလိုက်သည်။

'ကျွန်တော့်အနေနဲ့ကတော့ အလစ်မှာ ချောင်းမြောင်းပြီး ... တာမျိုးကို ဝါသနာ မပါဘူး'

'တိုက်ပွဲတွေ ဝင်လာခဲ့တဲ့ စစ်သည်တော်တစ်ဦးက လူသတ်... ဒါလောက်တောင် ကြောက်သလား'

'အချိန်အခါကလည်း စောပါသေးတယ်။ ကျွန်တော့်အနေနဲ့... လက်ဆုပ်လက်ကိုင် မိအောင် ဖမ်းပြီးမှ တန်းတူရည်တူ အခွင့်အရေး... လက်ရုံးရည်ချင်း ယှဉ်ပြိုင်ချင်တယ်။ ဒါမှ သူ့ရဲကောင်းပီသမယ် မဟုတ်... အလစ်မှာ ချောင်းမြောင်းပြီး လုပ်ကြံတာဟာ မိန်းမလို မိန်းမရ နိုင်လွန်း...

'မင်းကသာ သူ့ရဲကောင်းစိတ်ဓာတ် ရှိတာ။ သမိန်စက္ကဝေါ... ဇွာဘိရှောန်က အထက်လူကြီးတွေကို ကပ်ရပ်ပြီး ဗိုလ်မှူးရာထူးကို ရလာ... သူ့ရဲကောင်းစိတ်ဓာတ်ဆိုလို့ နှမ်းတစ်စေ့စာတောင် မရှိဘူး။ သူ့ရဲ့ အ...





...င်းတွေကို ကြည့်ဦးမလား။ တကယ့် လူယုတ်မာ... လူယုတ်မာကို ...နည်းနဲ့ ဆုံးမလို့ မရဘူး။ သူ့နည်းနဲ့သူ ဆုံးမရမယ်'

ဗိုလ်မင်း ပြောတဲ့စကားကို ကျွန်တော် လက်ခံပါတယ်။ သမိန်စက္ကဝေါ ...ကျွန်တော် ဆုံးမပြပါမယ်။ စောင့်သာ ကြည့်နေပါ၊ ဒါပေမဲ့ ... ...ကျောကို ဓားနဲ့ထိုးတဲ့ နည်းမျိုးနဲ့တော့ မဆုံးမချင်ဘူး။ သူနဲ့ ... ...ပြီး ကျွန်တော်ရဲ့ လက်သုံးတော် ကိုးသချိုင်းဓားနဲ့ ပိုင်ပိုင်နိုင်နိုင် ဆုံးမ... ...မယ်'

'မင်းကသာ သမိန်စက္ကဝေါရဲ့ နောက်ကျောကို ဓားနဲ့ ... ...ပြောနေတာ။ သမိန်စက္ကဝေါက မင်းကို နောက်ကျောက ဓားနဲ့ထိုးခဲ့... ...မဟုတ်လား။ လူသတ်သမားတွေလွှတ်ပြီး မင်းကို သေကြောင်းကြံခဲ့... ...ကြိမ် ရှိသွားပြီလဲ။ မင်းတစ်ယောက်တည်းတောင် မဟုတ်သေးဘူး ...ည်သူကိုပါ သေကြောင်းကြံခဲ့ပေါင်း များပြီ မဟုတ်လား။ ဗိုလ်မင်းဇောသရိ ...လွှတ်လိုက်တာဟာ မင်းကို သေကြောင်းကြံဖို့ မဟုတ်လား။ သမိန်စက္ကဝေါ ...ယုတ်မာမှန်း သိနေလျက်သားနဲ့ ဘာဖြစ်လို့ သူနဲ့ မျက်နှာချင်း ဆိုင်ချင်ရတာ

ဗိုလ်မင်းဖြတ်ဇက အားမလို အားမရ အမူအရာဖြင့် ပြောလိုက်ပြန်...

'ကျွန်တော့်ရဲ့ အကြံအစည်က ဒီလိုပါ ....'

သီရိဖြတ်ကမွန်က မိမိ၏ အကြံအစည်ကို ရှင်းပြရန် ... ...သည်။

'မင်းရဲ့ အကြံအစည်ကို အသာဘေးချိတ်ထားပြီး ငါပြောတာကို ...စမ်းပါ။ မင်း သိပ်ပြီး အထင်ကြီးနေတဲ့ နှင်းကေသရာဟာ ... ...မှာ သမိန်စက္ကဝေါနဲ့ ချစ်ကြိုးသွယ်ခဲ့ဖူးသေးတယ် မဟုတ်လား'

ဗိုလ်မင်းဖြတ်ဇက ပြန်မေးလိုက်သည်။

'ဗိုလ်မင်းထင်သလို မဟုတ်ပါဘူး။ သမိန်စက္ကဝေါကသာ နှင်း... ...ချိုင်စီးဖို့ ကြံစည်အားထုတ်ခဲ့တာပါ။ နှင်းကေသရာက သမိန်စက္ကဝေါကို ...ပြော ပြောလွှတ်လိုက်လို့ နှင်းကေသရာကို စိတ်နာပြီး ... ...အနေနဲ့ ဗညားအိမ်ကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်ခဲ့တာပါ၊ ...ဝေါရဲ့ အန္တရာယ်ကို ရှင်းလင်းသုတ်သင်ဖို့ ကျွန်တော်မှာ အကြံအစည် ...၊ ကျွန်တော့်ရဲ့ အကြံအစည်က ဒီလိုပါ'

ဗိုလ်မင်းဖြတ်ဇမှာမူ ဆေးတံကို ခဲရင်း၊ ဆေးခိုးကို ဖွာ... တစ်ခုံ



www.burmeseclassic.com

www.burmeseclassic.com



ဘာစ်ရာ လေးလေးနက်နက် စဉ်းစားနေပေသည်။ ထိုသို့ စဉ်းစားနေရာမှ
ဖြတ်ကမွန်၏ ပခုံးကို ဖက်လိုက်သည်။

'ကဲ မင်းရဲ့ အကြံအစည်ကို ပြောပြစမ်းပါဦး'

ဗိုလ်မင်းဖြတ်ဇက လမ်းခင်းပေးလိုက်ရာ သီရိဖြတ်ကမွန်သည်
၏ အကြံအစည်ကို တိုတိုတုတ်တုတ် ရှင်းပြလိုက်သည်။ ဗိုလ်မင်းဖြတ်
သီရိဖြတ်ကမွန် ရှင်းပြလိုက်သည်ကို ကျေနပ်စွာ လက်ခံသည့် အမူအရာ
ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပေသည်။

'မင်းရဲ့ အကြံအစည်လည်း ကောင်းသားပဲ။ ဒါထက် မင်းရဲ့တပည့်
မင်းစည်သူကို ဂရုစိုက်ပြီး ကုသစမ်းပါဦး။ မသေသင့်ဘဲ မသေပါစေနဲ့'

'မင်းစည်သူကို ပန်းလှိုင်ထိပ်ထား သခင်မကြီး ကိုယ်တော်
သမားတော်ကြီးတွေ ပင့်ပြီး ပြုစုနေပါတယ်'

'ဒီစကား ကြားရတာ ဝါဝမ်းသာတယ်။ မင်းစည်သူ အသက်ရှင်
ပါစေလို့လည်း ငါဆုတောင်းတယ်။ ဒါထက် ဒီနေ့ည မြို့စားလေးရဲ့
တော်က လျှို့ဝှက်ဆွေးနွေးခန်းရဲ့ အနေအထားကို စေ့စေ့စပ်စပ် လေ့
သတိမမေ့နဲ့၊ ကြားလား'

ဗိုလ်မင်းဖြတ်ဇသည် ထိုင်ရာမှ ထ၍ အသြောင်းဆန့်ရင်း
ပေးလိုက်သည်။

စိတ်ချပါ၊ ဒီနေ့ည လူခြေတိတ်ဆိတ်တဲ့ သန်းခေါင်အချိန်မှာ လျှို့
ဆွေးနွေးခန်းထဲ ဝင်ပြီး ချောင်ကြိုချောင်ကြားပါ မကျန် စေ့စေ့စပ်စပ်
ထားပါမယ်'

သီရိဖြတ်ကမွန်က အာမခံလိုက်ပြီး လူချင်း ခွဲလိုက်ကြပေသည်။

## အခန်း ၂၉

သန်းခေါင်ကြက်တွန်သံများ ကြားရပြီးနောက် အချိန်အနည်းငယ်ခန့် ကြာ
အခါ သီရိဖြတ်ကမွန်သည် အိပ်ရာမှထလာကာ ခြေသံမကြားရအောင်
သောက်၍ လာခဲ့ပြီး အခန်းဝသို့ ရောက်သောအခါ တံခါးရွက် အနီး
ကပ်၍ အသံဗလံကို နားထောင်နေပေသည်။

မြို့စားလေး၏ စံအိမ်တော်တစ်ခုလုံးမှာ တိတ်ဆိတ်လျက်ရှိပြီး
ပတ်ဝန်းကျင် တစ်ခုလုံးမှာ မှောင်မည်းနေပေသည်။ အိမ်သူအိမ်သား
အိပ်မောကျနေဟန်တူပေသည်။





သီရိဖြတ်ကမွန်သည် ခေတ္တမျှ ငြိမ်သက်စွာ အာရုံစိုက်၍ နားစွင့်
ရာမှ မည်သည့်အသံမျှ မကြားရသဖြင့် တံခါးရွက်ကို အသံမမြည်အောင်
ဖြည်းဖြည်း ဆွဲ၍ ဖွင့်လိုက်ပေသည်။

တံခါးပွင့်သွားသောအခါ မှေးမှိန်နေသော လရောင်သည် အခန်းထဲ
ရောင်ပြန်ဟပ်၍ ဝင်လာပေသည်။ ထိုအလင်းရောင်မှ လွဲ၍ အခြား
သည့် အလင်းရောင်ကိုမျှ မမြင်ရပေ။

သီရိဖြတ်ကမွန်သည် လရောင်လာရာသို့ ခေတ္တမျှ
စိုက်၍ နားစွင့်နေပေသည်။ နားအာရုံကို အစွမ်းကုန် စူးစိုက်
အား တစ်စုံတစ်ယောက်သော သူက မှောင်ရိပ်မှကွယ်၍
သည်ကို သီရိဖြတ်ကမွန် သတိမပြုမိပေ။

မည်သည့်အသံမျှ မကြားရသဖြင့် သီရိဖြတ်ကမွန်သည် အခန်းထဲမှ
ထောက်၍ ထွက်လာကာ ကျယ်ဝန်းသည့်လှေကားမှ အောက်ထပ်သို့
လာခဲ့ပေသည်။ သီရိဖြတ်ကမွန်မှာ စံအိမ်တော်၏ အနေအထားကို
ကောင်းစွာ သိသဖြင့် လျှို့ဝှက်ဆွေးနွေးခန်း၏ လျှို့ဝှက်တံခါး ရှိရာသို့
ကြီးမည်းမည်းမှာပင် တဖြည်းဖြည်း စမ်း၍ လာနိုင်ခဲ့ပေသည်၊

သီရိဖြတ်ကမွန် အခန်းထဲမှ ထွက်လာသည်ကို မှောင်ရိပ်ကွယ်၍
စောင့်ကြည့်နေသူသည် သီရိဖြတ်ကမွန်၏ နောက်မှ ခြေဖျား
ရွေ့ရွေ့ လိုက်ပါလာခဲ့ပေသည်။ သီရိဖြတ်ကမွန်မှာမူ ရှေ့သို့သာ
လျက်ရှိသဖြင့် မိမိ၏နောက်မှ ခြေရာခံပြီး လိုက်လာသူကို သတိမပြုမိ
ဖြတ်ကမွန်၏ နောက်မှ ခြေရာခံပြီး လိုက်လာသူမှာလည်း သီရိဖြတ်ကမွန်
စံအိမ်တော်၏ အနေအထားကို ကောင်းစွာသိသူ ဖြစ်သဖြင့်
မည်းမှာပင် ခြေသံမကြားအောင် ခြေဖျားထောက်၍ သီရိဖြတ်ကမွန်
မပြတ်အောင် ပေပါးလျှင်မြန်သည့် ခြေလှမ်းများဖြင့်
လာခဲ့ပေသည်။

ကျယ်ဝန်းသော ညှီခန်းဆောင်ကို ဖြတ်ကျော်လာခဲ့ပြီးနောက်
ဆောင်ဘက်သို့ ကူးသည့်နံရံရှိ သွေးစွန်းနေသောလက်
သစ်သားကို ထုလုပ်ထားသည့် လက်ပုံစံကိုဆွဲ၍
စ်သံ ကြားရပြီး လူတစ်ယောက် ဝင်သာရုံရှိသော လျှို့ဝှက်တံခါး ပွင့်သွား
ထိုလျှို့ဝှက်တံခါးမှတစ်ဆင့် လျှို့ဝှက်ဆွေးနွေးခန်းထဲသို့ သတိ
ခဲ့ပေသည်။

အခန်းထဲသို့ ရောက်သောအခါ သီရိဖြတ်ကမွန်သည် လျှို့ဝှက်တံခါး



www.burmeseclassic.com

www.burmeseclassic.com



တို အတွင်းမှ ပြန်ပိတ်လိုက်ပြီး မိမိနှင့် အတူပါလာသည့် မီးခတ်ဖြင့် မီးတုတ်ကို ထွန်းညှိလိုက်သည်။ မီးရောင်ဖြင့် အခန်း၏ပတ်ဝန်းကျင်ကို လေ့လာကြည့်လိုက်ရာ မိမိ၏ ရှေ့တည့်တည့်တွင် ဒုတိယ တံခါးရွက်တစ်ခုကို တွေ့သဖြင့် ထိုတံခါးရွက်ကိုဖွင့်ရန် ဒလက်ကို ဆွဲ၍မှ လိုက်စဉ် မိမိဝင်လာသည့် လှိုဏ်ခေါင်း တံခါး ဖွင့်သည့် အသံနှင့်အတူ ပြန်ပိတ်လိုက်သည့် အသံကိုပါ တစ်ဆက်တည်း ကြားရသဖြင့် သီရိဇြတ်ကမ္ဗန်သည် ခါးကြားတွင် ပါလာသည့် ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး လျင်မြန်ဖျတ်လတ်စွာ နောက်သို့ လှည့်ကြည့်လိုက်ရာ မိမိ နောက်မှ လိုက်လာသူမှာ အခြားမဟုတ်၊ နှင်းကေသရာဘွဲ့ခံ ခင်စောမယ် ဖြစ်သဖြင့် ဓားမြှောင်ကို ဆုပ်ကိုင်ထားရင်း ကြက်သေ သေပြီး ငေးစိုက်ကြည့်နေ မိသည်။

သီရိဇြတ်ကမ္ဗန်၏ လက်တွင် ဆုပ်ကိုင်ထားသည့် ဓားမြှောင်မှာ နှင်းကေသရာအား ချိန်ရွယ်ထားသလို ဖြစ်သဖြင့် နှင်းကေသရာမှာ ခြေလှမ်း တန့်သွားပြီး သီရိဇြတ်ကမ္ဗန်အား စိန်းစိန်းကြီး ကြည့်နေပေသည်။

'ဘာလဲ၊ သခင်မကို ဓားနဲ့ ထိုးသတ်မလို့လား။ စစ်သည်တော်ကြီး သတ်ရင် သခင်မ အသေခံရဲပါတယ်'

နှင်းကေသရာသည် အနည်းငယ်မျှ ကြောက်ရွံ့သည့် အမူအရာ မရှိ တင်းမာသည့် မျက်နှာထားဖြင့် ပြောလိုက်သည်။ သီရိဇြတ်ကမ္ဗန်မှာမူ နှင်း ကေသရာအား ကြက်သေ သေပြီး ငေးစိုက်ကြည့်နေရာမှ ဓားမြှောင်ကို ခါး ထဲသို့ ပြန်သွင်းလိုက်သည်။

'ဘုရား .... ဘုရား၊ လူမှားပြီး ဓားနဲ့ထိုးမိတော့မလို့ သီသီလေး လိုတော့တယ်။ ဘာဖြစ်လို့ အသံမပြုတာလဲ'

သီရိဇြတ်ကမ္ဗန်က ကရုဏာဒေါသောဖြင့် အပြစ်တင်လိုက်သည်။

'ဟင် တယ်ဟုတ်ပါလား၊ သူခိုးကပဲ လူလူဟစ်ရတယ် ရှိသေးတယ်။ ညဉ့်နက်သန်းခေါင် လူခြေတိတ်ဆိတ်တဲ့ အချိန်မှာ ခိုးကြောင်ခိုးဝှက် ဘာကြောင့် ဒီအခန်းထဲ ဝင်လာရတာလဲ။ သူခိုးကျင့် သူခိုးကြံ'

နှင်းကေသရာဘွဲ့ခံ ခင်စောမယ်က ဒေါသသံဖြင့် ပြန်လည် မေး လိုက်သည်။

'ဒီမှာ ခင်စောမယ်'

သီရိဇြတ်ကမ္ဗန်က ရှင်းပြရန် ကြိုးစားလိုက်သည်။

'ရှင် သိပ်တော်တဲ့လူ၊ စံအိမ်တော်မှာ လျှို့ဝှက်ဆွေးနွေးခန်း ရှိတာ အပြင်လူ တစ်ဦးတစ်ယောက်မှ မသိဘူးလို့ ထင်နေတာ ရှင် ဘယ်လိုလုပ်





သိသလဲ။ နတ်မျက်စိများ ရှိနေသလား မပြောတတ်ဘူး။ သူ့ခင်စစ်မှ ဟုတ်ရဲ့ လားဆိုတာ လူယောင်ဖန်ဆင်းလာတဲ့ နတ်သားလား၊ ဒါမှမဟုတ် လူယောင်ဆောင် လာတဲ့ သူလျှိုလား'

နှင်းကေသရာက မဲ့ကာရွဲ့ကာဖြင့် ငေါ့လိုက်သည်။

'ဒီမှာ နှင်းကေသရာ၊ ကျုပ် ရှင်းပြပါရစေဦး'

သီရိဇြတ်ကမ္ဗန်က ရှင်းပြရန် ကြိုးစားပြန်သည်။

'ရှင်းပြစရာရှိရင် နောက်မှရှင်းပြပါ။ ရှင့်ကို မေးစရာတွေ ရှိသေးတယ်။ မေးစရာရှိတာကို မေးပြီးမှ ရှင်ပြောစရာ ရှိတာကိုပြော။ ကဲ ရှင့်သေနင်း ကြီးကြီးကို တစ်နေရာမှာ ထောင်ထားပြီး ဟောဟိုညောင်စောင်းပေါ်မှာ ထိုင်ပါ။ ခုလို လူခြေတိတ်ဆိတ်တဲ့ အချိန်မှာ ဆွေးနွေးစရာ ရှိတာကို အေးအေးဆေးဆေး ဆွေးနွေးကြရအောင်'

နှင်းကေသရာသည် သီရိဇြတ်ကမ္ဗန်အား မိမိ၏ရှေ့တည့်တည့်တွင် ရှိသော ညောင်စောင်းပေါ်မှာ ထိုင်ရန် ညွှန်ပြလိုက်ပြီး မိမိမှာမူ ထိုညောင်စောင်း နှင့် မျက်နှာချင်းဆိုင် ညောင်စောင်းပေါ်တွင် ဝင်ထိုင်လိုက်သည်။

သီရိဇြတ်ကမ္ဗန်ကမူ နှင်းကေသရာ၏ အမူအရာကို အကဲခတ်၍ ကြည့်ရင်း သို့ဖြင့် တစ်စုံတစ်ရာ ပြန်မပြောဘဲ နှင်းကေသရာ ညွှန်ကြားသည့်အတိုင်း သေနင်းကို တစ်နေရာတွင် ထောင်ထားလိုက်ပြီး နှင်းကေသရာ ညွှန်ပြသည့် ညောင်စောင်းပေါ်တွင် ဝင်ထိုင်ရင်း နှင်းကေသရာ၏ အမူအရာကို အကဲခတ် ကြည့်ရာ နှင်းကေသရာသည် ၄င်း၏ရင်စည်းထဲတွင် ဝှက်၍ယူလာသော ပေထုပ် ကို ဆွဲထုတ်လိုက်သည်ကို မြင်ရသဖြင့် မျက်နှာပျက်သွားပေသည်။

ထိုပေထုပ်မှာ မိုးအုံးနောင်အတွက် မိမိ ရေးစပ်သီကုံးပေးခဲ့သည့် မေတ္တာဘွဲ့ကဗျာ ဖြစ်လိမ့်မယ်ဟု မှတ်ထင်သဖြင့် မျက်နှာပျက်သွားခြင်း ဖြစ်ပေ သည်။

'မိုးအုံးနောင်အတွက် မေတ္တာဘွဲ့ကဗျာတွေ ရေးပေးခဲ့မိတာ အပြစ် လို့ မှတ်ယူနေဦးမလို့လား။ ဒါက ဒီလိုပါ'

သီရိဇြတ်ကမ္ဗန်သည် မည်သည့်အတွက် မိုးအုံးနောင်ထံသို့ မေတ္တာ ဘွဲ့ကဗျာများ ရေးစပ်သီကုံးပေးခဲ့သည်ကို ရှင်းပြရန် ကြိုးစားလိုက်ရာ နှင်းကေ သရာက လက်ဝါးကာပြလိုက်သည်။

'မေတ္တာဘွဲ့ ကဗျာတွေ မဟုတ်ပါဘူး၊ ဒီမှာ စစ်သည်တော်ကြီး၊ ကျွန်မက နလပိန်းတုံး မထင်ပါနဲ့၊ ဒါလောက်တော့ အတွင်းသိ အဆင်းသိပါ။ ရှင့်ရဲ့ သခင် မောင်ဘုရား ဆက်သခဲ့တဲ့ မေတ္တာဘွဲ့ ကဗျာတွေဟာ သူ့ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



…ဝ်သီကုံးတာ မဟုတ်ဘူး။ စစ်သည်တော်ကြီး ရေးစပ်သီကုံးပေး…
…တ်ရေးနဲ့ ပြန်ကူးပြီး ဆက်သခဲ့တယ်ဆိုတာ သခင်မ မသိဘူး မထင်…
သခင်မ သိနေတာကြာပါပြီ။ သခင်မဆီမှာ ပါလာတဲ့ ပေတိုက စစ်သည်…
ကြီး ရေးစပ်သီကုံးပေးတဲ့ ကဗျာလင်္ကာ မဟုတ်ပါဘူး။ စကားပြေနဲ့ ရေး…
သားတဲ့ စာလွှာပါ။ ဒီစာလွှာနဲ့ ပတ်သက်ပြီး စစ်သည်တော်ကြီးကို သ…
မေးစရာတွေ ရှိတယ်။ သခင်မ မေးတာကို မှန်မှန် ဖြေမလား'

'မေးစရာ ရှိသာကိုသာ မေးပါ'

'ကောင်းပြီ၊ သခင်မ မေးမယ်။ စစ်သည်တော်ကြီးဟာ တစ်သ… စစ်မှုထမ်းလာခဲ့တယ် မဟုတ်လား'

'မှန်ပါတယ်၊ လူလားမြောက်တဲ့ အရွယ်ကစပြီး စစ်မှုထမ်းခဲ့ပါ…

'တိုက်ပွဲ တော်တော်များများမှာ ပါဝင် ဆင်နွှဲခဲ့ဖူးတယ် မဟုတ်…

'ဒါလည်း မှန်ပါတယ်'

'တိုက်ပွဲတွေမှာ ပါဝင် ဆင်နွှဲခဲ့ဖူးတယ်ဆိုရင် လူသတ်ခဲ့ဖူးမှာ…

နှင်းကေသရာက သီရိဖြတ်ကမွှန်၏ အမူအရာကို အကဲခတ်… မေးလိုက်သည်။

'အကြောင်းမဲ့သက်သက်တော့ လူတစ်ယောက်မှ မသတ်ခဲ့ဖူးပါ… လူသတ်ရမှာကိုလည်း စက်ဆုပ်ရွံရှာပါတယ်။ သွေးဆာနေလို့ စစ်မှုထ… မဟုတ်ပါဘူး။ နိုင်ငံတော်အတွက် အသက်ပေးပြီး စစ်မှုထမ်းခဲ့တာပါ'

'စကားတတ်တိုင်း လှည့်ပတ်ပြီး အဖြေပေးမနေစမ်းပါနဲ့။ သ… မေးတာကို တိတိကျကျ အဖြေပေးစမ်းပါ။ စစ်သည်တော်ကြီးရဲ့ လက်ချ… အသက်ဆုံးရှုံးခဲ့ရတဲ့လူတွေ ရှိတယ် မဟုတ်လား'

'ဒါတော့ မှန်ပါတယ်'

'စစ်သည်တော်ကြီးရဲ့ လက်ချက်နဲ့ အသက်ဆုံးရှုံးခဲ့ရသူတွေ… သူ့ရဲကောင်း သမိန်ဗရူလည်း ပါဝင်တယ် မဟုတ်လား'

'သူ့ရဲကောင်း မဟုတ်ပါဘူး၊ သစ္စာဖောက် လူယုတ်မာပါ'

'သူ့ရဲကောင်းပဲ ဖြစ်ဖြစ်၊ သစ္စာဖောက်ပဲ ဖြစ်ဖြစ် ရှင် သ… သေခဲ့ရတယ် မဟုတ်လား'

'အကြောင်းမဲ့ သက်သက် သတ်တာ မဟုတ်ပါဘူး'

'အရက်မူးပြီး ရန်ဖြစ်ရာက ရှင်က သူ့ကို ဓားနဲ့ခုတ်ပိုင်းပြီး သ… တ်ပစ်လိုက်တာ မဟုတ်လား'

'ဒါတော့ ဟုတ်ကို မဟုတ်ဘူး။ အရက်မူးဖို့ ဝေးလို့ အနံ့တောင် မ…





'နို့ဘာဖြစ်လို့ သတ်ရတာလဲ'

'တမင်သက်သက် သွေးဆာလို့ သတ်တာ မဟုတ်ပါဘူး။ … အခွင့်အရေးပေးပြီး ဓားချင်းယှဉ်ပြိုင်ခဲ့ကြတာပါ။ … ကြောင်းမဲ့သက်သက် သွေးအေးအေးနဲ့ ဘယ်တုန်းကမှ … လည်း ဝါသနာမပါဘူး'

သီရိဖြတ်ကမွှန်က အဖြေပေးလိုက်သည်။

'ဒါဖြင့် ကောင်းပြီ၊ တပ်မှူးစောနုသိုင်ကို ဘယ်သူသတ်… တာပဲ မဟုတ်လား'

'တပ်မှူး စောနုသိုင်က သစ္စာဖောက်သူလျှိုပါ။ ရန်သူကို သ… ချုပ်တို့ရဲ့ ရဲဘော်ရဲဘက်တွေ အသေဆိုးနဲ့ သေခဲ့ရပါတယ်။ ရွာ… ပေးတယ်။ ရွာသူရွာသားတွေကိုလည်း ညှဉ်းဆဲသတ်ဖြတ်ခြင်း … အပြစ်မရှိတဲ့ မိန်းမတွေ စော်ကားခံရပြီး ကလေးသူငယ်တွေပါ … စက် အသတ်ခံခဲ့ရပါတယ်။ ကြောင်တစ်သက်ပုံ ကြွက်တစ်မြီးဆိုတဲ့ …လို့ လူတစ်ယောက်အတွက် လူအများသေကျေပျက်စီးခဲ့ရတဲ့အတွက် …င်း သုတ်သင်ပစ်လိုက်ခြင်း ဖြစ်ပါတယ်'

'ရှင့်လက်ချက်နဲ့ အသက်ဆုံးရှုံးခဲ့ရတဲ့ လူတွေ အများကြီး ရှိ… …လား။ ဒါကို ရှင်ငြင်းမလား'

'မငြင်းပါဘူး၊ ဒါပေမဲ့ အကြောင်းမဲ့သက်သက်တော့ လူတစ်ယော… …တ်ခဲ့တာ အမှန်ပါ'

'ဒါကို အသာထားပြီး၊ ရှင် ဘာကိစ္စ ဆောင်းတူးမြို့ကို ရောက်… … မင်းကြီးသက်တော်ရှည်ရဲ့ သူလျှိုအဖြစ် စေလွှတ်လိုက်လို့ … …လား'

နှင်းကေသရာက ရုတ်တရက် မေးလိုက်ရာ သီရိဖြတ်ကမွှန်မှာ … …င်းသား ဖြစ်သွားပေသည်။

'ရှင်စောပုဘုရင်မကြီးရဲ့ အိမ်စောင့်ခွေးအဖြစ် ဘုရင်မကြီး… …ကြိုတင်ရောက်ရှိလာခြင်း ဖြစ်တယ်ဆိုရင် ပိုပြီးမှန်ပါတယ်။ … …သရာ ဘယ်လိုလုပ်ပြီး သိနိုင်ပါသလဲ'

သီရိဖြတ်ကမွှန်သည် နှင်းကေသရာ၏ အမူအရာကို … …လိုက်သည်။

သို့ရာတွင် နှင်းကေသရာသည် တင်ခုံ့တစ်ခု အဖြေပေးနိုင်… … တစ်နေရာတွင် ထောင်ထားသည့် မီးဘုတ်ကို အတန်ကြာ ငေးကြ… …ရာမှ သက်ပြင်းမှုတ်ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှတစ်ဖန် သီရိဗြတ်ကမွန်အား စက်ဆုပ်ရွံရှာသည့် အမူအရာ ခိန့်စိန့်ကြီး ကြည့်နေပေရာ၊ သီရိဗြတ်ကမွန်မှာ နှင်းကေသရာ၏ စူးရှ မျက်လုံးဒဏ်ကို မခံနိုင်သဖြင့် မသိမသာ မျက်လွှာချလိုက်သည်။

'ကဲပါလေ၊ မေးနေတာကို ဖြေစမ်းပါဦး။ စောစောက မေးခွန်း မှာ ပါရှိတဲ့ အချက်အလက်တွေကို နှင်းကေသရာ ဘယ်လိုလုပ်ပြီး သိ

သီရိဗြတ်ကမွန်သည် နှင်းကေသရာ၏ အမူအရာကို မသိ အကဲခတ်ရင်း အဖြေတောင်းလိုက်ပြန်သည်။

'ဘာဖြစ်လို့ လေကုန်ခံပြီး ဒီမေးခွန်းကို မေးနေရတာလဲ။ မေးတဲ့ မေးခွန်းတွေနဲ့ ပတ်သက်ပြီး ရှင်ကိုယ်တိုင်က ဖြေဖို့ဆိုချက်တွေ မဟုတ်လား။ ရှင်ဟာ သစ္စာဖောက် သူလျှိုဖြစ်ကြောင်း ရှင့်ရဲ့ပါးစပ်က ခဲ့တယ် မဟုတ်လား။ ရှင် သိပ်တော်တဲ့လူ၊ အရိပ်ကိုလည်း ခိုသေး အကိုင်းအခက်တွေကိုလည်း ချိုးသေးတယ်။ ရှင့်လောက် သစ္စာမဲ့တဲ့လူ ရှင် သူလျှိုဖြစ်ကြောင်း သခင်မ ဘယ်လိုလုပ်ပြီး သိသလဲဆိုတာ သိ ဟောဒီ စာလွှာကို ဖတ်ကြည့်။ ရှင့်မျက်နှာကို သခင်မ မကြည့်ချင်တော့

နှင်းကေသရာသည် ပြောပြောဆိုဆို စောစောက ရင်စည်းထဲမှ ထုတ်လိုက်သည့် ပေတိုကို ဆောင့်ကြီးအောင့်ကြီးနှင့် ပစ်ပေးလိုက်ပြီး ထ ထ၍ အခန်းထဲမှ ထွက်သွားရန် ခြေလှမ်းပြင်လိုက်ရာ သီရိဗြတ်ကမွန် နှင်းကေသရာ ပစ်ပေးလိုက်သည့် ပေတိုကို ကောက်မယူနိုင်သေးဘဲ နှင်း အခန်းထဲမှ ထွက်မသွားနိုင်စေရန် ရှေ့မှ ဆီးကာထားလိုက်သည်။

'ဒီမှာ ခင်စောမယ်၊ စိတ်လိုက်မာန်ပါ မလုပ်ချင်စမ်းပါနဲ့။ ခင် တို့ မောင်နှမရဲ့ အကျိုးအတွက် ကျုပ် အသက်နဲ့လဲပြီး စွန့်စွန့်စားစား တာကို ကဖျက်ယဖျက် မလုပ်ချင်စမ်းပါနဲ့။ ကျုပ်ရှင်းပြတာကို နားထောင်

'ရှင်ပြောတာကို သခင်မ တစ်ခွန်းမှ အယုံအကြည်ကို မရှိ စကားတတ်တိုင်း လှည့်ပတ်ပြောဆိုနေလို့ အကြောင်းမထူးတော့ဘူး။ တစ်ချောင်းနဲ့ လူရောင်းစားနေတာ ရှင်ပဲ။ ရှင့်လောက် ယုတ်မာတဲ့လူ ရှင့် မျက်နှာကိုလည်း မကြည့်ချင်တော့ဘူး။ သွား .... သွား ရှေ့က ကာဆီး သပ်မနေစမ်းပါနဲ့။ မောင်တော်ရဲ့ ကိုယ်ရံတော် စစ်သည်တော်တွေကို ခေါ် ဘိုက်ရမလား'

နှင်းကေသရာသည် သီရိဗြတ်ကမွန်အား လမ်းဖယ်ပေးရန် အသံကုန်ဟစ်၍ အကူအညီတောင်းရန် ပါးစပ်ပြင်လိုက်ရာ သီရိဗြ သည် ၎င်း၏ သန်မာသောလက်များဖြင့် နှင်းကေသရာအား ရန်း





...အောင် ချုပ်နှောင်ထားရင်း လက်တစ်ဖက်ဖြင့် နှင်းကေသရာ၏ လည်မျိုကို ...ထားလိုက်ရာ နှင်းကေသရာမှာ ပင့်ကူအိမ်တွင်နေသော ယင်ကောင်မှာ ...နိုင် မရုန်းနိုင် ဖြစ်နေသည်သာမက လည်မျိုကို တအားညှစ်ထားသဖြင့် ...ကွက်မလာတော့ဘဲ အသက်ရှူကျပ်၍ လာပေသည်။

သီရိဗြတ်ကမွန်၏ မျက်နှာကို ကြည့်လိုက်ရာ ကြောက်မက်ဖွယ်ရာ ...သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားသည်ကို မြင်ရပေသည်။

'မိုက်မဲလှချည်လား။ ဘာဖြစ်လို့ အော်လား၊ ဟစ်လား လုပ်ချင်ရတာ ...ကျုပ် ပြောတာကို နားထောင်မလား။ ကျုပ်ရဲ့ ရင်ခွင်ထဲမှာ အသက် ...သွားချင်သလား။ ဒီမှာ ခင်စောမယ်၊ မင်းကို သစ္စာဖောက်အဖြစ် လည်မျို ...ကိုနဲ့ နက်ပြီး ရက်ရက်စက်စက် အသတ်ခံရမှာကို ကျုပ်မကြည့်ရက်လို့ ...၊ ရင်ခွင်ထဲမှာ ကျုပ်ရဲ့လက်ချက်နဲ့ သေသွားတာကို ကျုပ်မြင်ချင်တယ် ...ဖောက်အဖြစ် လူသိရှင်ကြား ကြေညာခံရပြီး အရှက်တကွဲ အကျိုးနည်း ...ထက် ကျုပ်ရဲ့လက်ချက်နဲ့ သေရတာက ပိုပြီး မြတ်လိမ့်ဦးမယ်၊ မြို့စား ...သမီးဦးပဲ ဆိုပြီး မာန်မာန ခက်ထန်နေဖို့ အချိန်အခါ မဟုတ်တော့ဘူး။ ...တောတိုး ကမူးရှူးထိုး လုပ်နေစရာ အချိန်လည်း မဟုတ်တော့ဘူး။ ...ရှင်းပြတာကို နားထောင်မလား၊ ကျုပ်လက်ချက်နဲ့ အသေခံမလား၊ ဒါပဲ

သီရိဗြတ်ကမွန်သည် ကရုဏာဒေါသောဖြင့် နှင်းကေသရာအား ...သာ မလွန့်သာအောင် တအား ချုပ်နှောင်ထားပြီး အားကုန်ဟစ်၍ အော် ...မတောင်းနိုင်စေရန် လည်မျိုကို တင်းကျပ်စွာ ညှစ်ထားရင်း ကြောက် ...ဖွယ်ရာ မျက်နှာဖြင့် မေးလိုက်သည်။

နှင်းကေသရာမှာမူ အသက်ရှူကျပ်နေအောင် လည်မျိုကို အညှစ် ...သည့် ကြားမှ စိတ်အားမလျှော့ဘဲ သီရိဗြတ်ကမွန်အား ခက်ထန်သည့် ...ထားဖြင့် မော့ကြည့်လိုက်သည်။ သီရိဗြတ်ကမွန်၏ မျက်နှာထားမှာ ...နှင့်မတူဘဲ ကြောက်မက်ဖွယ်ရာ အသွင်ဆောင်လျက် ရှိသဖြင့် နှင်းကေ ...စိတ်တင်းထားသည့် ကြားမှပင် တစ်ကိုယ်လုံး နှတ်ပုသလို တုန်လှုပ်၍ ...သည်။ သီရိဗြတ်ကမွန်၏ မျက်နှာကိုပင် စေ့စေ့ကြည့်ရဲတော့သဖြင့် ...မျက်နှာကို သီရိဗြတ်ကမွန်၏ ရင်ခွင်ထဲတွင် ဝှက်ထားလိုက်သည်။

ဤတွင် သီရိဗြတ်ကမွန်သည် နှင်းကေသရာ၏ လည်မျိုကို ညှစ်ထား ...လက်အား အသာလျှော့ပေးလိုက်ပြီး နှင်းကေသရာအား ကလေးငယ်ကို ...ချော့သကဲ့သို့ ပွေ့ချီပြီး စောစောက နှင်းကေသရာ ထိုင်ခဲ့သည့် ညောင်စောင်း



www.burmeseclassic.com

www.burmeseclassic.com



...သို့ ယူလာကာ ညောင်စောင်းပေါ်တွင် ထိုင်စေသည်။ ၎င်း၏ မျက်နှာ... မှာမူ တင်းမာခက်ထန်လျက်ပင် ရှိပြီး နှင်းကေသရာ၏ အမူအရာကို မျက်... ကြုတ်ပြီး မျက်ခြည်မပြတ် ကြည့်နေပေသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ တစ်ဦး၏ အမူအရာ... တစ်ဦး အကဲခတ်နေရာမှ နှင်းကေသရာသည် သီရိဖြတ်ကမ္ဘန်၏ မျက်... မသိမသာ မော့ကြည့်လိုက်ရာ အကြည့်ချင်းဆုံ၍ သွားပေသည်။ သီရိဖြတ်... ၏ မျက်နှာထားမှာ ပြောင်းလဲခြင်း မရှိဘဲ တင်းမာခက်ထန်လျက်ပင် ရှိသည်... မြင်ရသောအခါ ချက်ချင်း မျက်လွှာချလိုက်သည်။

'ရှင် သိပ်ရက်စက်တဲ့လူ၊ သခင်မကို လည်မျိုညှစ်ပြီး အသေသတ်... ပေါ့လေ'

နှင်းကေသရာက ၎င်း၏လည်မျိုမှ အညိုအမည်း စွဲနေ... လက်ချောင်းရာများကို ပွတ်သပ်ရင်း စကားနာ ထိုးလိုက်သည်။

'သစ္စာဖောက်အဖြစ် ကြေညာခံရပြီး လူရှေ့သူရှေ့မှာ လည်... တုတ်တိုနှင့် မသေမချင်း ရက်ရက်စက်စက် ရိုက်နှက်ပြီး အသတ်ခံရတာ... မဆိုးသေးပါဘူး'

'သခင်မရဲ့ လည်မျိုကို ကြည့်စမ်းပါဦး။ အညိုအမဲတွေ စွဲနေ... တယ်။ အသက်တောင် မှန်မှန်မရှူနိုင်တော့ဘူး။ ပွန်းပဲ့များ သွားသေး... မသိဘူး'

နှင်းကေသရာသည် ၎င်း၏လည်မျိုကို စမ်းသပ်ကြည့်ရင်း ပြော... ပြန်သည်။

'ဒါလောက်ကလေးနဲ့ အဖြစ်သည်းနေစရာ မလိုပါဘူး။ သစ္စာ... အဖြစ် ကွပ်မျက်ခံရမှာနဲ့စာရင် လည်မျိုမှာ အညိုအမည်းစွဲတာလောက်... နေစရာ မလိုပါဘူး။ ကမ္ဘာမီးလောင်တာကို ဆီမီးခွက်နဲ့ နှိုင်းယှဉ်လို့ ... ကဲပါ၊ ကျုပ် ရှင်းပြတာကို အေးအေးဆေးဆေး နားထောင်မလား၊ နား... ဘူးလား။ ဒါကို ပြောစမ်းပါ'

သီရိဖြတ်ကမ္ဘန်က စိတ်မရှည်တော့သည့် အမူအရာဖြင့် ပြော... သည်။

'ရှင်းပြနေစရာ လိုသေးသလား။ ရှင်ဟာ မင်းကြီးသက်တော်... စေလွှတ်လိုက်တဲ့ သူလျှိုဖြစ်ကြောင်း ဝန်ခံပြီးပြီ မဟုတ်လား။ ရှင် ... လုပ်ခဲ့တယ်၊ ခု ဘာတွေလုပ်နေတယ် ဆိုတာ သခင်မ ပစ်ပေးလိုက်တဲ့ ... ထဲမှာ အတည့်အလင်း ဖော်ပြထားပါတယ်။ အဲဒီ စွပ်စွဲချက်တွေ မှန်ကန်...





...ဖြောင့်ချက်ပေးပြီးပြီ မဟုတ်လား။ ရှင့်ရဲ့ ပါးစပ်က ... ပြီး ရုပ်သိမ်းချင်သေးလို့လား။ ရှင် သူလျှိုမဟုတ်... ၊ သတ္တိရှိရင် စောစောက သခင်မ ပေးလိုက်တဲ့ ... ထွက်အောင် ဖတ်ပြစမ်းပါ။ ရှင် မျက်နှာပျက်ရင် ... ကြောင်း ဝန်ခံတာပဲ။ သတ္တိရှိရင် ဖတ်ပြစမ်းပါ။ ရှင် ... ဘူးလား ဆိုတာ သခင်မ အကဲခတ်ကြည့်မယ်'

နှင်းကေသရာက ပြန်ပြောလိုက်ရာ သီရိဖြတ်ကမ္ဘန်သည် ... သို့ ကျနေသည့် ပေစာကို ကောက်ယူလိုက်ပြီး မီးတုတ်အနီး... ထွက်အောင် ဖတ်ပြလိုက်သည်။ နှင်းကေသရာမှာမူ သီရိဖြတ်... အရာကို မျက်ခြည်မပြတ် အကဲခတ်၍ နေပေသည်။

နှင်းကေသရာဘွဲ့ခံ ခင်စောမယ် သိသာရန်မှာ –

အညတရကြေးစား စစ်သည်တော်၏ အသွင်ဖြင့် နှင်းကေသရာ... ရောက်ရှိလာသည့် သီရိဖြတ်ကမ္ဘန် ဆိုသူမှာ နှင်းကေသရာတို့ ... အား ဒုက္ခပေးရန် မင်းကြီးသက်တော်ရှည် စေလွှတ်လိုက်သည့် သစ္စာ... သူလျှို ဖြစ်၍ ထိုသူအား အထူးသတိထားပါ။

သီရိဖြတ်ကမ္ဘန် ဆိုသူမှာ သူလျှိုအဖြစ် အသက်မွေးဝမ်းကျောင်း... ခဲ့သူ ဖြစ်ပါသည်။ သူ၏ လက်ချက်ဖြင့် နိုင်ငံတော်၏ သား... ရတနာများ အသေဆိုးနှင့် သေခဲ့ရသည်အပြင် ၎င်း၏ သတင်း... အပြစ်မရှိသူများ မင်းပြစ်မင်းဒဏ် သင့်ပြီး ရက်ရက်စက်စက် ... ခံခဲ့ရပါသည်။

သီရိဖြတ်ကမ္ဘန်၏ လက်ချက်ဖြင့် အသေဆိုးနှင့် သေ... သူရဲကောင်းများ၏ စာရင်းကို အောက်တွင်ဖော်ပြထား...

ယခုလောလောဆယ် အရေးတကြီး သိထားရန်မှာ ... သည် မင်းကြီးသက်တော်ရှည်အား အယုံသွင်း၍ နှင်း... မောင်တော် ဗညားအိမ်တို့အား မင်းပြစ်မင်းဒဏ် သင့်အောင် ... အားထုတ်နေခြင်းပင် ဖြစ်ပါသည်။

သီရိဖြတ်ကမ္ဘန်၏ ရှေ့တွင် အပြောအဆို အနေအထိုင် ... ဆင်ခြင်ပါ။

ယခုဝင်လျှင် နှင်းကေသရာ အထော်တွင် သစ္စာဖောက်အဖြစ် မင်းပြစ် မင်းဒဏ် သင့်စေနိုင်သည့် အစီရင်ခံစာများကို မင်းကြီးသက်တော်ရှည်ထံ အဆက်မပြတ် ပို့နေလျက်ရှိကြောင်း သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာပြရလျှင်-

(၁) ရှင်မွေ့ခရ လူထွက်အား နန်းလျာထားသည့် ကိစ္စကို နှင်း
ကေသရာသည် လူသိရှင်ကြား ပြင်းပြင်းထန်ထန် ကန့်ကွက်ပြစ်တင်လျက်
ရှိသည် ဟူ၍ လည်းကောင်း၊

(၂) နှင်းကေသရာ၏ စံအိမ်တော်ကို သမက်တော် အကြီး
လိုလားသူများ မကြာခဏ လျှို့ဝှက်စွာ တွေ့ဆုံပြီး ဆွေးနွေးတိုင်ပင်
ကျင်းပလျက် ရှိသည် ဟူ၍ လည်းကောင်း၊

(၃) ခေါင်တော် မြို့စားလေး ဗညားအိမ်ကိုပါ သမက်တော်
အကြီး၏ ဘက်တော်သား အဖြစ်သို့ ရောက်ရှိလာအောင် နှင်းကေသရာ
ကိုယ်တိုင် သိမ်းသွင်းလျက် ရှိသည် ဟူ၍ လည်းကောင်း။

မင်းကြီးသက်တော်ရှည်ထံသို့ အစီရင်ခံစာ ရောက်ရှိနေပြီ ဖြစ်ကြောင်း
ကို တပ်အပ်သေချာ သိရပါသည်။

သီရိဖြတ်ကမွန်သည် အထက်ပါစာလွှာကို တစ်လုံးချင်း အသံထွက်
အောင် ဖတ်ပြလျက်ရှိစဉ် အထက်ပါစာပိုဒ်သို့ ရောက်သောအခါ နှင်းကေသရာ
က လက်ဝါးကာ၍ ဟန့်တားလိုက်သည်။

'နေဦး၊ နေဦး။ စောစောက စာပိုဒ်သုံးပိုဒ်ကို ပြန်ဖတ်ပြစမ်းပါဦး။
ဒီစာပိုဒ်သုံးပိုဒ်မှာ ပါရှိတဲ့ စွပ်စွဲချက်တွေဟာ မနေ့က သခင်မကို စစ်သည်တော်
ကြီး သတိပေးခဲ့တဲ့ စွပ်စွဲချက်တွေပဲ မဟုတ်လား။ ရှင် သိပ်တော်တဲ့လူ၊ မင်းကြီး
သက်တော်ရှည်ဆီကို ရှင်ကိုယ်တိုင် အစီရင်ခံစာပို့ပြီး သခင်မကို မလိုလားတဲ့
အတွင်းရန်သူကပဲ ကတ္တန်းကတိုက် လုပ်သလိုလို သခင်မရဲ့နားကို လှည့်
ပါးရိုက်ခဲ့သေးတယ် မဟုတ်လား'

နှင်းကေသရာက မျက်နှာထားတည်တည်ဖြင့် စွပ်စွဲလိုက်သည်။

'နှင်းကေသရာ စွပ်စွဲသလို ဟုတ်ကို မဟုတ်ဘူး။ အမည်မဖော်သော
အတွင်းရန်သူ တစ်ဦးဆီက မင်းကြီးသက်တော်ရှည်ဆီကို ပေးပို့လိုက်တဲ့ စာ
တစ်စောင်ကို ကျုပ်တွေ့ခဲ့ရလို့ ပစ်စာထဲမှာ ပါရှိတဲ့ စွပ်စွဲချက်တွေကို နှင်း
ကေသရာ ကြိုတင်ပြီး သိရှိထားပါစေတော့ဆိုတဲ့ စေတနာနဲ့ သတိပေးခဲ့တာ
ပါကို အသာထားပြီး စာလွှာကို ဆုံးအောင် ဖတ်ကြည့်ကြဦးစို့'

သီရိဖြတ်ကမွန်သည် နှင်းကေသရာထံမှ ရရှိသည့် စာလွှာ၏ အောက်
ဘက်ပိုဒ်များကို ဆက်လက်၍ အသံထွက်အောင် ဖတ်ပြလိုက်ပြန်သည်။

သို့ဖြစ်ပါ၍ သီရိဖြတ်ကမွန်အား နှင်းကေသရာ၏ စံအိမ်တော်
သက်ခံထားခြင်းမှာ မြွေပွေးကို ခါးပိုက် ပိုက်ထားသလို ဖြစ်နေသည်





သတိပြုပြီး သစ္စာဖောက် သီရိဖြတ်ကမွန်အား အမြန်ဆုံးသော ဖြစ်နိုင်
သည့်နည်းဖြင့် အမြန်ဆုံး ရှင်းလင်းပစ်ရန် သတိပေးချင်း ဖြစ်ပါသည်။

'ဖြစ်နိုင်သည့်နည်းဖြင့် အမြန်ဆုံး ရှင်းလင်းပစ်ရန် ဆိုပါလား စာလွှာ
ပေးပို့သူရဲ့ နာမည်နဲ့ လက်မှတ်လည်း မပါပါလား'

သီရိဖြတ်ကမွန်သည် တစ်ယောက်တည်း ပြောသလို ညည်းလိုက်သည်။

'ရှေ့ဆက်ပြီး ဖတ်စမ်းပါဦး'

နှင်းကေသရာက သတိပေးလိုက်ပြန်သည်။

'ရှေ့ဆက်ပြီး ဖတ်စရာ မလိုပါဘူး။ အောက်ဆုံးအပိုဒ်မှာ ကျုပ်ရဲ့
နောက်ချက်နဲ့ ကျဆုံးခဲ့တဲ့ သစ္စာဖောက်တွေရဲ့ နာမည်တွေ တသီတတန်းကြီး
ဖော်ပြထားတယ်။ ဒီနာမည်တွေ ဖတ်ပြစရာ လိုသေးသလား'

သီရိဖြတ်ကမွန်က ပြန်ပြောရင်း တစ်စုံတစ်ရာ လေးလေးနက်နက်
စဉ်းစားနေပေသည်။

'ကဲလေ .... ဒီစာလွှာနဲ့ ပတ်သက်ပြီး စစ်သည်တော်ကြီး ဘာပြောချင်
သေးသလဲ။ စကားတတ်တိုင်း ဝေ့လည်ကြောင်ပတ်လုပ်ပြီး ဆင်ခြေဆင်လက်
တွေ ပေးပါဦးလား။ ကဲလေ .... ဘာဖြေနေတာလဲ ဆင်ခြေဆင်လက် ပေးစရာ
မရှိတော့ဘူးလား'

နှင်းကေသရာသည် မဲ့ကာရွဲ့ကာဖြင့် သီရိဖြတ်ကမွန်အား ပြောလိုက်
သည်။

သီရိဖြတ်ကမွန်မှာမူ နှင်းကေသရာ ပြောဆိုသည့် စကားများကို
ကြားသည့် အမူအရာဖြင့် နှင်းကေသရာကိုပင် ပြန်မကြည့်ဘဲ နှင်းကေသရာ
ထံမှ ရရှိသည့် စာလွှာကို တစ်ကြောင်းချင်း စေ့စပ်သေချာစွာ လေ့လာနေသည်ကို
တွေ့ရပေသည်။

'ဖြစ်နိုင်တဲ့နည်းနဲ့ အမြန်ဆုံး ရှင်းလင်းပစ်ရမယ် ဆိုပါလား'

သီရိဖြတ်ကမွန်သည် စာလွှာတွင် ပါရှိသည့် ညွှန်ကြားချက်ကို ခုတိယ
အကြိမ် ဖတ်ပြရင်း တစ်ယောက်တည်း မှတ်ချက်ချလိုက်သည်။

'ကဲလေ .... ဒီစာလွှာမှာ ပါရှိတဲ့ စွပ်စွဲချက်တွေနဲ့ ပတ်သက်ပြီး ရှင်
ဘက်မှာ အပြစ်မရှိကြောင်း ဆင်ခြေဆင်လက် ပေးစမ်းပါဦး'

နှင်းကေသရာက ဝေ့လိုက်ပြန်သည်။ သီရိဖြတ်ကမွန်မှာမူ တစ်စုံ
တစ်ရာ ပြန်မပြောဘဲ စာလွှာကိုသာ အာရုံစိုက်လျက် ရှိသေးသည်။

'ဘာလဲ၊ စာလွှာမှာ ပါရှိတဲ့ စွပ်စွဲချက်တွေကို ချေလည်းအောင် မချေပ
နိုင်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာက သီရိဖြတ်ကမွန်အား မခံချိမခံသာ ဖြစ်သွားအောင် ပြောလိုက်ပြန်သည်။

'ချေပစရာ မလိုပါဘူး'

'မချေပနိုင်ဘူး ဆိုရင်လည်း ဝန်ခံလိုက်ပေါ့'

'ဝန်ခံစရာလည်း မလိုပါဘူး။ "အပြစ်ရှာလိုသော သူထံတွင် ဆင်ခြေ ခြင်းသည် အကျိုးမရှိ" ဆိုတဲ့ စကားပုံရှိတယ် မဟုတ်လား။ ဆင်ခြေလဲ လေကုန်ရုံပဲ ရှိမှာပေါ့။ ကျုပ်အပေါ်မှာ အပြစ်ရှိတယ်လို့ နှင်းကေသရာ ကြိုး အဆုံးအဖြတ် ပေးထားပြီး ဖြစ်တဲ့အတွက် ကျုပ် ဘာမှ မပြောချင်တော့ ဒါပေမဲ့ ကျုပ်ကို ဖြစ်နိုင်တဲ့နည်းနဲ့ အမြန်ဆုံး ရှင်းလင်းပစ်ရမယ်ဆိုတဲ့ ညွှန် ချက်နဲ့ ပတ်သက်ပြီး ပြောစရာ စကားတစ်ခွန်း နှစ်ခွန်းရှိတယ်။ ဖြစ်နိုင်တဲ့နည်း ရှင်းလင်းပစ်ရမယ်ဆိုတော့ အဆိပ်ကျွေးပြီး ရှင်းလင်းပစ်ရင်လည်း ဖြစ် တယ်။ အလစ်မှာ နောက်ကျောကို ဓားနဲ့ထိုးပြီး ရှင်းလင်းသုတ်သင်ပစ်ရင်လည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် လူရှင်းတဲ့ နေရာကို ဖြားယောင်းသွေးဆောင် ဒူးလေးနဲ့ ပစ်သတ်ရင်လည်း လက်သည်မပေါ်ဘဲ ကိစ္စတုံးနိုင်တာပဲ။ ဒူးလေး ပစ်သတ်ဖို့တော့ တစ်ကြိမ်ကြိုးစားခဲ့ပြီးပြီ။ ဒါပေမဲ့ ကုသိုလ် ကံ ထောက်မလို့ ခုအချိန်အထိ မသေသေးဘူး။ ဘယ့်နှယ့်လဲ၊ ကျုပ်ပြော မမှန်ဘူးလား'

သီရိဖြတ်ကမွန်က နှင်းကေသရာ၏ အမှုအရာကို အကဲခတ် ပြန်ပြောလိုက်ရာ နှင်းကေသရာမှာ မခံမရပ်နိုင်အောင် ဖြစ်သွားပေသည်။

'ဘာလဲ၊ ရှင့်ကို ချောင်းမြောင်းပြီး သတ်ဖြတ်ဖို့ လေးသည်တော် နေရာကို သခင်မ ဖြားယောင်းသွေးဆောင်ပြီး ခေါ်လာတယ်လို့ စွပ်စွဲတာ စော်ကားလှချည်လား။ သခင်မ အပေါ်မှာ ဒါလောက်တောင် အထင် သလား။ မတော်မတရား စွပ်စွဲတာ ကောင်းသလား'

'နှင်းကေသရာကို စွပ်စွဲတာ မဟုတ်ပါဘူး။ နှင်းကေသ ဒါလောက် ရက်စက်ယုတ်မာလိမ့်မယ်လို့လည်း မထင်ပါဘူး။ ဒါပေမဲ့ ခကြွခိုက် ကျီးနင်းခိုက်ဆိုသလို ဖြစ်နေတာကိုတော့ နှင်းကေသရာ ဝန်ခံ မယ်၊ ဒါကို အသာထားပြီး ကျုပ်ကို ဒူးလေးနဲ့ ပစ်သတ်ဖို့ကြိုးစားခဲ့တာ တစ် တော့ မအောင်မြင်ဘဲ လွဲသွားခဲ့ရပြီ။ ဒါပေမဲ့ နောက်တစ်ကြိမ် ထပ် ကြိုးစားဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး။ မဖြစ် ဖြစ်နိုင်တဲ့နည်းနဲ့ ရှင်း ရမယ် ဆိုတော့ အဆိပ်ကျွေးပြီး သတ်မလား၊ အလစ်မှာ နောက်ကျောကို ထိုးသတ်မလား ၊ တစ်နည်းနည်းနဲ့တော့ သေကြောင်းကြံမှာပဲ။ ဒါပေမဲ့



တာဝန် မပြီးပြတ်သေးခင် ကျုပ် အသေမခံနိုင်သေး ခံရ ပြီး နေသွားမှာပဲ'

သီရိဖြတ်ကမွန်က ပြန်ပြောလိုက်သည်။

'မသေချင်ဘူးဆိုရင် ဆောင်းတူးမြို့မှာ ကြာကြာ ရာကို တိမ်းရှောင်သွားပါတော့လား။ ဒီနေ့ညပဲ သွားရင် ကောင်းလိမ့်မယ် ထင်တယ်'

နှင်းကေသရာက သတိပေးသလိုလိုနှင့် နှင်ထုတ်နေသည်။

'ကျုပ်ထွက်သွားတာက အရေးမကြီးဘူး။ ကျုပ် မရှိရင် နှင်း အောင်နှမ ဘယ်လိုအဖြစ်ဆိုးနဲ့ ကြုံတွေ့ရမယ် ဆိုတာပါ ထည့်သွင်း ပေါ့'

'အို ဒါတွေကို သခင်မ မကြားချင်ဘူး။ သခင်မ သိချင်တာက ဒီ ပါတဲ့ စွပ်စွဲချက်တွေနဲ့ ပတ်သက်ပြီး အဖြေမှန်ကို သိချင်တယ်။ ရှင့်ရဲ့ ကို သိချင်တယ်။ ဒါမှသာ ရှင်ဟာ သခင်မတို့ရဲ့ မိတ်ဆွေလား၊ ရန်သူလား သိနိုင်မယ် မဟုတ်လား။ ရှင်ဟာ ဘယ်သူလဲ၊ ဘာကိစ္စ သခင်မတို့ဆီကို ရှိလာရတာလဲ။ ဒါတွေကို သခင်မ မှန်မှန်ကန်ကန် သိချင်တယ်'

'ကျုပ် ဘာကောင်လဲ ဆိုတာ ဘယ်လိုလုပ်ပြီး ပြောရမှာလဲ၊ ကျုပ် တဲ့ အလုပ်တွေဟာ ကျုပ်ရဲ့ကိုယ်ကျိုးအတွက် လုပ်နေတာ မဟုတ်ဘူး အကျိုး၊ နိုင်ငံတော်ရဲ့ အကျိုးအတွက် အသက်ပေးပြီး မိုက်မိုက် တဲ့ သတ္တဝါတစ်ကောင်ပါ။ နှင်းကေသရာဆီကို ကျုပ်ရောက်ရှိလာခဲ့ရ တော့ ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည်ကို ဖျက်ဆီး ကြီးရဲ့ အသက်ကို စောင့်ရှောက်ကာကွယ်ဖို့နဲ့ မြို့စားလေး ပျက်စီးကြောင်း ကြံစည်နေရုံသာမက အလစ်မှာ တ်ဖို့ ကြံစည်နေတဲ့ အတွင်းရန်သူတွေရဲ့ လက်တွင်းက ခဲ့တာပါ'

သီရိဖြတ်ကမွန်က တည်ငြိမ်သည့် ဣန္ဒြေဖြင့် ရာမှာ မျက်လုံးပြူးသွားပေသည်။

'မောင်တော် ဗညားအိမ်ကို သေကြောင်းကြံနေ လို့ ပြောနေတာလား။ သခင်မကို ထိတ်လန့်တုန်လှုပ်အောင် ခြောက်လှန့်နေတာလား'

'ခြောက်လှန့်နေတာ မဟုတ်ပါဘူး၊ နှင်းကေသရာရဲ့ ခမည်းတော် ရန်သူ့မြားချက်နဲ့ နတ်ရွာစံခဲ့သလို မောင်တော် မြို့စားလေး



www.burmeseclassic.com

www.burmeseclassic.com



ဗညားအိမ်ကိုလည်း လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်အားထုတ်နေတာကို ... သေချာ သိလို့ ပြောနေတာပါ'

'ခမည်းတော် နတ်ရွာစံတော်မူခဲ့ရတာဟာ ရန်သူ့လက်ချက်ကြော... မဟုတ်ပါဘူး။ တောကစားထွက်ရင်း မတော်တဆ မြားမှန်ပြီး အနိစ္စရောက်... ရတာ မဟုတ်လား'

'မဟုတ်ပါဘူး၊ တမင်သက်သက် ချောင်းမြောင်းပစ်ခတ်ပြီး သေစေ... ကြံခဲ့တာပါ။ ဒါကို နှင်းကေသရာ မသိဘူးဆိုပေမယ့် နှင်းကေသရာရဲ့ ... ဘုရား သီရိမာလာ ထိပ်ထားသခင်မ ကောင်းကောင်းကြီး သိပါတယ်။ ... ပြောတာကို မယုံရင် သီရိမာလာသခင်မထိပ်ထားကို မေးကြည့်ပါ။ နှ... မြို့စားကြီး လုပ်ကြံခဲ့ရသလို မြို့စားလေး ဗညားအိမ်ကို အလစ်မှာ ချောင်း... ပြီး လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်နေတာလည်း အမှန်ပါ။ ဒါကို သိလို့ မြို့... ဗညားအိမ်ကို မျက်ခြည်ပြတ် မခံဘဲ စောင့်ရှောက်နေရတာပါ။ မြို့... ဗညားအိမ် သက်ဆိုးရှည်တာကို မြင်ချင်ရင် ကျုပ်လုပ်နေတဲ့အလုပ်ကို အ... အယုက် အဟန့်အတားဖြစ်အောင် မလုပ်ပါနဲ့။ ကျုပ်ကို မကူညီချင်ရင် ... အနှောင့်အယှက်တော့ မပေးပါနဲ့။ ဒါကိုတော့ တောင်းပန်ပါရစေ'

သီရိဖြတ်ကမွန်က ရှင်းပြလိုက်ရာ နှင်းကေသရာမှာ မော... ဗညားအိမ်အပေါ်တွင် အသက်နှင့်ထပ်တူ ချစ်မြတ်နိုးတော်မူသဖြင့် မော... အတွက် အစိုးရိမ်ကြီး စိုးရိမ်သွားပေသည်။

'ရှင် ပြောတဲ့အတိုင်းသာ မှန်ရင် ရှင့်ကို အနှောင့်အယှက် ... ဝေးလို့ တတ်နိုင်သမျှ အကူအညီပေးဖို့ အသင့်ရှိနေပါတယ်။ ဒါပေမဲ့ ... မင်းကြီးသက်တော်ရှည်ရဲ့ သူလျှိုဖြစ်ကြောင်း ဝန်ခံထားပြီးသားဖြစ်တဲ့ ... ရှင်ပြောတဲ့စကားကို သခင်မ ဘယ်လိုလုပ်ပြီး ယုံရမှာလဲ။ ရှင့်အပေါ်မှာ ... စိတ်ချယုံကြည်လာအောင် သက်သေအထောက်အထား ပြနိုင်ရင် ... အစွမ်းကုန် ကူညီဖို့ အသင့်ရှိနေပါတယ်။ သခင်မ အပေါ်မှာ စိတ်ချ... ရွာဖြင့် ဟုတ်တိုင်း မှန်ရာကို ဖွင့်ပြောစမ်းပါ'

'လေယူရာတိမ်းတဲ့ ပဲပြားပင်လို စိတ်အပြောင်းအလဲ မြန်... ကေသရာကို ဘယ်လိုလုပ်ပြီး ယုံကြည်စိတ်ချလို့ ဖြစ်နိုင်မှာလဲ။ စိတ်... ငှင့်ကျက်တဲ့ နှင်းကေသရာရဲ့ အစီးဘုရား သီရိမာလာထိပ်ထား ... ပြောသင့်သမျှ အားလုံး ပြောထားပြီးပါပြီ။ အစီးဘုရား လုံးဝ... သိပါတယ်။ နှင်းကေသရာ သိချင်ရင် အစီးဘုရားကို မေးကြည့်ပါ'

'သခင်မကို ဒါလောက်တောင် အထင်သေးသလား။ သခ... အစီးဘုရားလောက်တော့ စိတ်ချိုင်ပါတယ်'







'စိတ်ချိုင်တယ် ဆိုပေမယ့် ကျုပ်ရဲ့ ကိုယ်တွေ့ ... အပြောင်းအလဲ ...တာကိုသာ တွေ့ခဲ့ရတယ်'

'ဒါတော့ ရှင် သက်သက် သခင်မကို စော်ကားတာ'

နှင်းကေသရာက ဒေါသသံနှင့် ပြန်ပြောလိုက်သည်။

'စော်ကားတာ မဟုတ်ပါဘူး။ အဆွေခင်ပွန်းကောင်း ... ...ကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ခြင်းသာ ဖြစ်ပါတယ်။ နှင်း... ...ဘုရားလောက် စိတ်ခတ်ကြံ့ခိုင်မယ်ဆိုရင် ခုလို ပြဿနာ... ...ဟုတ်ဘူး'

သီရိဖြတ်ကမွန်က အလျှော့မပေးဘဲ ပြန်လည် ချေပလိုက်သည်။

'တော် တော်၊ ဒီစကားကို ဒီမှာတင် ရပ်ပါ။ အဆွေခင်ပွန်း... ...တယ်ဆိုရင် သခင်မအပေါ်မှာ ယုံကြည်စိတ်ချစွာဖြင့် ပြောစရာ ရှိ... ...ပွင့်လင်းလင်းပြောပြီး တိုင်တိုင်ပင်ပင် အလုပ်လုပ်ဖို့ ကောင်းတယ် မဟုတ်... ...ရင် လုပ်ပုံကိုင်ပုံကို ကြည့်ရတာ လျှို့ဝှက်တဲ့ အကြံအစည် တစ်ခု... ...လိုပဲ။ ရိုးသားတဲ့ စိတ်နဲ့သာဆိုရင် လျှို့ဝှက်ဆွေးနွေးခန်းထဲကို ညဥ့်နက်... ...ခါင် လူခြေတိတ်ဆိတ်တဲ့ အချိန်မှာ တိတ်တဆိတ် ခိုးကြောင်ခိုးဝှက် ...ကြည့်စရာ မလိုဘူး။ သခင်မကို မပြောချင်ရင် မောင်တော်ဗညားအိမ်ကို... ...အချိန်မရွေး ဝင်ရောက် ကြည့်ရှုနိုင်ပါလျက်သားနဲ့ သူခိုးကျင့် သူခိုး... ...ဘာ ကောင်းသလား'

'ဒါက အကြောင်းရှိပါတယ်'

'ဒါကို ထားပါတော့။ သခင်မဆီကို ပထမဦးစွာ ရောက်ရှိလာ... ...သူတစ်ပါးရဲ့ ကြေးမြီကို မဆပ်နိုင်လို့ ထောင်သွင်း အကျဉ်းချ... ...အညတရ စစ်သည်တော်အဖြစ် သခင်ကို လှည့်စားခဲ့တယ် ... ...ရင် ဘာမဆိုလုပ်ရဲတဲ့ မိုက်ရူးရဲ့ ကြေးစားစစ်သည်တော်... ...ခင်မကို အယုံသွင်းခဲ့တယ် မဟုတ်လား။ ပြီးတော့ ရှင်ကိုယ်တိုင် ... ...တဲ့ မေတ္တာဘွဲ့ ကဗျာတွေကို မိုးအုံးနောင်မောင်ဘုရား ... ...အဖြစ် သခင်မကို လိမ်လည်လှည့်စားပြီး ... ...။ ဒါတွေကို ရှင် ငြင်းမလား'

'မငြင်းပါဘူး။ မငြင်းရုံတင် မကဘူး၊ နှင်းကေသရာရဲ့ ... ...ကြောင်း ဝန်ခံဖို့ အသင့်ရှိတယ်။ ဒါပေမဲ့ ခုလို လှည့်စား... အကြောင်းရှိပါတယ်။ ကျုပ်ရဲ့ အကျိုးအတွက် လှည့်စားခဲ့တာ ...ဘူး၊ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် ကာကွယ်ဖို့နဲ့ နှင်းကေသရာတို့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်နမကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေတဲ့ လူတွေရဲ့ လက်တွင်း ဘယ်တင်နိုင်ရေးအတွက် ခုလို လှည့်စားခဲ့ရတာပါ'

'စကားတတ်တိုင်း လှည့်ပတ်ပြီး ပြောမနေစမ်းပါနဲ့။ သခင်မ ရောက်ရှိလာတဲ့ အချိန်ကစပြီး သခင်မကို နည်းအမျိုးမျိုးနဲ့ လှည့်စား လူတစ်ယောက်ကို သခင်မက ဘယ်လိုလုပ်ပြီး ယုံကြည်စိတ်ချနိုင်မှာလဲ။ အပေါ်မှာ သံသယ ဝင်နေတာဟာ သခင်မရဲ့ အပြစ်လား။ ရှင်ဟာ ခင်ဗျား သက်တော်ရှည် စေလွှတ်လိုက်တဲ့ သူလျှိုမှုန်း ခုမှ သိတယ်။ ဒါကို ရှင် ဖုံးဖိ ဖုံးအုပ်ထားတယ် မဟုတ်လား။ ရှင့်ရဲ့ မသင်္ကာစရာ အပြုအမူတွေ ရှင့်အပေါ်မှာ သခင်မ ဘယ်လိုလုပ်ပြီး ယုံကြည်စိတ်ချနိုင်မှာလဲ။ ရှင့်အ သခင်မ စိတ်ချယုံကြည်လာအောင် လက်တွေ့လုပ်ပြစမ်းပါ။ ရှင်ဟာ တို့ မောင်နမအပေါ်မှာ တကယ် အကျိုးလိုလားလို့ အဆွေခင်ပွန်း တစ်ယောက် ဖြစ်ကြောင်း သခင်မ ယုံကြည်စိတ်ချလာအောင် အထောက်အထား ခိုင်ခိုင်လုံလုံ ပြစမ်းပါ။ ရှင့်အပေါ်မှာ စိတ်ချယုံကြည် ဆိုရင် သခင်မ အစွမ်းကုန် ကူညီဖို့ အသင့်ပဲ'

'မကူညီချင်ရင် နေပါ၊ အနှောင့်အယှက် မပေးရင် ကျေနပ် ဒီမှာ နှင်းကေသရာ၊ အချိန်ကို အလဟဿ ဖြုန်းတီးမနေစမ်းပါနဲ့။ အရေးကြီးတဲ့အလုပ် လုပ်စရာ ရှိသေးတယ်။ အချိန်လည်း တရွေ့ရွေ့နဲ့ မသိ ကုန်သွားပြီ။ စကားနိုင် လုနေစရာ အချိန်မဟုတ်ဘူး။ လာ .... သွား

သီရိဖြတ်ကမ္ဗန်သည် ပြောပြောဆိုဆို မီးတုတ်ကိုယူပြီး နှင်း အား မီးရောင်ဖြင့်လမ်းပြရင်း လျှို့ဝှက်တံခါးကို အတွင်းမှ ဖွင့်ပေးလိုက် နှင်းကေသရာမှာမူ ထိုင်ရာမှ မထဘဲ သီရိဖြတ်ကမ္ဗန်အား ငေးစိုက် ပေသည်။

'အဆွေခင်ပွန်းကောင်းတစ်ယောက် ဖြစ်ကြောင်းတော့ သ အထောက်အထား မပြတော့ဘူးလား။ သခင်မက စေတနာနဲ့ လက် ကို ပယ်ချတယ်ပေါ့လေ'

နှင်းကေသရာက ပြန်ပြောလိုက်သည်။

'ဒီမှာ ခင်စောမယ်၊ ကျုပ်ပြောတာကို နားထောင်စမ်းပါ။ အချေအတင် ပြောနေစရာ အချိန်မရှိတော့ဘူး။ အိပ်ဖို့ အချိန်တော်ပြီ မယ်ဘို့ မောင်နမကို အသက်ပေးပြီး စောင့်ရှောက်ကာကွယ်ပေး ဆောင့်ခွေးကြီးတစ်ကောင် ရှိနေတယ်ဆိုတာ ယုံကြည်စိတ်ချပြီး ထားအေး အိပ်စမ်းပါ။ ဒါပေမဲ့ အိပ်ရာမဝင်ခင် ရတနာသုံးပါးနဲ့





အားကို ဦးထိပ်ထားပြီး နှင်းကေသရာတို့ မောင်နမ နတ်ကောင်း ဖြတ်များ စောင့်ရှောက်ပါစေလို့ ဆုတောင်း ပါနဲ့၊ စောင့်ခွေးနဲ့တူတဲ့ ငမိုက်သား သီရိဖြတ်ကမ္ဗန် ကောင်း ကောင်းဖို့ မမေ့ပါနဲ့။ ငမိုက်သား သီရိဖြတ်ကမ္ဗန်သာ ဆိုရင် ခင်စောမယ်တို့ မောင်နမရဲ့ကံကြမ္မာ ဘယ်လို တောင် မတွေးဝံ့ဘူး။ ငမိုက်သား သီရိဖြတ်ကမ္ဗန်အပေါ်မှာ ည် ဖြစ်စေ၊ သံသယ ဝင်နေသည် ဖြစ်စေ ငမိုက်သား သီရိဖြတ် နေနဲ့ဦးလို့ ဆုမွန်ကောင်းတောင်းဖို့ မမေ့ပါနဲ့။ ငမိုက်သား သီရိ ကာနဲ့ တစ်ပြိုင်နက် ခင်စောမယ်တို့ မောင်နမ ဒုက္ခလှလှကြီး တွေ့ ကဲ အချိန်မရှိတော့ဘူး။ လုပ်စရာ အလုပ်တွေ အများကြီး ရှိသေး .... သွားကြမယ်'

သီရိဖြတ်ကမ္ဗန်က တံခါးဖွင့်ပေးထားရင်း နှင်းကေသရာအား ရာ နှင်းကေသရာသည် ခေတ္တမျှ တွေဝေနေရာမှ ညောင်စောင်းပေါ် ကာ သီရိဖြတ်ကမ္ဗန်၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့လေသည်။

## အခန်း ၃၀

ဖြတ်ကမ္ဗန်သည် နှင်းကေသရာအား အိမ်ခန်းသို့ အရောက်ပို့ ဝှက်ဆွေးနွေးခန်း၏ အနေအထားကို စေ့စပ်သေချာစွာ လေ့လာ အကြိမ် ရောက်ရှိလာပြန်သည်။

လျှို့ဝှက်ခန်းထဲသို့ ရောက်လာပြီးနောက် လျှို့ဝှက်တံခါးကို လိုက်ပြီးလျှင် မီးတုတ်ကို ထွန်းညှိ၍ မီးတုတ်မှ မီးရောင်ဖြင့် အထားကို စေ့စပ်သေချာစွာ လေ့လာကြည့်ရှုနေပေသည်။

လျှို့ဝှက်ဆွေးနွေးခန်းမှာ အတော်အတန် ကျယ်ဝန်းသေသည်။ တွင် တံခါးတစ်ချပ်တွေ့ရသဖြင့် ထိုတံခါးကို ဖွင့်ကြည့်လိုက် မြေအောက်သို့ဆင်းသည့် လှေကားကို တွေ့ရသေသည်။

ထိုလှေကားမှ ဆင်း၍ လာခဲ့ပေရာ လက်ယာဘက်သို့ သွားသည် ခုနှင့် ဝဲဘက်သို့သွားသည့် လိုဏ်ဂူတစ်ခုကို တွေ့ရပေသည်။

ရှေ့တည့်တည့်သို့ မီးရောင်ဖြင့် ကြည့်လိုက်သောအခါ မြေအောက်ခန်း တစ်ခန်းကို တွေ့ရပေသည်။ ထိုမြေအောက်ခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



တ်ကိုကိုင်ပြီး တဖြည်းဖြည်း ဝင်လာခဲ့ပေရာ မကြာမီ တံတောင်ဆ
ခင်နသို့ ရောက်ရှိလာပေသည်။ ထိုနေရာသို့ ရောက်သောအခါ လေ
ကိုက်ခတ်လာသည်ကို တွေ့ရှိပေသည်။ ထိုနေရာတွင် အထက်သို့ ပြန်
သည့် လှေကားတစ်ခုကို တွေ့ရသဖြင့် ထိုလှေကားမှ တစ်ဆင့် သတိနှင့် တ
တက်လာခဲ့ပေရာ မကြာမီ သစ်ပင်ချုံနွယ်များဖြင့် ပိတ်ဆို့နေသည့် လိုဏ်
အဝကို မြင်ရပေသည်။ ထိုလိုဏ်ဂူအဝမှာ ကဝေမကြီးဟု သမုတ်ခံနေရ
ဒေါ်အိုဇာ ပြောသည့် လိုဏ်ဂူဝပင် ဖြစ်ရမည်ဟု သီရိဖြတ်ကမ္ဘန် တွက်
ကာ မီးတုတ်ကို ငြိမ်းသတ်လိုက်ပြီး မှောင်ထဲတွင် စမ်း၍ လာခဲ့ပေရာ မ
လိုဏ်ဂူဝသို့ ရောက်၍လာပေသည်။

ချုံနွယ်ပိတ်ပေါင်းများဖြင့် ပိတ်ဆို့နေသော်လည်း လူတစ်ယေ
ထွက်သာအောင် ရှင်းလင်းခုတ်ထွင်ထားသည်ကို တွေ့ရသဖြင့် ထိုလိုဏ်
တစ်ဆင့် လျှို့ဝှက်ဆွေးနွေးခန်းထဲသို့ ဝင်ထွက်သွားလာနေသူများ ရှိ
ဖြစ်သည်ကို တပ်အပ်သေချာ ပြောနိုင်ပေသည်။

လိုဏ်ဂူဝ အနီးသို့ ရောက်သောအခါ သီရိဖြတ်ကမ္ဘန်သည်
ကပ်၍ အသံဗလံများကို နားထောင်နေပေသည်။

လေပြည်လေညင်း တိုက်ခတ်သဖြင့် သစ်ရွက်များ ရိုက်ခတ်သံ
အတူ တသွင်သွင် စီးဆင်းနေသည့် ရေလှိုင်းသံများသည် ညဥ့်၏ တိတ်
ခြင်းကို ဖောက်ထွင်း၍ ထွက်ပေါ်လာပေသည်။

သစ်ရွက်များ ရိုက်ခတ်သံနှင့် ရေသံလှိုင်းသံများကို အာရုံစိုက်
ရှိစဉ် သစ်ရွက်ခြောက်များပေါ်သို့ နင်းလာသည့် ခြေသံများ ကြားရ
နှစ်ယောက် လုံးလားထွေးလား ဖြစ်နေသည့် အသံများကို ဆက်လက်
သဖြင့် သီရိဖြတ်ကမ္ဘန်သည် ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး တင်းက
ဆုပ်ကိုင်ထားလိုက်သည်။

သီရိဖြတ်ကမ္ဘန်သည် ခေတ္တမျှ ငြိမ်သက်စွာ နားစွင့်နေရာမှ စော
အသံကြားသည့်နေရာသို့ ပေါ့ပါးသည့် ခြေလှမ်းများဖြင့် ခြေသံမကြားရ
ခြေဖျားထောက်၍ လာခဲ့ပေသည်။ မီးရောင် မရှိဘဲ မှောင်မည်းနေသဖြင့်
ဘ်ကမ္ဘန်သည် လက်ယာဘက်လက်တွင် ဓားမြှောင်ကို တင်းကျပ်စွာ ဆုပ်
ပြီး လက်ဝဲဘက်လက်ဖြင့် လိုဏ်ဂူနံရံကို စမ်းပြီး လာခဲ့စဉ် မိမိနည်း
ကို စမ်းပြီး ဝင်လာသူတစ်ဦးနှင့် ပက်ပင်းပါ တိုးမိသဖြင့်
ဆုပ်ကိုင်ထားသည့် ဓားမြှောင်ဖြင့် ထိုသူအား ချိန်ရွယ်ထားလို





သူသည် သီရိဖြတ်ကမ္ဘန်၏ ဓားမြှောင်ကိုင်
ထဲမှ ဓားကို လုယူရန် ကြိုးစားလိုက်သည်။

နှစ်ယောက်သား လုံးလားထွေးလား ဖြစ်
မှ ဓားမြှောင်ကို လုယူရန် ကြိုးစားနေသူသည်
ကိဝတ်ကို သံမဏိကဲ့သို့ မာကျောသည့်လက်ဖြင့်
ရင်ဝကို ခြေနှင့် ဆောင့်ကန်လိုက်ရာ သီရိဖြတ်ကမ္ဘန်မှာ
နိုင်ဘဲ နောက်သို့ ယိုင်လဲသွားပေသည်။ လက်ထဲတွင် ဆုပ်
မြှောင်မှာလည်း လွတ်ကျသွားပေသည်။

'သွားပြန်ပြီ တစ်ယောက်'

သီရိဖြတ်ကမ္ဘန်အား ခြေနှင့်ဆောင့်ကန်လိုက်သူသည် သီရိ
လက်မှ လွတ်ကျသွားသော ဓားမြှောင်ကို ခြေနှင့်ကန်ပစ်ရင်း
တ်လိုက်သည်။ ထိုသူ၏ အသံကို ကြားရသည့်နှင့် တစ်ပြိုင်နက်
ဗိုလ်မင်းဖြတ်ဇ ဖြစ်ကြောင်း အသံကို ကျက်မိသဖြင့် သီရိဖြတ်ကမ္ဘန်သည်
ကယာ ထိုင်ရာမှ ထ လိုက်သည်။

'ဗိုလ်မင်းဖြတ်ဇ'

သီရိဖြတ်ကမ္ဘန်က အသံပြုလိုက်သည်။

'ဟင် ဖြတ်ကမ္ဘန်ပါလား။ ကံကောင်းလို့ သိသိကလေး လို
ဖြင့်လို့ စောစောက အသံမပြုတာလဲ'

'ဗိုလ်မင်းဖြတ်ဇမှန်း သိမှ မသိဘဲကိုး။ ဒီနေရာကို ဗိုလ်
ပုံဘယ်နည်း ရောက်လာတာလဲ'

'ငါဘာကြောင့် ဒီနေရာကို ရောက်လာတယ်ဆိုတာ နောက်မှ
ဒါထက် လျှို့ဝှက်ဆွေးနွေးခန်းထဲသို့ မင်း ဝင်ကြည့်ခဲ့ပြီးပြီလား'

'ဝင်ကြည့်ခဲ့ပြီးပါပြီ။ ဒီနေရာဟာ လျှို့ဝှက်ဆွေးနွေးခန်းရဲ့
ပါ။ ဒီလိုဏ်ဂူဝက နေပြီး ဝင်ရင် လျှို့ဝှက်ဆွေးနွေးခန်းထဲကို
ယ်'

သီရိဖြတ်ကမ္ဘန်သည် လျှို့ဝှက်ဆွေးနွေးခန်းထဲသို့ ဝင်
မြေအောက်ခန်းသို့ ရောက်ခဲ့ပုံ၊ ထိုမှတစ်ဆင့် လိုဏ်ဂူဝ
ဂူဝ အနီးတွင် လူသံကြားသဖြင့် မီးတုတ်ကို ငြိမ်းသတ်ပြီး လိုဏ်ဂူဝသို့
ခဲ့ပုံကို ရှင်းပြလိုက်သည်။

'ဒါထက် စောစောက လူတစ်ယောက် ညည်းညူတဲ့ အသံလို
တယ်။ အဲ့ဒီလူ ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့လက်ချက်နဲ့ ဒဏ်ရာရပြီး ဘယ်လစ်ပြေးမှန်း မသိဘူး။ အဲဒီ...
...နောက်ကို ငါလိုက်လာရင်း မင်းနဲ့ ပက်ပင်းပါ တိုးမိတာပဲ'

'ဘယ်သူလဲ ဆိုတာ မသိဘူးလား'

'ဘယ်သူဘယ်ဝါ ဆိုတာတော့ မသိဘူး။ ဒါပေမဲ့ တစ်ယော...
ယောက်နဲ့ ချိန်းထားလို့ ဒီနေရာက လာစောင့်နေတဲ့ လူနဲ့တူတယ်။ ...
သွားလာမှုကို မသင်္ကာလို့ ငါလိုက်ချောင်းနေတာ။ ငါ့ကိုမြင်တော့ သူ့လက်...
ပါတဲ့ဓားနဲ့ ငါ့ကိုပြန်ပြီး ရန်မူမယ်လုပ်လို့ သူ့လက်ထဲက ဓားကို ငါ့ရဲ့ဓားနဲ့...
ရိုက်ချလိုက်ပြီး လက်ရဖမ်းဆီးဖို့ သူ့နောက်ကို ပြေးလိုက်အလာမှာ ...
ဝင်တိုးမိတာပဲ'

'ဒီလိုဆိုရင် ဒီအနီးအနားမှာပဲ ရှိလိမ့်ဦးမယ် ထင်တယ်။ ဒီကော...
လက်ရဖမ်းဆီး စစ်ဆေးကြည့်ရင် ဘာကိစ္စ ဒီနေရာကို လာတယ်ဆိုတာ ...
မှာပဲ။ သူ့နောက်ကို ခြေရာခံပြီး လိုက်ကြရရင် မကောင်းဘူးလား'

သီရိဇြတ်ကမ္ဗန်က အကြံပေးလိုက်သည်။

ထိုအခိုက်တွင် အနီးအနားရှိ တောတန်းဆီမှ မြင်းခွာသံကြားရ...
နှစ်ယောက်သား မှောင်ရိပ်ကိုကွယ်ပြီး နားစွင့်နေကြစဉ် ကြည်လင်စူး...
လေချွန်သံကို ကြားရပြီး မှေးမှိန်သော လရောင်အောက်သို့ ထွက်လာ...
မြင်းသည်တော် တစ်ဦးကို မြင်ရလေသည်။ ထိုအခိုက်တွင် ပလွေသံ...
လေချွန်သံလိုလို ကြားရပြီး မြင်းသည်တော်သည် လရောင်အောက်တွင် မြ...
ဇက်သပ်ပြီး ရပ်လိုက်သည်ကို မြင်ရသည်။

'ဟင် လက်စသတ်တော့ မင်းသိဒ္ဓတ်ပါလား'

ဗိုလ်မင်းဇြတ်ဇသည် လရောင်အောက်မှ မြင်းသည်တော်ကို ...
ကြည့်ရင်း သီရိဇြတ်ကမ္ဗန်ကို လက်ကုပ်၍ လေသံကလေးနှင့် ပြောလိုက်...

'ညဥ့်နက်သန်းခေါင် ဘာကိစ္စ ဒီနေရာကို လာရတာလဲ'

သီရိဇြတ်ကမ္ဗန်က လေသံကလေးနှင့် ပြန်ပြောလိုက်သည်။

'ကောင်းတဲ့ အကြံအစည်နဲ့ လာတာတော့ မဟုတ်နိုင်ဘူး။ ...
တဲ့ အကြံအစည် တစ်ခုခုနဲ့ လာတာ ဖြစ်ရမယ်။ စောစောက ငါ့လက်...
ဒဏ်ရာရပြီး လစ်ပြေးတဲ့ အကောင်နဲ့ ချိန်းဆိုထားလို့ လာတာ ဖြစ်လို...
သင်ဘယ်။ စောစောက လေချွန်သံလိုလို ကြားရတာဟာ သူတို့အချင်း...
အချက်ပေးလိုက်တာ ဖြစ်ရမယ်။ ဘာပဲဖြစ်ဖြစ် ငါတော့ မင်းသိဒ္ဓတ်နဲ့ ...
နှုတ်ချင်း ဆိုင်လိုက်ချင်တာဘဲ'

ဗိုလ်မင်းဇြတ်ဇမှာ စစ်သားကောင်း ပီသသူဖြစ်၍ လာမည့်...





...တွေ့ရမှ ကျေနပ်သူ ဖြစ်သည်နှင့်အညီ မိမိ၏ ... ဖွင့်ပြော...
...သည်။

'နေပါဦးလေ၊ လောမကြီးစမ်းပါနဲ့ဦး။ ... စောင့်ကြည့်...'

သီရိဇြတ်ကမ္ဗန်က သတိပေးရင်း ဗိုလ်မင်းဇြတ်...
...မသွားစေရန် ဆွဲထားလိုက်သည်။

'ငါတော့ စောင့်မကြည့်ချင်ဘူး။ လူချင်းတွေ့ပြီး ...
...၊ ပြီးတော့ မခံချင်အောင် ရန်စပြီး တစ်ခါတည်း ကိစ္စတုံး ...
...တယ်။ ဒီကောင် သေမှ အေးမှာ။ ဒီကောင် သိပ်လူလည်လုပ်...
...သူ မခုတ်တတ်တဲ့ ကြောင်သူတော် လုပ်နေပြီး ယုတ်မာရက်စက်တဲ့ ...
...ကို ကြံစည်နေတယ်။ ဒါကို မင်းအသိဆုံးပဲ။ မြို့စားရာထူး ...
...တော် မြို့စားကြီးကို သေကြောင်းကြံစည်ခဲ့တာလည်း သူပဲ။ ညီဝမ်း...
...လေး ဗညားအိမ်ကို သမိန်စက္ကဝေါနဲ့ လွှတ်ပေးပြီး ပျက်စီးရာ ပျက်စီး...
...ကြောင်း ကြံစည်ခဲ့တာလည်း သူပဲ။ ဒါလောက် ယုတ်မာတဲ့အကောင်ကို...
...မှာ ကြာကြာထားလို့ မဖြစ်ဘူး'

ဗိုလ်မင်းဇြတ်ဇက ပြန်ပြောလိုက်သည်။

'နေစမ်းပါဦး။ သူ ဘာလုပ်မလဲဆိုတာ စောင့်ကြည့်ပါဦး။ သူနဲ့...
...ထားတဲ့သူဟာ ဘယ်သူလဲဆိုတာ သိရရင် ပိုမကောင်းဘူးလား၊ ...
...ဆိုရင်း ဆိုရင်း ဒီဘက်ကို လာနေပြီ။ စောင့်ကြည့်စမ်းပါဦး'

သီရိဇြတ်ကမ္ဗန်က သတိပေးလိုက်ပြန်သည်။

သီရိဇြတ်ကမ္ဗန်က သတိပေးနေစဉ်မှာပင် မင်းသိဒ္ဓတ်သည် ...
...ကမ္ဗန်နှင့် ဗိုလ်မင်းဇြတ်ဇတို့ ပုန်းအောင်းနေသည့် လိုဏ်ဂူရှိရာသို့ ...
...သည်ကို မြင်ရပြီး စောစောက ကြားရသည့် လေချွန်သံအတိုင်း ...
...နှင့် လေချွန်လိုက်သည့် အသံကို ကြားရပြန်သည်။ ...
... မြင်းကို ဇက်သတ်၍ ငြိမ်သက်စွာဖြင့် တစ်စုံတစ်ရာ နား...
... ငြိမ်သက်စွာ နားစွင့်နေပြီးနောက် တစ်ကြိမ် ထပ်မံ၍ ...
...လိုက်ပြန်သည်။

ဗိုလ်မင်းဇြတ်ဇမှာ ဂနာမငြိမ် ဖြစ်နေရာမှ လေချွန်သံ ...
...ပြင်နက် မိမိအား သီရိဇြတ်ကမ္ဗန် ဟန့်တားခြင်း ...
...တတ်သည့် ခြေလှမ်းများဖြင့် လိုဏ်ဂူဝမှ ထွက်လာခဲ့ပြီး ...
...ကိုင်၍ မင်းသိဒ္ဓတ်ရှိရာသို့ လာခဲ့ဆသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသိဒ္ဓတ် အနီးသို့ ရောက်သောအခါ ခက်ထန်မာကျော
အမူအရာဖြင့် မင်းသိဒ္ဓတ်အား စိန်းစိန်းကြီး ကြည့်နေပေသည်။

မင်းသိဒ္ဓတ်သည် မှောင်ရိပ်မှ ထွက်လာသော ဗိုလ်မင်းဖြတ်
အတွက်မျှ မျက်မှောင်ကြုတ်၍ ကြည့်နေရာမှ ၄င်း၏လက်ကို မြှောက်၍
ရှင်သည့် အမူအရာဖြင့် နှုတ်ဆက်လိုက်သည်။

'အလို အကြည်တော် မင်းနန္ဒာပါလား'

မင်းသိဒ္ဓတ်က ဝမ်းသာအားရသည့် အမူအရာဖြင့် နှုတ်ခွန်း
လိုက်သည်။

ဗိုလ်မင်းဖြတ်ဇမှာ မင်းကြီးသက်တော်ရှည်၏ သဘောတူခွင့်ပြု
အရ ရှင်စောပု ဘုရင်မကြီးကို လုပ်ကြံရန် အင်းဝမှာ စေလွှတ်လိုက်သည့်
ဖောက် မင်းနန္ဒာ၏ အဝတ်အစားများကို ဝတ်ဆင်ကာ မင်းနန္ဒာဟန်ဆော
စစ်တောင်းမြို့စားကြီး၏ သားတော် သမိန်တိဿကုမ္ဘာမှ တစ်ဆင့် မင်း
နှင့် မင်းရွှေခဲတို့ထံ ရောက်ရှိလာခဲ့ခြင်းဖြစ်၍ ဗိုလ်မင်းဖြတ်ဇအား သစ္စာ
မင်းနန္ဒာအဖြစ် နှုတ်ခွန်းဆက်လိုက်ခြင်း ဖြစ်ပေသည်။

'ဒီမှာ မင်းသိဒ္ဓတ်၊ ညဦးအချိန်မတော် ဒီနေရာကို ဘာလာလုပ်
ဒါကို ကျုပ်သိချင်တယ်။ ကျုပ်ကို အရောဝင်နေစရာ မလိုဘူး။ ကျုပ် ဘာ
လဲ ဆိုတာ သိတယ် မဟုတ်လား။ ဘယ်သူ့ကိုမှ ဗိုလ်မထားတဲ့ မင်းနန္ဒာ
ကြားဖူးတယ် မဟုတ်လား။ အချင်းချင်း သစ္စာဖောက်မယ်တော့ 
အကြောင်း သိသွားမယ်'

မင်းနန္ဒာဟန်ဆောင်လာသော ဗိုလ်မင်းဖြတ်ဇက တမင်သ
ရန်စလိုက်သည်။

'အချင်းချင်း တွေ့တဲ့ဥစ္စာ ရန်စကား ပြောမနေစမ်းပါနဲ့။ အကြည်
လည်း အကြည်တော်ရဲ့ ကိစ္စနဲ့ ဒီနေရာကို ရောက်လာတာပဲ မဟုတ်
ကျုပ်လည်း ကျုပ်ကိစ္စနဲ့ ကျုပ်လာတာပါ။ မင်းမှာသစ္စာ လူမှာကတိ
စကားနဲ့အညီ တစ်ဦးအပေါ်မှာ တစ်ဦး သစ္စာမဖောက်ရင် ပြီးတာပဲ။
အပေါ်မှာ ကျုပ် ဘယ်တော့မှ သစ္စာမဖောက်ပါဘူး'

'စောစောက လေချွန်တာ ဘယ်သူ့ကို အချက်ပေးတာလဲ'

ဗိုလ်မင်းဖြတ်ဇက မျက်နှာထားဖြင့် မေးလိုက်သည်။

'အချက်ပေးတာ မဟုတ်ပါဘူး။ လရောင်ကြောင့် စိတ်ကြည်
လေချွန်နေတာပါ'

'ခင်ဗျားကြည်နူးလို့ လေချွန်တာ ဟုတ်ကိုမဟုတ်ဘူး။ ကျုပ်ကို သ





ပတ်ရိုက်နေတာ မဟုတ်လား။ အချင်းချင်းတွေကို အဘယ်ကြောင့် ဘာ်ပတ်
ချင်ရတာလဲ'

'ကျုပ်အပေါ်မှာ အကြည်တော် အထင်လွဲနေပြီ။ အကြည်တော်ကို
ဖြစ်လို့ တစ်ပတ်ရိုက်ရမှာလဲ။ အချင်းချင်းတွေပဲ ဥစ္စာ'

'စကားပြော ချိုတဲ့လူဟာ အတွင်းမနေ ပုပ်တတ်တယ်'

ဗိုလ်မင်းဖြတ်ဇက ရန်မရှိ ရန်စ ထောင်လိုက်ပြန်သည်။

'အကြည်တော် လူကဲခတ်မှားနေပြီ။ ကျုပ်က ဘွင်းဘွင်း
မမှန်တဲ့စကားကို ဘယ်တုန်းကမှ မပြောခဲ့ဘူး။ ကျုပ်အပေါ်မှာ အကြည်
အထင်လွဲပေမယ့် အကြည်တော်အပေါ်မှာ ကျုပ် ဘယ်လိုမှ
ဘူး။ ကျုပ်အကြောင်း ကောင်းကောင်း မသိသေးလို့သာ အထင်လွဲ
မယ် ဆိုပြီး ခွင့်လွှတ်ပါတယ်'

'ဒီမှာ မင်းသိဒ္ဓတ်၊ ကျုပ်ကို ဒီနည်းမျိုးနဲ့ တစ်ပတ်ရိုက်လို့
ကျား ရင့်မာကြီး ဖြစ်ပါလျက် ဘာဖြစ်လို့ မိန်းမလို မိန်းမရ လိမ်ချင်
ကောက်ချင်ရတာလဲ။ ယောက်ျားပီပီ အမှန်တရားကို သတ္တိရှိရှိ ရင်ဆိုင်ပြစ်
ဖြစ်လို့ လိမ်ချင်ကောက်ချင် ရတာလဲ။ ဒါလောက်တောင် သတ္တိမရှိရင်
တ်ပြီး သနပ်ခါး လိမ်းနေဖို့ပဲ ကောင်းတယ်'

ဗိုလ်မင်းဖြတ်ဇက မင်းသိဒ္ဓတ်အား မခံမရပ်နိုင်အောင် ရန်လို
သည်၊ မင်းသိဒ္ဓတ်မှာ အနည်းငယ် မျက်နှာပျက်သွားသော်လည်း ချက်ချင်း
ဆည်လိုက်ပြီး မရယ်ချင့် ရယ်ချင် ရယ်လိုက်သည်။

'သတ္တိမရှိတာတော့ အမှန်ပဲ။ ဒါကို ကျုပ်ဝန်ခံတယ်။ ကျုပ်က
ဆောင့်ရဲတင်းတိမ်ပြီး စိတ်အေးချမ်းသာ နေချင်တဲ့လူ။ ဘယ်သူ့ကိုမှ
ချင်ဘူး။ ကျုပ်ကို ရန်ရှာတဲ့လူကိုလည်း ကျုပ်က အရှုံးပေးပြီး
ခဲ့တဲ့လူပါ။ ကဲ အချိန်လည်း မရှိတော့ဘူး။ အကြည်တော်တို့
ကို လုပ်ကြပါ။ ကျုပ်လည်း အိမ်ပြန်ပြီး စိတ်အေးလက်အေး
လိုက်ဦးမယ်'

မင်းသိဒ္ဓတ်သည် လေသံပျော့ကလေးဖြင့် ပြန်ပြောလိုက်ပြီး
သို့ ပြန်သွားပေရာ ဗိုလ်မင်းဖြတ်ဇသည် ဟားခနဲ အသောင်းသောဖြင့်
ခဲ့ပေသည်။

'ခွေးတိရစ္ဆာန်ကောင်၊ မိန်းမလောက်တောင် သတ္တိမရှိဘူး'

ဗိုလ်မင်းဖြတ်ဇမှာ မင်းသိဒ္ဓတ်နှင့် တစ်ချီတစ်ခွဲ အထဲခံမည်လို
အခံမကျေနိုင်အောင် ဖြစ်၍ ကျုံ့ရင်ခဲ့ရာမှ တစ်ယောက်တည်း
သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဗိုလ်မင်း ပြောတာ မှန်တယ်။ မင်းသိဒ္ဓတ်ဆိုတဲ့ သတ္တဝါက မိန်း မိန်းမရ သိပ်နိုင်တယ်။ မြွေဟောက်လို လျှာနှစ်ခွနဲ့ဆိုတာ သူပဲ။ ပရိယာ မာယာလည်း သိပ်များတယ်။ သူ့ကို ဒီနည်းမျိုးနဲ့ ရန်စလို့ မရဘူး။ ဒီ သ်လို့ စောစောကတည်းက ဗိုလ်မင်းကို ကျွန်တော် သတိပေးတယ် မဟုတ် ခုဆိုရင် သူ ဘာကိစ္စ ဒီနေရာကို လာတယ် ဆိုတာတောင် ကျွန်တော်တို့ လိုက်ရတော့ဘူး။ ကျွန်တော် ပြောသလိုသာ သူ့ရဲ့ သွားလာလှုပ်ရှား လိုက်ဂူက နေပြီး ချောင်းမြောင်းကြည့်ရှုနေမယ် ဆိုရင် သူ့ရဲ့ခြေလှမ်းကို သိ သလောက် သိရမယ် မဟုတ်လား'

'လူတစ်ယောက်ရဲ့ အသက်ကို သွေးအေးအေးနဲ့ မသတ်ရက်လို့ နို့မဟုတ်ရင် ခွေးတိရစ္ဆာန် သေတာကြာပြီ။ ဒါလောက် မခံချင်အောင် တာတောင် အရှက်မရှိဘဲ အရှုံးပေးသွားတယ်'

'အရှုံးပေးတာ မဟုတ်ဘူး။ ဗိုလ်မင်းကို အနိုင်ယူသွားတာ။ ဗိုလ် ခံလိုက်ရပြီ မဟုတ်လား။ မင်းသိဒ္ဓတ်အကြောင်း ကျွန်တော် ကောင်း ကြီး သိတယ်။ သူ့ကို ဒီနည်းမျိုးနဲ့ ရန်စလို့ မရဘူး။ ကလိမ်ဉာဏ် သိပ် တဲ့ အကောင်။ မိန်းမလို မိန်းမရ နိုင်သလောက် ရက်စက်ယုတ်မာတဲ့ အ ဗိုလ်မင်း စောင့်သာ ကြည့်နေပါ။ မင်းသိဒ္ဓတ်ကို ကျွန်တော့်နည်းနဲ့ ကျွ ဆုံးမပြမယ်'

'မင်း ဆုံးမပြတာကို ဘယ်လောက်ကြာအောင် စောင့်ကြည့်ရ

'သိပ်မကြာပါဘူး၊ နက်ဖြန်နေ့လယ်အထိ စောင့်ပါ။ နက်ဖြန်နေ့ မွန်းတည့်ချိန်မှာ ဗိုလ်မင်းကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ရပါလိမ့် ပရိယာယ်မာယာများတဲ့ လူကို ပရိယာယ်မာယာနဲ့ ဖြားယောင်းပြီး ဆုံးမမ ဒါက အရေးမကြီးဘူး၊ ညဦးအချိန်မတော် ဗိုလ်မင်း ဘာကိစ္စ ဒီနေရာ ရတာလဲ'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'မင်းကို သတိပေးစရာရှိလို့ လာစောင့်နေတာ။ ဒီနေ့ည ဗို သမိန်စက္ကဝေါနဲ့ သူ့ရဲ့နောက်လိုက်ယောင်သားတွေ ထန်းတောကြီးကို ရော ကြ: မင်းကို သေကြောင်းကြံလိမ့်မယ်'

'ကျွန်တော့်ကို သေကြောင်းကြံတာတော့ ရိုးနေပါပြီ'

သီရိဖြတ်ကမွန်က အရေးမစိုက်သည့် အမူအရာဖြင့် ပြန်ပြော

'ရိုးနေပါပြီ ဆိုပေမယ့် ပေါ့ပေါ့ဆဆနေလို့ မဖြစ်ဘူး။ သတ်





တယ်။ ဘာမဟုတ်တာနဲ့ အသေမခံနိုင်သေးဘူး။ ဘုရင်မကြီးရဲ့ အသက် ကိုယ်ကို ကာကွယ်စောင့်ရှောက်ဖို့ မင်းနဲ့ငါ့မှာ တာဝန်ရှိတယ်။ ဒီကြားထဲ ဘာမဟုတ်တဲ့ ကိစ္စနဲ့ မင်းသေသွားရင် ဘုရင်မကြီးရဲ့ အသက်ကိုယ်ကို ကွယ်စောင့်ရှောက်နိုင်မှာ မဟုတ်ဘူး။ သစ္စာဖောက်တွေရဲ့ အကြံအစည် မြင်သွားလိမ့်မယ်။ ဒါက တစ်အချက်။ နှစ်အချက်က မင်းကို လုပ်ကြံ နှင်းကေသရာကို သမိန်စက္ကဝေါ အပိုင်စီးလိမ့်မယ်'

ဗိုလ်မင်းဖြတ်ဇက ရှင်းပြလိုက်ရာ သီရိဖြတ်ကမွန်မှာ သွက်လာပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

'ဒါကို ဗိုလ်မင်း ဘယ်လိုလုပ်ပြီး သိခဲ့ပါသလဲ။ သမိန်စက္ကဝေါနဲ့ ခဲ့လို့ပါလား'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'သမိန်စက္ကဝေါနဲ့ မတွေ့ခဲ့ပါဘူး။ သမိန်တိဿကုမ္မာ ပြောပြလို့ သိရ ၊ နှင်းကေသရာနဲ့ ပတ်သက်ပြီး သမိန်တိဿကုမ္မာနဲ့ သမိန်စက္ကဝေါတို့ ချေအတင် ပြောခဲ့ကြရသေးတယ်လို့ သိရတယ်။ မင်းသိတဲ့အတိုင်း သရာကို သမိန်တိဿကုမ္မာ မျက်စိကျနေပြီး မေတ္တာတွဲ့ ကချာလကျာ က်သခဲ့တယ် မဟုတ်လား။ သမိန်စက္ကဝေါကလည်း တစ်ချိန်တုန်းက သရာကို မရမနေ ပိုးပန်းခဲ့ဖူးတယ်။ ဒါကြောင့် သူတို့နှစ်ယောက် ရန်သူဆိုသလို ဖြစ်နေတယ်။ ဒါကြောင့်လည်း သမိန်စက္ကဝေါရဲ့ စည်တွေကို တစ်ခုမကျန် ငါ့ကို ဖွင့်ပြောတာပါ'

'သမိန်စက္ကဝေါရဲ့ အကြံအစည်က ဘာလဲ'

'ငါစောစောက ပြောခဲ့ပြီးပြီ မဟုတ်လား။ မင်းအပေါ်မှာ သမိန်စက္က ကျေဘူး။ မြို့စားလေး ဗညားအိမ်ကို သူ့ရဲ့လက်ခုပ်တွင်း ရောက်အောင် ကို ခေါ်ပြီး နည်းအမျိုးမျိုးနဲ့ ဖျက်ဆီးနေတဲ့ အချိန်မှာ မင်းနဲ့ သူ ရောက်သွားပြီး ဗညားအိမ်ကို သမိန်စက္ကဝေါရဲ့ လောင်းရိပ်အောက် မြောက်အောင် ကယ်တင်လာခဲ့ရုံသာမက မင်းတို့ရဲ့ ဆောင်ရွက်ကြောင့် ဝေါ လက်ကျိုးခဲ့ရတယ် မဟုတ်လား။ ဒါကြောင့် မင်းအပေါ်မှာ ကလေးမှ အခဲမကျေဘူး။ မင်းကို တစ်နည်းနည်းနဲ့ လုပ်ကြံလိမ့်မယ်။ အချက်။ သုံးအချက်ကတော့ မင်းကို လုပ်ကြံပြီးရင် နှင်းကေသရာကို စီးလိမ့်မယ်။ နှင်းကေသရာ ကိုယ်တိုင်က သူ့ခြေသလုံးကို ဖက်ပြီး သတ်သပ်ဖို့ တောင်းပန်ယူရအောင် လုပ်ပြမယ်လို့ ကြုံးဝါးနေတယ်'

'ဘယ်လို လုပ်ပြမှာလဲ၊ သူ့လိုလူယုတ်မာကို နှင်းကေသရာ အသေခံတော့မှ



www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးဖက်ပြီး တောင်းပန်မှာ မဟုတ်ဘူး။ သူနဲ့ လက်ထပ်ဖို့ဆိုတာ ...
ကြီးပဲ'

'သမိန်စက္ကဝေါကို မင်း သိပ်ပြီး အထင်မသေးပါနဲ့။ နှင်းကေ ...
အပေါ်မှာ နိုင်ချက်ရှိတယ်။ သူနဲ့လက်ထပ်ဖို့ အရေးဆိုလာရင် နှင်းကေ ...
ငြင်းဝံ့မှာ မဟုတ်ဘူး'

'ဘာပြုလို့ မငြင်းဆန်ဝံ့ရမှာလဲ။ တစ်ခါတုန်းက ငြင်းဆန် ...
မဟုတ်လား'

'မင်းလည်း အတော် ညံ့သေးတာပဲ။ ငါ သတင်းစုံ ကြားပြီးလို့ ...
နေတာ'

'ခိုင်းမင်း ဘယ်လိုလုပ်ပြီး သတင်းစုံ ကြားခဲ့ရတာလဲ'

'နားနဲ့ မျက်စိကို ဖွင့်ထားပြီး လျှာကို အသုံးချတတ်ရင် လို ...
သတင်း ရနိုင်တာပဲ၊ မင်းသိတဲ့အတိုင်း ငါက အငြိမ်မနေတတ်ဘူး။ သွား ...
ခေါ်းဆောက်၊ မေးပါများ စကားရ ဆိုတဲ့ စကားပုံအတိုင်း နေရာအနှံ့ ...
သွားပြီး ဟိုမေး ဒီမေးနဲ့ လျှောက်မေးလို့ သတင်းစုံ ကြားသိခဲ့ရတာ ...

'ဗိုလ်မင်း ကြားသိခဲ့ရတဲ့ သတင်းကို ပြောမပြနိုင်ဘူးလား။ သ ...
ခါ ဆောင်းတူးမြို့ကို လာဦးမှာလား'

'မလာဘဲ နေပါ့မလား။ နှင်းကေသရာကို အပိုင်စီးချင်ရင် ဆော ...
မြို့ကို မလာဘဲ ဖြစ်ကို မဖြစ်နိုင်ဘူး။ လာလို့ရှိရင်လည်း သူတစ်ယောက် ...
လာမှာ မဟုတ်ဘူး။ သူ့ရဲ့ လူယုံတော်တွေပါ ခေါ်လာပြီး မင်းကို တစ်နည်း ...
နဲ့ လုပ်ကြံလိမ့်မယ်။ အလစ်မှာ နောက်ကျောကို ဓားနဲ့ ထိုးချင် ...
ဒါမှမဟုတ် သမိန်စက္ကဝေါကိုယ်တိုင် မင်းကိုရန်စပြီး နှစ်ယောက်ချင်း ...
ပြိုင်ဖို့ စိန်ခေါ်ချင် ခေါ်လိမ့်မယ်။ မင်းအနေနဲ့ကတော့ နောက်ကျော ...
အထိုးမခံရအောင် အစဉ်သတိ ရှိဖို့လိုတယ်။ ပြီးတော့ တကယ်လို့ သ ...
ဝေါက မင်းကို ရန်စပြီး သူနဲ့ ဓားစွမ်းပြိုင်ဖို့ စိန်ခေါ်သည့်တိုင်အော ...
စိန်ခေါ်တာကိုလက်မခံဘဲ ရှောင်နိုင်သမျှ ရှောင်ရလိမ့်မယ်'

'ဘာဖြစ်လို့ ရှောင်ရမှာလဲ။ သမိန်စက္ကဝေါ လောက်တော့ ...
အရေးမစိုက်ပါဘူး။ ဓားရေး လှံရေးမှာ သမိန်စက္ကဝေါ အင်မတန် ထူးချွန် ...
ကျွန်တော် သိပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ ကျွန်တော့်လောက် တို ...
ခဲ့ဘူးလို့ ကျွန်တော်ကို နိုင်အောင် မခုတ်နိုင်ပါဘူး'

'ဒါကို ငါသိပါတယ်။ မင်းကို နိုင်အောင် ခုတ်နိုင်တဲ့လူ ရှား ...
ဒါပေမဲ့ မင်းရဲ့ အဓိက တာဝန်က ဘုရင်မကြီးရဲ့ အသက်အန္တ ...





... ကွယ်စောင့်ရှောက်ဖို့ မဟုတ်လား။ မင်းရဲ့အသက် ... ဘုရင်မ ...
... အတွက်သာ ဦးစားပေးပြီး အသုံးပြုရလိမ့်မယ်၊ ...
... လက်ခံပြီး သူနဲ့ဓားစွမ်းပြိုင်လို့ မတော်တဆ ...
... ဆိုသလို မင်း ထိခိုက်ဒဏ်ရာရသွားရင် ဘုရင်မကြီးရဲ့ ...
... ကာကွယ်စောင့်ရှောက်ဖို့တာဝန် လစ်ဟင်းသွားလိမ့်မယ်။ ...
... တာ ကိစ္စကို အသာဘေးချိတ်ထားပြီး ဘုရင်မကြီးရဲ့ ...
... ကွယ်ဖို့ကိုသာ အာရုံစိုက်ပြီး ဦးစားပေးရလိမ့်မယ်။ ငါပြောတာ ...
... ဘယ် မဟုတ်လား'

'သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ....'

'ဒါပေမဲ့ လုပ်မနေစမ်းပါနဲ့။ ငါပြောတာကို နားထောင် ...
... ကြီးရဲ့ အသက်အန္တရာယ် လုံခြုံစိတ်ချရတဲ့ အချိန်အထိ မင်းရဲ့ ကိုယ် ...
... တာ ကိစ္စအတွက် အသက်စွန့်ပြီး လုပ်ရတဲ့ အလုပ်မျိုးကို မလုပ် ...
... သမျှ ရှောင်ရမယ်။ ရှောင်ပါ့မယ်လို့လည်း သစ္စာဆိုရလိမ့်မယ်၊ ဒီအတော ...
... မှာ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် ဘယ်သူနဲ့မှ ခိုက်ရန်ဒေါသ မဖြစ် ...
... ဒါကို မင်း သစ္စာဆိုစမ်းပါ'

ဗိုလ်မင်းဖြတ်ဇက သိရိဖြတ်ကမ္ဗန်ထံမှ ကတိသစ္စာ ...
... သည်။

'ကောင်းပါပြီ၊ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် လုံခြုံစိတ်ချရ ...
... အထိ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် ကာကွယ်စောင့်ရှောက်ဖို့ ...
... ည်းကိုသာ အာရုံစိုက်ပြီး ဦးစားပေး ဆောင်ရွက်ပါ့မယ်၊ ကိုယ်ရေး ...
... တာ ကိစ္စကို ခေတ္တ ဘေးချိတ်ထားဖို့လည်း ကတိသစ္စာ ဆိုပါတယ်'

'အေး ဒီလိုမှပေါ့၊ ဘုရင်မကြီး ဆောင်းတူးမြို့ကို တိုင်း ...
... အချိန်မှာ ဘုရင်မကြီးရဲ့ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက် ...
... လုံး၀ တာဝန်ယူရလိမ့်မယ်။ ဒီအတောအတွင်းမှာ သမိန်စက္ကဝေါ ...
... ကိုယ်စား ငါ ဆုံးမပြပါမယ်။ ခွေးတိရစ္ဆာန်ကောင်ကို ...
... ယောက်ချင်း ဓားစွမ်းပြိုင်ဖို့ စိန်ခေါ်တယ်။ ခွေးကောင် ...
... ထားလို့ မဖြစ်ဘူး။ စိန်ခေါ်ပြီး ကိစ္စတုံး ...'

ဗိုလ်မင်းဖြတ်ဇ ကြုံးဝါးလိုက်ရာ သိရိဖြတ်ကမ္ဗန်သည် ...
... ကို အသာဖက်လိုက်သည်။

'ဒီမှာ ဗိုလ်မင်း၊ ကျွန်တော့်ကိုတော့ ...
... ပေးရဘူး။ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် ကာကွယ်စောင့်ရှောက်ရေး



www.burmeseclassic.com

www.burmeseclassic.com



ဘဲခုတည်းကိုသာ အာရုံစိုက်ပြီး ဦးစားပေးဖို့ သစ္စာဆိုခိုင်းပြီး ဗိုလ်မင်းတို့ သမိန်စက္ကဝေါနဲ့ စားစွမ်းပြိုင်ဖို့ စိန်ခေါ်မယ်ဆိုတာ နည်းလမ်းမကျဘူး။ ဘုရင်မ ကြီးရဲ့ အသက်အန္တရာယ် ကာကွယ်စောင့်ရှောက်ဖို့ ကျွန်တော့်မှာတာဝန်ရှိ ဗိုလ်မင်းမှာလည်း တာဝန်ရှိပါတယ်။ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် စိတ်ချရတဲ့ အချိန်အထိ ကိုယ်ရေးကိုယ်တာ ကိစ္စနဲ့ပတ်သက်ပြီး အသက် မယ့် အလုပ်မျိုးကို မလုပ်ပါဘူးလို့ ဗိုလ်မင်းဖြတ်ဇကပါ ကတိသစ္စာ ဆို မယ်။ ကတိသစ္စာ ဆိုပါ'

'ဒီမှာ ဖြတ်ကမွန်၊ ငါ့ကို ဆရာလုပ်နေစရာ မလိုပါဘူး။ မင်းအ ငါက ကြားကဝင်ပြီး စားစာခံရမှာပါ။ သမိန်စက္ကဝေါက မင်းကို တစ်နည်း သေကြောင်းကြံလိမ့်မယ်ဆိုတာ ငါသိတယ်။ မင်းကို တခြားနည်းနဲ့ လု မရရင် မင်းကို ရန်စပြီး သူနဲ့ စားချင်းယှဉ်ပြိုင်ဖို့ စိန်ခေါ်မှာ သေချာ မင်းကို သူက စိန်မခေါ်နိုင်ခင် ငါက သူ့ကို ရန်စပြီး ငါကပဲ စိန်ခေါ် ဒါမှ မင်းကိုက သူ ရန်မရှာနိုင်မှာ မဟုတ်လား'

'ရန်မရှာနိုင်အောင် ကျွန်တော် ရှောင်နေရင် ဖြစ်ပါတယ်။ ကျွန် အတွက် ဗိုလ်မင်း ကြားကဝင်ပြီး ဒေါ်စာမခံပါနဲ့။ ဘုရင်မကြီးရဲ့ အသက်အ ကာကွယ်စောင့်ရှောက်ဖို့က ပိုပြီး အရေးကြီးပါတယ်'

'ဘုရင်မကြီးရဲ့ အသက်အန္တရာယ် စောင့်ရှောက်ကာကွယ်ဖို့ တစ်ယောက်လုံး ရှိနေသားပဲ။ ပြီးတော့ ငါပြောသလို မင်းကို သမိန်စက္က ရန်မရှိ ရန်စထောင်ပြီး သူနဲ့ စားချင်းယှဉ်ပြိုင်ဖို့ စိန်ခေါ်ရင် မင်း ရှော ရပါမလား'

'မရ ရတဲ့နည်းနဲ့ ရှောင်ပါမယ်။ ဒါပေမဲ့ တစ်နေ့ကျရင်တော့ သ စက္ကဝေါနဲ့ ကျွန်တော် ရင်ဆိုင်ရမှာပဲ။ ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအ ပျက်ပြားသွားပြီး ဘုရင်မကြီးရဲ့ အသက်အန္တရာယ် လုံခြုံစိတ်ချရတာနဲ့ တ နက် သမိန်စက္ကဝေါနဲ့ မျက်နှာချင်းဆိုင်ပြီး သူသေသေ ကိုယ်သေသေ အပိုင် စာရင်းရှင်းရမှာပဲ။ စာရင်းရှင်းဖို့လည်း စိတ်ပိုင်းဖြတ်ထားပြီး အတောအတွင်းမှာတော့ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် လုံခြုံစိတ် အဘွက် အသက်ပေးပြီး ကာကွယ်စောင့်ရှောက်သွားရလိမ့်မယ်။ ဗိုလ်မင်း ဒီနည်းလည်းကောင်းပဲ'

သိရိဖြတ်ကမွန်က ပြန်ပြောလိုက်ရာ ဗိုလ်မင်းဖြတ်ဇသည် ဘာမှ ပြန်မပြောဘဲ ခေတ္တမျှ စဉ်းစားနေပေသည်။

'ကောင်းပြီ၊ မင်းပြောတာ ငါလက်ခံတယ်။ ဘုရင်မကြီးရဲ့ အ





ရာယ် လုံခြုံစိတ်ချရတဲ့ အချိန်အထိ ကိုယ်ရေးကိုယ်တာ ကိစ္စနဲ့ သမ္မုကို ချိတ်ထားပြီး ဘုရင်မကြီးရဲ့ အသက်အန္တရာယ် ကာကွယ်စောင့်ရှောက်ရေး ကိုသာ အာရုံတစ်ခုတည်း ထားပြီး ထိပ်တန်းဦးစားပေး ထင် ပြုပါတယ်။ ဒါက အရေးမကြီးဘူး၊ စောစောက မွေးတိရစ္ဆာန် ပြောင်းမြောက်ပြီး ထွက်ပြေးသွားတာ နာတယ်။ မင်း ဝင်ရှုပ်လို့ မွေးတိရစ္ဆာန် ပြောင်းမြောက်သွားတာ'

ဗိုလ်မင်းဖြတ်ဇမှာ မင်းသိဒ္ဓတ်နှင့် ချိန်းဆိုထားသူ ထွက်ပြေးသွား ခြင်း မခံမရပ်နိုင်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'ကျွန်တော်ကလည်း တမင်သက်သက် အနှောင့်အယှက်ပေး တာပါဘူး။ ဗိုလ်မင်းမှန်း မသိဘဲ ရန်သူထင်လို့ ဝင်ပြီးလုံးခဲ့မိတာပါ။ လည်း နည်းလာပြီ။ အရုဏ်တောင် တက်တော့မယ် ထင်တယ်။ နက်ဖြန် စရာ အလုပ်တွေလည်း ရှိသေးတယ်။ တစ်ရေးတမောလောက်တော့ အိပ်ဖြ ဖြစ်မှာ။ ဒါထက် ဗိုလ်မင်းရဲ့မြင်းကော ဘယ်မှာလဲ'

သိရိဖြတ်ကမွန်သည် အရှေ့ဘက်ဆီမှ ထွက်ပြူလာသည့် သောကြာ ကြီးကို ကြည့်ရင်း ပြောလိုက်သည်။

'ငါ့မြင်းလား၊ ဟောဟို တောင်စောင်းက ချုံကွယ်မှာ ဖွက်ထားခဲ့ တယ်'

ဗိုလ်မင်းဖြတ်ဇသည် တောင်စွန်းတစ်ခု ရှိရာသို့ ညွှန်ပြရင်း ပြော လိုက်သည်။

'ဗိုလ်မင်းရဲ့ မြင်းရှိတဲ့ နေရာအထိ ကျွန်တော် လိုက်ပို့မယ်'

သိရိဖြတ်ကမွန်သည် ပြောပြောဆိုဆို ဗိုလ်မင်းဖြတ်ဇနှင့်အတူ တောင်စောင်းရှိရာသို့ တဖြည်းဖြည်း လာခဲ့ကြပေသည်။ လမ်းခရီးတွင် ဘာမှ နှင့် တစ်ယောက် စကားမပြောဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် ဆိတ်ဆိတ် တောင်စောင်းသို့ရောက်၍ ချုံကွယ်တွင် ချည်နှောင်ထားခဲ့သည့် မြင်း ဗိုလ်မင်းဖြတ်ဇက ခုန်လွှားပြီး တက်လိုက်သည့်အခါတွင် သိရိဖြတ်ကမွန် ဗိုလ်မင်းဖြတ်ဇအား နှုတ်ဆက်လိုက်သည်။

'ဒါထက် နေစမ်းပါဦး၊ အတွင်းရန်သူ လူယုတ်မာ မင်းသိဒ္ဓတ်ကို စီရင်ရရင် ကောင်းမလဲ။ မင်းရဲ့ အကြံအစည်ကို ပြောပြစမ်းပါဦး'

ဗိုလ်မင်းဖြတ်ဇက ပြန်မေးလိုက်သည်။

'ညွှတ်ကွင်းထောင်ပြီး ဖမ်းဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော် ထောင် ညွှတ်ကွင်းထဲကို သူ ဝင်မတိုးဘဲ မနေနိုင်ဘူး။ ကျွန်တော့်ကို သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းနည်းနဲ့ ဖျောက်ဖျက်ပစ်ဖို့ ကြံစည်နေကြောင်း ကျွန်တော် သိ[illegible] ဒါပေမဲ့ သူ့ထက် ကျွန်တော်က အကြံဦးပါတယ်။ နက်ဖြန်မနက်ဆိုရင် [illegible] ထွက်လာပါလိမ့်မယ်။ ပျဉ်းမပင်ဆိပ်က လှေသူကြီးရဲ့အိမ်ကို နက်ဖြန်နေ့[illegible] မွန်းတည့်ချိန် အရောက် ဗိုလ်မင်း လာခဲ့ပါ။ ကျွန်တော်ရဲ့ အကြံအစည် [illegible] အထည် ပေါ်နေတာကို တွေ့ရပါလိမ့်မယ်။ နက်ဖြန်နေ့လယ် မွန်းတည့်[illegible] ကိုသာ ကျွန်တော် ပြောတဲ့ နေရာကို လာဖြစ်အောင် လာခဲ့ပါ'

သီရိဗြတ်ကမွန်က အဖြေပေးရင်း လူချင်း ခွဲလိုက်ကြပေသည်။

## အခန်း ၃၁

ဆောင်းတူးမြို့သို့ ရှင်စောပုဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူမည်[illegible] သဖြင့် ဆောင်းတူးတစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်နေပေသည်။

ဆောင်းတူးမြို့၏ အရှေ့အနောက်တောင်မြောက် အရပ်လေးမျက်[illegible] မြို့များ၊ ရွာများမှ မြို့သူမြို့သား ရွာသူရွာသားများသည် ဘုရင်မကြီး[illegible] သောင်းသောင်းဖြဖြ ကြိုဆိုရန် သစ်လွင်သော အဝတ်အစားများကို [illegible] ဆင်ယင်၍ ဆောင်းတူးမြို့သို့ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာကြ[illegible] ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာလျှင် လမ်းခရီးမှ ဆီး[illegible] အတွက် ဘုရင်မကြီး ကြွချီတော်မူလာမည့် လမ်းမကြီးများတွင် မဏ္ဍပ်တဲ[illegible] ထိုး၍ စောင့်ကြိုနေကြသူများမှာလည်း နေရာမလပ်အောင် စည်ကား[illegible] သည်။

ပွဲမဝင်မီ ပြင်က ကျင်းပ ဆိုသည့် စကားနှင့်အညီ ဘုရင်[illegible] တိုင်းခန်းလှည့်လည်တော်မူလာလျှင် သောင်းသောင်းဖြဖြ ကြိုဆိုရန်[illegible] အတွက် မဏ္ဍပ်တဲနန်းတိုင်းတွင် အတီးအမှုတ် အကအခုန်များဖြင့် အစ[illegible] တီးမှုတ်ကခုန်လျက် ရှိသဖြင့် ဆောင်းတူးမြို့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ [illegible] သံများ၊ တေးသီချင်းသံများဖြင့် ဆူညံလျက် ရှိပေသည်။

ဆောင်းတူးမြို့သို့ ဘုရင်မကြီး တိုင်းခန်း လှည့်လည်တော်မူ[illegible] အခါ ဆောင်းတူးမြို့စားလေး ဗညားအိမ်၏ စံအိမ်တော်တွင် တည်းခို[illegible] ခုမည် ဖြစ်သဖြင့် ဘုရင်မကြီး ကြွချီတော်မူလာချိန်တွင် စိတ်အေးချ[illegible] င်းနေ့တော်မူနိုင်စေရန် မြို့စားလေး၏ စံအိမ်တော်ကို သပ်သပ်ရပ်ရပ်[illegible] ပြင်ဆင်လျက် ရှိပေသည်။





မြို့စားလေး၏ စားရေးတော်ကြီး အဲမွန်မှာ [illegible] ပြင်ဆင်မှုမ်းမံ[illegible] အတွက် တာဝန်ယူထားရသဖြင့် ၄င်း၏ [illegible] [illegible]အညီဖြင့် နေ့မအား ညမအား ပြင်ဆင်မွမ်းမံနေ[illegible] [illegible] အရုဏ်တက်အချိန်မှစ၍ ညဉ့်နက်သန်းခေါင်[illegible] [illegible]ရေးတော်ကြီး အဲမွန်၏ အမိန့်ပေးသံများကို အဆက်[illegible] [illegible]သည်။

ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာမည် [illegible] [illegible]သား နယ်သူနယ်သားများမှာ ဘုရင်မကြီးအား နီးနီး ကပ်ကပ် [illegible] [illegible] နေရာကောင်းများကို ကြိုတင်၍ ယူထားကြသည်ကို တွေ့ရ[illegible]

အခွင့်ကောင်းကို ချောင်းနေကြသူများမှာလည်း ဘုရင်မ[illegible] [illegible]ခန်းလှည့်လည်တော်မူလာလျှင် ဘုရင်မကြီးအပါးတွင် နီးနီးကပ်ကပ် [illegible] [illegible]အောင် ကြိုးပမ်းအားထုတ်နေကြပေသည်။ ဆောင်းတူးမြို့စား[illegible] [illegible]တော်တွင် ဘုရင်မကြီး တည်းခိုစံနေတော်မူမည်ကို သိသဖြင့် ဘုရင်မ[illegible] [illegible]တွင် နီးနီးကပ်ကပ် ခစားခွင့်ရရှိစေရန် ဆောင်းတူးမြို့စားလေး ဗညားအိမ်[illegible] [illegible]ကပ်သူများမှာ ဝင်လာမဆဲ တသဲသဲဆိုသလို ဖြစ်နေသဖြင့် ဗညားအိမ်[illegible] [illegible]အလိုလိုနေရင်း မျက်နှာပွင့်လန်းလျက် ရှိပေသည်။

ဆောင်းတူးတစ်မြို့လုံး ရွှင်လန်းအားရ ဖြစ်နေသော်လည်း [illegible] [illegible]တွေနှင့် ဖြစ်နေသော လူထူးလူဆန်း တစ်ယောက်ကို ထူး[illegible] [illegible]မြင်ရပေသည်။

ထိုသူမှာ အခြားမဟုတ်။ မိုးအုံးနောင်ပင် ဖြစ်ပေသည်၊

ဆောင်းတူးတစ်မြို့လုံး စည်စည်ကားကား လှုပ်လှုပ်ရှားရှားနှင့် [illegible] [illegible]လျက် ရှိသော်လည်း မိုးအုံးနောင်မှာ လူစည်ကားသည့် [illegible] [illegible] မြို့၏အစွန်ဖြစ်သော ပျဉ်းမပင်ဆိပ်သို့ သွားရာလမ်း၌ [illegible] [illegible]ပါ တစ်ကိုယ်တည်း ငေးငိုင်၍ နေသည်ကို တွေ့မြင်ရ[illegible] [illegible]နေရာမှ ရံဖန်ရံခါ သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည့် [illegible] [illegible] ကြားရပေသည်။ မိုးအုံးနောင်၏ မျက်လုံးများမှာ [illegible] [illegible]ခြင်း မရှိဘဲ မှေးမှိန်လျက် ရှိပေသည်။

မိုးအုံးနောင်မှာ နှင်းကေသရာနှင့် နီးဝပ်ရန် [illegible] [illegible]အားလျှော့ပြီး စိတ်ညစ်ညစ်နှင့် မည်သူနှင့်မျှ [illegible] [illegible]ရောက်ရှိလာခြင်း ဖြစ်ပေသည်။

သီရိဗြတ်ကမွန် ရေးစပ်သီကုံးပေးခဲ့သည့် [illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ကိုယ်တိုင် ရေးစပ်သီကုံးဘိသကဲ့သို့ မိမိ၏ လက်ရေးဖြင့် ကူးယူပြီး နှင်း သရာအား ဆက်သခဲ့ရာမှ နှင်းကေသရာ၏ ပါးနပ်လိမ္မာမှုကြောင့် အလိ သွားသဖြင့် နှင်းကေသရာ၏မျက်နှာကို မကြည့်ရဲဘဲ ဘဝသို့ ရော နေသဖြင့် စိတ်အပျက်ကြီးပျက်ကာ ဆောင်းတူးတစ်မြို့လုံး ရွှင်လန်း ဖြစ်နေသော်လည်း မိုးအုံးနောင်မှာ ပျော်ရွှင်မှု ကင်းမဲ့သည့်အခြေသို့ ရော နေပေသည်။

ရင်ကွဲဇရပ်ပေါ်တွင် တစ်ယောက်တည်း တွေးမိတွေးရာ တွေး ေးမိငေးရာ ငေးမောလျက်ရှိစဉ် ထန်းရည်မြူးအိုး ကိုယ်စီဖြင့် ရင်ကွဲ သို့ ဝင်လာသော လူရွယ်နှစ်ဦးကို မြင်ရပေသည်။ ထိုလူရွယ်နှစ်ဦး၏ ဝ ဆင်ယင်ပုံကို ကြည့်ရခြင်းအားဖြင့် အောက်တန်းစား မဟုတ်ကြောင်း ထင်ရှားလျက် ရှိပေသည်။

ရင်ကွဲ ဇရပ်ထဲသို့ ဝင်လာကြသော လူရွယ်နှစ်ဦးသည် မိုးအုံး ကို မြင်လိုက်သောအခါ ရွှင်လန်းအားရသည့် အမူအရာဖြင့် မိုးအုံးနော အနီးသို့ ချဉ်းကပ်သွားကြပြီး လူရွယ်နှစ်ဦးသည် ရင်းနှီးသည့် အမူအ မိုးအုံးနောင်၏ ပခုံးကို ဝင်ဖက်လိုက်ကြသည်။

'လက်စသတ်တော့ အကြည်တော် မိုးအုံးနောင်ပါလား။ အကြည် နဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ။ ဒီမှာ အကြည်တော်၊ ဘာဖြစ်လို့ တစ် တည်း ချောင်ထဲမှာ လာထိုင်ပြီး တမှိုင်မှိုင် တတွေတွေ ဖြစ်နေရ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော် မူလာမှာမို့ တစ်မြို့လုံး ဝမ်းသာ ဖြစ်နေကြတယ် မဟုတ်လား။ ဘုရင်မကြီး သက်တော်ရာကျော် ရှည် ဆိုပြီး ကြေးစည်ခေါင်းလောင်းတွေ ထိုးပြီး ဆုတောင်းမေတ္တာ ပို့သ အသံတွေ ဆူညံနေတဲ့ကြားက အကြည်တော် ဘာဖြစ်လို့ တဟင်း သက်ပြင်း မှုတ်ထုတ်နေရတာလဲ။ ဘုရင်မကြီး တိုင်းခန်းလှည့်လည် မူလာမှာကို မလိုလားဘူးလား'

မိုးအုံးနောင်၏ ပခုံးကို ဝင်ဖက်လိုက်သော လူရွယ်က အရက်သံ ဖြင့် ပြောလိုက်သည်။

'ငါ့ဘာသာငါ တစ်ယောက်တည်း နားအေးပါးအေး လာ နင်းတို့က ဘာဖြစ်လို့ လာပြီးရှုပ်ရပြန်တာလဲ။ ဒီမှာ သမိန်ပင်လဲ၊ မင်းတို့ ချင်းတို့ အရက်သောက်ပြီး ပျော်ပါးချင်သလို ပျော်ပါးနေကြစမ်း။ ငါ့ကို အ အယှက် မပေးစမ်းပါနဲ့။ ငါ့ဘာသာငါ နားအေးပါးအေး နေစမ်းပါရစေ

မိုးအုံးနောင်သည် သမိန်ပင်လဲ၏လက်ကို မိမိ၏ ပခုံးပေါ်မှ ဖ ပစ်ရင်း ပြောလိုက်သည်။





'ဘာလဲ၊ အကြည်တော်က ကျွန်တော်တို့ကိုတောင် အပေါင်းမလုပ်ချင် ဘူးလား။ ကစားဖော်ကစားဖက်၊ စားဖော်သောက်ဖက်တွေကို ဒါလောက် ဆောင်ပဲ ထည်ထည်ဝါဝါ လုပ်နေရသလား။ ဘုရင်မကြီး တိုင်းခန်းလှည့်လည် တော်မူလာရင် အကြည်တော်နဲ့ ညီရင်းအစ်ကိုလို ခင်ခင်မင်မင်ရှိတဲ့ မြို့စားလေး ဘွားအိမ်ရဲ့ စံအိမ်တော်မှာ တည်းခိုစံနေတော်မူမှာမို့ အကြည်တော်ဟာ ပိုပြီး ...နှာ ပွင့်လန်းနေတယ် မဟုတ်လား။ အကြည်တော်ကို ကျွန်တော်တို့ အားကိုးပါရစေ။ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာရင် ဘုရင်မကြီး ...နီးနီးကပ်ကပ် ဖူးမြော်ခစားခွင့်ရအောင် မြို့စားလေးဗညားအိမ်ကို ပြောပေး ...ပါလား။ ငယ်သူငယ်ချင်းတွေပဲဥစ္စာ၊ ဒါလောက်ကလေးမှ အားမကိုး ...လား'

သမိန်ပင်လဲ ဆိုသူက မိုးအုံးနောင်အား အရက်မူးမူးနှင့် တိုးလျှိုး ...ောင်းပန်နေပြန်သည်။

'ကျွန်တော့်ကိုလည်း ချန်မထားပါနဲ့။ ကျွန်တော်ပါ ဘုရင်မကြီးရဲ့ ...မှာ ခစားခွင့်ရအောင် မြို့စားလေးကို ပြောပေးစမ်းပါ။ အကြည်တော်ရဲ့ ...ကျေးဇူးကို တစ်သက်လုံး မမေ့ပါဘူး'

ဒုတိယ လူရွယ်က ဝင်ပြောလိုက်သည်။

'စောအို ပြောတာ မှန်တယ်။ ကျွန်တော်တို့ သုံးယောက်ဟာ ငယ် ...ငယ်ချင်းတွေ မဟုတ်လား။ ငယ်သူငယ်ချင်းတွေကို ပစ်မထားပါနဲ့။ ခုလို ...ကောင်း ရတုန်း ဘုရင်မကြီးရဲ့အပါးမှာ ခစားခွင့်ရအောင် ကူညီစမ်းပါ။ ...ကြည်တော်ရဲ့ ကျေးဇူးကို မမေ့ပါဘူး'

သမိန်ပင်လဲက ၄င်း၏အဖော် စောအိုကို ထောက်ခံရင်း မိုးအုံးနောင်အား ...အညီ တောင်းလိုက်ပြန်သည်။

မိုးအုံးနောင်မှာ စိတ်အပျက်ကြီးပျက်နေသဖြင့် ထိုသူနှစ်ဦး ပြောသော ...အားကို နားမဝင်ဘဲ ခေါင်းကိုသာ အတွင်ယမ်း၍ နေပေသည်။

'ဒီမှာ မင်းတို့ ငါ့ကိုလာပြီး အနှောင့်အယှက် ပေးမနေကြစမ်းပါနဲ့။ ...လျော်ရာကို သွားကြစမ်းပါ။ ဘယ်သူနဲ့မှ အတွေ့မခံချင်လို့ သူရှင်းတဲ့ ...မှာ နားအေးပါးအေး လာနေခါမှ အရက်မူးသမားတွေနဲ့ လာတွေ့နေရ ...တယ်'

မိုးအုံးနောင်က စိတ်ပျက်သည့် လေသံဖြင့် ပြောလိုက်သည်။

'အကြည်တော် ဘယ်လိုဖြစ်နေတာလဲ။ ငယ်သူငယ်ချင်းတွေကိုတောင် ...လုပ်ချင်တော့ဘူးလား။ အကြည်တော်ရဲ့ မျက်နှာကို ကြည့်ရတာ မသာ



www.burmeseclassic.com

www.burmeseclassic.com



မသာနဲ့ ဘယ်လိုဖြစ်နေတာလဲ။ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်
မယ် ဆိုလို့ လူတိုင်းလူတိုင်း ရွှင်လန်းအားရ ဖြစ်နေချိန်မှာ အကြည်
ဘာဖြစ်လို့ မျက်နှာမသာမယာ ဖြစ်နေတာလဲ၊ ဘာများ စိတ်ညစ်စရာ ရှိ
ပြောစမ်းပါဦး။ စိတ်ညစ်ရင် ထန်းရည်တစ်ခွက် ချလိုက်ပေါ့။ ဒါမှ စိတ်
တာတွေ ပျောက်သွားပြီး ရွှင်ရွှင်လန်းလန်း ဖြစ်လာမှာ။ ရော့ပါ၊ ထန်း
တစ်ခွက် မော့ချလိုက်စမ်းပါ'

သမိန်ပင်လဲသည် ထန်းရည်မြူအိုးကို မိုးအုံးနောင်အား
အရက်သံဖြင့် ပြောလိုက်သည်။

'ငါ ဘယ်တုန်းကများ အရက်သောက်ဖူးလို့လဲ'

'အရက်မသောက်ဘူးဆိုရင် ယောကျ်ားမပီသဘူး။ သောက်
စားစား လူမင်းသားဆိုတဲ့ စကားရှိတယ် မဟုတ်လား။ ထန်းရည်တစ်ခွက်
ချလိုက်ရင် စိတ်ညစ်တာတွေ အလိုလို ပျောက်သွားလိမ့်မယ်။ ရော့ပါ၊ တ
လောက် မော့ချလိုက်စမ်းပါ'

သမိန်ပင်လဲက ဇွတ်အတင်း တိုက်တွန်းနေပြန်သည်။

'မသောက်ပါဘူးလို့ ပြော်ထားပြီးပြီ မဟုတ်လား။ တော်ရာ
ကို သွားကြစမ်းပါ။ အရက်မူးသမားတွေကို ငါ သိပ်မုန်းတယ်'

မိုးအုံးနောင်က ပြန်ပြောလိုက်သည်။

'အရက်သမား ဟုတ်လား။ ဒီမှာ စောအို၊ ငါတို့ကို အကြည်
မိုးအုံးနောင်က အရက်သမားတွေလို့ ပြောနေတယ်။ ရယ်စရာ မကောင်း
ထန်းရည်တစ်မြူလောက် သောက်ရုံနဲ့ အရက်သမားလို့ အခေါ်ခံရတာ
မကောင်းဘူးလား။ ဒါလောက်ကလေးနဲ့ မူးနိုင်ပါ့မလား'

သမိန်ပင်လဲက စောအိုအား တိုင်တည်လိုက်သည်။

'အရက်မူးသမားမို့ အရက်မူးသမားလို့ ပြောတာပဲ။ မင်း
သေးသလား။ မင်းလည်း အရက်မူးသမား၊ ငါလည်း အရက်မူးသ
ဘာဖြစ်သလဲ။ အရက်မူးတာ မမူးတာ အပထားပြီး ဘုရင်မကြီး
လှည့်လည်တော်မူလာရင် နီးနီးကပ်ကပ် ခစားခွင့် ရအောင်တော့ ကြည်

စောအိုက အရက်သံပါပါဖြင့် ပြန်ပြောလိုက်သည်။

'တော်စမ်းပါ၊ စိတ်ညစ်နေရတဲ့အထဲ မင်းတို့ လာမရှုပ်ကြ
သွားကြစမ်းပါ၊ ငါ့ဘာသာငါ နားအေးပါအေး နေစမ်းပါရစေ'

မိုးအုံးနောင်က စိတ်ရှုပ်ရှုပ်နှင့် သမိန်ပင်လဲနှင့်
ထွက်သွားလိုက်ရာ အရက်မူးသမားနှစ်ဦးမှာ မိမိတို့ကိုယ်ကို မိမိတို့





မိန်းဒယိုင် ဖြစ်သွားကြပြီး ထိုအခိုက်တွင် ရင်ကွဲဇရပ်ထဲသို့ ဝင်လာသော
တစ်ယောက်နှင့် ဘေးချင်းဝင်တိုက်မိသဖြင့် ရင်ကွဲဇရပ်ထဲသို့ ဝင်လာသူ၏
အိတ်ထဲမှ ပေတိုစာရွက်သည် မိုးအုံးနောင် အနီးသို့ လွင့်ကျသွားသည်၊

မိုးအုံးနောင်သည် ပေတိုကို ကောက်ယူပြီး ကြည့်လိုက်ရာ
လက်ရေးဖြင့် ရေးသားထားသည့် စာလုံးများကို မြင်ရသဖြင့်
ကြည့်လိုက်မိပေသည်။

**နေ့လယ်မွန်းတည့်ချိန်တွင် ဖျဉ်းမပင်ဆိပ် အနီးသို့ ရောက်
လာခဲ့မည်။ ငါ့အတွက် အကျိုးရှိမည့် သတင်းကို
ပေးနိုင်မည် ဆိုလျှင် တိုက်သင့်သည့် ဆုလာဘ်များ**

မိုးအုံးနောင်သည် ပေတိုပေါ်တွင် ရေးသားထားသည့် စာကို
ရင်ကွဲဇရပ်ထဲသို့ နောက်ဆုံးဝင်လာသူသည် မိုးအုံးနောင်အနီးသို့
မိုးအုံးနောင်၏ လက်ထဲမှ ပေတိုကို ပြန်တောင်းလိုက်သည်၊

'ကျွန်တော့်ရဲ့ ခါးပိုက်ထဲက ထွက်ကျသွားတဲ့ ပေတိုပါ။ ကျွန်တော့်
ပြန်ပေးပါ'

ပေတိုပိုင်ရှင်က လက်ဝါးဖြန့်ပြီး တောင်းလိုက်ရာ မိုးအုံးနောင်သည်
ပြန်ပေးရင်း မိမိနှင့် မသက်ဆိုင်သည့် စာလွှာကို အမှတ်မထင်
ကြည့်မိလိုက်သည့်အတွက် ခွင့်လွှတ်ရန် တောင်းပန်လိုက်သည်၊

'ဟင်၊ ပေတိုပေါ်မှာ ရေးသားထားတဲ့စာကို ဖတ်ကြည့်မိလိုက်တယ်
လား'

ပေတိုပိုင်ရှင်က လိပ်ပြာမသန့်သည့် အမူအရာဖြင့် ပြန်မေးလိုက်

'အမှတ်မထင် ဖတ်ကြည့်လိုက်မိတာပါ။ တမင်သက်သက် ဖတ်ကြည့်
မဟုတ်ပါဘူး။ ကိုယ်နဲ့ မဆိုင်ဘဲ စာကို ဖတ်ကြည့်မိတဲ့အတွက်
ပါတယ်'

မိုးအုံးနောင်က တောင်းပန်လိုက်ပြန်သည်။

'ဒါက အရေးကြီးတဲ့စာ မဟုတ်ပါဘူး။ ဒါထက် လက်ရေးကို
ပါသလား'

ပေတိုပိုင်ရှင်က မေးလိုက်ပြန်သည်၊

'လက်ရေးကို မြင်ဖူးသလိုလို ရှိလို့ ပြန်ကြည့်လိုက်မိတာပါ'

မိုးအုံးနောင်က အဖြေပေးလိုက်သည်၊

'ကျွန်တော့်ကိုကော မြင်ဖူးပါသလား'



www.burmeseclassic.com

www.burmeseclassic.com



'မမြင်ဖူးပါဘူး'

'အကြည်တော်ကိုတော့ ထိတ်ထိတ်ကြဲ စစ်သည်တော်ကြီး
အတူ သွားလာနေတာကို ကျွန်တော် မကြာခဏ မြင်ဖူးတယ်'

'ဘယ်စစ်သည်တော်ကို ပြောတာလဲ'

'ဗိုလ်မင်းသီရိဖြတ်ကမွှန်ကို ပြောနေတာပါ'

'သီရိဖြတ်ကမွှန်ကို ဟုတ်လား၊ သူ့ကို ဘာဖြစ်လို့ ထိတ်ထိတ်
စစ်သည်တော်ကြီးလို့ ခေါ်ရတာလဲ'

'တိုက်ပွဲတွေမှာ ထူးချွန်ပြောင်မြောက်တဲ့ စစ်သည်တော်
ထိတ်ထိတ်ကြဲ စစ်သည်တော်ကြီးလို့ တင်စားပြီး ခေါ်လိုက်တာပါ။
ပေတိုမှာ ရေးသားတဲ့ စာနဲ့ပတ်သက်ပြီး လက်ရေးကို မြင်ဖူးသလိုလိုရှိ
အကြည်တော် ပြောသွားပါတယ်။ ဘယ်သူဘယ်ဝါရဲ့ လက်ရေးဆို
အကြည်တော် ပြောနိုင်ပါ့မလား'

ပေတိုပိုင်ရှင်က မေးလိုက်သည်။

'မင်းသိဒ္ဓိတ်ရဲ့ လက်ရေးနဲ့ တူတာပဲ'

မိုးအုံးနောင်က အဖြေပေးလိုက်သည်။

'ဒါထက် ဗိုလ်မင်းသီရိဖြတ်ကမွှန်နဲ့ အကြည်တော် ရင်းနှီးပါ

'ရင်းနှီးသင့်သလောက်တော့ ရင်းနှီးပါတယ်'

'ဒါဖြင့် အကြည်တော်ကို စကားလက်ဆောင် ပါးလိုက်
ဗိုလ်မင်းသီရိဖြတ်ကမွှန်နဲ့ တွေ့ရင် ဒီစာလွှာမှာ ပါရှိတဲ့ အကြောင်း
ပြောပြစေလိုပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး'

ပေတိုပိုင်ရှင်က မိုးအုံးနောင်အား နှုတ်ခွန်းဆက်ပြီး ရင်ကွဲ
ထွက်သွားသည်ကို မိုးအုံးနောင် ငေးစိုက်ကြည့်နေစဉ် မြင်းခွာသံများ
သဖြင့် မြင်းခွာသံ ကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာ ကိုယ်ရံတော်
များ ခြံရံ၍ ရင်ကွဲဇရပ်ရှိရာသို့ လာနေသော ဗိုလ်မှူးသမိန်စက္ကဝေါကို
ရသဖြင့် မိုးအုံးနောင်သည် ထိုင်ရာမှမထဘဲ သမိန်စက္ကဝေါအား စက်
သည့် အမူအရာဖြင့် ကြည့်နေပေသည်။

အရက်မူးသမားများ ဖြစ်သော သမိန်ပင်လဲနှင့် စောအိုတို့မှာ
သမိန်စက္ကဝေါအား မြင်လိုက်သောအခါ အမူးပြေသွားပြီး သမိန်စ
သိုက်ကို မျက်စိပေကလတ် ပေကလတ်နှင့် ကြည့်နေကြပေသည်။

ပေတိုပိုင်ရှင်မှာလည်း မြင်းခွာသံများကို ကြားသဖြင့် အသံ
ကြည့်လိုက်ပြီး သမိန်စက္ကဝေါတို့ လူသိုက် မင်းခမ်းမင်းနားနှင့်
မြင်ရသောအခါ မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေမိ





'ဗိုလ်မှူးသမိန်စက္ကဝေါ ကြွချီတော်မူလာ
ယ်ပေးကြ'

သမိန်စက္ကဝေါ၏ ရှေ့တော်ပြေး နှစ်ဦး
နောင်တို့ လူသိုက်နှင့် ရင်ကွဲဇရပ်မှ ထွက်သွား
ကြည့်နေသော ပေတိုပိုင်ရှင်အား လမ်းဖယ်ပေးရန်

ရှေ့တော်ပြေးနှစ်ဦး၏ နောက်မှ ကိုယ်ရံတော်
အောက်တွင် တဝင်းဝင်း တောက်ပြောက်နေသော
ဆင်ယင်ပြီး ရွှေရောင်တလက်လက် တောက်ပနေသော
များ တပ်ဆင်ထားသည့် မြင်းညိုကြီးကိုစီး၍ ခံ့ညားသည့်
ရ လာနေသော သမိန်စက္ကဝေါကို မြင်လိုက်ရသောအခါ မိုး
စက်ဆုပ်ရွံရှာသော အမူအရာဖြင့် တစ်ဖက်သို့ လှည့်သွားပေသည်။

သမိန်ပင်လဲနှင့် စောအိုတို့မှာမူ သမိန်စက္ကဝေါတို့ လူသိုက်ကို
လတ် ပေကလတ်နှင့် ကြည့်နေရာမှ မသိမသာ လမ်းဖယ်ပေးလိုက်သည်။

'စောညန်၊ ရင်ကွဲဇရပ်မှာ ငါတို့ ခေတ္တ အပန်းဖြေကြမယ်။ ရင်ကွဲ
မှာ ရှိနေတဲ့ လူတွေကို မောင်းထုတ်လိုက်စမ်း'

သမိန်စက္ကဝေါက ၎င်း၏ ကိုယ်ရံတော်တပ်သားတစ်ဦးအား
က်သည့် အသံကို ကြားရသောအခါ မိုးအုံးနောင်မှာ ထောင်းခနဲ
သွားပြီး သမိန်စက္ကဝေါဘက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအခိုက်မှာပင် သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်သား
သမိန်ပင်လဲနှင့် စောအိုတို့ ရှိရာသို့ လာနေသည်ကို တွေ့ရ

'ရင်ကွဲဇရပ်ပေါ်မှာ ဗိုလ်မှူးကြီး သမိန်စက္ကဝေါ ခေတ္တ
ည်ဖြစ်၍ရင်ကွဲဇရပ်ပေါ်တွင် ရှိနေသူများ ယခုချက်ချင်း

စောညန်က အမိန့်သံဖြင့် ပြောလိုက်ရာ သမိန်ပင်လဲနှင့်
တစ်ယောက်ကိုတစ်ယောက် လက်ကုပ်ပြီး ဇရပ်ထဲမှ
။ မိုးအုံးနောင်မှာမူ ထိုင်ရာမှ မထဘဲ စောညန်အား
သည်။ မိုးအုံးနောင်၏ ယောက်ျားပီသသည့်
ဝတ်စားတန်ဆာများကို မြင်ရသောအခါ စောညန်မှာ
သည်။

'အကြည်တော်၊ ဗိုလ်မှူးသမိန်စက္ကဝေါ ကြွချီတော်မူလာ
ဇရပ်ပေါ်မှ ဖယ်ရှားပေးပါရန် မေတ္တာရပ်ခံပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



စောညန်၏ လေသံမှာ ပျော့သွားပေသည်။ မိုးအုံးနောင်မှာမူ စကား တရာ ပြန်မပြောဘဲ စောညန်ကိုတစ်လှည့်၊ သမိန်စက္ကဝေါကို တစ်လှည့် ကြည့်ပြီး ဣန္ဒြေရရ ထိုင်မြဲ ထိုင်နေပေသည်။

'အကြည်တော်၊ ရင်ကွဲဇရပ်ပေါ်က အမြန်ဆုံး ဖယ်ရှား... ဗိုလ်မှူးကြီး ကြွချီတော် မူလာပါပြီ'

စောညန်သည် မိုးအုံးနောင်အနီးသို့ ချဉ်းကပ်လာကာ ဇရပ်ပေါ်မှ ဖယ်ရှားပေးရန် ပြောလိုက်သည်။

'ဘာဖြစ်လို့ ဖယ်ရှားပေးရမှာလဲ။ ရင်ကွဲဇရပ်ဆိုတာ အများနဲ့ဆိုင်... တည်းခိုစခန်းပဲ။ တစ်ဦးတည်းပိုင်မှု မဟုတ်ဘဲ။ ပြီးတော့ ငါက အရင် ရောက်နေတဲ့ ဥစ္စာပဲ'

မိုးအုံးနောင်က အရေးမစိုက်သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'ဗိုလ်မှူးကြီး ကြားသွားရင် အမျက်တော် ရှနေပါလိမ့်မယ်။ ခပ်မြန်မြန် ဖယ်ရှားပေးပါ'

စောညန်က သတိပေးလိုက်သည်။

'မင်းတို့ရဲ့ ဗိုလ်မှူးကြီး အမျက်တော် ရှတော့ကော ငါက အသက် စိုက်နေရဦးမှာလား'

မိုးအုံးနောင်က ပမာမခန့် ပြန်ပြောလိုက်သည်။

'ဗိုလ်မှူးကြီး ကြားသွားမှဖြင့် ဒုက္ခပါပဲ။ ဗိုလ်မှူးကြီးက သိပ်ဒေါသ ကြီးတာ'

စောညန်က စိုးရိမ်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'မင်းရဲ့ ဗိုလ်မှူးအကြောင်းကို ငါသိပါတယ်။ ငါ့ကိုလည်း သူသိပါ...'

မိုးအုံးနောင်က သမိန်စက္ကဝေါ ကြားလောက်အောင် ပြောလိုက်သည်။

သမိန်စက္ကဝေါမှာ စောညန်နှင့် မိုးအုံးနောင်တို့ အချေအတင် ပြော... နေသည်ကို ခပ်လှမ်းလှမ်းမှ နေပြီး ကြည့်နေရာမှ ရင်ကွဲဇရပ်ထဲသို့ ဝင်လာ... သည်။

'လက်စပ်သတ်တော့ မိုးအုံးနောင်ပါလား။ ဒီမှာ မိုးအုံးနောင်၊ ဘုရင်... တိုင်းခန်းလှည့်လည်တော်မူလာမယ်ဆိုလို့ ဆောင်းတူးတစ်မြို့လုံး အုန်းအုန်း ကျွက်ကျွက် တစ်ခဲနက် ကြိုဆိုဖို့ ပြင်ဆင်နေတဲ့အချိန်မှာ မင်းတစ်ယောက်တည်း ဒီနေရာမှာ လာပြီး ဘာဖြစ်လို့ မှိုင်တွေချနေရတာလဲ။ ငါ့အကြောင်းကို ... သိသလို မင်းအကြောင်းလည်း ငါသိတာပဲ။ နှင်းကေသရာကို မင်း သေလုမျော... ပိုးပန်းနေတယ် မဟုတ်လား။ ဒါပေမဲ့ မင်းလို မိန်းမလျာကောင်မျိုးကို နှင်း...





...သရာက ထဘီတောင် လျှော်ခိုင်းမှာ မဟုတ်ဘူး။ နှင်းကေသရာကို ငါ ...ပိုင်းစီးပြမယ် သိရဲ့လား။ ငါ့အကြောင်း မင်းသိတယ် မဟုတ်လား'

သမိန်စက္ကဝေါသည် မိုးအုံးနောင်အား ရန်စကား ပြောလိုက်သည်၊

'မင်းအကြောင်း ငါမသိဘဲ နေပါ့မလား။ နှင်းကေသရာကို မင်း ...နေ ပိုးပန်းခဲ့တာကိုပါ ငါသိတာပဲ။ ဒါပေမဲ့ နှင်းကေသရာက မင်းကို ...က်မလုပ်လို့ ရွှေမြို့တော်ကို ပြန်သွားရတယ် မဟုတ်လား'

'ခု ရွှေမြို့တော်က ပြန်လာခဲ့ပြီလေ။ ဒီတစ်ခါတော့ နှင်းကေသရာ ...က်ခုပ်ထဲ ရောက်ရတော့မှာ သေချာနေပြီ။ ပြေးလို့ မလွတ်စေရဘူး ...ကေသရာကို မင်း ပိုးပန်းနေလို့ အကြောင်းထူးမှာ မဟုတ်ဘူး။ ငါ့ ...ရာတော်အဖြစ်ကို ရောက်တော့မယ်'

'အတော် လှုပ်ပါးဝတဲ့ အကောင်ပါလား'

မိုးအုံးနောင်သည် ထိုင်ရာမှ ရုတ်တရက် ထလာရင်း ဒေါသသံဖြင့် ...လိုက်သည်။

'လှုပ်ပါးဝတော့ မင်းက ဘာလုပ်ချင်သေးလို့လဲ။ မိန်းမလျာကောင်ထ ...လျာပီပီ စကားပြောတာ မဟုတ်ဘူး'

သမိန်စက္ကဝေါက ခါးထောက်ပြီး မိုးအုံးနောင်အား ခြေဆုံးခေါင်းဆုံး ...ကြည့်ရင်း ပြောလိုက်ရာ မိုးအုံးနောင်မှာ မခံမရပ်နိုင်ဖြစ်ကာ သမိန်စက္ကဝေါ ...သို့ ချဉ်းကပ်လာပြီး သမိန်စက္ကဝေါ၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်လိုက်ရာ ...တရက် အငိုက်တွင် ခံလိုက်ရသဖြင့် သမိန်စက္ကဝေါ၏ ပါးပြင်နှစ်ဖက်မှာ ...သွားပေသည်။

ဤတွင် သမိန်စက္ကဝေါ၏ ကိုယ်ရံတော် တပ်သားများသည် မိုးအုံးနောင် ...အား ဝိုင်းဖမ်းရန် ကြိုးစားကြသည်။ မိုးအုံးနောင်မှာမူ မိမိ၏အနီးသို့ သမိန် ...ကဝေါ၏ ကိုယ်ရံတော်တပ်သားများ ချဉ်းကပ်လာသည်ကို မြင်ရသောအခါ ...သုံးတော်ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်ပြီး ခုခံကာကွယ်ရန် အသင့် ...လိုက်သည်။ သမိန်စက္ကဝေါမှာမူ ကြက်သေ သေနေရာမှ မိမိ၏ပါးကို ...သပ်လိုက်ပြီး ဒေါသလျှမ်းသည့် မျက်လုံးများဖြင့် မိုးအုံးနောင်အား ကြည့် ...ပြီး ဓားအိမ်မှ ဓားကို ဆွဲချွတ်လိုက်သည်။

'မင်းက ငါ့ကို ရန်စသလား။ လာ ... သတ္တိရှိရင် ခင်းနဲ့ငါ ဓားစွမ်းပြိုင် ...၊ မင်းတို့ ဘေးဖယ်နေကြ'

သမိန်စက္ကဝေါသည် ဓားကို ဝှေ့ယမ်းရင်း ကြုံးဝါးလိုက်သည်။

'ငါလည်း မင်းနဲ့ ဓားစွမ်းပြိုင်ဖို့ အသင့်ပဲ၊ လာလေ'



www.burmeseclassic.com

www.burmeseclassic.com



မိုးအုံးနောင်က ဓားကို လက်ထဲတွင် ဆကြည့်ရင်း စိန်ခေါ်လိုက်သည်
ဤတွင် ရင်ကွဲဇရပ်၏ အပြင်ဘက်မှ ငေးမောပြီး ကြည့်နေသော
ပေတိုပိုင်ရှင်သည် မိုးအုံးနောင် အနီးသို့ ချဉ်းကပ်လာပေသည်။

'အကြည်တော်ရဲ့ သတ္တိကို ကျွန်တော် ချီးကျူးပါတယ်။ အကြည်တော်
နဲ့ သမိန်စက္ကဝေါတို့ ဓားစွမ်းပြိုင်ကြတဲ့အခါ တရားမျှတတဲ့ ဓားစွမ်းပြိုင်ပွဲ
ဖြစ်မြောက်ရေးအတွက် အကြည်တော်ဘက်ကနေပြီး အကဲဖြတ် လူကြီးအဖြစ်
ဆောင်ရွက်ခွင့်ပြုပါ။ ကျွန်တော့်နာမည် ဇောမွန်လို့ ခေါ်ပါတယ်'

ပေတိုပိုင်ရှင် ဇောမွန်က မိုးအုံးနောင်ဘက်မှ အားပေးအားမြှောက်
ပြုလိုက်သည်။

'ခုလို အားပေးစကား ပြောကြားတာ ကျေးဇူးတင်ပါတယ်'

'ဓားရေး လှံရေးမှာ သမိန်စက္ကဝေါ အင်မတန် ကျွမ်းကျင်လိမ္မာတယ်
လို့ ကျွန်တော် ကြားဖူးပါတယ်။ ရက်စက်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး
သိရပါတယ်။ သမိန်စက္ကဝေါနဲ့ ဓားစွမ်းပြိုင်တဲ့အခါ အလစ်မပေးဘဲ သတိပြု
ထားပြီး ခုခံကာကွယ်ဖို့ သတိပေးပါရစေ'

'သမိန်စက္ကဝေါအကြောင်း ကျုပ်ကောင်းကောင်းသိပါတယ်။ သေ
သေချင် သေသွားပါစေ၊ အရေးမစိုက်ပါဘူး။ ကျုပ်ကလည်း သေချင်နေတာ
အတော်ပဲ'

မိုးအုံးနောင်က ပြန်ပြောရင်း ဓားကို ဝင့်လိုက်သည်။

'ကဲ .... လာလေ'

မိုးအုံးနောင်က သမိန်စက္ကဝေါအား ရင်ကွဲဇရပ် အပြင်ဘက်
မြေကွက်လပ် ရှိရာသို့ ခေါ်လာခဲ့ပေသည်။

'ခဏနေကြပါဦး။ ဓားစွမ်းပြိုင်ပွဲ တရားမျှတမှုရှိရေးအတွက်
စလုံးရဲ့ ဓားကို စစ်ဆေးကြည့်ရှုပါရစေ။ ပြီးတော့ အတွင်းခံ သံချပ်
ကိုယ်ကျပ်အင်္ကျီ ဝတ်ထားသလား ဆိုတာပါ စစ်ဆေးကြည့်ရှုခွင့်ပြုပါ'

ဇောမွန်သည် ပြောပြောဆိုဆို မိုးအုံးနောင်၏ဓားနှင့် သမိန်စက္ကဝေါ
၏ ဓားများကို စစ်ဆေးကြည့်ရှုပြီး ကိုယ်ခံအင်္ကျီများ ဝတ်ဆင်ထားခြင်း ရှိ မရှိ
တစ်ဦးစီ စမ်းသပ်ကြည့်ရှုနေပေသည်။

'ကဲ ပွဲစနိုင်ပါပြီ'

ဇောမွန်က အချက်ပေးလိုက်ရာ သမိန်စက္ကဝေါနှင့် မိုးအုံးနောင်တို့
အသီးသီး နေရာယူပြီး တစ်ယောက်အကဲကို တစ်ယောက် အကဲခတ်
သိုင်းကွက်နင်း၍ ဓားရေးပြနေကြသည်ကို တွေ့ရပေသည်။





မိုးအုံးနောင်မှာ ဓားရေး လှံရေးတွင် ကျွမ်းကျင်လိမ္မာသော်လည်း
သမိန်စက္ကဝေါလောက် လျင်မြန်ဖျတ်လတ်ခြင်း မရှိပေ။ သမိန်စက္ကဝေါမှာ
ကျောင်းများထံ နည်းနာနိဿရည်း ခံယူခဲ့သည့်အပြင် အချိန်ရှိသရွေ့
လေ့ကျင့်နေသူဖြစ်၍ မိုးအုံးနောင်ထက် တစ်ပန်းသာလျက် ရှိပေသည်။

မိုးအုံးနောင်မှာမူ အချစ်ရေးနှင့် ပတ်သက်၍ စိတ်ပျက်အားငယ်နေ
သူဖြစ်၍ သေရမည်ကို မကြောက်ဘဲ သူသေသေ ကိုယ်သေသေ သဘော
ထားကာ သမိန်စက္ကဝေါ၏ ဓားချက်များကို ခုခံတွန်းလှန်ရင်း ချက်ကောင်း
တိုင်း သမိန်စက္ကဝေါအား ပြန်လည်ထိုးနှက်လျက် ရှိပေသည်။

သမိန်စက္ကဝေါသည် မိုးအုံးနောင်အား မောပန်းလာအောင် အချိန်ဆွဲပြီး
ရင်းသော ထိုးနှက်လိုက်၊ မိုးအုံးနောင်၏ ဓားချက်များကို ပိုင်ပိုင်နိုင်နိုင် ခုခံ
တွန်းလှန်လိုက်နှင့် ဓားစွမ်းပြနေရာမှ မိုးအုံးနောင်၏ အလစ်တွင် တစ်ချက်ကောင်း
ခုတ်လိုက်ရာ မိုးအုံးနောင်သည် လျင်မြန်ဖျတ်လတ်စွာ ရှောင်တိမ်း ပေးလိုက်
ပြီး သမိန်စက္ကဝေါ၏ ဓားချက်ကို ၎င်း၏ဓားသွားဖြင့် ခုခံလိုက်သော်လည်း
ခုတ်လွှန်လာသော သမိန်စက္ကဝေါ၏ ဓားသွားသည် မိုးအုံးနောင်၏ ပခုံးခွန်သို့
ထိမိသွားသဖြင့် သွေးများ ဖြာခနဲထွက်၍ လာပေသည်။

'တော်လောက်ပြီ တော်လောက်ပြီ။ ဒီလောက်ဆိုရင် တော်လောက်ပါ
ပြီ နှစ်ယောက်စလုံး အပန်းဖြေကြပါဦး။ ဒဏ်ရာကိုလည်း ဆေးသိပ်ပါရစေဦး'

ဇောမွန်သည် ၎င်း၏ ဓားသွားဖြင့် မိုးအုံးနောင်နှင့် သမိန်စက္ကဝေါ
၏ ဓားသွားများကို ဟန့်တားရင်း ကြားဝင်၍ ဖျန်ဖြေလိုက်သည်။

သို့ရာတွင် မိုးအုံးနောင်သည် မိမိ၏ ဒဏ်ရာကို အရေးမစိုက်ဘဲ
ဒေါသထွက်နေသော အမူအရာဖြင့် ဇောမွန်အား ကြည့်လိုက်သည်။

'ဒါလောက် ဒဏ်ရာကလေးကို အရေးစိုက်နေစရာ မလိုပါဘူး'

မိုးအုံးနောင်က ပြန်ပြောလိုက်သည်။

'သွေးတွေ လက်မောင်းပေါ်ကို စီးကျနေပြီ။ သွေးတိတ်အောင် ဆေး
ထည့်ဦးမှပေါ့'

'အို ဒါလောက် ဒဏ်ရာကလေးလို စာဖွဲ့နေစရာ မလိုပါဘူး။ ထဲ
အကြည်တော်ဇောမွန်၊ ဘေးကို အသာဖယ်ပေးစမ်းပါ'

မိုးအုံးနောင်သည် ပြောပြောဆိုဆို ဓားကိုဝင့်ပြီး သမိန်စက္ကဝေါအား
စိန်ခေါ်လိုက်ပြန်သည်။

ယခုတစ်ကြိမ်တွင်မူ စောစောပိုင်းကထက် နှစ်ယောက်စလုံး ပိုမို၍
ပြင်းထန်လာပေသည်။ မိုးအုံးနောင်မှာ ပခုံးစွန်းတွင် ဒဏ်ရာရသွားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်မျှ မဖြုံဘဲ ရှေတိုးနောက်ငင် သိုင်းကွက်ကို မှန်မှန်နင်းပြီး ဓား
ကို အကွက်စေ့အောင် ထိုးနှက်လျက် ရှိသလို၊ သမိန်စက္ကဝေါမှာလည်း ငှ
စုးရှတောက်ပြောင်သည့် မျက်လုံးများဖြင့် မိုးအုံးနောင်အား အလစ်မ
မိုးအုံးနောင် ထိုးနှက်လိုက်သည့် ဓားချက်များကို ခံစစ်အသွင်ဖြင့် ပိုင်ပိုင်နိ
ခုခံတွန်းလှန်နေရာမှ ထိုးစစ်အသွင်သို့ ပြောင်းပြီး မိုးအုံးနောင်အား ပြန်
ထိုးနှက်လျက်ရှိလေရာ မိုးအုံးနောင်မှာ အစွမ်းကုန် ခုခံကာကွယ်နေရလေ

မိုးအုံးနောင်သည် တဖြည်းဖြည်း ပင်းပန်း မောဟိုက်လာ
အချိန်ဆွဲပြီး ထိုးနှက်နေရာမှ သမိန်စက္ကဝေါသည် အလစ်ကို ချော
မိုးအုံးနောင်၏ လက်ကောက်ဝတ်ကို ၎င်း၏ ဓားနောင့်နှင့် အောက်မှ
သို့ ပင့်၍ ထိုးနှက်လိုက်ရာ၊ မိုးအုံးနောင်မှာ သမိန်စက္ကဝေါ၏ လျှပ်တ
ဓားချက်ကို မရှောင်နိုင်ဘဲ ၎င်း၏ လက်ထဲတွင် ဆုပ်ကိုင်ထားသည့်
လက်ထဲမှ လွတ်ထွက်သွားလေသည်။

မိုးအုံးနောင်သည် ၎င်း၏လက်မှ လွတ်ကျသွားသော ဓားကို
ယူရန် ဟန်ပြင်လိုက်စဉ် အခွင့်ကောင်းကို စောင့်နေသော သမိန်စက္ကဝေါ
မိုးအုံးနောင်၏ နံကြားသို့ ၎င်း၏ဓားနှင့် ထိုးစိုက်လိုက်ရာ မိုးအုံးနေ
မိမိကိုယ်ကိုမိမိ မဟန်နိုင်တော့ဘဲ ခွေလျက်သား ကျသွားတော့မည်အပြ
ဗောမွန်က ဝင်ပြီး ပွေ့ချီထားလိုက်သည်။

'ဒါတော့ မတရားဘူး။ လက်ထဲမှာ ဓားမရှိတော့တဲ့ လူကို
ထိုးတာ မတရားဘူး။ သူ့ရဲကောင်း မပီသဘူး'

ဗောမွန်က သမိန်စက္ကဝေါ၏ မတရား အနိုင်ယူမှုကို မကျေနပ်
အမူအရာဖြင့် ပြောလိုက်သည်။

'ငါ့ကို မတရားဘူးလို့ ပြောတဲ့အကောင် ဘယ်သူလဲ'

သမိန်စက္ကဝေါက ဒေါသသံဖြင့် မေးလိုက်သည်။

'ကျုပ် ပြောတယ်၊ ကျုပ်ပြောတယ်။ သတ္တိရှိရင် ရှေ့ကို တ
တိုးခဲ့စမ်း။ ဗောမွန်အကြောင်း သိသွားမယ်'

ဗောမွန်သည် မိုးအုံးနောင်အား ပွေ့ချီထားရာမှ အသာအရာ
လိုက်ပြီး ခါးကြားမှ ဓားမြှောင်ကိုဆွဲထုတ်ရင်း ပြန်ပြောလိုက်သည်။ သမိန်
ရှေ့သို့ တိုးလာလျှင် ဓားမြှောင်နှင့် လှမ်းပေါက်ရန် ချိန်ရွယ်ထားရင်း
ဝဏ္ဏဝေါအား စိန်းစိန်းကြီး ကြည့်နေပေသည်။

သမိန်စက္ကဝေါမှာ ဓားကို ဝင့်လိုက်ပြီးမှ မိမိအား လှမ်းပေါ
ချိန်ရွယ်ထားသည့် ဗောမွန်၏လက်မှ ဓားမြှောင်ကို မြင်လိုက်သော





န်အား မျက်မှောင်ကြုတ်ပြီး ကြည့်နေရာမှ ဗောမွန်အား အဖက်မတန်
အမူအရာဖြင့် မိမိ၏ သွေးစွန်းနေသော ဓားကို ၎င်း၏သက်ငယ်တော်
ည်န်၏လက်သို့ ပေးလိုက်သည်။

'စောညန်၊ ဓားသွားက သွေးကို ဆေးကြောပစ်လိုက်စမ်း'

သမိန်စက္ကဝေါက အမိန့်ပေးလိုက်ပြီး ခွေလျက်သား
းနောင်အား စေ့စေ့ကြည့်နေလိုက်သည်။

'ဒီမှာ မိုးအုံးနောင်၊ မင်း သိပ်ကံကောင်းတယ်။ မင်းကို ငါ
တ်ချင်သေးလို့ မှတ်လောက် သားလောက်ရုံသာ လုပ်ပြလိုက်တာ
မရှိတဲ့ ရင်ကွဲဇရပ်မှာ ကြာကြာနေလို့ မဖြစ်ဘူး။ ခရီးဆက်ကြမယ်'

သမိန်စက္ကဝေါ က ၎င်း၏ ကိုယ်ရံတော် တပ်သားများအား လှ
လိုက်ရာ၊ ကိုယ်ရံတော်တပ်သားများသည် သမိန်စက္ကဝေါ၏ မြင်းကို ဆွဲယူ
ပြီး သမိန်စက္ကဝေါကို ခြံရံ၍ ရင်ကွဲဇရပ်မှ မင်းခမ်းမင်းနားဖြင့် ထွက်သွား
ဗောမွန်သည် ဓားမြှောင်ကို ဆုပ်ကိုင်ရင်း စက်ဆုပ်ရွံရှာသည့် အမူအရာ
ကြည့်ရင်း ကျန်ရစ်ခဲ့ပေသည်။

ပြီးမှတစ်ဖန် သမိန်ပင်လဲနှင့် စောအိုတို့၏ အကူအညီဖြင့် သတိလစ်
သော မိုးအုံးနောင်အား ရင်ကွဲဇရပ်ပေါ်သို့ ပွေ့ချီယူလာကာ ဒဏ်ရာကို
းပြီး သွေးတိတ်အောင် ဆေးသိပ်၍ အဝတ်ဖြင့် စည်းနှောင်ပေးနေ
ည်။

'ဒဏ်ရာကတော့ မပြောပလောက်ပါဘူး။ ဒါပေမဲ့ နေပူရှိန်ကြောင့်
နှင့်ပြီး သတိလစ်သွားတာပါ။ သွေးတိတ်သွားရင် အလိုလို ပြန်ပြီး
ပြည့်လာပါလိမ့်မယ်။ အသက်အန္တရာယ်အတွက် စိုးရိမ်စရာ မရှိပါဘူး
င်းသီရိဖြတ်ကမွန်ဆိုရင် တိုက်ပွဲမှာ ဒဏ်ရာရခဲ့ပေါင်း များပါပြီ။ ဒါပေမဲ့
ထိ အသက်ရှင်နေတုန်းပဲ။ စောစောကသာ ဗိုလ်မင်းသီရိဖြတ်ကမွန်
သိပ်ကြည့်လို့ကောင်းမှာ။ ကဲ ကဲ လူနာကို အသာပွေ့ချီပြီး ယူသွားကြ
တော့'

ဗောမွန်သည် မိုးအုံးနောင်၏ ဒဏ်ရာများကို ဆေးသိပ်ကာ အဝတ်
ဖြင့် စည်းနှောင်ပေးပြီး ပါးစပ်မှ တတွတ်တွတ်နှင့် ပြောနေပေသည်။

သမိန်ပင်လဲနှင့် စောအိုတို့မှာမူ တတ်သရွေ့ မှတ်သရွေ့ ဝိုင်းသန်း
ကျက်ရှိရာမှ သတိကောင်းစွာမရသေးသည့် မိုးအုံးနောင်အား နှစ်ယောက်
ပွေ့ချီပြီး ယူဆောင်သွားကြပေသည်။

'အလို၊ ပြောရင်းဆိုရင်း နေမွန်းတည့်တော့ မှာပါတလား



www.burmeseclassic.com

www.burmeseclassic.com



ဗောမွန်သည် ကောင်းကင်သို့ မော့ကြည့်ရင်း တစ်ယောက်… …ပြောသလို ပြောလိုက်သည်။ ပြီးမှ တစ်ဖန် ရင်ကွဲဇရပ်ထဲမှ ထွက်… ပုဉ်းမပင်ဆိပ်ဘက်သို့ သွားမည့် လမ်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန် … နေစဉ် ခပ်လှမ်းလှမ်းမှ မြင်းခွာသံ ကြားရသဖြင့် အသံကြားရာသို့ လှမ်း… လိုက်သည်။

မကြာမီ မြင်းသည်တော်တစ်ဦးသည် ရင်ကွဲဇရပ်ရှိရာသို့ ဦး… လာနေသည်ကို တွေ့ရသဖြင့် ဗောမွန်သည် ထိုသူ၏ ပုံပန်းသဏ္ဌာန်ကို … ကြည့်ရှုနေပေသည်။

မြင်းသည်တော်မှာလည်း ဗောမွန်အား အကဲခတ်နေရာမှ … အနီးသို့ ချဉ်းကပ်လာပေသည်။ ဗောမွန်သည် စစ်သည်တော်အား လက်မြှ… ၍ နှုတ်ဆက်လိုက်ရာ မြင်းသည်တော်က ပြန်ပြီး လက်မြှောက်ပြလိုက်…

'မင်းသိဒ္ဓတ်ဆိုတာ အရှင့်သားပါလား'

ဗောမွန်က ရိုသေလေးစားသည့် အမူအရာဖြင့် နှစ်ကိုယ်ကြား … သည်။

'မင်းကော ဘယ်သူလဲ၊ အံတင်းစုံ ပေးနိုင်တယ်ဆိုတာ မင်း…

မင်းသိဒ္ဓတ်က ပြန်မေးလိုက်သည်။

'မှန်ပါတယ်၊ အရှင့်သားဆီကို ဆက်သလိုက်တဲ့ စာလွှာမှာ… အတိုင်း အရှင့်သား အလိုရှိသည့် သတင်းများကို ပေးစွမ်းနိုင်သူ ဖြစ်ကြော… သို့ရာတွင် ကျွန်တော်မျိုးထံမှ သတင်းရရှိကြောင်း မည်သူမျှ မသိ… နှုတ်လုံဖို့ အရေးကြီးကြောင်းပါ။ သက်စွန့်ကြိုးပမ်း သတင်းပေးရခြင်း… ထိုက်သင့်သည့် ဆုတော်လာဘ်တော်များလည်း ချီးမြှင့်လိမ့်မည်ဟု ယုံ… ကြောင်းပါ'

ဗောမွန်က ဣန္ဒြေရရ ပြန်ပြောလိုက်သည်။

'နှုတ်မလုံမှာတော့ မပူပါနဲ့။ ငါအလိုရှိတဲ့ သတင်းသာ ရမယ်ဆို… မင်းကို တစ်သက်လုံး စားမကုန်အောင် ဆုတော်လာဘ်တော် ပေးသနား… မှာမယ်။ ငါ့အကြံအစည် အောင်မြင်လို့ ငါအထွတ်အထိပ်ကို ရောက်တဲ့အ… ခါလည်း မင်းကို ထိုက်သင့်တဲ့ ရာထူးနဲ့ ချီးမြှင့်ဖို့ အစီအစဉ် ရှိတယ်'

မင်းသိဒ္ဓတ်က အာမခံချက်ပေးရင်း ကတ္တီပါအိတ်ဖြင့် ထည့်ထုပ်… …သော အသပြာများကို လှုပ်ပြလိုက်သည်။

'ကောင်းလှပါပြီ အရှင့်သား၊ အရှင့်သား အလိုရှိသည့် သတင်း… …အရှင့်သား၏ အကြံအစည် အောင်မြင်အောင် အတွက်ပါ ကျွန်တော်မျိုး…





…စွန့်ပြီး ကူညီပါမယ်။ လျှို့ဝှက်သည် သတင်းများကို ကြားခာရန် …ကော်မျိုးကြီးနှင့်အတူ ဆိတ်ကွယ်ရာသို့ ခေတ္တ ကြွခဲ့တော်မူပါ'

ဗောမွန်က မိမိနှင့်အတူ လိုက်ပါလာရန် ခေါ်လိုက်သည်။

'ဘယ်ကို လိုက်ရမှာလဲ'

'ရှေ့နားက ချုံကွယ်အထိ လိုက်ခဲ့ပါ။ အရှင့်သားကို ပြစရာ လျှို့ဝှက်… …များပါ ရရှိလာခဲ့ကြောင်းပါ။ အရှင့်သားအတွက် များစွာ အကျိုး… …သည် ဖြစ်ကြောင်းပါ'

ဗောမွန်သည် ပြောပြောဆိုဆို မိမိ ခါးပိုက်ထဲတွင် ထည့်ထား… …အချို့ကို မင်းသိဒ္ဓတ် မြင်သာရုံ ပြလိုက်သည်။

'လျှို့ဝှက်စာတမ်း ဟုတ်လား၊ ဘယ်က ရလာခဲ့တာလဲ'

'ဗိုလ်မင်းသီရိဖြတ်ကမွန်ဆီကို ပို့လိုက်တဲ့ လျှို့ဝှက်ညွှန်ကြားလွှာ… …ပါ။ လမ်းခုလတ်ကနေပြီး လုယူထားလိုက်ခြင်း ဖြစ်ကြောင်းပါ။ အလွန် …ရေးကြီးသည့် လျှို့ဝှက်ညွှန်ကြားလွှာများ ဖြစ်ကြောင်းပါ'

ဗောမွန်က ယုတ္တိရှိအောင် ပြောရင်း ပေတိုများကို ခါးပိုက်ထဲတွင် …၍ သိမ်းဆည်းထားလိုက်ပေသည်။ မင်းသိဒ္ဓတ်မှာမူ ဗောမွန်၏ ခါးထဲမှ …တိုများကို မြင်ရသောအခါ ထိုပေတိုများတွင် ပါရှိသည်ဆိုသော ညွှန်ကြား…ချက်များကို ဖတ်ရှုလေ့လာလိုသော စိတ်ဆန္ဒများ ပြင်းပြလာပေသည်။ … ဗောမွန်အပေါ်တွင် မယုံတစ်ဝက် ဖြစ်ခဲ့သော်လည်း ဗောမွန်ထံမှ ပေတိုများ… …ဖတ်ရှုလေ့လာလိုသော ဆန္ဒပြင်းပြလျက် ရှိသဖြင့် မသင်္ကာစိတ်များ … …သွားပေသည်။

'ကောင်းပြီ၊ မင်း ရှေ့က သွားနှင့်။ ငါ နောက်က လိုက်ခဲ့မယ်'

မင်းသိဒ္ဓတ်က အဖြေပေးလိုက်ရာ ဗောမွန်သည် ရှေ့မှ… …ရှင်းသည့် ချုံကွယ်ရှိရာသို့ ခေါ်ဆောင်လာခဲ့ပေသည်။

'အရှင့်သားကို ပြောစရာစကားတွေ အများကြီး ရှိ… …တွေ ကြားသွားရင် မကောင်းဘူး။ ဒါကြောင့် လူရှင်းတဲ့ … …ပါ။ စိတ်မရှိပါနဲ့'

ဗောမွန်က တောင်းတောင်းပန်ပန်ပြောရင်း … …သေရာ လူခြေတိတ်ဆိတ်သည့် နေရာတစ်နေရာသို့ ရောက်ရှိလာသော… ချုံကွယ်တွင် ပုန်းအောင်းနေသော ဗောညီသည် ချုံကွယ်မှ … ထွက်…ပြီး …မင်းသိဒ္ဓတ်အား မြင်းပေါ်မှ ဆွဲချလိုက်သည်။ မင်းသိဒ္ဓတ်မှာ …



www.burmeseclassic.com

www.burmeseclassic.com



ဆင့်တက်ခဲလိုက်ရသဖြင့် ဓားအိမ်မှ ဓားကိုပင် ဆွဲ၍ မထုတ်နိုင်မီ မြင်းပေါ်မှ ဘလိမ့်ခေါက်ကွေး ကျသွားပေသည်။

ဤတွင် ဇော်မွန်သည် မင်းသိဒ္ဓတ်အား ဝင်ဖက်လိုက်ပြီး ဓားကို လု လိုက်သည်။ မင်းသိဒ္ဓတ်သည် ရန်းရင်းကန်ရင်းမှ အသံကုန်ဟစ်၍ အကူအညီ တောင်းရန် ကြိုးစားစဉ် ဇော်မွန်သည် မင်းသိဒ္ဓတ်၏ လည်မျိုကို ၎င်း၏ သန်မာ သော လက်ဖြင့် ဖျစ်ညှစ်ထားလိုက်ရာ မင်းသိဒ္ဓတ်မှာ တဖြည်းဖြည်း အသက် ကျပ်လာပေသည်။

ဇော်ညီမှာမူ မင်းသိဒ္ဓတ်၏ မြင်းကို သစ်ပင်တစ်ပင်တွင် ချည်နှောင် ထားလိုက်ပြီး မင်းသိဒ္ဓတ်ရှိရာသို့ ပြန်လာကာ မင်းသိဒ္ဓတ်၏ ပါးစပ်ကို အဝတ် နှင့် ဆို့ပြီး လက်ပြန်ကြိုးတုပ်လိုက်သည်။ ခြေနှစ်ဖက်ကိုလည်း ကြိုးဖြင့် တုပ်လိုက်ပြီး တစ်ကိုယ်လုံးကို ကတ္တီပါခြုံလွှာဖြင့် လွှမ်းခြုံပြီး မြင်းပေါ်သို့တင်ကာ ပျဉ်းမပင်ဆိပ်ရှိ လှေသူကြီးအိမ်သို့ ယူဆောင်လာခဲ့ပေသည်။

လှေသူကြီးအိမ်သို့ ရောက်သောအခါ ဇော်မွန်နှင့် ဇော်ညီသည် မင်း သိဒ္ဓတ်အား မြင်းပေါ်မှချပြီး ကတ္တီပါခြုံလွှာ လွှမ်းခြုံလိုက်ပြီး အတွင်းခန်းသို့ ပွေ့ချီယူဆောင်လာကြပေသည်။

မင်းသိဒ္ဓတ်မှာ ရှိသမျှအင်အားဖြင့် ရုန်းကန်လျက်ရှိသော်လည်း ရော လက်ပါ ကြိုးနှင့်တင်းကျပ်စွာ တုပ်နှောင်ထားပြီး ပါးစပ်တွင်လည်း အဝတ် ဆို့ထားသဖြင့် လွတ်မြောက်ရန် လမ်းစ မမြင်တော့၍ ငြိမ်သက်စွာပင် လိုက် လာခဲ့ပေသည်။

လှေသူကြီး၏အိမ်သို့ ဇော်မွန်နှင့် ဇော်ညီတို့ ရောက်ရှိလာပြီး တစ်ယာ ညက်ခန့်အကြာ သန္တာဖောက် မင်းနန္ဒာအသွင်ဖြင့် ရုပ်ဖျက်ထားသော ဗိုလ်မင်း ဖြတ်ဇသည် သီရိဖြတ်ကမ္ဘန်၏ ချိန်းဆိုချက်အရ လှေသူကြီး၏အိမ်သို့ ရောက်ရှိလာပေသည်။

လှေသူကြီး၏ အိမ်တွင် ဇော်မွန်နှင့် ဇော်ညီကို တွေ့ရသော ဗိုလ်မင်းဖြတ်ဇသည် အံ့သြသည့် အမူအရာဖြင့် နှုတ်ဆက်လိုက်သည်။

'ဟင် ဇော်မွန်နဲ့ ဇော်ညီပါလား၊ မင်းတို့ ဘာကိစ္စ ဒီကို ရောက်နေ ကြတာလဲ။ မင်းတို့ရဲ့လှေကို ဒီအတိုင်း ပစ်ထားခဲ့သလား'

ဗိုလ်မင်းဖြတ်ဇက အပြစ်တင်စကား ပြောကြားလိုက်သည်။ ဇော်မွန် နှင့်ဇော်ညီမှာ သီရိဖြတ်ကမ္ဘန်အား လိုအပ်သည့် အကူအညီပေးရန် ဗိုလ်မင်း ဖြတ်ဇက ၎င်း၏ ရှေ့တော်ပြေးများအဖြစ် စေလွှတ်ခြင်းခံရသည့် လှေသမား နှစ်ဦး ဖြစ်ပေသည်။





'ဗိုလ်မင်းသီရိဖြတ်ကမ္ဘန်ရဲ့ အမိန့်အရ ဗိုလ်မင်းဖြတ်ဇကို သာရောက် ကြဖို့ဆိုနေတာပါ'

ဇော်မွန်က အဖြေပေးလိုက်သည်။

'ဟင် ဟုတ်လား၊ အားလုံး ချောချောမောမောပဲလား'

ဗိုလ်မင်းဖြတ်ဇက ပြန်မေးလိုက်သည်။

'အစီအစဉ်အတိုင်း အားလုံး ချောချောမောမော ဆောင်ရွက်ခဲ့ပါတယ် ဗိုလ်မင်းကိုယ်တိုင် ဝင်ရောက်ရှုစားတော်မူပါ'

ဇော်မွန်က ပြန်ပြောလိုက်ပြီး ဗိုလ်မင်းဖြတ်ဇအား အတွင်းခန်းသို့ ခေါ်ဆောင်လာကာ ကတ္တီပါခြုံလွှာနှင့် လွှမ်းခြုံထားသည့် အထုပ်အပိုး သဏ္ဌာန် အခုကို ပြလိုက်သည်။

ရုတ်တရက် ကြည့်မည်ဆိုလျှင် အထုပ်အပိုးတစ်ခုနှင့် သဏ္ဌာန်တူ သော်လည်း လှုပ်လှုပ်ရွရွ ဖြစ်နေသည်ကို မြင်ရသဖြင့် ဗိုလ်မင်းဖြတ်ဇသည် ကိုယ် နားမလည်နိုင်သည့် အမူအရာဖြင့် ငေးစိုက်ကြည့်နေပေသည်။

'ဒီမှာ ဇော်မွန်၊ ဒါက ဘာလဲ၊ အထဲက တလှုပ်လှုပ် တရွရွနဲ့။ အထုပ် အပိုးထဲမှာ ဘာတွေ ပါသလဲ'

ဗိုလ်မင်းဖြတ်ဇက မေးလိုက်သည်။

'ဗိုလ်မင်းသီရိဖြတ်ကမ္ဘန်ရဲ့ အမိန့်အရ ကျွန်တော်တို့ညီနောင် ဦးစီး လိုက်လှေယာဉ်ပေါ်မှာ ချုပ်နှောင်ထားဖို့ ဖမ်းဆီးလာတဲ့ အတွန်းရန်သူ ဖောက် မင်းသိဒ္ဓတ်ပါ။ သူ့ရဲ့ ခါးပိုက်ထဲမှာ ပါလာတဲ့ စာလွှာကို ဗိုလ်မင်း ရှုစားတော်မူပါဦး'

ဇော်မွန်သည် ပြောပြောဆိုဆို မိမိ၏လက်ရေးဖြင့် မင်းသိဒ္ဓတ်အား ပြောင်းသွေးဆောင်ပြီး ညွှတ်ကွင်း ထောင်ခဲ့သည့် စာလွှာကို ထုတ်ပြလိုက် သည်။ ဗိုလ်မင်းဖြတ်ဇသည် ဇော်မွန်၏လက်မှ စာလွှာကို ယူပြီး ဖတ်ရှုကြည့် လိုက်သည်။

**အရှင့်သား မင်းသိဒ္ဓတ်။ သီရိဖြတ်ကမ္ဘန်အမည်ခံ အညာဓာရ စစ်သည်တော်၏ အတိတ်ဇာတ်ကြောင်းနှင့်တကွ သူ၏ လျှို့ဝှက်ချက် များကို ပြည့်ပြည့်စုံစုံ သိရှိလိုပါက နေက်ဖြန် မွန်းတည့်ချိန်တွင် ပျဉ်းမပင် ဆိပ်အနီးရှိ ရင်ကွဲရေပ်သို့ အရှင့်သားတစ်ယောက်တည်း ကြွရောက်ခဲ့ပါ။ သီရိဖြတ်ကမ္ဘန်၏ အတွင်းရေးနှင့်တကွ ၎င်းထံသို့ အဆက်မပြတ် ပေးပို့ နေသည့် လျှို့ဝှက် ညွှန်ကြားချက်များအနက် နောက်ဆုံးရောက်ရှိလာသည့် လျှို့ဝှက်ညွှန်ကြားချက် အချို့ကိုပါ ယူဆောင်လာခဲ့ပါမည်။ အရှင့်သား**



www.burmeseclassic.com

www.burmeseclassic.com



**သိလိုသည့် အချက်အလက် မှန်သမျှကို တိကျမှန်ကန်စွာ ပြောပါ… အရှင့်သား ပေးအပ်ခဲ့သည့် ကတိအတိုင်း ထိုက်သင့်သည် … လာဘ်တော်များ ချီးမြှင့် မ စလိမ့်မည်ဟု ယုံကြည်ပါသည်။**

'လက်စသတ်တော့ ဒီလိုကိုး၊ မင်းသိဒ္ဓတ်ကို ဘယ်လိုစီရင်ကြ…

ဗိုလ်မြင်းဖြတ်ဖသည် ဇောမွန်၏ လက်ရေးဖြင့် မင်းသိဒ္ဓတ်အား … ယောင်း သွေးဆောင်ပြီး ညွတ်ကွင်းထောင်လိုက်သည့် စာလွှာကို ဖတ်… မေးလိုက်ပြန်သည်။

'ဇောစောက အစီရင် ခံခဲ့တဲ့အတိုင်း ဗိုလ်မင်း သိရိဖြတ်က… အမိန့်အရ ကျွန်တော်တို့ညီနောင် ဦးစီးတဲ့ တိုက်လှေယာဉ်ပေါ်ကို ယူ… သွားပြီး ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူပြီး ရွှေမြို့တော်ကို ပြန်… ကြွမြန်းတော်မူတဲ့ အချိန်အထိ တိုက်လှေယာဉ်ပေါ်အတွင်း မပြေးနိုင်… ချုပ်နှောင်ထားဖို့ အစီအစဉ် ရှိပါတယ်'

'အင်း သိရိဖြတ်ကမွန် သိရိဖြတ်ကမွန်။ မင်းအတော် ညာ… သားပဲ။ မင်း ထောင်လိုက်တဲ့ ညွတ်ကွင်းထဲ မင်းသိဒ္ဓတ် တစ်ခါတည်း … လာတာပဲ'

ဗိုလ်မင်းဖြတ်ဖသည် အခန်းထောင့်ရှိ တလှုပ်လှုပ် တရွရွဖြစ်နေ… အထုပ်အပိုးကို ကြည့်ရင်း ပါးစပ်မှ ရေရွတ်လိုက်သည်။ ပြီးမှတစ်ဖန် ရ… သလို ဖြစ်လာသဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပေသည်။

## အခန်း ၃၂

မြို့စားလေးဗညားအိမ်မှာ ကိုယ်ရေးကိုယ်တာ ကိစ္စများဖြင့် မအား… ရအောင် အလုပ်ရှုပ်လျက် ရှိသည့်အပြင် တစ်ချိန်တစ်ခါက မူးမူးရူး… လက်မှတ်ရေးထိုးခဲ့မိသည့် စာတမ်းတစ်စောင်မှာ ရန်သူ့လက်တွင်းသို့ … နေမှုကြောင့် အချိန်မရွေး မင်းပြစ်မင်းဒဏ်သင့်နိုင်သည့် အခြေအနေတွင် … သော်လည်း ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာလျှင် မြို့စား… င်းအိမ်တော်တွင် တည်းခိုးရန် အစီအစဉ်ရှိသဖြင့် မိမိရင်ဆိုင်နေရသည့် ပြ… များကို မစဉ်းစားနိုင်ဘဲ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာ… ည့်ခံဝတ်ကျေပွန်စွာ ပြုစုရန်နှင့် ဘုရင်မကြီး၏ အသက်အန္တရာယ်ကို… အောက် ကာကွယ်စောင့်ရှောက်ရန် ကိစ္စအဝဝကို အချိန်ရှိသရွေ့ အခွ… ကြီးဘဲပြီး ဆောင်ရွက်နေရပေသည်။





ထိုအတောအတွင်း ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာလျှင် …ဘုရင်မကြီးအပါးတွင် ခစားခွင့်ရစေရန် ကြိုးပမ်းလျက်ရှိသော အခွင့်အရေး …များမှာ မြို့စားလေးဗညားအိမ်ထံ ချဉ်းကပ်ပြီး မြို့စားလေးအား …ပင်ခန်း …ဖော်စားနေကြသဖြင့် မြို့စားလေးမှာ တစ်နေ့တခြား မျက်နှာပွင့်လန်းလာ…သည်။

မိမိတို့၏ အကျိုးကို လိုလားသဖြင့် မြို့စားလေးအား ဝိုင်းဖန်းမြှောက် …ပြီး ကပ်ပါး ရပ်ပါး လုပ်နေသူများမှာ လျော့သွားသည်မရှိဘဲ ဘုရင်မကြီး …င်းခန်းလှည့်လည်ရန် အချိန်နီးကပ်လာလေလေ မြို့စားလေးထံ ကပ်ပါး …ပါးလုပ်ပြီး မြှောက်စားသူများ၏ ဦးရေမှာ များပြားလာလေလေ ဖြစ်သဖြင့် …ရှယ်နုနယ်သေးသည့် မြို့စားလေး ဗညားအိမ်မှာ အလိုလို ဘဝင်မြင့်လျက် …ဖြင့် သိရိဖြတ်ကမွန်သည် မြို့စားလေး ခြေလှမ်းမမှားစေရန်အတွက် မြို့စား …အား မျက်ခြည်ပြတ်မခံဘဲ ထိန်းသိမ်းစောင့်ရှောက်နေလေသည်။

သိရိဖြတ်ကမွန်၏ မူလအကြံအစည်မှာ မြို့စားလေး ဗညားအိမ်၏ …က်အန္တရာယ် ကာကွယ်ရေးအတွက် ဘုရင်မကြီး တိုင်းခန်း လှည့်လည် …မူလာသည့်အချိန်အထိ မြို့စားလေးဗညားအိမ်အား မိမိ ရဲဘော်ရဲဘက် …ဖြစ်သော ဇောမွန်နှင့် ဇောညီတို့ ဦးစီးသည့် တိုက်လှေယာဉ်ပေါ်တွင် …ထားရန် ဖြစ်သော်လည်း၊ ဗညားအိမ်အား သေကြောင်းကြံစည်နေသော …တော်ဝမ်းကွဲ မင်းသိဒ္ဓတ်အား ဇောညီနှင့် ဇောမွန်တို့၏ တိုက်လှေယာဉ် …တွင် ချုပ်နှောင်ထားပြီးဖြစ်၍ ဗညားအိမ်၏ အသက်အန္တရာယ်ကို မစိုးရိမ် …သဖြင့် မိမိ၏ မျက်စိအောက်မှ အပျောက်မခံဘဲ စောင့်ရှောက်နေခြင်း …သည်။

မြို့စားလေး၏ စံအိမ်တော်တွင် အချိန်အခါမလပ်ရအောင် ဧည့်သည် …များ ဝင်ထွက်လျက်ရှိသည့်ကြားမှ တစ်ခုသော ညနေခင်းတွင် မြို့စားလေး …အိမ်သည် ၄င်း၏ ကျယ်ဝန်းခံ့ညားသည့် အိပ်ခန်းဆောင်သို့ သိရိဖြတ် …အား ခေါ်ပြီး ၄င်း၏ ရှေ့ရေးနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင် နေကြ …ကို တွေ့ရပေသည်။

'အကြည်တော်၊ ကျွန်တော်ကို တစ်ယောက်တည်း ဘယ်တော့မှ ပစ် …ဘူး။ ကျွန်တော်နဲ့ တစ်သက်လုံး အတူနေသွားရမယ်။ ဒါမှ အဆွေ …ကောင်း ပီသမယ် မဟုတ်လား'

ဗညားအိမ်က သိရိဖြတ်ကမွန်အား တစ်သက်လုံး မိမိနှင့်အတူ …ရန် တောင်းတောင်းပန်ပန် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အကြည်တော်ကို ကျုပ် ပစ်မသွားပါဘူး။ ဒီအတွက်တော့ စိတ်[illegible] ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူပြီး ရွှေမြို့တော်ကို ပြန်လည် [illegible] တော် မူတဲ့ အချိန်အထိ အကြည်တော်ကို ကျုပ် စောင့်ရှောက်နေပါ[illegible] အကြည်တော် လက်မှတ်ရေးထိုးခဲ့တဲ့ စာတမ်းကိုလည်း သမိန်စက္က[illegible] မရ ရအောင် ပြန်ယူပေးပါမယ်။ ပြန်ယူလို့မရရင် တစ်နည်းနည်းနဲ့ ဖျက်[illegible] ကျုပ် တာဝန်ယူပါတယ်။ အကြည်တော်ကို ကျုပ် ပစ်ထားခဲ့ပြီး ထွက်[illegible] မဟုတ်ပါဘူး။ ကျုပ် တာဝန်ယူထားတဲ့ လုပ်ငန်းတာဝန်တွေကို အောင်[illegible] ထမ်းရွက်ပြီးတဲ့ အခါကျမှ ကျုပ် သွားမှာပါ'

'ဘာဖြစ်လို့ သွားရမှာလဲ၊ ဘယ်ကို သွားမှာလဲ'

'တိုင်းပြည်အတွက် တာဝန်ထမ်းစရာတွေ ရှိပါသေးတယ်။ [illegible] သွားမယ် ဆိုတာတော့ ပြောလို့ မဖြစ်သေးပါဘူး'

'ကျွန်တော့်ဆီမှာ နေရင်လည်း တိုင်းပြည်ရဲ့ တာဝန်ကို ထမ်း[illegible] နိုင်ပါတယ်။ အကြည်တော်နဲ့ ထိုက်တန်မယ့် ရာထူးဌာနန္တရကို ရရှိအောင် [illegible] ကြီးကို လျှောက်တင်ပေးပါမယ်'

မြို့စားလေး ဗညားအိမ်စိုက မိမိ၏ စေတနာကို ထုတ်ဖော်လိုက်[illegible]

'မြို့စားလေးရဲ့ စေတနာကို လေးစားပါတယ်၊ ကျေးဇူးတင်ပါ[illegible] ဒါပေမဲ့ ရာထူးဌာနန္တရကို ကျုပ်အလိုမရှိပါဘူး။ ရာထူးစည်းစိမ်ကို ခံစား[illegible] စိတ်ဆန္ဒလည်း မရှိပါဘူး။ ကျုပ် နေရာကနေပြီး နိုင်ငံရဲ့တာဝန်ကို ထမ်း[illegible] ရရင် ကျေနပ်တာပဲ။ ကျုပ်က ဓားတစ်လက်ကို အရင်းတည်ပြီး [illegible] အသက်ကို ဘုရင်မကြီးနဲ့ နိုင်ငံတော်အတွက် ပေးအပ်ထားပြီးသား [illegible] အတွက် စစ်သားကောင်းပီသစွာ တိုင်းပြည်အတွက် အသက်နဲ့လဲပြီး [illegible] ထမ်းသွားဖို့ စိတ်ပိုင်းဖြတ်ထားပါတယ်'

'စစ်သားကောင်း ပီသစွာ တိုင်းပြည်အတွက် အသက်နဲ့ [illegible] တာဝန်ထမ်းရွက်သွားချင်တဲ့ ဆန္ဒပြင်းပြနေတယ်ဆိုရင်လည်း လွယ်ပါ[illegible] ကျွန်တော်ကိုယ်တိုင် ဦးစီးပြီး အင်အားတောင့်တင်းတဲ့ တပ်မတော်[illegible] ဖွဲ့စည်းဖို့ အစီအစဉ် ရှိပါတယ်။ ကိုယ်ရံတော်တပ်လောက်နဲ့ ကျွန်[illegible] မတင်းတိမ်ဘူး။ နိုင်ငံတော်အတွက် တကယ်တမ်း အားကိုးရမယ့် တပ်မတော်[illegible] တစ်ခု ဖြစ်လာအောင် ပြင်ဆင်ဖွဲ့စည်းသွားဖို့ အကြံအစည် ရှိနေတာ [illegible] အဲဒီ တပ်မတော်မှာ အကြည်တော်ကို ဗိုလ်မှူးအဖြစ် စီမံခန့်ခွဲဖို့ [illegible] ပေးချင်တယ်။ ကျွန်တော့်ကိုပါ စစ်ရေးစစ်ရာ စစ်ပညာများကို လက်[illegible] သင်ကြားပို့ချပေးပြီး စစ်သည်တော်ကောင်းတစ်ယောက် ဖြစ်လာအောင် [illegible]





[illegible]လိုပါတယ်။ ခမည်းတော် နတ်ရွာစံမြို့စားကြီး လက်ထက်တော်တုန်း[illegible] ခမည်းတော်ကိုယ်တိုင် ဦးစီးကွပ်ကဲပြီး တိုက်ပွဲပေါင်း [illegible] [illegible]တန်းက ပါဝင်ဆင်နွှဲခဲ့ဖူးတာကို ကျွန်တော်လည်း အားကျမိ ခမည်း[illegible] ခြေရာကို နင်းနိုင်အောင် ကြိုးစားနေပါတယ်'

'အကြည်တော်ရဲ့ စိတ်ဓာတ်နဲ့ သတ္တိကို ချီးကျူးပါတယ်။ [illegible] [illegible]တော် အသက်အရွယ် ငယ်ပါသေးတယ်။ အသက်နှစ်ဆယ်[illegible] [illegible]လောက် စောင့်ပါဦး'

'ကျွန်တော် မငယ်တော့ပါဘူး။ အသက်နှစ်ဆယ်ပြည့်ဖို့ လပိုင်းလောက်[illegible] [illegible]တယ်။ မင်းစည်သူနဲ့ဆိုရင် ကျွန်တော်နဲ့ အသက်အရွယ်ချင်း သိပ်မကွာ[illegible] [illegible]ဘူး။ မင်းစည်သူက ကျွန်တော့်ထက် လပိုင်းလောက်သာ အသက်ကြီး[illegible] [illegible]ယ်။ မင်းစည်သူတောင် စစ်သားကောင်းတစ်ယောက် ဖြစ်နိုင်သေးရင် [illegible]တော်ကော ဘာဖြစ်လို့ စစ်သားကောင်း မဖြစ်နိုင်ရမှာလဲ။ ဒါထက် [illegible]ည်သူရဲ့ သတင်းကို အကြည်တော် ကြားပြီးပြီလား'

'သူ့ရဲ့ ဒဏ်ရာကို ပြောတာလား'

'မှန်ပါတယ်၊ အရှီးဘုရား သီရိမာလာ ထိပ်ထားသခင်မဆီက နောက်ဆုံး [illegible]သိရတဲ့ သတင်းအရ ဆိုရင် မင်းစည်သူရဲ့ဒဏ်ရာ သက်သာလာပြီလို့ [illegible]ပါတယ်။ အသက်အန္တရာယ်အတွက် စိုးရိမ်ရတဲ့ အခြေအနေက ကျော်လွန် [illegible]ခဲ့ပြီလို့လည်း သိရပါတယ်။ ပြီးတော့ သူ့ရဲ့ အိမ်ထောင်ရေးကိစ္စလည်း [illegible]ဆင်ပြေသွားပါပြီ။ ကျွန်တော်နဲ့ လူကြီးချင်း သဘောတူ စေ့စပ်ကြောင်းလမ်း [illegible] ညီမတော် နှင်းဧကရီနဲ့ မင်းစည်သူတို့ သင့်မြတ်သွားကြတာကို အရှီးဘုရား [illegible] ကေန့်ကွက်တော့ပါဘူး။ ကျွန်တော့် အနေနဲ့လည်း ကြည်ကြည်ဖြူဖြူ [illegible]လွှတ်ပါတယ်'

'ဒီစကား ကြားရတာ ဝမ်းသာပါတယ်။ ဒီလို ဖြစ်လိမ့်မယ်လို့လည်း [illegible]လင့်ထားပါတယ်။ ဒါပေမဲ့ မင်းစည်သူ အနေနဲ့ကတော့ အရင်ကလို တင်ဦး [illegible] လွတ်လွတ်လပ်လပ် မဟုတ်တော့တဲ့အတွက် ကျုပ်နောက်ကို သူ [illegible]နိုင်တော့မှာ မဟုတ်ဘူး။ ဒီအတွက် ကျုပ်ဝမ်းနည်းတယ်။ မင်းစည်သူနဲ့ [illegible] လမ်းခွဲရတော့မယ်'

'မင်းစည်သူနဲ့ လမ်းခွဲရင် ကျွန်တော်နဲ့ လက်တွဲပေါ့။ ကျွန်တော် ဖွဲ့စည်း[illegible] [illegible] တပ်မတော်ကို အကြည်တော်ကိုယ်တိုင် ဦးစီးကွပ်ကဲဖို့ ကျွန်တော်တာဝန် [illegible] ရစေ။ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာရင် ကျွန်တော့်ရဲ့ အကြံ



www.burmeseclassic.com

www.burmeseclassic.com



အညည်ကို ဘုရင်မကြီးထံ ရွှေနားတော်ကြား လျှောက်ထားပြီး ဘုရင်မကြီး နှင့်ပြချက် ရအောင် ကျွန်တော် ဆောင်ကြဉ်းပေးပါမယ်'

'ဘုရင်မကြီးအနေနဲ့ ဘယ်နည်းနဲ့မှ ခွင့်ပြုမှာ မဟုတ်ဘူး။ ကျုပ်အကြောင်း ဘုရင်မကြီး ကောင်းကောင်းသိတယ်။ ကျုပ်ကို ဘုရင်မကြီးကိုယ်တိုင် ဌာနန္တရကြီးတွေ ချီးမြှင့်ခဲ့ပေါင်း များပါပြီ။ ဒါပေမဲ့ ဘယ်တုန်းကမှ လက်မခံခဲ့ပါဘူး။ နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့ စစ်သားကောင်းတို့မည်သည် ဌာနန္တရ တပ်မက်မောတဲ့စိတ်ကို ပယ်ဖျက်ပြီး နိုင်ငံတော်အတွက် အနစ်နာခံ အမြဲတမ်း အသင့်ရှိနေဖို့ လိုပါတယ်။ရာထူးတို့၊ အာဏာတို့ဆိုတာ လူကို ပျက်စီးစေနိုင်ပါတယ်။ ရာထူးအာဏာကို ကျုပ် မမက်မောဘူး။ တိုင်းပြည် အတွက် ကျရာနေရာက တာဝန်ထမ်းရွက်ခွင့်ရတာကိုပဲ အင်မတန် မွန်မြတ် သန့်စင်တဲ့ ဆုကြီးလာဘ်ကြီးလို့ ကျုပ် ထင်တယ်။ အဲဒီ ဆုလာဘ်က ဘယ်လို ဆုလာဘ်မျိုးကိုမှ အလိုမရှိဘူး'

'ဘာပဲဖြစ်ဖြစ် စစ်သည်တော်ကြီး ကျွန်တော့်ကို စွန့်ပစ်မသွားပါနဲ့။ နိုင်ငံတော်အတွက် အသက်နဲ့လဲပြီး တာဝန်ထမ်းစရာရှိရင် ကျွန်တော် အကြည်တော် စစ်သည်တော်ကြီးနဲ့ အတူလက်တွဲပြီး တာဝန်ထမ်းရွက် ပါရစေ။ စစ်သည်တော်ကြီးနဲ့ သေအတူ ရှင်မကွာ နိုင်ငံတော်ရဲ့ တာဝန် ထမ်းရွက်ပါရစေ'

'မြို့စားလေးရဲ့ အစ်မတော် နှင်းကေသရာက ခွင့်ပြုပါမလား'

'ကျွန်တော့်ကို ဘယ်သူမှ တားလို့ မရဘူး။ မှန်တယ်ထင်ရင် လုပ်တာ ပဲ။ ပြီးတော့ နိုင်ငံတော်အတွက် အသက်နဲ့လဲပြီး တာဝန်ထမ်းရွက်တယ် ဆိုတာ ယောကျ်ားတွေနဲ့သာ သက်ဆိုင်တဲ့ ကိစ္စပါ။ မိန်းမတွေရဲ့ အလုပ် မဟုတ်ဘူး။ ဒါထက် အစ်မတော် နှင်းကေသရာအကြောင်း ပြောလို့ အခုတလော စစ်သည် တော်ကြီး အပေါ်မှာ အစ်မတော် စိတ်ခုနေပုံ ရတယ်။ ဘာကြောင့် စိတ်ခုနေလဲ တော့ မသိဘူး။ မေးလို့လည်း မရဘူး။ ဒါပေမဲ့ အစ်မတော်ရဲ့ အမူအရာ ကြည့်ရတာ ခါတိုင်းနဲ့ မတူဘူး။ အကြည်တော် စစ်သည်တော်ကြီး အစ်မတော် အမူအရာ ပြောင်းလဲနေတာ သတိမထားမိဘူးလား'

ဗညားအိမ်က စကားစပ်မိသဖြင့် မေးလိုက်ခြင်း ဖြစ်ပေသည်။

'ကျုပ်တော့ဖြင့် ကျုပ်ကိစ္စနဲ့ကျုပ် အလုပ် မအားနိုင်အောင် ဖြစ်နေတော့ လုံးဝ သတိမထားမိပါဘူး။ ကျုပ်အပေါ်မှာ နှင်းကေသရာ စိတ်ခုနေတယ် ဆိုတာ အကြည်တော် မြို့စားလေး ဘယ်လိုလုပ်ပြီး သိနိုင်ပါသလဲ'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။





'အကြည်တော်မှာ နားနဲ့မျက်စိ မရှိဘူးလား။ အစ်မတော်ရဲ့ အမူအရာ အကြည်တော် နည်းနည်းလေးမှ သတိထားပြီး မကြည့်မိဘူးလား'

'သတိမထားမိလို့ ဘယ်လိုမှ ထူးခြားတာကို မတွေ့မိဘူး'

'ကျွန်တော်တော့ သတိထားမိတယ်။ အစ်မတော်ဟာ အရင်ကနဲ့ နည်းနည်းကလေးမှ မတူဘူး။ တစ်မူထူးခြားနေတယ်။ အကြည်တော် စစ်သည် တော်ကြီးကို အရင်ကလို ဖော်ဖော်ရွေရွေ နှုတ်ခွန်းဆက်သေးရဲ့လား။ အကြည်တော်ကို မြင်ရင် မျက်နှာလွှဲသွားတယ် မဟုတ်လား။ မျက်နှာလွှဲလို့ မရတဲ့ အခါကျ ရင်လည်း စကားတစ်ခွန်းမျှ မပြောဘဲ တုဏှိဘော လုပ်နေတယ် မဟုတ်လား။ အကြည်တော် ဒီလမ်းက လာတာ မြင်ရင် အစ်မတော် ဟိုလမ်းက ရှောင်ရှောင် သွားတာကိုကော သတိမပြုမိဘူးလား။ ဒါတင် မကသေးဘူး၊ အကြည်တော်ရဲ့ စကားလှုပ်ရှားမှုကို မသိမသာ ချောင်းမြောင်းလေ့လာ နေတာကိုပါ ကျွန်တော် သတိပြုမိပါတယ်'

'ဟင် ဟုတ်လား၊ ဒါတွေကို ကျုပ်တော့ တစ်ခုမှ သတိမထားမိဘူး'

'အကြည်တော် သတိမထားမိရင်သာ ရှိရမယ်။ အစ်မတော်ကတော့ အကြည်တော်ရဲ့ အမူအရာကို အမြဲတမ်း အကဲခတ်နေတာ တွေ့ရတယ်။ အကြည်တော်နဲ့ မတော်တဆ မျက်နှာချင်းဆိုင်မိတဲ့ အခါတွေမှာ ချက်ချင်း မျက်နှာလွှဲလိုက်ပြီး မျက်နှာကြီး ရှစ်ခေါက်ချိုးနဲ့ ဟိုလူကို မာန်လိုက်၊ ဒီလူကို ဒေါသတကြီးနဲ့ နီးရာလူကို မာန်မဲနေတာပဲ။ ဒါဟာ ဘာဖြစ်လို့လဲ'

'ကျုပ်ဖြင့် ဒါတွေကို သတိမပြုမိပါဘူး'

သီရိဖြတ်ကမွန်က ညည်းညည်းညူညူ ပြောလိုက်သည်။

'လက်ဦးအစ ပထမတုန်းကတော့ ကျွန်တော်လည်း သတိမမူမိပါဘူး။ ဒါပေမဲ့ အစ်မတော်ရဲ့ အမူအရာ တစ်နေ့တခြား သိသိသာသာ ပြောင်းလဲလာလို့ သတိမမူဘဲ နေလို့ မရတော့ဘူး။ ကျွန်တော့်ကို သုမိန်စက္ကဝေါ လောင်းရိပ် အောက်က လွတ်မြောက်လာအောင် အကြည်တော် ကယ်တင်ခဲ့တဲ့ ကျေးဇူးတွေ အကြောင်း ထောက်ထားရမှန်းမသိဘဲ အကြည်တော်ကို တမင်သက်သက် မုန်းတီးနေတာ မကောင်းတဲ့အကြောင်း ကျွန်တော်ပြောတဲ့အခါ ကျွန်တော့်ကို စိတ်ဆိုးပြီး ကျွန်တော့်ကိုတောင် စစ်သည်တော်ကြီးရဲ့ မှိုင်းမိနေပြီလို့ ပြောသွားသေးတယ်။ စစ်သည်တော်ကြီးအပေါ်မှာ အစ်မတော် ဘာဖြစ်လို့ စိတ်ခုနေမှန်း မသိဘူး။ ခုတလော စစ်သည်တော်ကြီးရဲ့အကြောင်း အကောင်း တစ်ခွန်းမျှ မပြောဘူး'

ဗညားအိမ်က ၎င်း၏ စိတ်ထဲတွင် ရှိသမျှ ပွင့်လင်းစွာ ထုတ်ဖော် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်အပေါ်မှာ အကောင်းမပြောဘူး ဆိုရင် မကောင်းတော့ ပြောတယ် ... ဆိုပါတော့'

သီရိဖြတ်ကမွန်က စကားစ ရအောင် မေးလိုက်သည်။

'ပြောတာမှာ ရစရာမရှိအောင် ပြောတာ။ အစ်မတော်လောက် ... ဘာရား မသိတတ်တဲ့လူ မရှိဘူး'

'ဘာတွေများ ပြောလို့လဲ'

'စစ်သည်တော်ကြီးဟာ လူလိမ်လူကောက်လို့ ပြောတယ်။ ကလိမ် ... လို့လည်း ပြောတယ်။ ကဲ့ရဲ့စရာ မရှိရင် စစ်သည်တော်ကြီး နှုတ်ခမ်းမွေး ဆောင်လွန်းတယ်လို့တောင် ကဲ့ရဲ့သေးတယ်'

'နှုတ်ခမ်းမွေး ထောင်လွန်းတယ် ဟုတ်လား။ ဒီလိုဆိုရင် နှုတ်ခမ်းမွေး ... ကို ရိတ်ပစ်ရမလိုလို ဖြစ်နေပြီ။ ကျုပ်ရဲ့ နှုတ်ခမ်းမွေးကို ဘာဖြစ်လို့ ... ဒါးမွေး စူးနေတာလဲ'

'အကြောင်းမရှိ အကြောင်းရှာပြီး ပြောနေတာပါ။ မိန်းမတွေ ... လျှာရှည်ပါတယ်။ စိတ်အပြောင်းအလွဲ သိပ်မြန်တယ်။ သူတို့ လိုရင်တစ် ... မလိုရင်တစ်မျိုး၊ နှုတ်ခမ်းမွေးထောင်တာ သူတို့နဲ့ ဘာဆိုင်လို့လဲ။ တမင်သက်သက် ... ပြောစရာမရှိ ကြံဖန်ပြီး ပြောနေတာ'

ဗညားအိမ်က မဲ့ကာရွဲ့ကာဖြင့် ပြန်ပြောလိုက်သည်။

'အကြောင်းမရှိ အကြောင်းရှာပြီး ပြောနေတာ ဟုတ်မယ် မထင်ပါ ... ကျုပ်အပေါ်မှာ အထင်လွဲစရာ တစ်ခုခု ရှိလို့ ဖြစ်ပါလိမ့်မယ်'

သီရိဖြတ်ကမွန်က ပြန်ပြောလိုက်သည်။

'အထင်လွဲစရာ ဘာရှိလို့လဲ။ ပြီးတော့ လူချင်း ဒါလောက် ... ရင်းနှီးနေတဲ့ ဥစ္စာပဲ။ အထင်လွဲစရာရှိရင် ဖြောင့်ဖြောင့်မေး လိုက်ပါတော့ ... ဒီလို မဟုတ်ဘူး။ အကြည်တော်ရဲ့ ကွယ်ရာမှာ အကြည်တော် မ ... ကြောင်းတွေသာ တောင်စဉ် ရေမရ လျှောက်ပြောနေတာပဲ။ ပြောစရာ ... အကြည်တော် မျက်နှာပေါက်ဆိုးတယ် ဆိုပြီး ကဲ့ရဲ့ပြစ်တင်နေတာပဲ'

'မျက်နှာပေါက်ဆိုးတယ် ဟုတ်လား၊ မျက်နှာပေါက်ဆိုးတာ ... ပါဘူး၊ ကျုပ်ဘာသာကျုပ် နေတတ်သလို နေတာပါ'

'ဒါကို ကျွန်တော် သိပါတယ်။ အစ်မတော်လည်း မသိဘဲ မနေ ... တုန်းကတော့ အကြည်တော် ဣန္ဒြေသိက္ခာ ရှိတယ်လို့ ... ပြောတယ်၊ သူ့စိတ်နဲ့ အခန့်မသင့်တော့ ဣန္ဒြေရရ နေတာကိုပဲ မျက်နှာ ... ဆိုပြီး ကဲ့ရဲ့ပြန်တာပါ။ ခုတလော အစ်မတော်နဲ့ မျက်နှာချင်း ... ဘူး ဒါကြောင့်လည်း သိပ်မျက်နှာချင်း မဆိုင်ဘူး'





မြို့စားလေး ဗညားအိမ်က ပြန်ပြောလိုက်သည်။

ထိုအခိုက်တွင် ဗညားအိမ်နှင့် သီရိဖြတ်ကမွန်တို့ ... ကြသည့် အခန်းထဲသို့ မြို့စားလေး၏ အမှုထမ်းတစ်ဦး ... နေသည့် အရပ်မှ ရှိသေစွာ ခစားနေပေသည်။

'မြို့စားမင်းအတွက် စာလွှာတစ်စောင် ပါရှိလာကြောင်းပါ'

အမှုထမ်းက ရှိသေစွာ အစီရင်ခံရင်း ငှင်းနှင့်အတူ ပါလာသည့် ... ပါအိတ်ကို မြို့စားလေး၏ လက်သို့ ဆက်သလိုက်သည်။

'ဘယ်သူ့ဆီက စာလွှာလဲ'

'အမည်နာမကို မသိကြောင်းပါ။ သို့ရာတွင် ထိုပုဂ္ဂိုလ်ကြီး၏ ဝတ်စား ... ဆာများကို ကြည့်ရခြင်းအားဖြင့် ဗိုလ်မှူးကြီးတစ်ဦး ဖြစ်လိမ့်မည်ဟု ... မှန်းရကြောင်းပါ'

အမှုထမ်းက ပြန်ပြောလိုက်ရာ မြို့စားလေး ဗညားအိမ်သည် ခေတ္တမျှ ... မှောင်ကြုတ်၍ စဉ်းစားနေပေသည်။

'စာလွှာ ပေးလိုက်ရုံတင် ပေးလိုက်တာလား'

'မှန်လှပါ၊ မြို့စားမင်းနှင့် တွေ့လိုကြောင်းလည်း မိန့်ကြားကြောင်းပါ'

အမှုထမ်းက ပြန်လည်၍ လျှောက်တင်လိုက်ရာ ဗညားအိမ်သည် ... ခေတ္တမျှ စဉ်းစားနေရာမှ ကတ္တီပါအိတ်ကို ဖွင့်၍ အထဲမှ ပေရွက်ကို ဆွဲ ... လိုက်သည်။

ပေရွက်ပေါ်တွင် ရေးသားထားသော လက်ရေးလက်သားကို မြင် ... သည်နှင့် တစ်ပြိုင်နက် ဗညားအိမ်မှာ မျက်နှာပျက်သွားပြီး ဖြူဖပ်ဖြူရော် ... သွားပေသည်။ ပေရွက်ကို ကိုင်ထားသော လက်မှာလည်း တုန်တုန်ယင်ယင် ... ၍ နေပေသည်။

ပေရွက်ပေါ်တွင် ရေးသားထားသော လက်ရေးမှာ ဗိုလ်မှူးသမိန်စက္ကဝေါ ... လက်ရေးလက်သား ဖြစ်နေသဖြင့် ဗညားအိမ်မှာ ထိတ်လန့်တုန်လှုပ်သွား ... ဖြစ်ပေသည်။ သမိန်စက္ကဝေါထံမှ စာလွှာဖြစ်ကြောင်း သိရသည်နှင့် ... ပြိုင်နက် ဗညားအိမ်သည် စာလွှာယူလာသူအား အခန်းထဲမှ ထွက်သွားရန် ... မိန့်ပေးလိုက်သည်။

'လက်စသတ်တော့ သမိန်စက္ကဝေါရဲ့ စာပါလား။ စော်ကားလှချည် ... ကျွန်တော့်ရဲ့ ပိုင်နက်ကိုလာပြီး ကျွန်တော့်ကို စော်ကားတာ ကောင်းသလား'

အခန်းထဲတွင် နှစ်ယောက်တည်း အတူတူ ကျန်ရစ်ခဲ့သော ... ညားအိမ်က ဒေါသသံဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'သူ့စာလွှာမှာ ဘာတွေ ပါသလဲဆိုတာ ဖတ်ကြည့်စမ်းပါဦး'

သီရိဖြတ်ကမွန်က သတိပေးလိုက်ရာ ဗညားအိမ်သည် တုန်ယင်သ... ...ဖြင့် ပေရွက်ကို ကိုင်ပြီး သမိန်စက္ကဝေါ၏ စာကို ဖတ်ကြည့်လိုက်သ... ...ရင်းဖတ်ရင်း ဗညားအိမ်၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေရာမှ ... ...ပြီး နီရဲရာမှ ညိုမည်းသွားပေသည်။

'သူ့စာလွှာထဲမှာ ဘာတွေပါလို့ အကြည်တော်ရဲ့ စိတ်ကို ထိ... သွားရတာလဲ။ သူလည်း သမိန်စက္ကဝေါ၊ အကြည်တော်လည်း မြို့စားဗညားအိ... ဘာများ အရေးလုပ်နေစရာ လိုသေးသလဲ။ အလျှော့မပေးချင်စမ်းပါနဲ့။ ... တစ်ယောက်လုံး ရှိပါသေးတယ်'

သီရိဖြတ်ကမွန်သည် ဗညားအိမ်၏ အမူအရာကို အကဲခတ်နေ... အားပေးစကား ပြောကြားလိုက်သည်။

'ကျွန်တော်လည်း အရေးမလုပ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ပိုင်နက်ထဲ... လာပြီး ကျွန်တော့်ကို စော်ကားတာ ခံပြင်းလွန်းလို့ပါ။ ကျွန်တော့်ကို စော်... တင်မကသေးဘူး၊ အစ်မတော် နှင်းကေသရာကိုပါ ထိပါးစော်ကားထား... တယ်။ သူ့အလို မလိုက်ရင် ကျွန်တော့်ကိုပါ မင်းပြစ်မင်းဒဏ်သင့်အော... လုပ်ပြမယ် ဆိုပြီး ခြိမ်းခြောက်လိုက်သေးတယ်။ သူ့စာလွှာကို အကြည်... ဖတ်ကြည့်စမ်းပါဦး၊ ပြီးတော့ ကျွန်တော် ဘယ်လို တုံ့ပြန်ရမလဲဆိုတာ အကြံ... ပေးစမ်းပါ'

ဗညားအိမ်မှာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်သည့် အမူအရာ... ...ငှင်း၏လက်မှ စာလွှာကို သီရိဖြတ်ကမွန်၏ လက်သို့ ပေးအပ်လိုက်သ...

သီရိဖြတ်ကမွန်သည် ဗညားအိမ်၏ လက်မှ စာလွှာကို လှမ်းယူ... ...ညားအိမ်၏ အမူအရာကို အကဲခတ်လိုက်ရာ တစ်ကိုယ်လုံး နတ်ပူ... ...ခ်လှုပ်နေသည်ကို တွေ့ရပေသည်။

ဗညားအိမ်၏ အမူအရာကို အကဲခတ်နေရာမှာ သမိန်စက္ကဝေါ... ...လွှာကို ဖတ်ရှုကြည့်လိုက်ပြန်သည်။

**ဆောင်းတူးမြို့စားလေး ဗညားအိမ်သို့ –**

**အကြည်တော် ဗညားအိမ်။**

**ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာလျှင် အကြည်... ၏ စံအိမ်ကို ယာယီ တဲနန်းတော်အဖြစ် သတ်မှတ်ကာ တည်း... ...မည် ဖြစ်သဖြင့် အကြည်တော် မျက်နှာပွင့်လန်းနေကြောင်း သ... ...တား ကြားသိနေရပါသည်။ ဘုရင်မကြီးအား နီးကပ်စွာ ဖူးမြော်...**





ရရှိရေးအတွက် အကြည်တော်၏ ခြေသလုံးကို ဖက်၍ ထဝ်ပါးရပ်ပါး လုပ်နေကြသူများ ရှိနေသည်ကိုလည်း သိရပါသည်။

အကြည်တော်ထံ ကျွန်ုပ် လာရောက်ခြင်းမှာ အကြည်တော်ထံမှ အကူအညီ တစ်စုံစုံ ရယူလို၍ အကြည်တော်၏ ခြေသလုံးကို ဖက်ရန် လာရောက်ခြင်း ဖြစ်သည်ဆိုလျှင် မှားမည် မဟုတ်ပါ။ သို့ရာတွင် ဘုရင်မကြီးအား နီးကပ်စွာ ဖူးမြော်ခစားခွင့် ရရှိရေးအတွက် အကြည်တော်၏ ခြေသလုံးကို ဖက်လိုခြင်း မဟုတ်ပါ။

လူမတန် နတ်တန်မှု ရောမောလုပသည့် အကြည်တော်၏ အစ်မတော် နှင်းကေသရာအား ကျွန်ုပ်၏ ကြင်ရာတော်အဖြစ် မြောက်စားခွင့်ပြုပါမည့် ခြေသလုံးဖက်ပြီး ခွင့်ပန်လိုခြင်းသာ ဖြစ်ပါသည်။

အကြည်တော်၏ အစ်မတော် နှင်းကေသရာအား ကျွန်ုပ်၏ ကြင်ရာတော် အဖြစ်သို့ ရောက်ရှိလာမှသာ နှင်းကေသရာ၏ မျက်နှာကို ထောက်ထား၍ အကြည်တော် အပေါ်တွင် ယောက်ဖတော်အဖြစ် ကျွန်ုပ် သက်ညှာနိုင်မည် ဖြစ်သည်ကို အကြည်တော် သိထားစေလိုပါသည်။

အကြည်တော် သိပြီး ဖြစ်သည့်အတိုင်း အကြည်တော်၏ အသက်သည် ကျွန်ုပ်၏ လက်ဖဝါးတွင်း၌ ရှိနေသည်ကို အစဉ် သတိရစေလိုပါသည်။ အကြည်တော်အား မင်းပြစ်မင်းဒဏ် သင့်စေမည့် သက်သေခံ စာတမ်းတစ်စောင် ကျွန်ုပ်ထံတွင် လုံခြုံစွာ သိမ်းဆည်းထားသည်ကို အကြည်တော် သိပြီးဖြစ်၍ အထူးတလည် ဖော်ပြရန် လိုမည် မထင်ပါ။ ဤစာတမ်းကို အကြည်တော်၏ အစ်မတော် နှင်းကေသရာအား ကျွန်ုပ်၏ ကြင်ရာတော်အဖြစ် မြှောက်စားသည့် နေ့တွင် ဖျက်ဆီးပစ်ရန် ကြံရွယ်ထားပါသည်။

ကျွန်ုပ်အကြံအစည် အောင်မြင်ရေးအတွက် အကြည်တော် အစွမ်းကုန် ကူညီလိမ့်မည်ဟု ယုံကြည်ပါသည်။ အကြည်တော်၏ အစ်မတော် နှင်းကေသရာသည် အကြည်တော်အား အသက်နှင့်ထပ်တူ ချစ်မြတ်နိုးကြောင်း ကျွန်ုပ် ကောင်းစွာ သိသဖြင့် အကြည်တော်၏ အကူအညီကို တောင်းခံရခြင်း ဖြစ်ပါသည်။ အကြည်တော်၏ သေရေးရှင်ရေးမှာ အကြည်တော်၏ အစ်မတော် နှင်းကေသရာ၏ အဆုံးအဖြတ် အပေါ်တွင် တည်နေပါသဖြင့် နှင်းကေသရာ၏ အဆုံးအဖြတ်ကို ကျွန်ုပ် အမြန်ဆုံး ကြားနာလိုပါ၏။

သမိန်စက္ကဝေါ



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါစာကို သီရိဖြတ်ကမွန်က အသံထွက်အောင် ဖတ်ပြ… ပြီးသည့်အဆုံးတွင် မြို့စားလေး ဗညားအိမ်မှာ ဆောက်တည်ရာ မရ… ဘိတ်လန့်တုန်လှုပ်သည့် အမူအရာဖြင့် အောက်နှုတ်ခမ်းကို ပြတ်လု… ကိုက်၍ သီရိဖြတ်ကမွန်အား အားကိုးသည့် အမူအရာဖြင့် ကြည့်လိုက်…

'ကဲ စစ်သည်တော်ကြီး၊ ကျွန်တော် ဘာလုပ်ရမလဲ။ အကြံ… ပါဦး'

ဗညားအိမ်က အားကိုးအားထားဖြင့် အကြံဉာဏ်တောင်းလိုက်…

'နှင်းကေသရာရဲ့ သဘောထားကကော ဘယ်လိုလဲ၊ သမိန်… အပေါ်မှာ မေတ္တာသက်ဝင်ခဲ့ဖူးလား'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

'မေတ္တာသက်ဝင်ဖို့ နေနေသာသာ သူ့မျက်နှာကိုတောင် မကြည့်… ဘူး။ ဒါကိုတော့ ကျွန်တော် သိတယ်။ တစ်ခါတုန်းက အစ်မတော် နှင်း… ကို သမိန်စက္ကဝေါ မရမနေ ပိုးပန်းခဲ့ဖူးတာ အမှန်ပဲ။ ဒါပေမဲ့ အစ်… နှင်းကေသရာက ခွေးပြောဝက်ပြော ပြောလွှတ်လိုက်လို့ အစ်မတော်ရဲ့ မျ… ကိုတောင် သူ မကြည့်ရဲဘူး။ ဒါက အရေးမကြီးဘူး။ ကျွန်တော် ဘာလုပ်… ဒါကို အကြံပေးပါဦး'

'ဘာမှ ထူးထူးထွေထွေ လုပ်နေစရာ မလိုပါဘူး။ သူလည်း … စက္ကဝေါ၊ ငါလည်း ဗညားအိမ်ဆိုပြီး လာမယ့်ဘေးကို ရဲရဲကြီး ပြေးတွေ့… စမ်းပါ။ ကြောက်စိတ်ကို ပယ်ဖျက်ပြီး ရဲစိတ်ကို မွေးစမ်းပါ။ သမိန်… ခြိမ်းခြောက်တာကို အရေးလုပ်နေစရာ မလိုပါဘူး။ အရေးမလုပ်တဲ့ အမူအ… သမိန်စက္ကဝေါကို မျက်နှာပြောင်တိုက်ပြီး မျက်နှာချင်း ဆိုင်လိုက်စမ်းပါ။ နည်း… ကလေးမှ မကြောက်ပါနဲ့။ လူမှန်ရင် မွေးတစ်နေ့၊ သေတစ်နေ့ပဲ။ သေ… ကြောက်မနေစမ်းပါနဲ့။ သေရမှာကို မကြောက်ရင် လောကမှာ ဘာ… ကြောက်စရာ မရှိတော့ဘူး။ ယောက်ျားပဲ၊ စိတ်ကို တင်းထားစမ်းပါ'

'သူနဲ့ တွေ့ရင် ဘာပြောရမလဲ'

'မြို့စားပီပီ ဣန္ဒြေရရ နှုတ်ခွန်းဆက်လိုက်ပေါ့'

'တကယ်လို့ သူက ကျွန်တော်ကို ခြိမ်းခြောက်လာရင်ကော ကျွန်… ဘာပြန်ပြောရမလဲ၊ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာချိန်မှာ ကျွန်… …က်မှတ်ရေးထိုးခဲ့မိတဲ့ စာတမ်းကို ဘုရင်မကြီးရဲ့ ရွှေလက်တော်ကို … …ပိုက်ရင် ဒုက္ခပဲ။ တစ်ဆွေလုံး တစ်မျိုးလုံး မီးလောက်တိုက်အသွင်း ခံ…

'ဒီအတွက် ဘာမှ မစိုးရိမ်ပါနဲ့။ ဘုရင်မကြီးရဲ့ ရွှေလက်…





…က်သဝ့်ပါဘူး။ ဆက်သဝ့်လို့ ဆက်သရင်လည်း စိုးရိမ်စရာ မရှိပါဘူး။ …ကြည်တော်ကို အရက်မူးအောင်တိုက်ပြီး အကြည်တော် ယူခွန်းသူမှန်း …အောင် အရက်မူးနေတုန်း လက်မှတ်ရေးထိုးခိုင်းလို့ လက်မှတ်ရေးထိုးခဲ့ရ …င်း ဘုရင်မကြီး သဘောပေါက်အောင် လျှောက်တင်လိုက်ရင် အကြည် … အပေါ်မှာ အပြစ်ယူမှာ မဟုတ်ပါဘူး။ ဘုရင်မကြီးရဲ့ တရားမျှတတဲ့ …သဘောထားကို ကျုပ် သိပါတယ်။ တစ်ဖက်စကားကို ဘုရင်မကြီး …ကြည်တော် မမှုပါဘူး'

'အကြည်တော်၊ ကျွန်တော့်ကို မကူညီနိုင်တော့ဘူးလား'

'မကူညီမှာကို မပူပါနဲ့၊ တတ်နိုင်သမျှ ကူညီပါမယ်။ သမိန်စက္ကဝေါ …ည်းထားတဲ့ အကြည်တော်ရဲ့လက်မှတ်နဲ့ စာတမ်းကိုပါ ပြန်ရအောင် …ပါမယ်လို့ ကျုပ် ကတိပေးခဲ့ပြီးပြီ မဟုတ်လား။ ဒါပေမဲ့ လောလောဆယ် … ဘုရင်မကြီးရဲ့ အသက်အန္တရာယ် ကာကွယ်ရေးအတွက် တာဝန်ရှိနေ …့ ကိုယ်ရေးကိုယ်တာ ကိစ္စကို ခေတ္တ ဆိုင်းငံ့ထားရဦးမယ်။ အခြေအနေ …ည်း စောင့်ကြည့်ရလိမ့်မယ်'

'ဒါဖြင့် သမိန်စက္ကဝေါကို ကျွန်တော်တစ်ယောက်တည်း ရင်ဆိုင်ရမယ် …တော့'

'မဟုတ်ပါဘူး၊ အကြည်တော် တစ်ယောက်တည်း အတွေ့မခံပါနဲ့။ …ကြည်တော်ရဲ့အပါးမှာ အကြည်တော်ရဲ့ အမှုထမ်းတွေကို အခါမလပ် ရှိနေ …။ သမိန်စက္ကဝေါကို ဧည့်ခံတဲ့ အခါမှာလည်း အခြားဧည့်သည်တွေနဲ့အတူ …နေပြီး ဧည့်ခံပါ။ အခြားဧည့်သည်တွေထက် ပိုပြီး သူ့ကို အရေးမပေး … သူရှိတဲ့နေရာကို အကြည်တော် မသွားပါနဲ့။ အကြည်တော် ရှိတဲ့နေရာကို …လို့ရှိရင်လည်း မြို့စားပီသစွာ ခပ်တည်တည် မျက်နှာထားနဲ့ ဆက်ဆံပါ။ …က်ချင်း အတွေ့မခံပါနဲ့'

'နှစ်ယောက်ချင်း တွေ့ခွင့် တောင်းရင်ကော ....'

'တွေ့ခွင့်မပေးနိုင်ဘူး ဆိုပြီး မောင်းနှင်ထုတ်လိုက်ပေါ့'

'ခြိမ်းခြောက်လာရင်ကော ....'

'အကြည်တော်ရဲ့ အမှုထမ်းတွေကို ခေါ်ပြီး ဧည့်ခန်းထဲက ဆွဲ …သွားဖို့ အမိန့်ပေးလိုက်ရုံပဲ ရှိတာပေါ့'

'အကြည်တော်ရဲ့ အကြံပေးချက်ကို ကျွန်တော် ခြွင်းချက်မရှိ လက်ခံ …တယ်။ ဒါပေမဲ့ ကျွန်တော် လက်မှတ်ရေးထိုးထားတဲ့ စာတမ်းက သူ့ဆီ …နေတာ ခက်တယ်။ ဒီစာတမ်းသာ မရှိဘူးဆိုရင် ကျွန်တော့်ရဲ့ အိမ်အရိပ် …ောင် နင်းခွင့်ရမှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒီစာတမ်းအတွက် ပူပင်မနေပါနဲ့။ ဘုရင်မကြီးရဲ့ ရွှေလက်တော် ဘယ်နည်းနဲ့မှ မရောက်စေရအောင် ကျုပ်တာဝန်ယူတယ်။ ကဲ သမိန်စ ည့်ခန်းက စောင့်နေလိမ့်မယ်။ လာမယ့်ဘေးကို ပြေးတွေ့လိုက်စမ်းပါ။ ဒါ ဘခ်ခုတော့ ကျုပ် မှာလိုက်ချင်တယ်။ သူ့ရှေ့ကို ရောက်ရင် ခပ်တည် ညာဖြေရရ ဆက်ဆံပါ။ နည်းနည်းကလေးမှ အမူအရာ မပျက်ပါစေနဲ့။ ကြော ခံတ်ကို မတွေးပါနဲ့။ ကြောက်မွေးပါရင် ဇာဂနာနဲ့ နုတ်ပစ်လိုက်စမ်း'

သီရိဗြတ်ကမ္ဘန်က ရဲဆေးတင်ပေးလိုက်ရာ မြို့စားလေး ဗညာ မှာ ကြောက်စိတ်များ ပျောက်ကွယ်သွားပြီး ရဲစိတ်ရဲမာန်များ ဝင်လာကာ မျက်နှာမှာ သိသိသာသာ ကြည်လင်၍ လာပေသည်။ သီရိဗြတ်ကမ္ဘန် တွင်လည်း ယခင်ကထက် ပိုမို၍ ကြည်ညိုအားထားသည့် စိတ်များ တ ပေါ်ပေါက်လာပေသည်။

'မင်းလည်း သမိန်စက္ကဝေါ၊ ငါလည်း ဗညားအိမ်၊ ရှမ်းနဲ့ဆင် ပြင်မှာ တွေ့ကြသေးတာပေါ့'

မြို့စားလေး ဗညားအိမ်သည် လက်သီးလက်မောင်းတန်း၍ ပြ ရင်း သီရိဗြတ်ကမ္ဘန်၏ ဩဝါဒအတိုင်း ရဲစိတ်ရဲမာန်မွေး၍ သမိန်စက္က မျက်နှာချင်းဆိုင်ရန် ဧည့်ခန်းဆောင်ရှိရာသို့ တည်ငြိမ်သည့် ဣန္ဒြေဖြင့် ထွ သည်ကို မြင်ရသောအခါ သီရိဗြတ်ကမ္ဘန်သည် ကျေနပ်သည့် အမူအ မျက်စိတစ်ဆုံး ကြည့်ရင်း ကျန်ရစ်ခဲ့ပေသည်။

## အခန်း ၃၃

အိပ်ခန်းဆောင်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ သီရိဗြတ် သည် လေသာပြတင်း ရှိရာသို့ လာခဲ့ပြီး ပြတင်းပေါင်ကို မှီ၍ ဘုရင် အသက်အန္တရာယ် ကာကွယ်ရေးအတွက် မိမိအပေါ်တွင် ကျရော ရှိသည့် တာဝန်ဝတ္တရားများမှာ တစ်ချိန်ထက်တစ်ချိန် ကြီးလေးလာ စဉ်းစားရင်း၊ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာလျှင် မည်သို့ ထိန်းသိမ်းရေးအစီအစဉ်များ ပြုလုပ်ရမည်ကို ကြံစည်စိတ်ကူးနေရာ စိတ်အာရုံမှာ နှင်းကေသရာထံ ရောက်ရှိသွားပြန်သဖြင့် မသိမသာ သ ချလိုက်သည်၊

လေသာပြတင်းမှ မှန်းမျှော်ကြည့်လိုက်သောအခါ ကျယ်ပြ





တောတန်းနှင့် ရှည်လျားမြင့်မားသည့် တောင်တန်းကြီးများကို ဘရေးရေး မြင်ရပေသည်။ တောတန်းနှင့်တောင်တန်း အကြားတွင် စိမ်းလန်းစိုပြည်သည့် လင်ယာပဲခင်းများကို သာယာကြည်နူးဖွယ်ရာ တွေ့မြင်ရပေသည်။ ဤနေရာ သို့ သီရိဗြတ်ကမ္ဘန် ရောက်လာရခြင်း၏ အဓိက အကြောင်းရင်းမှာ ကြီးသက်တော်ရှည်၏ တာဝန်ပေးချက်အရ ဆောင်းတူးမြို့သို့ ဘုရင်မကြီး ခန်းလှည့်လည်တော်မူလာစဉ် ဘုရင်မကြီးအား လုပ်ကြံသတ်ဖြတ်ရန် ည်နေကြသော သစ္စာဖောက် လူတစ်စု၏ အန္တရာယ်ကို အကြွင်းမဲ့ ရန် ဖြစ်ပေသည်။

ဤရည်ရွယ်ချက်ဖြင့် သီရိဗြတ်ကမ္ဘန်သည် မိမိကိုယ်ကို မိမိ အတွင်း င်မှ မကြာမီက လွတ်မြောက်လာခဲ့သည့် ကြေးစားစစ်သည်တော်အသွင် နှင်းကေသရာထံ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဘုရင်မကြီးအား လုပ်ကြံရန် ကြံစည်နေသူများတွင် နှင်းကေသရာ ၎င်း၏မောင်တော် မြို့စားဗညားအိမ်တို့ ဦးစီးပါဝင်နေသည် ဟူသော င်းအရ နှင်းကေသရာနှင့် ဗညားအိမ်တို့၏ စိတ်ရင်းသဘောထားများကို င်းကျကျ စုံစမ်းထောက်လှမ်းနိုင်စေရန် အတွင်းလူအဖြစ်သို့ ရောက်ရှိ ကြိုးစားခဲ့ပေသည်။ သီရိဗြတ်ကမ္ဘန်၏ ကြိုးစားမှုမှာ အောင်မြင်လာခဲ့ပြီ။ နှင်းကေသရာနှင့် ဗညားအိမ်တို့၏ စိတ်ချယုံကြည်ခြင်း ခံရသည့် ခင်ပွန်း အဖြစ်သို့ ရောက်ရှိလာခဲ့ပေသည်။

အတွင်းလူအဖြစ်သို့ ရောက်ရှိလာသောအခါ နှင်းကေသရာနှင့် အိမ်တို့မှာ ဘုရင်မကြီးအား လုပ်ကြံရန် အကြံအစည်တွင် ပါဝင်ခြင်း ၎င်းတို့အား ဓားစာခံအဖြစ် သစ္စာဖောက်များက ရှေ့တန်းသို့ တွန်းပို့ ာ ဖြစ်သည်ကို လည်းကောင်း၊ နှင်းကေသရာနှင့် ဗညားအိမ်တို့မှာ ကြီး အပေါ်တွင် အသက်နှင့်လဲပြီး သစ္စာစောင့်သိသူများ ဖြစ်သည်ကို ကောင်း သိမြင်လာပေသည်။ ထိုသို့ သိမြင်လာသည်နှင့် တစ်ပြိုင်နက် သရာနှင့် ဗညားအိမ်တို့အား အကာအကွယ်ပေး၍ ၎င်းတို့မောင်နှမကို အဖြစ် ထားရှိကာ ဘုရင်မကြီးအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်နေသူ နည်းပရိယာယ် အမျိုးမျိုးဖြင့် ရှင်းလင်းသုတ်သင်ခဲ့ရာမှ နှင်းကေသရာ တွင် သီရိဗြတ်ကမ္ဘန်သည် တစ်နေ့တခြား စွဲလမ်းစ ပြု၍လာပေသည်။

သို့ရာတွင် သီရိဗြတ်ကမ္ဘန်မှာ တိုင်းပြည်အပေါ်တွင် ထားရှိအပ်သည့် င် ဝတ္တရားများကို ဦးစားပေးပြီး တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် အမှုတော် နေသူဖြစ်၍ နှင်းကေသရာအပေါ်တွင် စွဲလမ်းသည့်စိတ်ကို တားနိုင်သမျှ



www.burmeseclassic.com

www.burmeseclassic.com



...ဆက်ပြီး နှင်းကေသရာအား ၎င်းနှင့် ထိုက်တန်သည့် မိုးအုံးနောင်နှင့် ... ရန် မိုးအုံးနောင်အား မေတ္တာဘွဲ့ ကဗျာလင်္ကာများ ရေးစပ်သီကုံး... လိုအပ်သည့် အကူအညီများ ပေးခဲ့ခြင်း ဖြစ်ပေသည်။

ယခုမူ မိမိ၏ ကြိုးစားမှုမှာ ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့ရသည့်... စောစောက ဗညားအိမ် ပြောသွားသည့် စကားအရ နှင်းကေသရာသည် ... အပေါ်တွင် အထင်လွဲမှုများကာ မျက်နှာချင်းပင် မဆိုင်လိုတော့သည့် အခြေ... သို့ ရောက်နေသည်ကို သိရသဖြင့် သီရိဖြတ်ကမွန်၏ ရင်ထဲတွင် မခံချိ... ဖြစ်ခဲ့ရပေသည်။ သို့ရာတွင် စိတ်ကိုတင်း၍ မိမိ ထမ်းရွက်ရမည့် ... ဝတ္တရားများကို ကျေပွန်စွာ ထမ်းရွက်ပြီးသည်နှင့် တစ်ပြိုင်နက် နှင်းကေသ... မောင်နှမထံပါးမှ ခွဲခွာ၍ နိုင်ငံတော်၏ သားကောင်းရတနာ စစ်သား... ပီသစွာ မိမိ၏အသက်ကို နိုင်ငံတော်သို့ ပေးအပ်၍ နိုင်ငံတော်၏ လုံခြုံ... နှင့် သာယာဝပြောရေးအတွက် ကျရာနေရာမှ ဆက်လက်၍ တာဝန်ထမ်း... ရင်း နှင်းကေသရာ အပေါ်တွင် စွဲလမ်းခဲ့သည့်စိတ်များ ဖြေဖျောက်ရန် ... စိတ်ကူးနေရာမှ ရင်ထဲတွင် နင့်တင့်တင့် ဖြစ်လာသဖြင့် မသိမသာ သ... မှုတ်ထုတ်လိုက်ခြင်း ဖြစ်ပေသည်။

နှင်းကေသရာအကြောင်း စိတ်ကူးယဉ်နေရာမှ ဥယျာဉ်တော်... ရယ်သံ မောသံများနှင့် ဝမ်းသာအရ နှုတ်ခွန်းဆက်သသံများကို အ... ပြန်သဖြင့် အသံကြားရာသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ဝတ်... စားလှများ ဝတ်စားဆင်ယင်လာကြသည့် အထက်တန်းလွှာ အမျိုးသား... သမီးများအား မြို့စားလေး ဗညားအိမ်က ကြိုဆိုဧည့်ခံနေသည်ကို မြင်ရ...

မြို့စားလေးနှင့်အတူ ၎င်း၏ လက်စွဲတော်များ၊ အိမ်တော်အ... များနှင့် ကိုယ်ရံတော်များ ခြံရံလိုက်ပါလာကြသည်ကို သီရိဖြတ်ကမွန် ... မြင်မိပေသည်။

မြို့စားလေးမှာ ဘုရင်မကြီး၏ အရှိန်အဝါကြောင့် မျက်နှာပွင့်... လျက် ရှိပေသည်။ မြို့စားလေးအား ခေါ်ချင်ပြောချင် အရေးလုပ်ချင်... သေါ်များလှသဖြင့် မြို့စားလေးမှာ တစ်ဦးချင်း အကွက်မလည်နိုင်အောင် ... နေရသည်ကို တွေ့မြင်ရပေသည်။

ဧည့်သည်တော်များအား တစ်ဦးစီ အလှည့်ကျ နှုတ်ခွန်း... ဧည့်ခံနေရာမှ မြို့စားလေးသည် စိုးရိမ်မကင်းသည့် အမူအရာဖြင့် ... အတော်သို့ ခေါ်မသာ လှည့်ကြည့်လိုက်သည်ကို သီရိဖြတ်ကမွန် သတိပြု...





...ည်၊ မြို့စားလေး၏ အမူအရာကို အကဲခတ်ရခြင်းအားဖြင့် သမိန်စက္ကဝေါနှင့် ...နှာချင်း ဆိုင်ရမည်ကို စိုးရိမ်ပူပန်သည့်အသွင် ဆောင်လျက် ရှိပေသည်။

မကြာမီ မြို့စားလေး ရှိရာသို့ သမိန်စက္ကဝေါသည် ၎င်း၏ ကိုယ်ရံတော်... ခြံရံကာ ပြုံးရွှင်သော အမူအရာဖြင့် လာနေသည်ကို မြင်ရသဖြင့် သီရိဖြတ်ကမွန်... ည် မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေမိပေသည်။

မြို့စားလေး ဗညားအိမ်၏ အနီးသို့ရောက်သောအခါ သမိန်စက္ကဝေါ... ည် ပြုံးရွှင်စွာဖြင့် ဦးညွှတ်နှုတ်ဆက်လိုက်ရာ၊ မြို့စားလေးသည် သီရိဖြတ်ကမွန်... ဝါဒ ပေးခဲ့သည့်အတိုင်း တည်ငြိမ်ရင့်ကျက်သည့် ဣန္ဒြေဖြင့် ခွန်း... လိုက်သည်ကို မြင်ရပေသည်။

သမိန်စက္ကဝေါသည် မြို့စားလေးအနီးသို့ ချဉ်းကပ်လာကာ မြို့စားလေး... မျက်နှာချင်း ဆိုင်လိုက်သည်ကို မြင်ရပြန်သည်။ ခြေဟန်လက်ဟန်ဖြင့် ...မိန်စက္ကဝေါက မြို့စားလေးအား နှုတ်ခွန်းဆက်သည်ကိုလည်း မြင်ရပေသည်။ ...စားလေးက ဣန္ဒြေသိက္ခာဖြင့် တစ်ခွန်း၊ နှစ်ခွန်း ပြန်ပြောပြီး ခေါင်းယမ်း...သည်ကို မြင်ရပြီး သမိန်စက္ကဝေါသည် စောစောကထက် သွက်လက်လှုပ်ရှား...ည့် ခြေဟန်လက်ဟန်များဖြင့် စိတ်ပါလက်ပါ စကားပြောနေသည်ကို မြင်ရ...သည်။

သီရိဖြတ်ကမွန်က မြို့စားလေး ဗညားအိမ်သည် မိမိ ဩဝါဒပေး...ထားသည့်အတိုင်း လိုက်နာ ဆောင်ရွက်နိုင်ပါမည်လောဟု သံသယ ဝင်လာကာ ...ကင်းသည့် အမူအရာဖြင့် မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေမိသည်။

သမိန်စက္ကဝေါက ခြေဟန်လက်ဟန်ဖြင့် စိတ်ပါလက်ပါ ပြောဆိုနေ...သော်လည်း မြို့စားလေးဗညားအိမ်မှာမူ သမိန်စက္ကဝေါ ပြောဆိုနေသည့် စကား...ကို စိတ်မဝင်စားသည့် အမူအရာဖြင့် မိမိ၏ ကိုယ်ရံတော်များနှင့်အတူ ...များ ဧည့်သည်တော်များ ရှိရာသို့ ဣန္ဒြေရရ ထွက်ခွာသွားသည်ကို မြင်ရ...အခါ သီရိဖြတ်ကမွန်မှာ ဘဝင်ကျသွားပေသည်။

သမိန်စက္ကဝေါအား ထားခဲ့ပြီး အခြားဧည့်သည်တော်များ ရှိရာသို့ ...စားလေး ဗညားအိမ် ထွက်ခွာသွားသည်ကို မြင်ရသောအခါ သမိန်စက္ကဝေါ ...ခံ့အားသင့်ပြီး ငေါင်းစင်းစင်းနှင့် ကျန်ရစ်ခဲ့ရာမှ ၎င်း၏ မျက်နှာထားမှာ ...သာသာ ခက်ထန်လာပြီး ၎င်း၏ ကိုယ်ရံတော်များကိုခေါ်၍ မြို့စားလေး ...အိမ်၏ နောက်သို့ ဒေါနှင့်မောနှင့် လိုက်ပါသွားသည်ကို မြင်ရပေသည်။ ...စားလေး ဗညားအိမ်မှာမူ သမိန်စက္ကဝေါကို အရေးမလုပ်ဘဲ မိမိကိုယ်ရံတော်... ခြံရံ၍ အခြားဧည့်သည်တော်များနှင့် စကားလက်ဆုံ ကျလျက်ရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ညာ ခဲ့မြပျက်စေဘဲ မြို့စားလေးနှင့် နှစ်ယောက်ချင်း တွေ့ခွင့်ရရန် အခွင့် ... ကို စောင့်ရင်း မိမိနှင့် ရင်းနှီးသော ညွှန့်သည်တော်များနှင့် စိတ်မပါဘဲ ... ခဲ့ပြည် ပြောဆိုနေသည်ကို တွေ့ရပေသည်။

လူခြေတိတ်ဆိတ်လျက် ရှိသည့် ဥယျာဉ်တော် တစ်နေရာ... စစ်သည်တော်တစ်ဦးသည် သစ်ပင်တစ်ပင်၏ အရိပ်အာဝါသကို ခိုလှုံ... အပန်းဖြေနေသည်ကို မြင်ရသဖြင့် ထိုစစ်သည်တော်အား ဂရုစိုက်ပြီး ... လိုက်ရာ ဘုရင်မကြီးအား လုပ်ကြံရန် အင်းဝမှ စေလွှတ်သည့် သစ္စာ... မင်းနန္ဒာ၏ အဝတ်အစားများကို ဝတ်စားဆင်ယင်ပြီး မင်းနန္ဒာ အသွ... သစ္စာဖောက်များ၏ အကြံအစည်ကို ပျက်ပြားသွားစေရန် အတွင်းမှ ဝင်... ဖို့ ကြိုးစားလျက်ရှိသော ဗိုလ်မင်းဖြတ်ဇ ဖြစ်နေသည်ကို မြင်ရသဖြင့် ... ဖြတ်ကမွန်သည် ဗိုလ်မင်းဖြတ်ဇအား ငေးစိုက်ကြည့်နေမိသည်။

ဗိုလ်မင်းဖြတ်ဇသည် သစ်ပင်ရိပ်တွင် ခိုလှုံ၍ အပန်းဖြေနေရာ... ဖြတ်ကမွန် ရှိရာ လေသာပြတင်းပေါက်ဘက်သို့ မသိမသာ လှည့်ကြည့်... ပြီး နဖူးပြင်မှ ချွေးများကို သပ်ချသည့် အမူအရာဖြင့် လက်ကိုမြှောက်၍ အ... ပေးလိုက်ရာ သီရိဖြတ်ကမွန်ကလည်း လက်ကိုမြှောက်၍ အချက်ပြ... လိုက်ပြီး အခန်းထဲမှ ဆင်းလာခဲ့ပေသည်။

'အကြည်တော် မင်းနန္ဒာပါလား၊ ဘယ်တုန်းက ရောက်နေပါ...

သီရိဖြတ်ကမွန်သည် အနီးအနားရှိ ညွှန့်သည်တော်များနှင့် အိမ်... သားများအား ကြားလောက်အောင် ဗိုလ်မင်းဖြတ်ဇအား မင်းနန္ဒာ အ... နှုတ်ခွန်းဆက်လိုက်ပြီး နှစ်ယောက်သား စကားတပြောပြောနှင့် လူရှင်း... နေရာသို့ ထွက်ခွာလာခဲ့ကြပေသည်။

'ဘယ်လိုများ အကြောင်းထူးပါသလဲ'

လူရှင်းသည့် နေရာသို့ ရောက်သောအခါ သီရိဖြတ်ကမွန်က ... ကိုယ်ကြား မေးလိုက်သည်။

'အကြောင်းကတော့ သိပ်မထူးပါဘူး။ မင်းနဲ့ တွေ့ချင်လို့ လာခဲ့... ဒီမှာ သီရိဖြတ်ကမွန်၊ မင်းရဲ့ အကြံအစည်က အတော်နိုပ်သားပဲ။ သစ္စာ... မင်းသိဒ္ဓတ်ကို တိုက်လှေယာဉ်ပေါ်မှာ ချုပ်နှောင်ထားတာကို ငါမြင်ခဲ့ရ... မင်း အတော်ဉာဏ်သွားသားပဲ။ ဒါပေမဲ့ သစ္စာဖောက်ကောင် အဝေါ်မှာ ... ဉာဏ်သွာလွန်း အားကြီးတယ် ထင်တယ်။ ငါသဘောအတိုင်းသာ ဆိုရင် ... စီရင်ပစ်လိုက်မှာ၊ ဒီအကောင် မသေသေးသမျှ စိတ်မချရဘူး။ မတော်...





...အောင် ထွက်ပြေးလွတ်မြောက်သွားရင် မင်းရဲ့ အကြံအစည်တွေ ပျက်ပြား... အောင် အနှောင့်အယှက် ပေးနိုင်တယ်'

ဗိုလ်မင်းဖြတ်ဇက သတိပေးလိုက်သည်။

ထိုအခိုက်တွင် သမိန်စက္ကဝေါသည် ညွှန့်သည်တော်များနှင့် စကား... ပြောနေရာမှ ဗိုလ်မင်းဖြတ်ဇနှင့် သီရိဖြတ်ကမွန်တို့ နှစ်ကိုယ်ကြား ဆွေးနွေး... သည့် လူရှင်းသော နေရာဆီသို့ ဦးတည်လာနေသည်ကို မြင်ရသဖြင့် သီရိ... ဖြတ်ကမွန်က ဗိုလ်မင်းဖြတ်ဇအား လက်ကုပ်ပြီး သတိပေးလိုက်သည်။

'သမိန်စက္ကဝေါ လာနေတယ်။ ဗိုလ်မင်းဖြတ်ဇနဲ့ ကျွန်တော်တို့ ဆွေးနွေးတာကို သူမြင်သွားရင် မကောင်းဘူး။ လာ... ဟိုရှေ့နားကို သွားကြမယ်'

သီရိဖြတ်ကမွန်သည် ပြောပြောဆိုဆို ဗိုလ်မင်းဖြတ်ဇကို ခေါ်၍ ဥယျာဉ်တော်၏ အစွန်ရှိ လူရှင်းသည့် နေရာသို့ လာခဲ့ကြပြန်သည်။

'ဒီအကောင် ဘာလာရှုပ်နေပြန်တာလဲ မသိဘူး။ သူ ရောက်တဲ့ ...မှာ တစ်ခုခုတော့ ဖြစ်တာပဲ။ ဟိုလူ့ကို ရန်စ၊ ဒီလူ့ကို ရန်စနဲ့။ ရန်မရှိ ... ထောင်ပြီး လူတွေကို သတ်ခဲ့ပေါင်း များပြီ'

'ဒီအကောင်အကြောင်း မပြောစမ်းပါနဲ့၊ နားခါးလှပါတယ်။ ဒါထက် ...မင်းဖြတ်ဇ လာတဲ့ကိစ္စကို ပြောစမ်းပါဦး'

'ထူးထူးထွေထွေတော့ မဟုတ်ပါဘူး။ မင်းနဲ့ တွေ့ချင်လို့ လာခဲ့တာပါ။ ...က် မိုးအုံ့နှောင်ရဲ့သတင်း ကြားပြီးပြီလား'

ဗိုလ်မင်းဖြတ်ဇက ပြန်မေးလိုက်သည်။

'မိုးအုံ့နှောင် ဘာဖြစ်လို့လဲ'

'ရင်ကွဲရပ်မှာ သမိန်စက္ကဝေါရဲ့ လက်ချက်နဲ့ ကံကောင်းလို့ မသေ... ...ဘာမွန် ပြောပြတဲ့အတိုင်းသာဆိုရင် သမိန်စက္ကဝေါ မတရား အနိုင်ယူ... ...ဘူး။ မိုးအုံ့နှောင်လက်က ဓားလွတ်ကျသွားပြီး ခုခံကာကွယ်နိုင်စွမ်း မရှိတဲ့ ...မှာ ရက်ရက်စက်စက် ထိုးခုတ်ပြီး အနိုင်ယူသွားတယ်လို့ သိရတယ်။ ...မဲ့ ဒဏ်ရာက သေလောက်တဲ့ ဒဏ်ရာတော့ မဟုတ်ဘူးလို့ ဇာမွန် ပြော...

'အင်း အတော်မိုက်ကန်းတဲ့ အကောင်ပါလား။ ကျွန်တော်နဲ့ တွေ့ချင် ...တယ်'

သီရိဖြတ်ကမွန်က အားမလို အားမရ ပြောလိုက်သည်။

'ဘာလဲ၊ မင်းပေးထားတဲ့ ကတိကို မေ့သွားပြီလား။ မင်းတို့ငါတို့ ...မှာ ကျရောက်လာတဲ့ တာဝန်ဝတ္တရား မပြီးဆုံးသေးခင် ကိုယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တာ ကိစ္စနဲ့ပတ်သက်ပြီး အသက်အန္တရာယ် ထိခိုက်စေမယ့် အလုပ်မျိုး မလုပ်ပါဘူး၊ လုံးဝ ရှောင်ကြဉ်ပါမယ်လို့ မင်း ကတိသစ္စာ ဆိုခဲ့တယ် မဟုတ်လား။ မင်းရဲ့တာဝန်က ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာခဲ့တဲ့ အခါ ဘုရင်မကြီးရဲ့ အသက်အန္တရာယ်ကို လုံခြုံအောင် ကာကွယ်စောင့်ရှောက်ရမယ့် တာဝန် မဟုတ်လား'

'ဒါကို ကျွန်တော် သိပါတယ်။ ကျွန်တော် ပေးခဲ့တဲ့ ကတိကို မမေ့ပါ ဘူး'

'အေး မင်းရဲ့ကတိ တည်ပါစေ။ ငါတို့ရဲ့ လုပ်ငန်းတာဝန် မပြီး သေးသမျှ ကာလပတ်လုံး ငါတို့ရဲ့ဓားနဲ့ ငါတို့ရဲ့အသက်ကို ဘုရင်မကြီး နိုင်ငံတော်အတွက်သာ အသုံးချရမယ်။ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် အသုံး မပြုရဘူး။ ဒါကို မင်းစွဲစွဲမြဲမြဲ မှတ်သားထားပါ'

'ဒီအတွက် စိတ်ချပါ'

'ပြီးတော့ မင်းကို ပြောစရာ စကားတစ်ခွန်း ကျန်သေးတယ်'

'ပြောစရာရှိရင် ပြောသာ ပြောပါ၊ အားမနာပါနဲ့'

'နှင်းကေသရာနဲ့ ပတ်သက်ပြီး ပြောစရာရှိလို့ မင်းဆီကို ငါလာခဲ့'

ဗိုလ်မင်းဖြတ်ဇက မိမိ ပြောစရာ စကားကိုနိဒါန်းပျိုးလိုက်ရာ သီရိ ဖြတ်ကမွန်မှာ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားပေသည်။

'နှင်းကေသရာ ဘာဖြစ်လို့လဲ'

'သက်ဘာရနဲ့ မကောင်းစရာ အပြုအမူတွေကို တွေ့ရပြန်တယ်လို့ မင်းကြီး သက်တော်ရှည်ဆီက သတင်းကြားခဲ့တယ်။ မင်းကြီးသက်တော်ရှည်ကို ပုဉ်းမပင်ဆိပ်ကို တိတ်တဆိတ် ရောက်ရှိလာပြီး ငါ့ကို အခေါ်လွှတ်လို့ မင်းကြီး သက်တော်ရှည်နဲ့ သွားတွေ့ခဲ့ရတယ်'

'မင်းကြီးသက်တော်ရှည်က ဘာပြောသလဲ'

'သူ့ဆီကို နောက်ဆုံး ရောက်ရှိလာတဲ့ ပစ်စာတစ်စောင်ကို ပြ တယ်'

'ပစ်စာတစ်စောင် နောက်ထပ် ရောက်လာပြန်သလား။ ဒါဟာ သိဒ္ဓတ်ရဲ့ လက်ချက်ပဲ။ ဒီပစ်စာဟာ နောက်ဆုံး ပစ်စာပါ။ နောက်ထပ် ရောက်လာစရာ အကြောင်းမရှိတော့ပါဘူး။ ပစ်စာ ပို့တဲ့လူကို လက်ရ ဖမ်းမိပြီ၊ ဒါထက် အဲဒီပစ်စာထဲမှာ ဘာတွေ ပါသလဲ'

'ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာပြီး ဆောင်းတော် ရဲ့ စံအိမ်တော်မှာ တည်းခိုစံနေတော်မူချိန်မှာ ဘုရင်မကြီးကို တိတ်တ





ကြဖို့ နှင်းကေသရာကိုယ်တိုင် သစ္စာဖောက်တွေနဲ့ ပူးပေါင်းပြီး ကြံစည် ကြောင်း စွပ်စွဲဖော်ပြထားတာ ကျုပ်ကိုယ်တိုင် ဖတ်ရှုခဲ့ရတယ်'

'သစ္စာဖောက်တွေဆိုတာ ဘယ်သူတွေကို ဆိုလိုတာလဲ။ သစ္စာဖောက် တွေရဲ့ အမည်နာမတွေကို ထုတ်ဖော်သေးသလား'

'နှင်းကေသရာရဲ့ အမည်နာမ တစ်ခုတည်းကိုသာ ဖော်ထုတ်ပြီး ရေးသားတာ ဖတ်ရှုခဲ့ရတယ်။ သစ္စာဖောက်တွေရဲ့ အမည်နာမတွေကို ထုတ်ဖော်ပါဘူး'

'ဒီလိုဆိုရင် နှင်းကေသရာ တစ်ဦးတည်းကိုသာ ရည်ညွှန်းထားတာ ရှင်းနေသားပဲ'

'ကျုပ် သိချင်တာက ပစ်စာထဲမှာပါတဲ့ စွပ်စွဲချက်ဟာ ဘယ်အထိ မှန်သလဲ၊ ဒါကို ကျုပ် သိချင်တယ်'

'လုံးဝကို မမှန်ပါဘူး။ မတရားသက်သက် လီဆယ်လုပ်ကြံပြီး စွပ်စွဲ တာပါ။ နှင်းကေသရာတို့ မောင်နှမ ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေတာပါ'

'ဒီစကား အမှန်ပဲလား ၊ နှင်းကေသရာအတွက် မင်း အာမခံ ရဲရဲ့လား'

'ကျွန်တော် ပြောတာ မမှန်ရင် ဇက်ဖြတ်ခံရဲပါတယ်'

'အာမခံရဲလှချည့်လား၊ နှင်းကေသရာကို မင်း မျက်စိကျနေပြီ ထင် တယ်၊ မျက်စိကျမယ် ဆိုရင်လည်း ကျစရာပဲ'

ဗိုလ်မင်းဖြတ်ဇက သီရိဖြတ်ကမွန်အား အကဲစမ်းလိုက်သည်။

'ဗိုလ်မင်း ထင်သလို လုံးဝ မဟုတ်ပါဘူး'

'မဟုတ်ဘူးလို့ ငြင်းနေရပေမယ့် မင်းရဲ့စကားကို ငါလက်မခံနိုင်ဘူး။ နှင်းကေသရာဟာ သူမတူအောင် ချောမောလှပတယ်။ အပြောအဆိုလည်း ယဉ်တယ်။ မိန်းမတို့ရဲ့ ပရိယာယ် မာယာနဲ့ ဖြားယောင်းရင် မင်းလိုကောင်မျိုး မခံနိုင်ဘူး မလား။ ဘုရားလောင်း ဥဒေါင်းမင်းတော် ဥဒေါင်းမနဲ့ ဖြားယောင်း တော့ ညွတ်ကွင်းထဲ ဝင်တိုးမိသေးတာပဲ မဟုတ်လား'

ဗိုလ်မင်းဖြတ်ဇက သီရိဖြတ်ကမွန်အား အကဲစမ်းလိုက်ပြန်သည်။

'ဗိုလ်မင်း ထင်သလို မဟုတ်ပါဘူး။ ဒါကို အသာထားပြီး မင်းကြီး သက်တော်ရှည်ဆီကို ရောက်လာတဲ့ ပစ်စာမှာ ပါရှိတဲ့ စွပ်စွဲချက်တွေနဲ့ ဝတ် ပြီး နှင်းကေသရာ အပေါ်မှာ မင်းကြီးသက်တော်ရှည် ဘယ်လို သဘော ထားသလဲ။ ဒါကို ကျွန်တော် မသိရဘူးလား'

သီရိဖြတ်ကမွန်က မိမိ သိလိုသည့် အချက်ကို မေးလိုက်သည်။

'နှင်းကေသရာရဲ့ စိတ်နေသဘောထားကို မင်းကြီးသက်တော်ရှည်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသိအစင်းသိ ဖြစ်နေတဲ့အတွက် ပစ်စာမှာပါတဲ့ စွပ်စွဲချက်တွေဟာ ... ရှိတယ်လို့ ယူဆနေပုံ ရတယ်။ နင်းကေသရာဟာ မာန်မာန ခက်ထန်... ခေါင်းမာတယ်။ သူ မှန်တယ်ထင်ရင် ဇွတ်တရွတ် လုပ်တတ်တယ် ဆို... မင်းကြီးသက်တော်ရှည် ပြောပြလို့ ငါသိခဲ့ရတယ်။ ရှင်ဓမ္မဓရကို ဓမ္မ... ဘွဲ့ နှင်းအပ်ပြီး နန်းလျာအဖြစ် ထားရှိတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဘုရင်မကြီး... အဆုံးအဖြတ်ကို သဘောမတူနိုင်ကြောင်း လူသိရှင်ကြား ထုတ်ဖော်ခဲ့... မဟုတ်လား။ ဒါကိုကြည့်ရင် နင်းကေသရာဟာ သမက်တော်အကြီးရဲ့ ဘက်... သားတွေနဲ့ ပူးပေါင်းပြီး ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်ကောင်း ကြံစည်... တယ်လို့ သံသယဖြစ်စရာ မရှိဘူးလား။ သံသယ ဝင်တဲ့လူကို အပြစ်ဆို... မလား'

ဗိုလ်မင်းဖြတ်ဇကေ မင်းကြီး သက်တော်ရှည်၏ သဘောထား... ပွင့်လင်းစွာ ထုတ်ဖော်လိုက်သည်။

'အင်း ဗိုလ်မင်းပြောတဲ့ စကားတွေဟာ အမှန်ချည်းပဲ။ အခ... ကြည့်မယ်ဆိုရင်တော့ နင်းကေသရာအပေါ်မှာ မင်းကြီးသက်တော်ရှည် သံသ... ဝင်နေတာ အပြစ်ဆိုစရာ မရှိဘူး။ ဒါပေမဲ့ မင်းကြီးသက်တော်ရှည်ရဲ့ အယူ... လွဲမှားနေတာတော့ အမှန်ပဲ။ ဘုရင်မကြီးအပေါ်မှာ နင်းကေသရာ အသ... လဲပြီး သစ္စာစောင့်သိတာ အမှန်ပါ'

'ဒါကတော့ မင်းရဲ့ ထင်မြင်ယူဆချက်ပဲ။ နင်းကေသရာရဲ့ အ... အဆို အမူအရာကို ငါ နီးနီးကပ်ကပ် လေ့လာကြည့်တဲ့အခါ မင်း... သက်တော်ရှည်ရဲ့ ယူဆချက်ကို ငါ ထောက်ခံချင်သလိုလို ဖြစ်လာတယ်... လေ့လာလို့ရသလောက် နင်းကေသရာဟာ အပြောအဆို လိမ္မာတယ်။ စိတ်... နိုင်တယ်။ သတ္တိလည်း ရှိတယ်။ သူ မှန်တယ်ထင်ရင် ဇွတ်တရွတ်လု... မိန်းမစား ဖြစ်ကြောင်း ငါ လေ့လာလို့ ရတယ်။ အရွယ်ကလည်း အရွယ်ကော... ရုပ်ကလည်း သိပ်ချောတယ် မဟုတ်လား။ မင်းလို ကောင်မျိုးကို မိန်း... မာယာနဲ့ လှည့်စားချင်တိုင်း လှည့်စားလို့ ရတာပေါ့။ မိန်းမမာယာ သိ... ဆိုတာ မင်း ကြားဖူးတယ် မဟုတ်လား။ ချောတဲ့ လှတဲ့ မိန်းမကို ... ကြောက်ရတယ်'

'ဗိုလ်မင်း လေ့လာလို့ ရသလို နင်းကေသရာဟာ စိတ်ခိုင်တာ အ... သတ္တိကောင်းတာလည်း မှန်တယ်။ သူ မှန်တယ် ထင်ရင် ဇွတ်တရွတ် ... တတ်တယ် ဆိုတာလည်း ကျွန်တော် ကောင်းကောင်းကြီး သိပါတယ်။ ရှင်ဓမ္မ... လူထွက်ကို အိမ်ရှေ့အရာ အပ်နှင်းတဲ့ ကိစ္စနဲ့ပတ်သက်ပြီး နင်းကေသ... ...များက လူသိရှင်ကြား ကန့်ကွက်ခဲ့တယ် ဆိုတာ... အမှန်ပဲ၊ သူ ...တယ် ထင်တာကို သူဖွင့်ပြောဖို့ ဝန်မလေးဘူး။ ဒါပေမဲ့ ဘုရင်မကြီး အပေါ်... ...တော့ မိခင်ရင်းလို သဘောထားပြီး သစ္စာစောင့်သိ ရှိသေတာ အမှန်ပဲ၊ ...ဓမ္မဓရ လူထွက်ကို နန်းလျာထားတဲ့ ကိစ္စကို ကန့်ကွက်ခဲ့တာဟာလည်း ...နဲ့ သဘောဆန္ဒအရ ကန့်ကွက်ခဲ့တာ မဟုတ်ပါဘူး။ သွေးထိုး လှုံ့ဆော်... ...တွေရဲ့ စကားကို နားယောင်ပြီး ကန့်ကွက်ခဲ့တာပါ။ ဒါကို ကျွန်တော် ...ကောင်းကောင်းကြီး သိပါတယ်'

'မင်းသိတယ်ဆိုရင် ပြီးတာပဲ။ ငါကတော့ မင်းအပေါ်မှာ စေတနာနဲ့ ...ပေးနေတာပါ။ မင်းကလည်း အသက်အရွယ် နုနယ်သေးတော့ မိန်းမနဲ့ ...သက်လာရင် အတွေ့အကြုံ နည်းသေးတယ်။ မိန်းမတို့ရဲ့ ပရိယာယ် ...နဲ့ ဖြားယောင်းခံရမှာ စိုးလို့ ပြောနေတာ'

'ဗိုလ်မင်းရဲ့ စေတနာကို ကျွန်တော် လေးစားပါတယ်။ ကျွန်တော့် ...မှာ သွေးရင်းသားရင်းလို သဘောထားပြီး ယုံကြည်စိတ်ချတယ် ဆိုတာ ...း ကျွန်တော် သိပါတယ်။ ဗိုလ်မင်း ပြောသလို ကျွန်တော့်ကို နင်းကေသရာ ...မိန်းမတို့ မာယာနဲ့ ဖြားယောင်းသွေးဆောင်နေသလား၊ တကယ်ပဲ ...မကြီး အပေါ်မှာ သစ္စာစောင့်သိ ရှိသေရဲ့လား ဆိုတာ သံသယ ကင်းစင် ...အောင် လက်တွေ့စမ်းသပ်ကြည့်ရရင် မကောင်းဘူးလား'

သီရိဖြတ်ကမ္ဗန်က မိမိ၏ အကြံအစည်ကို ဖွင့်ဟလိုက်သည်။

'လက်တွေ့စမ်းသပ်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမဲ့ ဘယ်လို ...း စမ်းသပ်မလဲ၊ ဒါကို ပြောစမ်းပါဦး'

ဗိုလ်မင်းဖြတ်ဇကေ ပြန်ပြီး မေးခွန်းထုတ်လိုက်သည်။

'ဒါက လွယ်ပါတယ်။ ဒီနေ့ည သန်းခေါင်အချိန်မှာ သစ္စာဖောက်တွေ ...ကောက်ဆုံးဆွေးနွေးပွဲ ရှိတယ် မဟုတ်လား။ အဲဒီဆွေးနွေးပွဲကို သစ္စာဖောက် ...အဖြစ် ဗိုလ်မင်း တက်ရောက်ပြီး သစ္စာဖောက်တွေရဲ့ အကြံအစည် ...သွားအောင် ပရိယာယ်သုံးပြီး ဖျက်ဆီးချေမှုန်းဖို့ အစီအစဉ်လည်း ... မဟုတ်လား'

'ဟုတ်တယ်လေ၊ ဒီနေ့ည ငါတို့ရဲ့ နောက်ဆုံးဆွေးနွေးပွဲပဲ။ အဲဒီ ...ပွဲမှာ သစ္စာဖောက်တွေရဲ့ အကြံအစည်ကို တစ်နည်းမဟုတ်တစ်နည်း ...သည်းနဲ့ ချေမှုန်းပစ်ဖို့ အစီအစဉ် ရှိတယ်'

ဗိုလ်မင်းဖြတ်ဇကေ အဖြေပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီဆွေးနွေးပွဲမှာ သစ္စာဖောက် မင်းနန္ဒာအဖြစ် သစ္စာဖောက်ရှေ
ဒိုလ်မင်း မိန့်ခွန်းပြောဖို့ အစီအစဉ်ရှိတယ် မဟုတ်လား'

'ဒါလည်း မှန်တယ်'

'မိန့်ခွန်းပြောတဲ့အခါမှာ ကျွန်တော်ပြောစေချင်တဲ့ စကားတွေ
ထည့်သွင်းပြီး ပြောကြားသွားဖို့ ကျွန်တော် တောင်းပန်ချင်တယ်'

'ဘာတွေ ပြောရမှာလဲ'

'ဗိုလ်မင်းပြောရမယ့် စကားတွေကို ကျွန်တော် ရေးပေးလိုက်

သီရိဇြတ်ကမ္ဗန်သည် ပြောပြောဆိုဆို မိမိ၏ ခါးပိုက်ထဲမှ ပေတ
ကို ယူပြီး ဗိုလ်မင်းဇြတ်ဇ ပြောရမည့် စကားကို ရေးခြစ်နေပေသည်။
ပြီးသောအခါ ဗိုလ်မင်းဇြတ်ဇ၏ လက်သို့ ပေးအပ်လိုက်သည်။

'ကဲ ဗိုလ်မင်း ဖတ်ကြည့်ပါဦး။ ကျွန်တော့် လက်ရေးကို
ရတယ် မဟုတ်လား'

'ဖတ်တတ်ပါတယ်'

ဗိုလ်မင်းဇြတ်ဇက ပြန်ပြောလိုက်ပြီး သီရိဇြတ်ကမ္ဗန် ရေးခြ
လိုက်သည့် စာများကို ဖတ်ရှုကြည့်လိုက်သည်။

'ငါ့မိန့်ခွန်းထဲမှာ မင်း ရေးခြစ်ပေးလိုက်တဲ့ စကားလုံးတွေ ထည့်
ပြီး ပြောလိုက်ရုံနဲ့ ဘုရင်မကြီးအပေါ် နင်းကေသရာ သစ္စာစောင့်သိ
သလား၊ မရှိသေးဘူးလား ဆိုတာ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ'

'ဗိုလ်မင်း မိန့်ခွန်းပြောမယ့်အချိန်မှာ နင်းကေသရာကို ဘ
မသိအောင် လျှို့ဝှက်ဆွေးနွေးခန်းထဲ ခေါ်လာပြီး ဘယ်သူမှ မမြင်နိုင်တဲ့
မှာ ဝှက်ထားရင် ဗိုလ်မင်းပြောတဲ့ မိန့်ခွန်းကို အစအဆုံး ကြားနာ
မဟုတ်လား။ ဗိုလ်မင်း ပြောတဲ့ မိန့်ခွန်းကို သူကြားရရင် သူ့ရဲ့သဘော
ဖုံးကွယ်ထားလို့ ရမှာ မဟုတ်ဘူး။ တစ်ခါတည်း ပေါက်ကွဲထွက်လာမှာ

'အင်း မင်းရဲ့ အကြံအစည် သိပ်မခေဘူး။ ဒါပေမဲ့ နင်းကေသ
မင်း ခေါ်လို့ ရပါ့မလား။ ညဉ့်နက်သန်းခေါင် အချိန်မှာ မင်း ခေါ်ရာ
လိုက်ပါ့မလား'

ဗိုလ်မင်းဇြတ်ဇက ပြန်မေးလိုက်သည်။

'မရ ရတဲ့နည်းနဲ့ ခေါ်လာခဲ့ပါမယ်။ ကောင်းကောင်းမွန်မွန်
င်း မအော်နိုင်အောင် ပါးစပ်ပိတ်ပြီး အတင်းအဓမ္မ ဆွဲခေါ်
လာခဲ့ပါ့မယ်'

သီရိဇြတ်ကမ္ဗန်က အာမခံချက် ပေးလိုက်သည်။





'ဒီလိုဆိုရင် ကောင်းပြီ၊ မင်းရဲ့တာဝန်ကိုသာ မလင်ပါင်းစေနဲ့၊ ကဲ
သွားစရာ ရှိသေးတယ်။ မသွားခင် မြို့စားလေးကို နှုတ်ခွန်းဆက်ပြီး သွားရရင်
ကောင်းဘူးလား'

'ဒါတော့ ဗိုလ်မင်းရဲ့သဘောပဲ။ ဒါပေမဲ့ ကျွန်တော် ဗိုလ်မင်းနဲ့အတူ
လာလို့ မဖြစ်ဘူး။ ကျွန်တော် လိုက်လာရင် သမိန်စက္ကဝေါနဲ့
ရလိမ့်မယ်။ မျက်နှာချင်း ဆိုင်မိရင် တစ်ခုခုတော့ ဖြစ်လိမ့်မယ်'

သီရိဇြတ်ကမ္ဗန်က မချင့်မရဲ ဖြစ်နေသည့် အမူအရာဖြင့် ပြောလိုက်
သည်။

'မင်းပြောမှ ငါလည်း သတိရတယ်။ ဘုရင်မကြီးရဲ့ အသက်အန္တရာယ်
ရေးအတွက် ငါတို့ တာဝန်ထမ်းရွက်နေတဲ့ အချိန်မှာ ကိုယ်ရေးကိုယ်တာ
နဲ့ပတ်သက်ပြီး အသက်အန္တရာယ် ဖြစ်စေမယ့် အလုပ်မျိုး မလုပ်တာ
ကောင်းတယ်။ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် လုံခြုံစိတ်ချရတဲ့ အချိန်ကျမှ
ရန်ဘက်နဲ့ မျက်နှာချင်းဆိုင်တာ ကောင်းတယ်။ ဒါကိုတော့ မင်း အစဉ်
ထားဖို့ လိုတယ်။ ကိုယ်ရေးကိုယ်တာ ကိစ္စနဲ့ ပတ်သက်ပြီး ဘာကိုမှ စိတ်လိုက်
ပါ မလုပ်ပါနဲ့'

ဗိုလ်မင်းဇြတ်ဇက ထပ်လောင်း၍ လေးနက်စွာ သတိပေးလိုက်
သည်။

'ဒီအတွက်တော့ စိတ်ချပါ။ ဗိုလ်မင်းရဲ့ ရှေ့မှောက်မှာ ကျွန်တော်
သစ္စာ ဆိုထားပြီးပြီ မဟုတ်လား'

'အေး၊ ကတိသစ္စာ တည်ပါစေ။ ကဲ ဒီလိုဆိုရင် ငါမြို့စားလေးကို
ခွန်းမဆက်တော့ဘူး။ ဒီနေ့ည သန်းခေါင်အချိန်မှာသာ နင်းကေသရာကို
မိ ခေါ်လာခဲ့ပါ'

ဗိုလ်မင်းဇြတ်ဇက ပြန်ပြောလိုက်ပြီး လူရှင်းသော နေရာမှ နေပြီး
တော်အတွင်းမှ ထွက်ခွာသွားပေသည်။

သီရိဇြတ်ကမ္ဗန်မှာမူ အရိပ်အာဝါသ ကောင်းသည့် သစ်ပင်အရိပ်
တွင် ထွေရာစိတ်ကူးရင်း ကျန်ရစ်ခဲ့ပေသည်။ အချိန်အတော်ကြာ ခြေဦး
ရာ စိတ်ကူးနေရာမှ မိမိကြားဖူးသော ယောကျ်ားတစ်ယောက်၏ ပမာမခန့်
လိုက်သည့် အသံကို ကြားရသဖြင့် အိပ်ယာမှ လန့်နိုးလာသလို ဖြစ်
စိတ်ကူးပျက်သွားပေသည်။

အသံကို ကြားလိုက်စဉ်ကပင် သမိန်စက္ကဝေါ၏ အသံဖြစ်သည်ကို
င်းစွာ သိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမိန်စက္ကဝေါ၏ အသံတိတ်သွားပြီးနောက် မိမိရှိရာသို့ တဖျော
နှင့် လာနေသည့် ခြေသံများကို ကြားရပြန်သည်။ ခြေသံများကို ကြား
တွင် ထိုခြေသံများမှာ နှင်းကေသရာ၏ ခြေသံများ ဖြစ်သည်ကို သိရှိဖြတ်
ကောင်းစွာ မှတ်သားမိပေသည်။

'ကျွန်မရဲ့နောက်ကို ရှင် ဘာဖြစ်လို့ လိုက်လာရတာလဲ'

'နှင်းကေသရာကို ချစ်မြတ်နိုးလို့ လိုက်လာခဲ့တာပါ။ နှင်းကေ
ကို မျက်စိအောက်က အပျောက်မခံနိုင်တော့ဘူး။ နတ်ပြည်ခြောက်ထ
တက်ပြီး ပုန်းနေရင်လည်း မတွေ့တွေ့အောင်ရှာပြီး နှင်းကေသရာရဲ့ နော
တကောက်ကောက် လိုက်နေမှာပဲ။ ငရဲကြီးရှစ်ထပ်မှာ သွားပြီး ပုန်းနေလို့
လွတ်မှာ မဟုတ်ဘူး'

သမိန်စက္ကဝေါက ပြန်ပြောလိုက်သည့် အသံကို ကြားရသဖြင့်
ဖြတ်ကမ္ဘန်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိပေသည်

'ရှင် နည်းနည်းလေးမှ အရှက်မရှိဘူးလား။ ရှင့်မျက်နှာကို မကြည့်
ပါဘူးလို့ ပြောခဲ့ပြီးပြီ မဟုတ်လား။ ကျွန်မရဲ့ ပိုင်နက်ထဲကို စော်စော်ကား
ဘာဖြစ်လို့ လာရတာလဲ'

နှင်းကေသရာက ဒေါသသံနှင့် ပြန်ပြောလိုက်သည်ကို ကြား
သည်။

'ကြိုက်မရှက်၊ ငိုက်မရှက်၊ ဝေါ်မရှက် ဆိုတဲ့စကား ကြားဖူး
မဟုတ်လား။ နှင်းကေသရာ ဘာပဲပြောပြော နှင်းကေသရာကို
ကြောင့် ရှက်ရမှန်း မသိနိုင်တော့ဘူး'

'တော် ... တန် ... တိတ်၊ ဒီစကား နောက်ထပ် မကြားချင်ဘူး။
ပိုင်နက်အတွင်းက ခုချက်ချင်း ထွက်သွားပါ'

နှင်းကေသရာက ဒေါသသံနှင့် ပြောလိုက်သည်။

'အာဏာသံ ပြင်းလှချည်လား။ တစ်ဖက်သားကို သနားညှာ
ခိတ် မရှိတော့ဘူးလား'

'ကျက်သရေမရှိတဲ့ ရှင့်မျက်နှာကို မကြည့်ချင်ပါဘူးလို့
ပြောရမလဲ'

'မောင်ကြီးရဲ့မျက်နှာကို မကြည့်ချင်ဘူးဆိုတာ သိပါတယ်။
နှင်းကေသရာကို ချစ်တဲ့အကြောင့် ရှေ့မျက်နှာ နောက်ထားပြီး ကြော
နှင့် လာခဲ့ရသူကို သနားညှာတာ သင့်တယ်လို့ ထင်ပါတယ်'





'ပီလောပင် ပက်ကျိတက်သလို မိန်းမလို မိန်းခရဲ့ ချွဲချွဲပျစ်ပျစ် ပြော
နေစမ်းနဲ့။ နားခါးလှတယ်'

'နားခါးတော်မူရင် နားဝင်ချိုအောင် ဘယ်လိုလုပ်ပြီး ပြောရမလဲ'

'ဘယ်လိုပြောပြော နားဝင်မချိုဘူး။ ရှင့်အသံလည်း မကြားချင်ဘူး၊
မျက်နှာလည်း မကြည့်ချင်ဘူး။ သွား .... သွား'

နှင်းကေသရာက ဒေါသသံဖြင့် နှင်ထုတ်နေသည့်အသံ ကြားရခြင်း
ဖြင့် သိရှိဖြတ်ကမ္ဘန်မှာ မရိုးမရွ ဖြစ်လာကာ အသံလာရာသို့ သစ်ဝင်ကို
ကွယ်၍ တစေ့တစောင်း ကြည့်လိုက်မိပေသည်။

'မောင်ကြီးရဲ့ အသံကို မကြားချင်ဘူး ဆိုပေမယ့် ပြောစရာ ရှိတာ
တော့ ပြောရလိမ့်မယ်။ မောင်ကြီးရဲ့ မျက်နှာကို မကြည့်ချင်ဘူး ဆိုပေမယ့်
သက်လုံး မောင်ကြီးရဲ့မျက်နှာကို ကြည့်နေရလိမ့်မယ်ဆိုတာ နှင်းကေသရာ
သားစေချင်တယ်။ မောင်ကြီးကို မတူဘူး၊ မတန်ဘူး ထင်ပြီး နှစ်ရွေးသား
အောင် ပြောပေမယ့် မောင်ကြီး အနေနဲ့ကတော့ လူမတူ နတ်တမျှ ချောမော
တဲ့ နှင်းကေသရာကို အစွဲကြီး စွဲနေပြီ ဖြစ်တဲ့အတွက် နှင်းကေသရာရဲ့
ရေးသံတွေဟာ တေးဂီတသံတွေလို နားဝင်ချိုလှပါတယ်။ နှင်းကေသရာရဲ့
က မောင်ကြီး တစ်ဖဝါးမှ မခွာနိုင်တော့ပါဘူး။ မကြာခင် နှင်းကေသရာ
မောင်ကြီးရဲ့ ကြင်ရာတော်အဖြစ် မောင်ကြီးရဲ့ ရင်ခွင်ထဲကို ရောက်လာ
မှာ သေချာပါတယ်။ နှင်းကေသရာ ကိုယ်တိုင်က မောင်ကြီးရဲ့ ခြေသလုံးကို
ပြီး ကြင်ရာတော်အဖြစ် သိမ်းပိုက်တော်မူပါတော့လို့ တောင်းပန်ရမယ့်
အနေမျိုးကို ရောက်လာမှာ မောင်ကြီး မြင်ယောင်နေပါတယ်'

သမိန်စက္ကဝေါက အရှက်မရှိသည့် မျက်နှာထားဖြင့် နှင်းကေသရာ
မခံချိမခံသာ ဖြစ်သွားအောင် မျက်နှာပြောင်တိုက်ပြီး ပြောလိုက်သည်။

'ရှင့်လို လူယုတ်မာကိုလား ခြေသလုံးဖက်ပြီး တောင်းပန်မှာ။ ဒီနည်း
ကျွန်မကို ခြိမ်းခြောက်လို့ မရဘူး။ ရှင် သွားမလား၊ မသွားဘူးလား။
ယားတား လုပ်မယ် ကြံရင်တော့ အကြောင်းသိသွားမယ်'

နှင်းကေသရာသည် ပြောပြောဆိုဆို မိမိ အမြဲကိုင်ဆောင်ထားသည့်
စီးစားမြှောင်ကို ဆွဲထုတ်လိုက်ပြီး လက်ထဲတွင် ကျစ်ကျစ်ပါအောင်
ကိုင်ထားလိုက်သည်။

'ရှင့်ကို တစ်လှမ်းတိုးလာရင် သေဖို့သာ ပြင်'

နှင်းကေသရာသည် အံကြိတ်ပြီး ဓားမြှောင်ဖြင့် သမိန်စက္ကဝေါအား



www.burmeseclassic.com

www.burmeseclassic.com



ချိန်ရွယ်ထားရင်း သတိပေးလိုက်သည်။ သမိန်စက္ကဝေါမှာမူ နှင်းကေသရာ
...က်မှ ဓားမြှောင်ကိုကြည့်၍ ပြုံးလိုက်သည်။

'ဓားမြှောင်ကို ဓားအိမ်ထဲ ပြန်သွင်းထားလိုက်စမ်းပါ။ ဒီမှာ နှင်းကေသ...
မောင်ကြီး ပြောမယ့်စကားကို စိတ်ရှည်လက်ရှည် နားထောင်စမ်းပါ။ မောင်...
ပြောစရာရှိတာ ပြောပြီးရင် နှင်းကေသရာရဲ့စိတ်ထား ပြောင်းလဲသွားပါ...
မယ်။ မောင်ကြီးရဲ့ ကြင်ရာတော်အဖြစ် သိမ်းပိုက်တော်မူပါတော့လို့ တောင်...
ယူရတဲ့ အခြေအနေကို ရောက်လာလိမ့်မယ်'

'ရှင့်လို လူယုတ်မာရဲ့ ကြင်ရာတော်အဖြစ် မြှောက်စားခံရမယ့် အ...
ကျွန်မကိုယ်ကို ကျွန်မ သတ်သေသွားမယ်။ သိရဲ့လား'

နှင်းကေသရာက စိတ်လိုက်မာန်ပါ ပြန်ပြောလိုက်သည်။

နှင်းကေသရာရဲ့ စိတ်ဓာတ်ကို မောင်ကြီး သိပါတယ်။ နှင်းကေ...
ကို မောင်ကြီး အတင်းအဓမ္မ ကြံစည်ရင် ကိုယ့်ကိုကိုယ် သတ်သေ...
သေလိမ့်မယ် ဆိုတာ မောင်ကြီး ကောင်းကောင်းကြီး သိပါတယ်။ ဒါ...
နှင်းကေသရာဟာ မောင်တော်ဗညားအိမ်ကို အသက်မက ချစ်မြတ်နိုး...
မှုကြောင်း မောင်ကြီး သိတယ်။ နှင်းကေသရာအတွက် မောင်တော်ဗညား...
မင်းပြစ်မင်းဒဏ်သင့်ပြီး ရက်ရက်စက်စက် ကွပ်မျက်ခံရမှာကို နှင်းကေ...
ဘယ်နည်းနဲ့မှ ကြည့်ရက်မှာ မဟုတ်ဘူးဆိုတာ မောင်ကြီး သိတယ်။ မောင်...
ဗညားအိမ်ရဲ့ အသက်ကို နှင်းကေသရာမှတစ်ပါး ဘယ်သူမှ မကယ်နိုင်...
ဆိုတာ သိထားစေချင်ပါတယ်'

သမိန်စက္ကဝေါက မချိုမချဉ် အမူအရာဖြင့် ပမာမခန့် ပြ...
လိုက်သည်။

'ဘာစကားတွေ လာပြောနေတာလဲ။ သွား .... သွား၊ ရှ...
မကြားချင်ဘူး။ ကျက်သရေမရှိတဲ့ ရှင့်မျက်နှာကိုလည်း မကြည့်ချင်ဘူ...

နှင်းကေသရာက အတွင်သာ နှင်ထုတ်နေပေသည်။

'ဒါလောက်တောင် ဒေါသမကြီးပါနဲ့လေ။ မောင်ကြီး ပြောမယ့်...
ကို ဆုံးအောင် နားထောင်ပါဦး။ နှင်းကေသရာ အသက်မက ချစ်မြတ်နိုး...
နေတဲ့ မောင်တော်ဗညားအိမ်ရဲ့ အသက်ဟာ မောင်ကြီးရဲ့ လက်ခုပ်ထဲမှာ...
တယ် ဆိုတာ နားလည်ထားစမ်းပါ။ နှင်းကေသရာရဲ့ မောင်တော်ဗ...
မင်းဒဏ် သင့်စေနိုင်တဲ့ စာတမ်းတစ်စောင် မောင်ကြီးရဲ့ လက်ဝယ်မှာ...
သိမ်းဆည်းထားတယ်။ မောင်တော်ဗညားအိမ် မင်းပြစ်မင်းဒဏ် သ...
... ရင်ခွဲ၊ အသည်းနေပူလှန်း ခံရတာကို ကြည့်ချင်သလား...





...တ်ရင် အဲဒီစာရွက်စာတမ်းကို ပြန်လိုချင်သလား။ စာရွက်စာတမ်းကို
...လိုချင်ရင် မောင်ကြီးရဲ့ အလိုကိုလိုက်ပြီး မောင်ကြီးရဲ့ ကြင်ရာတော်အဖြစ်
...ည်ကြည်ဖြူဖြူ သိမ်းပိုက်ခံရလိမ့်မယ်။ ဒါမှ အဲဒီ စာရွက်စာတမ်းကို ပြန်ပေး
...မယ်'

သမိန်စက္ကဝေါက ခြိမ်းခြောက်လိုက်သည်။ နှင်းကေသရာမှာမူ သမိန်
...ဝေါ ဆိုလိုသည့် အဓိပ္ပာယ်ကို နားမလည်သဖြင့် တွေဝေ၍ နေပေသည်။

'ရှင်ပြောတာ တစ်ခွန်းမှ မယုံဘူး။ ဒီနည်းမျိုးနဲ့ ခြိမ်းခြောက်လို့ မရဘူး'
နှင်းကေသရာက ပြန်ပြောလိုက်သည်။

'ခြိမ်းခြောက်နေတာ မဟုတ်ဘူး။ အတည် ပြောနေတာပါ။ မောင်ကြီး
... နှင်းကေသရာရဲ့ မောင်တော်ဗညားအိမ်ကိုယ်တိုင် အသိသက်သေတွေရဲ့
...မှာ သစ္စာဆိုပြီး လက်မှတ်ရေးထိုးထားတဲ့ စာတမ်းတစ်စောင် ရှိတယ်။
...င်ကြီးရဲ့ အလိုကို နှင်းကေသရာ မလိုက်နိုင်ဘူး ဆိုရင် အဲဒီစာတမ်းကို
...မကြီးရဲ့ ရွှေလက်တော်ကို ဆက်သလိုက်ရုံပဲ။ အဲဒီစာတမ်း ဆက်သ
...တာနဲ့ တစ်ပြိုင်နက် နှင်းကေသရာရဲ့ မောင်တော် ဗညားအိမ်ကို သစ္စာ
...က်အဖြစ် ကားစင်တင်၊ ရင်ခွဲ၊ အသည်းနေပူလှန်းပြီး သတ်ဖို့ အမိန့်တော်
...မှာ သေချာတယ်။ မောင်ကြီး ပြောတာ မယုံရင် မောင်ကြီးရဲ့ အလိုတော်
...တ်နိုင်ဘူးလို့ တစ်ခွန်းတည်း ပြောလိုက်ပါ'

'ရှင် သက်သက် လီဆယ်တာ။ ရှင်ပြောတာ ကျွန်မ မယုံဘူး'

'လီဆယ်တာ မဟုတ်ဘူး။ ဟုတ်တိုင်း မှန်ရာကို နှင်းကေသရာ
...အောင် ဖွင့်ပြောနေတာ။ မောင်ကြီး ပြောတာ မယုံနိုင်သေးဘူး ဆိုရင်
...င်တော်ဗညားအိမ်ကို မေးကြည့်ပါ။ မောင်တော်ဗညားအိမ် ကိုယ်တိုင်က
...ကြီး ပြောတာ ဟုတ်မှန်ကြောင်း ဝန်ခံပါလိမ့်မယ်။ နှင်းကေသရာ စဉ်းစဉ်း
... ဆုံးဖြတ်ပါ။ မောင်ကြီးရဲ့ အလိုကို လိုက်မလား။ ဗညားအိမ် မင်းပြစ်
...ဏ်သင့်ပြီး နှင်းကေသရာရဲ့ မျက်စိအောက်မှာ အရက်တကွဲ အသေဆိုးနဲ့
...တာကို ကြည့်ချင်သလား။ အဲဒီလမ်းနှစ်သွယ် ရှိတဲ့အနက် ကြိုက်ရာ
... ရွေးပါ'

သမိန်စက္ကဝေါက လက်ပိုက်ပြီး မျက်နှာထိ မျက်နှာထားဖြင့် ပြော
... နှင်းကေသရာမှာ မောင်တော်ဗညားအိမ်ကို ထိခိုက်လာသဖြင့် မခံ
...ဖြစ်ကာ အံကြိတ်ပြီး လက်ထဲတွင် ဆုပ်ကိုင်ထားသည့် ဓားမြှောင်ဖြင့်
...ဝေါ၏ ရင်ဝသို့ ချိန်ရွယ်ပြီး ထိုးစိုက်လိုက်ရာ၊ မျက်စိရှင်သော သမိန်
...ဝေါသည် နှင်းကေသရာ၏ ဖြူဖွေးနူးညံ့သည့် လက်ကောက်ဝတ်ကို



www.burmeseclassic.com

www.burmeseclassic.com



အိုကဲ့သို့ မာကျောသည့် မိမိ၏လက်ဖြင့် ဖမ်း၍ ဆုပ်ကိုင်ထားရင်း တစ်ဖက်ဖြင့် နှင်းကေသရာအား ၎င်း၏ ရင်ခွင့်ထဲသို့ ဆွဲသွင်းလိုက် နှင်းကေသရာမှာ အားချင်းမမျှသဖြင့် သမိန်စက္ကဝေါ၏ ရင်ခွင်ထဲမှ လွတ်မြောက် အောင် လူလွန့်ရုန်းကန်ရန် မစွမ်းနိုင်ဘဲ ရှိနေပေသည်။

သမိန်စက္ကဝေါသည် နှင်းကေသရာ၏ ဓားမြှောင်ကိုင်ထားသည့် လက်ကို တအားဖျစ်ညှစ်ထားလိုက်ရာ၊ နှင်းကေသရာမှာ တဖြည်းဖြည်း အားပျော့လာပြီး လက်မှဓားမြှောင် လွတ်ကျသွားပေသည်။

ဤတွင် သမိန်စက္ကဝေါသည် နှင်းကေသရာအား လက်နှစ်ဖက် ပွေ့ဖက်ပြီး နှင်းကေသရာ၏ ဖောင်းမို့သော ပါးပြင်ကို နမ်းရှုပ်ရန် အား လိုက်ရာ နှင်းကေသရာသည် ရှိသမျှ အင်အားဖြင့် တွန်းဖယ်ရုန်းကန် ရှိပေသည်။

ထိုအခိုက်တွင် သမိန်စက္ကဝေါ၏ ပခုံးကို တစ်စုံတစ်ယောက် သူက တင်းကျပ်စွာ ဆုပ်ကိုင်ပြီး တအားဆွဲ၍ လှည့်လိုက်ရာ၊ သမိန်စက္က သည် နှင်းကေသရာအား လွှတ်လိုက်ရပြီး နောက်သို့ လှည့်ကြည့်လိုက် တင်းမာ စက်ထန်သည့် မျက်နှာထားဖြင့် စားမတတ် ဝါးမတတ် ကြည့်နေ သီရိဗြဲတ်ကမ္ဘွန်နှင့် မျက်နှာချင်း ဆိုင်မိလျက်သား ဖြစ်သွားလေသည်။

တစ်ယောက်မျက်နှာကိုတစ်ယောက် စိန်းစိန်းကြီး ကြည့်နေ နှင်းကေသရာမှာ သမိန်စက္ကဝေါ၏ လက်ခုပ်တွင်းမှ လွတ်မြောက်လာခဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်စကာ သီရိဗြဲတ်ကမ္ဘွန်အား ကျေးဇူးတင်မိသော် တစ်ဦးနှင့်တစ်ဦး သတ်ကြပုတ်ကြတော့မည့် အရေးကို တွေးမိသော သီရိဗြဲတ်ကမ္ဘွန်အတွက် စိုးရိမ်မကင်း ဖြစ်သွားပေသည်။ ကြားမှ ဝင် ချွန်ဖြေရန်လည်း မဖြစ်နိုင်သည့် အခြေအနေတွင် ရှိနေသဖြင့် နှင်းကေ မှာ ကြံရာမရ ဖြစ်နေပေသည်။

သီရိဗြဲတ်ကမ္ဘွန်နှင့် သမိန်စက္ကဝေါမှာ တစ်ယောက်မျက်နှာကို ယောက် စိန်းစိန်းကြီးကြည့်နေရာမှ သမိန်စက္ကဝေါသည် ခြေဆောင့်လို လျင်မြန်ဖျတ်လတ်စွာ ဓားအိမ်မှ ဓားကို ဆွဲချွတ်လိုက်ကာ လျှပ်တစ်ပြက် ဖြင့် သီရိဗြဲတ်ကမ္ဘွန်အား ခုတ်ပိုင်းချလိုက်ရာ၊ နှင်းကေသရာမှာ မကြည့်ဝံ့ မျက်နှာကို လက်ဝါးနှင့် အုပ်ထားလိုက်သည်။

သီရိဗြဲတ်ကမ္ဘွန်မှာမူ သမိန်စက္ကဝေါ၏ အကြံအစည်ကို ကြို သိရှိထားသဖြင့် မိမိအား ဓားနှင့် ခုတ်ပိုင်းရန် ချိန်ရွယ်လိုက်သည်နှင့် နတ် သိုင်းကွက်နင်း၍ ဓားချက်ကို မိမိ၏ ကိုယ်နှင့်လွတ်ရုံ ရှောင်တိမ်း

ပြီး သမိန်စက္ကဝေါ ရှေ့သို့ အားလွန်အသွားတွင် သမိန်စက္ကဝေါ၏ ဓားကိုင် ထားသည့် လက်ကို ဝင်ဖက်ပြီး တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း ၎င်း၏ လက်ဝဲ လက်သီးဖြင့် ရှေ့သို့ယိုင်လာသော သမိန်စက္ကဝေါ၏ မေးရိုးကို ချိန်ရွယ်ပြီး အားထိုးလိုက်ရာ၊ သမိန်စက္ကဝေါမှာ လက်သီးဒဏ်ကြောင့် နောက်သို့ လန်ကျ သွားပြီး လက်ထဲမှ ဓားပါ လွတ်ထွက်သွားပေသည်။

သီရိဗြဲတ်ကမ္ဘွန်သည် လွတ်ထွက်သွားသော သမိန်စက္ကဝေါ၏ ဓားကို ကောက်ယူပြီး သမိန်စက္ကဝေါ ရင်ဝကို ခြေဖြင့်နင်းထားရင်း ၎င်း၏လည်မျိုကို ဓားဦးနှင့် တေ့ထားလိုက်ရာ၊ သမိန်စက္ကဝေါမှာ မလူးသာ မလွန့်သာဘဲ သီရိ ဗြဲတ်ကမ္ဘွန် ပြုသမျှကို ခံနေရပေသည်။

'လူယုတ်မာ၊ မင်းလို လူယုတ်မာမျိုးကို လူ့ပြည်မှာ ထားလို့ မကောင်း မင်းရဲ့ခါးကြားက ဓားမြှောင်ကို ထုတ်ပေးစမ်း'

သီရိဗြဲတ်ကမ္ဘွန်သည် သမိန်စက္ကဝေါ၏ လည်မျိုကို ၎င်း၏ဓားဦးဖြင့် ထားရင်း အမိန့်ပေးလိုက်ရာ၊ သမိန်စက္ကဝေါမှာ တစ်စုံတစ်ရာ ပြန်မပြောဘဲ ထုတ်ရင်း ၎င်း၏ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်ပြီး သီရိဗြဲတ်ကမ္ဘွန်၏ ရှေ့သို့ ပစ်ပေးလိုက်သည်။

သီရိဗြဲတ်ကမ္ဘွန်သည် သမိန်စက္ကဝေါ၏ ဓားမြှောင်ကို မိမိ၏ ခါးကြား တွင် သိမ်းဆည်းထားလိုက်ပြီး သမိန်စက္ကဝေါလက်မှ လွတ်ကျသွားသည့် ဓားကိုမူ ၎င်း၏ ဒူးပေါ်တွင်တင်ပြီး ကွေးချလိုက်ရာ၊ ဓားလယ်မှ ဆတ်ခနဲ ကျိုးသွားပေသည်။ ကျိုးပဲ့သွားသော အစိတ်အပိုင်းများကို ဘေးသို့ လွှင့်ပစ် လိုက်ပြီး သမိန်စက္ကဝေါသည် ကပျာကယာ လူးလဲထလိုက်သည်။ ပြီးမှတစ်ဖန် လက်သီးလက်မောင်းတန်း၍ သီရိဗြဲတ်ကမ္ဘွန်အား ကြုံးဝါးလိုက်သည်။

'နေဦး နေဦး၊ ငါ့အကြောင်း မင်းသိစေရမယ်။ သတ္တိရှိရင် မင်း ဘယ်မှ မပြေးနဲ့၊ ဓားသွားယူလိုက်ဦးမယ်'

သမိန်စက္ကဝေါသည် ပြောပြောဆိုဆို ၎င်း၏ကိုယ်ရံတော်များ ရှိရာသို့ ပြေးလွှား ထွက်ခွာသွားပေသည်။

နှင်းကေသရာမှာမူ သမိန်စက္ကဝေါကို သီရိဗြဲတ်ကမ္ဘွန် အနိုင်ရလိုက် သဖြင့် ဝိတ်အားတက်ကြွလျက် ရှိသော်လည်း သမိန်စက္ကဝေါအား အဆုံး သတ်နိုင်သည့် အခွင့်အရေး ရခဲ့ပါလျက် ထိုအခွင့်အရေးကို လက်လွှတ်လိုက် သဖြင့် အားမလို အားမရ ဖြစ်နေပေသည်။

'ခစ်သည်တော်ကြီး'




www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာ၏ အသံမှာ နူးညံ့ပျော့ပျောင်းပြီး ကြည်လင်အေး... ရှိသည်ကို သီရိဗြတ်ကမွန် သတိပြုမိပေသည်။

နှင်းကေသရာ၏ အမူအရာမှာလည်း သီရိဗြတ်ကမွန် အပေါ်... ခင်ပြုံးဖွဲ့သည့် အမူအရာ မဟုတ်ဘဲ သမိန်စက္ကဝေါ၏ လက်ခုပ်တွင်းမှ ကယ်... လိုက်သည့်အတွက် ကျေးဇူးတင်သည့် အမူအရာ၊ အားကိုးသည့် အမူအ... ပေါ်လွင်လျက် ရှိပေသည်။

'စစ်သည်တော်ကြီး၊ ဘာဖြစ်လို့ လူယုတ်မာကို လွှတ်ပေးလိုက်... တာလဲ။ မောင်တော်ရဲ့အသက် သူ့လက်ထဲမှာ ရှိတယ်ဆိုပြီး ခြိမ်းခြောက်... တာ စစ်သည်တော်ကြီး ကြားတယ် မဟုတ်လား။ သခင်မကိုလည်း စစ်သည်... တော်ကြီးရဲ့ မျက်စိအောက်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် စော်ကား... တယ် မဟုတ်လား။ ဒါကို စစ်သည်တော်ကြီး ကြည့်နေရက်သလား။ ဒါလော... ယုတ်မာတဲ့လူကို တစ်ခါတည်း အဆုံး စီရင်လိုက်ပါတော့လား။ ဘာဖြစ်... လွှတ်ပေးလိုက်ရသလဲ'

နှင်းကေသရာမှာ သမိန်စက္ကဝေါ လွတ်မြောက်သွားသည်ကို ... မကျေနိုင်သည့် အမူအရာဖြင့် ပြောလိုက်သည်။ သီရိဗြတ်ကမွန်မှာမူ ... တစ်ရာ ပြန်မပြောဘဲ နှင်းကေသရာအား ငေးစိုက်ကြည့်နေပေသည်။

ထိုအခိုက်တွင် သမိန်စက္ကဝေါသည် မိမိ ကိုယ်ရံတော်များနှင့်အ... သီရိဗြတ်ကမွန်နှင့် နှင်းကေသရာတို့ ရှိရာသို့ လာနေကြသည်ကို မြင်ရပေ...

'ဟိုမှာ ဟိုမှာ၊ သမိန်စက္ကဝေါ လာနေပြီ။ သူ့လူတွေလည်း ... ဘယ်'

နှင်းကေသရာက စိုးရိမ်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'နားနဲ့မျက်စိ ရှိလို့ ကျုပ်လည်း သိပါတယ်'

သီရိဗြတ်ကမွန်က ပြန်ပြောလိုက်သည်။

'ရှင် သိပ်မိုက်တဲ့လူ၊ စောစောက တစ်ခါတည်း အဆုံးစီရင်ပစ်... ရင် ပြီးရော။ ဘာဖြစ်လို့ လွှတ်လိုက်ရတာလဲ'

နှင်းကေသရာက ကရုဏာ ဒေါသောဖြင့် သီရိဗြတ်ကမွန်အား ... ဘင်လိုက်သည်။

'ကျုပ်က လူသတ်သမား မဟုတ်တာ ခက်နေတယ်'

'ဒါက အရေးမကြီးဘူး။ ဟိုမှာ ရှင့်ကို ရန်မူဖို့ လာနေကြပြီ ... ခေနေ့ဘယ် မဟုတ်လား။ ဓားကို ဆွဲထုတ်ပြီး ခုခံဖို့ အသင့်ပြင်ပါတော့...'

'ခုခံဖို့က လွယ်ပါတယ်။ ဒါပေမဲ့ အချိန်မကျသေးဘူး။ ...





...သချိုင်းသံစားက ဓားအိမ်က ဆွဲချွတ်ပြီးရင် သွေးမသောက်ရဘဲ ဓားအိမ်ထဲ ...သွင်းလို့ မရဘူး'

'ဟိုမှာ လာနေကြပြီ။ ရှင်က တစ်ယောက်တည်း၊ သူတို့က အ...ကြီး'

'အများကြီး ဖြစ်ဖြစ်၊ တစ်ယောက်တည်းပဲ ဖြစ်ဖြစ် သူတို့နဲ့ ရင်ဆိုင်ဖို့ ...ချိန်မကျသေးဘူး။ သူတို့နဲ့ ဘယ်နည်းနဲ့မှ ရင်ဆိုင်လို့ မဖြစ်သေးဘူး'

သီရိဗြတ်ကမွန်မှာ ဘုရင်မကြီး၏ အသက်အန္တရာယ် လုံခြုံရေး...အတွက် စိတ်မချရသေးသမျှ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် အသက်...အန္တရာယ်ဖြစ်စေမည့် အပြုအမူကို ရှောင်ကြဉ်ပါမည်။ မိမိ၏ ဓားနှင့်အသက် ...ဘုရင်မကြီး၏ အသက်အန္တရာယ် ကာကွယ်ရေးအတွက်သာ ဦးစားပေးပြီး ...ပြုသွားမည်ဟု ဗိုလ်မင်းဗြတ်ဇအား ကတိပေးခဲ့သည်ကို သတိရသဖြင့် ...လောလောဆယ် သမိန်စက္ကဝေါနှင့် မျက်နှာချင်းဆိုင်ရန် မဖြစ်နိုင်ကြောင်း ...အဓိပ္ပာယ်မျှ ပြောပြလိုက်ခြင်း ဖြစ်သည်။

'ရှင် ယောကျ်ားမဟုတ်ဘူးလား၊ ဒါလောက်တောင် သတ္တိမရှိဘူးလား'

နှင်းကေသရာက အားမလို အားမရ ပြောလိုက်ပြန်သည်။

'ယောကျ်ားမဟုတ်ဘူးဘဲ ဆိုဆို၊ သတ္တိမရှိဘူးဘဲ ပြောပြော ခု...မှာတော့ သမိန်စက္ကဝေါနဲ့ ဘယ်နည်းနဲ့မှ ရင်ဆိုင်လို့ မဖြစ်သေးဘူး'

'ဒါဖြင့် ရှင် ဘာလုပ်မလဲ'

'တင်ပါးနဲ့ဖဝါး တစ်သားတည်းနေအောင် ပြေးမှာပေါ့'

သီရိဗြတ်ကမွန်သည် ပြောပြောဆိုဆို ခါးတောင်းကျိုက်ပြီး လေ၏ ...ခြင်းဖြင့် တင်ပါးနှင့်ဖဝါး တစ်သားတည်းနေအောင် ထွက်ပြေးသွား... နှင်းကေသရာမှာ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့ပေသည်။

## အခန်း ၃၄

...သရာသည် ကျယ်ပြန့်သည့်အိပ်ခန်းအတွင်းရှိ ကြေးမုံပြင်၏ရှေ့တွင် ...က ဝတ်စားဆင်ယင်ထားသည့် ဝတ်ကောင်းစားလှများနှင့် လက်ဝတ် ... အပြည့်အစုံဖြင့် မိမိကိုယ်ကိုမိမိ အလှကြည့်နေရာမှ ညဥ့်အိပ်ရာဝင် ... အဝတ်အစားများလဲလှယ်ရန် ဝတ်လဲတော်များနှင့်အပါးတွင် အသင့် ...ရှိသော လက်စွဲတော်နှင်းသဲနှင့် နှင်းအိတို့ဘက်သို့ လှည့်ကြည့်လိုက် ...ပြီးမှတစ်ဖန် နှင်းသဲအား မိမိ၏အနီးသို့ တိုး၍ခစားရန်ခေါ်လိုက်ရာ ...သည် နှင်းကေသရာထံပါးသို့ ရှိသေစွာ ချဉ်းကပ်လာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'နှင်းသဲ'

'ခစားလျက်ပါ'

'စောစောက ညည်း ယူလာတဲ့ စာလွှာဟာ စစ်သည်တော်ကြီး သီရိဇြတ်ကမွန်ကိုယ်တိုင် ညည်းရဲ့လက်ထဲကို ထည့်လိုက်တဲ့ စာလွှာ [illegible] ဘစ်ဆင့်ကမ်းလိုက်တဲ့ စာလွှာလား။ မှန်မှန် သံတော်ဦးတင်စမ်း'

နှင်းကေသရာသည် ကြေးမုံပြင်၏ရှေ့တွင် ချထားသည့် [illegible] ညွှန်ပြရင်း မေးလိုက်သည်။

'မှန်လှပါ၊ စစ်သည်တော်ကြီး သီရိဇြတ်ကမွန်ကိုယ်တိုင် ဘုရားကျွန်မ [illegible] ရဲ့ လက်ထဲ ထည့်လိုက်ခြင်း ဖြစ်ကြောင်းပါ။ သခင်မထံ ဘုရားကျွန်မ [illegible] စစ်သည်တော်ကြီး သီရိဇြတ်ကမွန်နဲ့ လှေကားရင်းမှာတွေ့လို့ သခင်မအ [illegible] သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ စာလွှာတစ်စောင်ကို သခင်မရဲ့လက် [illegible] သို့ အရောက် အချိန်မဆိုင်းဘဲ ဆက်သရန်ပြောပြီး စောစောက ဘုရား [illegible] ဆက်သတဲ့ စာလွှာကို ဘုရားကျွန်မကို ပေးအပ်လိုက်ခြင်း ဖြစ်ကြောင်း [illegible]'

နှင်းသဲက ရိုသေစွာ အဖြေပေးလိုက်သည်။ ထိုအခိုက်တွင် [illegible] တော်များ ဆက်သရန် အသင့် ပြင်ဆင်နေသော လက်စွဲတော်နှင်းအို [illegible] ထွေမဆည်နိုင်ဘဲ တခစ်ခစ်ဖြစ်နေသဖြင့် နှင်းကေသရာသည် နှင်း [illegible] မျက်နှာထားနှင့် ကြည့်လိုက်သည်။

'နှင်းအို ဘာဖြစ်လို့ တခစ်ခစ် ဖြစ်နေရတာလဲ။ သခင်မကို [illegible] ပြုနေတာလား'

နှင်းကေသရာက မာန်မဲလိုက်သည်။

'မဟုတ်ရကြောင်းပါ၊ စစ်သည်တော်ကြီး သီရိဇြတ်ကမွန် [illegible] ပြောလို့ ညနေက အဖြစ်အပျက်ကို သတိရလို့ ထွေမဆည်နိုင်အောင် [illegible] ခြင်းပါ'

နှင်းအိုက တခစ်ခစ်နှင့် ရယ်ရင်း အဖြေပေးလိုက်သည်။

'ညနေက အဖြစ်အပျက်ကို ပြောပြစမ်းပါဦး'

နှင်းကေသရာက အမိန့်ပေးလိုက်သည်။

'မှန်လှပါ၊ ညနေက ဥယျာဉ်တော်အတွင်း ဧည့်ပရိသတ် [illegible] ဗိုလ်မှူးသမိန်စက္ကဝေါ ဟာသနှောပြီး ကြွားလုံးထုတ်သွားတာကို ဘုရား [illegible] နားထဲမှာ ကြားယောင်နေလို့ ထွေမဆည်နိုင်အောင် ဖြစ်ရခြင်းပါ။ [illegible] ရှေ့မှာ ဟိတ်ဟန်ထုတ်ပြီး ကြွားလုံးထုတ်သွားပုံကို သခင်မ ရှစ [illegible] သခင်မပါ ထွေမဆည်နိုင်အောင် ဖြစ်ရမှာပါ'





နှင်းအိုက အဖြေပေးလိုက်သည်။

'ဘာတွေများ ကြွားလုံးထုတ်သွားလို့လဲ'

'ဗိုလ်မှူးသမိန်စက္ကဝေါက သူ့ကို စစ်သည်တော်ကြီး သီရိဇြတ်ကမွန် [illegible] ကြောက်ကြီး ကြောက်ပြီး ထွေမဆည်နိုင်ဘဲ အမြီးကုပ်ပြီး ထွက်ပြေး [illegible] ကြောင်း လူရှေ့သူရှေ့မှာ ဟိတ်ဟန်လုပ်ပြီး ကြွားဝါနေကြောင်းပါ'

'ဟင် ဟုတ်လား၊ နှင်းသဲကော ကြားသလား'

နှင်းကေသရာက နှင်းသဲဘက်သို့ လှည့်ပြီး မေးလိုက်သည်။

'မှန်လှပါ၊ ဘုရားကျွန်မပါ နားနဲ့ဆတ်ဆတ် ကြားခဲ့ရကြောင်းပါ'

နှင်းသဲက အဖြေပေးလိုက်သည်။

'စစ်သည်တော်ကြီး သီရိဇြတ်ကမွန်နဲ့ ပတ်သက်ပြီး သမိန်စက္ကဝေါ [illegible] ဘာတွေ ပြောသွားသလဲ'

နှင်းကေသရာက ပို၍ တိကျစွာ မေးလိုက်သည်။

'စစ်သည်တော်ကြီး သီရိဇြတ်ကမွန် သတ္တိမရှိဘူး၊ လေလုံးထွား [illegible] သောက် သူရဲဘောကြောင်တယ်။ သူနဲ့ မျက်နှာချင်းဆိုင်ရမှာကို ကြောက်ချေး [illegible] ပြီး အမြီးကုပ်ပြေးတယ်လို့ ပြောနေတာကို ကြားခဲ့ရကြောင်းပါ။ စစ်သည် [illegible] တော်ကြီး ကွယ်ရာမှာ စစ်သည်တော်ကြီးကို ခွေးနဲ့နှိုင်းပြီး ပြောဆိုနေခြင်း [illegible] ကြောင်းပါ'

နှင်းအိုက အဖြေပေးလိုက်သည်။

'ဒါတင်ပဲလား၊ နောက်ထပ် ဘာတွေများ ပြောသလဲ'

'လူသာကြီးပြီး အချိန်မစီးဘူးလို့ ပြောသံလည်း ကြားရကြောင်းပါ။ [illegible] သည်တော်ကြီးကို နှစ်ခွေးသား မတန်အောင် ပြောကြောင်းပါ'

'သမိန်စက္ကဝေါ ပြောနေတာကို မောင်တော်ဗညားအိမ် မကြား [illegible]'

'စောစောပိုင်းကတော့ တခြားဧည့်သည်တွေကို ဧည့်ခံနေရတဲ့အတွက် [illegible] စက္ကဝေါ ကြွားလုံးထုတ်နေတာကို မြို့စားလေး ကြားဟန် မတူကြောင်း [illegible] နောက်ပိုင်းကျမှ ကြားဟန်တူကြောင်းပါ။ ကြားလျှင်ကြားချင်း မြို့စားလေး [illegible] တော်တိုင် သမိန်စက္ကဝေါ ရှိရာသို့ ဒေါနှင့်မောနှင့် ရောက်လာပြီး ဓားကို [illegible] လိုက်တာ မြင်ရကြောင်းပါ။ သမိန်စက္ကဝေါလည်း ဓားချင်းယှဉ်ပြိုင်ဖို့ [illegible] လိုက်သည်ကိုပါ ကြားရကြောင်းပါ။ မြို့စားလေး ဓားဆွဲထုတ်ပြီး [illegible] သံ ကြားရတဲ့အခါ ဘုရားကျွန်မဖြင့် ကြက်သီးမွေးညင်းများပင် ထ [illegible] ကြောင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



နှင်းအိုက ခြေဟန်လက်ဟန်ဖြင့် အစီရင်ခံလိုက်သည်။

'မောင်တော်ဗညားအိမ်က စိန်ခေါ်တော့ သမိန်စက္ကဝေါ ဘာပြန်[...]
သလဲ'

'ဟက်ဟက်ပက်ပက် ရယ်မောပြီး သူ့ရဲ့ ကိုယ်ရံတော်တွေနဲ့[...]
ဥယျာဉ်တော်ထဲက ထွက်သွားသည်ကို မြင်ရကြောင်းပါ'

နှင်းအိုက မိမိကြားခဲ့ မြင်ခဲ့သမျှကို အစီရင်ခံလိုက်ရာ နှင်းကေ[...]
သည် အံကြိတ်လိုက်ပြီး ကြေးမုံပြင်၏ရှေ့တွင် ချထားသည့် သီရိဇြတ်ကမွ[...]
ဘာလွှာကို မျက်မှောင်ကြုတ်ပြီး အတန်ကြာ ငေးစိုက်ကြည့်ပေသည်။

'နှင်းသဲနဲ့ နှင်းအို ....'

နှင်းကေသရာသည် သီရိဇြတ်ကမွန်၏ လက်ရေးနှင့် ရေးသားထား[...]
ပေတိုကို ငေးစိုက်ကြည့်နေရာမှ လက်စွဲတော်နှစ်ဦးအား ခေါ်လိုက်ပြန်[...]

'ခစားလျက် ရှိကြောင်းပါ'

နှင်းသဲနှင့် နှင်းအိုက ပြိုင်တူ ထူးလိုက်ကြသည်။

'သခင်မ မေးမယ်၊ မှန်မှန် ဖြေကြစမ်း'

'ကောင်းလှပါပြီ'

'စစ်သည်တော်ကြီး သီရိဇြတ်ကမွန်ဟာ ကြောက်ချေးပါပြီး အမြီး[...]
ပြေးမယ့် လူစားမျိုး ဖြစ်လိမ့်မယ်လို့ ညည်းတို့ ထင်သလား'

နှင်းကေသရာက မေးခွန်းထုတ်လိုက်သည်။

'သမိန်စက္ကဝေါ ပြောတာ နားရှိလို့သာ ကြားခဲ့ရကြောင်းပါ။ ယုံ[...]
ရာ အကြောင်း မရှိကြောင်းပါ'

နှင်းအိုက အဖြေပေးလိုက်သည်။

'နှင်းသဲကော ဘယ်လို သဘောရသလဲ'

'အသက်သာ အသေခံမယ်၊ သမိန်စက္ကဝေါ ကြွားလုံးထုတ်ခဲ့[...]
အမြီးကုပ်ပြီး ပြေးမယ့်လူစား မဟုတ်ကြောင်းပါ။ စစ်သည်တော်ကြီး ထ[...]
မှ [...]တ်ဟန်လုပ်ပြီး ကြွားလုံးထုတ်ခြင်းသာ ဖြစ်လိမ့်မယ်လို့ မှတ်[...]
ကြောင်းပါ'

နှင်းသဲကပါ နှင်းအိုအား ထောက်ခံရင်း အဖြေပေးလိုက်၏။

'အင်း ညည်းတို့က စစ်သည်တော်ကြီး သီရိဇြတ်ကမွန်ကို သိ[...]
ကြီးနေကြတာကိုး။ သမိန်စက္ကဝေါ ပြောတဲ့စကားတွေ အားလုံး အဓိ[...]
[...]ခါနဲ့ မျက်နှာချင်း မဆိုင်ရဲလို့ ဖနောင့်နဲ့တင်ပါး တစ်[...]
[...]အောင် ထွက်ပြေးတာကို သခင်မရဲ့မျက်စိနဲ့ တပ်အပ်သေချာ မြင်ခဲ့[...]





နှင်းကေသရာက ပြန်ပြောလိုက်ရာ နှင်းသဲနှင့် နှင်းအိုတို့မှာ ၎င်းတို့၏
[...]ကိုပင် မယုံနိုင်အောင် ဖြစ်သွားပြီး ပြူးကျယ်သော မျက်လုံးများဖြင့်
[...]ကေသရာအား ငေးစိုက်ကြည့်နေပေသည်။

'သခင်မ မိန့်တော်မူလို့သာ ကြားရတယ်။ ဘုရားကျွန်မတော့ ယုံ[...]
[...]နိုင်အောင် ဖြစ်နေကြောင်းပါ။ စစ်သည်တော်ကြီး သီရိဇြတ်ကမွန်လေ[...]
[...]သတ္တိနဲ့ ပြည့်စုံတဲ့ ယောက်ျားကောင်းတစ်ယောက်ကို တစ်သက်နဲ့တစ်ကိုယ်
[...]ခဲ့ဖူးသေးကြောင်းပါ။ သမိန်စက္ကဝေါ ဟာသနှောပြီး ကြွားလုံးထုတ်သွား
[...]သာ ဖြစ်သည်ဟု ဘုရားကျွန်မ မှတ်ထင်ခဲ့ကြောင်းပါ'

နှင်းအိုက ပြန်ပြောလိုက်သည်။

'စစ်သည်တော်ကြီး သီရိဇြတ်ကမွန်ဟာ တစ်ဖက်သား အပေါ်မှာ
[...]တဲ့စိတ် ရှိသလောက် ရန်သူနဲ့ တွေ့တဲ့အခါ ခြင်္သေ့လို ရဲရင့်ကြောင်း
[...]ကျွန်မ တစ်ဆင့်စကား ကြားဖူးကြောင်းပါ။ ကြောက်ချေးပါပြီး ထွက်ပြေး
[...] ဆိုတာ မဖြစ်နိုင်ကြောင်းပါ'

နှင်းသဲကပါ နှင်းအိုကို ထောက်ခံပြီး ပြောလိုက်သည်။

'မဖြစ်နိုင်ဘူး ထင်ပေမယ့် ဖြစ်နေတာကို သခင်မရဲ့ မျက်စိနဲ့ တပ်အပ်
[...]ကို မြင်ခဲ့ရလို့ ပြောနေတာ။ ခြင်္သေ့အရေကိုခြုံပြီး ခြင်္သေ့ဟန် ဆောင်နေတဲ့
[...]ဇက္ကာရီကို ညည်းတို့ မကြားဖူးဘူးလား။ သူ့ဘာသူ နေရင်တော့
[...]င်းသား။ ခြင်္သေ့လို ဟောက်လိုက်တော့မှ မြည်းသံထွက်လာတယ်
[...]လား'

နှင်းကေသရာက ပြန်ပြောလိုက်သည်။

'စစ်သည်တော်ကြီး သီရိဇြတ်ကမွန်ကတော့ တကယ့် ခြင်္သေ့ပါ။
[...]ဟန်ဆောင်နေတဲ့မြည်း မဟုတ်နိုင်ကြောင်းပါ။ စစ်သည်တော်ကြီးရဲ့
[...]က ခြင်္သေ့မျက်လုံးပါ။ အသံကလည်း ခြင်္သေ့ရဲ့ အသံပါ'

နှင်းအိုက အလျှော့မပေးဘဲ သီရိဇြတ်ကမွန်ဘက်မှ လျှောက်လဲ
[...]သည်။

'ခြင်္သေ့အစစ်ဆိုရင် ဘာဖြစ်လို့ ကြောက်ချေးပါပြီး အမြီးကုပ် ပြေး
[...]'

'ခြင်္သေ့တို့မည်သည် သားကောင်ကိုမြင်လျှင် နောက်သို့ပြန်ဆုတ်ပြီးမှ
[...]ခုန်ကာ ဖမ်းဆီးလေ့ရှိကြောင်းပါ။ နောက်သို့ တစ်လှမ်းဆုတ်ခြင်း
[...]နှင်လှမ်းပြန်ပြီး ချီတက်ရန် ဖြစ်လိမ့်မည်ဟု ဘုရားကျွန်မ ယုံကြည်
[...]'



www.burmeseclassic.com

www.burmeseclassic.com



နှင်းသဲက ဣန္ဒြေရရ လျှောက်လဲချက် ပေးလိုက်ပြန်သည်။

'စစ်သည်တော်ကြီးဘက်က ရှေ့နေလိုက်ဖို့ ညည်းတို့ကို အခကြေး... ဆးပြီး ငှားထားသလား။ တော် .... တော်။ ဒီအကြောင်းတွေ သခင်မ မကြား... ဘူး။ ညည်းတို့ သွားလိုရာသွား၊ ခု .... သွားကြ'

နှင်းကေသရာက လက်စွဲတော်နှစ်ဦးအား အခန်းထဲမှ ထွက်သွား... အမိန့်ပေးလိုက်သည်။

'ဝတ်လဲတော်များ လဲရန် အသင့် ပြင်ဆင်ထားကြောင်းပါ။ ဝတ်... တော်များ လဲတော်မူပါဦးဘုရား'

နှင်းအိုက ညဥ့်အိပ်ရာဝင်တွင် ဝတ်ရန် ဝတ်လဲတော်များ ဆက်... ပြန်ပြောလိုက်သည်။

'ဝတ်လဲတော်တွေ ထားခဲ့။ သခင်မဘာသာ သခင်မ လဲမယ်။ ညည်း... သွားလိုရာ သွားကြပေတော့'

နှင်းကေသရာက အမိန့်ပေးလိုက်ရာ နှင်းအိုသည် ဝတ်လဲတော်... ကို နှင်းကေသရာ၏ အိပ်ရာပေါ်တွင် တရိုတသေထားခဲ့ပြီး နှင်းသဲနှင့်... အိပ်ခန်းထဲမှ ထွက်သွားကြပြီး အိပ်ခန်းတံခါးကို ပြန်ပိတ်ခဲ့ကြပေသည်။

အိပ်ခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် အခါ... နှင်းကေသရာသည် ကြေးမုံပြင်၏ရှေ့တွင် ချထားသော သီရိဖြတ်ကမ္ဘ... စာလွှာကို ကောက်ယူပြီး ဖတ်ကြည့်လိုက်ပြန်သည်။

**နှင်းကေသရာ –**

**နှင်းကေသရာအပေါ်တွင် အသက်ပေးပြီး သစ္စာစောင့်သိ... အဆွေခင်ပွန်းကောင်း ဖြစ်ကြောင်း လက်တွေ့ပြသလိုသော ဆ... ယနေ့ည သန်းခေါင်ကြက် မတွန်မီ တွမ်းနှစ်ယာညက်ခန့် အချိ... နှင်းကေသရာ၏အိပ်ခန်း လေသာဆောင်အောက်မှ စောင့်ကြို့နေပါ...**

**နှင်းကေသရာ၏ အသက်အန္တရာယ် လုံခြုံရေးနှင့် အနာ... ကောင်းစားရေးအတွက် ချိန်းဆိုထားသည့် အချိန်တွင် လေသာ... အောက်သို့ ဆက်ဆက် ကြွတော်မူလာခဲ့စေလိုပါသည်။ ယနေ့... နှင်းကေသရာအတွက် သေရေးရှင်ရေးတစ္ဆ အရေးကြီးသည့်ည... သည်ကို သိစေလိုပါသည်။ သို့ဖြစ်ပါ၍ သန်းခေါင်ကြက် မတွန်မီ... နှစ်ယာညက်ခန့် အလိုတွင် ချိန်းဆိုထားသည့် နေရာသို့ ရောက်... ဆက်ဆက် ကြွတော်မူလာရန် ထပ်လောင်း၍ နှိုးဆော်အစ်ပါ...**

**ချိန်းဆိုထားသည့် အချိန်တွင် ချိန်းဆိုထားသည့် ...**





**ကြွမြန်းတော်မူ မလာပါက နှင်းကေသရာ၏ အိပ်ခန်းထဲသို့ ဝင်ပြီး အတင်းအဓမ္မ ဆွဲခေါ်ရလိမ့်မည် ဖြစ်သည်ကို ကြိုတင်၍ သိစေအပ်ပါသည်။**

**နှင်းကေသရာ၏ သေရေးရှင်ရေး ကိစ္စဖြစ်၍ မပျက်မကွက် ဆက်ဆက် ဆင်းလာခဲ့စေလိုပါသည်။ အဆင်သင့် စောင့်ကြို့နေပါမည်၊**

**သီရိဖြတ်ကမ္ဘန့်**

နှင်းကေသရာသည် သီရိဖြတ်ကမ္ဘန့်၏ စာကို တစ်ပိုဒ်စီ၊ တစ်ပိုဒ်ချင်း ...ပ်သေချာစွာ ဖတ်ရှုကြည့်လိုက်ပြီးနောက် မိမိ၏အရိပ်ကို ကြေးမုံပြင်တွင် ...ကြည့်ရင်း အံကြိတ်၍ စဉ်းစားနေပေသည်။

နှင်းကေသရာမှာ ကြိတ်မနိုင် ခဲမရ ဖြစ်နေပုံ ရပေသည်။

မိမိ၏အရိပ်ကို ကြေးမုံပြင်တွင် ကြည့်လိုက်၊ သီရိဖြတ်ကမ္ဘန့်၏ ...လွှာကို ပြန်ဖတ်လိုက်နှင့် နှင်းကေသရာမှာ တစ်ယောက်တည်း ဒေါသူပုန် ...နေရာမှ သီရိဖြတ်ကမ္ဘန့်၏ စာလွှာကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ပြီး ခြေဖြင့် ...ခြေပစ်လိုက်သည်။

"သမိန်စက္ကဝေါကိုတော့ မျက်နှာချင်း မဆိုင်ဝံ့ဘဲ ဖနောင့်နဲ့တင်ပါး ...သားတည်းနေအောင် ထွက်ပြေးတဲ့လူက မိန်းမသားကျတော့ အနိုင်ကျင့် ...သေးတယ်။ သူချိန်းဆိုတဲ့ နေရာကို လာရင်လာ၊ မလာရင် အိပ်ခန်းဆောင်ထဲ ...ပြီး အတင်းအဓမ္မ ဆွဲခေါ်ရလိမ့်မယ်လို့ ခြိမ်းခြောက်လိုက်သေးတယ်။ ဒါဟာ ...ကျားပိသတဲ့ အမူအရာလား။ သတ္တိရှိရင် အိပ်ခန်းဆောင်ထဲကို ဝင်ကြည့် ...လား။ အကြောင်း သိသွားမှာပေါ့"

နှင်းကေသရာသည် ဒေါပွပွနှင့် ကြေးမုံပြင်တွင် မိမိ၏ အရိပ်ကို ...ကြည့်ရင်း တစ်ယောက်တည်း ရေရွတ်နေပေသည်။

"သူလား၊ သခင်မရဲ့ အိပ်ခန်းထဲကို ဝင်လာရဲမှာ။ သမိန်စက္ကဝေါ ...ောင် မျက်နှာချင်း မဆိုင်ဝံ့တဲ့သူက အိပ်ခန်းထဲကို ဝင်ရဲပါ့မလား။ အိပ်ခန်း ... ရောက်အောင် သူ ဘယ်လိုလုပ်ပြီး လာမှာလဲ။ လေသာပြတင်းကို ...ထားရင် သူ ဝင်လို့ ရဦးမှာတဲ့လား"

နှင်းကေသရာသည် တစ်ယောက်တည်း အမေးအဖြေ လုပ်နေရာမှ ...ာပြတင်းမှတစ်ဆင့် လေသာဆောင်သို့ မျှော်ကြည့်လိုက်သည်။

လေသာဆောင်မှာ စံအိမ်တော်၏ အထက်ထပ်တွင်ဖြစ်၍ လှေကား ...င်၍ တက်မှသာ လေသာဆောင်သို့ ရောက်နိုင်မည် ဖြစ်သည်ကို နှင်း



www.burmeseclassic.com

www.burmeseclassic.com



ရာ သိပေသည်။ လှေကားထောင်၍ တက်နိုင်သည့်တိုင်အောင် လေ
ပြတင်းကို ပိတ်ထားလျှင် အိပ်ခန်းဆောင်ထဲသို့ လွယ်လွယ်ကူကူ ဝင်နိုင်
ဟုတ်သည်ကို နှင်းကေသရာ သိပေသည်။

သို့ရာတွင် သီရိဖြတ်ကမွန်မှ သီရိဖြတ်ကမွန် ပီသစွာ ပြော
အတိုင်း မဖြစ် ဖြစ်အောင် လုပ်တတ်သူ ဖြစ်သည်ကို နှင်းကေသရာ စဉ်း
သောအခါ အလိုလို ရင်ဖိုသွားပြန်သည်။

လေသာဆောင်သို့ လှေကားမထောင်ဘဲ တိုင်ကိုဖက်ပြီး တွယ်
လာမည် ဆိုလျှင်လည်း ဖြစ်နိုင်စရာ ရှိသည်ကို နှင်းကေသရာ စဉ်းစားမိ
လေသာပြတင်းကို အတွင်းမှ မင်းတုပ်ချပြီး ပိတ်ထားသည့်တိုင်အောင် ကု
ကော်ပြီး ဖွင့်လျှင် ဖွင့်နိုင်စရာ အကြောင်းရှိသည်ကိုလည်း စဉ်းစားမိ
ထိုသို့ စဉ်းစားမိသောအခါ နှင်းကေသရာမှာ ကြက်သီးမွေးညင်းများပင်
သွားပေသည်။

ပြီးမှတစ်ဖန် မိမိ၏စိတ်ကို ပြန်တင်းလိုက်သည်။

"အိပ်ခန်းထဲကို လာခဲ့ရင် လာပေစေ။ နှင်းကေသရာအကြောင်း သိ
စေမယ်။ သူလည်း သီရိဖြတ်ကမွန်၊ ဖါလည်း နှင်းကေသရာ။ သူလို သူ
ကြောင်ပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းနေအောင် ထွက်ပြေး
ဘာဖြစ်လို့ ကြောက်ရမှာလဲ။ မကြောက်ဘူး၊ မကြောက်ဘူး။ သူ့ကို ကြေ
အရှုံးပေးလိမ့်မယ် မထင်နဲ့၊ အရှုံးမပေးဘူး။ သတ္တိရှိရှိနဲ့ ရင်ဆိုင်ပြလိုက်
ဒီနေ့ညတော့ ရှမ်းနဲ့ဆင် လယ်ပြင်မှာ တွေ့ကြဦးမှာပေါ့"

နှင်းကေသရာသည် လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ပြီး
တင်လိုက်သည်။

ထိုအခိုက်တွင် သက်ကြီးခေါင်းချ ကြက်တွန်သံများကို
သသည်။

"သက်ကြီးခေါင်းချ ကြက်တွန်သံတွေတောင် ကြားနေရပြီ
ဘင်ချိန်ဆိုရင် သန်းခေါင်ကြက်တွန်သံ ကြားရလိမ့်မယ်။ သိပ်ကြာကြာ
ရတော့မှာ မဟုတ်ဘူး"

နှင်းကေသရာသည် တစ်ယောက်တည်း မှတ်ချက်ချရင်း
ပြတင်းမှ ခေါင်းပြူ၍ ဥယျာဉ်တော်ဆီသို့ ကြည့်လိုက်သည်။ ဥယျာ
ဘင်နှသုံး တိတ်ဆိတ်လျက် ရှိသည်ကို မြင်ရသောအခါ နှင်းကေသ
လေသာပြတင်းကို ပိတ်လိုက်ပြီး အတွင်းမှ မင်းတုပ်ချထားလိုက်သည်
ဘဖြည်းဖြည်း ညဉ့်နက်သည်ထက် ညဉ့်နက်လာသော





သရာသည် အိပ်ချင်သည့်စိတ် လုံးဝ မရှိဘဲ သီရိဖြတ်ကမွန် ချိန်းဆိုသည့်
ချိန်ကိုသာ အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် စောင့်ကြည့်နေပေသည်။

အချိန်မှာ တရွေ့ရွေ့ မနေမနား တွားသွားလျက်ရှိရာမှ သန်းခေါင်
ချိန်သို့ ရောက်လုနီးနီး ဖြစ်လာပေသည်။

နှင်းကေသရာမှာ ဂနာမငြိမ် ဖြစ်လာပြီး အခန်းထဲတွင်
ကပြန် လျှောက်နေရာမှ လေသာပြတင်းကိုဖွင့်၍ ပြင်ပသို့ကြည့်လိုက်
ပြူစ လရောင်အောက်တွင် လေပြည်လေညင်း တိုက်ခတ်သဖြင့် လှုပ်လှုပ်
ရှားရှား ဖြစ်နေသည့် သစ်ပင်များကို ရေးရေးမြင်ရပေသည်။ သစ်ရွက်ချင်း
ပွတ်သံများကိုလည်း အဆက်မပြတ် ကြားနေရပေသည်။

"ဘယ်လောက်ကြာကြာ စောင့်နေရဦးမလဲ မသိဘူး။ သန်းခေါင်
ကြက်ကလည်း တွန်ခဲလိုက်တာ"

နှင်းကေသရာသည် အားမလို အားမရ အမူအရာဖြင့် တစ်ယောက်
တည်း ရေရွတ်လိုက်သည်။

ထိုအခိုက်တွင် ဥယျာဉ်တော်အတွင်းမှ လှုပ်လှုပ်ရှားရှား သဏ္ဌာန်
တစ်ခုကို မြင်လိုက်ရသဖြင့် ငေးစိုက်ကြည့်နေစဉ် ထိုသဏ္ဌာန်သည် နှင်းကေ
သရာ၏ အိပ်ခန်းနှင့် ဆက်စပ်လျက်ရှိသည့် လေသာဆောင် ရှိရာသို့ လာနေ
သည်ကို မြင်ရပြီး မကြာမီ လေသာဆောင်၏တိုင်ကို ဖက်၍တက်လာသော
သီရိဖြတ်ကမွန်ကို မြင်လိုက်ရသဖြင့် နှင်းကေသရာမှာ မိမိ၏ မျက်စိကိုပင်
မယုံနိုင်အောင် ဖြစ်သွားပြီး လေသာဆောင်၏ လက်တန်းများကို တွယ်ဖက်၍
ပြတင်းရှိရာသို့ လာနေသော သီရိဖြတ်ကမွန်အား မျက်တောင်မခတ်ဘဲ
ငေးငေးကြောင်ကြောင် ကြည့်နေမိပေသည်။

တစ်ယောက်မျက်နှာတစ်ယောက် အတန်ကြာ ငေးစိုက်ကြည့်နေရာမှ
နှင်းကေသရာသည် စက်ဆုပ်ရွံရှာသည့် အမူအရာဖြင့် မဲ့ရွဲ့လိုက်သည်။

"မိန်းမသားကိုတောင် ခိုးခြောက်ရဲတဲ့ သူရဲကောင်းကြီးပါလား။
သန်းခေါင်ကြက်တွန်ဖို့ အဝေးကြီး လိုသေးတယ်။ ဘာဖြစ်လို့ စောစောစီးစီး
လာတာလဲ"

နှင်းကေသရာ ငေါ့လိုက်သည်။

"ကျုပ် လာခဲ့မယ်ဆိုတာ သိတယ် မဟုတ်လား"

"မသိဘဲ နေပါ့မလား၊ သိလို့ မအိပ်သေးဘဲ စောင့်နေတာပေါ့"

နှင်းကေသရာက ပမာမခန့် ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီရိဖြတ်ကမွန်မှာမူ လေသာပြတင်းပေါက်ကိုမှီပြီး နှင်းကေသ အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

'ကျုပ် လာခေါ်မယ်ဆိုတာ သိလျက်သားနဲ့ ဘာဖြစ်လို့ အ ဥင်ဆင်မထားတာလဲ။ ဘာဖြစ်လို့ ဆံပင်ကို မထုံးဘဲ ဖြန့်ချထားရတာ'

သီရိဖြတ်ကမွန်က ပြန်မေးလိုက်သည်။

သီရိဖြတ်ကမွန်သည် နှင်းကေသရာ၏ ပိတုန်းရောင် ထ နေ ရှည်လျားသော နှင်းကေသရာ၏ ဆံပင်ကိုကြည့်ရင်း မေးလိုက်သည်။

နှင်းကေသရာမှာမူ မိမိအား သီရိဖြတ်ကမွန်က ခြေဆုံးခေါင်း ကြည့်နေသည်ကို မခံမရပ်နိုင်သည့် အမူအရာဖြင့် ခြေဆောင့်ပြီး တစ်ဖ လှည့်သွားပေသည်။ ပြီးမှတစ်ဖန် အခိုးအလျှံများ ထွက်နေသည်ဟု ထင်ရ အောင် ဝင်းလက်တောက်ပြောင်နေသော မျက်လုံးများဖြင့် သီရိဖြတ် ဘက်သို့ လှည့်၍ ကြည့်လိုက်သည်။

'အဖိုဆိုရင် ယင်ဖိုမှ မသန်းရတဲ့ သခင်မရဲ့ အိပ်ခန်းဆောင်ကို ည သန်းခေါင် ကျူးကျော်လာတာ ကောင်းသလား'

'ကျုပ် ချိန်းဆိုတဲ့ နေရာကို မလာရင် အိပ်ခန်းဆောင်ထဲ ဆွဲခေါ်ရပါလိမ့်မယ်လို့ စောစောကတည်းက အကြောင်းကြားစာ ပို့ထား ဟောဟို ကြမ်းပြင်ပေါ်မှာ ကျနေတဲ့ ကျုပ်ရဲ့စာလွှာကို ပြန်ဖတ်ကြည့်စ

'စော်ကားလှချည်လား'

'စော်ကားလိုတဲ့စိတ် ဆိုလို့ နှမ်းတစ်စေ့တောင် မရှိပါဘူး။ နှ သရာကို စော်ကားရအောင် လာခဲ့တာလည်း မဟုတ်ပါဘူး။ နှင်းကေသ မေတ္တာပန်းကို ဆွတ်ချူချင်လို့ ချစ်ရေးဆိုရအောင် အဆောင်တော် တာလည်း မဟုတ်ပါဘူး။ နှင်းကေသရာ အပေါ်မှာ သစ္စာစောင့်သိတဲ့ ခင်ပွန်းကောင်းအဖြစ် နှင်းကေသရာကို ရာဇဝတ်ဘေးက ကယ်တင်ရ လာခဲ့တာပါ။ အချိန်လည်း နီးလာပါပြီ။ ဆံပင်ကို ပြန်ထုံးပြီး ကျုပ် လိုက်ခဲ့စမ်းပါ'

သီရိဖြတ်ကမွန်က စိတ်မရှည်သည့် အမူအရာဖြင့် ပြောလိုက်

နှင်းကေသရာမှာမူ သီရိဖြတ်ကမွန် ပြောလိုက်သည့် စ အရေးမစိုက်သည့် အမူအရာဖြင့် မိမိ၏အရိပ်ကို ကြေးမုံပြင်တွင် ရှည်လျားနက်မှောင်နေသော ဆံပင်ကို ဆင်စွယ်ဘီးဖြင့် စိမ်ပြေနပြေ နေသည်။

'ညဉ့် ဘုရားရှိခိုးတဲ့ အခါတိုင်း သူတော်ကောင်းနဲ့ ပေါင်း သူယုတ်မာနဲ့ ဝေးပါစေလို့ ဆုတောင်းနေတဲ့ကြားက သူတော်ကောင်းနဲ့ မတွေ့ ဘဲ သူယုတ်မာတွေနဲ့ချည်း တွေ့နေရတယ်။ အဲဒီ သူယုတ်မာတွေထဲမှာလည်း သီရိဖြတ်ကမွန်ဆိုတဲ့ သူယုတ်မာလောက် စက်ဆုပ်ရွံရှာစရာ ကောင်းတာ ရှိဘူး'

နှင်းကေသရာသည် ကြေးမုံပြင်ရှေ့တွင် မိမိအရိပ်ကို မိမိကြည့်ရင်း ယောက်တည်း ပြောသလိုလိုနှင့် သီရိဖြတ်ကမွန်အား စောင်းချိတ်ပြီး ပြော လိုက်သည်။

ပြောပြောဆိုဆို ၎င်း၏ ရှည်လျားသော ဆံပင်ကို ဆင်စွယ်ဘီးဖြင့် အား ဖြီးချလိုက်ရာ၊ ဆင်စွယ်ဘီးမှာ လက်ထဲက လွတ်ထွက်သွားပြီး ကြမ်းပြင် သို့ လွင့်စဉ်၍ ကျသွားပေသည်။

သီရိဖြတ်ကမွန်မှာ နှင်းကေသရာ တမင်လာ အရွဲ့တိုက်ပြီး အချိန် နေသည်ကို သိသဖြင့် ဆံပင်ကို အမြန်ဆုံး ပြန်ထုံးနိုင်စေရန်အတွက် လွတ်ကျ သည့် ဆင်စွယ်ဘီးကို ကောက်ယူပေးရန် လေသာပြတင်းပေါက်မှ သွားပြီး အိပ်ခန်းဆောင်ထဲသို့ ဝင်လာခဲ့ပေသည်။

ဤတွင် နှင်းကေသရာသည် အခန်းထောင့်ရှိ ငွေမောင်းကို တီးပြီး စောင့်များကို ခေါ်ရန် ငွေမောင်းရှိရာသို့ ပြေးသွားပေရာ၊ သီရိဖြတ်ကမွန် နှင်းကေသရာရှေ့မှ ဆီးတားလိုက်ပြီး ငွေမောင်းကိုယူ၍ အသံမမြည် ခြုံလွှာဖြင့် ရစ်ပတ်၍ လေသာဆောင်မှတစ်ဆင့် အောက်သို့ ပစ်ချ လိုက်ပေသည်။

'နှင်းကေသရာအကြောင်း ကောင်းကောင်းသိလို့ ကြိုကြိုတင်တင် တာ။ အချိန် သိပ်မရှိတော့ဘူး။ ကျုပ်ခေါ်ရာကို ကောင်းကောင်းမွန်မွန် လား။ ဒါမှမဟုတ် အတင်းအဓမ္မ ဆွဲခေါ်သွားရမလား'

သီရိဖြတ်ကမွန်သည် ငွေမောင်းကို လွှင့်ပစ်လိုက်ပြီး နှင်းကေသရာ မျက်နှာချင်း ဆိုင်လိုက်သည်။

'တယ် သတ္တိကောင်းတဲ့ သူရဲကောင်းကြီးပါလား။ ယောကျ်ားချင်း မျက်နှာချင်း မဆိုင်ရဲဘဲ မိန်းမသားကျတော့ အနိုင်ကျင့်ချင်တယ်ပေါ့ ရှင် သူ့ရဲဘောကြောင်ပြီး ထွက်ပြေးတာကို လူတကာ သိလို့ ရှင့်ကို သား မတန်အောင် ကဲ့ရဲ့နေကြတာကို ရှင် မသိဘူးလား'

နှင်းကေသရာက မဲ့ကာရွဲ့ကာဖြင့် ပြန်ပြောလိုက်သည်။

'ကဲ့ရဲ့ချင် ကဲ့ရဲ့ကြပေစေပေါ့၊ ပြေးတုန်းကလည်း ပြေးခဲ့မိတာကိုး'

'တိုက်ပွဲပေါင်း များစွာမှာ အောင်ပွဲခံခဲ့တယ်လို့ ကြွားလုံးထုတ်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



...ကျားချင်းကျတော့ မျက်နှာချင်း မဆိုင်ဝံ့လို့ ဖနောင့်နဲ့တင်ပါး တစ်သား... တည်းနေအောင် ထွက်ပြေးတယ်ဆိုတာ ရှက်စရာ မကောင်းဘူးလား'

နှင်းကေသရာက သီရိဖြတ်ကမွန်အား မခံမရပ်နိုင်အောင် ... ... ခဲ့ကပြန်သည်။

'ကျုပ်က အပြေးသန်တာကိုး'

'ဒါကြောင့် ရှင့်ကို သမိန်စက္ကဝေါက ခွေးနဲ့နှိုင်းပြီး အမြီးကုပ်ပြေး... ပရိသတ် ဗိုလ်ပုံအလယ်မှာ အရှက်ခွဲခဲ့တယ် မဟုတ်လား'

'အကြည်တော် ဗညားအိမ် ပြောပြလို့ အားလုံး သိခဲ့ရပါပြီ။ ကျုပ်... လူရှေ့သူရှေ့မှာ အရှက်ခွဲရမလား ဆိုပြီး အဆွေခင်ပွန်းကောင်း ပီသစွာ... စက္ကဝေါကို ဓားချင်းယှဉ်ပြိုင်ဖို့တောင် စိန်ခေါ်ခဲ့သေးတယ် မဟုတ်လား'

သီရိဖြတ်ကမွန်က ပြန်ပြောလိုက်သည်။

'ဘာဖြစ်လို့ ဖနောင့်နဲ့တင်ပါး တစ်သားတည်းနေအောင် ထွက်ပြေး... ရတာလဲ။ တိုက်ပွဲပေါင်း များစွာမှာ အောင်ပွဲခံခဲ့တဲ့ သူ့ရဲကောင်းတစ်ယောက်... ဆိုပြီး ပရိသတ် ဗိုလ်ပုံအလယ်မှာ အရှက်ခွဲတာကို ဘာဖြစ်လို့ ခေါင်းငုံ့... ရတာလဲ။ ဒါကို ရှင်းပြနိုင်ရင် ရှင်းပြစမ်းပါ'

နှင်းကေသရာက မေးလိုက်ပြန်သည်။

'အချိန်တန်တော့ နားပိန်ကန်ပါလိမ့်မယ်။ ဒါက အရေးမကြီး... အရေးကြီးတာက ဒီနေ့ည သန်းခေါင်အချိန်မှာ နှင်းကေသရာနဲ့ မောင်... မြို့စားလေး ဗညားအိမ်တို့ရဲ့ ဟောဒီ စံအိမ်တော်ကြီးမှာ နှင်းကေသ... အင်မတန် ခင်မင်ရင်းနှီးတဲ့ ပုဂ္ဂိုလ်အချို့ပါဝင်တဲ့ သစ္စာဖောက်တွေ စည်း... ကျင်းပပြီး ရှင်စောပု ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာ... ဘုရင်မကြီးကို ဘယ်နည်းဘယ်ပုံ လုပ်ကြံသတ်ဖြတ်မယ် ဆိုတာ ... တိုင်ပင်ကြလိမ့်မယ်။ သူတို့ ဆွေးနွေးတိုင်ပင်တာကို နှင်းကေသရာရဲ့ ... ဆတ်ဆတ် ကြားစေချင်လို့ မရမက လာခေါ်တာပါ'

သီရိဖြတ်ကမွန်က ရှင်းပြလိုက်ရာ နှင်းကေသရာမှာ ထိတ်... ဘုန်လှုပ်သွားပေသည်။

'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ ဘုရင်မကြီးကို လုပ်ကြံဖို့ ... အားထုတ်နေကြတယ် ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ရှင် ... ဘင်ခွန်းမှ မယုံဘူး'

နှင်းကေသရာသည် အံကြိတ်ပြီး လက်သီးကို ကျစ်ကျစ်ပါ... ဆုပ်၍ စားပွဲကို တင်းနိုင်သမျှ တင်းပြီး ပြန်ပြောလိုက်သည်။

'ဖြစ်နိုင်တာ မဖြစ်နိုင်တာကို အငြင်းပွားနေမယ့်အစား သစ္စာဖောက်... ... ဆွေးနွေးတိုင်ပင်နေတာကို နှင်းကေသရာရဲ့ နားနဲ့ဆတ်ဆတ် ကြားရ... အောင် နှင်းကေသရာရဲ့ စံအိမ်တော်အတွင်းရှိ လျှို့ဝှက်သြော်ခေါ်ခန်းထဲကို ... နဲ့ လိုက်ခဲ့စမ်းပါ။ သန်းခေါင်အချိန်မှာ သူတို့ရဲ့ ဆွေးနွေးပွဲ စတင်ကျင်းပ... လိမ့်မယ်။ အချိန် သိပ်မရှိတော့ပါဘူး'

သီရိဖြတ်ကမွန်က လက်တွေ့ပြရန် ခေါ်လိုက်ပြန်ရာ နှင်းကေသရာ... တွေဝေသွားပြန်သည်။

'နှင်းကေသရာ သိထားဖို့က ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည်နဲ့... ...သက်ပြီး နှင်းကေသရာကိုယ်တိုင် သစ္စာဖောက်တွေနဲ့ ပူးပေါင်းကြံစည်... တယ် ဆိုတဲ့ ပစ်စာတစ်စောင် မင်းကြီးသက်တော်ရှည်ဆီကို ထပ်မံရောက်ရှိ... တဲ့အတွက် မင်းကြီးသက်တော်ရှည် ကိုယ်တိုင်က နှင်းကေသရာ အပေါ်မှာ ... ဝင်နေတယ်'

နှင်းကေသရာ တွေဝေနေသည်ကို သိသဖြင့် သီရိဖြတ်ကမွန်က ...လက်၍ သတိပေးလိုက်ရာ နှင်းကေသရာမှာ ကြက်သီးမွေးညင်းများပင် ... သွားပေသည်။

'ဒီကိစ္စနဲ့ ပတ်သက်ပြီး သခင်မ ဘာမှ မသိဘူး။ သခင်မ အပေါ်မှာ ...သက်သက် လီဆယ်ပြီး စွပ်စွဲတာ'

နှင်းကေသရာ၏ အသံများမှာ တုန်၍နေလေသည်။

'မင်းတရား လီဆယ်ပြီး စွပ်စွဲတာကို ကျုပ်သိပါတယ်။ ဒါပေမဲ့ ...ကြီးသက်တော်ရှည် အနေနဲ့ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ။ စာပို့တဲ့လူက ...နဲ့ စွပ်စွဲလိုက်တော့ မင်းကြီးသက်တော်ရှည် သံသယ မဝင်ဘဲ ...လား'

'မင်းကြီးသက်တော်ရှည် တစ်ယောက်လုံးလုပ်နေပြီး တစ်ဖက်သတ် ...နားဝင်ရသလား။ မင်းကြီးသက်တော်ရှည်သော ဘာသော ညာသော ... အရေးမစိုက်ဘူး။ ပစ်စာ ပစ်တဲ့သူကိုလည်း အရေးမစိုက်ဘူး'

'အရေးစိုက်ဖို့ မလိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ နှင်းကေသရာ ... လုံးဝ အပြစ်မရှိဘူးဆိုတာ သံသယ ကင်းစင်သွားအောင် လက်တွေ့ ...လို့ ကျုပ်လာခဲ့တာပါ။ ကျုပ်ပြောတဲ့အတိုင်း ဟုတ် မဟုတ် သိရအောင် ... လိုက်ခဲ့ပါ'

သီရိဖြတ်ကမွန်က မရမက ခေါ်နေပြန်သည်။

'ဘယ်ကို လိုက်ရမှာလဲ'



www.burmeseclassic.com

'စောစောက ကျုပ်ပြောခဲ့တဲ့ လှို့ဝှက်စည်းဝေးခန်းကိုပါ။ စည်း… စဖို့ အချိန်နီးနေပါပြီ။ ဒီနေ့ည စည်းဝေးပွဲဟာ သစ္စာဖောက်တွေရဲ့ နောက်… စည်းဝေးပွဲပါ။ အဲဒီစည်းဝေးပွဲမှာ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်… ပြီး နှင်းကေသရာတို့ မောင်နှမရဲ့ စံအိမ်တော်မှာ တည်းခိုနေချိန် ဘုရင်… ကို ဘယ်ပုံဘယ်နည်း လုပ်ကြံကြမယ်ဆိုတာ အပြီးသတ် ဆွေးနွေးဆုံး… ပါလိမ့်မယ်။ ကဲ- အချိန်လည်း သိပ်မရှိတော့ဘူး။ ဆံပင်ကို ကပိုကရိုပဲ ဖြ… အမြန်ဆုံး ပြန်ထုံးပြီး ကျုပ်နဲ့လိုက်ခဲ့ပါ။ ဒါပေမဲ့ တစ်ခုတော့ ကြိုတင်သ… ပေးထားချင်တယ်။ အစည်းဝေးခန်းမထဲကို ဝင်တဲ့အချိန်ကစပြီး ခြေသံမကြ… ရအောင် ကျုပ်နဲ့အတူ လေးဖက်တွားပြီး လိုက်ခဲ့ဖို့နဲ့ စည်းဝေးခန်းထဲရော… ဘာပဲမြင်မြင် ဘာပဲကြားကြား တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်ရှု နားထော… ကျုပ် လေးလေးနက်နက် သတိပေးချင်တယ်။ ကျုပ် သတိပေးတဲ့အ… လိုက်နာနိုင်မလား၊ မလိုက်နာနိုင်ဘူးလား။ ဒါကို ပြတ်ပြတ်သားသား သ… တယ်။ လိုက်နာနိုင်မယ်ဆိုရင် ကောင်းကောင်းမွန်မွန် ခေါ်သွားမယ်။ … နာနိုင်ဘူး ဆိုရင်တော့ ပါးစပ်ကို ပိတ်ဆို့ပြီး ကျုပ်ရဲ့လွှာရုံနဲ့ တစ်ကိုယ်… ရစ်ပတ်ပြီး အတင်းအဓမ္မ ပွေ့ချီသွားရုံမှာပဲ'

သီရိဖြတ်ကမွန်က နှင်းကေသရာထံမှ ကတိရအောင် တောင်း… သည်။

နှင်းကေသရာမှာမူ တစ်စုံတစ်ရာ ပြန်မပြောဘဲ ဆင်ခြင်ကြံနေ… သီရိဖြတ်ကမွန် အလစ်တွင် လေသာပြတင်းပေါက်မှ ကျော်လွှားပြီး အသံ… ဟစ်အော်၍ အကူအညီတောင်းရန် ကြိုးစားလိုက်ရာ၊ သီရိဖြတ်ကမွန်… လျင်မြန်ဖျတ်လတ်စွာဖြင့် နှင်းကေသရာအား ဆီး၍ ပွေ့ချီထားလိုက်… အော်ဟစ် အကူအညီ မတောင်းနိုင်စေရန် လက်တစ်ဖက်ဖြင့် နှင်းကေသရာ… လည်မျိုကို တအားကုန် ညှစ်ထားလိုက်ရာ နှင်းကေသရာမှာ အသံထွက်အော… မအော်နိုင်သည်သာမက ပွန်းပဲ့သည့် ဝေဒနာကို ခံစားနေရသည့် အပြ… တဖြည်းဖြည်း အသက်ရှုကျပ်လာပေသည်။

နှင်းကေသရာသည် သီရိဖြတ်ကမွန်၏လက်တွင်းမှ လွတ်မြောက်ရေး… အတွက် ရှိသမျှ အင်အားဖြင့် ရုန်းကန်သော်လည်း ရုန်းရင်းကန်ရင်းနှင့်… တဖြည်းဖြည်း အားပျော့လာပေသည်။ သီရိဖြတ်ကမွန်မှာမူ နှင်းကေသရာ… ကလေးငယ်အား ပွေ့ချီသကဲ့သို့ ပွေ့ချီထားရင်း မိမိနှင့် အတူပါလာသော… ကတ္တီပါ လွှာရုံဖြင့် တစ်ကိုယ်လုံး ရစ်ပတ်လိုက်သည်။

'စစ်သည်တော်ကြီး'





နှင်းကေသရာ၏ ညည်းညူလိုက်သည့်အသံကို သဲ့သဲ့ကြားရသဖြင့် …ဖြတ်ကမွန်သည် နှင်းကေသရာ၏ လည်မျိုကို … လက်…များကို လွှတ်ပေးလိုက်ရာ နှင်းကေသရာသည် … …သည့် လွှာရုံကို ဆွဲခွာလိုက်ပြီး သီရိဖြတ်ကမွန်၏ … …လိုက်သည်။ နှင်းကေသရာ၏ လည်မျိုတွင် အညို… …ကိုယ်လုံးမှာလည်း နတ်ပူးသလို တုန်လှုပ်နေပေသည်။

'မလွဲမရှောင်သာလို့ ခုလို ကြမ်းကြမ်းတမ်းတမ်း …တောင်းပန်ပါတယ်။ စောစောက ကျုပ်ပြောတဲ့အတိုင်း ကောင်း… …ပါမယ်လို့ ကတိပေးရင် နှင်းကေသရာကို လက်ဖျားနဲ့တောင် … …ကောင်းကောင်းမွန်မွန် လိုက်မယ် မဟုတ်လား'

သီရိဖြတ်ကမွန်မှာ နှင်းကေသရာ ထိတ်လန့်တုန်လှုပ်နေသည့် အ…ကို မြင်ရသောအခါ ရင်ထုမနာဖြစ်ပြီး တောင်းပန်စကား ပြောကြား…သည်။

'ကောင်းပါပြီ၊ စစ်သည်တော်ကြီး ခေါ်ရာကို ကောင်းကောင်းမွန်မွန် …ပါ့မယ်။ ရှေ့ကသာ လမ်းပြပြီး ခေါ်သွားပါ'

နှင်းကေသရာသည် ၎င်း၏လည်မျိုမှ ဒဏ်ရာများကို ပွတ်သပ်ရင်း …ယင်သည့် အသံဖြင့် ပြန်ပြောလိုက်ပြီး ကျယ်ပြန့်သော အိပ်ခန်းဆောင် …တွင်းမှ နှစ်ယောက်သား တစ်ဦးလက်ကို တစ်ဦးဆွဲ၍ ခြေသံမကြားရအောင် …များထောက်ကာ လှို့ဝှက်ခန်းမဆောင် ရှိရာသို့ လှေကားမှတစ်ဆင့် ဆင်း၍ …ခဲ့ကြပေသည်။

အောက်ထပ်သို့ ရောက်သောအခါ ညှော်ခန်းဆောင်ကို ဖြတ်ကျော်၍ …ကြည့်ဆောင် ရှိရာသို့ လာခဲ့ပေသည်။

'လှို့ဝှက်စည်းဝေးခန်းထဲကို ရောက်ရင် သတိရှိပါစေ၊ စိတ်နိုင်နိုင် …ထားပြီး နားနဲ့မျက်စိကို အစွမ်းကုန် ဖွင့်ထားပါ။ ပါးစပ်ကိုတော့ … …ထားသလို ပိတ်ထားပါ'

သီရိဖြတ်ကမွန်သည် လှို့ဝှက်စည်းဝေးခန်းသို့ ဝင်သည့် လှို့ဝှက် …တံခါးကို ဖွင့်ရန် သစ်သားဖြင့် ထုလုပ်ထားသည့် သွေး… …ပုံသဏ္ဌာန်ကို အသာအယာ ဆွဲလှည့်ရင်း နှင်းကေသရာအား … သတိပေးလိုက်သည်။

တံခါးပွင့်သွားသောအခါ အလင်းရောင် လုံးဝ မမြင်ရသည့် လှို့ဝှက် ဆွေးနွေးခန်းထဲသို့ နှစ်ယောက်သား နံရံကို လက်နှင့်စမ်း၍ ဝင်လာ…ကြပေ

www.burmeseclassic.com



သည်။ ပြီးမှတစ်ဖန် လျှို့ဝှက်တံခါးကို အတွင်းမှ ပြန်ပိတ်လိုက်ပြီး သီ ဖြတ်ကမွန်သည် နှင်းကေသရာ၏ လက်ကိုဆွဲ၍ ခြေသံမကြားအောင် ခြေ ထောက်ပြီး တရွေ့ရွေ့ လာခဲ့ကြပေရာ ဒုတိယ ခန်းမဆောင်သို့ ဝင်သည့် ရှိရာသို့ ရောက်ရှိလာပေသည်။

သီရိဖြတ်ကမွန်မှာ လျှို့ဝှက်စည်းဝေးခန်းမ၏ အနေအထားကို သေချာစွာ လေ့လာထားသဖြင့် မှောင်ကြီးမည်းမည်းထဲတွင် အခက်အခဲ နှံ့ရုံကိုစမ်း၍ လာနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

စည်းဝေးပွဲ ကျင်းပလျက်ရှိသည့် ဒုတိယ ခန်းမဆောင်သို့ ဝင် တံခါးရှိရာသို့ ရောက်ရှိလာသောအခါ သီရိဖြတ်ကမွန်သည် တံခါးရွ အသံမမြည်အောင် သတိနှင့် ဆွဲဖွင့်လိုက်ရာ အခန်းတွင်းမှ တီးတိုးဆွေးနွေး သည့် အသံများကို ကြားရပြီး မှေးမှိန်သော မီးရောင်ကိုလည်း မြင်ရပေ

နှင်းကေသရာသည် သီရိဖြတ်ကမွန်နှင့် ထက်ကြပ်မကွာ လို လာခဲ့ပြီး မှောင်ရိပ်ကိုကွယ်၍ စည်းဝေးခန်းမရှိရာ လှမ်းကြည့်လိုက်ရာ ကု တစ်ခုပေါ်တွင် မျက်နှာချင်းဆိုင် ဝိုင်းထိုင်ပြီး ခေါင်းချင်းရိုက်နေကြ လူတစ်စု၏ အရိပ်သဏ္ဍာန်များကို မှုန်ဝါးဝါး မီးရောင်အောက်တွင် ပေသည်။

နှင်းကေသရာမှာ အသက်ပင်မှန်မှန်မရှူနိုင်ဘဲ တစ်ယောက်တ တီးတိုးဆွေးနွေးနေကြသည့် အသံများကို နားစွင့်လျက်ရှိစဉ် ကြည်လင်ပြတ် သည့် အသံတစ်သံကို ကြားရသဖြင့် ကြက်သီးမွေးညင်းများပင် ထ၍ သွ သည်။

အသံရှင်မှာ နှင်းကေသရာအား ဖွဲ့နပဲကြီးစွာဖြင့် မေတ္တာဘွဲ့ ဆက်သကာ မရမနေ ပိုးပန်းခဲ့သော စစ်တောင်းမြို့စားကြီး၏သား သမိန် ကုမ္မာ၏ အသံ ဖြစ်နေသဖြင့် နှင်းကေသရာမှာ ခေါင်းနားပန်းကြီးသွာ ဖြစ်ပေသည်။

'သွေးသောက်ရဲဘော်တို့၊ ယနေ့ည စည်းဝေးပွဲဟာ ကျုပ်တို့ရဲ့ နော စည်းဝေးပွဲ ဖြစ်တယ်။ ယနေ့ည စည်းဝေးပွဲမှာ ကျုပ်တို့ရဲ့ အကြံအ ဘယ်လို အကောင်အထည် ဖော်ကြမလဲဆိုတာ အပြီးအပိုင် ဆုံးဖြတ် ချမှတ်ပြီး တာဝန်အသီးသီး ခွဲဝေယူကြရလိမ့်မယ်။ ကျုပ်တို့ဟာ သွေး သံယိုမှုကို အလိုမရှိပေမဲ့ ကျုပ်တို့ရဲ့ နိုင်ငံတော်ကို ဘုန်းကြီးလူထွက်ရဲ့ ဝကွက်ပြီး အပ်ရတော့မယ့် အခြေအနေကို ဆိုက်ရောက်နေတဲ့အတွက် ဘုန်း လူထွက်ရဲ့ လက်အောက်မှာ နေရခြင်းထက် သေရခြင်းက မြတ်သေ





တဲ့ အသိဉာဏ်နဲ့ ကျုပ်တို့ရဲ့ ဘဝလွတ်မြောက်ရေး အတွက်နဲ့ သံပြိုင် နှံ့စားစား လုပ်ကြရလိမ့်မယ်'

သမိန်တိဿကုမ္မာ၏ ကြည်လင်ပြတ်သားသည့် ကို သစ္စာဖောက်များက ငြိမ်သက်စွာ အာရုံစိုက်၍ နားထောင်နေကြသည်ကို ရပေသည်။ နှင်းကေသရာမှာမူ သမိန်တိဿကုမ္မာ၏ နှုတ်မှ လင့်သည့် စကားများကို ကြားရသောအခါ မခံမရပ်နိုင်ဖြစ် ဆတ်ဆတ်တုန်၍ နေပေသည်။ သို့ရာတွင် သီရိဖြတ်ကမွန် သည့်အတိုင်း စိတ်ကို ချုပ်တည်းနိုင်သမျှ ချုပ်တည်းပြီး ပါးစပ်ကို ၍ နားနှင့်မျက်စိကို အစွမ်းကုန်ဖွင့်၍ အာရုံစိုက်လျက် ရှိပေသည်။

'သွေးသောက်ရဲဘော်တို့၊ သွေးသောက်ရဲဘော်တို့ သိရှိပြီးဖြစ်သည့် တိုင်း ဘုန်းကြီးလူထွက်အား နန်းလျှာထားခဲ့ရုံသာမက မကြာမီ ထီးနန်းကို အပ်ဖို့ အစီအစဉ်ရှိနေတဲ့အတွက် ထီးနန်းကို လွှဲပြောင်းမပေးမီ ကျုပ်တို့ရဲ့ ကြံအစည် အောင်မြင်အောင် ကြိုးစားအားထုတ်သွားဖို့ အရေးကြီးပါတယ်။ ကျင်းပတဲ့ စည်းဝေးပွဲဟာ ရာဇဝင်တွင်ရစ်မည့် စည်းဝေးပွဲ ဖြစ်ပါတယ်။ ကျုပ်တို့ရဲ့ အကြံအစည် အောင်မြင်ရေးအတွက် အင်းဝရွှေမြို့တော်က ဆောင်ရွက် တဲ့ ကျုပ်တို့ရဲ့ သွေးသောက်ရဲဘော်ကြီး သူ့ရဲကောင်း မင်းနန္ဒာက သူ ယ်တိုင် တာဝန်ယူပြီး ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ် ပြပါလိမ့်မယ်။ အားလုံး စိတ်ပါလက်ပါ ကြားနာပြီး မိမိတို့အပေါ် ကျရောက် မည့် တာဝန်များကို တာဝန်သိသိ သစ္စာရှိရှိနဲ့ ထမ်းရွက်သွားကြဖို့ သတိပေး ပြောကြားလိုပါတယ်။ ကဲ သွေးသောက်ရဲဘော်ကြီးရဲ့ လုပ်ငန်းစဉ်ကို ပြရန် မေတ္တာရပ်ခံပါတယ်'

သမိန်တိဿကုမ္မာက ၎င်း၏မိန့်ခွန်းကို နိဂုံးချုပ်ပြီး သစ္စာဖောက် နန္ဒာ ဟန်ဆောင်ကာ အတွင်းမှ ပူးသတ်ရန် အကြံအစည်ဖြင့် စည်းဝေးပွဲ တက်ရောက်လာသော ဗိုလ်မင်းဖြတ်ဇအား ဘုရင်မကြီးအား လုပ်ကြံရန် အစဉ်များကို ရှင်းပြရန် မေတ္တာရပ်ခံလိုက်ရာ ဗိုလ်မင်းဖြတ်ဇသည် မိန့်ခွန်း ပြောရန် ချောင်းဟန့်လိုက်သည်။

'သွေးသောက်ရဲဘော်တို့၊ သွေးသောက်ရဲဘော်တို့ သိရှိပြီးဖြစ်သည့် အတိုင်း ရှင်စောပုဘုရင်မကြီးသည် ပြည်သူပြည်သားတို့၏ ဆန္ဒကို ဆန့်ကျင်၍ ဘာသီ မဟာသွေးကို ဘေးချိတ်ပြီး ဘုန်းကြီးလူထွက် ရှင်ဓမ္မစေတီ ဓမ္မစေတီ ဖြင့် နန်းလျှာထားခဲ့ရုံသာမက ဘုရင်မကြီး သက်တော်ထင်ရှား ရှိနေစဉ်မှာပင် နန်းကို လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိသဖြင့် ဤအတိုင်းသာ လက်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြည့်နေကြမည် ဆိုလျှင် ငါးပါးမှောက်ရတော့မည်ဖြစ်၍ ဤအ[...] အချိန်မီ ဟန့်တားထားနိုင်ရန်အတွက် ဘုန်းကြီးလူထွက်အား ထိန်းလွဲ[...] မပေးမီ ပြည်သူပြည်သားများ၏ ဆန္ဒကို ဆန့်ကျင်သော ရှင်စောပုဘုရင်[...] အား လုပ်ကြံသတ်ဖြတ်ဖို့ အလွန် အရေးကြီးပါတယ်'

ဗိုလ်မင်းဖြတ်ဇသည် သစ္စာဖောက် မင်းနန္ဒာအသွင်ဖြင့် ဘုရင်[...] အား လုပ်ကြံရန် အစီအစဉ်ကို ခက်ထက်မာကျောသည့် လေသံဖြင့် [...] ပျိုးလိုက်ရာ ကျန်သစ္စာဖောက် အားလုံးသည် စိတ်ဝင်စားစွာ နား[...] နေကြပေသည်။

နှင်းကေသရာမှာမူကား အသားများ ဆတ်ဆတ်တုန်အောင် [...] နိုင် ဖြစ်နေပေသည်။

'သွေးသောက်ရဲဘော်ကြီး မင်းနန္ဒာကို သတိပေးပါရစေ။ ဤ [...] ခန်းသို့ စုဝေးရောက်ရှိနေကြသော သစ္စာရှိ သွေးသောက်ရဲဘော်များမှာ [...] ပြလျှင် အကောင်ထင်သူများ ဖြစ်၍ သွေးသောက်ရဲဘော်ကြီး မင်းန[...] လုပ်ကြံရေး အစီအစဉ်ကို အသေးစိတ် ရှင်းပြရန် လိုမည် မထင်ပါ။ [...] အမြွက်လောက် ရှင်းလင်းတင်ပြလျှင် နားလည်သဘောပေါက်ကြပါလိမ့်[...] အရိပ်အမြွက်မျှ ရှင်းလင်းတင်ပြလျှင် တော်လောက်ပါပြီ'

သမိန်တိဿကမ္ဗာက ဘုရင်မကြီး၏ အမည်နာမကို ဖော်[...] တည့်တည့်လင်းလင်း တင်ပြသွားခြင်းကို ဘေးလူများ ကြားသွားမည် စိုး[...] အမူအရာဖြင့် ကြားဝင်ဟန့်တားလိုက်ရာ စည်းဝေးပွဲသို့ တက်ရောက်လာ[...] သည့် သစ္စာဖောက်အချို့မှာ မကျေနပ်သည့် အမူအရာဖြင့် လှုပ်လှုပ်ရှား[...] ဖြစ်လာပေသည်။

'ပြောစရာ ရှိတာကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ။ လုပ်ကြံရေး[...] အစဉ်ကို အသေးစိတ် သိထားဖို့ လိုပါတယ်။ သွေးသောက်ရဲဘော်ကြီး မင်း[...] ရဲ့ အစီအစဉ်ကို အသေးစိတ် ရှင်းလင်းတင်ပြပါ'

စည်းဝေးပွဲသို့ တက်ရောက်လာကြသည့် သစ္စာဖောက်တစ်[...] သမိန်တိဿကမ္ဗာ၏ အဆိုပြုချက်ကို ပယ်ချပြီး ဘုရင်မကြီးအား လုပ်ကြံ[...] အစီအစဉ်ကို အသေးစိတ် ရှင်းလင်းတင်ပြရန် တစ်သံတည်း တောင်းဆို[...] ကြသည်။ လူအများစုက တညီတညွတ်တည်း တောင်းဆိုခြင်း ဖြစ်၍ သမိ[...] တိဿကမ္ဗာမှာ အလျှော့ပေးလိုက်ရပေသည်။

'သစ္စာရှိ သွေးသောက်ရဲဘော်များ ခင်ဗျား၊ သွေးသောက်ရဲ[...]





[...]ရဲ့ တောင်းဆိုချက်အရ ဘုရင်မကြီးအား လုပ်ကြံသတ်ဖြတ်ရန် အစီအစဉ်ကို [...]သေးစိတ် ရှင်းလင်းတင်ပြပါမယ်'

မင်းနန္ဒာအသွင်ဖြင့် မိန့်ခွန်းပြောကြားနေသော ဗိုလ်မင်းဖြတ်ဇက [...]နှံ့ပျိုးလိုက်ရာ စည်းဝေးခန်းမဆောင် တစ်ခုလုံးမှာ ဗိုလ်မင်းဖြတ်ဇက [...]င်းလင်းတင်ပြမည့် အစီအစဉ်ကို စိတ်ဝင်စားစွာ နားစွင့်လျက် [...] အပ်ကျ [...]ပင် ကြားရလောက်အောင် တိတ်ဆိတ်လျက် ရှိပေသည်။

'သွေးသောက်ရဲဘော်တို့ သိရှိကြပြီး ဖြစ်သည့်အတိုင်း [...] [...]င်းဝမှ စေလွှတ်လိုက်ခြင်းမှာ သွေးသောက်ရဲဘော်တို့၏ တောင်းဆိုချက်အရ [...]င်စောပုဘုရင်မကြီးအား လုပ်ကြံသတ်ဖြတ်ရန် တာဝန်ပေးပြီး စေလွှတ်လိုက် [...]င်း ဖြစ်ပါတယ်။ သို့ရာတွင် ဝမ်းနည်းဖွယ်ရာကောင်းသော ဖြစ်ရပ်တစ်ခု[...] [...]ရင်မကြီးအား လုပ်ကြံသတ်ဖြတ်ရန် အကြံအစည်တွင် စိတ်တူသဘောတူ [...]တန်းမှ ပါဝင်ခဲ့သော မြို့စားလေး ဗညားအိမ် ကြောက်စိတ်ဝင်ပြီး နောက်ဆုတ် [...]ားခြင်းပင် ဖြစ်ပါတယ်။ ယခုလို ကြောက်စိတ်ကြောက်သွေး ဝင်ပြီး နောက်ဆုတ် [...]ားစေကာမူ မြို့စားလေးကိုယ်တိုင် သက်သေများ ရှေ့မှောက်တွင် သစ္စာဆို၍ [...]က်မှတ်ရေးထိုးခဲ့တဲ့ စာတမ်းမှာ ကျွန်ုပ်တို့ရဲ့ လက်ဝယ်၌ ရှိနေသဖြင့် မြို့စားလေး [...]ညားအိမ် သစ္စာဖောက်မည်ကို စိုးရိမ်စရာ မရှိပါ'

ဗိုလ်မင်းဖြတ်ဇသည် သစ္စာဖောက် မင်းနန္ဒာ အသွင်ဖြင့် သိရှိဖြတ် [...]မ္ဘန် ရေးခြစ်ပေးလိုက်သည့်အတိုင်း ဆက်လက်၍ ရှင်းလင်းမိန့်ကြားလိုက်ရာ သစ္စာဖောက်များမှာ တစ်ဦးကိုတစ်ဦး လက်ကုပ်ပြီး တီးတိုးဆွေးနွေး နေကြ [...]ည်ကို တွေ့ရပေသည်။

နှင်းကေသရာမှာမူ မောင်တော် ဗညားအိမ် လက်မှတ်ရေးထိုးခဲ့သည့် [...]တမ်းမှာ သမိန်စက္ကဝေါ၏ လက်တွင်း၌ ရှိနေသည်ကို သိသဖြင့် မောင်တော် [...]တွက် စိုးရိမ်မကင်းဖြစ်ကာ ရင်တဖိုဖို ဖြစ်နေပေသည်။

'မြို့စားလေး ဗညားအိမ်၏ အစ်မတော် နှင်းကေသရာမှာမူ [...] [...]င် ဖြစ်လင့်ကစား သတ္တိဗျတ္တိနှင့် ပြည့်စုံသော အာဇာနည်အမျိုးသမီး ဖြစ်၍ [...]၏ ယုံကြည်ချက်အတွက် အသက်နှင့်လဲပြီး အကူအညီပေးရန် အသင့်ရှိနေ [...]သည်ဟု သိရသဖြင့် ကျွန်ုပ်တို့ရဲ့ အကြံအစည် ဧကန်မုချ အောင်မြင်ရမယ်လို့ [...]ထစ်ချ ပြောနိုင်တဲ့ အခြေအနေကို ရောက်ရှိနေပါပြီ'

ဗိုလ်မင်းဖြတ်ဇသည် သိရှိဖြတ်ကမ္ဘန် သွန်သင်ပေးလိုက်သည့် အချက်အလက်များကို ဖြည့်စွက်၍ ရှင်းလင်းတင်ပြလိုက်ပြန်ရာ သစ္စာဖောက်များမှာ [...]ပ်လှုပ်ရှားရှား ဖြစ်လာကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘုရင်မကြီးကို လုပ်ကြံဖို့ အစီအစဉ်ကို အမြန်ဆုံး ရှင်းလင်း ကြပါ'

စည်းဝေးပွဲသို့ တက်ရောက်လာသည့် သစ္စာဖောက်များ၏ ဆိုချက်ကို ကြားရပြန်သည်။

'သွေးသောက်ရဲဘော်တို့ သိရှိပြီး ဖြစ်တဲ့အတိုင်း တစ်ရက် န အတွင်း ဆောင်းတူးမြို့ကို ရှင်စောပုဘုရင်မကြီး တိုင်းခန်းလှည့်လည် လာတဲ့အခါ ယခု ကျွန်ုပ်တို့ စည်းဝေးတိုင်ပင်နေကြတဲ့ မြို့စားလေး ဗညား စံအိမ်တော်ကို ယာယီတဲနန်းတော်အဖြစ် သတ်မှတ်ကာ တည်းခိုစံနေ ပါလိမ့်မယ်။ အဲဒီလို တည်းခိုစံနေတော်မူချိန်မှာ ကျွန်ုပ်တို့ရဲ့ သွေး ရဲဘော် တစ်ဦးဖြစ်တဲ့ မြို့စားလေးဗညားအိမ်ရဲ့ အစ်မတော် နှင်းကေသ ဘုရင်မကြီးအား ခြေဆုပ်လက်နယ်ပြုစုပြီး ဘုရင်မကြီးကို အယုံသွင်း မယ်။ နှင်းကေသရာ အပေါ်မှာ ဘုရင်မကြီး စိတ်ချယုံကြည်တော်မူလာတဲ့ နှင်းကေသရာက ဘုရင်မကြီးကို ဥယျာဉ်တော်အတွင်းရှိ ရေကန်တော်ရှိ ဖြားယောင်းသွေးဆောင်ပြီး ခေါ်ဆောင်လာပါလိမ့်မယ်။ အဲဒီအချိန်မှာ မင်းနန္ဒာနဲ့ လေးအတတ်တွင် တစ်ဖက်ကမ်းပေါ်အောင် ကျွမ်းကျင်လိ ကျွန်ုပ်ရဲ့လူယုံတော် လေးသည်တော်တစ်ဦးက အင်ကြင်းပင်ကြီးပေါ်က နေပြီး အခွင့်သာတာနဲ့ တစ်ပြိုင်နက် ဘုရင်မကြီးအား အဆိပ်လူးမြား ချောင်းမြောင်းပစ်သတ်ဖို့ အစီအစဉ် ပြုလုပ်ထားပြီး ဖြစ်ပါတယ်'

ဗိုလ်မင်းဖြတ်ဖေသည် သီရိဖြတ်ကမွန် မှာကြားလိုက်သည့်အ ဘုရင်မကြီးအား လုပ်ကြံရန် အစီအစဉ်ကို ရဲရဲတောက် ဖွင့်ဆိုလို သစ္စာဖောက်များက ပြိုင်တူ ဩဘာပေးလိုက်ကြပေသည်။

'အရေးတော်ပုံ အောင်ပြီ၊ အရေးတော်ပုံ အောင်ပြီ'

သစ္စာဖောက်များ၏ ဩဘာသံများ ထွက်ပေါ်လာပေသည်။

နှင်းကေသရာမှာမူ ဗိုလ်မင်းဖြတ်ဖေ၏ ရှင်းလင်းတင်ပြချက် အသေးစိတ် ကြားနာရသောအခါ ဆောက်တည်ရာ မရအောင် တုန် ချောက်ချားသွားပေသည်။ မူးမေ့မသွားစေရန် သတိနှင့်စိတ်ကို တင်းထား ကြားမှပင် မိုက်ခနဲ ဖြစ်သွားပြီး မိမိ၏ ခြေနှင့်လက်ကိုပင် မသယ်နိုင် ခပ္ပုာ့ခွေကျသွားပေသည်။

'စစ်သည်တော်ကြီး စစ်သည်တော်ကြီး၊ သွားကြပါစို့။ ရှေ့ဆက် မကြားချင်တော့ဘူး။ နှင်းကေသရာရဲ့ ခြေတွေလက်တွေ မသယ်နိုင်တော့ စစ်သည်တော်ကြီး တွဲခေါ်ပါ'





နှင်းကေသရာသည် သီရိဖြတ်ကမွန်၏ လက်မောင်းကို တင်းကျပ်စွာ တိုင်ထားရင်း လေသံကလေးဖြင့် တောင်းတောင်းပန်ပန် ပြောလိုက်သည်။

'နှင်းကေသရာရဲ့ နားနဲ့ဆတ်ဆတ် ကြားရပြီ မဟုတ်လား ဖြတ်ကမွန် ပြောတာကို ယုံပြီ မဟုတ်လား'

'ဘုရား ဘုရား၊ အကြံပက်စက် ဆန်ကောလောက်ဗွ ား။ နှင်းကေသရာကို ကြံရာပါအဖြစ် ထည့်သွင်းထားတာ လာပါ၊ သွားကြစို့။ ခြေတွေလက်တွေတောင် မသယ်နိုင်တော့ဘူး'

နှင်းကေသရာသည် သီရိဖြတ်ကမွန်ကို အားပြုပြီး တစ်ဦးကိုတစ်ဦး တွဲ၍ လျှို့ဝှက်စည်းဝေးခန်းထဲမှ လာလမ်းအတိုင်း ပြန်လာခဲ့သည်။ ခန်းမသို့ ရောက်သောအခါ နှင်းကေသရာသည် ညောင်စောင်းပေါ်တွင် ပါမှီအုံးများကို အားပြု၍ ထိုင်ချလိုက်သည်။

'သွေးဆာနေတဲ့ သစ္စာဖောက်တွေ။ သူတို့အထဲကို နှင်းကေသရာကို ည့်လိုက်သေးတယ်။ ရက်စက်ယုတ်မာလှချည်လား။ ပြီးတော့ တခြား တွေလည်း မဟုတ်ဘူး။ သွေးရင်းသားရင်းလို ခင်မင်ရင်းနှီးပြီး စိတ်ချ ကြည်စွာဖြင့် စံအိမ်တော် ဝင်ခွင့်ထွက်ခွင့် ပေးထားတဲ့လူတွေ ကိုယ်တိုင်က မစောင့်ကြတော့ဘူး'

နှင်းကေသရာသည် ကြိတ်မနိုင် ခဲမရ ဖြစ်ကာ စိတ်ထဲရှိသမျှ ပါးစပ်မှ တ်လိုက်သည်။ ပြီးမှတစ်ဖန် သီရိဖြတ်ကမွန်ကို အားနာသည့် အမူအရာ ကြည့်လိုက်သည်။

'စစ်သည်တော်ကြီး၊ သစ္စာဖောက်တွေရဲ့ ရက်စက်ယုတ်မာလှတဲ့ အစည်ကို ပျက်ပြားသွားအောင် ဘယ်လို ကြံမလဲ၊ နှင်းကေသရာကို ပေးစမ်းပါဦး။ ဘုရင်မကြီးရဲ့ အသက်အန္တရာယ်ကို ဘယ်လို ကာကွယ်ကြ ဘုရင်မကြီးအတွက် ဆိုရင် နှင်းကေသရာ အသက်နဲ့ လဲဝံ့ပါတယ်။ ကေသရာက ဘာလုပ်ရမလဲ။ စစ်သည်တော်ကြီး အကြံပေးစမ်းပါ။ နှင်း သရာ ဘာမဆို လုပ်ရဲပါတယ်'

နှင်းကေသရာသည် ဘုရင်မကြီးအတွက် စိုးရိမ်ကောင်းသည့် အမူ ဖြင့် မိမိ၏စိတ်ကို တင်းပြီး သီရိဖြတ်ကမွန်ထံမှ အကြံတောင်းလိုက်သည်။

'စိုးရိမ်တော် မမူပါနဲ့။ သစ္စာဖောက်တွေရဲ့ အကြံအစည် မအောင်မြင် ပါဘူး။ အိမ်စောင့်ခွေးကြီးနဲ့တူတဲ့ မိုက်သား သီရိဖြတ်ကမွန် တစ်ယောက်လုံး က်နဲ့ ခန္ဓာကိုယ် အိုးစား မကွဲသေးသမျှ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် ရှင်းရေးအတွက် တာဝန်ယူပါတယ်။ သစ္စာဖောက်တွေရဲ့ အကြံအစည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင် သိရှိထားပြီး ဖြစ်တဲ့အတွက် သူတို့ရဲ့ အကြံအစည် ပျက်ပြား… အောင် အလွယ်တကူ ဖြိုခွင်းနိုင်ပါလိမ့်မယ်။ ဒီအတွက် စိုးရိမ်တော်မူ…

'မစိုးရိမ်ပါနဲ့ဆိုပေမယ့် စိုးရိမ်တာပဲ။ ဘုရင်မကြီးဟာ နှင်းကေ… တို့ မောင်နှမအပေါ်မှာ မိခင်ရင်းလို သဘောထားပြီး ကြင်နာယုယ… တယ်။ ဘုရင်မကြီးအတွက် ဆိုရင် နှင်းကေသရာ အသက်နဲ့လဲဖို့ အသင့်ရှိ… ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည်မှာ နှင်းကေသရာတို့ မောင်နှမကို ကြား… အဖြစ် ဆွဲသွင်းထားတာကို နှင်းကေသရာ အနာကြည်းဆုံးပဲ။ ပြီးတော့ … မင်းနန္ဒာ ရှင်းပြတဲ့ စကားအရဆို ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည်… ပတ်သက်ပြီး မောင်တော်ဗညားအိမ်ရဲ့ လက်မှတ်ရေးထိုးထားတဲ့ စာတမ်း… စောင် သူတို့ဆီမှာ ရှိနေသေးတယ်ဆိုတဲ့ စကားတစ်ခွန်း ပါလာတယ်။ … စာတမ်းဟာ သမိန်စက္ကဝေါ သိမ်းဆည်းထားတဲ့ စာတမ်းပဲ ဖြစ်မယ်။ အဲဒီစာ… သာ ဘုရင်မကြီး ရွှေလက်တော်ကို ရောက်သွားရင် မောင်တော် ဗညား… အရှင်လတ်လတ် ရင်ခွဲပြီး အသတ်ခံရမှာ။ အသတ်ခံရမှာထက် သစ္စာဖောက်… အဖြစ် ကြေညာခံရမှာ အသည်းနာလှတယ်။ မောင်တော် မင်းပြစ် မင်း… မသင့်အောင် ဘယ်လို ကြံကြမလဲ'

'ဒီအတွက်လည်း စိုးရိမ်တော်မမူပါနဲ့။ ဘုရင်မကြီးရဲ့ အ… အန္တရာယ် လုံခြုံစိတ်ချရတာနဲ့ သမိန်စက္ကဝေါ သိမ်းဆည်းထားတဲ့ စာတမ်း… ပြန်ရအောင် ယူပေးဖို့ တာဝန်ယူပါတယ်'

'သစ္စာဖောက်တွေ အကြံဦးသွားမှာ စိုးရိမ်တယ်။ သူတို့ လက်ဦး… ဘုရင်မကြီးဆီကို နှင်းကေသရာကိုယ်တိုင် သွားရောက်ပြီး အကျိုးအကြောင်း… စုံလင်စွာ သံတော်ဦးတင်ချင်တယ်။ မောင်တော်ဗညားအိမ် လက်မှတ်ရေး… ခဲ့တဲ့ စာတမ်းနဲ့ ပတ်သက်ပြီး မောင်တော်အပေါ်မှာ လုံးဝ အပြစ်မရှိ… ရှင်းလင်းလျှောက်တင်ချင်တယ်။ ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည် … တာကိုပါ နှင်းကေသရာ သိသင့်သလောက် အသေးစိတ်လျှောက်ထား သံတော်… တင်ပြီး ဆောင်းတူးမြို့ကို ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူဖို့ အစီ… ကိုပါ ဖျက်သိမ်းဖို့ ခြေတော်စုံကို ဖက်ပြီး လျှောက်တင်ချင်တယ်။ စစ်သည်… ကြီး ဘယ်လို သဘောရသလဲ'

နှင်းကေသရာက မိမိ၏ အကြံအစည်ကို ဖွင့်ဟလိုက်ပြီး သီရိ… ကမွန်၏ သဘောကို မေးလိုက်သည်။

'ဒီအကြံအစည်ဟာ အကောင်းသားပဲ'

သီရိဖြတ်ကမွန်က အဖြေပေးလိုက်သည်။





'ဒီလိုဆိုရင် ညတွင်းချင်း ဘုရင်မကြီးဆီကို သွားပြီး သံတော်ဦး …ရင် မကောင်းဘူးလား။ လာ .... သွားကြမယ်။ စစ်သည်တော်ကြီး လိုက်ခဲ့'

နှင်းကေသရာမှာ စိတ်အားတက်ကြွလာပုံ ရသည်။

'ကျုပ်လိုက်လို့ မဖြစ်သေးဘူး။ ဒီနေ့ညအဖို့ သစ္စာဖောက်တွေရဲ့ …အစည် လုံးဝ ပျက်စီးသွားပြီး သစ္စာဖောက်တွေကို ရှင်းလင်းသုတ်သင် …့ အစီအစဉ်တွေ လုပ်ထားတာ ရှိသေးတယ်'

'ဒီလိုဆိုရင် နှင်းကေသရာ တစ်ယောက်တည်း သွားမယ်'

'ညတွင်းချင်း တစ်ယောက်တည်း သွားလို့ ဖြစ်ပါ့မလား။ အန္တရာယ် …လှတယ်'

သီရိဖြတ်ကမွန်က ဟန့်တားလိုက်သည်။

'ဘယ်လို အန္တရာယ်မျိုးကိုမှ နှင်းကေသရာ မကြောက်ဘူး။ ဘုရင်မ …အတွက် ဆိုရင် နှင်းကေသရာရဲ့ အသက်နဲ့လဲပြီး ကာကွယ်ဖို့ စိတ်ပိုင်း …ထားပြီးပြီ'

'ဘုရင်မကြီးအပေါ်မှာ အသက်နဲ့လဲပြီး သစ္စာစောင့်သိ ရှိသေးတာကို …မြင်ကိုယ်တွေ့ သိမြင်ရတဲ့အတွက် ဝမ်းသာလို့ မဆုံးပါဘူး။ ဒါပေမဲ့ …သားတစ်ယောက်တည်း ညတွင်းချင်း သွားလို့ မတော်ပါဘူး'

'နှင်းကေသရာ စိတ်ပိုင်းဖြတ်ထားပြီးပြီ။ ဘယ်လို အန္တရာယ်မျိုးကိုမှ …ကြောက်ဘူး။ ညတွင်းချင်းပဲ ခရီးထွက်မယ်'

နှင်းကေသရာသည် ပြောပြောဆိုဆို ဆံပင်ကို ခပ်တင်းတင်းထုံးလိုက် …ဆိုင်ရာမှ ဆတ်ခနဲ ထ လိုက်သည်။

'နှင်းကေသရာ တစ်ယောက်တည်း သွားမှာကိုတော့ ခွင့်မပြုဘူး။ …န္တရာယ်များတယ်'

သီရိဖြတ်ကမွန်က ဟန့်တားလိုက်ပြန်သည်။

'အန္တရာယ်များချင် များပေစေ။ မသွားလို့ မဖြစ်ဘူး။ ဘုရင်မကြီးဆီ … အမြန်ဆုံးရောက်အောင် သွားပြီး သစ္စာဖောက်တွေရဲ့ အကြံအစည်ကို …ရင်မကြီး ရွှေနားတော်ကြား လျှောက်တင်ရမှ စိတ်အေးနိုင်မယ်။ ဘုရင်မကြီး …ရက်ရက်စက်စက် လုပ်ကြံဖို့ ကြံစည်ရုံတင်မကဘူး၊ နှင်းကေသရာ ဘာမှ …ရာဘဲ သစ္စာဖောက်တွေရဲ့ တည်ကြက်အဖြစ် အသုံးပြုခံရတာကို အသည်း …တယ်။ နှင်းကေသရာ အပေါ်မှာ ဘုရင်မကြီး အထင်တော်လွဲ မခံနိုင်ဘူး။ …တော့ မောင်တော်ရဲ့ ကိစ္စကလည်း ရှိသေးတယ်။ မောင်တော်ရဲ့ ကိစ္စနဲ့ …သက်ပြီး စစ်သည်တော်ကြီး သိသမျှ နှင်းကေသရာကို ရှင်းပြစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီးကို လုပ်ကြံဖို့ အစီအစဉ်မှာ မောင်တော် ပါဝင်နေသလား။ သ
ငက္ကဝေါဆီမှာ သိမ်းဆည်းထားတဲ့ မောင်တော်ရဲ့ လက်မှတ်နဲ့ စာတမ်းဟာ အ
စာတမ်းလဲ။ စောစောက သစ္စာဖောက်တွေရဲ့ ဆွေးနွေးပွဲမှာ မင်းနန္ဒ
သစ္စာဖောက် ပြောသွားချက်အရဆိုရင် ဘုရင်မကြီးကို လုပ်ကြံဖို့ ကိစ္စမှာ
ပထမက မောင်တော်ဗညားအိမ် ပါဝင်ခဲ့ပြီး သဘောတူ လက်မှတ်ရေး
ခဲ့တယ်လို့ သိရတယ်။ ဒီစကား အမှန်ပဲလား'

နှင်းကေသရာက မိမိသိလိုသည့် အချက်အလက်များကို မေး
ပြန်သည်။

'မြို့စားလေး လက်မှတ်ရေးထိုးခဲ့တဲ့ စာတမ်းတစ်စောင်တော့ သ
စက္ကဝေါရဲ့ လက်ထဲမှာ ရှိနေတာ အမှန်ပဲ။ ဒါပေမဲ့ ဘုရင်မကြီးကို လုပ်
အစီအစဉ်နဲ့ ပတ်သက်ပြီး မြို့စားလေးဗညားအိမ်ဟာ ဘာမှ မသိပါဘူး။
ကေသရာကို သမိန်စက္ကဝေါ အပိုင်စီးဖို့ ကြိုးစားခဲ့တာ မအောင်မြင်ဘဲ နှင်း
သရာ ခွေးပြောဝက်ပြော ပြောလွှတ်လိုက်တာကို ရန်ငြိုးဖွဲ့ပြီး မြို့စား
ဗညားအိမ်ကို ဖြားယောင်းသွေးဆောင်ပြီး အရက်သေစာနဲ့ ဖျက်ဆီးခဲ့တ
လူမှန်းသူမှန်း မသိအောင် အရက်မူးနေချိန်မှာ သမိန်စက္ကဝေါက မြို့စား
ဗညားအိမ်ကို စာတမ်းတစ်စောင်မှာ လက်မှတ်ရေးထိုးခိုင်းတယ်။ မြို့စား
ဗညားအိမ်က သမိန်စက္ကဝေါကို ယုံကြည်ပြီး လက်မှတ်ရေးထိုးခဲ့တယ်။ အ
စာတမ်းကို သမိန်စက္ကဝေါ သိမ်းဆည်းထားပြီး မြို့စားလေးကို ခြိမ်းခြေ
ခဲ့တယ်။ သူ့အလိုကို မလိုက်ရင် မြို့စားလေး လက်မှတ်ရေးထိုးတဲ့ စာတ
ဘုရင်မကြီးရဲ့ ရွှေလက်တော်ကို ဆက်သပြီး မြို့စားလေးကို သစ္စာဖောက်
မင်းပြစ်မင်းဒဏ် သင့်စေမယ်လို့ ခြိမ်းခြောက်ခဲ့တယ်။ စောစောက မင်း
ပြောသွားတဲ့ စာတမ်းဟာ အဲဒီစာတမ်းပဲ'

သီရိဇြတ်ကမ္ဘန်က ရှင်းပြလိုက်ရာ နှင်းကေသရာမှာ သမိန်စက္က
၏ ယုတ်မာပက်စက်သည့် အကြံအစည်ကို အကွင်းအကွင်း မုန့်တီဟင်
စင်းစင်းကြီး သိမြင်လာသဖြင့် ဒေါသထွက်သည်ထက် ထွက်လာကာ အံကြိ
ခြေဆောင့်လိုက်သည်။

'ဒီလိုဆိုရင် မဖြစ်ဘူး၊ ညတွင်းချင်း ဘုရင်မကြီးဆီကို သွား
မောင်တော်ဗညားအိမ် အပေါ်မှာ အပြစ်မရှိကြောင်း ကြိုတင်ပြီး လျှောက်
ဘားမှ ဖြစ်မယ်။ သမိန်စက္ကဝေါ လက်ဦးသွားရင် မောင်တော်အပေါ်မှာ ဘု
ကြီး အထင်တော်လွဲပြီး ရာဇဓာန် ရှ လိမ့်မယ်။ ပြီးတော့ သစ္စာဖောက်
အကြံအစည်တွေကိုပါ ဘုရင်မကြီး ရွှေနားတော်ကြား လျှောက်တင်ပြီး ဆောင်







ကို တိုင်းခန်းလှည့်လည်ဖို့ အစီအစဉ် ဖျက်သိမ်းအောင် လျှောက်ထား
တော်ဦးတင်မှ ဖြစ်မယ်'

နှင်းကေသရာက စိတ်နလုံး တုံးတုံးချလေသဖြင့် ပြောလိုက်သည်၊

'ဘုရင်မကြီးအတွက် စိုးရိမ်စရာ မရှိပါဘူး။ သစ္စာဖောက်တွေရဲ့
ကြံအစည် ပျက်ပြားသွားအောင် ဒီနေ့ည အကြွင်းမဲ့ ရှင်းလင်းသုတ်သင်
ဆင်အစဉ် ရှိပါတယ်။ သစ္စာဖောက်တွေကို ညွှတ်ကွင်းထောင်ပြီး ဖမ်းဆီးထား
အားလုံးညွှတ်ကွင်းထဲ ဝင်တိုးမိနေပါပြီ။ ပြီးတော့ မြို့စားလေးဗညားအိမ်
လက်မှတ်ရေးထိုးခဲ့တဲ့ စာတမ်းကိုလည်း ဘုရင်မကြီးရဲ့ ရွှေလက်တော်ကို
ဆက်သခွင့်မရအောင် အစီအစဉ်အားလုံး ပြုလုပ်ထားပြီးပါပြီ။ သမိန်စက္ကဝေါရဲ့
လက်တွင်းက ပြန်ရအောင် ယူပေးဖို့လည်း ကျုပ်ပဲ တာဝန်ယူပါတယ်'

သီရိဇြတ်ကမ္ဘန်က နှင်းကေသရာအား စိတ်မချသည့် အမူအရာဖြင့်
ပြောလိုက်သည်။

'ဘာပဲဖြစ်ဖြစ် နှင်းကေသရာ စိတ်ပိုင်းဖြတ်ထားပြီးပြီ။ ဘုရင်မကြီး
ဆီကို ညတွင်းချင်း သွားပြီး နှင်းကေသရာ သိသမျှ ခြေတော်စုံ ဖက်ပြီး
လျှောက်တင်ရမှ ကျေနပ်မယ်။ ဘယ်လို အန္တရာယ်မျိုးကိုမှ နှင်းကေသရာ
ကြောက်ဘူး'

နှင်းကေသရာက သန္နိဋ္ဌာန် ချထားသည့်အမူအရာဖြင့် ပြောလိုက်
သည်။

'တားလို့မရဘူး ဆိုရင်တော့ မြို့စားလေးရဲ့ လှယုံတော် မြင်းစီး
ကျော်ဒေဝကို နှိုးပြီး လမ်းခရီးမှာ နှင်းကေသရာကို စောင့်ရှောက်သွားဖို့ တာဝန်
ပေးလိုက်မယ်။ ခရီးထွက်ဖို့သာ ဝတ်လဲတော်မူပါလေပြီး အသင့်ပြင်ဆင်ထားပါ။
ပြီးတော့ ဘုရင်မကြီးကို လွယ်လွယ်ကူကူ ဖူးမြော်ခွင့်ရအောင် ကျုပ်လမ်းညွှန်
ပေးလိုက်မယ်။ ဘုရင်မကြီး ရွှေနန်းတော်မှာ မရှိဘူး၊ ဥယျာဉ်ဆောင်ကို ဝင်နေတယ်။
ဥယျာဉ်ဆောင်မှာလည်း အစောင့်တွေ အထပ်ထပ် ချထားတဲ့အတွက် အလွယ်တကူ
ဝင်လို့ရမှာ မဟုတ်ဘူး'

သီရိဇြတ်ကမ္ဘန်က ပြန်ပြောလိုက်ပြီး နှင်းကေသရာအား ဝတ်လဲတော်
မူ လဲရန် အိပ်ခန်းဆောင်သို့ ပြန်ပို့ခဲ့ပြီး မြင်းဆောင်းမှူး ရှိရာသို့ လာခဲ့လေသည်။
မြင်းဆောင်းသို့ ရောက်သောအခါ မြို့စားလေး၏ လှယုံတော် မြင်းစီးကျော်ဒေဝ
ကို နှိုးပြီး နှင်းကေသရာအား ရွှေမြို့တော်သို့အရောက် စောင့်ရှောက်သွားရန်
တာဝန်ပေးအပ်လိုက်ရာ၊ မြင်းစီးကျော်ဒေဝသည် ချက်ချင်းပင် ဝတ်စားတန်ဆာ
များ လဲလှယ်ပြီး ခရီးထွက်ရန် အသင့် ပြင်ဆင်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်နဲ့အတူ ကျွန်တော်ရဲ့ညီဝမ်းကွဲ ဗောဒလကို ခေါ်သွား ကောင်းဘူးလား။ ဗောဒလက ဗလလည်း ကောင်းတယ်၊ သတ္တိလည်း ကောင်းတယ်၊ သစ္စာလည်း ရှိတယ်'

'ကောင်းသားပဲ၊ နှစ်ယောက်ဆိုတော့ ပိုပြီး စိတ်ချရတာပေါ့'

'နှင်းကေသရာကိုတော့ မင်းတို့ အသက်နဲ့လဲပြီး စောင့်ရှောက် လိမ့်မယ်။ ဒါကို မင်းတို့ တာဝန်ယူနိုင်မလား'

'စိတ်ချပါ၊ ကျွန်တော်တို့နှစ်ယောက် ဒီတာဝန်ကို ယူပါတယ်။ သေစရာ ရှိရင် ကျွန်တော်တို့ ရှေ့က အသေခံပါမယ်'

'မင်းတို့မှာ လက်နက်ပါရဲ့လား။ ဓား၊ လှံလောက်နဲ့ မလုံလောက် သေးဘူး။ လေးနဲ့မြားပါ ယူသွားရင်ကောင်းမယ်'

'ကောင်းပါပြီ၊ လေးနဲ့မြားပါ ယူဆောင်သွားပါမယ်'

'နှင်းကေသရာအတွက် စိတ်ချပါရစေ'

'စိတ်ချတော်မူပါ။ အသက်နဲ့ လဲပြီး ကာကွယ်စောင့်ရှောက် သွား မယ်'

'ကဲ ဒါဖြင့် နှင်းကေသရာအတွက် လှည်းယဉ် မြန်မြန်ပြင်နိုင်း

သီရိဗြတ်ကမ္ဗန်က အမိန့်ပေးလိုက်ရာ မြင်းစေကျော် ဒေဝ ၄င်း၏ ညီဝမ်းကွဲ ဗောဒလကို နှိုး၍ တာဝန်ပေးလိုက်သည်။

မကြာမီ နှင်းကေသရာသည် ကျစ်ကျစ်လျစ်လျစ် ဝတ်စားပြီး တော်ကိုရုံ၍ စံအိမ်တော်မှ ဆင်းလာသည်ကို မြင်ရပေသည်။

'မသွားရင် မဖြစ်လို့သာ သွားရမှာ။ ညဥ့်နက်သန်းခေါင် ခရီး ရမှာ ဆိုတော့ အသည်းတထိတ်ထိတ်ပဲ'

နှင်းကေသရာက သီရိဗြတ်ကမ္ဗန်၏ အနီးသို့ ချဉ်းကပ်လာ လေသံကလေးဖြင့် ပြောလိုက်သည်။

'ညဥ့်နက်သန်းခေါင်ပေမယ့် လရောင်ကို မြင်နေရပါပြီ။ ပြီး နှင်းကေသရာကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်သွားမယ့် မြင်း ကျော် ဒေဝနဲ့ ဗောဒလတို့လည်း ပါသားပဲ'

သီရိဗြတ်ကမ္ဗန်က အားပေးစကား ပြောကြားလိုက်သည်။

'ကဲ ဒေဝ၊ မင်းတို့ရဲ့ သခင်မကို မင်းတို့ရဲ့ အသက်နဲ့ လဲပြီး ကာကွယ် စောင့်ရှောက်သွားပေတော့'

'စိတ်ချတော်မူပါ'

'ကဲ နှင်းကေသရာ၊ လှည်းယဉ်ပေါ်ကို တက်'





သီရိဗြတ်ကမ္ဗန်သည် နှင်းကေသရာအား ဖေ့ာ်...သို့ လိုက် ပြီး လှည်းယဉ်ပေါ်သို့ ကိုယ်တိုင် တင်ပေးလိုက်သည်။

'နှင်းကေသရာ ကြောက်သလား'

သီရိဗြတ်ကမ္ဗန်က မေးလိုက်သည်။

'နည်းနည်းတော့ ကြောက်တယ်။ ဒါပေမဲ့ ဒေဝတို့ အပါအဝင် ဆိုပြီး ...ကို တင်ထားရတာပဲ။ ဒါထက် ဘုရင်မကြီးကို လွယ်လွယ်နဲ့ ...အောင် လမ်းညွှန်လိုက်မယ် ဆို'

နှင်းကေသရာက သတိပေးလိုက်သည်။

'ဟုတ်ပေသားပဲ၊ ရွှေမြို့တော်ကိုရောက်ရင် မြောက်ဘက်တံခါး ...ပါ။ တံခါးမှူး ဗောဂလာကို မေးပြီး ကျုပ်ရဲ့နာမည်ကို ပြောပါ။ တံခါးမှူး ...တံခါးကို ဖွင့်ပေးပါလိမ့်မယ်။ မြို့ထဲကို ရောက်တဲ့အခါ ဥပုသ်ဆောင်ကိုသွားပြီး ...ယ်ရုံတော်တပ်မှူးမင်း ယိုဒါကို မေးပါ။ ပြီးတော့ ကျုပ်ရဲ့နာမည်ကို ပြောပြီး ...ပ်စေလွှတ်လိုက်လို့ လာရကြောင်း ပြောပါ'

သီရိဗြတ်ကမ္ဗန်က ညွှန်ကြားနေပေသည်။

'စစ်သည်တော်ကြီးကော နှင်းကေသရာနဲ့ လိုက်မလာတော့ဘူးလား'

နှင်းကေသရာက အားကိုးသည့် အမူအရာဖြင့် မေးလိုက်သည်။

'လိုက်လို့ ဖြစ်ရင်တော့ သိပ်လိုက်ချင်တာပေါ့။ ဒါပေမဲ့ လိုက်လို့ ...ဖြစ်သေးဘူး။ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် လုံခြုံရေးအတွက် သစ္စာဖောက် ...ကို အပြီးအပိုင် ရှင်းလင်းသုတ်သင်ဖို့ တာဝန်ရှိသေးတယ်'

သီရိဗြတ်ကမ္ဗန်က ပြန်ပြောလိုက်ရာ နှင်းကေသရာသည် လှည်းယဉ် ...မှ နေပြီး သီရိဗြတ်ကမ္ဗန် လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ...သီရိဗြတ်ကမ္ဗန်၏ ယောကျာ်းပီသသည့် မျက်နှာကို ကြည်လင်သောမျက်ဝန်း ...ည့် မျက်လုံးများဖြင့် ကြည့်လိုက်သည်။

'စစ်သည်တော်ကြီး၊ စစ်သည်တော်ကြီး အပေါ်မှာ နှင်းကေသရာ ...ထင်လွဲပြီး စိတ်လိုက်မာန်ပါ ပြောခဲ့ဆိုခဲ့မိတာကို ခွင့်လွှတ်ပါ၊ နှင်းကေသရာရဲ့ ...ည်မျိုမှာ စစ်သည်တော်ကြီးရဲ့ လက်ချောင်းရာတွေ အညိုအမည်းစွဲပြီး ...န်ရစ်တာကို မြင်တယ် မဟုတ်လား။ ဒါဟာ ကျေးဇူးရှင်ကို ပြစ်မှားမိ ကြီးလေး ...တဲ့အတွက် လက်ငင်းအပြစ်ဒဏ် ခံရတာလို့ နှင်းကေသရာရဲ့ စိတ်ထဲမှာ ခံစား ...ရတယ်။ နှင်းကေသရာကို ဒါလောက်ကလေး အပြစ်ဒဏ်ပေးတာ နည်းသေး ...တယ်၊ နှင်းကေသရာလောက် မိုက်မဲတဲ့မိန်းကလေး ရှိသေးဘူး။ မြို့စားကြီးရဲ့ ...ဒိုင်းဦးပဲဆိုပြီး မာန်မာနတရားတွေ ဖုံးလွှမ်းနေတဲ့အတွက် အမှားနဲ့အမှန်



www.burmeseclassic.com

www.burmeseclassic.com



ခခွဲခြားနိုင်ဘဲ ရန်သူကို မိတ်ဆွေထင်ပြီး ကျေးဇူးရှင်ကို ကျေးဇွပ်ခဲ့မိတဲ့ အ
ဒဏ်ကို ခံရတာပါ။ နှင်းကေသရာ အမြင်မှန် ရပါပြီ'

နှင်းကေသရာသည် သီရိဗြတ်ကမ္ဗန် အပေါ်တွင် အထင်လွဲမှာ
သည်ကို ယူကျုံးမရဖြစ်သည့် အမူအရာဖြင့် မချိတင်ကဲ ပြောလိုက်
တစ်ဖက်သို့ လှည့်၍ မျက်ရည်စကို ခြုံလွှာနှင့် သုတ်လိုက်သည်ကို မြ
ပေသည်။

သီရိဗြတ်ကမ္ဗန်သည် နှင်းကေသရာ၏လှည်းယဉ်ကို မြင်းစေ
ဒေဝနှင့် ဇောဒလတို့ ဝဲယာခြံရံပြီး ရွှေမြို့တော်ဆီသို့ ဦးတည် ထွက်
သွားသည်ကို မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့ရာမှ သက်ပြင်းရှည်
မှုတ်ထုတ်လိုက်ပေသည်။

## အခန်း ၃၅

'သီရိဗြတ်ကမ္ဗန်၊ မင်းဘာကောင်လဲဆိုတာ မင်းကိုယ်မင်း ဆန်းစစ်ကြည့်
ဆင်ခြင်သုံးသပ်ကြည့်စမ်း။ မင်း ဆောင်းတူးမြို့ကို ရောက်လာတာဟာ
ကေသရာရဲ့ အချစ်ပန်းကို ဆွတ်ခူးဖို့ မဟုတ်ဘူး။ ဘုရင်မကြီးကို လုပ်
ကြံဝည်နေတဲ့ သစ္စာဖောက် လောက်ကောင်တွေကို အကြွင်းမဲ့ ရှင်း
သုတ်သင်ပြီး ဘုရင်မကြီးရဲ့ အသက်အန္တရာယ် လုံခြုံရေးအတွက် ဘယ်သူ
တာဝန်မပေးဘဲ စစ်သည်တော်ကောင်း ပီသစွာ ဘုရင်မကြီးနဲ့ နိုင်ငံ
အပေါ်မှာ တာဝန်သိသိ သစ္စာရှိရှိနဲ့ တာဝန်ထမ်းရွက်ဖို့ ရောက်လာခဲ့
မဟုတ်လား။ မင်းရဲ့ အသက်နဲ့ခန္ဓာကိုယ် တည်မြဲနေသမျှ နိုင်ငံတော်အ
အသက်နဲ့လဲပြီး တာဝန်ထမ်းရွက်ဖို့ မင်း သန္နိဋ္ဌာန် ချထားတယ် မဟုတ်
စစ်သည်တော်ကောင်းတို့မည်သည် ဆုလာဘ်ကို မမျှော်ကိုးရဘူး။ ရာထူး
ကိုလည်း မစင်ဘင်ပုပ်လို စက်ဆုပ်ရွံရှာရမယ်။ ဘာကိုမှ ခင်မင်တွယ်
မရှိရဘူး။ ဒါမှ စစ်သည်တော်ကောင်း ပီသမယ် မဟုတ်လား။ မင်း
တွေဝေနေတာလဲ။ တွေဝေမနေစမ်းပါနဲ့။ ဘုရင်မကြီးကို လုပ်ကြံဖို့
နေတဲ့ သစ္စာဖောက်တွေကို ဒီနေ့ည အပြီးအပိုင် ရှင်းလင်းသုတ်သင်
ညဘ်ကွင်း ထောင်ထားပြီးပြီ မဟုတ်လား။ သစ္စာဖောက်တွေကို ရှင်း
သုတ်သင်ပြီးရင်လည်း ရှေ့ဆက်ပြီး ထမ်းရွက်စရာ တာဝန်တွေ ရှိသေး
မဟုတ်လား။ နှင်းကေသရာကို မင်း ဘာဖြစ်လို့ ဒါလောက်တောင်





ရတာလဲ။ မင်းဟာ ဓားတစ်လက်ကို အရင်းတည်ပြီး နိုင်ငံတော်အတွက်
သက်ပေးထားတဲ့ စစ်သည်တော် မဟုတ်လား။ နှင်းကေသရာ အပေါ်မှာ
ထားတဲ့ စိတ်တွေကို ပယ်ဖျက်လိုက်စမ်းပါ။ မိန်းမတော်
ရဲ့စိတ်ဓာတ် ပျော့ညံ့သွားမယ်ဆိုရင် ရာဇဝင် ရိုင်းသွားမှာပေ'

သီရိဗြတ်ကမ္ဗန်သည် တဖြည်းဖြည်း ဝေးသည်ထက် ဝေးသွားပြီး
၏ မျက်စိအောက်မှ ပျောက်ကွယ်သွားသည့် နှင်းကေသရာ၏ လှည်း
ဘတထောင်းထောင်း ထပြီး ကျန်ရစ်ခဲ့သည့် နေရာကို ငေးစိုက်ကြည့်ရင်း
ရစ်ခဲ့ရာမှ မိမိ၏စိတ်ကို မိမိ ဆုံးမလိုက်ပြီး တစ္ဆေခြောက်သည်ဟု လူပြော
သည့် လိုဏ်ဂူဝ ရှိရာသို့ မြင်းလိမ္မာကြီးကို စီး၍ လာခဲ့ပေသည်။

ကျောက်ဆောင် ကျောက်ကမ်းပါးများ ထူထပ်သည့် လိုဏ်ဂူဝအနီးရှိ
တန်းသို့ သီရိဗြတ်ကမ္ဗန် ရောက်ရှိလာချိန်တွင် အရှေ့ဆီမှ ထွက်ပြူ
သည့် လခြမ်းကလေးမှာ ထန်းတစ်ဖျားသာသာ ရောက်ရှိနေပြီ ဖြစ်ပေသည်။

ထိုနေရာတွင် ခေတ္တ ရပ်နားပြီး အရိပ်အခြည်ကိုကြည့်၍ ချုံနွယ်
ပေါင်းများကြားမှ ဖြတ်ကျော်ကာ လိုဏ်ဂူရှိရာသို့ တရွေ့ရွေ့ လာခဲ့ပေရာ၊
မိ လိုဏ်ဂူဝကို ပိတ်ဖုံးကာကွယ်လျက်ရှိသည့် ကျောက်ကမ်းပါးအနီးသို့
ကပ်မိပေသည်။

သီရိဗြတ်ကမ္ဗန်သည် နားနှင့် မျက်စိကို အစွမ်းကုန် ဖွင့်ရင်း
ဝန်းကျင် အခြေအနေကို လေ့လာနေရာမှ လေချွန်သံဖြင့် အချက်ပေး
သည်။

သီရိဗြတ်ကမ္ဗန်၏ လေချွန်သံ ကြားရပြီးနောက် လိုဏ်ဂူဝဆီမှ
ညပိတ်ချည်လုပ်၍ ပြလိုက်သော မီးရောင်ကို သုံးကြိမ်တိုင်တိုင် ဝင်းခနဲ
ခနဲ မြင်ရပေသည်။ ပြီးမှတစ်ဖန် ဟိုမှဒီမှ လှုပ်ရှားနေသော မီးရောင်တစ်ခု
မြင်ရသဖြင့် မီးရောင်ရှိရာသို့ သတိနှင့် လာခဲ့ပေသည်။

အနီးသို့ ရောက်သောအခါ မီးရောင်နှင့် အချက်ပေးလိုက်သူမှာ
မဟုတ်၊ မိမိ တာဝန်ပေးထားသည့် ဇောမွန် ဖြစ်နေသည်ကို တွေ့ရသဖြင့်
ဗြတ်ကမ္ဗန်မှာ မိမိ၏ အကြံအစည် အောင်မြင်ပြီဆိုပြီး ဝမ်းသာအားရ
သွားပေသည်။

'ဘယ့်နှယ်လဲ၊ ငါတို့ရဲ့ အကြံအစည် အောင်မြင်တယ် မဟုတ်လား'
သီရိဗြတ်ကမ္ဗန်က ဇောမွန်အား လေသံဖြင့် မေးလိုက်သည်။

'ဗိုလ်မင်း ချမှတ်ပေးတဲ့ အစီအစဉ်အတိုင်း အားလုံး နေရာယူထားပြီး
ဖောက်တွေ ပြေးပေါက်မရှိအောင် ပိတ်ဆို့ထားပြီးပါပြီ။ သစ္စာဖောက်



www.burmeseclassic.com

www.burmeseclassic.com



ဆော့ရဲ့ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်တဲ့ လိုဏ်ဂူဝမှာ အစောင့်များ ချ
ပြီး ဗိုလ်မင်းဖြတ်ဇကို ကူညီဖို့ လက်ရွေးစင် ရဲဘော် ရဲဘက်တွေကို စေလွှတ်
ထားပါပြီ'

ဗောမွန်က အဖြေပေးရင်း သီရိဖြတ်ကမွန်အား ရှေ့မှ လမ်းပြ
လိုဏ်ဂူဝသို့ လာခဲ့ကြပေသည်။

လိုဏ်ဂူဝအနီး ပတ်ဝန်းကျင်တွင် မဲမဲသဲသဲနှင့် လှုပ်ရှားသွားလာ
သော လူရိပ်သဏ္ဌာန်များကို မြင်ရပေသည်။ အကြောင်းမသိသူများ အဖို့
သွားလာလှုပ်ရှားနေသော သဏ္ဌာန်များကို ရုတ်တရက် မြင်လိုက်ရမည် ဆိုလျှင်
လူခြောက်တတ်ချိန်တွင် တစ္ဆေသရဲများ မြူးထူးပျော်ပါးနေခြင်း ဖြစ်လိမ့်မည်
မှတ်ထင်စရာ ရှိသော်လည်း အမှန်မှာ တစ္ဆေသရဲများ မဟုတ်ဘဲ သီရိဖြတ်ကမွန်
ချမှတ်ပေးသည့် အစီအစဉ်အရ လျှို့ဝှက်ရွေးနှုန်းခန်းမှ ထွက်လာသည့် သစ္စာ
ဖောက်များအား ထွက်ပေါက်မရှိအောင် ပိတ်၍ဖမ်းရန် စောင့်ကြပ်နေကြသော
လက်ရွေးစင် တပ်သားများသာ ဖြစ်ပေသည်။

အစောင့်တပ်သားများမှာ ဓားကိုယ်စီ စွဲကိုင်ပြီး သစ္စာဖောက်များ
လိုဏ်ဂူဝမှ ထွက်လာလျှင် အသင့်စောင့်၍ ဖမ်းဆီးရန် နေရာယူနေကြသည်ကို
တွေ့ရသည်။

ခဏမျှအကြာတွင် လိုဏ်ဂူဝအတွင်းမှ မီးရောင်မြင်ရသဖြင့် မီးရောင်
လာရာသို့ အာရုံစိုက်လျက်ရှိစဉ် မီးရောင်ပျောက်ကွယ်သွားပြီး လိုဏ်ဂူ
အတွင်း၌ မှောင်အတိ ကျသွားပေသည်။

လိုဏ်ဂူဝ၏ အနီးအနား ပတ်ဝန်းကျင်မှာ လေတိုက်သဖြင့် သစ်ရွက်
များ ရိုက်ခတ်သည့် အသံမှလွဲ၍ မည်သည့်အသံကိုမျှ မကြားရဘဲ တိတ်ဆိတ်
ငြိမ်သက်လျက် ရှိလေသည်။ လိုဏ်ဂူဝအနီးတွင် နေရာယူထားကြသော
အစောင့်တပ်သားများမှာ ကျောက်ရုပ်များကဲ့သို့ မလှုပ်မယှက် ငြိမ်သက်စွာ
ဓားကိုယ်စီကိုင်၍ စောင့်နေကြသည်ကို တွေ့ရပေသည်။

အချိန်အတန်ကြာ ငြိမ်သက်တိတ်ဆိတ်လျက်ရှိရာမှ လိုဏ်ဂူအတွင်းမှ
လှုပ်လှုပ်ရှားရှား အသံများ ကြားရပေသည်။ ခြေသံများမှာလည်း တဖြည်းဖြည်း
နီးသည်ထက် ပိုနီးလာပြီး အချင်းချင်း တီးတိုးပြော၍ လာကြသည့် အသံများ
ဆက်လက်၍ ကြားရပေသည်။ တီးတိုးအသံများ ကြားမှ အလန့်တကြား
အော်ဟစ်ပြောလိုက်သည့် အသံတစ်သံနှင့်အတူ ဓားခုတ်သံများကို ကြားရ
သည်။

'သစ္စာဖောက် မင်းနန္ဒာ၊ သေဖို့သာ ပြင်'





ဓားခုတ်သံများ အကြားမှ သမိန်တိသဃကျွမ်း၏ အသံကို ကြား
သည်။

'ငါ သစ္စာဖောက် မဟုတ်ဘူး၊ မင်းတို့သာ အသားထဲက ဆောက်ထွက်
တဲ့ သစ္စာဖောက်တွေ။ မင်းတို့ ထင်သလို ငါဟာ အင်းဝက စေလွှတ်လိုက်တဲ့
သစ္စာဖောက် မင်းနန္ဒာ မဟုတ်ဘူး။ နိုင်ငံတော်အတွက် အသက်နဲ့လဲပြီး တိုက်ပွဲ
ပေါင်း တစ်ရာကျော်မှာ ရှုပ်ရှုပ်ချွံချွံ ပါဝင်ဆင်နွှဲပြီး အောင်ပွဲခံခဲ့တဲ့ ဗိုလ်မင်း
ဖြတ်ဇ ဆိုတာ ငါပဲ။ သစ္စာဖောက်တွေ ပြေးလမ်း မရှိဘူး။ လိုဏ်ဂူဝမှာ
လက်ရွေးစင်တပ်သားတွေ အစောင့်ချထားတယ်။ လက်နက်ချပြီး အညံ့ခံ
မလား၊ အသေခံမလား။ ဒီနှစ်လမ်းမှာ ကြိုက်ရာလမ်းကို ရွေးကြပေတော့'

မင်းနန္ဒာ အသွင်ဖြင့် သစ္စာဖောက်များအား အတွင်းမှ ပူးသတ်လျက်
ရှိသော ဗိုလ်မင်းဖြတ်ဇ၏ အသံကို ဓားခုတ်သံများကြားမှ ကြည်လင်ပြတ်သား
စွာ ကြားလိုက်ရပေသည်။ သီရိဖြတ်ကမွန်မှာ လိုဏ်ဂူဝတွင်းမှ မီးရောင်ကို
တစ်ဖန် မြင်ရပြန်ပြီး မကြာမီ လိုဏ်ဂူအတွင်းမှ လက်ပြန်ကြိုးတုပ်ပြီး ဆွဲထုတ်
လာသော သစ္စာဖောက်များကို မြင်ရသဖြင့် လိုဏ်ဂူဝမှ ရပ်ပြီး ကြည့်နေသည်။

လိုဏ်ဂူတွင်းမှ ဓားခုတ်သံများ တိတ်ဆိတ်သွားပြီး မီးရောင်များမှာ
လည်း ပိုမို လင်းထိန်လာပေသည်။

လိုဏ်ဂူဝသို့ လက်ပြန်ကြိုး တုပ်ကာ ဆွဲခေါ်လာသူများထဲတွင် မင်းခေါင်
နော်ရထာသည်ခဲ မင်းရွှေခဲ ပါလာသည်ကို မြင်ရပြီး စုစုပေါင်း ခုနစ်ယောက် ဖြစ်သည်
ကို တွေ့ရပေသည်။

မကြာမီ ဗိုလ်မင်းဖြတ်ဇသည် သွေးစွန်းနေသည့်ဓားကို ဆုပ်ကိုင်ကာ
မီးတုတ်ကိုင်ဆောင်သော တပ်သားအချို့နှင့်အတူ လိုဏ်ဂူဝမှ ထွက်လာသည်
ကို မြင်ရပေသည်။

'မိုက်တွင်းနက်တဲ့ ခွေးတိရစ္ဆာန် တစ်ကောင်တော့ ကိစ္စချောသွားပြီ'

ဗိုလ်မင်းဖြတ်ဇသည် သွေးစွန်းနေသောဓားမှ သွေးများကိုသပ်ချရင်း
ရင်ဖွင့်ပြောသကဲ့သို့ တစ်ယောက်တည်း ပြောသလို ပြောလိုက်သည်။

'ကိစ္စချောသွားတာ ဘယ်သူလဲ'

သီရိဖြတ်ကမွန်က မေးလိုက်သည်။ ထိုအခါကျမှ ဗိုလ်မင်းဖြတ်ဇ
လည်း လိုဏ်ဂူဝမှ စောင့်ကြိုနေသော သီရိဖြတ်ကမွန်ကို သတိပြုမိဟန် တူပေသည်။

'ဖြတ်ကမွန်ပါလား၊ မင်းထောင်ထားတဲ့ ညွှတ်ကွင်းထဲ သစ္စာဖောက်
တွေ တစ်ခါတည်း ဝင်တိုးတာပဲ။ သစ္စာဖောက် ခုနစ်ယောက်ကို လက်ရ ဖမ်းဆီး
ရမိပြီ၊ မိုက်တွင်းနက်တဲ့ အကောင်တော့ အဖမ်းမခံဘဲ ပြန်ပြီး ခုခံလို့
ခုတ်ချလိုက်ရင် ပစ်လိုက်ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စချောသွားတာ ဘယ်သူလဲ'

သီရိဗြတ်ကမွန်က စောစောက မေးခွန်းကိုပင် ပြန်၍ မေးလိုက်သည်။

'သမိန်တိသကုမ္မာလေ'

ဗိုလ်မင်းဗြတ်ဇက အဖြေပေးလိုက်သည်။

'ဟင်း ဟုတ်လား၊ ဘာဖြစ်လို့ အဆုံးစီရင်ရတာလဲ။ လက်ရ... ကောင်းတာ'

'မင်းချမှတ်တဲ့ အစီအစဉ်အတိုင်း ငါလည်း လက်ရဖမ်းဆီးဖို့ ကြိုး... ခဲ့တာပဲ။ ဒါပေမဲ့ ငါ့ကို ပြန်ပြီးခုခံလို့ မလွဲမရှောင်သာတော့ဘဲ အဆုံး... လိုက်ရတယ်'

'သမိန်တိသကုမ္မာ သေသွားတာ နာတယ်'

'ဒီကောင် သေမှ အေးတယ်။ ဘုရင်မကြီးကို ရက်ရက်စက်... လုပ်ကြံဖို့ ကြံစည်တဲ့အကောင်ကို ညှာတာနေစရာ မလိုပါဘူး။ ကဲ ... တိသကုမ္မာရဲ့ ရုပ်အလောင်းကို ဆွဲထုတ်ခဲ့ကြစမ်း'

ဗိုလ်မင်းဗြတ်ဇက အမိန့်ပေးလိုက်ရာ ဇောမွန်သည် ၄င်းနှင့် အ... သည့် အစောင့်တပ်သားအချို့ကိုခေါ်၍ သမိန်တိသကုမ္မာ၏ ရုပ်အလော... လိုက်ဝှသို့ သယ်ယူလာခဲ့ကြပေသည်။ စောစောက လက်ပြန်ကြိုးတု... ဖမ်းဆီးခေါ်ဆောင်လာသော သစ္စာဖောက်များကိုလည်း သီရိဗြတ်က... လက်ရွေးစင် တပ်သားများက ထွက်မပြေးနိုင်အောင် စောင့်ကြပ်၍ ထ... ပေသည်။

လက်ရဖမ်းဆီးရမိခဲ့သော သစ္စာဖောက် ခုနစ်ဦးကို သီရိဗြတ်က... တစ်ဦးစီ စစ်ဆေးကြည့်ရှုနေစဉ် ဇောမွန်သည် သီရိဗြတ်ကမွန် အနီးသို့ ... ကပ်လာပေသည်။

'ဗိုလ်မင်းရဲ့ အကြံအစည် ပီရိပါပေတယ်။ လက်ရဖမ်းဆီး... သစ္စာဖောက်တွေကို ကျွန်တော်တို့ဦးစီးတဲ့ တိုက်လှေယာဉ်ပေါ်မှာ ချုပ်... ထားပြီး နက်ဖြန်မနက် မင်းကြီးသက်တော်ရှည်ဆီကို ပို့ဖို့ အစီအစဉ်အ... လုပ်ထားပြီးပါပြီ'

ဇောမွန်က သီရိဗြတ်ကမွန်အား ရိုသေလေးစားစွာ အစီရင်ခံ... သည်။

ပြီးမှတစ်ဖန် မိမိ အစီရင်ခံစရာ ရှိသည်ကို ရုတ်တရက် အစီ... သေးဘဲ မျက်မှောင်ကြုတ်ပြီး စဉ်းစားနေရာမှ သက်ပြင်းမှုတ်ထုတ်လိုက်...

'ဗိုလ်မင်းကို အစီရင်ခံစရာတစ်ခု ကျန်ပါသေးတယ်။ အ...





...လျှောတယ်ဆိုပြီး အပြစ်ပေးရင်လည်း လည်စင်း...ပြီး ခံသွားရန် အသင့် ...ကြောင်းပါ။ ဗိုလ်မင်းရဲ့ အမိန့်အရ ကျွန်တော်တို့ဦးစီးတဲ့ တိုက်လှေယာဉ် ...မှာ ချုပ်နှောင်ထားတဲ့ မင်းသိဒ္ဓတ် ထွက်ပြေးလွတ်မြောက်သွားပြီ ဖြစ် ...ကြောင်းပါ'

ဇောမွန်က အစီရင်ခံလိုက်ရာ သီရိဗြတ်ကမွန်မှာ ...အလောင်း ...း ဖြစ်သွားပေသည်။

'မင်းသိဒ္ဓတ် လွတ်မြောက်သွားပြီ .... ဟုတ်လား'

သီရိဗြတ်ကမွန်က မိမိ၏ နားကိုပင် မိမိ မယုံနိုင်သည့် အ... ...လိုက်သည်။

'မှန်ပါတယ်၊ ဒီနေ့ည စည်းဝေးပွဲကို တက်ရောက်လာကြတဲ့ သစ္စာ ...ဖောက်တွေကို ပြေးပေါက်မရှိအောင် ပိတ်ဆို့ဖမ်းဆီးဖို့ ကျွန်တော်နဲ့ ဇောညီတို့ ...ပြီး လက်ရွေးစင် တပ်သားတွေကို နေရာချထားနေချိန်မှာ တိုက်လှေယာဉ် ...မှာ အစောင့်ထားခဲ့တဲ့ တပ်သားနှစ်ယောက်ကို သူ့ရဲ့ လက်ဝတ်ရတနာနဲ့ ...ထိုးပြီး သူတို့ရဲ့ အကူအညီနဲ့ တိုက်လှေယာဉ်ပေါ်က ထွက်ပြေး လွတ် ...မြောက်သွားခြင်း ဖြစ်ကြောင်းပါ။ တပ်သားနှစ်ယောက်ပါ မင်းသိဒ္ဓတ်နဲ့ ...ပါသွားကြောင်းပါ'

'ဟင် သစ္စာမဲ့လှချည်လား'

သီရိဗြတ်ကမွန်က ရေရွတ်လိုက်သည်။

'မင်းညံ့လို့ခံရတာ၊ တစ်ဖက်သားအပေါ်မှာ မင်း ညှာတာထောက်ထား ...က လွန်လွန်းပါတယ်။ ရန်သူမှန်း သိလျက်သားနဲ့ ဘာဖြစ်လို့ ညှာတာရတာလဲ။ ...သဘောအတိုင်းဆိုရင် တစ်ခါတည်း အဆုံးစီရင်ပစ်လိုက်မှာ။ ငါ အကြံပေး ...လို့သာ တစ်ခါတည်း အဆုံးစီရင်ပစ်လိုက်ရင် ပြီးရော။ ငါ့သဘောအတိုင်းသာ ...ရင် လက်ရ ဖမ်းဆီးရမိတဲ့ သစ္စာဖောက် ခုနစ်ယောက်ကိုပါ အဆုံးစီရင် ...လိုက်ချင်တာ'

ဗိုလ်မင်းဗြတ်ဇက သီရိဗြတ်ကမွန်အား အပြစ်တင်လိုက်သည်။

'လူတစ်ယောက် လွတ်မြောက်သွားတာနဲ့ ကျန်တဲ့ ခုနစ်ယောက်ကို ...ဆုံးစီရင်ပစ်ရမယ်ဆိုတော့ ရက်စက်လွန်းရာ မကျဘူးလား။ လက်ရ ဖမ်းဆီး ...တဲ့ သစ္စာဖောက်တွေကို တိုက်လှေယာဉ်ပေါ်မှာ ချုပ်နှောင်ထားပြီး နက်ဖြန် ...စောစော မင်းကြီးသက်တော်ရှည်ဆီကို ပို့ဖို့သာ စီစဉ်ပါ။ မင်းသိဒ္ဓတ် ...လွတ်မြောက်သွားသလိုတော့ လွတ်မြောက်မသွားစေနဲ့'

သီရိဗြတ်ကမွန်က ဇောမွန်အား အမိန့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းလှပါပြီ၊ ကျွန်တော်တို့ရဲ့ မျက်စိအောက်က အပျောက်
ဘဲ ချုပ်နှောင်ထားပါ့မယ်။ စိတ်ချတော်မူပါ။ ဒီတစ်ခါတော့ တစ်ယောက်
လွတ်မြောက်စေရပါဘူး'

ဗောမွန်က တာဝန်ယူလိုက်ပြီး လက်ပြန်ကြိုး တုပ်ထားသော
သစ္စာဖောက်များအား ဗောမွန်ခေါင်းဆောင်သည့် လက်ရွေးစင်တပ်သားများ
တိုက်လှေယာဉ် ရှိရာသို့ ဆွဲခေါ်သွားကြသည်ကို တွေ့မြင်ရပေသည်။

ဗိုလ်မင်းဖြတ်ဇမှာ ဗောမွန်နှင့် အတူပါသွားသည့် သစ္စာဖော
ခုနစ်ယောက်ဦးအား အဆုံးစီရင်ခွင့် မရသဖြင့် ကြိတ်မနိုင် ခဲမရ ဖြစ်နေ
သည်။ သီရိဖြတ်ကမွန်မှာမူ လက်သီးဆုပ်လိုက်၊ အံကြိတ်လိုက်နှင့် အခဲမကျေ
နိုင်အောင် ဖြစ်နေသော ဗိုလ်မင်းဖြတ်ဇ၏ အမူအရာကို အကဲခတ်နေ
ဗိုလ်မင်းဖြတ်ဇ၏ အနီးသို့ ချဉ်းကပ်လာပေသည်။

'ဗိုလ်မင်းဖြတ်ဇ ဘာဖြစ်လို့ ဒီလောက်တောင် ကြိတ်မနိုင်
ဖြစ်နေရတာလဲ'

သီရိဖြတ်ကမွန်က စကားစလိုက်သည်။

'မေးနေစရာ လိုသေးသလား'

ဗိုလ်မင်းဖြတ်ဇက စိတ်တိုသည့် အမူအရာဖြင့် ခပ်ပြတ်ပြတ်
ပေးလိုက်သည်။

'သစ္စာဖောက်တွေကို သက်သေခံ အထောက်အထားနဲ့ လ
ဖမ်းဆီးရမိထားပြီ ဥစ္စာပဲ။ အဆုံးစီရင်ပစ်ဖို့ လိုသေးသလား။ သူတို့တရား
စီရင်သွားပါလိမ့်မယ်။ သစ္စာဖောက်ခေါင်းဆောင်လည်း ကျဆုံးသွားပြီ မဟုတ်
အင်းဝက စေလွှတ်လိုက်တဲ့ မင်းနန္ဒာတို့ လှုသိုက်ကိုလည်း လက်ရဖမ်းဆီး
ထားပြီ ဖြစ်တဲ့အတွက် ဘုရင်မကြီးရဲ့အသက်အန္တရာယ် စိုးရိမ်စရာ မရှိ
ပါဘူး။ လုံခြုံစိတ်ချရတဲ့ အခြေအနေကို ရောက်နေပါပြီ။ ကျွန်တော်တို့
မှာ ကျရောက်လာတဲ့ တာဝန်ဝတ္တရားတွေကို ကျေပွန်စွာ ထမ်းရွက်ပြီး
အတွက် ဥမ္မုနင့်ပဲ ဗိုလ်မင်းဖြတ်ဇ ကျေနပ်ပါတော့'

သီရိဖြတ်ကမွန်က တောင်းပန်လိုက်သည်။

'ဘာဖြစ်လို့ ကျေနပ်ရမှာလဲ၊ မင်းကို သက်ညှာလွန်း
ပါတယ်။ လူကို ရန်မူတဲ့ ကျားနဲ့မြွေဆိုးကို အရှင်မထားရဘူး။ တွေ့ရာ
သတ်ရတယ်'

'ကျွန်တော်တို့ရဲ့ တာဝန်က သစ္စာဖောက်တွေရဲ့ အကြံအစည်
သွားအောင် ဖျက်ဆီးချေမှုန်းပစ်ဖို့ မဟုတ်လား။ ကျွန်တော်တို့ရဲ့ လက်

သူတို့ရဲ့ အကြံအစည် လုံးဝ ပျက်ပြားသွားရပြီ မဟုတ်လား။ သစ္စာဖောက်တွေ
လန်မထူနိုင်တော့ဘူး'

'သူတို့ရဲ့ အကြံအစည် ပျက်ပြားသွားပြီ ဆိုတာတော့ မှန်တယ်။
သမှုံ့ မြွေဟောက်ကို မသေမရှင် ရိုက်သတ်ထားခဲ့ရင် တွေ့ရာလူကို
ဘဲ မဟုတ်လား။ ကျားနာခဲ့ရင် ပိုပြီးကြောက်ရတယ် မဟုတ်လား။ မင်း
ပုံက မြွေပွေးမြွေဟောက်ကို မသေမရှင် ရိုက်သတ်ထားခဲ့တာနဲ့ မတူဘူး
'

'မသေမရှင် ရိုက်သတ်ထားခဲ့တာ မဟုတ်ပါဘူး။ အစွယ်ကိုချိုးပြီး
ခံပ်ကိုပါ ထုတ်ယူလိုက်ပါပြီ။ ဘယ်သူ့ကိုမှ သူတို့ ရန်မမူနိုင်ပါဘူး။ ပြီးတော့
ကြီးသက်တော်ရှည်ရဲ့လက်ကို အပ်လိုက်ရင် ထိုက်သင့်တဲ့အပြစ်ဒဏ်
သေချာပါတယ်။ သူတို့တရား သူတို့ စီရင်သွားပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့
ခြင်ကို ပြောရမယ်ဆိုရင် သမိန်တိသကမွာကို အဆုံးစီရင်ခဲ့တာတောင်
တယ် ထင်တယ်။ လက်ရဖမ်းဆီးလိုက်ရရင် သိပ်ကောင်းမှာ'

သီရိဖြတ်ကမွန်က မိမိ၏ အယူအဆကို ဖွင့်ဟလိုက်သည်။

'ဘာလဲ၊ မင်းက ငါ့ကို အပြစ်တင်တယ်ပေါ့လေ။ တစ်နိုင်ငံလုံးရဲ့
ကြီးနဲ့တူတဲ့ ဘုရင်မကြီးကို ရက်ရက်စက်စက် လုပ်ကြံဖို့ ကြံစည်နေတဲ့
ဖောက်တွေကို ညှာတာထောက်ထားစရာ လိုသေးလား'

'ညှာတာ ထောက်ထားလို့ ပြောနေတာ မဟုတ်ပါဘူး။ လက်ရ
ဆီးနိုင်လျက်သားနဲ့ လက်စတုံး စီရင်ပစ်တာ မကောင်းတဲ့အကြောင်း
နေတာပါ'

'တော် တော်၊ မင်းနဲ့ စကားပြောလို့ အပေါက်အလမ်း မတည့်ဘူး။
သစ္စာဖောက်တွေဘက် ခပ်ပါပါ ဖြစ်နေပြီ။ မင်း အရင်ကနဲ့မတူတော့ဘူး'

'ဒါကတော့ ကျွန်တော့်အပေါ်မှာ မတရားသက်သက် စွပ်စွဲတာပဲ'

'မတရားသက်သက် စွပ်စွဲတာ မဟုတ်ဘူး။ မင်းအကြောင်း ငါသိလို့
နေတာ။ မင်း အရင်ကနဲ့ နည်းနည်းကလေးမှ မတူတော့ဘူး။ မင်း ပျက်စီး
နှင်းကေသရာရဲ့ ပရိယာယ်စက်ကွင်းထဲ ဝင်တိုးမိနေပြီး မင်းမှာ ပယောဂ
ပြီ'

'ဒီစကား ဒီမှာတင် ရပ်ပါ'

'ဘာလဲ၊ နှင်းကေသရာကို ထိလို့ မင်းက နာသလား။ မိန်းမမာယာ
ဆိုတာ မင်း မကြားဖူးဘူးလား။ မင်းကို နှင်းကေသရာက အာရုံပါ
ယောင်းပြီး မင်းရဲ့ အူရော အသည်းပါမကျန် နုတ်ယူလိုက်လိမ့်မယ်။







www.burmeseclassic.com

www.burmeseclassic.com



ခ ဘက် လိုက်တော့ မိုက်ဘက် ပါတယ်ဆိုတာ မင်းပဲ။ နှင်းကေသရာ[…] […]ဘာ့ကွင်းထဲ မင်း ဝင်တိုးမိရင် ထွက်ပေါက်မရှိတော့ဘူး'

'ရှေ့မဆက်ပါနဲ့တော့၊ ကျွန်တော် တောင်းပန်ပါတယ်'

'ဘာပြုလို့ မဆက်ရမှာလဲ၊ ပြောစရာ ရှိတာတော့ ပြောရ[…] နှင်းကေသရာရဲ့ ပရိယာယ် မာယာ ညွှတ်ကွင်းထဲ ဝင်တိုးမိနေလို့သာ နှင်း[…] သရာအတွက် ဇက်ဖြတ်ခံရဲတဲ့အထိ အာမခံရဲတယ် မဟုတ်လား။ နှင်းကေ[…] ကို မင်းရဲ့အသက်နဲ့ လဲပြီး အကာအကွယ် ပေးခဲ့တာဟာ ဘာကြောင့်[…] မင်းကို နှင်းကေသရာက အာရုံငါးပါးနဲ့ ဖြားယောင်းပြီး နေတာကို အဟုတ်[…] ထင်နေတယ်ပေါ့လေ'

'တော်ပါတော့လို့ ပြောနေမှပဲ'

'ဘာဖြစ်လို့ တော်ရမှာလဲ၊ မတော်ဘူး။ ပြောစရာရှိတာ ပြော[…] ငါ့ပါးစပ်နဲ့ ငါပြောတာ။ ဘယ်သူက တားနိုင်ဦးမှာလဲ'

'ကျွန်တော် တားတယ်'

'ဩော် ဒီအထိတောင် ဖြစ်နေမှကိုး။ နှင်းကေသရာကို […] မချိအောင် နာတယ် ဆိုပါတော့'

'တားလို့ မရတော့ဘူးလား'

'မရဘူး မရဘူး၊ ဒါနဲ့မှ မကျေနပ်သေးဘူးဆိုရင် မင်းသိပ်အား[…] ကိုးသချိုင်းသံစားကို ဓားအိမ်က ဆွဲချွတ်လိုက်စမ်း။ မင်းနဲ့ငါ တစ်ချီ[…] တွေကြသေးတာပေါ့။ ကဲလေ၊ မင်းရဲ့ဓားကို ဆွဲချွတ်လိုက်လေ'

ဗိုလ်မင်းဖြတ်ဇမှာ စိတ်မြန်လက်မြန် ရှိသူ ဖြစ်၍ ၎င်း[…] ဓားအိမ်မှ ဆွဲချွတ်ရင်း သီရိဖြတ်ကမွန်အား စိန်ခေါ်လိုက်သည်။

သီရိဖြတ်ကမွန်မှာမူ လက်ပိုက်ပြီး ဗိုလ်မင်းဖြတ်ဇအား တွေ[…] ကြည့်နေပေသည်။

'လာလေ၊ ဓားအိမ်ထဲက ဓားကို ဆွဲချွတ်လိုက်လေ။ သတ္တိမရှိ[…]

ဗိုလ်မင်းဖြတ်ဇက သီရိဖြတ်ကမွန်အား မခံမရပ်နိုင်အောင် […] လိုက်သည်။

သို့ရာတွင် သီရိဖြတ်ကမွန်သည် တစ်စုံတစ်ရာ တုံ့ပြန်ခြင်း[…] လက်ပိုက်ပြီး ကြည့်နေရာမှ ခေါင်းကို ညင်သာစွာ ယမ်းပြလိုက်သည်[…]

'သတ္တိမရှိဘူးပဲ ပြောပြော၊ ပြောချင်သလိုပြော။ ဗိုလ်မင်း[…] အပေါ်မှာ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး။ ကျွန်တော့်ကို […]





[…]တ်လိုက်ပါ။ လည်စင်းပြီး အသေခံပါ့မယ်။ ဗိုလ်မင်းဖြတ်ဇကို ကျွန်တော် […]ယ်နည်းနဲ့မှ ရန်တုံ့မမူပါဘူး'

သီရိဖြတ်ကမွန်က တည်ငြိမ်သည့် လေသံဖြင့် ပြန်ပြောလိုက်ရာ […]မင်းဖြတ်ဇမှာ အားမလိုး အားမရ ဖြစ်သွားပေသည်။

'ငါနဲ့ ဓားချင်းယှဉ်ခုတ်ဖို့ ငြင်းဆိုတယ် ပေါ့လေ'

'မှန်ပါတယ်၊ ဗိုလ်မင်းဖြတ်ဇနဲ့ ဘယ်လိုနည်းနဲ့မှ ဓားချင်းမယှဉ်ပြိုင် […]ပါဘူး'

'ကောင်းပြီ၊ ဓားချင်း မယှဉ်ပြိုင်နိုင်ဘူးဆိုရင် ပါးစပ်နဲ့ဝဲ မင်းကို […]င်ယှဉ်ရလိမ့်မယ်။ ငါ့ဝမ်းထဲမှာ ရှိတာကို ငါဖွင့်ပြောရမှ ကျေနပ်မယ်။ မင်း […]ကနဲ့ မတူတော့ဘူး။ မင်းကိုယ်မင်း သူရဲကောင်းကြီးဆိုပြီး မိန်းမနဲ့ တွေ့တော့ […]တွေ့တဲ့ ဖယောင်းလို အရည်ပျော်သွားတာပဲ မဟုတ်လား။ မိန်းမအတွက် […]့ သံမဏိလို မာကျောတဲ့ စိတ်ဓာတ်ဟာ မီးနဲ့တွေ့တဲ့ ဖယောင်းလို အရည် […]တယ် ဆိုတာ လူကြားလို့မှ မကောင်းဘူး။ ရာဇဝင် ရိုင်းလိုက်လေကွာ။ […]အား ငါဖြင့် ရှက်တောင် ရှက်သေးတယ်'

ဗိုလ်မင်းဖြတ်ဇက စိတ်ရှိလက်ရှိ ပြောချလိုက်ပြန်သည်။

'ကျွန်တော့်အပေါ် ဗိုလ်မင်း ဒါလောက်တောင် အထင်မသေးပါနဲ့။ […]အတွက်တော့ဖြင့် ကျွန်တော့်ရဲ့စိတ်ဓာတ် ပျော့ညံ့သွားလိုက်မယ် မထင် […]

'နို့ ဒါဖြင့်ရင် ဘာဖြစ်လို့ နှင်းကေသရာကို မင်း အကာအကွယ် […]တာလဲ။ နှင်းကေသရာရဲ့ အဆက်အနွယ်ဖြစ်တဲ့ သစ္စာဖောက်တွေ […]မှာ မင်း ဘာဖြစ်လို့ ဒါလောက်တောင် ညှာတာရတာလဲ'

'နှင်းကေသရာ အပေါ်မှာ လုံးဝ အပြစ်မရှိဘူးဆိုတာ သိလို့ အကာ […] ပေးတာပါ။ သစ္စာဖောက်တွေနဲ့ နှင်းကေသရာ လုံးဝ အဆက်အသွယ် […]ဘူး၊ သစ္စာဖောက်တွေရဲ့ ယုတ်မာရက်စက်တဲ့ အကြံအစည်ကို နှင်းကေ […]လုံးဝ မသိပါဘူး။ သစ္စာဖောက်တွေကသာ နှင်းကေသရာကို တည်ကြက် […]အသုံးပြုဖို့ ကြိုးစားနေကြတာပါ။ ဒါကို ဗိုလ်မင်း သိသင့်သလောက် […]တယ်၊ နှင်းကေသရာ အပေါ်မှာ လုံးဝ အပြစ်မရှိကြောင်း ကျွန်တော် […]ခမ်းသပ်ခဲ့လို့ သံသယ ကင်းရှင်းအောင် သိမြင်ခဲ့ရပါပြီ။ ခုဆိုရင် […]ဖောက်တွေရဲ့ ယုတ်မာရက်စက်တဲ့ အကြံအစည်ကို သူ့မျက်စိနဲ့ မြင်ခဲ့ရ […]နဲ့ ကြားခဲ့ရသမျှ တစ်ခွန်းတစ်ပါဒမကျန် လျှောက်ထားသံတော်ဦးတင်ဖို့ […]သရာကိုယ်တိုင် ဘုရင်မကြီးဆီကို ခရီးထွက်သွားပါပြီ။ ဘုရင်မကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းခန်းလှည့်လည်ဖို့ အစီအစဉ်ပါ ဖျက်သိမ်းပစ်ဖို့ လျှောက်ထားတော် ရအောင် ညတွင်းချင်း ရွှေမြို့တော်အရောက် ခရီးပြင်း နှင်သွားပါပြီ'

သီရိဗြတ်ကမ္ဘန်က ရှင်းပြလိုက်ရာ ဗိုလ်မင်းဖြတ်ဇမှာ မိမိနား မိမိ မယုံနိုင်အောင် ဖြစ်သွားပေသည်။

'ဟုတ်မှလည်း ပြောစမ်းပါ။ မိန်းမသားတစ်ယောက်တည်း ည ချင်း ခရီးပြင်း နှင်တယ် ဆိုတာ ဖြစ်နိုင်ပါမလား'

'မြင်းစေကျော်ဒေဝနဲ့ သူ့ရဲ့ညီဝမ်းကွဲ ဗောဒလတို့နဲ့အတူ ထွ သွားကြတာကို ကျွန်ုပ်ဘော်ရဲ့ မျက်စိနဲ့ တပ်အပ်သေချာ မြင်ရလို့ ပြောတာ

'ဟင်ဟုတ်သား အံ့ဩဘွယ်သရဲပါကလား။ နှင်းကေသရာက သ တော် အကြီးရဲ့ ဘက်တော်သား မဟုတ်လား။ ဘုန်းကြီးလူထွက်ကို နှ ထားရမလားဆိုပြီး လူသိရှင်ကြား ကန့်ကွက်ခဲ့သေးတယ် မဟုတ်လား'

ဗိုလ်မင်းဖြတ်ဇက အံ့အားသင့်သည့် အမူအရာဖြင့် ပြန်မေးလိုက်သ

'ဘုန်းကြီးလူထွက်ကို နှန်းလျာသားရမလားဆိုပြီး ကန့်ကွက်ခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ သမက်တော်အကြီးရဲ့ ဘက်တော်သား မဟုတ် ဘုရင်မကြီးအပေါ်မှာ မိခင်ရင်းလို သဘောထားပြီး ကြည်ညိုလေးစားပါ အသက်နဲ့လဲပြီး သစ္စာစောင့်သိပါတယ်။ မိန်းမသားတန်မဲ့ ညဥ့်နက်သန် ရွှေမြို့တော်ကို အရဲစွန့်ပြီး သွားတာသာ ကြည့်ပါတော့။ ကျွန်တော် ဟ ဘာတောင် မရဘူး။ သူတစ်ယောက်တည်းပဲ ဖြစ်ဖြစ် သွားဖြစ်အောင် သွ ဆိုလို့ မြင်းစေကျော်ဒေဝကို အိပ်ရာကနှိုးပြီး ထည့်လိုက်ရတာပါ။ ဗို ဖြတ်ဇ ထင်သလို မဟုတ်ပါဘူး။ နှင်းကေသရာဟာ သူ့စိတ်ထဲမှာ ပွင့်ပွင့်လင်းလင်း ပြောတတ်တဲ့ ဝသီကြောင့် ပြောနေတာပါ'

သီရိဗြတ်ကမ္ဘန်က ရှင်းပြလိုက်ရာ ဗိုလ်မင်းဖြတ်ဇသည် တစ်ခုံ ပြန်မပြောဘဲ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်၍ အံကြိတ်ပြီး ခေါ ခေါက်ပြန် လျှောက်ရင်း တစ်စုံတစ်ရာ လေးလေးနက်နက် စဉ်းစားနေသေ

အချိန်အတန်ကြာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစာ မှ အဖြေမှန်ကို ရှာ၍တွေ့ဘိသကဲ့သို့ ဗိုလ်မင်းဖြတ်ဇ၏ မျက်နှာမှာ ကြည လာပြီး သီရိဗြတ်ကမ္ဘန်၏ အနီးသို့ ချဉ်းကပ်လာကာ သီရိဗြတ်ကမ္ဘန်၏ အားရပါးရ ဝင်ဖက်လိုက်လေသည်။

'ငါ မှားသွားတယ်၊ မင်းအပေါ်မှာ အထင်လွဲခဲ့မိတာ ငါမှား

ဗိုလ်မင်းဖြတ်ဇက မိမိ၏အမှားကို ဝန်ခံပြီး တောင်းပန်သည့် ဖြင့် ပြောလိုက်သည်။





'ပုထုဇဉ်မှန်သမျှ မမှားတဲ့လူ မရှိပါဘူး။ ဗိုလ်မင်းဖြတ်ဇရဲ့ နေရာက ပြီး ကြည့်မယ် ဆိုရင်လည်း အထင်လွဲစရာတွေ ရှိနေပါတယ်၊ ဒါပေမဲ့ လ်မင်းတို့ သံသယဝင်နေသလို နှင်းကေသရာအပေါ်မှာ လုံးဝ အပြင်မရှိတာ မှန်ပါ။ သစ္စာဖောက်လူယုတ်မာတွေက နှင်းကေသရာကို တည် အဖြစ် သုံးပြုပြီး နှင်းကေသရာတို့ မောင်နှမကို သူတို့ရဲ့ရှေ့က အဖြ ားရှိခဲ့တာကို ကျွန်တော်သိလို့ နှင်းကေသရာတို့ မောင်နှမကို အ ယ် ခဲ့ရတာပါ။ သစ္စာဖောက်တွေနဲ့ ကြံရာပါဖြစ်တယ်ဆိုရင် ကျွန်တော် အကာအကွယ်ပေးမှာ မဟုတ်ပါဘူး။ မိန်းမအတွက် ဘက်လိုက်ရ ခင် ရိုင်းသွားမှာပေါ့'

'အေးပါ၊ မင်းရဲ့ စိတ်ဓာတ်ကို ငါသိပါတယ်။ သိရက်သားနဲ့ မင်း ပေါ်မှာ ငါ သံသယဝင်ခဲ့တာဟာ ငါ့အမှားပဲ။ ငါ့အနေနဲ့ကတော့ စစ်သား ာင်း တစ်ယောက်ပီပီ တိုက်ရေးခိုက်ရေးမှာသာ ကျွမ်းကျင်တယ်။ မင်းလို ည်းပရိယာယ် မကြွယ်ဝဘူး။ ရန်သူကို မျက်နှာချင်းဆိုင်သာ တိုက်ရခိုက်ရမယ် ရင် ရှုပ်ရှုပ်ချွံချွံ တိုက်ရဲတဲ့ သတ္တိရှိတယ်။ ဒါပေမဲ့ ခုလို ဆင်ကြံ ကြံနေတဲ့ စ္စာဖောက်တွေရဲ့ အကြံအစည်ကို ဖော်ထုတ်ပြီး အကြံအစည် ပျက်ပြားသွား ောင်တော့ မင်းလို ပရိယာယ် မဆင်တတ်ဘူး။ မင်းကြောင့်သာ သစ္စာဖောက် ွေရဲ့ အကြံအစည်ကို အတွင်းကျကျ သိခဲ့ရပြီး ခုလို လွယ်လွယ်ကူကူ ညွတ်ကွင်း ောင်ပြီး ဖမ်းနိုင်ခဲ့တာပါ။ ဒီနေရာမှာတော့ မင်း ငါ့ထက် သာတယ်။ မင်းကြောင့်သာ ပြစ်ကင်းမဲ့တဲ့ နှင်းကေသရာတို့ မောင်နှမ မင်းပြစ်မင်းဒဏ် သင့်ရမယ့်ဘေးက တ်မြောက်ခဲ့ရတာပါ။ မင်းသာ အကာအကွယ် မပေးဘူးဆိုရင် နှင်းကေသရာ ့ မောင်နှမ သက်သာမှာ မဟုတ်ဘူး။ မင်းအပေါ်မှာ အထင်လွဲခဲ့ပြီး အကာ ကွယ် ပေးခဲ့ပေမယ့် မင်းကို သူတို့ ကျေးဇူးတင်မှာ မဟုတ်ဘူး'

ဗိုလ်မင်းဖြတ်ဇက ခနိုးခနဲ့ ပြောလိုက်သည်။

'ကျေးဇူးတင်ခံချင်လို့ အကာအကွယ်ပေးခဲ့တာမှ မဟုတ်ပဲ။ အပြစ် ဘူးဆိုတာ သိလို့၊ အကာအကွယ်ပေးရမယ့် ဝတ္တရားရှိလို့ အကာအကွယ် ခဲ့တာပါ။ ကျွန်တော်တို့ရဲ့ တာဝန်ဝတ္တရားက ဆကောင်းသူကို ပယ်ပြီး ောင်းသူကို ကယ်ရမယ် မဟုတ်လား။ ဒါမှ စစ်သားကောင်း ပီသမယ် ဟုတ်လား'

'ဒါကို ပြောနေတာ မဟုတ်ပါဘူး။ နှင်းကေသရာအတွက်ဆိုရင် ဇက် ခံပြီး အာမခံခဲ့တာကို ငါပြောနေတာ။ မင်းကသာ နှင်းကေသရာအတွက် ဖြတ်ခံပြီး အာမခံပေမဲ့ မင်းအပေါ်မှာ ကျေးဇူးသိတတ်မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးသိတတ်ဖို့လည်း မလိုပါဘူး။ ကျေးဇူးသိတာကိုလည်း မ ချင်ပါဘူး။ အထူးသဖြင့် နှင်းကေသရာရဲ့ ကျေးဇူးတုံ့ပြန်မှုကို ကျွန်တော် အလိုမရှိဘူး။ ဗိုလ်မင်းတို့၊ ကျွန်တော်တို့ဟာ နိုင်ငံတော်အတွက် အသက် ခန္ဓာကိုယ်ကို လှူထားပြီးပြီ မဟုတ်လား။ ကျေးဇူးအတင်ခံချင်လို့ ဒီအလုပ် လုပ်နေတာ မဟုတ်ပါဘူး။ ဆုလာဘ်ကိုလည်း မမျှော်မှန်းဘူး။ နိုင်ငံတော်အတွက် အသက်ပေးပြီး တာဝန်ထမ်းရွက်ခွင့် ရတာဟာ ကျွန်တော်တို့အဖို့ အကြီး သော ဆုလာဘ်ကြီးပဲ မဟုတ်လား။ ခုဆိုရင် ဘုရင်မကြီးကို လုပ်ကြံဖို့ အ အစည် လုံးဝ ပျက်ပြားသွားအောင် ဖြိုခွင်းနိုင်ခဲ့ပြီ ဖြစ်တဲ့အတွက် ကျွန်တော် စွန့်စားရကျိုး နပ်ပြီ၊ ကျွန်တော်တို့ရဲ့ စွန့်စားမှုကို ဘုရင်မကြီး သိဖို့ မလို ဆုလာဘ်တော်လည်း မလိုချင်ဘူး။ ရာထူးဌာနန္တရနဲ့ ချီးမြှင့်မြှောက်စား မှုကိုလည်း အလိုမရှိဘူး ကျွန်တော်တို့ရဲ့ အသက်နဲ့ ခန္ဓာကိုယ် တည် သမျှ နိုင်ငံရဲ့တာဝန်ကို ဆက်လက်ပြီး ထမ်းရွက်သွားရမှာပဲ'

သီရိဖြတ်ကမွန်က မိမိ၏ အယူအဆကို ပွင့်လင်းစွာ ထုတ်ဖော် သည်။

'ဒါကို ငါပြောနေတာ မဟုတ်ပါဘူး။ မင်းလည်း အတော်ကို အ ချော်တာပဲ။ ငါဆိုလိုတာက မင်းနဲ့ နှင်းကေသရာဟာ ရှေ့သွားနောက် ညီတယ်လို့ ပြောနေတာ'

ဗိုလ်မင်းဖြတ်ဇက အားမလို အားမရ အမူအရာဖြင့် ပြောလို သီရိဖြတ်ကမွန်က ခေါင်းယမ်းပြလိုက်သည်။

'မဖြစ်နိုင်တာတွေကို ပြောမနေစမ်းပါနဲ့။ ကျွန်တော်က ဓားတင် ကို အရင်းတည်ပြီး ခြေသလုံး အိမ်တိုင်ထူနေတဲ့ အခြေအနေမှာ၊ ပ အညတရ စစ်သည်တော်ပါ။ ပြီးတော့ ကျွန်တော့်မှာ ရှေ့ဆက်ပြီး သက်စွန့် ထမ်းရွက်ရမယ့် တာဝန်ဝတ္တရားတွေ ရှိပါသေးတယ်။ စစ်သားကောင်း မည်သည် နိုင်ငံတော်အတွက်သာလျှင် ဖြစ်စေရမယ်၊ နိုင်ငံတော်သည် တော်အတွက် မဖြစ်စေရလို့ အဆိုရှိတယ် မဟုတ်လား'

'ဒါကို ငါနားလည်ပါတယ်။ ငါလည်း တစ်သက်လုံး နိုင်ငံတော် အသက်ပေးပြီး တိုက်ပွဲပေါင်း တစ်ရာကျော်မှာ ပါဝင် ဆင်နွှဲလာ ရှေ့ဆက်ပြီးတော့လည်း အသက်နဲ့ခန္ဓာကိုယ် မြဲနေသမျှ တိုင်းပြည်ရဲ့ ဆက်လက်ပြီး ထမ်းရွက်သွားဖို့ သန္နိဋ္ဌာန်ချထားပြီး ဖြစ်တယ်ဆိုတာ မ ဆဲ့ပဲ။ ငါဆိုလိုတာက မင်းဟာ အသက်အရွယ် ငယ်သေးတယ်။ အရွယ် ကို အိမ်ထောင်ပြုပြီး နိုင်ငံတော်အတွက် သားကောင်းရတနာ၊ သ





တနာတွေ အမွေပေးခဲ့နိုင်အောင် ကြိုးစားဖို့လိုတယ်။ နှင်းကေသရာနဲ့ဆိုရင် ရှေ့သွားနောက်လိုက် ညီတယ်။ နှင်းကေသရာကလည်း မင်းကို လေးစားနေ တယ် ဆိုတာ ငါသိတယ်။ နှင်းကေသရာနဲ့ အိမ်ထောင်ပြုပြီးရင် ညသား အိမ်ရဲ့ အကူအညီနဲ့ ထူးကဲပြောင်မြောက်တဲ့ တပ်မတော်ကြီးဖွဲ့စည်းပြီး နိုင်ငံတော်ရဲ့ တာဝန်ကို ထမ်းရွက်သွားရင် ပိုပြီး မထိရောက်ပါလား။ ဒါကို ငါပြောနေတာ'

'မဖြစ်နိုင်တာတွေ ပြောမနေစမ်းပါနဲ့'

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ မင်းတို့ ငါတို့ဟာ ကိုယ်ကျိုး တတ်တဲ့ လူတွေမို့ အခြေအနေမှာ ဘဝမှာ ပျော်ပိုက်နေကြရတာ မဟုတ်လား၊ မင်းလိုလိုက်ပြီး မင်းကြိုက်ကို ဆောင်တတ်တဲ့ ကပ်ပါးရပ်ပါးတွေသာဆိုရင် ကြီးမတ်ရာ သေနာပတိ ရာထူးတောင် ရနိုင်တယ် မဟုတ်လား။ ယုတ်စွအဆုံး သူကြီး ရာထူးတော့ သေချာနေတာပဲ'

'ကျွန်တော်တို့က ကပ်ပါးရပ်ပါး သမားတွေမှ မဟုတ်ပဲ။ ကိုယ် ဘယ်ထင်တာကို လုပ်ရရင် ကျေနပ်နေတဲ့လူတွေ မဟုတ်လား။ ကျွန်တော်တို့ရဲ့ ကို ကျွန်တော်တို့ မြတ်နိုးတယ်။ ကျွန်တော်တို့ရဲ့ မွန်မြတ်သန့်စင်တဲ့ ကို မစွန့်လွှတ်နိုင်ဘူး။ ရာထူးစည်းစိမ်ဆိုတာက ကိုယ်ကျိုးရှာသမားတွေ မက်မောတာပါ။ ရာထူးစည်းစိမ် ယစ်မူးမိရင် ကိုယ့်ဘဝမှန်ကို မေ့လျော့ပြီး တော်အပေါ်မှာ တာဝန်ပျက်ကွက်မယ် မဟုတ်လား။ စစ်သားကောင်း တို့ သည် ရာထူးစည်းစိမ်ကို မစင်ဘင်ပုပ်လို စက်ဆုပ်ရွံရှာရမယ်'

'မင်းပြောတာ မှန်တယ်။ မင်းရဲ့ ရင့်ကျက်တဲ့ စိတ်နေသဘောထား သည်၊ ငါ လေးစားတယ်။ မင်းတို့ ငါတို့ ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ခဲ့ကြလို့ မကြီးကို တိတ်တဆိတ် ချောင်းမြောင်းလုပ်ကြံဖို့ အကြံအစည် ပျက်ပြယ် ပြီ မဟုတ်လား။ ဒါပေမဲ့ မင်းတို့ ငါတို့ကို ဘုရင်မကြီးက ကျေးဇူးတင်မှာ ဘူး။ အရိပ်ကို ရန်သူထင်ပြီး စိုးရိမ်စရာမရှိ စိုးရိမ်နေကြတယ်လို့ တော်တင်ဦးမှာကို မြင်ယောင်သေးတယ်'

'ကျွန်တော်တို့ကလည်း ကျေးဇူးတင်ခံချင်လို့ လုပ်နေတာမှ မဟုတ် နိုင်ငံတော်အပေါ်မှာ ကျေးဇူးသစ္စာ စောင့်သိတဲ့ စစ်သားကောင်းတို့ရဲ့ ဝတ္တရားအရ ကျွန်တော်တို့ကို ဘယ်သူကမှ တာဝန်မပေးပေမဲ့ ကျွန်တော် ပေါ်မှာ ကျရောက်လာတဲ့ တာဝန်ကို သစ္စာရှိရှိနဲ့ တာဝန်ထမ်းခဲ့ကြတာ လား။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက် အောင်မြင်လို့ ဘုရင်မကြီးရဲ့ အန္တရာယ် လုံခြုံစိတ်ချရပြီ ဆိုတာကို ကျွန်တော်တို့ သိရတာဟာ တော်တို့အဖို့ အမွန်မြတ်ဆုံး ဆုကြီးလာဘ်ကြီးပဲ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အေး မင်းပြောတာ မှန်တယ်။ ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည် ချက်ပြုသွားပြီး ဘုရင်မကြီးရဲ့ အသက်အန္တရာယ် လုံခြုံစိတ်ချရပြီ ဖြစ်တဲ့ အတွက် ငါတို့ရဲ့ တာဝန်တစ်ရပ်တော့ ပြီးဆုံးသွားပြီ။ ရှေ့ဆက်ပြီး ငါတို့ ဘာလုပ်ကြမလဲ'

'ရှေ့ဆက်ပြီး တိုက်ပွဲဝင်စရာတွေ ရှိပါသေးတယ်။ ကျွန်တော်တို့ နိုင်ငံတော် အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံတော် သာယာဝပြောရေး အတွက် ကျွန်တော်တို့ရဲ့ အသက်နဲ့လဲပြီး တိုက်ပွဲဝင်စရာတွေ ရှိပါတယ်'

'ဒါဖြင့်ရင် မင်း ဆောင်းတူးမြို့စားလေးရဲ့ စံအိမ်တော်မှာ ဆက်ပြီး မနေတော့ဘူး ဆိုပါတော့'

'ရှေ့ဆက်ပြီး နေစရာ အကြောင်းမှ မရှိတော့တဲ့ ဥစ္စာပဲ'

'ဒါဖြင့် မင်း ဒီမှာ ကြာကြာမနေတော့ဘူး ဆိုပါတော့'

'သမိန်စက္ကဝေါနဲ့ စာရင်းရှင်းစရာ ရှိတာကို စာရင်းရှင်းပြီးရင် ကျွန်တော် ဆောင်းတူးက ခွာတော့မယ်'

သိရိဇြတ်ကမ္ဗန်က အဖြေပေးလိုက်ရာ ဗိုလ်မင်းဇြတ်ဇ၏ မျက်နှာ များမှာ ကြည်လင်တောက်ပြောင်လာပေသည်။

'သမိန်စက္ကဝေါလောက်တော့ မင်း လွယ်လွယ်နဲ့ အနိုင်ယူနိုင်ပါတယ်။ သမိန်စက္ကဝေါဟာ ဓားရေးလှံရေးမှာ သူမတူအောင် ကျွမ်းကျင်လိမ္မာတယ်လို့ ကျော်ကြားခဲ့ပေမဲ့ မင်းလောက် အတွေ့အကြုံ မများဘူး။ ပြီးတော့ မင်း ကိုးသချိုင်းသံမားကလည်း အစွမ်းထက်တယ်လို့ နာမည်ကြီးနေတယ်။ ကိုးသချိုင်းသံမား စီရင်ပုံနဲ့ အစွမ်းထက်မြက်ပုံကို ငါ မသိရဘူးလား'

ဗိုလ်မင်းဇြတ်ဇက မိမိ သိလိုသည့် အချက်ကို မေးလိုက်သည်။

ကိုးသချိုင်းသံမား ဘယ်လောက် အစွမ်းထက်မြက်သလဲ ဆိုတာ သမိန်စက္ကဝေါနဲ့ ရင်ဆိုင်ရတဲ့ အချိန်မှာ ဗိုလ်မင်း မျက်မြင်ကိုယ်တွေ့ တွေ့ရပါလိမ့်မယ်။ ကိုးသချိုင်းသံမား စီရင်ပုံကို တစ်နေ့ကျမှ အေးအေးဆေးဆေး ပြောပြပါမယ်။ ဒီနေ့ည အဖို့တော့ အချိန်လည်း နည်းနေပါပြီ'

သိရိဇြတ်ကမ္ဗန်သည် ကိုယ်လက် ဆန့်တန်းပြီး အညောင်းအညာ ပြန်ဖြေလိုက်သည်။

ထိုအခိုက်တွင် မြင်းခွာသံများ ကြားရသဖြင့် အသံကြားရာ နှစ်ယောက်စလုံး နားစွင့်နေပေသည်။

'အလို ခရီးပြင်းနှင်လာတဲ့ မြင်းခွာသံတွေပါလား။ အချိန်မတော် အထဲသူတွေများ ပါလိမ့်'





ဗိုလ်မင်းဇြတ်ဇက မြင်းခွာသံကြားရာသို့ နားစွင့်နေရာမှ ပြောလိုက်သည်။ မြင်းခွာသံများမှာ မြို့စားလေး ဗညားအိမ်၏ စံအိမ်တော်တည်ရှိရာ ဥယျာဉ်တော်ဘက်ဆီသို့ ဦးတည်ပြီး လာနေသည့် အသံများ ဖြစ်ပေသည်။

'ဘယ်သူဘယ်ဝါလဲ ဆိုတာ သိရအောင် ဥယျာဉ်တော်ဆီကို အမြန် သွားမှ ဖြစ်မယ်။ လာ .... လာ'

သိရိဇြတ်ကမ္ဗန်သည် မြင်းပေါ်သို့ ခုန်လွှားတက်ရင်း ပြောလိုက်သည်။ ဗိုလ်မင်းဇြတ်ဇမှာလည်း သစ်ပင်တွင် ချည်နှောင်ထားသည့် မိမိ၏ မြင်းကို ဖြုတ်ယူလာပြီး သိရိဇြတ်ကမ္ဗန်နှင့်အတူ ဥယျာဉ်တော်ရှိရာသို့ ဒုန်းစိုင်း၍ လာခဲ့ ကြပေသည်။

ဥယျာဉ်တော်အတွင်းသို့ ရောက်၍ လာသောအခါ ပါးစပ်မှ အမြှုပ်များ ထွက်နေအောင် မြင်းကို ကြိမ်တို့ပြီး ဒုန်းစိုင်းလာသော မြို့စားလေး ဗညားအိမ်၏ လူယုံတော် မြင်းစေကျော်ဒေဝကို မြင်ရသဖြင့် သိရိဇြတ်ကမ္ဗန် နှင်းကေသရာအတွက် စိုးရိမ်ပူပန်သွားပေသည်။

'ဒေဝ .... ဒေဝ၊ ဘယ်လိုဖြစ်လာတာလဲ။ နှင်းကေသရာကော ....'

သိရိဇြတ်ကမ္ဗန်က စိုးရိမ်တကြီး မေးလိုက်သည်။

'ရွှေမြို့တော်ကို အသွား လမ်းခုလတ်မှာ ဗိုလ်မှူးသမိန်စက္ကဝေါရဲ့ တပ်ခံတော် စစ်သည်တော်တွေ ဝဲယာညှပ်ပြီး တိုက်ခိုက်တာကို ခံရပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်ညီဝမ်းကွဲ ဗောဒလတို့က အစွမ်းကုန် ပြန်လည်ခုခံ ပေမဲ့ လူအင်အား၊ လက်နက်အင်အား မမျှလို့ ကျွန်တော့်ရဲ့ညီ ဗောဒလ ကိုယ်ကျိုးမှာ ကျဆုံးခဲ့ရပါတယ်။ လှည်းသမားကိုလည်း အဆုံးစီရင်သွားကြပါတယ်'

မြင်းစေကျော်ဒေဝက အစီရင်ခံလိုက်သည်။ ဒေဝ၏ လက်မောင်းနှင့် ပခုံးတွင်လည်း သွေးများ စွန်းနေသည်ကို တွေ့ရပေသည်။

'နှင်းကေသရာကော ....'

'နှင်းကေသရာ သခင်မကိုတော့ လက်ရ ဖမ်းဆီးပြီး မြင်းပေါ် တင် ခေါ်သွားတာကို မြင်ခဲ့ရပါတယ်'

'သမိန်စက္ကဝေါကိုယ်တိုင် ပါလာသလား'

သိရိဇြတ်ကမ္ဗန်က မေးလိုက်ပြန်သည်။

'သမိန်စက္ကဝေါတော့ ပါမလာပါဘူး။ သူ့ရဲ့ ကိုယ်ရံတော် တပ်သား ရဲမက်ပင်းတိုးမိတာပါ'

'နှင်းကေသရာကို ဘယ်ခေါ်သွားသလဲ။ သူတို့ရဲ့ နောက်ကို မင်း လိုက်မသွားဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'သူတို့ရဲ့နောက်က မသိမသာလိုက်သွားပြီး အရိပ်အခြည်ကို [illegible] ခဲ့ပါတယ်။ ကျွန်တော် မှန်းဆလို့ ရသလောက်ကတော့ ထန်းတောကြီးဘက် [illegible] သွားလိမ့်မယ် ထင်ပါတယ်'

'ထန်းတောကြီးဘက်ကို သွားတယ်ဆိုတာ ဖြစ်နိုင်တယ်။ ထန်းတော [illegible] ကြီးမှာ သမိန်စက္ကဝေါရဲ့ အိမ်ရှိတယ်။ ထန်းတောကြီးကို လိုက်သွားကြ [illegible] ငါပါ လိုက်ခဲ့မယ်'

ဗိုလ်မင်းဖြတ်ဇကေ စိတ်အားထက်သန်စွာ ပြောလိုက်သည်။

'ဒါထက် မင်းရဲ့ဒဏ်ရာက ပြင်းထန်သလား'

သီရိဖြတ်ကမွန်က မြင်းစေကျော်ဒေဝ၏ သွေးစွန်းနေသော [illegible] အစားများကို ကြည့်ရင်း မေးလိုက်သည်။

'လက်မောင်းက ဒဏ်ရာကတော့ မပြောပလောက်ပါဘူး။ ပခုံး [illegible] ဒဏ်ရာက သွေးမတိတ်သေးဘူး'

'သွေးမတိတ်သေးဘူးဆိုရင် ပေါ့နေလို့ မဖြစ်ဘူး။ သွေးတိတ် [illegible] လုပ်ဦးမှ ဖြစ်မှာ'

သီရိဖြတ်ကမွန်က စိုးရိမ်မကင်းသည့် အမူအရာဖြင့် ပြောရင်း [illegible] ၏ ဒဏ်ရာကို စစ်ဆေးကြည့်ရှုနေပေသည်။

'ကျွန်တော့်ဒဏ်ရာက အရေးမကြီးပါဘူး။ သခင်မကို ကယ် [illegible] အချိန်မီ မကယ်နိုင်ရင် သမိန်စက္ကဝေါရဲ့ လက်ချုပ်တွင်း ကျရောက် [illegible] ရေတိမ်မှာ နစ်ရပါလိမ့်မယ်။ သခင်မကို အချိန်မီ ကယ်ဖို့သာ ကြိုး [illegible]

ဒေဝက မိမိ၏ ဒဏ်ရာကို ဂရုမစိုက်ဘဲ နှင်းကေသရာအတွက် [illegible] သည့် အမူအရာဖြင့် ပြောလိုက်သည်။

'သမိန်စက္ကဝေါ ထန်းတောကြီးမှာ ရှိသလား'

သီရိဖြတ်ကမွန်က မေးလိုက်သည်။

'ကျွန်တော် စုံစမ်းသိရသလောက်တော့ ဒီနေ့ည သမိန် [illegible] ထန်းတောကြီးမှာ မရှိဘူး။ သူ့ရဲ့ အဖော်အပေါင်းတွေနဲ့ ကြွေအန်က [illegible] လို့ သိခဲ့ရပါတယ်'

'ဒီလိုဆိုရင် အချိန်တွေတော့ အများကြီး ရှိပါသေးတယ် [illegible] ဒဏ်ရာကို သွေးတိတ်အောင် လုပ်ဦးမှ ဖြစ်မှာ'

သီရိဖြတ်ကမွန်က ဒေဝ၏ ဒဏ်ရာကို စစ်ဆေးကြည့်ရှု [illegible] လိုက်သည်။

'ကျွန်တော့် ဒဏ်ရာက အရေးမကြီးပါဘူး။ ဒေါ်အို [illegible]





[illegible]သားပဲ။ ဒီဒဏ်ရာလောက်တော့ ဒေါ်အိုဇာလည်း [illegible] သခင်မ [illegible]သာ အချိန်မီ ကယ်တော်မူပါ။ မကြာခင် [illegible] [illegible]ကရင် သမိန်စက္ကဝေါ ပြန်ရောက်လာပါလိမ့်မယ်'

ဒေဝက နှင်းကေသရာအတွက် စိုးရိမ်သည့် အမူအရာဖြင့် [illegible] [illegible]သည်။

'ဟုတ်သားပဲ၊ ကဲ ဒေါ်အိုဇာကို ကျွန်တော် သွားနှိုးလိုက်ဦးမယ်၊ [illegible]သိန်းတွေကိုလည်း နှိုးလိုက်စမ်းပါ။ ကျွန်တော်တို့ရဲ့ မြင်းတွေက [illegible] [illegible] မြင်းကောင်းကောင်းနှစ်ကောင်ကို ကကြိုးတန်ဆာဆင်ထားဖို့ မြင်းသိန်း [illegible]ကို တာဝန်ပေးလိုက်ပါ'

သီရိဖြတ်ကမွန်သည် ဗိုလ်မင်းဖြတ်ဇအား တာဝန်ပေးခဲ့ပြီး ဒေါ်အိုဇာ [illegible] အိပ်ရာမှနှိုးရန် ဒေါ်အိုဇာ၏ အိပ်ရာခန်းဆီသို့ အပြေးအလွှား လာခဲ့ပေသည်။ [illegible]တွင် ဒေါ်အိုဇာကို ၎င်း၏ အိပ်ခန်းတွင် မတွေ့ရပေ။

နေရာအနှံ့ လိုက်လံ ရှာဖွေသော်လည်း ဒေါ်အိုဇာအား အရိပ်အယောင် [illegible] မတွေ့ရဘဲ ပျောက်ခြင်းမလှ ပျောက်နေသဖြင့် လက်လျှော့ပြီး ပြန်ခဲ့ရပေ [illegible]

မြင်းဇောင်းရှိရာသို့ သီရိဖြတ်ကမွန် ပြန်ရောက်လာချိန်တွင် ဗိုလ်မင်း [illegible]သည် ကကြိုးတန်ဆာ ဆင်ထားသည့် မြင်းနှစ်ကောင်နှင့်အတူ အသင့် [illegible]နေသည်ကို တွေ့ရပေသည်။

'သမိန်စက္ကဝေါရဲ့ အိမ်ကို ဗိုလ်မင်း သိတယ် မဟုတ်လား'

မြင်းကိုယ်စီဖြင့် ထွက်လာခဲ့ကြစဉ် သီရိဖြတ်ကမွန်က ဗိုလ်မင်းဖြတ်ဇ [illegible] မေးလိုက်သည်။

'ကောင်းကောင်းကြီး သိတာပေါ့၊ ငါ လမ်းပြသွားပါမယ်။ ဒါပေမဲ့ [illegible]ယတော့ ရှိပါစေ။ လမ်းမှာ ချောင်းမြောင်းပြီး လုပ်ကြံမယ့် အကောင်တွေ [illegible] ရှိနေလိမ့်မယ်'

ဗိုလ်မင်းဖြတ်ဇက သတိပေးလိုက်ပြီး ရန်သူများ ပုန်းအောင်းခိုလှုံ [illegible] နေရာများကို ရှောင်ရှားပြီး ထန်းတောကြီးဘက်ကို ဦးတည်၍ [illegible]အတိုင်း ခရီးနှင်ခဲ့ကြပေသည်။

'ဒီတစ်ချီတော့ သမိန်စက္ကဝေါနဲ့ အပြီးအပိုင် စာရင်းရှင်းရမှာပဲ။ [illegible]သံချေးရဲ့ အစွမ်းသတ္တိကို ပြလိုက်ရဦးမှာပေါ့'

သီရိဖြတ်ကမွန်၏ ကြုံးဝါးလိုက်သည့်အသံကို မြင်းခွာသံများ ကြား [illegible] [illegible]လိုက်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၆

ခြောက်ပြန်လေ တိုက်ခတ်လိုက်သည့် အခါတိုင်း ရိုးတွင်းခြင်ဆီခိုက်အေး ချမ်းစိမ့်စိမ့် ဖြစ်သွားစေသော်လည်း ကဝေမကြီးဟု သမုတ်ခြင်း ခံခဲ့ရသော ဒေါ်အိုဇာမှာမူ ချမ်းရစိမ့်ရမှန်းမသိဘဲ မှုန်ဝါးဝါးလရောင်ကို အားကိုးအားထား ပြုကာ မြို့စားလေး ဗညားအိမ်၏ စံအိမ်တော်မှ ဗောလမွန်၏ လယ်တော ရှိရာသို့ တောင်ဝှေးကို ထောက်ကာ ထောက်ကာနှင့် လာနေသည်ကို တွေ့ရပေသည်။

မြင်းဒေးကျော်ဒေဝ၏ ဒဏ်ရာများကို ဆေးသိပ်ပေးရန်အတွက် ဒေါ် အိုဇာအား သီရိဗြဘ်ကမွန် လိုက်လံ ရှာဖွေခဲ့စဉ်က ဒေါ်အိုဇာမှာ သီရိဖြတ်ကမွန် အား လိုက်လံရှာဖွေလျက် ရှိသဖြင့် လူချင်းလွဲသွားခဲ့ခြင်း ဖြစ်ပေသည်။ သီရိ ဖြတ်ကမွန်ကို ရှာ၍ မတွေ့သောအခါ ဒေါ်အိုဇာသည် အထုပ်တစ်ထုပ်ကိုပိုက် တောင်ဝှေးကို အားပြုကာ ဗောလကွန်၏ လယ်တောရှိရာသို့ လာခဲ့ခြင်း ဖြစ် ပေသည်။

ဗောလကွန်၏ လယ်တောသို့ ရောက်ရှိလာသောအခါ တစ်အိမ်လုံး လုံး အိပ်မောကျနေဟန်တူ၏။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည့် ဗောလကွန် ၏ နေအိမ်သို့ ရှေးရှုလာခဲ့ပြီး အိမ်ရှေ့သို့ ရောက်သည်နှင့်တစ်ပြိုင်နက် တံခါးကို တောင်ဝှေးနှင့်ခေါက်၍ အိမ်ရှင်ကို မရမက နှိုးနေပေသည်။

မကြာမီ အိမ်ပေါ်မှ လှုပ်လှုပ်ရှားရှား အသံများ ကြားရပြီး အိမ်ရှင် ဗောလကွန်၏ အသံကို ဆက်လက်ကြားရပေသည်။

'တံခါးခေါက်တာ ဘယ်သူလဲ'

ဗောလကွန်က အိပ်ချင်မူးတူးအသံဖြင့် မေးလိုက်သည်။

'ကျုပ်ပါ၊ ဒေါ်အိုဇာလေ။ သီရိမာလာ ထိပ်ထားသခင်မကို အရေး တကြီး သံတော်ဦးတင်စရာ ရှိလို့ လာခဲ့တာပါ'

ဒေါ်အိုဇာက အဖြေပေးလိုက်သည်။

'ပန်းလှိုင်ထိပ်ထားသခင်မ စက်တော်ခေါ်နေတယ်'

'စက်တော်ခေါ်နေရင် နှိုးပေးစမ်းပါ။ စစ်သည်တော်ကြီး သီရိဖြတ်ကမွန် ရဲ့ သေရေးရှင်ရေးကိစ္စမို့ အရေးတကြီး လာခဲ့ကြောင်း လျှောက်တင်ပေး'

ဒေါ်အိုဇာက မိမိ လာသည့်ကိစ္စကို အရိပ်အမြွက်မျှ ပြောလိုက်သည်။

သီရိဖြတ်ကမွန်၏ သေရေးရှင်ရေးကိစ္စဆိုသည့် စကားကို ကြား သောအခါ ဗောလကွန်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး တံခါးကို ဖွင့်ပေးလိုက် သည်။





'ဗိုလ်မင်းသီရိဖြတ်ကမွန်ရဲ့ သေရေးရှင်ရေးကိစ္စ ဟုတ်လား၊ ဒီလို ဆိုရင် ထိပ်ထားသခင်မကြီးကို စက်ရာကနှိုးပြီး သံတော်ဦးတင်မှ ဖြစ်မယ်'

ဗောလကွန်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပေသည်။

တံခါးဖွင့်ပေးလိုက်ပြီးနောက် ဗောလကွန်သည် ဒေါ်အိုဇာအား ပန်းလှိုင်ထိပ်ထား သီရိမာလာသခင်မ စံနေတော်မူသည့် အခန်း ... ခေါ်သွား ခဲ့ပေသည်။

'လူမမာ ဘယ့်နှယ့်နေသလဲ'

ဒေါ်အိုဇာက မင်းစည်သူ၏ အခြေအနေကို မေးလိုက်သည်။

'သက်သာပါတယ်။ ဒါပေမဲ့ အားသိပ်မရှိသေးဘူး။ ထိပ်ထားသခင်မကြီး ကိုယ်တော်တိုင် ပြုစုတော်မူနေတယ်'

ဗောလကွန်က အဖြေပေးရင်း သီရိမာလာထိပ်ထား သခင်မ၏ အိပ်ခန်း ဆောင် တံခါးကို အသာခေါက်လိုက်သည်။ မကြာမီ သီရိမာလာထိပ်ထားသခင်မ ၏ အသံကို ကြားရပြီး အိပ်ခန်းဆောင်တံခါး ပွင့်လာပေသည်။

'အလို ဒေါ်အိုဇာ၊ ညဥ့်အချိန်မတော် ဘာကိစ္စနဲ့ လာရတာလဲ။ ... ဗောလကွန်က သီရိဖြတ်ကမွန်ရဲ့ သေရေးရှင်ရေးဆိုတဲ့ စကားကို သခင်မ ကြား သလိုလိုပဲ။ စစ်သည်တော်ကြီး ဘာဖြစ်လဲ၊ ဘယ်သူနဲ့များ ဓားစွမ်းပြိုင်နေပြန် သလဲ'

'ဓားစွမ်းပြိုင်ခြင်း မဟုတ်ကြောင်းပါ။ စစ်သည်တော်ကြီးကို ချောင်း မြောင်းပြီး လုပ်ကြံရန် ကြံစည်နေကြကြောင်းပါ'

ဒေါ်အိုဇာက အဖြေပေးလိုက်သည်။

'ဟင် ဟုတ်လား၊ နို့ .... စစ်သည်တော်ကြီးကော လူယုတ်မာတွေနဲ့ ... ချက်နဲ့ ဒဏ်ရာရသွားလို့ သခင်မဆီကို ပြေးလာပြီး အကြောင်းကြားတာ လား၊ ပြောစရာ ရှိတာကို မြန်မြန်ပြောစမ်းပါ။ စစ်သည်တော်ကြီး မသေသေးဘူး ဟုတ်လား'

သီရိမာလာထိပ်ထားသခင်မက သီရိဖြတ်ကမွန်အတွက် စိုးရိမ်သည့် လေဖြင့် ပြောလိုက်သည်။

'စစ်သည်တော်ကြီးကို တစ်ညလုံး ရှာလို့ မတွေ့ကြောင်းပါ၊ ထိပ်ထား သခင်မကြီးဆီကို ရောက်နေလိမ့်မယ်ထင်လို့ အချိန်မီ သတိပေးနိုင်အောင် လိုက်လာ ခဲ့ခြင်း ဖြစ်ကြောင်းပါ'

'တူတော်မောင် ဗညားအိမ်ရဲ့ စံအိမ်တော်မှာ စစ်သည်တော်ကြီး မရှိဘူးလား'



www.burmeseclassic.com

'နေရာအနှံ့အပြား လိုက်လံရှာဖွေသော်လည်း မတွေ့ခဲ့ရကြောင်း'

ဒေါ်အိုဇာက အဖြေပေးလိုက်သည်။

'စစ်သည်တော်ကြီးကို ချောင်းမြောင်းလုပ်ကြံဖို့ ကြံစည်နေတယ်ဆိုတာ သေချာရဲ့လား'

'သေချာလှကြောင်းပါ။ လေးသည်တော် စောနုသိန်ကို တာဝန်ယူ ကြောင်းပါ။ ဘုရားကျွန်မရဲ့ နားနဲ့ဆတ်ဆတ် ကြားခဲ့ရကြောင်းပါ'

'လေးသည်တော် စောနုသိန် ဟုတ်လား၊ စောနုသိန်ဟာ တူတော်မောင် မင်းသိဒ္ဓတ်ရဲ့ ကိုယ်ရံတော်တပ်မှူး မဟုတ်လား'

'မှန်လှကြောင်းပါ ဘုရား၊ ဗိုလ်မှူးသမိန်စက္ကဝေါရဲ့ ဩဇာခံ သစ္စာတော်တစ်ဦးလည်း ဖြစ်ကြောင်းပါ၊ ထိပ်ထားသခင်မကြီးရဲ့ တူတော်မောင်မင်းသိဒ္ဓတ် ပင်လျှင် သမိန်စက္ကဝေါရဲ့ ဩဇာကို မလွန်ဆန်ဝံ့သူ ဖြစ်ကြောင်းပါ။ မင်းသိဒ္ဓတ် အပေါ်တွင် သမိန်စက္ကဝေါ နိုင်ချက်တစ်ခု ရှိထားကြောင်းပါ'

'ဒေါ်အိုဇာ လျှောက်တင်တာကို သခင်မ ကောင်းကောင်း နားမလည်ဘူး။ နားထွေးကုန်ပြီ။ ရှင်းရှင်းလင်းလင်း လျှောက်တင်စမ်းပါဦး'

သီရိမာလာသခင်မက ခေါင်းရှုပ်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'ရွှေနားဆင်တော်မူပါ၊ စစ်သည်တော်ကြီးကို လုပ်ကြံဖို့ ကြံစည်မှုမှာ သုံးကြိမ်တိုင်တိုင် ရှိသွားပြီ ဖြစ်ကြောင်းပါ။ ကသိုလ်ကံကောင်း ထောက်မ၍သာ ယခု အချိန်အထိ အသက်ရှည်နေခြင်း ဖြစ်ကြောင်းပါ။ စစ်သည်တော်ကြီးကို လုပ်ကြံဖို့ ကြံစည်နေကြောင်း ဘုရားကျွန်မ သိပါသည်။ ရန်သူတွေရဲ့ ခြေလှမ်းကို နေ့ရောညပါ မျက်ခြည်မပြတ် ထောက်လှမ်းလျက် ရှိကြောင်းပါ။ ယမန်နေ့ ညဦးပိုင်းက မြို့စားလေး ဗညားအိမ်ရဲ့ ဥယျာဉ်အတွင်းသို့ သမိန်စက္ကဝေါ ရောက်ရှိလာသည်ကို သိသဖြင့် သမိန်စက္ကဝေါကို တိတ်တဆိတ် ခြေရာခံပြီး လိုက်သွားကြောင်းပါ။ ဥယျာဉ်အလွန် ကံ့ကော်ပင်ပျိုများ အစီအရီ ပေါက်လျက်ရှိတဲ့ ကံ့ကော်မြိုင်ကို ရောက်တဲ့အခါ သမိန်စက္ကဝေါက လေချွန်ပြီး အချက်ပေးလိုက်သည်ကို ကြားရကြောင်းပါ။ ကံ့ကော်မြိုင် ရှိရာသို့ လေးသည်တော် စောနုသိန် တရွေ့ရွေ့ လာနေသည်ကို မြင်ရကြောင်းပါ။ စောနုသိန်ရဲ့ လက်ထဲတွင် ဒူးလေး ကိုင်ဆောင်လာသည်ကို မြင်ရကြောင်းပါ'

'ဟင် ဟုတ်လား၊ ဒေါ်အိုဇာကို သူတို့ မမြင်ဘူးလား'

'သူတို့ မမြင်အောင် တိတ်တဆိတ် ချောင်းမြောင်းပြီး လိုက်လာခဲ့ ဖြစ်ကြောင်းပါ'





'အင်း အတော် သတ္တိကောင်းသားပဲ။ မတော်တဆ ဒေါ်အိုဇာကို သူတို့ တွေ့သွားရင် အရှင်တော့ ထားမှာ မဟုတ်ဘူး။ အသေ သတ်သွားကြမှာ'

'ဒါကို ဘုရားကျွန်မ သိပါတယ်။ ဒါပေမဲ့ စစ်သည်တော်ကြီးအတွက် ဆိုရင် သေရမှာ မကြောက်ပါဘူး။ စစ်သည်တော်ကြီးရဲ့ ကျေးဇူးတွေ ဆပ်ရဖို့ အခွင့်ရေးမှာ မဟုတ်ဘူး'

'ကဲ ရှေ့ဆက်ပြီး ပြောစမ်းပါဦး'

'သမိန်စက္ကဝေါရဲ့ မျက်နှာထားကို ကြည့်ရတာ လေးသည်တော် စောနုသိန်ကို အစိမ်းလိုက် ဝါးစားတော့မလား မှတ်ထင်ရလောက်အောင် ကြောက်မက်ဖွယ်ရာ အသွင်ကို ဆောင်လျက် ရှိကြောင်းပါ။ စောနုသိန်ကို မြင်လျှင်မြင်ချင်း သမိန်စက္ကဝေါက ခွေးနဲ့နှိုင်းပြီး ဆဲရေးနေသည်ကို ကြားရကြောင်းပါ'

'သူတို့ ဘာတွေဆွေးနွေးကြသလဲဆိုတာ သံတော်ဦးတင်စမ်းပါဦး'

သီရိမာလာ ထိပ်ထားသခင်မက စိတ်မရှည်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'မှန်လှပါ၊ သမိန်စက္ကဝေါက စောနုသိန်ကို ဆဲရေးပြီး မင်း အသုံးမကျလို့ သီရိဖြတ်ကမွန် ခုအချိန်အထိ ငါတို့ကို ဒုက္ခပေးနေနိုင်တာ မဟုတ်လား။ ငါတည်း ကိစ္စတုံး စီရင်ပစ်လိုက်ပါလို့ ညွှန်ကြားထားပါလျက်နဲ့ ဘာဖြစ်လို့ ကြာနေရသလဲ။ မင်းရဲ့အရှင်သခင် မင်းသိဒ္ဓတ်က သီရိဖြတ်ကမွန်ကို အမြန်သုတ်သင်ပစ်ဖို့ မင်းကို တာဝန်မပေးဘူးလားဆိုပြီး စောနုသိန်ကို သမိန်စက္ကဝေါက ကြိမ်းလားမောင်းလား လုပ်နေသည်ကို ကြားရကြောင်းပါ'

'အင်း ဟုတ်ပြီ၊ ဒီတော့ စောနုသိန်က ဘာပြန်ပြောသလဲ'

'စောနုသိန်က ကျွန်တော့်ကို တာဝန်ပေးခဲ့ပါတယ်။ တာဝန်ပေးခဲ့တဲ့အတိုင်း ဟောဟိုရှေ့နားက စမ်းချောင်းကလေးဘေးမှာ သူ ရှိနေတုန်း ကျွန်တော် ဒီနေရာက ချောင်းမြောင်းပြီး ဟောဒီ ဒူးလေးနဲ့ ပစ်ခတ်ခဲ့ပါတယ်။ ဒါပေမဲ့ မထိဘဲ သူ့နောက်က သစ်ပင်ကို ထိမှန်ပြီး မြားတန်းလန်းစိုက်ပြီး ကျန်ရစ်ခဲ့ပါတယ်။ ကျွန်တော်ပြောတာ မယုံရင် ဗိုလ်မှူးကိုယ်တော်တိုင် ရှုစားတော်မူပါလို့ စောနုသိန်က ပြန်ပြောရင်း မြားတန်းလန်းနဲ့ သစ်ပင်ကို ညွှန်ပြခဲ့တယ်'

'အင်း ဒါဖြင့် စစ်သည်တော်ကြီးကို သေကြောင်းကြံတဲ့ လက်သည်ပေါ်ပါပြီ။ ကဲ ရှေ့ဆက်ပါဦး'

'စောနုသိန်က အဲဒီလို ပြန်ပြောလိုက်တဲ့အခါ သမိန်စက္ကဝေါက



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ မလွဲစေနဲ့။ ရင်ဝကို တည့်တည့်ချိန်ပြီး တစ်ချက်တည်းနဲ့ ကျိ... သွားအောင် စီရင်ရမယ်လို့ အမိန့်ပေးတယ်။ ပြီးတော့ သီရိဝြတ်ကမွန်... ညဘက်မှာမြင်ရင် မှတ်မိပါ့မလားလို့ သမိန်စက္ကဝေါက မေးတယ်'

'မေးတော့ စောနသိန်က ဘာပြန်ပြောသလဲ'

'သူ့ရဲ့ ကိုယ်လုံးကိုယ်ပေါက်နဲ့ သူ့ရဲ့ ဝတ်စားတန်ဆာကို မှတ်မိပါ... လို့ ပြောတယ်။ သီရိဝြတ်ကမွန်ဟာ များသောအားဖြင့် ကြက်သွေး... ရင်စည်းနဲ့ လိမ္မော်ရောင် ကတ္တီပါအင်္ကျီကို ဝတ်ဆင်လေ့ရှိတာကို သူ မှတ်မိ... တယ်လို့ အဖြေပေးတယ်။ သူ့ကိုယ်မှာလည်း အမြဲတမ်း ဓားကို လွယ်ထား... ရှိတယ် လို့လည်း ပြောသံကြားရပါတယ်'

'အဲဒီတော့ သမိန်စက္ကဝေါက ဘယ်လို အမိန့်ပေးသလဲ'

'ဒီဘာခါ သီရိဝြတ်ကမွန်ကို တွေ့ရာနေရာမှာ အသေသတ်ရမယ်လို့ အမိန့်ပေးတယ်။ အရင်တစ်ခါတုန်းကလို မလွဲစေနဲ့လို့လည်း သတိပေးတဲ့အ... ကြားရပါတယ်။ ဒီတစ်ခါ လွဲရင်တော့ မင်း သေဖို့သာ ပြင်လို့ ကြိမ်းမောင်း... တဲ့ အသံကိုပါ ကြားရတယ်'

'အာဏာသံ ပြင်းလှချည်လား ... ကဲ ရှေ့ဆက်ပါဦး'

'အဲဒီတော့ စောနသိန်က စိတ်ချပါ ဗိုလ်မှူးဆိုပြီး အာမခံချက် ပေးတ... ဒါကို သမိန်စက္ကဝေါက ကျေနပ်ပုံ မရဘူး။ စိတ်ချပါဆိုရုံနဲ့ မပြီးဘူး။ ဒီနေ... နက်ဖြန် ခွေးတိရစ္ဆာန်ကို အဆုံးစီရင်နိုင်ရင် စီရင်၊ မစီရင်နိုင်ရင် ငါ့အကြော... မင်းသိမှာပဲလို့ ကြိမ်းမောင်းပြန်ပါတယ်။ ကြိမ်းမောင်းရုံတင် မကဘူး၊ ဆော... မြို့စားကြီး နတ်ရွာစံခဲ့ရတာဟာ မင်းရဲ့လက်ချက်ပဲဆိုတာ ငါသိတယ်။ မင်း... အရှင်သခင် မင်းသိင်္ခတ်က မြို့စားရာထူး ဆက်ခံချင်လို့ မြို့စားကြီး ဥ... တော်ထဲ ထွက်အလာမှာ ချောင်းမြောင်းလုပ်ကြံဖို့ မင်းကို တာဝန်ပေးခဲ့တာ... မဟုတ်လား။ ဒါတွေကို ငါ အားလုံး သိတယ်။ မင်းရဲ့ အရှင်သခင် မင်းသိင်္ခ... ငါ့ခြေသလုံးဖက်ပြီး တောင်းပန်လို့ ငါ ရေငုံနေခဲ့တာ။ ငါမသိဘူး မထ... သီရိဝြတ်ကမွန်ကို ဒီနေ့ နက်ဖြန် အသေသတ်နိုင်ရင် သတ်၊ မသတ်နိုင်... အရင်တစ်ခါတုန်းကလို မြားဦးချော်သွားမယ်ဆိုရင်တော့ မင်းရော မင်းရဲ့ အ... သခင် မင်းသိင်္ခတ်ပါ မြို့စားကြီးကို လုပ်ကြံမှုနဲ့ ကားစင်တင်ပြီး အသေ... လိမ့်မယ်ဆိုတာ စွဲစွဲမြဲမြဲ မှတ်သားထားပါ ဆိုပြီး သမိန်စက္ကဝေါက စောန... ခြိမ်းခြောက်လိုက်သည်ကို ကြားရကြောင်းပါ။ စောနသိန်ရဲ့ မျက်နှာမှာ သွေး... ဆာသွဲ တုန်လှုပ်ချောက်ချား နေတာကိုလည်း သတိပြုမိကြောင်းပါ'

'စောနသိန်က ဘာပြန်ပြောသေးသလဲ'





'စေတဲ့ကျွန် ထွန်တဲ့နွားဆိုတဲ့ စကားအတိုင်း ကျွန်တော်က ခိုင်းရာ ... လုပ်ရတဲ့လူပါ။ ကျွန်တော့်မှာ အပြစ်မရှိပါဘူး၊ ခိုင်းတဲ့လူမှာသာ အပြစ် ...ပါတယ်လို့ ပြန်ပြောလိုက်တဲ့ အသံကို ကြားရကြောင်း၊ အဲဒီလို ပြန်ပြောတဲ့ ...ခါ သမိန်စက္ကဝေါက အသံထွက်အောင် ရယ်လိုက်ပြီး ထင်းရှူးရုပ်လား ... ...သွဲတာလား။ မင်းလည်း ကြံရာပါပဲ။ ဘာမှ စကားရှည်မနေနဲ့၊ ငါ ...င်းသလို လုပ်မလား၊ မလုပ်ဘူးလား။ ဒါပဲ သိချင်တယ်လို့ သမိန်စက္ကဝေါက ...ဖြတ်ဖြတ်သားသား မေးလိုက်တယ်'

'အဲဒီတော့ စောနသိန်က တာဝန်ယူလိုက်ရောလား'

'မှန်လှကြောင်းပါ၊ တာဝန်ယူလိုက်ကြောင်းပါ။ တာဝန်ယူပြီးတဲ့နောက် ...ရဲ့ အရှင်သခင် မင်းသိင်္ခတ် ပျောက်ခြင်းမလှ ပျောက်နေကြောင်း သမိန်စက္ကဝေါ ...ကို အစီရင်ခံနေသံ ကြားရကြောင်းပါ။ သခင်ကြီးဘုရား မင်းသိင်္ခတ်ကို ဗိုလ်မှူး ...တွေ့ခဲ့ဘူးလားလို့ မေးတဲ့ အသံကိုလည်း ကြားရကြောင်းပါ။ သမိန်စက္ကဝေါက ...ခေါင်းယမ်းပြပြီး မင်းရဲ့ အရှင်သခင်ကို ငါ ထိန်းကျောင်းထားတာ မဟုတ်ဘူးလို့ ...ပြောကြောင်းပါ။ အဲဒီနောက် သမိန်စက္ကဝေါက စစ်သည်တော်ကြီး သီရိဝြတ် ...မွန်ကို ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်ဖို့ စောနသိန်ကို အသေးစိတ် ညွှန်ကြား ...တာကို တွေ့မြင်ခဲ့ရကြောင်းပါ'

ဒေါ်အိုဇာက မိမိ မြင်ခဲ့ကြားခဲ့သမျှ လျှောက်တင်လိုက်ရာ သီရိမာလာ ...သားသခင်မသည် မျက်မှောင်ကြုတ်ပြီး စဉ်းစားနေပေသည်။

'သူတို့ ဘယ်အချိန် တွေ့ဆုံဆွေးနွေးနေကြတာလဲ'

သီရိမာလာ ထိပ်ထားသခင်မက ပြန်မေးလိုက်သည်။

'ညဉ့်ဦးပိုင်းကပါ'

ဒေါ်အိုဇာက အဖြေပေးလိုက်သည်။

'ညဉ့်ဦးပိုင်းကဆိုရင် ဘာဖြစ်လို့ ချက်ချင်းပြေးလာပြီး သံတော်ဦး ...ခင်တာလဲ။ ပေါ့လျော့လှချည်လား။ ခုဆိုရင် အရုဏ်တောင် တက်တော့မယ်'

သီရိမာလာက အပြစ်တင်လိုက်သည်။

'အပြစ်တော်တင်ရင်လည်း ခံရမည် ဖြစ်ကြောင်းပါ။ သူတို့ ဆွေးနွေး ...တိုင်ပင်နေကြသည်ကို တိတ်တဆိတ် ငြိမ်သက်စွာ ချောင်းမြောင်းနားထောင် ...ရခြင်းဖြစ်၍ သူတို့နှစ်ဦး လူချင်းခွဲသွားကြပြီးသည့်နောက်မှ ပုန်းအောင်းနေ ...သည့် နေရာမှ ထွက်လာခဲ့ရကြောင်းပါ။ ပြီးမှ တစ်ဖန် စစ်သည်တော်ကြီးအား ...ကြိုတင်၍ သတိပေးနိုင်စေရန် စစ်သည်တော်ကြီးအား လိုက်လံရှာဖွေနေရ ...ခြင်း အချိန်ကုန်မှန်းမသိ ကုန်သွားရခြင်း ဖြစ်ကြောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းအပြင် စစ်သည်တော်ကြီး ဝတ်စားဆင်ယင်နေကျ လိမ္မော်ရောင် ကတ္တီပါအင်္ကျီကို စစ်သည်တော်ကြီး ဝတ်စားဆင်ယင်နိုင်စေရန် လိမ္မော်ရောင် အဝတ်အစား မှန်သမျှ စစ်သည်တော်ကြီးရဲ့ ကို ဝင်ရောက်မွှေနှောက် ရှာဖွေသိမ်းဆည်း ယူဆောင်ခဲ့ရသဖြင့် အခိုး သွားခြင်း ဖြစ်ကြောင်းပါ။ စစ်သည်တော်ကြီးရဲ့ လိမ္မော်ရောင် အဝတ် မှန်သမျှ ဘုရားကျွန်မ သိမ်းဆည်းယူဆောင်လာခဲ့ကြောင်းပါ'

ဒေါ်အိုဇာသည် မိမိယူဆောင်လာသည့် အထုပ်အပိုးကို သီရိ ၏ ရှေ့တွင် ချပြလိုက်ရာ သီရိမာလာသည် အဝတ်ထုပ်ကိုဖြေပြီး ကြည့် သည်။

'ဟုတ်တယ် ဟုတ်တယ်။ ဒီအဝတ်အစားတွေဟာ စစ်သည်တော် ဝတ်စားဆင်ယင်နေကျ အဝတ်အစားတွေပဲ။ ခုလို သိမ်းဆည်းလာ ကောင်းတယ်။ ဒေါ်အိုဇာ အမြော်အမြင် အရှိသားပဲ'

'မှန်လှကြောင်းပါ၊ လေးသည်တော် စောနသိန်နှင့် သမိန်စက္က အချေအတင် ပြောဆိုနေကြသည့် စကားအရ စစ်သည်တော်ကြီးကို လေးသ တော် စောနသိန် ကောင်းစွာ မှတ်သားမိပုံမပေါ်ကြောင်းပါ။ လိမ္မော်ရောင် ဝတ်ဆင်လေ့ရှိသည်ကိုသာ မှတ်သားထားကြောင်း သိရသဖြင့် လိမ္မော် အင်္ကျီမှန်သမျှ ရှာဖွေသိမ်းဆည်းခဲ့ရခြင်း ဖြစ်ကြောင်းပါ'

'ဒေါ်အိုဇာ ပြောတာ မှန်တယ်။ စစ်သည်တော်ကြီးက လိမ္မော် အဝတ်အစားကို အမှတ်မထင် ဝတ်ဆင်မိရင် စောနသိန်အတွက် အကွက် ဆိုက်သွားလိမ့်မယ်။ ဒါပေမဲ့ စစ်သည်တော်ကြီးကို တွေ့အောင်ရှာပြီး သ ပေးထားဖို့တော့ လိုလိမ့်မယ်'

'စစ်သည်တော်ကြီးကို မြို့စားလေးရဲ့ စံအိမ်တော်မှာ ရှာလို့ ကြောင်းပါ။ ထိပ်ထားသခင်မကြီးထံ ရောက်ရှိနေလိမ့်မယ်လို မှတ်ထင်ပါ ထိပ်ထားသခင်မထံ လာရောက်ခဲ့ခြင်း ဖြစ်ကြောင်းပါ'

'စစ်သည်တော်ကြီး ဘယ်များ သွားနေပါလိမ့်။ စစ်သည်တော် မတွေ့ တွေ့အောင် ရှာပြီး သတိပေးထားဦးမှ ဖြစ်မှာ'

သီရိမာလာ တစ်ယောက်တည်း ပြောသလိုပြောရင်း ငှင်း၏ မှာ သိသိသာသာ တင်းမာခက်ထန်လာပေသည်။

'မတ်တော်မောင် မြို့စားကြီးကို သတ်တဲ့ လက်သည်တရား ဆ သော့တယ်။ မင်းသိဒ္ဓတ် မိုက်မဲလှချည်လား။ မြို့စားရာထူး ဆက်ခံ နဲ့ ဦးရှိုးဆော်ကို ရက်ရက်စက်စက် လုပ်ကြံရက်တယ်။ ရာဇဝင် ရိုင်း







သီရိမာလာက ရေရွတ်လိုက်ပြန်သည်။

'မှန်လှပါ ထိပ်ထားသခင်မကြီးဘုရား၊ စစ်သည်တော်ကြီးရဲ့ အသက် ကာကွယ်ရေးအတွက် ဘယ်လိုကြံကြမှာလဲ ဘုရား။ စစ်သည်တော်ကြီး တွေ့အောင် ရှာကြပါဦး ဘုရား'

ဒေါ်အိုဇာသည် သီရိဇြတ်ကမွန်အတွက် စိုးရိမ်သည့် အနေအထားဖြင့် လာ၏ အကူအညီကို တောင်းခံလိုက်သည်။

'စစ်သည်တော်ကြီးအတွက် မစိုးရိမ်ပါနဲ့။ အရဏ်မတက်ခင် မတွေ့ တွေ့အောင် ရှာနိုင်ပြီး သခင်မရဲ့ မျက်စိအောက်က အပျောက်မခံပါဘူး။ သခင်မရဲ့ မျက်စိအောက်မှာ ထားပါလျက်နဲ့ လုပ်ကြံခံရမယ်ဆိုရင် သခင်မ ကိုယ်တိုင် ရန်သူကို လက်စားချေမယ်။ ဒါလောက်တောင် ရိုင်းပျလှတဲ့ တူတော် ကို သခင်မ ခွင့်မလွှတ်နိုင်ဘူး။ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူ အကျိုးအကြောင်း သံတော်ဦးတင်ပြီး မင်းသိဒ္ဓတ်ကို ထိုက်သင့်တဲ့ ဒဏ်ပေးဖို့ တောင်းဆိုမယ်။ ကဲ ဒေါ်အိုဇာ၊ ပြန်ပေတော့ ပြန်ပေတော့။ သည်တော်ကြီးကို တွေ့လို့ရှိရင် ဒေါ်အိုဇာ မြင်ခဲ့ကြားခဲ့သမျှ ဖွင့်ပြောပြီး ရိယရှိဖို့ သတိပေး နှိုးဆော်လိုက်ပါ။ သခင်မဆီကို အမြန်ဆုံးလာဖို့ ပြောလိုက်ပါ'

သီရိမာလာက ညွှန်ကြားလိုက်သည်။

'ကောင်းလှပါပြီ။ ဒါထက် မင်းစည်သူရဲ့ဒဏ်ရာ သက်သာပါရဲ့လား ရား'

ဒေါ်အိုဇာက ပြန်မေးလိုက်သည်။

'တစ်နေ့ကခြား သက်သာလာပါပြီ။ မကြာခင် မိမွေးတိုင်း ဖမွေးတိုင်း လာပါလိမ့်မယ်။ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာရင် ည်သူကို ဘုရင်မကြီးရှေ့တော်မှောက် အခစားဝင်စေပြီး ထိုက်သင့်တဲ့ နရဲ့ ချီးမြှင့်မြှောက်စားဖို့ သခင်မကိုယ်တိုင် လျှောက်တင်မယ်။ ကြီး အနေနဲ့လည်း မင်းစည်သူကို မြင်ရင် သနားချစ်ခင်တော်မူပြီး သင့်သလို ချီးမြှင့်မြှောက်စားမှာ သေချာတယ်'

'ဒီစကား ကြားရတာ ဝမ်းသာလို့ မဆုံးအောင် ဖြစ်ရကြောင်းပါ။ ကျွန်မ သိမ်းဆည်းယူဆောင်လာတဲ့ စစ်သည်တော်ကြီးရဲ့ ဝတ်စားတန်ဆာ ဘုရားကျွန်မ ပြန်ယူသွားရပါမည်လား ဘုရား'

'ဒီအဝတ်အစားတွေ သခင်မဆီမှာ ထားခဲ့ပါ။ စစ်သည်တော်ကြီးကို လည်း သခင်မဆီကို ချက်ချင်းလာခဲ့ဖို့ ပြောလိုက်ပါ။ သခင်မကည်း



www.burmeseclassic.com

www.burmeseclassic.com

သခင်မရဲ့ ကိုယ်ရံတော်တပ်ဖွဲ့ကို စေလွှတ်ပြီး စစ်သည်တော်ကြီးကို အရှာ လိုက်ပါမယ်။ ကဲ ဒေါ်အိုဇာလည်း ပင်ပန်းနေပြီ။ ပြန်ပေဦးတော့'

သီရိမာလာက ဒေါ်အိုဇာအပေါ်တွင် ကိုယ်ချင်းစာနာသည့် အရှ ဖြင့် အပန်းဖြေရန် ပြောလိုက်ပြီးမှ တစ်စုံတစ်ရာ စဉ်းစားမိသဖြင့် မိမိ၏ လ အဖိုးတန် လက်ဝတ် ရတနာကို ချွတ်လိုက်ပြီး ဒေါ်အိုဇာ၏ လက်သို့ လိုက်သည်။

'စစ်သည်တော်ကြီးအတွက် သက်စွန့်ကြိုးပမ်း သတင်းလာ အတွက် ဆုတော်လာဘ်တော်အဖြစ် သခင်မရဲ့ လက်ဝတ်ရတနာကို လ

သီရိမာလာက ဒေါ်အိုဇာအား လက်ဝတ်ရတနာများ ပေးရင်း လိုက်ရာ၊ ဒေါ်အိုဇာမှာ လက်ဝတ်ရတနာကို လက်လှမ်း၍ မယူဘဲ ခေါင်းတို အတွင် ခါယမ်းနေလေသသည်။

'မှန်လှပါ၊ ဆုတော်လာဘ်တော်ကို မျှော်ကိုးပြီး သခင်မကြီးထံ လာ သတင်းပေးပို့ခြင်း မဟုတ်ကြောင်းပါ။ စစ်သည်တော်ကြီး သီရိဗြတ်ကမ္ ဘုရားကျွန်မရဲ့ အသက်သခင် ကျေးဇူးရှင် ဖြစ်သည်သာမက ဘုရားကျွ အပေါ်၌ မိခင်းရင်းလို ယုယခဲ့သူ ဖြစ်ပါသဖြင့် စစ်သည်တော်ကြီး အတွ လျှင် ဘုရားကျွန်မရဲ့ အသက်နှင့်လဲပြီး အကာအကွယ်ပေးရန် အ ရှိကြောင်းပါ။ သခင်မကြီးရဲ့ လက်ဝတ်ရတနာကို ဆုတော်လာဘ်တော်အ ဘုရားကျွန်မအား ချီးမြှင့်ခြင်းကို ကျေးဇူးအထူးတင်ရှိကြောင်းပါ။ လက် ရတနာကို သခင်မကြီး ပြန်လည်သိမ်းပိုက်တော်မူပါ'

'သခင်မရဲ့ အသည်းလှိုက်အူလှိုက် စေတနာနဲ့ ချီးမြှင့်တာကို လ ပါ။ ဒေါ်အိုဇာ သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ကိစ္စနဲ့ နှိုင်းစာ မယ် ဆိုလျှင် သခင်မ ချီးမြှင့်တော်မူသည့် ဆုတော်လာဘ်တော်ဟာ မ ပ လောက်ပါဘူး။ လက်ဝတ်ရတနာရဲ့ တန်ဖိုးထက် စေတနာကို တန်ဖိုးထား သခင်မ အမြတ်တနိုး ဝတ်ဆင်ထားတဲ့ လက်ဝတ်ရတနာကို လက်ခံပါ'

သီရိမာလာသည် လက်ဝတ်ရတနာကို ဒေါ်အိုဇာ၏ လက်သူကြွ တွင် ဝတ်ဆင်ပေးရင်း ပြောလိုက်ရာ ဒေါ်အိုဇာမှာ ပြောမပြတတ်အောင် ထူး သည့် အာရုံတစ်ခုကို ခံစားနေရပြီး မျက်ရည်များပင် ဝဲ၍လာပေသည်။

'သခင်မကြီးရဲ့ စေတနာကို လေးစားလှကြောင်းပါ။ သို့ရာတွင် ဆုတော်လာဘ်တော်ကို လုံးဝ မမျှော်ကိုးခဲ့ကြောင်းပါ။ စစ်သည်တော်ကြီးအတွ ဆိုရင် ဘုရားကျွန်မ ရှေ့က အသေခံရန် အသင့်ရှိသည်ကို အကြွင်းမဲ့ ယုံကြ တော်မူပါ'





'သခင်မ ယုံကြည်ပါမယ်။ ဒါပေမဲ့ သခင်ရဲ့ လက်ဝတ်ရတနာကို တော့ လက်ခံပါ။ ကဲ ဒေါ်အိုဇာလည်း ပင်ပန်းလှပါပြီ ပြန်ပြီး ပန်းဖြေပါဦး။ စစ်သည်တော်ကြီးအတွက် ခုလို သက်စွန့်ဆံဖျား စွန့်စားခဲ့ ကို စစ်သည်တော်ကြီးရဲ့ကိုယ်စား သခင်မ ကျေးဇူးတင် ဒေါ်အိုဇာရဲ့ ကျေးဇူးကို သခင်မ ဘယ်တော့မှ မမေ့ပါဘူး။ ကဲ — ကဲ — ပြန်ပေဦးတော့'

သီရိမာလာက မိမိ၏ စိတ်ရင်းစေတနာကို ဒေါ်အိုဇာ သ လည်အောင် ရှင်းပြရင်း ဒေါ်အိုဇာအား အပန်းဖြေရန် ပြောလိုက်သည်။

ဒေါ်အိုဇာ ပြန်သွားပြီးနောက် သီရိမာလာသည် ဗောလကွန်ကို ခေါ်၍ ၏ ကိုယ်ရံတော်တပ်ဖွဲ့အား တပ်လှန့်နှိုးဆော်ပြီး သီရိဗြတ်ကမ္ဗုန်အား ကြံရန် ကြံစည်အားထုတ်နေသော မင်းသိဒ္ဓတ်နှင့် မင်းသိဒ္ဓတ်၏ လေးသည် တော် စောနသိန်ကို တွေ့ရာနေရာတွင် ဖမ်းဆီးခေါ်ဆောင်လာရန် အမိန့်ပေး လိုက်သည်ကို တွေ့မြင်ရပေသည်။

## အခန်း ၃၇

နန်းတော်ကြီးရှိ ဗိုလ်မှူးသမိန်စက္ကဝေါ၏ ကြီးကျယ်ခမ်းနားသည့် နေအိမ် အတွင်း လုံခြုံသော အခန်းတစ်ခန်းတွင် ပိတ်လှောင်ထားခြင်း ခံရသော နှင်း ဘေသရာဘွဲ့ခံ ခင်စောမယ်သည် ကျဉ်းမြောင်းလှသည့် လေသာပြတင်းမှ လက်မျဉ်းသော မျက်လုံးများဖြင့် နှင်းတဖွဲဖွဲကျနေသည့်ကြားမှ ရောင်နီပျိုးစ သည့် အရှေ့ဘက်ဆီသို့ မျှော်ကြည့်ရင်း သမိန်စက္ကဝေါ၏ မြင်းခွာသံများ ကြားရမည့် အချိန်ကိုသာ ရင်တမမနှင့် စောင့်ကြိုလျက် ရှိပေသည်။

သမိန်စက္ကဝေါအကြောင်း စဉ်းစားလိုက်သည့်အခါတိုင်း နှင်းဘေသရာ ဘွဲ့ခံ ခင်စောမယ်မှာ အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်သွားပေသည်။ မိမိအား သမိန်စက္ကဝေါ၏ လက်ခုပ်တွင်းမှ ကယ်တင်နိုင်မည့်သူကို စဉ်းစား လိုက်သောအခါ သီရိဗြတ်ကမ္ဗုန်ကို မျက်စိထဲတွင် တရေးရေး မြင်ယောင်လာ သည်။ သို့ရာတွင် မိမိအား သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်သား ဖမ်းဆီးပြီး ထန်းတောကြီးရှိ သမိန်စက္ကဝေါ၏ နေအိမ်သို့ ခေါ်ဆောင်လာ ပြေးပေါက်မရှိအောင် ချုပ်နှောင်ထားသည်ကို သီရိဗြတ်ကမ္ဗုန် ရိပ်တရက်



www.burmeseclassic.com

www.burmeseclassic.com



သိနိုင်လိမ့်မည် မဟုတ်သဖြင့် မိမိအား အချိန်မီ ကယ်တင်နိုင်မည် မဟုတ်ကြောင်း စဉ်းစားမိသောအခါ အလိုလို စိတ်အားငယ်သွားပြန်သည်။

သမိန်စက္ကဝေါ၏ လက်တွင်း၌ အသက်တမျှ ချစ်မြတ်နိုးသော မောင်တော်ဗညားအိမ်အား သစ္စာဖောက်အဖြစ် အပြစ်ဒဏ် သင့်စေနိုင်သော စာတမ်း ရှိနေသဖြင့် သမိန်စက္ကဝေါ၏ လက်ခုပ်တွင်းမှ လွတ်မြောက်ရန် လမ်း မရှိသလောက် ဖြစ်နေသည်ကို စဉ်းစားမိသောအခါ နှင်းကေသရာမှာ မောင်တော် အတွက် စိုးရိမ်ပူပန် သွားပြန်သည်။ မောင်တော်အား ရာဇဝတ်ဘေးမှ ကယ် ရန်မှာ သမိန်စက္ကဝေါ၏ အလိုသို့ လိုက်မှသာ ဖြစ်နိုင်လိမ့်မည်ကိုလည်း စဉ်းစား မိသည်။ သို့ရာတွင် သမိန်စက္ကဝေါ၏ အလိုကို မည်သည့်နည်းနှင့်မျှ မလိုက် သဖြင့် နှင်းကေသရာသည် အကြံအိုက်နေရာမှ ထွက်ပေါက်တစ်ခုကို စဉ်းစား မိသည်။

သမိန်စက္ကဝေါ၏ လက်ခုပ်တွင်းမှ နှင်းကေသရာ လွတ်မြောက်ရန် အတွက် တစ်ခုတည်းသော ထွက်ရပ်လမ်းမှာ မိမိကိုယ်ကိုမိမိ အဆုံးစီရင်ရန် ဖြစ်သည်ကို နှင်းကေသရာ စဉ်းစားမိသောအခါ ကြောက်စိတ်များ ကွယ်ပျောက် သွားပေသည်။

ကြောက်စိတ်များ ကွယ်ပျောက်သွားသည်နှင့် တစ်ပြိုင်နက် နှင်းကေ သရာသည် မိမိအား ချုပ်နှောင်ထားသည့် အခန်း၏ ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်ရှုနေပေသည်။ အခန်း၏ ထောင့်တစ်ထောင့်ရှိ စင်မြင့်ပေါ်တွင် မြင်ရ သည့် နှင်တံနှင့် ဆင်စွယ်ရိုး ဓားမြှောင်တစ်လက်ကို မြင်ရသောအခါ နှင်းကေ သရာမှာ မိမိအကြံအစည် အောင်မြင်တော့မည်ဆိုပြီး ဝမ်းသာအားရ မြင်ရ စင်မြင့်ပေါ်ရှိ ဆင်စွယ်ရိုး ဓားမြှောင်ကိုယူပြီး ၎င်း၏ ရင်စည်းကြားတွင် ထိုး ထားလိုက်သည်။ အရေးကြုံလာလျှင် ထိုဓားမြှောင်ဖြင့် မိမိ၏ ရင်ဝကိုထိုး၍ မိမိ၏ဘဝကို အဆုံးစီရင် သွားရန်လည်း စိတ်ပိုင်းဖြတ်လိုက်သည်။

မကြာမီ အရှေ့ဆီမှ နေရောင်ခြည်သည် တဖွဲဖွဲကျနေသည့် ဆီးနှင်း ထုကို ဖောက်ထွင်းပြီး မှေးမှိန်သော အလင်းရောင်ဖြင့် လောကဓာတ်ကြီး တစ်ခု လုံးကို ပက်ဖျန်းလိုက်ပေသည်။

အလင်းရောင်ကို မြင်ရသောအခါ နှင်းကေသရာမှာ ပိုမို၍ စိတ်အား ထက်ကြွလာပေသည်။ ရင်စည်းကြားတွင် ဝှက်ထားသည့် ဓားမြှောင်မှ ဆင်စွယ် ကို ဆုပ်ကိုင်ရင်း ကျဉ်းမြောင်းသည့် လေသာပြတင်းမှတစ်ဆင့် နှင်းအုံ့ ကျနေသည့် ရှုခင်းကို မျှော်ကြည့်နေပေသည်။ မြင်းခွာသံများ ကြားရမည်ကို လည်း နားစွင့်လျက် ရှိပေသည်။ သမိန်စက္ကဝေါ လာသည်ကိုမြင်လျှင် မိမိသေ





ကို မိမိ အဆုံးစီရင်ရန်လည်း အားမာန်ခဲ၍ ထားလေသည်။ နှင်းကေသရာ၏ ခံကိုယ်လုံးမှာ နတ်ပူးသလိုလို တုန်လှုပ်လျက်ရှိပြီး အလွန်ချမ်းအေးသည့် ဆောင်းနံပင် ဖြစ်စေကာမူ ချွေးစီးများပင် ထွက်၍နေသည်ကို တွေ့မြင်ရပေသည်။

လင်းရောင်ခြည်နှင့်အတူ အိပ်တန်းမှဆင်းပြီး အစာရှာထွက်လာကြ သည့် ကျေးငှက်သာရကာများ၏ တွန်ကျူးသံများကို သာယာနာပျော်ဖွယ် ကြားရပေသည်။ ကျေးငှက်သာရကာများ၏ တေးသံများနှင့်အတူ အိမ်ရှေ့ လာဟန်တူသော လူတစ်စု၏ အသံကို ကြားရပြန်သည်။ ထိုအသံမှာ အခြား မဟုတ်၊ နှင်းကေသရာအား လမ်းခုလတ်မှ ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြသော သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်သား လေးဦး၏ ရယ်သံမောသံများ ဖြစ်ပေ သည်။

ရယ်သံမောသံများနှင့်အတူ ဥယျာဉ်တော်အတွင်း၌ လှုပ်လှုပ်ရှားရှား သဏ္ဌာန်လေးခုကို မြင်ရပြန်သည်။ ထိုသဏ္ဌာန်ကို မြင်ရသောအခါ နှင်းကေသရာ သည် သီရိဖြတ်ကမ္မန်အား တမ်းတမိပြန်သည်။ ထိုတပ်သား လေးဦး၏ ပုံသဏ္ဌာန် ကို လေ့လာကြည့်ရှုလိုက်သောအခါ လွန်ခဲ့သည့် ရက်အနည်းငယ်ခန့်က စံအိမ် တော် ဝင်းအတွင်းသို့ ဝင်ရောက်လာကာ သီရိဖြတ်ကမ္မန်အား ဝိုင်းဝန်းလုပ်ကြံ ရန် ကြံစည်အားထုတ်ခဲ့သူများ ဖြစ်နေသည်ကို တွေ့မြင်ရပေသည်။

ထိုသူလေးဦးသည် ဥယျာဉ်တော်အတွင်းရှိ သစ်ပင်တစ်ပင်၏ အရိပ် အောက်တွင် ဝိုင်းဖွဲ့၍ ရယ်လား မောလား စကားပြောရင်း အရက်သေစာများ သောက်စားနေကြသည်ကို မြင်ရပေသည်။

ထိုအခိုက်တွင် အရှေ့ဘက်စူးစူးဆီမှ မြင်းခွာသံများ ကြားရသဖြင့် နှင်းကေသရာသည် မြင်းခွာသံကြားရာသို့ အာရုံစိုက်၍ ကြည့်နေမိသည်။ မြင်းခွာသံများကို နားထောင်ရင်း ရင်စည်းကြား၌ ဝှက်ထားသည့် ဓားမြှောင်ကို ဓားအိမ်ထဲမှ ဆွဲချွတ်လိုက်ပြီး မိမိ၏အသက်ကို မိမိ အဆုံးစီရင်ရန် အသင့် ပြင်ဆင်ထားလေသည်။

မြင်းခွာသံများ နီးသည်ထက်နီးလာပြီး တဖွဲဖွဲကျနေသည့် နှင်းပွင့်များ ကြားမှ မြင်းသည်တော် နှစ်ဦးကို ရေးရေးမြင်နေရလေသည်။

မြင်းသည်တော်နှစ်ဦး၏ ပုံသဏ္ဌာန်ကို ကြည့်လိုက်သောအခါ တစ်ကိုယ် လုံး ဖုန်အလိမ်းလိမ်းဖြစ်နေသော ယောကျ်ားကောင်းတို့၏ ကြန်အင်လက္ခဏာ နှင့် ပြည့်စုံသည့် စစ်သည်တော်နှစ်ဦး ဖြစ်နေသည်ကို တွေ့မြင်ရပြီး လက်ယာ ဘက်မှ စစ်သည်တော်မှာ နှင်းကေသရာ မျှော်မှန်းတမ်းတနေသည့် သီရိဖြတ် ကမ္မန် ဖြစ်နေသည်ကို မြင်ရသဖြင့် နှင်းကေသရာမှာ မိမိအား သမိန်စက္ကဝေါ၏



www.burmeseclassic.com

www.burmeseclassic.com



ထက်ခုပ်တွင်းမှ ကယ်တင်မည့်သူ ပေါ်လာပြီဆိုပြီး အတိုင်းမသိ ဝမ်းမြောက်
ဝမ်းသာ ဖြစ်သွားကာ မိမိ၏လက်တွင်း၌ ဆုပ်ကိုင်ထားသည့် ဓားမြှောင်
အသုံးချရန် မလိုတော့သဖြင့် ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ပေသည်။

မြင်းသည်တော်နှစ်ဦး လာနေသည်ကို နှင်းကေသရာ မြင်
သစ်ပင်ခြေရင်းတွင် အရက်သေစာ သောက်စားနေကြသော သမိန်စက္က
ကိုယ်ရံတော်တပ်သား လေးဦးကပါ မြင်ကြရသဖြင့် ထိုင်ရာမှ ပြိုင်တူ ထ
ကြသည်။ ပြီးမှတစ်ဖန် မိမိတို့ ရှိရာသို့ လာနေသည့် မြင်းသည်တော်များ
စေ့စပ်သေချာစွာ ကြည့်ရှုနေကြလေသည်။

'ဟိုမှာ .... ဟိုမှာ ကြည့်စမ်း၊ ကြည့်စမ်း။ သျှောင်တစောင်းနဲ့ လူ
ခွေးတိရစ္ဆာန် သီရိဗြတ်ကမ္ဗန် မဟုတ်လား။ လူးပါးဝတဲ့ ခွေးတိရစ္ဆာန်
တွေ အကြောင်း သိကြရောပေါ့။ ဟေ့ ကောင်တွေ .... ဘာငေးနေတာ
ဓားသွားယူချေကြလေ'

ခေါင်းဆောင်နှင့်တူသူက သီရိဗြတ်ကမ္ဗန်နှင့် ဗိုလ်မင်းဖြတ်ဇတို့
ကြက်သေသေပြီး ငေးစိုက်ကြည့်နေကြသည့် ငယ်သား ၃ ဦးအား အမိန့်
လိုက်ရာ ငယ်သားသုံးဦးသည် အိမ်ထဲသို့ ပြေးဝင်သွားပြီး ဓားကိုယ်စီဖြင့်
ထွက်လာကြလေသည်။ ခေါင်းဆောင်အတွက်ပါ ဓားတစ်လက် အပို ယူ
လာကာ ခေါင်းဆောင်၏လက်သို့ ပေးအပ်လိုက်ပြီး သီရိဗြတ်ကမ္ဗန်နှင့် ဗိုလ်
ဖြတ်ဇအား ဆီးကြိုခုခံရန် အသင့် ပြင်ထားကြလေသည်။

သီရိဗြတ်ကမ္ဗန်နှင့် ဗိုလ်မင်းဖြတ်ဇတို့မှာ ခပ်မှန်မှန် လာနေကြ
ကို တွေ့ရသဖြင့် သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်သား လေးဦးမှာ ဓား
ကိုင်၍ ခုခံရန် အသင့်ပြင်ရင်း အားမလို အားမရ ဖြစ်နေကြဟန် တူလေသ

'ဟေ့ကောင်တွေ ဘာငိုင်နေကြတာလဲ၊ အတင်း ဝင်ခုတ်ကြ
လား။ လေးယောက်နဲ့ နှစ်ယောက်ပဲ ကြောက်နေရသလား။ ကျား ဘသ

ခေါင်းဆောင်နှင့်တူသူက ညာသံပေးပြီး ဓားကိုဝင့်၍ သီရိဗြတ်
တို့ လာနေသည့် နေရာသို့ အပြေးလာခဲ့ကြလေသည်။

ဤတွင် သီရိဗြတ်ကမ္ဗန်နှင့် ဗိုလ်မင်းဖြတ်ဇတို့သည် မိမိ
ဓားအိမ်မှ ဓားများကို ဆွဲချွတ်လိုက်ပြီး မြင်းများကို ပြိုင်တူကြိမ်တို့၍ ရန်သူ
ရှိရာသို့ ဒုန်းစိုင်း၍ လာခဲ့ကြရင်း ရန်သူများ အနီးသို့ ရောက်သည်နှင့်
နက် မြင်းပေါ်မှနေပြီး ခုတ်ပိုင်းချလိုက်ရာ ရန်သူများက ဆီးကြိုခံ
လည်း လျှပ်တစ်ပြက်အတွင်း အချက်ပေါင်းများစွာ ထိုးခုတ်ခြင်း ခံ
ကစဉ့်ကလျား ဖြစ်သွားစဉ် သီရိဗြတ်ကမ္ဗန်နှင့် ဗိုလ်မင်းဖြတ်ဇတို့သည်





နောက်သို့ လိုက်၍ တစ်ယောက်ပြီးတစ်ယောက် ခုတ်ပိုင်းချလိုက်ရာ
ယောက်စလုံး ဓားချက်မိပြီး အတုံးအရုံး လဲကျသွားလေသည်။ ၎င်းတို့
ကျသွားသည့် မြက်ခင်းများမှာလည်း သွေးခြင်းခြင်း နီသွားလေသည်။ ရန်သူ
၏ ခုခံမှုကြောင့် သီရိဗြတ်ကမ္ဗန်၏ လက်ဝဲဘက် လက်မောင်းတွင် ဒဏ်ရာ
ကာ သွေးများ ဖြာ၍ ထွက်လာသည်ကို မြင်ရပေသည်။

သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်သား လေးဦးစလုံး အတုံးအရုံး
ကျဆုံးသွားသည်ကို မြင်ရသောအခါ သီရိဗြတ်ကမ္ဗန်သည် မြင်းပေါ်မှ လွှားခနဲ
ဆင်းလိုက်သည်ကို မြင်ရပေသည်။

တိုက်ပွဲ လျှပ်တစ်ပြက်အတွင်း ပြီးဆုံးသွားသော်လည်း ကျဉ်းမြောင်း
လေသာပြတင်းမှ ခေါင်းပြူ၍ ကြည့်နေသော နှင်းကေသရာမှာမူ
မမနှင့် ဖြစ်နေပြီး သီရိဗြတ်ကမ္ဗန် အနိုင်ရပါစေဟု စိတ်ထဲမှ ကျိတ်ပြီး
တောင်းမိပေသည်။ သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်သား လေးဦးစလုံး
အရုံး ကျဆုံးသွားသည်ကို မြင်ရမှ နှင်းကေသရာ ဘဝင်ကျသွားပြီး
က်မှန်မှန် ရှူနိုင်ပေတော့သည်။

ဗိုလ်မင်းဖြတ်ဇမှာလည်း သွေးစွန်းနေသော ဓားသွားမှ သွေးများကို
အဝတ်ဖြင့် သပ်ချလိုက်ပြီး ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်သည်ကို
ပေသည်။ ပြီးမှတစ်ဖန် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းပြီး အတုံးအရုံး ကျဆုံး
သော ရန်သူများအား တစ်ဦးစီ ကြည့်ရှုစစ်ဆေးနေသည်ကို မြင်ရပေသည်။

သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်သားလေးဦးစလုံး ကျဆုံးသွားသည်
ရသောအခါ သမိန်စက္ကဝေါ၏ အိမ်တွင်းရှိ လက်ပါးစေများမှာ ကြောက်
အားနှင့် ခြေဦးတည့်ရာသို့ ထွက်ပြေးကြသည်ကို တွေ့မြင်ရပေသည်။

သီရိဗြတ်ကမ္ဗန်သည် ရန်သူလေးဦး ကျဆုံးနေသည်ကို ကြည့်ရှုပြီး
သော တံခါးမှ သမိန်စက္ကဝေါ၏ အိမ်ပေါ်သို့ တက်သွားပေသည်။ အိမ်ပေါ်
ကသောအခါ နှင်းကေသရာအား ချုပ်နှောင်ထားသည့် အခန်းတံခါးမှ
ကိုဖြုတ်၍ တံခါးကို ဆွဲဖွင့်လိုက်ရာ ဆံပင်ဖားလျားနှင့် ပြေးထွက်လာ
နှင်းကေသရာနှင့် ပက်ပင်းပါ တိုးမိပေသည်။

နှင်းကေသရာမှာ သီရိဗြတ်ကမ္ဗန်ကို မြင်လိုက်ရသောအခါ ဝမ်းသာ
ဖြစ်သွားကာ မျက်ရည်များဝဲနေသော မျက်လုံးများဖြင့် ငေးစိုက်ကြည့်
ရှက်ရမှန်း ကြောက်ရမှန်း မသိနိုင်တော့ဘဲ သီရိဗြတ်ကမ္ဗန်၏ ရင်ခွင်
ပြေးဝင်သွားပြီး သီရိဗြတ်ကမ္ဗန်၏ ကျယ်ပြန့်သည့် ရင်ခွင်ထဲတွင် ခေါင်း၏
ကို ဝှက်ထားပြီး တရှုပ်ရှုပ်ငိုယိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သီရိဖြတ်ကမွန်မှာမူ မိမိ၏ ရင်ခွင်ထဲသို့ နှင်းကေသရာ ပြေးဝင်လာ သောအခါ အံ့အားသင့်နေပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပေသည်။ မိမိ၏ သန်မာသော လက်နှစ်ဖက်ဖြင့် နှင်းကေသရာအား သိမ်းကျုံးပွေ့ဖက်ချင်သော စိတ်များ ဖြစ်ပေါ်လာသော်လည်း မိမိ၏စိတ်ကို မိမိချုပ်တည်းထားလိုက် နောက်သို့ မသိမသာ ဆုတ်လိုက်သည်။ နှင်းကေသရာမှာမူ သီရိဖြတ်ကမွန်၏ ရင်ခွင်ထဲသို့သာ အတင်းတိုးဝင်ပြီး သီရိဖြတ်ကမွန်၏ ခါးကို ဖက်ထားလိုက် သဖြင့် သီရိဖြတ်ကမွန်မှာ ဘာလုပ်ရမှန်း မသိဘဲ အကြောင်သား ငေး၍ ပေသည်။

'ခင်ဗျားမယ်...သတိထားမှပေါ့၊ ဘာဖြစ်လို့ ငိုနေရတာလဲ။ ခင် ကို လူယုတ်မာရဲ့ လက်ခုပ်တွင်းက ကယ်တင်ဖို့ ငမိုက်သား သီရိဖြ ရောက်လာပြီလေ။ တိတ်ပါ....တိတ်ပါ'

သီရိဖြတ်ကမွန်သည် ကွဲအက်သည့် အသံဖြင့် နှစ်သိမ့်လိုက် နှင်းကေသရာအား ပွေ့ဖက်ပစ်လိုက်ချင်သော စိတ်ကိုလည်း ချုပ်တည် လိုက်ပြီး နှင်းကေသရာအား မိမိ၏ ရင်ခွင်ထဲမှ မသိမသာ ခွာထုတ်နေပေ

'စစ်သည်တော်ကြီး၊ စစ်သည်တော်ကြီးရဲ့ ကျေးဇူးတွေကို နှ သရာ ဘယ်လိုလုပ်ပြီး ဆပ်ရမလဲ။ စစ်သည်တော်ကြီးသာ အချိန်မီ ရောက်မ ဆိုရင် နှင်းကေသရာ ရေတိမ်နစ်ရမှာ အမှန်ပဲ။ နှင်းကေသရာ အနေနဲ့ ရေတိမ်အနစ်မခံနိုင်ဘူး။ စစ်သည်တော်ကြီးသာ အချိန်မီ ရောက်မလာဘူး ဟောဟိုကြမ်းပြင်ပေါ်က ဓားမြှောင်နဲ့ နှင်းကေသရာကိုယ်ကို အဆုံး စိတ်ပိုင်းဖြတ်ထားပြီးပြီ။ မာန်မာနတရားတွေ ဖုံးလွှမ်းပြီး ရန်သူကို မိ ထင်၊ အမှားကို အမှန် ထင်ခဲ့တဲ့ နှင်းကေသရာရဲ့ စိတ်မိုက်စိတ်ရိုင်း လိမ္မာယဉ်ကျေးလာစေပြီး အမြင်မှန် ရလာအောင် ဆုံးမပဲ့ပြင်ရုံသာမက နှ သရာရဲ့ အရှက်နဲ့ အသက်ကိုပါ အကာအကွယ်ပေးခဲ့တဲ့ စစ်သည်တော် ကျေးဇူးကို နှင်းကေသရာ ဆပ်လို့ ကုန်မှာ မဟုတ်ဘူး'

နှင်းကေသရာသည် သီရိဖြတ်ကမွန်၏ ရင်ခွင်ထဲ တိုးရင်း ရှိုက်သမျှ ကရားရေလွှတ်သလို တတွတ်တွတ် ပြောဆိုနေပြန်သည်။

သီရိဖြတ်ကမွန်မှာမူ တစ်ခွန်းတစ်ပါဒမျှ ပြန်မပြောနိုင်ဘဲ နှ သရာအား တွေတွေကြီးကြည့်ရင်း မသိမသာ ဆုတ်ခွာခဲ့ရာမှ မိမိ၏ ချုပ်တည်းနိုင်တော့ဘဲ မိမိ၏ရင်ခွင်ထဲသို့ တိုးလာသော နှင်းကေသ ၎င်း၏ သန်မာတောင့်တင်းသည့် လက်ဖြင့် ဖက်ထားလိုက်မိပေသည်။ နှ





ရာမှာမူ သီရိဖြတ်ကမွန်၏ ရင်ခွင်ထဲတွင် ၎င်း၏ မျက်နှာကို ဝှက်ထားရင်း ျက်ရည်စများကို သီရိဖြတ်ကမွန်၏ အကျႌစနှင့် ပွတ်သပ်ပစ်လိုက်ပေသည်။

'စစ်သည်တော်ကြီးကို ဒုက္ခအမျိုးမျိုးပေးခဲ့တဲ့ အမိုက်မ နှင်းကေသရာ ပေါ်မှာ စစ်သည်တော်ကြီး ခွင့်လွှတ်နိုင်သေးရဲ့လား'

နှင်းကေသရာသည် သီရိဖြတ်ကမွန်အား မရဲတရဲ မော့ကြည့်ရင်း းလိုက်သည်။ သီရိဖြတ်ကမွန်မှာမူ မျက်နှာသေကြီးဖြင့် လေသာပြတင်းမှ င်ပသို့ ငေးစိုက်ကြည့်ရင်း သက်ပြင်း ချလိုက်ပေသည်။ သီရိဖြတ်ကမွန်၏ က်နှာကို မော့၍ အကြည့်လိုက်တွင် ၎င်း၏လက်မောင်းမှ သွေးစိမ်းရှင်ရှင် ာ်နေသည်ကို မြင်ရသဖြင့် နှင်းကေသရာမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွား သည်။

'စစ်သည်တော်ကြီး၊ စစ်သည်တော်ကြီးရဲ့ လက်မောင်းမှာ သွေးတွေ လား'

နှင်းကေသရာက စိုးရိမ်ပူပန်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'အပေါ်ယံရှပ်ပြီး ဓားဦးနဲ့ ထိမိသွားတဲ့ ဒဏ်ရာပါ။ မပြောပလောက် ဘူး'

'မပြောပလောက်ဘူး ဆိုပေမဲ့ ဒီအတိုင်း ကြည့်နေလို့ မဖြစ်ဘူး။ ည်ဆေးပြီး သွေးတိတ်အောင် ဆေးသိပ်ဦးမှပေါ့'

နှင်းကေသရာသည် သီရိဖြတ်ကမွန်၏ သွေးစွန်းနေသော လက်ကို ကိုင်ရင်း ပြောလိုက်သည်။

'ဗိုလ်မင်းဖြတ်ဇက အဝတ်နဲ့ စည်းနှောင်ပေးထားလို့ သွေးတိတ် ပါပြီ။ ဒဏ်ရာက စိုးရိမ်စရာ မရှိပါဘူး။ အပေါ်ယံရှပ်ပြီး ခြစ်မိတဲ့ ဒဏ်ရာ လေးပါ'

သီရိဖြတ်ကမွန်က ပြန်ပြောလိုက်သည်။

'ဖြတ်ကမွန် ပြောတာ မှန်တယ်။ ဒဏ်ရာက မပြောပလောက်ပါဘူး။ တော့ ကျုပ်ကိုယ်တိုင် ရေနဲ့ဆေးကြောပြီး သွေးတိတ်အောင် အဝတ်နဲ့ နှောင်ပေးထားပြီးပါပြီ။ ဒဏ်ရာအတွက် စိုးရိမ်စရာ မရှိပါဘူး။ ဖြတ်ကမွန် နဲ့ ဒီဒဏ်ရာလောက်ကို မှုက်ခြင် ကိုက်သလောက်တောင် မဖြုပါဘူး'

သီရိဖြတ်ကမွန်၏ နောက်မှ အိမ်ပေါ်သို့ တက်လိုက်လာသော ဗိုလ်မင်း ဇက အခန်းဝမှ ရပ်၍ကြည့်ရင်း ပြောလိုက်သည်။

'သူက ဘယ်သူလဲ၊ သစ္စာဖောက်မင်းနန္ဒာ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာမှာ ဗိုလ်မင်းဖြတ်ဇကို မြင်လိုက်ရသောအခါ ထိတ် သည့် အမူအရာဖြင့် သီရိဖြတ်ကမွန်ဘက်သို့ လှည့်၍ မေးလိုက်သည်။

'သစ္စာဖောက်မင်းနန္ဒာ မဟုတ်ပါဘူး။ အင်းဝက စေလွှတ်လိုက် သစ္စာဖောက် မင်းနန္ဒာကို လက်ရ ဖမ်းဆီးရမိထားပါပြီ။ ဒါက ကျွ သွေးသောက်ရဲဘော် ဗိုလ်မင်းဖြတ်ဇပါ။ သစ္စာဖောက်မင်းနန္ဒာ ဟန်ဆောင် သစ္စာဖောက်တွေရဲ့ အကြံအစည် ပျက်ပြားသွားအောင် အတွင်းက ဝင် ပူးသတ်ခဲ့တာပါ'

သီရိဖြတ်ကမွန်က ရှင်းပြလိုက်မှ နှင်းကေသရာမှာ ဘဝင် ကျ ပေသည်။

'ဗိုလ်မင်းဖြတ်ဇ အပေါ်မှာ နှင်းကေသရာ အထင်လွဲခဲ့မိတာ ခွင့် ပါ။ ကဲ မင်္ဂလာမရှိတဲ့ အိမ်ကြီးမှာ ဆက်ပြီးနေလို့ အကျိုးထူးမှာ မဟုတ် လူယုတ်မာ သမိန်စက္ကဝေါ ပြန်မလာခင် သွားကြပါစို့'

နှင်းကေသရာက သတိပေးလိုက်သည်။

'သွားကြပါစို့ ဟုတ်လား၊ ဖြတ်ကမွန် .... ဘယ်လို သဘောရ

ဗိုလ်မင်းဖြတ်ဇက သီရိဖြတ်ကမွန်၏ သဘောထားကို တီး ကြည့်လိုက်သည်။

'နှင်းကေသရာ ပြောတာ နည်းလမ်းအကျသားပဲ။ ကဲ နှင်းကေ ကို စံအိမ်တော်အရောက် ပြန်ပို့ပေးဖို့ ဗိုလ်မင်းဖြတ်ဇကို ကျွန်တော် တာ လွှဲလိုက်မယ်'

သီရိဖြတ်ကမွန်က ဗိုလ်မင်းဖြတ်ဇအား ပြန်ပြောလိုက်ပြီး နှင်းကေသရာဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကဲ နှင်းကေသရာ၊ ဗိုလ်မင်းဖြတ်ဇနဲ့ လိုက်သွားပေတော့။ အ အကြောင်းကံ မကုန်သေးရင် ပြန်တွေ့ကြရဦးမှာပေါ့'

သီရိဖြတ်ကမွန်က နှင်းကေသရာအား ဗိုလ်မင်းဖြတ်ဇနှင့် လိုက် ရန် ပြောရင်း ကွဲအက်သည့် အသံဖြင့် နှုတ်ဆက်လိုက်သည်။

ဗိုလ်မင်းဖြတ်ဇမှာမူ နှင်းကေသရာကို တစ်လှည့်၊ သီရိဖြတ်က တစ်လှည့် အဓိပ္ပာယ်ပြည့်ဝသော မျက်လုံးများနှင့် ကြည့်ရင်း တစ်ယောက် ကို ဘ်၍ ပြုံးလိုက်သည်။

'စစ်သည်တော်ကြီးကော နှင်းကေသရာတို့နဲ့အတူ လိုက်မလာ

နှင်းကေသရာက မျက်စ ချီ၍ မေးလိုက်သည်။





'လိုက်လို့ မဖြစ်သေးဘူး။ နှင်းကေသရာသာ ဗိုလ်မင်းဖြတ်ဇနဲ့ လိုက် ပါ'

'ဘာဖြစ်လို့ မလိုက်နိုင်ရတာလဲ'

နှင်းကေသရာက စောဒက တက်လိုက်သည်။

'သမိန်စက္ကဝေါနဲ့ စာရင်းရှင်းစရာ ရှိသေးတယ်'

သီရိဖြတ်ကမွန်က လက်ပိုက်ပြီး ရင့်ကျက်သည့် ဣန္ဒြေဖြင့် ပြန်ပြော လိုက်သည်။

'ဘာလဲ၊ သမိန်စက္ကဝေါနဲ့ ဓားချင်း ယှဉ်ခုတ်ကြဦးမလို့လား'

နှင်းကေသရာက စိုးရိမ်သည့် အမူအရာဖြင့် မေးလိုက်ပြန်သည်။

'ဓားချင်း ယှဉ်ခုတ်ဖို့ မခုတ်ဖို့ဆိုတာက သမိန်စက္ကဝေါ အပေါ်မှာ သည်နေပါတယ်'

'ဓားချင်း ယှဉ်ခုတ်လို့ ဖြစ်နိုင်ပါ့မလား။ စစ်သည်တော်ကြီးရဲ့ လက် င်းမှာ ဒဏ်ရာကြီးနဲ့။ ပြီးတော့ စစ်သည်တော်ကြီးက တစ်ယောက်တည်း။ နိုင်နက်ထဲမှာ ဆိုတော့ သူ့အတွက် အခွင့်သာမနေဘူးလား။ လာပါ၊ တ်မာနဲ့ ယှဉ်ပြိုင်ပြီး ခိုက်ရန်ဒေါသ မဖြစ်ချင်စမ်းပါနဲ့။ စစ်သည်တော်ကြီး ယောက်တည်း နေရစ်ခဲ့မှာဆိုရင်တော့ နှင်းကေသရာ ဘယ်နည်းနဲ့မှ ခွင့် နိုင်ဘူး'

နှင်းကေသရာက သီရိဖြတ်ကမွန်အား ခေါ်နေလေသည်။ သို့ရာတွင် ဖြတ်ကမွန်သည် ရုတ်တရက် အဖြေမပေးသေးဘဲ ၄င်း၏ကိုယ်တွင် လွယ် သည့် လက်သုံးတော် ကိုးသချိုင်းသံဓားကို ဓားအိမ်မှ ဆွဲရွတ်ပြီး လက်ထဲ ဆ ကြည့်လိုက်သည်။

'စစ်သည်တော်ကြီး၊ ဒါက ဘာလုပ်တာလဲ။ စစ်သည်တော်ကြီးရဲ့ ဓားအိမ်ထဲ ပြန်သွင်းလိုက်စမ်းပါ'

နှင်းကေသရာက ထိတ်လန့်တကြား ပြောလိုက်သည်။

'ဓားအိမ်ထဲ ပြန်သွင်းလို့ မဖြစ်ဘူး။ ကျုပ်ရဲ့ 'ကိုးသချိုင်းသံဓားက အိမ်ထဲက ဆွဲထုတ်ပြီးရင် သွေးမသောက်ရဘဲ ဓားအိမ်ထဲ ပြန်သွင်းလို့ ဘူး၊ ဒီနေ့ သမိန်စက္ကဝေါရဲ့သွေး သောက်ရလိမ့်မယ်'

သီရိဖြတ်ကမွန်က တင်းမာခက်ထန်သော အမူအရာနှင့် ပြန်ပြော သည်။

'စစ်သည်တော်ကြီး ပြောလို့ မရတော့ဘူးလား။ လာပါ၊ သွားကြ မယ်'



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာက သီရိဗြတ်ကမ္ဘန်၏ လက်မောင်းကို ဆုပ်ကိုင်၍ ရေ့ကာ ခေါ်နေပြန်သည်။

'သမိန်စက္ကဝေါကို ကြောက်လို့ အမြီးကုပ် ပြေးပြီလို့ အပြောခံနေ ဦးမယ်'

သီရိဗြတ်ကမ္ဘန်က ရယ်သွမ်းသွေးပြီး ပြောလိုက်သည်။

'သမိန်စက္ကဝေါကို စစ်သည်တော်ကြီး မကြောက်ဘူးဆိုတာ နှင်း သရာ သိပါတယ်။ ဟိုနေ့တုန်းကလည်း ကြောက်လို့ ထွက်ပြေးတာ မဟုတ် ဆိုတာ နှင်းကေသရာ ယုံပါတယ်။ စစ်သည်တော်ကြီးမှာ ကြောက်စိတ် မရှိဘူး ဆိုတာ နှင်းကေသရာ သိပြီးပါပြီ။ သူများတွေ ပြောနေတာကို လို့သာ စိတ်လိုက်မာန်ပါ ပြောခဲ့မိတာပါ။ လာပါ၊ သွားကြပါစို့'

'သွားလို့ မဖြစ်သေးဘူး၊ သမိန်စက္ကဝေါနဲ့ စာရင်းရှင်းစရာ ကျန်သေးတယ်'

'ဘာလဲ၊ မောင်တော်ဗညားအိမ်ရဲ့ လက်မှတ်နဲ့စာတမ်းကို သမိန် ဆီက ပြန်ရအောင် ယူပေးမယ်လို့ စစ်သည်တော်ကြီး တာဝန်ယူထားတဲ့ ကို ပြောနေတာ မဟုတ်လား'

'ဟုတ်တယ်လေ၊ အဲဒီစာတမ်းကို သမိန်စက္ကဝေါဆီက ပြန်ရ မဖြစ် ဖြစ်တဲ့နည်းနဲ့ ယူရလိမ့်မယ်။ ယူလို့ မရရင် ဖျက်ဆီးပစ်ရလိမ့်မယ်'

'အန္တရာယ် များလှပါတယ်။ သမိန်စက္ကဝေါအကြောင်း နှင်းကေ သိလို့ ပြောနေတာပါ။ သမိန်စက္ကဝေါရဲ့ ဓားချက်နဲ့ အသက်ထွက်ခဲ့ရတဲ့လူ များလှပါပြီ။ ဓားရေး လှံရေးမှာ သမိန်စက္ကဝေါလောက် ကျွမ်းကျင်လိမ္မာ မရှိသေးဘူးလို့ နှင်းကေသရာ ကြားဖူးပါတယ်။ သမိန်စက္ကဝေါကို နိုင် ဓားစွမ်းပြနိုင်တဲ့လူ တစ်ယောက်မှ မရှိသေးပါဘူး'

'ဘာပဲဖြစ်ဖြစ် အဆွေခင်ပွန်းကောင်းတစ်ယောက် ဖြစ်တဲ့ မြို့ လေး ဗညားအိမ်ကို ပေးပြီးသား ကတိကိုတော့ မဖျက်နိုင်ဘူး။ ဒီစာ ဘယ်နည်းနဲ့ ဖြစ်ဖြစ် ပြန်ရအောင် ယူမယ်။ အသက်နဲ့ လဲပြီး ယူရလိမ့်မယ်။ ဒါမှ မြို့စားလေးဗညားအိမ် အပေါ်မှာ အဆွေခင်ပွန်း ပီသမှာပေါ့'

'ဒီစာတမ်းအတွက်တော့ အသက်နဲ့ မလဲချင်စမ်းပါနဲ့။ လာပါ၊ သွား မယ်'

'နှင်းကေသရာ စဉ်းစားပါ။ ဒီစာတမ်းသာ ဘုရင်မကြီးရဲ့ ရွှေ ဆောင်ကို ရောက်ရှိသွားမယ်ဆိုရင် မြို့စားလေးဗညားအိမ်အတွက် မကောင်း





သမိန်စက္ကဝေါရဲ့ ယုတ်မာတဲ့ စိတ်နေသဘောထားကို နှင်းကေသရာ သိတယ် မဟုတ်လား။ သူ့အကြံအစည် မအောင်မြင်ရင် မငြိမ်ဘူး ဒီစာတမ်းကို ဘုရင်မကြီးရဲ့ ရွှေလက်တော်ဆက်သပြီး မြို့စားလေး ဗညားအိမ် မင်းပြစ်မင်းဒဏ် သင့်အောင် ကုန်းချောမှာ သေချာတယ်'

သီရိဗြတ်ကမ္ဘန်က ပြန်ပြောလိုက်သည်။

'ကုန်းချောချင် ချောပါစေ။ ဘုရင်မကြီးရဲ့ ခြေတော်အရင်းကို ရောက်ပြီး မောင်တော်ဗညားအိမ်မှာ လုံးဝ အပြစ်မရှိကြောင်း နှင်းကေသရာ လျှောက်တင် ပြီး အသနားခံပါမယ်'

'ဘုရင်မကြီးကို လျှောက်တင်ပြီး အသနားခံပေမဲ့ မြို့စားလေး ဗညားအိမ် လက်မှတ်ရေးထိုးမိတဲ့ စာတမ်းကို မပြနိုင်ရင် နှင်းကေသရာရဲ့ လျှောက်တင်ချက်ကို ဘုရင်မကြီး ယုံကြည်လက်ခံတော်မူလိမ့်မယ် မထင်ဘူး။ ဘုရင်မကြီးကို လုပ်ကြံရန် ကြံစည်ခဲ့ပေါင်းများပြီ ဖြစ်တဲ့အပြင် ဘုရင်မကြီး နားမှာ မင်းလိုလိုက်ပြီး မင်းကြိုက်ကို လျှောက်တင်နေကြတဲ့ ကပ်ပါးရပ်ပါး ကျိုးရှာသမားတွေရဲ့ မုသားစကားတွေ ဘုရင်မကြီး နားမဆုံအောင် ကြားတော် ဆင်နေရတဲ့အတွက် အမှန်တရားကို ရတ်တရက် သိမြင်တော်မူနိုင်မှာ မဟုတ်ဘူး။ ဒီစာတမ်းကို မြို့စားလေး ဗညားအိမ်ကိုယ်တိုင် ဘုရင်မကြီးကို ဆက်သပြီး အဖြစ်မှန်ကို လျှောက်တင်နိုင်မှသာ ဘုရင်မကြီး ယုံကြည်လက်ခံ တော်မူမှာ။ ဒီစာတမ်းကို ဖျက်ဆီးပစ်နိုင်ရင် အကောင်းဆုံးပဲ'

သီရိဗြတ်ကမ္ဘန်က ရှင်းပြနေပေသည်။

'ဘာပဲဖြစ်ဖြစ် စစ်သည်တော်ကြီး တစ်ယောက်တည်းတော့ မနေ ရဘူး'

နှင်းကေသရာက ဇွတ်အတင်း ခေါ်နေပေသည်။

'ကဲ အချေအတင် ပြောမနေကြပါနဲ့တော့။ ဟောဟိုမှာ သမိန်စက္ကဝေါ လာပြီ။ သူနဲ့အတူ ကိုယ်ရံတော် တပ်သားသုံးယောက် ပါလာတယ်။ သူတို့ လေးယောက်၊ ငါတို့က နှစ်ယောက်ဆိုတော့ နှစ်ယောက်နဲ့တစ်ယောက် ပြိုင်ကြရဦးမှာပေါ့ကွာ။ ကဲ ခုမှတော့ မထူးတော့ဘူး။ လာမယ့်ဘေးကို ရင်ဆိုင် ပြေးတွေ့နိုင်အောင် အသင့်သာ ပြင်ထားပေတော့'

ဗိုလ်မင်းဗြတ်ဇသည် ခပ်လှမ်းလှမ်းမှ ဖုန်တထောင်းထောင်းနှင့် လာ ကြသော သမိန်စက္ကဝေါတို့ လူသိုက်ကို ငေးစိုက်ကြည့်ရင်း ပြောလိုက်သည်။

'သမိန်စက္ကဝေါကို ကျွန်တော်တစ်ယောက်တည်း ရင်ဆိုင်ပါ့မယ်။ သူတို့ အနားကို ရောက်မလာနိုင်သေးပါဘူး။ နှင်းကေသရာကိုခေါ်ပြီး ဗိုလ်မင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ဇ သွားနှင့်ပါ။ ကဲ နှင်းကေသရာ၊ အချိန်ရှိတုန်း ဗိုလ်မင်းဖြတ်ဇနဲ့ လိုက်
သွားပေတော့'

သီရိဖြတ်ကမ္ဘန်သည် သမိန်စက္ကဝေါတို့လူသိုက် လာနေရာလမ်း
သို့ မျှော်မှန်းကြည့်ရင်း ပြောလိုက်ရာ နှင်းကေသရာသည် အောက်နှုတ်ခမ်း
ပြတ်လုမတတ်ကိုက်၍ စိတ်ကိုတင်းလိုက်ပြီး တစ်စုံတစ်ရာ စိတ်ပိုင်းဖြတ်လိုက်
သည်။

'မသွားဘူး၊ မသွားဘူး၊ စစ်သည်တော်ကြီး တစ်ယောက်တည်း
ထားခဲ့ပြီး ဘယ်နည်းနဲ့မှ မသွားနိုင်ဘူး။ သေစရာရှိရင် နှင်းကေသရာပါ စစ်သည်
တော်ကြီးနဲ့ အတူဖက်ပြီး ရဲရဲကြီး သေပွဲဝင်သွားမယ်။ ရန်သူရဲ့ ပိုင်နက်အတွင်း
မှာတော့ စစ်သည်တော်ကြီး တစ်ယောက်တည်း မထားခဲ့နိုင်ဘူး'

နှင်းကေသရာက ရဲရဲတောက် ပြောလိုက်ရာ နှင်းကေသရာ အပေါ်မှ
အထင်လွဲခဲ့သော ဗိုလ်မင်းဖြတ်ဇမှာ နှင်းကေသရာ၏ ပါးစပ်မှ မမျှော်လင့်သော
စကားကို ကြားရသဖြင့် အံ့အားသင့်သွားလေသည်။

'နှင်းကေသရာ သခင်မရဲ့ သူ့ရဲကောင်းပီသတဲ့ စိတ်ဓာတ်ကို ချီးကျူး
တယ်။ နှင်းကေသရာ အပေါ်မှာ စောစောက ကျုပ် အထင်သေးခဲ့တာ
ခွင့်လွှတ်ပါ'

ဗိုလ်မင်းဖြတ်ဇမှာ နှင်းကေသရာ အပေါ်တွင် ကြည်ညိုလေး
လာပုံ ရလေသည်။

'ဗိုလ်မင်းဖြတ်ဇ၊ သမိန်စက္ကဝေါလို လူယုတ်မာနဲ့ ယှဉ်ပြိုင်ပြီး စစ်
ပြဖို့ လိုသေးသလား'

နှင်းကေသရာက အံ့ကြိတ်ပြီး မေးလိုက်ပြန်သည်။

'သမိန်စက္ကဝေါလောက်တော့ ဖြတ်ကမ္ဘန်က မဖြုံသေးပါဘူး။ သူ
လက်သုံးတော် ကိုးသချိုင်းသံတားရဲ့ အစွမ်းသတ္တိကို နှင်းကေသရာသခင်မ
မကြာခင် မြင်ရပါလိမ့်မယ်။ သူတို့လေးယောက်ရဲ့ ဓားလေးစင်းနဲ့ ကျုပ်
နှစ်ယောက်ရဲ့ ဓားနှစ်လက်က ဘယ်ဓားက ပိုထက်သလဲ ဆိုတာ နှင်းကေသရာ
သခင်မ မျက်ဝါးထင်ထင် မြင်ရပါလိမ့်မယ်'

ဗိုလ်မင်းဖြတ်ဇသည် မိမိတို့၏ စွမ်းရည်သတ္တိကို မမိုတ်မသုန် ယုံကြည်
စိတ်ချသည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

ထိုသို့ အချေအတင် ပြောဆိုနေကြစဉ် သမိန်စက္ကဝေါတို့ လူသိုက်
ခြင်းခွာသံများမှာ နီးသည်ထက် နီးလာပြီး မကြာခင် အိမ်ခြံဝင်းအတွင်း
ဝင်လာကြသည်ကို မြင်ရလေသည်။ ပထမဦးစွာ သမိန်စက္ကဝေါ၏ မြင်း





ခွာကျယ်နှင့် ပြောဆိုလာသည့် အသံများကို ကြားရပြီး "ဟင် .... ဟယ်"
ဟူသော အာမေဋိတ်သံများကိုပါ ဆက်လက်ကြားရလေသည်။

'ဟင်း ခွေးတိရစ္ဆာန်ကောင်တွေ ဘယ်လိုဖြစ်ကုန်တာလဲ၊ သွေးအိုင်
ထဲမှာ အတုံးအရုံး သေနေကုန်ကြပါပြီကောလား။ ဘယ်ရန်သူ့လက်ချက်မှန်း
သိရဘူး။ ငါ့လူတွေကို သတ်တဲ့ ခွေးတိရစ္ဆာန်တွေတော့ ငါ့အကြောင်း သိစေ
ရမယ်ပေါ့ကွာ။ အလို .... ဟင် .... ငါ့အိမ်တော်ပေါ်မှာလည်း အိမ်သားတွေသေဆုံးမှု
ဖြစ်ရပါလား။ ဘယ်များ ရောက်ကုန်ကြပါလိမ့်'

သမိန်စက္ကဝေါသည် သွေးအိုင်ထဲတွင် အတုံးအရုံး သေဆုံးနေသော
ကိုယ်ရံတော် စစ်သည်လေးဦး၏ ရုပ်အလောင်းကို ကြည့်လိုက်၊ ၎င်း၏ ခြောက်သွေ့
ထိတ်ဆိတ်နေသည့် အိမ်ကြီးနှင့် ခြံဝင်းပတ်ဝန်းကျင်ကို ကြည့်လိုက်နှင့် တစ်ယောက်
တည်း ရေရွတ်နေပေသည်။

'သမိန်စက္ကဝေါတော့ သူ့လူယုံတော်တွေ အတုံးအရုံး သေဆုံးနေတာ
တွေ့လို့ ဒေါသပုန် ထ နေပြီ။ သူပါ သူ့လူယုံတော်တွေရဲ့နောက်ကို မကြာခင်
ကောက်ကောက် လိုက်ပါသွားရတော့မယ် ဆိုတာ မသိရှာသေးဘူး'

သမိန်စက္ကဝေါတို့ လူသိုက်အား လေသာပြတင်းမှ ငုံ့ကြည့်နေသော
ဗိုလ်မင်းဖြတ်ဇက အံ့ကြိတ်ပြီး ပြောလိုက်သည်။

'သူ့လူတွေ လေးယောက်စလုံး သေကုန်ပြီလား'

နှင်းကေသရာက ပြန်မေးလိုက်သည်။

'တစ်ယောက်မှ မကျန်တော့ဘူး။ မသေဘဲ ကျန်တဲ့ အိမ်သားတွေ
လည်း ကြောက်အားလန့်အားနဲ့ ခြေဦးတည့်ရာ ထွက်ပြေးကြပြီး မကြာခင်
သမိန်စက္ကဝေါရော သူနဲ့ အတူပါလာတဲ့ ကိုယ်ရံတော်သုံးဦးပါ အတုံးအရုံး
သေတုန်းတာ မြင်ယောင်သေးတယ်'

'ကဲ နှင်းကေသရာ သခင်မ ဘာမှ မကြောက်ပါနဲ့၊ တိုက်ပွဲပေါင်း
များစွာကျော်မှာ အနိုင်ယူလာခဲ့တဲ့ ဖြတ်ဇနဲ့ ကိုးသချိုင်းသံတားပိုင်ရှင် ဖြတ်ကမ္ဘန်
ရှိနေပါတယ်။ ရန်သူလေးယောက်ကို ကျုပ်တို့နှစ်ယောက် ဘယ်ပုံဘယ်
နည်း အနိုင်ယူလိုက်တယ် ဆိုတာ မကြာခင် မျက်ဝါးထင်ထင် မြင်ရပါလိမ့်
မယ်။ လာ .... လာ၊ ကျုပ်တို့ အကာအကွယ်ယူပြီး ကျုပ်နောက်မှာ ရပ်နေပါ။
သမိန်စက္ကဝေါတို့လူသိုက် အိမ်ပေါ်ကို တက်လာကြပြီ။ သီရိဖြတ်ကမ္ဘန်လည်း
တိုက်ကောင်တွေနဲ့ ရင်ဆိုင်ဖို့ အသင့်ပြင်ထား။ ခုလိုဆိုတော့ မင်းနဲ့ငါ လက်တွဲပြီး
စစ်ပွဲဝင်ခဲ့ရတာတွေကို ငါ့မျက်စိထဲမှာ မြင်ယောင်လာတယ်။ ဒီတစ်ချီ ဒီ
စစ်ပွဲမှာ မင်းနဲ့ငါ လက်စွမ်းပြကြရမှာပေါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မင်း ဖြတ်ဇမှာ တိုက်ရေးခိုက်ရေးတွင် သူမတူအောင် ထူး
ခြားပြောင်မြောက်သူဖြစ်၍ စစ်သည်တော်ကောင်း ပီသစွာ တိုက်ပွဲဝင်ရမည့်
ဝိဉာဉ်အားထက်သန်လျက်ရှိပြီး တက်တက်ကြွကြွ ဖြစ်နေသည်ကို တွေ့ရ
သည်။

**အခန်း ၃၈**

လှေကားမှ တက်လာသည့် ခြေသံကို ဦးစွာပထမ ကြားရပေသည်။ ခြေသံ
နီးသထက် နီးလာပြီး မကြာမီ အတွင်းမှ ပြန်ပိတ်ထားသည့်တံခါးကို အပြင်
ဆွဲဖွင့်လိုက်သဖြင့် တံခါးပွင့်သွားပြီး ကျောက်စီဓားကို ဓားအိမ်မှထုတ်၍ လက်
တွင် တင်းကျပ်စွာ ဆုပ်ကိုင်ထားသော သမိန်စက္ကဝေါသည် ၎င်း၏ကိုယ်ရံတော်
သုံးဦးနှင့်အတူ အခန်းထဲသို့ ဒေါနှင့်မောနှင့် ဝင်လာကြသည်ကို မြင်ရပေသည်။
အခန်းဝသို့ ရောက်သည်နှင့်တစ်ပြိုင်နက် သီရိဖြတ်ကမွန်နှင့် ဗိုလ်မင်းဖြတ်
တို့က ၎င်းတို့၏လက်တွင် ဆုပ်ကိုင်ထားသည့် ဓားသွားနှင့် ရှေ့မှ
ထားလိုက်ရာ သမိန်စက္ကဝေါမှာ ခြေလှမ်းတန့်သွားပြီး ဗိုလ်မင်းဖြတ်ဇနှင့်
ဖြတ်ကမွန်အား မျက်မှောင်ကြုတ်၍ ကြည့်နေပေသည်။

'ရှေ့ကို တစ်လှမ်းမတိုးခဲ့နဲ့၊ ဓားသွားမှာ အသက်ပါသွားမယ်။
ဘယ်သူလဲဆိုတာ သိတယ် မဟုတ်လား။ တိုက်ပွဲပေါင်း တစ်ရာကျော်မှာ
ခံခဲ့တဲ့ ဗိုလ်မင်းဖြတ်ဇနဲ့ ကိုးသချိုင်းသံဓားပိုင်ရှင် သီရိဖြတ်ကမွန်
ကြားဖူးတယ် မဟုတ်လား။ မင်းရဲ့ လူယုံတော်လေးယောက် အတုံးအရုံး
တာကို မြင်တယ် မဟုတ်လား။ မင်းတို့က လေးယောက်၊ ငါတို့က နှစ်
တည်း ဆိုပေမယ့် ကြောက်လိမ့်မယ် မထင်နဲ့။ ကြောက်သွေးဆိုလို တစ်
မပါဘူး။ ကြောက်မွေးဆိုလို့ တစ်ပင်မှ မရှိဘူး။ ကဲ ပြောနေတာ ကြာ
မင်းတို့ လေးယောက်နဲ့ ငါတို့နှစ်ယောက် ဓားစွမ်းပြိုင်ကြမယ်'

ဗိုလ်မင်းဖြတ်ဇက စိန်ခေါ်လိုက်ရာ သမိန်စက္ကဝေါသည်
တွေဝေနေပြီးနောက် ၎င်း၏ ကိုယ်ရံတော်သုံးဦးအား ဘေးသို့ ဖယ်
အခန်းတံခါးကို ဆွဲပိတ်လိုက်သည်။ ပြီးမှတစ်ဖန် ဗိုလ်မင်းဖြတ်ဇ၏ နောက်
တွင် ရပ်နေသော နှင်းကေသရာအား လှမ်းကြည့်လိုက်ပြီး ပမာခန့်
အနေအရာဖြင့် အသံထွက်အောင် ရယ်လိုက်သည်။

'လက်စသတ်တော့ မောင်ကြီး အသက်တမျှ ချစ်မြတ်နိုးတဲ့





သရာပါလား။ မောင်ကြီးရဲ့ စံအိမ်တော်ကို ဘယ်အချိန် ရောက်နေတော်
မူပါလိမ့်။ မောင်ကြီးကို အချစ်စမ်းတဲ့ အနေနဲ့ သူ့ရဲ့ကောင်း နှင်းယောက်ကို
ခေါ်လာပြီး ဓားစွမ်းပြိုင်ခိုင်းတာလား။ ကောင်းပါပြီလေ၊ မောင်ကြီးရဲ့ ဒွန်းရည်
သွေးကို နှင်းကေသရာ မျက်ဝါးထင်ထင် မြင်ရပါလိမ့်မယ်။
မောင်ကြီး ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ နှင်းကေသရာ
။ စစ်သည်တော် သူ့ရဲကောင်းကြီးနှစ်ဦးကို နှင်းကေသရာရဲ့ မျက်စိအောက်
အပြီးအပိုင် ရှင်းလင်း သုတ်သင်ပြီးရင် နှင်းကေသရာကို ကြင်ရာတော်
အဖြစ် သိမ်းပိုက်ရလိမ့်မယ်။ ကြင်ရာတော်အဖြစ် သိမ်းပိုက်ပြီးတာနဲ့ တစ်ပြိုင်နက်
နှင်းကေသရာရဲ့ ခမည်းတော် နတ်ရွာစံ မြို့စားကြီးကို ရာဇမိရာဇ် ဘုရင်မင်း
တရားကြီး ချီးမြှင့်ပေးသနားတော်မူခဲ့တဲ့ နန်းစဉ် ပတ္တမြားလက်ဝတ်ရတနာကို
လက်ဖွဲ့ပစ္စည်းအဖြစ် နှင်းကေသရာကို ပြန်လည်ပေးအပ်ပါမယ်။ ကဲ .... ကဲ
ကြာနေ ကြာတယ်။ ယောကျာ်းဘသား ဓားစွမ်းပြကြပါစို့လား'

သမိန်စက္ကဝေါသည် ဓားကိုဝင့်ပြီး ၎င်း၏ ကိုယ်ရံတော်တပ်သား
သုံးဦးအား တပ်လှန့်နှိုးလိုက်ရာ ကိုယ်ရံတော်သုံးဦးသည် ဓားကိုယ်စီဖြင့် ရှေ့သို့
လှမ်းတိုးလာကြသည်။

'မဆိုင်သူ မကပ်နဲ့၊ ကိုးသချိုင်းသံဓားရဲ့ ဓားသွားမှာ အသက်ပါသွား
မယ်လား'

သီရိဖြတ်ကမွန်သည် ကိုးသချိုင်းသံဓားကို ဝင့်လိုက်ပြီး ကြမ်းပြင်ကို
ခြေနှင့်ပေါက်၍ ကြုံးဝါးလိုက်ရာ သမိန်စက္ကဝေါ၏ ကိုယ်ရံတော်သုံးဦးမှာ
ခြေလှမ်းတန့်သွားပြီး နောက်သို့ တစ်လှမ်းစီ ပြန်ဆုတ်သွားပေသည်။

'ဒီမှာ သမိန်စက္ကဝေါ၊ ခုကိစ္စက မင်းနဲ့ငါ နှစ်ယောက်ထဲနဲ့သာ သက်ဆိုင်
တာပါ။ မဆိုင်တဲ့လူတွေကို ဆွဲမသွင်းပါနဲ့။ မင်းနဲ့ငါ နှစ်ယောက်ချင်း
စာရင်းရှင်းရလိမ့်မယ်။ မင်းလူတွေကို ဘေးဖယ်ခိုင်းလိုက်စမ်း'

သီရိဖြတ်ကမွန်က ခက်ထက်မာကျောသည့် မျက်နှာထားဖြင့် ကြုံးဝါး
လိုက်ရာ သမိန်စက္ကဝေါသည် ခေတ္တမျှ တွေဝေနေရာမှ မပြုံးချင် ပြုံးချင် ပြုံး
လိုက်သည်။

'ကောင်းပြီလေ၊ မင်းနဲ့ငါ နှစ်ယောက်ချင်း ဓားစွမ်းပြိုင်မယ်။ လက်စွမ်း
အသေအကျေလား'

သမိန်စက္ကဝေါက ပြန်မေးလိုက်သည်။

'အပြီးအပိုင် စာရင်းရှင်းရမယ်လို့ ပြောထားပြီးပြီ မဟုတ်လား'

သီရိဖြတ်ကမွန်က အဖြေပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'နေကြပါဦးလေ။ ကျုပ်လည်း စားစွမ်းပြပါရစေဦး။ ကျုပ်လည်း ငေက်ယားနေတယ်'

ဗိုလ်မင်းဖြတ်ဇက ဝင်ပြောလိုက်သည်။

'ဗိုလ်မင်းဖြတ်ဇ သည်းခံပါ။ ကျွန်တော်နဲ့ သမိန်စက္ကဝေါ နှစ်ဦး နှင့်သာ သက်ဆိုင်တဲ့ကိစ္စ ဖြစ်တဲ့အတွက် နှစ်ဦးချင်း အပြီးတိုင် စာရင်းရှင်း ပါလိမ့်မယ်။ မဆိုင်တဲ့လူတွေ ဝင်ပြီး အသေမခံချင်ကြပါနဲ့'

'ဒီမှာ ဖြတ်ကမွန်၊ သူတို့လေးယောက်ကို ငါတို့နှစ်ယောက် အနိုင် နိုင်ကြောင်း လက်တွေ့ပြချင်လို့ပါ။ ပွဲကြီးပွဲကောင်း တွေ့ထားလျက်သား ငါ့စားစွမ်း မပြလိုက်ရဘူးဆိုရင် ရာဇဝင် ရိုင်းသွားမှာပေါ့'

'ဗိုလ်မင်း ပြောတာလည်း မှန်ပါတယ်။ ဒါပေမဲ့ ခုကိစ္စဟာ ကျွန်တော် နဲ့ သမိန်စက္ကဝေါ နှစ်ဦးထဲနဲ့သာ သက်ဆိုင်တဲ့ကိစ္စ ဖြစ်တဲ့အတွက် ကျွန်တော် အချင်းချင်း ဓားနဲ့ ပြဿနာဖြေရှင်းတာကို ဗိုလ်မင်းက ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ဖို့ ကျွန်တော် တောင်းပန်ပါတယ်'

'ဒီမှာ ဖြတ်ကမွန်၊ ငါ့အကြောင်း သိတယ် မဟုတ်လား။ ဒိုင်လူကြီး အဖြစ် ဘေးက ထိုင်ပြီး ကြည့်နေရတာ မချင့်မရဲ နိုင်လှတယ်။ ငါကိုယ်တိုင် တိုက်ပွဲဝင်ရမှ ကျေနပ်တာ။ ပြီးတော့ လေးယောက်ကို နှစ်ယောက်ထဲနဲ့ အနိုင် ချင်လို့ ပြောနေတာပါ။ ကဲ ငါပြောတာကို မင်းတို့ သဘောတူတယ် မဟုတ် မင်းတို့က လေးယောက်၊ ငါတို့က နှစ်ယောက်ထဲ။ လေးယောက်နဲ့နှစ်ယောက် မယှဉ်ပြိုင်ရဲဘူးလား'

ဗိုလ်မင်းဖြတ်ဇက သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်သားသုံးဦး သွေးထိုးပေးလိုက်ရာ ကိုယ်ရံတော်သုံးဦးမှာ သွေးကြွလာပြီး ဓားကိုင်ကာ ဝင် ကြသည်။

'မိုက်မဲတဲ့ တိရစ္ဆာန်ကောင်တွေ၊ မင်းတို့ရဲ့အသက်ကို နမြောင် ရမှန်း မသိကြတော့ဘူးလား။ တိုက်ပွဲပေါင်း တစ်ရာကျော်မှာ အောင်ပွဲခံ ဗိုလ်မင်းဖြတ်ဇရဲ့ အမည်ကိုမှ မကြားဖူးလေရော့သလား။ ကောင်းပြီ၊ ဒါ တောင် သေချင်ရင် သေဖို့သာ ပြင်ထားကြပေါ့ကွာ'

သီရိဖြတ်ကမွန်သည် သွေးကြွလာသော သမိန်စက္ကဝေါ၏ ကိုယ်ရံ တော် သုံးဦးအား သတိပေးလိုက်ရာ ကိုယ်ရံတော်သုံးဦးမှာ တစ်ဦးကို ဘဲဘောင်ဆစ်နှင့်တွက်၍ မျက်စနှင့် အချက်ပြရင်း နောက်သို့ ပြိုင်တူ ပြန် သွားကြပေသည်။





'ကောင်းပြီ၊ မင်းတို့ အသက်မသေချင်သေးဘူး ဆိုရင် မင်းတို့ရဲ့ ဘဲက ဓားတွေကို ဓားအိမ်ထဲ ပြန်သွင်းလိုက်'

သီရိဖြတ်ကမွန်က အမိန့်သံနှင့် ပြောလိုက်ရာ သမိန်စက္ကဝေါ၏ ကိုယ်ရံတော်သုံးဦးသည် ၎င်းတို့ ကိုင်ဆောင်ထားသည့် ဓားများကို ဓားအိမ် သို့ ပြိုင်တူ ပြန်သွင်းလိုက်ကြသည်။

'ကဲ သမိန်စက္ကဝေါ၊ မင်းနဲ့ငါ နှစ်ယောက်ချင်း အပြီးအပိုင် ရှင်း လိမ့်မယ်။ မင်း ကြိုက်တဲ့နေရာကို ရွေး'

သီရိဖြတ်ကမွန်က အမိန့်ပေးသလို ပြောလိုက်သည်။ သမိန်စက္ကဝေါ မိမိ၏ ကိုယ်ရံတော်သုံးဦး နောက်သို့ ပြန်ဆုတ်သွားသည်ကို မြင်ရချိန် ကိုယ့်ရဲဘော်သုံးဦး အပေါ်တွင် ဒေါသူပုန်ထကာ စားမတတ် ဝါးမတတ် အရာဖြင့် ကြည့်နေရာမှ သီရိဖြတ်ကမွန်နှင့် နှစ်ယောက်ချင်း ရင်ဆိုင်ရန် ပြင်လိုက်သည်။

'နေရာရွေးနေစရာ လိုသေးသလား။ ငါ့ဓားသွားမှာ အသက်ထွက်ရ မယ့် လူကများ နေရာရွေးခိုင်းနေရသေးသလား။ ဒီအခန်းထဲမှာပဲ မင်းရဲ့ က်နဲ့ခန္ဓာကိုယ် အိုးစားကွဲသွားတာကို နှင်းကေသရာ မျက်ဝါးထင်ထင် သွားရအောင် ငါ့ဓားစွမ်း ပြလိုက်မယ်။ ကဲ အသင့်ပြင်'

သမိန်စက္ကဝေါက သီရိဖြတ်ကမွန် မခံချိမခံသာဖြစ်အောင် ကြုံးဝါး ပြီး ဓားကိုဝင့်၍ သိုင်းကွက်နင်းပြီး နေရာယူလိုက်သည်။

သီရိဖြတ်ကမွန်နှင့် သမိန်စက္ကဝေါတို့ နှစ်ယောက်ချင်း သေသေ ကျေ ဓားစွမ်းပြိုင်ရန် အသင့်ပြင်ဆင်နေကြသည်ကို မြင်ရသောအခါ နှင်းကေသရာ သီရိဖြတ်ကမွန်အတွက် အစိုးရိမ်ကြီး စိုးရိမ်သွားအောင် ခြေဖျားလက်ဖျား အေးစက်သွားပေသည်။ မျက်နှာတွင်လည်း သွေးမရှိတော့သကဲ့သို့ ဖြူဖပ် ဖြစ်သွားကာ ပျော့ခွေကျသွားမည့်ကဲ့သို့ ဖြစ်သွားပေသည်။ သို့ရာတွင် ချင်းပင် စိတ်ကိုတင်းလိုက်ပြီး အခန်းထောင့်ရှိ လေသာပြတင်း၏ပေါင်ကို ၍ နှစ်ယောက်ချင်း ဓားစွမ်းပြိုင်ရန် နေရာယူကြသည်ကို အံကြိတ်ပြီး တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေမိပေသည်။

သီရိဖြတ်ကမွန်သည် လက်သုံးတော် ကိုးသချိုင်းသံဓားကို လက်ထဲ ကြည့်လိုက်ပြီး သမိန်စက္ကဝေါ၏ ခြေလှမ်းကို မျက်ခြည်မပြတ်ကြည့်ရင်း အသွင်ဖြင့် သမိန်စက္ကဝေါ၏ ထိုးနှက်ချက်ကို ခုခံတွန်းလှန်ရန် အသင့် နေသည်ကို တွေ့ရပေသည်။

ဗိုလ်မင်းဖြတ်ဇနှင့် သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်မှူး မနေနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



သမာဓိလူကြီးများအဖြစ် စေးစွမ်းပြိုင်ပွဲကို အကဲဖြတ်၍ အရှုံးအနိုင် အ
အဖြတ် ပေးရန် ဘေးမှ ရပ်ကြည့်နေကြပေသည်။

'တစ်ယောက်ယောက် ဒဏ်ရာရရင် စေးစွမ်းပြိုင်ပွဲကို ခေတ္တရပ်
ကြဦးမှာလား။ စောစောစီးစီးက ပြောထားကြပါ။ ဒါမှ တစ်ယောက်
ဒဏ်ရာရရင် ကျုပ်တို့ ကြားက ဝင်ပြီး ဟန့်တားနိုင်မှာ'

ဗိုလ်မင်းဖြတ်ဓာက သမာဓိလူကြီးပီပီ မိမိထမ်းရွက်ရမည့် တာဝန်
ကျေပွန်စွာ ထမ်းရွက်နိုင်ရန် စေးစွမ်းပြိုင်သူများ၏ သဘောထားကို
လိုက်ခြင်း ဖြစ်ပေသည်။

'အပြီးအပိုင် စာရင်းရှင်းရမှာ ဖြစ်တဲ့အတွက် ဒဏ်ရာရရုံနဲ့ စေး
ပြိုင်ပွဲကို ရပ်နားဖို့ မလိုဘူး။ ဒဏ်ရာ ဘယ်နှချက်ပဲ ရရ စေးစွမ်းပြိုင်
ရပ်နားဖို့ မလိုဘူး။ သေသေကျေကျေ တိုက်ပွဲဝင်ကြမှာ ဖြစ်တဲ့အတွက် တစ်
ယောက် ကျဆုံးတဲ့ အချိန်အထိ မရပ်မနားဘဲ တိုက်ခိုက်သွားကြမယ်။ ဒီ
အစဉ်ကို မင်း သဘောတူတယ် မဟုတ်လား'

သီရိဖြတ်ကမွန်က သမိန့်စဏ္ဍဝေါ၏ သဘောထားကို တိုး
ကြည့်လိုက်သည်။

'ကောင်းပြီ၊ စိန်လိုက်။ ဒဏ်ရာ ဘယ်နှချက်ပဲရရ တိုက်ပွဲ
နားဘူး။ ခင်းရဲ့ တစ်ကိုယ်လုံး ငါးကို စေးနဲ့မွှန်းသလို မွှန်းပြီးမှ တဖြည်း
သေအောင် သတ်ပြမယ်။ ကဲ နှင်းတေသရာ၊ နှင်းတေသရာရဲ့ သူ့ရဲ့ကော
တစ်ကိုယ်လုံး စေးနဲ့ အစွန်းခံရပြီး မရှုမလှ သေဆုံးသွားတာကို မျက်
ရှုစားတော်မူဖို့သာ အသင့်ပြင်ထားတော့'

နှင်းတေသရာမှာ သမိန့်စဏ္ဍဝေါ ပြောလိုက်သည့် စကားများ
ရသောအခါ စေးစွမ်းပြိုင်ပွဲကိုပင် မကြည့်ရက်သည့် အမူအရာဖြင့်
မျက်နှာကို တုန်ယင်သော လက်ဝါးနှင့် အုပ်ထားလိုက်ပေသည်။ ပြီးမှ
စိတ်ကို တင်းလိုက်ပြီး ရှေ့သို့ တစ်လှမ်းတိုးလာကာ လက်ဝါးကာဖြင့်

'နေကြပါဦး နေကြပါဦး၊ စစ်သည်တော်ကြီး သီရိဖြတ်
လက်မောင်းမှာ နဂိုကပင် ဒဏ်ရာရရှိပြီး ဖြစ်တဲ့အတွက် ဒဏ်ရာ
သမိန့်စဏ္ဍဝေါက တစ်ဝန်းသာနေပါတယ်။ တရားမျှတမှု မရှိပါဘူး။ ဗိုလ်
ဖြတ်ခ ရှုစားတော်မူပါ။ စစ်သည်တော်ကြီးရဲ့ လက်မောင်းက ဒဏ်ရာ
သွေးရှင် ထွက်နေတာကို မြင်ရပါလိမ့်မယ်'

နှင်းတေသရာက စေးစွမ်းပြိုင်ပွဲကို ဟန့်တားရန် ကြိုးစားလို
'လက်စသတ်တော့ ဒီလိုတောင် ဖြစ်နေကြဖူတိုး။ အခြေ





ယုံကြည်ညှာ မရှိဘဲ ခြေသလုံး အိမ်တိုင်ထူနေတဲ့ အုတ်ကြားဖြတ်ပေါက် ကြေးဘား
ဝါသားကို နှင်းတေသရာ မျက်စိကျတော်မူနေရတိုင်း ဒါနဲ့ ခုခုတော့
ကောင်းသနည်လို့ မရတော့ဘူး။ ကျုပ်တ ရန်စတော မဟုတ်ဘူး။ နှင်းတေသရာရဲ့
သူ့ရဲ့ကောင်းကြီးက ကျုပ်ဝိုင်နက်ထဲ လာပြီး ကျုပ်ကို စော်ကားတာ။ ဒီတော့တာ
ကျုပ် စောစောက ပြောခဲ့တဲ့အတိုင်း နှင်းတေသရာရဲ့ အချစ်တော် သူ့ရဲ့ကောင်း
ကြီးကို နှင်းတေသရာရဲ့ မျက်စိအောက်မှာ တစ်ကိုယ်လုံး စေးနဲ့ မွှန်းပြီးမှ
သေအောင် သတ်ပြရလိမ့်မယ်'

သမိန့်စဏ္ဍဝေါက နှင်းတေသရာအား မခံချိမခံသာ ဖြစ်သွားအောင်
ပြောလိုက်သည်။

'စကားတွေကြာ ရှည်မနေစမ်းနဲ့၊ နှစ်ယောက်စလုံး အသင့်ရှိနေကြပြီ
မဟုတ်လား။ ကဲ ပွဲစကြစို့'

ဗိုလ်မင်းဖြတ်ဓာက သမာဓိလူကြီးပီပီ စေးစွမ်းပြိုင်ပွဲ စတင်ရန် အချက်
ပေးလိုက်သည်။

'ဖြတ်ကမွန်၊ ဘာဟန်ရေးပြနေတာလဲ။ မင်းရဲ့ ကိုးသချိုင်းသံစားရဲ့
စွမ်းကို ပြလိုက်ပါတော့လား။ ကျား — ဘသား'

ဗိုလ်မင်းဖြတ်ဓာမှာ သီရိဖြတ်ကမွန်၏ နည်းပရိယာယ်ကို ရုတ်တရက်
သဘောပေါက်သဖြင့် ခံစစ်အသွင်နှင့် သမိန့်စဏ္ဍဝေါ၏ ထိုးနက်ချက်ကို
ခုခံနိုင်နိုင် ခုခံတွန်းလှန်ရန် ဟန်ပြင်နေသည်ကို အားမလို အားမရ ဖြစ်
ကာ ဘေးတီးပေးလိုက်ခြင်း ဖြစ်ပေသည်။

'ဗိုလ်မင်းဖြတ်ခ စိုးရိမ်တော်မမူပါနဲ့။ မသေခင် လေလုံး ထွားချင်
သော ထွားသွားပါစေ'

သီရိဖြတ်ကမွန်သည် စိတ်ရှည်ရှည်ထားပြီး တိုက်ပွဲကို အနိုင်ယူရန်
ကြံရွယ်ကာ ပြန်ပြောလိုက်သည်။

'လေလုံးထွားသလားဆိုတာ မကြာခင် သိရမှာပေါ့။ ကဲ နှင်းတေသရာ
ကြီးရဲ့ လက်စွမ်းကို မျက်စိဖွင့်ပြီး ရှုစားတော်မူပေတော့။ နှင်းတေသရာ
ချစ်ကြီးလှတဲ့ သူ့ရဲ့ကောင်းကြီးကို တဖြည်းဖြည်း ညှဉ်းဆဲပြီး တစ်ကိုယ်လုံး
ဒဏ်ရာရှိအောင် စေးနဲ့မွှန်းပြီးမှ အသေဆိုးနဲ့ သေရစေမယ်။ ကဲ တိုက်ပွဲစကြစို့'

သမိန့်စဏ္ဍဝေါသည် ပြောပြောဆိုဆို မိမိ၏ လက်သုံးတော်စေးကို
ဆွဲကိုင်ပြီး ရေတက်၍ဝင်နိုင်အောင် လျှင်မြန်ဖျတ်လတ်သည့် စေးချက်များဖြင့်
ဖြတ်ကမွန်အား အချက်ပိုင်ပိုင် စတင်ထိုးနက်လိုက်ရာ သီရိဖြတ်ကမွန်သည်
ရှောင်ရှားရှေ့ဘဲ သမိန့်စဏ္ဍဝေါ၏ စေးချက်များကို တစ်ချက်မှ မထိစေဘဲ



www.burmeseclassic.com

www.burmeseclassic.com



အကွက်ကျကျ ခုခံတွန်းလှန်လိုက်သဖြင့် သမိန်စက္ကဝေါမှာ ၎င်း၏ လျှပ်တ နည်းပရိယာယ်ကို စွန့်လွှတ်ပြီး ရေရှည်တိုက်ပွဲအတွက် နည်းပရိယာယ် လှ လိုက်ရပြန်သည်။

မားရေး လုံ့ရေးတွင် သူမတူအောင် ထူးချွန်သူများဖြစ်၍ တ တစ်ဦး လွယ်လွယ်နှင့် အနိုင်ရမည် မဟုတ်သည်ကို နှစ်ယောက်စလုံး တစ်စ သိမြင်လာကြသဖြင့် တစ်ယောက်ကို တစ်ယောက် အလစ်မ ဖွဲ့နပဲကြီးစွာဖြင့် သဲသဲမဲမဲ တိုက်ပွဲဆင်နွှဲလျက် ရှိပေရာ ဗိုလ်မင်းဖြ တစ်သက်တာတွင် ဤရွေ့ ဤမျှ ကြည့်၍ကောင်းသော ဓားစွမ်းပြပွဲ ယခုတစ်ကြိမ်သာ မြင်ဖူးသဖြင့် တအံ့တသြ ငေးမောပြီး ကြည့်နေမိပေ

နှင်းကေသရာမှာမူ သီရိဖြတ်ကမွန်အတွက် အစိုးရိမ် ကြီး ကြည့်နေရသဖြင့် နှစ်ယောက်စလုံး၏ ဓားစွမ်းထက်မြက်ပုံကို မလေ့လ အားဘဲ သီရိဖြတ်ကမွန်၏ မျက်နှာကို တစ်လှည့်၊ သမိန်စက္ကဝေါ၏ မျက် တစ်လှည့် ကြည့်ရင်း စစ်သည်တော်ကြီးသီရိဖြတ်ကမွန် အနိုင်ရပါစေ၊ အမြန် ပြီးဆုံးသွားပါစေ ဟူ၍သာ စိတ်ထဲမှ ကျိတ်ပြီး ဆုတောင်းမိပေ

သီရိဖြတ်ကမွန် မျက်မှောင်ကြုတ်ပြီး ခံစစ်အသွင်မှ ထိုးစစ်အ ပြောင်း၍ သွက်သွက်လက်လက် ထိုးနှက်နေသည်ကို မြင်ရသောအခါ ကေသရာမှာ စိတ်အားတက်ကြွလာပြီး သမိန်စက္ကဝေါ၏ ဘီလူးသဘက် ရက်စက်ကြမ်းကြုတ်သည့် မျက်နှာပေးဖြင့် သီရိဖြတ်ကမွန်အား အချက် ပြန်လည်ထိုးနှက်နေသည်ကို မြင်ရသောအခါ ရင်တမမ ဖြစ်ရပြန်ပေ

သီရိဖြတ်ကမွန်နှင့် သမိန်စက္ကဝေါတို့၏ ဓားသွားများမှာ ပျား များ ပျံဝဲသလို လျင်မြန်ဖျတ်လတ်လှသဖြင့် မည်သူက အနိုင်ရမည်ကို ခ ရန် မလွယ်ကူပေ။ နှင်းကေသရာ၏ နားထဲတွင် ဓားသွားချင်း ခတ်မိ အသံများကို အဆက်မပြတ် ကြားနေရလေသည်။

ဘေးမှရပ်ကြည့်နေသော ဗိုလ်မင်းဖြတ်ဇမှာမူ ကြည့်ကောင်း နှင့် ကြည့်နေရာမှ ရုံဖန်ရံခါ အားမလို အားမရ ဖြစ်နေသည့် အမူအ အံကြိတ်လိုက်၊ ကြမ်းပြင်ကို ခြေနှင့် ဆောင့်လိုက်နှင့် ဖြစ်နေသည်ကို လေသည်။ သီရိဖြတ်ကမွန်က အဆက်မပြတ် ပြန်လည်ထိုးနှက်နေသ မြင်ရပြီး သီရိဖြတ်ကမွန်၏ ဓားချက်များကို သမိန်စက္ကဝေါက ရှေ ကျသည်အထိ အစွမ်းကုန် ခုခံကာကွယ်နေရသည်ကို မြင်ရသောအခါ ဗို ဖြတ်ဇမှာ မရိုးမရွဖြစ်လာကာ လေကလေး တချွန်ချွန်နှင့် ဖြစ်နေလေသ

တစ်ဦးကိုတစ်ဦး အနိုင်မခံ အရှုံးမပေးဘဲ သဲသဲမဲမဲ ထိုးခုတ်





သည်ကို မြင်ရသောအခါ နှင်းကေသရာမှာ အသက်ပင် မှန်မှန်မရှူနိုင်အောင် ည်းလိုက်ရင်ဖို ဖြစ်ခဲ့ရလေသည်။ ဓားသွားချင်း ခတ်မိပြီး မီးပွင့်သွားသည့် ခါတိုင်း နှင်းကေသရာသည် မျက်စိကို စုံမှိတ်ထားလိုက်ရလေသည်၊ တစ်ချိန် တွင် သီရိဖြတ်ကမွန်၏ လက်မောင်းရှိ ဒဏ်ရာမှ သွေးစိမ်းရှင်ရှင် ထွက်လာပြီး က်မောင်းတစ်ခုလုံး သွေးခြင်းခြင်း နီနေသည်ကို မြင်ရသောအခါ နှင်းကေ ရာမှာ ကြိတ်မနိုင် ခဲမရဖြစ်လျက် အံကိုခဲကာ စိတ်ကို တင်းထားလိုက်ရလေ သည်။

တစ်ချီတစ်ချီတွင် နှစ်ယောက်သား နောက်သို့ တလှမ်းစီ ဆုတ်လိုက် ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ တစ်ယောက်အလစ်ကို တစ် ယောက် ချောင်းရင်း အခွင့်ကောင်း စောင့်နေကြသည်ကို မြင်ရသောအခါ နှင်း ကေသရာမှာ အားမလို အားမရ ဖြစ်ရပြန်လေသည်။ ဗိုလ်မင်းဖြတ်ဇ၏ လေချွန်သံကို ကြားရသည့် အခါများတွင် နှင်းကေသရာမှာ စိတ်အားတက်မိ သလို ဖြစ်လာပြန်သည်။

တစ်ချိန်တွင် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်၍ တစ်ဦး၏ ခြေလှမ်းကို တစ်ဦး အကဲခတ်နေရာမှ သမိန်စက္ကဝေါအား သီရိဖြတ်ကမွန်က ကြုံးဝါး လိုက်သည့် အသံကို ကြားရပေသည်။

'သမိန်စက္ကဝေါ၊ ဗညားအိမ်ကို အရက်မူးအောင်တိုက်ပြီး လက်မှတ် ထိုးခိုင်းတဲ့ စာတမ်းနဲ့ ဗညားအိမ်ဆီက မတရားလိမ်လည်ပြီး ယူထားလိုက် တဲ့ နန်းစဥ်ပတ္တမြားလက်စွပ်ကို ကြည်ကြည်သာသာ ပြန်ပေးမလား။ ဒါမှမဟုတ် ခင်းကို သတ်ပြီးမှ ယူရမလား'

သီရိဖြတ်ကမွန်က မောဟိုက်သည့် လေသံနှင့် ကြုံးဝါးလိုက်ရာ သမိန်စက္ကဝေါသည် အသက်မှန်မှန် မရှူနိုင်အောင်ပင် မောဟိုက်လျက် ရှိသည့် ကြားမှ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'မင်း သေမလား၊ ငါ သေမလားဆိုတာ ကြည့်ကြသေးတာပေါ့ကွာ'

သမိန်စက္ကဝေါက ပြန်လည်ကြုံးဝါးရင်း သီရိဖြတ်ကမွန်အား အပြီး အပိုင် ရှင်းလင်းသုတ်သင်ရန် အားခဲ၍ ရှိသမျှ အင်အားဖြင့် မနားမနေ ထိုးနှက် လျက် ရှိလေရာ သီရိဖြတ်ကမွန်မှာလည်း ပင်ပန်းကြီးစွာနှင့် ခုခံတွန်းလှန် နေရပြန်သည်။

ဓားစွမ်းပြိုင်ပွဲမှာ တစ်စထက်တစ်စ ပိုမို၍ ပြင်းထန်လာကာ နှစ်ဦး စလုံး အပြိုင်ဆင်နွှဲလျက်ရှိသဖြင့် ကြောက်မက်ဖွယ်ရာ အသွင်ကို ဆောင်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ တစ်ချို့တွင် သမိန်စဏ္ဍဝေါ၏ အရှိန်ပြင်းစွာဖြင့် ထိုးနှက်လိုက်သည့် ဓားချက်ကို သိရိပြတ်ကမွန်က တိမ်းရှောင်ပေးလိုက်ရာတွင် သီသီကလေး လွဲသွားသည်ကို မြင်ရသဖြင့် နှင်းကေသရာမှာ ရင်ထဲတွင် တလှပ်လှပ်ဖြစ် ကာ မျက်စိကို နှိမ့်မှိတ်ထားလိုက်မိပေသည်။ ဆောင်မှ ကြည့်နေသူများ၏ ဝါး အသံများကိုလည်း အဆက်မပြတ် ကြားနေရပေသည်။

တစ်ချိန်တွင် သိရိပြတ်ကမွန်သည် သမိန်စဏ္ဍဝေါ၏ ဓားချက်ကို တွန်းလှန်ရင်း နေရာကောင်း ပြန်ရအောင် ယူလိုက်ရာတွင် အရှေ့ဆီမှ ထွက် လာသည့် နေရောင်ခြည်သည် သိရိပြတ်ကမွန်၏ မျက်လုံးတည့်တည့်သို့ ထိ လျက်သား ဖြစ်သွားသဖြင့် မျက်လုံးများ ပြာသွားစဉ် သမိန်စဏ္ဍဝေါ ချက်ကောင်းကိုယူ၍ အသေအကျေ လိုက်လံထိုးခုတ်လျက် ရှိပေသည်။

သိရိပြတ်ကမွန်မှာမူ သတိရှိသူဖြစ်၍ မျက်စိကို နေရောင်ထိုး ဒဏ်ကို ခံနေရသည့်ကြားမှ သမိန်စဏ္ဍဝေါ၏ ဓားချက်ကို ခုခံတွန်းလှန် နေရာကောင်းရရန် ကြိုးစားလျက်ရှိစဉ် သမိန်စဏ္ဍဝေါ ထိုးနှက်လိုက် ဓားချက်သည် သိရိပြတ်ကမွန်၏ ဒဏ်ရာရသည့် လက်မောင်းကို ရှပ်ပြီး သွားပြန်ရာ သွေးများ ဖြာထွက်လာသည်ကို မြင်ရပေသည်။

သိရိပြတ်ကမွန်မှာမူ ဒဏ်ရာရသည်ကိုပင် မသိသည့် အမူအ သမိန်စဏ္ဍဝေါ ရှေ့သို့ အားလွန်လာချိန်တွင် နေရာကောင်းကို အရအမိ အချက်ပိုင်ပိုင် ပြန်လည်ထိုးနှက်လိုက်ရာ သမိန်စဏ္ဍဝေါ၏ အင်္ကျီလက် မှာ ဓားသွားများနှင့်ထိပြီး စုတ်ပြဲသွားသည်ကို လည်းကောင်း၊ စုတ်ပြဲသွ နေရာမှ သွေးများ ဖြာခနဲ ထွက်လာသည်ကို လည်းကောင်း မြင်ရသော နှင်းကေသရာမှာ အနည်းငယ် အားတက်လာပြန်သည်။

နှစ်ယောက်စလုံး၏ လက်မောင်းများတွင် ဒဏ်ရာအသီးသီး သွားကြပြီးဖြစ်၍ တန်းတူရည်တူ အခြေအနေသို့ ရောက်ရှိ၍ လာပြီ ဖြစ် သိမြင်လာသောအခါ ဤတစ်ပွဲတွင် သိရိပြတ်ကမွန် ကေန်မုချ အနိုင် မည်ကို သိသဖြင့် ဗိုလ်မင်းပြတ်ဇော ရွှင်လန်းအားရ ဖြစ်နေပေသည်။

စောစောပိုင်းက သမိန်စဏ္ဍဝေါသည် ထိုးစစ်အသွင်ဖြင့် သိရိပြတ် အား အဆက်မပြတ် ထိုးနှက်နိုင်ခဲ့သော်လည်း ယခုအချိန်တွင်မူ ခံစစ်အ ပြောင်းပြီး သိရိပြတ်ကမွန်၏ ထိုးနှက်ချက်များကို အစွမ်းကုန် ခုခံ နေရပေသည်။

'သမိန်စဏ္ဍဝေါ၊ ငါ့အလိုရှိတဲ့ ဓားတမ်းနဲ့ မင်းရဲ့ လက်သုံး





တက်ဆင်ထားတဲ့ နန်းစဉ် ဝတ္တုခြားလတ်ဝတ်ရတနာကို ကြည့်ကြည့်သာသာ ပြန်ပေးခလား။ မင်းကို သတ်ပြီး ယူရမလား'

သိရိပြတ်ကမွန်တာ ဒုတိယအကြိမ် တောင်းဆိုလိုက်ပြန်သည်။

သမိန်စဏ္ဍဝေါတလည်း ဝဓာခနဲ့သည့် အမူအရာဖြင့် ဟက်ဟက် ပက် ရယ်လိုက်သည်။ သို့ရာတွင် သမိန်စဏ္ဍဝေါ၏ ဝဲဘက်မှ အသံထွက် လာတော့ပေ။ သမိန်စဏ္ဍဝေါမှာ ပင်ပန်းမောဟိုက်လျက် ရှိသော်လည်း ဆက်ဆုံး ကြိုးစားခြင်းဖြင့် သိရိပြတ်ကမွန် ရှိရာသို့ ရှိသမျှ အင်အားနှင့် လွှားပြီး သိရိပြတ်ကမွန်အား စလွယ်သိုင်း ခုတ်ချလိုက်သည်။ သို့ရာတွင် သိရိပြတ်ကမွန်သည် သမိန်စဏ္ဍဝေါ၏ ဓားချက်ကို အလွယ်တကူ တွန်းလှန် လိုက်သည်။

'ကိုးသချိုင်းသံဓားတဲ့ — ဟော့'

သိရိပြတ်ကမွန်သည် သမိန်စဏ္ဍဝေါ၏ ဓားချက်ကို တွန်းလှန်လိုက် နောက် ကြောက်မက်ဖွယ်ရာ အသံနက်ကြီးဖြင့် ကြုံးဝါးရင်း သမိန်စဏ္ဍဝေါ အား လေ၏ လျှင်မြန်ခြင်းဖြင့် လျှင်မြန်စွာ ထိုးနှက်လိုက်ရာ သမိန်စဏ္ဍဝေါ သိရိပြတ်ကမွန်၏ ဓားချက်များကို အစွမ်းရှိသမျှ ခုခံရင်း လက်နှစ်ဖက်မှာ ပေါ်သို့ မြောက်သွားပြီး ၎င်း၏လက်မှ ဓားမှာလည်း ကြမ်းပြင်ပေါ်သို့ ကျသွားပေသည်။ သမိန်စဏ္ဍဝေါမှာလည်း ထိုနေရာမှာပင် ပုံလျက်သား သွားပေသည်။ သမိန်စဏ္ဍဝေါ၏ ရင်ဝမှာ သွေးများ ဖြာထွက်လာသည်ကို ပြီး သိရိပြတ်ကမွန် ဆုပ်ကိုင်ထားသည့် ကိုးသချိုင်းသံဓား၏ ဓားသွား လည်း သွေးများ စွန်းထင်နေသည်ကို တွေ့မြင်ရပေသည်

'ကိုးသချိုင်းသံဓား — ကွ'

ဗိုလ်မင်းပြတ်ဇော် အသံကိုကြားရပြီး သမိန်စဏ္ဍဝေါ၏ ကိုယ်ရံတော် များ ဓားနှသိန်နှင့် တပ်သားနှစ်ဦးသည် သွေးအိုင်ထဲတွင် ကျဆုံးနေသော ၏ အရှင်သခင်ကို ဝိုင်းဆန်းရွှေ့ထူ လိုက်ကြသည်ကို တွေ့မြင်ရပေသည်။

သမိန်စဏ္ဍဝေါ အသက်မရှိတော့သည်ကို သိရသောအခါ ၎င်း၏ တော်များဖြစ်သော ကိုယ်ရံတော်တပ်မှူးနှင့် တပ်သားနှစ်ဦးသည် စိတ်အား သည့် အမူအရာဖြင့် သမိန်စဏ္ဍဝေါ၏ ရုပ်အလောင်းကို ကြမ်းပြင်ပေါ်သို့ ယာ ပြန်ချထားလိုက်သည်။

သိရိပြတ်ကမွန်မှာမူ သမိန်စဏ္ဍဝေါ ကျဆုံးသွားသည်ကို မြင်ရသော ၎င်း၏ လက်သုံးတော် ကိုးသချိုင်းသံဓားတွင် စွန်းထင်ကျန်ရစ်ခဲ့သည့် ကို သပ်ချလိုက်ပြီး ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။ နှင်း ချွေးသီး



www.burmeseclassic.com

www.burmeseclassic.com



ချားကို လက်မောင်းနှင့် ပွတ်သပ်လိုက်ပြီးနောက် သမိန်စက္ကဝေါ၏ ရုပ်အလော ဘားတွင် ဒူးထောက်၍ သမိန်စက္ကဝေါ လက်ဝဲဘက် လက်သူကြွယ်တွင် ဝတ်ဆ ထားသည့် နန်းစဉ် ပတ္တမြားလက်ဝတ်ရတနာကို ချွတ်ယူလိုက်သည်။

အဆိုပါ နန်းစဉ် ပတ္တမြားလက်ဝတ်ရတနာမှာ ရာဇမိရာဇ် ဘု မင်းတရားကြီး၏ လက်ထက်တော်တွင် ဆောင်းတူးမြို့စားကြီး၏ ရဲစွမ်းသ ကို အသိအမှတ်ပြုသောအားဖြင့် ရာဇမိရာဇ်ဘုရင်မင်းတရားကြီး ကိုယ်တော် တိုင် နတ်ရွာစံ ဆောင်းတူးမြို့စားကြီးအား ချီးမြှင့်ပေးသနားတော်မူခဲ့သ လက်ဝတ်ရတနာဖြစ်၍ လက်ဝတ်ရတနာကို မြို့စားလေးဗညားအိမ်ထ သမိန်စက္ကဝေါ ကြေအန်ဝိုင်းတွင် မတရား အနိုင်ယူပြီး အပေါင်ပစ္စည်းအဖြ သိမ်းယူခဲ့ခြင်း ဖြစ်ပေသည်။

'အင်း လူယုတ်မာတစ်ကောင်တော့ ကိစ္စချောသွားပြန်ပြီ။ မင်း ကိုးသချိုင်းသံဓားက အတော် အစွမ်းထက်သားပါကလား'

ဗိုလ်မင်းဖြတ်ဇသည် သွေးအိုင်ထဲတွင် သေဆုံးနေသော သမိန်စက္က ၏ ရုပ်အလောင်းကို စက်ဆုပ်ရွံရှာသည့် အမူအရာဖြင့် ကြည့်ရင်း လိုက်သည်။

'ဗိုလ်မင်း ထင်သလို ဓားက အစွမ်းထက်တာ မဟုတ်ပါဘူး'

သီရိဖြတ်ကမ္ဗန်က ပြန်လည် ချေပလိုက်ရာ ဗိုလ်မင်းဖြတ်ဇက အံ့ သင့်သည့် အမူအရာဖြင့် သီရိဖြတ်ကမ္ဗန်အား ကြည့်လိုက်သည်။

'ဒါထက် ကိုးသချိုင်းသံဓားဟာ သိဒ္ဓိပြီးတယ်ဆို။ ကိုးသချိုင်းသ ပိုင်ရှင်ကို ဘယ်သူမှ အနိုင်ယူလို့ မရဘူး ဆိုပါလား'

'ကိုးသချိုင်းသံဓားက စွမ်းတာ မဟုတ်ပါဘူး။ သိဒ္ဓိပြီးတယ် ဆို လည်း အလကားပါ။ တစ်ဖက်ရန်သူရဲ့ စိတ်ဓာတ်ကျဆင်းအောင် ဝါဒဖြန့် တာပါ။ တကယ် အစွမ်းထက်မြက်တာက လူပါ'

'လူကစွမ်းလို့ အနိုင်ရတယ် ဆိုတာတော့ ငါ ယုံပါတယ်။ မင်း စွမ်းရည်သတ္တိကို ငါ ကောင်းကောင်းကြီး သိပါတယ်။ ဒါပေမဲ့ မင်းရဲ့ကိုး သံဓားက သိပ်နာမည်ကြီးနေတာ။ ကိုးသချိုင်းသံဓားကြောင့် တိုက်ပွဲ များစွာမှာ မင်း သေလုမြောပါး ဒဏ်ရာရခဲ့ပေမဲ့ အသက်မသေဘဲ နော တိုက်ပွဲတွေကို ဝင်နိုင်တာလို့ ယုံကြည်နေကြတယ်'

'အဲဒီလို ယုံကြည်နေအောင် ဝါဒဖြန့်ထားတာပါလို့ ကျွန်တော် ခဲ့ပြီးပြီ မဟုတ်လား။ တကယ်တမ်းကြတော့ ဓားက စွမ်းတာ မဟုတ် လူက ခွမ်းတာပါ။ အရေးအကြီးဆုံးက စိတ်ပါ။ ဒီဓားကို ကိုင်မိရင်







သူမျိုးကို မဆို ချေမှုန်းသုတ်သင်နိုင်ရမယ်ဆိုတဲ့ ယုံကြည်ခိုင်မာတဲ့စိတ် ကြောင့် ပွဲတိုင်းမှာ အနိုင်ရခဲ့တာပေါ့။ တစ်ဖက်ရန်သူ အနေနဲ့လည်း ကိုးသချိုင်း ဓားပိုင်ရှင်ကို သူတို့ အန်တုဘက်ပြိုင်လို့ ရမှာ မဟုတ်ဘူးလို့ ခွဲခွဲမဲမဲ ယုံကြည် တဲ့အတွက် တိုက်ပွဲမစခင်ကတည်းက သူတို့ စိတ်ဓာတ် ကျဆင်းပြီး အရေး ခဲ့ကြရတာပါ။ ကိုးသချိုင်းသံဓားတဲ့ဟာလို့ ကြေးဝါးပြီး ဓားကိုဝင့်လိုက်တာနဲ့ ပြိုင်နက် တစ်ဖက်ရန်သူရဲ့စိတ်ဓာတ် အလိုလို ကျဆင်းသွားတာယ် မဟုတ် ဘူး'

သီရိဖြတ်ကမ္ဗန်က ရှင်းပြလိုက်သည်။

'အင်း ဖြတ်ကမ္ဗန် ဖြတ်ကမ္ဗန်၊ လက်ရုံးရည်သာမက နှလုံးရည်ပါ ပြည့်ဝပါပေတယ်။ အမှန်အတိုင်း ပြောရမယ်ဆိုရင် ရင်ဆိုင်တိုက်ပွဲတွေမှာ လိုရန်သူကိုမှ ငါမကြောက်ဘူး။ ဒါပေမဲ့ နည်းပရိယာယ် ကြွယ်ဝတဲ့ မှာတော့ မင်းကို ငါ ဆရာတင်ရလိမ့်မယ်။ ကဲ .... ဒါကို အသာထားပြီး ပြောမယ် ဆိုတဲ့ ကိုးသချိုင်းသံဓား စီရင်ပုံကို ပြောပြစမ်းပါဦး'

ဗိုလ်မင်းဖြတ်ဇက ပြန်မေးလိုက်သည်။

'ကောင်းပါပြီ၊ ကျွန်တော် ကြားဖူးနားဝရှိသလောက် ပြောပြပါမယ်။ င်းသိတဲ့အတိုင်း စစ်သည်တော်တွေ ကိုင်ဆောင်တဲ့ ဆောင်ဓား အမျိုးမျိုး တယ်။ ပုံပန်းသဏ္ဍာန်ကိုလိုက်ပြီး အမည်မှည့်ခေါ်တာလည်း ရှိပါတယ်။ ပ်တဲ့နေရာမှာ အသုံးပြုတဲ့ သံအမျိုးအစားကိုလိုက်ပြီး အမည်မှည့်ခေါ် လည်း ရှိတယ်။ ဥပမာ ကျွန်တော်တို့ ကိုင်တဲ့ဓားဟာ ငှက်ကြီးတောင်နဲ့ ငှက်ကြီးတောင်ဓားလို့ ခေါ်တယ်။ စလွယ်ဖူး ဆိုတာကတော့ စလွယ်ဖူးနဲ့ သုံးထောင့်ပုံသဏ္ဍာန် ဓားဦးရှိတယ်။ လေးကင်းကတော့ ရိုးရိုးထိပ်တုံးလို့ ယ်။ ဆေးဆရာ၊ ပယောဂဆရာတွေ အသုံးပြုတဲ့ ဓားကတော့ ဆေးစီရင် ဓားတွေ ဖြစ်ပါတယ်'

သီရိဖြတ်ကမ္ဗန်က ရှင်းပြနေပေသည်။

'မင်းပြောတဲ့ ဓားတွေအကြောင်းတော့ ငါ နောကျေနေပါတယ်။ ရာ မလိုပါဘူး။ မင်းရဲ့ ကိုးသချိုင်းသံဓား အကြောင်းကိုသာ ပြောပြ ဦး။ ဘာဖြစ်လို့ ကိုးသချိုင်းသံဓားလို့ ခေါ်ရတာလဲ'

ဗိုလ်မင်းဖြတ်ဇက ဝင်ထောက်လိုက်သည်။

'ဒါကို ကျွန်တော် ရှင်းပြမယ်။ ကိုးသချိုင်းသံဓားလို့ ခေါ်တာကတော့ ကြောင့် မဟုတ်ဘူး။ သချိုင်းကိုးခုက ရတဲ့ ခေါင်းရိုက်သံတွေကို စုပေါင်း ဆောင်းပြီး လုပ်ကိုင်ထားတဲ့ ဓားဖြစ်လို့ ကိုးသချိုင်းသံဓားလို့ ခေါ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစားကို ပန်းပဲဖိုမှာ လုပ်ပြီးလျှင်ပြီးချင်း မီးနေသည် စနေသမီးရဲ့ ခေါင်း… အောက်မှာ မီးဖွားချိန်ကစပြီး ရက်လည်အောင် ထားရတယ်လို့ သိရ… ပြီးတော့ ဘုန်းတော်ကြီးများ ကမ္မဝါစွတ်ဖတ်နေချိန်မှာ ဆရာတော်ဘုရား… မသိအောင် အနီးအနားမှာ ချထားရတယ်။ ပြီးတော့ စားသံကို မာကျော… ဆေးတဲ့အခါမှာလည်း သချိုင်းကိုးကုန်းမှာ သွားပြီး ခုနစ်ရက်တိုင်တိုင် … မန်းမှုတ်ပြီး ဆေးရတယ်။ စားကို အချောကိုင်ပြီးတဲ့အခါ ကိုးမြို့ရှင် နတ်… တင်ရတယ်လို့ ဆိုတယ်။ ကာယသိဒ္ဓိပြီးသူကို ဘယ်လိုစားနဲ့မှ ခုတ်လို့ မ… ဘူးလို့ ဆိုတယ်။ ကိုးသချိုင်းသံစားနဲ့ ခုတ်မှ ပြတ်တယ်လို့ ယုံကြည်ကြ…

'ကာယသိဒ္ဓိဆိုတာကလည်း အမှန်စင်စစ်ကတော့ စိတ်ပဲ။ စိတ်… တန်ခိုးဟာ အင်မတန်ကြီးမားတယ်။ သူ့ကိုယ်သူ ကာယသိဒ္ဓိပြီးတယ်… တကယ်တမ်း စိတ်ချလက်ချ ယုံကြည်နေတဲ့ လူဟာ သူ့ရဲ့ ယုံကြည်… သွေးထိုးပေးထားလို့ ကြောက်တဲ့စိတ် မရှိတော့ဘူး။ ကြောက်တဲ့စိတ် … အနိုင်ရဖို့ လမ်းများတယ် မဟုတ်လား။ အမှန်အတိုင်းဆိုရင် ကိုးသချိုင်း… လည်း တခြားစားတွေထက် ပိုပြီး အစွမ်းမထက်ပါဘူး။ ကိုးသချိုင်းသံစား… ဟာ ကာယသိဒ္ဓိ အပါး ၉၀ ပြီးတယ်လို့ ယုံကြည်နေကြတယ်။ ကျွန်… အနေနဲ့ကတော့ ကျွန်တော့် လက်ရုံးရည်နဲ့ နှလုံးရည်ကိုသာ ယုံကြည်…

သီရိဖြတ်ကမ္ဘွန်က ရှင်းပြလိုက်ရာ ထိုအခါကျမှ ဗိုလ်မင်း… သီရိဖြတ်ကမ္ဘွန်၏ ရင့်ကျက်သောစိတ်ဓာတ်ကို ယခင်ကထက် ပိုမို၍ … လာပေသည်။ နှင်းကေသရာမှာလည်း သီရိဖြတ်ကမ္ဘွန် ရှင်းပြနေသည်… ဝင်စားစွာ နားထောင်နေရာမှ သီရိဖြတ်ကမ္ဘွန်၏ တောက်ပြောင်သော … အသွေးကို ပိုမို၍ သိမြင်လာကာ အကြည်ညိုတိုးလာပြီး အားကိုး… စိတ်များ ပိုမို၍ ပြင်းပြလာပေသည်။

'ကိုးသချိုင်းသံစားက အရေးမကြီးဘူး။ မြို့စားလေးရဲ့ … ရတနာတော့ ပြန်ရပြီ။ မြို့စားလေး လက်မှတ်ရေးထိုးခဲ့တဲ့ စာတမ်းကို … ဖျက်ဆီးပစ်ဖို့ တာဝန်တစ်ခု ကျန်သေးတယ်'

သီရိဖြတ်ကမ္ဘွန်က သတိပေးလိုက်ရာ ထိုအခါကျမှ ဗိုလ်မင်း… သည် ဗညားအိမ် လက်မှတ်ရေးထိုးခဲ့သည့် စာတမ်းကို သတိရလာ… စက္ကဝေါ၏ ကိုယ်ပေါ်တွင် နိုက်နိုက်ချွတ်ချွတ် ရှာဖွေနေလေသည်… စက္ကဝေါ ဝတ်ဆင်ထားသည့် ဝတ်စားတန်ဆာများကို တစ်ခုမကျန် … ရှာအောင် ရှာဖွေသော်လည်း စာတမ်းကို မတွေ့သဖြင့် သီရိဖြတ်…





…သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်မှူးနှင့် တပ်သားအချို့အား လှမ်းကြည့်လိုက်…သည်။

'မင်းတို့ရဲ့ အရှင်သခင် သမိန်စက္ကဝေါဆီမှာ မြို့စားလေးဗညားအိမ်…လက်မှတ်ရေးထိုးထားတဲ့ စာတမ်းတစ်စောင် ရှိတယ် ဆိုတာ မင်းတို့ သိတယ်…မဟုတ်လား'

သီရိဖြတ်ကမ္ဘွန်က မျက်နှာထိ မျက်နှာထားဖြင့် မေးလိုက်သည်။

'စာတမ်းတစ်စောင် ရှိတာတော့ သိပါတယ်'

တပ်မှူးက အဖြေပေးလိုက်သည်။

'အဲဒီစာတမ်း ဘယ်မှာလဲ'

'ဒါတော့ မပြောတတ်ပါဘူး။ သူထားတဲ့ နေရာကို သိရင်လည်း…တော်တို့ ပြောပိုင်ခွင့် မရှိပါဘူး။ ရန်သူအားပေး မလုပ်နိုင်ပါဘူး'

သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်မှူးက မျက်နှာထားတင်းတင်းဖြင့်…ပြေပေးလိုက်ရာ သီရိဖြတ်ကမ္ဘွန်သည် စားအိမ်မှ စားကို ဆွဲထုတ်လိုက်ပြီး…နှင့် ကိုယ်ရံတော် တပ်မှူး၏ လည်မျိုကို တေ့ထားလိုက်သည်။

'မင်းရဲ့အသက်ကို နှမြောရင် မင်းသိသမျှ ပြောပြစမ်း။ ပြောမပြနိုင်…ဆိုရင် ငါ့ကိုးသချိုင်းသံစားကို မင်းရဲ့ လည်ချောင်းသွေးနဲ့ ဆေးရလိမ့်မယ်'

သီရိဖြတ်ကမ္ဘွန်က ခက်ထန်သည့် အမူအရာဖြင့် ပြောလိုက်ရာ…စက္ကဝေါ၏ ကိုယ်ရံတော်တပ်မှူးမှာ တုန်လှုပ်သွားပုံ ရပေသည်။

'စာတမ်းကို ဘယ်နေရာမှာ ထားတယ်ဆိုတာ မသိရိုး အမှန်ပါ'

ကိုယ်ရံတော်တပ်မှူးက အဖြေပေးလိုက်သည်။

'ရွှေမြို့တော်မှ လာတုန်းက စာတမ်းပါလာတယ် မဟုတ်လား'

'မှန်ပါတယ်'

'ယူလာပြီး သူ ဘယ်မှာ ထားသလဲ'

'ဒါတော့ ကျွန်တော် မသိတာ အမှန်ပါ'

'ဒီအိမ်ကို ယူလာပြီး ဒီအိမ်မှာပဲ သိမ်းဆည်းထားတယ် မဟုတ်လား'

'ဒီအိမ်ကို ယူလာတာတော့ သိပါတယ်။ သိမ်းဆည်းထားတဲ့ နေရာကို…မသိပါဘူး'

'စာတမ်းကို မင်းတို့ နောက်ဆုံးမြင်ခဲ့ရတဲ့ အချိန်ကို ပြောပြစမ်း'

'မနေ့က ညနေအထိတော့ ဗိုလ်မှူးဆီမှာ ရှိနေတာ မြင်ရပါတယ်။ …ကိုတောင် ပြပါသေးတယ်။ ပြီးတော့ ဘယ်နေရာမှာ သိမ်းဆည်း…ထားသလဲ ဆိုတာတော့ ကျွန်တော် မသိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒီအိမ်ထဲမှာပဲ သိမ်းဆည်းထားတယ် မဟုတ်လား'

'မှန်ပါတယ်။ လုံခြုံစိတ်ချရတဲ့ နေရာမှာ သိမ်းဆည်းထား ...ပြီး အိပ်ခန်းထဲ ဝင်သွားပါတယ်။ ဒီအခန်းထဲမှာ ရှိကောင်း ရှိပါလိမ့် ...

သမိန်စက္ကဝေါ၏ ကိုယ်ရံတော်တပ်မှူးက သေရမည့်... ကြောက်ရွံ့သဖြင့် မိမိသိသမျှ အစစ်ခံနေရပေသည်။ ကိုယ်ရံတော်တပ်... အစစ်ခံချက်ကို တပ်သားနှစ်ဦးစလုံးက ထောက်ခံကြသဖြင့် သမိန်... အိပ်ခန်းကို မွှေနှောက်ရှာဖွေရန် ဗိုလ်မင်းဖြတ်ဇအား တာဝန်ပေးလို... ဗိုလ်မင်းဖြတ်ဇသည် ကိုယ်ရံတော်တပ်မှူးနှင့် တပ်သားနှစ်ဦးကို ခေါ်၍ ... စက္ကဝေါ အိပ်ခန်းဆဲသို့ ဝင်သွားကြပေသည်။

သီရိဖြတ်ကမ္ဘန်နှင့် နှင်းကေသရာ နှစ်ဦးထဲ ကျန်ရစ်ခဲ့သော... နှင်းကေသရာသည် သီရိဖြတ်ကမ္ဘန်၏ အနီးသို့ ချဉ်းကပ်လာပြီး ... ဒဏ်ရာရထားသည့် လက်မောင်းမှ သွေးစို့နေသည့် ဒဏ်ရာကို ... ကိုင်တွယ်ကြည့်လိုက်သည်။

'စစ်သည်တော်ကြီး၊ စစ်သည်တော်ကြီးရဲ့ ကျေးဇူးကို နှင်းကေ... ဘယ်လိုလုပ်ပြီး ဆပ်ရမလဲ'

နှင်းကေသရာက အားမလိုအားမရ အမူအရာဖြင့် စကားစလိုက်...

'ကျုပ်အပေါ် နှင်းကေသရာ အထင်မှားနေပြီ ထင်တယ်။ ... တင် ခံချင်လို့ ဒီအလုပ်ကို လုပ်နေတယ်ထင်လို့ ဒီစကား ပြောလိုက်တာ... ကျုပ်ကို ကျေးဇူးတင်စရာ မလိုပါဘူး။ ကျေးဇူးဆပ်စရာလည်း မလိုပါ...'

'အို စစ်သည်တော်ကြီး ဘယ်လို ပြောလိုက်တာလဲ။ နှင်းကေ... တို့ မောင်နှမရဲ့ အရှက်နဲ့ အသက်ကို ကာကွယ်ပေးခဲ့တဲ့ ကျေးဇူးကို နှင်း... သရာ မေ့ပျောက်ပစ်လို့ မရနိုင်ဘူး'

'ဒါဆိုရင် အမြဲတမ်း သတိရပြီး ဆင်ခြင် အောက်မေ့နေရင် ပြီး... အမြဲတစေ ဆင်ခြင် သတိရနေရင် ကျေးဇူးတင်တာနဲ့ အတူတူပဲ'

'ကောင်းပါပြီ၊ ဒီလိုဆိုရင် နှင်းကေသရာတို့ မောင်နှမရဲ့ အရှက်... အသက်ကို ကာကွယ်ပေးခဲ့တဲ့ စစ်သည်တော်ကြီးရဲ့ ကျေးဇူးကို နှင်းကေ... စစ်သည်တော်ကြီးရဲ့ အလိုဆန္ဒအတိုင်း အမြဲတစေ ဆင်ခြင်သတိရနေပါ... ဒါထက် စစ်သည်တော်ကြီးရဲ့ လက်မောင်းက ဒဏ်ရာကို သွေးတိတ်အော... ဆေးသိပ်ပေးပါရစေဦး'

'ဒဏ်ရာက မပြောပလောက်ပါဘူး။ သွေးလည်း တိတ်နေပါပြီ။ ... အဖို့တော့ ဒီဒဏ်ရာလောက်ကို ဖြတ်ကိုက်သလောက်ပဲ အောက်မေ့တယ်...





သီရိဖြတ်ကမ္ဘန်သည် မိမိအား နှင်းကေသရာ ပွတ်သီးပွတ်သပ် ...ပ်နေသည်ကို အနေရခက်သည့် အမူအရာဖြင့် နှင်းကေသရာကို စေ့စေ့ ...ကြည့်ဘဲ မျက်နှာသေကြီးဖြင့် လေသာပြတင်းဘက်သို့ ...ကြည့်ရင်း ပြန် ...ပြောလိုက်သည်။

'နှင်းကေသရာဖြင့် စစ်သည်တော်ကြီး အနိုင်ရမှ ရင့်...ပြီး ...မိလိုက်ရတာ။ စစ်သည်တော်ကြီး နိုင်ပါစေလို့လည်း ဆုတောင်း... ...အော။ စစ်သည်တော်ကြီးရဲ့ လက်မောင်းကဒဏ်ရာ သွေးစို့လာတော ... ...တော့ နှင်းကေသရာဖြင့် မကြည့်ရဲလို့ မျက်စိစုံမှိတ် ထားလိုက်ရသေး...'

'ဒါလောက်တောင်ပဲလား'

'ဒါထက်တောင် ပိုပါသေးတယ်။ သမိန်စက္ကဝေါနဲ့ စစ်သည်တော်ကြီး ...တို့ ဓားစွမ်းပြိုင်နေကြတုန်းကဆိုရင် နှင်းကေသရာဖြင့် ရင်တမမနဲ့ ဖြစ်နေပြီး ...သက်ရှူမှားတောင် မှားတယ်။ သမိန်စက္ကဝေါရဲ့ လက်ချက်နဲ့ စစ်သည်တော် ...ကြီးသာ ကျဆုံးသွားမယ်ဆိုရင် နှင်းကေသရာ လူ့ပြည်မှာ မနေတော့ဘူးလို့ ...ဆုံးဖြတ်ထားတယ်။ စစ်သည်တော်ကြီးသာ ကျဆုံးသွားရင် ဟောဟိုကြမ်းပြင် ...က ဓားမြှောင်နဲ့ နှင်းကေသရာရဲ့ ရင်ဝကို ထိုးစိုက်ပြီး စစ်သည်တော်ကြီး ...နဲ့ အတူ သေပွဲဝင်သွားဖို့ နှင်းကေသရာ စိတ်ပိုင်းဖြတ်ထားတာ'

နှင်းကေသရာသည် ကြမ်းပြင်ပေါ်သို့ စောစောက ပစ်ချထားသည့် ...ဆင်စွယ်အရိုးနှင့် ဓားမြှောင်ကိုပြရင်း ပြောလိုက်သည်။ သီရိဖြတ်ကမ္ဘန်မှာ ...စကားတစ်ခွန်းတစ်ရာ မပြောဘဲ မျက်မှောင်ကြုတ်ပြီး စိတ်ကိုတင်း၍ လေသာပြတင်းသို့ ...မျက်နှာသေကြီးဖြင့် ငေးစိုက်ကြည့်နေလေသည်။

ထိုအခိုက်တွင် အခန်းထဲသို့ ဗိုလ်မင်းဖြတ်ဇနှင့် သမိန်စက္ကဝေါ၏ ...ကိုယ်ရံတော် တပ်မှူးနှင့် တပ်သားသုံးယောက် ဝင်လာသည်ကို မြင်ရသဖြင့် ...နှင်းကေသရာသည် သီရိဖြတ်ကမ္ဘန် အနီးတွင် ပွတ်သီးပွတ်သပ် လုပ်နေရာမှ ...သိမသာ ခွာလိုက်ပြီး မျက်နှာပိုး သတ်လိုက်သည်။

'တစ်ခန်းလုံး နှံ့အောင် ရှာတာပဲ။ စာတမ်းကို အစအနတောင် ရှာလို့ ...တွေ့ဘူး။ အိပ်ရာအောက်ပါ မကျန် လှန်လှောရှာတာပဲ'

ဗိုလ်မင်းဖြတ်ဇက စိတ်ပျက်သည့် အမူအရာဖြင့် ပြောလိုက်သည်။

'ရှာဖို့ မလိုတော့ပါဘူး'

သီရိဖြတ်ကမ္ဘန်က ပြန်ပြောလိုက်ရာ ဗိုလ်မင်းဖြတ်ဇမှာ အံ့အားသင့် ...သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မတွေ့တွေ့အောင်ရှာပြီး ဖျက်ဆီးပစ်ရမယ် မဟုတ်လား။သူ [illegible] ရဲ့ လက်ထဲ ရောက်သွားရင် မခက်ပါလား'

'သူတစ်ပါးရဲ့ လက်ထဲကို မရောက်နိုင်ပါဘူး၊ မစိုးရိမ်ပါနဲ့'

သီရိဖြတ်ကမ္ဘန်က ပြောပြောဆိုဆို မီးခတ်ကိုထုတ်၍ ပွတ်လို [illegible] ဖွမ်းစပေါ်တွင် မီးစွဲလာသောအခါ အခန်းတွင်းရှိ လောင်စာမှန်သမျှကို [illegible] ပြီး မီးပုံရှို့လိုက်သည်။

မီးတောက်မီးလျှံ ဖြစ်လာသောအခါ မီးစများကိုယူ၍ ကျန်အခန်း [illegible] ရှိ လောင်စာများကို စုပုံပြီး အခန်းတိုင်းတွင် မီးပုံရှို့ခဲ့လေသည်။

'တစ်အိမ်လုံး ပြာကျသွားတဲ့နောက် စာတမ်းကို ဘယ်သူလာ [illegible] ရဦးမှာလဲ၊ စာတမ်းပါ ပြာကျသွားမယ် မဟုတ်လား။ ကဲ ... လာ၊ မင်္ဂလာ [illegible] အိမ်ကြီးမှာ ကြာကြာ မနေချင်တော့ဘူး'

သီရိဖြတ်ကမ္ဘန်သည် ဗိုလ်မင်းဖြတ်ဇနှင့် နှင်းကေသရာကို [illegible] မီးစွဲစပြုသည့် သမိန်စက္ကဝေ၏ အိမ်ကြီးပေါ်မှ ဆင်းလာကြကာ တစ်ချိန် [illegible] တစ်ချိန် ကြီးမားလာသည့် မီးလျှံများကို ခပ်လှမ်းလှမ်းမှ ကြည့်နေ [illegible] တစ်အိမ်လုံး မီးစလောင်နေသည်ကို မြင်ရသောအခါ သီရိဖြတ်ကမ္ဘန် [illegible] နှင်းကေသရာအား ဗိုလ်မင်းဖြတ်ဇ၏ မြင်းပေါ်တွင်တင်၍ သုံးယောက် [illegible] ဆောင်းတူးမြို့သို့ သုတ်ခြေတင်၍ လာခဲ့ကြလေသည်။

## အခန်း ၃၉

ဆောင်းတူးမြို့စား၏ စံအိမ်တော်သို့ တောလမ်းကို ဖြတ်ကျော်၍ ဖြည်း [illegible] မှန်မှန် ခရီးနှင်လာခဲ့ကြစဉ် တစ်ခုသော ချုံကွယ်မှာ အမျိုးသမီး [illegible] ကြားရသဖြင့် အသံကြားရသို့ လှမ်းကြည့်လိုက်သောအခါ တောင်ဝှေး [illegible] ထောက်ခါနှင့် မောကြီးပန်းကြီး လာနေသည့် ၁၂ ကြိုးကဝေမဟု နာ [illegible] နေသော ဒေါ်အိုဇာ ဖြစ်နေသည်ကို မြင်ရသဖြင့် သီရိဖြတ်ကမ္ဘန်သည် မြင်း [illegible] ကို သတ်၍ ရပ်နားလိုက်သည်။ နှင်းကေသရာအား မြင်းပေါ်သို့ [illegible] ခေါ်လာသော ဗိုလ်မင်းဖြတ်ဇမှာလည်း အလားတူပင် ဇက်ကိုသတ်၍ [illegible] အနီးတွင် ထိုးရပ်လိုက်သည်။

'စစ်သည်တော်ကြီးကို လိုက်ရှာနေတာ ကြာပါပြီ။ ခုမှပဲ တွေ့ [illegible] တယ်။ ဟင် နှင်းကေသရာ သခင်မလည်း ပါလာပါလား'





ဒေါ်အိုဇာသည် သီရိဖြတ်ကမ္ဘန်ကို ကြည့်လိုက်၊ နှင်းကေသရာကို [illegible] ကြည့်လိုက်နှင့် နှုတ်ခွန်းဆက်သည်။

'ကျွန်တော့်ကို ဘာပြုလို့ လိုက်ရှာနေရတာလဲ'

သီရိဖြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'ပန်လှိုင်ထိပ်ထား သခင်မကြီးက စစ်သည်တော်ကြီးကို [illegible] တွေ့အောင်ရှာပြီး သူ ခေတ္တ တည်းခိုစံမြန်းတော်မူနေတဲ့ ဇောလကျွန်းရဲ့ [illegible] [illegible] လွှတ်လိုက်ဖို့ မှာကြားလိုက်ပါတယ်။ ထိပ်ထားသခင်မကြီးရဲ့ ကိုယ်ရံတော် [illegible] သားတွေကိုလည်း စစ်သည်တော်ကြီးကို လိုက်ရှာပြီး သခင်မကြီးဆီကို [illegible] လာခဲ့ဖို့ အမိန့်ပေးထားပါတယ်။ သေရေးရှင်ရေးကိစ္စ ဖြစ်ပါတယ်'

ဒေါ်အိုဇာက အဖြေပေးလိုက်သည်။

'သေရေးရှင်ရေး .... ဟုတ်လား၊ မင်းစည်သူရဲ့ ရောဂါအခြေအနေ [illegible] ါးလာလို့လား။ စိုးရိမ်ရတယ်လို့ ပြောသလား'

သီရိဖြတ်ကမ္ဘန်မှာ မင်းစည်သူအတွက် စိုးရိမ်မကင်းသည့် အမူအရာ [illegible] ပြန်မေးလိုက်သည်။

'မဟုတ်ပါဘူး၊ မင်းစည်သူရဲ့ ရောဂါအခြေအနေဟာ စိုးရိမ်စရာ [illegible] တော့ပါဘူး။ စိတ်ချရတဲ့ အခြေအနေ ရောက်နေပြီလို့ သိရပါတယ်'

'ထိပ်ထားသခင်မကြီးဆီကို ရောက်ရင် အကျိုးအကြောင်း သိရ [illegible] မှာမယ်။ ထိပ်ထားသခင်မကြီးဆီကို ရောက်အောင်သာ အမြန်သွားပါ၊ [illegible] ားလေးရဲ့ စံအိမ်တော်ကို ပြန်တဲ့အခါမှာလည်း ကုံကော်မြိုင်တောတန်းကို [illegible] နိုင်သမျှ ရှောင်ပါ'

ဒေါ်အိုဇာက သတိပေးလိုက်သည်။

'ကောင်းလှပါပြီ၊ ခုချက်ချင်းပဲ သီရိမာလာထိပ်ထားသခင်မဆီကို [illegible] တော် သွားပါမယ်'

သီရိဖြတ်ကမ္ဘန်က အဖြေပေးရင်း မြင်းဇက်ကိုဆွဲ၍ လှည့်လိုက်သည်။

'ကဲ ဗိုလ်မင်းဖြတ်ဇ၊ နှင်းကေသရာကို စံအိမ်တော်အရောက် ပို့ပေး [illegible] တော့။ စံအိမ်တော်ကို အသွား ကုံကော်မြိုင်တောတန်းကို ရှောင်ကွင်းပြီး [illegible] ကွင်းက ဝင်ပြီးသွားရင် ကောင်းပါလိမ့်မယ်'

သီရိဖြတ်ကမ္ဘန်က နှင်းကေသရာအား မြင်းပေါ်တင်ပြီး ခေါ်လာသော [illegible] မင်းဖြတ်ဇအား လှမ်းပြောလိုက်သည်။

'အရီးဘုရားဆီကို သွားမှာဆိုရင် နှင်းကေသရာပါ လိုက်ခဲ့မယ်။ [illegible] ကေသရာကိုပါ အရီးဘုရားဆီကို ပို့ပေးပါ'



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာက သီရိဖြတ်ကမ္ဘန်အား လှမ်းပြောလိုက်သည်။

'ဒီလိုဆိုရင် ကျုပ်လည်း ပန်းလှိုင်ထိပ်ထား သခင်မဆီကို လိုက်... ခဲ့ရတော့မှာပေါ့'

ဗိုလ်မင်းဖြတ်ဇသည် ပြောပြောဆိုဆို ၄င်း၏မြင်းကို ဇက်လွတ်ထား... မှာ ဇက်ကိုပြန်ကိုင်ပြီး သီရိဖြတ်ကမ္ဘန်နှင့်အတူ လိုက်ပါလာခဲ့ပေရာ ဒေါ်အိုဇ... သည် တောင်ဝှေးကို ထောက်၍ မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့... သီရိဖြတ်ကမ္ဘန်အား အချိန်မီ သတိပေးနိုင်သည့်အတွက် ဘဝင်ကျသွား... သက်ပြင်းမှုတ်ထုတ်လိုက်သည်ကို မြင်ရပေသည်။

သီရိဖြတ်ကမ္ဘန်နှင့် ဗိုလ်မင်းဖြတ်ဇတို့မှာ မြင်းကို ကြိမ်တို့ပြီး ... လကွန်၏ လယ်တောရှိရာသို့ ဦးတည်ပြီး ခရီးနှင်ခဲ့ပေရာ မကြာမီပင် လယ်... ရှိ ဗောလကွန်၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပေသည်။

သီရိဖြတ်ကမ္ဘန်ကို မြင်လိုက်သောအခါ ပန်းလှိုင်ထိပ်ထား သီရိ... သခင်မမှာ ဝမ်းသာအားရ ဖြစ်သွားသည် အမူအရာဖြင့် အိမ်ဝမှ ဆီး... နေပေသည်။

'စစ်သည်တော်ကြီးပါလား၊ သခင်မဖြင့် စစ်သည်တော်ကြီးအတွ... စိုးရိမ်ပူပန်လို့ ဒေါ်အိုဇာကိုရော သခင်မရဲ့ ကိုယ်ရံတော်တပ်သားတွေ... စစ်သည်တော်ကြီးကို အရှာခိုင်းလိုက်တယ်။ စစ်သည်တော်ကြီးကို ဘယ်သူ... လမ်းညွှန်လိုက်သလဲ'

သီရိမာလာ ထိပ်ထားသခင်မက ဆီးကြိုပြီး မေးလိုက်သည်။

'လမ်းခရီးမှာ ဒေါ်အိုဇာနဲ့တွေ့လို့ ဒေါ်အိုဇာက လမ်းညွှန်လိုက်... ပါ။ ဒါထက် မင်းစည်သူတစ်ယောက် သက်သာပါရဲ့လား'

သီရိဖြတ်ကမ္ဘန်က မြင်းပေါ်မှ ခုန်ဆင်းရင်း ပြန်မေးလိုက်သည်...

'မင်းစည်သူရဲ့ ဒဏ်ရာက စိတ်ချရပါပြီ။ စိုးရိမ်စရာ မရှိတော့ပါ... အစာဝင်သွားလို့ အားပြည့်လာရင် လူကောင်းပကတိ ပြန်ဖြစ်လာတော့မှာ... အလို ဗိုလ်မင်းဖြတ်ဇလည်း ပါလာသကိုး။ ဗိုလ်မင်းဖြတ်ဇကိုတောင် သခ... ရုတ်တရက် မမှတ်မိဘူး။ ဗိုလ်မင်းဖြတ်ဇနဲ့ မတွေ့ရတာ အတော်ကြာသွား... တစ်ခါတလေ သခင်မတို့ဆီကိုများ ခြေဦးလှည့်ခဲ့စမ်းပါဦး'

သီရိမာလာ ထိပ်ထားသခင်မသည် ဗိုလ်မင်းဖြတ်ဇအား လှမ်း၍ ... ဆက်လိုက်သည်။ ဗိုလ်မင်းဖြတ်ဇ၏ မြင်းပေါ်တွင် ပါလာသော တု... နှင်းကေသရာကိုမူ အရေးမစိုက်ဘဲ နှင်းကေသရာ ပါလာသည်ကိုပင် မသိ...





...လ်မင်းဖြတ်ဇနှင့် သီရိဖြတ်ကမ္ဘန်ကိုသာ ဗောလကွန်၏ အိမ်ထဲသို့ ရှေ့ဆောင် ...ပြီး ခေါ်ခဲ့ပေသည်။

နှင်းကေသရာမှာလည်း အရီးဘုရား သီရိမာလာအား ခရဲ့တရဲ့သာ ...မ်းကြည့်လိုက်ပြီး မိမိက စတင်၍ နှုတ်ခွန်းဆက်ရမည်ကို မဝံ့သလိုလိုနှင့် ...ိုးတိုးရှန့်တန့် ဖြစ်နေရာမှ သီရိဖြတ်ကမ္ဘန်၏နောက်မှ ကုန်းရုန်း ...ပြီး ဗောလကွန်၏ အိမ်ထဲသို့ လိုက်လာခဲ့ပေသည်။

အိမ်ထဲသို့ ရောက်သောအခါ ဗိုလ်မင်းဖြတ်ဇနှင့် သီရိဖြတ်ကမ္ဘန်အား ...ကွပ်ပျစ်ပေါ်၌ နေရာချထားပြီး အိမ်ရှင် ဗောလကွန်၏ဇနီး တလထော်ကို ခေါ်၍ ...ွမ်း ဆေး လက်ဖက်များဖြင့် ဧည့်ခံနေပေသည်။ သီရိမာလာထိပ်ထား ...ခင်မမှာလည်း သီရိဖြတ်ကမ္ဘန်တို့နှင့်အတူ ကွပ်ပျစ်ပေါ်တွင် ဝိုင်းထိုင်လိုက်ရာ ...င်းကေသရာသည် အရီးဘုရား သီရိမာလာ အနီးတွင် ကျုံ့ကျုံ့ကလေး ...င်ထိုင်လိုက်သည်။

'ကဲ ကွမ်း ဆေး လက်ဖက် သုံးဆောင်ရင်း ရှင်စောပု ဘုရင်မကြီးကို ...ပ်ကြံဖို့ အကြံအစည် ပျက်ပြားသွားရေးအတွက် စစ်သည်တော်ကြီးနဲ့ ...ိုလ်မင်းဖြတ်ဇတို့ ပူးပေါင်းဆောင်ရွက်ခဲ့တာ ဘယ်အခြေအနေကို ရောက်နေပြီ ...ဆိုတာ သခင်မကို ရှင်းပြစမ်းပါဦး'

သီရိမာလာထိပ်ထားသခင်မက စကားစလိုက်ရာ သီရိဖြတ်ကမ္ဘန်နှင့် ...ိုလ်မင်းဖြတ်ဇတို့သည် ဘုရင်မကြီးအား လုပ်ကြံရန် ဆောင်းတူးမြို့စားလေး ...ဘွားအိမ်နှင့် နှင်းကေသရာတို့အား ဓားစာခံများအဖြစ်ထားရှိကာ ဗညားအိမ်နှင့် ...င်းကေသရာတို့ကို အကာအကွယ်ယူ၍ သစ္စာဖောက်များက တိတ်တဆိတ် ...ကြံစည်ခဲ့ပုံများနှင့်တကွ ၄င်းတို့၏ အကြံအစည် ပျက်ပြားသွားစေရေးအတွက် ...သီရိဖြတ်ကမ္ဘန်က မကြာမီကမှ အကျဉ်းထောင်က လွတ်လာသည့် ကြေးစား ...စစ်သည်တော်ဟန် ဆောင်၍ နှင်းကေသရာထံ ရောက်ရှိလာခဲ့ပုံ၊ ဗိုလ်မင်းဖြတ်ဇနှင့် ...၏ နောက်လိုက်ယော်သားများက လူစုခွဲ၍ ဆောင်းတူးမြို့ ပတ်ဝန်းကျင်ဒေသ ...သို့ မသိမသာ ရောက်ရှိလာပြီး ဗိုလ်မင်းဖြတ်ဇက အင်းဝမှ စေလွှတ်လိုက် ...သည့် သစ္စာဖောက် မင်းနန္ဒာအသွင်ဖြင့် သစ္စာဖောက်များကို အတွင်းမှ ပူးသတ် ...ကြံပုံများကို သီရိဖြတ်ကမ္ဘန်နှင့် ဗိုလ်မင်းဖြတ်ဇတို့က တစ်လှည့်စီ ပြောပြနေပေရာ ...င်းကေသရာသည် တအံ့တသြ နားထောင်နေမိပေသည်။

သီရိဖြတ်ကမ္ဘန်နှင့် ဗိုလ်မင်းဖြတ်ဇတို့က သစ္စာဖောက်ခေါင်းဆောင် ...အား မြို့စားလေး စံအိမ်တော်ရှိ လျှို့ဝှက်ဆွေးနွေးခန်းသို့ ဖြစ်ယောင်း ...ဆောင်ပြီး ဗိုလ်မင်းဖြတ်ဇက သစ္စာဖောက် မင်းနန္ဒာအသွင်ဖြင့် ၄င်းတို့၏



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည် မှန်သမျှ အတွင်းကျကျ သိအောင် စုံစမ်းထောက်လှမ်းခဲ့ပုံ၊ သစ္စာဖောက်များအား ပြေးပေါက်မရှိအောင် ဝိုင်းဝန်းပိတ်ဆို့ပြီး လက်ရဖမ်းဆီးခဲ့ပုံများနှင့်တကွ သစ္စာဖောက် ခေါင်းဆောင်တစ်ဦးဖြစ်သော သမိန်တီသကုမ္မာဒိုလ်မင်းဖြတ်ဇအား ခုခံသဖြင့် အသေဖမ်းဆီးလိုက်ရပုံများကို ရှင်းပြလိုက်သောအခါ သီရိမာလာ ထိပ်ထားသခင်မ၏ မျက်နှာမှာ သိသိသာသာ ကြည်လင်၍ လာခဲ့ပေသည်။

နှင်းကေသရာမှာမူ ဘုရင်မကြီးအား လုပ်ကြံရန် အကြံအစည်နှင့် ပတ်သက်၍ အရှင်ဘုရား သီရိမာလာ ထိပ်ထားသခင်မသည် အတော် အတွင်းကျကျ သိရှိထားသည်ကို သိရသောအခါ များစွာ အံ့အားသင့်မိပေသည်။ ဘုရင်မကြီးအား လုပ်ကြံရန် အကြံအစည် ပျက်ပြားသွားစေရန် သီရိဖြတ်ကာနှင့် ဗိုလ်မင်းဖြတ်ဇတို့ ဦးဆောင်ပြီး ရှုပ်ရှုပ်ရှုံ့ရှုံ့ စွန့်စွန့်စားစား ဆောင်ရွက်ခဲ့ ရှိသည်ကိုပါ သီရိမာလာ ထိပ်ထားသခင်မ ကောင်းစွာ သိသည်ကို နှင်းကေသရာ သိမြင်လာသောအခါ မိမိ မသိသား ဆိုးဝါးခဲ့သည်ကို လည်းကောင်း၊ သီရိဖြတ်ကမွန် အပေါ်တွင် မိမိ အကြိမ်ကြိမ် အထင်လွဲမှားခဲ့မိသည်ကို လည်းကောင်း ယူကျုံးမရ ဖြစ်မိပေသည်။

'ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည်နဲ့ ပတ်သက်ပြီး အရှင်ဘုရား အတွင်းအပြင်သိနေတာကို ကျွန်မတော် လုံးဝ မရိပ်စားမိဘူး။ အရှင်ဘုရား ဒါလောက်တောင် သိတော်မူလိမ့်မယ် မထင်ဘူး'

နှင်းကေသရာသည် သီရိမာလာ ထိပ်ထားသခင်မအား မရဲတရဲ ကြည့်လိုက်ပြီး မဝံ့တဝံ့ ပြောလိုက်သည်။

'အရှင်ဘုရား သိနေတာ ကြာပါပြီ။ ကျွန်မတော်သာ ငါ မြို့စားကြီး သမီးဦး ရတနာပဲဆိုပြီး မာန်မာနတွေ ဖုံးလွှမ်းနေပြီး နားနဲ့မျက်စိကို ပိတ်ထား လို့ ဘာမှ မသိတာ။ ကျွန်မတော်တို့ မောင်နှမကို အကာအကွယ် ပေးနေ စစ်သည်တော်ကြီးကိုတောင် ရန်သူထင်ပြီး ကျွန်မတော် ရန်လုပ်နေသေး မဟုတ်လား။ ကျွန်တော်မောင်ရော ကျွန်မတော်ပါ နှစ်ယောက်စလုံး တစ်ယောက် အသုံးမကျဘူး'

သီရိမာလာ ထိပ်ထားသခင်မသည် ပြောစရာရှိလျှင် မညှာ ပြောတတ်သူဖြစ်၍ ကျွန်မတော်အား မျက်စောင်းတခဲခဲနှင့် ပြောချလိုက်လေသည်။

'သခင်မကြီး ထင်သလို မဟုတ်ပါဘူး။ သခင်မကြီးရဲ့ ကျွန် အမြင်မှန် ရနေပါပြီ'





သီရိဖြတ်ကမွန်က နှင်းကေသရာ မျက်နှာညှိုးသွားသည်ကို မြင်ရသောအခါ ကြားမှဝင်ပြီး နှင်းကေသရာအား အကာအကွယ် ပေးလိုက်သည်။

'တော် တော်၊ စစ်သည်တော်ကြီး ဘာမှဝင်ပြီး ဆင်ခြေမပေးပါနဲ့။ သခင်မရဲ့ ကျွန်မတော်အကြောင်း သခင်မ သိလို့ ပြောနေတာ။ မိတ်ဆွေကို ရန်သူ ထင်ပြီး ရန်သူကို မြှောက်စားတဲ့ မိန်းမ။ ဒီမှာ နှင်းကေသရာ၊ ညည်းရဲ့ခမည်း တော်ကို ဘယ်သူ လုပ်ကြံသလဲဆိုတာ ညည်း ရိပ်စားမိရဲ့လား။ ညည်းရဲ့ ခမည်းတော်ကို လုပ်ကြံရုံတင် မဟုတ်ဘူး၊ ညည်းရဲ့မောင်တော် ဗညားအိမ်ကို လုပ်ကြံပြီး မြို့စားရဲ့ရာထူး ဆက်ခံဖို့ ကြိုးစားနေတဲ့ တိရစ္ဆာန်ကောင်ကို ညည်းတို့က လူကောင်း ထင်ပြီး လက်ခံထားတယ်။ ညည်းတို့ မောင်နှမတောင် ကြိုက်မဲ့တာ ရှိသေးရဲ့လား'

သီရိမာလာ ထိပ်ထားသခင်မသည် ထုံးစံအတိုင်း စိတ်ထဲရှိသမျှ အိတ်သွန်ဖာမှောက် သွန်ထုတ်လိုက်ရာ နှင်းကေသရာမှာ စိတ်ထဲ တုန်လှုပ် သွားပေသည်။

'ကျွန်မတော် ဘာမှ မသိရပါလား၊ ခမည်းတော်ကို လုပ်ကြံတာ ဘယ်သူ များပါလဲ။ ကျွန်မတော် အသည်းထိတ်လိုက်တာ'

'ခုမှ အသည်းထိတ်နေ။ ညည်းရဲ့ ခမည်းတော်ကို လုပ်ကြံတဲ့ လက်သည် တရားခံဟာ တခြားမဟုတ်ဘူး။ ရသဖျှနဲ့ ရောင့်ရဲတင်းတိမ်တယ် ဆိုပြီး စိပ်ပုတီး သည်ပင်းမှာ စွပ်ထားတဲ့ ညည်းမောင်တော်ဝမ်းကွဲ မင်းသိဒ္ဓတ်ဆိုတဲ့ ခွေး တိရစ္ဆာန်ကောင်ပေါ့'

သီရိမာလာထိပ်ထားသခင်မက စိတ်လိုက်မာန်ပါ ပြောချလိုက်ရာ နှင်းကေသရာမှာ မိမိ၏ နားကိုပင် မယုံနိုင်အောင် ဖြစ်သွားပြီး ဆောက်တည်ရာ မရအောင် ထိတ်လန့်တုန်လှုပ် သွားပေသည်။

'ဘုရား .... ဘုရား၊ ဘုရား ကယ်တော်မူပါ'

'ခုမှ ဘုရား တ နေလို့ ဘာအကြောင်းထူးဦးမှာလဲ'

'မင်းသိဒ္ဓတ် ဒါလောက် အကြံပက်စက်လိမ့်မယ်လို့ ကျွန်မတော်ဖြင့် ယုံနိုင်အောင် ဖြစ်ရတာပဲ'

'မယုံမရှိနဲ့၊ အရှင်ဘုရားဆီမှာ ခိုင်လုံတဲ့ သက်သေအထောက်အထား များ ရထားပြီးပြီ။ စစ်သည်တော်ကြီးကိုတောင် ချောင်းမြောင်းလုပ်ကြံဖို့ ကြံစည် ကြံသေးတယ်။ ဒါကိုသိလို့ စစ်သည်တော်ကြီးကို မတွေ့တွေ့အောင် ရှာခိုင်း ပြီး သခင်မဆီကို လွှတ်လိုက်ဖို့ အမိန့်ပေးထားတာ'

သီရိမာလာ ထိပ်ထားသခင်မက မဲ့ကာရွဲ့ကာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို လုပ်ကြံဖို့ ကြံစည်ခဲ့တာကတော့ တစ်ကြိမ်မက ပါဘူး၊ မင်းသိင်္ခတ်ရဲ့ အကြံအစည် ဖြစ်ရမယ်ဆိုတာ ကျွန်တော် ရိပ်စားမိ တယ်၊ ဒါပေမဲ့ သက်သေအထောက်အထားကို မရခဲ့ဘူး'

သီရိဗြတ်ကမွန်က ဝင်ပြီး ပြောလိုက်သည်။

'သခင်မဆီမှာ သက်သေခံ အထောက်အထားတွေ ရှိပါတယ်၊ စစ်သည်တော်ကြီးကို လုပ်ကြံဖို့ သမိန်စက္ကဝေါကိုယ်တိုင် မင်းသိင်္ခတ်ရဲ့ လေး သည်တော် စောနသိန်ကို အမိန့်ပေးနေတာ ဒေါ်အိုဇာရဲ့ နားနဲ့ဆတ်ဆတ် ကြားခဲ့ရတယ်။ ဒါကြောင့် စစ်သည်တော်ကြီးကို ချက်ချင်း အရှာခိုင်းတာ'

'သမိန်စက္ကဝေါကိုယ်တိုင် အမိန့်ပေးတာ သေချာပါသလား'

သီရိဗြတ်ကမွန်က ပြန်မေးလိုက်သည်။

'မသေချာဘဲ ဒေါ်အိုဇာက ပင်ပန်းခံပြီး လာပြောပါ့မလား။ စစ်သည် တော်ကြီး အတွက်ဆိုရင် ဒေါ်အိုဇာ အသေတောင် ခံရဲတယ်။ ဒါကို စစ်သည် တော်ကြီး အသိ မဟုတ်လား။ ဒေါ်အိုဇာ ပြောတာကို စစ်သည်တော်ကြီး မယုံ ဘူးလား'

'ယုံပါတယ်'

'စစ်သည်တော်ကြီးကို မင်းသိင်္ခတ်ရဲ့ လေးသည်တော် စောနသိန် ကောင်းကောင်းမှတ်မိပုံ မပေါ်ဘူး။ ဒါပေမဲ့ စစ်သည်တော်ကြီးဟာ လိမ္မော်ရောင် အင်္ကျီကို အမြဲတမ်းလိုလို ဝတ်ဆင်လေ့ရှိတာကို သိထားပြီးတော့ ကိုးသရဖူ သံစားကိုလည်း အမြဲတမ်း လွယ်ထားလေ့ရှိတယ် ဆိုတာကိုပါ သိတယ်။ စစ်သည် တော်ကြီး လိမ္မော်ရောင်အင်္ကျီ ဝတ်ဆင်မိမှာစိုးလို့ ဒေါ်အိုဇာက စစ်သည်တော်ကြီး ရဲ့ အခန်းထဲ ဝင်ရောက်ပြီး စစ်သည်တော်ကြီးရဲ့ လိမ္မော်ရောင် အင်္ကျီမှန်သမျှ မွှေနှောက်ရှာဖွေပြီး ယူလာခဲ့တယ်'

သီရိမာလာထိပ်ထားသခင်မက အားလုံးရှင်းပြရင်း ဒေါ်အိုဇာ ယူ လာသည့် အဝတ်ထုပ်ကို ပြလိုက်ရာ သီရိဗြတ်ကမွန်မှာ ဒေါ်အိုဇာ အပေါ် ကျေးဇူးတင် မဆုံးနိုင်အောင် ဖြစ်သွားပေသည်။

'ဒေါ်အိုဇာ ပြောပြချက်အရ ဆိုရင် စစ်သည်တော်ကြီးကိုလည်း သစ်ပင်ပေါ်ကနေပြီး အဆိပ်လူးမြားနဲ့ ချောင်းမြောင်းပစ်ခတ်ကာ လုပ်ကြံသတ်ဖြတ် ဖို့ အမိန့်ပေးနေသံကို ကြားရကြောင်း သိရတယ်။ ကံ့ကော်မြိုင် တောတန်းက စစ်သည်တော်ကြီး မကြာခဏ လာလေ့ရှိတယ် ဆိုတာကို သူတို့ သိပုံ ရတယ်'

သီရိမာလာ ထိပ်ထားသခင်မက ဒေါ်အိုဇာထံမှ ကြားသိရပုံကို ရှင်း ပြလိုက်သည်။

'ကျွန်တော့်ကို ချောင်းမြောင်းပြီး အဆိပ်လူးမြားနဲ့ ပစ်သတ်ဖို့ ကြိုးစား ခဲ့ဦးမယ် ဆိုတာတော့ ကျွန်တော် ကြိုတင်က သိထားခဲ့ပါပြီ၊ ပထမအကြိမ် လုပ်ကြံဖို့ ကြိုးစားခဲ့တုန်းက သီသီကလေး လွဲသွားတာကို သူတို့ အခုထိမှာ မသိသေးဘူး။ အဲဒီအကြိမ်တုန်းကသာ နှင်းကေသရာ အသံပြုရှင် လက်သည် မြားခံကို ကျွန်တော် လက်ရ ဖမ်းဆီးရမိနိုင်ပါတယ်'

သီရိဗြတ်ကမွန်က ပြန်ပြောလိုက်ရာ နှင်းကေသရာမှာ ထိုနေ့ နံနက် က အဖြစ်အပျက်များကို မျက်စိထဲတွင် မြင်ယောင်လာကာ မိမိတို့ထံတို့ အပြစ်တင်မိပေသည်။

'စစ်သည်တော်ကြီး ပြောတဲ့အတိုင်း မှန်သလား'

သီရိမာလာသခင်မက နှင်းကေသရာအား မေးလိုက်ရာ နှင်းကေသရာ ခေါင်းညိတ်ကာ ဝန်ခံလိုက်ပေသည်။

'ကဲ အဲဒီနေ့က အဖြစ်အပျက်ကို ပြောပြစမ်းပါဦး'

သီရိမာလာသခင်မက တောင်းဆိုလိုက်ရာ သီရိဗြတ်ကမွန်သည် ကြင်ခံ အိပ်ခန်းထဲသို့ နှင်းကေသရာ၏ လက်ရေးနှင့် စာတစ်စောင် ရောက်ရှိ လာပုံမှ စ၍ ဤစာအရ ကံ့ကော်မြိုင်တောတန်းဘက်သို့ ဆင်းလာခဲ့စဉ် မိမိအား ပုန်းကွယ်ထားသူ တစ်ဦးက ဒူးလေးနှင့် ချောင်းမြောင်းပစ်ခတ်ခဲ့ရာ၊ အချိန်မီ ရှောင်ပေးလိုက်သဖြင့်သာ သီသီကလေး လွဲသွားပြီး အနီးရှိ သစ်ပင်တွင် မြားတံ စိုက်ဝင်သွားပုံများကို ပြောပြပြီး သီရိဗြတ်ကမွန်က မြားထိမှန်သည့် အသွင်ဖြင့် ရန်သူအား ချောင်းမြောင်းဖမ်းဆီးရန် အသင့် စောင့်နေစဉ် နှင်းကေ သရာက မိမိအား လှမ်းခေါ်လိုက်သဖြင့် ရန်သူ ထွက်ပြေး လွတ်မြောက်သွားပုံ ကို သီရိဗြတ်ကမွန်က ရှင်းပြနေပေသည်။

'ညည်းကို အတော်ကြိုးဟ်မွှေတယ်။ ကဲ ဒါကို အသာထားပြီး မင်းသိင်္ခတ် ရဲ့ လေးသည်တော် စောနသိန်ကို သမိန်စက္ကဝေါ ခြိမ်းခြောက်ပုံ ပြောပြဦး မယ်။ မတ်တော်မောင် မြို့စားကြီးကို မင်းသိင်္ခတ်ရဲ့ အမိန့်အရ လေးသည် တော် စောနသိန် လုပ်ကြံခဲ့ကြောင်း သမိန်စက္ကဝေါ သိတယ်။ ဒါကို သိတဲ့အတွက် စစ်သည်တော်ကြီးကို တစ်ရက်၊ နှစ်ရက်အတွင်း ကိစ္စတုံး လုပ်ကြံနိုင်ရင် လုပ်ကြံ၊ မလုပ်ကြံနိုင်ဘူးဆိုရင် မြို့စားကြီးကို လုပ်ကြံမှုနဲ့ မင်းရော မင်းရဲ့ အရှင်သခင် မင်းသိင်္ခတ်ပါ မင်းပြစ်မင်းဒဏ် သင့်စေမယ်လို့ ခြိမ်းခြောက်တဲ့အသံကို ဒေါ်အိုဇာ နားနဲ့ဆတ်ဆတ် ကြားခဲ့ရတယ်။ စစ်သည်တော်ကြီးကို လုပ်ကြံနိုင်ရင် လုပ်ကြံ၊ မလုပ်ကြံနိုင်ရင် လေးသည်တော် စောနသိန်ရော မင်းသိင်္ခတ်ပါ မတ်တော်မောင်







www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးကို သတ်မှုနဲ့ မင်းပြစ်မင်းဒဏ်သင့်အောင် သမိန်စက္ကဝေါ လုပ်... မယ်'

သီရိမာလာက မိမိ၏ အယူအဆကို တင်ပြလိုက်သည်။

'သမိန်စက္ကဝေါ လူ့ပြည်မှာ မရှိတော့ဘူး၊ အဲဒါ ခက်နေတယ်'

ဗိုလ်မင်းဖြတ်ဇကော ဝင်ပြောလိုက်သည်။

'ဟင် ဟုတ်လား၊ သမိန်စက္ကဝေါ မရှိတော့ဘူး။ ဒီလိုဆိုရင် စစ်သူ... တော်ကြီးရဲ့ လက်ချက်ပဲ ဖြစ်ရမယ်။ သမိန်စက္ကဝေါလို လူယုတ်မာတစ်ယော... ကို ရှင်းလင်းသုတ်သင်ပစ်လိုက်တဲ့အတွက် စစ်သည်တော်ကြီးကို သ... ကျေးဇူးတင်တယ်၊ ကြောင်တစ်လက် ကြွက်တစ်မြုံ ဆိုသလို သမိန်စ... တစ်ယောက် ရှိနေတယ်ဆိုရင် အပြစ်မရှိတဲ့လူတွေ မသေသင့်ဘဲ သေခဲ့ြ... တယ်။ သမိန်စက္ကဝေါကို ဘယ်ပုံဘယ်နည်း အဆုံးစီရင်လိုက်သလဲ ဆို... သခင်မကို ပြောပြစမ်းပါဦး'

သီရိမာလာ သခင်မက မေးလိုက်ပြန်သည်။

'နောက်ကျော ဓားနဲ့ထိုးတဲ့နည်းနဲ့ ရှင်းလင်းသုတ်သင်ခဲ့တာ ... ပါဘူး။ တန်းတူရည်တူ အခွင့်အရေးပေးပြီး ဓားစွမ်းပြိုင်ခဲ့ကြရာက သီရိ... ကမွန် အောင်ပန်းဆွတ်ခူးခဲ့တာပါ။ တန်းတူရည်တူ ဆိုတာတောင် ဖြတ်... မှာ လက်မောင်းက ဒဏ်ရာကြီးနဲ့ ယှဉ်ပြိုင်ရတာ။ ပြီးတော့ ယှဉ်ပြိုင်တဲ့ ... ကလည်း သမိန်စက္ကဝေါရဲ့ အိမ်ပေါ်မှာပါ။ သမိန်စက္ကဝေါက အစစ အရာ... အလေးသာ နေပါတယ်'

ဗိုလ်မင်းဖြတ်ဇကော ရှင်းပြလိုက်သည်။

'ဖြတ်ကမွန် ဖြတ်ကမွန်၊ မင်းစွမ်းရည်သတ္တိကို သခင်မ ချီးကျူး... ဓားရေးလှံရေးမှာ ဘယ်သူ့ကိုမှ ဗိုလ်မထားဘဲ ပွဲတိုင်းမှာ အောင်ပွဲခံလာ... သမိန်စက္ကဝေါကို စစ်သည်တော်ကြီး အနိုင်ယူခဲ့တာ သခင်မ ချီးကျူး... တူမတော် နှင်းကေသရာကို လူယုတ်မာရဲ့ လက်တွင်းက မှဲ့တစ်ပေါက် ... စေရဘဲ ကယ်တင်လာခဲ့တဲ့ အတွက်လည်း ကျေးဇူးတင်လို့ မဆုံးပါဘူး ... နှင်းကေသရာ၊ ညည်း ကျေးဇူးကန်းလှချည်လား။ မင်းတို့ မောင်နှမကို ... မင်းဒဏ် သင့်ရမယ့်ဘေးက ကယ်တင်ခဲ့ရုံ မကဘူး၊ လူယုတ်မာ သမိန်စ... ရဲ့ လက်ခုပ်တွင်းက ကယ်တင်ခဲ့တဲ့ ကျေးဇူးတရားတွေကို ထောက်ထား... စစ်သည်တော်ကြီးကို ကန်တော့လိုက်'

သီရိမာလာ ထိပ်ထားသခင်မသည် နှင်းကေသရာဘက်သို့ ... အမိန့်ပေးလိုက်ပြန်သည်။





'အို အရီးဘုရားကလဲ'

နှင်းကေသရာက ရှက်စနိုးသည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'ဘာလဲ၊ လူရှေ့သူရှေ့မှာ ကန်တော့ရမှာ ရှက်သလား'

သီရိမာလာသခင်မက မျက်နှာထိ မျက်နှာထားနှင့် ပြောလိုက်သည်။

'မဟုတ်ရပေါင်ပါ'

'ဘာ မဟုတ်ရပေါင်ပါလဲ၊ ဒီမှာ နှင်းကေသရာ ညည်းအကြောင်း ...ရီးဘုရား မသိဘူး ထင်လို့လား။ လူရှေ့သူရှေ့ကျတော့ မခုတ်တတ်တဲ့ ...ကြောင်သူတော်လုပ်ပြီး ကွယ်ရာကျတော့ စစ်သည်တော်ကြီးရဲ့ နောက်ကို ...ည်းကပဲ တကောက်ကောက် လိုက်နေတယ် မဟုတ်လား'

'ညည်းကိုညည်း အပေါစားမိန်းမ မှတ်နေသလား။ ညည်းဟာ ...ရွာစံ မြို့စားကြီးရဲ့ သမီးတော်။ လက်ရှိ မြို့စားလေးရဲ့ အစ်မတော်ပါ။ ...မရှိ၊ ယာမရှိ၊ ပစ္စည်းမရှိ၊ အခြေအနေမရှိ၊ ခြေသလုံး အိမ်တိုင်ထူနေတဲ့ ...ကြားမြက်ပေါက် အညတရ စစ်သည်တော်ကိုမှ ညည်း ကြိုက်ချင်ပလေ ...ယ်'

သီရိမာလာသခင်မသည် ဗိုလ်မင်းဖြတ်ဇအား မျက်စိတစ်ဖက်မှိတ် ...ိုက်ပြီး တူမတော် နှင်းကေသရာအား မဲ့ကာရွဲ့ကာဖြင့် ဟန်လုပ်ပြီး မာန်မဲ ...သည်။

'အရီးဘုရား ထင်သလို မဟုတ်ရကြောင်းပါ'

'ဘာမဟုတ်ရမှာလဲ၊ ညည်းရဲ့ အမူအရာကို ငါ အကဲခတ်နေတာ ...ပြီ။ ခုလည်းပဲ ညည်းတို့ ငါ့ဆီကို ရောက်လာတဲ့ အချိန်ကစပြီး ညည်းရဲ့ ...ကို ငါ သတိထားပြီး ကြည့်နေတာ။ ညည်းရဲ့မျက်စိက စစ်သည်တော် ...ဆီမှာ ချည်းပဲ။ ဒီမှာ နှင်းကေသရာ၊ ညည်း မှန်မှန်ပြောစမ်း၊ စစ်သည် ...ကြီးကို မေတ္တာသက်ဝင်နေတယ် မဟုတ်လား'

သီရိမာလာသခင်မက နှင်းကေသရာထံမှ စကားရအောင် တောင်း ...သည်။ သို့ရာတွင် နှင်းကေသရာသည် တစ်စုံတစ်ရာ အဖြေမပေးဘဲ ...င်းငိုက်စိုက်ချပြီး မျက်နှာပိုးသတ်၍ နေပေသည်။

'ဆိတ်ဆိတ်နေတာဟာ ဝန်ခံတာပဲ။ ဒီမှာ နှင်းကေသရာ၊ ညည်းဟာ ...ညတရ မဟုတ်ဘူး။ ဆောင်းတူးမြို့စားကြီးရဲ့ သမီးဦးရတနာပါ'

သီရိမာလာ သခင်မက နှင်းကေသရာအား မခံချိ မခံသာအောင် ...လိုက်ရင်း ဗိုလ်မင်းဖြတ်ဇဘက်ကို မသိမသာ စောင်းငဲ့ပြီး ကြည့်လိုက် ...ည်း



www.burmeseclassic.com

www.burmeseclassic.com



'ထိပ်ထားသခင်မ ရွှေနားဆင်တော်မူပါ။ သီရိဇြတ်ကမွန်ဟာ ထိပ်ထား သခင်မ မိန့်တော်မူသလို အုတ်ကြားမြက်ပေါက် ကြေးစားစစ်သည်ေ ခဟုတ်ကြောင်းပါ။ မျိုးရိုးဇာတိ အားဖြင့်လည်း သူရဲကောင်းမျိုးရိုး ဖြ ကြောင်းပါ။ သီရိဇြတ်ကမွန်၏ စွမ်းရည်သတ္တိကို ရှင်စောပု ဘုရင်မ ကိုယ်တော်တိုင် သိရှိတော်မူပါသဖြင့် ဆုတော်လာဘ်တော်များ ပေးသနား မူခဲ့သည့်အပြင် ဗိုလ်မှူးကြီးရာထူးနှင့်ပင် ချီးမြှင့်မြောက်စားတော် မူခဲ့ဖူးကြော ပါ။ မြို့များ၊ ရွာများကို အပိုင်စား ပေးသနားခြင်းလည်း ခံရကြောင် သို့ရာတွင် သီရိဇြတ်ကမွန်မှာ စစ်သားကောင်းပီသစွာ ဆုတော်လာဘ် များကို လက်မခံ၊ ရာထူးစည်းစိမ်ကိုလည်း မက်မောခြင်းမရှိဘဲ အညာ စစ်သည်တော်အဖြစ် ဘုရင်မကြီးနှင့် နိုင်ငံတော်ရဲ့ တာဝန်ကို အသက်နဲ့ ရှပ်ရှပ်နွံနွံ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်းပါ။ စစ်သားကောင်းတို့ မည် ဆုတော်လာဘ်တော်များကို မမျှော်လင့်။ ရာထူးစည်းစိမ်ကိုလည်း မစင် ကဲ့သို့ စက်ဆုပ်ရွံရှာသူများ ဖြစ်ကြောင်းပါ။ နိုင်ငံတော်အတွက် အသက်နဲ့ တာဝန်ထမ်းရွက်ခွင့် ရခြင်းသည်ပင်လျှင် အမွန်မြတ်ဆုံးသော ဆုကြီးလာဘ် ဖြစ်သည်ဟု နှလုံးပိုက်ထားသူများ ဖြစ်ကြောင်းပါ။ သီရိဇြတ်ကမွန်မှာ စစ်သားကောင်းတစ်ယောက် ဖြစ်ကြောင်းပါ။ ယောက်ျားတို့ဘုန်း လ ဆိုသည့်စကား ရှိကြောင်းပါ။ သီရိဇြတ်ကမွန်မှာ လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော ယောက်ျားကောင်းတစ်ယောက် ဖြစ်ကြောင်းပါ။ ယောက်ျား လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရ ဆိုတဲ့စကားပုံ ရှိကြောင်းပါ။ လက်ရုံးရည်၊ နှလုံးရည်တို့နှင့် ပြည့်စုံတဲ့ ယော ကောင်းတစ်ယောက် ဖြစ်တဲ့အတွက် နှင်းကေသရာလို မြို့စားသမီး မဆို ဘုရင်မကြီးမှာ သမီးတော်တစ်ပါး ရှိနေသေးလျှင် ဘုရင်မကြီး၏ သ နှင့်ပင် ထိုက်တန်သူ ဖြစ်ကြောင်းပါ'

ဗိုလ်မင်းဇြတ်ဇက သီရိဇြတ်ကမွန်အား အမွှမ်းတင်ပြီး ပြော သီရိဇြတ်ကမွန်မှာ မျက်နှာမထားတတ်အောင် ဖြစ်သွားပေသည်။

'ငဇြတ်ဇ လေ့လာလို့ရသလောက် မကွယ်မထောက်ဘဲ လျှော ရမယ်ဆိုလျှင် သီရိဇြတ်ကမွန်အပေါ်တွင် နှင်းကေသရာ မေတ္တာသ သလို သီရိဇြတ်ကမွန်ကလည်း နှင်းကေသရာအပေါ်မှာ မေတ္တာသက် ရှိသည်ကို လေ့လာမိကြောင်းပါ။ သို့ရာတွင် နှင်းကေသရာသည် နှင်း ဖြစ်၍ နှင်းကေသရာ ပီသစွာ နှင်းကေသရာ၏ နှလုံးသားတွင် ကိန်းအော ရှိသော မေတ္တာစိတ်ကို မာန်မာနတရားများဖြင့် ဖုံးအုပ်ထားသဖြင့်





...ခနေခြင်းသာ ဖြစ်ကြောင်းပါ။ သီရိဇြတ်ကမွန်မှာလည်း သိရှိဘာကမွန်သာ ...၍ သီရိဇြတ်ကမွန် ပီသစွာ သီရိဇြတ်ကမွန်ရဲ့ လင်္ကာနဲ့အညီ ....'

ဗိုလ်မင်းဇြတ်ဇ၏ စကားမဆုံးမီ သီရိမာလာသခင်မ... လက်ခါ...ကာ ...ိုက်သည်။

'တော်ပါတော့ တော်ပါတော့။ ဒါတွေကို သခင်မ အားလုံး သိပါတယ်၊ ...ခင်မ သိနေတာ ကြာပါပြီ။ စစ်သည်တော်ကြီးရဲ့ မျိုးရိုးဇာတိနဲ့ စွမ်းရည်သတ္တိ ...သခင်မ ကောင်းကောင်းကြီး သိပါတယ်။ ဒါပေမဲ့ တူမတော် နှင်းကေသရာရဲ့ ...တော်များက ဖွင့်ဟဝန်ခံတာကို ကြားချင်လို့ နှင်းကေသရာ မခံချင်အောင် ...စစ်သည်တော်ကြီးကို နှစ်ရွေးသားမတန်အောင် နှိမ့်ချပြီး ပြောလိုက်တာပါ။ ...တော်နဲ့ မတူလို့၊ မတန်လို့ မဟုတ်ပါဘူး။ သခင်မ အနေနဲ့လည်း သဘော ...ရာ မရှိပါဘူး။ သဘောတူ ကြည်ဖြူပါတယ်။ စစ်သည်တော်ကြီးနဲ့ တူမ ...တော် နှင်းကေသရာဟာ ရွှေနဲ့မြ နေနဲ့လလို ရေ့သွားနောက်လိုက် ညီတာကို ...ခင်မ သိပါတယ်။ ဒါပေမဲ့ ဒါပေမဲ့'

သီရိမာလာသခင်မသည် စကားကို ဆုံးအောင် မပြောဘဲ ဖြတ်ထား ...ပြီး သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။

'ခက်တယ် ခက်တယ်။ သခင်မ ဘယ်လိုလုပ်ပြီး ပြောရမှန်းတောင် ...ဘူး'

သီရိမာလာ ထိပ်ထားသခင်မက ညည်းညည်းညူညူ ပြောဆိုပြန် ...သည်။ ပြီးမှတစ်ဖန် နှင်းကေသရာဘက်သို့ လှည့်၍ နှင်းကေသရာ၏ အမူအရာ ...အကဲခတ်နေပြန်သည်။

'ဒီမှာ နှင်းကေသရာ၊ ရှင်စောပုဘုရင်မကြီးက တူမတော်ကို သမီးတော် ...လို ချစ်မြတ်နိုးတော်မူတယ် ဆိုတာကို သိတယ် မဟုတ်လား'

သီရိမာလာထိပ်ထားသခင်မက တူမတော်အား မေးလိုက်သည်။

'တူမတော် အသိဖြစ်ကြောင်းပါ။ တူမတော် အနေနဲ့လည်း ဘုရင်မကြီး ... မယ်တော်အရင်းကဲ့သို့ ချစ်မြတ်နိုးပြီး လေးစားကြည်ညိုကြောင်းပါ'

'တူမတော်ကို ရှင်စောပုဘုရင်မကြီးက သူ့ရဲ့လက်ရုံးတစ်ဆူ အားကိုး ...ရတဲ့ မြို့စားတစ်ဦးနဲ့ နေရာချထားဖို့ စီစဉ်နေတယ်။ ဆောင်းတွင်းမြို့ကို ...ကြီး တိုင်းခန်းလှည့်လည်တော်မူဖို့ စီစဉ်တော်မူခဲ့တာဟာလည်း တခြား ...ကြောင့် မဟုတ်ဘူး။ တူမတော်ကို နေရာချထားဖို့ ကိစ္စအတွက်ပဲ ဖြစ်လိမ့် ... ဒါကြောင့် တူမတော်ရဲ့ စံအိမ်တော်ကို ယာယီတဲနန်းအဖြစ် စံနေတော်



www.burmeseclassic.com

www.burmeseclassic.com



နှင့် စီစဉ်တာ။ ဘုရင်မကြီးရဲ့ အလိုတော်ကို ဆန့်ကျင်လို့ မဖြစ်ဘူး။ တူမတော် သဘောထားဟာ ဘယ်လိုလဲ။ ဒါကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါဦး'

သီရိမာလာထိပ်ထားသခင်မက ဘုရင်မကြီး တိုင်းခန်းလှည့်လည် နှင့် စီစဉ်ရခြင်း၏ အကြောင်းရင်းကို ဖွင့်ဟလိုက်ရာ နှင်းကေသရာမှာ မမျှော် သည့် စကားကို ကြားလိုက်ရသဖြင့် ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားသေး ဘုရင်မကြီး၏ အလိုတော်ကို ဆန့်ကျင်ရန် မလွယ်ကူသည်ကိုလည်း နှင်း စဉ်းစားမိ၍ အကြံအိုက် သွားပေသည်။

'တူမတော်ကို ကျီစယ်တော်မမူပါနဲ့ .... အရီးဘုရား'

နှင်းကေသရာ၏ ရင်ထဲတွင် အောင့်သက်သက် ဖြစ်နေရာမှ စိတ်ကို သိလိုသဖြင့် သီရိမာလာက အကဲစမ်းလိုက်ခြင်း ဖြစ်လိမ့်မည်ဟု မိသဖြင့် ပြန်လည် လျှောက်တင်လိုက်ခြင်း ဖြစ်ပေသည်။

'တူမတော်ကို ဘာဖြစ်လို့ ကျီစယ်နေရမှာလဲ။ ဒါဟာ ကျီစယ် လား။ အရီးဘုရားသိလို့ ပြောနေတာ။ တူမတော် နှင်းဇကေရီ ပျောက်သွား ရာရအောင်အလာ အရီးဘုရား ရွှေမြို့တော်ကို ဝင်ခဲ့သေးတယ်။ ဘုရင် ဆီကိုလည်း အခစားဝင်ခဲ့သေးတယ်။ ဘုရင်မကြီး ကိုယ်တော်တိုင်က တူ ကို သူ့ရဲ့တူတော်မောင် ဖောင်းနင်းမြို့စား သမိန်ဖရူနဲ့ နေရာချထားလို ရှိကြောင်း ဖွင့်ဟမိန့်ကြားတော်မူတယ်။ ဒါကို တူမတော် ဘယ်လို သ ရသလဲ။ ဘုရင်မကြီးရဲ့ အလိုဆန္ဒအတိုင်း မလိုက်လျောရင် တူမတော်အ ဘုရင်မကြီး ရွှေစိတ်တော် နာသွားလိမ့်မယ်'

သီရိမာလာထိပ်ထားသခင်မက မျက်နှာထား တည်တည်ဖြင့် ရှိလိုက်ရာ နှင်းကေသရာမှာ တစ်စုံတစ်ရာ အဖြေမပေးနိုင်ဘဲ တွေဝေ နေပေသည်။

'တူမတော်ကို ဘုရင်မကြီးက သမီးတော်အရင်းလို ချစ်မြတ်နိုး မူတယ်ဆိုတာ တူမတော် သိတယ် မဟုတ်လား။ ချစ်မြတ်နိုးတော်မူ မြှောက်စားတဲ့အနေနဲ့ တူတော်မောင် ဖောင်းနင်းမြို့စား သမိန်ဖရူနဲ့ ထားဖို့ စီစဉ်တော်မူတာ။ ဇိကုပ်ပြီး နတ်ပြည်တင်တာကို မြင့်လွန်းတယ် ခန်ချချင်သေးသလား'

သီရိမာလာက နှင်းကေသရာ၏ အကဲကို စမ်းလိုက်ပြန်သည်။

'ဒါဟာ ဇိကုပ်ပြီး နတ်ပြည်တင်တာ မဟုတ်ဘူး။ ငရဲပြည်ကို ချ ခဲ့တာနဲ့ အတူတူပဲ။ မချစ်မနှစ်သက်တဲ့သူနဲ့ အတူတကွ ပေါင်းသင်းနေ ခြင်းဟာ ဆင်းရဲခြင်းဒုက္ခပဲ မဟုတ်လား။ ဘုရင်မကြီးရဲ့ တူတော်မောင်





ကျွေကို ဖြစ်ပစေ တူမတော် မကြည်ဖြူနိုင်ဘူး။ ဘုရင်မကြီး ရွှေစိတ်တော် ရင် နာပစေ။ မချစ်မနှစ်သက်တဲ့ လူကိုတော့ မကြည်ဖြူနိုင်ဘူး'

နှင်းကေသရာက စိတ်လိုက်မာန်ပါ ပြန်ပြောလိုက်ရာ သီရိမာလာ ထိပ်ထားသခင်မသည် တူမတော်၏ အမူအရာကို ကြည့်ရင်း ကျိတ်၍ ပြုံးမိ သည်။

'ညည်း အတော်ခေါင်းမာတဲ့ မိန်းမ၊ သွား .... သွား .... အခန်းထဲမှာ ညည်းရဲ့ ညီမတော် နှင်းဇကေရီ ရှိတယ်။ နှင်းဇကေရီဆီကို သွားလိုက်ဦး'

သီရိမာလာက နှင်းကေသရာအား အခန်းထဲသို့ နှင်ထုတ်လိုက်ရာ နှင်းကေသရာသည် အရီးဘုရားအား ရိုသေလေးစားသည့် အမူအရာဖြင့် အတွင်း ခန်းထဲသို့ ဝင်သွားပေရာ သီရိမာလာသည် ဗိုလ်မင်းဖြတ်ဇနှင့် သီရိဖြတ်ကမွန် ဘက် လှည့်၍ မျက်စပစ်ပြရင်း ပြုံးပြလိုက်သည်။ သီရိဖြတ်ကမွန်မှာ နှင်းကေသရာ၏ ကျောရှင်းသော ကိုယ်ဟန်ကို ငေးစိုက်ကြည့်နေမိပေသည်။

'စစ်သည်တော်ကြီး ဘာငေးနေတာလဲ၊ မျက်စိကျွတ်ထွက်လိမ့်မယ်'

သီရိမာလာက ခနဲ့ခနဲ့ ပြောလိုက်မှ သီရိဖြတ်ကမွန်သည် မျက်လွှာ ချလိုက်ပြီး မျက်နှာပိုး သတ်လိုက်သည်။

'အတော် မိုက်တွင်းနက်တဲ့ တူမတော်။ ဘုရင်မကြီး သနားလို့ မြှောက်စားတော်မူတာကို သူကပဲ "မူ" ရတယ် ရှိသေးတယ်'

သီရိမာလာက သီရိဖြတ်ကမွန် မခံချိမခံသာ ဖြစ်သွားအောင် ခနဲ့ခနဲ့ ပြောလိုက်ပြန်သည်။

'မူတာ မဟုတ်ပါဘူး၊ သူ့စိတ်ထဲမှာ ရှိတာကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်လိုက်တာပါ။ ကျွန်တော်တောင် နှင်းကေသရာအပေါ် တစ်ချိန်ထက် တစ်ချိန် ပိုပြီး အထင်ကြီးလာပြီ'

ဗိုလ်မင်းဖြတ်ဇက ဝင်ပြီး ထောက်လိုက်သည်။

'ဗိုလ်မင်းဖြတ်ဇ အသာနေစမ်းပါ။ ဒီမှာ စစ်သည်တော်ကြီး၊ စစ်သည် တော်ကြီးရဲ့ သဘောထားကို ပြောစမ်းပါဦး။ စစ်သည်တော်ကြီး ဘာဖြစ်နေ သလဲ။ စကားမပြော တုဏှိဘောနဲ့ အာစေးထည့်ထားသလား အောက်မေ့ရ တယ်။ ကဲပါ၊ စစ်သည်တော်ကြီးရဲ့ သဘောထားကို ပြောစမ်းပါဦး'

သီရိမာလာက ထေ့လိုက်ပြန်သည်။

'ဆိတ်ဆိတ်နေလျှင် ထောင်တန်သည်ဆိုတဲ့ စကားပုံ ရှိကြောင်းပါ'

သီရိဖြတ်ကမွန်က မျက်နှာသေကြီးဖြင့် ပြန်ပြောလိုက်သည်။

'ဆိတ်ဆိတ်နေတာဟာ ဝန်ခံတဲ့သဘောပဲ မဟုတ်လား။ တူမတော်



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာကို စစ်သည်တော်ကြီး မျက်စိကျနေတယ် မဟုတ်လား၊ အသည်း ကွဲလုမတတ် ချစ်မြတ်နိုးတယ် မဟုတ်လား။ ဟုတ်တိုင်းမှန်ရာကို ဝန်ခံ

'အချစ်အတွက် အသည်းကွဲရမယ်ဆိုရင် ရာဇဝင် ရိုင်းသွားအောင် တိုင်းပြည်အတွက်သာ အသက်နဲ့ လဲမယ်။ အချစ်အတွက်တော့ အသည်း ပါဘူး။ ဒါလောက်တော့ စိတ်ခိုင်ပါသေးတယ်'

သီရိဖြတ်ကမွန်က မခံချင်စိတ်ဖြင့် ပြန်ပြောလိုက်သည်။

'စကား စကား ပြောပါများ စကားထဲက ဇာတိပြဆိုတဲ့ စကားပုံရှိ မဟုတ်လား။ စစ်သည်တော်ကြီးလည်း စကားထဲက ဇာတိပြလာပြီ။ စစ်သည် တော်ကြီး ပြောတဲ့ စကားထဲမှာကို တူမတော် နှင်းကေသရာကို အသည်း မတတ် ချစ်မြတ်နိုးတယ်ဆိုတာ ဝန်ခံထားတဲ့ အဓိပ္ပာယ် ပေါ်လွင်နေ အချစ်အတွက်တော့ဖြင့် စစ်သည်တော်ကြီး အသည်းမကွဲအောင် စိတ် နိုင်တယ်ဆိုတာ သခင်မ ယုံကြည်ပါတယ်။ ဒါပေမဲ့ တူမတော် နှင်းကေသ ဘုရင်မကြီးက သူ့ရဲ့ တူတော်မောင်နဲ့ နေရာချထားဖို့ စီစဉ်တော်မူနေ သခင်မ ဖွင့်ဟမိန့်ကြားခဲ့စဉ်က စစ်သည်တော်ကြီး အသည်းကွဲလုနီးပါး ခံစားခဲ့ရတယ်မဟုတ်လား။ သခင်မကို မလှည့်စားပါနဲ့။ စစ်သည်တော်ကြီး မျက်နှာက သက်သေခံနေပါတယ်'

သီရိမာလာက သီရိဖြတ်ကမွန်၏စိတ်ကို သိလိုသဖြင့် အကဲခတ် သည်။ သီရိဖြတ်ကမွန်မှာမူ တစ်စုံတစ်ရာ ပြန်မပြောဘဲ မျက်နှာသော ခေါင်းငိုက်စိုက်ချထားပေသည်။

'ဘယ့်နှယ်လဲ သခင်မ ပြောတာ မှန်တယ် မဟုတ်လား။ အသာထားပြီး တူမတော် နှင်းကေသရာကို ဘုရင်မကြီးရဲ့ တူတော် ရွှေလက်တော်ဆက်ဖို့ စီစဉ်တာကို စစ်သည်တော်ကြီး သဘောတူ ဘယ်လို သဘောရသလဲ'

သီရိမာလာက သီရိဖြတ်ကမွန်ထံမှ စကား မရ ရအောင် နေပြန်သည်။

'ကျွန်တော်က အိမ်မဲ့ ယာမဲ့ ပစ္စည်းမဲ့ ခြေသလုံး အိမ်တိုင်သူ အုတ်ကြားမြက်ပေါက် အညတရစစ်သားသာ ဖြစ်ပါတယ်'

သီရိဖြတ်ကမွန်က စောစောက သီရိမာလာ ပြောခဲ့သည့် စကား နှင့် သီရိမာလာအား ပြန်လည်ချေပလိုက်သည်။

'သခင်မ မေးတာကို ဖြေစမ်းပါ။ ထေ့လား ငေါ့လား လုပ်မနေနဲ့ စစ်သည်တော်ကြီးရဲ့ သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ'





သီရိမာလာက မရမက မေးနေပြန်သည်။

သီရိဖြတ်ကမွန်မှာ မည်ကဲ့သို့ အဖြေပေးရမည်ကို ချင့်ချိန်၍မရသဖြင့် ငြိမ်နေရာက်ခြောက်နေစဉ် အခန်းတံခါး ပွင့်လာပြီး ၄င်းတို့၏ အခန်းထဲသို့ မင်းစည်သူ ဝင်လာသဖြင့် စကားပြတ်သွားပေသည်။ ထိုအခါတွင် သီရိဖြတ်ကမွန် မှာလည်း နေသာထိုင်သာ ရှိသွားပေသည်။

'နောင်ကြီး နောင်ကြီး၊ နောင်ကြီးနဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ'

မင်းစည်သူသည် ဝမ်းသာအားရ နှုတ်ဆက်ရင်း သီရိဖြတ်ကမွန်၏ အနီးတွင် ဝင်ထိုင်လိုက်သည်။

မင်းစည်သူမှာ ပိန်ချုံးနေပြီး အသားအရေမှာလည်း ဖြူဖတ်ဖြူရော် ဖြစ်နေသည်ကို သီရိဖြတ်ကမွန် သတိပြုမိနေသည်။

'ငါလည်း မင်းနဲ့တွေ့ရတာ သိပ်ဝမ်းသာပါတယ်။ ငါဖြင့် မင်းသေပြီ ယ်လို့ ထင်နေတာ။ အင်မတန် ကံကောင်းလို့ အသက်ရှင်နေတာ။ မင်းသာ အတွက် တမင်သက်သက် ဝင်ပြီး ဓားစာခံနေရတာပဲ'

သီရိဖြတ်ကမွန်က မင်းစည်သူ၏ ပခုံးကိုဖက်ရင်း ပြောလိုက်သည်။

'ကျွန်တော်သေဘေးက လွတ်မြောက်ခဲ့ရတာက အရီးဘုရား သီရိမာလာ ထားသခင်မကြီးရဲ့ ကျေးဇူးကြောင့်ပါ။ အရီးဘုရားကိုယ်တော်တိုင် နေ့မအိပ် မအိပ်ပြုစုပြီး သေမင်းရဲ့လက်တွင်းက အတင်းလုယူခဲ့ရတာပါ။ အရီးဘုရား တဲ့ အသက်ပဲ ရှိပါတယ်'

မင်းစည်သူက ပြန်ပြောလိုက်သည်။

သီရိဖြတ်ကမွန်နှင့် မင်းစည်သူတို့ စကားလက်ဆုံ ကျနေချိန်တွင် တောပိုင်ရှင် ဗောလကွန်သည် ယာတော၏ အစွန်ရှိ စပါးကျီထဲတွင် လုပ်လုပ်လျက် ရှိပေသည်။ စပါးကျီထဲမှ ထွက်အလာတွင် စပါးကျီအနီးရှိ ပင်အုပ်ကြားတွင် လူရိပ်သဏ္ဍာန်တစ်ခုကို ရိပ်ခနဲ မြင်လိုက်သဖြင့် ထိုသူ၏ နောက်သို့ လိုက်သွားပေသည်။

ထိုလူသည် လေးလံသော ခြေလှမ်းများနှင့် တရွေ့ရွေ့ ခေါင်းငိုက်စိုက် သွားနေရာမှ သစ်ပင်ရင်းတစ်ခုသို့ ရောက်သောအခါ ခြေပစ်လက်ပစ် ချလိုက်ပြီး စိတ်ပျက်အားလျှော့သည့် အမူအရာဖြင့် မျက်နှာကို လက်ဝါး အုပ်ထားလိုက်သည်။

ထိုသူ၏ အနီးသို့ ဗောလကွန် ချဉ်းကပ်လာသောအခါ ထိုသူသည် လကွန်၏ ခြေသံများကို ကြားရသဖြင့် မျက်နှာကို အုပ်ထားသည့် လက်ဝါး ဖယ်ရှားပစ်လိုက်ပြီး ဗောလကွန်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ဗော ကွန်မှာ ထိုသူ၏ မျက်နှာကို မြင်လျှင်မြင်ချင်း မှတ်မိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အလို၊ လက်စပ်သတ်တော့ မင်းသိဒ္ဓတ်ရဲ့ ကိုယ်ရံတော် တစ်

နုသိန်ပါလား။ ဘယ်လို ဖြစ်လာတာလဲ'

ဗောလကွန်က စောနုသိန်၏ အမူအရာကို အကဲခတ်ရင်း မေးလိုက်

သည်။

'သခင်ကြီးဘုရား ပျောက်နေလို့ စိတ်ညစ်ညစ်နဲ့ ခြေဦးတည့်ရာ

ထွက်လာခဲ့တာပါ။ သခင်ကြီးဘုရား ဘယ်ထွက်သွားမှန်း မသိဘူး။ ပြန်

တန်လို့လည်း ပြန်မလာဘူး။ ဘယ်ရန်သူနဲ့များ တွေ့နေလို့လည်း မသိ'

စောနုသိန်က စိတ်ပျက်အားလျှော့သည့် အမူအရာဖြင့် ပြန်ပြောလို

သည်။

'ရန်သူနဲ့ တွေ့လို့ ဟုတ်မယ် မထင်ပါဘူး။ ဘယ်နေရာ သွား

အလေလိုက်နေမှန်းမှ မသိဘဲ'

ဗောလကွန်က ပြန်ပြောလိုက်သည်။

'အလေလိုက်နေတာ မဟုတ်ပါဘူး။ ခါတိုင်းဆိုရင် သခင်ကြီးဘု

ညဥ့်အိပ်ညဥ့်နက် ခရီးထွက်ရင် ကျွန်တော် မပါဘဲ တစ်ယောက်တ

ဘယ်တော့မှ ခရီးမထွက်ဘူး။ ခုဆိုရင် သခင်ကြီးဘုရား ပြန်မလာတာ သုံး

တောင် ကျော်သွားပြီ။ ဒီအနီးအနားတစ်ဝိုက်မှာ သခင်ကြီးဘုရားကို မမြင်မ

ဘူးလား'

စောနုသိန်းက ပြန်မေးလိုက်သည်။

'မမြင်မိပါဘူး၊ ငါ့ယာတောဘက်ကိုလည်း သူ လာလေ့မရှိပါ

'ဒီလိုဆိုရင် ရန်သူနဲ့ တွေ့နေပြီ ထင်တယ်။ ရန်သူရဲ့ လက်

သခင်ကြီးဘုရား ကျဆုံးသွားရင်တော့ ကျွန်တော့်အဖို့ အားကိုးအားထား

တော့ဘူး။ သောင်ပြင်လွတ်တဲ့ ခွေးလို ဖြစ်နေမှာပဲ။ သခင်ကြီးဘုရားက ကျွန်

အပေါ်မှာ သွေးသားလို သဘောထားပြီး ချီးမြှင့်မြှောက်စားထားလို့ ခုလို

တာ။ သခင်ကြီးဘုရားသာ မရှိဘူး ဆိုရင်တော့ အားကိုးရာမဲ့ပါပြီ'

'ဒါလောက် စိုးရိမ်ပူပန် မနေစမ်းပါနဲ့။ တစ်နေ့ကျရင် ပြန်လာ

မယ်။ တစ်နေရာမှာ သွားပြီး အလေလိုက်နေတာ ဖြစ်မှာပါ။ ဒါထက်

သန်ဘက် ဆိုသလို ဘုရင်မကြီး ဆောင်းတူးမြို့ကို တိုင်းခန်းလှည့်လည်

မှုလာတော့မည် ဆိုတာ သိတယ် မဟုတ်လား။ ဘုရင်မကြီးကို သောင်း

ဖြ ကြိုဆိုဖို့တောင် အစီအစဉ်တွေ လုပ်နေကြပြီလို့ သိရတယ်'

ဗောလကွန်က ပြန်မေးလိုက်သည်။

'ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာမှာကို ကျွန်တော်





မဝင်စားပါဘူး။ သခင်ကြီးဘုရား ပြန်လာချိန်တန်လို့ ပြန်မလာတာကိုပဲ စိုးရိမ်

ကောင်း ဖြစ်နေတယ်။ ရန်သူ့လက်ချက်နဲ့ အသက်ထွက်နေတာကို တွေ့ရမလား

ဆိုပြီး ခြေဦးတည့်ရာ လိုက်ရှာနေတာပဲ။ ကျွန်တော် စိုးရိမ်သလို ရန်သူ့

လက်ချက်နဲ့ အသက်သေဆုံးသွားရင် ကျွန်တော်တော့ ဒုက္ခပဲ။ ဒီကြားထဲ

သမိန်စက္ကဝေါကြောင့် တစ်မှောင့်ပဲ'

စောနုသိန်က ညည်းညည်းညူညူပြောရင်း ထိုင်ရာမှ ထလိုက်သည်။

'ကဲ ငါလည်း အိမ်ကို ပြန်လိုက်ဦးမယ်။ မင်း ဘယ်သွားစရာ ရှိသေး

သလဲ'

'ဘယ်မှ သွားစရာ မရှိပါဘူး။ သခင်ကြီးဘုရား ပျောက်နေသို့

စိတ်ညစ်ညစ်နဲ့ ခြေဦးတည့်ရာ သွားနေတာပါ'

စောနုသိန်သည် ပြောပြောဆိုဆို လေးလံသော ခြေလှမ်းများဖြင့်

ဗောလကွန်၏ ယာတောမှ ထွက်ခွာသွားပေရာ ဗောလကွန်လည်း ၄င်း၏

အိမ်သို့ ပြန်လာခဲ့ပေသည်။

စောနုသိန်မှာမူ မြို့စားလေးဗညားအိမ်၏ ဥယျာဉ်တော်နှင့် ကပ်လျက်

ရှိသော မင်းသိဒ္ဓတ်၏ ပိုင်နက်ရှိရာသို့ တရွေ့ရွေ့ လာခဲ့ပြီး ထိုမှတစ်ဆင့်

ညားအိမ်၏ ဥယျာဉ်တော်အလွန်ရှိ ကဲ့ကော်မြိုင်တောတန်းဘက်သို့ လာနေ

သည်ကို မြင်ရပေသည်။

တောတန်းဘက်သို့ ရောက်သောအခါ မြင့်မားသော အင်ကြင်းပင်ကြီး

ပင်စည်ရှိ သစ်ခေါင်းထဲတွင် သိမ်းဆည်းထားသည့် ဒူးလေးနှင့် ဆိပ်လူး

တံများ ထည့်သည့်အိတ်ကို ကျောတွင်ပိုး၍ အင်ကြင်းပင်ကြီးပေါ်သို့

တက်သွားသည်ကို မြင်ရပေသည်။

## အခန်း ၄၀

စားလေး ဗညားအိမ်မှာ အရွယ်တော် နုနယ်ပျိုမျစ်သူ ဖြစ်သည့်အပြင်

လှလှတစ်ယောက် ဖြစ်သဖြင့် အဖိုးတန် ရတနာများနှင့် စီခြယ်ထားသော

၏ အဆောင်အယောင် အပြည့်အစုံဖြင့် ဆင်ယင်ထုံးဖွဲ့လိုက်သောအခါ

ခြူးနိုင်အောင် အလှကျက်သရေဆောင်လျက် ရှိပေသည်။ သို့ရာတွင် မြို့စား

သော ဂုဏ်အင်္ဂါနှင့် လျော်ညီအောင်မှုကား ခံ့ညားသောအသွင်ကို

ဆောင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ညည်သို့ဆိုစေကာမူ မြို့စားလေးမှာ လူပျိုဖြစ်၍ ဘုရင်မကြီး၏ ချစ်ခြင်း [illegible] ခံရသူဖြစ်သဖြင့် သမီးရှင်များ အလယ်တွင် မျက်နှာပွင့်[illegible] [illegible] ရှိပြီး ပိုင်းဝန်းမြှောက်ပင့်ခြင်း ခံယူနေရသဖြင့် မျက်နှာမထား[illegible] [illegible] ဖြစ်၍နေပေသည်။ မြို့စားလေးအား ဖြီးလိမ်းပြင်ဆင်ပေးသူများ[illegible] မြို့စားလေးအား သမက်ဖမ်းရန် အတွင်းကျိတ် ကြံစည်နေကြသော သမီး[illegible] မြို့စားရှာစား ကတော်များ ပါဝင်ပြီး ၎င်းတို့၏ သမီးချောများကိုလည်း အစွမ်းကုန် အလှပြင်စေပြီး မြို့စားလေး မြင်နိုင်လောက်သည့် နေရာမှ အလှပြ[illegible] နေကြသည်ကို တွေ့မြင်ရပေသည်။

နှင်းကေသရာဘွဲ့ခံ ခင်စောမယ်မှာလည်း ၎င်း၏လက်စွဲတော်[illegible] ဖြစ်သော နှင်းသဲ၊ နှင်းအိနှင့် အပျိုရံများက ပိုင်းဝန်းပြီး ဖြီးလိမ်းဝတ်[illegible] ပေးနေကြသည်ကို တွေ့မြင်ရပေသည်။ နှင်းကေသရာမှာ နဂိုချော နဂို[illegible] ဖြစ်၍ ၎င်း၏ခန္ဓာကိုယ်နှင့် အချိုးအစားကျသည့် ဝတ်စားတန်ဆာများ[illegible] ဆင်ယင်ပေးလိုက်သောအခါ မိုးကျနတ်သူဇာတမျှ အလှကျက်သရေ[illegible] လျက် ရှိပေသည်။ မှေးမှိန်သော ကြယ်ပွင့်ကလေးများ၏ အလယ်တွင် သော[illegible] ကြယ်ကြီးသည် လင်းထိန်တောက်ပနေဘိသကဲ့သို့ နှင်းကေသရာမှာ[illegible] အပျိုရံများကြားတွင် ထူးထူးခြားခြား လှချင်တိုင်း လှနေသည်ကို တွေ့ရပေသည်။

အညတရစစ်သည်တော်ကြီး သီရိဖြတ်ကမ္ဘန်မှာမူ ခရီးဝေးထွက်[illegible] မည့် အသွင်ဖြင့် ကျစ်ကျစ်လျစ်လျစ် ဝတ်စားဆင်ယင်ပြီး ဥယျာဉ်တော်အတွင်း[illegible] လူခြေတိတ်ဆိတ်သည့် ရေကန်တော်အနီး သစ်ပင်ရိပ်အောက်တွင် ကည[illegible] တစ်ချောင်းကိုကိုင်၍ ပေရွက်အချို့ကို ဒူးပေါ်တွင်တင်ကာ စာတမ်းတစ်[illegible] ရေးခြစ်နေသည်ကို မြင်ရပေသည်။

စာတမ်းရေးခြစ်နေရာမှ မိမိရေးလိုသည့် စကားလုံးကို ရွေး၍မရ[illegible] မျက်မှောင်ကြုတ်ပြီး အဝေးသို့ ငေးစိုက်ကြည့်ရင်း စဉ်းစားနေသည်ကို[illegible] မြင်ရပေသည်။

စကားလုံး ရွေး၍မရတိုင်း စိတ်ရှုပ်ရှုပ်နှင့် ငေးမိငေးရာ [illegible] ငေးမောလျက်ရှိစဉ် သီရိဖြတ်ကမ္ဘန် ရှိရာသို့ လာနေသည့် ခြေသံများကို [illegible] သဖြင့် အသံကြားရာသို့ လှည့်ကြည့်လိုက်ရာ သပ်သပ်ရပ်ရပ် ဖြီးလိမ်း[illegible] ပြီး ပြုံးရွှင်သော အမူအရာဖြင့် လာနေသော ဗိုလ်မင်းဖြတ်ဇကို မြင်လိုက်[illegible] သီရိဖြတ်ကမ္ဘန်သည် ရေးခြစ်လက်စ ပေရွက်ကို ဒူးပေါ်မှ ယူလိုက်ပြီး [illegible] တမျှ ဖြစ်လာသော ဗိုလ်မင်းဖြတ်ဇအား ခြေဆုံးခေါင်းဆုံး ငေးစိုက်ပြီး [illegible] နေပေသည်။





'ဖြတ်ကမ္ဘန်၊ မင်းတစ်ယောက်တည်း ဒီနေရာလာပြီး ဘာတွေများ [illegible]ဉ်းစား နေတာလဲ'

ဗိုလ်မင်းဖြတ်ဇသည် သီရိဖြတ်ကမ္ဘန်၏ ဘေးဘွင် ဝင်ထိုင်ရင်း [illegible]း‌လိုက်သည်။

'နှုတ်ခွန်းဆက် မှာတမ်းတစ်စောင် ရေးနေတာပါ'

'နှုတ်ခွန်းဆက်မှာတမ်း .... ဟုတ်လား။ မင်းက ဘယ်ကို သွားမှာမို့ [illegible]ဘယ်သူ့ဆီကို နှုတ်ခွန်းဆက်မှာတမ်း ရေးနေတာလဲ။ မှာတမ်းရေးတဲ့လူက [illegible]ဘာဖြစ်လို့ မျက်မှောင်ကြီး ကြုတ်ပြီး ငေးမိငေးရာ ငေးနေရတာလဲ။ မင်း ဘာတွေ [illegible]ဉ်းစားနေသလဲ၊ ငါ့ကို မှန်မှန်ပြောစမ်း'

'ဘာမှ မစဉ်းစားပါဘူး။ မှာတမ်းရေးဖို့ စကားလုံးတွေ ရွေးမရလို့ [illegible]တ်ရှုပ်ရှုပ်နဲ့ ငေးမိငေးရာ ငေးနေမိတာပါ'

'စကားလုံး ရွေးလို့ ရပါ့မလား။ မင်းရဲ့ စိတ်အာရုံက ဘယ်ကို [illegible]ရောက်နေမှန်းမှ မသိဘဲ။ ဒီမှာ ဖြတ်ကမ္ဘန်၊ ငါ့ကို မလှည့်စားပါနဲ့၊ နှင်းကေသရာ [illegible]အကြောင်း မင်း စဉ်းစားနေတယ် မဟုတ်လား။ မင်း ရေးနေတဲ့ မှာတမ်းကလည်း [illegible]င်းကေသရာကို ဆက်သဖို့ပဲ မဟုတ်လား'

ဗိုလ်မင်းဖြတ်ဇက မထိတထိ ပြောလိုက်သည်။ သို့ရာတွင် သီရိဖြတ် [illegible]ကမ္ဘန်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ ရှေ့တူရူသို့ ငေးစိုက်ကြည့်နေပေသည်။

'ငါလည်း စဉ်းစားနေတယ်'

ဗိုလ်မင်းဖြတ်ဇသည် သီရိဖြတ်ကမ္ဘန်၏ အမူအရာကို အကဲ [illegible]ခတ်နေရာမှ စကား စ လိုက်ပြန်သည်။

'ဘာတွေများ စဉ်းစားနေသလဲ'

သီရိဖြတ်ကမ္ဘန်က ပြန်မေးလိုက်သည်။

'ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာလို့ ငါ့ကို မြင်ရင် [illegible]ဘုရင်မကြီး ငါ့ကို မှတ်မိပါ့မလားဆိုတာ စဉ်းစားနေတယ်။ ဒီမှာ ဖြတ်ကမ္ဘန်၊ [illegible]ကြည့်စမ်း။ ဆယ်နှစ် ဆယ့်ငါးနှစ်လောက် ပြန်ငယ်သွားတယ် လို့ [illegible]င်ရဘူးလား'

ဗိုလ်မင်းဖြတ်ဇက ရယ်သွမ်းသွေးပြီး ပြောလိုက်သည်။

'ဘာလဲ၊ အဖိုးတန် ပိုး ဖဲ ကတ္တီပါ ဝတ်စားတန်ဆာတွေ ဝတ်စား [illegible]ဆင်ထားလို့ ဗိုလ်မင်း နုပျိုသွားတယ်လို့ ဆိုချင်သလား။ ဒါ့ကြောင့် ဘုရင်မ [illegible]ကြီးက ဗိုလ်မင်းကို မှတ်မိတော့မှာ မဟုတ်ဘူးလို့ ထင်နေသလား'

'ဒီအဝတ်အစားတွေကြောင့် မဟုတ်ပါဘူး။ စိတ်ပျိုလို့ ကိုယ်နု



www.burmeseclassic.com

www.burmeseclassic.com



...ကို ပြောတာပါ။ မင်းနဲ့ငါ ပူးတွဲတာဝန်ယူပြီး ဘုရင်မကြီးကို လုပ်ကြံ ကြံစည်နေကြတဲ့ သစ္စာဖောက် လူယုတ်မာတွေရဲ့ အန္တရာယ်ကို အပြီးအပိုင် ရှင်းလင်းသုတ်သင်ပစ်ခဲ့နိုင်ပြီ မဟုတ်လား။ သစ္စာဖောက်အားလုံးကို အ... မိသူမိ၊ အရှင် လက်ရဖမ်းမိသူ မိနဲ့ သစ္စာဖောက် မျိုးပြုတ်သွားပြီ မဟုတ်လား... ဒီမှာ ဖြတ်ကမွန်၊ ဒီအဝတ်အစားတွေ ဝတ်ရတာကို ငါ မသာယာပါဘူး။ ငါ... အသက်ပေးပြီး ဆောင်ရွက်ခဲ့လို့ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် စိတ်ချ... ရပြီ ဆိုတာကို သိရတာဟာ ငါ့အဖို့ အမွန်မြတ်ဆုံး ဆုလာဘ်ပဲ။ ငါ... အကြံအစည် အောင်မြင်ပြီး ဘုရင်မကြီး အသက်အန္တရာယ် လုံခြုံစိတ်ချ... ဆိုတာ သိရလို့ ငါဖြင့် သိပ်ဝမ်းသာနေတာပဲ။ လူကို ပေါ့ပေါ့ပါးပါး ဖြစ်သွား... နပျိုလာတယ်လို့ ထင်မိတယ်'

ဗိုလ်မင်းဖြတ်ဇက ပြန်ပြောလိုက်ရာ သီရိဖြတ်ကမွန်သည် ဗိုလ်... ဖြတ်ဇအား ခြေဆုံးခေါင်းဆုံးကြည့်ရင်း ပြက်ရယ်ပြုသည့် အမူအရာဖြင့် ပြ... လိုက်သည်။

'နပျိုပါတယ်၊ နပျိုတာမှ ကိုလူပျိုတောင် အရွဲ့ပေးရလောက်အော... နပျိုပါတယ်'

သီရိဖြတ်ကမွန်က ရယ်သွမ်းသွေးပြီး မထိတထိ ပြောလိုက်သည်...

'ဘာလဲ၊ ငါ့ကို လှောင်လား ပြောင်လား လုပ်နေပြန်ပြီလား။ ... အတည်ပြောနေတာ'

'လှောင်တာ ပြောင်တာ မဟုတ်ပါဘူး။ တကယ် ပြောနေတာ... ဗိုလ်မင်းရဲ့စိတ်ဓာတ် ကြည်လင်နေလို့ ဗိုလ်မင်းရဲ့မျက်နှာလည်း လန်းဆ... နေပါတယ်။ သစ်လွင်တောက်ပြောင်တဲ့ အဖိုးတန် ဝတ်စားတန်ဆာ... ဆင်ယင် ထားလိုက်ပြန်တော့ ပိုပြီး နပျိုသွားပါတယ်'

သီရိဖြတ်ကမွန်က အဖြေပေးလိုက်သည်။

'ဒီ ဒီဝတ်စားတန်ဆာတွေအကြောင်း စကားထဲ ထည့်မပြော... ပါနဲ့။ ငါဝတ်ချင်လို့ ဝတ်ဆင်လာတာ မဟုတ်ပါဘူး။ မြို့စားလေး ကိုယ်... ဒီအဝတ်အစားတွေ ဝတ်ဆင်ရမယ် ဆိုပြီး အတင်းအကျပ် ဝတ်ဆင်ခိုင်း... ဝတ်ဆင်လာခဲ့ရတာပါ။ ဒါကို အသာထားပြီး မင်း ရေးခြစ်နေတဲ့ နှုတ်... စာတမ်းအကြောင်း ပြောပြစမ်းပါဦး။ ဘာဖြစ်လို့ နှုတ်ဆက်စာတမ်း ... တာလဲ။ ဒါကို ရှင်းပြစမ်းပါဦး'

ဗိုလ်မင်းဖြတ်ဇက ပြန်မေးလိုက်သည်။

'ဘုရင်မကြီးကို လုပ်ကြံဖို့ ကြံစည်နေတဲ့ သစ္စာဖောက် လူယုတ်...



...ရဲ့ အန္တရာယ်ကို အပြီးအပိုင် ရှင်းလင်းသုတ်သင်ပစ်လိုက်ပြီ ဖြစ်တဲ့အတွက် ကျွန်တော်တို့အပေါ်မှာ ကျရောက်လာတဲ့တာဝန် ကျေပွန်စွာ ပြီးဆုံးသွားပြီ မဟုတ်လား။ ကျွန်တော်တို့ရဲ့တာဝန် ပြီးဆုံးသွားတဲ့အတွက် ဒီမှာဆက်ပြီးနေဖို့ မလိုတော့ဘူး။ စစ်သားကောင်းပီသစွာ ကျရာတာဝန်ကို ထမ်းရွက်ဖို့ ခရီးသွား ရမယ် မဟုတ်လား။ ဒါကြောင့် နှုတ်ခွန်းဆက် စာတမ်းတစ်စောင် ရေးနေ တာပါ'

'မင်းပြောတာ မှန်တယ်။ ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည်တွေ လုံးဝ ပျက်ပြားသွားပြီ။ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် လုံခြုံစိတ်ချရပြီ။ ဒါပေမဲ့ မင်းတို့ ငါတို့ကို ဘယ်သူကမှ ကျေးဇူးတင်မှာ မဟုတ်ဘူး။ ကျေးဇူး တင်ဖို့လည်း မလိုဘူး။ ငါတို့ရဲ့စွန့်စားမှု အောင်မြင်တာကို ငါတို့ ဝမ်းသာအား ရနေတယ်။ ဒါဟာ ငါတို့ရဲ့ နှစ်သိမ့်ကျေနပ်မှုပဲ။ ဒါထက် ကြီးမားတဲ့ ဆုလာဘ်ကို မလိုချင်ဘူး'

ဗိုလ်မင်းဖြတ်ဇက မျက်နှာထားတင်းတင်းနှင့် ပြန်ပြောလိုက်သည်။

'ဘယ်သူကမှ ကျေးဇူးမတင်ဘူးဆိုတာတော့ မမှန်ပါဘူး။ ဘုရင်မကြီး ကို လုပ်ကြံဖို့ ကြံစည်တဲ့ သစ္စာဖောက်တွေရဲ့ အကြံအစည် လုံးဝ ပျက်ပြားသွား အောင် တာဝန်ယူ ဆောင်ရွက်နိုင်ရင် ဗိုလ်မှူးရာထူးနဲ့ ချီးမြှင့်မြှောက်စားမယ်လို့ မင်းကြီးသက်တော်ရှည် အာမခံချက် ပေးခဲ့တယ် မဟုတ်လား'

သီရိဖြတ်ကမွန်က ပြန်ပြောလိုက်သည်။

'ဒါတော့ ငါသိသားပဲ။ ဘာလဲ၊ မင်းက ဗိုလ်မှူးရာထူး ဆက်ခံဖို့ ...ကျက်ရမှာမို့ နှုတ်ခွန်းဆက်စာတမ်း ရေးနေတာလား'

'ဗိုလ်မင်း ထင်သလို မဟုတ်ပါဘူး။ ဗိုလ်မှူးရာထူးကို ကျွန်တော် ...မောပါဘူး။ ဗိုလ်မှူးရာထူးကို မမက်မောလို့သာ ကျွန်တော့်ကို နှင်းအပ် ...ပြီးသား ရာထူးကို စွန့်ပစ်ပြီး လာခဲ့တာ မဟုတ်လား။ ကျွန်တော်က စကား ...သာ ပြောလိုက်တာပါ။ ရာထူးစည်းစိမ်ကို မစင်ဘင်ပုပ်လို စက်ဆုပ်ရွံရှာ ...တယ်။ ဒါကြောင့် ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူမလာခင် ခရီး ...ဖို့ စီစဉ်နေတာပါ။ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူလာရင် မင်းကြီး ...တော်ရှည် ပါလာလိမ့်မယ်။ ကျွန်တော့်ကို မင်းကြီး သက်တော်ရှည် ...သွားရင် ဘုရင်မကြီးရဲ့ အသက်အန္တရာယ် လုံခြုံရေးအတွက် ကျွန်တော်တို့ ...ကန်နဲ့လဲပြီး တာဝန်ထမ်းရွက်ခဲ့ပုံတွေကို ဘုရင်မကြီး ရွှေနားတော်ကြား ...တင်ပြီး ကျွန်တော်တို့ကို ထိုက်သင့်တဲ့ ရာထူးဌာနန္တရတွေနဲ့ ချီးမြှင့်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အကြံ…သိမ့်မယ်။ ဒါကိုသိလို့ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူမလာ …ခင် အရိုးသွက်ဖို့ ပြင်ဆင်နေတာပါ'

သီရိဗြတ်ကမ္ဘန်က မိမိ၏ အကြံအစည်ကို ပွင့်လင်းစွာ ထုတ်ဖော် …ပြောလိုက်သည်။

'မင်းရဲ့အကြံအစည်ကို ငါ ထောက်ခံတယ်။ ငါ့အနေနဲ့လည်း ရာထူး ဌာနန္တရတွေ အလိုမရှိဘူး။ ငါတို့တစ်တွေဟာ စည်းစိမ်ယစ်နေရမယ့်လူ… မဟုတ်ဘူး။ စည်းစိမ်ယစ်နေရင် ငါတို့ရဲ့ ဘဝအမှန်ကို မေ့ပျောက်သွား… စစ်သည်တော်သည် တိုင်းပြည်အတွက်သာ ဖြစ်စေရမယ်၊ တိုင်းပြည်သည… စစ်သည်တော်အတွက် မဖြစ်စေရဆိုတဲ့ ငါတို့ရဲ့ဆောင်ပုဒ်ကို ငါတို့ ချိုးဖောက်… ရောက်လိမ့်မယ်။ ငါ့အတွက်တော့ လွယ်ပါတယ်။ မင်းအတွက်သာ ခက်… တာပါ'

'ကျွန်တော့အတွက် ဘာများ ခက်စရာ ရှိလို့လဲ'

'မင်းကို နှင်းကေသရာက အစွဲလမ်းကြီး စွဲလမ်းနေတာ။ ဘယ်အခ… စွဲလမ်းသလဲဆိုရင် အရိုးဘုရား သီရိမာလာထိပ်ထား သခင်မကိုတောင် … ကဆန် ပြန်ပြောပြီးနေတာ ကြည့်ရင် သိသာထင်ရှားနေတယ်။ ဘုရင်မ… ရွှေစိတ်တော် ခုချင်ခုပေစေ၊ သူ မချစ်မနှစ်သက်တဲ့ လူနဲ့တော့ မပေါင်း… နိုင်ဘူးလို့ ရဲရဲတောက် ပြောခဲ့တယ် မဟုတ်လား။ မင်း သိပ်ကံကောင်းတ… နှင်းကေသရာရဲ့ မေတ္တာပန်းကို တော်ရုံတန်ရုံလူ ဆွတ်ခူးနိုင်တာ မဟုတ်…'

'ကံကောင်းတာ မဟုတ်ဘူး၊ ကံဆိုးတာ။ ကျွန်တော့်ကို နှင်းကေ… အထင်လွဲပြီး မျက်မုန်းကျိုးသွားရင် အကောင်းသား'

'ဘာစကား ပြောလိုက်တာလဲ'

'ကျွန်တော့်စိတ်ထဲမှာ ရှိတာကို ပြောနေတာပါ။ ကျွန်တော့်ရဲ့မျ… ကို မကြည့်ချင်အောင် မုန်းသွားရင် ပိုပြီး ကောင်းပါသေးတယ်။ … သူ့အတွက် ကျွန်တော့်မှာ သံယောဇဉ် နှောင်ကြိုးတစ်မျှင် တိုးလာတယ်။ … ကျွန်တော့်စိတ်ကို ကျွန်တော် ပိုင်းဖြတ်ထားပြီးပါပြီ။ မိန်းမရဲ့ ထဘီနား ခို… လူဖြစ်ရမယ်ဆိုတော့ သေရတာကမှ မြတ်ပါသေးတယ်။ ကျွန်တော့်… ကျွန်တော် မြတ်နိုးတယ်။ ကျွန်တော့်ရဲ့အသက်ကို နိုင်ငံတော်ကို လှူ… သားဖြစ်လို့ နိုင်ငံတော်အတွက် တာဝန်ထမ်းရင်း သေသွားတာကမှ မြတ်… ဦးမယ်။ မိန်းမရဲ့ ထဘီနား ခိုလှုံပြီး မိန်းမရဲ့ အရိပ်အဝါနဲ့ လူရာဝင်ရမှာ… ကျွန်တော် စက်ဆုပ်တယ်'

'မိန်းမရဲ့ ထဘီနား ခိုလှုံစရာ မလိုပါဘူး။ ယောကျ်ားတံခွန် လူ့ည…





ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရဲ့လမ်းလို့ အဆို ရှိတယ် မဟုတ်လား။ ငါ တစ်နေ့က ပြောခဲ့တဲ့အတိုင်း မင်းဟာ လက်ရုံးရည် ရော နှလုံးရည်ပါ ပြည့်ဝတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ။ မိန်းမတွေဟာ …င်းမိဖုရားပင် ဖြစ်စေကာမူ တစ်နေ့ကျရင် ယောကျ်ားရဲ့ အလုပ်အကျွေး ဘဝကို …ရောက်ရတာပဲ မဟုတ်လား။ ပြီးတော့ မင်းရဲ့စွမ်းရည်သတ္တိကို ဘုရင်မကြီးရော …င်းကြီးသက်တော်ရှည်ပါ ကောင်းကောင်းကြီး သိပါတယ်။ ဘုရင်မကြီးကို …လုပ်ကြံဖို့ ကြံစည်တဲ့ သစ္စာဖောက်တွေရဲ့ အန္တရာယ်ကို အပြီးအပိုင် ရှင်းလင်း …ခဲ့တဲ့အတွက် မင်းကို ထိုက်သင့်တဲ့ရာထူးနဲ့ ချီးမြှင့်မှာ သေချာတယ်။ …င်းကေသရာရဲ့ ထဘီနား ခိုလှုံစရာ မလိုပါဘူး။ နှင်းကေသရာဟာ မင်းရဲ့ …နဲ့ရိပ်ကံရိပ်ကို ခိုလှုံရမှာပါ'

ဗိုလ်မင်းဖြတ်ဇက ပြန်ပြောလိုက်သည်။

'ရာထူးဌာနန္တရကို မစင်ဘင်ပုပ်လို စက်ဆုပ်ရွံရှာတယ်လို့ ပြောထား… မဟုတ်လား။ ရာထူးဌာနန္တရနဲ့ ချီးမြှင့်ခံရမှာစိုးလို့ ဘုရင်မကြီး တိုင်းခန်း …လှည့်လည်တော်မူမလာခင် တော်ရာလျှော်ရာကို ထွက်သွားဖို့ စိစဉ်နေတာပါလို့ …ကျွန်တော်ပြောခဲ့တယ် မဟုတ်လား။ ပြီးတော့ ဗိုလ်မင်းကိုယ်တိုင်က ကျွန်တော် …တို့ ရာထူးဌာနန္တရ တစ်ခုခု လက်ခံလိုက်ရင် စည်းစိမ်ယစ်မူးပြီး ကျွန်တော်တို့ရဲ့ …ဘဝအမှန်ကို မေ့သွားလိမ့်မယ်လို့ ဩဝါဒပေးခဲ့တယ် မဟုတ်လား။ စစ်သား …ကောင်းတို့မည်သည် နိုင်ငံတော်အတွက်သာ ဖြစ်စေရမယ်၊ နိုင်ငံတော်သည် …စစ်သည်တော်များအတွက် မဖြစ်စေရ ဆိုတဲ့ ကျွန်တော်တို့ရဲ့ ယုံကြည်ချက်ကို …ကျွန်တော်တို့ ဖျက်ဆီးပစ်သလို ဖြစ်မနေဘူးလား'

သီရိဗြတ်ကမ္ဘန်က ပြန်ပြောလိုက်ရာ ဗိုလ်မင်းဖြတ်ဇသည် ခေတ္တမျှ …ငြိမ်သက်နေရာမှ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'မင်း ပြောတာ မှန်တယ်၊ သိပ်မှန်တယ်။ သွေးထွက်အောင် မှန်တယ်။ …မင်းနဲ့ငါဟာ အိမ်စောင့်ခွေးကြီးတွေနဲ့ တူတယ်။ အိမ်စောင့်ခွေးတို့ မည်သည် …အိမ်ရှင်ရဲ့ စားကြွင်းစားကျန် အရိုးအရင်းတွေကို စားသောက်နေရပေမယ့် …အိမ်ရှင်အပေါ်မှာ သစ္စာရှိရှိနဲ့ အိမ်ရှင်ရဲ့ ရန်သူမှန်သမျှ အသေခံပြီး ခုခံ …ကာကွယ်တယ် မဟုတ်လား။ လူရိပ်မြင်ရင် အသံကျယ်ကျယ်နဲ့ ဟောင်ပြီး …အိမ်ရှင်ကို သတိပေးတယ် မဟုတ်လား။ လူဆိုးတွေ သတ်ရင်လည်း အသေ …ခံတာပဲ မဟုတ်လား။ မင်းနဲ့ငါလည်း ဒီအတိုင်းပဲ။ အိမ်စောင့်ခွေးတွေကို …အိမ်ရှင်က ဂရုစိုက်ပြီး ဝဝလင်လင် ကျွေးမွေးထားရင် အဆီယစ်ပြီး တာဝန်



www.burmeseclassic.com

www.burmeseclassic.com

...တတ်တယ် မဟုတ်လား။ မင်းတို့ ငါတို့ဟာ စည်းစိမ် မှုးယစ်... ...သူစား မဟုတ်ဘူး။ ဒါပေမဲ့ ဒါပေမဲ့ ....'

ဗိုလ်မင်းဖြတ်ဇသည် စကားဆုံးအောင် မပြောဘဲ ဖြတ်ထားလိုက်... ...တ်ပြင်းမှုတ်ထုတ်လိုက်သည်။

'ဒါပေမဲ့ ဘာဖြစ်သလဲ'

သီရိဖြတ်ကမ္ဘန်က ဗိုလ်မင်းဖြတ်ဇ၏ စကားတစ်ပိုင်းတစ်... ဖြတ်ထားသည်ကို အခံရခက်သည့် အမူအရာဖြင့် ပြန်မေးလိုက်သည်။

'မင်းရဲ့နေရာကနေပြီး ကြည့်ရင်တော့ မင်းပြောတာ မှန်ပါတ... ဒါပေမဲ့ နှင်းကေသရာရဲ့ နေရာက ပြန်ကြည့်မယ်ဆိုရင် မင်းရဲ့ဆုံးဖြတ်ချက်... မတရားဘူး၊ မင်းအပေါ်မှာ နှင်းကေသရာ အစွဲကြီး စွဲနေတယ်။ မင်း... အိမ်မရှိ၊ ယာမရှိ၊ ပစ္စည်းမရှိ၊ ခြေသလုံး အိမ်တိုင်ထူနေရတဲ့ အည... စစ်သည်တော်ဖြစ်ကြောင်း နှင်းကေသရာ သိတယ်။ မင်းရုပ်ရည်ကို ကြည့်... ဆိုရင်လည်း ယောကျ်ားပီသတာက လွဲလို့ ဘယ်မိန်းမမှ စွဲမက်စရာ မရှိ... ဒီကြားထဲ မင်းအပေါ်မှာ နှင်းကေသရာ အစွဲကြီး စွဲနေတယ်ဆိုတာ ... တန့်ရဲ့ မေတ္တာ မဟုတ်ဘူး။ အင်မတန် မွန်မြတ်သန့်စင်ပြီး စွဲမြဲခိုင်မာတဲ့ ... ဆိုတာ မထင်ရှားဘူးလား။ အရီးဘုရားရှေ့မှာ နှင်းကေသရာ ပြောသွ... စကားတွေကို မင်းမှတ်မိသေးတယ် မဟုတ်လား။ ဘုရင်မကြီးရဲ့ တူတော်... မကလို့ မိုးကျရွှေကို ဖြစ်ပါစေ၊ တူမတော် မကြည်ဖြူနိုင်ဘူး။ ဘုရင်မ... ရွှေစိတ်တော် နုချင် နုပေစေ။ တူမတော် မကြည်ဖြူနိုင်ဘူးလို့ ပြောသွား... မဟုတ်လား။ နှင်းကေသရာ ပြောသွားတဲ့ စကားအရ ဆိုရင် မင်းက... ဖွဲ့နဲ့ ဆန်ကွဲပဲ။ မင်းထွက်သွားရင် နှင်းကေသရာ အသည်းကွဲလိမ့်မယ်'

ဗိုလ်မင်းဖြတ်ဇက ရှင်းပြလိုက်သည်။

'ဗိုလ်မင်းပြောတာ မှန်သင့်သလောက်တော့ မှန်ပါတယ်။ ကျွန်... ထွက်သွားခါစမှာ ကျွန်တော့်ကို လွမ်းဆွေးပြီး သတိရ တမ်းတနေလိမ့်မယ်ဆို... ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ကြာရင် မေ့သွားပါလိမ့်မယ်။ ပြီးတော့ ... မာလာ ထိပ်ထားသခင် မိန့်ကြားချက်အရ ဆိုရင် ဘုရင်မကြီးရဲ့ တူတော်... ဖောင်းနင်းမြို့စား သမိန်ဖရူနဲ့ ရွှေလက်တော်ဆက်ပေးဖို့ ဆုံးဖြတ်ထား... ဖြစ်ပါတယ်။ ထွက်ပြီးသား ဆင်စွယ် ပြန်ဝင်တယ်လို့ မရှိစကောင်း... ဘုရင်မကြီးရဲ့ အဆုံးအဖြတ်ကို ဘယ်သူမှ မပယ်ဝံ့ပါဘူး။ ဘုရင်မ... ဆုံးဖြတ်ချက်အတိုင်း တူတော်မောင် ဖောင်းနင်းမြို့စား သမိန်ဖရူနဲ့ နှင်း... သရာကို ရွှေလက်တော် ဆက်ပေးလိုက်ရင် ရွှေနဲ့မြ နေနဲ့လလို တင့်...





...လိမ့်မယ်။ နှင်းကေသရာ အနေနဲ့လည်း ကြင်ဖက်တော် သမိန်ဖရူအပေါ်မှာ ...လေသာ တဏှာပေမနဲ့ ယှဉ်တဲ့ သံယောဇဉ်ကြိုး ငြိတွယ်လာတာနဲ့အမျှ ...န်တော့်အပေါ်မှာ လွမ်းတဲ့ဆွေးတဲ့ စိတ်တွေ ကွယ်ပျောက်သွားပါလိမ့်မယ်'

သီရိဖြတ်ကမ္ဘန်က တည်ငြိမ်သည့် လေသံဖြင့် အဖြေပေးလိုက်သည်။

'မင်းလည်း တကယ့် သောက်ရူးပဲ'

ဗိုလ်မင်းဖြတ်ဇက သက်ပြင်းမှုတ်ထုတ်ရင်း မှတ်ချက်ချလိုက်သည်။

ကျွန်တော် မရူးပါဘူး။ အသင့်အတင့် နှလုံးသွင်းပြီး ကျွန်တော့် ...တ်ကို ကျွန်တော် ဖြေနေတာပါ'

'မင်းစိတ်ကိုမင်း ဖြေနိုင်ပေမဲ့ မိန်းမသားဖြစ်တဲ့ နှင်းကေသရာ ...စိတ်ကိုသူ ဖြေနိုင်ပါ့မလား'

'ဘုရင်မကြီးရဲ့ တူတော်မောင် သမိန်ဖရူနဲ့ စုလျားရစ်ပတ် ထိမ်းမြား ...က်ထပ်ပြီးလို့ အကြင်လင်မယားဘဝကို ရောက်သွားတဲ့အခါ ကျွန်တော့်ကို ...သွားမှာပါ။ ကျွန်တော့်အပေါ်မှာ ငါးရာ့နှစ်ဆယ့်ရှစ်သွယ် မေတ္တာနဲ့ ချစ်နေ... တော်ပြီ'

'ဒါကြောင့် မင်းကို သောက်ရူးလို့ ပြောနေတာပေါ့'

'မဖြစ်နိုင်တာကိုတွေးပြီး ဆွေးနေမယ့်အစား ဖြစ်သမျှအကြောင်း ...ကောင်းချည်းပဲဆိုပြီး အသင့်အတင့် နှလုံးသွင်းနိုင်ရင် ပိုပြီး မကောင်းဘူး ...၊ ပိုပြီး စိတ်မချမ်းသာဘူးလား'

'ဒါပေမဲ့ နှင်းကေသရာကို မင်း အသည်းကွဲလုမတတ် ချစ်နေတယ် ...တ်လား'

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ'

'နှင်းကေသရာကလည်း မင်းကို အသည်းကွဲမတတ် ချစ်နေတယ်။ ...င်းကလည်း နှင်းကေသရာကို အသည်းကွဲမတတ် ပြန်ချစ်တယ်။ ဒါနဲ့ ...တောင် ....'

ဗိုလ်မင်းဖြတ်ဇသည် စကားကို ဖြတ်ထားလိုက်ပြန်သည်။

'ဒါပေမဲ့ ကျွန်တော်နဲ့ နှင်းကေသရာ ဘဝချင်း မတူဘူး။ ကိလေသာ ...ပေမနဲ့ယှဉ်သည့် ပုလောင်တဲ့အသွင်ကို အေးမြကြည်လင်တဲ့ ငါးရာ့ ...ယ့်ရှစ်သွယ် မေတ္တာနဲ့ ချစ်တဲ့အချစ်မျိုး ဖြစ်သွားအောင် ပြောင်းလဲလိုက်ရင် ...ကောင်းဘူးလား'

'မင်း တကယ်ရူးတဲ့ အကောင်ပဲ။ မင်းလည်း သောက်ရူး၊ ငါလည်း ...ာက်ရူးပဲ၊ သောက်ရူးချင်းမို့လည်း ပေါင်းလို့သင်းလို့ ရတာပဲ



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မင်းဖြတ်ဇက ညည်းညူလိုက်ပြန်သည်။

ထိုအခိုက်တွင် ရေကန်တော်ရှိရာသို့ သစ်လွင်တောက်ပြောင်သော ...ဘတ္တာပါ ဝတ်စားတန်ဆာများဖြင့် ပေါ့ပါးသော ခြေလှမ်းများနှင့် လာရော... နေသော လုလင်တစ်ယောက်ကို ရိပ်ခနဲ မြင်လိုက်သဖြင့် နှစ်ယောက်သား ပြိုင်တူ လှည့်ကြည့်လိုက်မိပေ၏။

အဆိုပါ လုလင်သည် ဗိုလ်မင်းဖြတ်ဇနှင့် သီရိဖြတ်ကမွှန်ကို မြင်လို[က်] ရသောအခါ ဝမ်းသာအားရသည့် အမူအရာဖြင့် လက်နှစ်ဖက်ကို ဆန့်တန်းပြီး နှုတ်ခွန်းဆက်ရင်း သီရိဖြတ်ကမွှန်နှင့် ဗိုလ်မင်းဖြတ်ဇတို့ ရှိရာသို့ အပြေးအလွှား လာနေသည်ကို မြင်ရပေသည်။

'အလို ဟင် လက်စသတ်တော့ မင်းစည်သူပါလား။ ရုတ်တရက် မှတ်တောင် မမှတ်မိဘူး။ ခုလိုဆိုတော့ တသွေးတမွေးကို ဖြစ်လာတာပဲ'

သီရိဖြတ်ကမွှန်သည် မိမိတို့ရှိရာသို့ အပြေးအလွှား လာနေသော မင်းစည်သူအား ခြေဆုံးခေါင်းဆုံးကြည့်ရင်း ခွန်းတုံ့ပြန်လိုက်သည်။

'ဘုရင်မကြီးကို ကြိုဆိုဖို့ ဒီအဝတ်အစားတွေ ဝတ်ရမယ် ... အရှင်ဘုရားနဲ့ နှင်းဇေကရီက အတင်းဝတ်ခိုင်းလို့ ဝတ်စားဆင်ယင်လာရ... ဒါက အရေးမကြီးဘူး။ ရှင်စောပုဘုရင်မကြီး ကြွချီတော်မူလာပြီ။ မြို့တ... ဗညားအိမ်တောင် ခြွေရံသင်းပင်းတွေနဲ့ ဘုရင်မကြီးကို ကြိုဆိုဖို့ သွားပြီ... မြို့ဦးမဏ္ဍပ်က စည်တော်သံတောင် ကြားနေရပြီ မဟုတ်လား။ သာသနာ... ကို ချီးမြှင့်မြှောက်စားတော်မူတဲ့ ဘုရင်မကြီး ဖြစ်တဲ့အတွက် ရဟန်း... ပြည်သူလူထုအပေါင်းက ခေါင်းလောင်းသံ၊ ကြေးစည်သံတွေနဲ့ ကြိုဆို... အသံတွေကို ကြားနေရပြီ မဟုတ်လား'

မင်းစည်သူက ဝမ်းသာအားရ ပြောလိုက်သည်။ ထိုအခါကျမှ သီရိ... ဖြတ်ကမွှန်နှင့် ဗိုလ်မင်းဖြတ်ဇတို့သည် စည်တော်သံများ၊ အိုးစည်ဗုံ... သံများနှင့် ကြေးစည်သံ၊ ခေါင်းလောင်းသံများကို သတိပြုမိပေသည်။

'ကဲ ဘုရင်မကြီး ကြွချီတော်မူလာပြီဆိုရင် အကြိုတော် ... ရအောင် သွားပါတော့လား။ ဒီမှာ မင်းစည်သူ၊ မင်း သိပ်ကုသိုလ်ထူး... မင်းကို ဘုရင်မကြီး မြင်ရင် ချစ်မြတ်နိုးတော်မူမှာ အမှန်ပဲ။ သီရိ... ထိပ်ထားသခင်မကလည်း မင်းကို ရာထူးဌာနန္တရ ရရှိရေးအတွက် ဘုရင်... ကို လျှောက်ထား အသနားခံမှာ သေချာတယ်။ မင်းနဲ့ထိုက်သင့်တဲ့ ရာထူး... ချီးမြှင့်ခြင်း ခံရမှာတော့ မြေကြီးလက်ခတ် မလွဲဘူး။ မင်း သိပ်ကုသိုလ်ထူး... နှင်းဇေကရီလို မိန်းမကောင်း မိန်းမမြတ် တစ်ဦးရဲ့ မေတ္တာပန်းကို ...





...နိုင်ရုံသာမက ဘုရင်မကြီးရဲ့ ချီးမြှင့်မြှောက်စားခြင်းလည်း ခံရလိမ့်ဦးမယ်။ ...မင်းအတွက် ဝါဝမ်းသာတယ်။ ဒါပေမဲ့ တစ်ခုတော့ သတိပေးချင်တယ်၊ ရာထူး ဌာနန္တရ တစ်ခုခုနဲ့ ချီးမြှင့်ခြင်း ခံရတာကို မင်း မသာယာပါနဲ့၊ ငြင်းဆိုမယ်... ...နဲ့။ မင်းရဲ့ မွန်မြတ်သန့်စင်တဲ့ ဘဝကို ဖျက်ဆီးမပစ်ပါနဲ့။ မင်းဟာ ...ရဲ့ သားကောင်းရတနာအဖြစ် တစ်သမတ်တည်း ရပ်တည်သွားနိုင်အောင် ကြိုးစားပါ။ ကဲ ကဲ သွားပေတော့၊ သွားပေတော့'

သီရိဖြတ်ကမွှန်က ကောင်းချီးသြဘာပေးရင်း သြဝါဒပေးလိုက်သည်။

'နောင်ကြီးကော .... လာလေ၊ ဘုရင်မကြီးကို ကြိုဆိုရအောင်။ ...နောင်ကြီးရဲ့ အဝတ်အစားတွေကို လဲလှယ်ပါဦး။ ဘုရင်မကြီးရဲ့ အသက်...ကို နောင်ကြီးရဲ့ အသက်နဲ့လဲပြီး ကာကွယ်ခဲ့တာကို ဘုရင်မကြီး ...တော်မူရင် နောင်ကြီးကို ချီးမြှင့်မြှောက်စားတော်မူပါလိမ့်မယ်'

မင်းစည်သူက သီရိဖြတ်ကမွှန်အား မရမက ခေါ်နေပေသည်။

'မင်းဘာသာ မင်း သွားစမ်းပါ။ ဘုရင်မကြီး ချီးမြှင့်မြှောက်စားတာ ...အလိုမရှိပါဘူး။ ငါ့ဘာသာ ငါ အေးအေး နေစမ်းပါရစေ'

သီရိဖြတ်ကမွှန်က ပြန်ပြောလိုက်သည်။

ထိုအခိုက်တွင် ထဘီကို စွန်တောင်ဆွဲ၍ သုတ်သုတ် သုတ်သုတ်နှင့် ...နေသော ပန်းလိုင်ထိပ်ထား သီရိမာလာ သခင်မကို မြင်လိုက်ရသဖြင့် ...ယောက်သား ထိုင်နေကြရာမှ ပြိုင်တူ ထ လိုက်ကြသည်။

'မင်းစည်သူ၊ မင်း ပျောက်သွားလို့ ရှာလိုက်ရတာ အမောပဲ။ ဘုရင်မ... မင်းခမ်းမင်းနားနဲ့ မြို့တွင်း ဝင်တော်မူလာပြီ။ မကြာခင် စံအိမ်တော်ကို ...တော်လာလိမ့်မယ်။ ဘုရင်မကြီး ကြွချီတော်မူလာလို့ မြို့သူမြို့သား၊ နယ်သူ ...သားတွေ သောင်းသောင်းဖြဖြ သြဘာသံ ဆူညံစွာနဲ့ ကြိုဆိုနေကြတာကို ...ကြားကြဘူးလား။ တူတော်မောင် ဗညားအိမ်လည်း ခြွေရံသင်းပင်းနဲ့ ဘုရင်မ...ကို အကြိုတော်ထောက်ဖို့ သွားကြပြီ။ လာ၊ ဘုရင်မကြီး ကြွချီတော်မူလာရင် ...ကို ဘုရင်မကြီးရဲ့ အပါးမှာ ခစားခိုင်းရမယ်။ ဒါမှ မင်းကို ဘုရင်မကြီး ...ချပြီး ရာထူးဌာနန္တရနဲ့ ချီးမြှင့်မှာ။ လာ သွားကြမယ်။ ဗိုလ်မင်းဖြတ်ဇနဲ့ ...ည်တော်ကြီး သီရိဖြတ်ကမွှန်တို့ကကော ဒီမှာ ဘာလာလုပ်နေကြတာလဲ၊ ... .... လာကြ။ ဘုရင်မကြီး ကြွချီတော်မူလာပြီ'

သီရိမာလာ ထိပ်ထားသခင်မမှာ ပျာပျာသလဲ ဖြစ်၍နေပေ၏။

ဗိုလ်မင်းဖြတ်ဇနှင့် သီရိဖြတ်ကမွှန်မှာ သီရိမာလာထိပ်ထားသခင်မ ...အား လိုက်ပါသင့် မပါသင့် စဉ်းစားနေကြသည်။ သီရိဖြတ်ကမွှန်မှာမူ



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီး ကြွချီတော်မူလာချိန်တွင် မိမိအား မည်သူမျှ ဂရုစိုက်နိုင်မည် မဟုတ်သည်ကို သိသဖြင့် အလစ်တွင် မည်သူ့ကိုမျှ အသိမပေးဘဲ တော် ချောင်ရာသို့ ထွက်သွားရန် ကြံစည်စိတ်ကူးထားသဖြင့် ခြေလှမ်းတန့်နေခြင်း ဖြစ်ဆသည်။ ဗိုလ်မင်းဖြတ်ဇမှာမူ သီရိဖြတ်ကမွန် မပါဘဲ မိမိတစ်ယောက် တည်း မလိုက်လိုသဖြင့် သီရိဖြတ်ကမွန်၏ အရိပ်အကဲကို ကြည့်နေပေသည်။

'စစ်သည်တော်ကြီး ဘာငေးနေတာလဲ။ ဘုရင်မကြီး ကြွချီတော် မူလာပြီ။ ဘုရင်မကြီးကို ကြိုဆိုဖူးမြော်ရအောင် လာကြပါတော့လား။ အချိန် မရှိတော့ဘူး။ လာကြ လာကြ'

သိဂိမာလာ ထိပ်ထားသခင်မက ဖွတ်အတင်း ဆွဲခေါ်နေပေရာ သီရိ ဖြတ်ကမွန်နှင့် ဗိုလ်မင်းဖြတ်ဇတို့မှာ မလွဲမရှောင်သာတော့ဘဲ မင်းစည်သူနှင့်အတူ သိရိမာလာ ထိပ်ထားသခင်မ ခေါ်ရာသို့ ကန့်လန့်ကန့်လန့်နှင့် ပါသွား ပေသည်၊

စံအိမ်တော်သို့ ရောက်သောအခါ အိမ်တော်တစ်ခုလုံးမှာ လှုပ်လှုပ် ရှားရှားဖြစ်နေပြီး ဘုရင်မကြီး ကြွချီတော်မူလာလျှင် တာဝန်မလစ်လပ်စေရန် အမိန့်ပေးသူက ပေး၊ အမိန့်နာခံသူက နာခံ၊ ပြေးလား လွှားလား လှုပ်ရှား နှင့် ခြေမကိုင်မိ လက်မကိုင်မိ အလုပ်လုပ်နေသူများက လုပ်ကိုင်နေကြသည်ကို တွေ့မြင်ရပေသည်။

မြို့စားလေးဗညားအိမ်၏ စာရေးတော်ကြီးမှာ ၄င်း၏ အဆောင် အယောင် အပြည့်အစုံနှင့် ခံ့ညားထည်ဝါစွာ အိမ်တော်အမှုထမ်းများခြံရံလျက် ဘုရင်မကြီး ကြွချီတော်မူလာဖို့ သံဖြူခင်း ရာဇမတ်ကာထားသည့် လမ်း ဆီးကြိုနေသည်ကို တွေ့ရပေသည်။

နင်းကေသရာမှာမူ တစ်ကိုယ်လုံး တဖိတ်ဖိတ်တောက်နေအောင် စိန် ရွှေ လက်ဝတ်ရတနာများ ဝတ်စားဆင်ယင်ပြီး ကြော့အောင် ဖြီးလိမ်းဝတ်စား ထားသဖြင့် ကြွေရုပ်လို လှချင်တိုင်း လှနေသည်ကို တွေ့ရပေသည်။ နင်းကေ သရာ၏ အပါးတွင် လက်ပါးစေ နင်းသဲ၊ နင်းအိုနှင့် အပျိုရံများ ဝိုင်းရံခစား လျက် ရှိသည်ကို တွေ့ရပေသည်။

သီရိမာလာ ထိပ်ထားသခင်မနှင့်အတူ သီရိဖြတ်ကမွန်တို့ လူသိုက် ံအိမ်တော်သို့ ရောက်ရှိလာသောအခါ နင်းကေသရာသည် အရီးဘုရား သီရိ မာလာထိပ်ထားသခင်မအား ခရီးဦးကြိုပြုရင်း ၄င်း၏ မျက်လုံးများမှာ သီရိ ဖြတ်ကမွန်ကိုသာ အာရုံစိုက်လျက် ရှိပေသည်။ သီရိဖြတ်ကမွန်မှာမူ မည်သူ





ကိုမျှ မကြည့်ဘဲ မျက်လွှာချထားပြီး မိမိနှင့် အတူပါလာသော ဗိုလ်မင်းဖြတ်ဇ အား မသိမသာ လက်ကုတ်လိုက်သည်။

'ဒီမှာ ဗိုလ်မင်း၊ ဘုရင်မကြီး ကြွချီတော်မူလာလို့ သောင်းသောင်းဖြဖြ ကြိုဆိုနေကြတုန်း ကျွန်တော်တို့နှစ်ယောက်ကို ဘယ်သူမှ အရေးစိုက်နိုင်မှာ မဟုတ်ဘူး။ အဲဒီအချိန်မှာ ကျွန်တော်တို့ လစ်သွားကြမယ်'

သီရိဖြတ်ကမွန်က ဗိုလ်မင်းဖြတ်ဇအား တီးတိုးပြောကြားလိုက်သည်၊

'ဘုရင်မကြီး သက်တော်ရာကျော် ရှည်ပါစေ၊ သာသနာ့ ဒါယိကာမကြီး သက်တော်ရာကျော် ရှည်ပါစေ'

အစရှိသော ကောင်းချီးသြဘာသံများ အဆက်မပြတ် ထွက်ပေါ်လာ ပြီး များမကြာမီ ရှင်စောပု ဘုရင်မကြီးသည် မှူးကြီးမတ်ရာ သေနာပတိများ ဆွေတော်မျိုးတော်များ ခြံရံကာ ရွှေဝေါတော်ဖြင့် ကြွချီတော်မူလာသည်ကို မြင်ရပေသည်။

ဘုရင်မကြီး ကြွချီတော်မူလာသောအခါ ဘုရင်မကြီးအား ကြိုဆို နေကြသော ပရိသတ်ကြီးသည် "ဘုရင်မကြီး သက်တော်ရာကျော် ရှည်ပါစေ" ဟု ကောင်းချီးသြဘာပေးရင်း ဘုရင်မကြီးအား ကြည်ညိုလေးစားစွာဖြင့် ဖူးမြော် ကန်တော့နေကြသည်ကို တွေ့မြင်ရပေသည်။

စည်တော်သံများ၊ အိုးစည် ဗုံမောင်းသံများ၊ ခေါင်းလောင်းသံများ၊ ကြေးစည်သံများမှာလည်း အဆက်မပြတ် ထွက်ပေါ်လျက် ရှိပေသည်။

ဘုရင်မကြီး၏ ဝေါယာဉ်တော်ရှေ့မှ မြို့စားလေးဗညားအိမ်သည် ၄င်း၏ ကိုယ်ရံတော်တပ်သားများ ခြံရံကာ ရှေ့တော်ပြေးအဖြစ် လမ်းပြ၍ လာနေသည်ကို မြင်ရပေသည်။

သီရိဖြတ်ကမွန်သည် ဘုရင်မကြီးအား ဖူးမြော်ကန်တော့နေကြသော လူအုပ်ကြီးမှ မသိမသာ ထွက်ခွာလာခဲ့ပြီး မိမိအား ဘုရင်မကြီး မမြင်နိုင်သည့် နေရာမှ ဘုရင်မကြီး ကြွချီတော်မူလာသည်ကို ခေတ္တမျှ ရပ်ကြည့်မိပေသည်၊

ထိုသို့ ရပ်ကြည့်နေရာမှ သီရိဖြတ်ကမွန်၏ မျက်လုံးများမှာ ပြူးကျယ် သည်ထက် ပြူးကျယ်လာသည်ကို တွေ့ရပေသည်။ မိမိ၏ မျက်လုံးများကိုပင် မိမိ မယုံနိုင်အောင် အံ့သြသည့် အမှုအရာဖြင့် ဘုရင်မကြီး၏ ဝေါယာဉ်တော်ရှိရာ သို့ ငေးစိုက်ကြည့်နေမိပေသည်။

သီရိဖြတ်ကမွန် တအံ့တသြ ငေးစိုက်ကြည့်ရှုနေခြင်းမှာ အခြား ကြောင့် မဟုတ်။ ဘုရင်မကြီး ဝေါယာဉ်တော်၏ ရှေ့နောက်ဝဲယာတွင် ခြံရံ



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါသာကြသော မှုးကြီးမတ်ရာ သေနာပတိများ အကြားတွင် မိမိ မမျှော်လင့် သော လူတစ်ယောက်ကို မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

ထိုသူမှာ သီရိဖြတ်ကမွန်၏ စီစဉ်ပေးချက်အရ ဇောညီနှင့်ဇော ကို ညီနောင် ဦးစီးသည့် တိုက်လှေယာဉ်ပေါ်တွင် ဖမ်းဆီးချုပ်နှောင်ထားရာ မှ ထွက်ပြေးလွတ်မြောက်သွားသည့် မင်းသိဒ္ဓတ် ဖြစ်နေသဖြင့် သီရိဖြတ်ကမွန်၏ မိမိ၏ မျက်စိကိုပင် မိမိ မယုံနိုင်လောက်အောင် ဖြစ်သွားခြင်း ဖြစ်ပေသည်။

မင်းသိဒ္ဓတ်မှာ မင်းကြီးသက်တော်ရှည်နှင့်အတူ ယှဉ်တွဲ၍ ဘုရင် ကြီး၏ ဝေါယာဉ်တော် လက်ဝဲဘက်မှ ပြုံးရွှင်သည့် အမူအရာဖြင့် ခံ့ညား ထည်ဝါစွာ လိုက်ပါလာခြင်း ဖြစ်ပေသည်။ မင်းသိဒ္ဓတ်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် သီရိဖြတ်ကမွန်သည် မိမိနှင့်အတူ လူအုပ်ကြားမှ အလစ်ချော ထွက်လာခဲ့သော ဗိုလ်မင်းဖြတ်ဇအား လက်ကုတ်၍ပြလိုက်ရာ ဗိုလ်မင်းဖြတ်ဇ မှာလည်း ပါးစပ်အဟောင်းသား ဖြစ်သွားပေသည်။

## အခန်း ၄၁

တဖိတ်ဖိတ်တောက်အောင် မွမ်းမံပြင်ဆင်ထားသော ခန်းမဆောင်ကြီးအတွင်း ရှိ အဖိုးတန်ရတနာများနှင့် စီခြယ်ထားသော သလွန်တော်ပေါ်တွင် ရှင့်ကျက် တည်ငြိမ်သော ရာဇဣန္ဒြေဖြင့် စံနေတော်မူသော ရှင်စောပုဘုရင်မကြီး၏ အပါးတော်တွင် ပန်းလိုင်ထိပ်ထား သီရိမာလာသခင်မသည် ပုဆစ်ဒူးထောက် လက်အုပ်ချီကာ ရှိသေလေးစားသည့်အသွင်ဖြင့် ခစားလျက် ရှိပေသည်။

ကျယ်ဝန်းသော ခန်းမဆောင်ကြီးအတွင်း၌ ရှင်စောပုဘုရင်မကြီးနှင့် သီရိမာလာထိပ်ထားသခင်မ နှစ်ဦးထဲသာ ရှိပေသည်။ ဘုရင်မကြီးမှာ ကိုယ် ပန်းတော်မူလာသဖြင့် ခေတ္တအပန်းဖြေရင်း စိတ်ပြေလက်ပျောက် ရှေးဟောင်း နှောင်းဖြစ်များကို လွတ်လပ်စွာ ဆွေးနွေးလိုသဖြင့် ငယ်ရွယ်စဉ်က ကစားဖော် ကစားဖက် ဖြစ်ခဲ့ဖူးသော ပန်းလိုင်ထိပ်ထား သီရိမာလာသခင်မအား မိမိ၏ အခစား ဝင်စေခဲ့ခြင်း ဖြစ်ပေသည်။ သီရိမာလာ ထိပ်ထားသခင်မမှာလည်း ဘုရင်မကြီးနှင့် ယခုလို နှစ်ယောက်ချင်း လွတ်လပ်စွာ ခစားခွင့်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပေသည်။

'သီရိမာလာ'

ဘုရင်မကြီးက နှုတ်ခွန်းတော် ဟ လိုက်သည်။





'ခစားလျက် ရှိကြောင်းပါ ဘုရား'

သီရိမာလာက ရိုသေစွာ လျှောက်တင်လိုက်ရာ ဘုရင်မကြီးသည် သီရိမာလာ၏ အမူအရာကို ကြည့်ပြီး ပြုံးလိုက်သည်။

'ဒီမှာ သီရိမာလာ၊ ခုလို နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် ဆွေး နွေးခွင့် ရတဲ့အခါမှာ ငယ်ငယ်တုန်းကလို ရင်းရင်းနှီးနှီး ဆက်ဆံစေလိုပါတယ်၊ ဘုရားထူးနေစရာ မလိုပါဘူး။ ဘုရင်မကို ရှင်စောပု ဘုရင်မကြီးအဖြစ် မဟုတ် ဘဲ စောဘို့မယ်အဖြစ် ဆက်ဆံစေလိုပါတယ်။ ပုဆစ်ဒူးတုပ်ပြီး လက်အုပ်ချီ နေစမ်းပါနဲ့။ သလွန်တော်ပေါ်မှာ ထိုင်စမ်းပါ'

ရှင်စောပုဘုရင်မကြီးက မိမိနှင့်အတူ သလွန်တော်ပေါ်တွင် ထိုင်ခွင့် ပြုလိုက်သည်။

'မဝံ့ကြောင်းပါ ဘုရား'

သီရိမာလာ ထိပ်ထားသခင်မက ဘုရင်မကြီးအား မော်ဖူးရင်း လျှောက်တင်လိုက်သည်။

'ဘာဖြစ်လို မဝံ့တာလဲ၊ စောဘို့မယ် ခွင့်ပြုပါတယ်။ လာစမ်းပါ'

ရှင်စောပု ဘုရင်မကြီးသည် သလွန်ပေါ်မှ ဆင်းလာပြီး သီရိမာလာ အား ရင်းနှီးခင်မင်သည့် အမူအရာဖြင့် ဆွဲခေါ်နေပေရာ သီရိမာလာထိပ်ထား သခင်မသည် ဘုရင်မကြီး၏ အလိုတော်အတိုင်း ဘုရင်မကြီးနှင့်အတူ သလွန် တော်ပေါ်တွင် မရဲတရဲ ဝင်ထိုင်လိုက်ရသည်။

'ဒီမှာ သီရိမာလာ၊ စောဘို့မယ်ဟာ မိန်းမသားတန်မဲ့ နိုင်ငံတော်ရဲ့ တာဝန်ကို ထမ်းရွက်တော်မူနေရတယ် မဟုတ်လား။ ကြီးလေးလှတဲ့ တာဝန်ကို ထမ်းရွက်နေရတဲ့အတွက် ရုံဖန်ရံခါဆိုသလို စောဘို့မယ်ရဲ့ ဘဝကို ငြီးငွေ့ တော်မူလာတယ်။ ဒါကြောင့်လည်း သမက်တော် ဓမ္မစေတီကို အိမ်ရှေ့အရာ ခန့်နှင်း၊ နိုင်ငံတော်ရဲ့ တာဝန်တွေကို ခွဲပေးပြီး ထမ်းရွက်စေခဲ့တာပါ။ မကြာခင် သမက်တော် ဓမ္မစေတီကို ထီးနန်းလွှဲအပ်ပြီး စောဘို့မယ်တော့ ဒဂုံဆံတော် ရှင်ရဲ့ အရိပ်အာဝါသကို ခိုလှုံပြီး လောကုတ္တရာ အလုပ်ကိုပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်ထားတယ်။ ဘုရင်မရဲ့ ဘဝကို တစ်နေ့တခြား ငြီးငွေ့တော် မူလာပြီ'

ရှင်စောပု ဘုရင်မကြီးသည် မိမိ၏ အကြံအစည်ကို ပွင့်လင်းစွာ ပြောဟလိုက်သည်။

'သင့်မြတ်လှကြောင်းပါ ဘုရား'

'ဘုရားထူးနေစရာ မလိုပါဘူး၊ ငယ်ငယ်တုန်းက ပြောသလို ပြော



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ။ ခုလို လွတ်လွတ်လပ်လပ် တွေ့ခွင့်ရတဲ့အခါ ရှေးဟောင်းနှောင်းဖြစ် တွေကို သတိမရဘူးလား'

'မှန်လှကြောင်းပါ'

'မှန်လှကြောင်းပါ လုပ်နေပြန်ပြီ။ ဒီမှာ သီရိမာလာ'

'ဘုရား'

'ဘုရားမထူးပါနဲ့လို့ ပြောထားပြီးပြီ မဟုတ်လား။ စောဘို့မယ်ဟာ ဘုရင်မကြီးတစ်ဆူ ဖြစ်တယ်ဆိုတာ ခေတ္တ မေ့ပျောက်ထားလိုက်စမ်းပါ။ စောဘို့မယ် အဖြစ် ရင်းရင်းနှီးနှီး ဆက်ဆံစမ်းပါ'

'မှန်လှပါ၊ နှုတ်ကျိုးနေကြောင်းပါ'

'ဒီမှာ သီရိမာလာ၊ စောဘို့မယ်လေ တစ်ခါတစ်ခါ မိန်းမသားဘဝနဲ့ လူလာပြီး ဖြစ်နေတာကို ဝမ်းနည်းမိတယ်။ ဘုရားဆုပန် မင်းယောကျာ်းဘဝ တောင့်တမိတယ်'

'မိန်းမသားပင် ဖြစ်လင့်ကစား နိုင်ငံတော်ရဲ့ အထွတ်အထိပ်ဖြစ်တဲ့ ဘုရင်မကြီးအဖြစ် တစ်နိုင်ငံလုံးရဲ့ လေးစားကြည်ညိုခြင်း ခံယူရပါသဖြင့် ဝမ်းနည်းခြင်း၊ အားငယ်ခြင်း မဖြစ်သင့်ကြောင်းပါ'

'သီရိမာလာပြောတာ မှန်သင့်သလောက် မှန်တယ်။ ဒါပေမဲ့ မိန်းမသား တန်မဲ့ အင်မတန်ကြီးလေးတဲ့ နိုင်ငံတော်ရဲ့ တာဝန်ကို စောဘို့မယ်တစ်ယောက် တည်း တာဝန်ယူပြီး ထမ်းရွက်နေရတဲ့အတွက် တစ်ခါတစ်ခါ စိတ်အားငယ်မိ တယ်။ စောဘို့မယ်သာ ယောကျာ်းဖြစ်ရင် သိပ်ကောင်းမှာပဲလို့ စဉ်းစားမိတယ်'

'မိန်းမသားပင် ဖြစ်လင့်ကစား နိုင်ငံတော်ကို စီမံအုပ်ချုပ်တော်မူ နေရာမှာ ခမည်းတော် ရာဇဓိရာဇ်ဘုရင်မင်းတရားကြီးရဲ့ ခြေရာကို နင်းသော မှုနိုင်တဲ့ သမီးကောင်းရတနာ ဖြစ်ပါသဖြင့် ဂုဏ်ယူရန်သာ ရှိကြောင်းပါ ဘုရင်မကြီးရဲ့ ရွှေလက်ထက်တော်မှာ နိုင်ငံတော် အေးချမ်းသာယာပြီး ဧည့်သည် ဝပြောလျက် ရှိကြောင်းပါ'

'စောဘို့မယ်ကို မြှောက်ပင့်ပြီး လျှောက်တင်နေတာလား'

'မဟုတ်ရကြောင်းပါ။ ဟုတ်တိုင်းမှန်ရာကို ရိုးရိုးသားသား လျှောက်တင် နေခြင်းသာ ဖြစ်ကြောင်းပါ။ ဘုရင်မကြီးဟာ ယခုမှသာ နိုင်ငံတော်ရဲ့ ကြီးလေး တဲ့ တာဝန်ကို ထမ်းရွက်နေရသည် မဟုတ်ကြောင်းပါ။ ခမည်းတော် ရာဇဓိရာဇ် ဘုရင်မင်းတရားကြီးရဲ့ လက်ထက်တော်မှာ မြန်မာဘုရင်တွေနဲ့ စစ်မက်ဖြစ်ပွား ခဲ့တာကို ငြိမ်းအေးစေပြီး နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း ဖောက်တဲ့အနေ ဘုရင်မကြီးကို အင်းဝဘုရင် ဆင်ဖြူရှင်သီဟသူကို ဆက်သခြင်း ခံခဲ့ရတာ





မဟုတ်လား။ ဘုရင်သီဟသူ မြတ်နိုးတော်မူလို့ မိဖုရားခေါင်ကြီးအဖြစ် ချီးမြှင့် မြှောက်စားတော်မူခဲ့တယ် မဟုတ်လား'

သီရိမာလာထိပ်ထားသခင်မက ပြန်လည်လျှောက်ထားလိုက်သည်။

'အင်း သီရိမာလာ လျှောက်တင်တဲ့စကား သိပ်မှန်တာပဲ။ ခမည်းတော် ဘုရား သက်တော်ထင်ရှား ရှိစဉ်က စောဘို့မယ်ကို ခမည်းတော်ဘုရားရဲ့ တူတော်မောင် သမိန်စည်သူနဲ့ စုံဖက်တော်မူခဲ့တယ်။ မြောက်သားတော် မောင် တော် သမိန်စည်သူနဲ့ သမီးတော်နှစ်ပါး၊ သားတော်တစ်ပါး ထွန်းကားခဲ့ပြီး စောဘို့မယ် အသက်တော် ၂၅ နှစ် အရွယ်မှာ မောင်တော် သမိန်စည်သူ နတ်ရွာ စံတော်မူတယ် မဟုတ်လား။ အဲဒီနောက် စောဘို့မယ် အသက်တော် ၂၉ နှစ် အရွယ်မှာ အင်းဝဘုရင် ဆင်ဖြူရှင်သီဟသူကို ဆက်သခြင်း ခံခဲ့ရတယ် မဟုတ် လား။ စောဘို့မယ် အနေနဲ့ ဘုရင်သီဟသူကို မချစ်မနှစ်သက်ဘဲ ဟံသာဝတီ နိုင်ငံတော် ငြိမ်းချမ်းသာယာစွာ တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုပြီး ခမည်းတော် ဘုရားရဲ့ အလိုဆန္ဒကို လိုက်လျောကာ မချစ်မနှစ်သက်သူရဲ့ လက်ကို ဆက်သ ခြင်း ခံယူခဲ့တယ် မဟုတ်လား။ ဘုရင်သီဟသူက စောဘို့မယ်ကို ချစ်မြတ်နိုးလို့ မိဖုရားခေါင်ကြီးအဖြစ် ချီးမြှင့်မြှောက်စားတော်မူခဲ့ပေမဲ့ သာယာတဲ့စိတ် မရှိခဲ့ဘူး။ ဟံသာဝတီ နိုင်ငံတော်အတွက် စောဘို့မယ် အနစ်နာခံမယ် ဆိုပြီး စောဘို့မယ် ချစ်မြတ်နိုးတော်မူလှတဲ့ သမီးတော်၊ သားတော်နဲ့ ဟံသာဝတီ နိုင်ငံတော်ကြီးကို ခွဲခွာခဲ့တယ် မဟုတ်လား။ အင်းဝရွှေနန်းတော်မှာ မိဖုရားကြီးအဖြစ် စံနေတော် မူခဲ့ရစဉ်က သားတော်၊ သမီးတော်တွေနဲ့ ဟံသာဝတီ နိုင်ငံတော်ကြီးကို အချိန် မရွေး လွမ်းဆွတ်အောက်မေ့တော်မူတယ်။ ဒါပေမဲ့ ဟံသာဝတီနိုင်ငံတော်ကြီး အတွက် စောဘို့မယ်သာ အနစ်နာခံမယ် ဆိုပြီး စိတ်အားတင်းကာ သမီးတော်၊ သားတော်နဲ့ နိုင်ငံတော်ကို လွမ်းဆွတ် အောက်မေ့တဲ့စိတ်ကို ကြိတ်မှိတ်ပြီး နေခဲ့ရတယ်'

ရှင်စောပု ဘုရင်မကြီးသည် မိမိ၏စိတ်တွင် ခံစားခဲ့ရပုံများကို ပွင့်ပွင့်လင်းလင်းစွာ ဖွင့်ဟလိုက်သည်။

'စောဘို့မယ် အင်းဝမှာ အနေကြာလို့ မိုးညှင်းမင်းတရားလက်ထက် တော်မှာ သမက်တော် ရှင်ဓမ္မဓရနဲ့ ရှင်ဓဇောဏ ရဟန်းတော်တို့ရဲ့ အကူအညီနဲ့ လှည့်ပြေးလွတ်မြောက်လာခဲ့ပြီး ဟံသာဝတီနိုင်ငံတော်ကို ပြန်လည်ရောက်ရှိ လာတဲ့အခါမှာ သားတော်မောင် ဗညာဗရူဟာ စောဘို့မယ်ကိုတောင် မမှတ်မိ တော့ဘူး။ မယ်တော်မှန်း မသိတော့ဘူး။ ဘယ်လောက် အသည်းနာစရာ



www.burmeseclassic.com

www.burmeseclassic.com



...သလဲ၊ ဒါပေမဲ့ နိုင်ငံတော်အတွက် အနစ်နာခံရတာပဲ ဆိုပြီး စောဘို့မယ် ...ကို ဖြေခဲ့ပါတယ်'

'သဘောထား မြင့်မြတ်တော်မူလှကြောင်းပါ'

'ခုလည်းပဲ မိန်းမသားတန်မဲ့ နိုင်ငံတောရဲ့ အထွတ်အထိပ်ဘုရင်မကြီး အဖြစ် ကြီးလေးလှတဲ့ တာဝန်တွေကို ထမ်းရွက်နေရတဲ့အတွက် ရံဖန်ရံခါ စိတ်အားငယ်မိတယ်'

'စိတ်အားငယ်စရာ မရှိကြောင်းပါ၊ နိုင်ငံတော်ရဲ့တာဝန်ကို ဘုရင်မကြီး နိုင်နင်းစွာ ထမ်းရွက်ခဲ့ပါသဖြင့် ဟံသာဝတီ နိုင်ငံတော်မှာ တစ်နေ့တခြား စည်ပင်သာယာ ဝပြောလာသည်ကို တွေ့ရကြောင်းပါ'

'စောဘို့မယ်တော့ ဒီတာဝန်ကြီးကို ထမ်းရွက်ရတာ ငြီးငွေ့လာပြီ အသက်အရွယ် ကြီးရင့်လာတော့ ရတနာသုံးပါးကို ဆည်းကပ်ပူဇော်ခဲ့ပြီး ကုသိုလ်ကောင်းမှုလေးတွေ လုပ်ချင်သေးတယ်။ ဒါကြောင့် သမက်... ဓမ္မစေတီကို အမြန်ဆုံး ထီးနန်းလွှဲပြောင်းပေးနိုင်အောင် နိုင်ငံတော် ... အုပ်ချုပ်ရေးကို လက်တွေ့ သင်ကြားပို့ချပေးနေရတယ်။ သမက်တော် ဓမ္မစေတီ အတူ နိုင်ငံတော်ရဲ့ တာဝန်ကို ပူးတွဲထမ်းဆောင်နိုင်အောင် တူတော်မောင် သမိန်ဗရုကိုပါ ရာဇသတ်၊ ဓမ္မသတ်နဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ပညာ... တွေကို သင်ကြားပို့ချပေးနေတယ်။ ဒါကိုတော့ သီရိမာလာ သိကောင်း သိ... မယ်'

'သိရှိပြီး ဖြစ်ကြောင်းပါ'

'သားတော်မောင် ဗညားဗရုကို ဗညားကျန်းရဲ့ လက်ပါး... လုပ်ကြံလို့ နတ်ရွာစံတော်မူခဲ့ရတဲ့ အချိန်ကစပြီး တူတော်မောင်ကို သား... ကိုယ်စား အားကိုးအားထား ပြုခဲ့ရတယ်။ ဒါကြောင့်လည်း သားတော် ... ရတယ်ဆိုပြီး သားတော်ရဲ့ နာမည်ကိုယူပြီး သမိန်ဗရုလို့ မှည့်ခေါ်ပြီး ... မြို့ကို အပိုင်စား ပေးသနားတော်မူခဲ့ခြင်း ဖြစ်တယ်။ သမက်တော် ဓမ္မ... ထီးနန်းလွှဲပြောင်းပေးပြီးတဲ့အခါ သမက်တော်နဲ့အတူ နိုင်ငံတော်ကို စီမံ ... နိုင်အောင်လည်း လေ့ကျင့်ပေးထားတယ်။ သမက်တော် ဓမ္မစေတီကို ... မဟာသွေး မဟုတ်ဘူးဆိုပြီး အိမ်ရှေ့အရာ ပေးအပ်တော်မူခဲ့တာကို ... မကျေနပ်တဲ့လူတွေ ရှိနေတယ်။ ဒါကြောင့် သမက်တော် ဓမ္မစေတီကို ... လွှဲပြောင်းပေးချိန်မှာ တူတော်မောင် သမိန်ဗရုကို သမက်တော် ဓမ္မ... အသိုင်းပင်ခံ အဂ္ဂသေနာပတိ မဟာသက်တော်ရှည်အမတ်ကြီး အဖြစ် ... အစီအစဉ် ပြုလုပ်ထားတယ်။ တူတော်မောင် သမိန်ဗရုဟာ နှလုံး...





သက်ရုံးရည်ပါ ပြည့်ဝတဲ့သူ ဖြစ်တယ်။ ဒါကြောင့် သမိန်ဗရုနဲ့ သင့်လျော်တဲ့ မိန်းမမြတ်ကို စောဘို့မယ် ရှာကြံကြည့်တဲ့အခါ စောဘို့မယ်ရဲ့ သမီးရင်းတမျှ မြတ်နိုးတော်မူတဲ့ သီရိမာလာရဲ့ တူမတော် နှင်းကေသရာကို စောဘို့မယ်ရဲ့ မျက်စိထဲ မြင်ယောင်လာတယ်။ ဒါကြောင့် တူတောင်မောင် သမိန်ဗရုကို နှင်းကေသရာနဲ့ ရွှေလက်တော်ဆက်ပေးဖို့ စောဘို့မယ် ဆုံးဖြတ်ထားတော်မူခဲ့ခြင်း ဖြစ်တယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး သီရိမာလာကို စောဘို့မယ် ... မိန့်တော်မူခဲ့ပြီးပြီ မဟုတ်လား'

ဘုရင်မကြီးသည် နှင်းကေသရာအား ၎င်း၏ တူတော်မောင် သမိန်ဗရုနှင့် နေရာချထားပေးရန် မိမိ ဆုံးဖြတ်ခဲ့ပုံကို အကျယ်တဝင့် ရှင်းပြ... ပေသည်။

'မှန်လှကြောင်းပါ၊ ဤကိစ္စကို ဘုရင်မကြီး မိန့်ဟတော်မူခဲ့သဖြင့် သိရှိခဲ့ရပြီး ဖြစ်ကြောင်းပါ'

'သီရိမာလာရဲ့တူမတော် နှင်းကေသရာက အတော်ခေါင်းမာသားလား ... စောဘို့မယ် အနေနဲ့ကတော့ နိုင်ငံတော်ရဲ့ အကျိုးကိုမျှော်ကိုးပြီး စောဘို့မယ်ရဲ့ သားတော်အရင်းလို အားကိုးရတဲ့ တူတော်မောင်ကို စောဘို့မယ်ရဲ့ သမီးတော် ... မခြား ချစ်မြတ်နိုးတဲ့ နှင်းကေသရာနဲ့ နေရာချထားပေးဖို့ စီစဉ်ခဲ့တာပါ။ ...ကို သီရိမာလာရဲ့ တူမတော် နှင်းကေသရာက စောဘို့မယ်ကို ဘယ်လို ...ဆော်ဦးတင်တယ် ထင်သလဲ'

ရှင်စောပု ဘုရင်မကြီး၏ အသံမှာ မာဆတ်ဆတ် ဖြစ်လာပေသည်။ မျက်နှာထားမှာလည်း တင်းမာလာပေသည်။

'မလျှောက်တင်တတ်ကြောင်းပါ။ တူမတော်မှာ ငယ်ရွယ်သူ ဖြစ်၍ ...နောက် ဆင်ခြင်တိုင်းထွာတတ်သူ မဟုတ်ပါသဖြင့် စိတ်လိုက်မာန်ပါ ...ဘဘ်သူကို ခွင့်လွှတ်တော်ပါမူရန် အသနားခံတော်မူပါတယ်'

သီရိမာလာက တူမတော်ကိုယ်စား တိုးလျှိုးတောင်းပန်လိုက်သည်။

'နှင်းကေသရာ ခေါင်းမာပုံတော့ စောဘို့မယ် ပြောတောင် မပြော...တော့ဘူး။ သူ့ကို သမီးရင်းလို ချစ်မြတ်နိုးတော်မူလို့ တခြားတစ်ပါးသော ...တွေရဲ့ သမီးတော်တွေထက် အစစအရာရာမှာ အရေးပေးတော်မူခဲ့တယ်၊ ...တော့ မျက်နှာသာပေး ရွှေရေးပန်းကန်တက်ဆိုတဲ့ စကားလို ဖြစ်မနေဘူးလား၊ ...လိုက်လို့ အမိုက်စော်ကားသလို ဖြစ်မနေဘူးလား။ တူတော်မောင် သမိန် ... နေရာချထားလိုတဲ့အကြောင်း စောဘို့မယ်က နှင်းကေသရာကို ပြောင်းဖျ...တဲ့အခါ သူ့ကို ပေးချင်တဲ့အပြစ် ပေးပါ။သူ မချစ်မနှစ်သက်တဲ့ လူနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com

ရွှေလက်တော် မဆက်နိုင်ဘူးလို့ ပစ်ပစ်ခါခါ ငြင်းဆန်တယ်။ အတော်ခေါင်းမာတဲ့ သူငယ်မ။ နိုင်ငံတော်ရဲ့အကျိုးကို ထောက်မြော်ပြီး တူတော်မောင်နဲ့ ရွှေလက်တော်ဆက်ဖို့ စီစဉ်တာပါလို့ စောဘို့မယ် ရှင်းပြတာတောင် လက်မခံဘူး'

'တူမတော် နှင်းကေသရာက ဘုရင်မကြီး မိန့်တော်မူတဲ့အတိုင်း လျှောက်တင်ပါသလား ဘုရား'

'ဒီအတိုင်းပဲ လျှောက်တင်ပါတယ်။ မချစ်မနှစ်သက်တဲ့ လူနဲ့ပေါင်းသင်းပါရစေနဲ့တဲ့။ သူ့ကို ပေးချင်တဲ့အပြစ်ဒဏ် ပေးပါ။ ခံယူသွားမယ်လို့ ပြတ်ပြတ်သားသား လျှောက်တင်သွားတယ်'

'အင်း ... တူမတော် တူမတော်၊ မိုက်မဲလှချည်လား'

သီရိမာလာသည် ဘုရင်မကြီး၏ အလိုတော်ကို သိလိုသဖြင့် အလိုက်ပြီး လျှောက်တင်လိုက်ခြင်း ဖြစ်ပေသည်။

'မိုက်မဲတဲ့ နေရာမှာတော့ ကမ်းကုန်ရော။ တွင်းတူးပြီး မိုက်မဲတဲ့မိန်းမ ဒါပေမဲ့ နိုင်ငံတော်ရဲ့အကျိုးကို ထောက်မြော်ပြီး နှင်းကေသရာကို တူတော်မောင်နဲ့ ရွှေလက်တော်ဆက်ပေးဖို့ စောဘို့မယ်ရဲ့ အစီအစဉ်တော့ အလျှော့ပေးနိုင်ဘူး'

ရှင်စောပု ဘုရင်မကြီးသည် စိတ်နှလုံး တုံးတုံးချထားသည့် အမူအရာဖြင့် တင်းတင်းမာမာ မိန့်တော်မူလိုက်သည်။

'မှန်လှပါ၊ ဘုရင်မကြီး စီစဉ်တော်မူတာကို တူမတော် နှင်းကေသရာ မနာခံဘဲ ငြင်းဆန်မယ်ဆိုရင် တူမတော် နှင်းကေသရာကို ရာဇဒဏ်ခတ်တော်မူဦးမှာပါလား ဘုရား'

သီရိမာလာ ထိပ်ထားသခင်မက ဘုရင်မကြီး၏ သဘောထားကို သိလိုသဖြင့် တီးခေါက်ကြည့်လိုက်ခြင်း ဖြစ်ပေသည်။

'ရာဇဒဏ် ခတ်တော်မူရမှာပေါ့'

ဘုရင်မကြီးက တိုတိုတုတ်တုတ် မိန့်တော်မူလိုက်သည်။

'ဘယ်လိုမျိုး ရာဇဒဏ် ခတ်တော်မူမှာပါလဲ ဘုရား'

'နှင်းကေသရာကို နှင်းအပ်ထားတဲ့ အဆောင်အယောင်တွေ အားလုံး ရုပ်သိမ်းပစ်မယ်။ သူ့ကို အပိုင် ပေးသနားတော်မူထားတဲ့ လယ်ယာ၊ အင်းအိုင် ချောင်းမြောင်းနဲ့တကွ အိုးအိမ်စည်းစိမ် မှန်သမျှ နိုင်ငံတော်ရဲ့ ဘဏ္ဍာတော်အဖြစ် သိမ်းပိုက်ရလိမ့်မယ်။ သူ့ကိုယ်မှာ ဝတ်စားဆင်ယင်ထားတဲ့ လက်ဝတ်ရတနာတွေကို ဘဏ္ဍာတော်အဖြစ် သိမ်းပိုက်ရပါလိမ့်မယ်'





ဘုရင်မကြီးက မျက်နှာထားတင်းတင်းဖြင့် အမိန့်တော်ရှိလိုက်သည်။

'ဘုရင်မကြီး စီစဉ်တော်မူတာကို မနာခံရင် ဆောဆောက ဘုရင်မကြီး မိန့်တော်မူခဲ့တဲ့အတိုင်း ရာဇဒဏ် ခတ်တော်မူရလိမ့်မယ် ဆိုတာ တူမတော် နှင်းကေသရာကို မိန့်တော်မူပြီးပါပြီလား ဘုရား'

'တသ့်တည့်လင်းလင်း မိန့်ကြားတော် မူပြီးပြီ။ ဒါပေမဲ့ သီရိမာလာရဲ့ တူမတော် နှင်းကေသရာက သိပ်ခေါင်းမာတယ်။ ဘုရင်မကြီး ကြိုက်သလို ရာဇဒဏ် ခတ်တော်မူပါ။ အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနဲ့ ဆင်းသွားပါမယ်လို့ ဆော်စော်ကားကား ပြန်လည်လျှောက်တင်တယ်။ ဒီအထိ ခေါင်းမာတဲ့ မိန်းမ တလောတုန်းကလည်း စောဘို့မယ်ရဲ့ သမက်တော် ဓမ္မစေတီကို နန်းသျှာ သားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မဟာဆီ မဟာသွေးကို နန်းလျာမထားဘဲ ဘုန်းကြီး လူထွက်ကိုမှ နန်းလျာထားရမလားဆိုပြီး လူသိနတ်ကြား ကဲ့ရဲ့ခဲ့သေးတယ် မဟုတ်လား။ သူတို့မောင်နှမ အပေါ်မှာ စောဘို့မယ်ရဲ့ သားတော်၊ သမီးတော် အရင်းနှင့်မခြား အရေးပေးတော်မူခဲ့တဲ့ ကျေးဇူးကိုတောင် ထောက်ထားရကောင်းမှန်း မသိဘူး'

ဘုရင်မကြီးက ကရုဏာဒေါသောဖြင့် မိန့်တော်မူလိုက်ပြန်သည်။

'မှန်လှပါ၊ ခုလို ပစ်ပစ်ခါခါ ငြင်းဆန်နေခြင်းမှာ အကြောင်းမဲ့ သက်သက်တော့ ဟုတ်နိုင်မယ် မထင်ကြောင်းပါ။ ဘုရင်မကြီးရဲ့ တူတော်မောင် သမိန်ဖရူကို မေတ္တာမမျှနိုင်တာဟာ သူ့မှာ နှစ်သက်မြတ်နိုးရမဲ့လူ ရှိနေတဲ့ အတွက် ဖြစ်နိုင်စရာ ရှိကြောင်းပါ။ ဒါကြောင့်သာလျှင် မချစ်မနှစ်သက်သော သူကို ရွှေလက်တော် မဆက်နိုင်ကြောင်း ငြင်းဆန်နေခြင်း ဖြစ်လိမ့်မည်ဟု ထင်မြင်မိကြောင်းပါ ဘုရား'

'ဒီလိုသာ ပြောကြစတမ်းဆိုရင် စောဘို့မယ်တော အင်းဝဘုရင်သီဟသူကို စောဘို့မယ် နှစ်သက် မြတ်နိုးတော်မူလို့ ဆက်သခံခဲ့တာလား။ အင်းဝဘုရင် သီဟသူကို စောဘို့မယ် ချစ်မြတ်နိုးတော်မူဖို့ ဝေးလို့ ဖြူသလား၊ မည်းသလား ဆိုတာတောင် စောဘို့မယ် မသိခဲ့ရပါဘူး။ နှစ်ပြည်ထောင် ချစ်ကြည်ရေးနဲ့ ဒံသာဝတီနိုင်ငံ ငြိမ်းအေးချမ်းသာစွာ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် စောဘို့မယ် ကို ကျားစာ အကျွေးခံရတာ မဟုတ်လား။ ဒါကို သိပါလျက်နဲ့ နိုင်ငံတော်ရဲ့ အကျိုးကို ထောက်မြော်ပြီး ခမည်းတော်ဘုရား စီမံရာကို စောဘို့မယ် အနစ်နာခံပြီး နာခံတော်မူခဲ့တယ် မဟုတ်လား'

ဘုရင်မကြီးက စိတ်လိုက်မာန်ပါ မိန့်တော်မူလိုက်ရာ သီရိမာလာ



www.burmeseclassic.com

www.burmeseclassic.com

ထိပ်ထားသခင်မသည် တစ်စုံတစ်ရာ ပြန်လည် လျှောက်တင်ခြင်း မပြုဘဲ ဘုရင်မကြီး မိန့်တော်မူသမျှ ခေါင်းငုံ့ပြီး နာခံရင်း အကြံထုတ်နေပေသည်။

'နှင်းကေသရာကို တူတော်မောင် သမိန်ဖရူနဲ့ ရွှေလက်တော် ဆက်စေဖို့ စီစဉ်တော်မူတာဟာ နိုင်ငံတော်ရဲ့ အကျိုးတစ်ခုတည်းအတွက်သာ မဟုတ်ပါဘူး။ နှင်းကေသရာရဲ့ အကျိုးလည်း အများကြီး ပါပါတယ်။ တူတော်မောင် သမိန်ဖရူလို စိတ်နေသဘောထား သိမ်မွေ့နူးညံ့တဲ့ယောကျ်ား ရှာမှ ရှားပါတယ်။ စောဘို့မယ်ရဲ့ တူတော်မောင်မို့ မြှောက်ပင့်ပြီး မိန့်တော်မူနေတာ မဟုတ်ဘူး။ နှင်းကေသရာ ကြိုးဆွဲတိုင်း ကပြီး ထားရာက နေမယ့် ယောကျ်ားပါ။ ဒါတောင် သီရိမာလာရဲ့ တူမတော်က ပစ်ပစ်ခါခါ ငြင်းဆန်ရတယ် ရှိသေးတယ်။ ဒါလောက်တောင် မိုက်မဲတဲ့ မိန်းမကိုတော့ သူ့ရဲ့ ခက်ထန်မာကျောလှတဲ့ မာန်မာနကို ချိုးနှိမ်ဘဲ့သဘောနဲ့ စောဘို့မယ် မိန့်တော်မူခဲ့တဲ့အတိုင်း ရာဇဒဏ် ခတ်ရလိမ့်မယ်'

ဘုရင်မကြီးက ဆက်လက်၍ မိန့်တော်မူလိုက်သည်။

'ရွှေနားတော်ဆင်တော်မူပါ။ အလွန်တရာ ခေါင်းမာပြီး မာန်မာန ခက်ထန်လှတဲ့ တူမတော် နှင်းကေသရာကို အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနဲ့ ဆင်းသွားစေဆိုပြီး ရာဇဒဏ်ခတ်ရုံနဲ့ သူ့ရဲ့ ခက်ထန်တဲ့ စိတ်ဓာတ်ကို နူးညံ့ပျော့ပျောင်းသွားစေလိမ့်မယ် မဟုတ်ကြောင်းပါ။ မာန်စွယ်ကျိုးလိမ့်မယ် မဟုတ်ကြောင်းပါ။ စူဠလိပ် ရေထဲလွှတ်သလို ဖြစ်သွားစေလိမ့်မယ် ဖြစ်ကြောင်းပါ။ ဤမျှလောက် အပြစ်ဒဏ် ပေးရုံဖြင့် အကျိုးသက်ရောက်လိမ့်မည် မထင်ကြောင်းပါ ဘုရား'

သီရိမာလာသခင်မသည် ဘုရင်မကြီး၏ အရိပ်အကဲကို လေ့လာနေရာမှ အကဲစမ်းသည့် အနေဖြင့် ပြန်လည်လျှောက်တင်လိုက်ခြင်း ဖြစ်သည်။

'ဒါဖြင့် စောဘို့မယ် မူလစီစဉ်တော်မူခဲ့တဲ့အတိုင်း ဘုရင်မရဲ့ အမိန့်အာဏာသုံးပြီး နှင်းကေသရာကို တူတော်မောင် သမိန်ဖရူနဲ့ ရွှေလက်တော် ဆက်ပေးရလိမ့်မယ်လို့ ဆိုလိုသလား'

ဘုရင်မကြီးက အမေးတော် ရှိလိုက်သည်။

'ဒီလိုလည်း မဟုတ်ပေါင်ပါ ဘုရား။ ဘုရင်မကြီး မိန့်တော်မူတဲ့အတိုင်း ဆိုပါလျှင် ဘုရင်မကြီးရဲ့ တူတော်မောင် သမိန်ဖရူမှာ စိတ်ထား၊ သဘောထား နူးညံ့သိမ်မွေ့သူဖြစ်ပြီး သဘောမနော ကောင်းသူဖြစ်ကြောင်း သိရကြောင်းပါ ဘုရား။ ဘုရင်မကြီး မိန့်တော်မူသလို နှင်းကေသရာ ထားရာက နေပြီး ကြိုးဆွဲတိုင်း ကမည့်သူ ဖြစ်နေမည် ဆိုပါက နှင်းကေသရာသည် ယခုထက်ပင် ပို၍





မာန်မာန ခက်ထန်လာပြီး မည်သူမျှ ဆိုဆုံးမ၍ ရနိုင်တော့မည် မဟုတ်ကြောင်းပါ ဘုရား။ နှင်းကေသရာရဲ့ ခက်ထန်မာကျောလှသည့် မာန်မာနကို ချိုးနှိမ်ပြီး နိုင်နိုင်နင်းနင်း ကြိုးကိုင်သွားနိုင်မည့် ယောကျ်ားကောင်းတစ်ယောက်နှင့် ရွှေလက်တော် ဆက်ပေးခြင်းဖြင့်သာလျှင် တူမတော် နှင်းကေသရာရဲ့ ခေါင်းမာခက်ထန်လှတဲ့ စိတ်ဓာတ်ကို နူးညံ့ပျော့ပျောင်းသွားစေနိုင်မည် ဖြစ်ကြောင်းပါ'

သီရိမာလာ ထိပ်ထားသခင်မက လိမ္မာပါးနပ်စွာ လျှောက်တင်လိုက်သည်။

'သီရိမာလာရဲ့ တူမတော်ကို နိုင်နိုင်နင်းနင်း ကြိုးကိုင်သွားနိုင်မည့် ယောကျ်ားကောင်းများ တွေ့ထားလို့လား'

ဘုရင်မကြီးက အမေးတော် ရှိလိုက်ပြန်သည်။

'မှန်လှကြောင်းပါ၊ ဟံသာဝတီနိုင်ငံတော်တွင် ယောကျ်ားကောင်းများ ရှားကြောင်းပါ။ လက်ရုံးရည်၊ နှလုံးရည်များနှင့် ပြည့်စုံပြီး နှင်းကေသရာ၏ ခက်ထန်မာကျောလှသည့် မာန်မာနကို ချိုးနှိမ်ပြီး နိုင်နင်းစွာ ကြိုးကိုင်သွားနိုင်မည့် ယောကျ်ားကောင်းတစ်ယောက် တွေ့ရှိထားကြောင်းပါ ဘုရား'

သီရိမာလာ ထိပ်ထားသခင်မက အခွင့်ရသည်နှင့် တစ်ပြိုင်နက် မိမိ လျှောက်တင်လိုသည့် ကိစ္စကို လိမ္မာပါးနပ်စွာ လျှောက်တင်လိုက်သည်။

'ဘယ်သူများပါလိမ့် ....'

ဘုရင်မကြီးက အမေးတော် ရှိလိုက်သည်။

'မင်းညီမင်းသားထဲက မဟုတ်ကြောင်းပါ။ မှူးကြီးမတ်ရာ သေနာပတိများရဲ့ ဆွေတော်မျိုးတော်ထဲကလည်း မဟုတ်ကြောင်းပါ။ ဓားတစ်လက်ကို အားကိုးရင်းတည်ပြီး ခြေသလုံး အိမ်တိုင်ထူကာ နိုင်ငံတော်အတွက် အသက်ပေးပြီး အရှုပ်ချုံချုံ တိုက်ပွဲဝင်လာခဲ့တဲ့ အိမ်မဲ့၊ ယာမဲ့၊ ပစ္စည်းမဲ့၊ အညတရစစ်သည်တော် တစ်ဦးသာလျှင် ဖြစ်ကြောင်းပါ။ အိမ်ရှင်၏ စားကြွင်းစားကျန်များကို စားသောက်ရင်းဖြင့် အိမ်ရှင်အပေါ်တွင် သစ္စာစောင့်သိတဲ့ အိမ်စောင့်ခွေးကြီးပမာ ရာထူး၊ စည်းစိမ်နဲ့ ဂုဏ်သတင်း ကျော်စောခြင်းကို မမက်မောဘဲ စစ်သားကောင်းပီသစွာ ဘုရင်မကြီးနဲ့ နိုင်ငံတော် အပေါ်တွင် အသက်ပေးပြီး သစ္စာစောင့်သိသူ တစ်ဦး ဖြစ်ကြောင်းပါ'

သီရိမာလာ ထိပ်ထားသခင်မက ပြန်လည်လျှောက်တင်လိုက်ရာ "အိမ်စောင့်ခွေးကြီး" ဟူသော စကားကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက်



www.burmeseclassic.com

www.burmeseclassic.com

ထင်းအောင်တော်သန်လျက်ရှိသော ဘုရင်မကြီး၏ ရွှေမျက်နှာတော်မှာ ကြည်လင်ရွှင်လန်းတော်မူလာပြီး မသိမသာ ပြုံးတော်မူလိုက်သည်။

'ဖြတ်ကမွန်ကြီးကို ပြောနေတာ မဟုတ်လား'

ဘုရင်မကြီးက အမေးတော် ရှိလိုက်သည်။

'မှန်လှကြောင်းပါ၊ အညတရစစ်သည်တော်ကြီး သီရိဖြတ်ကမွန် ဖြစ်ကြောင်းပါ'

'အင်း ဖြတ်ကမွန် ဖြတ်ကမွန်၊ စောဘို့မယ်တို့ အပေါ်မှာရော နိုင်ငံတော် အပေါ်မှာပါ အသက်နဲ့လဲပြီး သစ္စာစောင့်သိတာတော့ မှန်တယ်။ ဒါပေမဲ့ တစ်ခါတစ်ခါ အခိုးရိုမ်ကြီးပြီး တဇောက်ကန်း လုပ်တတ်တာ ခက်တယ်။ အမှု ကို ရန်သူထင်ပြီး မည်းမည်းမြင်ရင် လိုက်သတ်နေတာပဲ။ ဆောင်းတူးမြို့ စောဘို့မယ် တိုင်းခန်းလှည့်လည်တော်မူဖို့ စီစဉ်ခဲ့တုန်းက ဆောင်းတူးမြို့ဘက် ခြေဦးမလှည့်ဖို့ ဖြတ်ကမွန် လာပြီး သတိပေးတယ်။ စောဘို့မယ်ကို လုပ်ကြံဖို့ ကြံစည်နေတဲ့သူတွေ ရှိတဲ့အတွက် တိုင်းခန်းလှည့်လည်တော်မူဖို့ အစီအစဉ် ဖျက်သိမ်းဖို့လည်း အကြံပေးသေးတယ်။ ဖြတ်ကမွန်ဟာ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံ တာတော့ မှန်တယ်။ စောဘို့မယ် အပေါ်မှာရော နိုင်ငံတော် အပေါ်မှာပါ အသက် နဲ့လဲပြီး သစ္စာစောင့်သိတာလည်း မှန်ပါတယ်။ ဒါပေမဲ့ တဇောက်ကန်း လုပ် တတ်တာ ခက်တယ်။ အစိုးရိမ်ကြီးပြီး လူတွေကို လျှောက်သတ်နေတာ ... သတင်းကြားတယ်။ သီရိမာလာတော့ ဒီသတင်း ကြားပြီးပြီလား မသိ ... ရေ့တော်ပြေးအဖြစ် လွှတ်လိုက်တဲ့ သမိန်စက္ကဝေါကို ဖြတ်ကမွန် ရှင်း... သုတ်သင်ပစ်လိုက်ပြီ မဟုတ်လား'

ဘုရင်မကြီးက ညည်းညည်းညူညူ မိန့်တော်မူလိုက်သည်။

'မှန်လှကြောင်းပါ။ သမိန်စက္ကဝေါမှာ သစ္စာဖောက်တစ်ဦး ဖြစ်ကြောင်း ပါ။ ဘုရင်မကြီးအား လုပ်ကြံရန် အကြံအစည်တွင် သမိန်စက္ကဝေါမှာ အ... တော်ပေး ဖြစ်ကြောင်းပါ။ သမိန်စက္ကဝေါအား သီရိဖြတ်ကမွန်က နောက်... မားနှင့်ထိုး၍ သတ်ခဲ့ခြင်း မဟုတ်ကြောင်းပါ။ ဘုရင်မကြီးအား လုပ်ကြံ... အကြံအစည်ကို တူမတော် နှင်းကေသရာ သိလျှင်သိချင်း ဘုရင်မကြီး တိုင်း... လှည့်လည်တော်မူရန် အစီအစဉ် ဖျက်သိမ်းဖို့ အချိန်မီလျှောက်တင်ရန် ... မြို့တော်သို့ ညတွင်းချင်း ခရီးပြင်းနှင်ခဲ့စဉ် နှင်းကေသရာအား လမ်းခုလတ်... ဖမ်းဆီးပြီး ထန်းတောကြီးရှိ ၎င်း၏အိမ်တွင် ချုပ်နှောင်ထားသည်ကို သီ... နှင်းကေသရာအား သွားရောက်ကယ်တင်ခဲ့ရာမှ သမိန်စက္ကဝေါနှင့် နှစ်...





ချင်း ခားစွမ်းပြိုင်ခဲ့ပြီး အဆုံးစီရင်ခဲ့ခြင်းသာလျှင် ဖြစ်ကြောင်းပါ၊ သီရိဖြတ်ကမွန် မှာ ဘုရင်မကြီး မိန့်တော်မူသလို သွေးဆာနေသူ မဟုတ်ကြောင်းပါ'

သီရိမာလာ ထိပ်ထားသခင်မက ပြန်လည်လျှောက်တင်လိုက်သည်။

'သမိန်စက္ကဝေါ သစ္စာဖောက်တစ်ဦးဖြစ်ကြောင်း သက်သေ အထောက် အထား ရှိရဲ့လား'

'ခိုင်လုံသော သက်သေ အထောက်အထား ရှိကြောင်းပါ၊ ၎င်း၏ ကိုယ်ရံတော်တပ်မှူးနှင့် တပ်သားနှစ်ဦးကို မင်းကြီးသက်တော်ရှည်ကိုယ်တိုင် ဖမ်းဆီးပြီး စစ်ဆေးခဲ့ရာတွင် ၎င်းတို့ သိသမျှ ဖြောင့်ဆို အစစ်ခံခဲ့ကြပြီး ဖြစ်ကြောင်းပါ'

'စောဘို့မယ်ကို လုပ်ကြံဖို့ ကြံစည်နေကြတယ် ဆိုတာကော ဖြစ်နိုင် ... မလား။ စောဘို့မယ်ကို လုပ်ကြံလို့ ဘာများ အကျိုးထူးမှာလဲ။ စောဘို့မယ် ကိုယ်တိုင် ထီးနန်းစည်းစိမ်ကို ငြီးငွေ့တော်မူလို့ သမက်တော် ဓမ္မစေတီကို ထီးနန်းလွှဲပြောင်းပေးဖို့ စီစဉ်ထားပြီးပြီ ဥစ္စာပဲ'

'မှန်လှကြောင်းပါ၊ သမက်တော် ဓမ္မစေတီကို ထီးနန်းလွှဲပြောင်းပေး ... စီစဉ်တော်မူနေသည်ကို မလိုလားသူများက ထီးနန်းလွှဲပြောင်းပေးတော်မမူမီ ဘုရင်မကြီးကို လုပ်ကြံရန် ကြံစည်နေကြခြင်းသာ ဖြစ်ကြောင်းပါ။ သစ္စာဖောက် များရဲ့ အကြံအစည် ပျက်ပြားသွားရခြင်းမှာ အိမ်စောင့်ခွေးကြီးနဲ့တူတဲ့ အညတရ ... သည်တော်ကြီးရဲ့ နှလုံးရည်၊ လက်ရုံးရည်ဖြင့် ရှုပ်ရှုပ်ချွံချွံ ဇွန့်ဇွန့်စားစား ... ၊ နှိမ်နင်းဖြိုဖျက်နိုင်ခဲ့ခြင်းကြောင့်သာလျှင် ဖြစ်ကြောင်းပါ။ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်အား သစ္စာဖောက်များက သုံးကြိမ်ထက်မနည်း သေကြောင်း ကြံစည်ခဲ့သော်လည်း အသက်ဘေးမှ သီသီကလေး လွတ်မြောက်လာခဲ့ပြီး သစ္စာဖောက်များရဲ့ အကြံအစည်ကို လုံးဝ ပျက်ပြားသွားအောင် ချေမှုန်းနိုင်ခဲ့ ... ဖြစ်ကြောင်းပါ။ သစ္စာဖောက်များကိုလည်း လက်ရဖမ်းဆီးရမိထားပြီဖြစ်၍ မင်းကြီးသက်တော်ရှည် ကိုယ်တိုင် စစ်ဆေးလျက် ရှိကြောင်းပါ'

သီရိမာလာ ထိပ်ထားသခင်မက ရှင်းလင်းစွာ လျှောက်တင် လိုက် ... သည်။

'မင်းကြီးသက်တော်ရှည် လျှောက်တင်လို့ သိသင့်သလောက် သိခဲ့ ... ပြီ၊ စောဘို့မယ် စိတ်ချယုံကြည်စွာဖြင့် ချီးမြှင့်မြှောက်စားတော်မူခဲ့တဲ့ ... ဆောင်းမြို့စားကြီးရဲ့သားတော် သမိန်တိဿကုမ္မာကိုယ်တိုင် လုပ်ကြံမှုကို ... ဦးဆောင်တယ် ဆိုတာကတော့ မဖြစ်နိုင်ဘူး ထင်တယ်။ သမိန်တိဿကုမ္မာ



www.burmeseclassic.com

www.burmeseclassic.com

ကို အဆုံးစီရင်ပစ်လိုက်တာလည်း မှားတယ် ထင်တယ်။ ဒါလည်း ဖြတ်ကာ ရဲ့ လက်ချက်ပဲ မဟုတ်လား'

ဘုရင်မကြီးက ညည်းညူတော် မူလိုက်ပြန်သည်။

'သမိန်တိသာကုမ္မာကို အဆုံးစီရင်သူမှာ စစ်သည်တော်ကြီး သီ ဖြတ်ကမွန် မဟုတ်ကြောင်းပါ။ သီရိဖြတ်ကမွန်၏ အကြံအစည်မှာ သမိန် တိသာကုမ္မာနှင့်တကွ သစ္စာဖောက်များကို လက်ရ ဖမ်းဆီးရန်သာ ဖြစ်ကြော ပါ။ သမိန်တိသာကုမ္မာအား လက်ရ ဖမ်းဆီးရန် ကြိုးစားခဲ့သော်လည်း ပြန်လည်ခုခံသဖြင့် ဗိုလ်မင်းဖြတ်ဇကော ရှင်းလင်း သုတ်သင်ပစ်လိုက်ခြင်း ဖြစ်ကြောင်းပါ'

သီရိမာလာက ပြန်လည် လျှောက်တင်လိုက်သည်။

'လက်စသတ်တော့ ဖြတ်ဇရဲ့ လက်ချက်ကိုး။ သူလည်း အိမ်ခေ ခွေးတစ်ကောင်ပဲ။ သစ္စာရှိတဲ့ နေရာမှာ နှစ်ယောက်မရှိဘူး။ ဒါပေမဲ့ သူလည်း တဖောက်ကန်း လုပ်တတ်တာပဲ။ ခုလို လူတွေ လျှောက်သတ်နေတာ မကောင်းဘူး'

'ဘုရင်မကြီးအသက်ကို သစ္စာဖောက်များရဲ့ အသက်နှင့် လဲ သာ ဖြစ်ကြောင်းပါ။ သွေးဆာသဖြင့် အကြောင်းမဲ့သက်သက် သတ်ဖြတ် မဟုတ်ကြောင်းပါ။ ဤကိစ္စကို မင်းကြီးသက်တော်ရှည် အသိဆုံး ဖြစ်ကြေ ပါ။ ဘုရင်မကြီးရဲ့ အသက်အန္တရာယ် လုံခြုံရေးအတွက် မင်းကြီးသက်တော် ကိုယ်တိုင် ဗိုလ်မင်းဖြတ်ဇနှင့် သီရိဖြတ်ကမွန်ကို အာဏာကုန် နှင်းအ တာဝန်ပေးအပ်လိုက်ခြင်း ဖြစ်ကြောင်းပါ။ ဘုရင်မကြီးအား လုပ်ကြံရန် အ အစည် ပျက်ပြားသွားအောင် တွန်းလှန်ဖြိုဖျက်ခဲ့ရာတွင် မတ်တော် နတ်ရှာစံ ဆောင်းတူးမြို့စားကြီးအား တိတ်တဆိတ် ချောင်းမြောင်းလု ခဲ့သည့် လက်သည် တရားခံများကိုပါ ဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း မတ်တော်မောင်အား ချောင်းမြောင်းလုပ်ကြံခဲ့သော လက်သည်တရားခံမျ ဘုရင်မကြီး ကိုယ်တော်တိုင် စစ်ဆေးတော်မူပြီး အပြစ်ရှိသူကို အပြစ်ရှိ အရေးယူတော်မူပါရန် ရွှေဖဝါးတော်အောက် ရှိခိုးလျှောက်တင်ဝံ့ပါသည် အ

သီရိမာလာထိပ်ထားသခင်က ဘုရင်မကြီးအား လျှောက်ထား အ ခံရင်း နတ်ရှာစံ ဆောင်းတူးမြို့စားကြီးအား တူတော်မောင် မင်းသိဒ္ဓ ကိုယ်ရံတော်တပ်မှူး လေးသည်တော် စောနသိန်က ဆိပ်လူးမြားနှင့် ပ ခဲ့ပုံနှင့် တကွ ထိုသို့ အဆုံးစီရင်ခဲ့ခြင်းမှာ မြို့စားရာထူးကို မင်းသိဒ္ဓတ်





ကို၍ ဖြစ်ကြောင်းကိုပါ အကျယ်တဝင့် လျှောက်တင်နေဆဲရှာ၊ ဘုရင်မကြီးမှာ မိမိ၏ ရွှေနားတော်ကိုပင် မိမိ ယုံတော်မမူနိုင်လောက်အောင် ဖြစ်သွားပေသည်။

'သီရိမာလာ ပြောတဲ့အတိုင်းသာ မှန်ရင် အတော်ကို ယုတ်မာရက်စက် တဲ့ အပြုအမူပဲ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ခိုင်လုံတဲ့ သက်သေခံ အထောက်အထား များ ရှိရဲ့လား'

ဘုရင်မကြီးက အမေးတော် ရှိလိုက်ပြန်သည်။

'မှန်လှပါ၊ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်ကို ဆိပ်လူးမြားနှင့် အဆုံးစီရင်ရန် သမိန်စက္ကဝေါကိုယ်တိုင် မင်းသိဒ္ဓတ်ရဲ့ လေးသည်တော် စောနသိန် ကို အမိန့်ပေးခဲ့စဉ်က သမိန်စက္ကဝေါ၏ နှုတ်ဖျားမှ ဖွင့်ဟပြောဆိုခဲ့ကြောင်းပါ။ အကယ်၍ သီရိဖြတ်ကမွန်ကို တစ်ရက်၊ နှစ်ရက်အတွင်း လုပ်ကြံသတ်ဖြတ်ခြင်း ပြုနိုင်လျှင် မင်းသိဒ္ဓတ်ရော လေးသည်တော် စောနသိန်ပါ မတ်တော်မောင် နတ်ရှာစံ မြို့စားကြီး လုပ်ကြံခံရမှုနှင့် ပတ်သက်ပြီး ရာဇဝတ်အပြစ်ဒဏ် မှ ရှောင်ရှားနိုင်စေမယ်လို့ ခြိမ်းခြောက်ခဲ့တာကို အထိန်းတော်ကြီး ဒေါ်အိုဇာရဲ့ နားနဲ့ ဆတ်ဆတ် ကြားခဲ့ရကြောင်းပါ'

သီရိမာလာက ပြန်လည် လျှောက်တင်လိုက်သည်။

'အထိန်းတော်ကြီး ဒေါ်အိုဇာဆိုတာ နှင်းကေသရာ ငယ်ရွယ်စဉ်က ထိန်းကျောင်းလာခဲ့ရတဲ့ အထိန်းတော်ကြီးကို ပြောတာ မဟုတ်လား'

'မှန်လှကြောင်းပါ'

'အင်း ဒေါ်အိုဇာ မသေသေးဘဲကိုး။ ဒါပေမဲ့ ဒေါ်အိုဇာ တစ်ယောက် တည်းရဲ့ သက်သေခံချက်နဲ့ ခိုင်လုံပါ့မလား။ တစ်ဦးတစ်ယောက်ရဲ့ အစွပ်စွဲချက် သက်သက်ခံတည်းအပေါ်မှာ မူတည်ပြီး အပြစ်ပေးလို့ ဖြစ်ပါ့မလား'

'မှန်လှပါ၊ ဤကိစ္စနဲ့ ပတ်သက်ပြီး မင်းကြီးသက်တော်ရှည်ထံတွင် သက်သေခံ အထောက်အထားများ ရှိနေပြီ ဖြစ်ကြောင်းပါ။ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်ကို ပထမတစ်ကြိမ် ဆိပ်လူးမြားနှင့် အဆုံးစီရင်ရန် ကြံစည် ခဲ့စဉ်က သီသီကလေး လွဲခဲ့ရသည်ကို အခဲမကျေနိုင်ဘဲ ဒုတိယအကြိမ် ထပ်ကြောင်းကြံရန် သမိန်စက္ကဝေါထံမှ ၎င်း၏လူယုံတော် ဗိုလ်မင်းဇောသရိ ထံသို့ စေလွှတ်ခဲ့ကြောင်းပါ။ ဗိုလ်မင်းဇောသရိကို တူမတော် နှင်းခေကရီရဲ့ ကြင်ဖက်တော် မင်းစည်သူက သူ့ရဲ့ အသက်နဲ့လဲပြီး ခုခံတွန်းလှန်ခဲ့သဖြင့် လကွန်၏ ယာတောတွင် ဇောသရိ ကျဆုံးခဲ့ကြောင်းပါ။ ဇောသရိ၏ အလောင်းပေါ်တွင် သမိန်စက္ကဝေါထံမှ တူတော်မောင် မင်းသိဒ္ဓတ်ထံ ပေးပို့လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားစာတစ်စောင် တွေ့ရကြောင်းပါ။ ထိုညွှန်ကြားလွှာမှာ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်ထံတွင် ရှိနေကြောင်းပါ။ ထိုညွှန်ကြားလွှာတွင် တူတော်မောင်မြို့စားလေး ဗညားအိမ်ကိုပါ အပြီးအပိုင် ရှင်းလင်း သုတ်သင်ပစ်ရန် ညွှန်ကြားချက် ပါရှိကြောင်းပါ'

သီရိမာလာ ထိပ်ထားသခင်မက မိမိ သိရှိသမျှ လျှောက်တင်လိုက်သည်။

'ဒီအတိုင်းမှန်ရင်တော့ ထိုက်သင့်သလို အရေးယူရမှာဘဲ'

ဘုရင်မကြီးက မိန့်တော်မူလိုက်သည်။

'အရေးယူမည် ဆိုလျှင် မဆိုင်းမတွဘဲ အရေးယူတော်မူပါရန် လျှောက်တင်ဝံ့ကြောင်းပါ။ ယခုအခါတွင် တူတော်မောင် မင်းသိဒ္ဓတ်မှာ မင်းကြီးသက်တော်ရှည်နှင့်အတူ ဘုရင်မကြီး တိုင်းခန်းလှည့်လည်တော်မူရာသို့ အတူတကွ ပါရှိလာပြီး ဤစံအိမ်တော်၌ပင် တည်းခိုလျက် ရှိကြောင်းပါ။ ရှောင်တခင် အရေးတော်မယူပါလျှင် ၄င်းအပေါ်တွင် အရေးတော်ယူမည်ကို ရိပ်စားမိသွားပြီး ထွက်ပြေး တိမ်းရှောင်သွားမည်ကို စိုးရိမ်ရကြောင်းပါ'

သီရိမာလာက လျှောက်တင်လိုက်ပြန်သည်။

'မင်းကြီးသက်တော်ရှည် သိထားသားဆိုရင်တော့ တိမ်းရှောင်ထွက်ပြေးဖို့ မလွယ်ပါဘူး။ ဒီကိစ္စကို စောဘို့မယ်ကိုယ်တော်တိုင် အရေးယူပြီး စစ်ဆေးမှုမယ်၊ မင်းကြီးသက်တော်ရှည်ရဲ့လက်ကို လွှဲအပ်ထားလို့ မဖြစ်ဘူး။ လက်သွေးခြေလွှန်တွေ ဖြစ်ကုန်လိမ့်မယ်'

ဘုရင်မကြီးမှာ သီရိမာလာ၏ လျှောက်တင်ချက်ကို ယုံရကောင်းနိုးနိုး မယုံရကောင်းနိုးနိုး ဖြစ်နေပုံ ရပေသည်။

'ကဲ ဒီကိစ္စကို အသာထားပြီး နှင်းကေသရာရဲ့ ကိစ္စကို ဘယ်လို စီစဉ်ကြမလဲ။ ဒါကို အကြံပေးစမ်းပါဦး။ စောစောက သီရိမာလာ လျှောက်တင်သွားတဲ့ စကားအရဆိုရင် ဖြတ်ကမွန်ကို သီရိမာလာ မျက်စိကျနေပုံ ရတယ်'

ဘုရင်မကြီးသည် အချိန်အတန်ကြာ တစ်စုံတစ်ရာ မိန့်တော်မမူဘဲ တွေဝေကာ စဉ်းစားနေရမှ နှင်းကေသရာ ကိစ္စကို ပြန်ကောက်ပြီး သီရိမာလာ၏ သဘောထားကို တီးခေါက်ကြည့်လိုက်သည်။

'မှန်လှကြောင်းပါ၊ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်မှ လွဲ၍ နှင်းကေသရာရဲ့ ခက်ထန်လှတဲ့ မာန်မာနကို ချိုးနှိမ်နိုင်သည့်သူ မရှိကြောင်းပါ။ နိုင်နိုင်နင်းနင်း ကြိုးကိုင်နိုင်မည့်သူလည်း မမြင်မိကြောင်းပါ'

'နှင်းကေသရာရဲ့ သဘောထားကကော ဘယ်လိုလဲ'





'မှန်လှပါ၊ တူမတော် နှင်းကေသရာကိုယ်တိုင်က ၁စ်သည်တော်ကြီးအပေါ်တွင် သဲသဲမဲမဲ စွဲလမ်းလျက် ရှိကြောင်းပါ။ သို့ဖြစ်သဖြင့်သာ ဘုရင်မကြီး၏ အစီအစဉ်ကို လက်မခံနိုင်ကြောင်း ငြင်းဆိုနေခြင်း ဖြစ်ကြောင်းပါ'

'ဖြတ်ကမွန်ကကော ....'

'စစ်သည်တော်ကြီး အနေနဲ့လည်း တူမတော် နှင်းကေသရာ အပေါ်တွင် အသက်နှင့်ထပ်တူ ချစ်မြတ်နိုးကြောင်းပါ။ သူ၏ အပြောအဆို အပြုအမူများက သက်သေခံလျက် ရှိကြောင်းပါ။ သို့ရာတွင် စစ်သည်တော်ကြီး သီရိဖြတ်ကမွန်ဟာ သီရိဖြတ်ကမွန် ပီသစွာ ရာထူးစည်းစိမ်ကိုလည်း မစော်၊ ဂုဏ်သတင်း ကျော်စောခြင်းကိုလည်း အလိုမရှိ၊ ဘုရင်မကြီးနဲ့ နိုင်ငံတော်အတွက် သူ၏အသက်ကို ပေးလှူထားပြီး ဖြစ်သည့်အတွက် ဘုရင်မကြီး စီစဉ်တော်မူသည့်အတိုင်း ထမြောက်အောင်မြင်စေရန် ခေါင်းနှင့်ဒူး တည့်ရာသို့ ထွက်ခွာသွားရန် စီစဉ်နေကြောင်း သိရပါတယ်'

'အင်း ဖြတ်ကမွန် ဖြတ်ကမွန်၊ အိမ်စောင့်ခွေးကြီးပီသပါပေတယ်'

ဘုရင်မကြီးက ညည်းညူတော်မူလိုက်သည်။

'မှန်လှကြောင်းပါ၊ ဘုရင်မကြီးနဲ့ နိုင်ငံတော်အတွက် ဆိုရင် အသက်ပေးပြီး သစ္စာစောင့်သိသော နိုင်ငံတော်ရဲ့ သားကောင်းစစ်သည်တော် ဖြစ်ကြောင်းပါ။ ဘုရင်မကြီးအား လုပ်ကြံရန် အကြံအစည်ကို အသက်နဲ့လဲပြီး ရှုပ်ရှပ်ချွံချွံ တွန်းလှန်ဖြိုဖျက်ခဲ့သူ ဖြစ်သော်လည်း ဂုဏ်ယူဝံ့ကြွားလိုစိတ် ဆန္ဒသည်း မရှိ၊ ဆုတော်လာဘ်တော်ကိုလည်း မမျှော်ကိုး၊ ရာထူးဌာနန္တရကိုလည်း အလိုမရှိ။ ဘုရင်မကြီးနှင့် နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခွင့် ရခဲ့သည်ကိုပင်လျှင် သူ့အတွက် ဆုကြီးလာဘ်ကြီးအဖြစ် ကျေနပ်အားသိမ့်နေသူ ဖြစ်ကြောင်းပါ။ အိမ်မရှိ၊ ယာမရှိ၊ ပစ္စည်းဥစ္စာ ဗလာနတ္ထိ၊ ဘဝတစ်လက်ကို အရင်းတည်ပြီး ခြေသလုံး အိမ်တိုင်ထူနေသူ ဖြစ်စေကာမူ စိတ်ထားမြင့်မြတ်သူ ဖြစ်ကြောင်းပါ'

'သီရိမာလာတော့ဖြင့် ဖြတ်ကမွန်ကို အတော် မျက်စိကျနေပုံ ရတယ်'

'မှန်လှပါ၊ စစ်သည်တော်ကြီးကို မျက်စိကျနေသူမှာ တူမတော် နှင်းကေသရာသာလျှင် ဖြစ်ကြောင်းပါ'

'နှင်းကေသရာ မျက်စိကျနေတယ် ဆိုပေမယ့် တကယ်တမ်းကျတော့ မြင်နိုင်ပါ့မလား။ ဖြတ်ကမွန်မှာ ဘာအခြေအနေမှ မရှိတဲ့ ဥစ္စာပဲ။ သူ့ကို ချီးမြှင့်မြှောက်စားလို့လည်း ရမယ့်လူစား မဟုတ်ဘူး'

'ရွှေ ငွေ ပစ္စည်းဥစ္စာနှင့် ချီးမြှင့်မြှောက်စားတော်မူခြင်းကို လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ရာထူးဌာနန္တရဖြင့် ချီးမြှင့်မြှောက်စားတော်မူခြင်းကို လည်းကောင်း သတ်ခံစေကာမူ သူနှင့်ထိုက်တန်သည့် နိုင်ငံတော်၏ တာဝန်ကို ထမ်းရွက်စေရန် ဘုရင်မကြီး ကိုယ်တော်တိုင် တာဝန်ပေးအပ်တော်မူမယ် ဆိုပါထ တာဝန်ကို လွှဲရှောင်ဝံ့မည် မဟုတ်ကြောင်းပါ။ နိုင်ငံတော်၏ တာဝန်ကို သက်ကြီးပမ်း ထမ်းရွက်နေရလျှင် ကျေနပ်သူ ဖြစ်ကြောင်းပါ'

သီရိမာလာက လျှောက်တင်လိုက်ပြန်ရာ ဘုရင်မကြီးသည် တစ်ရာ မိန့်တော်မမူသေးဘဲ ခေတ္တမျှ စဉ်းစားနေပေသည်။

'ဖြတ်ကမွှန်နဲ့ တွေ့ချင်သေးတယ်၊ ဖြတ်ကမွှန် ဘယ်ကိုမှ စေနဲ့ဦး'

ဘုရင်မကြီးက အမိန့်တော်ရှိလိုက်ရာ သီရိမာလာမှာ ဝမ်းသာအား ဖြစ်ပုံ ရပေသည်။

'မှန်လှကြောင်းပါ'

'ဒါထက် သီရိမာလာရဲ့ တူမတော် နှင်းဧကရီရဲ့ ကြင်ဖက် မင်းစည်သူကို ချီးမြှင့်မြှောက်စားဖို့ လျှောက်တင်ခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ထိုက်သင့်တဲ့ ရာထူးဌာနန္တရနဲ့ ချီးမြှင့်ဖို့ မင်းကြီးသက်တော်ရှည်ကို ညွှန်ကြား ပြီးပြီ၊ ဒါကို သီရိမာလာ သိကြားပြီ မဟုတ်လား'

'မင်းကြီးသက်တော်ရှည်ထံမှ ကြားသိရပြီး ဖြစ်ကြောင်းပါ'

'နှင်းဧကသရာ ကိစ္စကိုတော့ ဖြတ်ကမွှန်နဲ့ တွေ့ပြီးမှ အဆုံးအဖြတ် ပေးတော်မူမယ်'

'မှန်လှကြောင်းပါ'

သီရိမာလာက ပြန်လည် လျှောက်တင်လိုက်သည်။

ရှင်စောပုဘုရင်မကြီးနှင့် ပန်းလိုင်ထိပ်ထား သီရိမာလာသခင်မ လွတ်လပ်စွာ ဆွေးနွေးတိုင်ပင်နေကြသည့် အချိန်တွင် စံအိမ်တော်အတွင်း မိမိအတွက် သီးသန့် မွမ်းမံပြင်ဆင်ပေးထားသည့် ကျယ်ဝန်းသည့် အခန်း တစ်ခန်းတွင် မင်းသိဒ္ဓတ်သည် မိမိ၏ အနာဂတ်အရေးကို တစ်ယောက်တည်း စဉ်းစားတွေးတောပြီး အကြံယူလျက် ရှိပေသည်။

မင်းသိဒ္ဓတ်မှာ ဗောညီနှင့်ဗောမွန်တို့ ဦးစီးသည့် တိုက်လှေယာဉ်မှ ထွက်ပြေး လွတ်မြောက်လာခဲ့ပြီးနောက် မင်းကြီးသက်တော်ရှည်ထံ ရောက်ပြီး မင်းကြီးသက်တော်ရှည်အား အယုံသွင်းကာ ဘုရင်မကြီး တိုင်း လှည့်လည်တော်မူရာတွင် ဣန္ဒြေမပျက် လိုက်ပါလာခဲ့ခြင်း ဖြစ်ပေသည်။

မင်းကြီးသက်တော်ရှည်မှာ မင်းသိဒ္ဓတ် ကျူးလွန်ခဲ့သည့် ပြစ်မှု





သိသင့်သလောက် သိထားပြီး ဖြစ်သော်လည်း သက်သေခံ အထောက်အထား များ ခိုင်လုံစွာ ရရှိရေးအတွက် မင်းသိဒ္ဓတ် အပေါ်တွင် သင်္ကာယနဲ့ မကင်းသည့် အမူအရာ မပြဘဲ ပရိယာယ်သုံး၍ မိမိနှင့်အတူ လိုက်ပါလာစေခဲ့ခြင်း ဖြစ်သည် ကို မင်းသိဒ္ဓတ်ကိုယ်တိုင် မရိပ်စားမိခဲ့ပေ။

လေသာပြတင်းမှတစ်ဆင့် ပြင်ပသို့ ငေးစိုက်ကြည့်ရင်း မိမိ၏ အနာဂတ်အရေးကို စဉ်းစားတွေးတောပြီး အကြံယူလျက်ရှိစဉ် အခန်းတံခါး ခေါက်လာသည့် အသံနှင့်အတူ အခန်းထဲသို့ ဝင်လာသည့် ခြေသံများကို ကြားရ သဖြင့် လှမ်းကြည့်လိုက်ရာ၊ မင်းသိဒ္ဓတ်၏ လူယုံတော်တစ်ဦးဖြစ်သော မြို့စား လေး ဗညားအိမ်၏ စာရေးတော်ကြီးအဲမွန် ဖြစ်နေသည်ကို တွေ့ရသဖြင့် မိမိ၏ အနီးသို့လာရန် ခေါ်လိုက်သည်။

အဲမွန်၏ မျက်နှာမှာ သာသာယာယာ မရှိလှသည်ကို မင်းသိဒ္ဓတ် သတိပြုမိသဖြင့် ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားပေသည်။ အဲမွန်သည် အခန်းအတွင်း သို့ ဖြည်းညင်းစွာဝင်လာခဲ့ပြီး အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ ပြီးမှတစ်ခန်း ဆိတ်လန့်တုန်လှုပ်သည့် အမူအရာဖြင့် မင်းသိဒ္ဓတ် အနီးသို့ ချဉ်းကပ်လာ သည်။

'ဘာများ အကြောင်းထူးလာပြန်ပြီလဲ'

မင်းသိဒ္ဓတ်က ဆီးကြိုပြီး မေးလိုက်သည်။

'အကြောင်းတော့ သိပ်ထူးနေပြီ။ နတ်ရွာစံမြို့စားကြီးကို လုပ်ကြံခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မင်းကြီးသက်တော်ရှည်ဆီမှာ သက်သေခံအထောက် အထားတွေ ရထားပြီလို့ သိရတယ်။ အရှင့်သားကို မင်းကြီးသက်တော်ရှည် ခေါ်လာတာဟာ သွေးရိုးသားရိုး မဟုတ်ဘူး။ ပရိယာယ်ဆင်ပြီး ခေါ်လာတား မြို့စားကြီး လုပ်ကြံခံရတဲ့ အမှုနဲ့ပတ်သက်ပြီး အရှင့်သား အပေါ်မှာ အရေးယူဖို့ အစီအစဉ်တွေ လုပ်နေတာကို ကြားခဲ့ရတယ်'

အဲမွန်က လေသံကလေးဖြင့် ထိတ်ထိတ်ပျာပျာ ပြောလိုက်သည်၊

'ဒီသတင်းကို မင်း ဘယ်က ကြားလာခဲ့တာလဲ'

မင်းသိဒ္ဓတ်က ပြန်မေးလိုက်သည်။

'အရှင့်သားရဲ့ ညွှန်ကြားချက်အရ မင်းကြီးသက်တော်ရှည်နဲ့ သူ့ရဲ့ လက်အောက်ခံအမှုထမ်းတွေ ဆွေးနွေးနေကြတာကို ချောင်းမြောင်းနားထောင် ခဲ့လို့ သိခဲ့ရတာပါ။ နတ်ရွာစံမြို့စားကြီးကို အရှင့်သားရဲ့အမိန့်အရ လုပ်ကြံ ခြင်း ဖြစ်ကြောင်း သက်သေခံအထောက်အထား ရထားပြီလို့ သိရတယ်။ မြို့စားလေး ဗညားအိမ်ကိုပါ လုပ်ကြံဖို့ အရှင့်သားဆီကို သမိုင်းစက္ကဝေါရဲ့



www.burmeseclassic.com

www.burmeseclassic.com



လူသုံးတော် ဗိုလ်မင်းဖောသရိမှတစ်ဆင့် ပေးပို့လိုက်တဲ့ သမိန်စက္ကဝေါနဲ့ နန်းကြားလွှာကိုပါ ဗိုလ်မင်းဖောသရိရဲ့ကိုယ်မှာ ရှာဖွေတွေ့ခဲ့ရတယ်လို့ သိရ တယ်။ ဗိုလ်မင်းဖောသရိလည်း လုပ်ကြံခံရတယ်လို့ သိရတယ်။ သမိန်စက္ကဝေါ လည်း သီရိဗြတ်ကမွန်ရဲ့ လက်ချက်နဲ့ ကျဆုံးသွားပြီလို့ အခိုင်အလုံ ကြားသိ ခဲ့ရတယ်'

စာရေးတော်ကြီးအဲမွန်က တုန်ယင်သည့်အသံဖြင့် သတိပေးလိုက်ရာ မင်းသိဒ္ဓတ်မှာ မျက်နှာတွင် သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော်ဖြစ်သွား ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပေသည်။

'မင်းရဲ့ နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာမှ ဟုတ်ရဲ့လား'

မင်းသိဒ္ဓတ်က စိတ်တင်းပြီး ပြန်မေးလိုက်သည်။

'ကျွန်တော်ရဲ့ နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာပါ အရှင့်သား၊ မယုံရင် ကျွန်တော်နဲ့ လိုက်ခဲ့ပါ။ သူတို့ ဆွေးနွေးနေကြတုန်းပဲ ရှိပါသေးတယ်။ ပြီး တော့ ----'

စာရေးတော်ကြီးအဲမွန်သည် မိမိပြောမည့် စကားကို အပြင်လူများ ကြားသွားမည်ကို စိုးရိမ်သည့် အမူအရာဖြင့် အခန်းပတ်ဝန်းကျင်ကို ကျီး တောင်းမှောက် ကြည့်လိုက်သည်။

ပြီးတော့ ဘာဖြစ်သလဲ၊ ပြောမှာကို ပြောစမ်းပါဦး'

မင်းသိဒ္ဓတ်က စိတ်မရှည်သည့် အမူအရာဖြင့် ပြန်မေးလိုက်သည်။

'ဘုရင်မကြီးရဲ့ ခန်းမဆောင်ထဲမှာ ဘုရင်မကြီးနဲ့ ပန်းလှိုင်ထိပ်ထား သီရိမာလာသခင်မတို့နှစ်ဦးချင်း ဆွေးနွေးနေကြတာကိုလည်း တွေ့ခဲ့ရတယ် ဘာတွေ ဆွေးနွေးနေကြသလဲ ဆိုတာကို သိချင်လို့ နံရံကပ်ပြီး ချောင်းမြောင်း နားထောင်တဲ့အခါ ဘုရင်မကြီးကို လုပ်ကြံဖို့ အစီအစဉ် ပျက်ပြားသွားအောင် ဗိုလ်မင်းဖြတ်ဇနဲ့ သီရိဗြတ်ကမွန်တို့ တွန်းလှန်ဖြိုဖျက်ခဲ့ပုံတွေကို သီရိ ထိပ်ထားသခင်မက လျှောက်တင်နေတာ ကြားရတယ်။ နှင်းကေသရာအကြောင်း ဆွေးနွေးနေတာလည်း ကြားရတယ်။ နတ်ရွာစံမြို့စားကြီး လုပ်ကြံခံရ ကိစ္စကို ဆွေးနွေးနေသံပါ ကြားရပြီး အဲဒီကိစ္စကို ဘုရင်မကြီး ကိုယ်တော်တိုင် စစ်ဆေးအရေးယူတော်မူမယ်လို့ ဘုရင်မကြီး မိန့်ကြားတဲ့အသံကို ကြားရ

စာရေးတော်ကြီးအဲမွန်က နှစ်ကိုယ်ကြား လေသံကလေးဖြင့် အ ခံလိုက်ရာ မင်းသိဒ္ဓတ်မှာ ဆောက်တည်ရာမရအောင် တုန်လှုပ်သွား

'ဒီလိုဆိုရင် ငါ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး။ အင်း ပိုင်နက်ထဲ ရောက်အောင် အမြန်ဆုံးထွက်ပြေးတိမ်းရှောင်နိုင်မှ ဖြစ်





အဲမွန်၊ ငါ့ကို အကူအညီ ပေးစမ်းပါဦး။ ဘယ်အပေါက်က ထွက်ပြေးရရင် ကောင်းမလဲ ဆိုတာ အကြံပေးစမ်းပါဦး'

မင်းသိဒ္ဓတ်မှာ ကြံရာမရ ဖြစ်နေသဖြင့် အဲမွန်ထံ အကူအညီ တောင်းလိုက်သည်။

'စံအိမ်တော်အတွင်းက ထွက်ဖို့ မလွယ်ကြောင်းပါ။ အခန်း ဘုရင်မကြီးရဲ့ ခြွေရံသင်းပင်းတွေနဲ့ ညှော်သည်တော်တွေ ရှိနေကြောင်းပါ၊ စံအိမ်တော်ရဲ့ ပတ်ဝန်းကျင်မှာလည်း လက်နက်ကိုင်အစောင့်များ နေရာ လပ်အောင် ချထားကြောင်းပါ'

အဲမွန်က အကြံအိုက်သည့် အမူအရာဖြင့် အဖြေပေးလိုက်သည်။

'လျှို့ဝှက်စည်းဝေးခန်းကနေပြီး မြေအောက်ခန်းမှတစ်ဆင့် ထွက်သွား ရင် မဖြစ်ဘူးလား။ လျှို့ဝှက်စည်းဝေးခန်းကိုဝင်တဲ့ အံဝှက်တံခါးနေရာကို မင်းသိတယ် မဟုတ်လား'

'အံဝှက်တံခါး ရှိတဲ့နေရာကို ရောက်အောင်သွားဖို့ မလွယ်ကြောင်းပါ။ ထိုနေရာသို့ ရောက်အောင် ဖြတ်ကျော်သွားရမည့် အခန်းများတွင် ညှော်ပရိသတ် များ ရှိနေကြောင်းပါ'

အဲမွန်က အဖြေပေးလိုက်ရာ မင်းသိဒ္ဓတ်မှာ အကြံအိုက်သွားပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အကြံယူနေပြန်သည်။

အကြံယူနေရာမှ တစ်စုံတစ်ရာ စဉ်းစားမိသဖြင့် အဲမွန်အား မိမိ၏ အခန်းသို့ ခေါ်လိုက်ပြန်သည်။

'ဒီမှာအဲမွန်၊ နှင်းကေသရာရဲ့ အဆောင်ဘေးက ဖြတ်ကျော်ပြီး သာဆောင်ဘက်က ဥယျာဉ်တော်ထဲကို ဆင်းတဲ့လမ်း ရှိတယ် မဟုတ်လား။ ဒီနေရာက လူနည်းနည်း ရှင်းလိမ့်မယ် ထင်တယ်'

မင်းသိဒ္ဓတ်က မိမိ၏ အကြံအစည်ကို ဖွင့်ဟလိုက်သည်။

'တခြားအခန်းတွေနဲ့ နှိုင်းစာကြည့်မယ် ဆိုရင်တော့ လူရှင်းကြောင်း သို့ရာတွင် အရှင့်သားကိုမြင်လျှင် သင်္ကာယနမကင်းဖြစ်ပြီး မင်းကြီး တော်ရှည်ထံ သတင်းပေါက်ကြားသွားမည်ကို စိုးရိမ်ရကြောင်းပါ'

အဲမွန်က မိမိ၏ စိုးရိမ်ချက်ကို တင်ပြလိုက်သည်။

'ငါမှန်း မသိအောင် ရုပ်ဖျက်သွားရင် မဖြစ်နိုင်ဘူးလား'

'ရုပ်ဖျက်သွားရန် မလွယ်ကူကြောင်းပါ။ အရှင့်သားကို အိမ်တော်သား အားလုံး မှတ်မိကြောင်းပါ'

'ငါ့အဝတ်အစားတွေကို ချွတ်ပြီး တစ်ယောက်ယောက်ရဲ့ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အဘွားတွေကို ဝတ်စားဆင်ယင်သွားရင် ရတ်တရက် မှတ်မိမှာ မဟုတ်ပါဘူး ဒီအဝတ်အစားနဲ့ သွားလို့တော့ မဖြစ်ဘူး။ ဒီမှာ အဲမွန်၊ ငါနဲ့တော်မယ့် အဝတ်အစားတစ်စုံ မြန်မြန်ယူခဲ့စမ်း'

'ဘယ်လိုဝတ်စုံမျိုး ယူရမှာပါလဲ'

'ဘယ်လိုဝတ်စုံမျိုး ဖြစ်ဖြစ် ရရာကို ယူခဲ့။ စစ်သည်တော်ဝတ်စုံ ရရင် ပိုပြီး ကောင်းတယ်။ ဒါမှ အစောင့်တွေနဲ့တွေ့ရင် ငါ့ကို စစ်သည်တော်ထင်ပြီး လွတ်လွတ်လပ်လပ် သွားခွင့်ပြုမှာ။ ကဲပါ .... မြန်မြန် လုပ်စမ်းပါ'

မင်းသိဒ္ဓတ်က စိတ်မရှည်သည့် အမူအရာဖြင့် ပြောလိုက်ရာ အဲမွန်မှာ စိတ်ရှုပ်ရှုပ်နှင့် အခန်းထဲမှ ပြန်ထွက်သွားပေသည်။

စံအိမ်တော်တစ်ခုလုံးမှာ ဘုရင်မကြီးနှင့် ခြွေရံသင်းပင်းများအပြင် ဘုရင်မကြီးအား ဖူးမြော်ရန် ရောက်ရှိနေကြသည့် မြို့စားရွာစား မင်းညီမင်းသားများနှင့် အခန်းတိုင်းလိုလို နေရာမလပ်အောင် ပြည့်နှက်လျက် ရှိသဖြင့် မင်းသိဒ္ဓတ်အတွက် ဝတ်စုံတစ်စုံ ရရှိရန် မလွယ်ကူလှပေ။

စာရေးတော်ကြီးအဲမွန်နှင့် မင်းသိဒ္ဓတ် ကိုယ်လုံးကိုယ်ထည်ချင်း ကွာခြားလျက်ရှိသဖြင့် စာရေးတော်ကြီး၏ဝတ်စုံကို မင်းသိဒ္ဓတ် ဝတ်ဆင်လျှင် ပွရောင်းရောင်း ဖြစ်နေမည်ကို သိသဖြင့် အဲမွန်မှာ မင်းသိဒ္ဓတ်နှင့် ကိုယ်လုံးကိုယ်ထည်ချင်း မနီးရိုးဆွဲ တူညီသူ တစ်ဦးဦး၏ ဝတ်စုံကို လိုက်လံရှာဖွေနေရပေသည်။

ထိုသို့ လိုက်လံရှာဖွေနေစဉ် သီရိမာလာထိပ်ထား သခင်မနှင့်အတူ ပါလာသည့် ဝတ်စုံများကို သတိရသဖြင့် ထိုဝတ်စုံများ သိမ်းဆည်းထားသည့် ဒေါ်အိုဇာ၏ အခန်းရှိရာသို့ သွားရောက်ရှာဖွေကြည့်ရာ စစ်သည်တော်ဝတ်စုံ များကို အဝတ်နှင့် ထုပ်ထားသည်ကို အဆင်သင့် တွေ့ရသဖြင့် အဲမွန်သည် ထိုအဝတ်ထုပ်ကိုယူပြီး မင်းသိဒ္ဓတ်၏ အခန်းရှိရာသို့ ပြန်လာခဲ့ပေသည်။

'စစ်သည်တော် အဝတ်အစားတွေ တွေ့လို့ ယူလာခဲ့တယ်။ အရှင်သားနဲ့ တော်လိမ့်မယ် ထင်တယ်'

အဲမွန်သည် စစ်သည်တော်ဝတ်စုံကို ထုတ်ပေးလိုက်ရာ မင်းသိဒ္ဓတ် သည် ဝတ်စုံတစ်စုံကိုယူ၍ မိမိ၏ကိုယ်တွင် ဝတ်ကြည့်လိုက်သည်။ မင်းသိဒ္ဓတ် ဝတ်ဆင်သည့်ဝတ်စုံမှာ သီရိဖြတ်ကမွန် ဝတ်ဆင်နေကျ လိမ္မော်ရောင်ဝတ်စုံ ဖြစ်နေသည်ကို မင်းသိဒ္ဓတ် သတိမပြုမိပေ။ ထို လိမ္မော်ရောင်ဝတ်စုံများ သီရိဖြတ်ကမွန် ဝတ်ဆင်မိမည် စိုးသဖြင့် ဒေါ်အိုဇာသည် သီရိဖြတ်ကမွန်၏ အခန်းထဲမှ မွှေနှောက်ရှာဖွေပြီး ယူလာခဲ့သော ဝတ်စုံများဖြစ်၍ ထိုဝတ်စုံများ





သီရိမာလာထိပ်ထား သခင်မ၏လက်သို့ ပေးအပ်ခဲ့ရာမှ သီရိမာလာထိပ်ထား သခင်မနှင့်အတူ ပြန်ပါလာပြီး ဒေါ်အိုဇာ၏ အခန်းတွင် သိမ်းဆည်းထားခဲ့ခြင်း ဖြစ်ပေသည်။

မင်းသိဒ္ဓတ်သည် လိမ္မော်ရောင်ဝတ်စုံကို ဝတ်စားဆင်ယင်ပြီး စာရေး တော်ကြီး အဲမွန်ကို လမ်းပြစေ၍ လူရှင်းသည့် နှင်းကေသရာ၏ အဆောင်ဆောင် အားမှ ဖြတ်ကျော်လာကာ လေသာဆောင်မှတစ်ဆင့် ဥယျာဉ်တော်အတွင်းသို့ ဆင်းသွားသည်ကို မြင်ရပေသည်။

**အခန်း ၄၂**

နှင်းကေသရာ၏ မျက်နှာမှာ နီးမြန်းလျက်ရှိပြီး အသားများ တဆတ်ဆတ်တုန်၍ နေသည့်ကြားမှပင် အံကိုကြိတ်၍ စိတ်ကိုတင်းပြီး ဘုရင်မကြီး ယာယီစံနေတော် မူသည့် အဆောင်တော်တွင်းမှ ဣန္ဒြေရရ ခြေလှမ်းမှန်မှန်ဖြင့် ထွက်လာသည်ကို မြင်ရပေသည်။

အခန်းခန်း အဆောင်ဆောင်ကို ဖြတ်ကျော်၍ လာခဲ့ရာတွင် ဧည့် ပရိသတ်များက ဆီးကြိုနှုတ်ဆက်ကြသဖြင့် နှင်းကေသရာသည် ဣန္ဒြေဆည်နိုင် သမျှ ဆည်ပြီး ပြုံးရွှင်သည့် အမူအရာဖြင့် နှုတ်ခွန်းတုံ့ပြန်ရင်း သွက်လက်သည့် ခြေလှမ်းများဖြင့် ပရိသတ်များကြားမှ ထွက်ခွာလာခဲ့ပေသည်။

အံကြိတ်ပြီး ချုပ်တည်းထားရသော ဒေါသစိတ်များကြောင့် နီမြန်း လျက်ရှိသည့် မျက်နှာနှင့် ဝင်းလက်တောက်ပြောက်နေသည့် မျက်လုံးများသည် နှင်းကေသရာ၏ အလှကျက်သရေကို တိုးလာစေသည်ဟု မှတ်ထင်ရပေသည်။ သို့သော်လည်း တူစွာပင် ဒေါသစိတ်ကြောင့် ခပ်ဆတ်ဆတ် လျှောက်၍ လာပုံမှာ နှင်းကေသရာ၏ ကြော့ရှင်းသည့်ကိုယ်ဟန်သည် ပိုမို၍ ထင်ရှားပေါ်လွင်နေ သဖြင့် ဧည့်ပရိသတ်များသည် နှင်းကေသရာအား မျက်တောင်မခတ်ဘဲ ငေးခိုက် ကြည့်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

ပရိသတ်များကြားမှ အခန်းခန်း အဆောင်ဆောင်ကို ဖြတ်ကျော်၍ လာခဲ့ရာတွင် လူရှင်းသော နေရာတစ်နေရာသို့ ရောက်သောအခါ ဗိုလ်မင်းဗြတ်ဇ ရှိနေ ရိပ်ခနဲ မြင်လိုက်ရသဖြင့် နှင်းကေသရာသည် ဗိုလ်မင်းဗြတ်ဇ ရှိရာသို့ သုတ်သုတ် လျှောက်လာခဲ့ပေသည်။

'ဗိုလ်မင်းဗြတ်ဇ ခဏစောင့်ပါဦး၊ ပြောစရာ စကားတစ်ခွန်း ရှိလို့'



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာက လှမ်းခေါ်လိုက်သဖြင့် ဗိုလ်မင်းဖြတ်ဇသည် နှင်းကေသရာအား ရပ်စောင့်နေပေသည်။

'ဗိုလ်မင်းရဲ့ ဘုရင်မကြီး မတရားဘူး၊ နည်းနည်းကလေးမှ မတရားဘူး။ ကိုယ်ချင်းစာနာတတ်တဲ့ စိတ်လည်း မရှိဘူး'

နှင်းကေသရာသည် ဗိုလ်မင်းဖြတ်ဇ အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် စိတ်ထဲတွင် မျိုသိပ်လာခဲ့ရသမျှ စိတ်ရှိလက်ရှိ သွန်ထုတ်လိုက်၏။ ဗိုလ်မင်းဖြတ်ဇသည် နှင်းကေသရာအား အံ့အားသင့်သည့် အမူအရာဖြင့် ငေးစိုက်ကြည့်နေမိပေသည်။

'နှင်းကေသရာခင်မ သတိတရား လက်ကိုင်ထားတော်မူပါ။ ဘုရင်မကြီး ရွှေနားတော်ကြားတော်မူသွားရင် ရာဇဒဏ်သင့်တော်မူပါလိမ့်မယ်'

ဗိုလ်မင်းဖြတ်ဇက သတိပေးလိုက်သည်။

'အို ရာဇဒဏ် သင့်ချင် သင့်ပေစေ၊ အရေးမဟုတ်ဘူး။ မတရားတာကို မတရားဘူး ပြောတာ ဘာဖြစ်သလဲ။ နှင်းကေသရာရဲ့ အသည်းနှလုံးကို ခြေမွပျက်ဆီးပစ်ဖို့ ကြိုးစားတာ တရားသလား။ ဒီမှာ ဗိုလ်မင်းဖြတ်ဇ၊ စစ်သည်တော်ကြီးကော၊ စစ်သည်တော်ကြီး သီရိဖြတ်ကမွန် ဘယ်မှာလဲ'

နှင်းကေသရာက မေးခွန်းထုတ်လိုက်သည်။

'နှင်းကေသရာ သခင်မရဲ့အကျိုး၊ နိုင်ငံတော်ရဲ့ အကျိုးနဲ့ ဘုရင်မကြီး လိုအင်ဆန္ဒ ပြည့်ဝရေးအတွက် သူသာလျှင် အနစ်နာခံသွားမယ် ဆိုပြီး ဒေသကပဲ ထွက်သွားတယ်'

'ဟင် .... ဟုတ်လား၊ သူ ဘယ်မှာလဲ။ လိုက်ခေါ်ပေးစမ်းပါဦး'

'ခေါ်လို့ရလိမ့်မယ် မထင်ကြောင်းပါ။ နှင်းကေသရာအတွက် နှုတ်ခွန်းဆက် စာလွှာ ရေးသားနေဆဲ ဖြစ်လိမ့်မည် ဖြစ်ကြောင်းပါ။ နှုတ်ခွန်းဆက်စာလွှာ ရေးသားပြီးလျှင် ခြေဦးနှင့်ဒူး တည့်ရာသို့ ထွက်သွားဖို့ အစီအစဉ်ရှိကြောင်းပါ'

'ဒီလိုဆိုရင် နှင်းကေသရာ အဝတ်အစားလဲပြီး စစ်သည်တော်ကြီးရှိရာကို ချက်ချင်းလိုက်လာခဲ့မယ်ဆိုတာ ပြောထားနှင့်စမ်းပါ။ တစ်ယောက်တည်း ထွက်မသွားပါနှင့်ဦး။ နှင်းကေသရာပါ လိုက်ခဲ့မယ်ဆိုတာပါ ပြောဖြစ်အောင် ပြောထားစမ်းပါ။ မြင်းဇောင်းကနေပြီး မြင်းနှစ်ကောင် အဆင်သင့် ကကြိုး တန်ဆာဆင်ပြီး စောင့်နေဖို့ ပြောပါ။ နှင်းကေသရာ အဝတ်အစား လဲပြီးတာနဲ့ ချက်ချင်း ဆင်းလာခဲ့ပါမယ်။ ဆက်ဆက်ပြောဖြစ်အောင် ပြောထားစမ်းပါ'

နှင်းကေသရာသည် ဗိုလ်မင်းဖြတ်ဇအား မှာကြားခဲ့ပြီးနောက် မိမိ၏





အဆောင်တော်ရှိရာသို့ ထဘီကို စွန်တောင်ဆွဲပြီး သွက်လက်သည့်ခြေလှမ်းများနှင့် လာခဲ့ပေသည်။ ဗိုလ်မင်းဖြတ်ဇမှာလည်း နှင်းကေသရာအား ငေးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ရာမှ သီရိဖြတ်ကမွန် ရှိရာသို့ လေးလံသည့် ခြေလှမ်းများဖြင့် ထွက်ခွာသွားပေသည်။

မိမိ၏အဆောင်သို့ ပြန်ရောက်သောအခါ နှင်းကေသရာသည် မိမိ၏ကိုယ်တွင် ဝတ်စားဆင်ယင်ထားသော တန်ဖိုးမဖြတ်နိုင်သည့် လက်ဝတ်ရတနာများနှင့် ပိုးဖဲကတ္တီပါ အဝတ်အစားများကိုချွတ်ပြီး သာမန်ဝတ်ဆင်နေကျ အဝတ်အစားများကို အဆောတလျင် ဝတ်ဆင်ကာ မြင်းဇောင်းရှိရာသို့ လာခဲ့ပေသည်။

မြင်းဇောင်းမှ သီရိဖြတ်ကမွန် စောင့်ကြိုနေသည်ကို မြင်ရသော်လည်း မြင်းများကို ကကြိုးတန်ဆာ ဆင်ထားသည်ကို မတွေ့ရပေ။

သီရိဖြတ်ကမွန်ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် နှင်းကေသရာမှာ ဝမ်းသာအားရ အမူအရာဖြင့် အပြေးအလွှားလာခဲ့ပြီး ပြုံးရွှင်သော အမူအရာနှင့် ဝမ်းပန်းတသာ နှုတ်ဆက်လိုက်သော်လည်း သီရိဖြတ်ကမွန်သည် တစ်ခွန်းတစ်ပါဒမျှ ခွန်းတုံ့မပြန်ဘဲ မျက်နှာသေကြီးနှင့် နှင်းကေသရာအား တွေတွေကြီး ကြည့်နေသဖြင့် နှင်းကေသရာမှာ အားမလို အားမရ ဖြစ်လာပေသည်။

'စစ်သည်တော်ကြီး သီရိဖြတ်ကမွန်၊ နှင်းကေသရာကို အဖက်လုပ်ချင်တော့ဘူးလား။ စစ်သည်တော်ကြီးနောက်ကို နှင်းကေသရာ လိုက်လာတာ ဝမ်းမသာဘူးလား။ နှင်းကေသရာ မချစ်မနှစ်သက်တဲ့လူနဲ့ ဖွတ်အတင်း ပေးစားရာချထားဖို့ ဘုရင်မကြီး စီစဉ်နေတာကို စစ်သည်တော်ကြီး သိရဲ့လား၊ နှင်းကေသရာတော့ ဘုရင်မကြီးရဲ့ အမိန့်တော်ကို မနာခံနိုင်ဘူး ဆိုပြီး အာခံလာခဲ့ပြီ'

နှင်းကေသရာသည် မိမိအား လက်ပိုက်ပြီး တွေတွေကြီး ကြည့်နေသော သီရိဖြတ်ကမွန်၏လက်မောင်းကို ဆွဲကိုင်လှုပ်ရင်း ပြောလိုက်ပြန်သည်၊

'သိပါတယ်၊ အားလုံး သိပြီးပါပြီ။ နှင်းကေသရာကို ဘုရင်မကြီးရဲ့ သားတော်မောင် ဖောင်းနင်းမြို့စား သမိန်ဖရူနဲ့ ရွှေလက်တော် ဆက်ပေးဖို့ ဘုရင်မကြီး စီစဉ်တော်မူနေကြောင်း သိပြီးပါပြီ။ နိုင်ငံတော်ရဲ့ အကျိုးကို ထောက်ချော်ပြီး စီစဉ်ခြင်းဖြစ်ကြောင်း သိရတဲ့အပြင် နှင်းကေသရာရဲ့ အကျိုးအတွက်လည်း ဖြစ်ကြောင်း သိရပါတယ်'

'နိုင်ငံတော်ရဲ့ အကျိုးသော ဘာသောညာသော နားမလည်ဘူး။ နှင်းကေသရာ မချစ်မနှစ်သက်တဲ့ လူကို မကြည်ဖြူနိုင်လို့ စစ်သည်တော်ကြီးဆီကို



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရာ ထွက်ပြေးလာခဲ့ပြီလေ။ ဘာ တွေဝေနေတာလဲ ပြေးကြပါစို့ ဘာဖြစ်လို့ မြင်းတွေကို အသင့် ပြင်မထားသေးတာလဲ'

နှင်းကေသရာက စိတ်လိုက်မာန်ပါ ပြောလိုက်သည်။

'နှင်းကေသရာ သတိပြု ဆင်ခြင်တော်မူပါ။ ဘုရင်မကြီး ရွှေစိတ် မငြိုငြင်ပါစေနဲ့။ ဘုရင်မကြီးရဲ့ လိုအင်ဆန္ဒအတိုင်း သဘောတူ လက်ခံ ပါတယ်'

သီရိဗြတ်ကမွန်က တည်ငြိမ်သည့် အမူအရာဖြင့် ပြန်ပြောလို သည်။

'အို .... ဘုရင်မကြီးသော ဘာသောညာသော နားမလည်ပါဘူး ပြောထားပြီးပြီ မဟုတ်လား။ ဘုရင်မကြီးလည်း လူပဲ၊ နှင်းကေသရာလည်း လူပဲ။ လူလူချင်း ဘယ်သူ့ကို ကြောက်နေရဦးမှာလဲ။ ဘုရင်မကြီးရဲ့ အလို မလိုက်နိုင်ဘူး၊ ဘုရင်မကြီး ငြိုငြင်တော်မူရုံမကလို့ ပေးလိုရာအပြစ်ကို ပေး စေ၊ နှင်းကေသရာ မကြောက်ပါဘူး။ ဘုရင်မကြီး အလိုကိုတော့ ဘယ်နည်း မလိုက်လျောနိုင်ဘူး။ ဒါကြောင့် စစ်သည်တော်ကြီးဆီကို ပြေးလာခဲ့တာ

'နှင်းကေသရာ၊ စိတ်လိုက်မာန်ပါ မလုပ်ဖို့ လေးလေးစား တောင်းပန်လိုပါတယ်။ ဘုရင်မကြီးဟာ နိုင်ငံတော်ရဲ့ အထွတ်အထိပ် ဖြ တယ်။ တစ်နိုင်ငံလုံးရဲ့ ကြည်ညိုလေးစားခြင်းကို ခံယူတော်မူရပြီး နိုင်ငံတော် ကိုယ်စားပြုသူ ဖြစ်ပါတယ်။ ဘုရင်မကြီးနဲ့ နိုင်ငံတော်ကို ခွဲခြားလို့ မရ ပါဘူး။ ဘုရင်မကြီးကို လူပုဂ္ဂိုလ် တစ်ဦးအဖြစ် မြင်လို့ မရနိုင်ပါဘူး။ နိုင် တော်ကို ကိုယ်စားပြုသူ ဖြစ်တဲ့အတွက် နိုင်ငံတော်အပေါ်မှာ သစ္စာစောင့် သလို ဘုရင်မကြီး အပေါ်မှာလည်း သစ္စာစောင့်သိ ရပါလိမ့်မယ်။ လူလူချ အနေနဲ့ ကြောက်စရာ မလိုပေမယ့် နိုင်ငံတော်ကို ကိုယ်စားပြုတော်မူတဲ့ ဘုရ ကြီးအဖြစ် ဘုရင်မကြီးရဲ့ အမိန့်တော်ကို လေးစားရပါလိမ့်မယ်'

သီရိဗြတ်ကမွန်က မျက်နှာသေကြီးဖြင့် နှင်းကေသရာအား ဩဝါ ပေးနေပေသည်။

'စစ်သည်တော်ကြီး ဘာပဲပြောပြော နှင်းကေသရာတော့ ဘုရင်မ ရဲ့ အမိန့်တော်ကို မနာခံနိုင်ဘူးဆိုပြီး အာခံလာခဲ့ပြီ။ နှင်းကေသရာကို ဘုရ ကြီး အပ်နှင်းတော်မူခဲ့တဲ့ အခွင့်အာဏာတွေ၊ အဆောင်အယောင်တွေ တစ်ခုမကျန် အကုန်အပ်နှင်းခဲ့ပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်း ခဲ့ပြီ။ နှင်းကေသရာဟာ စစ်သည်တော်ကြီးလိုပဲ အိမ်မဲ့ ယာမဲ့ ပစ္စည်းမဲ့ ခြေသ အိမ်တိုင်ထူရမယ့် ဘဝကို ရောက်လာပြီ။ စစ်သည်တော်ကြီးနဲ့ ဘဝချင်း တူ ပါပြီ'





နှင်းကေသရာက ပြန်ပြောလိုက်ရာ သီရိဗြတ်ကမွန်မှာ အံ့အားသင့် သွားပေသည်။

'ဘုရင်မကြီးရဲ့ အလိုတော်ကို ဆန့်ကျင်တဲ့အတွက် အဆောင် အယောင်တွေ၊ အခွင့်အာဏာတွေ အားလုံး ရုပ်သိမ်းပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းသွားစေဖို့ ဘုရင်မကြီးက ရာဇဒဏ် ခတ်တော်မူလိုက် သလား'

'ဟုတ်တယ်လေ၊ ဘုရင်မကြီးက သူ့စီမံရာကို မနာခံရင် အဆောင် အယောင်တွေ၊ အခွင့်အာဏာတွေအားလုံး ပြန်လည်ရုပ်သိမ်းရမယ်လို့ မိန့်တော် မူပါတယ်။ ဒါတင်မကသေးဘူး၊ နှင်းကေသရာကို အပိုင်စားပေးသနားတော် မူထားတဲ့ ကျေးရွာတွေနဲ့တကွ လယ်ယာ အင်းအိုင် ချောင်းမြောင်းတွေကိုပါ ပြန်လည် သိမ်းပိုက်တော်မူရလိမ့်မယ်လို့ မိန့်တော်မူတယ်။ နှင်းကေသရာရဲ့ ကိုယ်မှာ ဝတ်စားဆင်ယင်ထားတဲ့ လက်ဝတ်ရတနာတွေကိုပါ မင်းဘဏ္ဍာ အဖြစ် သိမ်းဆည်းရလိမ့်မယ်လို့လည်း မိန့်တော်မူပါတယ်။ ခုလို မိန့်တော် မူတာကို နှင်းကေသရာ သိပ်ဝမ်းသာတယ်။ ရှင်ဥလိပ် ရေထဲလွှတ်တာထက် ဝမ်းသာသေးတယ်။ ဒါမှ နှင်းကေသရာဟာ စစ်သည်တော်ကြီးနဲ့ ဘဝတူ ဖြစ် လာမှာ မဟုတ်လား။ ကဲလေ .... ဘာတွေဝေနေတာလဲ၊ နှင်းကေသရာဟာ စစ်သည်တော်ကြီးနဲ့ ဘဝတူ ဖြစ်လာပြီ။ စစ်သည်တော်ကြီးနဲ့ သေအတူ ရှင်မကွာ သျှောင်နောက် ဆံထုံးပါ ဆိုသလို စစ်သည်တော်ကြီးရဲ့နောက်ကို နှင်းကေသရာ လိုက်ခဲ့တော့မယ်'

နှင်းကေသရာက စကားကုန် ပြောလိုက်ရာ သီရိဗြတ်ကမွန်သည် နှင်းကေသရာအား မျက်နှာထားဖြင့် ပြန်ကြည့်လိုက်သည်။

'ကျုပ်ရဲ့နောက်ကို လိုက်ခဲ့တော့မယ် ဆိုတာတော့ ဟုတ်ပါပြီ။ ဘယ်အထိ လိုက်နိုင်မှာလဲ၊ ကျုပ်နောက် တကယ်လိုက်နိုင်မှာလား။ နိုင်ငံတော် အတွက် အသက်နဲ့လဲပြီး တိုက်ပွဲဝင်နေရတဲ့ စစ်သည်တော်တစ်ဦး ဖြစ်တဲ့ အတွက် ကျုပ်ရဲ့ အသက်နဲ့ခန္ဓာကိုယ်ကို ကျုပ် မပိုင်ဘူး။ နိုင်ငံတော်ကသာ ပိုင်တယ်။ ကျုပ်ဟာ ဓားတစ်လက်ကို အရင်းတည်ပြီး ခြေသလုံး အိမ်တိုင်ထူ နေတဲ့ အညတရစစ်သည်တော်ပါ။ စစ်သားကောင်းပီပီ မိုးရွာနေပူ မရှောင် အရေးကြီးရင် ကြီးသလို တိုက်ပွဲဝင်ရတယ်။ နေ့ရောညပါ ထမင်းငတ် ရေငတ် ခံပြီး တိုက်ပွဲဝင်ရတဲ့ အခါတွေလည်း ရှိတယ်။ ရွှံ့ထဲဗွက်ထဲ ရုန်းရတဲ့ အခါတွေ လည်းရှိတယ်။ ရန်သူတွေ ဝိုင်းရံထားတဲ့ကြားက သက်စွန့်ဆံဖျား ထွက်ပြေး ရတဲ့ အခါတွေလည်း ရှိတယ်။ အမိုးအကာ မရှိဘဲ လွင်တီးခေါင်မှာ မိုးမှတ် ခြင် အကိုက်ခံပြီး ဆင်းရဲပင်ပန်းစွာ တိုက်ပွဲဝင်ရတဲ့ အခါတွေလည်း ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



သီရိဗြတ်ကမွန်က မျက်နှာထားဖြင့် ပြန်ပြောလိုက်သည်။

'ဘာပဲပြောပြော စစ်သည်တော်ကြီးရဲ့နောက်က တကောက်ကောက် လိုက်နေမှာပဲ။ စစ်သည်တော်ကြီးနဲ့ အေးအတူ ပူအမျှ၊ ဆင်းရဲအတူ ချမ်းသာ အမျှ နေထိုင်သွားဖို့၊ စစ်သည်တော်ကြီး ဆင်းရဲဒုက္ခ ခံသလို နှင်းကေသရာလည်း ဒုက္ခခံဖို့ အသင့်ပဲ။ သေစရာရှိရင်လည်း စစ်သည်တော်ကြီးနဲ့အတူ အသေ သွားဖို့ စိတ်နှလုံး တုံးတုံးချထားပြီးပါပြီ'

နှင်းကေသရာက အံခဲပြီး ပြန်ပြောလိုက်သည်။

'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ အဝိုလွယ်သလောက် အရိုက်ခက်တယ် ဆိုတဲ့ စကားပုံရှိတယ် မဟုတ်လား။ နှင်းကေသရာဟာ အင်မတန်နုနယ် မိန်းမသားပါ။ ကျုပ်နဲ့ ထပ်တူထပ်မျှ ဆင်းရဲဒုက္ခခံနိုင်တယ် ဆိုပေမယ့် ရေရှည် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ ပြီးတော့ ကျုပ်ရဲ့နောက်ကို တကောက်ကောက် လိုက်နေရင် နှင်းကေသရာရဲ့ ချစ်စရာကောင်းတဲ့ ရုပ်အသွင်ဟာ နေထိပန်း ညှိုးနွမ်းသွားပါလိမ့်မယ်။ စိတ်လည်း ပင်ပန်းနွမ်းနယ်လိမ့်မယ်။ အသေခံစရာ ရှိရင် ကျုပ်သာ အသေခံပါရစေ။ ဆင်းရဲပင်ပန်း ခံစရာရှိရင် ကျုပ်သာ ဆင်းရဲ ခံပါရစေ။ ကျုပ်အတွက် နှင်းကေသရာ စိတ်ပင်ပန်းပြီး ကိုယ်ကြေတာ မဖြစ် ပါစေနဲ့'

သီရိဗြတ်ကမွန်က မျက်နှာသေကြီးဖြင့် ပြန်ပြောလိုက်သည်။

'ဒီလိုဆိုရင် စစ်သည်တော်ဘဝကို စွန့်လွှတ်ပြီး နှင်းကေသရာနဲ့အတူ တောင်ယာပဲခင်း လုပ်ကိုင်စားသောက်ကြရင် မကောင်းဘူးလား။ ဒါလောက်ဆို နှင်းကေသရာ ဆင်းရဲပင်ပန်းခံနိုင်ပါတယ်။ နှင်းကေသရာက ဒါလောက်တောင် လိုက်လျောနေတာတောင် စစ်သည်တော်ကြီးက "မူ" နေရသေးသလား။ နှင်း ကေသရာကို မသနားတော့ဘူးလား'

နှင်းကေသရာက တုန်ယင်သော အသံဖြင့် ပြောလိုက်ရာ သီရိဗြတ်ကမွန် က လက်ဝါးကာလိုက်သည်။

'ဒီစကား ဒီမှာတင်ရပ်ဖို့ တောင်းပန်ပါတယ်။ ရှေ့မဆက်ပါနဲ့တော့ ကျုပ် စိတ်ဆင်းရဲအောင်လည်း မလုပ်ချင်စမ်းပါနဲ့။ တောင်းပန်ပါတယ်'

သီရိဗြတ်ကမွန်က မိမိ၏အခိဋ္ဌာန် ပျက်သွားမည်စိုးသည့် အရှုအား ဖြင့် တောင်းတောင်းပန်ပန် ပြန်ပြောလိုက်သည်။

'နှင်းကေသရာ စိတ်ဆင်းရဲ ဖြစ်မှာကိုတော့ စစ်သည်တော်ကြီး ကြည့်ရက်တယ်ပေါ့လေ။ ကိုယ်ချင်းမျှားလည်း စာနာပါဦး။ နှင်းကေသရာ ဖြစ်ချင်ရာဖြစ် ဆိုပြီး ပစ်ထားခဲ့တော့မှာလား'





'ဒီလိုလည်း မဟုတ်ပါဘူး။ မဖြစ်နိုင်လွန်းလို့ တောင်းပန်နေတာပါ။ နှင်းကေသရာ အတွက်ဆိုရင် ကျုပ် အသေခံရဲတယ် ဆိုတာ နှင်းကေသရာ သိထားရင် ကျုပ် ကျေနပ်ပါပြီ။ ဒါထက်ပိုပြီး ကျုပ် အလိုမရှိဘူး'

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ပြောစမ်းပါဦး။ နှင်းကေသရာအတွက် ညွှန်မှန်းပြီး စစ်သည်တော်ကြီး ရေးစပ်သီကုံးခဲ့တဲ့ မေတ္တာဘွဲ့ ကဗျာလင်္ကာတွေ ကို စစ်သည်တော်ကြီး မေ့သွားပြီလား။ နှင်းကေသရာတော့ တစ်သက်လုံး မေ့ပျောက်ပစ်လို့ ရမှာ မဟုတ်ဘူး'

'နှင်းကေသရာ ပြောတဲ့ မေတ္တာဘွဲ့တွေဟာ မိုးအုံးနောင်အတွက် ရေးစပ် သီကုံးပေးခဲ့တာပါ'

'မိုးအုံးနောင် မောင်ဘုရားအတွက် ရေးစပ်သီကုံးပေးခဲ့တာ ဆိုပေမဲ့ စစ်သည်တော်ကြီးရဲ့ နှလုံးသားက ထွက်ပေါ်လာတဲ့ မေတ္တာစိတ်တွေကို မျိုသိပ် ထားနိုင်လို့ ပေါက်ကွဲထွက်လာတာ မဟုတ်လား'

'ပြီးခဲ့တာတွေ မေ့ပျောက်ပစ်လိုက်တာပဲ ကောင်းပါလိမ့်မယ်'

'မေ့ပျောက်ပစ်လို့ မရနိုင်ဘူး၊ ဘယ်တော့မှ မေ့ပျောက်လို့ ရနိုင်မှာ မဟုတ်ဘူး'

'မေ့ပျောက်လို့ မရဘူးဆိုရင် တစ်ခါတုန်းက စိတ်ကြည်နူးခဲ့ရတာတွေ ကို သတိတရနဲ့ ဆင်ခြင်အောက်မေ့ပြီး ကိုယ့်စိတ်ကို နှစ်သိမ့်ရင် ဖြစ်နိုင်ပါတယ်၊ မဖြစ်နိုင်တာကို တွေးပြီး ဆွေးနေမယ့်အစား ဖြစ်သမျှအကြောင်း အကောင်းကြီး ပဲ ဆိုပြီး အသင့်အတင့် နှလုံးသွင်းရင် စိတ်ချမ်းသာမှု ရနိုင်ပါလိမ့်မယ်'

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ဘုရင်မကြီး ရွှေစိတ်တော် ငြိုငြင်မှာ စိုးလို့လား။ ဘုရင်မကြီး ရွှေစိတ်တော် ခုမှာကို ကြောက်သလား'

နှင်းကေသရာက ဆတ်ဆတ်ကြဲ ပြန်မေးလိုက်သည်။

'မှန်ပါတယ်၊ ဘုရင်မကြီး ငြိုငြင်တော်မူမှာကို ကြောက်လှပါတယ်'

သီရိဗြတ်ကမွန်က မျက်နှာလွှဲပြီး အဖြေပေးလိုက်သည်။

'ဒီမှာ စစ်သည်တော်ကြီး ဘာဖြစ်လို့ မျက်နှာလွှဲသွားရတာလဲ။ နှင်းကေသရာရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး နှင်းကေသရာ မေးတာကို ပြောစမ်း ပါ၊ ဘုရင်မကြီး ငြိုငြင်တော်မူမှာကို ကြောက်တယ်ဆိုတာ အလကားစကားပါ။ ရှင်လား ကြောက်မှာ။ ရှင့်ကိုယ်ရှင်က လွဲပြီး ရှင် ဘယ်သူ့ကိုမှ မကြောက်ဘူး၊ ဘာကိုမှလဲ မကြောက်ဘူးဆိုတာ နှင်းကေသရာ သိတယ်။ နှင်းကေသရာကို အင်ပတ်ရိုက်မနေစမ်းပါနဲ့။ ဘုရင်မကြီး ရွှေစိတ်တော် ခုမှာကို ကြောက်လို့ ဒီစကား ပြောနေတာ မဟုတ်ပါဘူး။ ရှင့်သိက္ခာ ကျသွားမှာစိုးလို့၊ ရှင်ရဲ့အခိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားမှာစိုးလို့ ရှင် ပစ်ပစ်ခါခါ ငြင်းပယ်နေတာ မဟုတ်လား။ ရှင့်အသေ တော်ရှိတန်ရုံ မေတ္တာနဲ့သာဆိုရင် ရှင့်မျက်နှာကို မကြည့်ချင်လောက်အောင် မုန်းစရာ ကောင်းတဲ့လူ။ ဒါပေမဲ့ နှင်းကေသရာတော့ ရှင့်ကို ဘယ်နည်းနဲ့ မုန်းလို့ မရဘူး။ သိက္ခာကျသွားမှာစိုးလို့ နှင်းကေသရာ အသည်းကွဲ ကျွန်ရစ် အောင် လုပ်တာပေါ့လေ။ ရှင့်ရဲ့အစိဋ္ဌာန် ပျက်သွားမှာစိုးလို့ နှင်းကေသရာ သစ်စိမ်းချိုး ချိုးသွားဖို့ ကြံစည်နေတာပေါ့လေ။ ရှင့်ရဲ့ပါးစပ်က ဘာပဲပြော နေနေ ရှင့်ရဲ့မျက်လုံးက ရှင့်ရဲ့ အတွင်းမနောကို ကြေးမုံပြင်မှာ တင်ပြသလို ထင်ထင်လင်းလင်းကြီး ပေါ်လွင်နေတယ်။ ရှင် သတ္တိရှိရင် တစ်ယောက်တည်း ထွက်သွားကြည့်စမ်းပါ၊ နှင်းကေသရာ အကြောင်း သိသွားမယ်။ ရှင့်အတွက်ကော နှင်းကေသရာ အသည်းကွဲမခံဘူး၊ ဘုရင်မကြီးရဲ့ ရှေ့တော်မှောက် အစေခံ ဝင်ပြီး နှင်းကေသရာ ရာဇဒဏ်သင့်အောင် ဘုရင်မကြီးကို စော်စော်ကားကား သံတော်ဦးတင်ပြမယ်။ နှင်းကေသရာ သေရမှာကို မကြောက်ဘူး။ ရှင့်မျက်စိ အောက်မှာကို အသေခံပြမယ်'

နှင်းကေသရာသည် စိတ်လိုက်မာန်ပါ ပြန်ပြောလိုက်ပြီး ထဘီ စွန်တောင်ဆွဲ၍ ရေကန်တော် ရှိရာသို့ ခြေဆောင့်ရင်း ထွက်သွားပေ သိရိဖြတ်ကမ္ဗန်မှာ ဘာလုပ်ရမှန်း မသိဘဲ မတုန်မလှုပ် ကျောက်ရုပ်ပမာ နှင်း ကေသရာအား ငေးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ပေသည်။

သိရိဖြတ်ကမ္ဗန် တစ်ယောက်တည်း မြင်းဖောင်းအနီးတွင် ကျန်ရစ် ခဲ့သည်ကို မြင်သောအခါ ဗိုလ်မင်းဖြတ်ဇသည် သိရိဖြတ်ကမ္ဗန်၏ အနီးသို့ ချဉ်းကပ်လာပြီး ပခုံးကို လှမ်းဖက်လိုက်သည်။

'ဖြတ်ကမ္ဗန် .... ဘာငေးနေတာလဲ။ ဘုရင်မကြီးဆီက အမိန့်တော် ပါလာတယ်။ ဒီနေ့ညနေ မင်းနဲ့ငါ ဘုရင်မကြီးရဲ့ ရွှေဖဝါးတော်အောက် အခစားဝင်စေလို့ အမိန့်တော် ချမှတ်တော်မူတယ်။ မင်းနဲ့ငါ့ကို ဘုရင်မကြီး ဆုတော်လာဘ်တော် ပေးသနားတော်မူမှာတော့ မဟုတ်ဘူး။ သူ့လူတွေကို သတ်ရမလားဆိုပြီး ပြစ်တင်မောင်းမဲတာ ခံရလိမ့်မယ် ထင်တယ်။ ငါတော့ မျက်ခုံးတွေ လှုပ်လှုပ်'

ဗိုလ်မင်းဖြတ်ဇက ထုံးစံအတိုင်း ရယ်သွမ်းသွေး၍ ပြောလိုက်သည်။

'ပစ်တင်မောင်းမဲနေမယ့်အစား တစ်ခါတည်း သေဒဏ်အပြစ်ပေး လိုက်ရင် ပိုပြီး ကောင်းလိမ့်မယ်။ မြန်မြန်သေရင် မြန်မြန်အေးတာပဲ'

သိရိဖြတ်ကမ္ဗန်က စိတ်ရှုပ်သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။





'မြန်မြန်သေရင် မြန်မြန်အေးတယ် ဟုတ်လား။ ဒီမှာ ဖြတ်ကမ္ဗန်၊ ခင်းလည်း မရှိးတော့ဘူး။ ဒီစိတ်တွေ ဝင်လာရင် သိပ်ခက်တယ်'

ဗိုလ်မင်းဖြတ်ဇက မထိတထိ ပြန်ပြောလိုက်သည်၊ သိရိဖြတ်ကမ္ဗန် မှာမူ တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ နှင်းကေသရာ ထွက်သွားသည့် နေရာကို သာ အာရုံရောက်၍ နေပေသည်။

'ဘယ်နှယ်လဲ ငါပြောတာ မမှန်ဘူးလား။ ဆိတ်ဆိတ်နေတာဟာ ခံနိုခံတာပဲ မဟုတ်လား။ ကဲပါ ငေးမောမနေစမ်းပါနဲ့၊ အပန်းလည်းပြေရင်း နွမ်းနယ်နေတဲ့ စိတ်လည်း လန်းဆန်းလာအောင် လေညင်းခံရင်း ရေအနောက် ဘက်ကို သွားကြရအောင်။ ဘုရင်မကြီးဆီကို အခစားဝင်ဖို့ အချိန်စောပါသေး တယ်။ ဒီကပြန်မှ ဘုရင်မကြီးရဲ့ ရွှေဖဝါးတော်အောက် အခစား ဝင်ကြတာပေါ့။ ဘုရင်မကြီးဆီကို ခစားဝင်တဲ့အခါ ဘုရင်မကြီးကို ဘယ်လိုသံတော်ဦးတင်ရမှ ကောင်းမလဲ ဆိုတာပါ မင်းနဲ့ငါ စည်းဝါးရိုက်ထားမှ ဖြစ်မှာ။ တစ်ယောက် တစ်ပေါက် သံတော်ဦးတင်လို့ မဖြစ်ဘူး'

ဗိုလ်မင်းဖြတ်ဇသည် သိရိဖြတ်ကမ္ဗန်၏ ပခုံးကို ဖက်ပြီး ပါးစပ်မှ ဘတွတ်တွတ်ပြောရင်း နှင်းကေသရာရှိရာ ရေကန်တော်ဆီသို့ သိရိဖြတ်ကမ္ဗန် အား မရမက ဆွဲခေါ်လာခဲ့ပေသည်။

'ကဲ ဘုရင်မကြီးရဲ့ ရှေ့တော်မှောက်ရောက်ရင် မင်းရဲ့ပြဿနာနဲ့ တော်သက်ပြီး ဘယ်လို လျှောက်တင်မလဲ'

ဥယျာဉ်တော်အတွင်း ဝင်လာကြရင်း ဗိုလ်မင်းဖြတ်ဇက သိရိဖြတ် ကမ္ဗန်အား စတင် မေးခွန်းထုတ်လိုက်သည်။

'ကျွန်တော့်မှာ ဘာပြဿနာမှ မရှိတဲ့ ဥစ္စာပဲ။ ဘုရင်မကြီး မိန့်တော် မူတာ နာခံရုံပဲ ရှိပါတယ်'

သိရိဖြတ်ကမ္ဗန်က အဖြေပေးလိုက်သည်။

'ပြဿနာမရှိဘူးဆိုတာ ဟုတ်ကို မဟုတ်ဘူး။ ဘုရင်မကြီးရဲ့ အဆောင် တော်က နှင်းကေသရာ ထွက်လာတုန်းက နှင်းကေသရာရဲ့ မျက်နှာတစ်ခုလုံး နီရဲနေတာကို ငါသတိပြုမိတယ်။ ငါနဲ့တွေ့တဲ့အခါမှာလည်း ဘုရင်မကြီး သောရားဘူး၊ မိန်းမချင်း ကိုယ်ချင်းမစာဘူးလို့ ပြောတယ်။ သူ့ရဲ့ အသည်းနှလုံးကို ကြေမွ ပျက်စီးအောင် ဘုရင်မကြီးက ကြံစည်အားထုတ်နေတယ်လို့လည်း ပြောတယ်။ မင်း ဘယ်မှာ ရှိသလဲ ဆိုတာပါ မေးတယ်'

ဗိုလ်မင်းဖြတ်ဇက ပြန်ပြောလိုက်သည်။

'အဲဒါ ဘာဖြစ်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်ရမလဲ၊ ဘုရင်မကြီးက နှင်းကေသရာကို တူတော်ေ သမီးနဲ့ဒရှနဲ့ ရွှေလက်တော် ဆက်ပေးဖို့ စီစဉ်နေတယ် မဟုတ်လား။ ဒါ နှင်းကေသရာက လက်မခံဘဲ ဘုရင်မကြီးကို အာခံလာတယ် မဟုတ်လ ဘုရင်မကြီးကို အာခံလာခဲ့ကြောင်း နှင်းကေသရာရဲ့ ပါးစပ်က ပြောလို့ သိတာ။ မချစ်မနှစ်သက်တဲ့ လူနဲ့လည်း ရွှေလက်တော် မဆက်နိုင်ဘူး ပြတ်ပြတ်သားသား ပြောတယ်။ မင်းကိုလည်း မတွေ့ တွေ့အောင်ရှာပြီး မြင်း က စောင့်နေဖို့ ပြောလိုက်တယ်။ ဒါတွေကို အားလုံးစုပေါင်းပြီး တွက် ချကြည့်မယ်ဆိုရင် နှင်းကေသရာဟာ မင်းအပေါ်မှာ အစွဲလမ်းကြီး စွဲလ နေတဲ့အတွက် ဘုရင်မကြီးရဲ့ အမိန့်တော်ကို အာခံခဲ့တာ ဖြစ်ရမယ်ဆို ရှင်းမနေဘူးလား၊ ပြီးတော့ မြင်းဇောင်းနားမှာ မင်းနဲ့ နှင်းကေသရာ အ အလုန် ပြောနေကြတဲ့ စကားကို ငါချောင်းမြောင်းနားထောင်လို့ ကြား သလောက် ကြားခဲ့ပြီးပါပြီ။ မင်းနဲ့ငါ့ကို ဘုရင်မကြီး ဆင့်ခေါ်တော်မူတာ ဒီကိစ္စကြောင့် ဖြစ်ရလိမ့်မယ်'

'ဒီကိစ္စကြောင့်ဆိုရင်တော့ လွယ်ပါတယ်။ ဘုရင်မကြီးရဲ့ လိုအင် အတိုင်း သင့်တော်သလို အမိန့်ချမှတ်တော်မူဖို့ လျှောက်တင်လိုက်ရုံပဲ ရှိ တယ်။ ဘုရင်မကြီးရဲ့ အမိန့်တော်ကို နာခံမှသာ ဘုရင်မကြီးကို လေး ရောက်မယ် မဟုတ်လား'

'မင်းကသာ ဘုရင်မကြီးရဲ့ အမိန့်ကို နာခံမယ်လို့ ပြောနေ နှင်းကေသရာကတော့ ဘုရင်မကြီးရဲ့ အမိန့်တော်ကို မနာခံနိုင်ဘူးဆိုပြီး အ လာခဲ့ပြီ မဟုတ်လား။ ဘုရင်မကြီး အပ်နှင်းထားတဲ့ အဆောင်အယောင်တွေ ပြန်လည်အပ်နှင်းခဲ့ပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းလာခဲ့ပြီ မဟုတ် မင်းနောက်ကို တကောက်ကောက် လိုက်ပါတော့မယ်လို့ ပြောထားပြီးပြီ မ လား။ စောစောက နှင်းကေသရာ ပြောတဲ့စကားတွေကို ငါ အားလုံး ကြား ဒီတော့ကာ မင်း ဘာလုပ်မလဲ'

'ဘာလုပ်ရဦးမှာလဲ၊ ဘုရင်မကြီး စီမံတော်မူတာကို နာခံရမှာ'

'ဘုရင်မကြီး စီမံတာကို နာခံမယ်ဆိုရင် နှင်းကေသရာ အ မင်းရက်စက်ရာ ကျသွားမှာပေါ့။ နှင်းကေသရာရဲ့ အလိုကို မင်းမလိုက်နိုင် ဆိုရင် နှင်းကေသရာက သူ့ကိုယ်သူ သတ်သေချင်သေမှာ။ နှင်းကေသ စိတ်နေသဘောထားကို ငါသိသင့်သလောက် သိတယ်။ စောစောကဆိုရင် ကိုယ်တိုင် နှင်းကေသရာအပေါ်မှာ အထင်လွဲခဲ့မိတယ်။ အထင်လည်း တယ်။ ဒါပေမဲ့ နှင်းကေသရာနဲ့ နီးနီးကပ်ကပ် ဆက်ဆံရတဲ့အခါ နှင်းကေသ





ဘာ မှန်တယ်ထင်ရင် ဘာမဆိုလုပ်ရဲတဲ့ မိန်းကလေး တစ်ယောက်ဖြစ်ကြောင်း ငါသိလာတယ်။ မင်းအပေါ်မှာလည်း အစွဲလမ်းကြီး စွဲလမ်းနေကြောင်း ငါသိတာ ကြာပြီ။ ဘုရင်မကြီးရဲ့ အမိန့်တော်ကို ဆန့်ကျင်အာခံပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းလာတာသာ ကြည့်ပေတော့။ ခုလည်းပဲ မင်းအပေါ်မှာ နာကြည်းသွားပုံ ရတယ်'

'သိပ်နာကြည်းသွားရင် ပိုမကောင်းဘူးလား။ ဒါမှ ဘုရင်မကြီး အလိုတော်ကျ ဖြစ်လာမှာ မဟုတ်လား'

'ဘုရင်မကြီး အလိုတော်ကျ ဖြစ်လာမှာ မဟုတ်ဘူး။ သူ့ကိုယ်သူ သတ်သေသွားမှ မင်းသာ ဖွတ်မရ ဓားမဆုံးသလို ဖြစ်ကျန်ရစ်ခဲ့မှာ။ စုဆောင် သူ့ဘဝသူ အဆုံးစီရင်ဖို့ ရေကန်တော်ရှိရာကို ထွက်သွားတာလားမှ မပြော တတ်ဘဲ။ မင်းအပေါ်မှာ စိတ်နာကြည်းရုံသာ နာကြည်းမယ်ဆိုရင် ရေကန်ဆော ဘက် သွားစရာ မလိုဘူး။ စံအိမ်တော်ကိုပြန်ပြီး ဘုရင်မကြီးရဲ့ ခြေတော်အစုံကို ဦးခိုက်ကာ တောင်းပန်တိုးလျှိုးဖို့ပဲ ရှိတယ် မဟုတ်လား'

ဗိုလ်မင်းဖြတ်ဇက ပြန်ပြောလိုက်ရာ သီရိဖြတ်ကမွန်မှာ နှင်းကေသရာ အတွက် စိုးရိမ်မကင်း ဖြစ်သွားပြန်သည်။

'ဒါဖြင့် ဘာလုပ်ကြမလဲ'

'ဘာလုပ်ရမှာလဲ၊ နှင်းကေသရာရဲ့ နောက်ကို အမီလိုက်သွားပြီး နှင်းကေသရာနဲ့အတူ ဘုရင်မကြီးရဲ့ ရှေ့တော်မှောက် ဝင်ရောက်ပြီး ဘုရင်မ ကြီးကို အသနားခံဖို့ ရှိတယ်။ နှင်းကေသရာအပေါ်မှာ ဘုရင်မကြီး သံယောဇဉ် ကြီးမားသလို မင်းအပေါ်မှာလည်း ဘုရင်မကြီး သံယောဇဉ် ကြီးမားပါတယ်၊ မင်းတို့နှစ်ယောက်ရဲ့ မျက်နှာကို ရှုစားတော်မူရရင် မင်းတို့အပေါ်မှာ ရွှေစိတ် တော် လည်လာပါလိမ့်မယ်'

ဗိုလ်မင်းဖြတ်ဇသည် ဇွတ်တရားဟောနေပြန်ရာ သီရိဖြတ်ကမွန်မှာ တွေဝေ၍ နေပေသည်။

'ကဲပါ.... တွေဝေမနေစမ်းပါနဲ့၊ နှင်းကေသရာရဲ့ နောက်ကို အမီ လိုက်သွားကြရအောင်'

ဗိုလ်မင်းဖြတ်ဇသည် သီရိဖြတ်ကမွန်၏ ပခုံးကိုဖက်၍ ရေကန်တော် ရှိရာသို့ ဆွဲခေါ်သွားပေရာ သီရိဖြတ်ကမွန်မှာ တရွတ်တရွတ်နှင့် ပါသွားပေသည်။

ထိုအချိန်တွင် နှင်းကေသရာမှာ စိတ်ပျက်အားလျော့သည့် အမူအရာ ဖြင့် ရေကန်တော်အနီးမှ လေးလံထိုင်းမှိုင်းသည့် ခြေလှမ်းများဖြင့် တချင်းသွင် ဆင်းနေသည့် စမ်းချောင်းကလေး ရှိရာသို့ လာနေသည်ကို တွေ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သီရိဖြတ်ကမွန်အား စိတ်လိုက်မာန်ပါ ပြောဆိုခဲ့ပြီးနောက် နှင်းကေသရာသည် ဖြစ်လိုရာဖြစ်စေ နောက်သို့ ပြန်ဆုတ်မည် မဟုတ်ဟု စိတ်ပိုင်းဖြတ်ပြီး ထွက်လာခဲ့ခြင်း ဖြစ်သော်လည်း မိမိ၏နောက်သို့ သီရိဖြတ်ကမွန် လိုက်ပါလာလိမ့်မည်ဟု မျှော်လင့်ခဲ့ပေသည်။ ရေကန်တော်သို့ ရောက်သည့်တိုင် သီရိဖြတ်ကမွန် လိုက်လာသည်ကို မမြင်ရသဖြင့် စိတ်ထဲတွင် မခံချိမခံသာ ဖြစ်နေပေသည်။ စမ်းချောင်းကလေးကို ဖြတ်ကျော်လာခဲ့စဉ်မှာပင် သီရိဖြတ်ကမွန် လိုက်လာနိုးနိုး နောက်သို့ မကြာမကြာ လှည့်ကြည့်နေသည်ကို တွေ့ရပေသည်။

သီရိဖြတ်ကမွန် ပေါ်လာနိုးနိုးနှင့် နောက်သို့ လှည့်ကြည့်လိုက်စဉ် သီရိဖြတ်ကမွန် နှစ်သက်ခြတ်နိုးသည့် လိမ္မော်ရောင် စစ်ဝတ်စုံကို ဝတ်ဆင်ထားသူ တစ်ဦးသည် သစ်ပင်ကြီးများကို အကာအကွယ်ယူကာ စမ်းချောင်းဖြတ်ကျော်ပြီး ကံ့ကော်မြိုင်တောတန်းရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်သဖြင့် နှင်းကေသရာမှာ စိတ်အားတက်သွားပေသည်။ သီရိဖြတ်ကမွန် အဝတ်အစား လဲလှယ်နေသဖြင့် အချိန်ကြန့်ကြာသွားခြင်း ဖြစ်ရမည်ဟုလည်း မှတ်ထင်ပေသည်။ သို့ရာတွင် လိမ္မော်ရောင် စစ်ဝတ်စုံနှင့်လူသည် နှင်းကေသရာ ရှိရာသို့ မလာဘဲ ကံ့ကော်မြိုင် တောတန်းဘက်သို့ သုတ်ခြေတင်သွားသည်ကို မြင်သောအခါ နှင်းကေသရာသည် စမ်းချောင်းကို ဖြတ်ကျော်ကာ ထိုသူ၏နောက်သို့ လိုက်ပါသွားပေသည်။ နှင်းကေသရာ၏ စိတ်ထဲတွင်မူ သီရိဖြတ်ကမွန်သည် မိမိကို မမြင်သဖြင့် ကံ့ကော်မြိုင်တောတန်းဘက်တွင် မိမိ ရှိလိမ့်မည် ထင်ပြီး လိုက်သွားခြင်း ဖြစ်ရမည်ဟု ထင်မှတ်ကာ လိမ္မော်ရောင် ဝတ်စုံနှင့်လူ၏ နောက်သို့ လိုက်သွားခြင်း ဖြစ်ပေသည်။

လိမ္မော်ရောင် ဝတ်စုံနှင့်လူမှာ ခြေလှမ်းကျဲကျဲနှင့် သုတ်ခြေတင်သွားသဖြင့် နှင်းကေသရာမှာ မီအောင် မလိုက်နိုင်ဘဲ ရှိနေပေရာ နှင်းကေသရာ စိတ်မရှည်နိုင်တော့ဘဲ ထဘီစွန်တောင်ဆွဲပြီး အပြေးလိုက်လာခဲ့ပေသည်။

'စစ်သည်တော်ကြီး .... စစ်သည်တော်ကြီး သီရိဖြတ်ကမွန်'

လိမ္မော်ရောင် ဝတ်စုံနှင့် လူမှာ ဝေးသည်ထက် ဝေးသွားသဖြင့် နှင်းကေသရာသည် အံကြိတ်၍ အမီလိုက်ရင်း အသံပြုလိုက်သည်။

ထိုသို့ အသံပြုလိုက်စဉ်မှာပင် နှင်းကေသရာ၏ နားထဲတွင် ဗြိုး ခနဲ မြည်ဟည်းသွားသည့်အသံ ကြားရပြီး လိမ္မော်ရောင် ဝတ်စုံနှင့်လူမှာ မိမိ၏လည်ပင်းတွင် စိုက်ဝင်သွားသည့် ဆိပ်လူးမြားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ရှေ့သို့ မှောက်လျက်သား ကျသွားသည်ကို မြင်ရသဖြင့် နှင်းကေသရာမှာ ထိတ်လန့်တုန်လှုပ်သွားပေသည်။





'စစ်သည်တော်ကြီး .... စစ်သည်တော်ကြီး သီရိဖြတ်ကမွန်'

နှင်းကေသရာသည် ပါးစပ်မှ တတွတ်တွတ်နှင့် ခေါ်ရင်း လိမ္မော်ရောင် စစ်ဝတ်စုံနှင့်လူ လဲကျသွားသည့် နေရာသို့ အပြေးလာခဲ့ပေသည်။

အနီးသို့ ရောက်သောအခါ လိမ္မော်ရောင် စစ်ဝတ်စုံနှင့်လူမှာ လည်မျိုတွင် ဆိပ်လူးမြား စူးဝင်နေပြီး သွေးအိုင်ထဲတွင် မှောက်လျက်သား လဲနေသည်ကို မြင်ရသဖြင့် နှင်းကေသရာမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ လိမ္မော်ရောင် စစ်ဝတ်စုံနှင့်လူကို ဝင်ဖက်လိုက်သည်။

'စစ်သည်တော်ကြီး စစ်သည်တော်ကြီး သတိထားပါ၊ သတိထားပါ၊ စစ်သည်တော်ကြီး မသေပါစေနဲ့ ဘုရား။ နတ်သိကြားများ ကယ်မတော်မူပါဘုရား'

နှင်းကေသရာမှာ လိမ္မော်ရောင် စစ်ဝတ်စုံနှင့်လူကို ပွေ့ဖက်ရင်း အသည်းကွဲမတတ် ပူဆွေးဒုက္ခရောက်လျက်ရှိစဉ် မိမိရှိရာသို့ ပြေးလာသော ခြေသံများကို ကြားရပြီး တစ်စုံတစ်ယောက်သော သူက မိမိအား ပွေ့ချီလိုက်သဖြင့် ထိုသူအား လှည့်ကြည့်လိုက်ရာ သီရိဖြတ်ကမွန်၏ မျက်နှာကို မြင်လိုက်ရသဖြင့် နှင်းကေသရာမှာ မိမိ၏ မျက်စိကိုပင် မိမိ မယုံနိုင်လောက်အောင် ဖြစ်သွားပေသည်။

'ဟင် စစ်သည်တော်ကြီး မသေသေးဘူးနော်၊ ဟိုဟာက ဘယ်သူလဲ'

နှင်းကေသရာသည် သီရိဖြတ်ကမွန်၏ ရင်ခွင်တွင်းမှ နေပြီး သွေးအိုင်ထဲတွင် သေဆုံးနေသော လိမ္မော်ရောင် စစ်ဝတ်စုံနှင့်လူကို ညွှန်ပြရင်း မေးလိုက်သည်။

ထိုအခိုက်တွင် သီရိဖြတ်ကမွန်နှင့် အတူပါလာသော ဗိုလ်မင်းဖြတ်ခက သွေးအိုင်ထဲတွင် သေဆုံးနေသူ၏ ရုပ်အလောင်းကို ပက်လက်ဖြစ်သွားအောင် ဆွဲလှန်လိုက်ရာ ထိုသူမှာ အခြား မဟုတ်။ သစ္စာဖောက် မင်းသိဒ္ဓတ် ဖြစ်နေသဖြင့် နှင်းကေသရာမှာ ကြက်သေ သေပြီး ငေးစိုက်ကြည့်နေမိပေသည်။

'ဟင် မောင်တော် မင်းသိဒ္ဓတ်ပါလား။ ဘယ်သူ့ လက်ချက်များပါလိမ့်'

နှင်းကေသရာ၏ နှုတ်ဖျားမှ လွှတ်ခနဲ ထွက်သွားပေသည်။

'အင်း ကြမ္မာဝင်ချင်တော့ ကြုံဖန်ပြီး ဖြစ်ရတာပဲ။ ဘယ်သူ့လက်ချက်မှ မဟုတ်ဘူး။ သူ့လူယုံတော် လေးသည်တော် စောနုသိန်ရဲ့လက်ချက် ဖြစ်မှာပဲ၊ စောနုသိန်က ကျွန်ုပ်ကို ချောင်းမြောင်းပစ်ခတ်ဖို့ ဒီနေရာက စောင့်နေတာ၊ ကြမ္မာဝင်ချင်တော့ ကျုပ် ဝတ်စားဆင်ယင်နေကျ လိမ္မော်ရောင် ဝတ်စုံကိုမှ မင်းသိဒ္ဓတ် ဝတ်ဆင်ဖြစ်အောင် ဝတ်ဆင်လာခဲ့ရတယ်။ ကျွန်ုပ်ကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com



မင်းသိဒ္ဓတ် ခါးစာဝင်ခံသွားတာပဲ။ ဘာပဲဖြစ်ဖြစ် မင်းပြစ်မင်းဒဏ် သင့်ပြီးသောဒဏ်စီရင်ခြင်း ခံရတာနဲ့စာရင် ခုလို သေရတာက သူ့အဖို့ မြတ်သေးတာပဲ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်သေးဘူး။ သွားကြမယ်'

သီရိဖြတ်ကမွန်သည် ပြောပြောဆိုဆို နှင်းကေသရာကို ကလေးငယ်ပွေ့ချီသလို ပွေ့ချီပြီး စမ်းချောင်းကို ဖြတ်ကျော်ကာ ဥယျာဉ်တော် ရှိရာသို့ သုတ်ခြေတင်ပြီး လာခဲ့ပေသည်။

ဗိုလ်မင်းဖြတ်ဇမှာမူ အရိပ်အာဝါသ ကောင်းလှသည့် သစ်ပင်ကြီးများ ခြေရင်းမှနေပြီး ဒူးလေးနှင့် ချောင်းမြောင်း ပစ်သတ်ခဲ့သည့် လေးသည်တော် စောနသိန် ရှိရာသို့ သင်ပင်များကို အကာအကွယ်ယူကာ လေ၏လျင်မြန်ခြင်းဖြင့် အပြေးအလွှား သွားရောက်ပြီး စောနသိန်အား လက်ရဖမ်းဆီးမိရန် ကြိုးစားရာ၊ စောနသိန်က ပြန်လည်ခုခံသဖြင့် ဗိုလ်မင်းဖြတ်ဇသည် မိမိ၏ လက်တွင်ပါလာသော ခါးမြှောင်ဖြင့် ချက်ကောင်းကို ဝင်ထိုးပြီး စောနသိန်ကို တရွတ်ဆွဲ၍ ခေါ်လာခဲ့ပေသည်။

သွေးအိုင်ထဲတွင် သေဆုံးနေသော မင်းသိဒ္ဓတ်ကို မြင်ရသောအခါ စောနသိန်မှာ ဆောက်တည်ရာမရ ဖြစ်သွားပြီး မိမိ၏ ဒဏ်ရာကိုပင် မိမိ သတိမရနိုင်တော့ဘဲ မင်းသိဒ္ဓတ်၏ ကိုယ်ပေါ်သို့ မိမိကိုယ်ကိုမိမိ ပစ်ချလိုက်သည်။

'သခင်ကြီးဘုရား၊ သခင်ကြီးဘုရား၊ သခင်ကြီးဘုရားကို ကျွန်တော်မျိုးကြီး သတ်မိပါပေါ့လား ဘုရား။ လူမှားပြီး သတ်မိတာကို ခွင့်လွှတ်တော်မူပါ သခင်ကြီး ဘုရား'

စောနသိန်သည် တုန်ယင်သောအသံများနှင့် ပြောရင်း တဖြည်းဖြည်း အသံပျောက်ကွယ်သွားကာ အရှင်သခင်ဖြစ်သူ၏ ခန္ဓာကိုယ်ကို ပွေ့ဖက်ရင်း အသက်ထွက်၍ သွားပေသည်။ နှင်းကေသရာမှာမူ သီရိဖြတ်ကမွန်နှင့် ပါသွားသဖြင့် ဤအခြင်းအရာကို မမြင်လိုက်ရတော့ပေ။

## အခန်း ၄၃

စံအိမ်တော်အတွင်းမှ တီးမှုတ်ဖျော်ဖြေလျက်ရှိသော တူရိယာ ဂီတသံများ လေသင့်သည့် အခါများတွင်သာ ကြားရသည့် ဥယျာဉ်တော်တစ်နေရာရှိ ကြီးမားသော သစ်ပင်အောက်တွင် နှင်းကေသရာသည် ခြေပစ်လက်ပစ် ထိုင်နေရင်း စံအိမ်တော်ဆီသို့ ငေးစိုက်ကြည့်နေသည်ကို မြင်ရပေသည်။





သီရိဖြတ်ကမွန်မှာမူ နှင်းကေသရာအား အကဲခတ်ရင်း နှင်းကေသရာ၏ အနီးတွင် လက်ပိုက်ပြီး မတ်တတ်ရပ်နေသည်ကို မြင်ရပေသည်။

တစ်ယောက်နှင့်တစ်ယောက် အချိန်ကြာမြင့်စွာ စကားမပြောဘဲ မိမိတို့၏ ကိုယ့်စိတ်ကူးနှင့်ကိုယ် ခြေဦးတည့်ရာကို စဉ်းစားတွေးတောနေကြရာမှ နှင်းကေသရာသည် သက်ပြင်းမှုတ်ထုတ်လိုက်ပြီး မိမိအား မျက်ခြေမပြတ် ကြည့်နေသော သီရိဖြတ်ကမွန်ဘက်သို့ လှည့်ကြည့်လိုက်သည်။ နှင်းကေသရာ၏ မျက်နှာမှာ ညှိုးငယ်လျက်ရှိပြီး အသားအရေမှာလည်း ဖြူဖပ်ဖြူရော်ဖြစ်နေသည်ကို တွေ့ရပေသည်။

'နှင်းကေသရာအတွက် စစ်သည်တော်ကြီး သီရိဖြတ်ကမွန်ကို ဘုရင်မကြီး ရွှေစိတ်တော် ကွက်တော်မူပြီ ထင်တယ်။ စစ်သည်တော်ကြီး ဘယ်လိုကြံကြမလဲ'

နှင်းကေသရာသည် သီရိဖြတ်ကမွန် အတွက် စိုးရိမ် မကင်းသည့် အမူအရာဖြင့် စကားစလိုက်သည်။

ဝင်လုဆဲဆဲ အနီရောင်သမ်းနေသည် နေလုံးကြီးမှ ဖြာထွက်လာသော လင်းရောင်ခြည်သည် ဖြူဖွေးသော တိမ်တိုက်မှတစ်ဆင့် ရောင်ပြန်ဟပ်လျက် ရှိသဖြင့် နှင်းကေသရာ၏ ဖြူဖပ်ဖြူရော်ဖြစ်နေသည့် အသားအရေကို ပြည်ဝင်းဝါ၍ သွားစေသည်။ ဖွာရရာ ဖြစ်နေသော နှင်းကေသရာ၏ ဆံပင်မှာလည်း ဝင်လုဆဲဆဲ နေရောင်ခြည်ဟပ်သဖြင့် တဖိတ်ဖိတ်တောက်လျက် ရှိနေသည်။

'သီရိဖြတ်ကမွန်ရဲ့ ရေ့ရေးကို တွေးပြီး ပူပန်တော်မမူပါနဲ့'

သီရိဖြတ်ကမွန်က တည်ငြိမ်သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

'ပူပန်တော်မမူပါနဲ့ ဆိုပေမဲ့ နှင်းကေသရာကြောင့် စစ်သည်တော်ကြီး အပေါ်မှာ ဘုရင်မကြီး ရွှေစိတ်တော် ကွက်သွားပြီး ရာဇဒဏ် ခတ်မှာကို နှင်းကေသရာ မပူပန်ဘဲ မနေနိုင်ဘူး။ ဘုရင်မကြီးရဲ့ အမိန့်တော်ကို နှင်းကေသရာ ဆန်ပြီး အာခံခဲ့တာဟာ စစ်သည်တော်ကြီး အားကိုးရှိလို့ဆိုပြီး ဘုရင်မကြီး ရွှေစိတ်တော် ကွက်တော်မူတာ ဖြစ်လိမ့်မယ်'

နှင်းကေသရာက ပြန်ပြောလိုက်သည်။

'ဘုရင်မကြီး ရွှေစိတ်တော် ကွက်တော်မူကြောင်း နှင်းကေသရာ ဘယ်လိုလုပ်ပြီး သိနိုင်ပါသလဲ'

'ဒီနေ့ညနေ စစ်သည်တော်ကြီးကို ဘုရင်မရှေ့တော်မှောက် အစားအသောက်ပွဲသို့ စောစောက ချမှတ်တော်မူခဲ့တဲ့ အမိန့်ကို ပယ်ဖျက်လိုက်ပြီ မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



စစ်သည်တော်ကြီးကို ဘုရင်မက ဘာဖြစ်လို့ အခစားဝင်ခွင့် မပြုတာလဲ ရွှေစိတ်တော် ကွက်တော်မူလို့သာ ဖြစ်ရမှာပေါ့'

ဒီနေ့ညနေ အခစား ဝင်ဖို့ ဆင့်ခေါ်ထားတဲ့ အမိန့်တော်ကို ပယ်ဖျက် တော်မူတာဟာ အကြောင်းကိစ္စ တစ်ခုခုကြောင့် ဖြစ်ပါလိမ့်မယ်။ ဒီနေ့ည အခစားဝင်ခွင့်မရပေမယ့် နက်ဖြန်ဆို ဆင့်ခေါ်ချင် ခေါ်ပါလိမ့်မယ်'

'အကြောင်းကိစ္စ တစ်ခုခုကြောင့် ဆိုတာတော့ မဖြစ်နိုင်ဘူး။ အရင် က ဘုရင်မကြီး ဆင့်ခေါ်တော်မူတုန်းက စစ်သည်တော်ကြီး သီရိဖြတ်ကမ္ဘန်နဲ့ ဗိုလ်မင်းဖြတ်ဇကို ဒီနေ့ညနေ ဘုရင်မကြီးရဲ့ ခြေဖဝါးတော်အောက် အခစား ဝင်စေဖို့ အမိန့်တော်ပြန် ချမှတ်တော်မူခဲ့တယ် မဟုတ်လား။ ခုဆိုရင် စစ်သည် တော်ကြီး သီရိဖြတ်ကမ္ဘန် တစ်ဦးတည်းကိုသာ ဝကွက်ပြီး ချန်ခဲ့တယ် မဟုတ် လား။ ဗိုလ်မင်းဖြတ်ဇ အခစား ဝင်နေပြီ မဟုတ်လား'

ဗိုလ်မင်းဖြတ်ဇ တစ်ဦးတည်းကိုသာ အခစားဝင်ခွင့်ပြုတာဟာလည်း ရှိနိုင်လို့တဲ့ အကြောင်းတစ်ခုခုကြောင့် ဖြစ်ရပါလိမ့်မယ်။ ဘုရင်မကြီး ကျောသား ရင်သား မခွဲခြားတတ်ပါဘူး။ တရားမျှတမှုကို လက်ကိုင်ထား ဖြစ်ပါတယ်။ ဗိုလ်မင်းဖြတ်ဇကို ထိုက်သင့်တဲ့ ဆုတော် လာဘ်တော်နဲ့ ရာ ဋ္ဌာနန္တရ ချီးမြှင့်လိုတော်မူတဲ့အတွက် သီးခြားဆင့်ခေါ်ခြင်း ဖြစ်ပါလိမ့်မယ်'

'ဘာပဲပြောပြော နှင်းကေသရာတော့ စစ်သည်တော်ကြီး သီရိဖြတ်ကမ္ဘန် အတွက် စိုးရိမ်ပူပန်တာပါပဲ။ နှင်းကေသရာ အတွက် စစ်သည်တော်ကြီး ရွှေစိတ်တော်ကွက်ပြီး ရာဇဒဏ်ခတ်မှာကို နှင်းကေသရာ သိပ်စိုးရိမ်တာ နှင်းကေသရာအတွက် အပြစ်မရှိတဲ့ စစ်သည်တော်ကြီး အပေါ်မှာ ဘုရင်မကြီး မျက်မာန်တော်ရှမှာကို စိုးရိမ်ပူပန်တယ်။ ဘုရားသိကြား မ လို့ စစ်သည်တော်ကြီး အပေါ်မှာ ဘုရင်မကြီး ရွှေစိတ်တော် မကွက်တော် မူပါစေနဲ့ ဘုရား။ သမ္မာ နတ်ကောင်း နတ်မြတ်များ စောင့်ရှောက်တော်မူပါ ဘုရား'

'ငမိုက်သား သီရိဖြတ်ကမ္ဘန်အတွက် ဘာဖြစ်လို့ ဒါလောက်အောင် စိုးရိမ်ပူပန်နေရတာလဲ'

'နှင်းကေသရာအတွက် အပြစ်ဒဏ် ခံရမှာကို မကြည့်ရက်လို့ပေါ့ ဘုရင်မကြီး ရွှေစိတ်တော် ကွက်တော်မူရင် စစ်သည်တော်ကြီးကို ပြည်နှင် ပေးချင်ပေးလိမ့်မယ်။ ထောင်သွင်း အကျဉ်းထားချင် ထားလိမ့်မယ်။ ကား တင်ပြီး ရင်ခွဲ၊ အသည်းနေပူလှန်းချင် လှန်းလိမ့်မယ်။ စစ်သည်တော်ကြီး အပြစ်ပေး ခံရရင်တော့ နှင်းကေသရာ အသည်းကွဲပြီး သေရမှာပဲ'

'ဒါလောက်တောင် စိုးရိမ်မနေပါနဲ့။ ကံနဲ့ ကံရဲ့အကျိုးတရား





မမိုတ်မသုန် ယုံကြည်ပြီး အသင့်အတင့် နှလုံးသွင်းခမ်းပါ၊ ပြီးတော့ ဘုရင်မ ကြီးရဲ့ စိတ်နေသဘောထား အင်မတန် နူးညံ့ပျော့ပျောင်းပါတယ်၊ သနားညှာတာ တဲ့ စိတ်လည်း ရှိပါတယ်။ တရားမျှတမှုကိုလည်း အခြေခံ လက်ကိုင် ထားသူလည်း ဖြစ်ပါတယ်။ ဒါလောက်တောင် အစိုးရိမ်မကြီးပါနဲ့'

'ဘုရင်မကြီးရဲ့ စိတ်နေသဘောထား နူးညံ့ပျော့ပျောင်းတယ်ဆိုတာ နှင်းကေသရာ မယုံဘူး။ သနားညှာတာတဲ့ စိတ်လည်း မရှိဘူး။ ကိုယ်ချင်းစာ တရားလည်း လက်ကိုင်မထားဘူး။ မိန်းမချင်း ကိုယ်ချင်းစာနာရမှန်းလည်း မသိဘူး။ ချစ်တဲ့သူနဲ့ ကွေကွင်းရပြီး မချစ်မနှစ်သက်တဲ့ သူနဲ့ အတူတကွ ပေါင်းသင်းနေထိုင်ရရင် တစ်သက်လုံး စိတ်ချမ်းသာနိုင်ပါတော့မလား။ ဒါကို တောင် ကိုယ်ချင်းစာနာရမှန်း မသိဘူး။ ဘာပဲပြောပြော နှင်းကေသရာတော့ ဘုရင်မကြီးရဲ့ အလိုကို မလိုက်နိုင်ဘူး။ သေစရာရှိရင် စစ်သည်တော်ကြီးနဲ့ တွဲကြပြီး သေမယ်။ စစ်သည်တော်ကြီး သီရိဖြတ်ကမ္ဘန်က လွဲပြီး ဘယ်သူ့ကိုမှ မကြည်ဖြူနိုင်ဘူး'

နှင်းကေသရာသည် ပြောပြောဆိုဆို ထိုင်ရာမှ ထ လာပြီး သီရိဖြတ် ကမ္ဘန်၏ ရင်ခွင်ထဲတွင် ၎င်း၏မျက်နှာကို ဝှက်ပြီး စိတ်ထဲရှိသမျှ သွန်ထုတ် လိုက်သည်။

'ဒါနဲ့ တစ်ခါတုန်းက လျှာတစ်ချောင်းနဲ့ လူရောင်းစားနေတဲ့ လူယုတ်မာ ရဲ့ မျက်နှာကို မကြည့်ချင်ဘူး ဆို'

နှင်းကေသရာ တစ်ခါက ပြောခဲ့သည့် စကားလုံးများဖြင့် သီရိ ဖြတ်ကမ္ဘန်က ပြန်ပြောလိုက်သည်။

'နှင်းကေသရာ ပြောခဲ့မိတဲ့ စကားတွေကြောင့် နှင်းကေသရာ အပေါ် မှာ အခဲမကျေနိုင်ဘူးပေါ့လေ။ အခဲမကျေနိုင်ဘူးဆိုရင် စစ်သည်တော်ကြီးရဲ့ လက်သုံးတော်ကိုးသချိုင်းသံမားနဲ့ နှင်းကေသရာကို ခုတ်သတ်လိုက်ပါ၊ နှင်း ကေသရာ ရဲရဲကြီး အသေခံသွားပါ့မယ်'

'လူယုတ်မာရဲ့ လက်ချက်နဲ့ ဘာဖြစ်လို့ အသေခံချင်ရတာလဲ၊ နှင်း ကေသရာ ညစဉ်အိပ်ရာဝင် ဘုရားရှိခိုးတဲ့အခါတိုင်း သူတော်ကောင်းနဲ့ ပေါင်းရ ပါစေ၊ သူယုတ်မာနဲ့ ဝေးပါစေလို့ ဆုတောင်းခဲ့တယ် မဟုတ်လား။ ဒီလို ဆုတောင်း နေတဲ့ကြားက သူတော်ကောင်းနဲ့ မတွေ့ရဘဲ သူယုတ်မာနဲ့ချည်း တွေ့နေရတယ် မဟုတ်လား။ အဲဒီ သူယုတ်မာတွေ အထဲမှာ ငမိုက်သား သီရိဖြတ်ကမ္ဘန်လောက် ဆက်ဆုပ် ရွံရှာစရာကောင်းတာ မရှိတော့ဘူး မဟုတ်လား။ သားရေပေါ် အိပ်ပြီး သားရေနားစားခဲ့တဲ့ ငမိုက်သား သီရိဖြတ်ကမ္ဘန်အတွက် ဘာဖြစ်လို့ ဒါလောက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင် အခိုးရိုမ် ကြီးနေရတာလဲ။ ဘာဖြစ်လို့ ဒါလောက်တောင် သံယော ကြီးမားနေရတာလဲ။ ဒါလောက်တောင် စက်ဆုပ် ရွံရှာစရာကောင်း ဒွေထုတ်မှာ ငမိုက်သား သီရိဗြတ်ကမ္ဘန်ကို မုန်းပစ်လိုက်ပါတော့လား'

သီရိဗြတ်ကမ္ဘန်က စောစောက လေသံအတိုင်း မိမိ အပေါ် နှင်းကေသရာ တစ်ခါက စွပ်စွဲပြောဆိုခဲ့သည့် စကားများဖြင့် နှင်းကေသရာအား ပြန်လည်ချေပလိုက်ရာ၊ နှင်းကေသရာမှာ အနာပေါ် တုတ်ကျသလို ဖြစ်သွား အောင့်သက်သက်ဖြစ်သွားကာ သီရိဗြတ်ကမ္ဘန်၏ ရင်ခွင်ထဲတွင် မျက်နှာ အပ်ထားရာမှ နောက်သို့ တစ်လှမ်းဆုတ်လိုက်ပြီး သီရိဗြတ်ကမ္ဘန်၏ မျက်နှာ ကို စိန်းစိန်းကြီးကြည့်ရင်း မချင့်မရဲ ဖြစ်လာသဖြင့် သီရိဗြတ်ကမ္ဘန်၏ ကျယ်ပြန့် သော ရင်အုပ်ကို ၎င်း၏ ဖြူဖွေးနူးညံ့သည့် လက်သီးများဖြင့် ထုနက်နေသည်။

'ဒါလောက်တောင် အသဲအမဲ ကြီးရသလား။ စစ်သည်တော်ကြီး အပေါ်မှာ နှင်းကေသရာ အထင်လွဲခဲ့တုန်းက စိတ်လိုက်မာန်ပါ ပြောခဲ့မိ တွေကို မေ့ပစ်လိုက်ပါတော့လား။ ဒါလောက်တောင်ပဲ အမှတ်အသား ကြီး သလား'

'ပြောရတဲ့ လူကတော့ မေ့လွယ်ပျောက်လွယ် ရှိမှာပေါ့။ အပြော ရတဲ့ လူကတော့ ဘယ်မှာ မေ့နိုင်မှာလဲ။ ကိုယ်ချင်းလည်း စာနာကြည့်ဦးမှပေါ့'

သီရိဗြတ်ကမ္ဘန်က နှင်းကေသရာ မခံချိမခံသာ ဖြစ်သွားအောင် ပြောလိုက်ရာ နှင်းကေသရာမှာ အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက် ခဲထားသည့်ကြားမှ မျက်ရည်များ စီးကျလာပေသည်။

'ပြောတော့ .... ပြောတော့၊ နှင်းကေသရာရဲ့ အပြစ်ကို နှင်းကေသရာ ဝန်ခံပါတယ်။ စစ်သည်တော်ကြီး အပေါ်မှာ နှင်းကေသရာ ပြောမှားဆိုမှား ပြောဆိုမိခဲ့တာတွေကို ဝန်ချတောင်းပန်ပါတယ်။ ကျေပါတော့။ ဒါမှ မကျေ နိုင်သေးဘူးဆိုရင် စစ်သည်တော်ကြီးရဲ့ လက်သုံးတော် ကိုးသချိုင်းသံဓားနဲ့သာ အမိုက်မကို အဆုံး စီရင်လိုက်ပါတော့'

နှင်းကေသရာက လည်စင်းပေးရင်း ပြောလိုက်ရာ သီရိဗြတ်ကမ္ဘန် မှာ မကြည့်ရက်နိုင်တော့သဖြင့် နှင်းကေသရာအား ပွေ့ဖက်ပြီး ၎င်း၏ ရင်ခွင် ထဲသို့ ဆွဲသွင်းလိုက်ရာ နှင်းကေသရာသည် တရှုပ်ရှုပ်ငိုနေရာ ၎င်း၏ မျက်ရည် များကို သီရိဗြတ်ကမ္ဘန်၏ အင်္ကျီဖြင့် သုတ်ပစ်လိုက်သည်။

'နှင်းကေသရာ အပေါ်မှာ အခဲမကျေနိုင်လို့ ဒီစကားတွေ ပြောနေတာ မဟုတ်ပါဘူး။ နှင်းကေသရာ မာန်မာနတရားတွေ ဖုံးလွှမ်းခဲ့စဉ်က အမှား





အမှန်ထင်၊ မိတ်ဆွေကို ရန်သူထင်ပြီး ရန်သူကို မိတ်ဆွေထင်ခဲ့တာတွေကို သိရအောင် သတိပေးလိုက်တာပါ'

သီရိဗြတ်ကမ္ဘန်က နှစ်သိမ့်လိုက်သည်။

'နှင်းကေသရာမှာ မာန်မာနတရားတွေ မရှိတော့ပါဘူး၊ စစ်သည် တော်ကြီးနဲ့ ဘဝတူ ဖြစ်လာပါပြီလို့ ပြောထားပြီးပြီ မဟုတ်လား၊ ဒါက အရေး မကြီးဘူး၊ စစ်သည်တော်ကြီး အပေါ်မှာ ဘုရင်မကြီး ရွေစိတ်တော် ကျခဲ့တော် မူရင် စစ်သည်တော်ကြီး မင်းပြစ်မင်းဒဏ် သင့်လိမ့်မယ်။ ဘုရင်မကြီး ရာဇဒဏ် ခတ်ခင် လွတ်ရာကျွတ်ရာကို ပြေးကြပါစို့လား။ အင်းဝဘက်ကို ပြေးပြီး အေးအေးဆေးဆေး လုပ်ကိုင်စားသောက်ကြပါစို့လား'

နှင်းကေသရာက လွတ်ရာကျွတ်ရာ ထွက်ပြေးရန် အကြံပေးလိုက် သည်။

'လွတ်ရာကျွတ်ရာ ထွက်ပြေးတယ်ဆိုတာ နိုင်ငံတော်ရဲ့တာဝန်ကို ရှောင်ဖယ်ဖိမ်းတာနဲ့ အတူတူပဲ။ နိုင်ငံတော်အပေါ်မှာ သစ္စာမဲ့ရာလည်း ကျပါတယ်၊ သစ္စာမရှိတဲ့ လူတွေရဲ့ အလုပ်ပါ။ နိုင်ငံတော်ကို ကိုယ်စားပြုတော်မူတဲ့ ဘုရင်မကြီး အပေါ်မှာ မမိုတ်မသုန် ယုံကြည်ပြီး ဘုရင်မကြီး အပေါ်မှာ သစ္စာ ရှိစွာဖြင့် ဘုရင်မကြီးရဲ့ တရားမျှတတဲ့ အဆုံးအဖြတ်ကို နာခံခြင်းသာလျှင် အကောင်းဆုံးနည်းလမ်း ဖြစ်ပါတယ်'

သီရိဗြတ်ကမ္ဘန်က တည်ငြိမ်သည့် အမူအရာနှင့် ပြန်ပြောလိုက်သည်၊

'ဒါဖြင့် လာလေ၊ ဘုရင်မကြီးရဲ့ အဆောင်တော်ကိုဝင်ပြီး အသနား ခံမယ်။ စစ်သည်တော်ကြီးမှာ ဘာအပြစ်မှ မရှိဘူး ဆိုတာ နှင်းကေသရာ လျှောက်တင်မယ်။ ဘုရင်မကြီးရဲ့ ခြေတော်စုံကို ဦးခိုက်ပြီး စစ်သည်တော်ကြီး ကို ချမ်းသာပေးဖို့ နှင်းကေသရာ အသနားခံမယ်။ နှင်းကေသရာကို ရွှေ စိတ်တော် ကွက်ပြီး သေဒဏ်အမိန့် ပေးချင် ပေးပါစေ။ နှင်းကေသရာ မျက်ရည်ခံ ပြီး တိုးလျှိုးတောင်းပန်မယ်။ လာ .... သွားကြစို့'

နှင်းကေသရာက သီရိဗြတ်ကမ္ဘန်အား ဆွဲခေါ်နေပေသည်။

'ဘုရင်မကြီးရဲ့ အဆောင်တော်တွင်းကို အမိန့်တော်မရှိဘဲ ဘယ်သူမှ ဝင်ရဘူး မဟုတ်လား။ ဘုရင်မကြီး ဆင့်ခေါ်တော်မူမှ သွားကြတာ ကောင်း ပါတယ်'

'ဘုရင်မကြီးရဲ့ အမိန့်တော်သော ဘာသော ညာသော နားမလည် ဘူး၊ အမိန့်တော် မရှိဘဲ ဝင်ရမလား ဆိုပြီး နှင်းကေသရာကို သေဒဏ်အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးချင်ဆေးပေစေ။ ဖွတ်အတင်း ဝင်ပြီး ခြေတော်စုံကို ဖက်မှာပဲ။ ကဲပါ — သွားကြပါစို့'

နှင်းကေသရာက ဖွတ်အတင်း ဆွဲခေါ်နေပေရာ သီရိဖြတ်ကမွန်သည် နှင်းကေသရာနှင့်အတူ တန်းလန်း တန်းလန်းနှင့် ပါသွားပေသည်။

ထိုအချိန်တွင် ဘုရင်မကြီး၏ သီးသန့်အဆောင်တော် အတွင်း၌ ဘုရင်မကြီး၏ ဆင့်ခေါ်တော်မူချက် အရ မင်းကြီးသက်တော်ရှည်သည် ပန်းလှိုင်ထိပ်ထား သီရိမာလာ သခင်မနှင့်အတူ အခစား ရောက်လျက်ရှိသည်ကို တွေ့ရပေသည်။

'မင်းကြီးသက်တော်ရှည်'

'ခစားလျက် ရှိကြောင်းပါ ဘုရား'

'သီရိမာလာရဲ့ မတ်တော်မောင် နတ်ရွာစံ ဆောင်းတူးမြို့စားကြီး လှုပ်ကြံမှုနဲ့ ပတ်သက်ပြီး တူတော်မောင် မင်းသိဒ္ဓတ် အပေါ်မှာ အရေးယူနိုင်လောက်အောင် သက်သေအထောက်အထား အခိုင်အလုံ ရရှိထားတယ် ဆိုတာ မှန်သလား'

ဘုရင်မကြီးက အမေးတော် ရှိလိုက်သည်။

'မှန်လှပါ၊ သစ္စာဖောက် ဗိုလ်မှူးသမိန်စက္ကဝေါထံမှ မင်းသိဒ္ဓတ်က ပေးပို့လိုက်သည် ညွှန်ကြားလွှာကို လက်ဝယ် ရရှိထားပြီး ဖြစ်ကြောင်းပါ ဘုရား။ ထိုညွှန်ကြားလွှာတွင် နတ်ရွာစံ မြို့စားကြီးကို အဆုံးစီရင်ခဲ့သည့်နည်းတူ မြို့စားလေး ဗညားအိမ်ကို လုပ်ကြံသတ်ဖြတ်ရန်နှင့် စစ်သည်တော်ကြီး သီရိဖြတ်ကမွန်ကိုပါ ရှင်းလင်းသုတ်သင်ပစ်ရန် ညွှန်ကြားချက်များ ပါရှိကြောင်းပါ ဘုရား။ ထို့ပြင်တဝ နှင်းကေသရာ သခင်မရဲ့ အထိန်းတော်ကြီး ဒေါ်အိုဇာရဲ့ အစစ်ခံချက်အရ မင်းသိဒ္ဓတ်ရဲ့ ကိုယ်ရံတော်တပ်မှူး လေးသည်တော် စောနုသိန်က သစ္စာဖောက် သမိန်စက္ကဝေါကိုယ်တိုင် အမိန့်ပေးနေသည်ကို နားနှင့်ဆတ်ဆတ် ကြားခဲ့ရကြောင်း သိရပါတယ် ဘုရား'

'ဒါဖြင့် ကောင်းပြီ၊ မင်းသိဒ္ဓတ်ကို ဘုရင်မကြီး ကိုယ်တော်တိုင် စစ်ဆေးတော်မူမယ်။ မင်းသိဒ္ဓတ်နဲ့ လေးသည်တော် စောနုသိန်ကိုပါ ဘုရင်မကြီးရဲ့ ရှေ့တော် သွင်းစေ'

ဘုရင်မကြီးက မိန့်တော်မူလိုက်သည်။

'မှန်လှကြောင်းပါ၊ တူတော်မောင် မင်းသိဒ္ဓတ် ထွက်ပြေးတိမ်းရှောင် သွားပြီ ဖြစ်ကြောင်းပါ'

သီရိမာလာက ဝင်ပြီး လျှောက်တင်လိုက်သည်။





'မင်းသိဒ္ဓတ် ထွက်ပြေး တိမ်းရှောင်သွားကြောင်းကို သီရိမာလာ ဘယ်လိုလုပ်ပြီး သိသလဲ'

'တူတော်မောင်အတွက် သီးသန့်ထားရှိတဲ့ အဆောင်တော်တွင်းကို ဝင်ရောက်ရှာဖွေကြည့်တဲ့အခါ တူတော်မောင်ကို မတွေ့ရတော့ဘဲ သူ့ရဲ့ ဝတ်လဲတော်များကို ချွတ်ပုံပြီး ထားခဲ့သည်ကိုသာ တွေ့ရကြောင်းပါ ဘုရား၊ ဒေါ်အိုဇာရဲ့ အခန်းထဲမှာ သိမ်းဆည်းထားတဲ့ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်ရဲ့ လိမ္မော်ရောင် စစ်ဝတ်စုံ သုံးစုံမှာလည်း ဒေါ်အိုဇာ၏ အခန်းထဲတွင် မရှိတော့ဘဲ လိမ္မော်ရောင် စစ်ဝတ်စုံ သုံးစုံအနက် နှစ်စုံမှာ တူတော်မောင်ရဲ့ အခန်းထဲသို့ ရောက်ရှိနေကြောင်းပါ ဘုရား။ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်ရဲ့ လိမ္မော်ရောင် စစ်ဝတ်စုံကို လဲလှယ်ဝတ်ဆင်ပြီး ထွက်ပြေးတိမ်းရှောင်သွားခြင်း ဖြစ်လိမ့်မည်ဟု ယူဆဖွယ်ရာ ရှိကြောင်းပါ ဘုရား'

သီရိမာလာက လျှောက်တင်လိုက်သည်။

'ကောင်းပြီ၊ မင်းသိဒ္ဓတ်နဲ့ စောနုသိန်ကို တွေ့ရာနေရာတွင် ဖမ်းဆီးပြီး ဘုရင်မရဲ့ ရှေ့တော်မှောက် သွင်းစေ'

ဘုရင်မကြီးက မိန့်တော်မူလိုက်ရာ မင်းကြီးသက်တော်ရှည်သည် ရဲသားများအား မင်းသိဒ္ဓတ်နှင့် စောနုသိန်အား တောနင်းရှာဖွေပြီး ဖမ်းဆီးခေါ်ဆောင်လာရန် အမိန့်ပေးလိုက်သည်။

'ဘုရင်မကြီးကို လုပ်ကြံဖို့ အကြံအစည်နဲ့ ပတ်သက်ပြီး မင်းကြီးသက်တော်ရှည် သိသမျှ လျှောက်တင်စမ်းပါဦး'

ဘုရင်မကြီးက မိန့်တော်မူလိုက်ပြန်သည်။

'မှန်လှကြောင်းပါ၊ ဘုရင်မကြီးအား လုပ်ကြံရန် အကြံအစည်မှာ ဗိုလ်မင်းဖြတ်ဇနှင့် သီရိဖြတ်ကမွန်တို့၏ တွန်းလှန်ဖြိုဖျက်မှုကြောင့် လုံးဝပျက်ပြားသွားပြီဖြစ်၍ စိုးရိမ်ကြောင့်ကြတော်မူရန် မရှိတော့ကြောင်းပါ ဘုရား။ ကြံရာပါများအနက် ခေါင်းဆောင်များကို မလွှဲမရှောင်သာ၍ ရှင်းလင်းသုတ်သင်ပစ်လိုက်ရပြီး ကြံရာပါ အချို့ကိုမူ လက်ရ ဖမ်းဆီးရမိထားပြီး ဖြစ်ကြောင်းပါ ဘုရား'

'ဘုရင်မကို လုပ်ကြံဖို့ ကြံစည်တယ် ဆိုတာကော ဟုတ်မှ ဟုတ်ပါလေစ၊ ဖြတ်ဇနဲ့ ဖြတ်ကမွန်တို့ အစိုးရိမ်ကြီးပြီး အရိပ်ကို ရန်သူထင်နေကြတာများ ဖြစ်နေမလား'

'အရိပ်ကို ရန်သူ ထင်မှတ်နေခြင်း မဟုတ်ကြောင်းပါ ဘုရား။ ဗိုလ်မင်းဖြတ်ဇကိုယ်တိုင် အင်းဝမှ စေလွှတ်လိုက်သော သစ္စာဖောက်မင်းနန္ဒာ အသွင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီးကို လုပ်ကြံရန် ကြံစည်အားထုတ်နေသူများအား အယုံသွင်းသော ၄င်းတို့၏ အကြံအစည်ကို စုံစမ်းလေ့လာပြီးမှ အတွင်းမှနေ၍ ပူးသတ်ခဲ့ရခြင်း ဖြစ်ကြောင်းပါ ဘုရား။ လက်ရ ဖမ်းဆီးမိထားသော သစ္စာဖောက် အချို့ ကလည်း ၄င်းတို့၏ အကြံအစည်များကို ဖြောင့်ဆိုဝန်ခံကြပြီ ဖြစ်ကြောင်းပါ'

'အင်း မိုက်တွင်းနက်လှချည့်လား။ ဒီလိုဆိုရင် ဘုရင်မကို ဖြတ်ဇ လျှောက်ထား သတိပေးခဲ့တာဟာ မှန်နေပြီပေါ့'

'အမှန်ပင် ဖြစ်ကြောင်းပါ ဘုရား'

'အင်း .... ဖြတ်ကမ္ဘန် ဖြတ်ကမ္ဘန်၊ အိမ်စောင့်ခွေး ပီသပါပေတယ် ဒါထက် ဖြတ်ဇ တစ်ယောက်လည်း အစား မဝင်သေးပါလား။ ပေါ့လျော့ ချည်လား'

ဘုရင်မကြီးက ဗိုလ်မင်းဖြတ်ဇအား တမ်းတလိုက်သည်။

'မှန်လှကြောင်းပါ၊ ဗိုလ်မင်းဖြတ်ဇ အခစားဝင်ရန် ရောက်ရှိနေပြီ ဖြစ်ကြောင်းပါ'

'ကောင်းပြီ၊ ရှေ့တော် သွင်းစေ'

ဘုရင်မကြီးက မိန့်တော်မူလိုက်သဖြင့် မင်းမှုထမ်းများသည် အဆောင် တော်မုခ်ဝသို့ ရောက်ရှိနေသော ဗိုလ်မင်းဖြတ်ဇအား အဆောင်တော် အတွင်းသို့ သွင်းလိုက်သည်။

'ဖြတ်ဇ'

'ခစားလျက် ရှိကြောင်းပါ'

'မောင်မင်း လူတွေ လျှောက်သတ်နေတယ် ဆိုတာ မှန်သလား'

'မှန်လှပါ၊ လူတွေကို အရမ်းမဲ့ လျှောက်သတ်နေခြင်း မဟုတ်ကြောင်း ပါ။ ဆူးငြောင့်ခလုတ်များကို ရှင်းလင်းသုတ်သင်နေခြင်းသာလျှင် ဖြစ်ကြောင်း ပါ။ ယခုပင်လျှင် ရန်ဆူးရန်ငြောင့် တစ်ခုကို ရှင်းလင်းသုတ်သင် နေရပါသဖြင့် ဘုရင်မကြီးထံ အခစားဝင်ရန် အချိန်အနည်းငယ် လင့်သွားခြင်း ဖြစ်ကြောင်းပါ'

ဗိုလ်မင်းဖြတ်ဇက လျှောက်တင်လိုက်ရာ ဘုရင်မကြီးမှာ အံ့အား သင့်သည့် အမူအရာဖြင့် ဗိုလ်မင်းဖြတ်ဇအား လှမ်းကြည့်လိုက်သည်။

'ဖြတ်ဇ'

'ဘုရား'

'ဘယ်သူ့ကိုများ သတ်လာခဲ့ပြန်ပြီလဲ'

'သစ္စာဖောက် မင်းသိဒ္ဓတ်ရဲ့ လူယုံတော် စောနုသိန် ဖြစ်ကြောင်းပါ'





'ဘာဖြစ်လို့ ရှင်းလင်း သုတ်သင်ပစ်ရတာလဲ၊ လက်ရ ဖမ်းဆီး လာခဲ့ရောပေါ့'

'လက်ရဖမ်းဆီးဖို့ ကြိုးစားပါသော်လည်း ပြန်လည်ခုခံပါသဖြင့် အဆုံး စီရင်လိုက်ရခြင်းသာ ဖြစ်ကြောင်းပါ'

'နို့ မင်းသိဒ္ဓတ်ကော မတွေ့ခဲ့ဘူးလား'

'မှန်လှပါ၊ စောနုသိန်ရဲ့ လက်ချက်နဲ့ မင်းသိဒ္ဓတ် နတ်ရွာလားပြီ ဖြစ်ကြောင်းပါ'

ဗိုလ်မင်းဖြတ်ဇက လျှောက်တင်လိုက်ရာ ဘုရင်မကြီးနှင့် တကွ မင်းကြီးသက်တော်ရှည်နှင့် သီရိမာလာထိပ်ထား သခင်မတို့ကပါ အံ့အား သင့်သည့် အမူအရာဖြင့် ဗိုလ်မင်းဖြတ်ဇကို ပြိုင်တူကြည့်လိုက်ကြသည်၊

'မဖြစ်နိုင်တာကို လျှောက်တင်မနေစမ်းပါနဲ့။ မင်းသိဒ္ဓတ်ကို သူ့ရဲ့ လူယုံတော်က သတ်ပါ့မလား။ မင်းသိဒ္ဓတ်ကို ဖြတ်ဇ သတ်ခဲ့တာ မဟုတ်လား၊ ဘုရင်မကို မှန်မှန်ကန်ကန် သံတော်ဦးတင်စမ်း'

'အမှန်အတိုင်း လျှောက်တင်နေခြင်း ဖြစ်ကြောင်းပါ။ မင်းသိဒ္ဓတ်အား ဖြတ်ကမ္ဘန် အမှတ်ဖြင့် လူမှားပြီး အဆိပ်လူးမြားဖြင့် ၄င်း၏လူယုံတော် စောနုသိန်က ပစ်သတ်လိုက်ခြင်း ဖြစ်ကြောင်းပါ။ မင်းသိဒ္ဓတ်၏ ကိုယ်တွင် ဖြတ်ကမ္ဘန်ရဲ့ လိမ္မော်ရောင်စစ်ဝတ်စုံ ဝတ်ဆင်ထားသည်ကို တွေ့ရသည့်အပြင် မင်းသိဒ္ဓတ်အား နှင်းကေသရာသခင်မက ဖြတ်ကမ္ဘန် အမှတ်ဖြင့် နောက်မှ ပြေးလိုက်သွားပြီး စစ်သည်တော်ကြီး၊ စစ်သည်တော်ကြီးဟု လှမ်း၍ခေါ်လိုက် သည့် အသံကို ကြားရသဖြင့် စောနုသိန်က မင်းသိဒ္ဓတ်ကို ဖြတ်ကမ္ဘန် ထင်မှတ် ပြီး ဆိပ်လူးမြားဖြင့် ပစ်သတ်လိုက်ခြင်း ဖြစ်ကြောင်းပါ။ စောနုသိန် မသေမီ ၄င်း၏ အရှင်သခင် မင်းသိဒ္ဓတ်၏ ရုပ်အလောင်းကို ဖက်၍ "သခင်ကြီးဘုရားကို ကျွန်တော်မျိုးကြီး သတ်မိပါပေါ့လား ဘုရား၊ လူမှားပြီး သတ်မိသည်ကို ခွင့်လွှတ် တော်မူပါ သခင်ကြီး ဘုရား" ဆိုပြီး ငိုမြည်တမ်းတ သွားသည်ကို ကျွန်တော် မျိုးကြီး၏ နားနှင့်ဆတ်ဆတ် ကြားခဲ့ရကြောင်းပါ ဘုရား'

ဗိုလ်မင်းဖြတ်ဇက ရှင်းပြလိုက်မှ ပြိုင်တူ သက်ပြင်းချလိုက်ကြသည်၊

'မင်းသိဒ္ဓတ်ကို ဖြတ်ကမ္ဘန် အမှတ်နဲ့ အမိုက်မ နှင်းကေသရာ ပြေး လိုက်သွားတယ် ဆိုတာ အမှန်ပဲလား'

ဘုရင်မကြီးက အမေးတော် ရှိလိုက်ပြန်သည်။

'အမှန်ပင် ဖြစ်ကြောင်းပါ'

'အမိုက်မ ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မှန်လှပါ၊ ဥယျာဉ်တော် အတွင်းမှာ ဖြတ်ကမွန်နှင့် အတူ ရှိ‌ေ ကြောင်းပါ'

'မိုက်တွင်းနက်လှချည်လား'

ဘုရင်မကြီးက မှတ်ချက်ချလိုက်ပြီး သီရိမာလာထိပ်ထား သခင် ဘက်သို့ လှည့်ကြည့်လိုက်သည်။

'သီရိမာလာ'

'ခစားလျက်ပါ ဘုရား'

'ဖြတ်ဇ ပြောတာ ကြားတယ် မဟုတ်လား'

'မှန်လှကြောင်းပါ ဘုရား'

'သီရိမာလာရဲ့ တူမတော်က အလိုလိုက်လို့ အမိုက်စော်ကား မဟုတ်လား၊ ဒါလောက်တောင်မှပဲ အရှက်နည်းရသလား။ ဖြတ်ကမွန် အမိုက်မ နှင်းကေသရာပါ ရှေ့တော်သွင်းစေ'

ဘုရင်မကြီးက မိန့်တော်မူလိုက်ပြီး သလွန်တော်ပေါ်မှ ထ အဆောင်တော်တွင်း၌ စကြံလျှောက်ရင်း တစ်စုံတစ်ရာကို လေးလေးနက် စဉ်းစားနေပေသည်။

သီရိမာလာထိပ်ထား သခင်မမှာမူ ဘုရင်မကြီး မိန့်တော်မူလိုက်သ နှင့် တစ်ပြိုင်နက် သုတ်သီးသုတ်ပျာဖြင့် အဆောင်တော်တွင်းမှ ထွက်သွာ တူမတော် နှင်းကေသရာနှင့် သီရိဖြတ်ကမွန်တို့ရှိရာ ဥယျာဉ်တော်အတွင်း အရွယ်နှင့်မလိုက်အောင် သွက်လက်သည့် ခြေလှမ်းများဖြင့် ဆင်းလာသည် တွေ့ရပေသည်။

ဘုရင်မကြီး၏ အဆောင်တော်တွင်းမှ သီရိမာလာ ထိပ်ထားသခင် ထွက်သွားပြီးနောက် အချိန်အနည်းငယ်ခန့် ကြာသောအခါ ဘုရင်မကြီးသည် စကြံလျှောက်ရင်း တစ်စုံတစ်ရာ လေးလေးနက်နက် စဉ်းစားနေရာမှ ဗိုလ်မင်း ဖြတ်ဇဘက်သို့ လှည့်၍ ရှုစားတော်မူလိုက်သည်။

'ဖြတ်ဇ'

'ခစားလျက် ရှိကြောင်းပါ'

'မောင်မင်းသည် ခမည်းတော် ရာဇမိရာဇ်ဘုရင် မင်းတရားကြီး ရှေ့လက်ထက်တော်မှစ၍ နိုင်ငံတော်အတွက် အသက်ပေး၍ တိုက်ပွဲပေါင်း တစ်ရာကျော်တွင် ရှုပ်ရှုပ်ချွံချွံ ပါဝင်တိုက်ခိုက်ခဲ့ဖူးသူ ဖြစ်ခဲ့သည့်အပြင် ဘုရင် မကြီးအား လုပ်ကြံရန် ကြံစည်အားထုတ်ခဲ့သော သစ္စာဖောက်များအား အမြ အပိုင် ရှင်းလင်းသုတ်သင်ပြီး ဘုရင်မကြီး၏ အသက်အန္တရာယ်ကို ကာကွ





ပေးခဲ့သူ ဖြစ်တဲ့အတွက် ထိုက်သင့်သည် ဆုတော်လာဘ်တော်များနှင့် ရာထူး ဌာနန္တရများဖြင့် ချီးမြှင့်မြှောက်စားတော်မူလိုသည်'

ဘုရင်မကြီးက ရာဇဏ္ဍေဖြင့် မိန့်ကြားတော်မူလိုက်သည်။

'မှန်လှပါ .... မှန်လှပါ၊ ဆုတော်လာဘ်တော်နှင့် ရာထူးဌာနန္တရကို မျှော်ကိုးပြီး တိုက်ပွဲဝင်ခဲ့ခြင်း မဟုတ်ကြောင်းပါ။ နိုင်ငံတော်အတွက် အသက်နှင့် လဲ၍ တာဝန်ထမ်းရွက်ခွင့် ရခဲ့ခြင်းသည်ပင်လျှင် ကျွန်တော်မျိုးကြီးအဖို့ ခွန်မြတ် လှသည့် ဆုကြီးလာဘ်ကြီး ဖြစ်ကြောင်းပါ။ ဘုရင်မကြီးအား လုပ်ကြံရန် အကြံအစည် ပျက်ပြားသွားရခြင်းမှာလည်း ကျွန်တော်မျိုးကြီး တစ်ဦးတည်း၏ စွမ်းပကားဖြင့် တွန်းလှန်ဖြိုဖျက်နိုင်ခဲ့ခြင်းကြောင့် မဟုတ်ကြောင်းပါ။ ရန်သူကို ရန်သူမှန်း သိပြီး ရင်ဆိုင်တိုက်ခိုက်ရသည့် တိုက်ပွဲမျိုးတွင် ကျွန်တော်မျိုးကြီး သည် မည်ရွေ့မည်မျှ အင်အားစွမ်းပကား ကြီးမားသည့် ရန်သူကိုမျှ မကြောက်ရွံ့ ဘဲ တိုက်ပွဲဝင်လာခဲ့သူ ဖြစ်သော်လည်း ခက်ခဲနက်နဲသည့် နည်းပရိယာယ်များ ဖြင့် ဘုရင်မကြီး၏ အတွင်းရန်သူများကို ရန်သူမှန်း သိအောင် ဖော်ထုတ် နိုင်စွမ်း မရှိကြောင်းပါ။ သစ္စာဖောက်များ၏ လျှို့ဝှက်အကြံအစည်များကို ဖော်ထုတ်ပြီး ၎င်းတို့၏ အကြံအစည် ပျက်ပြားသွားစေရန် နှလုံးရည်၊ လက်ရုံး ရည်တို့ဖြင့် တွန်းလှန်ဖြိုဖျက်ခဲ့သူမှာ ဘုရင်မကြီး၏ အိမ်စောင့်ခွေးကြီးအဖြစ် အသိအမှတ်ပြုခြင်း ခံရသော သီရိဖြတ်ကမွန်သာလျှင် ဖြစ်ကြောင်းပါ။ ဆုတော် လာဘ်တော်နှင့် ရာထူးဌာနန္တရများဖြင့် ချီးမြှင့် မြှောက်စားတော်မူလိုပါက ဖြတ်ကမွန်ကိုသာလျှင် ချီးမြှင့်မြှောက်စားသင့်ကြောင်းပါ'

ဗိုလ်မင်းဖြတ်ဇက လိမ္မာပါးနပ်စွာဖြင့် ပြန်လည် လျှောက်တင် လိုက်သည်။

'ဖြတ်ကမွန်ရဲ့ ကိစ္စကို သီးခြား စီစဉ်တော်မူမည်'

ဘုရင်မကြီးက ရှေ့ဆက်ပြီး လျှောက်တင်ခြင်း မပြုရန် ဟန့် တားလိုက်သည်။

'မှန်လှပါ၊ ကျွန်တော်မျိုးကြီးအတွက်ဆိုလျှင် ဆုတော်လာဘ်တော် နှင့် ရာထူးဌာနန္တရများဖြင့် ချီးမြှင့်မြှောက်စားရန် မလိုကြောင်း လျှောက်တင် ငံ့ကြောင်းပါ'

'ကောင်းပြီ၊ ဆုတော်လာဘ်တော်နဲ့ ရာထူး ဌာနန္တရများဖြင့် ချီးမြှင့် မြှောက်စားတော်မူခြင်းကို လက်မခံလိုလျှင် မောင်မင်းနှင့် ထိုက်တန်သည့် တာဝန်ကို ပေးအပ်တော်မူရလိမ့်မည်'



www.burmeseclassic.com

www.burmeseclassic.com



'ပေးလိုသည့် တာဝန်ကို ပေးအပ်တော်မူပါ။ ဘုရင်မကြီးနှင့် ... တော်အတွက်ဆိုရင် အသက်နဲ့လဲပြီး ထမ်းရွက်သွားဖို့ အသင့်ရှိကြောင်း...'

'ခမည်းတော် ရာဇဓိရာဇ် ဘုရင်မင်းတရားကြီး၏ ရွှေလက်... တော်မှ စ၍ စစ်ပွဲပေါင်းမြောက်မြားစွာ တိုက်ခိုက်ခဲ့ရသဖြင့် ဟံသာဝတီ... ကြီး၏ အင်အားမှာ ချည့်နဲ့လျက်ရှိပြီး စီးပွားရေး အခြေအနေမှာလည်း ... လုမတတ် ဖြစ်ခဲ့ရသည်။ နိုင်ငံတော်၏ ကာကွယ်ရေးအင်အား တောင့်တင်း... စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုတို့အတွက် နိုင်ငံတော်၏ အင်အားဖြစ်သော ပြည်... လူထုကို တစည်းတလုံးတည်း ဖြစ်လာအောင် စည်းရုံးဖို့ အရေးကြီးသည်... နိုင်ငံရေး၊ ဘာသာရေးအရ စည်းရုံးသူများကို သမက်တော်အိမ်ရှေ့စံ မွေ... ကိုယ်တိုင် ဦးစီးပြီး ဆောင်ရွက်တော်မူနေချိန်မှာ နိုင်ငံတော်၏ ကာကွယ်ရေး... နိုင်မာတောင့်တင်းရေးအတွက် နိုင်ငံတော်၏ သားကောင်းရတနာများ... စစ်သည်တော်ကောင်းများ ဖြစ်လာစေရန် စည်းရုံးပြီး လေ့ကျင့်ပေးဖို့ မောင်မင်း... အား တာဝန်ပေးလိုသည်။ ထိုတာဝန်ကို နိုင်နင်းစွာ ထမ်းရွက်နိုင်ရေးအတွက် မောင်မင်းအား ဗိုလ်မှူးအဆင့်အတန်းဖြင့် အခွင့်အာဏာများ အပ်နှင်းတော်မူမည်။ ဗိုလ်မှူးသမိန်စက္ကဝေါအား အပိုင်စား ပေးသနားတော်မူသည့် ကျေးရွာ... နယ်ပယ်နှင့် အင်းအိုင် ချောင်းမြောင်းများကိုပါ အပိုင်စားပေးသနားတော်မူမည်။ တာဝန်ကို လက်ခံလျှင် တာဝန်နှင့်ပူးတွဲ၍ ပါရှိလာသည့် အခွင့်အာဏာများကိုပါ လက်ခံရလိမ့်မည်။ ဘုရင်မကြီး အနေဖြင့် တစ်ဦးကောင်း တစ်ယောက်ကောင်း လူစွမ်းကောင်းဝါဒကို ယုံကြည်တော်မမူ။ ဖြတ်ဇကဲ့သို့သော လက်ရုံးရည်နှင့် ပြည့်စုံသည့် စစ်သည်တော်ကောင်းများ ထောင်နှင့် သောင်းနှင့်ချီ၍ နိုင်ငံတော်၏ တာဝန်ကို ပူးတွဲ၍ တာဝန်ထမ်းရွက်သွားသည်ကို မြင်လိုတော်မူသည်'

ဘုရင်မကြီးက တည်ငြိမ်သည့် ရာဇလေ့နေဖြင့် မိန့်ကြားတော်မူလိုက်ရာ ဗိုလ်မင်းဖြတ်ဇမှာ တစ်စုံတစ်ရာ ပြန်လည်လျှောက်ထားခြင်း မပြုနိုင်ဘဲ ခေါင်းငိုက်စိုက်ချ၍ နားခံလျက် ရှိပေသည်။

'မင်းကြီးသက်တော်ရှည်'

'ခစားလျက် ရှိကြောင်းပါ ဘုရား'

'ဘုရင်မကြီး မိန့်တော်မူတာကို နားခံရတယ် မဟုတ်လား'

'နားခံလျက် ရှိကြောင်းပါ'

'ကောင်းပြီ၊ ဖြတ်ဇကို ဘုရင်မကြီး အပ်နှင်းတော်မူသည့် တာဝန်နှင့်





အခွင့်အာဏာများကို တရားဝင် လွှဲပြောင်းပေးဖို့ မင်းကြီးသက်တော်ရှည်ကို အာဏာကုန် လွှဲအပ်တော်မူသည်။ အမြန်ဆုံး အမိန့်တော် ... ပြန်ဆေ'

'ဗျာဒိတ်တော်မြတ် အတိုင်းပါ ဘုရား'

မင်းကြီးသက်တော်ရှည်က တာဝန်ယူလိုက်သည်။

ထိုအခိုက်တွင် ဘုရင်မကြီး၏ အဆောင်တော်တွင်းသို့ ဝန်းလှိုင်ထိန်ထား သီရိမာလာသခင်မ ဦးဆောင်၍ နှင်းကေသရာနှင့် သီရိဖြတ်ကမွန်တို့ ဝင်လာကြသည်ကို မြင်ရပေသည်။

နှင်းကေသရာမှာ အဆောင်တော်တွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ငှင်း၏ ရှည်လျားသော ဆံပင်ကို ဖြန့်၍ခင်းလိုက်ပြီး ဘုရင်မကြီး၏ ခြေတော်အစုံကို ဦးခိုက်လိုက်သည်။

ဘုရင်မကြီးမှာ နှင်းကေသရာ၏ အမူအရာကို ရှုမြင်တော်မူရသော အခါ အံ့အားသင့်သွားပုံ ရသည်။

'နှင်းကေသရာ သူပုန်မ၊ မျက်နှာသာပေးလို့ ရွှေရေးပန်းကန်တတ်တဲ့ အမိုက်မ။ အမိန့်တော်ကို မနာခံဘဲ ဖီဆန် အာခံရဲတဲ့ မိန်းမ'

ဘုရင်မကြီးက နှင်းကေသရာအား ကရုဏာဒေါသောဖြင့် မာန်မဲတော်မူလိုက်သည်။

'ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ရေမြေသခင် သက်ဦးဆံပိုင် ဘုရင်မကြီး ဘုရား၊ အမိုက်မ နှင်းကေသရာ လျှောက်ထား အသနား ခံပါရစေ ဘုရား။ အမိုက်မ နှင်းကေသရာ အပေါ်တွင် ဘုရင်မကြီး ရွှေစိတ်တော်ကွက်၍ မျက်တော်မူပါလျှင် ပေးလိုသည့် အပြစ်ဒဏ်ကို ပေးတော်မူပါ။ လည်စင်းပြီး အသေခံသွားရန် အသင့်ရှိကြောင်းပါ ဘုရား။ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်တွင် အပြစ်တစ်စုံတစ်ရာ မရှိပါသဖြင့် ချမ်းသာပေးတော်မူပါ ဘုရား။ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်အတွက် ဆိုရင် အမိုက်မ နှင်းကေသရာ ရှေ့မှာ အသေခံပြီး ခုခံကာကွယ်သွားရန် အသင့်ရှိကြောင်းပါ ဘုရား။ အမိုက်မ နှင်းကေသရာကို သေဒဏ်အပြစ်ပေးလိုက ပေးတော်မူပါ၊ စစ်သည်တော်ကြီး သီရိဖြတ်ကမွန်ကို မင်းပြစ်မင်းဒဏ်မှ ချမ်းသာပေးတော်မူပါရန် အမိုက်မ နှင်းကေသရာ အသက်နှင့်လဲ၍ လျှောက်ထား အသနားခံဝံ့ကြောင်းပါ ဘုရား'

နှင်းကေသရာက အနည်းငယ်မျှ ထိတ်လန့်တုန်လှုပ်သည့် အမူအရာ မပြဘဲ လျှောက်တင်စရာ ရှိသည်ကို ရဲရင့်ပြတ်သားစွာ လျှောက်တင်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီးသည် နှင်းကေသရာကို တစ်လှည့်၊ သီရိဖြတ်ကမွန်ကို တစ်လှည့် ငှဲ့ကြည့်တော်မူလိုက်သည်။

'အာဂသတ္တိပါလား၊ ဖြတ်ကမွန်အတွက် အသေခံရဲတယ် ဆိုပါလား သီရိမာလာရဲ့ တူမတော် လျှောက်တင်တာကို ကြားတယ် မဟုတ်လား'

ဘုရင်မကြီးက သီရိမာလာထိပ်ထားသခင်မဘက်သို့ လှည့်၍ မိန့်တော်မူလိုက်သည်။

'မှန်လှကြောင်းပါ ဘုရား၊ အမိုက်မ အပေါ်တွင် ခွင့်လွှတ်တော်မူပါ ဘုရား'

'ဖြတ်ကမွန်အတွက် အသက်အသေခံရဲတယ်လို့ ပြောနေတာလား'

ဘုရင်မကြီးက နှင်းကေသရာဘက်သို့ လှည့်၍ အမေးတော် ရှိလိုက်ပြန်သည်၊ သီရိဖြတ်ကမွန်မှာမူ ထိုအချိန်အထိ တစ်စုံတစ်ရာ မပြောဘဲ မျက်နှာသေကြီးဖြင့် ခစားနေပေသည်။

'စစ်သည်တော်ကြီးအား မင်းပြစ်မင်းဒဏ်မှ ချမ်းသာပေးမည်ဆိုလျှင် အသေခံရန် အသင့်ရှိကြောင်းပါ ဘုရား'

နှင်းကေသရာက မကြောက်မရွံ့ နောက်မတွန့်ဘဲ လျှောက်တင်လိုက်သည်။

'ဖြတ်ကမွန်'

ဘုရင်မကြီးက သီရိဖြတ်ကမွန်ဘက်သို့ လှည့်လာပြန်သည်။

'ခစားလျက် ရှိကြောင်းပါ'

'သူ့ပုန်မက ဖြတ်ကမွန်အတွက် အသေခံဖို့ အသင့်ရှိကြောင်း လျှောက်တင်သွားတာ ကြားတယ် မဟုတ်လား'

ဘုရင်ကြီးက သီရိဖြတ်ကမွန်၏ သဘောထားကို သိလိုသဖြင့် အမေးတော် ရှိလိုက်သည်။

'ကျွန်တော်မျိုးကြီး လျှောက်တင်ပါရစေ ဘုရား'

သီရိဖြတ်ကမွန်သည် ဘုရင်မကြီး၏ မေးခွန်းကို မိမိ လျှောက်တင်လိုသည့် အချက်အလက်များကို လျှောက်တင်ခွင့်ပြုရန် ခွင့်ပန်လိုက်သည်။

'လျှောက်တင်စေ'

'မှန်လှပါ၊ နှင်းကေသရာ အပေါ်တွင် ဘုရင်မကြီး ရွှေစိတ်တော် ကွက်တော်မူပြီး သေစေ အမိန့်ပေးတော်မူမည် ဆိုပါက ငမိုက်သား သီရိဖြတ်ကမွန် ကိုပါ ချန်လှပ်မထားဘဲ နှင်းကေသရာနှင့်အတူ သေဒဏ်စီရင်တော်မူပါရန် လျှောက်ထား အသနား ခံဝံ့ကြောင်းပါ'





သီရိဖြတ်ကမွန်က လျှောက်တင်လိုက်ရာ ဘုရင်မကြီးသည် အံ့သြသည့် အမူအရာဖြင့် သီရိဖြတ်ကမွန်အား စေ့စေ့ကြီး ရှုစားတော်မူနေရာမှ မျက်နှာတော် လွှဲလိုက်ပြီး အကြံတော် ယူနေပြန်သည်။

'ဖြတ်ကမွန် .... ဖြတ်ကမွန်၊ လက်စသတ်တော့ သူ့ပုန်မ နဖားကြိုး ဘပ်တာ ခံနေရမှ ကိုး'

ဘုရင်မကြီးသည် မျက်နှာတော်လွှဲထားရာမှ ပြန်လှည့်လိုက်ပြီး ညည်းညူတော် မူလိုက်သည်။

'မှန်လှပါ၊ ဘုရင်မကြီး အထင်တော် လွဲမှားနေကြောင်းပါ'

သီရိဖြတ်ကမွန်က ရှင်းလင်းလျှောက်တင်ရန် စကား စလိုက်ရာ ဘုရင်မကြီးက လက်ဝါးကာတော်မူလိုက်သည်။

'တော် တန် တိတ်၊ သူ့ပုန်မကို တော်ရုံတန်ရုံယောကျ်ား ကြိုးကိုင်လို့ ရမှာ မဟုတ်ဘူး။ ဆင်ရိုင်းကို ကျုံးသွင်းထူးခတ်ပြီး လိမ္မာယဉ်ကျေးအောင် ဆုံးမသလို သူ့ပုန်မကိုလည်း လှောင့်ချိုင့်ထဲသွင်းပြီး သံမဏိစည်းမျဉ်းနဲ့ လိမ္မာ ရေးခြားရှိလာအောင် ဆုံးမပဲ့ပြင်သွားနိုင်မယ့် အာဏာသား ထောင်မှူးကြီးလက်ကို "ဝ" ကွက်ပြီးအပ်မှ ဖြစ်မှာ။ သူ့ပုန်မရဲ့ ခက်ထန်မာကျောတဲ့ စိတ်ဓာတ်နဲ့ ထောင်လွှားတဲ့ မာန်မာနကို ချိုးနှိမ်ပြီး နိုင်နိုင်နင်းနင်း ကြိုးကိုင်သွားဖို့ လိုတယ်။ သစ္စာတရားကို လက်ကိုင်ထားပြီး နိုင်ငံတော်အတွက်ဆိုလျှင် သတ်ရဲ ဖြတ်ရဲ အသေခံရဲသူလည်း ဖြစ်ရမယ်။ လောကဓံတရားကိုလည်း ကြံ့ကြံ့ခိုင်ခိုင် ခံနိုင်ရည်ရှိသူ ဖြစ်ဖို့လိုတယ်။ ကိုယ်ကျိုးမဖက် နိုင်ငံတော်အတွက် အသက်ကို ပင် ပဓာနမထားဘဲ အနစ်နာခံရဲသလောက် အခွင့်အရေးကို စက်ဆုပ်ရွံရှာတဲ့ ဧရာမ မိုက်ခဲကြီးတစ်ယောက်လည်း ဖြစ်ဖို့လိုတယ်။ အဲဒီလို မိုက်ခဲကြီးမျိုးမှ သူ့ပုန်မကို နိုင်နိုင်နင်းနင်း ကြိုးကိုင်နိုင်မှာ။ ကဲ .... ဖြတ်ကမွန်၊ ဘုရင်မ မိန့်တော်မူတဲ့ အရည်အချင်း အားလုံးနဲ့ ပြည့်စုံတဲ့ ဧရာမ မိုက်ခဲကြီးမျိုးကို ဟံသာဝတီ နိုင်ငံတော်မှာ တစ်ဦးတလေမှ မတွေ့မိဖူးလား'

ဘုရင်မကြီးက တည်ငြိမ်သည့် လေသံဖြင့် မိန့်တော်မူလိုက်ရာ သီရိဖြတ်ကမွန်သည် ခေါင်းငိုက်စိုက်ချပြီး နာခံလျက် ရှိရာမှ ညင်သာစွာ ခေါင်းခါလိုက်သည်။

'ဘုရင်မကြီး မိန့်တော်မူသည့် အရည်အချင်းများနှင့် ပြည့်စုံသူမျိုး ဟံသာဝတီ နိုင်ငံတော်တွင် တစ်ယောက်တလေမျှပင် ရှိလိမ့်မည် မထင်မိကြောင်းပါ'

သီရိဖြတ်ကမွန်က မျက်နှာသေကြီးဖြင့် လျှောက်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'တစ်ယောက်တလေမျှ မရှိနိုင်တာကို ရှိအောင် ဘုရင်မကြီးကိုယ်တိုင် ဘာန်ခိုးအာဏာဖြင့် ဖန်ဆင်းတော်မူမည်။ ဗြတ်ကမွန် .... ရှေ့တော်တိုး ခစားစေ'

ဘုရင်မကြီးက ရင့်ကျက်သည့် ရာဇဣန္ဒြေဖြင့် အမိန့်တော် ပေး လိုက်ရာ သီရိဗြတ်ကမွန်သည် ရှေ့တော်သို့ တိုး၍ ခစားလိုက်သည်။

'ဗြတ်ကမွန်ရဲ့ ကိုယ်မှာ လွယ်ထားတဲ့ ကိုးသန်းနိုင်း သံဓားကို ဘုရင်မ ကြီး၏ ရွှေလက်တော်သို့ ဆက်သစေ'

ဘုရင်မကြီးက မိန့်တော်မူလိုက်ရာ သီရိဗြတ်ကမွန်သည် မိမိ၏ ကိုယ်တွင် လွယ်ထားသော ကိုးသန်းနိုင်းသံဓားကို ဘုရင်မကြီး ရွှေလက်တော်သို့ ဆက်သလိုက်သည်။

'ဗြတ်ကမွန်အား ယခုအချိန်မှစ၍ "ကိုးသန်းနိုင်းသံဓားပိုင်ရှင် အမိုက် တကာ့ ထိပ်ခေါင်တင် ဧရာမလူမိုက်ကြီး" ဘွဲ့ဖြင့် ချီးမြှင့်တော်မူသည်'

ဘုရင်မကြီးက ကိုးသန်းနိုင်းသံဓားကို သီရိဗြတ်ကမွန်၏ လက်သို့ ပြန်လည်အပ်နှင်းရင်း မိန့်တော်မူလိုက်ရာ ဆံပင်ကို ဖားလျားချပြီး မျက်ရည် များ ဖြိုင်ဖြိုင်ကျကာ သီရိဗြတ်ကမွန်အတွက် စိုးရိမ်မကင်းသည့် အမူအရာ ဖြင့် ဘုရင်မကြီး၏ အမိန့်တော်ကို နာခံလျက်ရှိသော နှင်းကေသရာမှာ ရင်ဝ၌ အလုံးကြီးကျသွားပြီး ဟင်းခနဲ သက်ပြင်းချမိပေသည်။

'ဘုရင်မကြီးနှင့် နိုင်ငံတော် အပေါ်တွင် အိမ့်စောင့်ခွေးကြီးပမာ အခါမလပ်ရအောင် အသက်ပေးပြီး စောင့်ရှောက် ကာကွယ်ခဲ့သည်သာမက ဘုရင်မကြီးအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့သော သစ္စာဖောက်များအား မည်သူကမျှ တာဝန်မပေးရဘဲ မိမိဘာသာ တာဝန်သိစွာဖြင့် အသက်ကို ပဓာန မထားဘဲ ရှုပ်ရှုပ်ချုံချုံ ကာကွယ်ပေးခဲ့သော ကိုးသန်းနိုင်းသံဓားပိုင်ရှင် ဧရာမ လူမိုက်ကြီး သီရိဗြတ်ကမွန်အား "အိမ်စောင့်ခွေးကြီး" ဟူသော ဘွဲ့ထူးဖြင့် ထပ်ဆင့်၍ ချီးမြှင့်တော်မူလိုက်သည်'

ဘုရင်မကြီးက မိန့်တော်မူလိုက်ရာ ပန်းလိှုင်ထိပ်ထား သီရိမာလာ သခင်မနှင့် နှင်းကေသရာတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ပြီး မျက်ရည်များ ရစ်ဝဲနေသည့်ကြားမှ ပြုံးလိုက်ကြသည်။

'အိမ်စောင့်ခွေးကြီး ပီသစွာ ဟောင်သင့်သော ရန်သူကို ဟောင်၊ ကိုက်သင့်သော ရန်သူကို ကိုက်၍ သုတ်သင်ရှင်းလင်းသင့်သော ရန်သူကို သုတ်သင် ရှင်းလင်းပြီး နိုင်ငံတော်၏ လုံခြုံရေးအတွက် အခါမလပ် တာဝန်ယူရမည်။ထိုသို့ တာဝန်ယူနိုင်စေရန်အတွက် အိမ်စောင့်ခွေးကြီးဘွဲ့ခံ ကိုးသန်းနိုင်းသံဓားပိုင်ရှင် ဧရာမလူမိုက်ကြီး ဗြတ်ကမွန်အား ဝင်းတော်မှူးအဖြစ် နိုင်ငံတော်၏ တာဝန်ကို





ထမ်းရွက်စေရန် အခွင့်အာဏာများ အပ်နှင်းတော်မူသည်။ စစ်တောင်း၊ မုတ္တမ၊ ဒဂုံ၊ ဒလ၊ မြောင်းမြ၊ ပုသိမ် အစရှိသည့် ဒေသများတွင် အကွဲကွဲအပြားပြား ဖြစ်နေသော စစ်သည်တော်အင်အားကို တစည်းတလုံးတည်း ဖြစ်စေ၍ နိုင်ငံ တော်၏ လုံခြုံရေးအတွက် တာဝန်ယူရမည်။ ယနေ့မှစ၍ ကိုးသန်းနိုင်းသံဓား ပိုင်ရှင် ဗြတ်ကမွန်အား "ဝင်းတော်မှူး သီရိဗြတ်ကမွန်" ဟု ခေါ်တွင်စေ'

ဘုရင်မကြီးက ကြည်လင်ရွှင်ပျသည့် အမူအရာဖြင့် မိန့်တော်မူလိုက် သည်။

'သူပုန်မ နှင်းကေသရာအား အိမ်ထောင်ညွှတ်ကွင်းသံချိုင့်တွင်းသို့ ရာသက်ပန် ချုပ်နှောင်ပြီး ဆင်ရိုင်းကို ကျုံးသွင်းထူးခတ်ပြီး ယဉ်ကျေးအောင် ဆုံးမပဲ့ပြင်သည့်နည်းတူ သူပုန်မ၏ ခက်ထက်မာကျောသည့် စိတ်ဓာတ်နှင့် ထောင်လွှားသည့်မာနများကို ချိုးနှိမ်၍ လိမ္မာယဉ်ကျေးလာအောင် ထိန်းချုပ် ပဲ့ပြင် သွန်သင် ဆုံးမသွားရန် ဧရာမလူမိုက်ကြီး ဗြတ်ကမွန်အား ထောင်မှူးကြီး အဖြစ် ခန့်အပ်တော်မူလိုက်သည်'

ဘုရင်မကြီးက နောက်ဆုံး အမိန့်ပြန်တမ်းကို ထုတ်ပြန်တော်မူလိုက် ရာ နှင်းကေသရာသည် ဣန္ဒြေမဆည်နိုင်အောင်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကာ ဘုရင်မကြီး၏ ခြေတော်စုံကို ဖက်၍ငှင်း၏ ရှည်လျားသောဆံပင် ဖြင့် ပွတ်သပ်နေပေသည်။

'အမိုက်မ မှားပါပြီ ဘုရား။ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှား ခဲ့မိသည်များကို ခွင့်လွှတ်တော်မူပါရန် ဆံကေသာ ဖြေကာချ၍ ဝပ်တွားခယ တောင်းပန်ပါသည် ဘုရား။ ခွင့်လွှတ်တော်မူပါ ဘုရား'

နှင်းကေသရာက တိုးလျှိုးတောင်းပန်နေပေသည်။

'ဝင်းတော်မှူးကြီး သီရိဗြတ်ကမွန်'

ဘုရင်မကြီးသည် နှင်းကေသရာ တိုးလျှိုးတောင်းပန်နေသည်ကို အရေးမလုပ်ဘဲ သီရိဗြတ်ကမွန်ဘက်သို့ လှည့်လိုက်သည်။

'ခစားလျက် ရှိကြောင်းပါ ဘုရား'

'ဝင်းတော်မှူးကြီးရဲ့ ရာသက်ပန် အကျဉ်းသားကို ဝင်းတော်မှူးကြီးရဲ့ လက်သို့ ဝ ကွက်ပြီး အပ်တော်မူလိုက်သည်။ ဝင်းတော်မှူးကြီး ရာသက်ပန် ထိန်းသိမ်းစောင့်ရှောက်သွားဖို့လည်း တာဝန်ပေးအပ်တော်မူလိုက်သည်'

ဘုရင်မကြီးက သီရိဗြတ်ကမွန်အား တာဝန်ပေးလိုက်ပြီးနောက် နှင်း ကေသရာဘက်သို့ လှည့်လိုက်ပြန်သည်။

'အမိုက်မ နှင်းကေသရာ'



www.burmeseclassic.com

www.burmeseclassic.com



'ရှိသေစွာ ခစားလျက် ရှိကြောင်းပါ ဘုရား'

'သမီးတော်အရင်းလို ချစ်မြတ်နိုးတော်မူပြီး အစစအရာရာမှာ အရေးပေးတော်မူခဲ့သဖြင့် အလို လိုက်၍ အမိုက် စော်ကားခဲ့သည်ကို ကြီးမားသော မေတ္တာကရုဏာတရား ရှေ့ထားကာ လုံးဝ အပြစ်မယူ ခွင့်လွှတ်တော်မူသည်။ အဆောင်အယောင်များ၊ အခွင့်အာဏာများနှင့် အပိုင်စား ပေးသနားတော်မူထားသည့် ကျေးရွာနယ်ပယ်များနှင့် အင်းအိုင် ချောင်းမြောင်းများကိုလည်း ပြန်လည် အပ်နှင်းတော်မူသည်။ ယခုအချိန်မှစ၍ သမီးတော် နှင်းကေသရာသည် ဝင်းတော်မှူးကြီး သီရိဇြတ်ကမ္ဗန်၏ ကြင်ရာတော်အဖြစ် ဘုရင်မကြီး ကိုယ်တော်တိုင် အသိအမှတ်ပြုကာ စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်တော်မူမည်။ ရှေ့တော်သို့ တိုး၍ ခစားကြစေ'

ဘုရင်မကြီးသည် သီရိဇြတ်ကမ္ဗန်နှင့် နှင်းကေသရာတို့အား ကိုယ်တော်တိုင် ရွှေလက်တော် ထပ်ပေးလိုက်သည်။

'စစ်သည်တော်ကြီး သီရိဇြတ်ကမ္ဗန်မှာ အိုးမဲ့၊ အိမ်မဲ့၊ ပစ္စည်းမဲ့ ခြေသလုံး အိမ်တိုင် ထူနေသည့် အညတရစစ်သည်တော် ဖြစ်ခဲ့စေကာမူ နိုင်ငံတော်အတွက် အသက်နှင့်လဲ၍ တာဝန်ထမ်းရွက်ခဲ့သည်သာမက ဘုရင်မကြီး၏ အသက်အန္တရာယ်ကို ရှုပ်ရှုပ်ချွံချွံ ကာကွယ်ပေးခဲ့သည့် သူရဲကောင်း ဖြစ်သည်ကို အစဉ်သတိရပြီး သမီးတော် နှင်းကေသရာသည် မြို့စားကြီး၏ သမီးဦးရတနာ ဖြစ်သည် ဆိုပြီး မာန်မာန ထောင်လွှားခြင်း မပြုပါနှင့်။ မယားဝတ် ငါးပါးနှင့်အညီ ပြုစုသွားပါလေ။ စစ်သည်တော်ကြီး သီရိဇြတ်ကမ္ဗန် ဂုဏ်ယူနိုင်သည့် ကြင်ရာတော်အဖြစ်ကို ရယူနိုင်ပါစေ။ ဟံသာဝတီ နိုင်ငံတော်ကြီး အခွန့်ရှည်စွာ တည်မြဲရေးအတွက် နိုင်ငံတော် အပေါ်တွင် အသက်ပေးပြီး သစ္စာစောင့်သိ သွားနိုင်သည့် သမီးကောင်းရတနာ ဖြစ်အောင် အစဉ်တစိုက် ကြိုးစားပါလေ။ နိုင်ငံတော် အားကိုးအားထား ပြုနိုင်သည့် သားကောင်းရတနာ၊ သမီးကောင်း ရတနာများ ထွန်းကားပါစေ'

ဘုရင်မကြီးက ဩဝါဒပေးရင်း ဆုမွန်ကောင်း တောင်းလိုက်ရာ နှင်းကေသရာမှာ ဝမ်းသာလုံး ဆို့သွားပြီး မျက်ရည်များ ဖြိုင်ဖြိုင် ကျဆင်းလာပေသည်။

'တစ်ခါတုန်းက ဘုရင်မကြီးကို မိန်းမချင်း ကိုယ်ချင်း မစာတတ်ဘူးလို့ ပြောခဲ့တာကို မှတ်မိသေးတယ် မဟုတ်လား'

ဘုရင်မကြီးက အမေးတော် ရှိလိုက်ပြန်သည်။

'အမိုက်မ မှားပါပြီ ဘုရား၊ ခွင့်လွှတ်တော်မူပါ ဘုရား'





'မိန်းမချင်း ကိုယ်ချင်း မစာလို့ မဟုတ်ပါဘူး။ နိုင်ငံတော်ရဲ့ အကျိုးအတွက် ဘုရင်မကြီး တစ်ခါက ကိုယ်ကျိုးစွန့်ခဲ့ရသလို ကိုယ်ကျိုးစွန့်နိုင်မလားဆိုပြီး မိန့်တော်မူခဲ့ခြင်း ဖြစ်တယ်။ မချစ်မနှစ်သက်သောသူနှင့် အတူတကွ ပေါင်းသင်းနေထိုင်ရခြင်းရဲ့ ဆင်းရဲခြင်း ဒုက္ခကို ဘုရင်မကြီး ကိုယ်တော်တိုင် လက်တွေ့ခံစားခဲ့ရလို့ သမီးတော် နှင်းကေသရာ အပေါ်မှာ ကိုယ်ချင်း စာနာပါတယ်။ ဘုရင်မကြီး တစ်ခါက စိတ်ဆင်းရဲ ဖြစ်ခဲ့ရသလို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ မဖြစ်ကြပါစေနဲ့။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိကြပါစေ။ နိုင်ငံတော်ရဲ့ အကျိုးကိုလည်း အစွမ်းကုန် သယ်ပိုးထမ်းရွက်သွားနိုင်ပါစေ။ ကဲ ... ကဲ ... ဘုရင်မကြီးလည်း ပင်ပန်းနွမ်းနယ်လာပြီ။ အပန်း ဖြေတော်မူဦးမယ်'

ဘုရင်မကြီးက မိန့်တော်မူလိုက်ရာ သီရိဇြတ်ကမ္ဗန်နှင့် နှင်းကေသရာသည် ဘုရင်မကြီး၏ ခြေတော်စုံကို ဦးခိုက်ပြီး အဆောင်တော်တွင်းမှ ထွက်လာခဲ့ကြလေသည်။ အဆောင်တော်၏ ပြင်ပသို့ ရောက်သည်နှင့် တစ်ပြိုင်နက် နှင်းကေသရာသည် ပြုံးရွှင်ကြည်လင်သည့် အမူအရာဖြင့် သီရိဇြတ်ကမ္ဗန်၏ လက်ကို အသာ လှမ်းဆွဲလိုက်ပြီး မိမိ၏အဆောင်တော် ရှိရာသို့ ခေါ်သွားပေရာ သီရိဇြတ်ကမ္ဗန်မှာမူ မျက်နှာသေကြီးဖြင့် နှင်းကေသရာ ခေါ်ရာသို့ ကန့်လန့် .... ကန့်လန့်နှင့် ပါသွားပေသတည်း။ ။

www.burmeseclassic.com